11500

## ဓမ္မဒူတ အရှင်ပညာဇောတ

ဗုဒ္ဓသာသနဝိသိဋ္ဌဒီဃဘာဏက
သာသနဓဇသိရီပဝရဓမ္မာစရိယ
အဘိသိရီပဝရသာသနာလင်္ကာရဒီဃနိကာယဓရ
အဂ္ဂမဟာဓမ္မကထိကပိဋကတ္တယပါရဂူ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ရေးသားတော်မူအပ်သော

# ဗုဒ္ဓဓမ္မ

## ပြဿနာများပေါင်းချုပ်

ပထမတွဲ

**Problems in Buddha Dhamma - 1**



“ဓမ္မစကား၊ နေ့တိုင်းကြားက၊

စိတ်ထားဖွေးလက်၊ သိဉာဏ်တက်၏”

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

အလှူအားလုံးတို့တွင် တရားအလှူသည်

အမြတ်ဆုံးဖြစ်၏။

အမှတ် ၂၉၁၉၁
ရက်စွဲ ၂.၂.၂၀၁၅

# ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသည့်ကာလ**

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယ အကြိမ်)

**မျက်နှာဖုံးအပြင်အဆင်**

ဉာဏ်လင်းထက်

**ပုံနှိပ်သူ**

ဖြိုးဝေလျှံ ပုံနှိပ်တိုက်

ဒေါ်ယဉ်ယဉ်မွန်

ဆန်စက်အပိုပစ္စည်း စက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊

စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**ထုတ်ဝေသူ**

ဆုပြည့်စုံထွန်းစာပေ

ဒေါ်ခင်မာရွှေ (ယာယီ - ၁၇၇၃)

အမှတ် - ၅၀၈/၅၁၂၊ (၂ - ခ)၊ ပထမထပ်၊

သရဖီကွန်ဒို၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

**အုပ်ရေ**

၅၀၀

**တန်ဖိုး**

၁၀၀၀၀ ကျပ်

# ဗုဒ္ဓဓမ္မပြဿနာများ

## ပထမတွဲ

# PROBLEMS IN BUDDHA DHAMMA

## ဓမ္မဒူတ အရှင်ပညာဇောတ

ဖြန့်ချိရေး

ဆုပြည့်စုံထွန်းစာပေ

အမှတ် – ၅၀၈ / ၅၁၂၊ ( ၂ – ၁ )၊ ပထမထပ်၊ သရဖီကွန်နို၊

ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း – ၃၀၃၆၆၄၊ ၃၀၈၀၃၃



တောင်စွန်းမြို့ ဓမ္မဒူတတောရကျောင်းတိုက် ပဓာနနာယက ဆရာတော်
ဝိသိဋ္ဌဒီဃဘာဏက သိရီပဝရဓမ္မာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
အဂ္ဂမဟာ ဓမ္မကထိက ပိဋကတ္တယပါရဂူ ဘဒ္ဒန္တပညာဇောတ





ဓမ္မဒူတအရှင်ပညာဇောတ

ငယ်စဉ်က ပုံတော်







ရွှေဥမင် ဆရာတော်ဘုရားကြီးအား ဂါ၀ရပြုနေစဉ်



မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ အကြည်ညိုခံယူနေစဉ်



**ပေါက်စေတီဆရာတော်ကြီးနှင့် ဓမ္မဒူတကမ္မဋ္ဌာနာစရိယ ဆရာတော်များ**

အရှင်ဉာဏဝရ၊ အရှင်ဝါသေဋ္ဌာဘိဝံသ၊ ပေါက်စေတီဆရာတော်ကြီး၊ အရှင်ဉာဏုတ္တရ၊ အရှင်သီလာစာရ၊

နောက်တန်း-အရှင်ပညာဝရ၊ အရှင်ဝိမလ၊ အရှင်ကောသဝ၊ အရှင်ဆောကိန္ဒ၊

အရှင်ကောသလ္လ၊ အရှင်ပညိဿရ၊ အရှင်အာစိဏ္ဏ



မဏိဇေယျ သီလရှင်စာသင်တိုက် ပဓာန ဆရာကြီးများ

ဒေါ်ပညေသီ၊ ဒေါ်ဝဏီရာ၊ ဒေါ်သုခေသီ၊ ဒေါ်ဇယေသီ

# မာတိကာ


| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | ဓမ္မဒူတ အရှင်ပညာဇောတ၏ ထေရုပ္ပတ္တိအကျဉ်း | ၉ |
| - | နိဒါန်း | ၁၃ |
| ၁။ | နင်မလှချင်နဲ့၊ လှချင်တာသူများဖို့ | ၁၇ |
| ၂။ | တရားထိုင်လွန်သော် | ၂၁ |
| ၃။ | တပည့်တော် သုံးနာရီ နာချင်တယ်ဘုရား | ၂၄ |
| ၄။ | သိလျှင် ဘယ် က.ပ့ါမလဲဘုရား | ၂၈ |
| ၅။ | တပည့်တော်က အဘိဓမ္မာမှ နာချင်တယ်ဘုရား | ၃၁ |
| ၆။ | မြိုင်ထသွားတယ်ဘုရား | ၃၃ |
| ၇။ | တောနေမှ တရားရမှာလားဘုရား | ၃၆ |
| ၈။ | ပန်းဝင်ကျ သိရောပေ့ါ | ၄၁ |
| ၉။ | သိတော့ ခက်တယ်ဘုရား | ၄၄ |
| ၁၀။ | တုံးဟာ တုံးပေ့ါ | ၄၇ |
| ၁၁။ | ဆိုင်းမထည့်တော့ဘူး | ၅၀ |
| ၁၂။ | သူ့စိတ်ထောင် ကျနေတယ်တဲ့ဘုရား | ၅၃ |
| ၁၃။ | သူ့စောင်းပေါတယ်တဲ့ဘုရား | ၅၆ |
| ၁၄။ | ရယ်ရလို့ သွားနာတယ်ဘုရား | ၅၈ |
| ၁၅။ | ပါးစပ်လှုပ်ရုံနဲ့ အမြတ်ဆုံးကုသိုလ်ရတာ | ၆၁ |

| | | |
|---|---|---|
| ၁၆။ | သိလျှင် ဘယ်လှုပ်မလဲဘုရား | ၆၄ |
| ၁၇။ | ဝိသာခါသီချင်းဆိုပြီး ဗိုက်ဗျောတီး က.တယ်တဲ့ဘုရား | ၆၇ |
| ၁၈။ | ဓမ္မကထိက မဟုတ်တာမှ ပင့်ချင်တယ်ဘုရား | ၇၀ |
| ၁၉။ | ဒီဘုန်းကြီး ဘာတွေလျှောက်ပြောနေပါလိမ့် | ၇၄ |
| ၂၀။ | တရားမနာရလို့ ငိုတယ်ဘုရား | ၇၈ |
| ၂၁။ | အသံနဲ့ ဟောပါဘုရား | ၈၁ |
| ၂၂။ | ဓမ္မကထိက. ပေါလဲပေါတယ်၊ ရှားလဲရှားတယ် | ၈၅ |
| ၂၃။ | ငါ့ကြည့်နေ | ၈၈ |
| ၂၄။ | အရှင်ဘုရားတရားမှ မစမ်းဘဲ | ၉၁ |
| ၂၅။ | ကျွန်တော်တို့သုံးယောက်ကိုချည်း ကြည့်ဟောတယ်ဗျ | ၉၅ |
| ၂၆။ | ဝေဒနာဟာ ရုပ်ပေါ့ဗျ | ၉၈ |
| ၂၇။ | သူများဖြစ်တာ မနာချင်ဘူးဘုရား | ၁၀၂ |
| ၂၈။ | ဘုရားထက် သာတယ် | ၁၀၅ |
| ၂၉။ | အရှင်ဘုရားပဲ တစ်ခါက ဟောဖူးတယ် | ၁၀၈ |
| ၃၀။ | သောတာပန် မယားငယ်နေသေးသလား | ၁၁၁ |
| ၃၁။ | လောကုတ္တရာကို သိချင်ပါတယ်ဘုရား | ၁၁၇ |
| ၃၂။ | ကိလေသာဆယ်ပါးဆိုတာ အဲဒါလားဘုရား | ၁၂၁ |
| ၃၃။ | အရှင်ဘုရား အမြစ်ဖြတ်တယ် | ၁၂၅ |
| ၃၄။ | ခုမှ အထင်ကြီးပျောက်သွားတယ် | ၁၂၉ |
| ၃၅။ | အိမ်မှာထားရမှာ ရှက်လို့တဲ့ | ၁၃၄ |
| ၃၆။ | အိုးခြမ်းကွဲတွေ ရေလောင်းနေတယ်ဆို | ၁၃၇ |
| ၃၇။ | ဒီလိုဆို ဘယ်ပြောရပ့်ါမလဲ | ၁၄၁ |
| ၃၈။ | ဖြစ်မှ ဖြစ်ပ့်ါမလား | ၁၄၅ |
| ၃၉။ | ဟော - လာကြ! လာကြ! | ၁၄၉ |
| ၄၀။ | ရေဆွမ်း ဘုဉ်းပေးတယ်ဘုရား | ၁၅၃ |
| ၄၁။ | ချိုး.အစာကောက်သလိုပဲ | ၁၅၈ |
| ၄၂။ | ရဟန္တာကိုရင် ကစားသေးလားဘုရား | ၁၆၃ |
| ၄၃။ | အကောင်ကြီး ဖြစ်နေတယ်ဘုရား | ၁၆၇ |
| ၄၄။ | ဖေဖေ့နယ် ဘာဖြစ်လို့ ဒီမိန်းမယူရသလဲ | ၁၇၂ |
| ၄၅။ | ဝေဒနာ မကုန်နိုင်ဘူးလို့ ရိပ်မိတယ် | ၁၇၇ |
| ၄၆။ | ရဟန္တာလေးဟောတဲ့တရား နာခဲ့ရတယ် | ၁၈၂ |

| | | |
|---|---|---|
| ၄၇။ | ရုပ်တစ်ကောင် နာမ်တစ်ကောင်ဆို | ၁၈၇ |
| ၄၈။ | သူများဘုန်းကြီးဟော နားဝင်ချိုလို့ | ၁၉၂ |
| ၄၉။ | ဟိုကိုယ်တော်တွေ နာခိုင်းချင်တယ်တဲ့ | ၁၉၅ |
| ၅၀။ | ရှာကိစ္စ ရပ်ကိစ္စဆောင်ရွက်တာ | ၁၉၉ |
| ၅၁။ | မင်္ဂလာနိဒါန်း | ၂၀၃ |
| ၅၂။ | ရှင်မပြုရသေးဘဲ ကိုရင်ဝတ်ကောင်းလား | ၂၁၀ |
| ၅၃။ | တရားမစွဲနဲ့တဲ့ဘုရား | ၂၁၆ |
| ၅၄။ | ဘုန်းကြီးအောင် လူကလုပ်ပေးရတယ် | ၂၂၆ |
| ၅၅။ | ဆိုင်းနောက်ထ တရားဟောတယ်ဘုရား | ၂၃၀ |
| ၅၆။ | ရှိခိုးတတ်ဖို့တောင်မှ မလွယ်ပါလားဘုရား | ၂၃၆ |
| ၅၇။ | အကျင့်နစ်မျိုး ရှင်းပြပါဦးဘုရား | ၂၄၇ |
| ၅၈။ | လူပြင်ရမှာလား၊ ပွဲပြင်ရမှာလားဘုရား | ၂၅၇ |
| ၅၉။ | သာသနာပြုလုပ်ငန်းတွင် သာသနာပွဲပေးခြင်း ပါဝင်ပါသလား | ၂၆၃ |
| ၆၀။ | မင်းတို့ဂိုဏ်းသမားတွေမှာ သရဏဂုံ မရှိဘူးတဲ့ဘုရား | ၂၇၃ |
| ၆၁။ | ဓုတင်မလိုဘူးဆိုလို့ဘုရား | ၂၈၀ |
| ၆၂။ | တရားနာပျက်မှာစိုးလို့ဘုရား | ၂၉၄ |
| ၆၃။ | သိက္ခာကျလို့ သိက္ခာထပ်ရတာလားဘုရား | ၃၀၀ |
| ၆၄။ | နှုတ်ပိတ်ကျင့်တဲ့ ကိုယ်တော်တဲ့ဘုရား | ၃၀၆ |
| ၆၅။ | စေတနာဆိုတာ ဘာကိုခေါ်ပါသလဲဘုရား | ၃၁၅ |
| ၆၆။ | ကိုယ့်ဘက်ကျတော့ ငှားငိုတယ် | ၃၂၆ |
| ၆၇။ | တပည့်တော် စောင်းဟောတယ်ပြောမှာပဲဘုရား | ၃၃၃ |
| ၆၈။ | ဖိုလ်ဝင်စားတာ ဘယ်နှစ်ယောက်ရှိသလဲဘုရား | ၃၄၁ |
| ၆၉။ | လူ့အဖြစ် ရခဲတယ်လဲဆိုတယ်၊ လူတွေလဲ များလှပါလားဘုရား | ၃၄၇ |
| ၇၀။ | ဖားနင်းမိလို့ဘုရား | ၃၅၅ |
| ၇၁။ | အမျှမဝေဘဲ မဖြစ်ဘူးလားဘုရား | ၃၆၂ |
| ၇၂။ | မြို့ ရွာတွေမှာ နေမှာပေါ့ဘုရား | ၃၇၃ |
| ၇၃။ | မာရ်ငါးပါး အောင်တော်မူပုံကို သိလိုပါသည်ဘုရား | ၃၈၀ |
| ၇၄။ | ဂိလာနဆို ဘုဉ်းပေးကောင်းတယ် မဟုတ်လားဘုရား | ၃၉၄ |
| ၇၅။ | လျှောက်ထားဖို့ ကျန်နေတာနင့် | ၄၀၀ |
| ၇၆။ | အသုဘဆိုင်းထည့်တာ မပါဘူးဘုရား | ၄၀၆ |
| ၇၇။ | အရှင်ဘုရားကြွရင် ဗုဒ္ဓဘာသာထဲ ဝင်ပါ့မယ် | ၄၁၁ |

| | | |
|---|---|---|
| ၇၈။ | နိဗ္ဗာန်မှာ ရုပ်ထူး - နာမ်ထူးရှိတယ်ဆိုဘုရား | ၄၁၈ |
| ၇၉။ | ဘိန်းဖြူထက် ချမ်းသာတယ် | ၄၂၅ |
| ၈၀။ | စရိုက်ဆိုတာ ဘာတွေပါလဲ | ၄၃၂ |
| ၈၁။ | ကျွတ်မှန်းမသိ ကျွတ်နေပြီ | ၄၄၀ |
| ၈၂။ | ကုသိုလ်ဘယ်နှစ်မျိုးရှိပါသလဲဘုရား | ၄၄၇ |
| ၈၃။ | ကပ္ပိယသေရင် အသေဆိုးနဲ့ သေရတယ်ဆိုဘုရား | ၄၅၆ |
| ၈၄။ | လူတိုင်း တရားရနိုင်ပါသလားဘုရား | ၄၆၅ |
| ၈၅။ | ထိုင်ပြတယ်တဲ့ဘုရား | ၄၇၂ |
| ၈၆။ | ဘယ်ဓုတင်ဆောက်တည်ပြီး တရားအားထုတ်ရပါသလဲဘုရား | ၄၇၉ |
| ၈၇။ | သာသနာရေးနှင့် ဘာသာရေး ဘယ်လိုထူးပါသလဲဘုရား | ၄၉၄ |
| ၈၈။ | နတ်များကို ကိုးကွယ်ပသသင့်ပါသလားဘုရား | ၅၀၂ |
| ၈၉။ | လူမိုက်နဲ့ ပညာရှိကို ပညာနှင့်သတ်မှတ်ပါသလား | ၅၀၉ |
| ၉၀။ | ပူပန်စိတ် မဖြစ်ဘူးလား | ၅၁၇ |
| ၉၁။ | ဘတ်(စ်)ကားနှင့်ပင့်ရင် ကြွနိုင်ပါသလားဘုရား | ၅၂၃ |
| ၉၂။ | သပိတ်အိုင်တောရတွင် သိမ်သမုတ်ခြင်း | ၅၂၉ |
| ၉၃။ | မွေးနေ့မှာ ကောင်းမှုကုသိုလ်လုပ်ခြင်းဟာ ဘယ်လိုအကျိုးကျေးဇူး ရှိပါသလဲဘုရား | ၅၃၈ |
| ၉၄။ | ငါးရာ့နှစ်ဆယ့်ရှစ်သွယ်မေတ္တာဆိုတာ ဘယ်ဟာတွေလဲဘုရား | ၅၄၄ |
| ၉၅။ | ရောင်တော်ပြန်ဘုရားဆိုတာ ရှိပါသလားဘုရား | ၅၆၈ |
| ၉၆။ | ကျောင်းဆောက်ခိုင်းရင် ဘယ့်နှယ်လုပ်မလဲတဲ့ဘုရား | ၅၇၃ |
| ၉၇။ | အမေ ခေါ်သင့်.မခေါ်သင့် | ၅၇၉ |
| ၉၈။ | သာဓုသံ နည်းနေတယ် | ၅၈၃ |
| ၉၉။ | ပန်းတစ်ပွင့်နဲ့ ဘဝများစွာ အကျိုးပေးပုံ ရှင်းပြပါဘုရား | ၅၈၉ |
| ၁၀၀။ | ကျောင်းကို ပုံ့သကူပစ်ကောင်းပါသလားဘုရား | ၅၉၅ |
| ၁၀၁။ | ဘုရားကိုးဆူဆိုတာ ဘုရားချည်း ကိုးဆူပါလားဘုရား | ၆၀၀ |
| ၁၀၂။ | တပည့်တော် မေတ္တာသုတ် ယုံသွားပြီဘုရား | ၆၀၇ |
| ၁၀၃။ | ဣသာ၊ မစ္ဆရိယသဘော ပြောပြပါဘုရား | ၆၁၀ |

# ဓမ္မဒူတ - အရှင်ပညာဇောတ
# ၏
# ထေရုပ္ပတ္တိအကျဉ်း

## ဖွားမြင်ခြင်း

ဓမ္မဒူတအရှင်ပညာဇောတသည် ဟသ်ာတမြို့နယ်၊ လက်ပံလှကျေးရွာအုပ်စု၊ ပဲခူးစုကျေးရွာ၌ ၁၂၉၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၄) ရက်၊ ကြာသပတေးနေ့၊ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မိးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။

## ခမည်းတော်၊ မယ်တော်

ခမည်းတော်မှာ ဦးတွတ်ဖြစ်၍ မယ်တော်မှာ ဒေါ်ငွေတင် ဖြစ်ပါသည်။ ခမည်းတော် မယ်တော်တို့သည် မြန်မာ့ရိုးရာသမ္မာအာဇီဝဖြစ်သော ကိုင်းကျွန်းလုပ်ငန်းဖြင့် အသက်မွေးကြပါသည်။

## မွေးချင်းများ

ဒေါ်သိန်း၊ ဦးအေးချို၊ ဦးသန်းမောင်၊ ဦးသောင်း၊ ဦးလှထွန်း၊ ဦးချစ်၊ ဒေါ်မြင့်၊ ဦးအုံးမောင်အားဖြင့် သားချင်းရှစ်ယောက်အနက် ဓမ္မဒူတ အရှင်ပညာဇောတသည် ခြောက်ယောက်မြောက် ဦးချစ် ဖြစ်ပါသည်။ နှစ်ယောက်မြောက် ဦးအေးချိုမှာ အရှင်သုမိတ္တာဘိဝံသ (အစိုးရနှင့် စေတီယင်္ဂဏဓမ္မာစရိယ) ဖြစ်ပြီး ယခုအခါ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင် ပေါက်စေတီကျောင်းတိုက်ဆရာတော် ဖြစ်ပါသည်။

## ငယ်စဉ်ဘဝ

ဓမ္မဒူတ အရှင်ပညာဇောတသည် ငယ်စဉ်က ဆိုးလှ၍ မိဘများက ကျောင်းမထားပါ။ ဆယ်နှစ်သားအရွယ် မိဘများက ရှင်ပြုသောအခါ စာမတတ်သေး၍ ရှင်နှင့်ဆိုင်ရာ သင်စရာများကို နှုတ်တက်သင်ယူခဲ့ရပါသည်။ ကိုရင်ဝတ်နှင့် ပျော်သော်လည်း စာမတတ်၍ လူထွက်ခဲ့ရပါသည်။

## ကျောင်းသားဘဝ

(၁၂) နှစ်သားအရွယ်ရောက်မှ နောင်တော် အရှင်သုမိတ္တစာသင်ရာ ဟသ်ာတမြို့နယ်၊ ရေလဲကျေးရွာစာသင်တိုက် ဆရာတော် အရှင်ဥတ္တမထံ အပ်ကာ သင်ပုန်းကြီးမှ စ၍ သင်ခဲ့ရပါသည်။

## ကိုရင်ဘဝ

(၁၃) နှစ်သားအရွယ်တွင် ကိုရင်ဝတ်ကာ သဒ္ဒါ၊ သင်္ဂြိုဟ် စသော အခြေခံစာများကို သင်ယူခဲ့ပါသည်။

## ပညာသင်ကြားခြင်း

အထက်တန်းပညာကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်း၊ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်ဆရာတော် အရှင်ဥတ္တမ၊ နောင်တော် အရှင်သုမိတ္တာဘိဝံသ (အစိုးရနှင့် စေတီယင်္ဂဏ ဓမ္မာစရိယ)၊ အမရပူရမြို့မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၊ မန္တလေးမြို့ဘုရားကြီးကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်နာရဒါဘိဝံသ၊ မန္တလေးမြို့မစိုးရိမ်ကျောင်းတိုက် နာယကဆရာတော် အရှင်ကောဝိဒါဘိဝံသ (သ - စ - အ - ဓမ္မာစရိယ)၊ စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတ ပဋ္ဌာန်းသိပ္ပံဆရာတော် အရှင်ဣန္ဒက၊ စစ်ကိုင်းတောင်ရိုး နန်းဦးတိုက်သစ်ဆရာတော် အရှင်နန္ဒိယ၊ ပခုက္ကူမြို့မဟာဝိသုတာရာမတိုက် ဆရာတော်များ ဖြစ်ပါသည်။

## ရဟန်းဖြစ်ခြင်း

၁၃၁၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၌ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်း၊ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်၊ ဗဒ္ဓသိမ်တော်၌ ဇေယျဝတီကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်း ၆၅ သင်္ဂဟပွဲရုံ ဦးစံ၊ ဒေါ်တင် သား မောင်အောင်စိန်မြင့်၊ သမီး မအောင်ကြည်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ပဉ္စင်းအဖြစ်သို့ ရောက်ပါသည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

အစိုးရပထမပြန်စာမေးပွဲများ၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ စာချတန်း၌ ဂုဏ်ထူးနှင့်တကွ အောင်မြင်၍ "သာသနဓဇသိရီပဝရဓမ္မာစရိယ" ဘွဲ့တံဆိပ်၊ တိပိဋက ရွေးချယ်ပွဲ၌ သုတ်သုံးကျမ်းကို အထောက်အမ လွတ်ကင်းသန့်ရှင်းစွာ ပြန်ဆိုနိုင်သဖြင့် "ဗုဒ္ဓသာသနဝိသိဋ္ဌ ဒီယဘာဏက" ဘွဲ့တံဆိပ်၊ စေတီယင်္ဂဏစာမေးပွဲ၌ သုတ်သုံးကျမ်းကို အထောက်အမ လွတ်ကင်းသန့်ရှင်းစွာ ပြန်ဆိုနိုင်သဖြင့် "အဘိသိရီပဝရ သာသနာ့လင်္ကာရ၊ ဒီဃနိကာယဓရ" ဘွဲ့တံဆိပ်တော်များ ရရှိခဲ့ပါသည်။

## ခေတ်ပညာနှင့် သာသနာပြုနည်း

အင်္ဂလိပ်စာ၊ အခြားလောကီပညာများနှင့် သာသနာပြုနည်းကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၊ သံဃတက္ကသိုလ်မှ နာယကဆရာတော် ကမ္ဘာ့သာသနာပြု၊ အဂ္ဂမဟာပဏ္ဍိတ၊ အရှင်သေဋ္ဌိလ၊ ဆရာဦးလှမောင်၊ ဆရာဦးဖေအောင်၊ ဆရာဦးစစ်ထွန်းမှတ်ဝင်း၊ ဆရာဦးစောထွန်း၊ ဆရာဦးမောင်မောင်ကြီး စသော ဆရာအများထံ၌ (၃) နှစ်တိုင်တိုင် သင်ကြားခဲ့ပါသည်။

## ပဋိပတ်ကျင့်နည်း

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေဥမင်တောရဆရာတော် အရှင်ကောသလ္လထံ၌ ပဋိပတ်ကျင့်နည်းကို နည်းခံသင်ယူကာ ကျင့်ကြံအားထုတ်ခဲ့ပါသည်။ ပဋိပတ်ကျင့်စဉ်ကို ၁၃၂၇ ခုနှစ်၊ နတ်တော်လဆန်း (၁) ရက်နေ့မှ စတင် သင်ယူအားထုတ်ခဲ့ပါသည်။ အင်္ဂပူမြို့နယ် လေးကြိုးရွာရွှေဂူတောရ၊ ကော့မှူးမြို့နယ် ညောင်ကုတ်ကိုင်းတောရ၊ ပေါင်မြို့နယ် သပိတ်အိုင်တောရ၊ ရေးမြို့နယ် အစင်ရွာ မွန်စိန်တောရ၊ အင်္ဂပူမြို့နယ် ကွင်းကောက်တောင်၊ တောကြီးကျောင်းတို့၌ လှည့်လည်အားထုတ်ခဲ့ပါသည်။

## တရားဟောအတတ်

အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် တိပိဋကရေဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ပဌာန်းဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသတို့၏ အဆုံးအမဩဝါဒများ၊ တရားတော်များကို နာခံမှတ်သားရာမှ တရားဟောတတ်ပါသည်။

## စာရေးအတတ်

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၊ ကျမ်းပြုအကျော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသနှင့် နိုင်ငံကျော်စာရေးဆရာကြီး ဦးသော်ဇင်တို့၏ နည်းညွှန်ပြသခြင်းကြောင့် စာပေကျမ်းဂန်များ ရေးသားတတ်ပါသည်။

## ကျမ်းများပြုစုခြင်း

တေဒင်္ဂ အရှင်ပညာဇောတဟူသော ကလောင်အမည်ဖြင့် ဒါနဝတ္ထု၊ သီလဝတ္ထု၊ ဗုဒ္ဓဓမ္မပြဿနာများ (၁)၊ ဘာဝနာဝတ္ထု၊ ဒေါသဖြေဖျောက်နည်း၊ ဗုဒ္ဓဓမ္မပြဿနာများ (၂)၊ ဗုဒ္ဓသက်သတ်လွတ်၊ ဗုဒ္ဓဓမ္မပြဿနာများ (၃)၊ ရှင်လောင်းသင် ရှင်ကျင့်ဝတ်၊ ဗုဒ္ဓဓမ္မပြဿနာများ (၄)၊ အပယူဝါဒရှင်းတမ်း၊ ဗုဒ္ဓဓမ္မပြဿနာများ (၅) နှင့် ဗုဒ္ဓဓမ္မပြဿနာများ (၆) တို့ကို ရေးသားပြုစုခဲ့ပါသည်။ ဓမ္မဒူတ အရှင်ပညာဇောတဟူသော ကလောင်အမည်ဖြင့် ငြင်းခုံပွဲမှ အမြတ်၊ မွေးမေ့မေတ္တာ၊ ဗုဒ္ဓဓမ္မပြဿနာများ (၇)၊ အလှူခံ တစ်ကျိပ်လေး၊ ဗုဒ္ဓဓမ္မပြဿနာများ (၈)၊ ဝေဒနာရှုပွားနည်း၊ ဗုဒ္ဓဓမ္မပြဿနာများ (၉)၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရှုပွားနည်းအချုပ်၊ ဓမ္မန္တရာယ်ကာကွယ်ရေး မီးကျီးတွင်းမှ ပွင့်လာသောကြာ တို့ကို ရေးသားပြုစုခဲ့ပြီး ဆက်လက်ရေးသားပြုစုဆဲ ဖြစ်ပါသည်။

## ဓမ္မဒူတတောရ တည်ဆောက်ခြင်း

၁၃၄၀ ခုနှစ်၊ ကဆုန်လပြည့်နေ့၌ မွန်ပြည်နယ်၊ ဘီးလင်းမြို့ တောင်စွန်းဝယ် ဓမ္မဒူတဝိဟာရ တည်ဆောက်ကာ ရှင်ရဟန်း (၄၀) ကျော်တို့အား ပရိယတ်အမိက၊ ပဋိပတ်တရားများကို သင်ကြားပို့ချပေးနေပါသည်။

## ဓမ္မဒီပရိပ်သာ တည်ထောင်ခြင်း

၁၃၄၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၁၀)ရက်နေ့၌ ကျုံပျော်မြို့နယ်၊ အင်းရဲဝယ် ဓမ္မဒီပရိပ်သာ တည်ထောင်ကာ ရဟန်းနှင့် သီလရှင်၊ လူများအား ပဋိပတ်အဓိက၊ ပရိယတ်တရားများကို ပြသပို့ချသင်ကြားပေးလျက်ရှိပါသည်။

## သာသနာ့တာဝန်ထမ်းဆောင်ခြင်း

ဤသို့အားဖြင့် ဓမ္မဒူတ အရှင်ပညာဇောတ အရှင်သည် -

၁။ ဓမ္မဒူတတောရ၊ ဓမ္မဒီပရိပ်သာတို့တွင် ပဓာနနာယကအဖြစ်လည်းကောင်း

၂။ ဂဏဝါစက စာချဆရာတော်အဖြစ်လည်းကောင်း

၃။ ဂန္ထကာရက ကျမ်းပြုဆရာ၊ စာရေးဆရာအဖြစ်လည်းကောင်း

၄။ ကမ္မဋ္ဌာနာစရိယ ကမ္မဋ္ဌာန်းနည်းပြဆရာအဖြစ်လည်းကောင်း

၅။ ဓမ္မကထိက တရားဟောဆရာအဖြစ်လည်းကောင်း

၆။ ဘီးလင်းမြို့နယ်၊ ရွှေကျင်နိကာယ၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ်ဖြင့်လည်းကောင်း

၇။ သမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ်ဖြင့်လည်းကောင်း သာသနာ့တာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။

# နိဒါန်း

ဤစာအုပ်သည် တရားစာအုပ်မဟုတ်ပေ။ သို့သော် တရားတွေ ပြဿနာတိုင်းတွင် ပြည့်နှက်နေအောင် ပါဝင်သည်ကို ရှုကြည့်ရမည် ဖြစ်၏။ သို့ဖြစ်၍ ဤစာအုပ်ကို တရားစာအုပ်ဟုပင် ဆိုနိုင်၏။

သို့ တရားစာအုပ် ဆိုနိုင်လောက်အောင် တရားတွေ ပြည့်နှက်နေသော်လည်း ဖတ်ရှုသူအဖို့ မပျင်းမရိ မငြီးမငွေ့ဘဲ အကောင်းဆုံးဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်ရှုနေရသည့်အလား တစ်ထိုင်တည်းနှင့် လက်က မချ ဖတ်ရှုနိုင်ပါလိမ့်မည်။

သို့ ဖတ်ရှုနိုင်သော်လည်း တစ်ထိုင်တည်းနှင့် အပြီးမဖတ်ပါနှင့်။ ဖတ်သော် ဖတ်ကောင်း၍ပြီးပါ၏။ မမှတ်မိ။ စာဖတ်ခြင်းသည် မှတ်မိဖို့အတွက် ဖတ်ခြင်းဖြစ်၏။ ပြီးအောင်ဖတ်မှုကား ဖတ်ကောင်း၍ လွယ်၏။ မှတ်မိနိုင်မှုကား ပြဿနာများ နက်၍ မလွယ်။ သို့ဖြစ်၍ တစ်ပုဒ်ပြီးမှ တစ်ပုဒ် အေးအေးဆေးဆေး စဉ်းစားဝေဖန်၍ ဖတ်ပါ။ မှတ်ပါ။

မိမိသည် စာရေးဖို့ရန် ဝါသနာပါသူ မဟုတ်ပေ။ စာကြည့်၊ စာကျက်၊ စာမှတ်ကို ပထမတန်းစား ဝါသနာပါ၍ ဟောပြောမှုကို မလွဲမရှောင်သာအနေနဲ့ ဒုတိယဝါသနာ ပါ၏။ သို့သော် ယခုလက်ရှိမှု ကိုယ်တိုင်အားထုတ်ကျင့်ကြံမှုကို ကြိုးစားအားထုတ်လျက်နေ၏။

သို့စဉ် လွန်ခဲ့သော ၁၃၃၁ ခုနှစ်၊ တပေါင်းလဆန်း (၁)ရက်နေ့က နိုင်ငံကျော်စာရေးဆရာကြီး ဦးသော်ဇင်နှင့် တောင်ကြီးသို့ ခရီးထွက်ခဲ့၏။ တောင်ကြီးသို့ရောက်သော် ဆရာကြီး၏တိုက်တွန်းချက်နှင့် "ဇေတဒဂ်ရပုဂ္ဂိုလ်များ" အကြောင်းကို ဟောပြောခဲ့ရ၏။

ယင်းဟောပြောချက်များကို ဆရာကြီးက အကျဉ်းချုပ် မှတ်တမ်းတင်ထားပြီး "ဇေတဒဂ်ဝတ္ထု" အမည်ဖြင့် စာအုပ်ထုတ်ဝေလိုက်၏။ ယင်းစာအုပ်မှာ နှစ်ကြိမ်ပြန်ရိုက်ပြီး ဖြစ်၏။ ယခုလည်း လက်ကျန်မရှိတော့ဟု ဆို၏။

ယင်း "ဇေတဒဂ်ဝတ္ထု" စာအုပ်ကိုဖတ်ရသော မိမိမိတ်ဆွေအချို့က စိတ်ဝင်စားကြောင်း၊ သံဝေဂဖြစ်ကြောင်းနှင့် ကောင်းကြောင်း စသည်ဖြင့် မိမိထံသို့ စာရေးကြ၏။

မိမိမှာမူ ယင်းစာအုပ် ထွက်လာချိန်၌ တောရကျောင်းတွင် ကိုယ်တိုင်အားထုတ်ကျင့်ကြံမှုကို ကြိုးစားလျက်ရှိ၏။ မိတ်ဆွေအချို့ထံမှ စာရသဖြင့် မိမိသည် ဆရာကြီးပေးပို့လိုက်သော "ဇေတဒဂ်ဝတ္ထု" ကိုပြန်လည်ဖတ်ကြည့်မိ၏။ စိတ်ဝင်စား၍ စာရေးချင်စိတ် ပေါ်လာ၏။

သို့သော် မိမိမှာ တောရကျောင်းတွင်ဖြစ်၍ မှီငြမ်းကိုးကားရေးရန် စာအုပ်မရှိသဖြင့် စာမရေးနိုင်ခဲ့။ ထိုစဉ်ဒကာ - ဒကာမများက ဒါနနှင့်ပတ်သက်သော ပြဿနာများ လျှောက်ထားသဖြင့် မိမိစဉ်းစား၏။

"အင်း . . . ဗုဒ္ဓဘာသာဝင်တိုင်း နေ့စဉ်ပင် ဒါနပြုနေကြသည်။ သို့သော် ဒါနအမျိုးအစားနှင့် အကျိုးတရားများကို သေသေချာချာသိပြီး ပြုတဲ့သူဦးရေက အတော်နည်းပါးနေပါပေါ့ကလား၊ ဒီကြားထဲက ဒါနအပြစ်ပြောသူတွေကလည်း များလာတယ်၊ ဒါဟာ ဒါနအမျိုးအစားနှင့် ဒါနအကျိုးတရားများ၊ ဒါနပြဿနာများ ဖြေရှင်းရေးသားရပါမှကား ကောင်းလေစွ"

သို့ စဉ်းစားပြီး မိမိသည် ကိုးကားရန်စာအုပ်များ ရှာဖွေ၏။ ဒါနအကြောင်း သိကောင်းစရာစာအုပ်တစ်အုပ် ရေးလိုက်၏။ ယင်းကား "ဒါနဝတ္ထု" စာ အုပ်ပင် ဖြစ်၏။ ယခုထွက်ပေါ်ပြီး၍ လူကြိုက်များလျက် ဖြစ်နေပါ၏။

ဒါနအကြောင်း ရေးပြီးသော် သီလအကြောင်း သိကောင်းစရာ စုံစုံလင်လင် စာအုပ်တစ်အုပ် ရေးလိုက်၏။ ယင်းကား "သီလဝတ္ထု" စာအုပ်ပင် ဖြစ်၏။ ယခုဆိုလျှင် ထွက်ပေါ်ပြီးဖြစ်၏။ ယင်းစာမူများ ထုတ်ဝေရန် စီစဉ်ဆဲတွင် ထုတ်ဝေသူထံမှ မိမိထံသို့ စာတစ်စောင်ပို့လိုက်၏။

"အရှင်ဘုရား . . . ဒါနဝတ္ထု၊ သီလဝတ္ထုစာမူများ ပြန်လည်မှတ်ပုံတင်ထားပါသည်၊ ကျလျှင်ကျခြင်း ပုံနှိပ်ပါတော့မည်ဘုရား၊ သို့ပါ၍ နောက်ထပ် ဆက်လက်ပုံနှိပ်ပါနိုင်ရန် "ဘာဝနာဝတ္ထု" ရေးသားပေးပါရန် ကြို တင်သိစေအပ်ပါသည်ဘုရား၊ ဘာဝနာဝတ္ထုရေးပါလျှင် အလုပ်စခန်း များများပါအောင် ရေးပါရန်လည်း သတိပေးပါသည်ဘုရား"

မိမိမှာ ဒါနဝတ္ထုနှင့် သီလဝတ္ထု စာနှစ်မူရေးပြီး တရားကိုပဲ ဆက်လက်ကြိုးစားအားထုတ်နေသည်။ ဘာဝနာဝတ္ထုကို မရေးဖြစ်ခဲ့။ ယင်းစာရသော် တရားအားထုတ်၍ မပြောင့်တော့ပေ။ စာရေးဖို့ရန် ဝိတက်ဝင်လာသည်။ ရေးရမည့်စာကလည်း ဒါနဝတ္ထုနှင့် သီလဝတ္ထုတို့လောက် မလွယ်ကူ။ မြန်မြန်ဆန်ဆန် ရေးလို့မရ။ စိတ်အေးလက်အေး အချိန်ယူပြီးရေးမှ ဖြစ်မည်။ သို့နှင့် မိမိစဉ်းစားသည် -

"အင်း . . . ဘာဝနာဝတ္ထုလည်း ယခုလောလောဆယ်မှာ မရေးချင်သေး၊ ဒါနဝတ္ထုနှင့် သီလဝတ္ထု ပုံနှိပ်ပြီးက ဆက်လက်ပုံနှိပ်ရန် စာမူလည်း တောင်းနေသည်၊ ဘာဝနာဝတ္ထု မရေးရသေးဘဲ တစ်ခြား ဘာရေးရရင် ကောင်းမည်လဲ၊ အများအတွက်အကျိုးရှိမည်လဲ"

"အင်း . . . လွန်ခဲ့တဲ့ဆယ်နှစ်မှ ယနေ့အထိ မိမိကိုယ်တိုင် ဟောကြားပြသခဲ့သော တရားပွဲများမှ မှတ်သားဖွယ်ရာကောင်းသော ပြဿနာများ၊ ကိုယ်တွေ့အဖြစ်အပျက်များ၊ အတွေ့အကြုံများကို ကောက်နုတ်၍ရေးရပါမှ ကောင်းလေစွ"

"ယင်းသို့ရေးလျှင် တရားဟောသူ၊ တရားပြသူ၊ တရားနာသူ၊ တရားအားထုတ်သူအားလုံး လိုက်နာစရာ၊ ကျင့်ကြံစရာ၊ ရှောင်ကြဉ်စရာများ ရရှိမည်၊ သို့ရရှိလျှင် လောကသာသနာ နှစ်ဖြာအကျိုး ပွားတိုးမည်"

မိမိသည် ယင်းသို့စဉ်းစားပြီးလျှင် ဤစာအုပ်ကို ရေးလိုက်၏။ "ဗုဒ္ဓဓမ္မပြဿနာများ" ဆိုတဲ့ ဤစာအုပ်အမည်ကိုကြည့်သဖြင့် အထဲတွင် ဘာတွေရေးထားမည်ကို စာရှုသူ ခန့်မှန်းနိုင်မည် ဖြစ်၏။ သို့တမူ စာရှုသူ ရှင်းသထက်ရှင်းသွားအောင် ဖွင့်ပြပါဦးအံ့။

"ဗုဒ္ဓဓမ္မပြဿနာများ" အမည်တွင် ဗုဒ္ဓ + ဓမ္မ + ပြဿနာများဟု သုံးပုဒ်ရှိ၏။ ယင်းတွင် ဗုဒ္ဓမှာ "ဘုရား" ဖြစ်၏။ ဓမ္မမှာ "တရား" ဖြစ်၏။ ပြဿနာများမှာ "အမေးများ" ဖြစ်၏။ ဆက်စပ်လိုက်သော် "ဘုရား တရား အမေးများ" ဟူ၍ ဖြစ်လာ၏။

အချောပြန်ရသော "ဘုရား တရားနှင့် ပတ်သက်သော အမေးများ" ဟူ၍ ဖြစ်၏။ အမေးများဆိုသဖြင့် အဖြေမပါဘူးလားဟူ၍ စောဒနာရန် ရှိ၏၊ မိလိန္ဒပဉှာစာအုပ်ကို ရှုကြည့်ပါဘိ၊ မိလိန္ဒအမေးဆိုသော်လည်း ရှင်နာဂသိန်၏အဖြေတုံပါရှိ၏။ ဤတွင်လည်း လူပေါင်းစုံတို့၏ ပြဿနာပေါင်းစုံကို မိမိက ဖြေရှင်းထားပါ၏။

ဤတွင် အကြောင်းရင်းပြဿနာ (၅၀)ပဲ ရှိပါ၏။ ၎င်း (၅၀)ကို မေးဖြေထားရာတွင် ဝတ္ထုသဖွယ် ဖြစ်ပါ၏။ စာရှုသူစိတ်ဝင်စားဖွယ် ဖြစ်ပါ၏။

ယင်းပြဿနာများကိုဖြေရှင်းရာတွင်ပြဿနာနှစ်မျိုးနှစ်စားကိုရှုကြည့်နိုင်၏။ မှန်၏။ "ပြဿနာ" ဟူသည်ကောင်းသော ပြဿနာနှင့် မကောင်းသောပြဿနာဟူ၍ နှစ်မျိုးရှိ၏။

ပုဂ္ဂိုလ်တစ်ယောက်၏ ဘဝတစ်သက်တာတွင် အကောင်းနှင့်အဆိုး နှစ်မျိုးသောပြဿနာတို့ကို တွေ့ကြုံရစမြဲပင် ဖြစ်၏၊ ယင်းနှစ်မျိုးတွင် မကောင်းသော အဆိုးပြဿနာများနှင့်သာ တွေ့ကြုံမှုများအံ့ ထင်၏။ ကောင်းသောပြဿနာမှုကြုံဖန် ရှာနိုင်ပါမှ အနည်းငယ်မျှ တွေ့ကောင်းတွေ့နိုင်မည် ဖြစ်၏။

တစ်ဖန် ယင်းပြဿနာများသည်လည်း မိမိနှင့်သက်ဆိုင်သော မိမိကိုယ်ရေးကိုယ်တာပြဿနာများကို မိမိကိုယ်တိုင်ပြန်လည်တွေ့ကြုံဖြေရှင်းရခြင်းတစ်မျိုး ရှိ၏။ သူတစ်ပါးနှင့်သက်ဆိုင်သော သူတစ်ပါးကိုယ်ရေးကိုယ်တာပြဿနာများကို မိမိက ဖြေရှင်းရခြင်း တစ်မျိုးဟူ၍ နှစ်မျိုးရှိ၏။ ဤစာအုပ်တွင် ယင်းနှစ်မျိုးစလုံးကို ဖတ်ရှုရမည် ဖြစ်၏။

တစ်ဖန် ယင်းပြဿနာများကို ခွဲခြားပြန်လျှင် ဗုဒ္ဓဓမ္မအရေးနှင့် ပတ်သက်သော ပြဿနာများနှင့် လောကအရေးနှင့် ပတ်သက်သော ပြဿများဟူ၍ နှစ်မျိုးရှိပြန်၏။ ယင်းနှစ်မျိုးတွင် စာအုပ်အမည်ကို ဖတ်ရှုကြည့်ရခြင်းဖြင့်ပင် လောကရေး မဖက် ဗုဒ္ဓဓမ္မရေးသက်သက် ပြဿနာများကိုသာ ဖော်ပြထားသည်ဟု သိနိုင်ပြီ ဖြစ်၏။

တစ်ဖန် ယင်းပြဿနာများကို ဖော်ပြရာ၌ အကောင်းပြဿနာများကိုသာ ရွေးချယ်ဖော်ပြပါက ယင်းဖော်ပြချက်သည် ပြည့်စုံသောဖော်ပြချက်၊ မှန်ကန်သောဖော်ပြချက်မျိုး မဖြစ်နိုင်။

မှန်၏၊ ပြဿနာဟူသည် အကောင်းချည်းသက်သက်လည်း ဘယ်နည်းနှင့်မှ မဖြစ်နိုင်။ အဆိုးချည်းသက်သက်လည်း မဖြစ်နိုင်။ အကောင်းအဆိုး နှစ်မျိုးရောထွေးနေမည်သာ ဖြစ်၏။ သို့ဖြစ်၍ အကောင်းအဆိုး ပြဿနာနှစ်မျိုးစလုံးကို ဖော်ပြပါမှသာ မှန်ကန်တိကျသော ပြဿနာများ၊ ပြည့်စုံတိကျသော ပြဿနာများ ဖြစ်လာမည်ဖြစ်၏။

ပြဿနာနှစ်မျိုးစလုံးကို ဖော်ပြထားရာ၌ စာရှုသူသည် အဆိုးပြဿနာကို ဖတ်ရှုရပါက "ကဲ့ရဲ့သူကို ဆရာတင်" ဆိုသည့် စကားပုံအတိုင်း မိမိကိုယ်ကို ပြုပြင်သတိပေးသူ ဆရာပဲဟူ၍ နှလုံးသွင်းပြင်၍ ဖတ်ရှုပါ။ အကောင်းပြဿနာကို ဖတ်ရှုရပါက "ချီးမွမ်းသူကို တပည့်" ဆိုသည့် စကားပုံအတိုင်း မိမိလောက် မသိသေးသူ မိမိတပည့်ပဲဟူ၍ နှလုံးသွင်းပြင်၍ ဖတ်ရှုပါ။ ယင်းသို့ နှလုံးသွင်းပြင်၍ ဖတ်ရှုနိုင်ပါလျှင် စာရှုသူအတွက် သင်ခန်းစာတွေ အများကြီး ရရှိပါလိမ့်မည်၊

တစ်ဖန်ဆိုရသော် ဤစာအုပ်ပါ အဖြစ်အပျက်ပြဿနာအားလုံးတို့မှာ လွန်ခဲ့သော (၁၀)နှစ်တာကာလမှ ယနေ့အထိ မိမိတရားပွဲများမှလည်းကောင်း၊ မိမိတရားပြရာမှလည်းကောင်း၊ မိမိတရားဟောသွားရာမှလည်းကောင်း၊ မိမိထံသို့ တရားလာရောက်လျှောက်ထားရာမှလည်းကောင်း ပေါ်ပေါက်လာသော တကယ့်အဖြစ်အပျက် အတွေ့အကြုံပြဿနာများ ဖြစ်ပါ၏။ ဝတ္ထုတိုများသဖွယ် စိတ်ဝင်စားဖွယ်ကောင်း၏။

ယင်း ကိုယ်တွေ့ ပြဿနာများကို ဖော်ပြရာ၌ မည်သူ့ကိုမျှ ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်မရှိပါ။ တစ်ဖန် ယင်းပြဿနာတွင် ပါဝင်နေသူများကိုလည်း မထိခိုက်မနစ်နာစေရန် ပြဿနာရှင်အမည်များ၊ ပြဿနာဖြစ်ပေါ်လာရာ မြို့အမည်၊ ရွာအမည် စသည်များကို မသုံးနှုန်း မဖော်ပြဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ရေးသားဖော်ပြထားပါသည်၊

ပြဿနာရှင်အမည်ကို မသုံးလျှင် မဖြစ်၍ သုံးနှုန်းဖော်ပြသည့်အခါတွင် "သူ" ဟူ၍လည်းကောင်း၊ "သူ့" ဟူ၍လည်းကောင်း နာမ်စားနှင့် သုံးနှုန်းဖော်ပြထားပါသည်။

ယင်းသို့ သုံးနှုန်းဖော်ပြရာတွင် ယောကျ်ား၊ မိန်းမ နှစ်ဦးစလုံးကိုပင် "သူ - သူ့" ဟူ၍ တန်းတူသုံးထားပါသည်။ မြန်မာတို့တွင် စကားပြောရာ၌ ယောကျ်ား၊ မိန်းမ အားလုံးကိုပင် "သူ - သူ့" ဟု နာမ်စားတစ်မျိုးတည်းနှင့် သုံးနှုန်းလေ့ရှိသောကြောင့် ဤတွင်လည်း မခွဲခြားဘဲ သုံးနှုန်းထားပါသည်။

အဖြစ်အပျက် အတွေ့အကြုံ ပြဿနာများအားလုံးတို့မှာ မြို့ရွာဒေသ အမျိုးမျိုးတို့မှ လူအမျိုးမျိုးတို့နှင့် တွေ့ကြုံဖြစ်ပျက်ခဲ့ရသော အတွေ့အကြုံပြဿနာများဖြစ်၍ စကားအသုံးအနှုန်းတို့မှာလည်း ပြဿနာတစ်ခုနှင့်တစ်ခု မတူနိုင်ပါပေ။ မှန်၏။ ဤတွင် ပြဿနာတစ်ခု အသုံးအနှုန်းတစ်မျိုးလိုပင် ဖတ်ရှုရမည်ဖြစ်၏။

ဝင်းပြင် မိမိကိုလည်း အရပ်ဒေသအမျိုးမျိုးမှ လူအမျိုးမျိုးတို့က အခေါ်အဝေါ်အမျိုးမျိုးတို့နှင့် "ဦးပဉ္စင်း၊ ဦးပဉ္စင်းလေး၊ ဘုန်းကြီး၊ ဆရာတော်" စသည်ဖြင့် သူတို့၏ဒေသ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် စိတ်ကူးအမျိုးမျိုးနှင့် ခေါ်ဝေါ်သုံးနှုန်းထားသည်ကို ဖတ်ရှုရမည်ဖြစ်၏။ မိမိသည် ယင်းတို့အား ဘယ်လိုခေါ်ဝေါ်ပါ စသည်ဖြင့် ပြင်မပေး၊ ပြင်၍လည်း မရေးဘဲ မူရင်းအတိုင်းပင် ရေးလိုက်ပါသည်။

ဤစာအုပ်ပါပြဿနာများမှာ မိမိတရားဟောနှစ် ဆယ်နှစ်တာအတွင်းမှ အချို့အဝက်မျှသာ ဖြစ်ပါ၏။ မကြာမီ ကျန်ရှိနေသောပြဿနာတို့ကို ဖော်ပြပါအံ့။

ယင်းသို့ဆိုသဖြင့် စာရှုသူသည် ပြဿနာတွေ များလှပါကလားဟု ထိတ်လန့်မသွားပါနှင့်။ "ပြဿနာပေါင်း သောင်းခြောက်ထောင်" ဆိုသောစကားပုံအတိုင်းပေါ့။ ပြဿနာတွေများသော်လည်း တစ်ခုနှင့်တစ်ခု မတူညီဘဲ ကွဲပြားခြားနားမှတ်သားစရာတွေချည်း ဖြစ်ပါ၏။

**ဓမ္မဒူတ – အရှင်ပညာဇောတ**
**ဝိသိဋ္ဌ ဒီဃဘာဏကနှင့် သိရီပဝရဓမ္မာစရိယ**
**၁၃၃၆ ခု၊ တော်သလင်းလပြည့်**
**၃၀၊ ၉၊ ၇၄**

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နင်မလှချင်နဲ့၊ လှချင်တာ သူများဖို့

## (၁)

"ထင်သေးပြစ်မှား - ထင်ကြီးကြည်ညို" ဆိုသော စကားသည် အင်မတန်မှ မှန်ကန်လှ၏။ လူတို့သည် တစ်ယောက်အကြောင်း တစ်ယောက်မသိဘဲ တွေ့လျှင်တွေ့ချင်း အထင်ကြီးတတ်ကြသလို အထင်လည်း သေးတတ်ကြသည်။ အထင်ကြီးလျှင် ကြည်ညို၏။ အထင်သေးလျှင် ပြစ်မှား၏။ ယင်းသည် လောကဓမ္မတာပင် ဖြစ်၏။ ယင်းသို့ အထင်သေးလွယ် အထင်ကြီးလွယ်ခြင်းသည် အများအားဖြင့် အမှားနှင့် ကြုံရတတ်၏။ အလိမ်အညာ ခံရတတ်၏။

မှန်၏။ လောကတွင် လူအမျိုးမျိုးရှိ၏။ အချို့က အထက်တန်းမှ အထင်ကြီးခံရအောင် ပြုလုပ်လိမ်ညာ၏။ အချို့က အောက်တန်းမှ အထင်သေးခံရအောင် ပြုလုပ်ပြီးမှ လိမ်ညာ၏။ လိမ်ညာခြင်းတော့မူ အတူတူသာဖြစ်၏။ အထက်တန်းနှင့် အောက်တန်းသာ ကွာ၏။ အရများနှင့် အရနည်းသာ ကွာ၏။

သို့ဖြစ်၍ သူရောကိုယ်ပါ ဘယ်သူမဆို မြင်လျှင်မြင်ချင်း ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား အထင်သေးလျှင်လည်း မကောင်းသလို၊ အထင်ကြီးလျှင်လည်း မကောင်းပေ။ အထင်သေးလျှင် ပြစ်မှားတတ်၍ သိသောအခါ တောင်းပန်ဝန်ချ၏။ အထင်ကြီးလျှင် ကြည်ညိုရှိသေဆည်းကပ်၏။ သိလျှင် အခွာရခက်၏။ အပြစ်မူ ဘယ်ဟာမှ မလွတ်ပေ။

တစ်ခါကမိမိသည် ကိုယ်တိုင်ကြုံ၏။ ရွာကြီးတစ်ရွာတွင် ဆရာတော်ကြီးတစ်ပါး ရှိ၏။ အကျင့်သီလနှင့်ပြည့်စုံ၍ ရဟန္တာတမျှ ကြည်ညိုကြ၏။ ယင်းဆရာတော်မတိုင်မီ ဆရာတော်လည်း ထိုကဲ့သို့ပင်ဟု ကြားရ၏။ ပထမဆရာတော် လက်ထက်ထဲက ကထိန်လက်မခံဘဲ သုံးနှစ်တစ်ကြိမ် ဝတ်ပွဲကျင်းပလေ့ရှိ၏။ ယခုဆရာတော်လက်ထက် မိမိသွားစဉ်ကမူ (၃၇) ကြိမ်မြောက် ဝတ်ပွဲဖြစ်၏။ ဆရာတော်နှစ်ဆက် ဝတ်ပွဲမှာ နှစ်တစ်ရာကျော်လေပြီ။ ယခု ဆရာတော်သည်ပင် သက်တော် (၈၀) ကျော်ပြီ။

ဝတ်ပွဲမှာ စနစ်ကျလှ၏။ တစ်ပါး တစ်ကျောင်းနေ၏။ ကျောင်းဒကာများက ကိုယ့်ကျောင်းဘုန်းကြီး၏ ဝေယျာဝစ္စကို ကိုယ်တာဝန်ယူရ၏။ ဆွမ်းကိုမူ နံနက်ဆွမ်း၊ နေ့ဆွမ်း၊ တစ်နေ့ရာထဲ၌ စုကျွေး၏။ ညနေဘက်ဆိုလျှင် ကျောင်းဒကာ၊ ကျောင်းအမများနှင့် ဆွေမျိုးတစ်စုစီလာကြ၍ အသီးသီး ကိုယ့်ကျောင်းဘုန်းကြီးနှင့် ကိုယ်စကားပြောကြ၊ ဝေယျာဝစ္စ ပြုလုပ်ကြ၏။

မိမိကျောင်းသို့မှ ကျောင်းအမယ်နှင့် အဖော်တစ်ယောက်သာ လာလေ့ရှိ၏။ မိမိမှာ စာကြည့်ဝါသနာပါ၍ စာကြည့်များ၏။ မိမိစာကြည့်နေလျှင် သူတို့မလာပေ။ ပြန်သွားလေ့ရှိ၏။ အလိုက်သိ၏။ မိမိသည် ကျောင်းအမယ်အား အထင်သေး၏။ အ.တ.တ. ဟု ထင်၏။ တရားလည်း နားဝင်မည်မထင်။ သို့နှင့် တော်ရုံလျော်ရုံနှင့် ရုံခါပြော၏။ စကား ဟုတ်တိပတ်တိ မစပ်မိပေ။

သို့နှင့် ဝတ်ပွဲကား ပြီးတော့မည်။ ပြီးခါနီး လေးညတွင် ဝတ်စောင့်သည့် သံဃာတော်များထဲမှ တရားဟောတတ်သူများကို စာရင်းပြု၍ တစ်ညနှစ်ပါး ဟောစေ၏။ ထိုတွင် မိမိပါဝင်နေတော့၏။ မိမိသည် ပထမည ပထမဆုံးဟောရ၏။ "ဝတ်နှင့်ဝဋ်" ကို ကွဲပြားရှင်းလင်းအောင် ဟောပြခဲ့၏။ ရဟန်းရော လူပါ သဘောကျကြ၏။ နောက်နေ့ နေ့လည်တွင် ကျောင်းအမယ်နှင့် အဖော်ရောက်လာပြီး ရှိခိုးလျှောက်၏။

"ဝတ်ပွဲလည်း ပြီးတော့မယ်။ ဦးပဉ္ဇင်းနဲ့လည်း တစ်ခါမှ စကားကောင်းကောင်း မပြောရသေးဘူး။ ယခုည တပည့်တော်တို့ တည်းခိုတဲ့ဇရပ်ကို ကြွပါဘုရား"

ကျောင်းအမယ်မှာ ရွာဝေးမှလာ၍ ဝတ်ကျောင်းဆောက်ခြင်း ဖြစ်၏။ ရွာ မပြန်တော့ဘဲ ဇရပ်တွင်တည်းခို၍ ဝတ်ပြုနေခြင်းဖြစ်၏။

"ဇရပ်ကို ဘာလုပ်ရအောင် ကြွရမှာလဲ။ ညကျ တရားပွဲနှင့်ဟာပဲ တရားနာရမှာပေါ့"

"တပည့်တော်တို့ ဆွေမျိုးတွေရောက်နေပြီ၊ တပည့်တော်တို့ ဦးပဉ္ဇင်းနှင့်လည်း စကားပြောချင်တယ်။ ဦးပဉ္ဇင်းတရားလည်း နာချင်တယ်။ ဇရပ်မှာ တပည့်တော်တို့ စုပြီး စောင့်နေမယ်။ ဒီက တရားပွဲစလျှင် ဦးပဉ္ဇင်းဇရပ်ကို ကြွပါ"

"ဟင် ... ဒီမှာ တရားပွဲရှိလျက်နှင့် ဒီက တရားဟောတော့ မနာ၊ ဦးပဉ္ဇင်းကဇရပ်လာဟောရမယ်။ ဟုတ် ဟုတ်သေးတော့၊ ဦးပဉ္ဇင်းလည်း ဒီမှာဟောတဲ့ ဘုန်းကြီးတွေလောက် အဟောမကောင်းဘူး။ သူတို့က ဇာတ်ထုပ်ဇာတ်ကွက်နဲ့ အလွမ်းအသောနဲ့ အသံကောင်းကောင်းနှင့် ဟောမှာ၊ ဒီတရားပွဲနာလျှင် ပြီးရောပေါ့။ ဦးပဉ္ဇင်းလည်း ဒီတရားပွဲမှာ နာချင်သေးတယ်"

"ဦးပဉ္ဇင်းကလည်း မနာချင်ပါနဲ့။ အသံကောင်းကောင်း နားထောင်ချင်လျှင် ပွဲသွားကြည့်မှာပေါ့။ ရေဒီယိုဖွင့်နားထောင်မှာပေါ့။ ဘာဖြစ်လို့ တရားနာမှာလဲ။ တရားနာတာပဲ အသံနာတာမှမဟုတ်ဘဲ၊ တပည့်တော်တို့ ဦးပဉ္ဇင်းတရားဟောတာပဲ နားလည်တယ်၊ အမေတို့လည်း ရောက်နေတယ်။ သူတို့အားလုံးက အပင့်ခိုင်းလို့ လာပင့်ရတာ၊ မေးချင်စရာတွေလည်း အများကြီးရှိတယ်၊ ဇရပ်ကို ကြွဟောပါ"

မိမိမှာ ကြီးကျယ်သည်ဟု ထင်၏။ စကားကြီးစကားကျယ် သုံးသည်ဟု ထင်၏။ သို့သော် မနေသာပေ။ ဝန်ခံရတော့၏။ ညတရားပွဲစလျှင် ဇရပ်သို့ ကြွရ၏။ ဆွေမျိုးတစ်စု အစိတ်သုံးဆယ်ခန့်ရှိ၏။ ရောက်လျှင် ဘာတရားဟောမည်လဲဟုမေးပြီး တရားဟောပေး၏။ တရားဟောပြီးလျှင် ကျောင်းအမယ်နှင့် သူ့အမေကြီးတို့ ခေါင်းဆောင်၍ တရားရေးနှင့် ပတ်သက်ပြီး မသိတာများ၊ သိချင်တာများကို အလွတ်လည်း မေး၏။ စာအုပ်ထဲမှာ မသိလို့ မှတ်ထားတာများကိုလည်း စာအုပ်ကြည့်၍ မေး၏။ အမေးပေါင်းမှာ စုံလှတော့သည်။ မိမိမှာ ဒီတော့မှ ကျောင်းအမယ်အား ညြချရတော့သည်။ မိမိမှာ ထိုစဉ်က တရားတစ်လမျှသာ အားထုတ်ဖူးသေး၏။ စာပေသာ မကျွမ်းကျင်ပါက ကျောင်းအမယ်၏ အမေးများကို ကျေနပ်အောင် မဖြေနိုင်မှာ အမှန်ပင်။ နောက်ရက်များတွင်မှ ပိုမိုရင်းနှီးလာတော့ မိမိမှာ မနေနိုင်၊ အမှန်ကို ဖွင့်ပြောရ၏။

"ဦးပဠင်းက ကျောင်းအမငယ်ကို အထင်သေးနေတာ။ ဒီကောင်မလေး ဆင်းရဲတယ်နဲ့ တူတယ်။ တစ်နေ့လာလည်း ဒီအဝတ်အစားပဲ၊ အလိုက်တော့သိပါရဲ့၊ ရိုးအ.အနဲ့၊ ငါတရားစကားပြောလဲ မောရုံပဲရှိမှာပဲ။ နားလည်မှာလည်း မဟုတ်ဘူး။ စိတ်ဝင်စားမှာလည်း မဟုတ်ဘူးလို့"

ကျောင်းအမငယ်မှာ အဝတ်အစားရိုး၏။ အပြောင်းအလွဲ နည်း၏။ နံ့သာသနပ်ခါးခြယ်သလေ့မရှိ။ ရွှေငွေမဝတ်ဆင်။ စကားနည်းသည်။ အနေအပြော အေးဆေးသည်။ သို့ကြောင့် မိမိက ပုံကြည့်ပြီး အထင်သေး၍ ပြစ်မှားခြင်းဖြစ်၏။

"ဦးပဠင်းက တပည့်တော်ကို အထင်သေးပေမဲ့ တပည့်တော်က ဦးပဠင်းကို အထင်မသေးပါဘူး။ တပည့်တော် အခုလို အခြေအနေဖြစ်လာတာ ဆရာတော်ကြီးဆုံးမလို့ တရားသဘောပေါက်လို့ပါ"

"ဆရာတော်ကြီး ဘယ်လိုဆုံးမလဲ၊ ဘယ်လိုတရားသဘောပေါက်လဲ ပြောစမ်းပါဦး"

"တပည့်တော် အသက် (၁၆) နှစ်လောက်တုန်းက သိပ်ခေတ်ဆန်ဆန်၊ သိပ်အလှအပကြိုက်၊ သိပ်ဝတ်စားတာပေါ့"

ကျောင်းအမငယ်မှာ ထိုစဉ်က (၂၁) နှစ်မျှ ရှိသေး၏။ ညီမငယ်နှင့် အဖေ၊ အမေအားဖြင့် မိသားစုလေးယောက်သာ ရှိ၏။ ယခု ကျောင်းဆောက်သည်မှာ သူ၏ သီးခြားစုဆောင်းငွေနှင့် ဆောက်ခြင်းဖြစ်၏။

"နောက် ဘာဖြစ်လို့ ခေတ်မဆန်၊ အလှအပမကြိုက်၊ မဝတ်စားတာလဲပြောစမ်းပါဦး"

"တစ်နေ့ တပည့်တော်နဲ့ အမေနဲ့ ဥပုသ်လာစောင့်တယ်၊ တပည့်တော်က ကျကျနန ဝတ်စားပြင်ဆင်လာတာပေါ့။ ကျောင်းရောက်တော့ ဆရာတော်ကြီးက တပည့်တော်ကို မြင်တော့ တရားဟောတယ်"

"နင် မလှချင်နဲ့၊ လှချင်တာသူများဖို့"

"ဘယ်ဟုတ်မလဲ ဆရာတော်၊ လှချင်တာ ကိုယ့်ဖို့ပေါ့"

"နင် စဉ်းစားဦး၊ သဘောပေါက်တော့ ငါ့ပြန်ပြော"

ဆရာတော်ကြီးနှင့် ကျောင်းအမငယ်မှာ ဆွေမျိုးရင်းချာ ဖြစ်၏။ သို့ဖြစ်၍ ကျောင်းအမငယ်မှာ ပြန်ပြောရဲခြင်းဖြစ်၏။ ဆရာတော်ကြီးမှာ တရားရှည်ရှည် ဟောလေ့မရှိ။ စကားများများ ပြောလေ့မရှိ။ ဤမျှလောက်ပဲ ပြောဟောလေ့ ရှိ၏။

"အဲဒီလိုပြောတော့ တပည့်တော်လည်း နောက်ထပ်ပြန်မပြောရဲတော့ဘူး။ အိမ်ရောက်တော့ အပြန်ပြန်စဉ်းစားတော့ "လှချင်တာ ကိုယ့်ဖို့မဟုတ်ဘူး၊ သူများဖို့" ဆိုတာ သဘောပေါက်သွားတယ်။ အဲဒီကစပြီး တပည့်တော် လှချင်ပချင်တဲ့စိတ်နဲ့ ဘယ်တော့မှ မဝတ်စား၊ မဖီးလိမ်း မပြင်ဆင်တော့ဘူး။ သူများဖို့ကြီးဟာ၊ ကိုယ့်ဖို့မှ မဟုတ်တာ၊ ဟိုတုန်းကသာ ဦးပဠင်းမြင်လျှင် ယခုအထင်သေးသလို မသေးဘဲ အထင်ကြီးမှာ"

သိတော့ သိကြပါ၏။ သို့တမူ သိတဲ့အတိုင်းလိုက်နာကျင့်သုံးဖို့မှာ လွယ်ကူသောကိစ္စတစ်ခု မဟုတ်ပေ။ ကျောင်းအမငယ်မှုကား အံ့သြစရာပင်။ တောရွာမှာ ပစ္စည်းအရှိထဲကပင် ဖြစ်၏။ သီလရှင်ဝတ်ပြီး တရားအားထုတ်ချင်၏။ မိဘများကို ပစ်မထားနိုင်။ အိမ်တွင် ဦးဆောင်နေရ၍ ခွင့်မသာ။ ညီမငယ်ကို မြန်မြန်ကြီးစေချင်နေ၏။ မိမိလည်း ကျောင်းအမငယ်အား ဘာမျှ ပြန်မပြောနိုင်တော့။ စိတ်ထဲမှ ဥဒါန်းပဲ ကျူးရင့်နိုင်တော့၏။

"သြော် ... သီလရှိ၍ ကျင့်ဝတ်နှင့်ပြည့်စုံတဲ့ အရှင်မြတ်တွေကို ကိုးကွယ်ဆည်းကပ်ရသည်မှာ အဖိုးတန်၍မြင့်မြတ်ပါပေစွ"

"နေပါဦး ကျောင်းအမငယ်၊ တရားဘယ်မှာ အားထုတ်လဲ၊ စာဘယ်မှာ သင်လဲ"

မိမိမှာ အရှက်ပြေဆိုသလို စကားကိုလွှဲ၍ ဟန်လုပ်မေးရတော့၏။ သို့မဟုတ်မူ အနေခက်နေမည်။

"တပည့်တော် ကျောင်းလာတဲ့အခါ ဆရာတော်ကြီး လျှောက်မေးတယ်၊ ရွာထဲ တစ်ခါတလေ သီလရှင်တွေကြွတဲ့အခါ၊ ရဟန်းသံဃာတွေကြွတဲ့အခါ မေးတယ်၊ အဲဒီလိုမေးပြီး အားထုတ်တယ်၊ အိမ်မှာပဲ အားတဲ့အခါ အားထုတ်တာပဲ၊ စာလည်း တပည့်တော် လေးလပဲသင်ရတယ်၊ တတ်ချင်တာနဲ့ လာသမျှလူ စာအုပ်ကိုင်ပြီး မေးတာပဲ၊ ကြာတော့ ဖတ်တတ်သွားတယ်"

ကျောင်းအမငယ်မှာ ဝီရိယ ရှိ၏။ ဖွဲ ရှိ၏။ မေးရမှာ အောက်ကျသည်ဟု သူ မထင်။ မသိလျှင် သိမည့်သူကို မေး၏။ သို့နှင့် မိမိသည် ကျောင်းအမငယ်အား ဆက်လက်ကြိုးစားရန် လျော်သောတရားကို ဟောပေးလိုက်၏။

"ရဟန်းတို့၊ သီလရှိသောရဟန်းသည် အိမ်သို့ချဉ်းကပ်သည်ရှိသော် -

၁။ လူတို့သည် မြင်၍ စိတ်ကြည်လင်သောအခါ ထိုအိမ်သည် နတ်ပြည်၌ ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်၏။

၂။ လူတို့သည် ခရီးဦးကြိုဆိုကြ၊ ရှိခိုးကြ၊ နေရာထိုင်ခင်း ပေးကြသောအခါ ထိုအိမ်သည် မြင့်မြတ်သောအမျိုး၌ ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်၏။

၃။ လူတို့သည် ဝန်တိုမှု အညစ်အကြေးကို ပယ်ဖျောက်သောအခါ ထိုအိမ်သည် တန်ခိုးကြီးခြင်းကို ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်၏။

၄။ လူတို့သည် အစွမ်းရှိသလောက်၊ အားရှိသလောက် ဝေဖန်လှူဒါန်းသောအခါ ထိုအိမ်သည် ဥစ္စာပေါများခြင်းကို ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်၏။

၅။ လူတို့သည် ပုစ္ဆာမေးကြ၊ ပြဿနာမေးကြ၊ တရားနာကြသောအခါ ထိုအိမ်သည် ပညာကြီးခြင်းကို ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်၏။

ဟူသော ငါးမျိုးအကြောင်းတို့ဖြင့် ကောင်းမှုကို ပွားစေကုန်၏။

(ကုလသုတ်၊ ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်)

ကျောင်းအမငယ်မှာ သူ့အဖြစ်နှင့် အလျော်ဆုံးသော တရားမို့ထင့် ရှေးကထက် ဝမ်းသာဟန်ပြ၏။ နောက်ထပ်လည်း ဟောဦးမည်လားဟု မျှော်လင့်ပုံ ရ၏။ သို့သော် ည (၁၂)နာရီထိုးပြီမို့ မိမိလည်း ပြန်လာခဲ့ပါတော့၏။

✦ သီလရှိလတ် ကျင့်ဝတ်တတ် ရှင်မြတ်ကိုးကွယ်နိုင်စေသော်။

✦ တရားနာကြည့် ကျင့်ကြံဘိ မသိမေးမြန်းနိုင်စေသော်။

# တရားထိုင်လွန်သော

## (၂)

ယခုခေတ်တွင် တရားလိုက်စား အားထုတ်သူများ ပေါများလာသည်။ တရားမှ လိုက်စားအားမထုတ်ဖူးသေးဘူးဆို လျှင် ခေတ်မမီ လူရာမဝင်သလိုဖြစ်လာသည်။ တရားအားထုတ်သူ များသလောက် တရားဟောသူ၊ တရားပြသူလည်း များလာ သည်။ သို့ရာတွင် ဟောသူ၊ ပြသူ၊ လိုက်စားအားထုတ်သူများသည် ဘုရားရှင်၏ မဇ္ဈိမပဋိပဒါကျင့်စဉ်ကျသူ ဦးရေမှာ မများလှ ဟု ထင်သည်။

ယင်းသည်မှာ ဒါန သီလမှုနှင့် ပုတီးလက်စွဲသော လွန်ခဲ့သောခေတ်ရှိ ဟောသူ၊ လိုက်စားသူများနှင့် ပြန်၍အကောင်း အဆိုး၊ ယဉ်မယဉ်၊ သူတော်ကောင်းမကောင်းကို ပြန်လည်နှိုင်းယှဉ်၍ပြခြင်းဖြစ်၏။ ဒါန သီလမှုနှင့် ပုတီးလက်စွဲသောခေတ်က လူများသည် ယခု ပုတီးဖယ်ချ တရားအားထုတ်သူများထက် အစစ သာတာကို မည်သူငြင်းဆိုနိုင်အံ့နည်း။

တစ်ဖန် မျက်မှောက်ခေတ် ပုတီးဖယ်ချ၍ တရားခေတ်စားချိန်ကို ကြည့်ပါဦး။ မိမိ တစ်ချိန်က မြို့ကြီးတစ်မြို့တွင် တရား ဟော၊ တရားပြနေစဉ် စိတ်ရောဂါအထူးကုဆေးရုံကြီးမှ ဒေါက်တာအုန်းမောင်ရေးသော "စိတ်သောက ပြဿနာများ" စာအုပ် ကို ဒကာမကြီးတစ်ယောက် ကပ်လှူသည်နှင့် ဖတ်ရ၏။ ယင်းတွင် "တရားထိုင်လွန်သော" ဆိုတဲ့ ခေါင်းစဉ်ကို ဖတ်ကြည့်မိ သည်။

"စိတ်ရောဂါဆေးရုံကြီးသို့ လာရောက်ကုသသော လူနာအားလုံးကို "မည်သည့်အကြောင်းကြောင့် စိတ်ရောဂါ စ၍ဖြစ်သနည်း" ဟု ကျွန်တော်တို့ မေးမြန်းရပါသည်။ လူနာခပ်များများသည် တရားထိုင်ရာမှ စ၍ ဖြစ်သည်ဟု ဆိုကြသည်"

"တရားထိုင်ရင်း အကြားအမြင်များ ရလာသည်ထင်ပြီး စိတ်ပါ နောက်၍သွားကြလေသည်။ ဘဝင်မြင့် သော စိတ္တဇဖြစ်ကြလေသည်။ ထို့ကြောင့် တရားထိုင်လွန်ခြင်းသည် စိတ်ရောဂါကို ဖြစ်စေသည်ဟူ၍ ယေဘုယျ မှတ်ချက်ချမိသည်"

"အို ... တရားပြသူ၊ တရားအားထုတ်သူအပေါင်းတို့ ယင်းအချက်ကို ကွက်ကွက်ကွင်းကွင်း ရှုကြည့်ဆင်ခြင်ပါလော့၊ တရားထိုင်လွန်သော်လို့ ဆိုထားသည်။ ယခုခေတ် တရားပြသူ၊ တရားအားထုတ်သူများသည် "ထိုင်မှ" တရားလို့ ယူဆသူ

များ၍ကြာကြာထိုင်နိုင်မှ ဆရာက ကြိုက်နှစ်သက်၏။ အားထုတ်သူကလည်း ကြာကြာထိုင်နိုင်တာကို ဂုဏ်ယူပြောဆို၏။ ယင်းသည်ပင် ဘုရားရှင်ဝါဒ မဇ္ဈိမပဋိပဒါ မကျတော့၍ ရှုးနိုင်သည် တစ်ချက်ဖြစ်၏။

ဘုရားရှင်က လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးဣရိယာ မျှတစွာအားထုတ်ဖို့ ညွှန်ကြားထားပါလျက် "ထိုင်"တာကို ဦးစားပေး ထိုင်ခိုင်းပြီး ဘုရား၊ ရဟန္တာများမှာပင် မကုန်တဲ့ အထိုင်ကြာ၍ ကိုယ်နာကျင်ကိုက်ခဲ ညောင်းညာမှု "ကာယိကဒုက္ခ" တွေကို ကုန်အောင် ဆုံးအောင် ချုပ်အောင် "ထိုင်"မှ မဖျက်စေဘဲ အားထုတ်ခိုင်းခြင်းသည် ရှုးသည်တစ်ချက်၊ ရှုးဆေးကြီးတစ်ခွက် ဖြစ်၏။

အားထုတ်ခိုင်းရာတွင် ရုပ်နာမ်ပရမတ်ကို မပြောပြဘဲ သာမန်ပညတ်အာရုံမျှ အားထုတ်ခိုင်းနေကြပြီး ပညတ်အာရုံအမျိုးမျိုးမြင်မှုကို ဦးစားပေး၍ စစ်ဆေးဆုံးဖြတ်ခြင်းသည် ရှုးနိုင်သည်တစ်ချက်၊ ရှုးဆေးကြီးတစ်ခွက် ဖြစ်၏။

မိမိသည် ယင်းစာအုပ်ကို တစ်ဖန် ဆက်ဖတ်ပြန်သည်။

"တရားမထိုင်ရဟု၍ ကျွန်တော်မဆိုပါ။ ဝိပဿနာလိုက်စား၍ တရားထိုင်ခြင်းသည်သာ နိဗ္ဗာန်ရောက်ကြောင်းတရားဟု ကျွန်တော် ယုံကြည်ပါသည်။ တရားလည်း ထိုင်သည့်အခါ ထိုင်ပါ၊ သို့သော် တစ်ဘက်စွန်းသို့ရောက်အောင် အလွန်အကျွံတရားကျင့်ခြင်းသည် ခံနိုင်ရည်မရှိသူတို့အဖို့ တကယ်ပင် စိတ်နောက်သွားနိုင်ပါသည်။ စိတ်နောက်သွားသော လူနာများကိုခပ်များများပင် တွေ့ရပါသည်။ မိန်းမ၊ ယောက်ျား၊ ဘုန်းကြီးအားလုံးတွေ့ရ၏"

"အင်း...စာရေးသူ၏မှတ်ချက်သည် မှန်၏။ ဘုရားရှင်က အစွန်းနှစ်ပါးဖယ်ရှား၍ မဇ္ဈိမပဋိပဒါအလယ်လမ်းသွားရန် ညွှန်ကြား၏။ တရားပြသူအချို့နှင့် တရားအားထုတ်သူအချို့သည် ယင်းကို နားမလည် သဘောမပေါက်။ ထိုင်လျှင် ပြီးတာပဲယူဆသည်။ ယင်းအတိုင်း လုပ်သည်။ တစ်ဘက်စွန်းရောက်၍ စိတ်နောက်ရသည်။

ဘုရားရှင်သည် ကာယာနုပဿနာ - ရုပ်ကမ္မဋ္ဌာန်းအားထုတ်ပုံ အမျိုးမျိုး၊ ဝေဒနာနုပဿနာ - ဝေဒနာကမ္မဋ္ဌာန်းအားထုတ်ပုံအမျိုးမျိုး၊ စိတ္တာနုပဿနာ - စိတ်ကမ္မဋ္ဌာန်းအားထုတ်ပုံ အမျိုးမျိုးနှင့် ဓမ္မာနုပဿနာ - ရုပ်နာမ်မိဿကကမ္မဋ္ဌာန်းအားထုတ်ပုံအမျိုးမျိုးတို့ကို သတ္တဝါစရိုက် အကြိုက်လိုက်၍ အမျိုးမျိုးဟောခဲ့၏။

သို့ပါလျက် ယခုခေတ် တရားပြသူ အများအပြားသည် ဘုရားရှင်၏ ယင်းနည်းအမျိုးမျိုးထဲမှ ဘုရားရှင်၏ ညွှန်ကြားချက်နှင့်လည်း တကယ်မကိုက်ညီသော "အထိုင်ကြာ၍ ကိုယ်နာကျင်ကိုက်ခဲ ညောင်းညာတောင့်တင်းမှု ကာယိကဒုက္ခ"ကို ဘုရားရှင်၏ညွှန်ကြားချက် ဝေဒနာကမ္မဋ္ဌာန်းလို လုပ်ပြီး "နာကျင်ကိုက်ခဲ ညောင်းညာတောင့်တင်းမှု ကာယိကဒုက္ခ"မကုန်မဆုံး မချုပ်ငြိမ်းဘဲ အထိုင်မဖျက်ရဟု အမိန့်ပေး၍ အားထုတ်ခိုင်းနေကြခြင်းသည် ရှုးနိုင်သည်တစ်ချက်၊ ရှုးဆေးကြီးတစ်ခွက် ဖြစ်တော့၏။

တစ်ဖန် "အထိုင်ကြာ၍ ကိုယ်နာကျင်ကိုက်ခဲ ညောင်းညာတောင့်တင်းမှု ကာယိကဒုက္ခ"ကို အောင့်အည်းခံနိုင်သူအချို့မှာ ကျင့်သား‌ရ၍ ၎င်းတို့ မဖြစ်တော့သောအခါ "ဝေဒနာ ကုန်ဆုံးပြီ ချုပ်ငြိမ်းပြီ"ဟု တရားရကြောင်း သတ်မှတ်ချက်ဒီဂရီပေးလိုက်ခြင်းသည် ရှုးနိုင်သည်တစ်ချက်၊ ရှုးဆေးကြီးတစ်ခွက်ပင် ဖြစ်၏။

တရားအားထုတ်သည် တရား ရ.မရ ကိုယ်တိုင်သိရမည်ဖြစ်၏။ ဆရာကပြောမှ သိရမှုသည် မမှန်ကန်နိုင်။ မိမိ၏အမူအကျင့်၊ ကိလေသာ အနည်းအများ၊ စိတ်နေစိတ်ထားဟာ တရားအားမထုတ်ခင်ကနှင့် ယခုအားထုတ်ပြီးမှ ဘယ်လိုထူးခြားလဲဆိုတာ ချိန်ထိုးကြည့်လျှင် သိနိုင်သည်။ "အရှင်ဘုရား တရားမှ မစမ်းဘဲဘုရား"တွင် ဖတ်ကြည့်ပါ။

မိမိသည်ကိုယ်တိုင်တရားအားထုတ်ဆဲဖြစ်၍ သူတစ်ပါးတို့အားလည်းတရားပြလာသည်မှာ ဆယ်နှစ်ရှိခဲ့ပြီ၊ ဓာတ်ကြီးလေးပါးကို အားထုတ်၍ ၎င်းကိုပဲ ပြသည်။ ယောဂီများကို ကြာကြာမထိုင်နိုင်။ ထိုင်နိုင်သလောက် ထိုင်ခိုင်းသည်၊ ထိုင်ဆဲမှာ ပြောင်းနိုင်ခွင့် ပေးသည်။ ဣရိယာပုတ်လေးပါး တစ်ပါးညောင်းတစ်ပါးပြောင်း အားထုတ်ခိုင်းသည်၊ အထိုင်ကြာ၍ ကိုယ်နာကျင်ကိုက်ခဲ တောင့်တင်းညောင်းညာမှု ကာယိကဒုက္ခကို မရှုခိုင်း။ ယင်းသို့ဖြင့် မိမိရော ယောဂီများပါ နာကျင်ကိုက်ခဲ တောင့်တင်း ညောင်းညာမှု ကာယိကဒုက္ခနှင့် မတွေ့ရဘဲနှင့် တရားတိုးတက်၏၊ ဘုရားရှင်၏ သတိပဋ္ဌာန်နိဒါန်းနှင့် ညီညွတ်လှ၏၊ ဘုရားရှင်က မဟာသတိပဋ္ဌာနသုတ်နိဒါန်းတွင် -

"ရဟန်းတို့၊ နှစ်ကြောင်းနှစ်မွှာ မကွဲလာ၍ ဧကာယနအမည်ရှိသော ဤလောကုတ္တရာမဂ်၏ ရှေ့အဖို့၌ဖြစ်သော မဂ္ဂင်ခေါ်ကြား ဝိပဿနာတရားသည် သတ္တဝါတို့၏ -

၁။ ရာဂ အစရှိသော အညစ်အကြေး ဝိသမလောဘ၊ အဘိဇ္ဈာ အစရှိကုန်သော အညစ်အကြေးတို့မှ စင်ကြယ်မည်၊

၂။ စိုးရိမ်ပူဆွေး၊ ငိုကြွေးမြည်တမ်းခြင်းတို့ကို လွန်မြောက်မည်၊

၃။ ကိုယ်ဆင်းရဲမှု ကာယိကဒုက္ခနှင့် စိတ်ဆင်းရဲမှု စေတသိကဒုက္ခတို့ ချုပ်ငြိမ်းမည်၊

၄။ မြတ်သော၊ ဖြူစင်သော ကိလေသာ အညစ်အကြေးမှ ကင်းသော အရိယာမဂ်ကို ရမည်၊

၅။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်၊

(မဟာသတိပဋ္ဌာနသုတ်၊ သုတ်မဟာဝါ)

ဟု အကျိုးတရားများကို ပြ၍ အာမခံနှင့် ဟောထားခဲ့ပါ၏၊ မှန်ကန်စွာ အားထုတ်ကြ၍ ရှေးကပုဂ္ဂိုလ်များ ၎င်းအကျိုးများ ရသွားကြ၏၊ ယခုလည်း အချို့ရဆဲ၊ နောင်လည်း အချို့ရလိမ့်ဦးမည်၊ ယခုမှ စိတ်နောက်သွားနိုင်သည်ဟု ဆိုလာသည်၊ ဘုရားရှင်၏ ညွှန်ကြားချက်နှင့် နည်းမကျ၍ ဟု၍မှတ်ပါ။

သို့ပါ၍ တရားအားထုတ်လိုသူသည် "ယထာဘူတံ ဉာဏာယ သတ္တာပရိယေသိတဗ္ဗာ" ဟူသော ဘုရားရှင်၏ညွှန်ကြားချက်ကို ဦးထိပ်ရွက်လျက် ဆရာကောင်းကို ရှာ၍ နည်းခံအားထုတ်သဖြင့် အကျိုးထူးခံစားရပါစေသော်။

✦ ဗုဒ္ဓတရား နည်းမှန်များ ညွှန်ကြားသူနှင့် တွေ့စေသော်။

# တပည့်တော် သုံးနာရီ နာချင်တယ်ဘုရား

## (၃)

မိမိတို့ တရားဟောပုဂ္ဂိုလ်များသည် လူအမျိုးမျိုးနှင့် တွေ့ရ၏။ တရားနာချင်သူနဲ့လည်း တွေ့ရ၏။ မနာချင်သူနဲ့လည်း တွေ့ရ၏။ တရားရှည်ရှည်နာချင်သူနဲ့လည်း တွေ့ရ၏။ တိုတိုနာချင်သူနဲ့လည်း တွေ့ရ၏။ အသံကောင်းကောင်းနှင့်ဟောမှ နာချင်သူနဲ့လည်း တွေ့ရ၏။ ရိုးရိုး အရှိအသံအတိုင်းဟောမှ နာချင်သူနဲ့လည်းတွေ့ရ၏။ အရွှန်း၊ အသော၊ အလွမ်း၊ အဆွေးတွေနဲ့ ဟောမှ နာချင်သူနဲ့လည်း တွေ့ရ၏။ ထိုမျှ အလိုဆန္ဒအမျိုးမျိုး ရှိသူတွေကို ဟောသူတစ်ယောက်တည်းက အဘယ်မှာ အလိုပြည့်အောင် ဖြည့်စွမ်းနိုင်အံ့နည်း။ တစ်ဖန် အလိုဖြည့်ရာတွင်လည်း ကောင်းသောအလိုကိုသာ ဖြည့်နိုင်တော့မည်ပေါ့။ မကောင်းသောအလိုကို အဘယ်မှာ ဖြည့်နိုင်ပါအံ့နည်း။ အဘယ်မှာ ဖြည့်သင့်ပါအံ့နည်း။

ယင်းသို့ ဆန္ဒအမျိုးမျိုး ရှိသူများအထဲမှ တစ်ခါက မိမိသည် တစ်မျိုးနှင့်ကြုံဖူး၏။ မိမိအား တောရွာတစ်ရွာမှ ကထိန်ပွဲကြီးတစ်ပွဲတွင် တရားဟောရန် ပင့်၏။ မိမိသည် အဟောခက်၍ အလှူပွဲကို မဟောလို။ အလှူပွဲလာသူများမှာ တရားနာချင်သူ သိပ်မပါ။ အလှူရှင် မျက်နှာပြရေး၊ ကူညီလုပ်ကိုင်ရေး၊ သိမ်းဆည်းရေးသမားများသာ ဖြစ်၏။ စားသောက်ပြီးသော် ပြန်သူ များ၏။ ကူညီလုပ်ကိုင်ရေးနှင့် သိမ်းဆည်းရေးသမားများသာ ကျန်တော့၏။ ထိုသူများလည်း တရားစိတ်မဝင်စား။ သိမ်းဆည်းရေး စိတ်ဝင်စားနေ၏။ သို့ဖြစ်၍ မဟောလို။ ခက်တဲ့အထဲမှာ မရှောင်နိုင်တော့ ကြုံရ၏။ အလှူမှာ ညရောက်ကြွရ၏။ သံဃာလည်းများ၏။ ရောက်လျှင်ရောက်ချင်း အလှူဒကာက လျှောက်ထား၏။

"တပည့်တော် တရားနာချင်လို့ အရှင်ဘုရားကို သက်သက် မရအရပင့်တာဘုရား၊ အဲဒါ အရှင်ဘုရား သုံးနာရီ ဟောနိုင်ပါ့မလား၊ တပည့်တော် သုံးနာရီ နာချင်တယ်ဘုရား"

"ဒကာကြီး အလှူကလည်း အလှူကြီး၊ သံဃာတွေကလည်း အများကြီး၊ ပရိသတ်ကလည်း များမှာ၊ ကျွေးမွေးဧည့်ခံတာနဲ့ပြန်ဖို့နဲ့ တရားသုံးနာရီဟောလို့ အချိန်မီပါ့မလား၊ ပြန်ကြွရမှာက အဝေးကြီးတွေ၊ မြို့မှာလို ကားတို့၊ မြင်းလှည်းတို့၊ ဆိုက်ကားတို့လည်း ရှိတာမဟုတ်ဘူး၊ ခြေလျင်ပြန်ကြွရမှာ"

"တပည့်တော် (၁၂) နာရီအပြီး ဧည့်ခံကျွေးမွေးမယ်ဘုရား၊ (၁၂) နာရီ စ.တရားနာနိုင်လျှင် သုံးနာရီမှာ ပြီးမယ်၊ ပြန်ချိန် ရနိုင်ပါတယ်ဘုရား"

မိမိမှာ အလှူတရား အချိန်ရှည်ရှည် မဟောလို၊ မနာချင်သူက လူများစု၊ နာချင်သူက လူနည်းစု ဘယ့်နယ်လုပ်ပြီး အချိန်ရှည်ရှည်ဟောလို့ဖြစ်ပါအံ့နည်း။ အချိန်တိုတာတောင်မှ မနာချင်သူများအဖို့ အချိန်ရှည်ရှည်ဖြစ်နေသည်။ မှန်၏။ ဘုရားရှင်လည်း ဟောထား၏။

"အိပ်မပျော်သူအား ညဉ့်သည် ရှည်သကဲ့သို့ဖြစ်၏။ ခရီးပန်းသူအား တစ်ယူဇနာခရီးသည် ရှည်ဝေးသကဲ့သို့ ဖြစ်၏။ သူတော်ကောင်းတရားကို မသိကုန်သော သူမိုက်တို့အား သံသရာခရီး နေရမည့်အချိန်ကြီးသည် ဧကန်အားဖြင့် ရှည်၏"

(ဗာလဝဂ် - ဓမ္မပဒ)

"ဒကာကြီး ဒီလောက်များပြားမယ့် ပရိသတ်နဲ့ (၁၂) နာရီထိုး အပြီး ဧည့်ခံကျွေးမွေးဖို့ မလွယ်ဘူးထင်တယ်၊ ပြီးတော့ ယခုညလည်း ချက်ကြပြုတ်ကြနှင့် ပင်ပန်းထားတော့ အချိန်ရှည်ရှည်ကြီး နာနိုင်ပါ့မလား၊ ပူကလည်း ပူတယ်"

"တပည့်တော် (၁၂) နာရီအပြီး ဧည့်ခံကျွေးမွေးမယ်ဘုရား၊ တောသားတွေပဲ ဒီလောက်တော့ ဘာပင်ပန်းတယ် ခေါ်မလဲ၊ မပူပါဘူးဘုရား၊ နေပူကြီးထဲ တစ်နေကုန် ကောက်ရိတ်သလောက် မဆိုးပါဘူး၊ နာနိုင်ပါတယ်၊ တစ်ခါတလေ နာရတာပဲ"

ဘုရားရှင်ဟောထားတာ ရှိ၏။

"တေဒဂ္ဂံ ဘိက္ခဝေ ဝေယျာဝစ္စာနံ၊ ယဒိဒံ အတ္ထိကဿ ဩဟိတသောတဿ ပုနပ္ပုနံ ဓမ္မံ ဒေသေတိ" ရဟန်းတို့ ချစ်စဖွယ်ပြောဆိုသူတို့တွင် အလိုရှိ၍ နားစိုက်ထောင်သူအား အဖန်ဖန် အထပ်ထပ် တရားဟောပေးခြင်းသည် အမြတ်ဆုံးဖြစ်၏"

(ဗလသုတ် - နဝက အင်္ဂုတ္တရ)

"ကဲ...ဒါဖြင့် ဒကာကြီး မနက်ဖြန် (၁၂) နာရီပြီးအောင်သာ ဧည့်ခံကျွေးမွေးပေတော့၊ ဦးပဉ္စင်း သုံးနာရီဟောနိုင်တယ်၊ ဟောပေးမယ်"

ဒကာကြီးမှာ အလိုဆန္ဒပြည့်ဝသွားလို့ထင့် အားရဝမ်းသာနှင့် ရှိခိုးဦးချ၍ ထပြန်သွား၏။ အမှောင်လည်း သန်းလာပြီ။ ကျောင်းတွင် မီးဆွဲများ ထွန်းထား၏။ သီတင်းကျွတ်စ ပိုးကောင်များက မီးရှိရာသို့ လာ၏။ နားထဲဝင်၊ နှာခေါင်းထဲဝင်၊ တရှုရှု လျှောက်တက်။ အသံချဲ့စက်က တစ်ချက်မှ မရပ်။ တစ်ညလုံးဖွင့်၏။ အိပ်မရသော သံဃာများက စကားပြော။ ကြမ်းပိုးကလည်း ကိုက်။ အိုက်ကလည်း အိုက်နှင့် တစ်ညလုံး တစ်မှေးမှ မမှေးရ။ မအိပ်ရ။ မျက်နှာသစ် လွတ်၏။ နံနက်လင်းသော် ကထိန်ပွဲမှာ စည်ကားလှ၏။ ဧည့်ခံသူများမှာ ပျာယာခတ်နေ၏။ ဧည့်ခံကျွေးမွေးပြီးသော် ဒကာကြီး ရောက်လာလျှောက်ထား၏။

"အရှင်ဘုရား နာရီဝက်တော့ နောက်ကျသွားတယ်ဘုရား၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ပြန်ချိန်ရပါတယ်၊ ဟောသာ ဟောပါဘုရား၊ တပည့်တော် သုံးနာရီ နာချင်တယ်ဘုရား"

"အင်း...ဒကာကြီးနဲ့ ပရိသတ်ကတော့ ဘယ်လိုနေမလဲ မသိဘူး၊ ဟောမယ့်ဘုန်းကြီးတော့ ညက အသံချဲ့စက်ကဆူ၊ ကြမ်းပိုးတွေက ကိုက်၊ အိုက်က အိုက်နဲ့၊ တစ်မှေးမှ မအိပ်ရဘူး၊ ဟောရင်းနဲ့ ပလ္လင်ပေါ် ငိုက်များနေမလား မသိဘူး"

"အဲဒီအသံချဲ့စက်က တပည့်တော်ထည့်တာ မဟုတ်ဘူးဘုရား၊ ကာလသားတွေ၊ ပြောလည်း မရဘူး၊ သူတို့ထည့်၊ သူတို့ဖွင့်တာပဲ"

အလှူ့ဒကာကြီးမှာ ဝိပဿနာတရားပြဆရာကြီးဖြစ်၏။ တရားအေးအေးဆေးဆေးနာကြားလို၏။ ယခုမူ အသံချဲ့စက် အသံကုန် တစ်ညလုံးဖွင့်မှုကြောင့် "ရိုင်းလှချည့်တောအလှူ" ဟုပဲ နာမည်တပ်ရတော့မလိုဖြစ်နေ၏။ သို့သော် အချို့အလှူမှာ

အလှူရှင်ကိုယ်တိုင် ရိုင်းခြင်းဖြစ်၏။ အချို့အလှူမှာ ယခုကထိန်ကဲ့သို့ ဘေးမဝင်၍ ရိုင်းခြင်းဖြစ်၏။ ရိုင်းသူများကတော့ အသုံးယဉ်လှ၏။ ကူညီခြင်းပါတဲ့။ မလိုသူအားမလိုတာကိုကူညီခြင်းသည် နှောင့်ယှက်ခြင်းပင် ဖြစ်၏။ "မကူညီချင်နေပါ၊ မနှောင့်ယှက်ပါနဲ့" ဆိုသော စကားပုံသည် ဤအလှူပွဲမျိုးအတွက် ဖြစ်၏။ မြို့မှ ညဒိပ်ကြွ ဆရာတော်ကြီးများမှာ နောက် တောအလှူဆို ဘယ်တော့မှ ညအိပ်မကြွတော့ဟု ညည်းတွားဆုံးဖြတ်သံ ကြားရ၏။ မိမိမှာမူ တောအလှူများဟာ ဘယ်တော့များမှ "ယဉ်လှသည့် တောအလှူ"ဖြစ်ပါအံ့နည်းဟု ညည်းတွားမျှော်လင့်မိ၏။

"ကဲ... ဒါဖြင့်လည်း ဟောရတာပေါ့ ဒကာကြီးရယ်၊ ပရိသတ်က အပြစ်တင်ရင်တော့ ဒကာကြီးပဲ လွှဲချရမှာပဲ"

"ကိစ္စမရှိပါဘူးဘုရား၊ ပရိတ်သတ်လည်း ဒီလောက်တော့ နားနိုင်ပါတယ်"

မိမိမှာ တရားဟောလျှင် နာရီရှေ့ချ၍ ဟောလေ့ရှိ၏။ အချိန်ကိုက်ရန် ဖြစ်သည်။ ရှည်ရှည်တိုတို အလိုကျဟောလို့ရ၏။ သို့နှင့် မိမိသည် နာရီရှေ့ချပြီး (၁၂)နာရီ မိနစ် (၃၀)မှစ၍ ဟောသည်။ ပထမ ကထိန်တရား၊ ဒုတိယ ဝိပဿနာတရား ဟောကြားပြီး အဆုံးသတ်သော် (၃)နာရီ မိနစ် (၃၀)ဖြစ်၏။ အလှူ့ဒကာကြီးမှာ ရွှင်လန်းတက်ကြွ ပီတိသောမနဿတွေ ဝေဆာသွားပေ၏။ သို့သော် နောက် တစ်ရက်နှစ်ရက်ကြာသောအခါ မိမိနှင့်ရင်းနှီးသူ ဒကာမကြီးတစ်ယောက် ရောက်လာလျှောက်ထား၏။

"မောင်ပဥ္စင်း တရားဟောတာကလည်း ရှည်လှချည်လားဘုရား"

"ဒကာမကြီးကလည်း အဆက်အစပ်မရှိ၊ ဘယ်မှာတရားဟောတာ ရှည်တာလဲ"

"ဟိုကထိန်မှာပေါ့ဘုရား၊ တပည့်တော်လည်း ဖိတ်လို့သွားတယ်၊ အလှူ့ဒကာနဲ့ အချို့ပရိသတ်ကတော့ သဘောကျပါတယ်၊ တချို့ပရိသတ်ကတော့ နောက်ကနေပြီး "ဘုန်းကြီးကလည်း အလိုက်မသိဘူး၊ သူတတ်တိုင်း လျှောက်ဟောနေတယ်၊ ဒီမှာဖြင့် ပူလှပြီ၊ ပြန်စရာကလည်း ရှိသေး"နဲ့ တွန့်လိမ်ပြီး ညည်းနေကြတယ်"

"ဘယ်တတ်နိုင်မလဲ ဒကာမကြီးရဲ့ အလှူ့ဒကာက သုံးနာရီဟောဖို့ အတင်းလျှောက်လို့ ဟောရတာပဲဟာ၊ ပုဂ္ဂိုလ်ငါးမျိုးအကြောင်း ဘုရားဟောထားတာ အရှိသားပဲ၊ ဒါဟာ သူ့အလိုနဲ့သူပဲ"

"ဘယ်လို ဟောထားသလဲ မောင်ပဥ္စင်း၊ ဟောပြပါဦး"

"ရဟန်းတို့ ယုံကြည်မှုသဒ္ဓါ၊ စောင့်ထိန်းမှုသီလ၊ အကြားအမြင်သုတ၊ စွန့်ကြဲမှုစာဂနှင့် အသိပညာမရှိသူအား ယင်း သဒ္ဓါစသည်နှင့်စပ်သော စကားသည် မကောင်းသောစကားဖြစ်၏"

"ယင်းသဒ္ဓါ စသည်နှင့် စပ်သော စကားကို ပြောဟောအပ်သည်ရှိသော် ယင်းသဒ္ဓါစသည် မရှိသူသည် ယင်းသဒ္ဓါ စသည်နှင့် ပြည့်စုံခြင်းကို မိမိ၌ ကောင်းစွာ မမြင်။ ယင်းသဒ္ဓါစသည်လျှင် အကြောင်းရှိသော နှစ်သက်ဝမ်းမြောက်မှုကို မရ။ စိတ်နှလုံး၌ ငြိ၏။ အမျက်ထွက်၏။ ဖောက်ပြန်၏။ အမျက်ထား၏။ အမျက်ထွက်ခြင်းကိုလည်းကောင်း၊ စိတ်ဆိုးခြင်းကိုလည်းကောင်း၊ မနှစ်သက်ခြင်းကိုလည်းကောင်း ထင်ရှားပြ၏။ ထို့ကြောင့် ယင်းသဒ္ဓါစသည်နှင့် စပ်သောစကားသည် ယင်းသဒ္ဓါ စသည်မရှိသူအား မကောင်းသောစကားဖြစ်၏။

"ရဟန်းတို့ ယုံကြည်မှုသဒ္ဓါ၊ စောင့်ထိန်းမှုသီလ၊ အကြားအမြင်သုတ၊ စွန့်ကြဲမှုစာဂနှင့် အသိပညာရှိသူအား ယင်း သဒ္ဓါ စသည်နှင့် စပ်သောစကားသည် ကောင်းသောစကားဖြစ်၏"

ယင်းသဒ္ဓါစသည်နှင့် စပ်သောစကားကို ပြောဆိုသည်ရှိသော် ယင်းသဒ္ဓါ စသည်ရှိသူသည် ယင်းသဒ္ဓါ စသည်နှင့် ပြည့်စုံခြင်းကို မိမိ၌ ကောင်းစွာမြင်၏။ ယင်းသဒ္ဓါ စသည်လျှင် အကြောင်းရှိသော နှစ်သက်ဝမ်းမြောက်မှုကို ရ၏။ စိတ်နှလုံး၌ မငြိ၊ အမျက်မထွက်။ မဖောက်ပြန်။ အမျက်မထား။ အမျက်ထွက်ခြင်းကိုလည်းကောင်း၊ စိတ်ဆိုးခြင်းကိုလည်းကောင်း၊ မနှစ် သက်ခြင်းကိုလည်းကောင်း၊ ထင်ရှားမပြ။ ယင်းသဒ္ဓါ စသည်နှင့် ပြည့်စုံခြင်းကို မိမိ၌

ကောင်းစွာမြင်၏။ ယင်းသဒ္ဒါ စသည်လျှင် အကြောင်းရင်းရှိသော နှစ်သက်ဝမ်းမြောက်မှုကို ရ၏။ ထို့ကြောင့် ယင်းသဒ္ဒါ စသည်ရှိသူအား ယင်းသဒ္ဒါ စသည်နှင့် စပ်သော စကားသည် ကောင်းသောစကားဖြစ်၏။"

(ဒုက္ကထာသုတ် - ပဥ္စက - အင်္ဂုတ္တရ)

"အင်း... ဟုတ်တော့လည်း ဟုတ်တာပဲလေ။ ပရိသတ်က နှစ်မျိုးဖြစ်နေတော့ ဘယ်နှစ်မျိုးလုံး အလိုကျနိုင်မလဲ"

"ပညာရှိ အလိုကျဖို့ပဲ အရေးကြီးတယ် ဒကာမကြီး၊ တကယ့် တရားစစ်စစ်ဟောလျှင် ကြိုက်သူနည်းတယ်။ များအောင်ဆိုပြီး ဟောလျှင် ပညာရှိကဲ့ရဲ့မယ်"

"အင်း ... ခက်သားပါလား မောင်ပဥ္စင်း၊ တပည့်တော်လည်း သွားစရာကိစ္စလေးတွေ သွားလိုက်ဦးမယ် မောင်ပဥ္စင်းရဲ့"

ဒကာမကြီးသည် ပြောပြောဆိုဆို ရှိခိုးဦးချ၍ ထသွားတော့၏။ မိမိမှာမူ တရားဟောမှုနှင့် ပတ်သက်၍ ဗဟုသုတ တိုးသွားပါ၏။ နောင်အခါ ဆင်ခြင်ရန် ရလိုက်၏။

✦ ဗုဒ္ဓ ဟောကြား မြတ်တရား ကြိုးစားနိုင်ကြစေသော်။

✦ မလို့ ရှည်ဆို လို့တိုဆို ညီကို ဟောဖို့ ခက်ကြီးနော်။

📖

# သိလျှင် ဘယ်က‚ပုံမလဲဘုရား

## (၄)

မိမိသည် တစ်ခါက တောရကျောင်းတစ်ကျောင်းတွင် ဝါဆို၏။ ယင်းသို့ ဝါဆိုခိုက် ဥပုသ်နေ့တွင် ချဉ်းကပ်လာသော ဒကာ၊ ဒကာမတို့အား တရားဟော တရားပြပေး၏။ မိမိသည် ပါဠိတော် အဋ္ဌကထာတွေကို ဟောပြောပြသလေ့ရှိ၏။ တစ်ခါသော် ဒေဝဒူတသုတ်ကို နှစ်ဥပုသ်ခွဲ၍ ဟောရာ နောက်ပိုင်းတွင် တာလပုဋသုတ်ကို သွင်း၍ ဟောလိုက်၏။

"အခါတစ်ပါး ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ နေတော်မူ၏။ ထိုအခါ တာလပုဋ ဇာတ်ဆရာကြီးသည် ဘုရားရှင်ထံ ချဉ်းကပ်ရှိခိုး၍ လျှောက်မေး၏။"

"မြတ်စွာဘုရား ပွဲအလယ်၊ သဘင်အလယ်၌ မှန် - မမှန်အားဖြင့် လူအပေါင်းကို ရွှင်ပျမွေ့လျော်စေသော ကချေသည်သေသော် ပဟာသနတ်ဖြစ်၏ ဟု ပြောဆိုကြကုန်သော ရှေးဆရာ့ဆရာ ကချေသည်တို့၏ စကားကို ကြားဖူးရပါ၏။ ဤအရာ၌ မြတ်စွာဘုရားသည် အဘယ်ဟု ဆိုလိုတော်မူပါသနည်း"

တာလပုဋဇာတ်ဆရာကြီးသည် သာမညမဟုတ်။ အဆင်းလည်း ထန်းသီးမှည့်ကဲ့သို့ လှ၏။ ထို့ကြောင့် တာလပုဋ ဟု ခေါ်ကြ၏။ ပါရမီပြည့်စုံပြီးသား ပစ္ဆိမဘဝိကပုဂ္ဂိုလ်ဖြစ်၏။ ဇမ္ဗူဒိပ်တွင် ကျော်ကြား၏။ လှည်းငါးရာ၊ မာတုဂါမငါးရာ အခြံအရံရှိ၏။ ဇနီးတွင်လည်း နည်းတူရှိ၏။ ဉာဏ်ရင့်ကျက်၍ ဘုရားရှင်ထံ ရောက်လာခြင်းဖြစ်၏။

"ဂါမဏိမသင့်လျော်၊ ဤစကားကို ရပ်လော့၊ ငါ့ကို မမေးလင့်"

တာလပုဋ ဇာတ်ဆရာကြီးသည် နှစ်ကြိမ်မြောက် မေးပြန်၏။ ဘုရားရှင်သည် တား၏။ သုံးကြိမ်မြောက် မေးပြန်၏။ ထိုအခါ ဘုရားရှင်က ဖြေ၏။

"ဂါမဏိ ရှေးအစကပင် သတ္တဝါတို့သည် မကောင်းသော စွဲမက်မှုရာဂ၊ မကောင်းသော ဒေါသ၊ မကောင်းသော တွေဝေမှု မောဟ ရှိကုန်၏။ ရာဂ၊ ဒေါသ၊ မောဟနှောင်ကြိုးတို့ဖြင့် ဖွဲ့အပ်ကုန်၏။ ထိုသူတို့အား ကချေသည်သည် ပွဲအလယ်၊ သဘင် အလယ်၌ ရာဂ၊ ဒေါသ၊ မောဟ ဖြစ်စေတတ်သော တရားတို့ကို အတိုင်းထက်အလွန် ရှေးရှုဆောင်၏။ ထိုကချေသည်သည် မိမိကိုယ်တိုင် ယစ်မူးမေ့လျော့လျက် သူတစ်ပါးတို့ကို ယစ်မူးမေ့လျော့စေရကား သေသော် ပဟာသငရဲသို့ ရောက်၏"

"ပွဲအလယ်၊ သဘင်အလယ်၌ မှန် မမှန်အားဖြင့် လူအပေါင်းကို ရွှင်ပျမွေ့လျော်စေသော ကချေသည်သေသော် ပဟာသနတ်ဖြစ်၏ဟု ထိုသူအား အယူဖြစ်ခဲ့မူ ထိုသူ၏ အယူသည် မှားသောအယူသာ ဖြစ်၏။

ဂါမဏိ မှားသော အယူရှိသော ပုဂ္ဂိုလ်သတ္တဝါအား ငရဲနှင့် တိရစ္ဆာန်ဟူသော လားရာဂတိ နှစ်ပါးတွင် တစ်ပါးပါးသော လားရာဂတိကို ငါဟော၏"

တာလပုဋ္ဌ ဇာတ်ဆရာကြီးသည် ငိုလေ၏။ မျက်ရည်ကျလေ၏။ စိတ်အတော်မချမ်းမသာ ဖြစ်သွား၏။

"ဂါမဏိ မသင့်လျော်၊ ဤစကားကို ရပ်လော့၊ ငါ့ကို မမေးလင့်ဟု သင့်ကို ငါတားသည် မရ၊ သင်မေး၍ ငါဖြေရသည်"

"မြတ်စွာဘုရား၊ ဤသို့ဖြေ၍ ငိုသည်မဟုတ်ပါ၊ စင်စစ်သော် ကချေသည်သည် သေသော် ပဟာသနတ်ဖြစ်၏ ဟု ရှေးဆရာ့ဆရာ ကချေသည်တို့သည် တပည့်တော်ကို အချိန်ကြာမြင့်စွာကပင် ကောက်ကျစ်လှည့်ပတ် ဖြားယောင်းအပ်ပါ၏"

"မြတ်စွာဘုရားတရားတော်သည်အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ တပည့်တော်သည် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏"

"မြတ်စွာဘုရား၊ တပည့်တော်သည် မြတ်စွာဘုရား၏ အထံတော်၌ ရှင်ရဟန်းအဖြစ်ကို ရလိုပါ၏" တာလပုဋ္ဌဇာတ်ဆရာကြီးသည် ဘုရားရှင်ထံတွင် ရှင်ရဟန်းအဖြစ်ကို ရ၏။ တရားကို ကြိုးစားအားထုတ်ရာ မကြာမီ ရဟန္တာဖြစ်သွား၏။ ကုသိုလ်ကံအားလုံး ဆိတ်သုဉ်းသွား၏။

(တာလပုဋ္ဌသုတ် - ဂါမဏိသံယုတ်)

မိမိသည် ယင်းသုတ်ကို ထည့်ဟောပြီး ဆက်လက်၍ ဒေဝဒူတသုတ်ကို ဟောကာ နိဂုံးသတ်၏။ တရားပွဲ ပြီးသော် ဒကာမကြီးတစ်ယောက် ရောက်လာလျှောက်ထား၏။

"(သူ)တော့ ငိုသွားပြီဘုရား"

"ဘာဖြစ်လို့ ငိုသွားရတာလဲ"

"တရားထဲမှာ ကချေသည်မလေးသေရင် ပဟာသရဲကျတယ်လို့ အရှင်ဘုရားက ဟောတော့ (သူ)က ငိုတာပေါ့ ဘုရား၊ (သူ)က မင်းသမီးပဲဟာ"

လာလျှောက်သူမှာ (သူ)၏ အမေပင်ဖြစ်၏။ ဒကာမကြီးလည်း စိတ်ကောင်းဟန်မတူ။ ထိုနေ့တွင် ဉပုသ်သည်များအား (သူ)က ဖျော်ရည်တိုက်၏။ ဒကာမကြီးနှင့် စကားပြောနေစဉ် မိမိအား အရင်ဖျော်ရည်လာကပ်၏။ မျက်နှာတွင် မျက်ရည်စများနှင့် မရွှင်ပျ။

"တရားနာနေရင်း ငိုနေတယ်ဆို"

"ငိုနေတာပေါ့ဘုရား၊ ကချေသည်သေရင် ပဟာသရဲ ကျတယ်ဆိုတော့ ကြောက်တာကိုး"

"ဖျော်ရည်တိုက်ပြီးရင် လာခဲ့ဦး"

ဖျော်ရည်ကို မကြည်မသာနှင့် ကိုယ်တိုင်လိုက်တိုက်နေ၏။ ပရိသတ်ကလည်း သူ့ကို သနားကြသည်။ အားပေးကြသည်။ သူသည် မိဘ၊ အစ်မ၊ အစ်ကိုနှင့်၊ တူ၊ တူမများကို လုပ်ကျွေးမွေးမြူနေသူ ဖြစ်၏။ မကြာမီ ရောက်လာပြီး ရှိခိုးဦးချထိုင်နေ၏။

"က.ခဲ့တာ ဘယ်နှစ်နှစ်ရှိပြီလဲ"

"တပည့်တော် (၁၆) နှစ်သမီးကတည်းက ကခဲ့တာဘုရား၊ အပြစ်ရှိမှန်းလည်း မသိပါဘူး။ သိရင် ဘယ်ကပ့်မလဲ ဘုရား၊ အခု အရှင်ဘုရားဟောမှပဲ အပြစ်ရှိမှန်း သိရပါတယ်။ တပည့်တော်ကို သင်ပေးတာကလည်း ဘုန်းကြီးဘုရား၊ အင်း ... ဒါကြောင့် ဆရာကောင်းလိုတယ်လို့ ပြောကြတာကိုး၊ စောစောက နားမလည်ဘူး"

"ဘယ်နားလည်မလဲ၊ ကျောင်းနား ကန်နားမှ မကပ်တာ"

"ကပ်သင့်သလောက်တော့ ကပ်ပါတယ်ဘုရား"

"ကဲ ကဲ ... လွန်ခဲ့တာက လွန်ပြီးပြီ၊ ငိုနေလို့ မပြီးဘူး၊ သိရင် ရှေ့ကို ရှောင်ဖို့ပဲပေါ့"

"ဒီနှစ်အတွက်က လွန်ခဲ့တဲ့ တစ်ရက် နှစ်ရက်ကမှ စာချုပ်ထားပြီးပြီဘုရား၊ အဲဒါခက်တာပဲ"

"စာချုပ်ထားရင် ပြင်နိုင်ရင်ပြင်ပေါ့၊ မပြင်နိုင်ရင်လည်း အသိရှေ့ထားပေါ့၊ ရှေးကလို သတိလက်လွတ် မကနဲ့ပေါ့"

"တပည့်တော် တတ်နိုင်ရင် စာချုပ်ဖျက်မယ်ဘုရား"

"အင်း ... ကြိုးစားရင် ဖြစ်နိုင်ပါတယ်။ တာလပုဋ္ဌ ဇာတ်ဆရာကြီး ကြည့်ပါလား၊ သိတော့ ရှင်ရဟန်းပြုပြီး တရားအားထုတ်တာ ရဟန္တာဖြစ်သွားတယ်"

"တပည့်တော် သီလရှင်ဝတ်ပြီးတော့တောင် တရားအားထုတ်ချင်ပါတယ်ဘုရား၊ မှီခိုနေသူတွေကို ငဲ့ကွက်လို့သာ"

"မဖြစ်နိုင်တာ တွေးပူမနေနဲ့၊ နိုင်တဲ့နည်းနဲ့ နိုင်သလို ကြိုးစား၊ ကိုယ်က သူများထက် အကုသိုလ်များတာ၊ သူများတွေလို ပေါ့ပေါ့နေလို့ မဖြစ်ဘူး၊ တရားအားထုတ်ပုံတွေ အမျိုးမျိုး ဟောပေးထားပြီးပြီပဲ၊ အချိန်အလကား မဖြုန်းတီးဘဲ တရားအားထုတ်ပေါ့"

"တင်ပါ့ဘုရား၊ တပည့်တော် ကြိုးစားမယ်ဘုရား"

မိမိသည် ထိုတောရမှ ဝါကျွတ်သော် တောရတစ်ကျောင်းသို့ ပြောင်းခဲ့၏။ မကြာမီ မိမိထံ စာတစ်စောင် ရောက်၏။

အရှင်ဘုရား တပည့်တော် အရှင်ဘုရားဟောပြ၍ သိရသော ပဟာသငရဲကျသော ကချေသည်အလုပ်ကို ဖြုတ်၍ ယခု ရောင်းဝယ်ဖောက်ကား စားသောက်နေပါပြီဘုရား။

ကျေးဇူးကြီးလှသော အရှင်ဘုရား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေသော် -

အရှင်ဘုရား၏ တရားတပည့် သံသရာခရီးသည် -

✧ မိမိုက် ဖမိုက် ဆရာမိုက် မိတ်ဆွေမိုက်နှင့် လွဲစေသော်။

✧ မိကောင်း ဖကောင်း ဆရာကောင်း မိတ်ဆွေကောင်းနှင့် တွေ့စေသော်။

# တပည့်တော်က အဘိဓမ္မာမှ နာချင်တယ်ဘုရား

## (၅)

မိမိတို့ တရားဟောပုဂ္ဂိုလ်တို့သည် ပရိသတ်အမျိုးမျိုးနှင့် တွေ့ရ၏။ တစ်ခါတစ်ရံမူ တော်တော်ဆိုးသူတွေနှင့်ပင် တွေ့ရ၏။ မေတ္တာ၊ ကရုဏာ၊ ခန္တီတရားများ ရှေ့ထားကာ ဖြေရှင်းဟောကြားရ၏။ တစ်ချိန်က မိမိတွေ့ရ၏။ မိမိသည် တရားနာပရိသတ်တို့အား အစဟောစ.ဖြစ်၍ တရားနာခြင်း အကျိုးများကို ပြ၍ တရားနာဖို့ တိုက်တွန်းတရား ဟောပြပေးနေ၏။ တရားပွဲပြီးသော် ဒကာကြီးတစ်ယောက် ထ.လာပြီး ရှိခိုးလျှောက်ထား၏။

"တပည့်တော်က အဘိဓမ္မာမှ နာချင်တယ်ဘုရား၊ သုတ္တန်ကို မနာချင်ဘူး"

"နို့ - နေပါဦး ဒကာကြီး၊ အဘိဓမ္မာတရားမှ နာချင်တယ်၊ သုတ္တန်တရားကို မနာချင်ဘူးဆိုတော့ ဘယ်တရားဟာ အဘိဓမ္မာ၊ ဘယ်တရားဟာ သုတ္တန်လို့ ခွဲခြားပြီး ဒကာကြီးသိသလား"

"ဒီလိုတော့လည်း တပည့်တော် ခွဲခြားမသိဘူးဘုရား"

"နို့ - အဲဒီလို ခွဲခြားမသိလျှင် ဘယ်လိုလုပ်ပြီး ရွေး.နာနိုင်မလဲ"

"ဒါတော့ တပည့်တော် ရွေး.မနာနိုင်ဘူးဘုရား"

"ဒါဖြင့် ဦးပဥ္စင်းအထင်ပြောမယ်၊ ဒကာကြီးက ဝတ္ထုအကြောင်းဟောလျှင် သုတ္တန်၊ ဝတ္ထုမပါ စကားပြေသက်သက် လျှောက်ပြောလျှင် အဘိဓမ္မာ ဒီလိုထင်တာလား"

"တင်ပ့ါဘုရား၊ အဲဒီလို ထင်ပါတယ်"

"ခက်ပြီ ဒကာကြီး၊ "မရှိတာထက် မသိတာခက်" ဆိုတာဟာ အဲဒါမျိုးပဲ ဒကာကြီး၊ ဝတ္ထုကြောင်းဆိုတာက ဟိုပထမ ဘုရားရှင် စ.ဟောတုန်းက ကျွတ်တမ်းဝင်တဲ့ ပုဂ္ဂိုလ်တွေရဲ့အကြောင်းကို ဦးပဥ္စင်းတို့က သာဓကအနေနဲ့ ပြန်ပြောလို့ ဝတ္ထုကြောင်း ဖြစ်သွားတာ၊ ပထမ ဘုရားရှင်ဟောစဉ်က ဘယ်ဝတ္ထုအကြောင်း ဟုတ်မလဲ၊ ရံခါ ဂါထာနှင့် ရံခါ စကားပြေနှင့် ဟောလိုက်တာပဲ၊ စင်စစ် လူ့ပြည်မှာ ကျွတ်တမ်းဝင်သမျှ သုတ္တန်တရားနှင့်ချည်း ကျွတ်တမ်းဝင်တာပဲ၊ အဘိဓမ္မာတရားကို ဘုရားရှင် လူ့ပြည်မှာဟောတာ မဟုတ်ဘူး။ တာဝတိံသာနတ်ပြည်မှာ ဟောတာ၊ ဦးပဥ္စင်း အကျဉ်းချုပ်ရှင်းပြမယ်နားထောင်။

"အဘိဓမ္မာ ဒေသနာတော်ဆိုတာ ယထာဓမ္မသာသနာဖြစ်၍ တရားနာဝေနေယျ မျက်နှာကို ဆံလွှာမျှ မလိုက်စားဘဲ တရားဓမ္မ သဘာဝလမ်း နက်ကျယ်ဝှမ်း၍ ဉာဏ်စွမ်းအထွတ် စက်ကုန်လွှတ်၍ ဖြစ်သောကြောင့် အရှာသယ ပြဋ္ဌာန်းခြင်းရှိ၏။ အနာဝရဏဉာဏ်၊ သဗ္ဗညုတဉာဏ်တို့၏ အခွင့်ဖြစ်၏။ အာသယာနုသယဉာဏ်၊ ဣန္ဒြိယ ပရောပရိယတ္တဉာဏ်တို့၏ အခွင့်မဟုတ်။

"အဘိဓမ္မာဒေသနာတော်သည် ကမ္မဋ္ဌာန်းကိစ္စကို ပဓာနမပြုမူ၍ တရားဓမ္မရှိသမျှကို အကုန်အစင် ဝေဖန်၍ ဟောသော ဒေသနာတော်ဖြစ်၏။

"သုတ္တန်ဒေသနာတော်ဆိုတာက ယထာနုလောမ သာသနာဖြစ်တယ်၊ တရားနာ ဝေနေယျတို့၏ ပါရမီ ဖြည့်ရာကာလ၊ ဘဝ၊ ကမ္ဘာသံသရာအဆက်ဆက်တို့၌ လေ့ကျက်လိုက်စား ပွားများတည်ထောင်၍ လာခဲ့သော ဝါသနာစရိုက် အသိုက်အအုံအလုံးစုံတို့ကို အကုန်ရှုမြင်တော်မူပြီးမှ ဝေနေယျအင်အားနှင့် တရားကို တိုင်းတာ၍ ဒေသနာအတိုကောက်ကို ရွေးကောက်၍ ဟောတော်မူရာဖြစ်သောကြောင့် ဝေနေယျဇ္ဈာသယ ပြဋ္ဌာန်းခြင်းရှိ၏။ အာသယာ နုသယဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တဉာဏ် တို့၏ အခွင့်ဖြစ်၏။ အနာဝရဏဉာဏ်၊ သဗ္ဗညုတဉာဏ်တို့၏ အခွင့်မဟုတ်။

"သုတ္တန် ဒေသနာတော်သည် မဂ်ဖိုလ်ကို မရကုန်သေးသော ပုထုဇဉ်တို့အား ယခုဘဝ မဂ်ဖိုလ်ကို ရဖို့ ကမ္မဋ္ဌာန်းပြုလုပ်ခြင်းဌာ အကျဉ်းအားဖြင့် ဟောသော ဒေသနာတော်ဖြစ်၏"

"တပည့်တော် သဘောပေါက်ပါပြီဘုရား"

"အင်း ... သဘောပေါက်ရင်တော့ တော်ပါသေးရဲ့ နို့မဟုတ်လျှင် ဒကာကြီး အပါယ်ကျမယ်"

"ဘာဖြစ်လို့လဲဘုရား"

"ဘုရားရှင်၏ တရားစကားတွေကို သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာလို့ သုံးစုခွဲထားတယ်၊ အဲဒီသုံးစုကိုပဲ ပေါင်း၍ တစ်ခါ ပရိယတ္တိသာသနာလို့ တစ်ခါခေါ်နိုင်သေးတယ်၊ ဒကာကြီးက သုတ္တန်တရား မနာချင်ဘူးဆိုတော့ ဘုရားစကား သုတ္တန်ပိဋကတ် ပယ်ရာရောက်မသွားဘူးလား၊ ပရိယတ္တိ သာသနာတော်ကိုလည်း ပုတ်ခတ်ရာ ရောက်မသွားဘူးလား"

"အခုအတိုင်းဆိုတော့ ရောက်နေတာပေါ့ဘုရား"

"ရောက်နေလျှင် ယခုဘဝ တရားအားထုတ်လည်း မရတော့ဘူး။ သေလျှင်လည်း အပါယ်ကျလိမ့်မယ်"

"တပည့်တော် လွန်မိတာ ခွင့်လွှတ်သည်းခံပါဘုရား"

"သည်းခံခွင့်လွှတ်ပါတယ် ဒကာကြီး၊ နောင်သာ ဒကာကြီး ဘယ်တရား များများနာရမလဲလို့သာ ဆုံးဖြတ်ချက်ချပြီး ရွေးချယ်နိုင်ပါစေ"

"တပည့်တော် ဦးတင်ပါသည်ဘုရား"

✦ သုတ္တန်ဆိုလျှင် မနာချင် နောင်တွင် ပြောကြားရှောင်စေသော်။

✦ သုတ္တန်တရား မြတ်ဘုရား ဟောကြားကိုယ့်တွက် ဖြစ်စေသော်။

# မြိုင်ထသွားတယ်ဘုရား

## (၆)

ယခုခေတ်သည် တရားပွဲခေတ်စားသော ခေတ်ဖြစ်၏။ ဆောင်းကုန် နွေကူးလများတွင် မြို့ရွာအများအပြားတို့၌ တရားပွဲများကျင်းပကာ တရားဟောလေ့၊ တရားနာလေ့များပြားလာသဖြင့် သာသနာရေးဘက်က ကြည့်လျှင် အားရစရာ တစ်ရပ်ပင် ဖြစ်သည်။

ပို၍ အားရစရာဖြစ်ရန် နာသူများသည် ဘုရားဟောတရားအမှန်ကို သဒ္ဓါတရားမှန်စွာ နာတတ်ဖို့နှင့် ဟောသူများ ကလည်း ဘုရားဟော တရားအမှန်တွေကို "တရားဟော ဓမ္မကထိက" ဆိုတဲ့ အမည်နှင့် လိုက်လျောအောင် သဒ္ဓါတရားမှန်စွာ နှင့် ဟောတတ်ဖို့ အထူးလိုလားသည်ဟု မိမိထင်မြင်သည်။

သို့မဟုတ်က "ဟောသူကမှ တရားနှင့်အညီမဟောဘဲ နာသူသည် ဘယ်လိုလုပ်ပြီး တရားနှင့်အညီ နာကြား၍ တရားနှင့်အညီ ကျင့်နိုင်ပါအံ့နည်း" ဆိုတဲ့ ပညာရှိများဘက်က ဆင်ခြေပြဿနာပေးမှု ပေါ်လာနိုင်သည်။

အထူးသဖြင့် ဟောပြောသူများသည် -

"လူမိုက်တစ်သောင်း၊ ချီးမွမ်းရှောင်းလည်း၊ လူကောင်းတစ်ယောက်၊ ပြစ်တင်ကြောက်လော့"

နှင့်

"လူမိုက်ချီးမွမ်း၊ ဂုဏ်နာနွမ်း၏"

ဆိုတဲ့ မဃဒေဝလင်္ကာ ဆုံးမစာနှင့်အညီ လိုက်နာဟောပြောရန် လိုအပ်သည်ဟု ထင်၏။ သို့မဟုတ်က လူမိုက် ချီးမွမ်းတော့ ခံချင်ခံရပေမည်။ ပညာရှိသူတော်ကောင်း ကဲ့ရဲခံရမှုကား လွတ်မည်မဟုတ်ပေ။

ဟောပြောသူများသည်အလျှုမင်္ဂလာစသည်ကြုံတိုင်းမေတ္တသုတ်ပရိတ်တော်ကိုလက်မလွတ်တမ်းရွတ်ဖတ်ကြ၏။ သို့သော် ထိုအထဲတွင် ပါရှိသော -

"နစ ခုဒ္ဒ မာစရေ ကိဉ္စိ၊ယေန ဝိညူပရေ ဥပဝဒေယျုံ" ပညာရှိသူတော်ကောင်းဖြစ်ကုန်သော တစ်ပါးသူတို့ ကဲ့ရဲ့ရှုတ်ချ ပြောဆိုကြမည့် ယုတ်ညံ့ဖျင်းသိမ်သော အကုသိုလ်စု ကိုယ် နှုတ် စိတ် မစောင့်စည်းမှုကို စိုးစဉ်းအနည်း ငယ်မျှပင် ဖြစ်သော်လည်း မပြုလုပ် မပြောမဆို မကြံစည်ရာ"

ဟူသော အဆုံးအမစာပိုဒ်ကိုမူ မေ့ဟန်တူ၏။ သို့ဖြစ်၍ အဟောတစ်မျိုး၊ အလုပ်တစ်မျိုးဖြစ်၍ ကွဲရဲခံကြံ့ရဟန် တူ၏။

မှန်၏။ ကိုယ်တွေ့ကြုံဖူး၏။ မိမိသည် တစ်ခုသော နွေရာသီကာလက တစ်ခုသော မြို့မှာဘုရားပွဲကြီးတစ်ပွဲတွင် တရားဟောရ၏။ မိမိမှာ တရားပွဲ (၁၅) ရက် ဓမ္မကထိက (၅) ပါးတွင် နောက်ဆုံးရက် နောက်ဆုံးဓမ္မကထိက ဖြစ်၏။ နောက်ဆုံးဓမ္မကထိကသည် ရှေးရက်က ဟောသော ဓမ္မကထိကများ၏ တရားပွဲအခြေအနေကို မေးရ၏။ သို့မှ မိမိဟောမည့် တရားနှင့် ရှေးဓမ္မကထိကများ တရားစပ်မည်၊ တရားချင်း မထပ်မည်၊ ပရိသတ် အကဲခတ်နိုင်မည်၊ သို့နှင့် မိမိသည် ချဉ်းကပ်လာသူ ဒကာကြီးတစ်ယောက်အား မေးစမ်းကြည့်၏။

"ဘယ်လိုလဲ ဒကာကြီး၊ ရှေ့ပိုင်းဓမ္မကထိကဆရာတော်များ ဘာတရားတွေ ဘယ်လို ဟောပြောသွားသလဲ"

"မေးမနေပါနဲ့ဘုရား၊ တစ်ချို့ဓမ္မကထိကတွေ မြိုင်ထသွားတယ်ဘုရား"

ဒကာကြီးသည် ယင်းသို့ပြောပြီး ဘယ်ဓမ္မကထိက ဘယ်တရားကို ဘယ်လိုဟောသည် စသည်ဖြင့် ကြိုက်လျှင် ကြိုက်သလို မကြိုက်လျှင် မကြိုက်သလို ရှင်းရှင်းဘွင်းဘွင်း ပြောပြ၏။ မှတ်မိ.သားမိလည်း ရှိ၏။

"မြိုင်ထ.ဆိုတာ ပြောစမ်းပါဦး ဒကာကြီးရဲ့ ဘယ်လို မြိုင်ထ.သွားတာလဲ"

"အရှင်ဘုရားကလည်း ဓမ္မကထိကလုပ်နေပြီး မြိုင်ထ.တောင် မသိသေးဘူးထင်တယ်၊ တစ်ခေတ်နောက်ကျတာ ကိုးဘုရား"

"ဒကာကြီးပြောလည်း ခံရမှာပဲ၊ ဦးပဥ္စင်းကလည်း ဓမ္မကထိကမှ မဟုတ်ဘဲ၊ ချွေးတပ်ဆွဲသလို အတင်းဆွဲလို့ ပါလာ တာပဲဟာ"

"အို ... အရှင်ဘုရားကို တပည့်တော်က ဓမ္မကထိကမှတ်နေတာ၊ လတ်စသတ်တော့ အရှင်ဘုရားက ချွေးတပ် သားကိုး"

"ထားပါတော့ ဒကာကြီး၊ ဒကာကြီးရဲ့ မြိုင်ထ.ကိုပဲ လင်းစမ်းပါဦး၊ ကြားပါရစေ"

"ဒီလိုဘုရား၊ ပွဲထဲကမင်းသား၊ မင်းသမီးတွေဟာ အလှည့်အပတ်တွေ အညာအခရာတွေနဲ့ သံရှည်ဆွဲကာ တစ်ယောက်တစ်ပြန်ဆိုလိုက်၊ ကြားထဲက လူပြက်က ပြက်လိုက်လုပ်သလိုပေါ့၊ တရားပွဲမှာဟောတဲ့ ဓမ္မကထိက အလှည့် အပတ်တွေ အညာအခရာတွေနဲ့ သံရှည်ဆွဲကာ ပရိသတ်ကို ချပေးလိုက်၊ ပရိသတ်တစ်လှည့် ဓမ္မကထိကတစ်လှည့်ဆို ကြားထဲ ပြက်လုံးထုတ်လိုက်၊ ပရိသတ်က ဟားတိုက်ရယ်မောလိုက်၊ အဲဒါ မြိုင်ထ.ပေါ့ဘုရား"

"ဩော် ..."

မိမိမှာ "ဩော်" ဟုသာ အော်နိုင်တော့၏။ ဘာပြောရမှန်းမသိ ဖြစ်နေ၏။ ထိုစကားကို ထောက်ခံရမည်လော၊ သို့မဟုတ် ကန့်ကွက်ရမည်လော၊ ထွေလာဝိုးဝါး ဖြစ်နေ၏။ စဉ်းစားမရဖြစ်နေ၏။ ထိုစဉ် ဒကာကြီးက ဆက်ပြောပြန်၏။

"ဘယ်မှာလဲ ဘုရားတရား၊ ရယ်စရာနှင့် အသံပဲရှိတယ်၊ အသံဟာ တရားမဟုတ်ဘူး ဘုရား၊ တရားဟာလည်း အသံမဟုတ်ဘူးဘုရား၊ တရားကိုဟောတာ၊ အသံကိုဟောတာမှ မဟုတ်ဘဲဟာ၊ သူတို့ ကိုယ့်ကိုယ်ကိုယ် "ငါတို့ တရားမရှိဘဲ နှင့် တရားဟောနေပါလား" လို့ မရိပ်မိဘူးလား မသိဘူးဘုရား၊ တပည့်တော်လည်း အဲဒီ ဓမ္မကထိကတွေအထံ ချဉ်းလည်း မချဉ်းကပ်ဘူးဘုရား၊ တရားလည်းဆုံးအောင် ဘယ်တော့မှ မနာဘူးဘုရား၊ ခဏနာပြီး မဟန်ပုံပေါ်လျှင် ဖိနပ်ကိုင်ပြီး ထပြန် တာပဲဘုရား"

"ဟင်"

မိမိမှာ "ဟင်" ရပြန်၏။ ဟင်.ရင်း စဉ်းစားမိ၏။ အာဂဒကာကြီးပဲ၊ ရှင်းရှင်းဘွင်းဘွင်းပဲ၊ ငါဟောရင်လည်း ဖိနပ်ကိုင် ထပြန်ဦးမှာလား၊ ငါ ဘယ်လိုဟောရပါ့၊ ငါ ဟောနေကျပုံစံအတိုင်း အကွရာ ပုဒ်ဗျည်း ဂရုလဟု ဒီဃရဿ ပီပြင်စွာ ဟောရုံပဲရှိတာပဲ၊ သို့စဉ်းစားရင်း ထိုဒကာကြီး စကားနှင့်လျော်သော ဗုဒ္ဓ၏ တရားအစဉ်များ မိမိဉာဏ်တွင် ထင်မြင်ပေါ်ပေါက်လာ၏။ ထို ဒကာကြီးတော့ သိဟန်ကြားဟန် မတူတော့ပါ။

"ရဟန်းတို့ ရှည်စွာသော သီချင်းသံဖြင့် သီဆိုတရားမဟောအပ်၊ သီဆိုဟောလျှင် ဟောသောရဟန်း ဒုက္ကဋ်အာပတ် အပြစ်သင့်ရောက်၏"

(စူဠဝါ - ဝိနယ)

"တစ်ထောင့်ငါးရာ ကိလေသာ အပူမီးတို့ အမြဲပင် တောက်လောင်နေအပ်သည်ဖြစ်ပါလျက် ကာမဂုဏ်ငါးပါး အာရုံများ၌ တဟားဟား တပြုံးပြုံးနေခြင်းသည် အဘယ်အကျိုးရှိအံ့နည်း၊ ငါးဖြာအာရုံ ကာမဂုဏ် အညှီတိုက်၍ အကြည်ဆိုက်၍ နေခြင်းသည် အဘယ်အကျိုးရှိအံ့နည်း၊ အဝိဇ္ဇာအမှောင်တိုက်သည် ပိတ်ဖုံးအပ်ပါလျက် အမှောင်ဖျက်ဆီး ဉာဏ်ဓာတ်မီးကို အဘယ်ကြောင့် မရှာမှီးဘဲ နေကြကုန်သနည်း"

(ဇရာဝဂ် - ဓမ္မပဒ)

✦ ဗုဒ္ဓတရား ရှင်လူများ နာကြား ဟောကြားမှန်စေသော်။

# တောနေမှ တရားရမှာလားဘုရား

## (၇)

မြို့ရွာတွေ၌ ရိပ်သာတွေ မှိုလိုပေါက်နေသော ယခုခေတ်တွင် "တောနေမှ တရားရမှာလား" ဟု ကဲ့ရဲ့သံနှင့်တစ်ဖုံ၊ မသိလို့တစ်မျိုး အမျိုးမျိုး ဝေဖန်ပြောဆိုသံကို ကြားရ၏။ မသိလို့ မေးမြန်းသည့်အနေနှင့် ပြောဆိုသည်မှာ မထောင်းတာလှသော်လည်း မိမိ မနေနိုင်သည်နှင့် သူတစ်ပါးနေနိုင်၍ နေသည်ကို ကဲ့ရဲ့ရှုတ်ချသောအားဝေဖန်ပြောဆိုသည်မှာကား ဝန်လေးလှ၏။ အပြစ်ကြီးလှ၏။ သို့ အပြစ်မဖြစ်ရန် မိမိအဖြစ်ကို တင်ပြပါအံ့။

မိမိသည် တောတွင်နေလျက် တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန် လေးလတွင် သွားလာတည်းခို နေထိုင်စားသောက်မှု ကျန်းမာရေးနှင့် လျော်ကန်မည့် ဌာနများမှ တရားဟောပင့်လျှင် လိုက်ဟောလေ့ရှိ၏။ ကျန်လများတွင်မူ တောရ.နေလေ့ရှိ၏။ အချို့ဒကာ၊ ဒကာမများက မြို့ရွာမှာ နေစေချင်သည်။ နေဖို့လျှောက်သည်။ ဒကာမကြီးတစ်ယောက်ကမူ ဤသို့လျှောက်ထား၏။

"တောနေမှ တရားရမှာလားဘုရား၊ မြို့မှာနေလည်း တရားရပါတယ်၊ သူများတွေ မြို့မှာနေပြီး တရားအားထုတ်နေကြတာပဲဟာ"

"ဒကာမကြီး၊ အဲဒါ တောအကြောင်း ဘုရားရှင်ဟောထားတာ မသိသေးလို့၊ သိလျှင် ဒီလိုပြောမှာ မဟုတ်ဘူး။ နောက် ဒီလိုဘယ်တော့မှ မပြောနဲ့"

"ဒါဖြင့် တပည့်တော်ကို အဲဒီတောအကြောင်း ဘုရားဟောထားတာ ဟောပြပါဘုရား"

"အကုန်တော့ မဟောနိုင်ဘူး ဒကာမကြီး၊ တစ်စိတ်တစ်ဒေသမျှလောက်ပဲ ဟောနိုင်မယ်"

"ဟောနိုင်သမျှ ဟောပါဘုရား"

"ပုဂ္ဂိုလ်လေးမျိုးရှိတယ် ဒကာမကြီး၊ အဲဒီပုဂ္ဂိုလ်လေးမျိုးတွင် ဘုရားရှင်က -

၁။ တောကျောင်းနေမှ တရားရမည့်ပုဂ္ဂိုလ်ကို သူ၏တပည့်များလည်း အတုလိုက်၍ ကျင့်အောင် တောကျောင်း၌သာ နေစေတော်မူလို၏။

၂။ အားအစွမ်းနည်းပါး၍ ရွာကျောင်းနေမှ တရားရမည့်ပုဂ္ဂိုလ်ကို ရွာကျောင်း၌သာ နေစေတော်မူလို၏။

၃။ တောကျောင်းနေနေ၊ ရွာကျောင်းနေနေ တရားရမည့်ပုဂ္ဂိုလ်ကို သူ၏တပည့်များလည်း အတုလိုက်၍ ကျင့်အောင် တောကျောင်း၌သာ နေစေတော်မူလို၏။

၄။ တောကျောင်းနေနေ ရွာကျောင်းနေနေ တရားမရမည့် ယခုခေတ်များစွာသော ပုဂ္ဂိုလ်များကို နောင်ဘဝ၌ မဂ်ဖိုလ်၏ အထောက်အပံ့ဖြစ်အောင် ဓုတင်ဆောင်မှု အထုံပါအောင် တောကျောင်း၌သာ နေစေတော်မူလို၏။

(ပါရာဇိက အဋ္ဌကထာ)

"ဟင် ... ဒီလိုဆို မောင်ပဉ္ဇင်းဥစ္စာက ကိုယ့်ခွက်ထဲကရေတောင် ပါမလိုဖြစ်နေပါလား"

"ဘယ်လို ကိုယ့်ခွက်ထဲကရေတောင် ပါမလိုဖြစ်တာလဲ"

"မောင်ပဉ္ဇင်းများ ဒီမှာနေမလားလို့ ပြောပါတယ်၊ မနေတဲ့အပြင် ဒီကကိုယ်တော်တွေတောင် မောင်ပဉ္ဇင်းနောက် လိုက်ရမလိုဖြစ်နေပြီ"

"ဒါက အစရှိသေးတယ်၊ နားထောင်ဦး၊ ပြောဦးမယ်"

"တောသညာအမှတ်ကို နှလုံးသွင်းလျက် မရသေးသော သမာဓိကို ရခြင်းငှာ၊ ရပြီးသော သမာဓိကို လည်း စောင့်ရှောက်ခြင်းငှာ ထိုက်၏။ ဘုရားရှင်လည်း တောနေရဟန်းအား ဝမ်းမြောက်တော်မူ၏။

(ဝိသုဒ္ဓိမဂ် - အဋ္ဌကထာ)

"နာဂိတ - ဤသာသနာတော်၌ ငါသည် တည်ကြည်သော စိတ်ရှိလျက် ထိုင်နေသော ရွာနီးကျောင်းနေရဟန်းကို တွေ့မြင်ရ၏။ နာဂိတ - ထိုငါ့အား -

"ယခုအခါ၌ ဤအရှင်ကို အရံစောင့်ကဖြစ်စေ၊ သာမဏေကဖြစ်စေ၊ သီတင်းသုံးဖော်ကဖြစ်စေ၊ ထိုသမာဓိမှ ရွေ့စေလိမ့်မည်"

ဟု အကြံဖြစ်၏။ နာဂိတ - ထို့ကြောင့် ထိုရဟန်းအား ရွာနီးကျောင်းနေမှုဖြင့် ငါမနှစ်သက်။

"နာဂိတ - ဤသာသနာတော်၌ ငါသည် တော၌ အိပ်ငိုက်လျက်ထိုင်နေသော တောကျောင်းနေရဟန်းကို တွေ့မြင်ရ၏။ နာဂိတ - ထိုငါ့အား -

"ယခုအခါ ဤအရှင်သည် ဤအိပ်ငိုက်ခြင်းကြောင့်ဖြစ်သော ပင်ပန်းမှုကို ပယ်ဖျောက်၍တစ်ခုတည်းသော သဘောဖြစ်သည့် တောဟူသော အမှတ်သညာကိုသာလျှင် နှလုံးသွင်းလိမ့်မည်"

ဟု အကြံဖြစ်၏။ နာဂိတ - ထို့ကြောင့် ရဟန်းအား တောနေမှုဖြင့် ငါနှစ်သက်၏။

"နာဂိတ - ဤသာသနာတော်၌ ငါသည် တော၌ မတည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ထိုင်နေသော တောကျောင်း နေရဟန်းကို တွေ့မြင်ရ၏။ နာဂိတ - ငါ့အား -

"ယခုအခါ၌ ဤအရှင်သည် မတည်ကြည်သော စိတ်ကိုလည်း တည်ကြည်စေလိမ့်မည်။ တည်ကြည်ပြီးသော စိတ်ကိုလည်း အစဉ်စောင့်ရှောက်လိမ့်မည်" ဟု ဤသို့အကြံဖြစ်၏။ နာဂိတ - ထို့ကြောင့် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် ငါနှစ်သက်၏။

"နာဂိတ - ဤသာသနာတော်၌ ငါသည် တော၌ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ထိုင်နေသော တောကျောင်းနေ ရဟန်းကို တွေ့မြင်ရ၏။ နာဂိတ - ထိုငါ့အား -

"ယခုအခါ၌ ဤအရှင်သည် ကိလေသာ မကျွတ်မလွတ်သေးသော စိတ်ကိုလည်း ကျွတ်လွတ်စေလိမ့်မည်၊ ကျွတ်လွတ်ပြီးသော စိတ်ကိုလည်း အစဉ်စောင့်ရှောက်လိမ့်မည်"ဟု ဤသို့အကြံဖြစ်၏။ နာဂိတ - ထို့ကြောင့် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် ငါနှစ်သက်၏။

"နာဂိတ - ဤသာသနာတော်၌ ငါသည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့ကိုရသော ရွာနီးကျောင်းနေရဟန်းကို တွေ့မြင်ရ၏။ ထိုရဟန်းသည် ထိုလာဘ်ပူဇော် အကျော်အစောကို အလိုရှိသည်ဖြစ်၍ တစ်ယောက်တည်း ကိန်းအောင်းမှုကို စွန့်၏။ တောစွန်ဖြစ်သော တောကျောင်းတို့ကို စွန့်၏။ ရွာနိဂုံး၊ မင်းနေပြည်သို့ ဝင်ရောက်၍နေ၏။ နာဂိတ - ထို့ကြောင့် ထိုရဟန်းအား ရွာနီးကျောင်းနေမှုဖြင့် ငါမနှစ်သက်"

"နာဂိတ - ဤသာသနာ၌ ငါသည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့ကိုရသော တောကျောင်းနေရဟန်းကို တွေ့မြင်ရ၏။ ထိုရဟန်းသည် ထိုလာဘ်ပူဇော်သက္ကာ အကျော်အစောကို စွန့်ပယ်ရှား၍ တစ်ယောက်တည်း ကိန်းအောင်းခြင်းကို မစွန့်၊ တောစွန်ဖြစ်သော တောကျောင်းတို့ကို မစွန့်၊ နာဂိတ - ထို့ကြောင့် ငါသည် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် နှစ်သက်၏"

(နာဂိတသုတ် - ဆက္က - အင်္ဂုတ္တရ)

"အမလေး - အရှင်ဘုရားရဲ့တစ်စိတ်တစ်ဒေသကလည်း များလှချည့်လားဘုရား"

"နားထောင်ဦး ဒကာမကြီး၊ ဒါ့ကြောင့် ဒကာမကြီးကို နောက် ဒီလိုမပြောနဲ့လို့ ပြောတာပေါ့"

"တစ်ယောက်တည်း နေခြင်း စားခြင်းကိုလည်းကောင်း၊ တစ်ယောက်တည်း အိပ်ခြင်းကိုလည်းကောင်း ပြုရာ၏။ တစ်ယောက်တည်း မပျင်းမရိဖြစ်၍ကျင့်လော့၊ တစ်ယောက်တည်း မိမိကိုယ်ကိုဆုံးမသည်ဖြစ်၍ တောအုပ်၌ မွေ့လျော်ရာ၏"

(ပကိဏ္ဏကဝဂ် - ဓမ္မပဒ)

"ရဟန်းတို့ ... ရဟန်းတို့သည် တောကျောင်းတို့၌ လိုလားသော စိတ်ရှိနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာရှိပေ၏။ ဆုတ်ယုတ်ရန်ကား မရှိပေ"

(ပထသတ္တကသုတ် - သတ္တက - အင်္ဂုတ္တရ)

ရဟန်းတို့ အနာဂတ်ကာလ၌ ရဟန်းတို့သည် ကျောင်းကောင်းကို အလိုရှိကုန်သည်ဖြစ်၍ သစ်ပင်ရင်း၌ နေထိုင်ခြင်းဟုဆိုအပ်သော ရုက္ခမူဓုတင်ဆောင်ခြင်းကို စွန့်လွှတ်ကြကုန်လိမ့်မည်။ အစွန်အဖျားကျသော တောကျောင်းတို့ကို စွန့်လွှတ်ကြကုန်လိမ့်မည်။ ရွာနိဂုံး၊ မင်းနေပြည်တို့၌ ဝင်ရောက်နေကြကုန်လိမ့်မည်၊ ကျောင်းဟူသော အကြောင်းကြောင့်လည်း မလျောက်ပတ်သော၊ များလှစွာသော၊ မအပ်သော ပစ္စည်းရှာမှီးခြင်းကို ရောက်ကြကုန်လိမ့်မည်။ ရဟန်းတို့ ဤအနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့်မည်။ ထိုဘေးကို သင်တို့သိရမည်။ သိပြီး၍လည်း ထိုဘေးကိုပယ်ရန် အားထုတ်ရမည်"

(စတုတ္ထအနာဂတဘယသုတ် - ပဉ္စက - အင်္ဂုတ္တရ)

"အစွန်ကျ၍ ဝေးကွာလှသော တောရကျောင်း၌ ကိန်းအောင်းနေလေ့ရှိသော ထိုတောရရဟန်း၏ စိတ်ကို မလျောက်ပတ်သော ရူပါရုံစသည်တို့သည်လည်း မပျံ့လွင့်စေကုန်။ ကင်းသော ထိတ်လန့်ခြင်းရှိ၏။ အသက်၌တပ်နှစ်သက်သော နိကန္တိကိုလည်း စွန့်နိုင်၏။ ဆိတ်ငြိမ်ရာအရပ်၌ နေခြင်းကြောင့်ဖြစ်သော သုခဟူသော အရသာ

ကိုလည်း ခံစားရ၏။ ပုံသုကူစုတင် အစရှိသော ကြွင်းစုတင် (၁၂)ပါးသည်လည်း ထိုတောရနေရဟန်းအား သင့်အပ် လျောက်ပတ်၏"

(ဝိသုဒ္ဓိမဂ် - အဋ္ဌကထာ)

"ဆိတ်ငြိမ်သော ကိုယ်၊ စိတ်ရှိထသော၊ လူသူတို့နှင့် မရောနှောထသော၊ အစွန်ကျသော တောရကျောင်း၌ ပျော်ထသော တောနေရခြင်းဖြင့် မြတ်စွာဘုရား၏ ရွှေနှလုံးတော်ကို နှစ်သက်စေထသော ရဟန်းသည် တောရ ကျောင်း၌ တစ်ယောက်ထီးတည်း နေသည်ဖြစ်၍ အကြင်ဝိဝေကသုခကို ရ၏။ ထိုအရညဝါသီတောရမှီသော ယောဂီရဟန်း၏ ထိုဝိဝေကသုခအရသာကို သိကြားနှင့်တကွ ကုန်သောနတ်တို့သော်လည်း မခံစားရကုန်"

(ဝိသုဒ္ဓိမဂ် - အဋ္ဌကထာ)

"ချပ်ဝတ်တန်ဆာကို ဝတ်ဆင်လျက် ဆင်တပ်၊ မြင်းတပ်နှင့်တကွ စစ်မြေပြင်အောင်တပ်သို့ ရောက် သော မင်းသည် တစ်ဘက်ရန်သူကို အောင်မြင်ခြင်းငှာ စွမ်းနိုင်သကဲ့သို့ ပုံသကူဟူသော ချပ်ဝတ်တန်ဆာကို ဝတ် ဆင်လျက် အရညကင် တောရနေခြင်းဟူသော ဆင်သင်း၊ မြင်းသင်း၊ ရဲမက်နှင့်တကွ ပုံသကူနှင့် အရညကင်မှ တစ်ပါး စုတင် (၁၁)ပါးဟူသော လက်နက်ကို စွဲကိုင်လျက် တောရကျောင်းဟူသော စစ်မြေအောင်တပ်ချသော ဤ အရ ညဝါသီ တောရမှီသော ယောဂီရဟန်းသည်သာလျှင် မကြာမီပင် အနုသယဟူသော ဆင်တပ်၊ မြင်းတပ်နှင့် တကွသော ကိလေသာမာရ်ဟူသော ရန်ကို အောင်မြင်ခြင်းငှာ စွမ်းနိုင်လတ္တံ့။ ထို့ကြောင့် တောရနေခြင်း၌ မွေ့လျော် ခြင်းကို ပညာရှိယောဂီရဟန်းသည် ပြုရာ၏။

(ဝိသုဒ္ဓိမဂ် - အဋ္ဌကထာ)

အခါတစ်ပါး ဘုရားရှင်သည် ရှင်အာနန္ဒာအား အမိန့်ရှိ၏။ "အာနန္ဒာ၊ ပြုသစ်စဖြစ်ကုန်သော ရဟန်းပြု၍ မကြာ ကုန်သေးသော ဤသာသနာတော်သို့ ယခုမှ ရောက်လာကုန်သော ရဟန်းအသစ်တို့ကို -

"ငါ့ရှင်တို့ ... သင်တို့ လာကြကုန်လော့၊ တော၌နေသူတို့ ဖြစ်ကြကုန်လော့၊ အစွန်အဖျားကျသော တောရကျောင်းတို့ကို မှီဝဲကုန်လော့ဟု ကိုယ်၏ဆိတ်ငြိမ်ခြင်း "ကာယဝိဝေက" ၌ ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏"

(အင်္ဂုတ္တရ - ပဉ္စက - အင်္ဂုတ္တရ)

ဘုရားရှင်ကိုယ်တော်တိုင် တောရနေခြင်း အကြောင်းထူးကို ဤသို့ မိန့်တော်မူ၏ -

"ရဟန်းတို့ မိမိ၏ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေခြင်းကို ရှုဆင်ခြင်ခြင်းနှင့် နောင်လာနောက်သား များကို အစဉ်သနား စောင့်ရှောက်ချီးမြှောက်ခြင်းဟူသော ဤအကြောင်းထူး နှစ်မျိုးတို့ကို ကောင်းစွာရှုဆင်ခြင် လျက် ငါသည် အရညကင် စုတင်ကို ပြီးစေနိုင်သော တောကျောင်း၊ လူတို့ကျက်စားရာမဟုတ်သော တောကျောင်း၊ အစွန်အဖျားကျ၍ အလွန်ဝေးကွာသော တောကျောင်းတို့ကို မှီဝဲ၏"

(ဒုက - အင်္ဂုတ္တရ)

"ကဲ ... ဒကာမကြီး၊ တောရနေရခြင်းအကျိုးတွေ အများကြီးပဲ၊ အားရစရာကြီးပဲ မဟုတ်လား၊ ဒါ တစ်စိတ်တစ်ဒေသ ရှိသေးတာ"

"မောင်ပဥ္စင်းရယ်၊ တပည့်တော်တောင် ဒကာမမို့ တစ်ပန်းရှုံးလို့ဘုရား၊ နို့မဟုတ်ရင် တပည့်တော်ပါ တောမှာနေမယ်၊ မောင်ပဥ္စင်းပြောတာနဲ့ ကြည်နူးလှပြီဘုရား"

"ဒါတင်ဘယ်ကမလဲ ဒကာမကြီးရဲ့ထင်ရှားတာလေးတစ်ခု ကျန်နေသေးတယ်၊ ပြောရဦးမယ်၊ ပါရမီဆယ်ပါးရှိတယ်မဟုတ်လား၊ အဲဒါ ရွာတွေ မြို့တွေမှာနေပြီး ကိုးပါးပဲဖြည့်နိုင်မယ်၊ နိက္ခမပါရမီဟာ မြို့ရွာမှာ ဖြည့်လို့မရဘူး၊ တောမှာဆို ပါရမီဆယ်ပါးလုံး တစ်ပြိုင်နက် ဖြည့်လို့ရတယ်"

"တပည့်တော် ဝစီကံဖြင့် ပြစ်မှားပြောဆိုမိတာကိုလည်း သည်းခံခွင့်လွှတ်တော်မူပါဘုရား"

"သည်းခံခွင့်လွှတ်ပါတယ်၊ နောင်အခါမှာသာ ဆင်ခြင်ပါ"

✧ မြတ်ရှင်ဗုဒ္ဓ အလိုကျ တောရဆောက်တည်နိုင်စေသော်။

📖

# ပန်းဝင်ကျ သိရောပေါ့

## (၈)

မိမိသည် တစ်ခါက တောရွာတစ်ရွာသို့ တရားဟောရောက်ခဲ့၏။ ယင်းရွာတွင် တောရကျောင်း ရှိ၏။ ဆရာတော်ကြီးမှာ သက်တော် (၈၀)ကျော်ပြီဟု သိရ၏။ မိမိသည် ယင်းကဲ့သို့ မထေရ်ကြီးဝါကြီး သက်တော်ကြီး ဆရာတော်ကြီးများအား ဖူးမြင်လို၏။ အဆုံးအမကို နာခံလို၏။ သို့နှင့် တရားပွဲချိန်နှင့် ဝေးသောအချိန်တွင် ဒကာများအား လိုက်ပို့ခိုင်း၏။ ရောက်လျှင် ဆရာတော်ကြီးအား ရှိခိုးဦးချ၏။ ဆရာတော်ကြီးမှာ ကြည်ညိုစရာ အလွန်ကောင်းပေ၏။

"ငါ့ရှင်လား ဒီရွာမှာ တရားဟောနေတာ"

"မှန်ပါ့ဘုရား၊ တပည့်တော်ပါ"

"ငါ့ရှင်၊ ညဘက်ဟောတဲ့တရားတွေ နံနက်ဆိုလျှင် တို့ဆီရောက်လာတယ်၊ နာတဲ့လူတွေက လာပြောကြတယ်၊ သဘောကျကြတယ်၊ ငါ့ရှင်ဟောတာက ပါဠိအဋ္ဌကထာအတိုင်းဟောတော့ ခိုင်လုံတာပေါ့၊ လေးနက်တာပေါ့၊ ငါ့ရှင် ဟောလည်း ဟောကွယ့်၊ ကျင့်လည်း ကျင့်ကွယ့်"

"မှန်ပါဘုရား၊ တပည့်တော်လည်း အတတ်နိုင်ဆုံး ကျင့်ကြံအားထုတ်ပါတယ်ဘုရား"

"အေးကွယ့် ငါ့ရှင်ရဲ့၊ သူများတော့ဟောပြီး ကိုယ်မကျင့်လည်း မကောင်းဘူး၊ ကိုယ်တော့ကျင့်ပြီး သူများမဟောလည်း မကောင်းဘူး၊ ကိုယ်လည်းမကျင့် သူများလည်း မဟောဆိုလျှင်တော့ သာသနာမှာ အလကားပဲကွယ့် ငါ့ရှင်ရဲ့၊ ကိုယ်လည်းကျင့် သူများလည်း ဟောလျှင်တော့ သာသနာမှာ တန်ဘိုးရှိတယ်၊ အဲဒီလို တန်ဘိုးရှိအောင်ကြိုးစား"

"မှန်ပါဘုရား၊ ဆုံးမပါဘုရား၊ တပည့်တော်လည်း ဒီလိုအဆုံးအမတွေကို နာခံမှတ်သားလိုက်နာလိုလို့ ရောက်ရာအရပ်မှာ ဆရာတော်ကြီးများအား လိုက်၍ ယခုကဲ့သို့ ဖူးမြော်ကန်တော့လေ့ ရှိပါတယ်ဘုရား"

"အေး အေး . . . ငါ့ရှင်လည်း တရားဟောပုဂ္ဂိုလ်ပဲ၊ သိပ်ဆုံးမစရာ လိုမယ်မထင်ပါဘူး၊ ပညာရှိ သတိဖြစ်ခဲ့ဆိုသလို သတိပေးလိုက်မယ် -

"ကိုယ့်အပြစ်ကို ဖော်ပြလျက် နာနာနှိပ်၍ ဆိုမြည်လေ့ရှိသော ပညာရှိကို မြေမြှုပ်ထားသောရွှေအိုးကို ပြောကြားလာသူကဲ့သို့ ကျေးဇူးတင်၍ ရှုမြင်ထိုက်၏။ ထိုသို့ ရှုမြင်ထိုက်ခြင်းကြောင့် ထိုသို့အပြစ်ကိုပြလျက်

နာနာနိပ်၍ ဆိုမြည်လေ့ရှိသော ပညာရှိကို ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲသူအား မြတ်၏။ မဆုတ်ယုတ်"

(ပဋ္ဌိတဝဂ် - ဓမ္မပဒ)

"ယုတ်မာကုန်သော အဆွေခင်ပွန်းတို့ကို မမှီဝဲရာ၊ ကဲ့ရဲ့ထိုက်စွာ ယုတ်မာကုန်သောယောက်ျားတို့ကို မမှီဝဲရာ၊ သီလအစရှိသောဂုဏ်ဖြင့် ကောင်းကုန်သောအဆွေခင်ပွန်းတို့ကို မှီဝဲရာ၏။ ယောက်ျားမြတ်တို့ကို မှီဝဲရာ၏"

(ပဋ္ဌိတဝဂ် - ဓမ္မပဒ)

"မှန်ပါဘုရား၊ ကောင်းလှပါတယ်ဘုရား၊ ဆက်လက်အမိန့်ရှိပါဘုရား၊ တပည့်တော်များလည်း ဒကာ၊ ဒကာမတွေကို တရားနာဖို့ တိုက်တွန်းတဲ့အခါမှာ -

"ဘုရားချစ်ရှင်၊ ပေဟာသွန်သင်သား၊ ကိုးအင်ဓမ္မဓာတ်၊ တရားမြတ်ကို၊ မပြတ်သင်ကြား၊ နာသူအားလျှင်၊ ငါးပါးနိသင်၊ အကျိုးထင်၏၊ ပုံပြင်ထုံးဟောင်း၊ ရှေးနှောင်းခုဖြစ်၊ စင်စစ်ကောင်းဆိုး၊ ကြောင်းကျိုးစကား၊ နည်းနာများကို၊ မကြားစဖူး၊ ကြားရထူး၏၊ ကြားဖူးရှေးက၊ ကြားပြီးစွလည်း၊ ကြားရတစ်ဖန်၊ ကြည်လင်ပြန်၏၊ ဉာဏ်မမီငြား၊ ထင်ယုံမှားလည်း၊ ပယ်ရှားဖျောက်ပ၊ ကင်းစေရ၏၊ ဝါဒမထောင့်၊ ယူဖြောင့်စိတ်ကြည်၊ ဤငါးလီတည့်"

(မဃဒေဝ - ၃၇၈)

စသည်ဖြင့် တရားနာရခြင်း အကျိုးတွေပြပြီး တိုက်တွန်းလေ့ ရှိပါတယ်၊ ယခု ဆရာတော်ဆုံးမတော့ အဲဒီအကျိုးတွေ တပည့်တော် ရတာပေါ့ဘုရား၊ တပည့်တော်က အဟောသမားအဖြစ်များနေတာ၊ ဆရာတော်တို့နဲ့တွေ့မှ အနာသမားဖြစ်ရတာဆုံးမပါဘုရား"

"အေး အေး…ငါ့ရှင်၊ ကောင်းကောင်းလည်းဟော၊ ကောင်းကောင်းလည်းကျင့်၊ ကောင်းကောင်းလည်း နာပေးပေါ့၊ ဘုရားကိုယ်တိုင်တော်မှ တရားနာသေးတာပဲဟာ"

"မှန်ပါဘုရား၊ ဆရာတော်ဆုံးမတဲ့အတိုင်း အတတ်နိုင်ဆုံး လိုက်နာပါ့မယ်ဘုရား"

"အေးအေး…ဘယ်သူတွေ ဘာပြောပြော၊ ကိုယ့်အပြောနှင့် ကိုယ့်အလုပ်၊ သူ့အပြောနှင့် သူ့အလုပ် ညီ မညီ ပန်းဝင်ကျ သိရောပေါ့"

"ဆရာတော်ဘုရား၊ "ပန်းဝင်ကျ သိရောပေါ့" ဆိုတာ ဘယ်လိုဟာလဲဘုရား"

"ဒီလိုကွယ့် ငါ့ရှင်ရဲ့ ဘယ်သူတွေကပဲ ကိုယ်ဟာ ဘာပါ၊ ညာပါ စသည်ဖြင့် ဘယ်လိုပဲပြောပြော၊ တစ်ဖန်သူများကိုလည်း ဘယ်လိုပါ၊ ဘယ်ဝါပါ စသည်ဖြင့် ဘယ်လိုပဲပြောပြော၊ ယခုဘဝအဆုံး၊ သေခါနီးဟာ ပန်းဝင်တစ်ချက်ပဲ၊ အဲဒီမှာ တစ်ချက်သိရမယ်၊ နောက် အရိမေတ္တယျဘုရားရှင် သာသနာဟာ ပန်းဝင်တစ်ချက်ပဲ၊ အဲဒီမှာ တစ်ချက်သိရမယ်၊ အဲဒီမှာ ဘယ်သူပါတယ်၊မပါဘူးဆိုတာ သိရမယ်၊ ပန်းဝင်ကျ သိရောပေါ့ဆိုတာ အဲဒါပဲ ငါ့ရှင်ရဲ့"

"တပည့်တော် သိပ်ဝမ်းသာပါတယ်ဘုရား၊ ပန်းဝင်ကောင်းအောင်လည်း ကြိုးစားပါ့မယ်ဘုရား"

"အေး အေး…ငါ့ရှင် ပန်းဝင်ကောင်းချင်ရင် ပထမ အပရိဟာနိယတရား ခုနစ်ပါးကို လက်ကိုင်ထားကွယ့် -

"အခါတစ်ပါး ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ [illegible]ဘ်မူ၏။ ထိုအခါ ဘုရားရှင်သည် ရဟန်းတို့ကို ခေါ်တော်မူ၍ မိန့်တော်မူ၏။ ရဟန်းတို့၊ ရဟန်းတို့သည် -

၁။ မပြတ် စည်းဝေးနေကြ၊ အကြိမ်များစွာ စည်းဝေးနေကြသမျှ ကာလပတ်လုံး…

၂။ အညီအညွတ်စည်းဝေးကြ၊ အညီအညွတ် အစည်းအဝေးမှ ထကြကုန်လျက် သံဃာ့ကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်နေကြသမျှ ကာလပတ်လုံး…

၃။ မပညတ်သေးသောအရာကို မပညတ်ကြကုန်မူ၍ ပညတ်ပြီးသောအရာကို မဖျက်ကြကုန်ဘဲ၊ ပညတ်ထားသမျှသော သိက္ခာပုဒ်တို့ကို ကောင်းစွာဆောက်တည်၍ ကျင့်နေကြသမျှ ကာလပတ်လုံး…

၄။ ရဟန်းဝါရင့်ကုန်သော၊ ရဟန်းသက် ရှည်ကုန်သော၊ သံဃာ့ဦးစီး ဖြစ်ကုန်သော ထေရ်ကြီးရဟန်းတို့ကို အရိုအသေပြုကြကုန်၊ အလေးပြုကြကုန်၊ မြတ်နိုးကုန်၊ ပူဇော်ကုန်လျက် ထိုထေရ်ကြီးတို့၏ စကားကိုလည်း နာယူသင့်သည်ဟု ထင်မှတ်နေကြသမျှ ကာလပတ်လုံး…

၅။ ဖြစ်ပေါ်လာသော တစ်ဖန် ဘဝသစ်ကိုပေးတတ်သော တဏှာ၏အလိုသို့ မလိုက်ကြသမျှ ကာလပတ်လုံး…

၆။ တောရကျောင်းတို့၌ လိုလားသောစိတ် ရှိနေကြသမျှ ကာလပတ်လုံး…

၇။ "အဘယ်သို့လျှင် မလာရောက်ကုန်သေးသော သီလကို ချစ်မြတ်နိုးသည့် သီတင်းသုံးဖော်တို့သည် လာရောက်ကြပါကုန်အံ့နည်း၊ လာရောက်ကုန်ပြီးသော သီလကို ချစ်မြတ်နိုးသည့် သီတင်းသုံးဖော်တို့သည် ချမ်းသာစွာ နေရပါကုန်အံ့နည်းဟု ကိုယ်စီကိုယ်င သတိပြုနေကြသမျှ ကာလပတ်လုံး…ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏။ ဆုတ်ယုတ်ရန်ကား မရှိပါချေ။

"ရဟန်းတို့ ဤမဆုတ်ယုတ်ကြောင်း "အပရိဟာနိယ" တရား ခုနစ်ပါးတို့သည် ရဟန်းတို့၌တည်၍ရဟန်းတို့သည်လည်း ယင်းတရားခုနစ်ပါးတို့ကို ကျင့်သုံးနေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏။ ဆုတ်ယုတ်ရန်ကား မရှိပါပေ"

(ပထမ သတ္တကသုတ် - သတ္တက - အင်္ဂုတ္တရ)

"ပြည့်စုံလှပါတယ်ဘုရား၊ ဆရာတော်ဘုရားလည်း မောရော့မယ်၊ တပည့်တော်တို့လည်း ခွင့်ပြုပါဘုရား၊ ဦးတင်ပါသည်ဘုရား"

✧ သက်ကြီးစကား၊ သက်ငယ်ကြား၊ မှတ်သားကျင့်ကြံနိုင်စေသော်။

📖

# သိတော့ ခက်တယ်ဘုရား

## (၉)

ဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် ပထမဝါကို ဣသိပတန မိဂဒါဝုန်တော၌ ဝါကပ်တော်မူ၏။ သီတင်းကျွတ်သော် ခြောက်ကျိပ်သော ရဟန္တာအရှင်မြတ်တို့ကို မိန့်တော်မူ၏။

"ရဟန်းတို့၊ ငါဘုရားသည် နတ်တို့၏အာရုံ ကာမဂုဏ်၌မှီသော တဏှာ လောဘ ကျော့ကွင်း၊ လူတို့၏အာရုံ ကာမဂုဏ်တို့၌မှီသော တဏှာ လောဘ ကျော့ကွင်း၊ ဤ တဏှာလောဘ ကိလေသာကျော့ကွင်း အလုံးစုံတို့မှ ကင်းရှင်းလွတ်မြောက်ခဲ့လေပြီ၊ ရဟန်းတို့ သင်တို့သည်လည်း ကင်းရှင်းလွတ်မြောက်ခဲ့ကြလေပြီ"

"ရဟန်းတို့ သင်တို့သည် မြောက်များလှစွာသော လူနတ်ပြဟ္မာ သတ္တဝါတို့၏ လောကီ လောကုတ္တရာ ချမ်းသာစီးပွားကောင်းကျိုးတရား ဖြစ်ပွားရန် အရပ်ရှစ်မျက်နှာသို့ တစ်နေ့လျှင် တစ်ယူဇနာ အလွန်ဆုံးထား၍ ဒေသစာရီ လှည့်လည်သောအား သွားကြကုန်လော့"

"လမ်းတစ်ကြောင်းတည်း၌ ရဟန်းနှစ်ပါးပေါင်း၍ သွားခဲ့သော် တစ်ပါးက တရားဟောလျှင် ကျန်တစ်ပါးက အလုပ်မရှိ တိတ်ဆိတ်သာ နေရမည်ဖြစ်သောကြောင့် လမ်းတစ်ကြောင်း၌ ရဟန်းနှစ်ပါးပေါင်း၍ မသွားကြကုန်လင့်"

(မဟာဝါ - ဝိနယ)

ယခုခေတ်သာသနာပြုအဖွဲ့အစည်းတို့သည်ဘုရားရှင်၏ယင်းမိန့်ခွန်းတော်အတိုင်းလိုက်နာပြုကျင့်သင့်၏။ သို့မဟုတ်က အောင်မြင်သင့်သလောက် အောင်မြင်မည်မဟုတ်။ မှန်၏။ လက်တွေ့ပုံစံပြရသော် တစ်ချိန်သော နွေကာလက ရွာကြီးတစ်ရွာသို့ ထင်ရှားသော သာသနာပြုအဖွဲ့ နှစ်ဖွဲ့ရောက်လာ၏။ တစ်ဖွဲ့တွင် ဘုန်းကြီးတစ်ပါးနှင့် နောက်ပါလူ (၆၀)လောက် ပါလာ၏။ တစ်ဖွဲ့တွင် ဘုန်းကြီး (၅)ပါးနှင့် နောက်ပါလူ (၂၀)လောက် ပါလာ၏။

တရားပွဲဖြစ်မြောက်ရေး အဖွဲ့ဝင်တို့သည် ကြိုဆိုမှု၊ ညှိနှိုင်းကျွေးမွေးရမှု၊ တရားပွဲအချီးကျူးမှု၊ လှူဒါန်းရမှု၊ ပြန်ပို့ရမှု စတဲ့အမှုမျိုးစုံတို့ကို ဂရုစိုက်နေကြရသည်နှင့် တရားကို ဂရုတစိုက် အာရုံကျအောင် နာနိုင်ခွင့်မရ၊ တစ်ဖန် နောက်ထပ် ယင်းတရားပွဲမျိုး ဖြစ်မြောက်ဖို့အတွက် အကုန်အကျများမှု၊ ပင်ပန်းမှုတို့ကြောင့် ရုတ်တရက် မလွယ်ကူတော့။ သို့ဖြစ်လျှင် မိမိတို့ သာသနာပြုမှု အောင်မြင်သည်ဟု မဆိုနိုင်။

တစ်ဖန်ပရိသတ်ထံမှပဲ့တင်ထပ်သံကိုလည်းပြန်လည်နာခံသင့်၏။ မိမိတို့သည်တရားပွဲကျင်းပစဉ်ကြော်ငြာကောင်း၍လုံးပန်းဆောင်ရွက်သူကောင်း၍စည်ကားရုံမျှဖြင့် "ငါတို့ဟောတာအောင်မြင်သည်" ဟု မထင်သင့်။ မိမိသည် ယင်းတရားပွဲနစ်ပွဲ အပြီးတွင် ယင်းရွာကြီးသို့ ရောက်ခဲ့၏။ ရောက်လျှင် တရားပွဲသတင်း ကြားရ၏။ သို့နှင့် အခြေအနေ အမှန်သိရအောင် ဒကာကြီးတစ်ယောက်အား မေးကြည့်၏။

"ဘယ့်နှယ်လဲ ဒကာကြီး၊ တရားပွဲအခြေအနေ"

"သိတော့ ခက်တယ်ဘုရား"

"ဘယ်လိုသိတော့ ခက်တယ်လဲ ဒကာကြီးရ"

"ဟာ ... သူတို့ဥစ္စာက တရားဟောတယ်သာဆိုတယ်၊ မတရားတာတွေက အများကြီး ပါနေတာပဲဘုရား"

"ဘယ်လို မတရားတွေ ပါနေတာလဲ ဒကာကြီးရဲ့ ပြောစမ်းပါဦး"

"တပည့်တော် ပါဠိတော် မြန်မာပြန်တွေ ဖတ်ထားတာဘုရား၊ အဲဒီမှာ ဖတ်ဖူးထားတယ်"

"ရဟန်းတို့ ရှည်စွာသော သီချင်းသံဖြင့် တရားဟောသောပုဂ္ဂိုလ်၏ အပြစ်တို့သည် -

၁။ မိမိကိုယ်တိုင်လည်း ထိုအသံ၌ စွဲမက်၏။

၂။ သူတစ်ပါးတို့သည်လည်း ထိုအသံ၌ စွဲမက်၏။

၃။ ငါတို့ သီချင်းဆိုသကဲ့သို့ထို့အတူ သာကီဝင် မင်းသား ဘုရားသားတော် ရဟန်းတို့သည် သီချင်းဆိုကုန်၏ ဟု လူဒါယကာတို့ ကဲ့ရဲ့ကုန်၏။

၄။ အသံပြုပြင်ခြင်းကို အလိုရှိသော ရဟန်းအား သမာဓိပျက်စီးခြင်း ဖြစ်၏။

၅။ နောင်လာနောက်သားတို့ အတုလိုက်၏ ဟူ၍ ငါးမျိုးတို့ ဖြစ်ကုန်၏။

(ဂီတဿရသုတ် - ပဉ္စက - အင်္ဂုတ္တရ)

"အဲဒီလို ဖတ်ဖူးထားတယ်ဘုရား၊ ယခု သူတို့ဟောတာ ဝိပဿနာသာဆိုတယ်၊ ဘယ်မှာလဲ၊ အသံနေ အသံထားနှင့် ဆွဲဆွဲငင်ငင်ဟောတယ်၊ မင်းသားကျနေတာပဲ ဆိုတာကိုများ သဘောကျနေသလား မသိဘူးဘုရား"

အင်း ... တရားဟောသူသည် အထူးသဖြင့် အများအား ယဉ်ကျေးအောင် ညွှန်ပြသူ ဖြစ်၏။ သို့ဖြစ်၍အောက်ပါ ဘုရားရှင်၏ အဆုံးအမ နှစ်ဂါထာကို အမြဲရွတ်သင့်၏။

"မိမိကိုယ်ကိုသာလျှင် ရှေးဦးစွာ လျောက်ပတ်သောအကျင့်၌ သွင်းထားရာ၏။ ထိုနောက်မှ သူတစ်ပါးကို ဆုံးမရာ၏၊ ပညာရှိသည် မညစ်ညူးစေရာ"

(အတ္တဝဂ် - ဓမ္မပဒ)

"အကြင်အကျင့်ဖြင့် သူတစ်ပါးကို ဆုံးမ၏၊ ထိုအကျင့်ဖြင့် မိမိကိုယ်ကို ပြုရာ၏၊ မိမိ ယဉ်ကျေးသည် ဖြစ်၍ စင်စစ် ဆုံးမရာ၏၊ သင့်စွ၊ မိမိကိုယ်သည် သူတစ်ပါးကို ဆုံးမသည်ထက် ခက်သတတ်"

(အတ္တဝဂ် - ဓမ္မပဒ)

"နို့ ဒကာကြီး တရားပွဲတွေ အစအဆုံး အပြီးတိုင် နာကြားတယ် မဟုတ်လား"

"တပည့်တော်က "နိစ္စ ဂီတ ဝါဒိတ" သိက္ခာပုဒ်အဆုံးအဖြတ် ဖတ်ဖူးထားတာပဲဘုရား၊ ဘယ်အစအဆုံး နာမလဲ၊ မဟန်လျှင် ထပြန်တာပဲပေါ့"

"တယ်လာပါလား ဒကာကြီး၊ လင်းစမ်းပါဦး၊ ဘယ်လိုများ ဖတ်ဖူးထားသလဲ"

"ဒီလို ဖတ်ဖူးထားတယ်ဘုရား"

"ရှစ်ပါးသီလ၊ ဆယ်ပါးသီလကို ဆောက်တည်ထားသူသည် ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကစားခြင်းစသည်တို့ကို မိမိကိုယ်တိုင်လည်း မပြုအပ်၊ သူတစ်ပါးတို့ကိုလည်း မပြုစေအပ်၊ သူတစ်ပါးတို့ပြုသည်ကိုလည်း ကြည့်ရှုနားထောင်ခြင်းငှာ မသွားအပ်၊ အယုတ်သဖြင့် ဥဒေါင်းကခြင်း၊ မျောက်ကခြင်း၊ လေချွန်ခြင်း၊ လက်ခုပ်တီးခြင်း စသည်ကိုမူလည်း မကြည့်ရှု မနာခံအပ်၊ ပါရမီခန်း၊ ဘုံခန်း၊ ဘုရားဟော ဇာတ်နိပါတ် ဝတ္ထုသက်သေများကို တဏှာဖြစ်စေသောငှာ အေးအေးယဉ်ယဉ် ဆွဲငင်၍သီချင်းသံကဲ့သို့ အသံကို ပြုပြင်၍ မိမိလည်း မရွတ်မဟောအပ်၊ သူတစ်ပါးတို့ကိုလည်း မရွတ်စေ၊ မဟောစေအပ်၊ သူတစ်ပါးတို့ ဟောရွတ်သည်ကိုလည်း မနာခံအပ်၊ ကြည့်ရှုနာခံသူအား "နိစ္စ ဂီတ ဝါဒိတ" သိက္ခာပုဒ်ပျက်၏။

(သစ္စပါရဂူ)

"နို့ ဟောတဲ့ ဓမ္မကထိကလည်း သိက္ခာပုဒ်ပျက်နေပေါ့"

"သူကတော့ သိလျက်သား ဟောသလား၊ သို့မဟုတ် မသိလို့ဘဲ ဟောသလားတော့ မသိဘူးဘုရား၊ ကိုယ်က သိနေတော့ အကျိုးရချင်ရင် ရချင်သူက ရှောင်ရမှာပေါ့"

တရားဟော၍ သာသနာပြုသူသည် ယင်းသို့ ပညာရှိများထံမှ ပြန်လာသော ပဲ့တင်သံကို အထူးဂရုပြုသင့်၏။ ဘုရားရှင်၏ သာသနာပြုလွှတ်ခန်းပါ တရားဟောနည်း ညွှန်ကြားချက်ကိုလည်း ဦးထိပ်ရွက်ပန်ဆင် လိုက်နာသင့်၏။

"ရဟန်းတို့၊ သင်တို့သည် အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံလျက် အနက်၊ သဒ္ဒါ၊ ပုဒ်၊ ပါဠ်၊ အက္ခရာနှင့် ပြည့်စုံသော တရားကို ဟောကြားကြကုန်လော့၊ အပိုအလိုမရှိ ထက်ဝန်းကျင် ပြည့်စုံသော ဒုစရိုက် အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သော သီလ၊ သမာဓိ၊ ပညာသုံးပါးသိက္ခာ သာသနာတော်တည်းဟူသော မြတ်သောအကျင့်ကို နတ်လူတို့အား ထင်ရှားပြကြကုန်လော့"

(မဟာဝါဝိနယ)

သို့မဟုတ်ပါက မိမိတို့ ဟောပြောမှုဖြင့် သာသနာပြုခြင်းသည် မအောင်မြင်ဘဲ မိမိတို့ထံသို့ ပညာရှိများထံမှ မကောင်းသော ပဲ့တင်သံ ပြန်လာမှာ အမှန်ပင်ဖြစ်၏။

"နို့ ဒကာကြီးတို့ရွာမှာ စက်တွေ အပေါ်သားပဲ၊ အသံကော ဖမ်းမထားကြဘူးလား"

"တချို့လည်း ဆုံးအောင်ဖမ်းမထားဘူး။ တချို့တော့လည်း ဆုံးအောင် ဖမ်းထားတယ်၊ ဒါပေမဲ့ တစ်ခါမှ ပြန်ဖွင့်သံမကြားဘူး၊ နောက် မကြာမီ အဲဒီတရားပွဲတွေအပြီးမှာ ဣန္ဒြေရရဟောထားတဲ့ လူဓမ္မကထိကတစ်ဦးရဲ့ ကြိုးခွေတွေ ရောက်လာတယ်၊ ဟိုတရားကြိုးခွေတွေ ဖျက်ပြီး ကူးဖွင့်ကြတာ တစ်ရွာလုံးကို ညံရောပဲ၊ ခုတောင် ပြောမဆုံးဘူး၊ ဟိုတရားပွဲတွေကတော့ "ကောက်ရိုးမီးပဲ" ပွဲပြီး မီးသေပေါ့၊ ယခု လူဓမ္မကထိက တရားကတော့ "ဖွဲမီးပဲ" ပြောရမလား မသိဘူးဘုရား"

အင်း... သာသနာပြု... သာသနာပြုနဲ့ နာမည်ကတော့ ကောင်းတယ်၊ ဒါပေမဲ့ သာသနာပြုပုဂ္ဂိုလ် တော်တော်များများဟာ "သာသနာဆိုတာ ဘာလဲ" "ပြုတာဆိုတာ ဘာလဲ" လို့ သာသနာနှင့်ပြုတာ ကွဲပြားဟန်မရှိဘူးနဲ့ တူတယ် ဒကာကြီးရဲ့"

"ဟုတ်တယ်ဘုရား ဟုတ်တယ်၊ ကိုယ်လုပ်တဲ့အလုပ် ကိုယ်ဘာမှန်းမသိဆိုတာ အဲဒါမျိုးပေါ့"

"ကဲ ... တော်လောက်ပြီ ဒကာကြီး၊ ကိစ္စရှိတာ ဆောင်ရွက်ပေတော့"

✦ သာသနာပြု ပုဂ္ဂိုလ်စု အပြုသာသနာ ကွဲစေသော်။

✦ မကွဲပြားက ကဲ့ရဲ့ရ ပြုရအကျိုး မထင်ပေါ်။

# တုံးဟာ တုံးပေါ့

## (၁၀)

တစ်ချိန်သော နွေကာလက မိမိသည် ပဏ္ဍာသမဏ ဦးပဉ္ဇင်းကြီးတစ်ပါးနှင့် တရားဌာနတစ်ခုသို့ အလေ့အလာသွား၏။ မိမိတို့မှာ လေ့လာရေးသမားများဖြစ်၍ ဆရာတော်အားလျှောက်ထားပြီး လေ့လာချင်တာကို လေ့လာနေ၏။ တခြားယောဂီများနှင့် နီးနောမိခြင်းမရှိပေ။ တခြားယောဂီတွေ ဘယ်အချိန် ဘာလုပ်သည်ဟုလည်း မသိပေ။ ယင်းဌာနတွင် ကြေးမောင်းခေါက်သည့်အခါလည်း ရှိ၏။ တုံးခေါက်သည့် အခါလည်းရှိ၏။ ဘာအထိမ်းအမှတ်နှင့် ခေါက်ကာဟူ၍ မိမိတို့မသိ။ အမှတ်လည်း မထား။ မိမိတို့လေ့လာစရာများကိုသာ လေ့လာနေပေသည်။ တစ်နေ့မိမိ၏ပဏ္ဍာသမဏ ဦးပဉ္ဇင်းကြီး ကျောင်းပြင်ထွက်သွား၏။ ခဏကြာ၍ ပြန်လာသောအခါ မျက်နှာမရွှင်ပျပေ။ ရောက်မဆိုက်ပင် မိမိအား ေ      လျှာက်ထား၏။

"အရှင်ဘုရား၊ တရားဌာနက လူတွေဟာ ဒီလိုပဲလားဆရာ"

"ဘာလဲ ဦးပဉ္ဇင်းကြီးရဲ့ ဘာတွေ့ခဲ့လို့လဲ"

"တပည့်တော် တရားဌာနတွေ လျှောက်လေ့လာတာ တရားဌာနပါဆို သုံးဌာနရှိပြီပေါ့၊ ဒီလိုချည်းပဲတွေ့တယ်"

ဦးပဉ္ဇင်းကြီးမှာ ဆရာဝန်ကြီးဘဝမှ ပင်စင်ယူပြီး ပဉ္ဇင်းမဝတ်မီ တရားဌာနတွေ လိုက်လေ့လာ၏။ သဘောကျသော တရားဌာနတစ်ခုတွင် ပထမလူဝတ်နှင့် တရားအားထုတ်၏။ နောက် ရဟန်းဝတ်နှင့် အားထုတ်၏။ သို့စဉ် မိမိနှင့်တွေ့၍ လေ့လာရန် လိုက်ချင်သည်ဆို၍ ပဏ္ဍာသမဏအဖြစ် ခေါ်လာခဲ့ခြင်းဖြစ်၏။

"ဘာတွေ့ခဲ့သလဲ၊ ပြောစမ်းပါဦး"

"တပည့်တော်က ဒီတရားဌာနမှာ "တုံး" ခဏခဏခေါက်နေတော့ ဘာအထိမ်းအမှတ်နဲ့ ခေါက်တာလဲလို့ သိချင်တယ်၊ အပြင်ထွက်ခိုက် တုံးခေါက်တာနဲ့ ကြုံနေတာနဲ့၊ တုံးခေါက်တဲ့ ကိုရင်ကြီးကို မေးကြည့်မိတယ်"

"ကိုရင်ကြီး တုံးဟာ ဘာတုံးလဲ"

"တုံးဟာ တုံးပေါ့၊ ဘာတုံးရမှာလဲ"

"ဘာအဝ  ခေါက်တဲ့တုံးလဲလို့ မေးတာပါ ကိုရင်ကြီးရဲ့"

"ကိုရင်ကြီးဟာ ဘာမှပြန်မပြောဘဲ မျက်နှာမကြည်မသာနဲ့ အလိုမကျတဲ့ အမူအရာပြကာ သူသွားလိုရာဘက်သို့ ထွက်သွားတယ်၊ တပည့်တော် စိတ်မကောင်းဘူးဘုရား"

"စိတ်မကောင်းမရှိနဲ့ ဦးပဥ္ဇင်းကြီး၊ သူတို့ တုံးခေါက်တဲ့ အဓိပ္ပာယ်က အားလုံးစုစုပေါင်းတရားအားထုတ်ဖို့ တုံးလားမှ မသိတာဘဲ၊ တစ်နာရီတစ်ခါ ခေါက်နေတာ၊ တပည့်တော်တို့နှစ်ပါးက သူတို့နဲ့မရောဘဲ သီးခြားနေတော့ တုံးခေါက်သူက ကျေနပ်ဟန်မတူဘူး၊ ဒါကြောင့် မကျေနပ်တဲ့ အမူအရာ ပြတာနဲ့တူတယ်"

မိမိမှာ အတိအကျ အမှန်ကိုမသိပေ။ ဦးပဥ္ဇင်းကြီး စိတ်ချမ်းသာစေရန်သာ မှန်းဆ၍ ပြောရ၏။

"တပည့်တော် လူဝတ်နဲ့တုန်းကလည်း ကြုံတယ်၊ ပထမတစ်ခါ တပည့်တော်ဇနီးလည်း ပါတယ်၊ တပည့်တော်က စွပ်ကျယ်အင်္ကျီလေးဝတ်ပြီး လိုက်လေ့လာတယ်"

"ဦးပဥ္ဇင်းကြီးက ဖာတစ်လုံးခေါင်းကျား လုပ်တာပေါ့လေ"

"ဒီသဘောတော့ မဟုတ်ပါဘူးဘုရား၊ တပည့်တော်က စွပ်ကျယ်အင်္ကျီနဲ့ပဲ အနေများတော့ သွားတော့လည်း အဲဒီအတိုင်းပဲ သွားတာပေါ့၊ တရားဌာန တစ်ခုရောက်တယ်၊ ဆရာတော်က ရေချိုးနေတယ်၊ ဒါနဲ့ တပည့်တော်တို့နှစ်ယောက် ထိုင်စောင့်နေတယ်၊ ရေချိုးပြီး ကြွလာတော့ ရှိခိုးဦးချတယ်၊ ဘာတစ်လုံးမှ မမေးမပြောဘူးဘုရား၊ တပည့်တော်တို့လည်း ဘာတစ်လုံးမှ မလျှောက်တတ်၊ နောက် ကျကျနနဝတ်စားလာတဲ့ ဒကာ၊ ဒကာမတွေလာတော့ ရွှင်ရွှင်ပျပျနဲ့ မေးလိုက်စမ်းလိုက်တာ စုံလို့ပဲဘုရား၊ တပည့်တော်တို့လည်း စိတ်ပျက်တာနဲ့ ပြန်လာခဲ့တယ်၊ နောက်လည်း တစ်ခါမှ မရောက်တော့ဘူး"

"ဒါက ဖြစ်တတ်တဲ့သဘောပဲ၊ အခန့်မသင့်လို့လည်း ဖြစ်မှာပေါ့၊ ကိုယ်ကလည်း လူစိမ်းဖြစ်နေတာကိုး"

"ဒုတိယတစ်ခေါက်တော့တပည့်တော်တစ်ယောက်တည်းပဲစွပ်ကျယ်အင်္ကျီနဲ့ပဲတရားဌာနတစ်ခုသွားတယ်၊ ရောက်တော့ ဓမ္မာရုံမှာရှိနေတဲ့ ကပ္ပိယကို ရှိရှိသေသေပဲ တပည့်တော် မေးတယ်"

"ဆရာတော် ဘယ်ကျောင်းမှာ သီတင်းသုံးပါသလဲ"

"ဘာကိစ္စလဲ၊ ဘာလုပ်မလို့လဲ"

မချေမင် အမူအရာ၊ မာကျောတဲ့ အပြောအဆိုနဲ့ ဆက်ဆံပြောတယ်၊ တပည့်တော်လည်း သည်းခံပြီး ပြန်ဖြေတယ်။

"ဆရာတော်နဲ့ တွေ့ချင်လို့ပါ"

"ဟိုကျောင်းကိုသွား၊ အဲဒီမှာ ဆရာတော်ရှိတယ်"

"တပည့်တော်လည်း သူညွှန်ပြတဲ့ ကျောင်းလာတယ်၊ ရောက်ရောက်ချင်းပဲ ဆရာတော်နဲ့ အခန့်သင့်တွေ့တယ်၊ ဆရာတော်က ကိစ္စမေးတယ်၊ တပည့်တော်လည်း လျှောက်ထားတယ်၊ အားလုံးပြေလည်သွားတယ်၊ စိတ်သက်သာရလည်း ရသွားတယ်၊ နို့မဟုတ်လျှင် တပည့်တော် ခုထက်ထိအောင် တရားအားထုတ်ဖြစ်မှာ မဟုတ်သေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပထမတရားဌာနက နာမည်ကြီးလို့သွားတာ၊ ဒုတိယက သူငယ်ချင်းတွေက ညွှန်းလို့သွားတာ၊ ဒီနှစ်ခုမှ မဟန်လျှင် လန်ဖို့ပဲ ပေါ့ဘုရား"

"ဒီလိုပါ၊ လူ့လောကမှာ ရာထူးရှိတဲ့လူက မရှိတဲ့လူကို၊ ပညာရှိတဲ့လူက မရှိတဲ့လူကို၊ ပစ္စည်းရှိတဲ့လူက မရှိတဲ့လူကို၊ လှတဲ့သူက မလှတဲ့သူကို အထင်သေးပြီး အောက်ချဆက်ဆံသလိုပေါ့၊ တရားဌာနက အချို့ယောဂီတွေလည်း သူတို့ကိုယ်သူတို့ တရားရှိတဲ့လူလို့ ထင်ထားတာ၊ အပါယ်တံခါးပိတ်ပြီ ထင်ထားတာ၊ ယခုမှ လာတဲ့သူကို တရားမရှိဘူး၊ အပါယ်ကျမယ့် အပါယ်စာသတ္တဝါပဲဆိုပြီး အထင်သေးလို့ အပေါ်ကနေပြီး မာကျောကျောနဲ့ ဆက်ဆံတာနဲ့ တူတယ်"

"ဪ ... ဒီလိုလား၊ ဒီလိုဆို တော်သေးတာပေါ့ဘုရား၊ တပည့်တော်က မျက်နှာကြီး မျက်နှာငယ်ရွေးပြီး ဆက်ဆံတယ်မှတ်လို့"

မိမိမှာ ဦးပဥ္စင်းကြီး သက်သာရာရကြောင်း ကြံဖန်မှန်းဆ၍ ပြောလိုက်ရ၏။ သူတို့၏ အပြုအမူကမူ ဘယ်လိုသဘောထားကြောင့် ထိုသို့ပြုမူသည်ကို အတပ်သိ၍တော့ မဟုတ်ပါ။

"မျက်နှာကြီးငယ် ရွေးဆက်ဆံရင် ဒီတရားဌာနက ပြတဲ့တရားကလည်း ဘယ်မှန်မှာလဲ၊ တရားမှန်လျှင် တစ်သားတည်း နေရမှာပေါ့။ အပြောအဟောတစ်မျိုး အလုပ်တစ်မျိုးဆို ဘယ်ဟုတ်မလဲ"

"တရားဌာနတစ်ခု တော်တော်နာမည်ကြီးတယ်ဘုရား၊ မျက်နှာကြီး မျက်နှာငယ်ရွေးတာ"

မိမိသည် ရှေ့သို့ စကားမဆက်တော့ဘဲ ယင်းအဖြစ်အပျက်နှင့် လျော်သော ဘုရားရှင်၏ တရားအစဉ်တို့ကို စဉ်းစားနေမိ၏။ သို့စဉ်းစားစဉ် မိမိဉာဏ်တွင် ဘုရားရှင်၏ တရားအစဉ်တို့ ထင်မြင်လာ၏။ ဦးပဥ္စင်းကြီးတော့ သိကြားဟန် မတူတော့ပါ။

"သူတစ်ပါးတို့ မလျော်သော အမူတို့ကို မရှုမဆင်ခြင်ရာ၊သူတစ်ပါးတို့၏ ကောင်းသောအမူ၊ မကောင်းသော အမူ ပြု မပြုကို မရှုမဆင်ခြင်ရာ၊ မိမိ၏သာလျှင် ဤကောင်းမှုတို့ကို ပြုမိလေကုန်၏လော၊ မပြုမိလေကုန်၏လောဟူ၍ ရှုဆင်ခြင်ရာ၏"

(ပုပ္ဖဝဂ်၊ ဓမ္မပဒ)

"ပြုသင့်၊ ပြုထိုက်သော ဒါန၊ သီလ၊ ဘာဝနာအမှုတို့ကို မပြုဘဲ စွန့်ပစ်၍ မပြုသင့် မပြုထိုက်သော မာနထောင်ခြင်း စသော အမှုကို ပြု၏။ မာနဟူသော ကျူကိုထောင်ကုန်သော မေ့လျော့ကုန်သောသူတို့အား အာသဝေါတရား တိုးပွားကုန်၏။

(ပကိဏ္ဏကဝဂ်၊ ဓမ္မပဒ)

"ငါကာကိုယ်ဖို့၊ ဤသို့မသင့်၊ ထိုသို့သင့်ဟု၊ နှုတ်ဖြင့်စာစာ၊ တစ္စာစွာနှင့်၊ ဆရာကတော်၊ မည်ခေါ်မှတ်ပြု၊ အနုသာသိက၊ ဆက်ရက်မသို့၊ သူများကိုသာ၊ စီရင်ကာလျှင်၊ ကိုယ့်မှာသော်ကား၊ မကျင့်ဘြားဘဲ၊ တရားလက်ရှိ၊ တရားသိတို့၊ ဂဝိလိုက်ထ၊ အပါယ်ကျလိမ့်၊ မီးပြသမား၊ တွင်းကျွံများသို့၊ တရားသိလျက်၊ ဂဝိလိုက်ကာ၊ မမိုက်ရာဘူး၊ ခန္ဓာအသက်၊ သေပျက်အရေး၊ သားသွေးလို့မူ၊ ဂဝိပြုလည်း၊ မရှုတရား၊ အမိုက်အားဖြင့်၊ အမှားမျှသာ၊ လိုက်မညှာနှင့်၊ ပညာသတိ၊ မြဲဘိမယို၊ စောင့်သောကိုယ်ဖြင့်၊ သူ့ကို နိစ္စ၊ ချင့်ဆုံးမလော့။

(မဃဒေဝ - ၃၉၄)

- ✦ တရားရှိသူ၊ ကိုယ်နှုတ်မှု၊ စိတ်ဖြူယဉ်ကျေးရမည်နော်။
- ✦ မျက်နှာကြီးငယ်၊ မရွေးချယ်၊ တူကွယ် ဆက်ဆံရမည်နော်။

# ဆိုင်းမထည့်တော့ဘူး

## (၁၁)

ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် ဖြဟ္မာမင်းက တရားဟောတော်မူရန် တောင်းပန်လျှောက်ထားသဖြင့် တရားဟောရန် ဝန်ခံလိုက်ပြီးသော် သတ္တဝါတို့ကို ကြည့်တော်မူလေ၏။

"ငါသည် အဘယ်သူ့အား ပထမဦးဆုံး တရားဟောရအံ့နည်း၊ အဘယ်သူသည် ငါဟောသော ဤ- -ရားကို လျင်မြန်စွာ သိအံ့နည်း"

(ဗောဓိရာဇကုမာရသုတ်၊ မဇ္ဈိမပဏ္ဏာသ)

တရားဟောသူသည် ဘုရားရှင်၏ ယင်းသို့ ကြည့်ရှုခြင်းကိုသတိပြုသင့်၏။ မိမိတို့မူကား ယင်းသို့ ကြည့်တတ်သည့် ဉာဏ်စွမ်းမရှိပါပေ။ သို့သော် သိသူ၊ ဉာဏ်ရှိသူ၊ ပြောလွယ်ဆိုလွယ် ရှိသူများကို ရည်မှန်း၍အမှားကို အမှားဟု၊ အမှန်ကိုလည်း အမှန်ဟု ဘုရားရှင်၏ ဒေသနာတော်အတိုင်း တိကျပြတ်သားစွာ ခွဲခြား၍ ဟောကြားသင့်၏။ ဘုရားရှင်ကလည်း ယင်းအချက်ကို ရည်ရွယ်၍ တရားဟောပြီး သာသနာပြုရန် စေလွှတ်စဉ်က မိန့်မှာလိုက်၏။

"ရဟန်းတို့ - ဉာဏ်မျက်စိ၌ ကိလေသာမြူမှုန် နည်းပါးကုန်သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့သည် များစွာရှိ၏။ ထိုသူတို့သည် တရားတော်ကို မနာကြားရလျှင် မဂ်ဖိုလ်တရားအထူးကိုရခြင်းမှ ဆုံးရှုံးနစ်နာကြပေလိမ့်မည်။ တရားအချက် သဘောနက်ကို ပြက်ပြက်ထင်ထင်နားလည်သိမြင်ကြမည့် နတ်လူတို့သည်လည်း အထင်အရှား ပေါ်ပေါက်လာကြပေလိမ့်မည်"

(မဟာဝါ ဝိနယ)

"ဉာဏ်မျက်စိ၌ ကိလေသာမြူမှုန် နည်းပါးသူဟူသည်မှာ ယုံကြည်မှုသဒ္ဓါ၊ အားထုတ်အပ်သော ဝီရိယ၊ အာရုံသို့ ကပ်၍ တည်သောသတိ၊ ကောင်းစွာ အာရုံ၌ ထားအပ်သော သမာဓိနှင့် အသိပညာရှိသူကို ဆိုသည်"

ယင်းပုဂ္ဂိုလ်မျိုးသည် တရားပွဲတိုင်းတွင် အနည်းစုအနေနှင့် ပါဝင်သည်သာဖြစ်၏။ တရားဟောသူသည် ယင်းအနည်းစုကို ချိန်၍ တစ်ယောက်လိုက်နာလျှင် တော်လောက်ပြီဟု ချိန်ဟောသင့်၏။ မှန်၏။ မိမိသည် တစ်ချိန်က ရွာတစ်ရွာတွင် ယင်း

သို့ ချိန်၍ ဟောၐ်။ တရားပွဲမှာ ဝိပဿနာတရားပွဲဖြစ်ၐ်။ ရက်များ၍ တရားကို စုံလင်အောင် ဟောၐ်။ ယင်းတွင် ကံလေးမျိုးကို ထည့်၍ ဟောၐ်။

၁။ အမည်းကံ

၂။ အဖြူကံ

၃။ အမည်းအဖြူ ရောတဲ့ကံ

၄။ အမည်းအဖြူ မရောတဲ့ကံဟူ၍ ကံလေးမျိုးရှိတယ်၊ အဲဒီကံလေးမျိုးတွင်...

၁။ အမည်းကံဆိုတာက အကုသိုလ်ကံကို ခေါ်တယ်၊ သူက မကောင်းကျိုးကို ပေးမယ်။

၂။ အဖြူကံဆိုတာက ကုသိုလ်ကံကို ခေါ်တယ်၊ သူက ကောင်းကျိုးကို ပေးမယ်။

၃။ အမည်းအဖြူရောတဲ့ ကံဆိုတာက ကုသိုလ်နှင့်အကုသိုလ် ရောပြွတဲ့ကံကို ခေါ်တယ်။ ဥပမာ - အလှူလှူ တယ်၊ ဆိုင်းထည့်တယ်ဆိုရင် အလှူဆိုတဲ့ အဖြူကံနဲ့ ဆိုင်းဆိုတဲ့ အမည်းကံ ရောပြွတယ်ခေါ်တယ်၊ အကျိုးပေးတော့ ဝေမာနိက ပြိတ္တာမျိုး၊ နဂါး၊ ဂဠုန်၊ လူညံ့၊ နတ်ညံ့မျိုး အကျိုးပေးတယ်။

၄။ အမည်းအဖြူ မရောတဲ့ကံဆိုတာက အမည်းကံ၊ အဖြူကံနှင့် အမည်းအဖြူမရောတဲ့ကံတွေကို ကုန်စေနိုင်စွမ်းရှိတဲ့ ဝိဝဋ္ဋကုသိုလ်ကံ၊ ဝိပဿနာမဂ်ကံကို ခေါ်တယ်။

စသည်ဖြင့် မိမိသည် မဇ္ဈိမပဏ္ဏာသလာ ကုက္ကုရဝတိက သုတ္တန်ကို အကျယ်တဝင့်နစ်ရက်ဟောပြောၐ်။ နောက်နေ့တွင် မိမိထံသို့ ရင်းနှီးသော ဒကာတစ်ယောက် ရောက်လာလျှောက်လာၐ်။

"ဦးပဥ္စင်း၊ ဟိုကောင်တော့ စိတ်ပြောင်းသွားပြီ"

"ဘယ်ကောင်လဲ၊ ဘယ်လိုစိတ်ပြောင်းသွားလဲ"

"(သူ)ပေါ့ ဦးပဥ္စင်း၊ သိပ်အပြောရခက်တဲ့ကောင်၊ တပည့်တော် တူတော်တာပေါ့"

"အင်း ... အဲဒါ ဘာဖြစ်လဲ၊ ပြောစမ်းပါဦး"

"မနေ့က ဦးပဥ္စင်းက ကံလေးမျိုးတရား ဟောပြီးတော့ တပည့်တော်ကို လာပြောတယ်"

"ဦးလေး ဒီဦးပဥ္စင်းကို ရအောင် ပင့်ပေးပါ"

"ဘယ်တော့လဲ၊ ဘာလုပ်ရအောင်လဲ"

"ကျွန်တော့်အလှူမှာ တရားဟောဖို့လေ၊ ကျွန်တော့်အလှူမှာ "ဆိုင်းမထည့်တော့ဘူး"၊ ဦးပဥ္စင်းက ဆိုင်းဆိုတာ အမည်းကံတဲ့၊ အလှူဆိုတာ အဖြူကံတဲ့၊ အလှူမှာ ဆိုင်းထည့်လျှင် အမည်းအဖြူ ရောတဲ့ကံဖြစ်တယ်တဲ့"

မိမိမှာ ယင်းသို့ တစ်ယောက်နစ်ယောက် သိ၍ လိုက်နာလျှင် ဟောရကျိုးနပ်ပြီဟု အနည်းကိုပဲ ငဲ့၍ဟောသည်။ ယခု ဟောရကျိုးနပ်ပြီကောဟု ဝမ်းသာမိၐ်။

"(သူ)က မနစ်ကတည်းက သူ့သားတွေ ရှင်ပြုဖို့ဘုရား၊ ဆိုင်းမထည့်နိုင်လို့ ဒီနစ်မှ လှူမယ်ဆိုပြီး ရွှေ့ထားတာ၊ ခု သူသိသွားတော့ ဆိုင်းမထည့်တော့ဘူးတဲ့၊ တရားပွဲနဲ့ လှူမယ်တဲ့"

"နေပါဦး၊ သူက ဘယ်လမှာ လှူမှာလဲ"

"တပို့တွဲလမှာ လှူမယ်ပြောတယ်"

"တပိုတွဲလတော့ ဦးပဥ္စင်းမအားဘူး၊ တန်ခူးလ အခါပြီးလောက်မှ အားမယ်"

"ဒါဖြင့် တပည့်တော် သူ့ပြောကြည့်ဦးမယ်ဘုရား"

"အေး ... ပြောကြည့်ပေါ့"

ဒကာကြီးသည် သူ့တူရှိရာသို့ ပြန်သွားပြီး အကျိုးအကြောင်း ရှင်းပြသည်။ စိတ်ထက်သန်နေခိုက်ဖြစ်၍ ပြောလွယ်ဆိုလွယ် ရှိဟန်တူ၏။ ဒကာကြီးသည် မကြာမီ ပြန်လာလျှောက်ထား၏။

"ဦးပဥ္စင်း အားတဲ့ရက်မှပဲ လှူမယ်တဲ့ဘုရား၊ တရားပွဲသာ ရက်များများ ဟောပေးပါတဲ့"

"အခါပြီးရင် ရက်များများရပါတယ်၊ ဟောပေးမယ်လို့ ပြောလိုက်၊ ရက်အတိအကျတော့ တပေါင်းလပြည့်ကျော်မှ ပေးလိုက်မယ်"

ယင်းသို့ သိလွယ်မြင်လွယ်သူများသည် တရားတစ်ပွဲ နှစ်ပွဲတွင် အနည်းစုအနေနှင့် ပါဝင်လျက်ရှိ၏။ ယင်းတို့သိရန် အကောင်းအဆိုး၊ အမှားအမှန် ခွဲခြားဝေဖန်၍ တိကျပြတ်သားစွာ ဟောဖို့ရန်မှာ ဟောသူများ၏ တာဝန်ပင်ဖြစ်၏။

မိမိသည် ယင်းသို့ အာမခံပြီး တန်ခူးလ အခါလွန်သော် (သူ့)အလှူအားအလှူမတိုင်မီ (၁၀)ည တရားဟောပေး၏။ တရားနာ ပရိသတ်က (သူ့)အား ကံကောင်းကြောင်း၊ တို့လှူသာ လှူခဲ့ရတယ်၊ ဒီလိုသေသေချာချာသိပြီး မလှူခဲ့ရကြောင်း၊ ညတိုင် ချီးမွမ်းစကားပြောကြားကြ၏။ (သူ) မှာ ယင်းသို့ ချီးမွမ်းစကားကြားရတိုင်း ဝမ်းမြောက်ရ၏။ သို့ဖြင့် (သူ့)တွင် မလှူခင်၊ လှူဆဲ၊ လှူပြီး (၃)ဌာနတို့၌ ဝမ်းအမြောက်ကြီးမြောက်၍ သွားပါ၏။ လောက်(ဒ်)စပီကာမှ ပြောပင်မချ။ တရားဟောရုံမျှ သုံး၏။

ဘုရားရှင်သည် ယင်းသို့ သိလွယ်သူများကို တရားဟောရန် စေလွှတ်ခြင်းဖြစ်၏။

> "ရှေးဘုရားတို့၌ ဆယ်ပါးသော ပုညကိရိယဝတ္ထုတို့၏ အစွမ်းဖြင့် ပြုအပ်ပြီးသော လွန်ကဲသော ကောင်းမှုရှိကုန်သော၊ ရင့်ကျက်ခြင်းသို့ ရောက်ကုန်သော ပဒုမ္မာကြာတို့သည် နေရောင်ခြည်နှင့် တွေ့ထိခြင်းကို တောင့်တကုန်သကဲ့သို့ တရားဟောခြင်းကိုသာလျှင် တောင့်တကုန်သော လေးပါဒရှိသော ဂါထာအဆုံး၌ အရိယာတို့၏ ဖြစ်ရာဘုံသို့ကပ်ရောက်ခြင်းငှာ ထိုက်ကုန်သော သတ္တဝါတို့သည် တစ်ဦးတစ်ယောက် မဟုတ်ကုန်၊ နှစ်ဦးနှစ်ယောက်လည်း မဟုတ်ကုန်၊ အသိန်းမက များစွာကုန်သော သတ္တဝါတို့သည် တရားတော်ကို သိနိုင်ကုန်၏"
>
> (သုတ်မဟာဝါ အဋ္ဌကထာ)

မိမိတို့သည် ဘုရားရှင်၏ ရည်ရွယ်ချက်အတိုင်း အရိယာတို့၏ ဖြစ်ရာဘုံသို့ ကပ်ရောက်အောင် မဟောနိုင်သော်လည်း အကုသိုလ် အကြမ်းစားတွေ ရှောင်ရှားပြီး တရားသမားဘဝသို့ရောက်အောင် ဟောနိုင်လျှင် တော်လှပြီဟု ရည်ရွယ်၍ပဲ ဟောရပါသတည်း။

✦ တစ်ကြိမ်ဟောက၊ တစ်ယောက်မျှ၊ သိက ဟောကျိုးနပ်သနော်"

# သူ့စိတ် ထောင်ကျနေတယ်တဲ့ဘုရား

## (၁၂)

တစ်ချိန်သော နေ့ကာလက မိမိသည် မြို့ကြီးတစ်မြို့ရှိ ကျောင်းတိုက်တစ်တိုက်တွင် တရားဟော တရားပြနေ၏။ ယောဂီအချို့နေ့ရော ညပါ အားထုတ်ကြ၏။ အချို့ကမူ ညဘက် တရားမနာမီ တစ်ချိန်သာ အားထုတ်ကြ၏။ မိမိသည် အားထုတ်သော ယောဂီများအား မေးစစ်၍ သူတို့နှင့် လျော်မည့် တရားများကို ရွေးချယ်၍ တရားဟောပေး၏။ သို့ဖြင့် ယောဂီများ တရားတိုးတက်ကြ၏။

အချိန်အစီအစဉ်မှာ နံနက်(၈)နာရီတွင် သီလပေး၍ ခေတ္တ မေးလျှောက်ခွင့်ပြု၏။ ညနေ(၄)နာရီတွင် တရားစစ်၍ ခေတ္တမေးလျှောက်ခွင့်ပြု၏။ ကျန်အချိန်များတွင်မူ အသီးသီး ကြိုက်နှစ်သက်သည့် ဣရိယာပုတ်နှင့် အားထုတ်ခွင့်ပြုထား၏။ ည(၇)နာရီမှ (၈)နာရီတွင်မူ စုပေါင်းထိုင်ကာ အားထုတ်ရ၏။ (၈)နာရီမှ (၉)နာရီအထိတွင်မူ တရားနာရ၏။

ယောဂီများမှာ အများအားဖြင့် ယခုမှ အားထုတ်ခါစ ယောဂီများသာလျှင် များ၏။ အချို့ယောဂီများမှာ မိမိတို့အတွေ့ အမြင် အသိကို မိမိအား မလျှောက်ရဲကြ။ ကြောက်နေကြ၏။ တချို့ကမူ စုံအောင် မလျှောက်တတ်ကြ။ တချို့တော့မူ ခရေစေ့တွင်းကျ စုံအောင် လျှောက်တတ်ကြ၏။ တစ်နေ့ နံနက် သီလပေးအပြီးတွင် ယောဂီတစ်ယောက်က လျှောက်၏။

"အရှင်ဘုရား (သူ)က ပြောနေတယ်ဘုရား၊ သူ့စိတ်ထောင်ကျနေတယ်တဲ့ဘုရား"

ထောင်ကျနေတယ်ပြောသော ယောဂီအား လက်ညှိုးညွှန်၍ လျှောက်ခြင်းဖြစ်၏။ တခြားယောဂီများက ဝိုင်းကြည့်ကြသည်။ (သူ)ကမူ အရယ်သန်၍ ရယ်နေ၏။ (သူ)သည် မိမိအား ကြောက်၏။ သို့နှင့် မိမိသည် (သူ)အား တိုက်ရိုက်မဖြေဘဲ မေးလျှောက်သူအားပင် တိုတိုပြောလိုက်၏။

"ပြောလိုက်(သူ့)ကို၊ စိတ်ထောင်ချလို့ မရဘူး၊ စိတ်ထောင်မကျဘူး၊ လူထောင်ကျတာလို့"

"ဒါဖြင့် တပည့်တော်(သူ့)ကို ဒီလိုပဲ ပြောလိုက်မယ်ဘုရား"

"ပြောလိုက်၊ အဲဒီလိုပဲ"

မိမိသည် ကိစ္စရှိသည်နှင့် ထပြန်လာခဲ့၏။ ယောဂီများ အသီးသီး တရားအားထုတ်ကျန်ခဲ့၏။ ညနေ တရားစစ်မေးပြီးသောအခါမှ (သူ့)အား တိုက်ရိုက်မေးကြည့်၏။

"စိတ်ထောင်ကျနေလို့ဆို၊ လွတ်ပြီလား"

"နဂိုက စိတ်ထောင်ကျနေတာမှတ်လို့၊ မနက်က ဦးပဥ္စင်းပြောတော့မှ ပြန်ရှုကြည့်လိုက်တော့ စိတ်ထောင်ကျတာ မဟုတ်၊ လူထောင်ကျတာ လို့ သိတယ်"

"အို ... ဘယ့်နှယ် တရားအားထုတ်ရအောင် ယောဂီတွေ လာပါဆို၊ ဘယ့်နှယ်ရာဇဝတ်မှုသင့်တဲ့ ထောင်သားခေါ် လာလဲ မသိဘူး၊ တရားဟောတဲ့ ဘုန်းကြီးရှေ့ပြောသမျှစကားတော့ နိုင်ငံကျော်မည်သာ မှတ်ပေတော့၊ စကားစပ်မိတိုင်း တရားပွဲထဲမှာ ထည့်ဟောမှာ"

"မလုပ်ပါနဲ့၊ မလုပ်ပါနဲ့ဘုရား ရှက်စရာကြီး"

"နားထောင်၊ စိတ်ထောင်မကျပုံ ပြောပြမယ်၊ အခါတစ်ပါး ဘုရားရှင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ နေတော်မူ၏။ ထိုအခါ နတ်သားတစ်ယောက် ညအခါ လာရောက်၍ ရှိခိုးလျှောက်၏။

"အဘယ်အရာသည် ပုဂ္ဂိုလ်သတ္တဝါကိုဖြစ်စေပါသနည်း၊ ထိုပုဂ္ဂိုလ်သတ္တဝါတို့၏ အဘယ်အရာသည် ပြေး သွားသနည်း၊ အဘယ်အရာသည် သံသရာသို့ ရောက်သနည်း၊ ပုဂ္ဂိုလ်သတ္တဝါသည် အဘယ်အရာမှ မလွတ်ပါ သနည်း"

"တဏှာသည် ပုဂ္ဂိုလ်သတ္တဝါကို ဖြစ်စေ၏။ ထိုပုဂ္ဂိုလ်သတ္တဝါတို့၏ စိတ်သည် ပြေးသွား၏။ ပုဂ္ဂိုလ်သတ္တဝါ သည် သံသရာသို့ ရောက်၏။ ပုဂ္ဂိုလ်သတ္တဝါသည် ဝဋ်ဆင်းရဲမှ မလွတ်"

(ဒေဝတာသံယုတ်)

"သဘောပေါက်လား"

"ပေါက်ပါတယ်ဘုရား"

"ပေါက်လျှင် ဆက်နားထောင်ဦး၊ စိတ်ပြေးသွားပုံ၊ မငြိမ်ပုံ စသည်ကို ပြောပြဦးမယ်"

"မြားသမားသည် ကောက်သောမြားကို ဖြောင့်အောင်ပြုလုပ်သကဲ့သို့၊ ရူပါရုံ စသည်တို့၌ တုန်လှုပ်ထ သော၊ လျှပ်ပေါ်လော်လီထသော၊ သမထဝိပဿနာတည်အောင် စောင့်နိုင်ခဲထသော၊ ဝိသဘာဂ အာရုံသို့သွား သည်ကိုတားမြစ်နိုင်ခဲထသော၊ မိမိစိတ်ကောက်ကို ပညာရှိသည် သမထဝိပဿနာဖြင့် ဖြောင့်စွာပြု၏"

(စိတ္တဝဂ်-ဓမ္မပဒ)

"ရေပိုး၊ ရေမှား ရေ၌ ငါးသည် ရေတည်းဟူသော တည်ရာမှထုတ်၍ ကြည်းကုန်း၌ တင်ထားအပ်သည်ရှိ သော် ရေကို အောက်မေ့ တဆွေ့ဆွေ့ခုန် တုန်လှုပ်သကဲ့သို့ မာရ်သည်ထားအပ်သော ကိလေသဝဋ်ကို ပယ်ခြင်းငှာ ကာမဂုဏ်၌ မြူးခုန်ပျော်ပါး ကျက်စားနေကျဖြစ်သော ဤစိတ်သည် ကာမဂုဏ်ဓာတ် တည်ရာ အရပ်မှ ထုတ်၍ ဝိပဿနာတည်းဟူသော ကြည်းကုန်း၌ တင်ထားအပ်သည်ရှိသော် ကာမဂုဏ်အာရုံတို့ကို တအောက်မေ့မေ့ တဆွေ့ဆွေ့ခုန် တုန်လှုပ်လေ၏"

(စိတ္တဝဂ်-ဓမ္မပဒ)

"နှိပ်နင်းနိုင်ခဲထသော၊ လျင်မြန်စွာဖြစ်ခြင်း၊ ချုပ်ခြင်းရှိထသော၊ မျိုးနွယ်နိမ့်မြင့် သင့် မသင့်ကို မချင့်တွက် တတ်သော၊ အမှတ်မရှိသော ကာမဂုဏ်၌ ကျလေ့ရှိထသော စိတ်ကို ဆုံးမသူအား ကောင်း၏၊ ဆုံးမ၍ ယဉ်ကျေး သောစိတ်သည် ချမ်းသာသုံးချက်ကို ရွက်ဆောင်တတ်၏။

(စိတ္တဝဂ်-ဓမ္မပဒ)

"အလွန်မြင်နိုင်ခဲထသော၊ အလွန်လည်း သိမ်မွေ့ထသော၊ မျိုးနွယ်နိမ့်မြင့် သင့်မသင့်ကို မချင့်တွက်တတ် အမှတ်မရှိသော ကာမဂုဏ်၌ ကျလေ့ရှိထသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်၍ လုံခြုံသော စိတ်သည် ချမ်းသာသုံးချက်ကို ရွက်ဆောင်တတ်၏"

(စိတ္တဝဂ်-ဓမ္မပဒ)

"ဝေးသောအရပ်၌ တည်သော အာရုံသို့လည်း သွားတတ်သော၊ တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်ထသော၊ ကိုယ်လည်း မဟုတ်ထသော ၊ မဟာဘုတ်တည်းဟူသော လိုဏ်လျှင် တည်ရာရှိထသော၊ စိတ်ကို စောင့်စည်းနိုင်သူတို့သည် ကိလေသာအနှောင်အဖွဲ့မှ လွတ်ကုန်လတ္တံ့"

(စိတ္တဝဂ်-ဓမ္မပဒ)

"ဒါဖြင့် ဘုရား လူကို တရားကျောင်းမှာ ထောင်ချပြီး စိတ်ကို ခန္ဓာကိုယ်ထဲမှာ ထောင်ချရမယ်ပေါ့"

"အေးအေး ... ဟုတ်ပြီ ဟုတ်ပြီ၊ ဒါနဲ့ စပ်မိပြီး ပြောပြဦးမယ်၊ နားထောင်ဦး"

"ရှေးက အရှင်မြတ်သုံးပါး - "ကာမဝိတက် အစရှိသော အကုသိုလ်အကြံအစည်များကို မကြံစည်စတမ်း" လို့ ကတိကဝတ်ထားပြီး တောကျောင်းတစ်ကျောင်းမှာ ဝါဆိုကြတယ်၊ သီတင်းကျွတ်တော့ အကြီးအရှင်မြတ်က အငယ်ဆုံး အရှင်မြတ်ကို မေးတယ်။

"ငါ့ရှင် ... ဤဝါတွင်းသုံးလ ကာလအတွင်းဝယ် အဘယ်မျှသော အရပ်၌ စိတ်အား ပြေးသွားဖြစ်ပွားခွင့်ကို ပေးအပ် သနည်း"

"အရှင်ဘုရား ... တပည့်တော်သည် ဤဝါတွင်းသုံးလ ကာလအတွင်းဝယ် ကျောင်းပရိဝုဏ် အပိုင်းအခြားမှ အပြင် အပ၌ စိတ်အား ပြေးသွားဖြစ်ပွားခွင့်ကို မပေးခဲ့ပါ"

တစ်ဖန် အကြီးအရှင်မြတ်က အလတ်အရှင်မြတ်အား မေး၏။ အလတ်အရှင်မြတ်က ပြန်ဖြေသည်။

"အရှင်ဘုရား ... တပည့်တော်သည် ဤဝါတွင်းသုံးလ ကာလအတွင်းဝယ် မိမိနေသော ကျောင်းခန်းအတွင်းမှ အပြင်အပသို့ စိတ်အား ပြေးလွှားထွက်သွားခွင့်ကို မပေးခဲ့ပါ"

အရှင်မြတ် အငယ်နှစ်ပါးက အရှင်မြတ်ကြီးအား တစ်ဖန် မေးလျှောက်၏။

"အရှင်ဘုရား ... အရှင်ဘုရားသည် ဤဝါတွင်းသုံးလအတွင်းဝယ် အဘယ်မျှသော အရပ်၌ မိမိစိတ်အား ပြေးသွားဖြစ်ပွားခွင့်ကို ပေးအပ်ခဲ့ပါသနည်း"

"ငါ့ရှင်တို့ ငါသည် ဤဝါတွင်းသုံးလ ကာလအတွင်းဝယ် မိမိ၏ ခန္ဓာကိုယ်အတွင်းမှ အပြင်အပသို့ စိတ်အား ပြေးလွှားထွက်သွားခွင့်ကို မပေးခဲ့ပါ"

"အရှင်ဘုရား ... အရှင်ဘုရားသည် ပြုနိုင်ခဲသော အမှုကို ပြုတော်မူအပ်ပါပေ၏"

(သက္ကပဉှသုတ်-အဋ္ဌကထာ)

"ယောဂီတို့လည်း အဲဒီလို ပြုနိုင်ခဲသောအမှုကို ပြုနိုင်ကြပါစေကုန်သတည်း။ ကဲ ... တော်ကြစို့။

✦ ကိုယ့်စိတ်နှစ်တွင်၊ စိတ်ကိုလျှင်၊ ယဉ်အောင် ဆုံးမနိုင်စေသော်။

# သူ့စောင်းဟောတယ်တဲ့ဘုရား

## (၁၃)

ဘုရားရှင်ဟောတော်မူသည့် သုတ္တန်တရားတော်တို့မှာ သတ္တဝါတို့၏ အလိုဆန္ဒအဇ္ဈာသယကို ကြည့်၍ ဟောထားခဲ့သော တရားတော်များဖြစ်၏။ ယင်းတရားတော်များကို မိမိတို့ ပြန်၍ ဟောသောအခါ တရားနာပရိသတ်အများတွင် တစ်ယောက်ယောက်၏အလိုဆန္ဒအဇ္ဈာသယနှင့်လည်းကောင်း၊ အဖြစ်အပျက်နှင့်လည်းကောင်း တိုက်ဆိုင်စမြဲ၊ တူညီစမြဲပင်ဖြစ်၏။

ယင်းသို့ တိုက်ဆိုင်တူညီရာတွင် မိမိတို့ ဟောပြောသူ မရောက်ဖူး၊ မဟောဖူးသေးသော အရပ်တွင်ဖြစ်ပါက "ဒီဘုန်းကြီး ငါ့အကြောင်းကိုသိ၍ ငါ့ကြည့်ဟောတယ်" လို့ အထင်ကြီးခံရတတ်၏။ ရောက်ဖူး၊ ဟောဖူး၍ အသိအကျွမ်းများသော အရပ်တွင်ဖြစ်ပါက "ဒီဘုန်းကြီး ငါ့စောင်းဟောတယ်" ဟု အပြောခံလေ့ရှိ၏။

မိမိသည် ယင်းအဖြစ်အပျက်မျိုးနှင့် တစ်ခါမက အခါများစွာ ကြုံရ၏။ ထိုတွင် မိမိနှင့်ရင်းနှီးသော ဒကာမကြီးတစ်ယောက်၏ ပြောဆိုမှုကို ပြပါအံ့။ တစ်ခါက မိမိသည် မြို့ကြီးတစ်မြို့တွင် လေးနေရာမျှ တရားဟော၏။ တချို့ပရိသတ်သည် လေးနေရာလုံးသို့ လိုက်၍ တရားနာ၏။ တစ်နေ့ ထိုတရားနာ ပရိသတ်ထဲမှ မိမိနှင့်ရင်းနှီးသော ဒကာမကြီးများတစ်စု ရောက်လာ၍ ရှိခိုးလျှောက်ထား၏။

"ဦးပဉ္စင်းကို ဒေါ်ဒေါ်က ပြောတယ်၊ သူ့စောင်းဟောတယ်တဲ့ဘုရား"

ဒေါ်ဒေါ်ဆိုသူမှာ မိမိအားအလွန်ကြည်ညိုသော ဒကာမကြီးတစ်ယောက်ဖြစ်၏။ လာပြောသူမှာ ဒကာမကြီးနှင့်အတူ တရားနာဖော်နာဖက် ရင်းနှီးသူချင်းပင် ဖြစ်၏။

"နေပါဦး၊ ဘယ်မှာဟောတုန်းကလဲ၊ ဘာတရားဟောတုန်းကလဲ၊ ပြောစမ်းပါဦး၊ သူ့ကို ဘယ်လိုစောင်းဟောသတဲ့လဲ"

"ဟိုတစ်နေ့ညကပေါ့၊ အမည်းကံ၊ အဖြူကံ၊ အမည်းအဖြူရောတဲ့ကံ၊ အမည်းအဖြူ မရောတဲ့ကံလို့ ကံလေးမျိုးဟောတဲ့ ညကပေါ့၊ အဲဒီကံလေးမျိုး တရားဟောတာ သူ့စောင်းဟောတယ်တဲ့ဘုရား"

"မဟုတ်ပါဘူး၊ ဦးပဉ္စင်း သူ့လည်း စောင်းမဟောဘူး၊ တခြား ဘယ်သူ့ကိုမှလည်း စောင်းမဟောဘူး၊ ဒီကံလေးမျိုးက လူတိုင်းနှင့်တူလို့ အမည်းအဖြူ အရောများလို့ မရောစေချင်တဲ့ဆန္ဒ၊ သိစေချင်တဲ့ဆန္ဒနှင့် အများအတွက် ဟောတာပါ"

"မသိဘူး၊ အဲဒါ ဒေါ်ဒေါ်ကတော့ ဦးပဥ္စင်းက သူ့စောင်းဟောတယ်ချည်းပဲ ပြောနေတာပဲ"

ဒကာမကြီးမှာ တရားလည်း အလွန်နာ၏။ အကင်းလည်းပါး၏။ ဆိုလိုရင်းမှာ သိလွယ်၏။ သူ့အဖြစ်နှင့် တိုက်ဆိုင်တူညီ၍ ပြောခြင်းမျှသာဖြစ်၏။ အပြစ်တင်လို၍ ပြောခြင်းမဟုတ်ပေ။

"သူ့ကိုဖြင့် ဘာဖြစ်လို့ စောင်းဟောရမှာလဲ၊ ဒီလောက် ရင်းနှီးနေတာပဲ၊ တည့်တည့်ပြောမှာပေါ့၊ အခုလည်း မဟုတ်တာ မမှန်တာကို မဟုတ်ဘူး၊ မမှန်ဘူး၊ မလုပ်နဲ့ ရှောင်လို့၊ ဟုတ်တာ မှန်တာကိုလည်း ဟုတ်တယ်၊ မှန်တယ် ကြိုးစားလုပ်စသည်ဖြင့် တည့်တည့်မှန်မှန်ပဲ ပြောဟောပေးနေတာပဲ၊ ယခုမှ သူများနေရာက တရားပွဲထဲမှာ စောင်းဟောပါ့မလား"

"တပည့်တော်လည်း အပြောသားပဲဘုရား၊ အဲဒီ ကံလေးမျိုးတရားက လူတိုင်းနှင့် တိုက်ဆိုင်နေတဲ့တရား၊ ဒေါ်ဒေါ် တစ်ယောက်တည်းနှင့်သာ တိုက်ဆိုင်တာ မဟုတ်ဘူးလို့"

"ဒါဖြင့် ဒကာမကြီးကို ဒီတရားဟောပေးလိုက်၊ ဒီတရားရှိနေရင် နောက်တစ်ခါ စောင်းဟောတယ်လို့ ပြောစရာ မလိုတော့ဘူးလို့လဲ ဦးပဥ္စင်းက ပြောတယ်လို့ပြောလိုက်"

"ကိုယ်၏ပျက်စီးခြင်းဟု ဆိုအပ်သော ကာယဒုစရိုက်သုံးပါးကို စောင့်ရှောက်ရာ၏။ ကိုယ်ဖြင့် စောင့်ရှောက်သည်ဖြစ်ရာ၏။ ကာယဒုစရိုက်ကို စွန့်ပယ်၍ ကိုယ်ဖြင့် သုစရိုက်ကို ကျင့်ရာ၏"

"နှုတ်၏ပျက်စီးခြင်းဟု ဆိုအပ်သော ဝစီဒုစရိုက်လေးပါးကို စောင့်ရှောက်ရာ၏။ နှုတ်ဖြင့် စောင့်ရှောက်သည် ဖြစ်ရာ၏။ ဝစီဒုစရိုက်ကိုစွန့်၍ နှုတ်ဖြင့် သုစရိုက်ကို ကျင့်ရာ၏"

"စိတ်၏ပျက်စီးခြင်းဟု ဆိုအပ်သော မနောဒုစရိုက်သုံးပါးကို စောင့်ရှောက်ရာ၏။ စိတ်ဖြင့် စောင့်ရှောက်သည် ဖြစ်ရာ၏။ မနောဒုစရိုက်ကို စွန့်ပယ်၍ စိတ်ဖြင့် သုစရိုက်ကို ကျင့်ရာ၏"

"ပညာရှိတို့သည် ကိုယ်ကို စောင့်စည်းကုန်၏။ ထိုမှတစ်ပါး နှုတ်ကို စောင့်စည်းကုန်၏။ ပညာရှိတို့သည် စိတ်ကို စောင့်စည်းကုန်၏။ ထိုပညာရှိတို့သည် စင်စစ် ကောင်းစွာ ထက်ဝန်းကျင်မှ စောင့်စည်းကုန်၏"

**(ကောဓဝဂ်-ဓမ္မပဒ)**

"ဟုတ်တာပေါ့ဘုရား၊ ဒီတရားတွေ အကုန်လုံးခြုံနေရင် ဘယ်စောင်းဟောတယ်လို့ ထင်စရာရှိတော့မလဲ၊ ကိုယ့်ဘက်က အကုန်ကောင်းနေတာပဲဟာ"

"ပြီးတော့ ဒီလိုလည်း ပြောလိုက်ဦး"

"တရားဆိုတာ စောင်းမဟောရဘူး၊ စောင်းဟောလျှင်လည်း တရားမဟုတ်ဘူး၊ မတရားဖြစ်သွားမယ်၊ မတရားဟောလျှင် ဘယ်မှာတရားဟောဘုန်းကြီးဟုတ်တော့မလဲ၊ တရားလမ်းကြောင်းအတိုင်း တည့်တည့်မတ်မတ် ဟောမှ တရားဟောတယ် ခေါ်တာလို့၊ တရားဟောတယ်ဆိုတာ မီးရထားသွားသလိုပဲ၊ ဖြောင့်ဖြောင့်မတ်မတ် ကိုယ့်တရားလမ်းပေါ် ကိုယ်သွားနေတာပဲ၊ မီးရထားလမ်းဖြတ်တဲ့လူကို မီးရထားက တိုက်သလို နင်းသလို တရားလမ်းကြောင်း ဖြတ်တဲ့လူကို တရားက တိုက်တာ၊ နင်းတာပဲလို့၊ အဲဒီလိုပြောလိုက်၊ တရားလမ်းကြောင်းဖြတ်လို့ အတိုက်ခံရ၊ အနင်းခံရတာ၊ စောင်းတာမဟုတ်ဘူးလို့"

ဒကာမကြီးများမှာ ရယ်ကာမောကာနှင့် သဘောကျ၍ "ပြောမယ်ဘုရား၊ ပြောမယ်ဘုရား" ဟု လျှောက်ထားရင်း ရှိခိုးဦးချ၍ ထပြန်သွားတော့၏။

✧ ဗုဒ္ဓတရား၊ ပြန်ဟောကြား၊ စောင်းလား၊ ချိတ်လား ကင်းစေသော်။

# ရယ်ရလို့ သွားနာတယ်ဘုရား

## (၁၄)

လူအမျိုးမျိုး နတ်အထွေထွေရှိ၏။ တစ်ယောက်နှင့်တစ်ယောက် စရိုက်ချင်း မတူကြပေ။ အထုံဝါသနာချင်းလည်း မတူကြပေ။ လောကသဘောရ တစ်ဦးနှင့်တစ်ဦး အတူဆက်သွယ်ပေါင်းသင်းနေသော်လည်း စရိုက်ဝါသနာချင်းမူ ကွဲပြားသည်သာဖြစ်၏။ ထို့ကြောင့် အဋ္ဌကထာဆရာက ဖွင့်ပြသည်။

"ဒွေ သတ္တာ ဧကဇ္ဈာသယာ နာမ ဒုလ္လဘာ" ပုဂ္ဂိုလ်နှစ်ယောက်ဆိုလျှင် အလိုဆန္ဒ အဇ္ဈာသယ တစ်မျိုးတည်းဟူ၍ရခဲ၏"

(သတ္တပဥ္စသုတ် - သုတ်မဟာဝါအဋ္ဌကထာ)

မှန်၏။ မိမိထံသို့ ဆည်းကပ်လာသူ ဒကာ၊ ဒကာမ အများအပြားရှိ၏။ ထိုသူတို့၏ စရိုက်နှင့် ဝါသနာလည်း အများအပြားပင်ရှိ၏။ ဒကာတစ်ယောက်သည် မိမိအား အထူးကြည်ညို၏။ တတ်နိုင်သလောက် လှူဒါန်းသမှု ဒါနပြု၏။ သို့ရာတွင် သူသည် ဥပုသ်စောင့်လေ့မရှိ။ ထမင်းဆာလို့ဟု ဆင်ခြေပေး၏။ တရားနာလေ့မရှိ။ ပျင်းလို့ဟု ဆင်ခြေပေး၏။ တရားအားထုတ်လေ့မရှိ။ အိပ်ချင်လို့ဟု ဆင်ခြင်ပေး၏။ မိမိအမျိုးမျိုး ဟောပြောပြ၏။ မရပေ။ မိမိထံလာသောအခါ ဥပုသ်နေ့မဟုတ်၊ တရားပွဲမရှိ။ တရားအားထုတ်ချိန်မဟုတ်တဲ့ အချိန်မျိုးမှသာ ရွေးလာလေ့ရှိ၏။ တစ်ခါသော် သူနှင့်အတူ လာနေကျ အဖော်များသာလာပြီး သူပါမလာပေ။ သို့နှင့် မိမိက ပါလာနေကျ ပါမလာ၍ အဖော်များအား မေး၏။ အဖော်များက ပြောပြ၏။

"အရှင်ဘုရား၊ ဒကာ တရားရသွားပြီဘုရား"

"ဟင် ... ဟုတ်လား၊ ဘယ်မှာသွားပြီး နာကြားအားထုတ်လိုက်သလဲ မသိဘူး၊ တယ်တရားရမြန်ပါလား၊ ပါရမီထူးတာပေါ့လေ"

မိမိမှာ အမှန်ပင် အံ့သြသွားသည်။ အချိန်တန်မှ ရနိုင်သည်။ သူ့သာဝကနှင့် သူဟူ၍ မိမိယုံကြည်သည်။

"အားထုတ်လို့ မဟုတ်ဘူးဘုရား၊ ယခု ဟိုဘက်ရွာကို "မင်းသားဘုန်းကြီး" တရားလာဟောလို့ တရားသွားနာတယ်လေ"

ဒကာကြီးများမှာ သူ တရားနာဖော်မရ၍ တရားနာဖော်ရသည်ကို ဝမ်းသာ၍ အရှင်ဘုရား ဒကာ တရားရသွားပြီဟု ပြောခြင်းဖြစ်၏။

"ဟာ ... ဒကာကြီးတို့ဥစ္စာကလည်း မဟုတ်တာ၊ မင်းသားဘုန်းကြီးပဲ ရှိရသေးလား၊ ဘုန်းကြီးဆိုလည်း ဘုန်းကြီးပေါ့၊ မင်းသားဆိုလည်း မင်းသားပေါ့၊ ဘယ့်နယ် ကြဲကြဲစည်စည် မင်းသားဘုန်းကြီးလဲ၊ ပြောစမ်းပါဦး သေသေချာချာ"

"ဒီလိုဘုရား၊ အဲဒီဘုန်းကြီးက မင်းသားကနေ ဘုန်းကြီးဝတ်လို့ မင်းသားဘုန်းကြီးလို့ ခေါ်တာပါ၊ ဒီနေ့ဆို အဲဒီရွာမှာ တရားဟောတာ သုံးရက်ရှိသွားပြီဘုရား"

"အင်း ... ဒါဖြင့် သူ မင်းသားဘုန်းကြီးတရား သွားနာတာနဲ့ အကျွတ်တရား ရသွားပြီလား၊ တော်တော်ကြာ မင်းသားဘုန်းကြီးလို့ ဘုန်းကြီးများ ဝတ်သွားလျှင် သူ့ကို ဘယ်လို ခေါ်ရပ့်"

"မင်းသားတပည့် ဆရာတော်လို့ ခေါ်တာပေါ့"

"အင်း ... အင်း ... ဒကာကြီးတို့ပဲ နာမည်တပ်နိုင်းရမယ်၊ တယ်ပြီး နာမည်တပ်ကောင်းတဲ့ ဒကာကြီးတွေ၊ "မင်းသားတပည့် ဆရာတော်" တဲ့၊ မင်းသားတပည့်ဆို ဘယ်မှာ ဆရာတော်ဖြစ်မှာလဲ"

"ဩော် ... အရှင်ဘုရား ကြိုတင်ပူနေလိုက်တာ၊ အရှင်ဘုရား ဒကာလာတော့ မေးကြည့်ပါဦးဘုရား၊ တော်တော်ကြာ တရားပွဲအပြီး ပြန်လာလို့ တပည့်တော်တို့ ကို မတွေ့လျှင် သူ ဒီလိုက်လာမှာ သေချာတယ်ဘုရား၊ တပည့်တော် သူ့မှစောင့်ဘဲ သက်သက်ထွက်လာခဲ့တာဘုရား၊ ဟော ... ဟိုမှာ ပြောရင်းဆိုရင်း ပြုံးစိပြုံးစိနဲ့ လာနေပြီဘုရား၊ အရှင်ဘုရား ဒကာ မေးစမ်းကြည့်ပါဦးဘုရား"

ပုံက ရေးကနင့်မတူပေ။ ရွှင်ပျသွက်လက်လျက် ရှိ၏။ ရောက်လျှင် အရိုအသေ ရှိခိုးကန်တော့ပြီး ပြုံးစိပြုံးစိနဲ့ပဲ ထိုင်နေသည်။ ဣန္ဒြေဆည်မရပေ။ ဟိုလှူ့ကြည့်၊ ဒီလှူ့ကြည့်နှင့် လှုပ်ရှားနေသည်။ သို့နှင့် မိမိက အလိုက်သိစွာ မေးလိုက်သည်။

"ဒကာကြီး တရားရနေပြီဆို၊ တယ်ဟုတ်ပါလား၊ တစ်ခါမှ တရားနာဖော်မရတဲ့ ဒကာကြီး ဒီတစ်ခါ ဘာတွေများ သံဝေဂအထူးရလို့ တရားသွားနာသလဲ၊ ဘာတရားတွေ နာခဲ့ရသလဲ၊ ပြန်ဟောစမ်းပါဦး"

"သံဝေဂအထူးရလို့ တရားရလို့ တရားသွားနာတာ မဟုတ်ပါဘူးဘုရား၊ မင်းသားဘုန်းကြီး တရားဟောတာ သိပ်ရယ်ရတာပဲ၊ လက်ဟန် ခြေဟန်နဲ့ ဟောတာ ရယ်ရတယ်တဲ့၊ အဲဒီရွာ မလာမီကတည်းက သတင်းကြားလို့ "ရယ်ရလို့ သွားတာပါဘုရား"၊ ရယ်လိုက်ရတာ တစ်ခါမှ အငြိမ်မနေရဘူး၊ အူကို နာနေတာပဲ၊ တရားလည်း ဘာမှမမှတ်မိပါဘူးဘုရား၊ ဟန်ပန်ကြည့်ရတာနဲ့ ရယ်စရာ၊ ရယ်ရတာနဲ့ အမောပဲဘုရား၊ ရယ်စရာပဲ မှတ်မိတော့တယ်ဘုရား"

"ဘယ်နှစ်ရက် ရှိပြီလဲ၊ တရားနာသွားတာ"

"ဒီနေ့ပါဆိုရင် သုံးရက်ပေါ့ဘုရား"

"သုံးရက်တောင်ရှိသွားပြီ၊ သိပ်ဟုတ်နေပြီပေါ့၊ သုံးရက်ဆိုတော့ တရားတစ်ပုဒ်တလေ မှတ်မိပါလိမ့်မယ်၊ ပြန်ဟောပြစမ်းပါဦး၊ ဘာတရားတွေ ဟောလဲ"

"မမှတ်မိပါဘူးဘုရား၊ သူဟောသလိုလည်း ဘယ်ဟောတတ်ပါ့မလဲဘုရား၊ ဘုန်းကြီးက တရားဟောတာ အနားမှာ ဘုန်းကြီးတစ်ပါး ထားရသေးတယ်၊ တို့ဖို့ ဆိတ်ဖို့တဲ့၊ ဟောတော့ ခြေဟန်လက်ဟန်နဲ့ အနားကဘုန်းကြီးကို တို့လိုက်ဆိတ်လိုက်နဲ့ တစ်ခါတလေများ အနားကဘုန်းကြီးကို ကုန်းနမ်းတော့မတတ်ပဲဘုရား၊ ရယ်ရတာလည်း တသောသောပဲ၊ အဲဒါကြည့်ပြီး ရယ်နေရတာနဲ့ ဘယ်တရား မှတ်မိတော့မလဲဘုရား"

"ခက်ပြီ၊ အဲဒါမှ ခက်တယ်၊ ဘုရားရှင်လက်ထက်တုန်းက အဲဒီလို မင်းသား၊ မင်းသမီးဟန်တွေနဲ့ သီဆိုဟောပြောလို့ အကဲ့ရဲ့ခံရသဖြင့် မဟောဖို့ ဘုရားရှင်က သိက္ခာပုဒ်ပညတ်ပြီး တားမြစ်ခဲ့ရတယ်၊ ယခုတော့ ဒကာကြီးက ဒါမျိုး သဘောကျတယ်ဆိုတော့ ဒကာကြီး အကျွတ်တရားရအောင် ဦးပဋ္ဌင်းက ကပြမှနဲ့တူတယ်၊ တကယ်တော့ အဲဒီလို ရယ်စရာ၊ ရွှန်းစရာတွေနဲ့ အသံနေ အသံထားနဲ့ ဟောတာဟာ လူကြိုက်များတယ်၊ ပရိသတ်များတယ် ဆိုပေမဲ့ ကောက်ရိုးမီးပါ၊ ပွဲပြီးမီးသေပါ၊ တရားမှ မမှတ်

မိတော့ တရားဟောရကျိုး မနပ်ပါဘူး၊ လူများတယ်ဆိုပေမဲ့ အနှစ်မပါ အကာလူတွေ အခွံ အပွေး အခက် အရွက် လူတွေများတာပါ၊ ရိုးရိုးဟောတာက လူနည်းချင်နည်းမယ်၊ အနှစ်ရှိတဲ့ လူတွေဆိုတော့ တရားကောင်းကောင်းမှတ်မိပြီး ကျင့်ကြံအားထုတ်ဖို့ လိုက်နာဖို့ ကျန်ရစ်ခဲ့တယ်"

ထိုသို့ပြောသောအခါ ဒကာကြီး အားလုံးတို့မှာ ငြိမ်သက်စွာနားထောင်နေ၏။ ဆုံးသွားသော်လည်း ငြိမ်လျက်ပင်။ တစ်စုံတစ်ယောက်ကမျှ စကားမဟလာပေ။ မိမိလည်း ရှေးစကား ဆက်မပြောတော့ဘဲ စဉ်းစားနေ၏။ ယင်းသို့ စဉ်းစားနေစဉ် မန်လည်ဆရာတော်ဘုရားကြီးရဲ့မယဒေဝလင်္ကာမှ တရားဟောမှုနှင့် ဆက်သွယ်၍ ရေးထားသည့်လင်္ကာများ မိမိဉာဏ်အစဉ်တွင် ထင်မြင်ပေါက်ဖွားလာ၍ စိတ်ထဲမှ ရေရွတ်မိ၏။ ထိုဒကာကြီးများတော့ ကြားသိဟန်မတူပါ။

"ရှင်ဆိုး ရှင်ညစ်၊ ရဟန်းဖြစ်လည်း၊ စင်စစ်ယုတ်မာ၊ ပါပိဋ္ဌာဖြင့်၊ ဒကာလူဗိုလ်၊ ချီးမွမ်းဆိုနှင့်၊ ထိုထိုဖြင်ပည်း၊ ပစ္စည်းလာဘ်ကို၊ တောင့်တလို၏၊ လိုသည့်ရမ္မက်၊ ကြံဝိတက်ကြောင့်၊ အုတ်ကျက်အုန်းအင်း၊ ကြော်ငြာလျင်း၍၊ သတင်းပေးကာ၊ ဒေသစာဖြင့်၊ မြို့ရွာဇနပုဒ်၊ နယ်တိုက်တိုက်ကို၊ လိုက်၍ဖျက်ဆီး၊ ခိုးသူကြီးသို့၊ ရုံသီးများစွာ၊ ပရိဝါနှင့်၊ မလိမ်မာသူ၊ ရှင်လူဗာလ၊ အပွသုတ၊ မိန်းမယောကျ်ား၊ သူတို့အားလျှင်၊ လှည့်ဖြားသမှု၊ သက်မွေးပြုလျက်၊ ရှင်တုရှင်ဝါ၊ မဟာစောရ၊ ရှင်ဓားပြတို့၊ ပါပကျင့်မျိုး၊ အလိုဆိုးဖြင့်၊ အကျိုးမတဲ့၊ မိုက်သင်းဖွဲ့၍ ၊ ငါရဲ့စီးပွား၊ ရှာသော့လားသို့၊ တရားတရား၊တဟားဟားနှင့်၊ ပြစ်များပြောပုံ၊ တောင်နယ်ပုံ၏"

(မယဒေဝ)

"ခံတွင်းနှုတ်ဆော့၊ ကျင့်သွမ်းသော့လျက်၊ တမော့ကြွားကြွား၊ တလွှားလွှားနှင့်၊ တရားဟောယောင်၊ ချို့ရှင်ပြောင်လည်း၊တောင်တောင်မြောက်မြောက်၊ ပင့်မြှောက်ချနိပ့်၊ ရောင်ရိပ်ဝဲရစ်၊ လာဘ်ကိုညှစ်လျက်၊ ဗလစ်ဗလစ်၊ နှုတ်မထစ်ပဲ၊ မဆစ်မဆိတ်၊ မတိတ်အသံ၊ တည်ညံ့ဖြင့်၊ တရံမစဲ၊ ဘွာစီကြဲ၍၊ နှုတ်ရဲလျှာရွ၊ တချို့ကမူ၊ မာနတောင်နီး၊ တက်ဘိစီး၍၊ ထေရ်ကြီးဝါကြီး၊ သိက္ခာကြီးအား၊ ခရီးလမ်းကြား၊ တွေ့ကြုံငြားလည်း၊ လေးစားမဲ့ဘိ၊ အတိမာနီ၊ မချီလက်အုပ်၊ မတုပ်မကွ၊ ဦးမချဘူး၊ ဝေးကကြည်ဖဲ၊ တိမ်းရှောင်လွှဲ၍၊ တစ်ပွဲထွက်ဝင်၊ ငါ့ပြင် မရှိ၊ ဟူဘိဝါဝင့်၊ မလျော်ကျင့်၏၊ သမင့်အလား၊ တောသစ်ကျားနှင့်၊ တောသားတို့သွင်၊ ဘယ်ကျိုးထင်လိမ့်၊ ရှင်ပင်တပဲ၊ ငရဲ-ပြိတ္တာ၊ ဖြစ်တတ်စွာ၏"

(မယဒေဝ)

"စုတိပျက်စီး၊ သေခါနီး၌၊ တွတ်တီးတွတ်တာ၊ ထိတ်လန့်စွာဖြင့်၊ သိက္ခာစွန့်ယောင်၊ ဝါစွန့်ယောင်နှင့်၊ ကတောင်ကချောက်၊ ပတောက်ပရစ်၊ မိုးကြိုးပစ်ခါ၊ လက်ဆီးကာသို့၊ ထွေရာစွဲလမ်း၊ ဆိုယောင်ယမ်း၍၊ မြည်တမ်းဟိန်းဟဲ၊ တညဲညဲနှင့်၊ ငရဲမီးပူ၊ အမွေယူလျက်၊ ရောရူ-ဝီစိ၊ အောက်သို့ထိအောင်၊ ကျဘိခြုတ်ခြုတ်၊ ခံကြမ်းကြုတ်ပြီး၊ဂိဇ္ဈကုဋ်တောင်၊ မှိုင်းမှောင်ညို့ညို့၊ပြိတ္တာမြို့ဝယ်၊ ရှင်တို့စံခန်း၊ကြီးခါးပန်းက၊ သင်္ကန်းပြောင်ပြောင်၊ မီးအရောင်နှင့်၊ ကျီးကောင်လင်းတ၊ သိန်းစွန်စသည့်၊ ဆိတ်ဆွဆွဲငင်၊ ကောင်းကင်ထက်ဝန်း၊ ပြေးပျံသန်း၍၊ ရဟန်းပြိတ္တာ၊ တဝါဝါလျှင်၊ မဟာဒုက္ခ၊ ပြင်းပြကြွက်ဆူ၊ ဟစ်ကြွေးဦး၍၊ ကယ်သူမမြင်၊ ပူပင်နွမ်းညှိုး၊ ထိုရှင်ဆိုးတို့၊ ကိုးရိုးကားရား၊ အပါယ်လားသည်၊မမှားမှတ်နာ၊ အိမ်းအိမ်းတည်း"

(မယဒေဝ)

✦ အမှန်တရား၊ ဟောသူများ၊ များများပေါ်လာပါစေသော်

✦ အမှန်တရား၊ နာသူများ၊ များများပေါ်လာပါစေသော်

# ပါးစပ်လှုပ်ရုံနဲ့ အမြတ်ဆုံးကုသိုလ်ရတာ

(၁၅)

မိမိသည် တောရကျောင်းနေသူမို့လား မသိပါ။ တရားဟောရောက်ရာ မြို့ရွာများတွင် တောရကျောင်းကို ပထမဦးဆုံး စုံစမ်းလေ့ ရှိ၏။ တောရကျောင်း ရှိသည်ဆိုလျှင် အချိန်ယူ၍ သွားရောက်လေ့ ရှိ၏။ တစ်ခါသော် တရားဟောရင်း တောရကျောင်း ဆရာတော်ကြီး တစ်ပါး၏ သတင်းကို ကြားရ၏။

သို့နှင့် မိမိသည် အချိန်ရခိုက် ဒကာများအား လိုက်ပို့ခိုင်း၏။ ဆရာတော်ကြီးမှာ ပရိယတ် ပဋိပတ် စွယ်စုံ ဆရာတော်ကြီးပင် ဖြစ်၏။ ကြည်ညိုဖွယ် အလွန်ကောင်း၏။ ရောက်လျှင် မိမိသည် အရိုအသေ ရှိခိုးဦးချ၏။ ဆရာတော်ကြီးသည် နူးညံ့သိမ်မွေ့စွာ စကားပြောဆို၏။ စကားပြောရင်း မိမိအား သူ၏ ဂေါစရဂါမ်တွင် တရားဟောနေဆဲမှန်း သိသွား၍ ဆုံးမ၏။

"အေး အေး . . . ငါ့ရှင်က တရားဟောပုဂ္ဂိုလ်ကိုး၊ ကောင်းတယ် ငါ့ရှင်၊ ဒါနအမျိုးမျိုးရှိရာ ဒီတရားဟောတဲ့ ဓမ္မဒါနက အမြတ်ဆုံးပဲကွယ့်၊ အဲဒီ အမြတ်ဆုံးဒါနကို တို့နဲ့ ငါ့ရှင်တို့ပဲ ပြုလုပ်နိုင်တာ၊ ငါ့ရှင် တို့က "ပါးစပ်လှုပ်ရုံနဲ့ အမြတ်ဆုံးကုသိုလ်ရတာ" လူတွေမှာဆို နဖူးကချွေး ခြေမ.ကျအောင် လုပ်လို့ရတဲ့ပစ္စည်းကို အကုန်အကျခံပြီး လှူမှ ဒါနဖြစ်တယ်၊ အဲဒီဒါနထက် တို့ ငါ့ရှင်တို့ ပြုရတဲ့ ဓမ္မဒါနက အများကြီးသာတယ်၊ သူတို့လောက်လည်း မပင်ပန်းဘူး၊ ဒါကြောင့် ကြိုးစားဟောပေးကွယ့် ငါ့ရှင်"

"မှန်ပါဘုရား၊ ဘုရားတပည့်တော် ဒီဓမ္မဒါနဖြစ်ဖို့ ရည်ရွယ်ချက်နဲ့ပဲ ဟောပေးပါတယ်ဘုရား"

"အေးအေး...ကောင်းတယ် ကောင်းတယ်၊ ငါ့ရှင်ကလည်း တောရကျောင်းနေကိုး၊ ကဲ ...ဒါဖြင့် တို့တောရကျောင်းထဲလည်း လိုက်ကြည့်ဦးပေါ့၊ သဘောကျလည်း လာနေနိုင်တယ် ငါ့ရှင်ရဲ့ ကျောင်းအလွတ်တွေ ရှိနေသားပဲ"

မိမိတို့သည် ဆရာတော်ကြီးအား ရှိခိုးဦးချပြီး လှည့်ပတ်ကြည့်ရှု၏။ သဘာဝအတိုင်း မပြုမပြင်ရဘဲ လှနေသော တော၊ သစ်ပင်၊ တောင်ကုန်း၊ ချိုင့်ဝှမ်း၊ စမ်းချောင်း၊ လွင်ပြင် ကလေးများနှင့် နေချင့်စဖွယ် သာယာလှ၏။ စိတ်နှလုံး ချမ်းမြေ့လှ၏။ သို့ကြည့်ရှုစဉ် ဒကာကြီးများအား စကားစလိုက်၏။

"အင်း ... ဒကာကြီးတို့ တောရကျောင်းရောက်ပြီး ဆရာတော်ကြီးလည်း ဖူးရတော့ ရှေးက ဘုရားရှင်နှင့် ရဟန္တာ အရှင်မြတ်တွေ ဂေါသိင် အင်ကြင်းတောမှာ ပြောကြဆိုကြတာတွေ သွားသတိရတယ်"

"ဘယ်လိုပြောကြပါသလဲဘုရား၊ ပြန်ပြောပြစမ်းပါဦး"

"အင်း ... လာကြ၊ ပြန်ရင်း ပြောသွားတာပေါ့၊ တော်တော်ကြာ နေပူနေမယ်"

မိမိတို့သည် ဆရာတော်ကြီးအား ရှိခိုးဦးချပြီး ပြန်လာပါတော့သည်။ ပြန်လာရင်း မိမိက ပြောပြသည်။

"ဂေါသိင်္ဂအင်ကြင်းတောမှာ ဘုရားရှင်၊ ရှင်သာရိပုတ္တရာ၊ ရှင်အာနန္ဒာ၊ ရှင်ရေဝတ၊ ရှင်အနုရုဒ္ဓ၊ ရှင်မဟာကဿပ၊ ရှင်မဟာမောဂ္ဂလာနတို့တပည့်အသီးသီးနှင့် ဆုံစည်းခိုက်ပေါ့၊ ဘုရားရှင်က ခပ်လှမ်းလှမ်းမှာ သီတင်းသုံးတယ်၊ ရှင်သာရိပုတ္တရာတို့ သီးသန့်ဆုံတဲ့အခါ ရှင်သာရိပုတ္တရာက ရှင်အာနန္ဒာအား မေးတယ်။

"ငါ့ရှင်အာနန္ဒ၊ ဂေါသိင်္ဂ အင်ကြင်းတောသည် မွေ့လျော်ဖွယ်ကောင်း၏။ ညဥ့်သည် အပြစ်ကင်း၏။ အင်ကြင်းပင်တို့သည် ပင်လုံးကျွတ်ပွင့်ကုန်၏။ နတ်၌ ဖြစ်သော အနံ့တို့ကဲ့သို့ ထက်ဝန်းကျင်လှိုင်၏။ ငါ့ရှင်အာနန္ဒ၊ ဘယ်သို့ သဘောရှိသော ရဟန်းဖြင့် ဂေါသိင်္ဂ အင်ကြင်းတောသည် တင့်တယ်ရာသနည်း"

"ငါ့ရှင်သာရိပုတ္တရာ၊ ဗဟုသုတ အကြားအမြင်များကိုကြားနာမှတ်သားဆောင်ထား၍ နှုတ်ဖြင့်ဆည်းပူး၊ စိတ်ဖြင့် အဖန်ဖန်ရှု၊ ပညာဖြင့် ထိုးထွင်းသိအပ်သည့် ထိုရဟန်းသည် ပရိသတ်လေးပါးတို့အား အနုသယတို့ကို ပယ်ဖျောက်ခြင်းငှာ တရားဟော၏။ ယင်းရဟန်းဖြင့် တင့်တယ်ရာ၏"

ရှင်သာရိပုတ္တရာသည် ရှင်ရေဝတအား မေး၏။ ရှင်ရေဝတသည် ရှင်သာရိပုတ္တရာအား ဖြေ၏။

"ငါ့ရှင်သာရိပုတ္တ၊ တစ်ယောက်ထီးတည်း ကိန်းအောင်းခြင်း၌ မွေ့လျော်သော မိမိ၏ စိတ်တည်ကြည်ခြင်း၌ ယှဉ်သော၊ မတားမြစ်အပ်သော၊ ဈာန်ရှိသော၊ ဝိပဿနာဉာဏ်နှင့် ပြည့်စုံသောဆိတ်ငြိမ်ရာ တောကျောင်းတို့ကို ပွားစေတတ်သော ရဟန်းဖြင့် တင့်တယ်ရာ၏"

ရှင်သာရိပုတ္တရာသည် ရှင်အနုရုဒ္ဓါအား မေး၏။ ရှင်အနုရုဒ္ဓါသည် ရှင်သာရိပုတ္တအား ဖြေ၏။

"ငါ့ရှင်သာရိပုတ္တရာ၊ မျက်စိအမြင်ရှိသော ယောကျ်ားသည် မြတ်သော ပြာသာဒ်ထက်သို့ တက်လျက် အကွပ်အဝန်းတစ်ထောင်ကိုကြည့်ရှုသကဲ့သို့ဒိဗ္ဗစက္ခုအဘိဉာဏ်ဖြင့် လောကဓာတ်တစ်ထောင်ကိုကြည့်ရှုနိုင်သော ရဟန်းဖြင့် တင့်တယ်ရာ၏"

ရှင်သာရိပုတ္တရာသည် ရှင်မဟာကဿပအား မေး၏။ ရှင်မဟာကဿပသည် ရှင်သာရိပုတ္တရာအား ဖြေ၏။

"ငါ့ရှင်သာရိပုတ္တရာ၊ မိမိသည်တောဌ်နေလေ့ရှိ၍ တောဌ်နေလေ့ရှိသူ၏အဖြစ်ကို ချီးမွမ်းစကားပြောကြားလေ့ရှိသော ရဟန်းဖြင့် တင့်တယ်ရာ၏"

ရှင်သာရိပုတ္တသည် ရှင်မဟာမောဂ္ဂလာနအား မေး၏။ ရှင်မဟာမောဂ္ဂလာနသည် ရှင်သာရိပုတ္တရာအား ဖြေ၏။

"ငါ့ရှင်သာရိပုတ္တရာ၊ ရဟန်းနှစ်ပါးတို့သည် အဘိဓမ္မာစကားပြောကုန်၏။ အချင်းချင်းမေးကုန်၏။ အမေးခံရကုန်သော ရဟန်းတို့သည် အချင်းချင်း၏ အမေးကို ဖြေကုန်၏။ မပင်ပန်းစေကုန်၊ ထိုရဟန်းတို့၏ တရားနှင့်ယှဉ်သော စကားသည်လည်း အစဉ်မပြတ်ဖြစ်၏၊ ယင်းရဟန်းတို့ဖြင့် တင့်တယ်စေရာ၏"

ရှင်မဟာမောဂ္ဂလာနသည် ရှင်သာရိပုတ္တရာအား မေး၏။ ရှင်သာရိပုတ္တရာသည် ရှင်မဟာမောဂ္ဂလာနအား ဖြေ၏။

"ငါ့ရှင်မောဂ္ဂလာန၊ စိတ်ကို မိမိအလိုအတိုင်းဖြစ်စေ၍ စိတ်၏ အလိုအားဖြင့် မဖြစ်စေသော ရဟန်းဖြင့် တင့်တယ်ရာ၏"

ဘယ်သူ၏ အဖြေ အကောင်းဆုံးလဲဆိုတာ သိရအောင်ဆိုပြီး အားလုံးစုရုံး၍ ဘုရားရှင်ထံသွားပြီး အကြောင်းစုံလျှောက်၏။ ဘုရားရှင်က မိန့်၏။

"သင်တို့အဖြေအားလုံးသည် အကောင်းချည်းသာ ဖြစ်ကုန်၏။ သို့သော် ငါ၏အဖြေကိုလည်း နားထောင်ကြကုန်ဦးလော့"

"ငါ၏စိတ်သည် အာသဝေါတရားတို့မှ မလွတ်မချင်း ငါသည် ထက်ဝက်ပလ္လင်ကို မဖျက်အံ့" ဟု ထက်ဝက်ပလ္လင်ခွေ၍ အထက်ပိုင်းကိုယ်ကို ဖြောင့်စွာထားလျက် ကမ္မဋ္ဌာန်းသို့ ရှေ့ရှုသတိကိုဖြစ်စေ၍ ထိုင်နေသော ရဟန်းဖြင့်တင့်တယ်ရာ၏"

(မဟာဂေါသိင်္ဂသုတ် မူလပဏ္ဏာသ)

"ဒါဖြင့် တပည့်တော်တို့ တောရကျောင်းလည်း ဘယ်ရဟန်းဖြင့် တင့်တယ်ရာပါသနည်းဘုရား"

"ဘယ်ရဟန်းဖြင့် တင့်တယ်ရမလဲ ဒကာကြီးရဲ့ ဆရာတော်ကြီးဖြင့် တင့်တယ်ရာ၏ပေါ့၊ ဒါပြောချင်လို့ နဂိုကစကားစတာပဲဟာ"

"အရှင်ဘုရားများ တစ်ဝါလောက်ဆိုရင် သိပ်တင့်တယ်သွားမှာပေါ့ဘုရား"

"တင့်တယ်မနေနဲ့ ရောက်ပြီ၊ မောလည်း မောပြီ"

✧ ခပ်သိမ်းဒါန၊ နိုင်တာက၊ ဓမ္မဒါနဖြစ်သည်နော်။

✧ တရားအမြဲ၊ ကြိုးအားသဲ၊ တောထဲတင့်တယ်ရာ၏သော်။

# သိလျှင် ဘယ်လှူပါ့မလဲဘုရား

(၁၆)

အလုပ်တစ်ခုကို မကောင်းသောအလုပ်ဟု သိလျက်နှင့် လုပ်နေသူနှင့် မသိ၍လုပ်နေသူဟူ၍ နှစ်မျိုးရှိ၏။ ယင်းနှစ်မျိုးတွင် ပထမအမျိုးအစားမှာ လမ်းဆုံးရောက်နေပြီဖြစ်၏။ ဒုတိယအမျိုးအစားမှာမူ သိအောင် ပြောဟောပေးသူရှိ၍ သိသွားလျှင် မလုပ်တော့ပေ။ ရှောင်ကြဥ်၏။ တရားဟောရခြင်းသည် ယင်းဒုတိယအမျိုးအစား လူများအတွက် ဟောရခြင်းဖြစ်၏။

မှန်၏၊ တစ်ချိန်က မိမိသည် မြို့တစ်မြို့မှ ဘုရားပွဲတစ်ပွဲတွင် တရားဟောရ၏။ ရှေးက ဘုရားပွဲများမှာအငြိမ့်ပွဲ၊ ဇာတ်ပွဲ စသည်များဖြင့် ကျင်းပလေ့ရှိ၍ လယ်တီဆရာတော်ဘုရားကြီးက "တစ်နှစ်တစ်ခါ၊ ငရဲရွာ၊ လူ့ရွာဘုရားပွဲ" ဟူ၍ လင်္ကာစီကုံးဆုံးမခဲ့သည်။ သို့သော် ယင်းအဆုံးအမကို သိကြားလိုက်နာသူ မရှိသလောက်ပင် ဖြစ်၏။

ယခုဘုရားပွဲမှာမူ တရားပွဲနှင့် ကျင်းပ၍ မိမိက ချီးကျူးဟောကြား၏။ မလှူကောင်းသော အလှူကို အချို့လှူနေကြောင်း စသည်ဖြင့် ဒါနငါးမျိုးကို ဟောပြ၏။

လူတို့က ကုသိုလ်ကောင်းမှုဟု သတ်မှတ်သမုတ်အပ်သော်လည်း စင်စစ်မှာ အကုသိုလ်မကောင်းမှုသာ ဖြစ်နေသော ဒါနတို့သည် -

၁။ သေအရက်အလှူ၊

၂။ ပွဲသဘင်အလှူ၊

၃။ မည်သူမဆို အလိုရှိသူများ သွားလာကြရန် ပြည့်တန်ဆာများကို ငှားထားသော အလှူ၊

၄။ နွားမများရှိရာသို့ နွားသိုးကို အလိုရှိသလို မြူးတူးပျော်ပါးရန် လွှတ်ပေးသောအလှူ၊

၅။ ကာမဂုဏ်ထကြွစေရန် မသင့်လျော်သော ပန်းချီ၊ ပန်းပုပုံများကို ရေးဆွဲထုလုပ်လှူဒါန်းသော အလှူ၊

အားဖြင့် ငါးပါးရှိသည်။

(ဝိနည်းပရိဝါပါဠိတော်)

ဤငါးပါးကို လှူရာ၌ စိတ်စေတနာကောင်းထားနိုင်ဖွယ် မရှိသောကြောင့် မကောင်းမှုအကုသိုလ်သာ ဖြစ်သည်ဟု ဘုရားရှင် ဟောကြားခြင်းဖြစ်၏။

လူအများ၏ အထင်ကမူ ဘိန်းပြတ်၍ သေတော့မည်ဆဲဆဲဖြစ်နေသော ဘိန်းစားကို တွေ့လျှင် "ဤသူသည် ဘိန်း မစားရက သေမည်ဧကန်ဖြစ်သောကြောင့် မသေရအောင် သူ၏အသက်ကို ငါဆက်ပေးမည်" ဟု သဘောထားကာ ဘိန်းခွဲ၍ ပေးလိုက်လျှင် ဇီဝိတဒါနကုသိုလ်ဖြစ်သည်ဟု ထင်မှတ်တတ်ကြ၏။

စင်စစ်မှာ မစားသင့်သော ဘိန်းကို စားစေလိုခြင်းသည် ကုသိုလ်စိတ်မဟုတ်၊ အကုသိုလ်စိတ်သာ ဖြစ်သောကြောင့် ကုသိုလ်မဖြစ်နိုင်၊ အကုသိုလ်သာဖြစ်၏။

ဝေဿန္တရာမင်းကြီးသည် မဟာဒါနကြီးကို ပေးလှူရာ၌ သေအရက်ကိုပင် ပါဝင်စေသည်ဆိုရာ၌ စင်စစ်အရက်မှာ သောက်မှသာ အပြစ်ရှိသည်၊ မသောက်ဘဲ ဆေးအဖြစ်ဖြင့် အပြင်အပက လိမ်းကျံခြင်း စသည်ဖြင့် သုံးသင့်သုံးထိုက်သော နည်းဖြင့်အသုံးပြုက အကုသိုလ်မဖြစ်နိုင်ပေ၊ ယင်းသို့ အပြင်အပက လိမ်းကျံခြင်း စသောကိစ္စအတွက် အလိုရှိသူများအား လှူဒါန်းလိုခြင်းကြောင့် ထည့်သွင်းထားခြင်းဖြစ်၏။

ပွဲသဘင်အလှူ စသော နောက်အလှူလေးမျိုးတို့မှာကား မည်သည့်နည်းနှင့်မျှ စိတ်စေတနာကောင်းထား၍ မဖြစ်နိုင်သော ဒါနများသာဖြစ်၏။

ဤသို့ စသည်ဖြင့် မိမိသည် ဟောပြော၏။ နောက်လည်း ယခုကဲ့သို့ပင် ဘုရားပွဲကို တရားပွဲနှင့် ကျင်းပသင့်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ဟောပြော၏။ နံနက်မိုးသောက် အလင်းရောက်သော် ဒကာတစ်ယောက်ရောက်လာပြီး ရှိခိုးဦးချ လျှောက်ထား၏။

"အရှင်ဘုရား၊ ညက ရွတ်တဲ့ ပါဠိကို တပည့်တော်လိုချင်ပါတယ်ဘုရား"

"ဘယ်ပါဠိလဲ ဒကာကြီး"

"အကုသိုလ်ဖြစ်တဲ့ ဒါနငါးမျိုးပါဠိဘုရား"

"ကဲ ... ကဲ ... ရေး ဒကာကြီး"

"ပဉ္စ ဒါနာနိ အပုညာနိ ပုညသမ္မတာနိ
လောကသ္မိံ မဇ္ဇဒါနံ. သမဇ္ဇဒါနံ.
ဣတ္ထိဒါနံ. ဥသဘဒါနံ. စိတ္တကမ္မဒါနံ"

(ဝိနည်းပရိဝါပါဠိတော် - ၂၃၁)

ဒကာကြီးသည် အနက်အဓိပ္ပာယ်ပါ အပြည့်အစုံ ရေးသားမှတ်သားထား၏။ ပြီးလျှင် လျှောက်ထား၏။

"တပည့်တော် ဒီလိုဟောတာ ဒီတစ်ခါပဲ နာကြားရပါသေးတယ်ဘုရား၊ တပည့်တော်တို့က နဖူးချွေး ခြေမ ကျအောင် လုပ်ပြီးမှ လှူရတာ၊ အကျိုးရှိချင်တာပေါ့ဘုရား၊ အကျိုးမရှိမှန်း အကုသိုလ်ဖြစ်မှန်းသိလျှင် ဘယ်လှူပါ့မလဲဘုရား၊ လှူရတာ ငွေလည်းကုန်သေး အကုသိုလ်လည်း ဖြစ်သေးဆိုတော့ အကုသိုလ်ဝယ်ယူသလို ဖြစ်နေတာပေါ့"

"ဒကာကြီး၊ ဟောတော့ ဟောကြမှာပါ၊ ဒကာကြီးနဲ့ မတိုက်ဆိုင်လို့ နေမှာပါ"

"မဟုတ်ပါဘူးဘုရား၊ တပည့်တော် တရားလိုက်စား နာကြားတာ ကြာပြီဘုရား၊ တစ်ခါမှ မကြားဖူးပါဘူးဘုရား၊ တစ်ဆင့်စကား တစ်ဆင့်နားတောင်မှ မကြားဖူးပါဘူးဘုရား"

"ကဲ ... ထားပါတော့လေ၊ နောက်က မကြားဖူးတာ လွန်ခဲ့ပြီပဲ၊ ယခုကြားဖူးတော့ ကိုယ်လည်း ရှောင်ပေါ့၊ သူများတွေလည်း ရှောင်နိုင်အောင် တစ်ဆင့်ပြန် ဟောပြောပေးပေါ့"

"တပည့်တော်လည်း အဲဒီရည်ရွယ်ချက်နှင့်ပဲ အရှင်ဘုရားထံမှာ ကျမ်းညွှန်းနှင့်တကွ ပါဠိအကိုးအကားကို လျှောက်ထားတောင်းယူတာပါဘုရား"

"ကောင်းတယ်၊ ကောင်းတယ်၊ သူတစ်ပါးအား တရားဟောပေးရတာ အမြတ်ဆုံးဓမ္မဒါန ကုသိုလ်ဖြစ်တယ်၊ ဟောပေးပေါ့၊ ဦးပဥ္စင်းလည်းပဲ အဲဒီ အမြတ်ဆုံးဓမ္မဒါန ကုသိုလ်လိုချင်လို့ တရားဟောပေးနေတာပဲ"

"တပည့်တော်ကို ခွင့်ပြုပါဦးဘုရား"

ဒကာကြီးသည် အလိုပြည့်ဝ၍ ပြုံးရွှင်စွာနှင့် ရှိခိုးဦးချ၍ ထပြန်သွားတော့၏။ မိမိသည် ဒကာကြီး ထပြန်သွားလျှင် စိတ်ထဲမှ ဉဒါန်းကျူးမိ၏။

> "အချို့လူတို့သည် ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့၌ မပျင်းမရိ လုံ့လရှိ၍ ပျော်မွေ့ကုန်၏။ ဘုရားသားတော် သမီးတော်တို့သည်ကား တရားတော်၌ ပျော်မွေ့ကုန်၏။ နှစ်ဦးကုန်သော ထိုလူတို့သည် အချင်းချင်း ဝေးကွာကုန်၏"
>
> (ရစနာ)
>
> "သန်လျက်သွား အဖျားပေါ်၌ တင်ထားသော ပျားရည်ကို နှစ်သက်မက်မောစွာ လျက်သူသည် ပြင်းစွာဆင်းရဲဒုက္ခ ရောက်ရသကဲ့သို့ က.ခြင်း၊ သီချင်းဆိုခြင်း စသည်၌ နှစ်သက်မက်မောသူသည်လည်း ထက်စွာသော အပါယ်ငရဲတို့၌ ကျရောက်ရ၏"
>
> (ရစနာ)
>
> "ထို့ကြောင့် ကြောင်းကျိုးမြင်သိ ပညာရှိသည် ပြင်းစွာသော ဆင်းရဲဒုက္ခကို မြင်၍ မိမိ၏ ချမ်းသာရေးကို အလိုရှိလတ်သော် က.ခြင်း၊ သီချင်းဆိုခြင်း စသည်တို့၌ မမွေ့ပျော်ရာ"
>
> "ကြောင်းကျိုးမြင်သိ ပညာရှိသည် ဆားငံရည်နှင့်တူသော က.ခြင်း၊ သီဆိုခြင်းစသော ကာမဂုဏ်အာရုံကို မမှီဝဲ မသောက်သုံးဘဲ ချိုမြိန်ကောင်းမြတ်သော အမြိုက်သုဓာဘုတ်နှင့်တူသော သူတော်ကောင်းတရားကို အခါခါ အထပ်ထပ် နာကြား သောက်သုံးရာ၏"
>
> (ရစနာ)

✢ မသိသူများ၊ သိ၍သွား၊ ကြိုးစားရှောင်ရှားနိုင်စေသော်။

# ဝိသာခါ သီချင်းဆိုပြီး ဗိုက်ပြောတီး က.တယ်တဲ့ဘုရား

(၁၇)

လောကသဘာဝမှာ အမှားစကား အမှားဝါဒသည် ပျံ့နှံ့လွယ်၏။ တွင်ကျယ်လွယ်၏။ လူကြိုက်များ၏။ မှန်သောစကားမှန်သောဝါဒမှာ ပျံ့နှံ့ခဲ၏။ တွင်ကျယ်ခဲ၏။ လူကြိုက်နည်း၏။ ယင်းသို့ဖြစ်ရာ အမှားကြာကာ ပေါ်လွင်ပြီး အမှန်လို ဖြစ်သွားတတ်၏။ အမှန်မှာ မြုပ်ပြီး အမှားလို ဖြစ်သွားတတ်၏။ ယင်းကိုရည်ရွယ်၍ ပညာရှိများက မော်ကွန်းထိုးခဲ့၏။

"အမှားကြာတော့ အမှန်ဖြစ်၊ အမှန်စင်စစ် အမှားထင်၊ ဘုရားရှင်ပင် ဟောလို့မရ"

မှန်၏။ တစ်ခါက မိမိသည် အလှူပွဲတစ်ပွဲတွင် တရားဟော၏။ အလှူမှာ အတီးအမှုတ်မပါ၊ တိတ်တိတ်ဆိတ်ဆိတ် လှူဒါန်းသော အလှူဖြစ်၏။ လှူဒါန်းမှု၊ တရားနာမှုကို ဦးစားပေး လှူ၏။ သို့နှင့် မိမိသည် ဤအလှူမျိုး ကောင်းကြောင်း၊ တရားနှင့် လျော်ညီကြောင်း၊ ဘုရားရှင်၏ အလိုတော်ကျကြောင်း စသည်ဖြင့် ချီးကျူးဟော၏။

တစ်ဖန် အတီးအမှုတ်များဖြင့် ဆူဆူညံညံလှူသော အလှူမျိုးမှာ တရားနှင့် မညီကြောင်း၊ ဘုရားရှင် ကဲ့ရဲ့ကြောင်း၊ "ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ" ဖြစ်ကြောင်း စသည်ဖြင့် အပြစ်ပြ၍ ပြောဟော၏။ အလှူပွဲပြီးသောအခါ ဒကာကြီးတစ်ယောက်ရောက်လာကာ ရှိခိုးဦးချ၍ မေးလျှောက်၏။

"အရှင်ဘုရား၊ အလှူထဲမှာ အတီးအမှုတ် ထည့်လှူတာ အကျိုးမရှိဘူးလားဘုရား"

"အကျိုးတော့ ရှိတာပေါ့ ဒကာကြီးရဲ့ အတီးအမှုတ်ဆိုတာက အကုသိုလ်ပွားစေတတ်တော့ အတီးအမှုတ်ထည့်လှူလျှင် အကုသိုလ်အကျိုးဖြစ်တဲ့ မကောင်းကျိုးတော့ ရမှာပေါ့၊ ကောင်းကျိုးတော့ ဘယ်ရမှာလဲ ဒကာကြီး"

"ဒါဖြင့် တပည့်တော် ကြားဖူးတယ်ဘုရား၊ တချို့ဓမ္မကထိကတွေကလည်း ဟောတယ်ဘုရား၊ ဝိသာခါဟာ သောတာပန်ပဲ၊ သူ့ရဲ့ပုဗ္ဗာရုံကျောင်းကြီး ရေစက်ချတော့ ဝမ်းသာလွန်းလို့ သား. သမီး. မြေး. မြစ်တွေ ခြံရံပြီး "ဝိသာခါ သီချင်းဆိုပြီး ဗိုက်ပြောတီး က.တယ်တဲ့ဘုရား" အပြစ်ရလျှင် ဝိသာခါ ဒီလိုလုပ်ပါ့မလားဘုရား"

"ကြုံကြုံဖန်ဖန် ဒကာကြီးကလည်း၊ အဲဒီ မဟုတ်တရုတ် ကြားဖူးနားဝတွေက ခက်နေတယ်၊ ဟုတ်တာကို လာဖျက်နေတယ်၊ ဘယ်ကလာ သောတာပန် ကျောင်းအမကြီးတစ်ယောက်က ဘုရားရှင်နှင့် သံဃာတော်တွေရှေ့ကျောင်းဝင်းကြီးထဲမှာ အရှက်အကြောက်မရှိ သီချင်းဆိုပြီး ဗိုက်ပြောတီး က.ပါ့မလဲ၊ အဲဒါ သီချင်းဆိုချင်၊ တီးမှုတ်က.ခုန်ချင်သူတွေရဲ့ထွင်လုံးစကား

ပဲ၊ ဘယ်ကျမ်းဂန်မှာမှ မပါဘူး၊ နားထောင်ဒကာကြီး၊ ဦးပဥ္စင်း ရှင်းပြမယ်၊ ဝိသာခါကျောင်းအမကြီးဟာ ကျောင်းအလှူပွဲ အပြီးမှာ သား.သမီး.မြေး.မြစ်အပေါင်း ခြံရံလျက် –

"ငါသည် ရှေး၌ အကြင် အကြင်ဆုကို တောင့်တအပ်၏။ ခပ်သိမ်းသော ထိုထိုဆုသည် အပြီးသို့ ရောက်ပြီ"

"ငါသည် အဘယ်အခါ၌ သန့်ရှင်းစင်ကြယ်သော အင်္ဂတေ.မြေဖြူ.မြေနီဖြင့် လိမ်းကျံအပ်သော နလုံးမွေ့လျော်ဖွယ်ရှိသော ပြာသာဒ်ကိုပြု၍ ကျောင်းအလှူကို လှူရအံ့နည်း၊ ဤသို့ ငါ၏ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီဖြည့်၍ ကြံခြင်းသည် ယနေ့ ပြည့်စုံလေပြီ"

"ငါသည် အဘယ်အခါ၌ ညောင်စောင်း၊ အင်းပျဉ်၊ ဘုံလျို၊ ခေါင်းအုံးနှင့် အိပ်ရာ၊ နေရာ၊ ကျောင်းဘဏ္ဍာကို ပြု၍ လှူရအံ့နည်း။ ဤသို့ ငါ၏ ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီဖြည့်၍ ကြံခြင်းသည် ယနေ့ပြည့်လေပြီ"

"ငါသည် အဘယ်အခါ၌ သန့်ရှင်းစင်ကြယ်စွာသော သားဟင်းမျိုးဖြင့်ပြွမ်းသော စာရေးတံဆွမ်းဟု ဆိုအပ်သော ဆွမ်းအလှူကို လှူရအံ့နည်း။ ဤသို့ ငါ၏ ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီဖြည့်၍ ကြံခြင်းသည် ယနေ့ ပြည့်လေပြီ"

"ငါသည် အဘယ်အခါ၌ ကာသိကရာဇ်တိုင်း၊ ခေါမတိုင်းဖြစ် သင်္ကန်းနှင့် ဝါချည်သင်္ကန်းတို့ကို သင်္ကန်းအလှူအဖြစ် လှူရအံ့နည်း။ ဤသို့ ငါ၏ ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီဖြည့်၍ ကြံခြင်းသည် ယနေ့ ပြည့်လေပြီ"

"ငါသည် အဘယ်အခါ၌ ထောပတ်၊ ဆီဦး၊ ပျားရည်၊ ဆီ၊ တင်လဲတည်းဟူသော ဆေးအလှူကို လှူရအံ့နည်း။ ဤသို့ ငါ၏ ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီဖြည့်၍ ကြံခြင်းသည် ယနေ့ပြည့်လေပြီ"

လို့ နှစ်သက်ဖွယ်ရှိသော ပင်ကိုယ်သံဖြင့် ဝမ်းသာရွှင်ပျစွာ ပုဗ္ဗာရုံပြာသာဒ်ကျောင်းကြီးကို အကြိမ်များစွာ အထပ်ထပ်လှည့်လည်သွားစဉ် နှစ်သက်ဝမ်းမြောက်ဒသာ ဥဒါန်းစကား မြွက်ကြားတယ်။ သီချင်းဆိုပြီး ဗိုက်ပြောတီး က.တာမဟုတ်ဘူး၊ အဲဒီမှာ သီချင်းဆိုတဲ့ အဓိပ္ပာယ်၊ ဗိုက်ပြောတီးတဲ့ အဓိပ္ပာယ်၊ က.တယ်ဆိုတဲ့ အဓိပ္ပာယ် ပါရဲ့လား ဒကာကြီး"

"တစ်ချက်မှ မပါဘူးဘုရား"

"ဆက်နားထောင်ဦး ဒကာကြီး၊ ဒီတစ်ခါ ပိုရှင်းသွားမယ်"

"အဲဒီလို ဥဒါန်းစကား လှည့်ပတ်မြွက်ကြားတော့ ရဟန်းတော်တွေက ကြားတယ်၊ ဝိသာခါရဲ့ပင်ကိုယ်သံက ကောင်းတော့ ရဟန်းတော်တွေက သီချင်းဆိုတယ် ထင်တယ်၊ ဒါကြောင့် ဘုရားရှင်ကို သွားပြီးလျှောက်မေးတယ်"

"မြတ်စွာဘုရား၊ တပည့်တော်တို့ ဤမျှကာလပတ်လုံး ဝိသာခါ သီချင်းဆိုသည်ကို မမြင်ဖူး၊ မကြားဖူးပါ။ ယနေ့ ဝိသာခါသည် သား.သမီး.မြေး.မြစ်အပေါင်း ခြံရံလျက် သီချင်းဆိုပြီး ပုဗ္ဗာရုံပြာသာဒ်ကျောင်းကြီးကို လှည့်ပတ်သွားလာ၏။ ထိုဝိသာခါ၏ သည်းခြေမူလည်း ပျက်လေသလော၊ သို့မဟုတ် ရူးမူလည်း ရူးလေသလော"

"ရဟန်းတို့ ငါ၏သမီး ဝိသာခါသည် သီချင်းမဆို၊ မိမိ၏ အလိုဆန္ဒတောင့်တမှု အဖျားသယ ပြည့်ဝ၍ "ငါ၏ တောင့်တအပ်သောဆုသည် အပြီးအဆုံးသို့ရောက်လေပြီ" ဟု နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းစကား မြွက်ဆိုလျက် လှည့်ပတ်သွားလာခြင်းသာ ဖြစ်၏"

"ဟင် . . . အခု အရှင်ဘုရား ရှင်းပြတဲ့အတိုင်းဆိုရင် သီချင်းဆိုတာတောင်မှ မပါဘူး မဟုတ်လား၊ ဘယ်မှာလည်း ဗိုက်ပြောတီးတာ၊ က.တာ အရိပ်အမြွက်တောင် မပါဘူး၊ အရှင်ဘုရားများ ချန်ထားသလားဘုရား"

"ဘယ်ကလာ ကပ်သီးကပ်သတ် ချန်ထားရမှာလဲ၊ ချန်ထားရင် ဘုန်းကြီးငရဲကြီးမှာပေါ့၊ အဲဒါ ဓမ္မပဒအဋ္ဌကထာမှာ လာတဲ့အတိုင်း ခရေစေ့တွင်းကျ ရှင်းပြတာပဲ ဒကာကြီး၊ ပေါက်တတ်ကရ ကိုယ်လိုရာဆွဲပြောတာ မဟုတ်ဘူး၊ စာဆိုတာ မူရင်းကြည့်ရတယ်၊ သူများ တစ်ဆင့်ရေးတာ သွားကြည့်ရင် အမှန်ရဖို့ မလွယ်ဘူး၊ သူများ ဟောတာ နာကြားရုံနဲ့လည်း အမှန်ရဖို့ မလွယ်ဘူး၊ ဟောတဲ့ ဓမ္မကထိကဟာ ပင်ရင်းပါဠိအဋ္ဌကထာ ကိုယ်တိုင်ကြည့်ဟောမှ အဲဒါကို နာရလျှင် အမှန်ရမယ်၊ ယခုခေတ်မှာဆို ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသတို့ ဟောသလိုပေါ့၊ သို့မဟုတ်က အမှန်မရနိုင်ဘူး"

"ဒီလိုဆို ဒီကိုယ်တော်တွေဟာ သူတို့ သီချင်းဆို ဇိုချင်းချ ဟားတိုက်ရယ်ရအောင် တရားဟောချင်တာနဲ့ ဝိသာခါဆွဲထည့်တာပေါ့ဘုရား၊ အဲဒါလူတွေကလည်း တစ်ဆင့်စကားနဲ့ အဟုတ်မှတ်ပြီး အလွဲမှာ အတီးအမှုတ်ကလေးမှ မပါရင် အလွဲဖြစ်တယ်တောင် မထင်ဘူးဘုရား၊ ခက်တယ်ဘုရား၊ သိပ်ခက်တယ်၊ "မရှိတာထက် မသိတာခက်တယ်" ဆိုတာ သိပ်မှန်တယ်ဘုရား"

ဒကာကြီးသည် ယင်းသို့ ညည်းတွားပြောဆိုပြီး ရှိခိုးဦးချ၍ ထပြန်သွားလေ၏။ ဒကာကြီး ထပြန်သွားလျှင် ယင်းအဖြစ်အပျက်နှင့် သင့်လျော်သော ဘုရားရှင်၏ တရားအစဉ်များကို စဉ်းစား၏။ သို့စဉ်းစားရာ၌ ဘုရားရှင်၏ တရားအစဉ်များသည် မိမိဉာဏ်တွင် ထင်မြင်ပေါ်ပေါက်လာ၍ -

"ရှက်သင့်သော အကုသိုလ်အရေးတို့၌ မရှက်ကြကုန်၊ မရှက်သင့်သော ကုသိုလ်အရေးတို့၌ ရှက်ကြကုန်၏။ ကြောက်လန့်သင့်သော အကုသိုလ်အရေးတို့၌ မကြောက်လန့်ကုန်၊ မကြောက်လန့်သင့်သော ကောင်းမှုရေးတို့၌ ကြောက်ဖွယ်အရေး ဇရာမဘေးကြီးဟု မြော်တွေးထင်မြင်ကုန်၏"

(သံဝိဂ်ဒီပိကာ ရစနာ)

"မရှက်သင့်သော အရာတို့၌ မရှက်ကြကုန်လင့်၊ မကြောက်သင့်သော အရာတို့၌ မကြောက်ကြကုန်လင့်။ စင်စစ် ရှက်သင့်သော အရာဌာန၌သာလျှင် ရှက်ကြကုန်လော့၊ ကြောက်သင့်သော အရာဌာန၌သာလျှင် ကြောက်ကြကုန်လော့"

(သံဝိဂ်ဒီပိကာ ရစနာ)

"ရှက်ဖွယ်မဟုတ်သည်၌ ရှက်ကုန်၍ ရှက်ဖွယ်ဟုတ်သည်၌ မရှက်ကုန်သည့် မှားသောမိစ္ဆာဒိဋ္ဌိ အယူရှိကြကုန်သော သတ္တဝါတို့သည် မကောင်းသောငရဲ စသောဒုဂ္ဂတိသို့ သွားရကုန်၏"

(နိရယဝဂ် - ဓမ္မပဒ)

"ဘေးမဟုတ်သည်၌ ဘေးဟု ရှုလေ့ရှိကုန်၍၊ ဘေးဟုတ်သည်၌ ဘေးဟု ရှုလေ့မရှိကုန်သော မှားသော မိစ္ဆာဒိဋ္ဌိအယူရှိကုန်သော သတ္တဝါတို့သည် မကောင်းသော ငရဲစသော ဒုဂ္ဂတိသို့ သွားရကုန်၏"

(နိရယဝဂ် - ဓမ္မပဒ)

"အပြစ်ကို အပြစ်အားဖြင့်၊ အပြစ်မဟုတ်သည်ကိုလည်း အပြစ်မဟုတ်သောအားဖြင့် သိ၍ ကောင်းသော သမ္မာဒိဋ္ဌိ အယူရှိကြကုန်သော သတ္တဝါတို့သည် ကောင်းသော လူနတ်ဟူသော သုဂတိသို့ သွားရကုန်၏"

(နိရယဝဂ် - ဓမ္မပဒ)

✦ ပြစ်ရှိမရှိ၊ ခွဲခြားသိ၊ ထိမိဟောကြားနိုင်စေသော်။

✦ အပြစ်မရှိ၊ ကြိုးစားဖြည့်၊ ပြစ်ရှိရှောင်ရှားနိုင်စေသော်။

# ဓမ္မကထိကမဟုတ်တာမှ ပင့်ချင်တယ်ဘုရား

## (၁၈)

မိမိသည် တရားတော့ ဟောပါ၏။ သို့သော် ဓမ္မကထိကအမည်တော့ မခံပါ။ ဓမ္မကထိက မဟုတ်ပါ။ ပင့်တိုင်း လိုက်၍ မဟောပါ။ သွားလာတည်းခိုနေထိုင်ရေး ကျန်းမာမှုနှင့် လျော်ကန်၍ သာသနာရေးအတွက် အကျိုးများမှုကို အဓိကထားလိုက်၏။ မိမိငယ်ဆရာကလည်း ဆုံးမထား၏။

"မလျော်ကန်လျှင် ပင့်တိုင်းမလိုက်ရ၊ နယ်လှည့် တရားမဟောရ၊ လျော်ကန်၍ ဟောပါဟု တိုက်တွန်း လျှောက်ထားလျှင်လည်း ဟောရမည်။ မိမိကိုယ်ကျိုးကြည့်၍မဟောရ၊ လာဘ်ပေါ်များရေးနှင့် နာမည်ကျော်ကြားရေး အတွက် မဟောရ၊ မိမိအဖွဲ့အစည်း ကြီးပွားရေးအတွက် မဟောရ၊ ပရိသတ် အကျိုးများရေးနှင့် သာသနာရေးကို ကြည့်၍ ဟောရမည်"

မိမိသည် ယင်းသို့ ရွေးချယ်မှုရှိ၍ နယ်ကျဉ်း၏။ သို့ကျဉ်းသော်လည်း ရွေးချယ်မှသာ ဟောသူ နာသူ အကျိုးရှိမည်။ ဟောသူ နာသူနှစ်ဦးမှာ သူ့ပရိသတ်နှင့် သူ့ဟောသူဟူ၍ လေးမျိုးရှိကြောင်းကို ဘုရားရှင်က စတုက္က - အင်္ဂုတ္တရဓမ္မကထိကသုတ်တွင် ဤသို့ ဟောတော်မူခဲ့၏။

၁။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော တရားဟောပုဂ္ဂိုလ်သည် အနည်းငယ်မျှကိုလည်း ဟော၏။ အကျိုးစီးပွားနှင့် မစပ်သည်ကိုလည်း ဟော၏။ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွားနှင့် စပ်သည် မစပ်သည်၌ မလိမ္မာ။

၂။ ရဟန်းတို့ဤသာသနာတော်၌အချို့သောတရားဟောပုဂ္ဂိုလ်သည်အနည်းငယ်ကိုလည်းဟော၏။ အကျိုးစီးပွားနှင့် စပ်သည်ကိုလည်း ဟော၏။ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွားနှင့် စပ်သည် မစပ်သည်၌ လိမ္မာ၏။

၃။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော တရားဟောပုဂ္ဂိုလ်သည် များစွာလည်း ဟော၏။ အကျိုးစီးပွားနှင့် မစပ်သည်ကိုလည်း ဟော၏။ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွားနှင့် စပ်သည် မစပ်သည်၌ မလိမ္မာ။

၄။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော တရားဟောပုဂ္ဂိုလ်သည် များစွာလည်း ဟော၏။ အကျိုးစီးပွားနှင့် စပ်သည်ကိုလည်း ဟော၏။ ထိုပုဂ္ဂိုလ်၏ပရိသတ်သည်လည်း အကျိုးစီးပွားနှင့် စပ်သည် မစပ်သည်၌ လိမ္မာ၏။

ယင်းသို့ သူ့ဟောသူနှင့် သူ့ပရိသတ် ဖြစ်ရကားမိမိမှုကို မဖျက်ဘဲ ဘုရားရှင်အလိုကျ ဟောခြင်းသည် အကောင်းဆုံး ဖြစ်၏။ တစ်ခါက မိမိသည် မြို့ကြီးတစ်မြို့၌ တရားဟောနေစဉ် တရားပွဲဖြစ်မြောက်ရေး အဖွဲ့တစ်ဖွဲ့မှ ဒကာကြီးတစ်ယောက် ရောက်လာလျှောက်ထား၏။

"အရှင်ဘုရား၊ တပည့်တော်တို့အဖွဲ့က ဘုရားပွဲအတွက်ပင့်လျှင် မငြင်းပါနဲ့ဘုရား၊ လက်ခံပါ"

ထိုဒကာကြီးတို့အဖွဲ့သည် ဘုရားပွဲကို တရားပွဲနှင့် ကျင်းပ၏။ ဇာတ်ပွဲစသည် မထည့်ပေ။ တရားပွဲမှာ တစ်ပါးလျှင် သုံးည၊ ငါးည၊ ခုနစ်ည စသည် လျော်သလို ဟောရ၏။ တစ်နှစ်လျှင် လေးငါးပွဲကျင်းပ၍ လေးငါးပါးပင့်ရ၏။

"ဒကာကြီး၊ ဦးပဉ္ဇင်းက ကျန်းမာရေးလည်း သိပ်မကောင်းဘူး၊ ဓမ္မကထိကလည်း မဟုတ်ဘူး။ ဟောဒီဘုန်းကြီးပင့်၊ သူက ဓမ္မကထိက အကြီးစားပဲ"

မိမိသည် ယင်းသို့ပြောဆိုပြီး မိမိမိတ်ဆွေဖက်သို့ လက်ညှိုးညွှန်ပြလိုက်၏။ သူသည် မိမိအပြီးတွင် ဟောရန် ရောက်နေခိုက်ဖြစ်၏။

"ဟိုအရှင်ဘုရားလည်း ပင့်ရမှာပဲ၊ အရှင်ဘုရားလည်း ပင့်ရမှာပဲ၊ တပည့်တော်တို့ တရားပွဲမှာ လေး.ငါးပါး ပင့်ရတယ်ဘုရား"

"လေး.ငါးပါးပင့်လည်း ဓမ္မကထိကတွေ ရာပင့်ပေါ့ ဒကာကြီးရာ၊ ဦးပဉ္ဇင်းက ဓမ္မကထိကမှ မဟုတ်တာ"

"တပည့်တော်တို့က "ဓမ္မကထိကမဟုတ်တာမှ ပင့်ချင်တယ်ဘုရား" ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသဟာ ဘယ်မှာ ဓမ္မကထိကဟုတ်လို့လဲ၊ တပည့်တော်တို့ ရအောင် ပင့်တယ်ဘုရား၊ တပည့်တော်တို့ တရားမဏ္ဍပ်သို့ ဓမ္မကထိကတွေ လာ စပ်တယ်ဘုရား၊ ဟောချင်လို့၊ တပည့်တော် လက်မခံဘူး၊ ဓမ္မကထိကတွေ လာစပ်လွန်းလို့ တပည့်တော်တို့ တရားပွဲတွေပြီး လျှင် မဏ္ဍပ်ကို မြန်မြန်ဖျက်ရတယ်ဘုရား"

"အင်း ... အင်း ... ဒကာကြီးဟာက တယ်ခက်ပါလား၊ လာစပ်တဲ့ ဓမ္မကထိကတော့လည်း မလိုချင်၊ မလိုက်ချင်တဲ့ ကိုယ်တော်တော့လည်း ကတ်သတ်ပင့်၊ အင်း တရားဟောရတာ တယ်မလွယ်ပါလား၊ ဒါကြောင့်ဘုရားဟောတာပဲ"

"ဘယ်လိုဟောတာလဲဘုရား၊ အမိန့်ရှိပါဦး၊ နာပါရစေ"

"အခါတစ်ပါး၌ ဘုရားရှင်သည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ နေတော်မူ၏။ ထိုအခါ၌ ရှင်ဥဒါယီသည် တရားဟောလျက်နေ၏။ အရှင်အာနန္ဒာသည် ရှင်ဥဒါယီတရားဟောနေသည်ကိုမြင်လျှင် ဘုရားရှင်ထံ ချဉ်းကပ်ရှိခိုးပြီး လျှောက်ထား၏။

"မြတ်စွာဘုရား၊ ရှင်ဥဒါယီသည်တရားဟောနေပါ၏"

"အာနန္ဒာ ... သူတစ်ပါးတို့အား တရာဟောရန် မလွယ်ကူ၊ အာနန္ဒာ ... သူတစ်ပါးတို့အား တရားဟောလိုသူသည် -

၁။ အစဉ်အတိုင်းဖြစ်သော အနုပုဗ္ဗိကထာ တရားစကားကိုဟောမည်။

၂။ အကျိုးအားလျော်သော အကြောင်းကိုပြလျက် တရားစကားကိုဟောမည်။

၃။ အစဉ်သနားခြင်းကို အစွဲပြု၍ တရားစကားကို ဟောမည်။

၄။ အာမိသကို မငဲ့ကွက်သော စိတ်ရှိသည်ဖြစ်၍ တရားစကားကိုဟောမည်။

၅။ မိမိကိုယ်ကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း၊ မထိပါး မပုတ်ခတ်မူ၍ တရားစကားကို ဟောမည်"

ဟု ဤတရားငါးမျိုးတို့ကို မိမိသန္တာန်၌ ဖြစ်စေ၍ တရားစကားဟောကြားရမည်"

(ဥဒါယီသုတ် - ပဉ္စက - အင်္ဂုတ္တရ)

"အဲ ... ဟုတ်ပြီ၊ ဟုတ်ပြီဘုရား၊ အရှင်ဘုရားတို့ဟောတာ အဲဒီအင်္ဂါတွေနဲ့ ညီတယ်ဘုရား၊ ဒါကြောင့် တပည့်တော်တို့ ပင့်တာပေါ့ဘုရား"

ယင်းဒကာကြီးတို့ ဘုရားပွဲမှာ တရားပွဲနှင့် ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်ကျော်ပြီ၊ တရားရေလည်း တော်တော်ဝနေပြီ၊ ထို့ကြောင့် ရွေးချယ်နေခြင်းဖြစ်သည်။

"နေပါဦး ဒကာကြီးရဲ့၊ တခြားမလွယ်တဲ့ အင်္ဂါတွေလည်း အများကြီးရှိသေးတယ်"

"အမိန့်ရှိပါဦးဘုရား၊ ဘယ်လိုအင်္ဂါတွေလဲ"

"အခါတစ်ပါး၌ ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူ၏။ ထိုအခါ ရဟန်းတစ်ပါးသည် ဘုရားရှင်ထံသို့ ချဉ်းကပ်ရှိခိုးပြီး လျှောက်ထား၏။

"မြတ်စွာဘုရား၊ "ဓမ္မကထိက - ဓမ္မကထိက" ဟူ၍ ဆိုအပ်ပါ၏၊ မြတ်စွာဘုရားအဘယ်မျှဖြင့် "ဓမ္မကထိက" ဖြစ်ပါသနည်း။

"ရဟန်း၊ အကယ်၍ အိုမှု ဇရာ၊ သေမှု မရဏကို ငြီးငွေ့ရန်၊ တပ်မက်မှု ကင်းရန်၊ ချုပ်ငြိမ်းရန် တရားဟောခဲ့မူ "ဓမ္မကထိက" ဟူ၍ ဆိုခြင်းငှာသင့်၏"

"ရဟန်း၊ ပဋိသန္ဓေနေမှု - ဇာတိကို၊ ဖြစ်မှု - ဘဝကို၊ စွဲလမ်းမှု - ဥပါဒါန်ကို၊ တပ်မက်မှု - တဏှာကို၊ ခံစားမှု - ဝေဒနာကို၊ တွေ့ထိမှု - ဖဿကို၊ တည်ရာ - အာယတန ခြောက်ပါးကို၊ နာမ် ရုပ်ကို သိမှု - ဝိညာဉ်ကို၊ ပြုစီရင်မှု - သင်္ခါရ တို့ကို၊ မသိမှု - အဝိဇ္ဇာကို ငြီးငွေ့ရန်၊ တပ်မက်မှုကင်းရန်၊ ချုပ်ငြိမ်းရန်၊ တရားဟောခဲ့မူ "ဓမ္မကထိက" ဟူ၍ ဆိုခြင်းငှာသင့်၏"၊

(ဓမ္မကထိကသုတ် - နိဒါနသံယုတ်)

"ရဟန်း၊ အကယ်၍ မျက်စိကို ငြီးငွေ့ရန်၊ စွဲမက်မှုကင်းရန်၊ ချုပ်ငြိမ်းရန် တရားဟောခဲ့မူ "ဓမ္မကထိက" ဟူ၍ ဆိုခြင်းငှာ ထိုက်၏"

"ရဟန်း၊ အကယ်၍ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ကို ငြီးငွေ့ရန်၊ စွဲမက်မှုကင်းရန်၊ ချုပ်ငြိမ်းရန် တရားဟောခဲ့မူ "ဓမ္မကထိက" ဟူ၍ ဆိုခြင်းငှာထိုက်၏။

(ဓမ္မကထိက ပုစ္ဆာသုတ်၊ သဠာယတနသံယုတ်)

"ရဟန်း ၊ အကယ်၍ ရုပ်ကို ငြီးငွေ့ရန်၊ စွဲမက်မှုကင်းရန်၊ ချုပ်ငြိမ်းစေရန် တရားဟောခဲ့မူ "ဓမ္မကထိက" ဟူ၍ ဆိုထိုက်၏။

"ရဟန်း ၊ အကယ်၍ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကို ငြီးငွေ့ရန်၊ စွဲမက်မှုကင်းရန်၊ ချုပ်ငြိမ်းစေရန် တရားဟောခဲ့မူ "ဓမ္မကထိက" ဟူ၍ ဆိုခြင်းငှာ ထိုက်၏။

(ဓမ္မကထိကသုတ် - ခန္ဓသံယုတ်)

"များလှပါလားဘုရား၊ ဓမ္မကထိကဖြစ်ဖို့ရာ အင်္ဂါတွေကလည်း"

"ဒါကြောင့် ဦးပဉ္ဇင်းက ဓမ္မကထိက မဟုတ်ဘူးလို့ ပြောတာပေါ့ ဒကာကြီးရ"

"မဟုတ်ပေမဲ့ အရှင်ဘုရားတို့က ဓမ္မကထိကနဲ့ အများကြီးနီးစပ်ပါတယ်ဘုရား၊ တပည့်တော်တို့ ပင့်တာ လက်ခံပါဘုရား"

"နေပါဦး ဒကာကြီးရဲ့ နောက်အင်္ဂါတွေ ရှိသေးတယ်"

"ဒါဖြင့် အမိန့်ရှိပါဦးဘုရား"

"ရဟန်းတို့ မည်သည့်ရဟန်းမဆို "ငါ၏ တရားကို နာကြားကြကုန်မူ၊ နာကြားပြီး၍လည်း ကြည်ညိုကြကုန်မူ၊ ကြည်ညိုကြကုန်သည်ဖြစ်၍ ငါ့အား ကြည်ညိုသော အခြင်းအရာကို ပြုကြကုန်မူ ကောင်းလေစွ" ဟု ဤသို့စိတ်ရှိသည်ဖြစ်၍ သူတစ်ပါးတို့အားတရားဟော၏။ ရဟန်းတို့ ဤသို့သဘောရှိသောရဟန်း၏တရားဟောခြင်းသည် မစင်ကြယ်။

"ရဟန်းတို့၊ မည်သည့် ရဟန်းမဆို "မြတ်စွာဘုရား ဟောကြားသော တရားတော်သည် ကောင်းစွာဟောထားသောတရားတော်ပါပေတည်း၊ ကိုယ်တိုင်သိမြင်အပ်သော၊ အခါမလင့်အကျိုးပေးတတ်သော၊ လာလှည့်ရှုလှည့်ဟုပြထိုက်သော၊ မိမိ၏ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော၊ အရိယာပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိမြင်နိုင်သော တရားတော်ပါပေတည်း" ဟု နှလုံးသွင်း၍ ငါ၏တရားတော်ကို နာကြားကြကုန်မူ၊ နာကြားပြီး၍လည်း တရားကို သိကြပါကုန်မူ၊ သိပြီး၍ အရဟတ္တဖိုလ်ဟူသော အကျိုးငှာ ကျင့်ကြကုန်မူ ကောင်းလေစွ" ဟု ဤသို့ စိတ်ရှိသည်ဖြစ်၍ သူတစ်ပါးတို့အား တရားဟော၏။ ဤသို့ တရား၏ကောင်းသောအဖြစ်ကို စွဲ၍ သူတစ်ပါးတို့အား တရားဟော၏။ သနားကြင်နာခြင်းကို စွဲ၍ အစဉ်စောင့်ရှောက်ခြင်းကို အကြောင်းပြု၍ သူတစ်ပါးတို့အား တရားဟော၏။ ရဟန်းတို့ ဤသဘောရှိသော ရဟန်း၏ တရားဟောခြင်းသည် စင်ကြယ်၏"

(စန္ဒူပမသုတ် - ကဿပသံယုတ်)

"တပည့်တော်ဖြင့် အရှင်ဘုရား ဓမ္မကထိက မဟုတ်တာ၊ ဟုတ်တာ အသာထား ဒီမျှဖြင့်ပင် ကျေနပ်လှပါပြီဘုရား၊ ဓမ္မကထိက မဟုတ်သော်လည်း ဒီအင်္ဂါတွေသိထားတော့ ဓမ္မကထိကအမည်နဲ့ အများကြီးနီးစပ်အောင် ဟောနိုင်ပါတယ်ဘုရား၊ အခု ဒီတရားပွဲမှာ ဟောနေတာဖြင့် ပရိသတ်ကို ငြိမ်ပြီး ဩချနေတာပဲဘုရား၊ အရှင်ဘုရား ပင့်လျှင် လက်ခံပါဘုရား"

"ကဲ ကဲ ... ရှိစေတော့ ဒကာကြီး၊ အချိန်ကျတော့သာ ပင့်စာပို့လိုက်ပေါ့၊ ပြန်စာလာရင် လက်ခံတယ်ပေါ့"

"ဝမ်းသာပါတယ်ဘုရား၊ ဒီလောက်စကားရရင် ကျေနပ်ပါပြီဘုရား"

ဒကာကြီးသည် အလိုပြည့်ဝသွားဟန်ရှိ၏။ ရွှင်လန်းတက်ကြွစွာနှင့် ရှိခိုးဦးချ၍ ထပြန်သွားတော့၏။

✧ အများဟောကြား၊ နည်းဟောကြား၊ စီးပွား ကျိုးနှင့် စပ်စေသော်။

✧ ရုပ်နာမ် ဓမ္မ၊ သစ္စာ၊ ရ၊ စိတ်ကငြိုးအောင် ဟောစေသော်။

# ဒီဘုန်းကြီး ဘာတွေလျှောက်ပြောနေပါလိမ့်

## (၁၉)

တစ်ခါက မိမိသည် တောရွာကြီးတစ်ရွာမှ ရှင်ပြုရဟန်းခံ အလှူကြီးတစ်လှူတွင် တရားဟောတာဝန် ကျ၏။ အလှူမှာ တောသူဌေးအလှူ၊ ဆိုင်းနှင့် ဧည့်ခံ၏။ အလှူမှာ ဆိုင်းပါလျှင် တရားဟောခက်၏။ ဆိုင်းကို စိတ်ဝင်စား၍ တရားကို စိတ်မဝင်စားကြ၊ တစ်ဖန် ဆိုင်းနှင့်ဧည့်ခံနေ၍ တရားဟောချိန် နောက်ကျတတ်၏။ အလှူလာသူများမှာ အများအားဖြင့် အသွားရှိ၍ အပြန်ရှိဆိုသလို အလှူရှင်မျက်နှာနှင့် လာသူများ ဖြစ်၏။

တရားကို စိတ်ဝင်စားသူ နည်းပါး၏။ အမြန်ပြန်ချင်မှု စိတ်စောနေ၏။

သို့ဖြစ်၍ မိမိသည် အလှူကြီးလေ တရားမဟောချင်လေ ဖြစ်၏။ သို့ပင်ဖြစ်သော်လည်း ယခုအလှူတွင်မူ အလှူရှင်နှင့် ကျောင်းထိုင်ဘုန်းကြီးတို့၏ တောင်းပန်လွန်း၍ မနေသာသဖြင့် ဟောရ၏။ ပြည့်ပြည့်စုံစုံ နစ်နာရီလောက် ဟောဖို့ တောင်းပန်၏။ သို့သော် မိမိသည် "ခဲမှန်ဖူးတဲ့ စာသူငယ်"ဖြစ်နေ၍ အလှူအကြောင်း ဓာတ်သိနေရကား သီလပေးမှ ရေစက်ချအထိ တစ်နာရီ(၃၀)မိနစ်မျှ ဟောခဲ့၏။ ကျောင်းဘုန်းကြီးနှင့် အလှူရှင်တို့ အလိုပြည့်ဝသွားပါ၏။ သို့သော် နောက်နေ့တွင် မိမိထံသို့ ရင်းနှီးသူဒကာတစ်ယောက် ရောက်လာလျှောက်ထား၏။

"ဦးပဉ္ဇင်း မနေ့က တရားဟောတာ အများပရိသတ်ကတော့ ကြိုက်ပုံရပါတယ်၊ ငြိမ်နေတာပဲ ကြည့်ရတာ၊ ဒါပေမဲ့ တပည့်တော်အနားက လူတစ်ယောက်က "ဒီဘုန်းကြီး ဘာတွေလျှောက်ပြောနေပါလိမ့်" လို့ ပြောတယ်၊ တပည့်တော်ကလည်း "ဒီလူ ဘယ်လိုပြောလိုက်တာပါလိမ့်" လို့ စိတ်ထဲမှာ အံ့ဩသွားတယ်၊ သူက တောကကိုး၊ အဝေးကြီး ပြန်ရမှာဆိုတော့ ပြန်ဖို့ တွေးနေတာနဲ့ တရားစိတ်ဝင်စားဟန် မတူဘူး"

"အေးပေါ့၊ ဟောတဲ့တရား ပြန်စဉ်းစားကြည့်၊ တွေ့ကရာ လျှောက်ပြောနေတာလဲ မဟုတ်ဘူး"

"လာဘ်ရခြင်း အကြောင်းဖြစ်သော အကျင့်သည် တစ်ပါးတစ်ခြားသာလျှင်တည်း၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်သည် တစ်ပါးတစ်ခြားသာတည်း၊ ဤသို့ အကျင့်နှစ်ပါးကို ထူးသောဉာဏ်ဖြင့် သိ၍ မြတ်စွာဘုရား၏တပည့်

ရဟန်းသည် ပုဇော်သက္ကာ အကျော်အစောကို မနှစ်သက်ရ၊ ဆိတ်ငြိမ်မှု "ဝိဝေက" ကို အဖန်တလဲလဲ ပွားစေရာ၏"

ဆိုတဲ့ ဂါထာနိဒါန်းပျိုးပြီး ဒါနအထောက်အပံ့ဖြင့် နိဗ္ဗာန်အမြန်ရပုံ ဝနဝါသီတိဿသာမဏေဝတ္ထုကို အကျဉ်းချုံး ဟောတာပဲ၊ ခါတိုင်းဆို အဲဒီတရားကို ဦးပဥ္စင်း သုံးနာရီဟောတာ"

"တပည့်တော်သဘောတော့ ကိုယ်မနာနိုင်လျှင် စောစောကတည်းက ပြန်မှာပဲ၊ နာနိုင်လို့ နာလျှင်လည်း ပြီးအောင် နာမယ်၊ စိတ်မပူတော့ဘူး၊ အေးအေးပဲ နာမယ်"

"ပြောရဦးမယ်၊ ကဲ့ရဲ့တာနဲ့ပတ်သက်လို့ ဒါက တော်သေးသာပေါ့၊ ကဲ့ရဲ့ခံရယုံပဲ ရှိသေးတာ၊ ရှေးက တရားတစ်မျိုး တည်းပညာရှိသွားဟောတော့ ဆုပေးခံရတယ်၊ လူမိုက်သွားဟောတော့ အရိုက်ခံရတယ်၊ ယခု အရိုက်မခံရတာ တော်သေးတာပေါ့" "အဲဒီအကြောင်း တပည့်တော်အား ပြောပြစမ်းပါဘုရား၊ တပည့်တော် တစ်ခါမှ မနာဖူးဘူးဘုရား"

"ကဲ...ဒါဖြင့် နားထောင်၊ ပြောပြမယ်၊ ရှေးက ဘုရားလောင်းရသေ့တစ်ပါး ရှိတယ်၊ ဟိမဝန္တာမှာနေရာမှ ချဉ်ဆားမှီဝဲရန် ဗာရာဏသီသို့ ကြွလာပြီး မင်းဥယျာဉ်မှာ ခေတ္တတည်းခိုနေတယ်၊ အချိန်တန်တော့ ဆွမ်းခံထွက်တယ်၊ မင်းကြီးမြင်၍ ကြည်ညိုပြီး ပင့်ထားတယ်၊ နေ့စဉ်ဆည်းကပ်သော မင်းကြီးအား ရသေ့က -

"ရေမြေ့ရှင်မင်းကြီး၊ အမျက်မထွက်လင့်၊ ရထားစီးနင်း မင်းအပေါင်းတို့ထက် မြတ်သောမင်းကြီး အမျက်မထွက်လင့်၊ မင်းသည် အမျက်ထွက်သူကို ပြန်၍ အမျက်မထွက်သော် တိုင်းသားပြည်သူတွေရဲ့အပူဇော်ခံရမည်"

"ရွာ၌လည်းကောင်း၊ သို့မဟုတ် တော၌လည်းကောင်း၊ ချိုင့်ဝှမ်းရာ၌လည်းကောင်း၊ သို့မဟုတ် ကြည်းကုန်း၌လည်းကောင်း၊ ဤအလုံးစုံသောအရပ်တို့၌ ငါဆုံးမ၏။ ရထားစီးနင်း မင်းအပေါင်းတို့ထက် မြတ်သောမင်းကြီး အမျက်မထွက်လင့်"

လို့ တရားဟောတယ်၊ အဲဒါ မင်းကြီးက ကြည်ညို၍ အခွန်တစ်သိန်းထွက်တဲ့ ရွာကြီးနှစ်ရွာ ရသေ့အား ဆုပေးတယ်၊ ရသေ့က လက်မခံဘူး။

"နောက် ရသေ့ဒေသစာရီလှည့်တယ်၊ ဂင်္ဂါမြစ်ကမ်းရောက်တော့ "အဝါရိယပိတာ" ဆိုတဲ့ကူးတို့သူကြီးကို ပြောတယ်"

"အို...ကူးတို့သူကြီး၊ ငါ့အား ဟိုဘက်ကမ်းသို့ ပို့ပေးပါလော့"

"ရှင်ရသေ့ ကျွန်ုပ်အား ကူးတို့ခအဖြစ် ဘာပေးမည်နည်း"

"အို...ကူးတို့သူကြီး၊ သင့်အား လောကတမလွန် နှစ်တန်ကြီးပွားကြောင်း တရားကောင်းကို ကူးတို့ခအဖြစ် ပေးမယ်"

ကူးတို့သူကြီးမှာ လက်ဆုပ်လက်ကိုင် အဖိုးတန်တစ်ခုခုကို ပေးလိမ့်မည်အထင်နှင့် ရသေ့အား ဟိုဘက်ကမ်းသို့ ပို့လိုက်၏။ ရောက်သော် အခတောင်း၏။

"ရှင်ရသေ့ ကူးတို့ခ ပေးပါ"

"အို...အဝါရိယပိတာ ကူးတို့သူကြီး၊ ဟိုဘက်ကမ်းမကူးမီ ဤဘက်ကမ်းတည်းက အခတောင်းယူပါ၊ ကူးတို့စီးသမားတို့သည် မကူးမီ စိတ်တစ်မျိုး၊ ကူးပြီးတော့ စိတ်တစ်မျိုး ဖြစ်၏"

ကူးတို့သူကြီး ဟိုဘက်ကမ်းရောက်မှ အခတောင်းလေ့ရှိ၍ ခဏခဏ ကူးတို့စီးသူများနှင့် ခိုက်ရန်ဒေါသ ဖြစ်၏။ သို့နှင့် သူမှာ စီးပွားမဖြစ်၊ ဒါကို ရသေ့သိ၍ လောကကြီးပွားကြောင်း တရားဟော၏။ ထိုမှတစ်ဖန် -

"ရွာ၌လည်းကောင်း၊ သို့မဟုတ် တော၌လည်းကောင်း၊ ချိုင့်ဝှမ်းနေရာ၌လည်းကောင်း၊ သို့မဟုတ် ကြည်းကုန်း၌လည်းကောင်း ဤအလုံးစုံသော အရပ်တို့၌ ငါဆုံးမ၏။ "အို ... ကူးတို့သူကြီး အမျက်မထွက်လင့်" လို့ လောကတမလွန် နှစ်တန်ကြီးပွားကြောင်း တရားကောင်းကို ဟောပြောပြီး ကူးတို့သူကြီးအား ပြောတယ်။

"ကူးတို့သူကြီး၊ ဤကား သင့်အတွက် လောကတမလွန် နှစ်တန်ကြီးပွားကြောင်း တရားကောင်းပဲ၊ အဲဒါ ကူးတို့ခပဲ"

"ဒါပဲလား သင်ရသေး၊ ငါ့ပေးတဲ့ ကူးတို့ခ"

"အေး…ကူးတို့သူကြီး၊ ဒါပဲ"

"ဒါဖြင့် ငါ့အား ဘာလုပ်ဖို့လဲ၊ တစ်ခြားပေးစရာကို ပေးပါ"

"ကူးတို့သူကြီး ဒါမှတစ်ပါး ငါ့မှာ တစ်ခြားပေးစရာ မရှိဘူး"

"ဒီလို ပေးစရာမရှိဘဲနဲ့ ငါ့လှေကို ဘာဖြစ်လို့ စီးရတာလဲ"

ကူးတို့သူကြီးသည် ပြောပြောဆိုဆို ရသေ့ကို လှေပေါ်မှ တွန်းချကာ ရင်ဘတ်ပေါ်ခွထိုင်ပြီး မျက်နှာကို လက်သီးနှင့် ထိုးတယ်။

(အဝါရိယဇာတ် – ဆတ္တနိပါတ်)

"အား…တယ်ရက်စက်ပါလားဘုရား"

"အေး…အခု ဒါလောက်မှ မဆိုးတာဘဲဟာ၊ အဲဒါကို ရည်ရွယ်ပြီး မယဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားကြီး က လင်္ကာစီကုံးထားခဲ့တယ် –

"လူမိုက်တိရစ္ဆာန်၊ နိဗ္ဗာန်စကား

အလွန်ခါး၏၊ နားပါးမဝင်

သိမြင်မဲ့စွာ၊ သူယုတ်မာအား

ခြင်းရာကောင်းဆိုး၊ ကြောင်းကျိုးတရား

မဟောကြားရာ၊ ဟောမိပါက၊ အပြစ်ရ၏"

"ဒီလိုဆိုတော့လည်း တပည့်တော်တို့ ဖြေသာတာပေါ့ဘုရား၊ သို့မဟုတ်လျှင် စိတ်ထဲ တစ်မျိုးကြီးပဲ"

"တစ်မျိုးကြီးပဲ လုပ်မနေနဲ့ဒကာကြီး၊ အဲဒီလို တရားဟောတာ အတိုအရှည် ကဲ့ရဲ့မှုနှင့်ပတ်သက်၍ ဘုရားရှင်ဟော ထားတာ သိပ်မှတ်သားစရာကောင်းတယ်"

"ဟောပြပါဦးဘုရား၊ နာချင်ပါသေးတယ်"

"ဘုရားရှင်လက်ထက်က "အတုလျ" ဆိုတဲ့ ဒကာတစ်ယောက် ရှိတယ်၊ တရားနာချင်လို့ ရှင်ရေဝတထံ သွား လျှောက်၊ ရှင်ရေဝတက စကားမပြော တုဏှိဘောနေလို့ ကဲ့ရဲ့ ရှင်သာရိပုတ္တရာထံ သွားလျှောက်၊ အများကြီး အရှည်ဟောလို့ ကဲ့ရဲ့ ရှင်အာနန္ဒာထံ သွားလျှောက်၊ တိုတိုဟောလို့ ကဲ့ရဲ့ ပြီးတော့ ဘုရားရှင်ထံ အကြောင်းစုံသွားလျှောက်တယ်၊ ဒီတော့ ဘုရားရှင်က ဟောလိုက်တယ် –

"အတုလ၊ ကဲ့ရဲ့ခြင်းသည် ရှေး၌ပင်ဖြစ်၏။ ဤကဲ့ရဲ့ခြင်းသည် ယခုကာလမှဖြစ်သည်မဟုတ်၊ ဆိတ်ဆိတ် နေသူကိုလည်း ကဲ့ရဲ့ကုန်၏။ များစွာသော ဟောပြောသူကိုလည်း ကဲ့ရဲ့ကုန်၏။ နှိုင်းယှဉ်၍ ဟောပြောသူကိုလည်း ကဲ့ရဲ့ကုန်၏။ လောက၌ အကဲ့ရဲ့လွတ်သူ မရှိ"

"စင်စစ် ကဲ့ရဲ့အပ်သော၊ စင်စစ်မှုလည်း ချီးမွမ်းအပ်သော ယောကျ်ားသည် ရှေး၌လည်း မဖြစ်စဘူး၊ နောက် ၌လည်း မဖြစ်လတ္တံ့၊ ယခုလည်း မရှိ"

"မြတ်သောအကျင့် အသက်မွေးခြင်း ရှိထသော၊ ပညာ ရှိထသော၊ ပညာဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ် ရှိ ထသော အကြင်ပုဂ္ဂိုလ်ကို ပညာရှိတို့ စင်စစ် စိစစ်၍ နေ့တိုင်းနေ့တိုင်း ချီးမွမ်းကုန်၏"

"ထိုသူကို ဇမ္ဗူရာဇ်ရွှေ၏ တနိက္ခကဲ့သို့ အဘယ်သူ ကဲ့ရဲ့ထိုက်ပါအံ့နည်း၊ ထိုသူကို နတ်တို့သည်လည်း ချီးမွမ်းကုန်၏၊ ဗြဟ္မာမင်းသည်လည်း ချီးမွမ်းအပ်၏"

(ကောဓဝဂ် - ဓမ္မပဒ)

"ဒါဖြင့် ပညာရှိ ချီးမွမ်းခံရဖို့ပဲ အရေးကြီးတာပေါ့ဘုရား"

"အေးပေါ့ ဒကာကြီးရဲ့ ပညာရှိ ချီးမွမ်းခံရအောင်ပဲ ကြိုးစားပေါ့၊ ကဲ . . . သွားပေဦးတော့၊ တော်တော်ကြာ သွားစရာကိစ္စ မပြီးဖြစ်နေမယ်"

✦ တရားဟောမှု၊ မကြိုက်သူ၊ ကြိုက်သူ နှစ်မျိုးရှိမည်နော်၊

✦ ပညာရှိကြိုက်၊ ဘုရားကြိုက်၊ အကြိုက်ကျအောင် ဟောစေသော်၊

📖

# တရားမနာရလို့ ငိုတယ်ဘုရား

## (၂၀)

တရားလိုက်စားမှု၊ မလိုက်စားမှု၊ သူတော်ကောင်းမှု၊ သူတော်မကောင်းမှု စသည်များသည် အရွယ်အကြီး၊ အလတ်၊ အငယ်နှင့် မဆိုင်ပေ။ လူငယ်မို့ ညံ့ရမည်၊ လူကြီးမို့ တော်ရမည်ဟု သတ်မှတ်ချက်လည်း မရှိပေ။ သတ်မှတ်၍လည်း မရနိုင်ပေ။ ကြီးပါလျက်နှင့် ညံ့၍ ငယ်ပါလျက်နှင့် တော်သူများလည်း ရှိ၏။

မှန်၏။ တစ်ချိန်က မိမိသည် ကိုယ်တိုင်ကြုံရ၏။ မြို့ကြီးတစ်မြို့တွင် တရားပွဲကြီး (၁၂)ည ကျင်းပ၏။ ယင်းတွင် ပထမ သုံးညအပြီး နောက်သုံးည မိမိဟောဆဲဖြစ်တဲ့ နောက်ဆုံးညတွင် ဒကာကြီးတစ်ယောက် ရောက်လာ၏။ ထိုစဉ် မိမိသည် မိမိ အပြီးတွင် ဟောရမည့် အရှင်နှင့် စကားပြောဆဲ ဖြစ်၏။ ဒကာကြီးသည် ရှိခိုးဦးချပြီး လျှောက်ထား၏။

"အရှင်ဘုရားတို့ ကျန်းမာကြပါရဲ့လားဘုရား"

"ကျန်းမာကြပါတယ် ဒကာကြီး"

"တရားပွဲကတော့ လူသိပ်စည်ကားတာပဲဘုရား၊ ဟောတဲ့ ဓမ္မကထိကတွေကလည်း အာဇာနည်တွေပဲဘုရား၊ တရားကလည်း သိပ်ကောင်းတာပဲ"

"ဒကာကြီး ဘယ်နှစ်ညရောက်သလဲ"

"တပည့်တော် အလုပ်တွေ သိပ်များနေတာနဲ့ တစ်ညမှ မရောက်ပါဘူးဘုရား"

"ဟင်...ဒကာကြီးကလည်း တရားပွဲမရောက်ဘဲနဲ့ ဘယ်လိုလုပ်ပြီး လူစည်ကားမှန်း၊ တရားကောင်းမှန်း သိတာလဲ"

"အိမ်က တပည့်တော်သမီး လာနာတယ်ဘုရား၊ သမီးက တရားနာရင် မှတ်စုစာအုပ်နဲ့ နာတာဘုရား၊ သူ သိချင် မှတ်ချင်တာ အကုန်လုံး လိုက်ရေးမှတ်တယ်ဘုရား၊ မရှင်းလင်းရင် မေးတတ်တယ်ဘုရား၊ ပြန်လည်း ဟောတတ်တယ်ဘုရား၊ သူ ပြန်ဟောပြောလို့ သိတာပေါ့ဘုရား"

"တော်တာပေါ့ ဒကာကြီးရဲ့၊ ဒီလိုတရားနာတဲ့အခါ မှတ်စုနဲ့ နာတဲ့လူဟာ ရှာမှရှားထဲကပဲ၊ တစ်ခါမှတ်ပြီး မရှင်းလင်းတာကို မေးရဲစမ်းရဲ မေးတတ်စမ်းတတ် လူကလည်း ရှာမှရှားပဲ၊ အများအားဖြင့် ဟောရင်နာတာပဲ၊ နားလည်လည် မလည်လည် တရားပွဲပြီး ပြီးတာပဲသမားတွေ များတာ"

"သမီးဝါသနာကတော့ ကြီးလှပါတယ်ဘုရား၊ ညတုန်းက သူ့အဖော်ကလည်း မအားလို့ မလိုက်နိုင်တော့ သူမှာ တရားနာလာဖို့ အဖော်မရ ဖြစ်နေတယ်၊ တပည့်တော်ကို လိုက်ပို့ပေးဖို့ အတင်းပူဆာနေတယ်၊ တပည့်တော်ကလည်း မအားလို့ မပို့နိုင်ဘူး၊ အဖော်ရရရင် သွားနာလို့တော့ ခွင့်ပေးတယ်၊ တရားပွဲသွားဖို့ အဖော်ကလည်း ရှားတယ်ဘုရား၊ အဖော်မရတော့ မသွားရဘူး၊ တရားမနာရလို့ ငိုတယ်ဘုရား"

"အင်း . . . ဒကာကြီး တရားမနာရလို့ ငိုတာတော့ ဒီတစ်ခါပဲ လက်တွေ့ကိုယ်တွေ့ တွေ့ဖူးသေးတယ်၊ ပွဲမသွားရလို့ ငိုတာတော့ အများကြီး တွေ့ဖူးတယ်၊ ကိုယ်တောင်မှ ငယ်ငယ်က ပါခဲ့သေးသလား မသိဘူး"

"တပည့်တော်သမီးကတော့ ဘုရား၊ တရားပွဲဆို ရှေ့ကပဲ၊ သိပ်ဝါသနာပါတယ် ဘုရား၊ တပည့်တော်တို့ တရားပွဲတွေ တောင်မှ သူတို့ကျောင်းပိတ်မှ ကျင်းပပါလို့ ပြောနေတယ်၊ တပည့်တော်က အများနဲ့ကျင်းပရတာ ဘယ်ဖြစ်မလဲလို့ ပြောရတယ်"

"အင်း . . . ရှေးတုန်းက သီဟိုဠ်ကျွန်းမှာ မဟာသီဝထေရ်ကြီးဟာ တရားအားထုတ်ရန် တောထွက်ကြွသွားတော်မူ၍ တရားအားထုတ်တော်မူတယ်၊ ဝါတွင်းသုံးလ အားထုတ်သော်လည်း တရားမရ၍ ငိုယိုတယ်၊ နောက် ဝါကျွတ်တိုင်း တရားမရလို့ ငိုယိုတာ နှစ်ပေါင်းသုံးဆယ်ကြာတယ်၊ နှစ်ပေါင်းသုံးဆယ် ပြည့်တဲ့နှစ် ရောက်မှ တရားရတယ်"

လို့ တရားနဲ့ပတ်သက်၍ ငိုယိုတာကို စာထဲမှာပဲ တွေ့ဖူးတယ်၊ နောက် သီလပျက်လို့ ငိုယိုတာလည်း စာထဲမှာ တွေ့ဖူးတယ်၊ ယခုတော့ တရားမနာရလို့ ငိုယိုတာ ကိုယ်တိုင်တွေ့ရတာပေါ့"

"အဲဒါနဲ့ အခုညတော့ လိုက်ပို့ပေးမယ်လို့ အာမခံထားတာနဲ့ ယခု သူ့လိုက်ပို့ရတယ်ဘုရား"

"အင်း...တရားကို ငိုယိုလောက်ရအောင် နှစ်သက်မြတ်နိုးတယ်ဆိုရင် တရားရဖို့ အများကြီး နီးစပ်တာပေါ့ ဒကာကြီး၊ မှီဝဲရမယ့် နှလုံးမသာယာခြင်းဆိုတာ ဒါမျိုးပေါ့"

"ဘယ်လိုပါလဲဘုရား၊ အမိန့်ရှိပါဦး"

"သုတ်မဟာဝါပါဠိတော် သက္ကပဉ္စသုတ်မှာ ဘုရားရှင်က သိကြားမင်းအား ဟောထားတာ အရှိသားပဲ -

"နတ်တို့သနင်း သိကြားမင်း၊ နှလုံးမသာခြင်း ဒေါမနဿဝေဒနာကိုလည်း မှီဝဲအပ်သော နှလုံးမသာခြင်း၊ မမှီဝဲအပ်သော နှလုံးမသာခြင်းဟူ၍ နှစ်ပါး အပြားအားဖြင့် ငါဘုရားဟော၏"

"ယင်းနှစ်ပါးတို့တွင် ဤနှလုံးမသာခြင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွား၍ကုသိုလ်တရားတို့ကို ဆုတ်ယုတ်ကုန်၏ဟု သိအံ့၊ ဤနှလုံးမသာခြင်းကို မမှီဝဲအပ်"

"ဤနှလုံးမသာခြင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ကို တိုးပွားကုန်၏ဟု သိငြားအံ့၊ ဤနှလုံးမသာခြင်းကို မှီဝဲအပ်၏"

"ယခု ဒကာကြီးသမီး တရားမနာရလို့ ငိုတာဟာ မှီဝဲအပ်တဲ့ နှလုံးမသာခြင်း ဒေါမနဿဝေဒနာပဲပေါ့"

"ဒီညတော့ သမီးအလိုပြည့်ဝပြီး ဝမ်းသာရတော့မှာပေါ့ဘုရား"

"အဲဒီ ဝမ်းသာခြင်းကိုလည်း ဘုရားရှင်က နှစ်မျိုးဟောထားတာပဲ ဒကာကြီးရဲ့-

"နတ်တို့သနင်းသိကြားမင်း၊ ဝမ်းမြောက်ခြင်းသောမနဿ ဝေဒနာကိုလည်း မှီဝဲအပ်သော ဝမ်းမြောက်ခြင်း၊ မမှီဝဲအပ်သော ဝမ်းမြောက်ခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဘုရားဟော၏"

"ယင်းနှစ်ပါးတို့တွင် "ဤဝမ်းမြောက်ခြင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ် တရားတို့ ဆုတ်ယုတ်ကုန်၏ဟု သိငြားအံ့၊ ဤသဘောရှိသော ဝမ်းမြောက်ခြင်းကို မမှီဝဲအပ်"

"ဤဝမ်းမြောက်ခြင်းကို မှီဝဲအပ်သော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုး ပွားကုန်၏ဟု သိငြားအံ့၊ ဤသဘောရှိသော ဝမ်းမြောက်ခြင်းကို မှီဝဲအပ်၏"

"ယခု ဒကာကြီးသမီး အလိုပြည့်ဝ၍ ရရှိမယ့် ဝမ်းမြောက်ဝမ်းသာရမှု သောမနဿဝေဒနာဟာ မှီဝဲရမယ့် သော မနဿ ဝေဒနာပဲပေါ့ ဒကာကြီး၊ အဲဒီ ပီတိသောမနဿနဲ့ နေနိုင်ဖို့ အတော်ခဲယဉ်းတယ်၊ အဲဒီလို နေနိုင်လို့ ချမ်းသာပုံကို ဘုရားရှင်ဟောထားတာ အများကြီးရှိတယ် -

"တရားအမြိုက်ကို တစ်ကျိုက်တစ်ပေါက် သောက်ရသူသည် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အရိယာ တို့ သိအပ်သော ဗောဓိပက္ခိယတရား၌ အထူးသဖြင့် ကြည်လင်သောစိတ်သည် ဖြစ်၍ အခါခပ်သိမ်း မွေ့လျော်၏"

(ပဏ္ဍိတဝဂ် - ဓမ္မပဒ)

"ဆိတ်ငြိမ်ရာ၌ ရအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်တည်းဟူသော အရသာကိုလည်းကောင်း၊ ကိလေသာ တို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန် အာရမ္မဏပစ္စယသတ္တိဟု ဆိုအပ်သော အရသာကိုလည်းကောင်း သောက်ရသော ကြောင့် တရားနှင့်ယှဉ်သော ပီတိတည်းဟူသော အရသာကို သောက်သူသည် ပူပန်ခြင်း ကင်း၏။ မကောင်းမှု ကင်း၏"

(သုခဝဂ် - ဓမ္မပဒ)

"တရားလျှင် မွေ့လျော်ရာရှိသော၊ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်တလဲလဲ ကြံသော၊ တရားကို အဖန်တလဲလဲ အောက်မေ့သူသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်"

(ဘိက္ခုဝဂ် - ဓမ္မပဒ)

"ဝမ်းမြောက်ခြင်းများသော ဘုရားရှင်သာသနာတော်၌ ကြည်ညိုသောသူသည် ငြိမ်သက်စွာသော သင်္ခါရတို့၏ ငြိမ်းရာဖြစ်သော ချမ်းမြေ့သော နိဗ္ဗာန်ကို ရရာ၏"

(ဘိက္ခုဝဂ် - ဓမ္မပဒ)

"ဒီတရားတွေသာ သမီးနာရရင်တော့ သိပ်ဝမ်းသာမှာပဲဘုရား၊ တပည့်တော်က ခဏဆိုပြီးလာတာ၊ ဒီလို အရှင်ဘုရား တို့က တရားစကားပြောမှန်းသိရင် သမီးပါ ခေါ်လာခဲ့တာပေါ့ဘုရား၊ ယခုတော့ တရားပွဲလည်း အချိန်နီးပြီနဲ့တူတယ်ဘုရား၊ အရှင်ဘုရားတို့လည်း ညောင်းရော့မယ်၊ တပည့်ကိုလည်း ခွင့်ပြုပါဦးဘုရား"

✧ ဗုဒ္ဓတရား၊ လူနတ်များ၊ လိုလားနှစ်သက် ကျင့်စေသော်။

# အသံနဲ့ ဟောပါဘုရား

(၂၁)

မိမိသည် တစ်ခါက တောရကျောင်းတစ်ကျောင်းတွင် တောရဆောက်တည်နေ၏။ ချဉ်းကပ်လာသူများအား တရား ဟောပြ၏။ တစ်ခါတရံ ဆွမ်းခံကာ ဝေါစရဂါမ်ရွာများမှ ညတရားပွဲပင့်၏။ ညတရားပွဲသွားလျှင် ဆရာတော်ကြီးက ပဋ္ဌာသမဏာ ခေါ် နောက်လိုက်အဖော်ရဟန်းတစ်ပါးပါး ခေါ်သွားရန် တိုက်တွန်း၏။ သို့နှင့် မိမိသည် ညတရားပွဲသွားလျှင် ပဋ္ဌင်းတစ်ပါး အဖော် ခေါ်သွားလေ့ ရှိ၏။

တစ်ခါသော် ကျောင်းနှင့်အဝေးဆုံးသော ဆွမ်းခံရွာမှ ညတရားပွဲပင့်၏။ ထိုအခါ မိမိသည် ခေါ်နေကျ ပဋ္ဌာသမဏကို ခေါ်သွားလေ၏။ တရားပွဲမှအပြန် လမ်းတွင် ပဋ္ဌာသမဏက မိမိအား ပြောပြ၏။

"ဘုန်းကြီး တရားဟောတာ အားလုံးကောင်းပါတယ်၊ ဒါပေမဲ့ တစ်ခုလိုနေတယ်ဘုရား"

"ဘယ့်နှယ်လဲ မောင်ပဋ္ဌင်းရဲ့ အားလုံးကောင်းပါတယ်လည်း ဆိုသေးရဲ့တစ်ခုလိုနေတယ်လို့လည်း ပြောတယ်၊ ဘယ် လိုလဲ၊ အားလုံးကောင်းလျှင်လည်း တစ်ခုမလိုရဘူး၊ တစ်ခုလိုလျှင်လည်း အားလုံးမကောင်းရဘူး၊ အားလုံးကောင်းပုံ၊ တစ်ခု လိုပုံကို ရှင်းပြပါဦး မောင်ပဋ္ဌင်းရဲ့"

မောင်ပဋ္ဌင်းလို့သာ မိမိက ခေါ်ရသော်လည်း အသက်မှာ မိမိနှင့် မကွာခြားလှပေ။ မောင်ပဋ္ဌင်းသည် အသက်လွန်မှ သံဝေဂတစ်ခု အကြောင်းပြုပြီး သာသနာ့ဘောင် ဝင်ခဲ့သည်ဟု ပြောသံကြားရ၏။ ဘယ်လို သံဝေဂကြောင့်လဲဟုတော့ စကား စပ်ဟပ်မှု မရှိ၍ မေးမကြည့်မိသဖြင့် မသိရပေ။

"ဒီလိုပါဘုရား၊ ဘုန်းကြီးဟောတာ အများအတွက်ဆိုလျှင်တော့ အားလုံးကောင်းပါတယ်၊ တပည့်တော်အတွက် ဆိုလျှင်တော့ တစ်ခုလိုနေလို့ တစ်ခုလိုတယ် ပြောတာပါဘုရား"

"အေး…ဒီလိုရှင်းပြောမှပေါ့ မောင်ပဋ္ဌင်းရဲ့ ကဲ…ဒါဖြင့် မောင်ပဋ္ဌင်းအတွက် တစ်ခုလိုပုံ ပြောစမ်းပါဦး၊ ဘာတစ်ခုလို သလဲ၊ လိုတာဖြည့်နိုင်ရင် ဖြည့်ပေးရတာပေါ့၊ မဖြည့်နိုင်ရင်လည်း ထုံးတို့ပြီး မှတ်သားထားရတာပေါ့"

"ဘုန်းကြီး ဖြည့်နိုင်ပါတယ်ဘုရား၊ ဘုန်းကြီးအသံ ကောင်းသားပဲ၊ ဘုန်းကြီးက အသံလုပ်မဟောဘူး၊ တပည့်တော်က အသံရှည်ဆွဲပြီး အလှည့်အပတ်နဲ့ဟောမှ ပိုကြိုက်တာဘုရား၊ အားလုံးအတွက် ဘုန်းကြီးဟောတာ အားလုံးကောင်းပေမဲ့ တပည့်တော်အတွက် အဲဒီအသံရှည်ဆွဲပြီး အလှည့်အပတ်နဲ့ ဟောမှုလိုနေလို့ ဘုန်းကြီးကို တိုက်တွန်းပါတယ်ဘုရား၊ ဘုန်းကြီး အသံနဲ့ ဟောပါဘုရား"

"အို ... မောင်ပဥ္စင်းကလည်း ကတ်သီးကတ်သပ်ကြီး၊ ခုလိုဟောတာ အကောင်းသားနဲ့၊ ဘာဖြစ်လို့ အသံနဲ့ဟောရမှာလဲ"

"တပည့်တော်က အသံနဲ့ ကျွတ်လာတဲ့သူဘုရား၊ ဒါကြောင့် အသံကို တောင့်တတာပါဘုရား"

"ကဲ ... ဒါဖြင့် မောင်ပဥ္စင်းဟာ ဘယ်လိုအသံနဲ့ ဘယ်လိုကျွတ်လာတဲ့သူဆိုတာ လင်းစမ်းပါဦး"

"တပည့်တော် လူ့ဘဝတုန်းက လယ်ထဲမှာ မြက်ရိတ်နေစဉ် အမှတ်မထင် လော်စပီကာထဲမှာ သီချင်းသံကြားတယ်ဘုရား"

"ဘာသီချင်းသံကြားသလဲ မောင်ပဥ္စင်းရဲ့"

"နမကလေးကို ချစ်တဲ့အာရုံ ရွှေမြင့်မိုရ်တစ်တောင်လုံးကို တုံးမှတ်လို့ခုန် ... ဆိုတဲ့ သီချင်းသံပဲဘုရား"

"အဲဒီ သီချင်းသံကြားတော့ ဘယ်လိုဖြစ်သလဲ၊ ပြောစမ်းပါဦး မောင်ပဥ္စင်းရဲ့"

"သူများတွေ နမကလေးကို ချစ်တဲ့အာရုံကြောင့် မြင့်မိုရ်ရွှေတောင်နဲ့တူတဲ့ မိဘကျေးဇူးတွေကို ကန်းပြီးတော့ ခုန်ကျော်ကာ နမကလေးနောက် ကောက်ကောက်ပါသွားသလို ငါ ကျေးဇူးမကန်းဘူး၊ ငါ မခုန်ဘူး၊ ငါ ကောက်ကောက်မပါဘူးဟဲ့ ဆိုပြီး ဆုံးဖြတ်ချက် ချတယ်ဘုရား၊ အိမ်ပြန်ရောက်တော့ လူ့ဘောင်ခွာရှောင်ပြီး သာသနာတော်ဘောင် ကူးတော့မည့် အကြောင်းကို မိဘတွေကို ပြောပြတယ်၊ ခွင့်တောင်းတယ်၊ မိဘတွေက ဆိုင်းမဆင့် ဗုံမဆင့်နဲ့မို့ အံ့သြသွားကြတယ်၊ တပည့်တော်လည်း အဖြစ်သနစ်အစုံကို ရှင်းပြတယ်၊ ဒီတော့မှ သူတို့လည်း ကြည်ဖြူစွာ ခွင့်ပြုတာနဲ့ ယခုလို ဘုန်းကြီးနဲ့တွေ့ရပြီး ဘုန်းကြီးရဲ့ ပဗ္ဗာသမဏဖြစ်နေတာပေါ့ဘုရား၊ အဲဒါကြောင့် ဘုန်းကြီးကို "အသံနဲ့ ဟောပါဘုရား" လို့ တိုက်တွန်းတာပါဘုရား"

"ဪ ... ဒီလိုလား"

"အဲဒီလိုဘုရား"

မောင်ပဥ္စင်းမှာ သူပြောချင်နေသော သူ့အဖြစ်သနစ်တွေကို အားရပါးရ ပြောပြလိုက်ရသဖြင့် သူ့အလိုဆန္ဒ ပြည့်ဝသွားဟန်တူ၏။ အားရရွှင်လန်းနေ၏။ သွက်လက်ပေါ့ပါးနေ၏။ မိမိမှာမူ မောင်ပဥ္စင်းအား ဘယ်လိုပြန်ပြီး ကျေနပ်နှစ်သိမ့်စေရန် အဖြေပေးရမှန်းမသိ ဖြစ်နေ၏။

"ဒီလိုလေ မောင်ပဥ္စင်းရဲ့ သေသေချာချာ နားထောင်ပါဦး၊ မောင်ပဥ္စင်း လူ့ဘဝတုန်းက ရှစ်ပါးသီလ ဆောက်တည်ဖူးတယ် မဟုတ်လား"

မိမိမှာ အလှေ့အထတစ်ခုရှိ၏။ တစ်ဦးတစ်ယောက်အား ပြဿနာတစ်စုံတစ်ခု ရှင်းပြမည်ဆိုလျှင် ထိုလူ နားအလည်ဆုံးဖြစ်မည့် အနီးစပ်ဆုံး ကြားဖူးနားဝ တစ်ခုခုကို ညွှန်ပြ၍ ရှင်းပြလေ့ရှိ၏။ သို့ရှင်းပြသဖြင့် နားလည်မှတ်သားမိ ရှိကြ၏။

"ဆောက်တည်ဖူးပါတယ်ဘုရား"

"အဲဒီ ရှစ်ပါးသီလထဲမှာ "နစ္စ၊ ဂီတ၊ ဝါဒိတ" ဆိုတဲ့ သိက္ခာပုဒ် ပါတယ်မဟုတ်လား"

"ပါပါတယ်ဘုရား"

"အဲဒီမှာ "ကခြင်း၊ တီးခြင်း၊ သီချင်းဆိုခြင်း"စသည်တို့ကို သိက္ခာပုဒ် ပညတ်ပြီး ဆောက်တည်နိုင်းတာ အပြစ်ရှိလို့ မဟုတ်လား မောင်ပဥ္စင်းရဲ့"

"ဟုတ်ပါတယ်ဘုရား၊ အပြစ်ရှိလို့ပါ"

"အဲဒီသိက္ခာပုဒ်မှာ "ဂီတ" ဆိုတဲ့ "သီချင်းဆိုခြင်း" နှင့် ပတ်သက်တဲ့ပုဒ်တွေကို အဋ္ဌကထာက ဖွင့်ပြတယ်၊ ရှင်းပြတယ်၊ "ဂီတူပသညိတော ပန ဓမ္မော န ဝဋ္ဋတိ" "သီချင်းဆိုသံနှင့် စပ်သွယ်သော တရားတော်ကား မနာအပ်" တဲ့၊ "ဓမ္မူပသညိတံ ပါဠိစေတ္တ ဂီတံ ဝဋ္ဋတိ" "တရားတော်နှင့်စပ်သော သီချင်းသည်ကား နာအပ်၏" တဲ့"

"တပည့်တော် နားမရှင်းဘူးဘုရား၊ ရှင်းပြပါဦးဘုရား"

"ဒီလိုလေ မောင်ပဥ္စင်းရဲ့ အဲဒီ မောင်ပဥ္စင်းကြားခဲ့တဲ့ သီချင်းသံဟာ တရားနှင့်စပ်တဲ့ သီချင်းသံပဲ၊ ဥပမာဆိုလျှင် ဘဝသံသရာသီချင်းတို့၊ သမ္ဗုဒ္ဓေသီချင်းတို့ဟာလည်း တရားနှင့်စပ်တဲ့ သီချင်းတွေပဲ၊ အဲဒီသီချင်းတွေကို သီချင်းအနေနဲ့ပဲ စိုက်ပြီး နားထောင်နေရင်းက တရားသဘောပေါက်ပြီး ကျွတ်တမ်းဝင်နိုင်တယ်၊ အခု မောင်ပဥ္စင်း ကျွတ်ခဲ့သလိုပေါ့၊ ပိဋကတ်တော်မှာ ဆို အဲဒီလို တရားနှင့်စပ်တဲ့ သီချင်းသံကြားရလို့ ကျွတ်တမ်းဝင်တာတွေ အများကြီးပဲ ဖော်ပြထားတာတွေ ရှိတယ်၊ သီချင်းသံနှင့် စပ်တဲ့ တရားကိုတော့ ဟောတဲ့ဘုန်းကြီးမှာလည်း မဟောရန် ပညတ်ထားတဲ့သိက္ခာပုဒ် ရှိတယ်၊ အပြစ်တွေလည်း အများကြီး ပြထားတာ ရှိသေးတယ်၊ နောက်မှ ရှင်းပြဦးမယ်၊ အဲဒီတရားကို နာနေရင်းက တရားဘက် မလည်လာဘဲ သီချင်းသံဘက် လည်သွားပြီး တဏှာဖြစ်ကာ တရားမရဘဲ အကုသိုလ်ရသွားတတ်တယ်၊ ရတဲ့ပုံစံတွေလည်း အများကြီးရှိတယ်လေ၊ အဲဒါကြောင့် အဋ္ဌကထာဆရာက "သီချင်းသံနဲ့ ဆက်သွယ်သော တရားတော်ကား မနာအပ်၊ တရားတော်နှင့်စပ်သော သီချင်းသည်ကား နားထောင်အပ်၏" လို့ ဖွင့်ပြတာပဲ မောင်ပဥ္စင်းရဲ့"

"ဟုတ်ပြီဘုရား၊ ဟုတ်ပြီ၊ တပည့်တော် တစ်ခါက ဘုရားပွဲတစ်ပွဲက ပြန်လာတဲ့လူတစ်စုကို မေးကြည့်ဖူးတယ်ဘုရား"

"ဘယ်လိုမေးကြည့်သလဲ မောင်ပဥ္စင်းရဲ့ ပြောစမ်းပါဦး"

မိမိမှာ မောင်ပဥ္စင်း မိမိပြောသမျှကို နားဝင်သွားဟန်ရှိကြောင်း သိရ၍ အားတက်မိ၏။ ပြောရကျိုးနပ်၏ဟု ကျေနပ်နစ်သက်၏။

"ဘယ့်နယ်လဲ၊ ဘာတရားဟောလဲ၊ တရားကောင်းရဲ့လား မေးတော့ သူတို့က ပြန်ဖြေတယ်၊ ဟာ ... တရားကတော့ ဘာတရားဟောမှန်း မသိဘူး၊ ဟောတဲ့ မွေ့ကထိကကတော့ အလှည့်အပတ် အညျအခရာတွေနဲ့ အသံဝိဇ္ဇာမင်းသား ကျနေတာပဲ၊ "အသံ သိပ်ကောင်းတာပဲ" လို့ ပြောကြတယ်ဘုရား"

"အေး ... အဲဒီလိုပဲ၊ အသံလုပ်ဟောလျှင် အသံကိုပဲ ချီးမွမ်းခံရတယ်၊ တရားပျောက်သွားတယ်၊ တရားဘက် မလည် (ဟာဘူး၊ တဏှာဘက် လည်သွားတယ်၊ ဘုရားရှင်လက်ထက်တော်အခါတုန်းက ဆဗ္ဗဂ္ဂီလို့ခေါ်တဲ့ မစောင့်စည်းတဲ့ ရဟန်းတစ်စု ရှိတယ်၊ သူတို့လည်း အသံနဲ့ဟောတယ်၊ အဲဒီအခါမှာ လူတွေက "ရဟန်းတွေဟာ တို့ သီချင်းဆိုသလို ဆိုတယ်" စသည်ဖြင့် ကဲ့ရဲ့ခံရတယ်၊ အဲဒီကဲ့ရဲ့သတင်းလည်း ဘုရားရှင်နား ပေါက်သွားတယ်၊ အဲဒါကြောင့် ဘုရားရှင်က "ရဟန်းတို့ အသံရှည်ဆွဲကာ သီချင်းသံဖြင့် တရားသီဆိုမဟောအပ်၊ ဟောသောရဟန်း ဒုက္ကဋ်အပြစ် သင့်ရောက်၏" လို့ သိက္ခာပုဒ် ပညတ်လိုက်တယ်"

"တပည့်တော် ဒီလိုမသိလို့ "အသံနဲ့ ဟောပါဘုရား" လို့ တိုက်တွန်းမိပါတယ်ဘုရား၊ တပည့်တော် တိုက်တွန်းတာ ပြန်လည်ရုပ်သိမ်းပါတယ်ဘုရား၊ ဘုန်းကြီး ဟောနေကျအတိုင်း ရိုးရိုးပဲဟောပါဘုရား"

ထိုစဉ်မိမိဉာဏ်တွင် ဗုဒ္ဓ၏တရားအစဉ်များ ထင်မြင်လာ၏။ မောင်ပဋ္ဌင်းတော့ သိအုံမထင်ပါ။ ကျောင်းလည်းရောက် ပြီဖြစ်၍ လမ်းခွဲကာ ကိုယ့်ကျောင်းကိုယ်ဝင်ကာ အိပ်ကြပါတော့သည်။

"လျှာသည် ဟင်း၏အရသာကို လျင်စွာသိသကဲ့သို့ ပညာရှိသည် မိမိထက် ပညာရှိသူကို အကယ်၍ ဆည်းကပ်အံ့။ သူတော်ကောင်းတရားကို လျင်စွာသိ၏"

(ဗာလဝဂ်-ဓမ္မပဒ)

"ယောက်မသည် ဟင်း၏အရသာကို မသိသကဲ့သို့ လူမိုက်သည် အသက်ထက်ဆုံး ပညာရှိကို ဆည်းကပ် သော်လည်း သူတော်ကောင်းတရားကို မသိ"

(ဗာလဝဂ်-ဓမ္မပဒ)

"အကျိုးမဲ့နှင့်စပ်သော အရာမကသော ဂါထာသည် မမြတ်၊ ရာဂစသည်ငြိမ်းသော သူတော်ကောင်းတရား နှင့်စပ်သော တစ်ပုဒ်တစ်ဂါထာ ကြားနာရသော်သာ မြတ်၏"

(သဟဿဝဂ်-ဓမ္မပဒ)

✧ ဗုဒ္ဓတရား၊ ရှင်လူများ၊ နာကြား ပေါကြားမှန်စေသော်။

# ဓမ္မကထိက ပေါလည်းပေါတယ် ရှားလည်းရှားတယ်

## (၂၂)

တစ်ခါက မိမိသည် ဘုရားပွဲတစ်ပွဲတွင် တရားဟောၡ၏။ ပရိသတ်မှာ တရားသဘောကျကြ၏။ တရားပွဲ သုံးညပြီးသော အခါ ဘုရားဂေါပကအဖွဲ့လူကြီးများက နောက်နှစ်အတွက် တစ်ခါတည်းပင် ပင့်စာလာကပ်၍ နောက်နှစ်အတွက် ပင့်လျှောက်ကြ၏။ ထိုအခါ မိမိက ပြောပြ၏။

"ဒကာကြီးတို့ ပင့်တာကလည်း ရက်ဝေးလှချည့်လား၊ ခေတ်က ဆုတ်ကပ်ခေတ်ကြီး သေကာလ၊ ပျောက်ကာလ နီးမှပင့်လျှင် မကောင်းဘူးလား"

"နီးမှပင့်လို့ မကောင်းဘူးဘုရား၊ အရှင်ဘုရား နေရာကလည်း အဝေးကြီး၊ တပည့်တော်တို့ ဘုရားပွဲကလည်း ရက်ပုံသေကြီး၊ တော်တော်ကြာ မရလျှင် ခက်နေမယ်၊ သေကာလ ပျောက်ကာလမို့ သေပျောက်သွားရင်လည်း ဖြေသာပါတယ်ဘုရား အဲဒီကျမှ တစ်မျိုးစီမံရတာပေါ့၊ အခုတော့ တစ်ခါတည်း လက်ခံသွားပါဘုရား"

"ဟာ…ဒါတော့ သည်းခံပါဒကာကြီးတို့ရာ၊ ဦးပဥ္စင်းက သာမန်တောနေ ဘုန်းကြီးတစ်ပါးပဲ ဓမ္မကထိကလည်း မဟုတ်ဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး စိတ်မများချင်ဘူး၊ အနားနီးမှ ပင့်ချင်လျှင် ပင့်ပါ၊ သို့မဟုတ် အများပင့်သလို ဝါတွင်းမှ ပင့်ပါ"

"စိတ်မများရပါဘူးဘုရား၊ ပင့်စာကလေး လက်ခံသွားပြီး ဟိုရောက်တော့ ချောင်ထိုးထားလိုက်ရုံပါပဲ၊ အချိန်နီးတော့ တပည့်တော် နောက်ထပ် ပင့်စာတစ်စောင် ထပ်ပို့ပါဦးမယ်ဘုရား"

"အင်း အင်း…ဒကာကြီးတို့ကတော့ ဘုရားပွဲ ကျင်းပနေကျ၊ ဘုန်းကြီး ပင့်နေကျမို့လား မသိဘူး၊ ဓမ္မကထိက အပင့် တယ်ပိုင်ပါလား"

"မဟုတ်ပါဘူးဘုရား၊ တပည့်တော်တို့အဖို့ တရားပွဲကျင်းပရတာ မလွယ်ပါဘူးဘုရား၊ စာသင်တိုက်ကြီး နှစ်တိုက်ရဲ့ အကြားမှာ ကျင်းပရတာဘုရား၊ အဆိုအငိုတွေနှင့် သီချင်းဆိုဟောတဲ့ ဓမ္မကထိကတွေ ပင့်ဟောမိလျှင် ဆရာတော်ကြီးတွေက ခေါ်ဆူတာဘုရား၊ တပည့်တော်တို့အဖို့ ဓမ္မကထိက ပင့်ရတာ မလွယ်ဘူးဘုရား၊ "ဓမ္မကထိက ပေါလည်းပေါတယ်၊ ရှားလည်း ရှားတယ်ဘုရား"

"ဘယ်လိုလဲ ဒကာကြီး၊ ဓမ္မကထိက ပေါရင်လည်း မရှားဘူး၊ ရှားရင်လည်း မပေါရဘူး၊ အခုတော့ ပေါလည်းပေါတယ်၊ ရှားလည်းရှားတယ်တဲ့၊ တယ်ဆန်းတဲ့ စကားပါလား၊ ဘုရားရှင်ကတော့ -

"ရဟန်းတို့၊ ဘုရားပွင့်တော်မူဖို့လည်း ခဲယဉ်းတယ်၊ ဘုရား တရားကို ပြန်ဟောပြတတ်တဲ့ "ဓမ္မကထိက" ပေါ်ဖို့လည်း ခဲယဉ်းတယ်၊ သူ့ကျေးဇူးသိပြီး ပြန်ဆပ်တဲ့ ပုဂ္ဂိုလ် ပေါ်ဖို့လည်း ခဲယဉ်းတယ်"

(ဒုလ္လဘသုတ် - တိကအင်္ဂုတ္တရ)

လို့ ခဲယဉ်းမှုသုံးမျိုး ဟောထားတယ်။

"ဒီလိုပါဘုရား၊ သီချင်းဆိုပြီး ငိုချင်းချတဲ့ ဟေးလားဟားလားနဲ့ ဇရုတ်သုတ်ခဓမ္မကထိကတွေကတော့ ပေါပါတယ် ဘုရား၊ ပင့်တောင်မပင့်ရဘူး၊ မဏ္ဍပ်ထိုးထားရင် ဟောချင်လို့ လာစပ်နေတာပဲ၊ အဲဒီ ဓမ္မကထိကတွေက ပင့်ဟောလျှင် ဆရာတော်ကြီးတွေက တပည့်တော်တို့ကို ခေါ်ဆူတယ်ဘုရား၊ ယခု အရှင်ဘုရားတို့ဟောသလို ပါဠိအဋ္ဌကထာတွေ ရွတ်ဖတ်ပြီး တည်တည်ကြည်ကြည်နဲ့ဟောတဲ့ ဓမ္မကထိကမျိုးကျတော့ ရှားတယ်ဘုရား၊ မနှစ်က အရှင်ဘုရားတို့သုံးပါး ပင့်ပြီးတော့ စာရင်းကို ဆရာတော်ကြီးတွေ သွားပြတယ်၊ ဆရာတော်ကြီးတွေက "အေး . . . ဒါမျိုးမှ တို့က ကျေနပ်တယ်"တဲ့၊ မဟောခင် ကတည်းက ကျေနပ်နေတယ်၊ ယခု ဟောပြီးတော့လည်း ကျေနပ်ပါတယ်၊ တရားနာပရိသတ်ကလည်း နှစ်ခြိုက်သဘောကျ တယ်ဘုရား၊ဘုရားမှာလည်း ဘဏ္ဍာငွေ ပိုရတယ်ဘုရား"

"ဩော် . . . ဆရာတော်ကြီးတွေက သီချင်းဆို၊ ငိုတာ ရယ်တာနဲ့ ပတ်သက်၍ အပြစ်ကို သိထားတာကိုး"

"ဘယ်လိုလဲဘုရား၊ တပည့်တော်တို့ကို ဟောနိုင်လျှင် ဟောပြပါဦးဘုရား၊ တပည့်တော်တို့လည်း လိုက်နာရတာပေါ့ ဘုရား"

"ဘုရားရှင်က တိကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ ရုဏ္ဏသုတ်မှာ ဟောထားတယ် -

"ရဟန်းတို့၊ သီချင်းဆိုခြင်းသည် အရိယာ၏ အဆုံးအမ၌ ငိုသည် မည်၏"

"ရဟန်းတို့၊ က.ခြင်းသည် အရိယာ၏ အဆုံးအမ၌ ရူးသွပ်သည် မည်၏"

"ရဟန်းတို့၊ အပိုင်းအခြားကို လွန်၍ သွားပေါ်အောင် ပြင်းစွာရယ်ခြင်းသည် အရိယာ၏အဆုံးအမ၌ကလေး သူငယ်တို့ ပြုအပ်သောအလုပ် မည်၏"

"ရဟန်းတို့၊ ထို့ကြောင့် ဤသာသနာတော်ဝယ် သီချင်းဆိုခြင်း၌ အကြောင်းကို ပယ်သတ်ရမည်၊ က.ခြင်း၌ အကြောင်းကို ပယ်သတ်ရမည်၊ တရားနှင့်စပ်သော အကြောင်းဖြင့် ဝမ်းမြောက်သော သူတော်ကောင်းဖြစ်သော သင်တို့အား ပြုံးရုံမျှ ပြုံးခြင်းသည် သင့်လျော်၏"

"ဒါကြောင့် ဆရာတော်ကြီးတွေက တပည့်တော်တို့ကို ဆူတာကိုးဘုရား၊ တပည့်တော်တို့က အကြောင်းမှ မသိတာပဲ ဟာ၊ ကဲ . . . ဒါဖြင့် ပင့်စာ လက်ခံပါဘုရား"

"ရှိစေတော့၊ ရှိစေတော့၊ ငြင်းမရမယ့်အတူတူ ကပ်သာကပ်တော့၊ နောက်မလာတော့မှ အပြစ်မတင်နဲ့"

"ဝမ်းသာပါတယ်ဘုရား၊ အရှင်ဘုရားတို့ ဟောပေးမှပဲ ဘုရားကြီးမှာ အပ်အပ်စပ်စပ်နဲ့ ရွှေသင်္ကန်းတော် ဝတ်ရမှာ ဘုရား"

ဒကာကြီးများသည် အလိုပြည့်ဝ၍ ရှိခိုးဦးချကာ ဝမ်းသာအားရစွာနှင့် ထပြန်သွားတော့၏။ မိမိမှာ စဉ်းစားကျန်နေရစ် ခဲ့၏။ ဘုရားရှင်သည် ပုဂ္ဂိုလ်လေးမျိုး ဟောခဲ့၏။ ထိုတွင် ငါသည် အဘယ်၌ ပါမည်နည်း။

၁။ မိမိ သူတစ်ပါး နှစ်ဦးသားအတွက် မကျင့်သူ (မိမိလည်း မကျင့်၊ သူတစ်ပါးကိုလည်း ကျင့်အောင် မဟောသူ ...အယုတ်တကာ့ အယုတ်ဆုံး)

၂။ သူတစ်ပါးအတွက် ကျင့်၏၊ မိမိအတွက် မကျင့် (သူတစ်ပါးကျင့်ရန် ဟောပြော၏၊ မိမိမူကား မကျင့် ... အယုတ်)

၃။ မိမိအတွက် ကျင့်၏၊ သူတစ်ပါးအတွက် မကျင့် (မိမိကား ကျင့်၏၊ သူတစ်ပါးကျင့်တတ်ရန် မဟော ... အလတ်)

၄။ မိမိ သူတစ်ပါး နှစ်ဦးသားအတွက် ကျင့်၏ (မိမိလည်း ကျင့်၊ သူတစ်ပါးကျင့်နိုင်ရန်လည်း ဟောပေး၏ ... အမြတ်ဆုံး)။

✧ သူများဟောကြား၊ ထိုတရား၊ ကိုယ့်အား အလျင်တည်စေသော်။

# ငါ့ကြည့်နေ

(၂၃)

မိမိသည် တရားဟောရောက်ရာ မြို့ရွာများရှိ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ပြည့်စုံကျော်ကြား ဆရာတော်ဘုရားကြီးများအား ဖူးမြော်ကန်တော့လေ့ ရှိ၏။ တစ်ခါက တောရွာတစ်ရွာသို့ တရားဟော ရောက်၏။ ယင်းရွာတွင် တောရကျောင်းတစ်ကျောင်း ရှိ၏။ ဆရာတော်ကြီးမှာ သက်တော် ရှစ်ဆယ်ကျော် ဖြစ်၏။ သိက္ခာသုံးပါး ပြည့်ဝသဖြင့် ရဟန္တာတမျှ သိမှတ်ကိုးကွယ်ကြ၏။ မိမိသည် သိလျှင် ဒကာများအား လိုက်ပို့ခိုင်း၏။

လမ်းသွားရင်း လိုက်ပို့သူများကပြောကြသည်။ ဆရာတော်ကြီးသည် စကားများများမပြော၊ တရားရှည်ရှည်မဟော၊ ရောက်လာလျှင် တစ်လုံးနှစ်လုံးပြောပြီး ပြုံးပြုံးနှင့် ထိုင်နေတော့တာပဲ။ တစ်နေကုန်နေလည်း ဒီအတိုင်းပဲ ထိုင်နေတာပဲ။ ဟုတ်ပါသည်။ မိမိရောက်သွား၍ ဖူးမြော်ကန်တော့သည့် အခါတွင်လည်း "ဘယ်ကလာသလဲ" ဟု တစ်ခွန်းမျှ မေး၏။ ပြန်ဖြေတော့ "အေး အေး ... ကောင်းတယ်၊ ကောင်းတယ်" ဟု တစ်ခွန်းပြောပြီး နောက်ထပ် ဘာမျှ မပြောတော့ပေ။ ပြုံးပြုံးနှင့် နေရာမရွေ့ မလှုပ်မယှက် ထိုင်နေပါသည်။ ကြည်ညိုဖွယ် ရှိပေစွ။ သို့နှင့် မိမိတို့ ပြန်လာကြသည်။ လမ်းတွင် ဒကာများအား မိမိက မေးသည်။

"ဆရာတော်ကြီးက တရားတိုတို ဟောတယ်ဆိုတော့ ဒကာကြီးတို့ တစ်ပုဒ်တလေ မှတ်မိမှာပေါ့၊ မှတ်မိရင် ဦးပဉ္ဇင်းကို ဟောပြစမ်းပါ၊ ဦးပဉ္ဇင်း နာချင်တယ်"

"တစ်ခါတုန်းက ဥပုသ်နေ့တစ်နေ့မှာ အဲဒီရွာထဲက ဒကာတစ်ယောက် ဆရာတော်ကြီးအား လျှောက်တယ်ဘုရား"

"ဘယ်လိုလျှောက်သလဲ"

"ဆရာတော်ဘုရား၊ တပည့်တော်တို့က ခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာသို့ ယခုမှ ပြောင်းလာတော့ ဗုဒ္ဓဘာသာအကြောင်း နားမလည်ဘူးဘုရား၊ တပည့်တော်တို့ နားလည်အောင် ဘယ်လိုနေထိုင် ကျင့်သုံးရမယ်ဆိုတာ ဟောပြောဆုံးမပေးပါဘုရား"

လို့ လျှောက်တယ်၊ ဒီတော့ ဆရာတော်ကြီးက -

"အေး အေး ... ငါ့ကြည့်နေ၊ ငါ နေထိုင်ကျင့်သုံးသလို နေထိုင်ကျင့်သုံးကွယ်" လို့ ဟောလိုက်တယ်ဘုရား"

"တယ်ကောင်းတဲ့ အဆုံးအမတရားပဲ၊ ဒီလိုဆုံးမနိုင်တာဟာ ကိုယ့်ဘက်က လိုလေသေးမရှိ ပြည့်စုံမှ ဆုံးမနိုင်တာ၊ မပြည့်စုံလျှင် "ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့" ဆိုတဲ့ အဆုံးအမမျိုးပဲ ပေးနိုင်မယ်၊ ရှေးက နာမည်ကျော်ကြားတဲ့ ဆရာတော်အချို့လည်း ဒီလိုပဲ တိုတိုဆုံးမတာကို မှတ်သားဖူးတယ်"

"ကဲ ... ဒါဖြင့် တပည့်တော်တို့ကိုလည်း အရှင်ဘုရားမှတ်သားထားတဲ့ အဆုံးအမတိုတိုများကို ပြန်ဟောပြော ဆုံးမပါဦးဘုရား"

"ဦးပဍ္ဍင်း အမိပ္ပာယ်တော့ ချဲ့မပြောပြတော့ဘူး၊ မှတ်မိအောင်သာ မှတ်ပေတော့၊ အဓိပ္ပာယ်ပေါ်ပါတယ်"

"တစ်ယောက်တည်း သင့်အောင်နေ" (ရေငုံဆရာတော်)။

"ကိုယ်မကြိုက်တာ မလုပ်နှင့်" (အရိယဝံသဆရာတော်)။

"ဘယ်အခါမဆို သေဝံ့အောင်နေ" (သံယုတ်ဆရာတော်)။

"ဘယ်သူ ကဲ့ရဲ့ကဲ့ရဲ့ ဘုရား မကဲ့ရဲ့အောင်နေ" (ဆရာတော်ဦးဗုဓ်)။

"သူများ စိတ်မဆိုးအောင်နေ" (ငါးခုံဆရာတော်)။

"သေခါမှ အရှက်ကွဲကြမယ်နော်" (ပခုက္ကူတိုက်သစ်ဆရာတော်)။

"ခုကျပ်မှ နောင်ချောင်မည်၊ ခုချောင်လျှင် နောင်ကျပ်မည်" (ငါးသယောက်တောရကျောင်းဆရာတော်)။

"နိဗ္ဗာန်ကို လိုလျှင် တမလွန်မျက်မှောက် ကြောက်ရအောင်နေ" (မန်ကျည်းတောရကျောင်းဆရာတော်)။

"နိဗ္ဗာန်ကို လိုလျှင် သူတစ်ပါးအတင်း မဆိုနှင့်" (ထွင့်ခေါင်ဆရာတော်)။

"နိဗ္ဗာန်ကို လိုလျှင် သူတစ်ပါး ဟောကြားရေးသားတိုင်း မယုံနှင့်၊ ဘုရား ရဟန္တာ ဟောကြားရေးသားမှ ယုံလေ" (ရွှေယင်းမာဆရာတော်)။

"အရှင်ဘုရား မှတ်မိတာ များလှပါကလားဘုရား၊ တပည့်တော်တို့သာ အရှင်ဘုရားလို အမှတ်ကောင်းရင် ဆရာတော်ကြီး အဆုံးအမတွေ အများကြီးရမှာပဲ"

"အဲဒါ ခက်တာပေါ့၊ ဒကာကြီးတို့က "ခြင်းကြားနဲ့ ရေသယ်၊ သဲထဲ ရေသွန်" ဆိုတာလို ဖြစ်နေတာ၊ အဲဒီလို အဆုံးအမတိုတိုနဲ့ တရားရတာတွေ အများကြီးပဲ၊ အင်္ဂုလိမာလခိုးသားကြီးလည်း အဆုံးအမအတိုနဲ့ပဲ တရားရတာပဲဟာ"

"ဘယ်လိုပါလဲဘုရား၊ အင်္ဂုလိမာလခိုးသား တရားရပုံ အမိန့်ရှိပါဦးဘုရား"

"အင်္ဂုလိမာလခိုးသားကြီးဟာ ဘုရားရှင်ကို သတ်ဖြတ်ရအောင် အမီလိုက်ပြေးလိုက်တယ်၊ မမီဘူး၊ မောတော့ သူက ရပ်ပြီး ဘုရားရှင်ကို အမိန့်ပေးတယ် -

"ရဟန်း ရပ် ရပ်"

"အင်္ဂုလိမာလ ငါ ရပ်နေတယ်၊ သင်သာ ရပ်ပါ"

"ရဟန်း၊ သွားနေသည်ဖြစ်လျက် "ငါ ရပ်၏" ဟူ၍ ဆိုဘိ၏။ ငါ့ကိုလည်း ရပ်သည်ဖြစ်လျက် မရပ်ဘဲ သွားနေသူဟူ၍ ဆိုဘိ၏။ ရဟန်း၊ ထိုအကြောင်းကို သင့်အား ငါမေးပါဘိ၊ သင် အဘယ်သို့ ရပ်သနည်း၊ ငါသည် အဘယ်သို့ သွားသနည်း"

"အင်္ဂုလိမာလ ငါသည် အခါခပ်သိမ်း သတ္တဝါအားလုံးတို့၌ သတ်ဖြတ်ညှဉ်းဆဲခြင်းစသောဒဏ်ကို ချထားပြီး မေတ္တာ၊ ခန္တီစသား တရားများ၌ ရပ်တည်နေ၏။ သင်သည်ကား သတ္တဝါတို့၌ မေတ္တာ ခန္တီ စသည်ကင်းပြီး မစောင့်စည်းသည်ဖြစ်၍ သွားနေ၏။ ဣရိယာပုတ်ရပ်သော်လည်း ငရဲစသည်သို့ ပြေးရဦးမည်၊ ထို့ကြောင့် ငါသည် ရပ်သည် မည်၏၊ သင်သည် မရပ်ဘဲ သွားနေသည် မည်၏"

"အဲဒီမှာ ဘုရားအမိန့်ရှိတာ "အင်္ဂုလိမာလ ငါ ရပ်နေတယ်၊ သင်သာ ရပ်ပါ" ဆိုတာ အတိုလေးပဲ မဟုတ်လား၊ အင်္ဂုလိမာလခိုးသားကြီးဟာ စဉ်းစားပြီး ပြန်မေးလို့ ဘုရားရှင်အဖြေလည်း ဆုံးရော ရှိခိုးဦးချပြီး ရဟန်းပြုခွင့် တောင်းတာပဲ၊ ဘုရားရှင်က "ဧဟိဘိက္ခု" ရဟန်းပြုပေးလိုက်တယ်၊ ရဟန္တာတော့ မဖြစ်သေးဘူး၊ ပရိတ်ကြီးမှာပါတဲ့ အင်္ဂုလိမာလသုတ် ပရိတ်ကို ရွတ်ဖတ်ပြီးတဲ့ နောက်ပိုင်းကျမှ ရဟန္တာဖြစ်သွားတယ်၊ တစ်ချို့က လူဝတ်နဲ့ ရဟန္တာဖြစ်သွားတယ် မှတ်နေတယ်"

"ဒါဖြင့် တရားရဖို့ဟာ ကိုယ်ခံအသိရှိလို့ ဆုံးမသူနှင့်တွေ့လျှင် အတိုအရှည်နှင့် မဆိုင်ဘူးပေါ့ဘုရား၊ ရနိုင်တာပေါ့"

"အေးပေါ့၊ ဒကာကြီးတို့မှာ တကယ့်ကို သူတော်ကောင်းကြီးရထားတာ၊ ကိုယ်ကောင်းဖို့ပဲ လိုတော့တယ်၊ သူတော်ကောင်းရကျိုး ဘုရားဟောထားတာ အားရစရာကြီးပဲ"

"ဟောပါဦးဘုရား"

"ရဟန်းတို့၊ ကြီးစွာသောမိုးသည် ခပ်သိမ်းသော ကောက်စပါးတို့ကို ကောင်းစွာပြည့်စုံစေသည်ဖြစ်၍ လူများစွာ၏ အကျိုးရှိရန်၊ အစီးအပွားဖြစ်ရန်၊ ချမ်းသာရန် ဖြစ်သကဲ့သို့ ဤအတူပင် အမျိုး၌ သူတော်ကောင်း ဖြစ်ထွန်းသည်ရှိသော် များစွာသော လူအပေါင်းတို့၏ အကျိုးရှိရန်၊ အစီးအပွားဖြစ်ရန်၊ ချမ်းသာရန် ဖြစ်၏။ အမိအဖ၊ သားမယား၊ ကျွန်အမှုလုပ်၊ အဆွေခင်ပွန်း၊ ရဟန်းပုဏ္ဏားတို့၏ အကျိုးရှိရန်၊ အစီးအပွားဖြစ်ရန်၊ ချမ်းသာရန် ဖြစ်၏"

"အကျိုးစီးပွားကို ဆောင်ရွက်သူသည် လူများစွာတို့၏ စည်းစိမ်ကို ဖြစ်စေ၏။ တရားစောင့်၍ အကြားအမြင်များသော အကျင့်သီလနှင့် ပြည့်စုံသော ထိုသူတော်ကောင်းကို နတ်အပေါင်း စောင့်ရှောက်၏။ တရား၌ တည်သူကို ကျော်စောထင်ရှားခြင်းသည် မစွန့်လွှတ်နိုင်"

"တရား၌တည်သော၊ သီလနှင့်ပြည့်စုံသော၊ မှန်သောစကားကို ဆိုလေ့ရှိသော မကောင်းမှုမှ ရှက်စိတ်ရှိသော ထိုသူတော်ကောင်းကို တနိက္ခရှိ ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ အဘယ်သူသည် ကဲ့ရဲ့ခြင်းငှာ ထိုက်ပါအံ့နည်း။ ထိုသူတော်ကောင်းကို နတ်တို့သည်လည်း ချီးမွမ်းကုန်၏။ ဗြဟ္မာကလည်း ချီးမွမ်းကုန်၏"

(သပ္ပုရိသသုတ်၊ ပဉ္စက - အင်္ဂုတ္တရ)

"ယောက်ျားအာဇာနည်သည် ရခဲ၏။ ထိုယောက်ျားအာဇာနည်သည် ခပ်သိမ်းသောအရပ်မျိုး၌ မဖြစ်၊ ပညာရှိသော ထိုယောက်ျားအာဇာနည်သည် အကြင်အရပ်မျိုး၌ဖြစ်၏။ ထိုအရပ်မျိုးသည် ချမ်းသာခြင်း ရှိသည်ဖြစ်၍ ကြီးပွား၏"

(ဗုဒ္ဓဝဂ် - ဓမ္မပဒ)

"အမယ်လေး...အရှင်ဘုရား ဟောပြောမှပဲ တပည့်တော်တို့ ဆရာတော်ကြီး ဒီလောက်အဖိုးတန် ဂုဏ်ကြီးကြောင်း ပိုမိုပြီး သိရပါတော့တယ်ဘုရား"

"ကဲ...သိမနေနဲ့တော့၊ နောက် ဟောသမျှ မှတ်ပြီး လိုက်နာကျင့်ကြံကြပေတော့၊ ရောက်ပြီ၊ တော်ပြီ"

✦ သူတော်သူမြတ် စဉ်မပြတ် ဆည်းကပ်ပူဇော်နိုင်စေသော်။

✦ ဆုံးမတရား စဉ်လေးစား ကြိုးစားကျင့်ကြံနိုင်စေသော်။

# အရှင်ဘုရား တရားမှ မစမ်းဘဲ

## (၂၄)

တစ်ခါက မိမိသည် မြို့ကြီးတစ်မြို့၌ တရား တစ်လဟောလျက် တရားပြနေ၏။ တရားပွဲအစီအစဉ်မှာ ည(၇)နာရီမှ (၈)နာရီအထိ တရားအားထုတ်ရ၏။ (၈)နာရီမှ (၉)နာရီအထိ တရားနာရ၏။ (၉)နာရီထိုးလျှင် တရားပွဲသိမ်း၏။ နောက်ထပ်ရက်များတွင် တရားများတွင် တရားပွဲမစမီ (၆)နာရီ (၃၀)မိနစ်မှ (၇)နာရီအထိ တရားအားထုတ်မှု အတွေ့အကြုံများကို မေးမြန်းလျှောက်ထားခွင့် ပြုထားသည်။ တရားတိုးတက်လျှင် တိုးတက်ကြောင်း၊ မတိုးတက်လျှင် မတိုးတက်ကြောင်း၊ ထူးကြောင်း၊ မထူးကြောင်း စသည်တို့ကို မိမိတို့ မေးလျှောက်လိုရာကို ထိုအချိန်တွင် လာရောက် လျှောက်မေးကြ၏။ မိမိလည်း ရှင်းပြ၏။

ယင်းသို့ တရားဟော တရားပြနေရာ တရားပွဲပြီးခါနီး ခုနစ်ရက်လောက် အလိုတွင် တောမှ ဒကာကြီးတစ်ယောက် ရောက်လာ၏။ သူလည်း ကြုံတုန်း ဝင်၍ နာကြားအားထုတ်၏။ ဒကာကြီးမှာ သဒ္ဓါတရား အထူးဖြစ်ကာ မိမိအနီးသို့ ချဉ်းကပ်လာ၏။ ဝတ်ပြု၏။ တစ်နေ့ မိမိ ခါးနာနေရာ ဒကာကြီးသည် ခြေဖဝါးမှ ဒူးခေါင်းအထိ (၅)မိနစ်မျှ နှိပ်ပေးရာ ပျောက်ကင်းသွား၏။ ဤသို့ဖြင့် ဒကာကြီးသည် တရားပွဲ မစမီလည်းကောင်း၊ ရံခါ ညနေသုံးနာရီ၊ လေးနာရီလောက်တွင်လည်းကောင်း နှိပ်ပေးလေ့ရှိ၏။ တစ်နေ့တွင် နှိပ်ပေးနေရင်း လျှောက်ထား၏။

"အရှင်ဘုရား တရားမှ မစမ်းဘဲဘုရား၊ တပည့်တော်တို့ တရားအားထုတ်တုန်းက တရားအစမ်း ခံရတယ်ဘုရား"

"ဘယ်လို တရားစမ်းမှာလဲ ဒကာကြီး၊ ဒကာကြီးတို့ တရားအားထုတ်တုန်းက ဘယ်လို တရားအစမ်းခံရသလဲ၊ ပြောစမ်းပါဦး"

"တပည့်တော်တို့ တရားအားထုတ်တုန်းက အခုလို မီးတွေ၊ ဘာတွေ ဘယ်ရှိမလဲဘုရား၊ မှောင်လို့ပဲဘုရား၊ တောမှာပဲဟာ၊ ပြီးတော့ ခုလို အားထုတ်ပြီးတော့ တရားလည်း မနာရဘူးဘုရား၊ အားထုတ်တာကတော့ ခုလိုပဲ စုအားထုတ်ရတယ်၊ အားထုတ်လို့ တော်တော်ကြာလာပြီဆိုလျှင် တရားပြဆရာက အားထုတ်သူတွေကြားထဲ လာတယ်ဘုရား၊ လာပြီး ပထမ ခေါင်းကို လက်ကလေးနဲ့ မထိတထိစမ်းတယ်၊ နောက် မျက်နှာကို မထိတထိစမ်းတယ်၊ နောက် ရင်ကို မထိတထိစမ်းတယ်၊ အဲဒီ သုံးနေရာ စမ်းပြီးလျှင် ပြီးရောဘုရား၊ နောက်တစ်ယောက်ဆီ သွားစမ်းတယ်"

"မှောင်ထဲမှာလား ဒကာကြီး"

"မှောင်ထဲမှာပေါ့ဘုရား"

"ဒကာမတွေရော စမ်းသေးသလား"

"အကုန်စမ်းတာပေါ့ဘုရား"

"တရားပြတဲ့ဆရာက လူလား၊ ဘုန်းကြီးလား"

"ဘုန်းကြီးပေါ့ဘုရား"

"အဲဒီလိုစမ်းပြီးတော့ ဘယ်လိုဆုံးဖြတ်ချက် ချပေးသလဲ"

"အဲဒီလို စမ်းတဲ့အခါမှာ ငြိမ်ငြိမ်သက်သက် မတုန်မလှုပ် အစမ်းခံနိုင်တဲ့ ယောဂီဟာ တရားအောင်တယ်ပေါ့ဘုရား၊ အစမ်းမခံနိုင်တဲ့ ယောဂီက တရားမအောင်ဘူးပေါ့ဘုရား"

"တယ်လွယ်ပါလား ဒကာကြီး၊ ဒါဖြင့် ဒကာကြီး တရားအောင်ပြီပေါ့"

"အဲဒီနည်းနဲ့ဆို အောင်ပြီပေါ့ဘုရား"

"တရားအောင်တော့ ရှေးကနဲ့ ဘယ်လိုထူးခြားမှုရှိသလဲ ဒကာကြီး"

"အောင်တယ်သာ ဆိုတယ်ဘုရား၊ ရှေးကနဲ့ ဘာမှလဲ မထူးခြားပါဘူး၊ နောက် တပည့်တော် မိုးကုတ်ဝိပဿနာနည်းနဲ့ အားထုတ်တော့မှ ထူးခြားမှုရှိပါတယ်"

"ဘယ်လိုထူးခြားသလဲ ဒကာကြီး"

"အလိုနည်းလာတယ်ဘုရား၊ ရတာနဲ့ ရောင့်ရဲနိုင်လာတယ်ဘုရား၊ အပေါင်းအသင်းမမက်တော့ဘူးဘုရား၊ တိတ်တိတ်ဆိတ်ဆိတ် နေချင်လာတယ်ဘုရား၊ ရတနာသုံးပါးကို ရှေးကထက် ကြည်ညိုလာတယ်ဘုရား၊ ဒါန၊ သီလ၊ ဘာဝနာမှု ကြိုးစားချင်လာတယ်ဘုရား၊ ကိုယ်ချင်းစာတရား ရှိလာတယ်ဘုရား၊ တရား ဝါသနာပါလာတယ်ဘုရား"

"အင်း အင်း . . . ဟုတ်ပြီ ဟုတ်ပြီ၊ တရားမှန်လျှင် အဲဒီလိုဖြစ်ရမယ် ဒကာကြီးရဲ့၊ အဲဒီလို အားထုတ်ပြီးလျှင် အဲဒီလို ထူးခြားမှု ရှိမှပေါ့၊ "ရိပ်သာကလည်း ပြန်လာရော သဒ္ဓါလည်း လန်ရော" ဆိုတဲ့ သဒ္ဓါလန်ယောဂီဆို ဘယ်တရားမှန်မလဲ"

"နေပါဦးဘုရား၊ သဒ္ဓါလန်ယောဂီဆိုတာ ဘာလဲဘုရား"

"ဒီလို ဒကာကြီးရဲ့၊ ရိပ်သာသွား တရားအားမထုတ်ခင်ကတော့ ရတနာသုံးပါး ကြည်ညိုသင့်သလောက် ကြည်ညိုသား၊ ဘုရားရှိခိုးတယ်၊ ဥပုသ်စောင့်တယ်၊ တရားနာတယ်၊ ဆွမ်းတော်ကပ်တယ်၊ ဆွမ်းလောင်းတယ်၊ မိဘဆရာသမား အသက်ကြီးသူများ ရှိသေတယ်။ ရိပ်သာကလည်း ပြန်လာရော ကိစ္စပြီးပြီဆိုပြီး ခုနကပြောတာတွေ ဘာမှ မလုပ်တော့ဘူး၊ အရပ်ထဲက ရှေးက တည့်တဲ့လူတွေနဲ့လည်း မတည့်တော့ဘူး၊ တရားမှန်လျှင် သဒ္ဓါတိုးပြီး ခုနကအလုပ်မျိုးတွေကို တိုးလုပ်ဖို့ ရှေးက မတည့်တဲ့သူနဲ့တောင်မှ တည့်ဖို့ဟာ၊ ပြောင်းပြန်လန်သွားလို့ "သဒ္ဓါလန်ယောဂီ" လို့ ခေါ်တာ ဒကာကြီးရဲ့"

"ဒါဖြင့် တပည့်တော် ခုအခြေအနေဟာ မှန်တယ်ပေါ့ဘုရား"

"မှန်တာပေါ့ ဒကာကြီး၊ အဲဒါ မလျော့ဘဲ တိုးတက်လာအောင် ဆက်လက်ကြိုးစားပေါ့"

"ဒါဖြင့် တပည့်တော် ဒီအတိုင်း ဆက်လက်ကြိုးစားရမယ်ပေါ့ဘုရား"

"အဲဒီအတိုင်း ဆက်ကြိုးစား ဒကာကြီး၊ တရားဟောသူ၊ တရားပြသူ၊ တရားအားထုတ်သူတို့ဟာ မှန်ကန်လာလျှင် ကြည်ညိုဖွယ် ရှိလာမယ်၊ မမှန်လျှင် ကြည်ညိုဖွယ် မရှိဘူး၊ ကြည်ညိုဖွယ် ရှိသူ၊ ကြည်ညိုဖွယ် မရှိသူတို့ရဲ့ အကျိုးအပြစ်တွေကို ဘုရားရှင်ဟောထားတာ ရှိတယ်"

"ဘယ်လို ဟောထားသလဲဘုရား၊ တပည့်တော် နာချင်ပါတယ်ဘုရား"

"ရဟန်းတို့ ကြည်ညိုဖွယ်ရှိသော ပုဂ္ဂိုလ်၌ အကျိုးတို့သည် -

၁။ မိမိကိုယ်တိုင်လည်း မိမိကိုယ်ကို မစွပ်စွဲ၊

၂။ ပညာရှိတို့ စိစစ်၍ ချီးမွမ်းကုန်၏၊

၃။ ကောင်းသော ကျော်စောသံသည် ပျံ့နှံ့၍ ထွက်၏၊

၄။ မတွေဝေဘဲ သေရ၏၊

၅။ သေသော် နတ်ပြည်သို့ လားရ၏၊

ဟူ၍ ဤငါးမျိုးတည်း"

"ရဟန်းတို့ ကြည်ညိုဖွယ်မရှိသော ပုဂ္ဂိုလ်၌ အပြစ်တို့သည် -

၁။ မိမိကိုယ်တိုင်လည်း မိမိကိုယ်ကို စွပ်စွဲ၏၊

၂။ ပညာရှိတို့ စိစစ်၍ ကဲ့ရဲ့ကုန်၏၊

၃။ မကောင်းသော ကျော်စောသံသည် ပျံ့နှံ့၍ ထွက်၏၊

၄။ တွေဝေလျက် သေရ၏၊

၅။ သေသော် ငရဲသို့ ရောက်ရ၏၊

ဟူ၍ ဤငါးမျိုးတည်း"

"အဲဒီလိုဟောထားတယ် ဒကာကြီးရဲ့၊ အဲဒါ "ပထမအပါသာဒိကသုတ်" တဲ့၊ ပဉ္စင်္ဂုတ္တရပါဠိတော်မှာ ဘုရားရှင် ဟောထားတယ်၊ နောက်တစ်သုတ်မှာလည်း ရှိသေးတယ် ဒကာကြီးရဲ့"

"ဆက်နာပါရစေဦးဘုရား၊ ဟောပါဦး"

"ရဟန်းတို့ ကြည်ညိုဖွယ်ရှိသော ပုဂ္ဂိုလ်တို့၌ အကျိုးတို့သည် -

၁။ မကြည်ညိုသေးသောသူတို့ ကြည်ညိုကုန်၏၊

၂။ ကြည်ညိုပြီးသောသူတို့လည်း တိုး၍ ကြည်ညိုကုန်၏၊

၃။ မြတ်စွာဘုရား အဆုံးအမတော်ကို လိုက်နာပြုကျင့်၏၊

၄။ နောင်လာနောက်သားတို့ အတုလိုက်၏၊

၅။ ထိုပုဂ္ဂိုလ်တို့၏ စိတ်သည် ကြည်လင်၏၊

"ရဟန်းတို့ ကြည်ညိုဖွယ်မရှိသော ပုဂ္ဂိုလ်တို့၌ အပြစ်တို့သည် -

၁။ မကြည်ညိုသေးသောသူတို့ မကြည်ညိုကုန်၊

၂။ ကြည်ညိုပြီးသောသူ အချို့တို့လည်း အကြည်ညိုပျက်ကုန်၏၊

၃။ ဘုရားအဆုံးအမတော်ကို လိုက်နာပြုကျင့်မှု မရှိ၊

၄။ နောင်လာနောက်သားသည် အတုလိုက်၏၊

၅။ ထိုပုဂ္ဂိုလ်၏ စိတ်သည် မကြည်လင်၊

ဟူ၍ ဤငါးမျိုးတို့တည်း"

"အဲဒါက "ဒုတိယ အပါသာဒိကသုတ်" တဲ့ ပဋ္ဌဂုံတ္တရပါဠိတော်မှာ ဘုရားရှင် ဟောထားတယ်"

"အရှင်ဘုရား၏ တရားတော်တွေကဖြင့် တယ်ကောင်းဘုရား"

"အဲဒီကောင်းတဲ့တရားတွေ ဒကာကြီးသန္တာန်မှာ အကုန်တည်အောင် ကျင့်နိုင်ပါစေသတည်း၊ ကဲ . . . တော်ကြဦးစို့ ဒကာကြီး"

✧ အရာရာဝယ်၊ ကြည်ညိုဖွယ်၊ ဆောင်လွယ်နိုင်ကြပါစေသော်။

✧ မကြည်ညိုဖွယ်၊ ပြစ်သွယ်သွယ်၊ ကိုယ်ဝယ်မကပ် ရှောင်စေသော်။

# ကျွန်တော်တို့ သုံးယောက်ကိုချည်း ကြည့်ဟောတယ်ဗျ

## (၂၅)

တစ်ခါက မိမိသည် ရွာတစ်ရွာ ဆွမ်းသိမ်းပွဲတွင် ညတရား ဟောရ၏။ မိမိမှာ ပါဠိအဋ္ဌကထာလာ တရားများကို ပါဠိအဋ္ဌကထာအတိုင်း ဟောပြောလေ့ ရှိ၏။ ထိုညကလည်း ဓမ္မပဒအဋ္ဌကထာလာ တရားတစ်ပုဒ်ကို ဟောကြားခဲ့၏။ ဟောကြားပုံမှာ -

"မိမိကိုယ်ကို အချစ်ဆုံးဟူ၍ အကယ်တိတိ နားလည်သိရှိအံ့၊ ဤသို့သိသော် ထိုမိမိကိုယ်ကို တရားလမ်းကြောင်း မစောင်းစေဘဲ ကောင်းစွာ စောင့်ရှောက်အပ်သည်မည်လောက်အောင် စောင့်ရှောက်ရာ၏၊ ကြောင်းကျိုးမြင်သိ ပညာရှိသည် အရွယ်သုံးပါးတို့တွင် တစ်ပါးပါးသောအရွယ်ကို အပြစ်မနော စင်းလုံးချောအောင် ဆေးကြောသုတ်သင်ရာသတည်း"

- ဟူသော ဂါထာကို နိဒါန်းပျိုးကာ ဟော၏။ တရားပွဲမှာ ည(၇)နာရီတွင် စ၊ (၁၀)နာရီတွင် ပြီးဆုံးသည်။ နောက်နေ့ ညနေတွင် မိမိနှင့်ရင်းနီးသော ယောဂီဒကာကြီးတစ်ယောက် ကျောင်းရောက်လာ၍ ရှိခိုးပြီးလျှင် မေးမြန်းလျှောက်ထား၏။

"ဆရာတော် ညက ဟိုဘက်ရွာက ဆွမ်းသိမ်းပွဲမှာ ဘာတရားဟောခဲ့ပါသလဲဘုရား"

မိမိအား တစ်ချို့က ဆရာတော်ဟု ခေါ်၏။ တချို့ကလည်း ဆရာတော်လေးဟု ခေါ်၏။ တစ်ချို့က ဦးပဉ္စင်းဟု ခေါ်၏။ တစ်ချို့က ဦးပဉ္စင်းလေးဟု ခေါ်၏။ တချို့က ဘုန်းကြီးဟု ခေါ်၏။ မိမိမှာမူ ခေါ်ချင်သလို နှုတ်တက်ရာသာ ခေါ်ကြပေတော့၊ ဘယ်လိုခေါ်ပါဟု မသင်ပေးပါလေ။ မိမိမှာ ဒကာကြီး မေးလာပုံထူး၍ အကြောင်းထူးရှိမည်ဟု တွက်ဆ၏။ သို့နှင့် သိလိုသဖြင့် ဒကာကြီးအမေးကို မဖြေသေးဘဲ ပြန်လှန်မေးလိုက်၏။

"ဘာအကြောင်းထူးလို့လဲ ဒကာကြီး"

"ဟိုတောက တပည့်တော် မိတ်ဆွေသုံးယောက် ညက အဲဒီရွာမှာအိပ်ပြီး တရားနာကြတယ်၊ ခုမနက် တပည့်တော်တို့ရွာ လာတယ်ဘုရား"

"အင်း...တရားနာပြီးလာတော့ ဘာဖြစ်သလဲ"

"ဒီလိုဘုရား၊ သူတို့ နံနက်က တပည့်တော်နဲ့တွေ့တော့ ညက တရားပွဲမှာ တရားနာခဲ့ရတဲ့ အကြောင်းတွေကို တအံ့တဩ ပြောပြတယ်၊ တပည့်တော်လည်း ပြန်ရှင်းပြတယ်၊ ပြဿနာမပြေလည်ဘူးဘုရား"

ဒကာကြီးမှာ တရားအားထုတ်သက် ရှည်ပြီး ကြောင်းကျိုးဆင်ခြင်ဉာဏ် ရှိ၏။ သို့သော် သူ့တွင် အထက်ဆရာဂိုဏ်း စွဲရှိ၍ ပွဲတင်လေ့ ရှိ၏။ အများက သူ့ကို ထိုအတွက် လက်ညှိုးထိုး၏။ သူကတော့ ပြုံးပြုံးနှင့် သည်းခံ၍ နေ၏။ မစွန့်နိုင်။

"ဘယ်လိုပြောလို့ ဘယ်လိုရှင်းသဖြင့် ဘာတွေမပြေလည်သလဲ၊ ပြောစမ်းပါဦး ဒကာကြီးရဲ့ ပြေလည်အောင် ရှင်းပေးနိုင်လည်း ရှင်းပေးရတာပေါ့"

"ကျွန်တော်တို့ ညက ဟိုဘက်ရွာက ဆွမ်းသိမ်းပွဲမှာ တရားနာတာဗျာ၊ အံ့ရောပဲ၊ တောင်ပေါ်ကျောင်းဘုန်းကြီး တရားဟောတာ"

မိမိနေသော တောရကျောင်းမှာ တောင်ပေါ်တွင်ဖြစ်၍ အနီးပတ်ဝန်းကျင်မှ လူများက တောင်ပေါ်ကျောင်းဟူ၍ပဲ အခေါ်များ၏။ အသိများ၏။

"ဘာအံ့ဩတာလဲဗျာ"

"ကျွန်တော်တို့နဲ့ ဘုန်းကြီးနဲ့လည်း တစ်ခါမှ တွေ့ဖူးမြင်ဖူး၊ သိဖူး ပြောဖူးလည်း မရှိပါဘူးဗျာ၊ အဲဒါ ညကလည်း တရားပွဲမှာ ဘုန်းကြီးမမြင်နိုင်တဲ့ ချောင်ကပ် ထိုင်နေတာပါ၊ ဘုန်းကြီးကလည်း ကတ်သီးကတ်သတ် မြင်တယ်၊ သိတယ်ဗျာ၊ ကျွန်တော်တို့ သုံးယောက်ကိုချည်း ကြည့်ဟောတယ်ဗျာ"

"မဟုတ်ပါဘူးဗျ၊ တိုက်ဆိုင်လို့ ဖြစ်မှာပါ"

"တိုက်ဆိုင်ရအောင်ဗျာ၊ သုံးယောက်လုံးနဲ့မှ တစ်ထပ်တည်းမှ တစ်ထပ်တည်း တိုက်ဆိုင်နိုင်ပါ့မလား၊ သိလို့ မြင်လို့သာ ဒီလောက် တပ်အပ်မှန်စွာ ဟောနိုင်တာပေါ့ဗျာ"

"ခင်ဗျားတို့သုံးယောက်အဖြစ်နဲ့ တရားသွားနဲ့ တိုက်ဆိုင်လို့ဖြစ်မှာပါ၊ ဒီလိုပဲ တစ်ခါတလေ တိုက်ဆိုင်တတ်တာပဲ"

"ထားဦးတော့ဗျာ၊ ဘုန်းကြီးကလည်း ချောင်ကပ်နေတဲ့ ကျွန်တော်တို့ သုံးယောက်ကိုချည်း ကြည့်ဟောတယ်ဗျ၊ ကျွန်တော်တို့ထိုင်တာကို ဘုန်းကြီး မမြင်နိုင်ဘူး"

"ဘုန်းကြီးကတော့ ဘယ်လူရယ်လို့ ဘယ်ကြည့်ဟောပါ့မလဲ၊ ရှေ့တည့်တည့် ကြည့်ဟောတာပေါ့၊ ဒါပေမဲ့ လူအများက ဘုန်းကြီးကိုကြည့်ပြီး တရားနာတော့ ကိုယ့်ကြည့်ဟောတယ်လို့ ထင်ရတာပေါ့ဗျ"

"မဟုတ်ပါဘူးဗျာ၊ ဒီဘုန်းကြီး ထူးတယ်၊ သိပ်ထူးတယ်"

မိမိမှာ ဒကာကြီးနှင့် တောက ဒကာသုံးယောက် အပြန်အလှန်ပြောပုံကို နားထောင်ရင်း စဉ်းစားနေ၏။

"အင်း...မတရားဘုန်းကြီးချင်၊ နာမည်ကြီးချင်ရင်တော့ အလွယ်သားပဲ၊ ဒီအကြောင်း ဆိတ်ဆိတ်နေသောအားဖြင့် ဝန်ခံလိုက်မယ်၊ သို့မဟုတ် ဟုတ်သားပဲ၊ သူတို့သုံးယောက်ကိုချည်း ကြည့်ပြီး သူတို့သုံးယောက်အကြောင်းကိုချည်း ဟောခဲ့တာပဲလို့ သူတို့စကားနောက်ယောင်ခံလိုက်ရုံပဲ ရှိတယ်၊ သို့သော် မိမိမှာ ထိုသို့မဟုတ်ခဲ့၊ ရွာသားတွေ၏စရိုက်ဝါသနာကို အကဲခတ်ပြီး သူတို့နဲ့ လိုက်လျောမည့်တရားကို ဟောခဲ့ခြင်းသာ ဖြစ်သည်။ မဟုတ်တာကို အဟုတ်လုပ်၍ ဟန်ဆောင်ဘုန်းကြီးမှုသည် မတရားဘုန်းကြီးမှုသာ ဖြစ်မည်။ အပါယ်ရိက္ခာစုမှုသာ ဖြစ်မည်"

သို့ စဉ်းစားနေစဉ် ဒကာကြီးက မိမိအား မေးမြန်းပြန်သဖြင့် စဉ်းစားမှု ပြတ်သွားတော့၏။

"ဆရာတော် ညက ဘာတရားဟောခဲ့သလဲ ပြောပြပါဦးဘုရား"

"ဩော် ...အင်း...စဉ်းစားနေတာနဲ့ မေ့သွားတယ် ဒကာကြီး၊ တရားက ရှိးရှိးပါဒကာကြီး၊ တစ်ခါက ဒကာကြီးတို့ရွာ တောင်ပေါ်ဘုရားပွဲမှာတောင် ဦးပဥ္စင်း ဟောခဲ့သေးတယ်လေ၊ ဇာတိမင်းသားအကြောင်းပေါ့၊ သူတို့သုံးယောက်ကို ပြန်ပြောပြ ပါ၊ သူတို့သုံးယောက်အကြောင်းကို သိလို့မြင်လို့ ဟောတာမဟုတ်ပါဘူး၊ ရွာသားတွေရဲ့စရိုက်နဲ့ဝါသနာ ချိန်ပြီးဟောတာ တိုက် ဆိုင်သွားလို့ပါလို့"

"ဒါကြောင့် တပည့်တော်လည်း သူတို့ကို တိုက်ဆိုင်လို့ဖြစ်မှာပါလို့ ပြောပြတာပဲဘုရား၊ မရဘူး၊ နောက်တွေ့မှ ပြောပြ ရဦးမယ်"

"ပြောပြဖြစ်အောင် ပြောပြပါဒကာကြီးရယ်၊ တော်တော်ကြာ အရှောင်နာမည်ကြီးနေပါဦးမယ်"

"နာမည်ကြီးတာ မကောင်းဘူးလားဘုရား"

"မဟာ ပုညော မဟာ ဒုက္ခော တဲ့ ဒကာကြီးရဲ့ "ဘုန်းကြီးခြင်း၊ နာမည်ကြီးခြင်းဟာ ဒုက္ခဆင်းရဲကြီးခြင်းပဲ"၊ ဒါကြောင့် ရှေးက ဆရာတော်ကြီးများ ဘုန်းကြီးလာပြီဆို တောရိပ်တောင်ရိပ်ခိုပြီး တောရဆောက်တည်နေကြတာ"

"ဒါဖြင့် ဆရာတော်လည်း မြို့မှာဘုန်းကြီးလာလို့ တောလာပြီး တောရဆောက်တည်နေတာနဲ့ တူတယ်"

"ဦးပဥ္စင်းကတော့ ဘုန်းမကြီးပါဘူး၊ ငယ်ရွယ်တုန်းကိုယ်လုပ်ချင်တဲ့ အလုပ်တွေ လုပ်မယ်၊ ကြီးရင် လုပ်ချင်မှ လုပ်နိုင် တော့မယ်ဆိုပြီး သာသနာတော်နေစဉ် သာသနာတော်က ညွှန်ပြတဲ့ အကျင့်တွေ စုံအောင် ကျင့်ချင်တဲ့ဆန္ဒကြောင့် တောရ ဆောက်တည်နေတာပါ"

ယင်းသို့ ပြောဆိုပြီးသော် စကားပြတ်သွား၏။ ဒကာကြီးလည်း မကြာမီ ရှိခိုးဦးချ၍ ထပြန်သွား၏။ ဒကာကြီး ထပြန် သွားလျှင် မိမိငစ်ပါးတည်း စဉ်းစားဆုံးဖြတ်နေမိတော့၏။

"အင်း...ဒီလိုတိုက်ဆိုင်မှုမျိုးသည် အခါခါကြုံတတ်၏။ ထိုသို့ တိုက်ဆိုင်ကြုံကြိုက်၍ ထိုသို့ တအံ့တသြ ပြောဆိုလာ သည်ကို သာယာငြိမ်သက် လက်ခံမည်လား၊ သို့မဟုတ် တိုက်ဆိုင်ကြောင်း ရိုးသားစွာပြန်လည်ချေပ ပြောဆိုမည်လား၊ ရိုးသား လျှင် ချေပပြောဆိုရမည်၊ မရိုးသားလျှင် သာယာငြိမ်သက် လက်ခံမည်၊ ငါသည် အမြဲတမ်းရိုးသား၍ အမှန်ပြောဟောသင့်၏၊ သို့မှသာ ငါ၏ သံသရာခရီး ဖြောင့်ဖြူး၍ နိဗ္ဗာန်စခန်းသို့ ရောက်နိုင်မည်"

✧ ဗုဒ္ဓဘုရား၊ တပည့်များ၊ ရိုးသားအစဉ် မှန်စေသော်။

🕮

# ဝေဒနာဟာ ရုပ်ပေါ့ဗျာ

## (၂၆)

တစ်ချိန်သော နေ့ကာလက မိမိသည် မြို့ကြီးတစ်မြို့၌ တရားဟော တရားပြနေ၏။ ယောဂီများသည် အတွေ့အကြုံ အသိအမြင်များကို ကြားဖူးနားဝရှိသလောက် သိမြင်သလောက် မေးလျှောက်ကြ၏။ တစ်ချို့လည်း ယခုနာကြားအားထုတ်သည့် အတွေ့အကြုံများကို မေးလျှောက်ကြ၏။ တစ်ချို့ကတော့ အပြင်အပမှ ကြားဖူးနားဝများကို မေးလျှောက်ကြ၏။ တစ်ချို့ကမူ မိတ်ဆွေအချင်းချင်း ဆွေးနွေးရာမှ မရှင်းလင်းတာများ၊ သိချင်ရာများကို မေးလျှောက်ကြ၏။ တစ်နေ့ ယောဂီတစ်ယောက်က ရောက်လာပြီး ရှိခိုးဦးချကာ မေးလျှောက်၏။

"ဦးပဥ္စင်း ဉာဏ်စဉ်ဆိုတာ ဘာကို ခေါ်ပါသလဲဘုရား"

"ဉာဏ်စဉ်ဆိုတာ ဘယ်ဉာဏ်ပြီး ဘယ်ဉာဏ်၊ ဘယ်ဉာဏ်ပြီး ဘယ်ဉာဏ် စသည်ဖြင့် ဉာဏ်တွေကို အစဉ်အတိုင်း စဉ်ထားတာကို ဉာဏ်စဉ်ခေါ်တာပေါ့"

"ဉာဏ်စဉ်ဆိုတာ တရားလားဘုရား"

"အဲဒီလို စဉ်ထားတဲ့ ဉာဏ်တွေရဲ့အနက်အဓိပ္ပာယ် သဘောသဘာဝတွေကို လျှောက်ဟောရင် တရားဖြစ်တာပေါ့၊ ဉာဏ်တွေရဲ့သဘောသဘာဝ အနက်အဓိပ္ပာယ်ကို အစဉ်အတိုင်းဟောလို့ ဉာဏ်စဉ်တရား ခေါ်တာပေါ့"

"ဒါဖြင့် အဲဒီ ဉာဏ်စဉ်တရားနဲ့ ဒီပြင်တရား ဘယ်လိုထူးပါသလဲဘုရား"

"ဒါကတော့ အထူးမရှိပါဘူး၊ တရားအနေနဲ့ကြည့်လျှင် အတူတူပဲပေါ့၊ အဓိပ္ပာယ် အယူအဆ ကွဲတာပဲ ရှိမယ်"

"အဲဒီဉာဏ်စဉ်ကို ဘယ်အချိန် နာရမလဲဘုရား"

"ဟောတဲ့ပုဂ္ဂိုလ်နဲ့ ကြုံလျှင် ကြုံတဲ့အချိန် နာနိုင်တာပေါ့၊ မကြုံလျှင်လည်း နာချင်လို့ရှိပါက ဟောစွမ်းနိုင်တဲ့ ပုဂ္ဂိုလ် တစ်ဦးဦးကို လျှောက်ထားတောင်းပန်ပြီး နာနိုင်တာပေါ့၊ တရားဆိုတာ ဟောသူ၊ နာသူ ကြုံမှဖြစ်တာကိုး၊ အဲဒီလို မကြုံလျှင်လည်း ဉာဏ်စဉ်ရေးထားတဲ့ စာအုပ်ကြည့်ဖတ်လည်း ဖြစ်တာပေါ့၊ စာဖတ်တာလည်း တရားနာတာနဲ့ အတူတူပဲပေါ့"

"ဉာဏ်စဉ် နာရမယ့်အချိန်၊ မနာရမယ့်အချိန်ရယ်လို့ သတ်မှတ်ချက် ရှိပါသေးသလားဘုရား"

"ဒီလိုသတ်မှတ်ချက်လည်း မရှိပါဘူး၊ နာချင်တဲ့အချိန်နဲ့ ဟောတဲ့အချိန် ကြုံမှသာ ပဓာနပဲ၊ သီးခြားအချိန်နဲ့ ပတ်သက်လို့ သတ်မှတ်ချက် မရှိပါဘူး"

"ဉာဏ်စဉ် နာသင့်တဲ့လူ၊ မနာသင့်တဲ့သူလို့လည်း သတ်မှတ်ချက် ရှိပါသေးသလားဘုရား"

"ဒါလည်း မရှိပါဘူး၊ ဘုရားရှင်၏ တရားတော်တွေဟာ လူတန်းစား အားလုံးအတွက်ပဲ၊ လူတန်းစား မခွဲခြားဘူး၊ လောကမှာ ဖုံးထားဝှက်ထားမှ တင့်တယ်တာက မိန်းမများ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းများ၊ ပုဏ္ဏားတို့၏ မန္တာန်နှင့် မိစ္ဆာဒိဋ္ဌိ အယူလို့ သုံးမျိုးရှိတယ်၊ ဖွင့်ပြ ဖော်ပြမှ တင့်တယ်တာကလည်း ဘုရားရှင်၏ တရားတော်၊ လရောင်နှင့် နေရောင်လို့ သုံးမျိုးရှိတယ်၊ ဒါကြောင့်ဘုရားရှင်၏တရားတော်ဟာ ဘယ်သူတော့ မနာရဘူး၊ ဘယ်သူတော့ နာရမယ်လို့ ဖုံးထား၊ ဝှက်ထား၊ ကန့်သတ်ထားလို့ မဖြစ်ဘူး၊ ကန့်သတ်ထားလျှင် သာသနာတော်ကို ဖုံးထားတာနဲ့ အတူတူဖြစ်သွားမှာပေါ့၊ တရားကို ပိတ်ဖုံးထားတာ ဖြစ်သွားမှာပေါ့၊ တရားဆိုတာ ပုဂ္ဂိုလ်တိုင်း နာသင့်တယ်၊ နာနိုင်တယ်၊ ဒီလိုနာတော့ ယခုဘဝ တရား ရရင်လည်း ရမယ်၊ မရရင်လည်း နောက်ဘဝအထုံဝါသနာ ဖြစ်မယ်ပေါ့"

"တရားအားထုတ်ပြီးမှ ဉာဏ်စဉ်ကို နာရမှာလား၊ အားမထုတ်ခင် နာရမှာလား"

"အားမထုတ်ခင်လည်း နာနိုင်တယ်၊ အားထုတ်ဆဲလည်း နာနိုင်တယ်၊ အားထုတ်ပြီးမှလည်း နာနိုင်တယ်၊ အချိန်မရွေး နာနိုင်တယ်"

"ဉာဏ်စဉ် နာရတာနဲ့ မနာရတာ ဘယ်လိုထူးပါသလဲဘုရား"

"အထူးတလည် ထူးခြားမှုမရှိပါဘူး၊ ဉာဏ်စဉ်နာရတော့ ဒီဉာဏ် ဒီဉာဏ်တွေ ရှိပါလားလို့ ဗဟုသုတတိုးသွားတယ်၊ ဒီဉာဏ်တွေ မိမိသန္တာန်မှာ ရှိ,မရှိ သိနိုင်တယ်၊ မရှိလျှင် ရှိအောင်လုပ်ချင်လာမယ်၊ ရှိလျှင် တည်တံ့အောင် လုပ်ချင်လာမယ်၊ ဓမ္မဿဝနကုသိုလ် ရမယ်ပေါ့၊ မနာရလျှင် ဒီအကျိုးတွေ မရဘူးပေါ့"

"ဉာဏ်စဉ်နာရတော့ တရား တိုးတက်သွားပါသလားဘုရား"

"ဒါကတော့ နာသူရဲ့ပါရမီနဲ့ဆိုင်တာပဲ၊ အတိအကျပြောလို့ မရဘူး၊ ဒီပြင်တရားနာလည်း တိုးတက်ချင် တိုးတက်မှာပဲ၊ ပုဂ္ဂိုလ်၊ စရိုက်၊ အကြိုက်နဲ့သာ ဆိုင်တာပဲ"

"ဉာဏ်စဉ်နာရတော့ အပါယ်တံခါး ပိတ်ပါသလားဘုရား"

"မူလက အပါယ်တံခါး ပိတ်လောက်အောင် ဒါန၊ သီလ၊ ကုသိုလ် ရှိသူ၊ သို့မဟုတ် တရားအားထုတ်ထားသူ ဆိုပါက ဉာဏ်စဉ်မနာရလည်း အပါယ်တံခါး ပိတ်တာပါပဲ၊ ဒါကတော့ ဉာဏ်စဉ်တရားမှရယ်လို့ မဟုတ်ပါဘူး၊ ဘယ်တရားပဲဖြစ်ဖြစ် နာပြီး မမေ့ဘဲ အရိုးစွဲအောင် နှစ်သက်နေလျှင် ဘယ်အပါယ်ကျတော့မလဲ၊ ရှေးက တရားတစ်ကြိမ်နာရုံနဲ့ အပါယ်သို့ ဘဝများစွာ၊ ကမ္ဘာများစွာ မကျဘဲ ဘုရားရှင်လက်ထက်လည်း ရောက်ရော ဘုရားရှင်နဲ့တွေ့ပြီး တရားနာရတော့ ရဟန္တာဖြစ်သွားတဲ့ ထေရ...ထေရီတွေ အများကြီးရှိတာပဲ၊ အပါယ်တံခါးပိတ်တာက သောတာပန် မဖြစ်သေးလျှင် ခဏပိတ်ပဲ၊ သောတာပန်ဖြစ်ပြီးမှ အပြီးပိတ်မယ်၊ သောတာပန် ဖြစ်မှု၊ မဖြစ်မှုဟာလည်း ဉာဏ်စဉ်နဲ့ ဘာမှ မဆိုင်ဘူး"

"ဘုရားရှင်လက်ထက်တုန်းက ဉာဏ်စဉ် ဟောပေးပါသလားဘုရား"

"သီးခြား ဉာဏ်စဉ်သက်သက် ဟောမပေးပါဘူး၊ သုတ္တန်တိုင်းမှာလည်း ထည့်မဟောဘူး၊ တချို့သုတ္တန်တွေမှာ ပါတယ်၊ ဥပမာဆိုပါတော့ အနတ္တလက္ခဏသုတ် ဆုံးခါနီးတော့ -

"ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ. ဝေဒနာယပိ၊ သညာယပိ၊ သင်္ခါရေသုပိ. ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ. ဝိရဇ္ဇတိ. ဝိရာဂါ ဝိမုစ္စတိ. ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ - ဆိုတဲ့ ပါဠိတော်မျိုးဟာ ဉာဏ်စဉ်ပဲပေါ့၊ အဲဒီမှာ

"ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်ရယ်လို့ ပါဠိတော်မှာ တိုက်ရိုက်အနေနဲ့ ဉာဏ်ငါးပါးကို ထည့်ဟောလေ့ ရှိတယ်၊ ဦးပဥ္စင်းတို့ ပါဠိတော်တစ်သုတ်လုံး ဟောတဲ့အခါ ပါတာပေါ့"

"ဩော်...တပည့်တော်က ဉာဏ်စဉ်ဆိုတာ အထူးတရားလား ထင်မှတ်နေတာ၊ လက်စသတ်တော့ တပည့်တော်တို့ အမြဲလိုလို နာနေရတာပဲကိုး"

"ဒါဖြင့် ဒကာကြီးဥစ္စာက "ဇီးကွက် ဇီးကွက် အော်နေတာတောင် ဘာငှက်လဲလို့ မေးရသလို" ဖြစ်နေပြီပေါ့၊ ဇီးကွက် အော်ပြရဦးမလား မသိဘူး"

"အခုဆိုတော့ ဒီအတိုင်း ဖြစ်နေတာပေါ့ဘုရား"

"နေစမ်းပါဦးဒကာကြီးရဲ့ ဘာ့ကြောင့်ဒီလောက်စစ်စစ်ပေါက်ပေါက်လျှောက်မေးနေရသလဲ၊ ပြောစမ်းပါဦးအကြောင်းထူးကို"

"ဒီလိုပါဘုရား၊ တပည့်တော် မိတ်ဆွေတစ်ယောက် တရားအားထုတ်ရာက ပြန်လာတော့ အားရပါးရနဲ့ တပည့်တော်ကို လာပြောပါတယ်"

"ကျွန်တော် တရားသွားအားထုတ်တာ အရက်သုံးဆယ်နဲ့ ဉာဏ်စဉ် နာခဲ့ရသဗျ"

"သူက ဒီလိုပြောတော့ တပည့်တော်က ဉာဏ်စဉ်ဆိုတာ ဘယ်လိုလဲ သိချင်တယ်၊ တရားအားထုတ်လို့ ဘယ်အဆင့်ရောက်မှ နာရတာလဲ သိချင်တယ်၊ အဲဒီလို သိချင်တာနဲ့ သူ့ကို တပည့်တော်က မေးတယ်"

"ခင်ဗျား တရားအားထုတ်တော့ ဘယ်တရားကို ရှုမှတ်အားထုတ်ပါသလဲ"

"ပထမထိုင်စတော့ မမြဘူးပေါ့ဗျာ။ နောက် အထိုင်ကြာလာတော့ ဝေဒနာပေါ်လာတယ်။ အဲဒီဝေဒနာကိုပဲ ရှုမှတ်အားထုတ်တယ်။ ပထမဝေဒနာတွေ ကြမ်းတယ်၊ အဲဒီအကြမ်းတွေချုပ်ပြီးနောက် ဝေဒနာနုနုလာတယ်။ ဝေဒနာအပိုင်းရောက်တော့ ဉာဏ်စဉ်နာတာပဲ"

"အဲဒီဝေဒနာဟာ ရုပ်လား၊ နာမ်လားဗျ"

"ဝေဒနာဟာ ရုပ်ပေါ့ဗျ"

"ကျွန်တော် သိတာကတော့ ဝေဒနာဟာ နာမ်လို့ သိတယ်ဗျ"

"နေဦးဗျာ၊ ကျွန်တော်ဆရာဆီကို ပြန်မေးလျှောက်ကြည့်ဦးမယ်"

"သူက အဲဒီလို ပြောပြီးပြန်သွားတယ်။ နောက်တစ်ရက်၊ နှစ်ရက်ကြာတော့ ရောက်လာပြီး ပြောတယ်"

"ဟုတ်တယ်ဗျို့ ခင်ဗျားပြောတာမှန်တယ်။ ဝေဒနာဟာ နာမ်တဲ့ဗျ၊ ကျွန်တော့်ကို ဆရာတော်က ပြောလိုက်တယ်၊ လူသေကောင်တုတ်နဲ့ ထိုးကြည့်ပါလားတဲ့"

"အဲဒီ တပည့်တော်ရဲ့ မိတ်ဆွေ တရားအခြေအနေကြည့်ပြီး ဉာဏ်စဉ်ကို စိတ်ဝင်စားလို့ လျှောက်တာပါဘုရား၊ အခုဆိုရှင်းပါပြီ"

ဒကာကြီးသည် ထိုသို့ ပြန်ကြားလျှောက်ထားကာ ဦးချရှိခိုး၍ ထပြန်သွား၏။ မိမိသည် ဒကာကြီးပြန်သွားလျှင် ထိုအဖြစ်အပျက်နှင့် လျော်သော ဘုရားရှင်၏ တရားအစဉ်များကို စဉ်းစား၏။ သို့စဉ်းစားစဉ် ဘုရားရှင်၏ တရားစဉ်များ ပေါ်ပေါက်လာ၏။

"အကြင်မျှလောက်သော အကြောင်းဖြင့် များစွာပြောဟောတတ်၏။ ထိုစကားများကာမျှဖြင့် ပညာရှိပဏ္ဍိတ မဖြစ်နိုင်၊ ဘေးရန်မရှိ၊ ကြောက်ခြင်းမရှိ၊ ဘေးကင်းအောင် ပြုတတ်သူကို ပညာရှိပဏ္ဍိတဟူ၍ ဆိုအပ်၏။

"အကြင်မျှလောက်သော အကြောင်းဖြင့် များစွာပြောဟောတတ်၏။ ထိုသို့ ပြောဟောတတ်ကာမျှဖြင့် တရားကိုဆောင်သူမဖြစ်၊ အကြင်ပုဂ္ဂိုလ်သည်ကား အနည်းငယ်မျှသောတရားကို နာရ၍ နာမကာယဖြင့် တရားကို သိမြင်၏။ အကြင်ပုဂ္ဂိုလ်သည်ကား တရားကို မမေ့မလျော့၊ ထိုပုဂ္ဂိုလ်သည် စင်စစ်တရားကို ဆောင်သူမည်၏"

"အကြင်အကြောင်းဖြင့် ဆုံးဖြတ်အပ်သော တရားကို ချွတ်ယွင်းသောအားဖြင့် ဆုံးဖြတ်၏။ ထိုသို့ ချွတ်ယွင်းစွာ ဆုံးဖြတ်ခြင်းကြောင့် တရား၌ တည်သူမဖြစ်နိုင်၊ အကြင်ပညာရှိသည် အကျိုးရှိ၊ အကျိုးမဲ့ နှစ်ပါးစုံတို့ကို ဆုံးဖြတ်၍ -

"မချွတ်ယွင်းသောအားဖြင့် ညီညွတ်သော တရားဖြင့် သူတစ်ပါးတို့ကို ဆောင်၏၊ အောင်ခြင်းသို့ ရောက်၏၊ တရားကို စောင့်တတ်သော ပညာနှင့် ပြည့်စုံသော ထိုပညာရှိကို တရား၌ တည်သူဟူ၍ ဆိုအပ်၏"

"သူတော်သူစင်၊ ပညာရှင်တို့၊ မိန့်ကျင်စကား၊ တစ်ခွန်းကြားက၊ ပတ္တမြားဆန်ကျိုး၊ အဖိုးပြည်တန်၊ ဇကန်မုချ၊ တစ်လုံးရသို့၊ နှလုံးမွန်၊ ကျိုးကဲလွန်၏၊ ဖောက်ပြန်ရေးက၊ ဝိဒေဟ၌၊ ဝါဒယွင်းသုန်၊ ဂုဏ်ကဿပ၊ မောဟနွံအား၊ ခဏကပ်မိ၊ အင်္ဂတိကို၊ ဗောဓိသတ္တ၊ နာရဒဟု၊ မိုးကဗြဟ္မာ၊ ကိုယ်တိုင်လာ၍၊ ကြီးစွာ ကုတ်ပတ်၊ ဟောခြွေချွတ်မှ၊ ဖြေလွှတ်ကွာ၍၊ မိစ္ဆာကင်း၏"

(မယဒေဝ - ၃၂၀)

✧ တရား ရှိ၊ မရှိ၊ ကိုယ်တိုင်ကြည့်၊ စိစစ်ဆုံးဖြတ်နိုင်စေသော်။

# သူများဖြစ်တာ မနာချင်ဘူးဘုရား

## (၂၇)

တစ်ချိန်သော နေ့ကာလက မိမိသည် မြို့ကြီးတစ်မြို့၌ ညတရားဟော၏။ ကျောင်းပသူများက နေ့လယ် တရားပြပါဟု လျှောက်ထား၍ နေ့ဘက်လည်း တရားပြပေး၏။ တစ်နေ့ယောဂီများ အားထုတ်ပြီး မေးလျှောက်သည်ကို ဖြေကြားနေစဉ် ဒကာမကြီးတစ်ယောက်ရောက်လာပြီး ရှိခိုးဦးချ လျှောက်ထား၏။

"အရှင်ဘုရား တပည့်တော်ကတော့ ရှင်းရှင်းပဲဘုရား၊ သူများဖြစ်တာ မနာချင်ဘူးဘုရား"

"ဘယ်လိုလဲ ဒကာမကြီး၊ ဘာ သူများဖြစ်တာ မနာချင်တာလဲ ပြောစမ်းပါဦး"

"အခုခေတ် ဟောကြတာတွေက "ဟိုရှေးက ဘယ်ပုဂ္ဂိုလ်ဟာ ဘယ်တရားကို ဘယ်လိုနာလိုက်တာ ဘာဖြစ်သွားတယ်" စသည်ဖြင့် သူများဖြစ်တာတွေချည်းပဲ လျှောက်ဟောနေတာဘုရား၊ တပည့်တော်က အဲဒီလို သူများဖြစ်တာ မနာချင်ဘူးဘုရား"

ဒကာမကြီးမှာ မြို့ကျော် ဒကာမကြီးဖြစ်၏။ တရားလည်း နည်းမျိုးစုံ အားထုတ်ဖူး၏။ စာပေလည်း ကျွမ်းကျင်၏။ တရားလည်း နေ့စဉ် အားထုတ်ဆဲဖြစ်၏။

"ဒကာမကြီးက ဘယ်လိုမှ နာချင်သလဲ"

"တပည့်တော်က ဘယ်တရားကို ဘယ်လိုအားထုတ်တော့ ဘယ်မဂ်ကို ဘယ်လိုရောက်ပြီး ဘယ်ဖိုလ်ကို ဘယ်လို ကူးတက်သွားတယ်ဆိုတာမျိုးကိုမှ နာချင်တယ်ဘုရား"

"ဒကာမကြီးရဲ့ အဲဒီတရားကို ဘယ်လိုအားထုတ်တော့ ဘယ်မဂ်ကို ဘယ်လိုရောက်ပြီး ဘယ်ဖိုလ်ကို ဘယ်လိုကူးတက်သွားတယ်ဆိုတာမျိုးဟာလည်းသူများဖြစ်တာပဲမဟုတ်လား၊ ကိုယ့်ဖြစ်တာကိုဟောစရာလိုသေးသလား၊ ကိုယ့်ဟာကိုယ် သိနေပြီပဲဟာ၊ ဟောတာ နာတာမှန်သမျှ သူများဖြစ်တာချည်းပဲပေါ့"

"ဟား ... ဟား ... ဟုတ်ပါတယ်ဘုရား"

ဒကာမကြီးမှာ လက်ခုပ်လက်ဝါးတီးပြီး ရယ်မော၏။ သူ့ဘာသာသူ အတော်သဘောကျသွားဟန်ရှိ၏။

"တချို့လည်း ရှိသေးတယ် ဒကာမကြီး၊ ကိုယ်တွေ့မှ နာချင်တယ်တဲ့၊ စာတွေမနာချင်ဘူးတဲ့၊ ဒီကိုယ်တော်က စာတွေ လျှောက်ဟောနေတာတဲ့၊ အမှန်မှာ ဒကာမကြီး သူများကိုယ်မှာ တွေ့တဲ့ ကိုယ်တွေ့ကို ကိုယ်တွေ့ပါဆိုပြီး ပြန်ဟော၍ နာကြားရသူအဖို့တော့ စာတွေပဲ ဖြစ်မှာပဲ၊ ဘယ်မှာ ကိုယ်တွေ့ ဖြစ်မှာလဲ၊ ဦးပဉ္ဇင်း အခုဟောတဲ့စာတွေဟာ ဘုရား ရဟန္တာများရဲ့ တကယ့်ကိုယ်တွေ့တွေပဲ၊ စာနဲ့ မှတ်တမ်းတင်ထားလို့ စာတွေ ဖြစ်နေတာပါ။ အရေးကြီးတာက အဲဒီ ဘုရားရဟန္တာများရဲ့ ကိုယ်တွေ့မှတ်တမ်းဖြစ်တဲ့စာကို အတိအကျ မှတ်သားနာကြားပြီး ကျင့်လို့ ကိုယ်မှာ တွေ့ဖို့ အရေးကြီးတယ်၊ အဲဒီလိုတွေ့မှ ကိုယ်တွေ့အစစ်ဖြစ်မယ် ဒကာမကြီး"

"တပည့်တော် သဘောပေါက်ပါပြီဘုရား"

"သဘောပေါက်လျှင် တရားကြိုးစားနာပေါ့၊ တရားဟာ နာတတ်လျှင် ရနိုင်တယ်၊ မနာတတ်လျှင် မရနိုင်ဘူး"

"ဘယ်လိုနာရမလဲဘုရား၊ တရားရအောင်"

"ဘုရားဟောထားတာရှိတယ်၊ ရဟန်းတို့ သူတော်ကောင်းတရားကို နာသည်ရှိသော် -

၁။ တရားကို မထီမဲ့မြင်မပြု။

၂။ တရားဟောပုဂ္ဂိုလ်ကို မထီမဲ့မြင်မပြု။

၃။ မိမိကိုယ်ကို မထီမဲ့မြင်မပြု။

၄။ စိတ်မပျံ့လွင့်သည်ဖြစ်၍ စိတ်တည်ကြည်လျက် တရားနာ၏။

၅။ သင့်သောအားဖြင့်လည်း နှလုံးသွင်း၏။

ဟူသော ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသူသည် ကုသိုလ်တရားတို့၌ မဖောက်မပြန်သော သဘောရှိသည့် မြဲသော သဘော အရိယမဂ်သို့ သက်ဝင်ရန် ထိုက်တန်၏။

(ပထမ သဒ္ဓမ္မနိယာမသုတ်၊ ပဉ္စက အင်္ဂုတ္တရ)

နောက်တစ်ခါ ငါးမျိုးတစ်ခါပြသေးတယ်၊ အဲဒီငါးမျိုးမှာ သုံးမျိုးက တူနေပြီ၊ နှစ်မျိုးပဲပြမယ်၊

၁။ ပညာရှိ၏၊ မမိုက်မဲ၊ မဆွံ့အ၊

၂။ မိမိ မသိသောအရာ၌ သိ၏ဟု မှတ်ထင်လေ့မရှိ။

(ဒုတိယ သဒ္ဓမ္မနိယာမသုတ်၊ ပဉ္စက အင်္ဂုတ္တရ)

နောက်တစ်ခါ ငါးမျိုးတစ်ခါပြသေးတယ်၊ အဲဒီငါးမျိုးမှာလည်း နှစ်မျိုးက တူနေတယ်၊ သုံးမျိုးပဲ ပြမယ်။

၁။ သူ့ဂုဏ်ကို ချေဖျက်လိုစိတ်မရှိဘဲ ချေဖျက်လိုစိတ် မမြှေးယှက်သည်ဖြစ်၍ တရားနာ၏၊

၂။ အပြစ်တင်လိုသော စိတ်မရှိသည်ဖြစ်၍ တရားနာသော ပုဂ္ဂိုလ်၌ အပေါက်အစကို မရှာဘဲ တရားနာ၏။

၃။ တရားဟောပုဂ္ဂိုလ်၌ ထိပါး ပုတ်ခတ်လိုစိတ်မရှိ၊ ခြောင့်တံသင်း သဘောမရှိ။

(တတိယ သဒ္ဓမ္မနိယာမသုတ်၊ ပဉ္စက အင်္ဂုတ္တရ)

နောက်တစ်ခါ ခြောက်မျိုးကို ဘုရားရှင်ဟောထားတာ ရှိသေးတယ်၊ ဘာတွေလဲဆိုတော့ -

"မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓမ္မဝိနယကို ဟောတော်မူအပ်သည်ရှိသော် -

၁။ နာယူ၏၊

၂။ နားစိုက်၏၊

၃။ သိခြင်းငှာ စိတ်ကိုဖြစ်စေ၏၊

၄။ အကျိုးရှိသည်ကို ယူ၏၊

၅။ အကျိုးမရှိသည်ကို စွန့်၏၊

၆။ သာသနာတော်၏ လျော်သောပညာနှင့် ပြည့်စုံ၏။

"ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသူသည် သူတော်ကောင်းတရားကို ကြားနာရသည်ဆိုသော် ကုသိုလ်တရားတို့၌ မဖောက်ပြန်သောသဘောဟု ဆိုအပ်သော နိယာမမဂ်သို့ သက်ဝင်ရန် ထိုက်တန်၏"

(သုသ္သူသတိသုတ် - ဆက္ကအင်္ဂုတ္တရ)

"အမယ်လေး ... အရှင်ဘုရား အမိန့်ရှိတဲ့အတိုင်းဆိုရင် တရားနာရုံ နာတတ်ဖို့တောင်မှ မလွယ်ပါလားဘုရား"

"သြော် .. ဒကာမကြီးနယ်၊ ဒါကြောင့် ခုခေတ်မှာ တရားဟောသူ၊ တရားပြသူ၊ တရားအားထုတ်သူတွေ ပေါပါလျက်နှင့် ဘာဖြစ်လို့ ဒကာမကြီးတို့ ငယ်ငယ်က ခေတ်လောက် မကောင်းလဲဆိုတာသာ စဉ်းစားကြည့်တော့"

"အပြောတစ်မျိုး အလုပ်တစ်မျိုး လည်းဖြစ်နေ၊ ခုနက အရှင်ဘုရားပြောတဲ့ တရားနာသူရဲ့အင်္ဂါတွေလည်း မပြည့်လို့ပေါ့ဘုရား"

"အဲဒီအင်္ဂါတွေက အကုန်မဟုတ်သေးဘူး၊ အဖြစ်များတာ ရွေးပြတာ၊ တခြားပြည့်စုံရမယ့် အင်္ဂါတွေလည်းအများကြီးရှိသေးတယ်"

"သြော် . . . ဒါကြောင့် တရားနာရုံလည်း တရားမရ၊ အားထုတ်တော့လည်း မရနိုင် ဖြစ်နေတာကိုး"

"အင်း . . . အဲဒါကြောင့် နောက်ဆိုလျှင် ဘယ်ဘုန်းကြီးဟောဟော သွားပြီး ရှိရှိသေသေ ခုနကအင်္ဂါတွေနဲ့ ပြည့်စုံစွာ နာပါ၊ နာပြီး သိသမျှ မှတ်မိသမျှ လိုက်နာကျင့်ကြံပါ၊ ကဲ . . . တော်လောက်ပြီ"

✧ တရားဆိုလျှင်၊ စိတ်မှာရွှင်၊ ကြည်လင်နှစ်သက် နာစေသော်။

# ဘုရားထက် သာတယ်

## (၂၈)

ယခုခေတ်သည် တရားအားထုတ်သူ ပေါများသောခေတ် ဖြစ်၏။ အမြို့မြို့အရွာရွာမှာ တရားအားထုတ်သူများမှာ အနည်းအများဆိုသလို ရှိကြကုန်၏။ တရားဟောရာတွင်တောင် ဝိပဿနာဟောမှ အများကြိုက်ကို ဖြစ်လာ၏။

ယင်းသို့ ဝိပဿနာတရား နာကြားအားထုတ်သူများ ပေါများလာ၍ တစ်ဖက်ကကြည့်လျှင် အားရဝမ်းသာစရာပင် ဖြစ်၏။ တစ်ဖက်ကကြည့်လျှင် အားမရစရာ၊ ဝမ်းမသာစရာတွေ များစွာ တွေ့နေရ၏။

မှန်၏။ တရားအားထုတ်ခြင်းသည် အစွဲဒိဋ္ဌိပြုတ်အောင် အားထုတ်ခြင်း ဖြစ်၏။ တစ်ချို့မှာ တရားအားထုတ်ပြီးမှ အစွဲအလမ်း ပို၍ပင်ကြီးနေသည်ကို တွေ့ရ၏။ အထူးသဖြင့် ပုဂ္ဂိုလ်စွဲ၊ တရားစွဲတွေ ဖြစ်လာ၏။ ပုဂ္ဂိုလ်စွဲတွေ ထားပါဦး၊ တရားစွဲမှာ ဖြစ်ရန် မသင့်ပေ။ အဘယ်ကြောင့်ဆိုသော် ဟောသမျှ၊ ပြသမျှ တရားတွေမှာ ဘယ်သူပဲဟောဟော၊ ပြပြ ဘုရားရှင်၏ တရားတွေကိုချည်း ဟောကြ၊ ပြကြသောကြောင့် ဖြစ်၏။

ယင်းသို့ ဘုရားရှင်၏ တရားတော်တွေကိုချည်း ဟောကြ၊ ပြကြ ရာ၌ဘုရားရှင်၏အာဘော် ကျသူနှင့် မကျသူဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ ယင်းကိုတော့ သာမန် သူလိုကိုယ်လိုယောဂီများသိဖို့မလွယ်ကူ။ သို့မလွယ်ကူဘဲ "တို့နည်းမှ နည်းကောင်း၊ တို့ဆရာမှ ဆရာကောင်း" ဟု စွဲထားလျှင် ဘယ်သူ နစ်နာမည်နည်း။

တစ်ခါက မိမိသည် တောရတစ်ခုတွင် နေ၏။ မိမိနှင့်အတူ သီတင်းသုံးဖော် နှစ်ပါးရှိ၏။ မိမိပါဆိုလျှင် သုံးပါးရှိ၏။ ဥပုသ်နေ့တွင် မိမိနှင့် တစ်ပါးမှာ တရားဟော၏။ သူက မနက်ဟောလျှင် မိမိက နေ့လယ်တွင် ဟော၏။ သူက နေ့လယ်ဟောလျှင် မိမိက နံနက်ဟော၏။ ပရိသတ်မှာ ရံခါ မိမိအား၊ ရံခါ သူ့အား သင့်သလို မေးလျှောက်စရာရှိလျှင် မေးလျှောက်လေ၏။ တစ်နေ့ ဒကာမကြီးတစ်စု သူ့ထံသို့ ချဉ်းကပ်မေးလျှောက်၏။

"အရှင်ဘုရား၊ (သူ)က ညည်းတို့ တရားအားထုတ်တာ ဘာဖြစ်ပြီလဲ၊ ငါတော့ ဝေဒနာကုန်ပြီ လို့ ပြောတယ်ဘုရား၊ အဲဒါ (သူ)က ညည်းတို့ဘုန်းကြီး လျှောက်ကြည့်စမ်းပါ၊ ဝေဒနာကုန်လျှင် ဘယ်အဆင့် ရောက်တယ်ဆိုတာ၊ ညည်းတို့ဘုန်းကြီး သိပါတယ်လို့ တို့ဆရာတော်က ပြောတယ်လို့ ပြောတယ်ဘုရား၊ ဝေဒနာကုန်တော့ ဘယ်အဆင့် ရောက်သွားပြီလဲဘုရား"

"ဒကာမကြီး အဲဒီဒကာမကြီးကို ပြောလိုက်၊ ဝေဒနာကုန်လျှင် "ဘုရားထက် သာတယ်" လို့"

ထိုအရှင်သည် ကာယိကဒုက္ခဝေဒနာ ကုန်မှုကို ရည်ရွယ်ပြောလိုက်ခြင်းဖြစ်၏။ မေးခိုင်းသည့်ယောဂီ ကုန်တယ်ပြောတဲ့ ဝေဒနာမှာလည်း ကာယိကဒုက္ခဝေဒနာပင် ဖြစ်၏။ ကာယိကဒုက္ခဝေဒနာမှာလည်း ဘုရားမှာပင် မကုန်သေး။ ယောဂီက ကုန်ပြီပြော၍ ဘုရားထက် သာတယ်ဟု ပြောခြင်း ဖြစ်၏။ ဒကာမကြီးများမှာ သဘောကျလွန်းလို့ ခွက်ထိုးခွက်လန် ရယ်ကြတော့၏။ အားရပါးရ ရယ်မောကြတော့၏။ ရယ်မောပြီး တစ်ဖန် ပြန်လျှောက်ပြန်၏။

"အရှင်ဘုရား၊ ဝေဒနာကုန်လျှင် ဘုရားထက် သာတယ်ဆိုတာ အမှန်ပဲလားဘုရား"

"ခက်နေပါပြီ ဒကာမကြီးကလည်း၊ တကယ်ဝေဒနာကုန်လျှင် တကယ် ဘုရားထက် သာတယ်ပေါ့"

"ဒါဖြင့် တပည့်တော် (သူ့)ကို ဒီအတိုင်း ပြန်ပြောလိုက်မယ်ဘုရား"

"ဒီအတိုင်းပြောရုံပဲ ရှိတာပေါ့၊ ရှင်းပြလည်း ဒကာမကြီးက အကုန်ပြန်ရှင်းနိုင်တာမှ မဟုတ်တာဘဲ"

"နည်းနည်းတော့ ရှင်းပြပါဦးဘုရား၊ မှတ်မိသလောက် ပြန်ပြောတာပေါ့၊ တပည့်တော်တို့လည်း မှတ်ထားရတာပေါ့"

"ကဲ ... ဒါဖြင့် နားထောင်"

"အခါတစ်ပါး ဘုရားရှင်သည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ငယ်၊ သားရဲတို့အား ဘေးမဲ့ပေးရာ ဘေသကဠတော၌ နေတော်မူ၏။ ထိုအခါ နကုလပိတာ သူကြွယ်သည် ဘုရားရှင်ထံ ချဉ်းကပ်ရှိခိုးပြီး လျှောက်ထား၏။

"အရှင်ဘုရား၊ အကျွန်ုပ်သည် အရွယ်အသက်ကြီးပြင်း အိုမင်းပါပြီ၊ အရွယ်သုံးပါးတွင် နောက်ဆုံးအရွယ်သို့ ရောက်ပါပြီ၊ နာကျင်သောကိုယ် ရှိပါ၏၊ မပြတ်နာကျင်၍ နေပါ၏"

"အရှင်ဘုရား၊အကျွန်ုပ်သည် မြတ်စွာဘုရားကိုလည်းကောင်း၊ စိတ်နှလုံးကို ပွားစေတတ်သော ရဟန်းတော်တို့ကိုလည်းကောင်း အမြဲတစေ မဖူးမြင်နိုင်တော့ပါ"

"အရှင်ဘုရား၊မြတ်စွာဘုရားသည် ဆုံးမတော်မူပါ၊ ကံမြစ်တော်မူပါ၊ ယင်းအဆုံးအမတော်သည် အကျွန်ုပ်အား ကြာမြင့်စွာ ကာလပတ်လုံး စီးပွားချမ်းသာအလို့ငှာ ဖြစ်ပါ၏"

"သူကြွယ်၊ ဤစကားသည် မှန်၏၊ ဟုတ်၏။ သူကြွယ်၊ ဤကိုယ်သည် နာကျင်သည်သာတည်း၊ ဥကဲ့သို့ ဖြစ်၏။ အရေပါးတို့ဖြင့် မြေးယုက်ထားအပ်၏"

"သူကြွယ်၊ တစ်ဦးတစ်ယောက်သည် ဤကိုယ်ကို ရွက်ဆောင်နေရလျက် တစ်ခဏမျှသော်လည်း အနာကင်းခြင်းကို ဝန်ခံပါလျှင် ထိုသူအား မိုက်သည့်အဖြစ်မှတစ်ပါး အခြားမရှိတော့ချေ"

"သူကြွယ်၊ ထို့ကြောင့် ဤအရာဝယ် "ငါသည် နာကျင်သောကိုယ် ရှိသူဖြစ်လျက် ငါ၏စိတ်သည် နာကျင်မှုကင်းသည် ဖြစ်လတ္တံ့" ဟု ဤသို့ သင်ကျင့်အပ်၏"

(နကုလပိတုသုတ်)

"ကဲ ... အဲဒီမှာ ဘုရားက ဘယ်လိုဟောထားလဲ၊ ဒီကိုယ်ဟာ နာကျင်သည်သာ ဖြစ်၏၊ ဥကဲ့သို့ ဖြစ်၏တဲ့၊ ဥဆိုတာ ဘာနဲ့ထိထိ သူပဲ နာတယ်၊ ကွဲတယ်။ ဒီကိုယ်ဟာ အရေပါးနှင့် အမြေးယုက်ထား၍လည်း ဘာနဲ့ထိထိ သူပဲ နာတယ်။ ဒီကိုယ် ရှိနေလျက် "တစ်ခဏမျှသော်လည်း အနာကင်းပါတယ်" ဆိုလျှင် လူမိုက်တဲ့၊ ဒါကြောင့် "ကိုယ်ကတော့ နာကျင်ချင် နာကျင်ပစေ၊ စိတ်မနာအောင် ကျင့်တဲ့" ကိုယ်နာတာ သည်းခံပြီးကျင့်တဲ့"

"ပြီးတော့ ဘုရားရှင် ဇီဝက၏ သရက်ဥယျာဉ်ဝယ် နေတော်မူသောအခါ ဒေဝဒတ် ကျောက်ဖြင့် ပစ်ချခြင်းကြောင့် ခြေမတော်ဝယ် သွေးစိမ်းတည်၍အနာယဉ်းတယ်၊ ဇီဝက.က ဓားဖြင့် ခွဲ၍ဆေးလိမ်းကျပ်စည်းပြီး ကုသတယ်၊ ဇီဝက.က "ကိုယ်တော် ပူပန်ခြင်း ဖြစ်သလော" ဟု လျှောက်သော် ကိုယ်တော်ပူပန်သော်လည်း စိတ်ပူပန်ခြင်း မရှိကြောင်း မိန့်တယ်"

"သံသရာခရီးကို သွားရောက်ပြီး ဖြစ်ထသော၊ စိုးရိမ်ခြင်းမှ ကင်းထသော၊ ခန္ဓာ စသော ခပ်သိမ်းသော တရားတို့၌ ကင်းလွတ်ထသော၊ ခပ်သိမ်းသော ဂန္ထလေးပါးကို ပယ်ပြီးထသော ပုဂ္ဂိုလ်အား စိတ်ပူပန်ခြင်းသည် မရှိ"

(အရဟန္တဝဂ် - ဓမ္မပဒ)

"ပြီးတော့ သံကိစ္စသာမဏေကို ခိုးသူကြီးက သတ်တော့ မျက်နှာကြည်လင်ပြီး ကြောက်ထိတ်လန့်ခြင်း မရှိတော့ အံ့သြပြီး သာမဏေကို မေးတယ်"

"သာမဏေ ဤသို့သဘောရှိသော ကြောက်မက်ဖွယ်ရေး သေဘေး၌ သင့်အား ကြောက်ရွံ့ခြင်းမရှိ၊ ပိုလွန်၍ ရေးကထက် ကြည်လင်လှပလာ၏၊ သာမဏေ သင်သည် ဘယ့်ကြောင့် မငိုသနည်း"

"ဂါမဏိ ခိုးသူကြီး၊ ကိုယ်ကို ငဲ့ကွက်ခြင်း မရှိသော၊ အာသဝေါ ကုန်ပြီးသော ပုဂ္ဂိုလ်အား စိတ်ဆင်းရဲခြင်း စေတသိကဒုက္ခ မရှိ၊ သံယောဇဉ်ကုန်ပြီးသော ပုဂ္ဂိုလ်အား စင်စစ်ကြောက်မက်ဖွယ်ရေး ဘေးအားလုံး ကုန်ပြီ"

(သဟဿဝဂ် - ဓမ္မပဒ)

"ဘုရားဟောထားတာ နောက်အများကြီး ရှိသေးတယ်၊ တော်ပြီ ဒီလောက်ပဲ၊ ကဲ . . . ဒကာမကြီး ပြန်ပြောတတ်ပါ့မလား"

"ဘယ် အကုန်ပြောတတ်မလဲဘုရား"

"ဒါဖြင့် ဒီလိုပြောလိုက်၊ ဘုရား ရဟန္တာများတောင်မှ စိတ်နာကျင်မှု စေတသိက ဒုက္ခဝေဒနာသာကုန်၍ ကိုယ်နာကျင်မှု ကာယိက ဒုက္ခဝေဒနာ ရှိသေးတယ်၊ ဘုရား ရဟန္တာများတောင်မှ မကုန်တဲ့ဝေဒနာ ကုန်လို့ "ဘုရားထက် သာတယ်" လို့ ပြောလိုက်"

ဒကာမကြီးများမှာ ရယ်ကာ မောကာနှင့် ရှိခိုးဦးချ၍ "ပြောလိုက်ပါ့မယ်" ဘုရားဟု ပြောရင်း ပြန်ကြတော့၏။

✧ ဗုဒ္ဓတရား၊ ရှုပွားများ၊ လွဲမှားအယူ ကင်းစေသော်။

# အရှင်ဘုရားပဲ တစ်ခါက ဟောဖူးတယ်

(၂၉)

တရားဟောသူသည် လွန်စွာအရေးကြီး၏။ သို့ဖြစ်၍ သူတစ်ပါးအား တရားဟောလျှင် ကိုယ့်ကိုယ်ကို အရင်စစ်ဆေးဖို့ လို၏။ သူများ ဟောမည့်တရား ကိုယ့်မှာ တကယ်တည်ရဲ့လား။ ယင်းတရားအတိုင်းကော ကိုယ်တိုင်လိုက်နာနေသူ ဖြစ်ပါရဲ့လား။

ယင်းသို့စစ်ဆေးပြီး တရားတော်၏ မှန်ကန်ပုံကို ကိုယ်တိုင်လေ့လာပြီး ကိုယ်တိုင်ကျင့်သုံးကာ ကိုယ်တိုင် မှန်ကန်မှန်း သိလျက် မေတ္တာ၊ ကရုဏာ ရှေ့ထားကာ ဟောပြောပါလျှင် မိမိရော ပရိသတ်အတွက်ပါ စိတ်ချရမည် ဖြစ်၏။

မှန်၏။ တရားနာပရိသတ်သည် တရားဟောသူအပေါ် ယုံကြည်ကြ၏။ များစွာပင် အထင်ကြီးကြ၏။ ပရိသတ်၏စိတ်သည် လွန်စွာရိုးလျက် တရားဟောသူ၏ တရားတို့ကို အဆီးအတားမရှိ ပွင့်လင်းသောစိတ်နှင့် ခံယူကြ၏။ မှတ်သားကြ၏။ သို့ဖြစ်၍ တရားဟောသူသည် ရိုးသားပွင့်လင်းစွာ ဟောဖို့ လိုလေသည်။

ပရိသတ်ကို အထင်သေးကာ မိမိဟောသည့်တရားကို အမှတ်မထားလျှင် မှားမည်သာ ဖြစ်၏။ ပရိသတ်တွင် မှတ်သားမိသူများ ရှိ၍ တစ်ချိန်ချိန် အကြောင်းကြုံပါလျှင် ယင်း မိမိဟောတရားနှင့် မိမိအား ပြန်၍ ချည်နှောင်တတ်လေ၏။ ထိုအခါ မိမိမလိုက်နာနိုင်သော အချက်ဖြစ်က အခက်ကြုံနိုင်လေ၏။

ယင်းအဖြစ်မျိုး သူတစ်ပါးတော့ မသိပါ။ မိမိကိုယ်တိုင်မူ ကြုံခဲ့ပြီး ဖြစ်၏။ တစ်ချိန်က မိမိသည် တောရကျောင်းတစ်ကျောင်းတွင် နေခဲ့၏။ ယင်းတွင် နေ့စဉ်ဥပုသ်နေ့တိုင်း တရားဟော၏။ အတန်ကြာသော် တောရကျောင်းတစ်ကျောင်းသို့ ပြောင်းခဲ့၏။ ယင်းတွင်နေခိုက် တရားဟောသွားရင်း အရင်နေခဲ့သော တောရကျောင်းမှ တရားနာပရိသတ် ယောဂီများနှင့် ဆုံတော့၏။ ထိုအခါ ယောဂီတို့ကပင် လျှောက်၏။

"အရှင်ဘုရား တပည့်တော်တို့ တောရကျောင်းကို ပြန်ကြွပါဦးဘုရား"

"ဟာ... ကြွလို့ ဘယ်ဖြစ်မလဲ"

"အမြဲနေဖို့ ပင့်တာမဟုတ်ဘူးဘုရား၊ ယခု တပည့်တော်တို့ တောရကျောင်းမှာ ဘုန်းကြီးမရှိလို့ အခိုက်အတန့် ဆယ့်လေးငါးရက်ကလေးပါ"

သူတို့ပင့်စဉ်တွင် သူတို့ တောရကျောင်းဘုန်းကြီးမှာ ဖျားနာ၍ ဆေးကုသွားနေခြင်း ဖြစ်၏။

"သွားရေးလာရေးက သိပ်ခက်တယ်၊ မိုးကလည်း ရွာ၊ သင်္ကန်းကလည်း အပိုပါတာ မဟုတ်ဘူး"

မိမိမှာ ကပ္ပိယပို့သူ ရှိပါမှ သွားလာနိုင်သဖြင့် သွားလာရေးခက်၏။ ထိုစဉ် သင်္ကန်းကလည်း အမှန်ပင် ခါးဝတ်တစ်စုံပဲ ပါသဖြင့် ငြင်းဆိုလိုက်ခြင်း ဖြစ်၏။

"တပည့်တော်တို့ ပြန်ပို့ပေးပါ့မယ်ဘုရား၊ သင်္ကန်းလဲစရာလည်း ကျောင်းမှာ ရှိပါတယ်ဘုရား၊ တပည့်တော်တို့ ကျောင်းမှာ ဘုန်းကြီးမရှိတာထက် တရားနာချင်လို့ ပင့်တာပါဘုရား"

"အမယ်လေး . . . ဟိုတုန်းက ဦးပဥ္ဇင်းဟောခဲ့တဲ့တရားတွေ အများကြီးပဲ၊ အဲဒါတွေကို ကုန်အောင်ကျင့်စမ်းပါဦး၊ ယခုထပ်ပြီး မဟောပါရစေနဲ့၊ မောလှပြီ၊ ခုမှ တစ်ခြားမှာဟောပြီး ပြန်လာစ ရှိသေးတယ်"

"ဟိုတုန်းကတရားတွေလည်း တတ်နိုင်သလောက် ကျင့်ပါတယ်ဘုရား၊ ကျင့်လို့ပဲ ယခု တပည့်တော်တို့ ဘယ်လို၊ ရှေးက ဘယ်လိုဆိုတာ အရှင်ဘုရား အသိပဲဘုရား၊ မမောပါနဲ့ဘုရား၊ ကြွပါဘုရား"

"ဟာ . . . မဖြစ်ဘူး၊ ဦးပဥ္ဇင်းက ဟို . . . ပထမဦးဆုံးနေခဲ့တဲ့ တောရကျောင်းဆရာတော်ကြီးကို အားကျလို့ အဲဒီ ဆရာတော်ကြီး အတုခိုးမလို့"

"ဘယ်လို အတုခိုးမှာလဲဘုရား"

"အဲဒီဆရာတော်ကြီးဟာ သိပ်ပြီးကြည်ညိုစရာကောင်းတယ်၊ ဦးပဥ္ဇင်း သွားနေတော့ ဆရာတော်ကြီးဟာ (၈၂) နှစ်ရှိပြီ၊ တောထွက်ခဲ့တာ (၁၈) နှစ် ရှိပြီ၊ တောထွက်လာတဲ့ကျောင်းနှင့် ယခုသီတင်းသုံးတဲ့ တောရကျောင်းဟာ လေးမိုင် လောက်ပဲ ဝေးမယ်၊ အဲဒါ တောထွက်လာတဲ့နေ့ကစပြီး ယနေ့တိုင်အောင် တစ်ခါမှ မူလနေခဲ့တဲ့ရွာကျောင်းကို မပြန်တော့ဘူးတဲ့၊ ယခုလည်း ဦးပဥ္ဇင်းက ဒကာကြီးတို့ တောရကျောင်းမှ နောက်တောရကျောင်း ရောက်သွားတော့ ဒကာကြီးတို့ တောရကျောင်း ကိုမလာတော့ဘူးလို့ စိတ်ကူးထားတယ်"

"အရှင်ဘုရား မကြွချင်တာနဲ့ လှည့်ပတ်ပြီး ဆရာတော်ကြီးနဲ့ ပုံဆောင်ပြောတော့တာပဲနဲ့ တူပါတယ်ဘုရား"

"မဟုတ်ပါဘူး၊ တကယ့်ကိုပါ၊ ဆရာတော်ကြီးကို အားကျလို့ အတုခိုးမလို့ပါ"

"ဟိုက ဆရာတော်ကြီးက ရွာကျောင်းက တောထွက်လာပြီး ရွာကျောင်း မပြန်တာပဲဘုရား၊ အရှင်ဘုရားက အခု မြို့တွေ၊ ရွာတွေတောင် သွားတရားဟောပေးနေတာပဲဘုရား"

"အဲဒါမှ ခက်တာ၊ ပြန်ဖို့ရက်ကလည်း နီးနေပြီ"

"ဝါဆိုဖို့ အဝေးကြီး ရှိပါသေးတယ်ဘုရား"

"ဝါဆိုဖို့ ဝေးပေမဲ့ ဦးပဥ္ဇင်း တောရကျောင်းက ထွက်ခဲ့တဲ့ရက်က ကြာပြီ၊ ခုလောက်ဆို ကျောင်း ခြများတောင် တက် နေမလား မသိဘူး၊ ပြန်မှ ဖြစ်မယ်၊ မကြွတော့ဘူး"

"ကဲ . . . မကြွနိုင်လည်း တပည့်တော်တို့ ဘာတတ်နိုင်မလဲဘုရား၊ အတင်းချုပ်နှောင်ပင့်လို့ ဖြစ်နိုင်တာမှ မဟုတ်တာ၊ အလှူပေးရတော့မှာပေါ့"

ဒကာ၊ ဒကာမကြီးများမှာ မျက်နှာမသာမယာနှင့် ရှိခိုးဦးချကာ ပြန်သွားကြတော့၏။ မိမိမှာမူ "အင်း . . . တစ်ကွက်တော့ အေးပြီ" ဟုစိတ်ထဲမှာတွေးတောဝမ်းသာကာ ကျန်ရစ်ခဲ့၏။ ထိုခရီးမှနေဆဲတောရကျောင်းသို့ချောမောစွာပြန်ရောက်၏။ ရောက် မဆိုက်ပင် ယင်းဒကာ၊ ဒကာမများထံမှ စာတစ်စောင် ရောက်လာ၏။

"အရှင်ဘုရားပဲ တစ်ခါက ဟောဖူးတယ်၊ ဝေသာလီပြည်မှာ ယက္ကန်းသည်မလေးတစ်ယောက်ကို ဘုရား ရှင်ကိုယ်တော်မြတ် ၎င်းဉာဏ်သနားတော်မူ၍ ကြွရောက် တရားဟောတော်မူတဲ့ အကြောင်းကိုလေ၊ တစ်ယောက် တည်းတောင် ကြွရောက်တရားဟောသေးတာပဲဘုရား"

"ယခု တပည့်တော်တို့ တောရကျောင်း ဒကာ၊ ဒကာမတွေဟာ တစ်ယောက်မကပါဘူး၊ အများကြီးပါ၊ အရှင်ဘုရားပဲ ဟောပြောခဲ့လို့ ယခုလို အခြေအနေ ရောက်နေပါပြီဘုရား၊ အရှင်ဘုရား သံယောဇဉ်ပြတ်အောင် ဟောပေးပါဘုရား၊ သံယောဇဉ်ပြတ်လျှင် တပည့်တော်တို့ မပင့်တော့ပါဘူး"

"သံယောဇဉ်ပြတ်တရား ကြွဟောပေးဖို့ ဘုရားရှင် ယက္ကန်းသည်မလေးတစ်ယောက်ထံကို ကြွ၍ တရားဟောသည့်ထုံးကို ပြန်လည်နှလုံးသွင်း၍ တစ်ယောက်မက တောရကျောင်း ဒကာ၊ ဒကာမတစ်စုကို ငဲ့ညှာသနားပြီး နောက်နှစ်ခါတွင် ကြွရောက်တရားဟောပါရန် ထပ်မံပင့်လျှောက်ပါသည်ဘုရား"

မိမိမှာစာဆုံးသော် "အင်း" ဟု "အင်း" တစ်ချက်သာ ချနိုင်တော့သည်။ ဘာတတ်နိုင်အံ့နည်း။ မိမိဟောသည့်တရားနှင့် မိမိအား ပြန်၍ တုပ်နှောင်ချည်ပိုးထားတော့သည်။ သို့စဉ် မိမိသည် ဘုရားရှင်အား အောက်မေ့အမှတ်ရ ကြည်ညိုမိ၏။

"သူများအကျိုး ဆောင်ခြင်းသည် ကိုယ့်အကျိုး အောင်ဖို့ပဲ၊ ဘုရားရှင်သည် သူများအကျိုးဆောင်လို့ ဘုရားဖြစ်တာ၊ သူများအကျိုးမဆောင်လျှင် ဘုရားဖြစ်မှာ မဟုတ်၊ ဘုရားဖြစ်တော့လည်း သူများအကျိုးပဲ ဆောင်တယ်"

"ဘုရားရှင်ဟာ ကရုဏာကြီး၍ ပညာကြီးသည်၊ ကရုဏာနည်းသူဟာ ပညာနည်းသည်၊ ကရုဏာနည်းသူဟာ ကိုယ့်ကိုယ်ကို သနားလို့ မပြီးဘူး၊ သူများသနားဖို့ အချိန်မရှိဘူး"

"သူများသနားပြီး ဒုက္ခ စသည်မှ လွတ်မြောက်အောင် ဘယ်လိုလုပ်ရပါ့မလဲဟု တွေးတောနေလျှင် ပညာတွေ တိုးပွားနိုင်လေသည်"

"သနားတာ ပါးစပ်က သနားမနေနှင့်၊ လက်တွေ့သနားပြလိုက်၊ ကျွေးချင်တာ ပါးစပ်က ကျွေးမနေနဲ့၊ လက်တွေ့ကျွေးပစ်လိုက်"

"ဘုရားရှင်၏တရားတော်တွေသည်အပြောသမားတွေထံမှာမတည်၊အလုပ်သမားတွေထံမှာတည်သည်"

"လူကြီးလား၊ မကြီးလားဆိုတာ အလုပ်နှင့် ဆုံးဖြတ်ရမည်"

"ကြီးမားသော မဟာကရုဏာတော်၏ တည်ရာဖြစ်တော်မူသော မြတ်စွာဘုရား၊ ရှင်ပင်မြတ်ဘုရားအား အကျွန်ုပ် ရှိခိုးပါ၏"

"မသေရာမှန် အမြိုက်နိဗ္ဗာန်ကို ပေးသနားတော်မူသော မြတ်စွာဘုရား၊ ရှင်ပင်မြတ်ဘုရားအား အကျွန်ုပ် ရှိခိုးပါ၏"

မိမိသည် ယင်းသို့ ဘုရားရှင်အား အောက်မေ့အမှတ်ရကြည်ညိုရှိခိုးပြီးသော် ဆုံးဖြတ်ချက် ချ၏။ စာရေးကိရိယာများကို ကိုင်တွယ်အသုံးချကာ စာပြန်လိုက်တော့၏။

"ယခုနှစ်တော့ လွန်ခဲ့ပြီမို့ သည်းခံခွင့်လွှတ်ပါတော့၊ လာမည့်နှစ်တွင် တရားဟောချိန်တိုင်း ကျန်းကျန်းမာမာ အသက်ရှင်နေသေးသည်ဖြစ်အံ့၊ တစ်ခြားသို့ တရားဟောမကြွမီ ကြိုတင်လာပြီး တရားဟောပေးပါ့မယ်၊ အဲဒီမှာ ဟောပြီးမှ တစ်ခြားသို့ ကြွပါမည်"

✧ မိမိဟောကြား၊ နောက်တရား၊ မှတ်သားမိကြပါစေသော်။

✧ ရှေ့နောက်ဟောကြား၊ ကိုယ့်တရား၊ ကိုယ်ကားညီအောင် ကျင့်နိုင်သော်။

# သောတာပန် မယားငယ်နေသေးလား

(၃၀)

တစ်ချိန်သော နွေကာလဖြစ်၏။ မိမိသည် မြို့ကြီးတစ်မြို့ရှင်ပြုအလှူပွဲ တစ်ပွဲတွင် ညတရား သုံးညဟော၏။ နောက်ဆုံးည တရားပွဲအပြီးတွင် ခေတ္တနားနေခိုက် ဒကာ၊ ဒကာမ ကြီးငယ်တစ်စု ရောက်ရှိလာကာ မေးလျှောက်၏။

"ဦးပဥ္စင်းဘုရား၊ ဒီဒကာကြီး မေးလျှောက်ချင်လို့တဲ့ဘုရား"

လျှောက်ထားသူမှာ ဒကာမကြီးဖြစ်၏။ မေးလျှောက်ချင်သူမှာ ဒကာမကြီး၏ ခင်ပွန်းပင် ဖြစ်၏။ သူတို့ဇနီးမောင်နှံမှာ သူငယ်ချင်းသဖွယ် ပြောဆိုဆက်ဆံကြ၏။

"ဘာမေးမလို့လဲ ဒကာကြီး၊ ဟို . . . စောစောရက်တွေတုန်းကတော့ မမေးဘဲနဲ့၊ ယခုမှ ဘာအကြံပေါ်လို့ ဘာတွေမေးမလို့လဲ"

"စောစောတုန်းက အရှင်ဘုရားနဲ့က မျက်နှာစိမ်းနေတော့ အမ်းနေလို့ပါဘုရား"

"သူမေးမယ့် ပြဿနာကလည်း ချက်ချင်းမေးရမယ့် ပြဿနာမျိုးလားဘုရား၊ နားထောင်ကြည့်ပါဦး"

မေးမြန်းချင်သူ ဒကာကြီး၏ဇနီးက ဝင်ပြောခြင်းဖြစ်၏။

"ကဲ . . . မေးပါဦးဒကာကြီးရဲ့ ဒကာကြီးပြဿနာက ကြားရမှာတောင် ခပ်ကြောက်ကြောက်ပဲ၊ ယခုသိရင်လည်း ယခုဖြေရတာပေါ့၊ မသိရင်လည်း စာအုပ်ထဲမှာ ရှာပြီး နောက်တော့ ဖြေရတာပေါ့"

"သောတာပန် မယားငယ် နေသေးလားဘုရား"

"အဲဒါ သူနေချင်လို့ မေးနေတာဘုရား"

ဒကာမကြီးက ကြားဝင်၍ ပြောလိုက်ခြင်းဖြစ်၏။ ဘေးမှ နားထောင်သူများမှာ ဝိုင်း၍ ရယ်ကြသည်။

"နင် အသာနေစမ်းပါ၊ ဒီမှာအရေးကြီးနေတဲ့အထဲ"

ဒကာကြီးက ဒကာမကြီးအား ဟန့်တားလိုက်၏။ သို့စဉ် မိမိက ဒကာမကြီးအား မေးလိုက်၏။

"နေပါဦး ဒကာမကြီး၊ သူနေချင်လို့ မေးတာဆိုတော့ ဒကာကြီးက သောတာပန်လား"

"သူ့ကိုယ်သူ သောတာပန် ထင်နေတာဘုရား၊ သူ့မိတ်ဆွေ သူ့ဆရာကြီးကလည်း သောတာပန်တဲ့ဘုရား၊ အဲဒါ သူ ယခုမေးတာ သူ့ဆရာကြီးအတွက် မေးတာဘုရား"

ဒကာမကြီးက ဒကာကြီး၏ ပြဿနာဇာစ်မြစ်ကို ဇာတ်ကြောင်းလှန်သည်။ သို့နှင့် မိမိသည် ဒကာကြီးအား မေးသည်။

"ဘယ်လိုလဲ ဒကာကြီး၊ ပြဿနာက ခပ်ရှုပ်ရှုပ်နဲ့ တူတယ်၊ ဒကာကြီး ပြဿနာဇာတ်လမ်းကို အကျဉ်းချုပ် ခင်းပြဦး မှနဲ့ တူတယ်"

"ဒီလိုဘုရား၊ သူ့ကိုယ်သူ သောတာပန်လို့ ဆိုတဲ့ စာတတ်ဒကာကြီးတစ်ယောက် ရှိတယ်ဘုရား၊ တပည့်တော်တို့ အပေါင်းအသင်းပေါ့ဘုရား"

"သူက ဒကာကြီးရဲ့နောက်လိုက်ပေါ့ဘုရား"

ဒကာမကြီးက ဝင်ပြောလိုက်ခြင်း ဖြစ်၏။ ဘေးမှ နားထောင်နေသူများက ရယ်ကြသည်။

"နင် အသာနေစမ်းပါဦး၊ ဒီမှာ ဦးပဥ္စင်းကို လျှောက်နေတာဟာ၊ အဲဒီ ဒကာကြီးကလည်း သူ့ဇနီးရှိလျက်နဲ့ ဒကာမ တစ်ယောက်နဲ့ မှားမိတယ်ဘုရား"

"မှားမိတော့ သူက ဘယ်လိုပြောသလဲ"

"အဲဒါ သူကပြောတယ်၊ ကာမေသုမိစ္ဆာစာရကံ မထိုက်ဘူးတဲ့၊ သူများဇနီး မဟုတ်လို့တဲ့"

"အဲဒီလိုပြောတော့ ဒကာကြီးက ယုံသလား"

"သူက စာတတ်ဆိုတော့ တပည့်တော်တို့က ယုံရတာပေါ့ဘုရား၊ ဒီအနားမှာ သူ့မီတဲ့လူမှ မရှိဘဲဟာ"

"ဩော်...ဒကာကြီးက သူက စာတတ်ဆိုတာနဲ့ သူပြောတာ ယုံရသလား၊ ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန်ယုံပါလား"

"သူ့ကို ဒီအနီးအနားမှာ ဘယ်သူမှ မနိုင်ဘူးဘုရား၊ သူက ကျမ်းကိုကျမ်းကားနဲ့ ပြတော့လည်း ယုံရတာပဲ"

"ဒီဒကာကြီးဟာ တကယ့်စာတတ် ဟုတ်ဟန်မတူပါဘူး၊ စာကတ်ရင်လည်း ဖြစ်မယ်၊ စာမှတ်ရင်လည်း ဖြစ်မယ်၊ စာတတ်ရင် ဒီလိုမပြောဘူး"

"ကဲ...ဦးပဥ္စင်းဘုရား၊ အဲဒီပြဿနာ ရှင်းစမ်းပါဦးဘုရား"

"အဲဒီပြဿနာ ရှင်းရမယ်ဆိုရင်တော့၊ ဒီပြဿနာမှာ အရင်ဆုံး သောတာပန်အင်္ဂါကို မှတ်ထားဦး ဒကာကြီး"

"မှန်ပါဘုရား၊ မှတ်ထားပါ့မယ်၊ အမိန့်ရှိပါဘုရား"

## သောတာပန်အင်္ဂါ

"သောတာပန်ပုဂ္ဂိုလ်သည် ဘုရားဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ တရားဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ သံဃာဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ ငါးပါးသီလကို မကျိုးမပေါက် မပျောက် မကြားအောင် စောင့်သုံးခြင်း"

"သောတာပန်ပုဂ္ဂိုလ်ဟာ အဲဒီအင်္ဂါလေးပါးနှင့် ပြည့်စုံတယ် ဒကာကြီး၊ ဒီတော့ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ပါ့ဦး မလား"

"ဘယ်ကျူးလွန်ပါ့မလဲဘုရား၊ ဒါတော့ သူလည်းသိပါတယ်၊ အခုဥစ္စာက သူများဇနီး မဟုတ်ဘူးတဲ့ဘုရား၊ အလွတ်တဲ့ ဘုရား"

"အင်းပါ၊ ကောင်းပါပြီ၊ နားထောင်ပါဦး၊ ကာမမှုတို့၌ ယုတ်ယုတ်မာမာကျင့်ခြင်းကို ကာမေသုမိစ္ဆာစာရလို့ ခေါ်တယ် ဒကာကြီး"

"ဘယ်လို ယုတ်မာတာလဲဘုရား"

"မိမိဇနီးမယား၊ မိမိယောကျ်ားတို့၌ ပျော်ပါးခြင်းမှာ လောကအလိုက် မကဲ့ရဲ့ထိုက်၍ ယုတ်မာတယ်လို့ မဆိုသာဘူး၊ မဆိုင်သူများနှင့် ပျော်ပါးခြင်းကား လောကအလိုက် ကဲ့ရဲ့ထိုက်၍ ယုတ်မာတယ်၊ မိစ္ဆာစာရ - မှားသောအကျင့် ဖြစ်တယ်လို့ ဆိုတယ်"

"အမိန့်ရှိပါဦးဘုရား"

"အဲဒီ ကာမေသုမိစ္ဆာစာရကံ မြောက်.မမြောက် ပထမအင်္ဂါကို မှတ်ထားဖို့လည်း အရေးကြီးတယ်"

"ဘယ်လိုအင်္ဂါပါလဲဘုရား"

"မသွားလာထိုက်သော မိန်းမ ယောကျ်ား ဖြစ်ခြင်း၊ ထိုမသွားလာထိုက်သော မိန်းမ ယောကျ်ား၌ မှီဝဲလိုသော စိတ်ရှိခြင်း၊ မှီဝဲမှု လုံ့လပြုခြင်း၊ မဂ်အချင်းချင်းကျင့်ခြင်းကို သာယာခြင်း"

"အဲဒီအင်္ဂါလေးပါးနှင့် ညီညွတ်ပြည့်စုံလျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်၊ ကံမြောက်တယ်"

"မသွားလာထိုက်သော မိန်းမ ယောကျ်ား ဆိုတာ အမိန့်ရှိပါဦးဘုရား"

"နေဦး ဒကာကြီး၊ အဲဒီ ကာမေသုမိစ္ဆာစာရကို မိန်းမအတွက် ကာမေသုမိစ္ဆာစာရ၊ ယောကျ်ားအတွက် ကာမေသုမိစ္ဆာစာရလို့ နှစ်မျိုးရှိကြောင်း မှတ်ထားဦး"

"မှန်လှပါဘုရား၊ မှတ်ပါမယ်၊ ဦးပဥ္စင်းပြောကာမှပဲ ကြားဖူးပါတယ်ဘုရား၊ တပည့်တော်တို့က ကာမေသုမိစ္ဆာစာရကံဆိုတာ ယောကျ်ားများသာ ထိုက်တာလားလို့၊ အမိန့်ရှိပါဘုရား"

"မိခင်စောင့်ရှောက်အပ်သော မိန်းမ၊ ဖခင်စောင့်ရှောက်အပ်သော မိန်းမ၊ မိဘနှစ်ပါးလုံး စောင့်ရှောက်အပ်သော မိန်းမ၊ အစ်မ ညီမတို့ စောင့်ရှောက်အပ်သော မိန်းမ၊ မောင်ကြီး မောင်ငယ်တို့ စောင့်ရှောက်အပ်သော မိန်းမ၊ ဆွေမျိုးတို့ စောင့်ရှောက်အပ်သော မိန်းမ၊ အနွယ်တူလူတို့က စောင့်ရှောက်အပ်သော မိန်းမ၊ အတူတကွ တရားကျင့်ဖော်တို့က စောင့်ရှောက်အပ်သော မိန်းမ"

"ဒကာကြီး အဲဒီရှစ်ယောက်သော မိန်းမတို့ဟာ မိမိတို့ကာမကို ယောကျ်ားအား ပေးသော်လည်း မိမိတို့မှာ ကာမေသုမိစ္ဆာစာရ မဖြစ်ဘူး၊ မိမိတို့ကာမအတွေ့ကို မိဘ စသည်တို့က မပိုင်ဆိုင်လို့ဘဲ၊ မိဘ စသည်တို့က စောင့်ရှောက်တယ်ဆိုသော်လည်း သူတစ်ပါးတို့ မစော်ကားရုံသာ စောင့်ရှောက်တာ၊ ဒါပေမဲ့ အဲဒီရှစ်ယောက်သော မိန်းမတို့၌ သွားလာတဲ့ ယောကျ်ားတို့မှာတော့ ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်"

"ဒီလိုဆိုတော့ အခက်သားပါလားဘုရား"

"ခက်မနေနဲ့၊ ဆက်ပြီးနားထောင်ဦး"

"အမိန့်ရှိပါဘုရား"

"မင်းပြစ် မင်းဒဏ် မကင်းသောမိန်းမ၊ အစောင့်အရှောက်ရှိသော မိန်းမ၊ ဥစ္စာဖြင့်ဝယ်အပ်သော မိန်းမ၊ သူ၏မယားဖြစ်ဖို့ရန် သဘောတူသဖြင့် သူ့အိမ်၌ သွားနေသောမိန်းမ၊ စည်းစိမ်ဥစ္စာအတွက် သွားရောက်နေထိုင်သော မိန်းမ၊ အဝတ်တန်ဆာအတွက် သွားရောက်နေထိုင်သောမိန်းမ၊ ရေခွက်၌ လက်ဆုံချ၍ ထိမ်းမြားရသော မိန်းမ၊ ချအပ်သော ခေါင်းခုရှိသော မိန်းမ၊ မယားပြုရန် သိမ်းပိုက်အပ်သော သုံ့ပန်းမိန်းမ၊ အစေခံမယား မိန်းမ၊ ကျွန်မယား မိန်းမ၊ အတည်အမြဲမဟုတ် တစ်ခဏမယား မိန်းမ"

"အဲဒီ ၁၂ - ယောက်သော မိန်းမတို့ဟာ မိမိတို့ကာမကို ပိုင်ဆိုင်သော ယောကျ်ားများကိုသာ မိမိတို့ကာမကို ပေးခွင့်ရှိတယ်၊ အခြားယောကျ်ားတို့အား ပေးလျှင် ခိုးပေးရာရောက်၍ မိမိတို့လည်း ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်၊ သွားလာသူယောကျ်ားတို့မှာလည်း ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်"

"ရှင်းရဲ့လား ဒကာကြီး"

"ရှင်းပါတယ်ဘုရား"

"ရှင်းသထက်ရှင်းချင်ရင် ဒီလိုမှတ်ထား၊ ယောကျ်ားဟာ မိမိပိုင်ဆိုင်သည့် ဇနီးမှတစ်ပါး တစ်ခြားသောမိန်းမ၊ ဘယ်မိန်းမပဲ ဖြစ်ဖြစ် အဲဒီ ၂၀ - သော မိန်းမတို့ကို သွားရာ၌ ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်၊ မိန်းမတို့မှာတော့ ရှေ့(၈)ယောက်ကသူတို့မှာ ကာမေသုမိစ္ဆာစာရကံ မထိုက်ဘူး၊ သို့သော် အပြစ်တော့ ကြီးတယ်၊ နောက် ၁၂ - ယောက်ကတော့ ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်"

"ဒီလိုဆို ယောကျ်ားမှာတော့ ကာမေသုမိစ္ဆာစာရကံ ထိုက်တာချည်းပဲပေါ့ဘုရား"

"အင်းပေါ့၊ ထိုက်တာချည်းပဲပေါ့"

"ဒီလိုဆိုရင် ဒီဆရာကြီးဟာ ဘယ်သောတာပန် ဟုတ်မလဲဘုရား"

"ဘယ်သူက သောတာပန်ဟုတ်တယ်လို့ ပြောနေလို့လည်း ဒကာကြီး"

"သူက ပြောတာဘုရား"

"ဒါကြောင့် ဝိပဿနာတရားတွေ နာမည်ပျက်နေတာပေါ့၊ ပုဂ္ဂိုလ်မဟုတ်တာနဲ့ တရားနာမည်ပျက်တယ်၊ သောတာပန်လည်း အမည်ခံချင်တယ်၊ ကာမေသုမိစ္ဆာစာရကံလည်း မထိန်းနိုင်ဘူးဆိုတော့ မခက်ဘူးလား"

"ခက်တာပေါ့ဘုရား"

"ဒီကာမေသုမိစ္ဆာစာရကံနဲ့ ပတ်သက်လို့ သိပ်မှတ်သားစရာကောင်းတယ် ဒကာကြီး၊ လက်စရှိတုန်း ဆက်ပြောဦးမယ်၊ နောက်ဆို ကြုံဖို့ မလွယ်ဘူး"

"ဟုတ်တယ်ဘုရား၊ ဆက်အမိန့်ရှိပါဦး"

"မှောင်အတွင်း၌ သူ့ဇနီးကို ကိုယ့်ဇနီးထင်မှတ်၍ သွားလာသော ယောကျ်ားနှင့် ကိုယ့်ယောကျ်ားထင်၍ သည်းခံသော မိန်းမတို့မှာ အင်္ဂါလေးပါးနှင့် ညီညွတ်လို့ ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်တဲ့၊ ဒါပေမဲ့ ခိုးလိုသောစိတ် မပါဘဲ အထင်မှားလို့ဖြစ်ရတဲ့အတွက် အပြစ်တော့ သိပ်မကြီးဘူးလို့ ဆိုတယ်"

"ပြီးတော့ သမီးရင်းကို ကျူးလွန်သောဖခင်မှာ အဲဒီသမီးကို မိခင်က တစ်ဖက်တစ်လမ်း စောင့်ရှောက်လျက် ရှိသေးလျှင် ဖခင်မှာ ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်၊ မိခင် မရှိသော်လည်းကောင်း၊ သို့မဟုတ် မစောင့်ရှောက်ဘဲ ထားသော်လည်းကောင်း ဖခင်မှာ ကာမေသုမိစ္ဆာစာရကံ မထိုက်ဘူးတဲ့"

"နောက် ရှိသေးတယ်၊ ဖခင်အိမ်မှာ နေသူ သမီးဖြစ်လျှင် ဖခင်၏အစောင့်အရှောက်က လိုရင်းပဲ၊ အစောင့်အရှောက်တစ်မျိုးရှိလျှင် အခြားတစ်မျိုးက အစောင့်အရှောက် မဖြစ်နိုင်ဘူး၊ အကယ်၍ ဖခင်နှင့်အတူ မနေဘဲ အစ်မ,ညီမ စသည်တို့အစောင့်အရှောက်ခံနေသူ၊ သို့မဟုတ် သီလရှင်ဖြစ်၍ တရားက စောင့်ရှောက်နေသူကို ဖခင်က ကျူးလွန်လျှင်တော့ ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်တဲ့"

"နောက်ဆုံးပြောမယ်၊ တိရစ္ဆာန်မတို့၌ အမြဲလင်ဖြစ်သော တိရစ္ဆာန်အထီး ရှိလျှင်လည်းကောင်း၊ နဂါး စသည်ကဲ့သို့ ဆိုင်ရာမိဘက စောင့်ရှောက်ထားလျှင်လည်းကောင်း ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်တဲ့"

"အရှုံးမကို မိဘ စသည်တို့က အုပ်ထိန်းထားလျက် ရှိသေးလျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်၊ အအုပ်အထိန်း မရှိသူမှာ ကာမေသုမိစ္ဆာစာရကံ မမြောက်ဘူးတဲ့"

"ဒီလိုဆိုရင်တော့ဘုရား ယောက်ျားတွေမှာ ဒီကံကလွတ်တဲ့ယောက်ျား အတော်ရှားမယ် ထင်တယ်"

"အဲဒါတော့ မသိဘူးဒကာကြီး"

"ဦးပဥ္စင်းဘုရား မသိပြစ်ဟာ တယ်ဆိုးရွားပါလားဘုရား"

"အင်းပေါ့၊ အပြစ်တကာ့ အပြစ်ထဲမှာ မသိပြစ်ဟာ အကြီးဆုံးပဲပေါ့၊ အဲဒီ မသိမှုမောဟအဝိဇ္ဇာကြောင့် သတ္တဝါတွေ သံသရာရှည်နေရတာပေါ့၊ အဲဒီမသိမှု မောဟ - အဝိဇ္ဇာကို သိမှုအမောဟ - ဝိဇ္ဇာဖြစ်အောင် ကျင့်ဖို့ အရေးကြီးတယ်"

"ဘယ်လိုကျင့်ရပါ့မလဲဘုရား"

"ဒီနေရာမှာ အလျော်ဆိုရင်တော့ ကာမေသုမိစ္ဆာစာရကံနှင့် ပတ်သက်ပြီး တရားစကားဖြစ်တော့ အလျော်ဟောပေး ရရင်တော့ ကာမအပြစ်တွေပဲ ဟောပေးရမယ်ပေါ့၊ အဲဒါပဲ မြင်ဓေ အောင်ကြည့်ပေါ့၊ ကျင့်ပေါ့"

"အဲဒီ ကာမအပြစ်တွေ အမိန့်ရှိပါဦးဘုရား"

"မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်သူပွား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာ ဆိတ်၏၊ ဣတ္ထိပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာကန့်ငြွေ၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ ရှောင်ကာအပြန်၊ အကျိုးတည်း"

"အဲဒီအပြစ်တွေက ကာမေသုမိစ္ဆာစာရကံအတွက် သက်သက်ပဲ၊ အားလုံးကာမတွေအတွက် အပြစ်တွေကိုလည်း ဆင်ခြင်ရဦးမယ်"

"ဘယ်လိုလဲဘုရား၊ အမိန့်ရှိပါဦး"

"ကာမဂုဏ် အာရုံလိုက်စားသူသည် လူ့လောက၌ အဘယ်နည်း၊ နတ်ပြည်၌လည်း ငြိမ်းချမ်းရေးမရပါ၊ လေနှင့်တကွသော မီးသည် ထင်းဖြင့် ရောင့်ရဲမပြေသကဲ့သို့ အာရုံတော်သူသည် အာရုံဖြင့် ရောင့်ရဲမပြေနိုင်ပါ"

(ဗုဒ္ဓစရိတ)

"သံသရာတွင် ကာမအာရုံနှင့်တူသော အစီးအပွားမဲ့ခြင်းမျိုး မရှိပါ။ သို့ရာတွင် မောဟကြောင့် လူတို့သည် ထိုအာရုံတွင် ခုံမင်တပ်မက်နေကြပါသည်။ ဤသဘောကို သိမြင်ပါလျှင် အစီးအပွားမဲ့ခြင်းမှ ကြောက်သော အဘယ် ပညာရှိသည် ကိုယ်တိုင် အစီးအပွားမဲ့ခြင်းကို လိုလားပါမည်နည်း"

(ဗုဒ္ဓစရိတ)

"လူသည် သမုဒ္ဒရာတိုင်အောင် မြေကို ရသော်လည်း သမုဒ္ဒရာတစ်ဖက်ကို အောင်မြင်လို၏။ သတ္တဝါတို့ သည် ကာမဂုဏ်ခံစားရာ၌ မရောင့်ရဲသည်မှာ စီးဝင်သောရေဖြင့် သမုဒ္ဒရာ မရောင့်ရဲသကဲ့သို့ပင် ဖြစ်၏"

(ဗုဒ္ဓစရိတ)

"ကာမတို့မှာ အရသာ အနည်းငယ်သာ ရှိ၍ အနှောင်အဖွဲ့က အဓိကဖြစ်ပါသည်။ ရောင့်ရဲမှု လုံးဝမရှိပါ။ သူတော်ကောင်းတို့ ကဲ့ရဲ့အပ်ပါသည်။ ယုတ်မာခြင်း မြဲ၏ဟုသိ၍ ဘယ်သူသည် ကာမမည်သော အဆိပ်ကိုယူမည် နည်း"

(ဗုဒ္ဓစရိတ)

"ကာမအာရုံတို့သည် ကြိုးစားမှုရ၍ စောင့်ရှောက်ထားလည်း လှည့်ပတ်ပြီး ပြန်သွားပါသည်။ ထို့ကြောင့် ခေတ္တငှားသည့် အရာဝတ္ထုကဲ့သို့သော ထိုအာရုံ၌ စောင့်စည်းသော အဘယ်ပညာရှိသည် မွေ့လျော်ပါမည်နည်း"

(ဇုဒ္ဒစရိတ)

"အကြင်ကာမတို့သည် အမျိုးမျိုးအဖုံဖုံ ထက်သန်စွာ ကြိုးစားခြင်းကြောင့် ရသော်လည်း တစ်ခဏအတွင်း ပျက်စီးသွားတတ်ပါသည်၊ အိပ်မက်ကဲ့သို့သော ထိုကာမတို့၌ မိမိကိုယ်ကို သိသော အဘယ်သူသည် နှစ်သက်မည်နည်း"

(ဇုဒ္ဒစရိတ)

"အကြင်ကာမတို့ကြောင့် လူတို့သည် မိမိကိုယ်ကို ရေ၊ မီး၊ သားရဲတို့၌ စွန့်ပစ်ကြပါသည်၊ ရန်သူကဲ့သို့ မကောင်းသော ထိုကာမတို့၌ ဘယ်သူ ချမ်းသာဖြစ်ပါမည်နည်း"

(ဇုဒ္ဒစရိတ)

"ပညာမဲ့သူတို့သည် ကာမတို့ကြောင့် ကခုန်၏၊ သတ်ဖြတ်၏၊ ဆွေမျိုး စသူတို့ ဒုက္ခရောက်၏၊ သနားစရာ ကောင်းသော ဤသက်ရှိ ဇီဝလောကသည် ကာမအတွက် တပ်မက်ဆင်းရဲ ယုတ်ညံ့ ဖြစ်ပြီး အားကုန်၍ သေခြင်းသို့ ရောက်ရပါသည်"

(ဇုဒ္ဒစရိတ)

"အဲဒီလို အပြစ်တွေကို မြင်နေလျှင် ဒီကာမတွေကို ဘယ်တပ်မက်တော့မလဲဘုရား"

"အင်းပေါ့၊ တရားအားထုတ်တယ်ဆိုတာ အဲဒီ သဘာဝတွေကို အမှန်အတိုင်း သိအောင် အားထုတ်တာပေါ့၊ သိတော့ ငြီးငွေ့ပြီး ကာမကနေပြီး လွန်မြောက်သွားတာပေါ့"

"သိပ်တော့ မလွယ်ဘူးနဲ့တူတယ်ဘုရား"

"လွယ်တဲ့ ရိပ်သာတွေရှိတယ်၊ အဲဒီသွားပေါ့၊ ဦးပဥ္စင်းတို့ကတော့ လွယ်တဲ့နည်း မပြတတ်ဘူး၊ ပြီးခဲ့တဲ့ ရက်တွေက ဟောခဲ့သလို ခက်ခက်ပဲ ပြတယ်၊ ဟောတတ်တယ်"

"အင်း... ဦးပဥ္စင်းကလည်း မနက်ဖြန် ပြန်တော့မယ်"

"ပြန်တော့မယ် လုပ်မနေနဲ့၊ ယခုလည်း ၁၂ နာရီထိုးပြီ၊ ပြန်မယ်၊ အိပ်ချင်ပြီ"

မိမိသည် ပြောပြောဆိုဆိုပင် ထပြန်ကာ တည်းခိုရာကျောင်းသို့ ရှေးရှုလာခဲ့ပါသတည်း။

✧ ကာမဂုဏ်ငါးပါး၊ အပြစ်များ၊ စဉ်းစားရှုပွား ရှောင်စေသော်။

✧ ကာမဂုဏ်တွင်၊ ပြစ်မမြင်၊ အစဉ်ဘေးတွေ့လိမ့်မည်နော်။

# လောကုတ္တရာကို သိချင်ပါတယ်ဘုရား

(၃၁)

လူတို့သည် အများအားဖြင့် မိမိတို့ လုပ်ကိုင်နေသော အလုပ်ကိစ္စတို့ကို တကယ်တိတိကျကျ သိရှိပြီး လုပ်ကိုင်နေသူနှင့် တကယ်တိတိကျကျ မသိဘဲ လူပြောသူပြော တစ်ဆင့်ပြောသံကြားနှင့် လုပ်ကိုင်နေသူဟူ၍ နှစ်မျိုးနှစ်စားရှိ၏။ ယင်းနှစ်မျိုးတွင် နောက်အမျိုးအစားမှာ များလှ၏။

တိတိကျကျ မသိ၍ သိအောင် မေးရန်လည်းမတတ်၊ တတ်အောင်လည်း မမေးသူကား သာ၍ပင် များသေးတော့၏။ ထိုသို့ကား မဖြစ်သင့်။ ဖြစ်သင့်သည်မှာ မိမိအလုပ်ခွင်တွင် မိမိ ကျွမ်းကျင်နားလည်ရန် သင်ကြား နာကြား မှတ်သား မေးမြန်းသင့်၏။ သို့မှ အကျိုးရှိကာ လိုရာခရီးသို့ အမြန်ရောက်နိုင်မည် ဖြစ်ပေ၏။

လိုရာခရီး ရောက်ရေးအတွက် မေးသူ အနည်းငယ်ထဲမှ တစ်ယောက်တွေ့ရ၏။ တစ်ချိန်က ဖြစ်၏။ မိမိသည် ရွာတစ်ရွာ တရားပွဲအပြီး အနားယူနေစဉ် တရားနာပရိသတ်ထဲမှ ဒကာတစ်ယောက် ရောက်လာကာ ဦးချပြီး ထိုင်ကာ လျှောက်မေး၏။

"ဆရာတော်ဘုရား . . . လောကုတ္တရာကို သိချင်ပါတယ်ဘုရား"

"လောကုတ္တရာကို ဘယ်လိုသိချင်တာလဲ ဒကာကြီး"

မိမိမှာ အမေးကို ကြားရသော် ဘယ်လိုဖြေရမှန်းမသိ။ သို့နှင့် မေးလိုရင်းကို ပြန်မေးရသည်။

"တပည့်တော်ဘယ်လိုလျှောက်ရမှန်းတောင်မသိပါဘူးဘုရား၊ လောကုတ္တရာရေး၊ လောကုတ္တရာရေးနဲ့သူရောကိုယ်ပါ ပြောနေ လုပ်နေကြတာပါပဲဘုရား၊ ဘယ်လိုဟာကို လောကုတ္တရာရေးလို့ တပည့်တော်မသိပါဘူးဘုရား၊ တပည့်တော်မသိသလိုဘဲ တစ်ခြားသိသူလည်း အလွန်နည်းပါလိမ့်မယ်ဘုရား၊ အဲဒီလောကုတ္တရာရေးကို တပည့်တော် သိချင်ပါတယ်ဘုရား"

"အင်း . . . အဖြေကတော့ အမှတ်ခက်လိမ့်မယ် ဒကာကြီး၊ အတိအကျ မမှတ်မိသော်လည်း သဘောလောက်တော့ မှတ်မိအောင် ကြိုးစားမှတ်ပါနော် ဒကာကြီး"

"မှန်ပါဘုရား၊ တပည့်တော် မှတ်နိုင်သလောက် ကြိုးစား မှတ်ပါမယ်ဘုရား"

"ဒကာကြီးမေးတဲ့ လောကုတ္တရာဆိုတာက ပါဠိစကား ဒကာကြီးရဲ့ အဲဒီပါဠိကို နှစ်ပုဒ်ခွဲလိုက်ရင် "လောက တစ်ပုဒ်၊ ဥတ္တရာ တစ်ပုဒ်၊ နှစ်ပုဒ်ဖြစ်မသွားဘူးလား"

"မှန်ပါဘုရား၊ ဖြစ်သွားပါတယ်"

"အဲဒီနှစ်ပုဒ်မှာ နောက်ပုဒ်ဖြစ်တဲ့ ဥတ္တရာကို ခဏထားလိုက်ဦး၊ ရှေ့ပုဒ်ဖြစ်တဲ့ "လောက" ကို ရှင်းကြစို့"

"မှန်ပါ၊ ရှင်းပါဘုရား"

"လောကကို ရှင်းတော့ ဒကာကြီး လောကသုံးပါးကို ကြားဖူးတယ် မဟုတ်လား"

"မှန်ပါ၊ ကြားဖူးပါတယ်ဘုရား"

"အဲဒီ လောကသုံးပါးက ဘာလဲဆိုတော့ သတ္တဝါမျိုးစုံကို သတ္တလောက ခေါ်တယ်၊ ရုပ်နာမ်မျိုးစုံကို သင်္ခါရလောက ခေါ်တယ်၊ သတ္တဝါမျိုးစုံတို့ နေထိုင်ရာ (၃၁) ဘုံကို ဩကာသလောက ခေါ်တယ်၊ ဒီလောက်ဆို လောကပုဒ်ကို သဘောပေါက်လောက်ပြီလား ဒကာကြီး"

"မှန်ပါ့ဘုရား၊ နားလည်ပါပြီ"

"နားလည်မှလည်း နားလည်တယ်ပြော ဒကာကြီး၊ အားနာပြီးတော့ နားလည်ပါတယ် မပြောနဲ့"

"အားမနာပါဘူး ဘုရား၊ နားလည်လို့ ပြောတာပါဘုရား"

"ကဲ ဒါဖြင့် ဥတ္တရာပုဒ် ရှင်းကြစို့၊ ဥတ္တရာဆိုတာက လွန်မြောက်တယ်လို့ အဓိပ္ပာယ်ရတယ် ဒကာကြီး၊ လောကနှင့် ဥတ္တရာ နှစ်ပုဒ်တွဲပြီး အဓိပ္ပာယ်ကောက်တော့ "လောကမှ လွန်မြောက်" တယ်လို့ အဓိပ္ပာယ်ရတယ်၊ သဘောပေါက်လား ဒကာကြီး"

"မှန်ပါဘုရား၊ ပေါက်ပါတယ်"

"ကဲ... ဒါဖြင့် လောကသုံးပါးရှိသော ဘယ်လောကမှ ဘယ်သူတွေဟာ ဘယ်လိုလွန်မြောက်လဲဆိုတာ သိဖို့ အရေးမကြီးဘူးလား ဒကာကြီး"

"မှန်ပါ၊ အရေးကြီးပါတယ်ဘုရား၊ အဲဒါသိချင်လို့ မေးတာပါဘုရား"

"ကဲ... ဒါဖြင့် ကြိုးစားမှတ်ပေါ့၊ ဒါဟာ ဒကာကြီးသိချင်နေတဲ့ အချက်ကိုး"

"သောတာပန်ပုဂ္ဂိုလ်သည် ပုထုဇဉ်သတ္တလောကမှ လွန်မြောက်၏၊ သကဒါဂါမ်ပုဂ္ဂိုလ်သည် သောတာပန်သတ္တလောကမှ လွန်မြောက်၏၊ အနာဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမ် သတ္တလောကမှ လွန်မြောက်၏၊ ရဟန္တာပုဂ္ဂိုလ်သည် အနာဂါမ်သတ္တလောကမှ လွန်မြောက်၏"

"အဲဒါက သတ္တလောကမှ အရိယာပုဂ္ဂိုလ်တို့ လွန်မြောက်ပုံ "လောကုတ္တရာ" ပဲ ဒကာကြီး"

"မှန်ပါဘုရား၊ ဆက်အမိန့်ရှိပါဘုရား"

"သောတာပန်ပုဂ္ဂိုလ်သည် ခုနစ်ဘဝကိုထား၍ အစမထင် သံသရာဝဋ်တစ်ခွင်၌ ဖြစ်လတ္တံ့သော သင်္ခါရလောကမှ လွန်မြောက်၏၊ သကဒါဂါမ်ပုဂ္ဂိုလ်သည် နှစ်ဘဝကိုထား၍ သုံးဘဝတို့၌ ဖြစ်လတ္တံ့သော ဥပါဒိန္နက သင်္ခါရလောကမှ လွန်မြောက်၏၊ အနာဂါမ်ပုဂ္ဂိုလ်သည် တစ်ဘဝကိုထား၍ ဒုတိယဘဝ ဖြစ်လတ္တံ့သော ဥပါဒိန္နက သင်္ခါရလောကမှ လွန်မြောက်၏၊ ရဟန္တာပုဂ္ဂိုလ်သည် တစ်ဘဝ၌ ဖြစ်လတ္တံ့သော သင်္ခါရလောကမှ လွန်မြောက်၏"

"အဲဒါ သင်္ခါရလောကမှ အရိယာပုဂ္ဂိုလ်တို့ လွန်မြောက်ပုံ လောကုတ္တရာ ပဲ ဒကာကြီး"

"မှန်ပါဘုရား၊ ဆက်အမိန့်ရှိပါဦးဘုရား"

"သောတာပန်ပုဂ္ဂိုလ်သည် အပါယ်လေးဘုံဟူသော ဩကာသလောကမှ လွန်မြောက်၏၊ သကဒါဂါမ်ပုဂ္ဂိုလ်သည် ကာမဘုံ တစ်စိတ်ဟူသော ဩကာသလောကမှ လွန်မြောက်၏၊ အနာဂါမ်ပုဂ္ဂိုလ်သည် အလုံးစုံသော

ကာမဘုံဟူသောသြကာသလောကမှလွန်မြောက်၏၊ရဟန္တာပုဂ္ဂိုလ်သည်ကာမဘုံ၊ရူပဘုံ၊အရူပဘုံဟူသောလောက သုံးပါးဆိုတဲ့ သြကာသလောကမှ လွန်မြောက်၏"

"အဲဒါက အရိယာပုဂ္ဂိုလ်များ သြကာသလောကမှ လွန်မြောက်ပုံ လောကုတ္တရာ ပဲ ဒကာကြီး"

"မှန်ပါဘုရား၊ ရှင်းပါပြီဘုရား"

"ဒါဖြင့် ခုဆို ဒကာကြီး လောကသုံးပါးရှိရာ ဘယ်လောကမှ ဘယ်သူတွေဟာ ဘယ်လိုလွန်မြောက်လဲ ဆိုတာ ရှင်းသွားပြီပေါ့"

"ရှင်းပါပြီဘုရား၊ ရှင်းတာထက် တပည့်တော်တို့ အများစုဟာ အပြောသာ လောကုတ္တရာရေး ဖြစ်နေပြီးတော့ တကယ် အလုပ်ကျတော့ "လောကလည်ရေး" တွေချည်းပဲ ဖြစ်နေပါပေါ့လားဘုရား"

"အင်း...အင်း၊ ဒကာကြီး အဲဒီလို ကိုယ့်အဖြစ်မှန်ကို ကိုယ်သိသွားရင် ဦးပဉ္ဇင်း ရှင်းပေးရကျိုး နပ်ပြီပေါ့၊ ဒကာကြီးလည်း "လောကလည်ရေး" မှ "လောကုတ္တရာရေး" ဖြစ်အောင် ကြိုးစားတတ်ပြီပေါ့"

"မှန်ပါ၊ ကြိုးစားတတ်ပါပြီဘုရား"

"ကြိုးစားတတ်တော့ ဘာလိုသေးလဲ ဒကာကြီး"

"ကြိုးစားတတ်တော့ သိထားတဲ့အတိုင်း လိုက်နာကျင့်ကြံ ကြိုးကုတ်အားထုတ်ဖို့ပဲ လိုပါတော့တယ်ဘုရား"

"အင်း...အင်း၊ ဟုတ်ပြီ...ဟုတ်ပြီ၊ ဘုရားဟောထားတာလည်း အရှိသားပဲ ဒကာကြီးရဲ့"

"အမိန့်ရှိပါဦးဘုရား"

"ရဟန်းတို့၊ ဘုရားရှင်တို့သည် ဟောညွှန်ပြသရုံမျှသာ တတ်နိုင်ကြကုန်၏၊ လောကမှ လွန်မြောက်ရန် စတဲ့ ပြုလုပ်ရန် ကိစ္စမှန်သမျှသည် သင်တို့သည်သာ ကြိုးစားအားထုတ်အပ်၏၊ သမထဝိပဿနာ နှစ်ဖြာရှုပွားကြကုန်လျက် ကျင့်ကြံနိုင်သူတို့သည် မာရ်မင်း၏ နှောင်ဖွဲ့ခြင်း လောကတွင်းမှ လွတ်မြောက်ကုန်၏"

(မဂ္ဂဝဂ် - ဓမ္မပဒ)

"တရားက သဘောမပေါက်တော့လည်း နာရတာ ပျင်းတယ်ဘုရား၊ သဘောပေါက်တော့လည်း နာရတာ အားမရဘူး ဘုရား၊ အရှင်ဘုရားလည်း အားနာပါတယ်ဘုရား၊ တတ်နိုင်သေးရင် ဆက်အမိန့်ရှိပါဦးဘုရား"

"တော်တော်ကြာ ဒကာကြီး "ကျော့ပူသာ ခံနိုင်တယ်၊ နားပူတာ မခံနိုင်ဘူး" ဖြစ်နေဦးမယ်"

"ခု တစ်ထိုင်တော့ မဖြစ်ပါဘုရား၊ စိတ်ဝင်စားတုန်းမို့လား မသိပါဘူးဘုရား၊ အမိန့်သာ ရှိပါဘုရား"

"ငါသည် ပျင်းရိသော်လည်း နေ၏၊ မဖဲသွား၊ မွေ့လျော်သော်လည်း ဖဲသွား၏၊ ပညာရှိသည် လောကုတ္တရာ အကျိုးစီးပွားနှင့် မစပ်သောနေခြင်းဖြင့် မနေရာ"

(မလိတဝမ္ဘထေရဂါထာ)

"တယ်ကောင်းပါလားဘုရား"

"တယ်ကောင်းမနေနဲ့ ဒကာကြီး၊ "ခံတွင်းကောင်းလျှင် အားလုံးဟင်းကောင်းချည်းပဲ" ဆိုတဲ့ စကားပုံလိုပဲပေါ့၊ ဒကာ ကြီးလည်း နလုံးသွင်းကောင်းနေလို့ တရားကောင်းချည်း ဖြစ်နေတာ"

"သိပ်မှန်တယ်ဘုရား၊ ဆက်အမိန့်ရှိပါဦးဘုရား"

"ကောင်းစွာသင်ကြား နာယူခြင်းသည် အကြားအမြင်ကို ပွားစေတတ်၏၊ အကြားအမြင်သည် ပညာကို ပွားစေတတ်၏၊ ပညာဖြင့် အနက်ကို ဟုတ်မှန်စွာသိ၏၊ သိအပ်သောအနက်သည် လောက လောကုတ္တရာ နှစ်ဖြာ ချမ်းသာကို ဆောင်တတ်၏"

(မဟာစုန္ဒတ္ထေရဂါထာ)

"ဆရာတို့၏အဆုံးအမစကားကို သိသောပညာရှိသည် ယင်းအဆုံးအမစကား၌လိုက်နာပြုကျင့် နေထိုင်ရာ၏၊ ဆရာ၌ ချစ်ခြင်းကို ဖြစ်စေရာ၏၊ ယင်းသို့ ပြုသူသည် ဆည်းကပ်သူလည်း မည်၏၊ ပညာရှိသူလည်း မည်၏၊ သိခြင်းကြောင့် လောက လောကုတ္တရာ တရားထူးရှိသူလည်း ဖြစ်၏"

(ထေရဂါထာ)

"လောကကြီးကို သေမင်းသည် အလွန်နှိပ်စက်အပ်၏၊ အိုခြင်းဇရာတရားသည် ခြံရံလွှမ်းမိုးအပ်၏၊ တဏှာ ငြောင့်သည် နှလုံးတွင်း၌ စူးဝင်နေ၏၊ အာရုံတောင့်တမှု လက္ခဏာရှိသော အလိုသည် အခါခပ်သိမ်း ပူလောင်စေအပ်၏"

(ထေရဂါထာ)

"ပြစ်မှုကျူးလွန်၍ အပြစ်ဒဏ်ရောက်သူသည် ကိုးကွယ်ရာမဲ့ ဖြစ်၍ ညှဉ်းဆဲနှိပ်စက်ခံရသကဲ့သို့ လောကကြီးသည် ကိုးကွယ်ရာမဲ့ ဖြစ်၍ အမြဲမပြတ် အိုခြင်းဇရာ၊ သေခြင်းမရဏတို့ ညှဉ်းဆဲနှိပ်စက် ခံနေရ၏"

(ထေရဂါထာ)

"အိုခြင်း၊ နာခြင်း၊ သေခြင်းတရား သုံးပါးတို့သည် မီးပုံကြီးတို့ကဲ့သို့ ဤသတ္တလောကကို နှိပ်စက်ကုန်လျက် ရေးရှုရောက်လာကုန်၏၊ ထို အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကိုပြန်လည်တွန်းလှန်ဖို့ရန် အားအစွမ်းလည်း မရှိ၊ ထွက်ပြေးရန် လျင်မြန်သည့် အဟုန်လည်း မရှိ"

(ထေရဂါထာ)

"ကဲ ... အရှင်ဘုရားလည်း ညောင်းရှော့မယ်၊ ခွင့်ပြုပါဦးဘုရား"

✦ လောကရန်ဘေး၊ အစုံတွေး၊ ထွက်ပြေး လောကလွန်စေသော်။

✦ လောကလွန်မှ၊ ဘေးဘယ၊ အေးရနိဗ္ဗူ ပျော်မည်နော်။

# ကိလေသာဆယ်ပါးဆိုတာ အဲဒါလားဘုရား

## (၃၂)

တစ်ချိန်သော ဝါတွင်းကာလ ဖြစ်၏။ မိမိနေထိုင်ရာ တောရကျောင်း ဆွမ်းခံရွာမှ ဒကာ၊ ဒကာမများက တရားဟော တရားပြပါရန် လျှောက်ထားသဖြင့် ဥပုသ်နေ့တိုင်း ရွာကျောင်းသို့ သွား၍ တရားဟော တရားပြ၏။ ဝါကျွတ်သော် တရားအား ထုတ်သူများ သိနိုင်ရန် ဝိပဿနာညစ်ညူးကြောင်း ဘေးရန်ဆယ်ပါးကို ဟောပြောပြသလိုက်၏။

"ယောဂီတို့ ယခုဆို ဝါကျွတ်ပြီ၊ မိမိတို့ အားထုတ်နာကြားခဲ့တဲ့ ဥပုသ်ရက်ပေါင်း (၁၃)ရက် ရှိပြီ၊ အဲဒီ (၁၃)ရက်မှာ ကောင်းစွာကြိုးကုတ်အားထုတ်တဲ့ယောဂီတွေမှာဝိပဿနာညစ်ညူးကြောင်းဘေးရန်ဆယ်ပါးတို့ဖြစ်တတ်တယ်၊အဲဒီဘေးရန် ဆယ်ပါးတို့ဖြစ်ပေါ်လာလျှင်မသာယာဘဲဘေးရန်ဟုသိပြီးပယ်ရှားနိုင်ရမယ်၊သို့မှသာရှေ့ကိုတရားတိုးတက်မယ်၊အဲဒီဘေးရန် တွေကလည်း နတော့ဘေးရန်လို့ သိဖို့ကိုမလွယ်၊ တချို့ဘေးရန်လို့ မသိတဲ့အပြင် မဂ်တွေ ဖိုလ်တွေပင် ထင်တယ်၊ အဲဒီဘေးရန် တွေက ဘာတွေလဲဆိုတော့ -

### ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန်ဆယ်ပါး

၁။ ယောဂီတို့မှာ တရားအားထုတ်လို့ ဝိပဿနာဉာဏ် ရင့်ကျက်သင့်သလောက် ရင့်ကျက်လာတော့ ယောဂီ သန္တာန်မှာအခိုက်အတန့်ကိလေသာကွာလိမ့်မယ်၊အဲဒီလိုကိလေသာကွာခိုက်မှာယောဂီတို့စိတ်တွေကြည်လင်လာတာကြောင့် စိတ်ကြောင့်ဖြစ်တဲ့စိတ္တဇ "ကိုယ်ရောင်ကိုယ်ဝါ" တွေ၊ အဲဒီစိတ္တဇကိုယ်ရောင်ကိုယ်ဝါမှ ဆက်၍ စိတ္တပစ္စယဥတုသမုဋ္ဌာန အရောင် အဝါတွေ ပျံ့နှံ့ထွက်ပေါ်လာတတ်တယ်။

အဲဒီအရောင်အဝါတွေဟာ ဉာဏ်ထက်လျှင် ထက်သလောက် မိမိနေထိုင်ရာအရပ်၊ တစ်ခန်းလုံး၊ တစ်အိမ်လုံး၊ တစ်ဇရပ်လုံး၊ တစ်ကျောင်းလုံး စသည်ဖြင့် လင်းတတ်တယ်၊ အဲဒီလို အလင်းရောင်တွေ့တဲ့အခါ ယောဂီက "ငါ့မှာ ရှေးက ကိုယ် ရောင်ကိုယ်ဝါ မထွက်ဘူးချေ၊ ဤကိုယ်ရောင်ကိုယ်ဝါကို ထွက်ဖြာစေနိုင်သော စိတ်သည် မဂ်ဖိုလ်စိတ်ပင် ဖြစ်ရာ၏၊ ငါသည် မဂ်ဖိုလ် ရပြီ" ဟု မှတ်ထင်၍ ရှုပွားဆဲ အရှုခံအာရုံ တွန်းသဘောကို စွန့်လွှတ်ပြီး ကိုယ်ရောင်ကိုယ်ဝါကို သာယာနှစ်သက်စွဲလမ်း လျက် ကြည့်နေတတ်တယ်၊ အဲဒီလိုဆိုရင် ဝိပဿနာလမ်းကြောင်း လွဲမှားသွားပြီ၊ ဒါကြောင့် အဲဒီကိုယ်ရောင်ကိုယ်ဝါကို

ဝိပဿနာဘေးရန်လို့ ခေါ်တယ်၊ ယောဂီတို့ဟာ ကိုယ်ရောင်ကိုယ်ဝါ ပေါ်လာလျှင် ဘေးရန်လို့ သိပြီး မသာယာ မနှစ်သက်ဘဲ မစွဲလမ်းဘဲ လျစ်လျူရှုကာ ရှုမှားနေကျ ဝါယောလေဓာတ် ရုပ်ပရမတ်ဖြစ်သော တွန်းသဘောကိုပဲ ရှုလျက်နေပါ။

၂။ နောက်တစ်မျိုးက ဘာလဲဆိုတော့ "ဉာဏ်" တဲ့၊ ယောဂီတို့မှာ ရှုမှားတိုင်း ရှုမှားတိုင်း ရုပ်နာမ်အဖြစ်အပျက်တွေကို လွန်စွာထင်ထင်ရှားရှားမြင်နိုင်စွမ်းရှိတဲ့ ဝဇိရစိန်လက်နက် မိုးကြိုးစက်ကဲ့သို့ သွက်လက်လျင်မြန် အမြင်သန်တဲ့ ဝိပဿနာဉာဏ်လည်း ဖြစ်ပေါ်လာတတ်တယ်၊ အဲဒီဉာဏ်မျိုး ဖြစ်ပေါ်လာရင် မရဘူးတဲ့ စာတွေတောင် ရလာပြီး ရပြီးသားတွေလည်း မမေ့ဘူး၊ တစ်ချို့နာရင်းတောင် တရားလည်းဆုံးရော အကုန်ပြန်ဟောနိုင်သည်အထိ ဖြစ်တယ်။

၃။ နောက်တစ်မျိုးကတော့ "ပီတိ" ပဲ၊ ယောဂီပုဂ္ဂိုလ်က တရားနာရင်းနဲ့ ဖြစ်စေ၊ အားထုတ်ရင်းနဲ့ ဖြစ်စေ၊ ပီတိငါးမျိုး တစ်မျိုးမျိုး ဖြစ်တတ်တယ်၊ ပီတိငါးမျိုးက ဘာလဲဆိုတော့ -

> "ကြက်သီးမွေးညင်းထရုံမျှ သေးငယ်စွာသော နှစ်သက်မှုပီတိ၊ လျှပ်စစ်ပြက်သလို ခဏခဏ ဖြစ်၍ ခဏခဏ ပျက်သော နှစ်သက်မှုပီတိ၊ ဒီရေလှိုင်းလုံးကြီးတွေ လွှမ်းဖုံးလာသကဲ့သို့ တစ်ကိုယ်လုံး၌ လွှမ်းဖုံးသက်ရောက်သော နှစ်သက်မှုပီတိ၊ မိမိအဟုန်ဖြင့် ကိုယ်ကို အထက်သို့ မြောက်တက်နိုင်သောပီတိ၊ ဆီနှင့် ဝါဂွမ်း ထိသကဲ့သို့ တစ်ကိုယ်လုံးမှာ ပျံ့နှံ့သော နှစ်သက်မှုပီတိ" တဲ့။

အဲဒီပီတိငါးမျိုးပဲ၊ အဲဒီငါးမျိုး တစ်မျိုးမျိုး ဖြစ်တဲ့အခါမှာလည်း ယောဂီဟာ ဝိပဿနာအာရုံကို လက်လွှတ်တတ်တယ်၊ ဒါကြောင့် ဘေးရန်လို့ ခေါ်တာပဲ"

၄။ နောက်တစ်မျိုးကတော့ "သုခ" ပဲ၊ ယောဂီမှာ ဆိတ်ငြိမ်သောဂွမ်းပမာ တစ်ကိုယ်လုံးမှာ သာမန်လူတို့ မတွေ့ကြုံဖူးသော ချမ်းသာသုခ ဝေဒနာကိုလည်း တွေ့ရတတ်တယ်၊ ယခုခေတ် အများဆုံးပဲ၊ မင် ဖိုလ်ထင်ပြီး မြောနေတာ ဒီသုခမှာပဲ၊ ယောဂီတို့ ယောဂီတို့ဟာ ဒုက္ခကိုတော့ လွန်စွာကြောက်လို့ တိုက်ထုတ်ပြီး ဒီသုခလည်း ပေါ်လာရော နှစ်သက်စွဲလမ်းလို့ လက်ခံသိမ်းပိုက်ထားတတ်တယ်၊ အဲဒီသုခကို မသာယာဘဲ သုခရဲ့အဖြစ်အပျက် မြင်အောင်ရှုရင်လည်း ရှု၊ သို့မဟုတ် မူလပေးထားတဲ့ တွန်းသဘောကို ပြန်ရှုရင်လည်း ရှုပါ။

၅။ နောက်တစ်မျိုးက ငြိမ်းချမ်းမှု "ပဿဒ္ဓိ" ပဲ၊ ယောဂီတို့ရဲ့ကိုယ်စိတ်တွေဟာ ပူပန်ခြင်း၊ လေးလံခြင်း၊ ထိုင်းမှိုင်းခြင်း၊ ကြမ်းတမ်းခက်ထန်ခြင်း မရှိတော့ဘဲ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ဖြစ်လာတတ်တယ်၊ နူးညံ့ပျော့ပျောင်းလာတတ်တယ်၊ ကိုယ်စိတ်နှစ်ပါးလုံးပင် အေးမြငြိမ်းချမ်းသဖြင့် "ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ" ဖြစ်လာတတ်တယ်။

၆။ နောက်တစ်မျိုးကတော့ "သဒ္ဓါ" တရားပဲ၊ ယောဂီတို့ရဲ့စိတ်တွေဟာ အထူးသဖြင့် ကြည်လင်လာပြီးလျှင် ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးအပေါ်၌ အထူးသဖြင့် ရှေးကထက် ကြည်ညိုလေးစားမှု အဓိမောက္ခခေါ်တဲ့ ဆုံးဆုံးဖြတ်ဖြတ် သဒ္ဓါလည်း ဖြစ်ပေါ်လာတတ်တယ်၊ အဲဒီအခါမှာ "သောတာပန်ပုဂ္ဂိုလ်ဟာ ဘုရား၊ တရား၊ သံဃာ သိပ်ပြီးကြည်ညိုတယ်၊ ငါလည်း ယခု ရတနာသုံးပါး ရှေးကထက် ကြည်ညိုတယ်၊ ငါ သောတာပန်ဖြစ်ပြီလို့" ထင်တတ်တယ်။

၇။ နောက်တစ်မျိုးက "ဝီရိယ" ပဲ၊ ယောဂီဟာ တရားကောင်းလာတော့ ဝိပဿနာစက်ကို နောက်မဆုတ်အောင် ရှေ့သို့ တိုးတက်ပြီး အားထုတ်ချင်လာအောင် ထောက်ပံ့အားပေးချီးမြှောက်တတ်တဲ့ ပဂ္ဂဟခေါ် ဝီရိယလည်း ဖြစ်ပေါ်လာတတ်တယ်၊ အဲဒီအခါမှာ အအိပ်အနေ အတော်နည်းသွားတတ်တယ်၊ တစ်ချို့များ အအိပ်နည်းလို့ စိုးတောင် စိုးရိမ်တယ်၊ အဲဒီလို တရားက ဆောင်သွားလို့ မအိပ်တာကတော့ ပူစရာမလိုပါဘူး၊ မနိုင်ဘဲ အတင်းအားထုတ်တာမျိုးကတော့ ပူစရာပဲ။

၈။ နောက်တစ်မျိုးကတော့ "သတိ" တရားပဲ၊ မြင့်မိုရ်တောင်ပမာ မိမိတို့ ရှုမှားနေတဲ့ တွန်းသဘော ကမ္မဋ္ဌာန်းအာရုံ၌ လွန်စွာတည်တံ့သော သတိတရားလည်း ဖြစ်ပေါ်လာတတ်တယ်။

၉။ နောက်တစ်မျိုးကတော့ "ဥပေက္ခာ" ပဲ၊ အဲဒီဥပေက္ခာက ဒီနေရာမှာ နှစ်မျိုးရှိတယ်၊ ယောဂီပုဂ္ဂိုလ်မှာဖြစ်ပျက်မှုတို့ အလွန်ထင်ရှားနေရကား ယင်းအဖြစ်အပျက်တို့ကို ရှုပွားဖို့ရန် ဗျာပါရမများရတော့ဘဲ အသင့်အားဖြင့် ရှုပွားနိုင်သော ဝိပဿနာဉာဏ်နှင့်ယှဉ်သော "ဝိပဿနုပေက္ခာ" နှင့်ယင်းအဖြစ်အပျက်တို့ကိုဆင်ခြင်လိုသောအခါ၌အလွန်လျင်မြန်စွာဆင်ခြင်နိုင်သော "အာဝဇ္ဇနုပေက္ခာ" လည်း ဖြစ်ပေါ်လာတတ်တယ်။

ယောဂီတို့ ဆိုခဲ့ပြီးတဲ့ ဉာဏ်အစရှိသော တရား ၉ - မျိုးတို့ ဖြစ်ပေါ်လာတဲ့အခါမှာလည်း အရောင်အလင်းမှာကဲ့သို့ပင် "ငါ့မှာ ရှေးက ဤကဲ့သို့ဉာဏ်မျိုး မဖြစ်ဘူးချေ၊ ယခု ဤဉာဏ်ကို ဖြစ်စေသော စိတ်ကား မဂ်စိတ် ဖိုလ်စိတ် ဖြစ်ရာ၏။ "ငါ မဂ် ရပြီ၊ ဖိုလ် ရပြီ" ဟု မှတ်ထင်ကာ ဝိပဿနာလမ်းလွဲတတ်သည်။ ယခုပြောခဲ့တဲ့ ၉ - မျိုးက စင်စစ်တော့ ဘေးရန်အစစ် မဟုတ်ဘူး၊ သူတို့ ဖြစ်ပေါ်တဲ့အခါ သာယာနှစ်သက်စွဲလမ်းမှု ဘေးရန်ဖြစ်တယ်။

၁၀။ နောက်ဆုံးဖြစ်တဲ့ "နိကန္တိ" ဆိုတဲ့ နှစ်သက်မှုကမှ ဘေးရန်အစစ် ဖြစ်တယ်၊ အဲဒီ နိကန္တိက အရောင်အလင်း စသည်တို့ဖြင့် တန်ဆာဆင်ထားသဖြင့် အလွန်တင့်တယ်သကဲ့သို့ဖြစ်သော ဝိပဿနာကို သာယာနှစ်သက်စွဲလမ်းတဲ့ တဏှာပဲ၊ အဲဒီ နိကန္တိခေါ်တဲ့ တဏှာလည်း ဖြစ်တတ်တယ်၊ ဒီနိကန္တိခေါ်တဲ့ တဏှာဟာ လွန်စွာသိမ်မွေ့လို့ ယောဂီပုဂ္ဂိုလ်က တဏှာမှန်းတောင် မသိနိုင်ဘဲ ဝိပဿနာတရား၌ လွန်စွာမွေ့လျော်တဲ့ "ဝိပဿနာရတိ" လို့သာ အထင်ရှိတတ်တယ်၊ အဲဒီအခါမှာ ဝိပဿနာတရားဟာ ရှေ့သို့ မတိုးတက်တော့ဘူး"

ဤသို့ စသည်ဖြင့် မိမိသည် ဝိပဿနာဘေးရန် ၁၀ - ပါးကို အကျယ်တဝင့် ရှင်းလင်းဟောပြော ပြသ၏။ တရားပွဲပြီးသော် ဒကာတစ်ယောက် ရောက်လာလျှောက်ထား၏။

"ဦးပဥ္ဇင်းဘုရား၊ ကိလေသာ ၁၀ - ပါးဆိုတာ အဲဒါလားဘုရား"

မိမိမှာ တရားဟော၍မှ အမောမပြေရသေးတဲ့ အထဲ မေးလာတဲ့ အမေးကြောင့် တစ်ဖန်ထပ်၍ မောသွားရပြန်၏။

"ဒကာကြီးကလည်း ဇီးကွက် - ဇီးကွက်နဲ့ အော်နေတာတောင် ဘာငှက်လဲလို့မေးသလိုဖြစ်နေပြီ၊ ဝိပဿနာ၏ဘေးရန် ဝိပဿနာ ညစ်ညူးကြောင်းလို့ ဟောတဲ့အထဲမှာ ခဏခဏ အပါသားပဲ မဟုတ်လား"

"တင်ပါ့ဘုရား ပါပါတယ်၊ ဒါပေမဲ့ တပည့်တော်က ကိလေသာ ၁၀ - ပါးကိုပဲ ဟောနေတယ် မှတ်တယ်ဘုရား"

မောမယ်ဆို မောလောက်ပါပေ၏။ မိမိမောခြင်းမှာ မေးလာသူ နားမလည်၍ မောခြင်းကား အဓိကအကြောင်း မဟုတ်ပါ၊ အဓိကမောကြောင်းမှာ မေးလာသူသည် သာမန်မဟုတ်၊ နာမည်ကျော် ရိပ်သာကြီးတစ်ခုမှ သင်္ခါရုပေက္ခာဉာဏ်ရပြီဟု ဆုံးဖြတ်ပေးခြင်း ခံရသူ ဖြစ်သည့်ပြင် ယခုလက်ရှိလည်း ရိပ်သာတစ်ခုကို ဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်သူတို့တွင် ရှေ့တန်းက ပါဝင်ပြီး ရိပ်သာတည်တံ့တိုးပွားရေးကို ဆောင်ရွက်နေသူ ယောဂီဟောင်းကြီး တစ်ယောက်က ဤကဲ့သို့ မေး၍ မောရခြင်း ဖြစ်ပါသည်။

"ဒကာကြီး ကိလေသာ ၁၀ - ပါးဆိုတာက လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပတို့ကို ခေါ်တယ်၊ အဓိပ္ပာယ်အကျယ်တော့ မပြောနိုင်တော့ဘူး၊ အဓိပ္ပာယ်ပြောလျှင် ယခုတရားလောက်ပဲ နှစ်နာရီ၊ သုံးနာရီ ကြာမယ်"

"တင်ပါ့ဘုရား၊ ရှိပါစေတော့ဘုရား"

"ခုတော့ သီတင်းလည်း ကျွတ်သွားပြီ၊ နောက်လည်း ဒီမှာ တရားပွဲဖြစ်မှာ မဟုတ်တော့ဘူး၊ နားလည်ချင်ရင်တော့ ဦးပဥ္ဇင်းနေတဲ့ တောရကျောင်းကို လာခဲ့ပေါ့"

"တင်ပါ့ဘုရား၊ နောက်မှ အေးအေးဆေးဆေး လာခဲ့ပါဦးမည်ဘုရား၊ ဦးပဥ္ဇင်းလည်း မောနေရော့မယ်၊ ခွင့်ပြုပါဦးဘုရား"

ဒကာကြီးမှာ ရှိုးရှိုးဦးချ၍ ပြန်သွားတော့၏။ မိမိမူကား အမောဖြေရင်း အတွေးနယ်ချဲ့၍ နေရစ်ခဲ့တော့၏။

"အင်း…ဘုရားရှင် ဟောတော်မူခဲ့တာ သိပ်မှန်ကန်တာပဲ၊ "ရဟန်းတို့ ဤဇမ္ဗူဒိပ်၌ မွေ့လျော်ဖွယ်ကောင်းသော အရံ၊ မြေအရပ်၊ရေကန်သည် အနည်းငယ်မျှသာ ရှိ၏၊ စင်စစ်သော်ကား ချိုင့်ဝှမ်း၊ မြင့်မောက်သော မြေ၊ သွားလာကူးခတ်သော မြစ်၊ သစ်ငုတ်၊ ဆူးငြောင့်ရှိသောအရပ်၊ မညီညွတ်သော တောတောင်တို့သာ များသကဲ့သို့ -

"ရဟန်းတို့ ဤအတူပင်လျှင် လူ့ပြည်၌ဖြစ်သော သတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ စင်စစ်သော်ကား လူ့ပြည်မှ တစ်ပါးသော အပါယ်ဘုံ၌ဖြစ်သော သတ္တဝါတို့သာ များကုန်၏"

"ရဟန်းတို့ ဤအတူပင်လျှင် မထိုင်းမှိုင်း၊ မဆွံ့အ ကောင်းစွာဆိုအပ်သော စကား၊ မကောင်းသဖြင့် ဆိုအပ်သောစကား၏ အနက်အဓိပ္ပာယ်ကို သိနိုင်ကုန်သော ပညာရှိပုဂ္ဂိုလ်တို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ စင်စစ်သော်ကား ထိုင်းမှိုင်းကုန်၊ ဆွံ့အ ကုန်၊ ကောင်းစွာဆိုအပ်သော စကား၊ မကောင်းသဖြင့် ဆိုအပ်သော စကား၏ အနက်အဓိပ္ပာယ်ကို မသိနိုင်ကုန်သော ပညာမဲ့ပုဂ္ဂိုလ်တို့သည်သာ များကုန်၏"

"ရဟန်းတို့ဤအတူပင်လျှင်မြတ်သော ပညာမျက်စိနှင့်ပြည့်စုံကုန်သော သတ္တဝါတို့သည်အနည်းငယ်သာ ဖြစ်ကုန်၏၊ စင်စစ်သော်ကား အဝိဇ္ဇာအမိုက်တိုက်သို့ ရောက်ကုန်၍ တွေဝေကုန်သော သတ္တဝါတို့သာ များကုန်၏"

"ရဟန်းတို့ ဤအတူပင်လျှင် နိဗ္ဗာန်ကို အာရုံပြုကုန်၍ မဂ်ဖိုလ်သမာဓိကို ရကြကုန်၊ စိတ်တည်ကြည်ခြင်းကိုရကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်သော်ကား နိဗ္ဗာန်အာရုံပြု၍ မဂ် - ဖိုလ်သမာဓိကို မရကြကုန်၊ စိတ်၏တည်ကြည်ခြင်းကို မရကြကုန်သော သတ္တဝါတို့သာ များကုန်၏"

(ကောဂ္ဂုတ္တရပါဠိတော်)

✧ ဝိပဿနာ၊ ဘေးဆယ်ဖြာ၊ မှန်စွာသိ၍ ပယ်စေသော်။

✧ ဘေးရန်လွတ်မြောက်၊ မဂ်ဖိုလ်ပေါက်၊ အရောက်ရှုပွားနိုင်စေသော်။

# အရှင်ဘုရား အမြစ်ဖြတ်တယ်

## (၃၃)

စာဖတ်ခြင်းသည် တရားနာခြင်းနှင့် မခြားနားပေ။ စာဖတ်တဲ့အခါ ရံခါ သဒ္ဒါတရားဖြစ်၏။ ရံခါ သဒ္ဒါတရား မဖြစ်။ တရားနာတဲ့အခါမှာလည်း ယင်းကဲ့သို့ပင် ဖြစ်၏။ ရံခါ သဒ္ဒါတရား ဖြစ်၏။ ရံခါ မဖြစ်ပေ။

သို့ဖြစ်၍ တရားနာတဲ့အခါ ဖြစ်စေ၊ စာဖတ်တဲ့အခါ ဖြစ်စေ သဒ္ဒါတရား ဖြစ်ပေါ်လာပါက ယင်းသဒ္ဒါတရားကို အသုံးချ၍ ဖြစ်ပေါ်သည့်အတိုင်း ပြုလုပ်ပြောဆို ကျင့်ကြံသင့်၏။ သို့မဟုတ်ပါက ယင်းသဒ္ဒါတရားများမှာ ပျောက်ကွယ်သွားတတ်၏။ ပျောက်ကွယ်သွားခဲ့သော် တရားနာပါ၊ စာဖတ်ပါ။ မိမိသည် တရားနာရသော် နာ၏။ မနာရသော် စာဖတ်၏။ သို့နှင့် တစ်နေ့ ဖတ်မိသည် -

"စာပေကျမ်းဂန် သင်ကြားပို့ချခြင်းဟူသော "ပရိယတ္တိတာဝန်" ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်းဟူသော "ဝိပဿနာတာဝန်" နှစ်ပါးကို အားမထုတ်ဘဲ လူမှုရေးရာ အဖြာဖြာ၌သာ အမြဲမွေ့လျော်ပျော်ပိုက်နေသော ရဟန်းသည် ပြိတ္တာတို့၏ နေရာဖြစ်သော ဂိဿကုဋ်တောင်ကို ဘယ်လိုကြံဆောင်၍ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ပါအံ့နည်း"

(စတုရာရက္ခကျမ်း)

"ပရိယတ္တိစာပေကိုလည်း မသင်ကြား၊ ပဋိပတ်အကျင့်တရားကိုလည်း အားမထုတ်ဘဲ အမြဲပျင်းရိလျက် မကောင်းသော အကြံအစည်ကိုသာ ကြံစည်စိတ်ကူး၍ နေသော ရဟန်းသည် ပြိတ္တာတို့၏ နေရာဖြစ်သော ဂိဿကုဋ်တောင်ကို ဘယ်လိုကြံဆောင်၍ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ပါအံ့နည်း"

(စတုရာရက္ခကျမ်း)

မိမိသည် ယင်းဂါထာနှစ်ခုကို ဖတ်မိသော် သံဝေဂ ဖြစ်၏။ "အင်း . . . ငါ့မှာ ပရိယတ္တိကိုစွ ပြီးသင့်သလောက် ပြီးပြီ၊ ပရိယတ္တိ သင်ခြင်းသည်ပင် ပဋိပတ်ကျင့်စဉ် မမှားဖို့အတွက် ဖြစ်၏။ ယခုအခါ ပဋိပတ်ကျင့်ဖို့ အခါပင် ဖြစ်တော့၏" ။ သို့ စဉ်းစား သံဝေဂဖြစ်ပြီး တရားကို နိုင်သလောက် အားထုတ်လျက် အခါအားလျော်စွာ အများအတွက် တရားဟော တရားပြပေး၏။

ယင်းသို့ ပြုကျင့်နေထိုင်စဉ် တစ်နေ့တွင် အလှူတစ်လှူ၌ မိမိ၏ ရင်းနှီးသော ဒကာတစ်ယောက်နှင့် တွေ့ဆုံ၏။ တွေ့လျှင်တွေ့ချင်း ဒကာကြီးက ပြောတော့၏။

"အရှင်ဘုရား အမြစ်ဖြတ်တယ်"

"ဘာ အမြစ်ဖြတ်တာလဲ ဒကာကြီး"

"သာသနာအမြစ် ဖြတ်တာပေါ့ဘုရား"

"ဘယ်လို အမြစ်ဖြတ်လဲ ဒကာကြီး"

"အရှင်ဘုရားက ယခု စာပေမပို့ချဘဲ တစ်ကိုယ်ကောင်းကြံပြီး တရားအားထုတ်နေတော့ အရှင်ဘုရားနဲ့ ပတ်သက်ပြီးပေါက်ပွားရမယ့် ရှင်ရဟန်းတည်းဟူသော သာသနာ့ရေသောက်မြစ်တွေ ပြတ်ကုန်တာပေါ့၊ အဲဒါ အရှင်ဘုရား အမြစ်ဖြတ်တာပေါ့"

"ဒကာကြီးကလည်း ကတ်သီးကတ်သတ် ပြောရော့မယ်၊ ဦးပဋ္ဌင်း စာမချလည်း စာချနေတဲ့ သံဃာတော်တွေ အများကြီး အရှိသားပဲဟာ၊ "နမ်းတစ်စေ့နဲ့ ဆီမဖြစ်ပါဘူး" ဒကာကြီးရဲ့"

"နမ်းတစ်စေ့နဲ့ ဆီမဖြစ်ပေမဲ့ နမ်းစေ့တွေများတော့ ဆီဖြစ်တယ်ဘုရား၊ သာသနာရေသောက်မြစ်ဟာ ပရိယတ္တိဖြစ်ပါတယ်ဘုရား၊ သာသနာတော် အရှည်တည်တံ့ချင်လျှင် ပရိယတ္တိသာသနာတော်ကို အားသွင်းပြီး ပြုစုပျိုးထောင်. ထောက်ပံ့မွေးမြူရမယ်ဘုရား"

ဒကာကြီးမှာ ပရိယတ္တိသာသနာတော်ကို အားပေးမှုဘက်တွင် နှစ်ယောက်မရှိသော ဒကာကြီးဖြစ်၏။ ပရိယတ္တိအားသန်၏။ သို့နှင့် မိမိအား ဖိပြောနေခြင်းဖြစ်၏။

"ဦးပဋ္ဌင်း၊ ယခု ပဋိပတ် ကျင့်ကြံအားထုတ်နေတယ်ဆိုပေမဲ့ အလွတ်မဲ့ သက်သက်မဟုတ်ပါဘူး။ ရံခါအကြားကြားမှာ နိုင်သလောက် တရားဟောပေး၊ တရားပြပေးနေတာပဲ၊ ဒါလည်း တစ်ဖက်တစ်လမ်းက ပရိယတ္တိသာသနာပြုတာပဲပေါ့"

"အဲဒီသာသနာပြုနည်းက သာသနာအရှည် မတည်တံ့နိုင်ဘူးဘုရား၊ ဘာဖြစ်လို့လဲ ဆိုတော့ တရားနာပရိသတ်ဆိုတာ နာတုန်းတောင် မှတ်မိတာမဟုတ်တာ၊ နာလည်းပြီး ကုန်ရော၊ ဘာမှမကျန်တော့ဘူး၊ ဒါကြောင့် အဲဒီသာသနာပြုနည်းကား "သစ်ပင်အဖျား ရေလောင်းဘာနဲ့ တူတယ်" ဘုရား၊ အဓိကက ပရိယတ္တိဖြစ်တော့ ပရိယတ္တိသင်ကြားပို့ချရင်းနဲ့ ပဋိပတ်ကို ဖြည့်မှာပါ၊ ဒါမှ မိမိလည်းကောင်း၊ မိမိတပည့်တွေလည်းကောင်း၊ သာသနာပြုလည်း ကောင်းပေါ့ဘုရား"

"ဒကာကြီး၊ ပရိယတ္တိသင်ခြင်း၏ အဓိကရည်ရွယ်ချက်က ပဋိပတ်ကျင့်ဖို့ပဲ၊ ကဲ ... နားထောင်၊ ဦးပဋ္ဌင်း ဟောပြမယ်"

"ဟောပါဘုရား၊ နာပါ့မယ်"

"မိမိကိုယ်ကို ဆုံးမဖို့ရာ ဘုရားရှင် ဟော်တော်မူအပ်သော ပရိယတ်တရားကို သင်ကြားရာ၏။ ဆုံးမဖို့ရာ လိုလားပါမူကား သူတစ်ပါးကိုလည်း သနားသောအားဖြင့် ဆုံးမရာ၏"

(စတုရာရက္ခကျမ်း)

"တစ်ပါးသော အခြားတစ်စုံတစ်ယောက်သောသူကို အကြားအမြင် ပရိယတ်ဖြင့်လည်းကောင်း၊ အကျင့်ပဋိပတ်ဖြင့်လည်းကောင်း မနှိပ်ကွပ်ရာ၊ မိမိကိုယ်ကို နှိပ်ကွပ်ခြင်းသည်သာ ကောင်း၏၊ ဘုရားရှင်၏ သားတော်ရဟန်းသည် ထောင်လွှားတက်ကြွခြင်း မာန်မာနမရှိရာ"

(စတုရာရက္ခကျမ်း)

"အရှင်ဘုရားလိုသာ အားလုံးကိုယ့်ဖို့ချည်းပဲ အားထုတ်နေရင် ပရိယတ္တိသာသနာကွယ်မယ်၊ ပရိယတ္တိသာသနာကွယ်ရင် ပဋိပတ္တိသာသနာလည်း ကွယ်မယ်ဘုရား"

"မကွယ်ပါဘူး ဒကာကြီးရာ၊ မပူပါနဲ့၊ ဤရဟန်းတွေ ကောင်းကောင်းကျင့်ကြံနေထိုင်သမျှ ကာလပတ်လုံး လောကမှာ ရဟန္တာ မဆိတ်သုဉ်းဘူးလို့ ဘုရားဟော အရှိသားပဲ"

"ကောင်းကောင်းကျင့်ကြံဖို့ရာ ကျင့်ကြံနည်း ပရိယတ်မှန်ဖို့ အရေးမကြီးဘူးလားဘုရား"

"ဒါတော့ အရေးကြီးတာပေါ့ ဒကာကြီး"

"ယခုဆို အရှင်ဘုရားကြည့်လေ၊ ပရိယတ္တိနည်းနည်း အားနည်းလာတော့ ပဋိပတ်အတုတွေ ပေါ်လာတယ်၊ ပဋိပတ်အတုတွေ ပေါ်လာတော့ အရိယာအတုတွေ ပေါ်လာတယ်"

ထိုစဉ် မိမိဘေးတွင် ရှိသော မိတ်ဆွေက မိမိအား လက်တို့၍ တိုးတိုးပြော၏။

"အရှင်ဘုရား နိုင်အောင်ပြော၊ အရှုံးမပေးနဲ့"

"ဒါကတော့ ပရိယတ္တိအားနည်းလို့ရယ်လို့ မဟုတ်ပါဘူး၊ ဆုတ်ကပ်ခေတ်မို့ပါ၊ ဦးပဉ္စင်းတော့ "ပဏ္ဍိတော ဟိ ပရိယတ္တိ သုတွာ ဒွေပိ ပူရေတိ" ဆိုတဲ့အတိုင်း ပညာရှိဟာ ပရိယတ်ကို သင်ကြားပြီးသော် သာသနာနှစ်ပါး ပြည့်စေတယ်ဆိုတာ သဘောကျပြီး ကြိုးစားနေတာပဲ"

"တပည့်တော် အရှင်ဘုရားဖတ်တဲ့ စတုရာရက္ခကျမ်းထဲမှာ ဖတ်ဖူးတယ်"

"ဘယ်လို ဖတ်ဖူးလဲ ပြောစမ်းပါဦး"

> "ဤလောက၌ သားငယ်တို့သည် ဖွားမြင်ပြီးသော်လည်း နို့ရည်ကို သောက်စို့ရမှ အသက်ရှင်ကြကုန်၏၊ ဤသာသနာတော် ဘုရားရှင်သားတော်တို့သည် ကမ္မဝါစာဖြင့် ဖွားမြင်ကုန်သော်လည်း ပရိယတ္တိစာပေဟူသော ဘုရားရှင်၏ ရင်နို့ကို သောက်စို့ သင်ကြားရမှသာ အသက်ရှင်နိုင်ကြကုန်၏"

"အဲဒါက ကလေးငယ်ပမာ ပရိယတ္တိစာပေ မတတ်သေးသူတို့အတွက် ပြောတာဒကာကြီးရဲ့၊ ဦးပဉ္စင်းက ပရိယတ္တိစာပေဆိုတဲ့ ဘုရားရှင်ရဲ့ရင်နို့ကို သောက်စို့ပြီးလို့ ကြီးပြင်းနေပြီ၊ နို့ပြတ်နေပြီ"

"သာသနာတည်ခြင်း၏ မူလဘူတ အကြောင်းရင်းမှာ ပရိယတ္တိသာဖြစ်တယ်၊ ပဋိပတ္တိ – ပဋိဝေဓတို့မှာ မမြဲကြ၊ ရံခါရှိ ရံခါမရှိဆိုလို့ တပည့်တော်ကိုယ်တိုင်လည်း ပရိယတ္တိအားပေး၊ အရှင်ဘုရားလည်း အားပေးစေချင်လို့ လျှောက်တာ မောရှေပဲဘုရား"

"ကဲ ... မောရင် တရားနာ၊ တရားဟောပေးမယ်"

"ကဲ ... ဟောပါဘုရား၊ နာပါ့မယ်"

> "ဝါသေလိမ့်မည်ဟု နလုံးသွင်းမှုမရှိဘဲ ပျင်းရိငြီးငွေ့မပျော်မွေ့သည်ဖြစ်၍ စာပေကျမ်းဂန် သင်အံလေ့ကျက်ခြင်း၊ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း ပွားများစီးဖြန်းခြင်းဟူသော လုပ်ငန်းနှစ်ရပ်ကို မဖြည့်စွမ်းနိုင်သော ရဟန်းသည် ရှင်လူအများ သနားစရာ သေရာရ၏"
>
> (စတုရာရက္ခကျမ်း)

"အရှင်ဘုရား တရားကလည်း တရားစောင်းချည်းပဲဟာ"

"ဘယ် တရားစောင်းချည်းလဲ ဒကာကြီးရဲ့"

"အရှင်ဘုရား လိုတဲ့ဘက် ဆွဲပဟောထားတာချည်းပဲဟာ"

"ကဲ . . . ဒါဖြင့် တည့်တည့်ဟောမယ် နာဦး"

"နောက်နောင်အခါ မဂ်ကိုရခြင်းငှာ မျိုးစေ့ဖြစ်သော သမထဝိပဿနာ ဘာဝနာကို ကျင့်ကြံအားထုတ်ရာ၏၊ ကျင့်ကြံမှုမျိုးစေ့ မရှိသော် မဂ်ကို အဘယ်မှာ ရနိုင်အံ့နည်း၊ မှန်၏၊ သမထဝိပဿနာ ဘာဝနာကျင့်ခြင်းသည် မဂ်မျိုးစေ့ အစစ်အမှန် ဖြစ်၏"

(စတုရာရက္ခကျမ်း)

"မဂ်မျိုးစေ့ ရှိသူသည် အကုသိုလ်အဟုန်ကြောင့် အပါယ်လေးဘုံ၌ နစ်မြုပ်နေငြားသော်လည်း ဉာဏ်အရောင်တောက်၍ မဂ်ရချိန်ရောက်သောအခါ ပြန်၍ပေါ်လာပြီးလျှင် ပွင့်လတ္တံ့သော ဘုရားရှင်တို့၏ အထံတော်၌ မဂ်ကို ရလေရာ၏"

(စတုရာရက္ခကျမ်း)

"မဂ်မျိုးစေ့မရှိသောသူအား ကျင်လည်မျောပါမည့် သံသရာသည် အလွန်တရာရှည်လျားလျက် အဆုံးမရှိနိုင်ချေ၊ ထို့ကြောင့် သံသရာဝဋ်မှ လွတ်မြောက်လိုသော သမထ ဝိပဿနာဟူသော မဂ်မျိုးစေ့ကို လုံ့လပန်းကြိုးကုတ် အားထုတ်ရာ၏"

(စတုရာရက္ခကျမ်း)

"ကဲ . . . အချိန်လည်း မရှိတော့ဘူးဘုရား၊ အရှင်ဘုရားလည်း တိုက်တွန်းလို့ မရတော့ဘူး၊ တပည့်တော်ကို ခွင့်ပြုပါဦး ဘုရား"

"ကဲ . . . ကဲ . . . ဒကာကြီးလည်း အသက်ရာကျော်ရှည်လျားပြီး ပရိယတ္တိသာသနာတော် အားပေးရင်း ပဋိပတ်သာသနာ ဖြည့်ကျင့်နိုင်ပါစေသော်"

✧ ပရိယတ်တတ်၊ ပဋိပတ်၊ ကျင့်တတ်ကြပါစေကုန်သော်။

✧ တစ်ရပ်ရပ်မှာ၊ မလွန်ရာ၊ ညီစွာညှိတတ်ကုန်စေသော်။

# ခုမှ အထင်ကြီး ပျောက်သွားတယ်

## (၃၄)

လောကတွင် အထင်ကြီးမှု အမျိုးမျိုး ရှိ၏။ အချို့က ပညာတတ်လို့ ကိုယ့်ကိုယ်ကို အထင်ကြီး၏။ အချို့က ပစ္စည်းရှိလို့ အထင်ကြီး၏။ ရုပ်ချောလို့ အထင်ကြီး၏။ ရာထူးကြီးလို့ အထင်ကြီး၏။ မိတ်ဆွေသင်္ဂဟပေါ်များလို့ အထင်ကြီး၏။ နာမည်ကျော်ကြားလို့ အထင်ကြီး၏။ ဘုန်းကြီးလို့ အထင်ကြီး၏။ မရောက်ဖူးသောဒေသသို့ ရောက်ရ၍ အထင်ကြီး၏။ မတွေ့မမြင် မသိဘူးသည်ကို တွေ့မြင်သိရှိရ၍ အထင်ကြီး၏။ ဤသို့ စသည်ဖြင့် သူ့အဆင့်နှင့်သူ အထင်ကြီးမှု အမျိုးမျိုးရှိ၏။

ပညာဉာဏ် အမှန်အကန်မရှိပါက ယင်းအထင်ကြီးမှုများမှာ တစ်သက်လုံး မပျောက်နိုင်တော့ပေ။ တစ်သက်လုံးသာမက တစ်သံသရာလုံးပင် မပျောက်နိုင်တော့ပေ။ ပညာဉာဏ် အမှန်အကန် ရရှိမှသာလျှင် ယင်းအထင်ကြီးမှု ပျောက်ကင်းပြီး ပုံမှန်၊ မူမှန်၊ အမြင်မှန်သို့ ပြန်ရောက်နိုင်ပေမည်။

မှန်၏၊ တစ်ချိန်သော နေ့ကာလက မိမိသည် မြို့ကြီးတစ်မြို့တွင် တရားဟောပြနေ၏။ ယင်းတွင် မိမိသည် တရားအားထုတ်သူ သိထားထိုက်၊ ဆောင်ထားထိုက်သော သံယောဇဉ် နှင့် သံယောဇနိယ တရားကို ဟောပြောပြသ၏။

### သံယောဇဉ်

"ယောဂီတို့၊ သံယောဇဉ်ကြီးလို့ခေါ်ရိုးရှိသည့်အတိုင်းကြီးဖြင့် ချည်နှောင်ထားသကဲ့သို့ မိမိကိန်းရာ သတ္တဝါကို သံသရာဝဋ်မှ မလွတ်ရအောင် ချည်နှောင်ထားသောတရားကို သံယောဇဉ်လို့ ခေါ်တယ်၊ အဲဒီ သံယောဇဉ်ဟာ ၁၀ - ပါး ရှိတယ်၊ အဲဒီ သံယောဇဉ် ၁၀ - ပါးကို လက်နှင့် အကျဉ်းမှတ်ထားပါ။

၁။ ရုပ်နာမ်အရှိ၊ ငါ ထင်ဘိ၊ ဒိဋ္ဌိသံယောဇဉ်
(ဒိဋ္ဌိ သံယောဇဉ်)

၂။ ဝေခွဲမသိ၊ ယုံမှားရှိ၊ ဝိစိသံယောဇဉ်
(ဝိစိကိစ္ဆာ သံယောဇဉ်)

၃။ နွား ခွေးအတတ်၊ ကျင့်မြတ်မှတ်၊ သီလဗ်သံယောဇဉ်
(သီလဗ္ဗတပရာသ သံယောဇဉ်)

၄။ ကိုယ့်ထက်သာတာ၊ လိုမနာ၊ ဣဿာသံယောဇဉ်
(ဣဿာ သံယောဇဉ်)

၅။ ကိုယ့်စည်းစိမ်ကြည့်၊ ဝန်တိုဘိ၊ မစ္ဆရိသံယောဇဉ်
(မစ္ဆရိယ သံယောဇဉ်)

"ယောဂီတို့ အဲဒီသံယောဇဉ်ငါးပါးကို သောတာပတ္တိမဂ်က ပယ်နိုင်တယ်၊ မိမိကိုမိမိ သောတာပန် ဟုတ်လား. မဟုတ်လား၊ သူတစ်ပါး သွားမမေးနဲ့ အဲဒီသံယောဇဉ်ငါးပါး ကိုယ့်မှာ ရှိသလား.မရှိသလားဆိုတာ ကိုယ့်ဘာသာကိုယ် ကြည့်ပါ၊ အဲဒီငါးပါးရှိနေသေးရင် သောတာပန် မဟုတ်သေးဘူးပေါ့"

"ယောဂီတို့အဖြစ်များတာ ဣဿာမစ္ဆရိယ သံယောဇဉ်နှစ်ပါးပေါ့၊ ကိုယ့်ရိပ်သာ လူများလာစေချင်တယ်၊ သူများ ရိပ်သာထက် သာချင်တယ်၊ ကိုယ့်ရိပ်သာဆရာတော်တရားပွဲ လူစည်ကားချင်တယ်၊ ကိုယ့်ရိပ်သာက တရားတွေ သိပ်တွင်ကျယ်စေချင်တယ် စသည်ဖြင့် ကိုယ့်ဘက်မှာသာ သာလိုခြင်း၊ ကိုယ့်ဘက်ယောဂီ တစ်ခြားရိပ်သာသွားတာ မကြိုက်ခြင်း စသည်ဖြင့်ယောဂီတို့မှာ ဖြစ်တတ်တယ်၊ အဲဒါဆိုရင် ယောဂီတို့ဟာ သာမန်သူတော်ကောင်းအဆင့်တောင် မရှိသေးဘူး၊ သောတာပန်အဆင့်နဲ့တော့ ဝေးပါသေးတယ်"

"ယောဂီတို့၊ ယခုခေတ်မှာ သာသနာတော်ကို အစစ်အမှန် ကြည်ညိုသူပင် အတော်ရှားပါးလျက် ရှိပြီး အများအားဖြင့် ဝါဒတစ်ခု ကြီးပွားရေး၊ အသင်းတစ်ခု ကြီးပွားရေး၊ ရိပ်သာတစ်ခု ကြီးပွားရေး စသည်ဖြင့် အမြင်ကျဉ်းကျဉ်းနဲ့ ပြုလုပ်ဆောင်ရွက်နေတာ တွေ့ရတယ်၊ သာသနာရေးအနေနဲ့ ခြုံပြီးပြုလုပ်ဆောင်ရွက်တာ သိပ်မတွေ့ရတော့ဘူး၊ အဲဒါဟာ ဣဿာမစ္ဆရိယ သံယောဇဉ်များခြင်းရဲ့သဘာဝပဲ၊ နောက် ဆက်မှတ်ပါ"

၆။ ကာမဂုဏ်ငါးဝ၊ တပ်စွဲက၊ ကာမသံယောဇဉ်
(ကာမရာဂ သံယောဇဉ်)

၇။ စိတ်ဆိုးဒေါသ၊ မျက်ထွက်က၊ ပဋိဃသံယောဇဉ်
(ပဋိဃ သံယောဇဉ်)

"အဲဒီသံယောဇဉ်နှစ်ပါးကို သကဒါဂါမိမဂ်က အကြမ်းစားတွေပဲ ပယ်နိုင်တယ်၊ အနုစားတွေကို မပယ်နိုင်သေးဘူး၊ ဒါကြောင့် သကဒါဂါမိမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်နိုင်တဲ့ သံယောဇဉ်မရှိဘူးလို့ မှတ်ရမယ်၊ အဲဒီသံယောဇဉ်နှစ်ပါးကို အနာဂါမိမဂ်ကမှ အကြွင်းမဲ့ ပယ်သတ်နိုင်တယ်၊ ဒါကြောင့် အနာဂါမ်ပုဂ္ဂိုလ်ဖြစ်သွားလျှင် ချိုးမွမ်းတာလည်း မသာယာတော့ဘူး၊ ကဲ့ရဲ့တာလည်း စိတ်မဆိုးတော့ဘူး၊ ကဲ ... ဆက်မှတ်ဦး"

၈။ မောက်မောက်တက်ကြွ၊ ထောင်လွှားက၊ မာနသံယောဇဉ်
(မာန သံယောဇဉ်)

၉။ သုံးပါးဘဝ၊ မက်မောက၊ ဘဝသံယောဇဉ်
(ဘဝရာဂ သံယောဇဉ်)

၁၀။ အမှန်လေးဖြာ၊ မှားသိတာ၊ အဝိဇ္ဇာသံယောဇဉ်
(အဝိဇ္ဇာ သံယောဇဉ်)

"ယောဂီတို့ အဲဒီ သံယောဇဉ်သုံးပါးကို အရဟတ္တမဂ်ကမှ အကြွင်းမဲ့ ပယ်သတ်နိုင်တယ်၊ ရဟန္တာပုဂ္ဂိုလ်မှ ပယ်သတ်နိုင်တယ်ပေ့ါ၊ ရဟန္တာဖြစ်မှပဲ သံယောဇဉ် ၁၀ - ပါး အကုန်ပယ်နိုင်တယ်ပေ့ါ၊ သံယောဇဉ်ဆယ်ပါး လုံးဝမရှိတော့တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လောက်ကောင်းမလဲဆိုတာ စဉ်းစားသာကြည့်တော့ ယောဂီတို့၊ အဲဒီ သံယောဇဉ်ဆယ်ပါးအကြောင်း အကျဉ်းချုပ် အဓိပ္ပာယ်ကို မယဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားကြီးက လင်္ကာသီကုံးခဲ့တယ်"

"သံယောဇဉ်ဟု၊ ဆယ်စဉ်ဝမ္မ၊ ဤပါပကား၊ ဘဝကိုးလီ၊ အသညီနှင့်၊ သညီနေဝ၊ ဖြစ်သမျှ၌၊ မြဲလုပတ်နှောင်၊ ကြိုးသံလျှောင်သို့၊ မချောင်ကျပ်တင်း၊ ဖွဲ့ချည်ပြင်း၍၊ ခပင်းပြောထု၊ နတ်လူထိုထို၊ ဖြစ်တိုင်းကိုယ်နှင့်၊ ပုဂ္ဂိုလ်ဇန္တု၊ များအထုတို့၊ ဝဋ်စုအတွင်း၊ ကျင်လည်ခြင်းဖြင့်၊ ဝဋ်ကင်းငြိမ်းရာ၊ မသွားသာခဲ့"

"ကာမရာဂ၊ ဘဝစသည်၊ လူတို့ပြည်ဝယ်၊ ကြာချည်မကာ၊ သိမ်မွေ့လှသား၊ ဒေဝဗန္ဓနာ၊ နတ်မှာ နတ်မျိုး၊ နတ်တို့ကြိုးထက်၊ တံပိုးလှန်ကန်၊ ဆဆလွန်၍၊ အဇ္ဈတ္တရဟဒယ၌၊ ဖွဲ့ထသိမ်မွေ့၊ ချည်နှောင်လေ့လျက်၊ မရွေ့စအား၊ သားမယားနှင့်၊ တိုင်းကားပြည်ရွာ၊ မကွာစနိုင်၊ သက်ဆုံးတိုင်၏"

"လက်ကိုင်မမိ၊ မျက်စိမထင်၊ ကြိုးဆယ်မျှင်ဖြင့်၊ သို့စင်မပြတ်၊ ဆယ်ခွေပတ်ပြီး၊ မလွတ်နိုင်ကြ၊ ကိုးဘဝဝယ်၊ နေ့ညည့်ညည်းညူ၊ ကျွက်ကျွတ်ဆူဖြင့်၊ ငြူငြူစုစု၊ ဟိန်းဟဲအု၍၊ သည်းအူမချို၊ ထိုင်ထိပြင်းပြ၊ ပူသောကနှင့်၊ ကြောင့်ကြထိုကြ၍၊ တအီအီလျှင်၊ ကသီလင်တ၊ မဆုံးဆအောင်၊ ဒုက္ခလွန်ကဲ၊ ချည်နှောင်မြဲသည်၊ ဆင်းရဲ တပေပေ နှင့် သာတမုံ့"

"ယောဂီတို့ ဒီလောက်ဆိုလျှင် သံယောဇဉ်အကြောင်းအတော်အတန် သဘောပေါက်ပြီပေ့ါနော်၊ ယခု သံယောဇနိယ အကြောင်း ပြောမယ်"

## သံယောဇနိယ

"သံယောဇနိယဆိုတာက အဲဒီ သံယောဇဉ်ကြိုး ဆယ်ချောင်းဖြင့် သွားသွားပြီး ချည်စရာ၊ ဖွဲ့စရာ အာရုံ၊ ဒွါရ၊ ခန္ဓာ တွေကို ခေါ်တယ်၊ ဥပမာဆိုလျှင် မိမိတို့ကိုယ် ပြန်ကြည့်ပါ၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဒွါရခြောက်ပါးဟာ သံယောဇနိယပဲ၊ သံယောဇဉ်ဖြစ်စရာတွေ ပဲ၊ နောက် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အထိ၊ သဘောတရားဆိုတဲ့ အာရုံခြောက်ပါးဟာ သံယောဇနိယပဲ၊ သံယောဇဉ်ဖြစ်စရာပဲပေ့ါ၊ နောက် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်လို့ခေါ်တဲ့ ခန္ဓာငါးပါးဟာလည်းပဲ သံယောဇနိယပဲပေ့ါ"

"နောက်မြင်လွယ်အောင်ပြောလျှင်ယောဂီတို့ခန္ဓာကိုယ်ကြီးနှင့်တကွ သားသမီး၊ ဆွေမျိုးဉာတကာ၊ မိတ်ဆွေသင်္ဂဟ၊ ပစ္စည်းဥစ္စာ၊ တိုင်းကား ပြည်ရွာ အားလုံးတို့ဟာ သံယောဇနိယတွေပဲပေ့ါ"

"ယောဂီတို့ ဒီလောက်ဆိုလျှင် သံယောဇနိယကို သဘောပေါက်လောက်ပြီပေ့ါနော်၊ ယခုဆိုရင်ယောဂီတို့ သံယောဇဉ် နှင့် သံယောဇနိယ နှစ်မျိုးကို ခွဲခြားသိသွားပြီ၊ ဒီနှစ်မျိုးမှာ ဘယ်ဟာကြောက်ရမှာလဲဆိုတော့ သံယောဇဉ်ကို ကြောက်ရမှာပဲ၊ သံယောဇနိယကို ကြောက်ရမှာမဟုတ်ဘူး၊ ပယ်ရမှာလည်း သံယောဇဉ်ကိုပဲ ပယ်ရမှာပဲ၊ ယခုခေတ် တရားအားထုတ်သူ အများဆုံး ပယ်နေတဲ့ ပယ်မှားဖြစ်တဲ့ သံယောဇနိယ တရားတစ်ခုကတော့ ဝေဒနာပဲ"

"ယောဂီတို့၊ ဝေဒနာကို ပြန်ကြည့်ပါ၊ သံယောဇဉ်ဆယ်ပါးထဲမှာ ပါသလား၊ သို့မဟုတ် သံယောဇနိယထဲမှာ ပါသလား၊ ဟော…သံယောဇနိယထဲမှာပါတယ်မဟုတ်လား၊ အဲဒါယခုယောဂီတစ်ရာမှာ (၉၉) ယောက်ဟာဝေဒနာကုန်အောင်အားထုတ်သတဲ့၊ သံယောဇဉ်ကုန်အောင်တော့ အားမထုတ်ဘူး၊ ယောဂီတို့ စဉ်းစားပါ၊ အားထုတ်မှားလား၊ အားထုတ်မှန်လားလို့၊ ပယ်တဲ့ ဝေဒနာကလည်း ဒုက္ခဝေဒနာတဲ့၊ သုခဝေဒနာတော့ မပယ်ဘူး၊ ငြိမ်ပြီး ခံစားနေတယ်"

"ယောဂီတို့၊ ဝေဒနာဆိုတဲ့တရားဟာ သံယောဇနိယတရားပဲ၊ အရှုခံ အကြည့်ခံတရားပဲ၊ သူက ယောဂီတို့ကို တရားပြရအောင် ပေါ်လာတာပဲ၊ အဲဒါ ယောဂီတို့က နင်လွှတ်လို့ တိုက်ထုတ်လို့ တော်ပါ့မလား၊ သူ့ကို ကြည့်ရှုမှားများပြီး သူရဲ့အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်ကိုမြင်မှ ယောဂီတို့မှာ သူ့အပေါ်တွယ်တာတဲ့သံယောဇဉ်ပြုတ်မှာ၊ သို့မဟုတ်လျှင် သံယောဇဉ် ပြုတ်ပါ့မလား"

ဤသို့ စသည်ဖြင့် မိမိသည် သံယောဇဉ်နှင့် သံယောဇနိယအကြောင်းကို ဘုရားဟောသုတ္တန်များ အကိုးသာဓကပြ၍အကျယ်တဝင့် ရှင်းလင်းပြောပြလိုက်၏။ နောက်နေ့ တရားပွဲမစမီ ယောဂီဒကာတစ်ယောက်က ရောက်လာလျှောက်ထား၏။

"ခုမှ အထင်ကြီး ပျောက်သွားတယ်"

"ဘာဖြစ်လို့ ခုမှ အထင်ကြီး ပျောက်သွားတာလဲ"

"ဦးပဉ္စင်း မနေ့ညက သံယောဇဉ်နှင့် သံယောဇနိယ ခွဲခြားဟောလိုက်တော့မှ အထင်ကြီး ပျောက်သွားတယ်"

"နဂိုတုန်းက ဘယ်လို အထင်ကြီးထားလို့လဲ"

"နဂိုတုန်းကတော့ ကိုယ့်ကိုယ်ကို တော်တော် အဆင့်မြင့်မြင့် ထင်ထားတာပေါ့ဘုရား"

"အဆင့်မြင့်မြင့်ဆိုတာက သောတာပန်၊ သကဒါဂါမ် စသည်ပေါ့လေ၊ ဟုတ်လား"

"တင်ပါ့၊ အဲဒီလိုပဲ ဆိုပါတော့ဘုရား"

"ဒါဖြင့် မင်းဥစ္စာက မှန်မကြည့်ခင်တုန်းကတော့ ငါအလှဆုံးပဲ၊ မှန်လည်းကြည့်ရော ငါအကျည်းတန်ဆုံး ဆိုတာလိုဖြစ်နေပြီပေါ့၊ ခုလည်း "ဓမ္မဒါသ - တရားမှန်" ဆိုတာ ဒါပဲ၊ တရားမှန် မကြည့်ခင်တုန်းကတော့ သောတာပန်လားဟ၊ သကဒါဂါမ်လားဟ၊ အနာဂါမ်လားဟ ပေါ့လေ၊ ဒါတောင် ရဟန္တာဆိုတာ လူ့ဝတ်နှင့် မရှိကောင်းလို့ ရှိကောင်းရင် ရဟန္တာအထိတောင် တက်ပြီး ထင်ချင်ထင်ဦးမှာ၊ ဓမ္မဒါသဆိုတဲ့ သံယောဇဉ်နှင့် သံယောဇနိယ တရားမှန်လည်းကြည့်ရရော "ငါ ဘာမှမဟုတ်သေးပါလား" လို့ ဆိုတာ အမှန်မြင်မသွားဘူးလား"

"တင်ပါ့၊ အမှန်မြင်သွားပါပြီဘုရား"

"ဒါပေမဲ့ စိတ်တော့ အားငယ်မသွားနဲ့နော်၊ ပိုပြီး အားရစရာကောင်းတယ်လို့သာ မှတ်ထား၊ ဘာဖြစ်လို့လဲဆိုတော့ "သောတာပန် စသည် မဟုတ်သေးတာတောင်မှ ဒီလောက် ကိုယ်စိတ်ချမ်းသာရပါလျှင် သောတာပန် စသည်ဖြစ်ပါက ဘယ်လောက်များ ချမ်းသာလိုက်မလဲ" လို့ မျှော်မှန်းပြီး ကြိုးစားဖို့ အမှန်သိသွားတာပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီသံယောဇဉ်နှင့် သံယောဇနိယ တရားနှစ်ပါးကို အားထုတ်သူတွေဟာ ကွဲကွဲပြားပြား မသိတာများတယ်"

"ဟုတ်တယ်ဘုရား၊ တပည့်တော် တရားအားထုတ်တာပဲ တော်တော်ကြာပြီဘုရား၊ မြို့ပေါ်မှာရှိတဲ့ ရိပ်သာတွေလည်း စုံပါပြီ၊ မသိခဲ့ရပါဘူး၊ ခုမှပဲ သိရပါတယ်"

"အဲဒီလို မသိတော့ အပယ်မှား၊ ရှုပွားအားထုတ်မှုမှားတွေ ဖြစ်ပြီး အကျိုးမရတဲ့အပြင် တစ်ချို့ရှုးသွပ်သွားတယ်၊ တစ်ချို့အယူမှား မိစ္ဆာဒိဋ္ဌိ ဖြစ်သွားတယ်"

"ဖြစ်သွားတာပေါ့ဘုရား၊ ဝေဒနာမကုန်ဘဲ ဝေဒနာကုန်တယ်လို့ယူတော့ အယူမှားပဲဟာ၊ ဝေဒနာက အနှောင်အဖွဲ့ခံ သံယောဇနိယပဲ၊ ကုန်နိုင်တာမှ မဟုတ်တာ၊ ဝေဒနာမှာ သွားချည်တဲ့၊ ဖွဲ့တဲ့တရားကမှ သံယောဇဉ်ပဲဟာ၊ ဒီနှောင်ဖွဲ့တဲ့ သံယောဇဉ် ကုန်ရမှာပဲ မဟုတ်လားဘုရား"

"အင်းပေါ့၊ ဒါနဲ့ ပြောရင်းတောင် သုတ်တစ်သုတ် သတိရလာတယ်"

"အမိန့်ရှိပါဦးဘုရား"

## ဗန္ဓနာသုတ်

"အခါတစ်ပါး ဘုရားရှင်ဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူတယ်၊ တစ်နေ့ ရဟန်းတော်တွေဟာ သာဝတ္ထိပြည်ထဲ ဆွမ်းခံကြွပြီး ပြန်ရောက်တော့ ဘုရားရှင်ကို လျှောက်ထားကြတယ်"

"အရှင်ဘုရား၊ ပသေနဒီ ကောသလမင်းကြီးသည် လူအများအပေါင်းကို နှောင်ဖွဲ့ထားအပ်၏၊ အချို့သောသူတို့ကို ကြိုးတို့ဖြင့်၊ အချို့သောသူတို့ကို လက်ထိပ်တို့ဖြင့်၊ အချို့သောသူတို့ကို သံခြေကျင်းတို့ဖြင့် နှောင်ဖွဲ့ထားအပ်ပါကုန်၏"

"ရဟန်းတို့၊ သံဖြင့်ပြုအပ်သော အနှောင်အဖွဲ့ကိုလည်းကောင်း၊ သစ်သားဖြင့်ပြုအပ်သော အနှောင်အဖွဲ့ကိုလည်းကောင်း ခိုင်မြဲသောအနှောင်အဖွဲ့ဟူ၍ ပညာရှိတို့ မဆိုကုန်၊ ကျောက်မျက်ရတနာ နားတောင်းတို့၌လည်းကောင်း၊ သားသမီးတို့၌လည်းကောင်း၊ မယားတို့၌လည်းကောင်း အလွန်အမင်း နှစ်သက်သည်ဖြစ်၍ အကြင်ငဲ့ကွက်ခြင်းသည် ရှိ၏"

"ရဟန်းတို့ အပါယ်သို့ ဆောင်တတ်သော၊ လျော့သော၊ အဖြေခက်သော၊ ထိုငဲ့ကွက်ခြင်း အနှောင်အဖွဲ့ကို မြဲသော အနှောင်အဖွဲ့ဟူ၍ ပညာရှိတို့ ဆိုကုန်၏၊ ပညာရှိတို့သည် ထိုအနှောင်အဖွဲ့ကိုလည်း ဖြတ်ကုန်၍ ကာမဂုဏ်ချမ်းသာကို ပယ်လျက် ငဲ့ကွက်ခြင်းမရှိကုန်ဘဲ ထွက်မြောက်ကုန်၏"

(ဗန္ဓနာသုတ် - ကောသလသံယုတ်)

"ဒီမှာဆိုရင် ငဲ့ကွက်စရာ သားသမီး စသည်က သံယောဇနိယပေါ့ဘုရား၊ ငဲ့ကွက်မှုက သံယောဇဉ်ပေါ့ဘုရား"

"အေး... ဟုတ်ပြီ ဟုတ်ပြီ၊ မင်း အဲဒီလို သဘောပေါက်လျှင် တရားမဝေးတော့ဘူး၊ ကြိုးစား"

"တရားပွဲ အချိန်နီးပြီထင်တယ်"

"အင်း... (၇) နာရီထိုးဖို့ (၅) မိနစ်ပဲ လိုတော့တယ်"

"တပည့်တော် ဦးတင်ပါတယ်ဘုရား"

✦ သံယောဇဉ်မျိုး၊ ဆယ်မျှင်ကြိုး၊ ဖြတ်ချိုးနိုင်ကြပါစေသော်။

✦ သံယောဇဉ်ကုန်၊ နိဗ္ဗာန်ဘုံ၊ ခိုလှုံကပ်ရောက်နိုင်စေသော်။

# အိမ်မှာထားရမှာ ရှက်လို့တဲ့

## (၃၅)

မိမိသည် သူတစ်ပါးတို့အား တရားဟောရမှာထက် သူတစ်ပါးတို့၏ ဟောတရားများကို နာကြားရတာ ပိုမို၍ နှစ်သက်သည်။ သူတစ်ပါးတရားများကို နာကြားချင်သည်။ သူတစ်ပါးတို့အားလည်း တရားနာကြားဖို့ အကျိုးတရားလင်္ကာများ ချပေး၍ တိုက်တွန်းလေ့ ရှိသည်။

၁။ နာကြားများလျှင် သဒ္ဓါရှင် ဉာဏ်မြင်သိတိုးမည်၊

၂။ သိတိုင်းကျင့်က နိဗ္ဗာန်ရ သုခကောင်းကျိုးစည်၊

၃။ မနာမကြား သဒ္ဓါပါး၊ ဉာဏ်ရှား သိတုံးမည်၊

၄။ အသိတုံးက မှားပြုကြ ဒုက္ခမဆုံးပြီ။

ယင်းသို့ မိမိသည် သူတစ်ပါးတို့လည်း တရားရအောင် တိုက်တွန်းလျက်၊ မိမိကိုယ်တိုင်လည်း လျော်ကန်သင့်မြတ်လျှင် အမြဲပင် နာကြားလေ့ရှိ၏။ လူကိုယ်တိုင်ဟောတာ မရသော် တိတ်ခွေအဆင့်ဆင့်က တိတ်ခွေတရားကိုပင် နာကြား၏။ နာကြားခြင်းသည် ကိုယ့်အတွက် အကျိုးများစွာရှိသည် မဟုတ်ပါလော။ အကျိုးရှိသော နာကြားမှုကို နာကြားသင့်သည် မဟုတ်ပါလော။

ယင်းသို့ တရားဝါသနာပါသူ မိမိသည် တစ်ခါက ကြုံ၏။ ရွာကြီးတစ်ရွာသို့ တရားဟော အဖွဲ့တစ်ဖွဲ့ ရောက်လာ၏။ ယင်းတွင် နိုင်ငံကျော် ရိပ်သာဆရာတော်ကြီး ခေါင်းဆောင်၏။ ဝိပဿနာတရားပြအဖွဲ့ ဖြစ်၏။ မိမိမှာ ထိုစဉ်မရှိ၊ ပြန်ရောက်လာသော် သတင်းကြား၏။ သို့နှင့် ပြန်ရောက်လျှင် နီးစပ်သူ ဒကာတစ်ယောက်အား မေးကြည့်သည်။

"ဒကာကြီး ကိုမူတို့ တရားတွေ အသံဖမ်းမထားဘူးလား"

"ဖမ်းတော့ထားတယ်ဘုရား၊ ယခုတော့ အကုန်မရှိတော့ဘူး၊ တချို့ဖျက်ပစ်လိုက်ပြီတဲ့"

"ဟာ ... ဘာဖြစ်လို့ ဖျက်ပစ်လိုက်ရတာလဲ၊ ဦးပဉ္ဇင်းတောင်မှ မနာရသေးဘဲဟာ"

"ဖျက်ပစ်တာက ဒီလိုပါဘုရား၊ ဟောတာက လေးပါးဟောတယ်၊ တစ်ပါးက အဲဒီမှာပါတဲ့ ဆရာတော်ကြီးရဲ့ဂုဏ်ပုဒ်တွေကိုပဲဟောတယ်၊ တရားတစ်လုံးမှ မပါဘူး၊ ဒါကြောင့် အဲဒါလည်း ဖျက်ပစ်တယ်၊ တစ်ပါးကတော့ တရားဟောပါတယ်၊

အသံဆွဲလွန်း၊ ညှုလွန်း၊ ခရာလွန်း၊ တာလွန်းလို့ "အိမ်မှာထားရမှာ ရှက်လို့တဲ့" ဘုရား၊ ဖျက်ပစ်တယ်၊ ဆရာတော်ကြီးနဲ့ နောက်တစ်ပါး ဟောတာတော့ ရှိသေးတယ်"

"ဟ ... ဘယ်နယ့်လဲ၊ တရားပဲ အိမ်မှာထားရမှာ ရှက်ရမှာလဲ၊ မှောင်ခိုပစ္စည်းမှ မဟုတ်ဘဲဟာ"

"အမယ်လေး အရှင်ဘုရား၊ အဲဒီတရားက မှောင်ခိုပစ္စည်းထက် ဆိုးတယ်ထင်လို့ ကိုမူက ဖျက်ပစ်တာပေါ့ အရှင်ဘုရား"

"အိမ်မှာထားရမှာ ရှက်လောက်အောင် ဟောတဲ့တရားက ဘာတရားမို့လဲ ဒကာကြီး၊ ပြောစမ်းပါဦး"

"သံယောဇဉ်ဖြတ်တရားတဲ့ဘုရား"

"ဟ... သံယောဇဉ်ဖြတ်တရားဆိုတာ သာသနာတော်မှာ အရေးအကြီးဆုံး တရားပဲဟာ၊ ဘယ့်နယ် အိမ်မှာထားရမှာ ရှက်ရတာလဲ၊ မိုက်ပါဘိနယ်"

"အရှင်ဘုရားမှ မနာရဘဲဟာ၊ တကယ်ပဲ နားရှက်စရာကောင်းတယ်၊ ညီအစ်ကို မောင်နှမ သားအမိတစ်စု မျက်နှာစုံ ညီနာဖို့တောင် မသင့်ဘူး၊ သံယောဇဉ်ဖြတ် တရားသာ ဆိုတယ်၊ ဟောသူကိုယ်တိုင်က ကာမရာဂ သံယောဇဉ်၊ ဒိဋ္ဌိသံယော ဇဉ်၊ အဝိဇ္ဇာသံယောဇဉ်တင်းလင်းနဲ့ ဟောထားတာပဲဟာ၊ ဘယ်မှာ သံယောဇဉ်ပြတ်မှာလဲ၊ အမည်ပဲရှိတယ်ဘုရား"

"ဟင် ... ဘယ်နယ့်လဲ၊ ဒီအဖွဲ့က နိုင်ငံကျော် ဝိပဿနာ တရားပြရိပ်သာအဖွဲ့ မဟုတ်လား၊ ဆရာတော်ကြီးကိုယ်တိုင် လည်းပါတယ်၊ ဆရာတော်ကြီးကတောင် မရှက်လို့ဟောခိုင်းတာ၊ ဒကာက ရှက်ရသတဲ့လား၊ အင်း ... ဒီဆိုလိုရင်တော့ ဝိပဿနာ သာသနာတော့ သွားပြီ၊ ရေစုန်မျောပြီ"

"မျောရင် အရှင်ဘုရားတို့ပဲ လိုက်ဆယ်ပေါ့"

"မလုပ်နဲ့၊ မလုပ်နဲ့၊ မဃဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားကြီး ရေးထားတာ ရှိတယ်"

"ဘယ်လိုပါလဲဘုရား၊ အမိန့်ရှိပါဦးဘုရား"

"ပမာတဆစ်၊ ရေနစ်သူအား၊ ကြင်သနား၍၊ ဆယ်မှားသောနယ်၊ ရေဝယ်စုန်းစုန်း၊ နှစ်ယောက်လုံးဆိုင်၊ ပြိုင်၍ နစ်သို့" တဲ့။

"အဲဒီလို ရေးထားတယ်၊ တော်တော်ကြာ ဆယ်ရင်းနဲ့ ဦးပဥ္စင်းပါ ရေနစ်နေမှ အခက်ပဲ၊ အသက်ကြီး၍ ဘုန်းကြီးပြီး နိုင်ငံကျော်လာလျှင် အရှက်မရှိ အလင်္ကာဖြစ်တတ်တယ်တဲ့၊ အဲဒီ အရှက်မရှိ အလင်္ကာအင်္ဂါကို ကျမ်းဂန်မှာ ပြထားတာရှိတယ်၊ ဦးပဥ္စင်းတို့လည်း ခုဆိုကြီးလာပြီ၊ တော်တော်ကြာ အဲဒီ ဆရာတော်ကြီးလို အရှက်မရှိမှအခက်ပဲ"

"အဲဒီ အလင်္ကာအင်္ဂါကို အမိန့်ရှိပါဦးဘုရား၊ မှတ်သားထားပါရစေ"

"ဘုန်းကံကြီးမား၊ ခြွေရံများ၍၊ ပါးရားသဒ္ဓါ၊ သက်ဝါကြီးမင်း၊ စာခေါင်ချင်းဟု၊ ငါးခင်းအညီ၊ အလင်္ကာ၊ တိုက်ကျီအိမ်တွင်း၊ မီးထွန်းလင်း၍၊ အတင်းဝင်လျှိုး၊ ဖြူအောင်ခိုးသည့်၊ သူခိုးအလား၊ ဘုရားရွှေစက်၊ ပေအောင် ဖျက်သည်၊ ရှင်ဖျက်အလင်္ကာ၊ မိုက်ကြီးတည်း"

(လယ်တီဆရာတော်)

"ဟာ ... သိပ်မှန်ပါလားဘုရား၊ အဲဒီအထဲ အရှင်ဘုရားမပါဖို့ အရေးကြီးတယ်ဘုရား၊ အရှင်ဘုရားကလည်း တရား ဟောနေတာ၊ အဲဒီအင်္ဂါနဲ့ အရှင်ဘုရားနဲ့ နီးစပ်တယ်ဘုရား"

"အင်း ... ဒါကြောင့် ဦးပဥ္စင်းက လိုက်မဆယ်ရဲဘူးလို့ စောစောတည်းက မပြောဘူးလား"

"တပည့်တော်က လူ့အပဲ ဘုရား၊ ဘယ်သိမလဲ"

"ဦးပဥ္စင်းက သူများတရားလည်း နာတယ်၊ အဲဒီတရားမှာ ခုလို သူများတွေ ဝေဖန်တာလည်း မှတ်ထားတယ်၊ ကိုယ်မဖြစ်အောင် ရှောင်တယ်၊ တရားဟောနည်း စာအုပ်တွေလည်း ဖတ်တယ်၊ အဲဒီအတိုင်း အတတ်နိုင်ဆုံး လိုက်နာသင့်တာ လိုက်နာ၊ ရှောင်သင့်တာ ရှောင်တယ်"

"ဘယ်လိုပါလဲဘုရား၊ အမိန့်ရှိပါဦး"

"စာအုပ်ထဲအတိုင်းတော့ အတိအကျ မပြောနိုင်ဘူး၊ နီးစပ်အောင်တော့ ပြောမယ်"

"ပြောနိုင်သလောက် ပြောပါဘုရား"

"ဟောပြောသူတို့ကား နည်းကောင်းများကို အသုံးမပြုကြဘဲ ကျပမ်းဆိုသလို ဟောကြ၏၊ အများအားဖြင့် စကားသွက်၍ အသံကောင်းက အဟောကောင်း ဖြစ်ကြလေသည်"

"ရဟန်းတော်များလည်း ထိုနည်းကောင်းများကို ဂရုမစိုက်ဘဲ ရေး၍ထားသော တရားစာများ၊ စာအုပ်များ၌ ပါသော တရားများကို ကျက်မှတ်ကာ အသံနေ အသံထားကိုသာ အရေးတကြီး ဂရုစိုက်ကြလေသည်"

"၎င်းတို့ ဟောပြောနေသော တရားများမှာ စာတ်စက်၌ ပါသော တေးနင့်တူရာ တရားနာပရိသတ်များမှာ အဟုတ်တကယ် တရားမရ၊ ပရိသတ်၏စိတ်ကို ထိခိုက်လှုပ်ရှားခြင်းမရှိ၊ ဟောနေခိုက်၊ နာနေခိုက်မှာသာ နားထောင်ကောင်းသဖြင့် သာယာနေခြင်းမျှသာ အကျိုးရှိလေသည်"

"မိုးညှင်းဆရာတော်၊ လယ်တီဆရာတော်စသည့် ပုဂ္ဂိုလ်ကြီးများသာလျှင် တရားကို နာသူများ၏ အိမ်သို့ ပါသွားအောင် ဟောနိုင်ကြလေသည်"

"တယ်မှန်ပါလားဘုရား၊ ဒီစာအုပ်ဟာ လယ်တီဆရာတော်တို့ခေတ်က စာအုပ်နဲ့ တူတယ်"

"ရေးသူက ပီမိုးနင်းဆိုတော့ အဲဒီခေတ်မိမှာပေါ့၊ ဒါ့ကြောင့် ကိုယ်တိုင်လေ့လာရေးလို့ မှန်တာပေါ့"

"ဦးပဥ္စင်းလည်း ရှက်စရာဖြစ်လောက်အောင် အသံမလုပ်ပါနဲ့နော်"

"ဦးပဥ္စင်းကိုတော့ လူတွေက တစ်မျိုးကဲ့ရဲ့တယ်"

"ဘယ်လိုလဲဘုရား"

"ဒီဘုန်းကြီး တရားဟောတာကလည်း အေးရှော့ရှော့နဲ့၊ ရယ်စရာလည်း မပါ၊ အသံလည်း မကောင်းနဲ့ အိပ်ချင်လိုက်တာတဲ့"

"ဦးပဥ္စင်း ဘယ်လိုကြားသလဲ"

"ကြားတဲ့လူက တစ်ဆင့်ပြောလို့ သိတာပေါ့ဒကာကြီးရဲ့၊ ကဲ ... နောက်မှ ဒကာကြီး ဆရာတော်နစ်ပါး တရားလာပို့ ညောင်းပြီ၊ သွားတော့"

✦ ဗုဒ္ဓတရား၊ ရိုးရိုးသား၊ အများသိအောင် ဟောနိုင်သော်။

✦ အဆန်းဟောကြား၊ အပါယ်လား၊ ရှောင်ရှားနိုင်ကြပါစေသော်။

# အိုးကြမ်းကွဲတွေ ရေလောင်းနေတယ်ဆို

(၃၆)

"ဘုရားစကားတော်ဖြစ်သော ပိဋကတ်တရားတော်ကိုလည်း သင်အံသရဇ္ဈာယ်လော့၊ ကမ္မဋ္ဌာန်းတရားတို့ကိုလည်း နှလုံးသွင်းလော့၊ သာသနာတော်၌ ဤသို့ သဘောရှိသော ရဟန်းကို တရားဖြင့် နေလေ့ရှိသော ရဟန်း မြတ်ဟူ၍ ဘုရားရှင် ဟောကြားတော်မူအပ်၏။

(စတုရာရက္ခကျမ်း)

ယင်းဂါထာမှာ သာသနာပြုထုံးတမ်း၊ စနစ်၊ စည်းကမ်း၊ နည်းလမ်းမှန်ကို ပြသော ဂါထာဖြစ်၏။ မှန်၏။ ရှေးယခင်က ဆရာတော် သံဃာတော်တို့သည် ပရိယတ္တိသင်ကြားပို့ချရင်း ပဋိပတ္တိကို ဖြည့်ကျင့်ခဲ့သဖြင့် သာသနာတော်မှာ နေလိုလလို ထွန်းလင်းတောက်ပခဲ့၍ သာသနာ့ဒါယကာ ဒါယိကာမတို့မှာလည်း ကိုယ်ကျင့်တရား အထူးကောင်းကြ၏။

ယခုခေတ်တွင်မူ ပရိယတ္တိသာသနာကား တခြား၊ ပဋိပတ္တိသာသနာကား တစ်ဖုံလိုဖြစ်နေပြီ၊ ပရိယတ္တိလမ်းနှင့် ပဋိပတ္တိလမ်းမှာ အချင်းချင်း အပြန်အလှန် မစပ်ဟပ်မိဖြစ်နေသည်။ ယင်းသို့ မစပ်ဟပ်မိ ဖြစ်နေခြင်းသည် သာသနာတော် ဆုတ်ယုတ်ပျက်စီးခြင်း၏ အဓိကအကြောင်းရင်းဖြစ်တော့၏။

သို့ဖြစ်၍ ယခုခေတ် သာသနာပြုနည်းမျိုးကို အမြင်မကျယ်သော ဆရာတော်အချို့က မကြိုက်နှစ်သက်။ မိမိကိုယ်တိုင် တစ်ချိန်က ဆရာတော်တစ်ပါးနှင့်တွေ့၍ ထုံးတမ်းစနစ် စည်းကမ်းပြ၍ ဆုံးမဩဝါဒမှု ရခဲ့ပါ၏။

"ဟေ ... မောင်ပညာဇောတ၊ မင်း အိုးခြမ်းကွဲတွေ ရေလောင်းနေတယ်ဆို"

မိမိမှာ ဆရာတော်ကြီး အမိန့်ရှိသည်ကို နားမလည်။ ဆိုလိုသည့် အဓိပ္ပာယ်ကို မရှင်းလင်း။ သို့နှင့် ဆရာတော်ကြီးအား ထပ်၍ မေးလျှောက်ရ၏။

"ဆရာတော်ဘုရား ထပ်အမိန့်ရှိပါဦးဘုရား၊ တပည့်တော် နားမလည်၊ ဆိုလိုသည့်အဓိပ္ပာယ် မသိပါဘုရား"

"မောင်ပညာဇောတ မင်း တရားဟောနေတယ်မဟုတ်လား"

"မှန်ပါဘုရား၊ အသင့်အတင့် အနည်းအပါးလောက်တော့ ဟောပါတယ်ဘုရား၊ နယ်လှည့်မွေ့ကထိကတော့မဟုတ်ပါ အရှင်ဘုရား"

"တရားဟောတာ အိုးခြမ်းကွဲတွေ ရေလောင်းတာပေါ့ကွယ် မောင်ပညာဇောတရဲ့"

မိမိမှာ ယင်းသို့ ဆရာတော်ကြီး ထပ်အမိန့်ရှိသော်လည်း အဓိပ္ပာယ်မရှင်းလင်း၊ မသိနားမလည်ပါ၊ ထိုစဉ် ဆရာတော်ကြီးက ဆက်၍ အမိန့်ရှိပြန်၏။

"တို့ ဆရာတော်ကြီးတစ်ပါး တရားဟောတော့ အခြားဆရာတော်ကြီးတစ်ပါးက ပြောတယ်ကွယ့်"

"အမိန့်ရှိပါဘုရား"

"မောင် (...)ရယ် မင်းစာချနေတုန်းက ငါဖြင့် "မောင် (...) ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ သာသနာတော်အကျိုး သယ်ပိုးနိုင်ပါစေ" လို့ မေတ္တာပို့လိုက်ရတာ နေ့ရောညပါ အမောပဲ၊ ယခု မောင် (...) တရားဟောနေတယ်ကြားတော့ အိုးခြမ်းကွဲတွေ ရေလောင်းနေတာမို့ ငါ မေတ္တာမပို့တော့ဘူး"

"မောင်ပညာဇောတလည်း ယခု တရားဟောနေတော့ အိုးခြမ်းကွဲ ရေလောင်းနေတယ်လို့ တို့ပြောတာပဲကွယ့်"

မိမိမှာ ယင်းသို့ ပြောပြတော့မှ နားလည်တော့၏။ အဓိပ္ပာယ် ရှင်းလင်းတော့၏။ မှန်၏။ တရားဟောခြင်း၊ တရားပြခြင်းဖြင့် သာသနာပြုသည်မှာ အများအားဖြင့် လူများကို ပြုရခြင်းဖြစ်၏။ လူများမှာ ဃရာဝါသ ကိစ္စများရကား ယင်းတရားများကို မဆောင်ထားနိုင်၊ မမှတ်ထားနိုင်။

တရားနာကြားစဉ်ခဏ၌ပင်တရားနား၌မတည်ချင်၊ နာပြီးပါမူကားအားလုံးပျောက်တော့၏။ အိုးခြမ်းကွဲထဲရေလောင်းလျှင် လောင်းဆဲလည်း မတည်၊ လောင်းပြီးလည်း ကုန်သလိုဖြစ်လို့ တရားဟောရခြင်း၊ တရားပြခြင်း သက်သက်ဖြင့် သာသနာပြုခြင်းကို အိုးခြမ်းကွဲတွေ ရေလောင်းနေတယ်ဟု ဆိုခြင်းဖြစ်၏။

စာချခြင်းဖြင့် သာသနာပြုနေသည်မှာ လုံခြုံကြီးမားသော ရာဝင်အိုးကြီးထဲသို့ ရေလောင်းနေတာနှင့် တူ၏။ မှန်၏။ ရာဝင်အိုးသည် ရေလုံ၏။ ရေအများကြီးဝင်၏။ အရှည်တည်တံ့၏။ ၎င်းမှတစ်ဖန် ခပ်ယူ၍ လိုသလို အသုံးပြုနိုင်သလို ပရိယတ္တိစာတတ်တစ်ပါးရလျှင် အိုးခြမ်းကွဲ ထောင်သောင်းသိန်းသန်းမကကို ရေလောင်းနိုင်၊ ဖြည့်နိုင်သည် မဟုတ်ပါလော၊ သို့နှင့် မိမိသည် ဆရာတော်ကြီးအား ပြန်လည်လျှောက်ထား၏။

"ဆရာတော်ဘုရား၊ တပည့်တော်လည်း တောမှာနေရင်းကိုရင်တစ်ပါး၊ ဦးပဉ္စင်းတစ်ပါးကိုစာချပေးနေပါတယ်ဘုရား၊ တရားဟောတာက တစ်နှစ်မှာ လေးလ.လောက်ပါဘုရား၊ တရားဟောတာ၊ တရားပြတာ အဓိက.မဟုတ်ပါဘူးဘုရား"

ထိုစဉ် အမှန်ပင် မိမိထံတွင် နေလျက်ရှိသော ကိုရင်တစ်ပါးနှင့် ဦးပဉ္စင်းတစ်ပါးအား မိမိ စာချပေးလျက်ရှိ၏။ ကိုရင်မှ ပဉ္စင်းဖြစ်ပြီးနောက် နှစ်ဝါရတွင် ထွက်သွားခဲ့ပြီး၊ ပဉ္စင်းမှ ယခုအခါ တောရွာတစ်ရွာတွင် ကျောင်းထိုင်လျက် ပါဠိတော်များကို ပင် ဟောပြောနိုင်လျက် ရှိ၏။

"အေး အေး ... ကောင်းတယ်၊ ကောင်းတယ်၊ မောင်ပညာဇောတရယ်၊ တရားလည်း ဟောတာပေါ့၊ တရားမဟောရဘူးလို့ မဆိုပါဘူး၊ ပါဠိတော်မှာ ရှိတယ်မဟုတ်လား"

"ရဟန်းတို့၊ ပစ္စည်းလေးပါးတည်းဟူသော အာမိသဒါနအားဖြင့် အမြဲမပြတ် ထောက်ပံ့ကြကုန်သော ထိုလူများအပေါင်းအား တရားဟောခြင်း ဓမ္မဒါနဖြင့် ကျေးဇူးတုံ့ပြန်မှုကို ပြုကြကုန်လော့"

"ဆရာတော် သံဃာတော်တို့သည်လည်းကောင်း၊ ဒကာမတို့သည်လည်းကောင်း မိမိတို့ဆိုင်ရာ ဓမ္မာနုဂ္ဂဟပစ္စယာနုဂ္ဂဟကိစ္စတို့ကို သိမြင်ကြ၍ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီးကို နိဗ္ဗာန်မျက်မှောက် ဆိုက်ရောက်သည့်တိုင်အောင် ချီးမြှောက်နိုင်ကြပါစေကုန်သတည်း"

"မှန်ပါ၊ ရှိပါတယ်ဘုရား၊ တပည့်တော် ယခုတော့ စာချမှု အဓိကပါပဲ၊ တရားဟောမှုက အဓိကမဟုတ်ပါဘုရား"

"အေးအေး…ကောင်းတယ် ကောင်းတယ် မောင်ပညာဇောတရယ်၊ တရားလည်း ဟောပေါ့၊ စာလည်း ချပေါ့၊ စာချမှုကို အဓိကထား၊ တရားဟောမှုကို အဓိကမထားနဲ့"

"တပည့်တော်တို့ တောထဲဆိုတော့ နေချင်တဲ့လူ ရှားတယ်ဘုရား၊ တောကျောင်းမှာက တစ်ထပ်တည်းပဲ စားရတာ၊ ဆွမ်းအုပ်တွေကတော့ ရှိတာမဟုတ်တော့ တစ်ခါတစ်ခါ မမျှတဘူးဘုရား၊ ဒါကြောင့် တောထဲနေပြီး စာတတ်ချင်တဲ့လူ မရဘူးဘုရား၊ ယခု ကိုရင်နဲ့ ဦးပဥ္စင်းတောင် ပြေးချင်လှပြီဘုရား၊ မနည်းဘဲ တရားဟောထားရတယ်ဘုရား"

"အေး အေး . . . အိုးခြမ်းကွဲ ရေလောင်းရင် သတိထားပြီးလောင်း၊ အလောင်းမတတ်ရင် အိုးခြမ်းကွဲ စူးတတ်တယ်၊ လယ်တီပဏ္ဍိတ တရားဟောတော့ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးက ဆုံးမသည့်အနေဖြင့် သတိပေးတယ်"

"တံခါးတွင် ထွက်ဝင်ပေါင်းစပ်၍ အကျဉ်းအကျပ်နေကြသူများသည် ယုတ်မာမိုက်ရူး သုံးဦးသော အစောင့်အရှောက်ကြောင့် လိုရာမရောက်ဘဲ တံခါးပေါက်၌ ကန်ကြောက်တိုးခတ် ပိညှပ်ပျက်စီးကုန်သကဲ့သို့ …"

"ထို့အတူသာလျှင် စက်ဆုတ်ဖွယ်ရှိသော မာရ်နတ်နှင့်တူသော ကုမာရီတည်းဟူသော မာရ်စစ်သားတို့သည် ပေါင်းထွေးရောစပ်၍ ပိညှပ်ကာ ပျက်စီးကုန်လိမ့်မည် ထင်ယောင်တကား…"

"အဲဒီလိုသတိပေးတော့ လယ်တီပဏ္ဍိတကလည်း တရားဟောစိတ် သန်နေလို့နဲ့ တူတယ်၊ ဆရာတော်ကြီးထံ စာပြန်လိုက်တယ် -

"မဟာမြင့်မိုရ်တောင်မင်းကြီးသည် ကမ္ဘာကြီးကို ဖျက်ဆီးသော ကမ္ဘာဖျက်လေကြောင့် တုန်လှုပ်မှုလည်း တုန်လှုပ်လေရာ၏"

"ယင်းသို့ ကမ္ဘာဖျက်လေကြောင့် မြင့်မိုရ်တောင်ကြီး ပျက်စီးတုန်လှုပ်ပါသော်လည်း တပည့်ပဏ္ဍိတသည် ကာမဂုဏ် အာရုံတည်းဟူသော လေအဟုန်ကြောင့် မတုန်လှုပ်တန်ရာပါဘုရား"

"အဲဒီလို စာပြန်ပြီး ဘကြာမလဲ ၁၂၆၉ - ခုနှစ်၊ တပို့တွဲလဆန်း (၉) ရက်နေ့မှာ လယ်တီပဏ္ဍိတဟာ အိုးခြမ်းကွဲ စူးရှခံသွားရရှာတယ်"

"ဆရာတော်အမိန့်ရှိတာနဲ့ တပည့်တော် တရားဟောရမှာတောင် ကြောက်သွားပြီဘုရား၊ တောထဲမှာ ကုတ်နေတာပဲ ကောင်းတယ်နဲ့ တူပါတယ်ဘုရား"

"ကြောက်တော့ မကြောက်နဲ့ပေါ့၊ သတိထားဖို့ပြောတာ၊ တရားဟောတာက ရသေ့ရဟန်းတို့ရဲ့ တံခွန်လို့ ပါဠိတော်မှာ ဆိုတယ်မဟုတ်မလား -

"လူမိုက်တို့ ရောထွေးနေသောပညာကို မဟောပြောသည်ရှိသော် ပညာရှိဟု မသိနိုင်ကုန်၊ ဘုရားရှင်ဟောတော်မူသော အမြိုက်နိဗ္ဗာန်တရားကို ဟောပြောသော်မှသာလျှင် ပညာရှိဟု သိနိုင်ကုန်၏"

"ထို့ကြောင့်ရသေ့ရဟန်းတို့၏တံခွန်ဖြစ်သောတရားကိုဟောပြောရာ၏၊ ထွန်းပြရာ၏၊ ချီးမြှောက်ရာ၏။ ရသေ့ရဟန်းတို့သည် ကောင်းစွာဟောကြားခြင်းတည်းဟူသော တံခွန် ရှိကုန်၏။ မှန်၏။ တရားတော်သည် ရသေ့ ရဟန်းတို့၏ တံခွန်အောင်လံ ဖြစ်၏"

"မှန်ပါ၊ ဆိုထားပါတယ်ဘုရား"

"ဒါကြောင့် တရားလည်း ဟောတဲ့အခါ ဟော၊ သို့ပေမဲ့ တရားဟောမှု အဓိကမထားနဲ့၊ စာချမှု အဓိကထား၊ ရဟန်း ပရိသတ်နဲ့ နေ၊ ပရိသတ်ရှိတာ ကိုယ့်သီလ တစ်ဝက်လုံတယ်ကွဲ့၊ အိုးခြမ်းကွဲ ရုတ်တရက် မစူးနိုင်ဘူး၊ ပရိသတ်မရှိလျှင် အိုးခြမ်း ကွဲ အစူးမြန်တယ်"

"မှန်ပါဘုရား"

"ကဲ ... သွား ... သွား၊ ညောင်းရော့မယ်"

"ဤဘုရားရှင် သာသနာတော်၌ ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်းစသည်တို့ ဝမ်းစာရှာမှီးရခြင်း မရှိပေ။ စာပေသင်ကြား မှု၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းမှု တာဝန်နှစ်ခုကို အားထုတ်ရခြင်းကိစ္စသာ ရှိချေ၏။ ထိုကိစ္စနှစ်ပါးကို အခြားသောဗာဟီရကိစ္စတို့ ဖြင့် မယုတ်မလျော့စေရာ"

(စတုရာရက္ခကျမ်း)

# ဒီလိုဆို ဘာပြောရပ့ါမလဲ

## (၃၇)

တစ်ချိန်က ဖြစ်ခဲ့၏။ မိမိနေထိုင်ရာ တောရကျောင်း ဆွမ်းခံရွာ တစ်ရွာမှ ယောဂီများက တရားဟောပါရန် တောင်းပန်၍ တရားဟော၏။ ယောဂီများမှာ ဟိုဟိုဒီဒီ ရိပ်သာမျိုးစုံမှ ရိပ်သာပြန် ယောဂီများဖြစ်၏။ အသစ်မှု နည်းပါး၏။

သို့နှင့် မိမိသည် ယောဂီဟောင်းများနှင့် လျော်အောင် တရား ခပ်မြင့်မြင့်ဟောပေး၏။ ထို့နောက် တစ်ဖန် ယောဂီများ မပြောသင့်သော တိရစ္ဆာနကထာ(၃၂)ပါးကို ဟောပေး၏။

"ယောဂီတို့၊ ယောဂီတို့မပြောသင့်သောတိရစ္ဆာနကထာ တိရစ္ဆာန်စကား (၃၂)ပါး ရှိတယ်။ တိရစ္ဆာန်လို့ ခေါ်တာက မြန်မာစကားစစ်စစ် မဟုတ်ဘူး၊ပါဠိက ဆင်းသက်တဲ့ အခေါ်ပဲ။ တိရစ္ဆာန် ဆိုတာကို မြန်မာလို သေသေချာချာခေါ်ရင် ဖီလာသွားသော သတ္တဝါပဲ။ မဂ်ဖိုလ်မှ ဖီလာကန့်လန့်သွားတတ်တဲ့ သတ္တဝါပေါ့"

"သူတို့ရဲ့ပကတိသွားလာပုံမှာလည်း လူတို့သွားလာပုံနဲ့ဆိုတော့ ကန့်လန့်ပဲမဟုတ်လား၊ ပြီးတော့ သူတို့ရဲ့နေထိုင်ကျင့်သုံးပုံကလည်း မဂ်ဖိုလ်ရောက်ကြောင်းနှင့် ဖီလာကန့်လန့်ပဲ မဟုတ်လား၊ သူတို့က တစ်နေ့ တစ်နေ့ အိပ်တယ်၊ စားတယ်၊ မေထုန်မှီဝဲတယ် အဲဒီအလုပ် သုံးလုပ်ပဲလုပ်တယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း သူတို့ ဘာလုပ်သလဲဆိုတော့ ဘာမှ မလုပ်ဘူး"

"လူမိုက်ကလည်း မဂ်ဖိုလ်ရောက်ကြောင်းမလုပ်ဘူး၊ အိပ်တယ်၊ စားတယ်၊ မေထုန်မှီဝဲတယ်၊ ဒီသုံးလုပ်ပဲ လုပ်တယ်၊ ဒါကြောင့် လူမိုက်နှင့် တိရစ္ဆာန် တန်းတူထားပြီး "လူမိုက် တိရစ္ဆာန်၊ နိဗ္ဗာန်စကား အလွန်ခါး၏" လို့ ဆိုတာပေါ့"

"ယောဂီတို့၊ လူရယ်လို့ဖြစ်လာရင်လည်း မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ကြိုးစားအားထုတ်မှပေါ့၊ သို့မဟုတ်ရင် အိပ် - စား - ကာမ နှင့် အချိန်ကုန်နေပါက မိမိတို့ ဘယ်လိုအစားထဲဆိုတာ စဉ်းစားကြည့်ပါတော့"

"ယောဂီတို့၊ ဒါကြောင့် အခုပြောမယ့် (၃၂)ပါးသော တိရစ္ဆာန်စကားတွေ အချိန်ကုန်ခံ ပြောနေခြင်းဖြင့် မဂ်ဖိုလ်နိဗ္ဗာန်မရောက်နိုင်ဘဲ မဂ်ဖိုလ်နိဗ္ဗာန်နှင့် မလျော်ဘဲ မဂ်ဖိုလ်နိဗ္ဗာန်မှ ဖီလာကန့်လန့်ဖြစ်လို့ တိရစ္ဆာန်စကားလို့ ခေါ်တယ်၊ တိရစ္ဆာန်တွေ ပြောလို့ တိရစ္ဆာန်စကား ခေါ်တာမဟုတ်ဘူး၊ အဲဒီစကားတွေကို သေသေချာချာ မှတ်ထားပါ၊ ဘာတွေလဲဆိုတော့ -

## ၃၂ - မြာ တိရစ္ဆာနကထာ

၁။ ရာဇကထာ - မင်းစိုးရာဇာ အကြောင်းပြောခြင်း။

၂။ စောရကထာ - ခိုးသားဓားပြ အကြောင်းပြောခြင်း။

၃။ မဟာမတ္တကထာ - အမတ်၊ ဝန်ကြီးများ အကြောင်းပြောခြင်း။

၄။ သေနကထာ - စစ်သည်၊ စစ်သားများ အကြောင်းပြောခြင်း။

၅။ ဘယကထာ - ဘေးရန်အန္တရာယ် အကြောင်းပြောခြင်း။

၆။ ယုဒ္ဓကထာ - စစ်ပွဲ၊ စစ်တိုက်ခြင်း အကြောင်းပြောခြင်း။

၇။ အန္နကထာ - ထမင်းခဲဖွယ် အကြောင်းပြောခြင်း။

၈။ ပါနကထာ - အဖျော်ယမကာ အကြောင်းပြောခြင်း။

၉။ ဝတ္ထကထာ - အဝတ်ပုဆိုး အကြောင်းပြောခြင်း။

၁၀။ ယာနကထာ - ယာဉ် အကြောင်းပြောခြင်း။

၁၁။ သယနကထာ - အိပ်ရာနေရာ အကြောင်းပြောခြင်း။

၁၂။ မာလာကထာ - ပန်း အကြောင်းပြောခြင်း။

၁၃။ ဂန္ဓကထာ - နံ့သာ အကြောင်းပြောခြင်း။

၁၄။ ဉာတိကထာ - ဆွေမျိုး အကြောင်းပြောခြင်း။

၁၅။ ဂါမကထာ - ကျေးရွာ အကြောင်းပြောခြင်း။

၁၆။ နိဂမကထာ - နိဂုံး ( market-towns) အကြောင်းပြောခြင်း။

၁၇။ နဂရကထာ - မြို့ (towns)အကြောင်းပြောခြင်း။

၁၈။ ဇနပဒကထာ - ဇနပုဒ် (districts) အကြောင်းပြောခြင်း။

၁၉။ ဣတ္ထိယကထာ - မိန်းမ အကြောင်းပြောခြင်း။

၂၀။ ပုရိသကထာ - ယောကျ်ား အကြောင်းပြောခြင်း။

၂၁။ သူရကထာ - ရဲရင့်သူ အကြောင်းပြောခြင်း။

၂၂။ ဝိသိခါကထာ - လမ်းခရီး အကြောင်းပြောခြင်း။

၂၃။ ကုမ္ဘဋ္ဌာနကထာ - ရေခပ်ဆိပ်၊ အိုးထိန်း၊ ကျွန်မ အကြောင်းပြောခြင်း။

၂၄။ ပုဗ္ဗပေတကထာ - သေပြီးသူတို့ အကြောင်းပြောခြင်း။

၂၅။ နာနတ္တကထာ - ဆိုခဲ့ပြီး ဆိုလတ္တံ့မှတစ်ပါးသော တောအကြောင်း၊ တောင်အကြောင်း၊ မြစ်အကြောင်း၊ ကျွန်းအကြောင်း စတဲ့ ရောက်တတ်ရာရာ အကြောင်းပြောခြင်း။

၂၆။ လောကက္ခာယိက သမုဒ္ဒက္ခာယိကကထာ - လောကအကြောင်း၊ သမုဒ္ဒရာ အကြောင်းပြောခြင်း။

၂၇။ ဘဝကထာ - ကြီးပွားကြောင်း ပြောခြင်း။

၂၈။ ဝိဘဝကထာ - ဆုတ်ယုတ်ပျက်ပြားကြောင်း ပြောခြင်း။

၂၉။ ဥဇ္ဈေဒကထာ - ဘဝပြတ်ကြောင်း ပြောခြင်း။

၃၀။ သဿတကထာ - ဘဝဆက်ကြောင်း ပြောခြင်း။

၃၁။ ကာမသုခကထာ - ကာမဂုဏ်ချမ်းသာ အကြောင်းပြောခြင်း။

၃၂။ အတ္တကိလမထကထာ - ကိုယ်ကိုညှဉ်းဆဲကြောင်း ပြောခြင်း။

"အဲဒီ (၃၂)ပါးပဲ၊ အဲဒီအကြောင်းတွေကို ယောဂီတို့ဟာ မပြောရဘူး၊ ပြောလျှင် တရားဆုတ်ယုတ်မယ်၊ မတိုးတက်ဘူး"

"ဒီလိုဆို ဘာပြောရပါ့မလဲဘုရား"

တရားထောက်ဒကာကြီး ထ၍မေးလျှောက်ခြင်း ဖြစ်၏။

"ကျန်တာ ဘယ်မှာရှိတော့မှာလဲဘုရား၊ ကုန်နေပြီပဲ"

"ကျန်ပါသေးတယ် ဒကာကြီးရဲ့ကဲ...ဒကာကြီး ပြောချင်ရင် ကျန်သေးတဲ့စကား (၁၀)မျိုးကို သင်ပေးမယ်၊ မှတ်ထား၊ အဲဒီ (၁၀)မျိုးကိုတော့ ကထာဝတ္ထု (၁၀)ပါးလို့ ခေါ်တယ်၊ ယောဂီသူတော်ကောင်းမှစ၍ ဘုရား ရဟန္တာများပြောတဲ့ စကား (၁၀) မျိုးပေါ့၊ အဲဒါက ဘာတွေလဲဆိုတော့ -

ကထာဝတ္ထု (၁၀) ပါး

၁။ အပ္ပိစ္ဆကထာ - အလိုနည်းခြင်းနှင့် စပ်တဲ့စကား၊

၂။ သန္တုဋ္ဌိကထာ - ရောင့်ရဲလွယ်ခြင်းနှင့် စပ်တဲ့စကား၊

၃။ ပဝိဝေကကထာ - ဆိတ်ငြိမ်ခြင်းနှင့် စပ်တဲ့စကား၊

၄။ အသံသဂ္ဂကထာ - မရောနှောခြင်းနှင့် စပ်တဲ့စကား၊

၅။ ဝီရိယာရမ္ဘကထာ - ဝီရိယနှင့် စပ်တဲ့စကား၊

၆။ သီလကထာ - သီလနှင့် စပ်တဲ့စကား၊

၇။ သမာဓိကထာ - သမာဓိနှင့် စပ်တဲ့စကား၊

၈။ ပညာကထာ - ပညာနှင့် စပ်တဲ့စကား၊

၉။ ဝိမုတ္တိကထာ - လွတ်မြောက်မှု အရဟတ္တဖိုလ်နှင့် စပ်တဲ့စကား၊

၁၀။ ဝိမုတ္တိဉာဏဒဿနကထာ - လွတ်မြောက်မှု အရဟတ္တဖိုလ်ကို ဆင်ခြင်တဲ့ဉာဏ်နှင့် စပ်တဲ့စကား၊

"အဲဒီ စကား(၁၀)မျိုးက ပြောရမယ့်စကားတွေပဲ၊ အဲဒီစကားတွေ ပြောရမယ်ဆိုတော့ တရားအားထုတ်ရာမှာ ပျင်းတိုင်း အချိန်ကုန် ထိုင်ပြောနေရမှာ မဟုတ်ဘူး၊ ပြောသင့်တဲ့ အချိန်အခါမှာ အတိုင်းအရှည်နှင့်ယှဉ်ပြီး ပြောသင့်တာထက် ပို မပြောရဘူး"

"ဒါကြောင့် ရှေးက အချို့ဆရာတော်တွေက ရေငုံနေတာနဲ့ တူတယ်ဘုရား"

"အင်းပေါ့၊ မပြောသင့်တဲ့ တိရစ္ဆာန်စကားတွေ ပြောမိမှာစိုးလို့ပေါ့၊ တိရစ္ဆာန်စကားတွေဟာ မိစ္ဆာဝါစာတွေပဲ၊ ခုနက ပြောခဲ့တဲ့ ကထာဝတ္ထု (၁၀)ပါးကမှ သမ္မာဝါစာပဲ၊ စကားပြောမှုနဲ့ ပတ်သက်ပြီး မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာမှာ လင်္ကာစီကုံးခဲ့တယ်"

"ပလေပစာ၊ ထွေရာဆန်းပြား၊ တဘွားဘွားလည်း၊ စကားရတိုင်း၊ အပိုင်းမရှိ၊ ပြောမိပြောရာ၊ မပြောရာရှင့်၊ ကိန္နရာစစ်၊ ငှက်မျိုးဖြစ်လျက်၊ ကျစ်လစ်သော့အား၊ ကြောက်မှုသားကြောင့်၊ စကားမသည်း၊ နှုတ်စောင့်စည်း၏၊ ချုပ်တည်းနှုတ်လျာ၊ မစောင့်စွာကြောင့်၊ ဟသ်ာညီနောင်၊ ဆောင်သည်မိုက်မှ၊ လိပ်ဟာလလျှင်၊ လွတ်ကျအောင်မြေ၊ သက်ဆုံးသေ၏"

"ယောဂီတို့၊ ဒီလောက်ဆိုလျှင် ယောဂီတို့ ပြောသင့်တဲ့စကား၊ မပြောသင့်တဲ့စကား ပြည့်စုံပြီပေါ့၊ ယောဂီတို့ဟာ ပြောသင့်တဲ့စကားကို အတိုင်းအရှည်ကြည့်ပြီး ပြော၍ မပြောသင့်တဲ့စကားကိုတော့ လုံးဝရှောင်ရမယ်ပေါ့"

ဤသို့ စသည်ဖြင့် မိမိသည် အကျယ်တဝင့် ရှင်းလင်းဟောပြောပြသပြီး တရားနိဂုံး ချုပ်လိုက်၏။

✧ မသင့်စကား၊ မရှောင်ရှား၊ လားလားနိဗ္ဗာန်မရတည်း။

✧ ပြောသင့်စကား၊ သင့်ပြောကြား၊ ရခြားမင်္ဂဖိုလ် နိဗ္ဗာန်တည်း။

# ဖြစ်မှ ဖြစ်ပါ့မလား

## (၃၈)

ကြောက်စိတ်၊ စိုးရိမ်စိတ်သည် အကူအညီတစ်မျိုးကို ဖြစ်စေနိုင်၏။ သတိနှင့် လုံ့လဝီရိယသည် ဤကြောက်စိတ် စိုးရိမ်စိတ်မှ ထွက်ပေါ်လာနိုင်ပေ၏။ မှန်၏။ ကြောက်စိတ်၊ စိုးရိမ်စိတ်ဝင်လာလျှင် ကြောက်စရာ၊ စိုးရိမ်စရာမှ လွတ်မြောက်ရန် နည်းလမ်းကို သတိ ဝီရိယအကူညီဖြင့် လွတ်မြောက်ရန် ရှာကြံကြိုးစား၍ လွတ်မြောက်နိုင်လေ၏။ သာဓကပြသော် -

တစ်ချိန်သော နေ့ကာလက ဖြစ်ခဲ့၏။ မြို့ကြီးတစ်မြို့တွင် မိမိ တရားဟော၏။ မိမိအရင် ဟောသော ဓမ္မကထိကမှာ နိုင်ငံကျော်ဖြစ်၍ ပရိသတ်များလှ၏။ မိမိဟောသော ညတွင်လည်း ၎င်းအရှိန်နှင့်ပင် ပရိသတ်များလှ၏။ မိမိသည် ဟောနေကျ အတိုင်းပင် ဟောပြော၍ ပြီးသွား၏။ တရားပွဲပြီးသော် အကျိုးဆောင်များ ရောက်လာလျှောက်ထား၏။

"ဦးပဥ္စင်းဘုရားက ယခုလို ကုလားထိုင်ပေါ်မှာ ထိုင်နေတော့လည်း သိပ်မသေးပါဘူး"

"ဘယ်မှာထိုင်နေတော့ သေးနေလို့လဲ"

"ပလ္လင်ပေါ်တက်တော့ ဦးပဥ္စင်းဘုရားကိုယ်က သေးသေးရှိတော့တယ်ဘုရား၊ ကိုရင်လေးလို ဖြစ်နေတယ်"

"ပလ္လင်က အဟန့်ကြီးတော့ မြုပ်နေတာပေါ့"

"တပည့်တော်တို့ဆိုတာ ရင်တမမနဲ့ပဲ "ဖြစ်မှ ဖြစ်ပါ့မလား" လို့ စိုးရိမ်လို့ တရားတောင် ဖြောင့်အောင်မနာနိုင်ဘူး"

"ဘာဖြစ်လို့ စိုးရိမ်တာလဲ"

"တပည့်တော်တို့က ဦးပဥ္စင်းဘုရား တရားလည်း တစ်ခါမှ မနာဖူးဘူး၊ ပလ္လင်ပေါ်တက်တော့လည်း ကိုရင်လေးလို ဖြစ်နေ၊ ပရိသတ်ကလည်းများ ဆိုတော့ စိုးရိမ်တာပေါ့ဘုရား"

"မဖြစ်မှ တရားပွဲပင့်တုန်းက လက်ခံပါ့မလား ဒကာကြီးတို့ကလည်း"

"ဒါတော့ ဒါပေါ့ဘုရား၊ တပည့်တော်တို့က တာဝန်ခံတွေဆိုတော့ စိုးရိမ်တာမှ တစ်ခါတောင် မဟုတ်ဘူးဘုရား၊ နှစ်ခါတောင် စိုးရိမ်တယ်"

"ဘယ်လိုနှစ်ခါလဲ ပြောစမ်းပါဦး"

"တရားပွဲမစခင် ပထမတော့ "ဖြစ်မှ ဖြစ်ပါ့မလား"လို့ စိုးရိမ်တယ်ဘုရား၊ နောက် တရားပွဲစဟောတော့ တရားက သိပ်မြင့်ပြီးနေတော့ ပရိသတ်နှင့် ဟပ်မှ ဟပ်မိပါ့မလားလို့ တစ်ခါ စိုးရိမ်ပြန်တယ်ဘုရား၊ ပရိသတ်ကြည့်တော့လည်း ငြိမ်လို့၊ တပည့်တော်တို့ ပရိသတ်အစွန်အဖျား လှည့်ပတ်ပြီး စုံစမ်းထောက်လှမ်းနေတယ်ဘုရား၊ ပထမပိုင်း နားရင်တော့ ကုန်မယ်နဲ့ တူတယ်လို့ စိုးရိမ်နေတယ်၊ နောက်တော့ နားပြီးသော်လည်း ကုန်မသွားဘဲ ဒီအတိုင်းပဲ ပရိသတ်ပြန်လာတော့ စိတ်အေးသွားတယ်ဘုရား"

"အင်း…ဦးပဥ္ဇင်းက အရပ်နည်းနည်းပုတော့ ရှင်ဘဒ္ဒိယလို ဖြစ်နေတာပေါ့"

"ဘယ်လို ရှင်ဘဒ္ဒိယလို ဖြစ်နေတာလဲဘုရား"

## ရှင်ဘဒ္ဒိယ

"အခါတစ်ပါး ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူတယ်။ အဲဒီအခါမှာ ရှင်ဘဒ္ဒိယဟာ ဘုရားရှင်ထံသို့ ကြွလာတယ်၊ ရှင်ဘဒ္ဒိယကြွလာတာကို ဘုရားရှင်က အဝေးကမြင်လျှင် အနီးရှိရဟန်းတို့အား မိန့်တော်မူတယ်"

"ရဟန်းတို့၊ သင်တို့သည် အဆင်းမလှသော ရှုချင်ဖွယ်မကောင်းသော ပုကွသော ရဟန်းတို့ နှိပ်စက်ပြောဆိုခြင်းကို ခံနေရသောသဘောရှိသော လာနေသော ထိုရဟန်းကို မြင်ကုန်သလော"

"မြတ်စွာဘုရား မြင်ပါကုန်၏"

"ရဟန်းတို့၊ ဤရဟန်းသည် ကြီးမားသော တန်ခိုးရှိ၏။ ကြီးမားသော အာနုဘော်ရှိ၏။ ထိုရဟန်းမဝင်ဘူးသော သမာပတ်ကို ရရန်မလွယ်။ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရောက်ရဟန်းပြုကြသော အမျိုးကောင်းသားများ လိုလားအပ်သော အတုမရှိသော အကျင့်မြတ်၏အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် ရောက်၍နေ၏"

"ဦးပဥ္ဇင်းဘုရားက အရပ်မဆိုးပါဘူး၊ သိပ်လည်း မပုပါဘူး၊ ပလ္လင်ပေါ်မှာသာ ပုသလိုထင်ရတာပါ"

"ဒါက သဘောပြောတာပါ၊ ဦးပဥ္ဇင်းလည်း ရှင်ဘဒ္ဒိယလို ရဟန္တာမှ မဟုတ်ဘဲဟာ၊ တန်ခိုးလည်း မကြီးဘူး၊ နောက် ဘုရားရှင်က ဆက်အမိန့်ရှိသေးတယ်"

"ဆက်ပါဦးဘုရား"

"ရဟန်းတို့၊ ကြိုးကြာ၊ ဥဒေါင်း၊ ဆင်၊ ချေ၊ သမင်ဟု ဆိုအပ်သော အလုံးစုံသောသတ္တဝါတို့သည် ခြင်္သေ့မှ ကြောက်ကုန်၏။ ကိုယ်သဏ္ဌာန်မှုကား တူမျှခြင်း မရှိပေ"

"ရဟန်းတို့၊ ဤအတူသာလျှင် လူ၌ ငယ်ပင်ငယ်သော်လည်း ပညာရှိသောသူသည်သာ ထိုလူအပေါင်းတွင် ကြီးမြတ်သူ မည်၏။ သူမိုက်သည် ကိုယ်သဏ္ဌာန်ကြီးသော်လည်း ကြီးမြတ်သည်မမည်"

(လကုဏ္ဍက ဘဒ္ဒိယသုတ် ဘိက္ခုသံယုတ်)

"အများအားဖြင့်တော့ဘုရား သူဖြစ်ဖြစ် ကိုယ်ဖြစ်ဖြစ်ပေါ့ဘုရား၊ အမြင်ကြည့်ပြီး အထင်သေး၊ အထင်ကြီး ဖြစ်တတ်တာဟာ ဓမ္မတာပဲ"

"ဒါကြောင့် မယဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားကြီးက လင်္ကာစီခဲ့တာပေါ့"

"ပေါယယ်ထိုထို၊ လူဗိုလ်အရှိ များအချိုလည်း၊ သတ္တိဗလ၊ စွမ်းထာမကို၊ မပြမသိ၊ ပြမှသိ၏၊ သိမှ ထိတ်လန့်၊ ရွံ့ကြောက်ခန့်စွာ၊ ခန့်မှရှိသေ၊ ရှိသေသော်သာ၊ လိုက်နာရှင်လန်း၊ ကျင့်ဖြောင့်တန်း၏"

"သိပ်မှန်တယ်ဘုရား"

"သိပ်မှန်ဆိုမကာရလောပခေါ်မတစ်လုံးကြေဆရာတော်ဘုရားကြီး ရေးခဲ့တဲ့လင်္ကာပဲဟာ၊ ယခုဒကာကြီးတို့ဦးပဥ္စင်းကိုကိုရင်လေးနဲ့ တူတယ်ဆိုပြီး အထင်သေးတာ၊ စိတ်ပူပန်တာ ဘာမှမဟုတ်သေးဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကတောင် ငယ်လို့ဆို အထင်သေးခံရသေးတယ်"

"ဘယ်လို အထင်သေးခံရပါသလဲဘုရား"

## ဒဟာရသုတ်

"အခါတစ်ပါးမှာ ကောသလမင်းကြီးက ဘုရားရှင်ထံ ချဉ်းကပ်ရှိခိုးပြီး လျှောက်တယ်"

"အရှင်ဂေါတမသည်လည်း အတုမရှိသော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိ၏ ဟူ၍ ဝန်ခံပါသလော"

"မင်းကြီး၊ အတုမရှိသော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိ၏ဟူသော စကားကို ကောင်းစွာဆိုလိုသူသည် ငါ့ကိုသာလျှင် ရည်ညွှန်း၍ ဆိုသူဖြစ်ရာ၏။ မင်းကြီး မှန်၏။ ငါသည် အတုမရှိသော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိ၏"

"အရှင်ဂေါတမ၊ သံဃာနှင့် ပြည့်စုံကုန်၊ ဂိုဏ်းနှင့် ပြည့်စုံကုန်၊ ဂိုဏ်းဆရာ ဖြစ်ကုန်၊ ထင်ရှားကုန်၊ များသော အခြံအရံရှိကုန်၊ အယူဝါဒကို တီထွင်ကုန်၊ လူအများက သူတော်ကောင်းဟု သမုတ်အပ်ကုန်သော ပူရာဏကဿပ အစရှိကုန်သော သမဏ ဗြဟ္မဏကြီးတို့သော်မှလည်း "ငါသည် အဆုံးမရှိသော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိ၏ ဟူ၍ ဝန်ခံကုန်သလော" ဟု မေးအပ်ကုန်သည်ရှိသော် "အတုမရှိသော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍သိ၏" ဟုဝန် မခံကုန်"

"အရှင်ဂေါတမသည် ဇာတ်အနွယ်အားဖြင့် ငယ်လည်းငယ်၏၊ ရဟန်းပြုသစ်စလည်း ဖြစ်၏၊ သို့ဖြစ်လျက် အဘယ်ကြောင့် "အတုမရှိသော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိ၏" ဟု ဝန်ခံသနည်း"

"မင်းကြီး၊ မင်းသားငယ်ကို ငယ်၏ဟူ၍ မထေမဲ့မြင်မပြုအပ်၊ ငယ်၏ ဟူ၍ ပြက်ရယ်မပြုအပ်"

"မင်းကြီး၊ လူတို့ထက်မြတ်သော မင်းသားသည် မင်းအဖြစ်ကို ရသည်ရှိသော် အမျက်ထွက်သည်ဖြစ်၍ ရာဇဒဏ်ဖြင့် ထိုသူအား လုံ့လပြုတတ်၏၊ ထို့ကြောင့် အသက်ကို စောင့်ရှောက်လိုသူသည် မင်းသားငယ်ကို မထေမဲ့မြင် မပြုအပ်"

"မင်းကြီး၊ မြွေကို ငယ်၏ဟူ၍ မထေမဲ့မြင်မပြုအပ်၊ ငယ်၏ဟူ၍ ပြက်ရယ်မပြုအပ်"

"မင်းကြီး၊ တန်ခိုးရှိသောမြွေသည် အထူးထူး အပြားပြားသော အဆင်းသဏ္ဍာန်တို့ဖြင့် လှည့်လည်တတ်၏၊ ထိုမြွေသည် တစ်ရံတစ်ခါ မိမိအနီးသို့ ရောက်၍ မလိမ္မာသော လူယောက်ျားကိုလည်းကောင်း၊ လူမိန်းမကိုလည်းကောင်း ကိုက်ရာ၏၊ ထို့ကြောင့် မိမိအသက်ကို စောင့်ရှောက်လိုသူသည် မြွေကို မထေမဲ့မြင်ပြုခြင်းမှ ရှောင်ကြဉ်ရာ၏"

"မင်းကြီး၊ မီးကို ငယ်၏ဟူ၍ မထေမဲ့မြင်မပြုအပ်၊ ငယ်၏ဟူ၍ ပြက်ရယ်မပြုအပ်"

"မင်းကြီး၊ မီးသည် လောင်စာကိုရသော် ကြီးမားသည်ဖြစ်၍ တစ်ခါတစ်ရံ မိမိအနီးသို့ရောက်လာသော မလိမ္မာသော လူယောက်ျားကိုလည်းကောင်း၊ လူမိန်းမကိုလည်းကောင်း လောင်ရာ၏၊ ထို့ကြောင့် မိမိအသက်ကို စောင့်ရှောက်လိုသူသည် မီးကို မထေမဲ့မြင်ပြုခြင်းမှ ရှောင်ကြဉ်ရာ၏"

"မင်းကြီး၊ ရဟန်းကို ငယ်၏ဟူ၍ မထေမဲ့မြင် မပြုအပ်၊ ငယ်၏ဟူ၍ ပြက်ရယ်မပြုအပ်"

"မင်းကြီး၊ သီလနှင့်ပြည့်စုံသော ရဟန်းသည် သီလတည်းဟူသော တန်ခိုးဖြင့် မထေမဲ့မြင် ပြုအပ်သော သူကို လောင်တတ်၏၊ ထိုသူအား သားသမီးတို့သည်လည်းကောင်း၊ အခြေလေးခုရှိသော ကျွဲနွား စသော သားတို့ သည်လည်းကောင်း မဖြစ်ထွန်းကုန်၊ အမွေခံတို့သည်လည်း အမွေဥစ္စာကို မရကုန်၊ ထိုသူတို့သည် အမွေခံ မရှိကုန်၊ သားသမီး မရှိကုန်သည်ဖြစ်၍ ထန်းပင်ငုတ်နှင့် တူကုန်၏"

(ဒဟရသုတ်၊ ကောသလသံယုတ်)

"သိပ်ကောင်းတာပဲဘုရား၊ တပည့်တော်တို့လည်း လက်တွေ့သင်ခန်းစာတွေ အများကြီးရသွားပြီဘုရား၊ ဦးပဥ္စင်း ဘုရားလည်း ညောင်းရော့မယ်၊ (၁၂)နာရီတောင် ကျော်သွားပြီဘုရား၊ ခွင့်ပြုပါဦးဘုရား"

✦ သက်ရွယ်ကြီးက၊ ထင်ကြီးကြ၊ လောကဓမ္မတာ။

✦ သက်ရွယ်ငယ်က၊ ထင်သေးကြ၊ လောကဓမ္မတာ။

✦ ထင်သေးပြစ်မှား၊ ထင်ကြီးငြား၊ လေးစားဓမ္မတာ။

✦ ပြစ်မှားထင်ကြီး၊ လွဲချော်ပြီး၊ ပြစ်ကြီးဓမ္မတာ။

# ဟေ - လာကြ … လာကြ…

## (၃၉)

"ဂုဏ်လိုက ဂုဏ်ပြု၏၊ ဟန်လိုက ဟန်ပြု၏" ဆိုသော စကားသည် အလွန်မှန်ကန်သော စကားဖြစ်၏။ ယင်းသို့မှန်လွန်းသောစကားကို သတိထား၍ ရှောင်ရှားလိုက်နာသူမှုကား နည်းပါးသည်ဟု ထင်မြင်မိသည်။ သို့ဖြစ်၍ ဂုဏ်မလုပ်သင့်သည့်နေရာတွင် ဂုဏ်လုပ်၍ ဟန်မလုပ်သင့်သည့်နေရာတွင် ဟန်လုပ်မှုများကို နေရာတကာတွင်လို တွေ့မြင်ရခြင်း ဖြစ်၏။

ယင်းသို့ဂုဏ်လုပ်၊ ဟန်လုပ်ရာတွင် လောကီရေးဘက်တွင်မှု မဆိုသာသော်လည်း လောကမှ လွတ်မြောက်ရေးဘက်တွင်မူ ဆိုသာ၏။ ဆိုသာ မဆိုသာကိုမူ ပညာရှိသိနိုင်၏။ ပညာမဲ့သူများကမူ မသိနိုင်။

မှန်၏။ မိမိကိုယ်တိုင် တစ်ချိန်က ကြုံဆုံခဲ့ရ၏။ မိမိသည် တစ်ချိန်သော နွေကာလက မြို့ငယ်တစ်မြို့သို့ တရားဟောရောက်ခဲ့၏။ ထိုစဉ် ရောက်မဆိုက်ပင် မိမိနှင့်ရင်းနှီးသော ဒကာတစ်ယောက်က လျှောက်ထား၏။

"ဆရာတော်မရောက်ခင် သုံးလေးရက်လောက်က ဒီမြို့ကို ကမ္ဘာကျော်ဆရာတော်ကြီးတစ်ပါးနှင့် သံဃာ သုံးလေးပါး ကြွကာ တရားဟောတယ်ဘုရား"

"အင်း . . . နိုင်ငံတောင်မက ကမ္ဘာတောင်ကျော်တယ်ဆိုတော့ အဟောအပြော သိပ်ကောင်းမှာပေါ့နော်၊ ဒကာကြီးတို့ရော သွားပြီး တရားမနာဘူးလား"

"ဘယ်နေမလဲဘုရား၊ တရားသံကြားရင် မနေထိုင်နိုင်အောင် ဖြစ်တဲ့ လူစုပဲဟာ၊ သွားကြတာပေါ့၊ လူတွေလည်း သိပ်စည်တာပဲဘုရား"

"ကမ္ဘာကျော်ဆိုတဲ့အတိုင်း အဟောအပြောလည်း ကောင်းတယ်မဟုတ်လား၊ ဘာတရားတွေ ဟောလဲ၊ ပြန်ပြောပြစမ်းပါဦး၊ ဦးပဥ္စင်းလည်း နာရအောင်"

"ဟာ … ဘုရား၊ တပည့်တော်ဖြင့် ရှက်တောင်ရှက်တယ်"

"ဟ … ဘာဖြစ်လို့ ရှက်ရတာလဲ၊ တရားနာတာ တရားဟောတာပဲဟာ၊ သူတော်ကောင်းအလုပ် မဟုတ်လား"

"အဲဒီ ကမ္ဘာကျော်ဆရာတော်ကြီး တရားနာချင်လို့ သွားပါတယ်၊ ရှေ့ထွက်ကိုယ်တော်တစ်ပါးကလည်း အသံနေအသံထားနှင့် ဆွဲကာငင်ကာ ချွဲကာပြစ်ကာ ဆရာတော်ကြီးကို ချီးကျူးနေတာဘုရား၊ တစ်နာရီတောင် ကျော်မယ်ထင်တယ်"

"ဂုဏ်ရှိလို့ ဂုဏ်ဖော်ချီးကျူးရတာပဲဟာ ကြာမှာပေါ့၊ ဂုဏ်တွေကြားရတော့ တရားနာရမှာ ပိုပြီး သဒ္ဓါတက်တာပေါ့"

"ဒါက တရားပွဲပဲဟာဘုရား၊ ချီးကျူးပူဇော်ပွဲမှ မဟုတ်တာ၊ ဒီလောက်တောင် ချီးကျူးတော့ မလွန်လွန်းဘူးလား၊ ဒီလို ဘယ်ဆရာတော်မှလုပ်တာ မဟုတ်ပါဘူးဘုရား"

"ဪ ... ဒီပြင်ဆရာတော်တွေမှာက အဲဒီလို ဂုဏ်ဖော်စရာမရှိလို့နေမှာပေါ့၊ ဂုဏ်ဆိုတာ သည်းခြေကြိုက်တဲ့၊ မဃ ဒေဝလင်္ကာမှာတောင် မန်လည်ဆရာတော်ဘုရားကြီး လင်္ကာစီခဲ့တယ်"

"ဘယ်လိုပါလဲဘုရား"

"ရာဂမိုက်လှမ်း၊ လူတို့တမ်းကား၊ ချီးမွမ်းဆိုက၊ နှစ်သက်ကြလျက်၊ လုပရုပ်သွင်၊ အဆင်းမြင်လည်း၊ ခံမင်မဆိုင်း၊ မြင်တိုင်းတွေ့ရာ၊ ကြိုက်တတ်စွာ၏၊ လိုရာပြရောင်း၊ ဆိုဖြားယောင်းလည်း၊ ထောင်းထောင်းလွယ်ကာ၊ လိုက်တတ်စွာ၏၊ ကိလေသာဆိုး၊ အမိုက်မျိုးတည့်၊ အကျိုးမဲ့မှု၊ အမြဲပြုရှင့်"

"ကဲ ... ဘုရား၊ ဆရာတော်ရွတ်ပြတဲ့ လင်္ကာမှာကို ပါနေတာပဲဟာ"

"ဘာပါနေတာလဲ"

"အကျိုးမဲ့မှု အမြဲပြု၏တဲ့၊ ဒီတရားပွဲမှာ ဂုဏ်ဖော်တဲ့အလုပ်ဟာ အကျိုးမဲ့မှုပါဘုရား"

"ဘာဖြစ်လို့ အကျိုးမဲ့မှာလဲ၊ အကျိုးရှိတာပေါ့၊ ကြည်ညိုသူတွေ ပေါ်လာမယ်၊ လာဘ်လာဘတွေ များလာမယ်၊ နာမည်ကြီးသထက် ကြီးမယ်၊ ကဲ ... အကျိုးမရှိဘူးလား၊ ဦးပဥ္စင်းတို့တောင် ချီးကျူးပေးမယ့် ဦးပဥ္စင်းတစ်ပါး မခေါ်နိုင်ခဲ့လို့ ခေါ်နိုင်ခဲ့ရင် ဒီလိုပဲ ရေ့ထွက်ထားပြီး ချီးကျူးခိုင်းမှာပေါ့"

"တော်ပါတော့ ဆရာတော်ဘုရား၊ အဲဒီလိုသာ ဆရာတော်ဟာ ရေ့ထွက်ထား ချီးကျူးခိုင်းရင်တော့ တပည့်တော်တို့ တရားမနာတော့ဘူးဘုရား"

"ဒကာကြီးတို့ မနာချင်နေပေါ့၊ ဦးပဥ္စင်းက ရှင်သာရိပုတ္တရာရဲ့တိတ္ထိကြီးပြောသလို ပြောလိုက်ချင်တယ်"

## ပညာရှိနှင့် ပညာမဲ့

"ရှင်သာရိပုတ္တရာက သူ့ဆရာကြီးကိုဘုရားထံခေါ်တော့ "လောကမှာပညာရှိတဲ့လူနဲ့ပညာမဲ့တဲ့လူ ဘယ်သူများသလဲ" လို့ မေးတယ်၊ ဒီတော့ ရှင်သာရိပုတ္တရာက ပြောတယ်၊ "ပညာမဲ့တဲ့လူတွေ များပါတယ်" "ဒီလိုဆို ငါ့ထံ ပညာမဲ့တဲ့လူတွေ လာလိမ့်မယ်၊ ရဟန်းဂေါတမထံ ပညာရှိတွေ သွားလိမ့်မယ်၊ ငါ့အတွက် မပူနဲ့တဲ့" လို့ ပြောတယ်"

"ဒါဖြင့် ဆရာတော်လည်း ဒီလိုပြောမယ်ပေါ့"

"ပြောလိုက်ချင်တယ်လို့ ပြောတာပဲ၊ အဲဒီလို ဂုဏ်ဖော်ပေးမယ့်လူရမှ ပြောလိုက်ချင်တာပါ၊ ခုတော့ မပြောချင်သေးပါဘူး"

"ဒီလိုလုပ်တာဟာ ဝိပဿနာတရားပြ ဆရာဂုဏ်နဲ့ မစပ်ဟပ်ဘူးဘုရား"

"ဒကာကြီးကလည်း တယ်ကဲ့ရဲ့တတ်တာပါပဲ၊ ကဲ့ရဲ့တဲ့အပြစ် ချီးမွမ်းတဲ့အကျိုးတွေ မသိဘူးထင်တယ်"

"အမိန့်ရှိပါဦးဘုရား၊ မသိပါဘုရား"

"ရဟန်းတို့ ဉာဏ်ဖြင့် မစိစစ် မသက်ဝင်ဘဲ ဂုဏ်မထိုက်သူ၏ဂုဏ်ကို ပြောဆို၏၊ ဉာဏ်ဖြင့် မစိစစ် မသက်ဝင်ဘဲ ဂုဏ်ထိုက်သူ၏ ဂုဏ်မဲ့ကို ပြောဆို၏။ ဉာဏ်ဖြင့် မစိစစ် မသက်ဝင်ဘဲ မကြည်ညိုသင့်သောအရာ၌ ကြည်ညိုခြင်းကို ဖြစ်စေ၏။ ဉာဏ်ဖြင့် မစိစစ် မသက်ဝင်ဘဲ ကြည်ညိုသင့်သောအရာ၌ မကြည်ညိုခြင်းကို ဖြစ်စေ၏"

"ရဟန်းတို့ ဤတရားလေးပါးတို့နှင့် ပြည့်စုံသူသည် ဆောင်၍ချထားအပ်သကဲ့သို့ ဤအတူ ငရဲကို ရောက်ရ၏"

"ရဟန်းတို့ ဉာဏ်ဖြင့် စိစစ်သက်ဝင်၍ ဂုဏ်မထိုက်သူ၏ ဂုဏ်မဲ့ကို ပြောဆို၏၊ ဉာဏ်ဖြင့် စိစစ်သက်ဝင်၍ ဂုဏ်ထိုက်သူ၏ဂုဏ်ကျေးဇူးကို ပြောဆို၏။ ဉာဏ်ဖြင့် စိစစ်သက်ဝင်၍ မကြည်ညိုသင့်သောအရာ၌ မကြည်ညိုခြင်းကို ဖြစ်စေ၏၊ ဉာဏ်ဖြင့် စိစစ်သက်ဝင်၍ ကြည်ညိုသင့်သောအရာ၌ ကြည်ညိုခြင်းကို ဖြစ်စေ၏"

"ရဟန်းတို့ ဤတရားလေးပါးတို့နှင့် ပြည့်စုံသူသည် ဆောင်၍ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏"

(အဝဏ္ဏာရဟသုတ်၊ စတုကၠင်္ဂုတ္တရပါဠိတော်)

"အရှင်ဘုရားစကားနဲ့ပဲ ထင်ရှားပြီးသားပါဘုရား၊ တပည့်တော်အတွက် မပူပါနဲ့"

"ဘယ်လို ထင်ရှားလဲ၊ ပြောစမ်းပါဦး"

"တပည့်တော် ယခုပြောနေတာ၊ ဉာဏ်ဖြင့် စိစစ်သက်ဝင်ပြီး ပြောဆိုသင့်တာ ပြောဆိုတယ်၊ ကြည်ညိုသင့်တာ ကြည်ညိုတယ်လေဘုရား၊ တပည့်တော် ပထမတော့ ဒီလောက်စိတ်မပျက်ပါဘူး၊ တရားပွဲပြီးတော့ ကောင်လေးတွေ ပြောင်တော့မှ ပိုစိတ်ပျက်သွားလို့ ဆရာတော်ဘုရား လျှောက်ပြတာပါ"

"ကောင်လေးတွေက ဘယ်လိုပြောင်သလဲ"

"တစ်ယောက်နဲ့တစ်ယောက်တွေ့ရင် "ဟေ ... လာကြ လာကြ" နဲ့ လက်ယပ်ခေါ်တယ်ဘုရား"

"ဘာဖြစ်လို့ ကောင်လေးတွေက ဟေ ... လာကြ လာကြနဲ့ လက်ယပ်ခေါ်ရတာလဲ"

"အဲဒီ ကမ္မာကျော်ဆရာတော်ကြီးကို ချီးကျူးတဲ့ ရှေ့ထွက်ကိုယ်တော်ဆိုတဲ့အထဲမှာ အဲဒါပါတယ်ဘုရား၊ အဲဒါကို ကောင်လေးတွေက မှတ်ထားပြီး လူတွေ့ရင် လက်ယပ်ခေါ်ပြီး ဟေ ... လာကြ လာကြ လုပ်နေတယ်၊ ဘယ်ကောင်းမလဲဘုရား၊ ရှက်စရာကြီး"

"ဒကာကြီးကလည်း စကားပုံပြင်ရမလို ဖြစ်နေပြီ"

"ဘယ်လို စကားပုံပြင်ရမလို ဖြစ်တာလဲဘုရား"

"ယိုသူမရှက် မြင်သူရှက်" ဆိုတဲ့ စကားပုံရှိတယ်လေ၊ ယခုလည်း ဒကာကြီး ပြောတဲ့အတိုင်းဆိုရင် "ဆိုသူမရှက် ကြားသူရှက်" သို့မဟုတ် "ဆိုခိုင်းသူမရှက် ကြားရသူရှက်" လို့ စကားပုံ ပြင်ရမယ်၊ သို့မဟုတ် စကားပုံသစ် ထွင်ရမယ်"

"သာသနာရေးအတွက် စိုးရိမ်လို့ ပြောတာပါဘုရား၊ နောင်လာနောက်သားတွေ အတုလိုက်မှာစိုးလို့ပါ၊ အခုပဲ ဆရာတော်ဘုရားက ချီးကျူးမယ့်လူ မခေါ်နိုင်လို့ ခေါ်နိုင်ရင် ခေါ်ခဲ့မှာလို့ ပြောနေပြီဟာ"

"ဦးပဉ္ဇင်းက ဒကာကြီးပြောလွန်းလို့ သက်သက်ပြောတာပါ၊ တရားဟောတာနဲ့ပတ်သက်လို့ ဦးပဉ္ဇင်းအတုခိုး ကြည်ညိုတာ အစဆုံး တိပိဋကဓရဘွဲ့ရ ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသပဲ"

"အဲ ... ဟုတ်တယ်ဘုရား၊ အဲဒီဆရာတော်ပဲ အတုခိုးဘုရား၊ သိပ်ရိုးတယ်ဘုရား၊ ရှေ့ထွက် နောက်ထွက် မထားဘူးဘုရား၊ ချီးကျူးမယ့်ကိုယ်တော်လည်း ခေါ်နိုင်သားပဲဘုရား၊ မခေါ်ခဲ့ဘူး၊ ဟောလိုက်တဲ့ တရားကလည်း လေးငါးနာရီပဲဘုရား၊ အံ့ရောပဲ"

"ဒကာကြီးတို့ဆီ ဦးပဉ္ဇင်း တရားဟောရောက်တာ နှစ်တော်တော်ကြာပြီပဲ၊ ဦးပဉ္ဇင်းမှုပြောင်းသွားလား၊ မပြောင်းသွားလား သတိထားကြည့်ပေါ့"

"ဆရာတော်ဘုရား ဘုန်းမကြီးသေးလို့ပါ၊ မူပြောင်းတယ်ဆိုတာ ဘုန်းကြီးမှ ပြောင်းလို့ရတာ၊ ဘုန်းမကြီးဘဲ ဘယ်ပြောင်းလို့ရမလဲ"

"ဦးပဥ္စင်း ယခုလိုအတိုင်းနေရင် ဘုန်းကြီးမှာမဟုတ်ပါဘူး၊ တကယ်လို့ ဘုန်းကြီးလည်း အဲဒီလိုတော့ မလုပ်ပါဘူး၊ အာမခံပါတယ်"

"ဝမ်းသာပါတယ်ဘုရား၊ သာဓု သာဓုလို့ သာဓုနှစ်ကြိမ်ပဲ ခေါ်ဦးမယ်ဘုရား"

"ဘာဖြစ်လို့ သာဓုသုံးကြိမ် မခေါ်တာလဲဒကာကြီး"

"ဆရာတော်ဘုရားက ငယ်ငယ်ရှိသေးတာဘုရား၊ တော်တော်ကြာ ဖောက်ပြန်သွားရင် ဘယ့်နယ်လုပ်မလဲ၊ အများအားဖြင့် အသက်ကြီးလာ ဘုန်းကြီးလာမှ ဖောက်ပြန်တတ်တာဘုရား"

"အင်း အင်း...ဒကာကြီးပြောမှ "သစ်ပင်ကို နတ်သတ်၊ ဘုန်းကြီးကို လာဘ်သတ်" ဆိုတဲ့ စကားပုံကို သတိရတယ်၊ ဦးပဥ္စင်းလည်း ဒကာကြီး ဝေဖန်ပြောပြတော့ သံဝေဂ အများကြီးရသွားတယ်"

"အဲဒီ သံဝေဂများများရမှဘုရား၊ ရပြီးသားသံဝေဂလည်း ကြာရှည်ခံမှဘုရား၊ နို့မဟုတ်လျှင် မှားတတ်တယ်"

"ကဲ ကဲ...ဦးပဥ္စင်းလည်းရောက်စ ညောင်းပြီ၊ ဒကာကြီးတို့ကို ဦးပဥ္စင်းလက်သုံးတရား ၂ - ဂါထာဟောပြီး တော်ကြစို့၊ နားကြစို့"

"ဂုဏ်ရှိသူသည် ကဲ့ရဲ့ခြင်းကြောင့် ဂုဏ်မရှိသူ မဖြစ်နိုင်၊ ထို့ကြောင့် မကဲ့ရဲ့ထိုက်ဘဲ ကဲ့ရဲ့သူကို အမျက်မထွက်ရာ၊ ဂုဏ်မရှိသူသည် ချီးမွမ်းခြင်းကြောင့် ဂုဏ်ရှိသူ မဖြစ်နိုင်၊ ထို့ကြောင့် မချီးမွမ်းထိုက်ဘဲ ချီးမွမ်းခြင်းကို မသာယာရာ"

"တစ်စုံတစ်ယောက်သော မနှစ်သက်သူသည် ဂုဏ်ကို ကဲ့ရဲ့ခြင်းဖြင့် ဖျက်ဆီးခြင်းငှာ မတတ်နိုင်၊ နှစ်သက်သူသည် ချီးမွမ်းခြင်းဖြင့် တိုးပွားစေခြင်းငှာလည်း မတတ်ကောင်း၊ ထို့ကြောင့် ထိုကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းနှစ်ခုကို အလေးမမူရာ"

(စတုရာရက္ခကျမ်း)

"သိပ်ကောင်းတယ် ဆရာတော်ဘုရား၊ ဒါပေမဲ့ အကောင်းကို လူကြိုက်များ၏၊ ရအောင်လုပ်သူက နည်းတယ်ဘုရား၊ ဆရာတော်ဘုရားပဲ စံပြလုပ်ပြီး ကျင့်သုံးပြစမ်းပါဘုရား"

"ဟား ဟား...ဒကာကြီးဥစ္စာကလည်း ကမ္ဘာကျော်ဆရာတော်ကြီး လက်ညှိုးထိုးပြီး ဦးပဥ္စင်းကိုချည်းပဲ နက်နေတာပါပဲလား"

"နက်တာမဟုတ်ပါဘူးဘုရား၊ အကျိုးလိုလို့ သတိပေးတာပါဘုရား"

"ကဲ ကဲ...နောက်မှ တရားပွဲပြီးမှ သတိပေး၊ ညောင်းပြီ၊ အညောင်းဖြေဦးမယ်"

"ရှေ့ဆောင်နွားလား၊ အကောက်သွားက၊ နောက်နွားတစ်သိုက်၊ အကောက်လိုက်၏၊ ရှေ့ဦးနွားမှူး၊ အဖြောင့်ကူးသော်၊ မထူးနောက်ပါ၊ နွားတကာလည်း၊ ဖြောင့်စွာမြစ်၌၊ ကူးနောက်လိုက်၏"

(မဃဒေဝလင်္ကာ)

# ရေဆွမ်း ဘုဉ်းပေးတယ်ဘုရား

(၄၀)

ဘုရားရှင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံ အလုံးစုံကို အဆီညှစ်၍အနှစ်ထုတ်ယူသည်ရှိသော် ဗောဓိပက္ခိယ တရား(၃၇)ပါး ရ၏။ ယင်းကို အကျဉ်းချုံးပြန်သည်ရှိသော် ဝိသုဒ္ဓိ(၇)ပါးရ၏။ ယင်းကို အကျဉ်းချုံးပြန်သည်ရှိသော် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး အကျင့်တရားရ၏။ အဓိသီလသာသနာ၊ အဓိစိတ္တသာသနာ၊ အဓိပညာသာသနာဟူ၍လည်း ခေါ်၏။

ယင်းသိက္ခာသုံးပါး အကျင့်တရား သို့မဟုတ် သာသနာသုံးရပ်ကို မိမိသန္တာန်တွင် တည်အောင်ကျင့်ပါလျှင် မိမိတွင် သာသနာတည်သည် မည်တော့၏။ ပါရမီဖြစ်တော့၏။ သို့မကျင့်က သာသနာမတည်ပါ။ ပါရမီမဖြစ်။ နောက်ဘဝတွင်လည်း ပါရမီရင့်ဖို့ မလွယ်ကူချေ။

သို့ဖြစ်၍ ယခုဘဝ ဘုရားရှင်အဆုံးအမ သာသနာတော်ကြီးနှင့် ကြုံကြိုက်ခိုက် ယခုဘဝ၌ပင် အပါယ်သံသရာမှ လွတ်ထိုက်လျှင်လည်း လွတ်ရမည်၊ မလွတ်ထိုက်လျှင်လည်း နောက်ဘဝ၌လည်းကောင်း၊ နောက်ဘုရားသာသနာ၌လည်းကောင်း လွတ်နိုင်ရန် ပါရမီမျိုးစေ့ကို အောင်မြင်စွာ ရစေရန် မှန်ကန်စွာ ကျင့်ကြံနိုင်ရမည်။ ကျင့်ကား ကျင့်၏။ မမှန်ကန်လျှင်မူ အောင်မြင်သော ပါရမီမျိုးစေ့မဖြစ်နိုင်။

ယခု ဘုရားသာသနာတော်ကြီး ထင်ရှားရှိစဉ်ပင် အကျင့်အမျိုးမျိုးရှိ၏။ တစ်ချိန်က ကြုံခဲ့၏။ မြို့ကြီးတစ်မြို့အနီးမှ ရွာကြီးတစ်ရွာတွင် မိမိတရားဟော၏။ ပထမသုံးလေးရက်ဟောပြီး နောက်တစ်နေ့တွင် ဒကာမကြီးတစ်ယောက် ရောက်လာလျှောက်ထား၏။

"ဦးပဥ္စင်းဘုရား မနေ့ကဟောတဲ့ ရုပ်ပြစ်ရုစ်ပါး တရားနာရတော့ တပည့်တော်သံဝေဂတွေဖြစ်ပြီး ညက အိပ်တောင်ကောင်းကောင်းမပျော်ဘူးဘုရား"

"သံဝေဂဖြစ်တာနှင့် ဘာဖြစ်လို့ အိပ်မပျော်ရလဲ၊ သံဝေဂမဟုတ်ဘဲ ကြောက်တာနှင့် တူတယ်"

"တပည့်တော်တို့ ဩကာသဆိုတိုင်း ရုပ်ပြစ်ရုစ်ပါးကတော့ ပါနေတာပါပဲဘုရား၊ ဒါပေမဲ့ ယခု ဦးပဥ္စင်းဘုရားဟောသလို အပ်ချမတ်ချမသိတော့ တပည့်တော်တို့ မကြောက်ဘူးဘုရား၊ ယခု ဦးပဥ္စင်းဘုရား ဟောလို့သိတော့ ရုပ်ပြစ်ရုစ်ပါးက

လွတ်ဖို့ဆိုတာ တကယ်တော့ မလွယ်သေးပါလားလို့ သိသွားလို့ သိပ်ကြောက်သွားတယ်ဘုရား၊ ဒါကြောင့် ဟိုတွေး ဒီတွေးနဲ့ အိပ်မပျော်တာဘုရား"

"အင်း...ဒါကြောင့် တရားနာသင့်တာပေါ့ ဒကာမကြီး၊ တစ်ချို့က တရားအားထုတ်ပြီး ရိပ်သာက ပြန်လာတယ်ဆိုရင်ပဲ အထင်ကြီးပြီး "တရားနာစရာ မလိုတော့ဘူး" လို့ ပြောတတ်တယ်"

"တပည့်တော်တို့ကတော့ ဒီလိုမဟုတ်ပါဘူးဘုရား၊ တရားလည်း လေ့လာလိုက်စားပါတယ်၊ တရားပွဲကြုံလျှင်လည်း အမြဲနာပါတယ်၊ ယခုလည်း နေ့လယ်၊ နေ့လယ်ဆို အိမ်မှာ မနေပါဘူးဘုရား"

"ဘယ်သွားနေသလဲ"

"တောင်ပေါ်သွားနေတယ်ဘုရား"

ဒကာမကြီးများ ရွာအနီးတွင် ကျောင်းကန်ဘုရားနှင့် စိမ်းလန်းသာယာစိုပြည်သော တောင်ကုန်းလေး တစ်ကုန်း ရှိ၏။

"တောင်ပေါ်မှာ အဖော်တွေရှိလား၊ ဘာသွားလုပ်နေသလဲ"

"တောင်ပေါ်မှာ တစ်ခြားအဖော်တော့ မရှိပါဘုရား၊ တော်တော်အကျင့်ကောင်းတဲ့ ရသေ့တွေ ရှိတယ်ဘုရား၊ ပထမတော့ သူတို့လည်း ဦးပဉ္စင်းတွေပဲဘုရား၊ နောက်မှ ရသေ့ဝတ်လိုက်တယ်"

မိမိမှာ ဦးပဉ္စင်းဘဝမှရသေ့ဝတ်လိုက်တယ်ဆိုတော့ စိတ်ပျက်သွားသည်။ မှန်၏။ ဦးပဉ္စင်းဘဝမှရသေ့ဝတ်ခြင်း၊ ရသေ့ပေါ်လာခြင်းသည် သာသနာပျက်ခြင်း၊ သာသနာဆုတ်ယုတ်ခြင်းပင် မဟုတ်ပါလော။

"အင်း...အဲဒီရသေ့တွေ ဘယ်လိုကျင့်ကြံ ကြိုးကုတ်အားထုတ်ကြသလဲ၊ ပြောစမ်းပါဦး"

"အကျင့် တော်တော်ပြင်းထန်တယ်ဘုရား၊ တစ်ခါတစ်ရံ ရေဆွမ်းဘုဉ်းပေးတယ်ဘုရား"

မိမိမှာ အံ့အားသင့်သွား၏။ ဘယ့်နယ်ရေဆွမ်းလဲ၊ ရေသည် ဆွမ်းမဟုတ်၊ ဆွမ်းသည်လည်း ရေမဟုတ်။ ရေသည် အကပ်မခံဘဲ အချိန်မရွေး သောက်နိုင်၏။ ယင်းရေကို ဆွမ်းအဖြစ် ဘုဉ်းပေးတယ်တဲ့။ အင်း...ခက်ပြီ။ မိမိသည် ရှေ့သို့ဆက်၍ ဘာပြောရမည်နည်း။ ရေဆွမ်းဘုဉ်းပေးတာကို ထောက်ခံအားပေးရမည်လော၊ ကန့်ကွက်ပြောကြားရမည်လော။ ထိုစဉ် ဒကာမကြီးက ဆက်ပြောပြန်၏။

"အမြဲဘုဉ်းပေးတာတော့ "မီးလွတ်ဘုဉ်းပေးတယ်" ဘုရား၊ ရေဆွမ်းကတော့ တစ်ခါတစ်ခါ ဘုဉ်းပေးပါတယ်ဘုရား"

အင်း...လာပြန်ပြီ၊ မီးလွတ်တဲ့။ ဘယ်မီးမှ ဘယ်လိုလွတ်သလဲ မသိဘူး။ မိမိသည် ယင်းသို့ တွေးတောစဉ်းစားပြီး ဒကာမကြီးအား မေး၏။

"ဘယ်မီးမှ ဘယ်လိုလွတ်တဲ့ မီးလွတ်ကို ဘုဉ်းပေးလဲဒကာမကြီး"

"သူတို့ဘုဉ်းပေးတဲ့ မီးလွတ်ဆိုတာကဘုရား မီးဖြင့်မချက်တဲ့ အစားအစာတွေပေါ့ဘုရား၊ သစ်သီးအမျိုးမျိုးပေါ့"

"ဩော်...ဩော်...အဲဒီသစ်သီးတွေက စားလောက်အောင် အလွယ်တကူပဲ နေ့စဉ်ရရဲ့လား"

"ဒီလိုပဲ ရှာရတာပေါ့ဘုရား၊ တပည့်တော်က နံနက်ပိုင်း ဈေးမှာ ရှာဖွေဝယ်ယူပြီး တောင်ပေါ်တက်သွား၊ ဟိုမှာ နေ့လယ်နေ၊ ညနေမှ ပြန်ဆင်းလာတယ်ဘုရား"

"အင်း အင်း...ဒကာမကြီး ရသေ့တွေ မီးလွတ်နဲ့ ဦးပဉ္စင်းတို့ မီးလွတ်နဲ့ မတူဘူး"

"ဦးပဉ္စင်းဘုရားလည်း မီးလွတ်ဘုဉ်းပေးလားဘုရား"

ဒကာမကြီးမှာ မီးလွတ်စားတာကို အထင်ကြီးဟန် တူ၏။ မိမိက ဦးပဥ္စင်းတို့ မီးလွတ်နှင့် မတူဘူးပြောတော့ အံ့သြသော အမူအရာနှင့် ပြန်မေးသည်။

"အင်း...ဟုတ်တယ်၊ ဦးပဥ္စင်းတို့ တောရကျောင်းမှာဆို အမြဲမီးလွတ်စားတယ်"

"ဦးပဥ္စင်းဘုရား၊ မီးလွတ်က ဘယ်လိုပါလဲဘုရား"

"ဦးပဥ္စင်းတို့ မီးလွတ်က ဒီလိုဒကာမကြီးရဲ့ ကျောင်းမှာ ဘာမှမချက်ဘူး၊ မီးလွတ်ပဲ၊ ရွာထဲသွား ဆွမ်းခံပြန်လာလျှင် ထိုင်စားပဲ၊ ထပ်ပြီးလည်း မနွေးဘူး၊ မချက်ဘူး၊ ရတာ ထိုင်ပြီးစားတာပဲ"

"ရေနွေးလည်း မဘုဉ်းပေးဘူးလားဘုရား"

"ရေနွေးဘုဉ်းပေးရင် ကျောင်းက ဘယ်မီးလွတ်မလဲ၊ အားလုံးမီးလွတ်ပဲ၊ ရေလည်း မီးလွတ်၊ ဆွမ်းလည်း မီးလွတ်ပဲ"

"ရသေ့တွေကတော့ ရေနွေးသောက်တယ်နဲ့ တူတယ်ဘုရား"

"ဟာ...ဒါဖြင့် ဘယ်မီးလွတ်မလဲ"

"ဦးပဥ္စင်းဘုရားတို့ မီးလွတ်က တစ်မျိုးဆိုတာ ဟုတ်သားပဲဘုရား"

"နောက်တစ်မျိုးရှိသေးတယ် ဒကာမကြီး"

"အမိန့်ရှိပါဦးဘုရား၊ ဦးပဥ္စင်းဘုရား ပြောတာတွေက အဆန်းတွေချည်းပဲဘုရား"

"ဟာ...ဘယ်ကလာ ဆန်းရမှာလဲ ဒကာမကြီး၊ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ဘုရားရဟန္တာများ ဘုဉ်းပေးသွားတဲ့ မီးလွတ်နည်းပဲဟာ"

"နောက်တစ်မျိုး အမိန့်ရှိပါဦးဘုရား"

"ယခုပြောခဲ့တဲ့ မီးလွတ်က ပကတိမီးကို ပြောတာနော် ဒကာမကြီး၊ နောက်ပြောမဲ့ မီးလွတ်က ကိလေသာမီးကို ပြောမှာ"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"သူမြတ်တို့အားသော်လည်း လျော်ကန်ထိုက်တန်သော ဤစားဖွယ်သည် ခွေးစားကျင်း၌ စွန့်ပစ်အပ်သော အန်ဖတ်ကဲ့သို့ ဤအတူ တံတွေး စသည်တို့နှင့် လုံးထွေးမွှေနောက်အပ်သည်ဖြစ်၍ မစင်ဖြစ်သည်တိုင်အောင် သွားလတ္တံ့"

"ရထားအိုကို မပြိုကွဲစေခြင်းငှာ လှည်းစာ ဆီရေ ပေးအပ်သကဲ့သို့ ထို့အတူ ဣရိယာပထ စက်ဘီးတပ်ဆောင် ဤကိုယ်ကောင်ကို မပြိုကွဲစေခြင်းငှာ စားသောက်ဖွယ်ပေး၍ မွေးမြူအပ်၏"

"နှစ်ပါးစုံလည်း ဖြစ်ကုန်သော ထိုလှည်းနှင့် လှည်းစာတို့သည် အချင်းချင်း မသိကုန်သကဲ့သို့ ကိုယ်သည်လည်းကောင်း၊ စားသောက်ဖွယ်သည်လည်းကောင်း အချင်းချင်း မသိကုန်၊ ကိုယ်နှင့် စားသောက်ဖွယ် နှစ်မျိုးလုံးတို့သည်လည်း လေးပါးအစုတို့၌သာလျှင်တည်း"

"တင့်တယ်ကောင်းမွန်သော အဖိုးများစွာထိုက်တန်သော ဤထမင်းသည်လည်းကောင်း၊ ဤဟင်းသည်လည်းကောင်း၊ ဤခဲဖွယ်သည်လည်းကောင်း တစ်ခုသောခံတွင်းပေါက်ဖြင့် ဝင်၍ ကိုးပေါက်ဒွါရ အမာဝတို့မှ ထွက်လေ၏"

"ဝမ်းတွင်းအစာအိတ်၌ တစ်ညဉ့်မျှ သိပ်သဖြင့် စက်ဆုပ်ရွံရှာဖွယ်အဖြစ်သို့ ရောက်လတ္တံ့၊ ဖုံးလွှမ်းကွယ်ကာသော လူမမြင်ရာ၌ ရှက်စနိုးသော အခြင်းအရာဖြင့် စွန့်ပစ်ရ၏"

"ကြာဖက်၌ ရေပေါက်ကဲ့သို့လည်းကောင်း၊ အနာကို ဆေးလိမ်းလျက် အသားနု တက်စေခြင်းကဲ့သို့လည်းကောင်း၊ ရှာဖွေခြင်း၊ ခံယူခြင်း၊ သုံးဆောင်ခြင်း၌ အတိုင်းအရှည်ကို သိသည်ဖြစ်၍ အမြဲထင်မြင်သော သတိရှိလျက် တဏှာမာနဖြင့် လိမ်းကျံခြင်း မရှိဘဲ သုံးဆောင်ရာ၏"

"အဲဒီလို ဆင်ခြင်စားရင် လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ လောင်ဦးမလားဒကာမကြီး"

"ဘယ်လောင်တော့မလဲဘုရား"

"အဲဒါလည်း မီးလွတ်ပဲပေါ့"

"မှန်ပါ၊ အရှင်ဘုရား အမိန့်ရှိမှပဲ မီးလွတ်အမျိုးမျိုး သိပါတယ်ဘုရား"

"ဒကာမကြီး ဘုရားရှင်ဟာ အကျင့်သုံးမျိုးကို ဟောခဲ့တယ်၊ အဲဒါ ကိုယ်ကျင့်တဲ့အကျင့် ဘယ်ထဲပါလဲ တိုက်ကြည့်၊ မကောင်းတဲ့အထဲပါရင် နောက်ဆုတ်၊ ကောင်းတဲ့အထဲပါရင် တိုးကျင့်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

## အကျင့်သုံးမျိုး

"ရဟန်းတို့၊ အကျင့်တို့သည် -

၁။ မြဲမြံစွာယူသောအကျင့်

၂။ မိမိကိုယ်ကို လောင်မြိုက်စေတတ်သောအကျင့်

၃။ အလယ်အလတ်ဖြစ်သော အကျင့်ဟူ၍ သုံးမျိုးရှိကုန်၏။

"ရဟန်းတို့ ဤလောက၌ အချို့သောသူသည် "ကာမဂုဏ်တို့သည် အပြစ်မရှိ" ဤသို့ ဆိုလေ့ရှိ၏။ ဤသို့ယူလေ့ရှိ၏။ ထိုပုဂ္ဂိုလ်သည် ကာမဂုဏ်တို့၌ သုံးဆောင်ခံစားခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤအကျင့်ကို လောဘ၏ အစွမ်းအားဖြင့် မြဲမြံစွာယူအပ်သော အကျင့်ဟု ဆိုအပ်၏"

"ရဟန်းတို့၊ ဤလောက၌ အချို့သောသူသည် အဝတ်မဝတ်ဘဲ နေ၏။ လွတ်လပ်စွာ ကျင့်၏။ အရှင်ရပ်ပါဦးလော့ဆိုသူ၏ဆွမ်းကိုမခံ၊ ပင့်ဖိတ်သောဆွမ်းကိုမခံ၊ ငါးမစား၊ အမဲသားမစား၊ ခုနစ်အိမ်၌သာ ဆွမ်းခံ၏။ ခုနစ်လုပ်သာ စား၏။ ခုနစ်ရက်ခြားလည်းအစာစား၏။ ဟင်းရွက်စိမ်းကိုသော်လည်း စား၏။ ထမင်းရေကိုသော်လည်း သောက်နေ၏။ တောသစ်မြစ် သစ်သီးကိုစားလျက် မျှတနေ၏။ ကြွေကျသောသစ်သီးကို စားလျက်နေ၏။ ဆူးအခင်းပေါ်၌ အိပ်၏။ ဤနည်းဖြင့် ဤသို့သဘောရှိသော ကိုယ်ကို အလွန်အမင်း ပူပန်စေသော များစွာသောအကျင့်ကို မပြတ်အားထုတ်လျက် နေ၏။ ရဟန်းတို့ ဤအကျင့်ကို မိမိကိုယ်ကို လောင်မြိုက်စေတတ်သောအကျင့်ဟု ဆိုအပ်၏"

"ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော အကုသိုလ်တရားယုတ်တို့ကို မဖြစ်စေရန်၊ ဖြစ်ပြီးသော အကုသိုလ်တရားယုတ်တို့ကို ပယ်ရန်၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကိုဖြစ်ပေါ်စေရန်၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တည်တံ့စေရန်၊ မပျောက်ပျက်စေရန်၊ ကြီးပွားစည်ပင်ရန်၊ ပြည့်စုံစေရန် ကုသိုလ်ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယစိုက်ထုတ်၏၊ စိတ်ကိုပင့်မြှောက်၏၊ ကြိုးစား၏"

"ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာကို အကြီးအမှူးပြု၍ဖြစ်သော သမာဓိ၊ အားထုတ်ခြင်း ဝီရိယဟူသော သင်္ခါရနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားများ၏"

"ဣက္ခြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးတို့ကို ပွားများ၏"

"ရဟန်းတို့ ဤအကျင့်ကို အလယ်အလတ်ဖြစ်သော အကျင့်ဟု ဆိုအပ်၏"

"အဲဒါ အကျင့်သုံးမျိုးပဲ ဒကာမကြီး၊ မီးလွတ်စားတဲ့ အကျင့်တို့၊ ရေဆွမ်းဘုဉ်းပေးတဲ့ အကျင့်တို့ ဘယ်အမျိုးထဲ ပါမလဲ"

"နံ့ပါတ်နှစ် မိမိကိုယ်ကို လောင်မြိုက်စေတတ်သော အကျင့်ထဲ ပါလိမ့်မယ်နဲ့တူတယ်ဘုရား"

"အင်း... အနမတဂ္ဂသံသရာ၌ ကျင်လည်ပြေးသွား မျှောပါနစ်မွန်း၍ နေကြရကုန်သော သတ္တဝါတို့အား ကမ္ဘာတွေ အသင်္ချေ့အသင်္ချာကုန်ပါသော်လည်း တစ်ကြိမ်တစ်ခါမျှ တွေ့ဖို့ရန် ကြုံဖို့ရန် ခဲယဉ်းလှသော ဘုရားရှင်ပွင့်ခြင်းနှင့် သူတော်ကောင်းတရားကြားနာရခြင်းဆိုတဲ့ ခဏ ၂ - ပါးတို့နှင့် ကြုံကြိုက်နေကြရပါလျက် ယင်းခဏနစ်ပါးတို့၏ အဆီအနှစ် ဩဇာကို သုံးဆောင်ခံစားကြရန် မှန်ကန်သောကျင့်မှု ပဋိပတ်နည်းလမ်းရောက်ဖို့ မလွယ်ဘူး ဒကာမကြီး"

"မှန်လှပါဘုရား မလွယ်ပါဘူး"

"အင်း... အဲဒါ နံ့ပါတ်သုံးအကျင့်ဖြစ်အောင် ကြိုးစားဦး"

"မှန်ပါဘုရား"

"ကဲ... သွားတော့၊ သွားတော့၊ ညောင်းပြီ"

✧ ဗုဒ္ဓသာသနာ၊ ကြုံဆဲခါ၊ မှန်စွာကျင့်ကြံနိုင်စေသော်။

✧ သာသနာတွင်းမှ၊ ကျင့်လွဲက၊ နောက်ကျမှန်ဖို့မလွဲနော်။

# ချိုးအစာကောက်သလိုပဲ

(၄၁)

ယခုခေတ်တွင် တရားပွဲသည် နှစ်မျိုးနှစ်စားရှိ၏။ ယင်းမှာ နိုင်ငံရေးတရားပွဲနှင့်သာသနာရေးတရားပွဲ ပင်ဖြစ်၏။ ယင်းသို့ တရားပွဲ (၂)မျိုးရှိရာ ဟောပြောမှုလည်း နှစ်မျိုးကွဲအောင် ဟောမှသာ အသက်ဝင်၍ စိတ်ဝင်စားမည် အကျိုးရှိမည် ဖြစ်၏။

မှန်၏။ နိုင်ငံရေးတရားပွဲမျိုး ဟောရာ၌ အများအားဖြင့် လူထုပရိသတ်ကို စိတ်တက်ကြွပြီး နိုးကြားလှုပ်ရှားလာအောင် လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် ဩဘာသံ တညံညံဖြစ်အောင် ဟောနိုင်ဖို့လို၏။

ယင်းသို့ဖြစ်အောင် ဟောရာ၌ ဟောသူသည် မိမိတွင်ရှိသော ကိုယ်လက်အင်္ဂါတွေကို အသုံးချ၍ ဟန်အမူအရာနှင့် ဟောပြောလျှင် ပိုမို၍ ထိရောက်၏။ အောင်မြင်၏။ တရားနာသူ လူထုပရိသတ် စိတ်ဝင်စား၏။

သို့ဖြစ်၍တရားဟောစဉ်လက်ကိုမြှောက်သင့် မြှောက်ရ၏။ ခါသင့် ခါရ၏။ လက်ဖြင့် စားပွဲကိုထုသင့် ထုရ၏။ ရိုက်သင့် ရိုက်ရ၏။ ခေါင်းခါသင့် ခါရ၏။ ခေါင်းညိတ်သင့် ညိတ်ရ၏။ ကိုယ်ယိမ်းသင့် ယိမ်းရ၏။

သာသာရေး တရားပွဲမျိုး ဟောရာ၌မူ ယင်းသို့ဟောလျှင် အဆင်မပြေပေ။ မှန်၏။ သာသနာရေး တရားပွဲမျိုးမှာ ထကြွ သောင်းကျန်းနေသော ကိုယ်၊ နှုတ်၊ စိတ် ကြမ်းတမ်းမှုတွေကို ငြိမ်သက်နည်း ဟောရခြင်းဖြစ်၏။

ယင်းသို့ဖြစ်၍ဟောပြောသူသည်မိမိတွင်ရှိသောကိုယ်လက်အင်္ဂါတွေကိုငြိမ်သက်နိုင်သမျှငြိမ်သက်အောင်လေ့ကျင့် ထားဖို့ အရေးကြီးသည်။ သို့မှသာ မိမိဟောသည့်တရားနှင့် မိမိအမူအရာမှာ ထင်မိဟပ်မိ၍ ထိရောက်မည်။ အောင်မြင်မည်။ ပရိသတ်စိတ်ဝင်စားမည်။

သို့ဖြစ်၍ သာသနာရေး တရားပွဲဟောသူသည် ခေါင်းမလှုပ်သင့်။ ကိုယ်လက် မလှုပ်သင့်။ ကိုယ်နေ ငြိမ်သက်ရမည်။ ငါသည် တရားနာပရိသတ်တွေကို ကိုယ်.နှုတ်.စိတ် ငြိမ်သက်နည်းကို ဟောပြောနေသူဖြစ်၍ ငါကိုယ်တိုင် ငြိမ်သက်မှ ဖြစ်မည် ဟု အမြဲသတိရှိကာ ဟောရမည်။

မှန်၏။ နိုင်ငံရေး တရားနာပရိသတ်ရော၊ သာသနာရေး တရားနာပရိသတ်ပါ ပရိသတ် ၂ - မျိုးလုံးသည် တရားနာစဉ် အခါ တရားကိုသာ နာလိုသည်မဟုတ်။ တရားဟောပြောသူကိုလည်း ကြည့်လိုမြင်လိုသည်။ တရားနာပရိသတ်သည် အများ အားဖြင့် မျက်စိကိုဖွင့်၍ ဟောပြောသူကို ကြည့်၍နာကြ၏။

ယင်းသို့ကြည့်ရာ၌ ဟောပြောသူသည် အဟောအပြောနှင့် အမူအရာ ဟပ်.မဟပ်၊ သို့မဟုတ် အဟောအပြောနှင့် အလုပ်ညီ.မညီကို လက်တွေ့မျက်မြင် စူးစမ်းလို၍လည်း ဖြစ်၏။

ပရိသတ်သည် စိတ်ဝင်စားလျှင် စိတ်ဝင်စားသလို ချီးမွမ်းစကားပြောကြား၍ စိတ်မဝင်စားလျှင်လည်း စိတ်မဝင်စား သလို ကဲ့ရဲ့စကား ပြောကြားလေ့ရှိ၏။

မှန်၏။ မိမိသည် တစ်ခါက မြို့ကြီးတစ်မြို့တွင် တရားဟော တရားပြနေ၏။ တရားပွဲပြီးသော် မိမိကျောင်းသို့ ပြန်လာ ၏။ မကြာမီ ဒကာကြီးတစ်ယောက် ရောက်လာ၍ ဦးချကာ ထိုင်၏။ ပြီးသော် လျှောက်၏ -

"ဦးပဉ္ဇင်း တရားဟောတာ တယ်အရေးကြီးပါလား"

"ပြောမှပြောပလေ ဒကာကြီးရယ်၊ တရားဟောတာ အရေးအကြီးဆုံးပေါ့၊ ဘယ့်နယ်အရေးမကြီး ရှိပါ့မလဲ၊ လူအများ ကို ဟောရတာပဲဟာ၊ ယခုမှ အထူးအဆန်း ဒကာကြီးက ဘာအကြောင်းထူး တွေ့.မြင်သိရှိလာလို့ လာပြောတာလဲ"

"ခုနက တရားပွဲပြီးတော့ ဟိုစကြံထဲ တပည့်တော်သွားတယ်၊ ဟိုမှာ လူသုံးယောက် တရားဆွေးနွေး စကားပြောနေ တာ ကြားခဲ့တယ်"

"အင်း... ဘယ်လိုကြားခဲ့လဲ၊ ပြောစမ်းပါဦး"

"တစ်ယောက်က လျှောက်ပြောနေတယ်၊ ဘယ်ဆရာတော် တရားဟောတာက ဘယ်လို စသည် လျှောက်ပြောနေ တော့ နားထောင်ကြည့်တယ်၊ နောက်ဆုံးတစ်ခု မှတ်မိခဲ့တာကတော့ ဘယ်ဆရာတော်ကြီး တရားဟောတာကလည်း "ချိုး အစာကောက်သလိုပဲ" တဲ့ဘုရား၊ ကဲ့ရဲ့သံ ကြားခဲ့ရတယ်"

"အင်း... ဦးပဉ္ဇင်းတို့ ဟောနေတဲ့တရားတော်ကို "သဒ္ဓမ္မ" သူတော်ကောင်းတရားလို့ ခေါ်တယ်မဟုတ်လား"

"တင်ပါ့ဘုရား"

"အင်း... အဲဒီ သူတော်ကောင်းတရား ကျင့်ကြံကြိုးကုတ် အားထုတ်သူကို ပါဠိလို "သန္တ" မြန်မာလို သူတော်ကောင်း ခေါ်တယ်၊ ပါဠိလိုကတော့ သိပ်ရှင်းတယ် ဒကာကြီး"

"အမိန့်ရှိပါဦးဘုရား"

"ပါဠိလို သန္တ = မြန်မာလို ကိုယ်၊ နှုတ်၊ စိတ် ငြိမ်သူလို့ အဓိပ္ပာယ်ရတယ်၊ ဒါကြောင့် သူတစ်ပါးကို သန္တ = သူတော်ကောင်း ဖြစ်အောင် ဟောပြောသူဟာ ကိုယ့်မှာ တရားနာသူ စိတ်ကျေလောက်အောင် ပထမဦးဆုံး သန္တ = သူတော်ကောင်းဖြစ်ဖို့ သို့မဟုတ် ကိုယ်၊ နှုတ်၊ စိတ် ငြိမ်သက်ဖို့ အရေးမကြီးဘူးလား"

"သိပ်အရေးကြီးတာပေါ့ဘုရား၊ ဒါဖြင့် ဦးပဉ္ဇင်း အဲဒီသန္တအကြောင်း တပည့်တော်ကို နည်းနည်းဟောပြပါလားဘုရား"

"ကဲ... ဒါဖြင့် ရှိရှိသေသေ နားစိုက်မှတ်သား"

"တင့်ပါ့၊ မှတ်သားပါ့မယ်ဘုရား"

## "သန္တပုဂ္ဂိုလ်"

"အသင့်အားဖြင့်သိ၍ကိလေသာမှလွတ်သောလောကဓံကြုံလည်း မတုန်လှုပ်သော ပုဂ္ဂိုလ်၏စိတ်သည် သန္တ - ငြိမ်သက်၏။ စကားသည်လည်း သန္တ - ငြိမ်သက်၏။ ကိုယ်အမူအရာသည်လည်း သန္တ - ငြိမ်သက်၏"

(အရဟန္တဝဂ် - ဓမ္မပဒ)

"ပညာရှိတို့သည် ကိုယ်ကို စောင့်စည်းကုန်၏။ ထိုမှတစ်ပါး နှုတ်ကိုစောင့်စည်းကုန်၏။ ပညာရှိတို့သည် စိတ်ကို စောင့်စည်းကုန်၏။ ထိုပညာရှိတို့သည် စင်စစ် ကောင်းစွာထက်ဝန်းကျင်မှ စောင့်စည်းကုန်၏"

(ကောဓဝဂ် - ဓမ္မပဒ)

"ငြိမ်သက်သော ကိုယ်ရှိသော၊ ငြိမ်သက်သော နှုတ်ရှိသော၊ ငြိမ်သက်သော စိတ်ရှိသော၊ ကောင်းစွာ တည်ကြည်သော၊ ပျို့အန်အပ်ပြီးသော လောကီအာမိသရှိသော ရဟန်းကို ဥပသန္တ ငြိမ်သက်သော ရဟန်းဟူ၍ ဆို အပ်၏"

(ဘိက္ခုဝဂ် - ဓမ္မပဒ)

"နေပါဦး ဦးပဥ္စင်းရယ်၊ ကိုယ်ကတော့ မလှုပ်ဘူး၊ သန္တ - ငြိမ်သက်ပါပြီတဲ့၊ တရားဟောနေတော့ နှုတ်က လှုပ်နေတယ် မဟုတ်လား၊ ဘယ်လို သန္တ ဖြစ်မလဲ"

"အင်း . . . ဒကာကြီးမေးတာ မေးစရာပဲ၊ အမေးသိပ်ကောင်းတယ်၊ ဒီနေရာမှာ သန္တ ဖြစ်ပုံက ဒီလို ဒကာကြီးရဲ့ ကိုယ် ကနေ စ,ပြောမယ်နော်"

"တင်ပါ့ဘုရား၊ အမိန့်ရှိပါ"

"ကိုယ်ဖြင့် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူတစ်ပါးကာမကို ကျူးလွန်ခြင်း မရှိဘဲ ရှောင်ကြဉ်ပြီးတော့ ကာယ သုစရိုက်တရား ဖြည့်ကျင့်နေလျှင် ကိုယ်သန္တ ဖြစ်တယ်ပေါ့"

"တင်ပါ့ဘုရား"

"နှုတ်ဖြင့် မုသားပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းကြမ်းတမ်းတမ်းဖြင့် ပြောဆိုခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ အကျိုးမရှိ ပြိန်ဖျင်းတဲ့စကားတွေ ပြောကြားခြင်းမှ ရှောင်ရှားပြီး ဝစီသုစရိုက်တရားတွေ ဖြည့်ကျင့်နေလျှင် သန္တပေါ့၊ နားလည်လွယ်အောင် ပြောလျှင် သမ္မာဝါစာဖြစ်လျှင် နှုတ်သန္တပေါ့"

"တင်ပါ့ဘုရား၊ အမိန့်ရှိပါဘုရား"

"အဲဒါထက် တရားဟောတဲ့နေရာမှာ ဒေါသသံ၊ မာနသံမနော မမာကျောလွန်းဘဲ လောဘသံ၊ တဏှာသံမနော မချွဲ လွန်း၊ မခရာလွန်း၊ မတာလွန်း၊ မညုလွန်း၊ မဆွဲလွန်း၊ သဘင်သံ မဆန်လွန်းဘဲ မူလအရှိသံနှင့် ပီပီသသ ရွတ်ဆိုဟောပြောခြင်း ပဲ၊ လောဘစွန်း၊ ဒေါသစွန်းဆိုတဲ့ အစွန်း ၂ - ပါးလွတ်ပြီး မဇ္ဈိမပဋိပဒါကျကျဟောလျှင် နှုတ်သန္တပဲပေါ့"

"မဇ္ဈိမပဋိပဒါကလည်း ဟောတဲ့နေရာမှာတောင် အရေးကြီးပါလားဘုရား"

"အို . . . ဒကာကြီးကလည်း မဇ္ဈိမပဋိပဒါဆိုတာ ကိုယ်မှာလည်း အရေးကြီးတယ်၊ နှုတ်မှာလည်း အရေးကြီးတယ်၊ စိတ်မှာလည်း အရေးကြီးတယ်၊ အားလုံး နေရာတကာ အရေးကြီးတယ်"

"ဒါနဲ့ ခုနက စိတ်သန္တ မပြောရသေးဘူးဘုရား၊ အမိန့်ဆက်ရှိပါဦးဘုရား"

"အင်း . . . စိတ်သန္တဆိုတာက စိတ်ဖြင့် သူတစ်ပါးစည်းစိမ်ကို မတရားလိုချင်ခြင်း၊ သူတစ်ပါးကို ပျက်စီးစေလိုခြင်း၊ မှားသောမိစ္ဆာဒိဋ္ဌိ အယူရှိခြင်းများ ကင်းပြီး မနောသုစရိုက်နှင့် ပြည့်စုံလျှင် စိတ်သန္တပဲပေါ့"

"ဒါဖြင့် တရားဟောတဲ့ပုဂ္ဂိုလ်မှာ မဇ္ဈိမပဋိပဒါကျကျ တရားရှိလား မရှိလားဆိုတာ ကိုယ်နှုတ်စိတ် အကဲခတ်ကြည့်ရင် သိနိုင်တာပေါ့ဘုရား"

"အင်း... အကဲခတ်တဲ့လူကတော့ တိုက်ရိုက်အားဖြင့် ကိုယ်နဲ့နှုတ်ပဲ အကဲခတ်နိုင်မှာပေါ့၊ စိတ်ကို တိုက်ရိုက် ဘယ်အကဲခတ်နိုင်မလဲ၊ ကိုယ်နှုတ်သန္တမဖြစ်တာ ဖြစ်တာ ကြည့်ပြီး စိတ်ကို အကဲခတ်ရမှာ"

"ဒါကတော့ ဟုတ်ပါတယ်ဘုရား"

"ကဲ... ဒါဖြင့် ဒကာကြီး ရှေးက သူတော်ကောင်းသန္တတို့ရဲ့နည်းမှီးပြီး သွားကျင့်ပေတော့"

"အဲဒီ... သူတော်ကောင်းသန္တတို့ရဲ့နည်းကို အမိန့်ရှိပါဦးဘုရား"

"ဒကာကြီးမှာလည်း အမိန့်ရှိပါဦးချည်းပဲ၊ တစ်ခါမှ ဒကာကြီး ဖတ်မှတ်ထားတာကလေးတွေ ထုတ်ပြီးမပြောဘူး"

"ဖတ်တော့ ဖတ်တာပဲဘုရား၊ မမှတ်မိဘူး"

"ကဲ... ဒါဖြင့်နားထောင်"

"သူတော်ကောင်းသန္တသည် ရှာ၌ ဆဲရေးသူ၊ ရှိခိုးသူ နှစ်ဦးကို တူမျှသောအဖို့ရှိအောင် ပြုရာ၏၊ ဆဲရေးသူအပေါ်၌ စိတ်ဖြင့် ပြစ်မှားခြင်းကို စောင့်ရှောက်ရာ၏၊ ရှိခိုးခြင်းကြောင့် ထောင်လွှားတက်ကြွမှု မရှိရာ"

(စတုရာရက္ခကျမ်း)

"သူတစ်ပါးတို့၏ ပြစ်မှားခြင်းကို ခံရသော သူတော်ကောင်းသန္တသည် ရဟန်းသံဃာများနှင့် များစွာသော လူများ၏ များစွာဆဲဆိုသောစကားကို ကြားရသည်ရှိသော် ကြမ်းကြုတ်သောစကားဖြင့် တစ်ဖန်ပြန်၍ မပြောဆိုရာ၊ မှန်၏။ သူတော်ကောင်းသန္တတို့သည် ဆန့်ကျင်ဘက်အမှုမျိုးကို ပြုလုပ်ရိုး မရှိကြကုန်"

(စတုရာရက္ခကျမ်း)

"ဂင်္ဂါမြစ်ကြီးကို မြက်မီးရှူးဖြင့် ပူစေခြင်းငှာ မတတ်နိုင်ရာသကဲ့သို့ သူတော်ကောင်း သန္တတို့၏စိတ်သည် သူယုတ်မာစကားတို့ကြောင့် ဖောက်ပြန်ခြင်းသို့ မရောက်နိုင်ချေ"

(စတုရာရက္ခကျမ်း)

"ကျောက်အတိပြီးသော ကျောက်တောင်ကြီးသည် ပတ်ဝန်းကျင် တိုက်ခိုက်သောလေတို့ကြောင့် ဘယ်အခါမှ မလှုပ်ရှားနိုင်သကဲ့သို့ သူတော်ကောင်းသန္တတို့၏ စိတ်နှလုံးသည် ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းတို့ကြောင့် ဖောက်ပြန်သောသဘောမျိုး မဖြစ်နိုင်ပေ"

(စတုရာရက္ခကျမ်း)

"မြစ်အတွင်းဝယ် လှေငယ်လောင်းငယ်တို့သည် လှိုင်းတံပိုးတို့ကြောင့် မြင့်တုံ နိမ့်တုံ လှုပ်ရှားခုန်ပေါက်ကုန်၏၊ လှေသင်္ဘောကြီးတို့သည်ကား လှိုင်းတံပိုးကြောင့် မလှုပ်ရှားနိုင်ကုန်သကဲ့သို့...

"လောက၌ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ ခြင်းတို့ကြောင့် သူယုတ်မာသည်သာလျှင် ကြွတုံ နိမ့်တုံ တုန်လှုပ်ကုန်၏၊ အမြော်အမြင်ပညာရှိသော သူတော်ကောင်းသန္တတို့သည်ကား ကြီးကျယ်လှစွာသော ချီးမွမ်းခြင်းကဲ့ရဲ့ခြင်းတို့ကြောင့်သော်လည်း တုန်လှုပ်ခြင်း မရှိကုန်"

(စတုရာရက္ခကျမ်း)

"ဦးပဥ္စင်း သူတော်ကောင်းသန္တဖြစ်ဖို့ မလွယ်ပါလားဘုရား"

"ဒကာကြီးကို ဦးပဥ္စင်းက လွယ်တယ် ဘယ်တုန်းကပြောလို့လဲ"

"ဘယ်တုန်းကမှ မပြောပါဘူးဘုရား"

"ဒါကြောင့် ဦးပဥ္စင်း ခဏခဏပြောတာက သူတော်ကောင်းသန္တ အမည်ခံချင်ရင် သူတော်ကောင်းသန္တနဲ့တူအောင် နေထိုင်ကျင့်သုံးနိုင်မှ ကောင်းတယ်၊ သို့မဟုတ်လျှင် ရှေးက တကယ့်သူတော်ကောင်း သန္တတွေပါ ကိုယ့်အတွက်နဲ့ အထင်သေး ခံရမယ်လို့"

"ဒါဖြင့် ဦးပဥ္စင်းလည်း သူတော်ကောင်းသန္တ မဟုတ်သေးဘူးပေါ့"

"မဟုတ်သေးလို့ တောထဲသွားကျင့်နေတာပေါ့၊ ဟုတ်ရင် တောမှာခွာပြီး အေးအေးနေမှာပေါ့"

"ကဲ ... ဒါဖြင့် တပည့်တော် ယောဂီကျောင်းသွားပြီး သန္တဖြစ်အောင် ကျင့်တော့မယ်ဘုရား"

ဒကာကြီးမှာ ပြောပြောဆိုဆိုပင် ရှိခိုးဦးချ၍ ထ,ကာ ယောဂီကျောင်းဆီသို့ သွားတော့၏။ မိမိမှုကား အနားယူ အပန်း ဖြေလျက် ကျန်ရစ်ခဲ့တော့၏။

✧ မိမိကိုယ်နော်၊ သန္တခေါ်၊ သူတော်ဖြစ်အောင်ကျင့်စေသော်။

✧ သူတော်သန္တ၊ ဖြစ်လေမှ၊ စစငြိမ်သက် အေးလိမ့်သော်။

# ရဟန္တာကိုရင် ကစားသေးလားဘုရား

(၄၂)

တစ်နေ့သော နေ့လည်ခင်းတွင် ဖြစ်၏။ မိမိသည် ခြေထောက်နာသဖြင့် ခြေထောက်ကို မြန်မာစုတ်ဆေးနှင့် ကိုယ့်ဘာသာကိုယ် ထိုးနေသည်။ ထိုစဉ်မှ အမှတ်မထင် တရားနာပရိသတ်မှ ဒကာတစ်ယောက် ရောက်ရှိလာပြီးလျှင် ပြဿနာပေါ်လာသည် -

"ရဟန္တာကိုရင် ကစားသေးလားဘုရား"

"ဟာ . . . ဘယ်ကလာ ကတ်သီးကတ်သပ် ရဟန္တာကိုရင် ကစားရမလဲ"

"ဦးပဥ္စင်းကသာ မကစားဘူးပြောတယ်၊ တပည့်တော်က နိုင်ငံကျော်စာရေးဆရာကြီးတစ်ယောက်ရဲ့စာအုပ်ထဲမှာ သေသေချာချာ ဖတ်ဖူးထားတယ်ဘုရား"

"အို . . . နိုင်ငံကျော်စာရေးဆရာကြီးတစ်ယောက်ရဲ့စာအုပ်ထဲ ဖတ်ဖူးတာနဲ့ ရဟန္တာကိုရင် ကစားတယ်ဆိုတာ မှန်ရရောလား"

"မမှန်ဘူးလားဘုရား"

"ဘယ်ကလာ မှန်မှာလဲ၊ အကြီးအကျယ်မှားတယ်"

"ဦးပဥ္စင်း ဒါဖြင့် ရဟန္တာကိုရင် ကစားတယ် မကစားဘူးဆိုတဲ့ ပြဿနာကို အတိအကျ ဖြေရှင်းပေးပါလားဘုရား"

"ဖြေရှင်းပေးဖို့ ပြဿနာအစအနတော့ ပြောပြဦးမှပေါ့"

"ဘယ်လို အစအန ပြောရမှာလဲဘုရား"

"ဘယ်ရဟန္တာကိုရင် ဘယ်မှာကစားတယ်ဆိုတာတော့ ပြောမှပေါ့၊ ဒါမှ တွေးတောဆင်ခြင် ထောက်ဆစရာရှာပြီး ဖြေရှင်းနိုင်မှာပေါ့"

"ဩော် . . . ဟုတ်သားပဲဘုရား၊ အဲဒါ တပည့်တော် ချွတ်ယွင်းချက်ပါပဲဘုရား၊ ဟိုကိုရင်ဘုရား၊ ရှင်ပေါ်ဋ္ဌိလကြီးကို တရားပြတဲ့ ရဟန္တာကိုရင်ပေါ့ ကစားတာ"

"ကဲ . . . ပြောစမ်းပါဦး၊ ကစားပုံကို၊ ဘယ်ပုံကစားသလဲ"

"ရှင်ပေါဋ္ဌိလကြီးတောထဲရောက်တော့ထေရ်ကြီးတွေကကမ္မဋ္ဌာန်းမပေးဘဲ "မီးတင်းကုတ်တွင် ခုနစ်နှစ်အရွယ်မျှသာ ရှိသေးသော ကစားနေသည့် သာမဏေထံသို့ ညွှန်လိုက်၏" လို့ ကစားပုံတွေဗျာဘုရား"

"ဒီရှင်ပေါဋ္ဌိလကြီးနှင့် ပတ်သက်ပြီး အမျိုးမျိုး ကိုယ်လိုသလို ဆွဲပြောနေကြတယ်၊ ခုလည်း ကိုရင်နဲ့ လိုသလို ဆွဲပြော ပြန်ပြီ"

"အဲဒါ အရှင်ဘုရား ရှင်းပေးပါလားဘုရား"

"ကဲ ... နားထောင်၊ မူရင်း ဓမ္မပဒအဋ္ဌကထာအတိုင်း ရှင်းပြပေးမယ်"

"ရှင်းပါဘုရား"

## ရှင်ပေါဋ္ဌိလ

"ရှင်ပေါဋ္ဌိလကြီးဟာ ဝိပဿီဘုရားရှင်မှ စ၍ ယခုဘုရားရှင်တိုင် ဘုရားရှင် ၇ - ဆူ သာသနာတော်မှာ ပိဋကတ်သုံးပုံ ဆောင် ရဟန်းငါးရာတို့၏ စာချချည်းဖြစ်ခဲ့တယ်၊ ကျွတ်တမ်းဝင်မည့် ပုဂ္ဂိုလ်ပဲ၊ သို့သော် အရှင်မြတ်ဟာ ဝိပဿနာတရား အား မထုတ်ဘူး၊ ဒါကို ဘုရားရှင်သိလို့ စဉ်းစားတယ် -

"ဤပေါဋ္ဌိလရဟန်းအား မိမိ၏ဒုက္ခမှ လွတ်မြောက်ရေးကို ပြုကျင့်အံ့ဟု စိတ်မျှ မဖြစ်ဘဲရှိ၏။ သူ့ကို ထိတ်လန့်သံဝေဂဖြစ်စေအံ့"

"အဲဒီလို စဉ်းစားကြံစည်ပြီး ရှင်ပေါဋ္ဌိလကြီး ဘုရားရှင်ထံ လာတိုင်းပြန်တိုင်း ဘုရားရှင်က ခေါ်တယ် -

"အချည်းနှီးသော ပေါဋ္ဌိလ လာလော့၊ အချည်းနှီးသော ပေါဋ္ဌိလ ထိုင်လော့၊ အချည်းနှီးသော ပေါဋ္ဌိလ သွားလော့၊ အချည်းနှီးသော ပေါဋ္ဌိလ သွား၏"

"အဲဒီလို ခေါ်ဝေါ်ပြောဆိုတော့ ရှင်ပေါဋ္ဌိလကြီးက စဉ်းစားတယ် -

"ငါသည် အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို ဆောင်တယ်၊ ရဟန်းငါးရာတို့၏ ဂိုဏ်းကြီး ၁၈ - ဂိုဏ်းမှာ စာချလည်း ဖြစ်တယ်၊ သို့ပါလျက် ငါ့ကို ဘုရားရှင်က မပြတ်ပင် အချည်းနှီးသော ပေါဋ္ဌိလ လို့ခေါ်တယ်၊ စင်စစ် ငါ့ကို ဈာန်မဂ်ဖိုလ် စသော တရားထူးမရှိလို့ ဒီလိုခေါ်တာပဲ"

"ရှင်ပေါဋ္ဌိလကြီးဟာ အဲဒီလိုစဉ်းစားပြီး ထိတ်လန့်သံဝေဂ ဖြစ်သွားတယ်၊ ဆုံးဖြတ်ချက်လည်း ချတယ် -

"အရည် ပဝိသိတွာ သမဏဓမ္မံ ကရိဿာမိ = တောသို့ဝင်၍ ရဟန်းတရားကို အားထုတ်ပါတော့အံ့"

"ယင်းသို့ ဆုံးဖြတ်ပြီး သပိတ်တစ်လုံး၊ သုံးထည်သောသင်္ကန်းနှင့် တောထွက်ခဲ့တယ်၊ ယူဇနာ ၁၂၀ - ဝေးသော ရဟန္တာ ၃၀၊ သီတင်းသုံးတဲ့ တောကျောင်းတစ်ကျောင်း ရောက်တယ်၊ ရောက်တာနဲ့တစ်ပြိုင်နက် အကြီးဆုံးအရှင်မြတ်ကို ချဉ်းကပ်ရှိခိုးပြီး လျှောက်တယ် -

"အရှင်ဘုရား၊ တပည့်တော်၏ မှီခိုရာဖြစ်တော်မူပါဘုရား"

"ငါ့ရှင် သင်သည် စာချဓမ္မကထိက ဖြစ်၏၊ ငါတို့ကတောင်မှ ငါ့ရှင်ကိုမှီ၍ တစ်စုံတစ်ရာသိစရာကို မေးရဦးမှာ၊ ဘယ့်ကြောင့် ငါ့ရှင် ဒီလိုပြောရသလဲ"

"အရှင်ဘုရား ဤသို့မပြောပါနဲ့ဘုရား၊ တပည့်တော်၏ မှီခိုရာ ဖြစ်တော်မူပါဘုရား"

အရှင်မြတ်ကြီးသည် ရှင်ပေါဋ္ဌိလကြီးတွင် ပရိယတ္တိကို အမှီပြု၍ မာန်မာနရှိနေသည်ကို သိသဖြင့် မာနကျစေခြင်းငှာ အရှင်မြတ်ကြီးအောက် ငယ်သည့်မထေရ်ထံသို့ညွှန်းလိုက်၏။ ရှင်ပေါဋ္ဌိလကြီးသည် သွား၏။ ယင်းထေရ်က နောက်တစ်ပါးထံ

ညွှန်းပြ၏။ ဤနည်းဖြင့် အဆင့်ဆင့်ညွှန်းရာ နောက်ဆုံး နေ့သန့်ရာတွင် သင်္ကန်းချုပ်နေသော ၇ - နှစ်သား ကိုရင်ကလေးထံသို့ ရောက်သွားလေ၏။

"ဟင် . . . ဘယ်မှာလဲ ရဟန္တာကိုရင်ကလေး ကစားတာ၊ သင်္ကန်းချုပ်နေတာပဲဟာ"

"အဲဒါကြောင့် ပြောတာပေါ့၊ နိုင်ငံကျော်စာရေးဆရာကြီးတစ်ယောက်ရဲ့စာအုပ်ထဲ ဖတ်ဖူးတာနဲ့ မှန်ရော့လားလို့"

"ဆက်ပြီးရှင်းပါဦးဘုရား"

"အဲဒီလိုရောက်သွားတော့ ရှင်ပေါဋ္ဋိလကြီးကလည်း မာန်မာနမှ မရှိဘဲဟာ ကိုရင်ကလေးရဲ့ရှေ့မှာ လက်အုပ်ချီပြီး လျှောက်ပြန်တယ် -

"သူတော်ကောင်း အကျွန်ုပ်ကို မှီခိုရာဖြစ်ပါလော့"

"နေပါဦးဘုရား၊ ကြားဖြတ်မေးပါရစေ၊ ကိုရင်ကလေးကို ရှင်ပေါဋ္ဋိလကြီးက ရှိခိုးတယ်ပေါ့"

"ရှိခိုးတာမဟုတ်ဘူး၊ လက်အုပ်ချီပြီး အရိုအသေပြုတာပေါ့၊ ရှိခိုးတာနဲ့ လက်အုပ်ချီတာ တစ်ခြားစီပဲ၊ အိန္ဒိယယဉ်ကျေးမှုမှာဆို ယခုတိုင်ရှိတယ်၊ တစ်ဦးနှင့်တစ်ဦးတွေ့လျှင် လက်အုပ်ချီ နှုတ်ဆက်လေ့ရှိတယ်"

"ကဲ . . . ရှင်းပါပြီဘုရား၊ ဆက်ပြီးရှင်းပါဦး"

အဲဒီလို ရှင်ပေါဋ္ဋိလကြီးက လျှောက်တော့ ကိုရင်လေးက ပြန်ပြောတယ် -

"ဆရာ အဲ့ဖွယ်ရှိပေစွဘုရား၊ ဘယ့်ကြောင့် ဒီလိုပြောရတာလဲဘုရား၊ အရှင်ဘုရားတို့သည် ကြီးပါကုန်၏၊ ဗဟုသုတလည်း ရှိပါကုန်၏၊ အရှင်ဘုရားတို့၏ အထံမှာပင် တပည့်တော်တို့ သင်စရာတွေကို သင်ရမှာပါဘုရား"

"သူတော်ကောင်း ဤသို့မပြောပါနှင့်၊ အကျွန်ုပ်၏ကိုးကွယ်ရာ ဖြစ်ပါလော့"

"အရှင်ဘုရား၊ အကယ်၍ ဆုံးမတိုင်း နာယူလိုက်နာနိုင်သည်ဖြစ်အံ့၊ အရှင်ဘုရား၏ မှီခိုရာဖြစ်ပါမည်"

"သူတော်ကောင်း ဆုံးမတိုင်း နာယူလိုက်နာပါမည်၊ မီးပုံကြီးထဲ ဆင်းဆိုလျှင် ဆင်းပါမည်"

"ဒီလိုဆိုရင် အရှင်ဘုရား ယခု ဝတ်ရုံထားသည့်အတိုင်း ဤရေအိုင်သို့ ဆင်းပါလော့"

ကိုရင်ကလေးသည် သင်္ကန်းသုံးထည်နှင့် လာသောအဖြစ်ကို သိလျက် အဆုံးအမကို လိုက်နာပြုကျင့် မပြုကျင့်သိရန် စုံစမ်းလို၍ ရေအိုင်ကိုညွှန်ပြ၍ ဆင်းခိုင်းလိုက်ခြင်း ဖြစ်၏။ ရှင်ပေါဋ္ဋိလကြီးလည်း တစ်ခွန်းတည်းနှင့်ပင် ဆင်းလိုက်သည်။ ပြန်မမေး၊ သင်္ကန်းစွန်း ရေစွတ်သောအခါမှ ကိုရင်ကလေးက ခေါ်လိုက်သည် -

"အရှင်ဘုရား ကြွပါဘုရား"

ရှင်ပေါဋ္ဋိလကြီးသည် တစ်ခွန်းတည်းနှင့်ပင် ပြန်ကြွလာပြီး ရပ်နေတယ်၊ ထိုအခါ ကိုရင်ကလေးက ကမ္မဋ္ဌာန်းပေးတယ် -

"အရှင်ဘုရား တောင်ပို့တစ်ခုမှာ အပေါက် ၆ - ပေါက်ရှိပါတယ်၊ အဲဒီတောင်ပို့သို့ အပေါက်တစ်ပေါက်မှ ဖွတ်တစ်ကောင် ဝင်သွားပါတယ်၊ အဲဒီဖွတ်ကို ဖမ်းလိုပါလျှင် ကျန်သည့်ငါးပေါက်ကို ပိတ်ပြီး ၆ - ခုမြောက်ဝင်သည့် အပေါက်မှ ဖမ်းယူရပါတယ်၊ အဲဒီဉပမာ အတူပါပဲ၊ အရှင်ဘုရားတို့သည် ဒွါရ ၆ - ပါး. တံခါး ၆ - ပေါက်တို့တွင် ဒွါရ ၅ - ပါး. တံခါး ၅ - ပေါက်တို့ကို ပိတ်၍ မနောဒွါရဖြင့် ကမ္မဋ္ဌာန်းတရား ရှုပွားတော်မူကြပါကုန်ဘုရား"

ရှင်ပေါဋ္ဋိလကြီးသည် ဗဟုသုတရှိကျမ်းဂန်တတ်ပုဂ္ဂိုလ်ဖြစ်သည်။ ဤမျှဖြင့် ဆီမီးထွန်းညှိပြသကဲ့သို့ လင်းသွားသည်။ ရှင်းသွားသည်။ သို့နှင့် လျှောက်သည် -

"သူတော်ကောင်း ဤမျှဆို တော်လောက်ပါပြီ"

ရှင်ပေါ်ဋ္ဌိလကြီး ယင်းသို့လျှောက်ပြီး မိမိ၏ကရဇကာယ ခန္ဓာကိုယ်အတွင်း ဉာဏ်သွင်း၍ ရဟန်းတရားကို အားထုတ်တော့၏။

"နေပါဦးဘုရား၊ မေးပါရစေဦး၊ ရှင်ပေါ်ဋ္ဌိလကြီးက ဒီလောက်စာတတ်ပါလျက်သားနှင့် သူ့ဘာသာသူ အားမထုတ်တတ်လို့ နည်းခံမေးမြန်းရတာလား"

"သူ့ဘာသာသူ အားထုတ်တာပေါ့၊ သို့ပေမယ့် ဆရာသမားနဲ့ အားထုတ်တော့ ဆရာသမားအပေါ် လေးစားမှုကြောင့် မြန်မြန်တရားရနိုင်တယ်၊ ကိုယ့်ဘာသာကိုယ်ဆိုတော့ မလေးစားဘူး၊ ပေါ့တယ်၊ တော်တော်နှင့် မရနိုင်ဘူး၊ ဒါကြောင့် နည်းခံ အားထုတ်တာပဲ၊ အားမထုတ်တတ်လို့ မဟုတ်ဘူး၊ ယခုကြည့်ပါလား၊ နည်းပြောတော့ အစအနပဲရှိသေးတယ်၊ အားထုတ်တတ်လို့ အားထုတ်နေပြီ၊ စာမတတ်သူကို အဲဒီလောက် နည်းပြောရုံနဲ့ အားထုတ်တတ်ပါ့မလား"

"ဘယ်အားထုတ်တတ်မလဲဘုရား"

"အဲဒီလို ရှင်ပေါ်ဋ္ဌိလကြီး တရားအားထုတ်နေတော့ ဘုရားရှင်က ဇေတဝန်ကျောင်းတော်ကမြင်၍ ဩဘာသရောင်ခြည်တော်လွှတ်ပြီး တရားဟောတယ် -

> "ကမ္မဋ္ဌာန်းတရား ကြိုးစားပွားများခြင်းကြောင့် စင်စစ် ပညာတိုးပွား၏၊ ကမ္မဋ္ဌာန်းတရား မကြိုးစား မပွားများခြင်းကြောင့် ပညာကုန်ခန်း ဆုတ်ယုတ်၏၊ ပညာပွားခြင်း၊ ဆုတ်ယုတ်ခြင်း ခရီးနှစ်ဖြာ လမ်းနှစ်မြွာကို သိပြီး၍ ပညာတိုးပွားသော အခြင်းအရာဖြင့် မိမိကိုယ်ကို သွင်းထားရာ၏"

"အဲဒီတရားလည်း ဆုံးရော ရှင်ပေါ်ဋ္ဌိလကြီးလည်း ရဟန္တာအရှင်မြတ်ဖြစ်သွားတယ်"

"ဒါနဲ့ စာတတ်ရင် စာခံတယ်ဆို ဘုရား၊ စာခံလို့ တရားရကြာတယ် ပြောပါလား၊ ခုတော့ စာတတ်တဲ့ ရှင်ပေါ်ဋ္ဌိလကြီး တရားအားထုတ်တာ ခဏကလေးနဲ့ တရားရသွားပါလား"

"ဘယ်ကလာ ကတ်သီးကတ်သပ် စာခံရမှာလဲ၊ စာခံတယ်ပြောတဲ့ ဆရာတွေဟာ အများအားဖြင့် စာမတတ်သူတွေ ဖြစ်တယ်၊ စာတတ်သော်လည်း အလုပ်မတတ်သူတွေ ဖြစ်တယ်၊ အလုပ်တတ်သော်လည်း စာနဲ့ အလုပ်နဲ့ မဟပ်သူတွေ ဖြစ်တယ်၊ ဒါကြောင့် စာတတ်တဲ့ပုဂ္ဂိုလ်တွေ အားထုတ်လာရင် သူတို့နှင့် အဆင်မပြေချင်ဘူး၊ ဒါ့ကြောင့် သူတို့နာမည်မပျက်အောင် စာတတ်သူကို ကန့်ထားတာပဲ"

"ဒီလိုဆို ဒီဆရာတွေ ဘယ်ရိုးသားမလဲဘုရား"

"ရိုးလား မရိုးလားတော့ သူတို့ဘာသာသူတို့ အသိဆုံးပဲ၊ ဘေးကလူကတော့ ဘယ်သေသေချာချာ သိမလဲ"

"စာတတ်သူတွေကို ကန့်တယ်ဆိုတာကတော့ ဟုတ်တယ်ဘုရား၊ တပည့်တော်ကြားဖူးတယ်၊ တရားအားထုတ်သူတွေမှာ ဒကာမတွေက နံပါတ်တစ်တဲ့၊ ဒကာတွေက နံပါတ်နှစ်တဲ့၊ ရဟန်းတော်တွေက နံပါတ်သုံးတဲ့"

"အဲဒါ နံပါတ်လေးမရှိလို့ နံပါတ်သုံးပြောတာ၊ နံပါတ်လေးရှိရင် လေးတောင်ပြောဦးမှာ၊ အဲဒီလိုဌာနကို ဘယ်တော့မှ သွားအားမထုတ်နဲ့၊ မဟုတ်ဘူး၊ မမှန်ဘူး၊ ညာနေတာ"

"တပည့်တော်လည်း ရဟန္တာကိုရင်ကလေးကစားသေးလားဆိုတာနဲ့ပတ်သက်ပြီး အများကြီး ဗဟုသုတရသွားတယ် ဘုရား၊ ကျေနပ်ပါပြီဘုရား၊ ခွင့်ပြုပါဦးဘုရား"

✦ မဟုတ်မတရား၊ ပြောရေးသား၊ လေးပါးအပါယ် ရောက်မည်နော်။

✦ အမှန်တရား၊ ပြောရေးသား၊ ရောက်ပြား နိဗ္ဗာန်ချမ်းသာနော်။

# အကောင်ကြီးဖြစ်နေတယ်ဘုရား

(၄၃)

ဤခေတ်ကား ဝိပဿနာခေတ်မို့လား မသိပါ။ ဝိပဿနာအမည်ခံ တရားပြသူလည်း ပေါ၏။ အားထုတ်သူလည်း ပေါ၏။ မှန်ကန်သော ဝိပဿနာတရားပြသူ၊ မမှန်မကန် ဝိပဿနာတရားပြသူလည်း ရှိသလိုပင် မှန်ကန်စွာ ဝိပဿနာ တရားအားထုတ်နိုင်သူနှင့် မမှန်မကန် ဝိပဿနာ တရားအားထုတ်သူလည်း ရှိပေမည်။ သို့ဖြစ်၍ တရားပြသူကလည်း မိမိတရားကို မိမိစိစစ်ထိုက်၍ အားထုတ်သူကလည်း မိမိအားထုတ်သည့် တရားကို စိစစ်ထိုက်သည်။

သို့မှသာ တရားပြသူရော၊ တရားအားထုတ်သူပါ နှစ်ဦးနှစ်ဝ အကျိုးရှိမည်ဖြစ်၏။ မှန်၏။ မိမိသည် အနယ်နယ် အမြို့မြို့သို့ ရောက်ခဲ့၍ အတွေ့အကြုံအမျိုးမျိုး တွေ့ကြုံခဲ့ရသဖြင့် ဤသို့ တင်ပြခဲ့ခြင်းဖြစ်၏။

ယင်းမှ အတွေ့အကြုံတစ်ခုကား ဤသို့တည်း။ တစ်ခါဖြစ်ခဲ့၏။ မိမိသည် ရွာတစ်ရွာတွင် တရားဟော၏။ တရားပွဲပြီး နောက်နေ့တွင် တရားအားထုတ်ဖူးသူ ဒကာမကြီးငယ်တစ်စု ရောက်ရှိလာပြီး ရှိခိုးဦးချထိုင်နေကြ၏။ ယင်းတွင် ဒကာမငယ် ငယ်တစ်ယောက်က လျှောက်သည် -

"ဦးပဥ္စင်းဘုရား၊ တပည့်တော် တရားအားထုတ်လို့ တွေ့တဲ့အတွေ့ကို လျှောက်ထားပါရစေဘုရား"

"ဤလို အမေးမျိုး ခွင့်တောင်းမှုမျိုးမှာ ရောက်ရာအရပ်တိုင်းလိုလိုပင် ကြုံတွေ့ရ၏။ သို့နှင့် မိမိက ခေါင်းအေးအေးနှင့်ပင် ပြောလိုက်၏။

"လျှောက်ချင်လျှောက်လေ၊ ဘယ်လိုတွေ့လဲ"

"တပည့်တော် တရားအားထုတ်တော့ အကောင်ကြီး ဖြစ်နေတယ်ဘုရား"

"ဘယ်လိုအားထုတ်လို့ ဘယ်လိုအကောင်ကြီး ဖြစ်နေတာလဲ၊ ပြောစမ်းပါဦး စုံစုံလင်လင်"

အများအားဖြင့် မေးလျှောက်သူတို့မှာ စုံစုံလင်လင် လိုရင်းကို မမေးလျှောက်တတ်၊ ဆစ်နိုင်၊ ဖုနိုင်မှ လိုရင်းရောက်၏။ သို့ဖြင့် မိမိမှာ ဆစ်ရ ဖုရ၏။

"တပည့်တော် ၃၂ ကောဋ္ဌာသ အားထုတ်တယ်ဘုရား"

"အင်းလေ၊ အဲဒီ ၃၂ ကောဋ္ဌာသကို ဘယ်လိုအားထုတ်သလဲ၊ ပြောစမ်းပါဦး"

"တပည့်တော် ညဘက်မှာ ဘုရားစင်ရှေ့သွားထိုင်တယ်၊ ၃၂ ကောဋ္ဌာသ ရွတ်တယ်၊ ခေါင်းကဆံပင်ကို အာရုံပြုပြီး "ဆံပင်၊ ဆံပင်" လို့ နှုတ်က ရွတ်တယ်၊ ရွတ်ပြီး အဲဒီခေါင်းက ဆံပင်ကိုဖြုတ်ပြီး ရှေ့နားမှာပုံထားတယ်"

"ဘယ်လိုလုပ်ဖြုတ်လဲ"

"စိတ်ကူးနဲ့ ဖြုတ်တယ်ဘုရား"

"စိတ်ကူးနဲ့ဖြုတ်တော့ ပြုတ်သလား"

"ပြုတ်တယ်ဘုရား၊ ခေါင်းမှာ ဆံပင်မရှိတာလည်း တွေ့တယ်၊ ရှေ့မှာ ဆံပင်တွေ ပုံနေတာလည်း တွေ့တယ်"

"ကဲ ... နောက် ဆက်ပြောပါဦး"

"နောက် မွေးညင်းကို အာရုံပြုပြီး "မွေးညင်း၊ မွေးညင်း" လို့ ရွတ်ပြီး မွေးညင်းတွေ ဖြုတ်ပြီး ရှေ့နားမှာ ပုံတယ်၊ အဲဒီလို အစဉ်အတိုင်း ခြေသည်း၊ လက်သည်းတွေလည်း ဖြုတ်ဖြုတ်ပုံတယ်၊ တပည့်တော်မှာ အားလုံးကုန်သွားတာလည်း အာရုံထင်တယ်၊ ကိုယ်မှာ အားလုံးလည်းကုန်ရော မူလကိုယ်ပျောက်ပြီး ရှေ့က အပုံကြီးက အကောင်ကြီးဖြစ်နေတယ်ဘုရား"

အင်း ... ထိုင်ပြီး ရှုပွားနေတဲ့ ကိုယ်ကာယပျောက်အောင် နိမိတ်ထင် ရှုပွားနိုင်တယ်ဆိုရင်တော့ တယ်မညံ့ဘူး၊ ကဲ ... ဒါပေမဲ့ ရှုပွားပုံကိုတော့ သိပ်မကြိုက်သေးဘူး"

"ဘယ်လို ရှုပွားရမလဲဘုရား၊ တပည့်တော်ကို သင်ပေးပါဘုရား၊ တပည့်တော်က ဆရာစွဲ နည်းစွဲမရှိပါဘူး"

## ကောဋ္ဌာသကမ္မဋ္ဌာန်း

"အဲဒီကမ္မဋ္ဌာန်း ကောဋ္ဌာသကမ္မဋ္ဌာန်းလို့လည်းခေါ်တယ်၊ ကာယဂတာသတိကမ္မဋ္ဌာန်းလို့လည်းခေါ်တယ်၊ ဒီကမ္မဋ္ဌာန်းကိုပွားလျှင် ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်ဖြစ်ပါစေ စ.ပွားလျှင် ရွတ်ရတယ်၊ ရွတ်ခြင်းကလည်း ဘယ်လောက်ကျေးဇူးများသလဲဆိုတော့ -

> "နှုတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် စိတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအား ကျေးဇူးပြု၏။ စိတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် အသုဘလက္ခဏာကို ထိုးထွင်းသိခြင်းအား ကျေးဇူးပြု၏၊ အသုဘလက္ခဏာကို ထိုးထွင်းသိခြင်းသည် မဂ်ဖိုလ်ကို သိခြင်းအား ကျေးဇူးပြု၏"

"အဲဒီလို အဋ္ဌကထာမှာဆိုတယ်၊ ဒါ့ကြောင့် ပထမ တစပဉ္စကခေါ်တဲ့ အရေလျှင် ငါးခုမြောက်ကို ဒီလိုပွားရမယ်"

> "ဆံပင်၊ မွေးညင်း၊ လက်သည်း - ခြေသည်း၊ သွား၊ အရေ။ အရေ၊ သွား၊ လက်သည်း - ခြေသည်း၊ မွေးညင်း၊ ဆံပင်"
>
> "အဲဒီလို ပထမအနုလုံခေါ်အစဉ်အတိုင်း ငါးခုကို ရွတ်ပွား ငါးရက်၊ နောက်ပဋိလုံခေါ် ပြောင်းပြန်ဒုတိယ ငါးရက်ရွတ်ပွား၊ နောက်အနုလုံ ပဋိလုံခေါ် နှစ်ခုပေါင်း ငါးရက်ရွတ်ပွား၊ အဲဒီလို ပွားတော့ (၁၅)ရက် တတွတ်တွတ် နှုတ်ဖြင့် ရွတ်ပွားနေရမယ်၊ ပွားတော့လည်း ဝတ်ကျေ ဝတ်ကုန်မဟုတ်ဘူး"

"ဆံပင်လို့ရွတ်လျှင် ဆံပင်ကို အာရုံထင်အောင် ရှုဆင်ခြင်ရွတ်ရသည်၊ မွေးညင်းလို့ရွတ်လျှင် မွေးညင်းကို ရှုဆင်ခြင်၊ လက်သည်း၊ ခြေသည်း စသည်တို့လည်း အဲဒီအတိုင်းပေါ့၊ နားလည်လား"

"နားလည်ပါတယ်ဘုရား"

"ဖြုတ်ပုံရသေးလား"

"ဖြုတ်မပုံရပါဘူးဘုရား"

"အေး ... အေး ... ဖြုတ်မပုံနဲ့၊ ကိုယ်မှာပဲ တစ်ခုစီထင်အောင် ရှုပွားမှတ်၊ အဲဒီလို ရှုတ်တော့ ရှုတ်ပုံရှုတ်နည်း စနစ်ကျဖို့ အရေးကြီးတယ်၊ အစဉ်ကို မကျော်စေနဲ့နော်၊ မနေးလည်း မနေးလွန်းရဘူး၊ မမြန်လည်း မမြန်လွန်းရဘူး၊ စိတ်လည်း မပျံ့လွင့်ရဘူး၊ အဆင်းသဏ္ဌာန် စသည် မြင်အောင် ဒီလိုဆင်ခြင်၊

"ဆံပင်တို့သည် မည်းနက်သော အဆင်းအားဖြင့်လည်းကောင်း၊ လျှော်မျှင်သဏ္ဌာန် အားဖြင့်လည်း ကောင်း၊ ညှီဟောက်သော အနံ့အားဖြင့်လည်းကောင်း၊ သလိပ်၊ သည်းခြေ လေဟူသော မိုရာအကြောင်းအားဖြင့် လည်းကောင်း၊ ဦးခေါင်းခွံဟူသော တည်ရာအရပ်အားဖြင့်လည်းကောင်း စက်ဆုပ်စရာ ရွံစရာဖြစ်ကုန်၏၊ နှစ်သက် မြတ်နိုးဖွယ် မရှိကုန်"

"သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ်ဘုရား"

"နောက် မွေးညင်းလည်း ဆံပင်လိုပဲ သူ့အဆင်းနဲ့ သူ့သဏ္ဌာန်၊ သူ့အနံ့၊ သူ့မှီရာ၊ သူ့အရပ်အားဖြင့်ပွား၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေတို့လည်း ဒီလိုပဲပေါ့၊ စာမှာဘယ်လိုဆိုလဲဆိုတော့"

"ဤငါးပါးသော အခြင်းအရာအားဖြင့် ဆံပင်တို့၌ ကြည့်ရှုဆင်ခြင်ရာ၏၊ မွေးညင်း စသည်တို့၌လည်း ဤနည်း အတိုင်းပင်ရှု၊ ဤသို့လျှင် (၃၂)ပါးသော ကောဋ္ဌာသတို့ကို အသီးသီး တစ်ခုစီတစ်ခုစီ ကြည့်ရှုဆင်ခြင်ရာ၏"

လို့ အဲဒီလို ဆိုထားတယ်၊ ဒါကြောင့် ဒီတစပဉ္စကခေါ်တဲ့ ပထမငါးခု အရေးကြီးတယ်"

"တင်ပါ့ဘုရား"

"အဲဒီ ငါးခုပွားပုံကို ဆရာတော် အရှင်ဇနကာဘိဝံသက လင်္ကာနဲ့ ရေးထားတယ်"

"ငါ၏ကိုယ်မှာ၊ နံ့သာမွေးကြိုင်၊ မြဲနိုင်လှစွာ၊ ကောင်းရာမမြင်၊ ဆံပင်သာရှိ၊ အမွေးရှိ၍၊ ရှိသည်လက် သည်း၊ ခြေအသည်းနှင့်၊ သွားလည်းတစ်ထွေ၊ အရေတစ်မျိုး၊ ညှီနံ့ဆိုးသည်၊ အသိုးအပုပ်ချည်းပါတကား"

## ရှုနည်းသုံးသွယ်

"အဲဒီလိုလဲ ပွားနိုင်တယ်၊ ယခုပြောခဲ့တာဟာ အဆင်းကို မြင်အောင်ရှုတဲ့ ဝဏ္ဏမနသိကာရနည်းနဲ့ စက်ဆုပ်ရွံရှာဖွယ် ထင်အောင်ရှုတဲ့ အသုဘ မနသိကာရနည်း နှစ်နည်းပဲ၊ သဘောပေါက်လား"

"မှန်ပါ၊ ပေါက်ပါတယ်ဘုရား"

"နောက် ဓာတ်ကိုထင်မြင်အောင် နှလုံးသွင်းရှုပွားတဲ့ ဓာတုမနသိကာရနည်း လည်း ရှိသေးတယ်၊ အဲဒါကတော့ ဝိပဿနာနည်းပဲ၊ ခုနနှစ်နည်းကတော့ သမထနည်းပေါ့"

"အဲဒီ ဝိပဿနာနည်းကို ရှင်းပြပါဦးဘုရား"

"ကဲ ... ဒါဖြင့် သေသေချာချာနားထောင်၊ ဆံပင်ကို ကိုင်ကြည့်၊ ဆံပင်တွေ့မလား၊ မာတာတွေ့မလား"

"မာတာတွေ့ပါတယ်ဘုရား"

"မာတာဟာ ဆံပင်လား၊ ပထဝီဓာတ်လား"

"ပထဝီဓာတ်ပါဘုရား"

"မာသဘော ပထဝီဓာတ်က ပရမတ်၊ ဆံပင်က ပညတ်လို့ ပညတ်ပရမတ် မကွဲသွားဘူးလား"

"ကွဲသွားပါတယ်ဘုရား"

"အဲဒီလို ကွဲသွားတော့ ဝိပဿနာပွားတော့ ပရမတ်ပွားမလား၊ ပညတ်ပွားမလား"

"ပရမတ်ပွားရပါမယ်ဘုရား"

"ဒါဖြင့် မာသဘောပရမတ်ကို ဉာဏ်ဖြင့်ကြည့်ရှုပွားတော့ အရှည်ခံတာတွေ့မလား၊ ကုန်ပျောက်သွားတာ တွေ့မလား"

"ကုန်ပျောက်သွားတာ တွေ့ပါမယ်ဘုရား"

"ကုန်ပျောက်သွားတာ တွေ့ရင် အနိစ္စတွေ့တာပဲ၊ ဆက်ကြည့်ရှုပွားများ၊ ဆင်းရဲတဲ့ ဒုက္ခသဘော၊ အစိုးမရတဲ့ အနတ္တသဘောလည်း တွေ့လိမ့်မယ်၊ အဲဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတွေ့တော့ ဒီလိုဆုံးဖြတ်ချက် ချနိုင်လိမ့်မယ်"

"နေတံ မမ - ဆံပင် ငါ့ဉစ္စာမဟုတ်၊ နေသော ဟမသ္မိ - ဆံပင် ငါမဟုတ်၊ န မေသော အတ္တာ - ဆံပင် ငါ့အတ္တ မဟုတ်"

အဲဒီလို ဆုံးဖြတ်ချက်ချနိုင်ရင် တရားရတယ်ခေါ်တာပေါ့၊ အဲဒီလို မွေးညင်း စသည်တို့ကိုလည်း ရှုပွား၊ ဒါက ပထဝီ ရှိသေးတယ်၊ ဆံပင်ကိုကြည့် ဆံပင်တွေ့မလား၊ အေးတာတွေ့မလား"

"အေးတာတွေ့မယ်ဘုရား"

"အဲဒါ တေဇောဓာတ်တွေ့တာပေါ့၊ တေဇောလည်း ခုနကလိုပဲ ပညတ် ပရမတ် ခွဲရှုပေါ့၊ နောက် ဝါယောလည်း ရှုနိုင်တယ်၊ အဲဒီလို ရှုပွားတာကို ဓာတုမနသိကာရနည်းလို့ ခေါ်တယ်၊ ယခုဆို ၃၂ - ကောဋ္ဌာသမှာ ပထမငါးခုဖြစ်တဲ့ "တစပဉ္စက ပြီးရောပေါ့၊ အဲဒီငါးခုနဲ့လည်း တရားရနိုင်တယ်၊ အဲဒီငါးခုကို တစပဉ္စက ကမ္မဋ္ဌာန်း"လို့လည်း ခေါ်တယ်၊ ဘုရားတိုင်း မစွန့် - တဲ့ ကမ္မဋ္ဌာန်းပဲ၊ ရှင်လောင်း၊ ရဟန်းလောင်းတွေကို ဆံပင်ရိတ်ခါနီးမှာ အဲဒီ တစပဉ္စက ကမ္မဋ္ဌာန်း သင်ပေးထားရတယ်၊ ရိတ်တဲ့အခါမှာ ဆင်ခြင်ရတယ်၊ ရှင်သီဝလိတို့ဆို ဆံပင်ရိတ်ပြီးရော ရဟန္တာဖြစ်တာပဲ"

"အဲဒီငါးခုကို ယခုပြောခဲ့သလို ရှုပွားလျှင် ရှုပွားနေတဲ့ ကိုယ်ကြီးက မကုန်သွားတော့ အကောင်မပျောက်သွားဘူး၊ ဟိုရှေ့မှာလည်း အကောင်ဖြစ်ဦးမလား"

"ဒီလိုဆို ဘယ်ဖြစ်တော့မလဲဘုရား"

"တရားလည်း မရနိုင်ဘူးလား"

"ရနိုင်ပါတယ်ဘုရား"

"အဲဒါမှ မရသေးလျှင် ဆက်ပြီးတော့ တစပဉ္စက ကမ္မဋ္ဌာန်းပွားနည်းအတိုင်း ဝက္ကပဉ္စကကို ပွားရမယ်"

"အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့၊ အညို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား"

"တပည့်တော် ရှေ့ဆို မှတ်မိမှာမဟုတ်တော့ဘူးဘုရား၊ ပွားလည်း ပွားနိုင်မှာမဟုတ်တော့ဘူးဘုရား၊ ပထမ တစပဉ္စက ကိုပဲ ပွားပါဦးမယ်ဘုရား"

"အင်း အင်း...ဒါဖြင့် အဲဒါကိုပဲ ပွားဦးပေါ့၊ အဲဒါပွားလည်း စနစ်ကျရင် တရားရတာပဲ၊ ဘုရားရှင်ကလည်း အဲဒီ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို သိပ်ချီးကျူးထားတယ်"

"အမိန့်ရှိပါဦးဘုရား"

## ကာယဂတာသတိကမ္မဋ္ဌာန်း

“ရဟန်းတို့၊ အကြင်သူတို့သည် ဆံပင်အစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိ မသုံးဆောင်ကုန်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မသုံးဆောင်ရသည် မည်ကုန်၏”

“ရဟန်းတို့၊ အကြင်သူတို့သည် ဆံပင်အစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို သုံးဆောင်ကုန်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ရသည် မည်ကုန်၏”

“ရဟန်းတို့၊ အကြင်သူတို့သည် ဆံပင်အစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို ပျောက်ပျက်စေအပ်၏။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ပျောက်ပျက်စေအပ်သည် မည်၏”

“ရဟန်းတို့၊ အကြင်သူတို့သည် ဆံပင်အစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မပျောက်ပျက်စေအပ်။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မပျောက်ပျက်စေအပ်သည် မည်၏”

“ရဟန်းတို့၊ အကြင်သူတို့သည် ဆံပင်အစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မျက်မှောက်မပြုအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်သည် မမည်”

“ရဟန်းတို့၊ အကြင်သူတို့သည် ဆံပင်အစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မျက်မှောက်ပြုအပ်၏။ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်၏”

(ကေဝုဋ္ဌရပါဠိတော်အမတဝဂ်)

“သူတစ်ယောက်မေးတာနဲ့ အကုန်ကုန်သွားပြီဘုရား၊ တပည့်တော်တို့တောင် မမေးရသေးဘူး၊ အရှင်ဘုရားကလည်း မနက်ဖြန်ပြန်တော့မယ်”

“သူ့အမေးက ရှုပ်နေတော့ ကြာတာပေါ့၊ ဘယ့်နှယ်တတ်နိုင်မလဲ၊ ဦးပဥ္စင်းလည်း မောပြီ၊ ဒါတောင် အကျဉ်းချုပ်ပြောလို့၊ ကဲ... သွားကြဦးတော့၊ နောက်မှ အချိန်ကြည့်၊ လာသင့်လည်း လာ၊ မလာသင့်လည်း တော်တော့၊ ကံပဲပေါ့”

✦ တရားရှုတာ၊ မှန်ဖို့ဟာ၊ လွန်စွာအရေးကြီးသနော်။

✦ မမှန်လွဲမှား၊ ပင်ပန်းများ၊ သေငြား အပါယ်ရောက်မည်နော်။

# ဖေ့ဖေ့နယ် ဘာဖြစ်လို့ ဒီမိန်းမ,ယူရသလဲ

## (၄၄)

လောကတွင် လူတွေ မည်မျှဦးရေများပြားသော်လည်း အကျဉ်းအားဖြင့် ခွဲခြားလိုက်လျှင် တရားရှိသူနှင့် တရားမရှိသူ၊ သို့မဟုတ် တရားရသူနှင့် မရသူ၊ သို့မဟုတ် တရားကျင့်သုံးသူနှင့် မကျင့်သုံးသူ ဟူ၍ နှစ်မျိုးသာရှိတော့၏။

ယင်းတွင် တရားမရှိသူ ကိုယ်၊ နှုတ်၊ စိတ်၊ အမူအကျင့် မကောင်းသော် ခွင့်လွှတ်နိုင်သေး၏။ တရားရှိသူ ကိုယ်၊ နှုတ်၊ စိတ် အမူအကျင့် မကောင်းသော် ခွင့်မလွှတ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် တရားရှိသူ၊ တရားရသူဟူ၍ အမည်ခံထားသော ကြောင့် ယင်းအမည်နှင့် မညီညွတ် မလိုက်လျော၍ ဖြစ်ပေ၏။

ယင်းတွင် တစ်ခြားသူများက ခွင့်မလွှတ်နိုင်သော အဖြစ်မျိုးကား ပေါ်များလှ၏။ သားသမီးကပင် ခွင့်မလွှတ်နိုင်သော အဖြစ်ဆန်းမှုကား ရှားကောင်းရှားလိမ့်မည်။ ယင်းအဖြစ်ဆန်းကို ကိုယ်တိုင်ကြုံခဲ့ရ၏။ တစ်ချိန်က ဖြစ်ခဲ့၏။

ယောဂီတစ်ယောက် ရိပ်သာသွား တရားအားထုတ်၏။ တရားကား ရ၏။ အိမ်ရောက်သော် "ငါက တရားရသူ" ဆိုပြီး အိမ်ရှိ ကျန်လူများကို အထင်သေး အမြင်သေးတော့၏။ အပေါ်စီးက ဆက်ဆံတော့၏။ သို့နှင့် အိမ်ရှိလူများနှင့် မတည့်တော့။ ရိပ်သာမသွားခင်က အားလုံးနှင့် ဆက်ဆံရေး ပြေပြစ်ပါလျက် ပြန်လာမှ မည်သူနှင့်မျှ မတည့်သောအခြေ ရောက်ရ၏။ အမှန်ပင် တရားရခဲ့သော် ဤသို့ဖြစ်မည်လော။

ယင်းအတွေ့အကြုံမှာ သာမန်ထဲက မဟုတ်ပါ။ တကယ့်အဖြစ်အပျက် အတွေ့အကြုံတစ်ခု ဖြစ်ပါ၏။ တစ်ချိန်က မိမိသည် မြို့ကြီးတစ်မြို့တွင် တရားပြစဉ်က ဖြစ်ခဲ့၏။ အထိန်းသိမ်းခံမှ လွတ်ပြီးစ အရာရှိတစ်ဦးနှင့် အစုတစ်စု ရောက်ရှိရဟန်းခံ၍ တရားအားထုတ်၏။ ထိုတွင် မိမိက ရဟန်းခံသော ဦးပဥ္စင်းကြီးအား မေးစစ်၏။

"ဦးပဥ္စင်းကြီး၊ စောစောက တရားအားထုတ်ဖူးသေးသလား"

"တပည့်တော် ရိပ်သာတစ်ခုမှာ သီးခြားရယ်လို့တော့ အားမထုတ်ဖူးပါဘူးဘုရား၊ ထောင်ထဲမှာ နေရစဉ်တုန်းကတော့ တခြားအလုပ်မရှိတာနဲ့ နည်းနည်းအားထုတ်ပါတယ်"

"ဘယ်လိုအားထုတ်သလဲ၊ အားထုတ်ပုံ အားထုတ်နည်းကို ပြောပြစမ်းပါ"

ဦးပဋ္ဌင်းသည် တင်ပျဉ်ခွေကာ ကိုယ်ကို တင်းတင်းတောင့်တောင့်ပြု၍ အာနာပါနကို ပြင်းပြင်းထန်ထန် အားထုတ်ပြပါ၏။ ပြီးသော် လျှောက်၏။

"တပည့်တော် ဒီလိုအားထုတ်ပါတယ်ဘုရား"

"ကောင်းပါတယ်၊ ကဲ . . . ဒါဖြင့် တပည့်တော်ပြသလို အဲဒီအာနာပါနကိုပဲ ဦးပဋ္ဌင်းကြီး ယခု ဒီမှာပဲ ၁၅ မိနစ် အားထုတ်ကြည့်စမ်းပါဦး"

"မှန်ပါဘုရား၊ အမိန့်ရှိပါဦး၊ အားထုတ်ပုံ အားထုတ်နည်းကို"

မိမိသည် ဦးပဋ္ဌင်းကြီးအား အားထုတ်ပုံ အားထုတ်နည်း၊ ထိုင်ပုံ ထိုင်နည်းမှစ၍ ပြောပြသင်ပေး၏။

"ကဲ . . . ယခု ပြောခဲ့တဲ့အတိုင်းဆို အားထုတ်တတ်ပြီပေါ့နော်"

"မှန်ပါ၊ အားထုတ်တတ်ပါပြီဘုရား"

"ကဲ . . . ဒါဖြင့် ၁၅ မိနစ်မျှ အားထုတ်ကြည့်စမ်းပါဦး၊ ဒီမှာပဲ"

ဦးပဋ္ဌင်းကြီးသည် ငြိမ်သက်စွာ အားထုတ်နေ၏။ ၁၅ မိနစ်ပြည့်သော် မိမိက ၁၅ မိနစ်ပြည့်ပြီ တော်တော့ဟု ပြောလိုက်သဖြင့် တရားဖြုတ်ပြီး အားရပါးရပြော၏။

" ဦးပဋ္ဌင်းဘုရား၊ တပည့်တော် ထောင်ထဲတုန်းကသာ ဒီလိုစနစ်တကျ အားထုတ်တတ်ရင် တရားရချင် ရမှာဘုရား၊ ယခုတော့ဘုရား ပင်ပန်းလိုက်တာ၊ ဘာတရားမှလည်း မရဘူး"

"စောစောတုန်းက ဒီနည်းကိုသဘောကျလို့ ကိုယ့်ဘာသာကိုယ် လေ့လာပြီး အားထုတ်တာပဲ မဟုတ်ဘူးလား၊ ဘာဖြစ်လို့ ပင်ပန်းရလဲ"

"အဲဒီလို မဟုတ်ဘူးဘုရား"

"ဘယ်လိုလဲ ပြောစမ်းပါဦး"

"တပည့်တော်က တရားလည်း အားထုတ်ချိန် မရပါဘူးဘုရား၊ အလုပ်က များတယ်ဘုရား၊ အိမ်က ဒကာမကတော့ အားထုတ်တယ်ဘုရား၊ သူအားထုတ်တာ မြင်ဖူးတွေ့ဖူးတာနဲ့ပဲ ထောင်ထဲကျတော့ အလုပ်မရှိလို့ "တရားအားထုတ်ရရင်ကောင်းမယ်" ဆိုပြီး ရမ်းသမ်းအားထုတ်တာပဲဘုရား"

" ဦးပဋ္ဌင်းကြီးက စောစောတုန်းက ဒကာမကြီးထံမှာ နည်းမှ မခံယူထားဘဲဟာ"

"သူ့ကိုလည်း တပည့်တော်တို့ တစ်အိမ်သားလုံးက "တရားရှိတဲ့လူ၊ တရားရတဲ့လူ" ရယ်လို့ အသိအမှတ် မပြုဘူးဘုရား၊ သူကလည်း တပည့်တော်တို့ တစ်အိမ်သားလုံးကို "တရားမဲ့တဲ့လူတွေ" ဆိုပြီး အားကြီး အထင်သေးတယ်ဘုရား၊ တစ်အိမ်သားလုံးနဲ့ သူတစ်ယောက်ဟာ အပေးအယူ မတည့်ဘူးဘုရား"

"တစ်အိမ်သားလုံးနဲ့ တစ်ယောက် မတည့်တာ ဘယ်သူဆိုးလဲ ဦးပဋ္ဌင်းကြီး"

"ဘယ်သူဆိုးလဲဆိုတာ တပည့်တော် အဖြေမပေးပါရစေနဲ့ဘုရား၊ တပည့်တော်ရဲ့သမီး ပြောစကားနဲ့ပဲ ဆုံးဖြတ်ပါ အရှင်ဘုရား"

"နေပါဦး၊ ဦးပဋ္ဌင်းကြီးသမီးကလည်း ဒကာမကြီးသမီးပဲ မဟုတ်လား"

မိမိမှာ မရှင်းလင်း၊ ဇနီးမောင်နှံ ကြီးမှပေါင်းရသော် သားသမီးများ သူ့ဘက် ကိုယ့်ဘက်မှ ပါတတ်၍ မေးခြင်းဖြစ်၏။

"မှန်ပါဘုရား၊ တပည့်တော်သမီးလည်း သူ့သမီးပဲပေါ့ဘုရား၊ အတူတူပဲဟာ"

"ကဲ…ဒါဖြင့် ပြောစမ်းပါဦး၊ ဦးပဍွင်းကြီးသမီးက ဘယ်လိုပြောလဲ"

"ဖေ့ဖေ့နယ် ဘာဖြစ်လို့ ဒီမိန်းမ ယူရသလဲတဲ့ ဘုရား"

"သြော်…ဒီလိုကို ပြောတာပဲလား"

"မှန်ပါဘုရား၊ ဒီလိုကို ပြောတာပဲ"

"အင်း…ဒီလိုဆို ဦးပဍွင်းကြီးရဲ့ဒကာမကြီးဟာ တော်တော်ဆိုးပုံရတယ်"

"သူက ဆိုးတော့၊ သူအားထုတ်တဲ့တရားကိုလည်း တပည့်တော်က အာရုံမကျဘူးဘုရား၊ သူ့လည်း တရားရှိတယ်လို့ မထင်ဘူး၊ တရားနဲ့ပတ်သက်လို့ အထင်လည်းမကြီးဘူး"

"ဦးပဍွင်းကြီးရဲ့ဒကာမကြီးက ပင်ကိုယ်စရိုက်ကလည်း ခပ်ကြမ်းကြမ်းနဲ့တူတယ်"

"ပင်ကိုယ်စရိုက်ကတော့ အများနဲ့စာရင် နည်းနည်းတော့ကြမ်းပါတယ်ဘုရား၊ ဒါပေမဲ့ ရိပ်သာကပြန်လာမှ ပိုဆိုးလာတယ်ဘုရား"

"ဟင်…ရိပ်သာကပြန်လာမှ ပိုတော်လာရမှာ မဟုတ်လား၊ ဘယ့်နယ် ပိုဆိုးရလဲ"

"အဲဒါကြောင့်မို့ တပည့်တော်က သူအားထုတ်တဲ့တရား အထင်မကြီး၊ သူ့လည်း အထင်မကြီးတာပေါ့ဘုရား"

"တရားကတော့ ကောင်းပါတယ် ဦးပဍွင်းကြီး၊ အဲဒီတရားကို ကျင့်ကြံသူ အချိုးမကျလို့ တရားအထင်သေးခံရတာပါ၊ ကဲ…ဦးပဍွင်းကြီးလည်း အားထုတ်တတ်ပြီပဲ၊ ညောင်းရှောင်မယ်၊ ကိုယ့်နေရာကိုယ်ကြွပြီး အားထုတ်ဦး၊ နောက်နေ့ ဒီအချိန်မှာ ဒီကိုကြွခဲ့"

"မှန်ပါဘုရား"

ဦးပဍွင်းကြီးသည် ရှိခိုးဦးချ၍ သူ့ကျောင်းပြန်သွားပြီး တရားအားထုတ်နေ၏။ နောက်နေ့တွင် ရွှင်ရွှင်ပျပျနှင့် ရောက်လာပြီးလျှင် လျှောက်၏ -

"ဦးပဍွင်းဘုရား၊ တပည့်တော် တရားအားထုတ်ရတာတော့ တော်တော်အချိုးကျပါတယ်ဘုရား"

"ဒါဖြင့် ဘာလိုသေးလဲ ဦးပဍွင်းကြီး"

"တပည့်တော် ဒကာမကြီးကိုလည်း ဦးပဍွင်း တရားပြပေးပါဘုရား"

"ဟာ…မလုပ်နဲ့၊ မလုပ်နဲ့ ဦးပဍွင်းကြီး"

"ဘာဖြစ်လို့လဲဘုရား"

"သူက သူ့ကိုယ်သူ တရားရထားပြီလို့ ဆုံးဖြတ်ချက်ချထားတာ၊ အဲဒီလို ဆုံးဖြတ်ချက် ချထားတဲ့သူကို တရားပြတာ သိပ်ကြောက်စရာကောင်းတယ်"

"တရားရပြီးသားသူကို ပြရတာ ပိုလွယ်တယ် မဟုတ်လားဘုရား"

"အမှန်အတိုင်း ရတဲ့လူကတော့ လွယ်တာပေါ့၊ နေရာတကာမှာ အချိုးကျ အဆင်ပြေတယ်၊ အမှန်မရဘဲနဲ့ ရတယ်လုပ်ထားတဲ့သူက နေရာတကာမှာ အချိုးမကျဘူး၊ တရားဟောလည်း မနာချင်ဘူး၊ မျက်စိမှိတ်နေတာပဲ၊ မေးကြည့်တော့လည်း ဘာမှ မသိဘူး၊ ပြီးတော့ နေရာတကာမှာ သူများရှေ့ကချည်းပဲ၊ အချိုးလည်း မကျဘူး"

"ဒီလိုဆို ဒီဒကာမကြီး ဘယ့်နယ်လုပ်ပါ့မလဲဘုရား"

"ဘယ့်နယ်မှ မလုပ်နဲ့ ဦးပဍွင်းကြီး၊ အဲဒီအတိုင်းပဲထား၊ သူ့ဘာသာ သူ့တရားနဲ့သူ နေပစေ"

"ဒီအတိုင်းထားလို့တော့ မဖြစ်ဘူးဘုရား၊ သူ တရားမရဘဲနဲ့ ရတယ်လုပ်နေတော့ မှားနေတာပေါ့"

" ဦးပဥ္စင်းကြီးကသာ တရားမရဘူး ပြောနေတာ၊ သူက ရပြီးသားပဲ၊ သူ့ဟာနဲ့သူ အချိုးကိုကျလို့"

"တပည့်တော်ကတင် မဟုတ်ဘူးဘုရား၊ သူမှတစ်ပါး တစ်အိမ်သားလုံးက သူ့ကို တရားမရဘူးလို့ပဲ တွက်ဆတယ်"

"အဲဒီလို မရဘဲနဲ့ ရတယ်ထင်ပြီး သိပ်စွဲမြဲနေတာမျိုးဟာ အပြောအဟောရခက်တယ် ဦးပဥ္စင်းကြီး၊ ဒိဋ္ဌိစွဲလို့ခေါ်တယ်၊ တပည့်တော်တို့လို သာမန် ဦးပဥ္စင်းတစ်ပါး မပြောထားနဲ့၊ ဘုရားတစ်သိန်းလောက် ချွတ်တာတောင် မကျွတ်နိုင်ဘူးလို့ မဟာဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားကြီးက လင်္ကာစီခဲ့တယ်"

"ဘယ်လိုစီခဲ့လဲ၊ ရွတ်ပြပါဦးဘုရား"

"သတ္တဝါတစ်ယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ လုန်သောအားဖြင့်၊ ဟောကြားခြေချွတ်၊ မြေမလွတ်ဘူး၊ အကျွတ်မရ၊ နိယတဖြင့်၊ ဝါဒအလို၊ မြေကြီးမြို၍၊ ယူကိုစွန့်ပဲ၊ အကျင့်လွဲ၍၊ ငရဲခံလိမ့်မည်သောကြောင့်"

"ဒီလိုဆိုတော့ တယ်ကြောက်စရာကောင်းပါလားဘုရား"

"ကြောက်စရာကောင်းတာပေါ့ ဦးပဥ္စင်းကြီးရဲ့ တရားရဖို့ရာက အင်္ဂါလေးပါး ညီညွတ်မှ ရနိုင်တယ်၊ အင်္ဂါလေးပါး ညီညွတ်လို့ တရားရရင်လည်း အားလုံးကောင်းသွားတယ်"

"အင်္ဂါလေးပါးက ဘာတွေပါလဲဘုရား၊ အမိန့်ရှိပါ"

"၁။ သပ္ပုရိသူပနိဿယ - သူတော်ကောင်း အမှီရှိရမယ်။

၂။ သဒ္ဓမ္မဿဝန - ဘုရားဟောကြား သူတော်ကောင်းတရားစစ်လည်း နာရမယ်။

၃။ ယောနိသောမနသိကာရ - ကိုယ်တိုင်ကလည်း နှလုံးသွင်းကောင်း ရှိရမယ်။

၄။ ဓမ္မာနုဓမ္မပဋိပတ္တိ - သူတော်ကောင်းတရားအား လျော်စွာလည်း ကျင့်ရမယ်"

"အဲဒီ အင်္ဂါလေးပါးမှာ သူတော်ကောင်းအမှီ အရေးကြီးတယ်လို့ တပည့်တော် ထင်တယ်ဘုရား"

"အင်း…ဟုတ်တာပေါ့၊ သူလွဲရင် ကျန်တဲ့အင်္ဂါတွေ မှန်ဖို့ မလွယ်ဘူးပေါ့၊ ဒါ့ကြောင့် ဘုရားရှင်ကလည်း "ဟုတ်တိုင်းမှန်စွာ သိစွမ်းနိုင်တဲ့ ယထာဘူတဉာဏ်ရဖို့ရာ ဆရာကောင်း ရှာရမယ်" လို့ ခဏခဏ အမိန့်ရှိတယ်"

"ဆရာကောင်းဆိုတာ တပည့်တော်တို့ ခေတ်ပညာ သင်ရာမှာတောင် လိုတယ်ဘုရား၊ ဆရာကောင်းရင် သင်ရတာ တတ်လွယ်တယ်၊ သက်သာတယ်၊ အောင်ချက်ကောင်းတယ်၊ ဆရာ မကောင်းရင် အားလုံး ဒုက္ခရောက်တာပါပဲဘုရား"

"အဇာတသတ် ကြည့်ပါလား၊ ဒေဝဒတ်ကို ဆရာတင်လိုက်တာ အဖေကိုသတ်တဲ့အထိ မိုက်သွားပြီး ယခု လောဟကုမ္ဘီငရဲ ရောက်နေပြီ၊ ဒါ့ကြောင့် မဟာဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားကြီးက လင်္ကာစီခဲ့တယ်"

"အမိန့်ရှိပါဦးဘုရား"

"မှီဝဲသမှု၊ ဆရာပြုမှု၊ ဗဟုသုတ၊ ဂုဏပညာဝန်၊ သီလဝန်မှ၊ သားမွန်လည်ရွှဲ၊ ဆည်းကပ်မြဲလော့၊ မှီဝဲများရာ၊ အလေ့ပါ၏"

"စက်နိဿယ၊ ပုဂ္ဂလဟု၊ ပရဝါဒီ၊ အမှီမကောင်း၊ ယှဉ်မိပေါင်းက၊ အလောင်းတို့လျက်၊ ကျင့်ကောင်း ပျက်၏"

"တပည့်တော် ဒီလို အကြံရတယ်ဘုရား၊ ဒကာမကြီးကို ခေါ်ပြီး တရားနာခိုင်းမယ်"

မှန်၏။ တစ်ချိန်က မိမိထံသို့ ဒကာကြီး လေးငါးယောက် ရောက်လာကာ ရှိခိုးဦးချ လျှောက်ထား၏ -

"အရှင်ဘုရား၊ "ဝေဒနာ ကုန်နိုင်ပါ့မလား" ဘုရား"

ယခုတရားလောကတွင် ဝေဒနာကားခေတ်စားနေ၏။ သို့သော်ပြသူလည်း နားလည်သူရှား၏။ ယောဂီတွေမှာလည်း ဒုက္ခများလျက် ရှိ၏။ သို့နှင့် မိမိက ပြန်၍မေး၏။

"ဘယ်ဝေဒနာကို မေးတာလဲဒကာကြီး"

တရားလောကတွင် ဒုက္ခဝေဒနာတစ်ပါးကို ကုန်အောင်တိုက်ခိုင်း၊ လိုက်ခိုင်း၊ အားထုတ်ခိုင်းနေသည်။ သို့ဖြစ်၍ မိမိက ဒကာကြီးအား သိစေရန် ပြန်ပေးခြင်းဖြစ်၏။ ဒကာကြီးမှာအမ်းတမ်းတမ်း ဖြစ်သွား၏။ သို့နှင့် မိမိက ဆက်ပြော၏ -

"ဒကာကြီး ဝေဒနာက သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ ငါးမျိုး ရှိတယ်၊ ဘယ်ဝေဒနာကို ပြောတာလဲ"

"ဒုက္ခဝေဒနာကို ပြောတာပါဘုရား"

"အဲဒီ ဝေဒနာငါးမျိုးမှာလည်း သောမနဿဝေဒနာနှင့် သုခဝေဒနာက သုခ၊ ဒေါမနဿဝေဒနာနှင့် ဒုက္ခဝေဒနာက ဒုက္ခ၊ ဥပေက္ခာဝေဒနာက ဥပေက္ခာဆိုတော့ သုခ၊ ဒုက္ခ၊ ဥပေက္ခာလို့ ဝေဒနာသုံးမျိုးပဲ မရဘူးလား"

"မှန်ပါ၊ သုံးမျိုးပဲ ရပါတယ်ဘုရား"

"အဲဒီသုံးမျိုးမှာလည်း ဥပေက္ခာက ငြိမ်သက်လို့ သုခသဘောရှိသောကြောင့် သုခ၊ သုခဝေဒနာကလည်း သုခဆိုတော့ သုခတစ်မျိုးတည်း မရဘူးလား"

"မှန်ပါ၊ ရပါတယ်ဘုရား"

"ဒုက္ခဝေဒနာကတော့ ဒုက္ခပဲဆိုတော့ သုခ၊ ဒုက္ခ ဝေဒနာနှစ်ပါးပဲ မရဘူးလားဒကာကြီး"

"မှန်ပါ၊ နှစ်ပါးပဲ ရပါတော့တယ်ဘုရား"

"အဲဒီနှစ်ပါးမှာလည်း သုခဝေဒနာဟာ ပြောင်းလွဲသွားလျှင် ပျက်သွားလျှင် ဒုက္ခဖြစ်မသွားဘူးလား"

"မှန်ပါ၊ ဒုက္ခဖြစ်သွားပါတယ်ဘုရား"

"ဒါဖြင့် သုခဝေဒနာကလည်းပြောင်းလဲသွားလျှင်ဒုက္ခ၊ ဒုက္ခဝေဒနာကလည်းဒုက္ခဆိုတော့နောက်ဆုံးရှုပွားအားထုတ်တဲ့ ယောဂီမှာ အရှုအပွား မှန်ကန်လျှင် ဒုက္ခပဲ အမြဲမထင်ဘူးလား"

"မှန်ပါ၊ ထင်မှာပါဘုရား"

"ဒါဖြင့် ဒုက္ခအမြဲထင်တော့ ဒုက္ခဝေဒနာကုန်လို့ ထင်တာလား၊ မကုန်လို့ ထင်တာလား"

"မကုန်လို့ ထင်တာပါဘုရား၊ တပည့်တော်လည်း ကြိုးစားအားထုတ်ပါတယ်ဘုရား၊ ဒါပေမဲ့ "ဝေဒနာမကုန်ဘူးလို့ ရိပ်မိတယ်"၊ တရားပြဆရာကလည်း ဝေဒနာကုန်အောင်၊ ကျွတ်အောင် အတင်းအားထုတ်ခိုင်းနေတယ်ဘုရား၊ ခဏတော့ ကုန်သလိုပဲဘုရား၊ နောက်တော်တော်ကြာ ပြန်ဖြစ်တာပဲဘုရား"

"ဝေဒနာက အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရား ဒကာကြီးရဲ့ "ဖဿပစ္စယာ ဝေဒနာ၊ ဖဿသမုဒယာ ဝေဒနာသမုဒယော" လို့ ဘုရားရှင်ဟောထားတယ် မဟုတ်လား"

"မှန်ပါ၊ ဟောထားပါတယ်ဘုရား"

"ဒါဖြင့် တကယ့်တကယ် ဝေဒနာကုန်မှာက အကြောင်းကုန်မှ ကုန်မှာလား၊ သို့မဟုတ် အကျိုးဝေဒနာသက်သက်ကို ကုန်အောင်လုပ်လို့ ကုန်မှာလား"

"အင်း... တပည့်တော်တို့ အားထုတ်နေတာ အလွဲကြီးပါလားဘုရား"

"ဝေဒနာကုန်တာမှာ ပြောဦးမယ်ဒကာကြီး၊ ပထမဝေဒနာငါးမျိုး၊ နောက်သုံးမျိုး၊ နောက်နှစ်မျိုး၊ နောက်တစ်မျိုးဆို တော့ ဒုက္ခတစ်မျိုးတည်း ဖြစ်မသွားဘူးလား"

"မှန်ပါ၊ ဖြစ်သွားပါတယ်ဘုရား"

"အဲဒီ ဒုက္ခဝေဒနာကို ပြန်ပွားလိုက်၊ ကိုယ်မှာဖြစ်တဲ့ ကာယိက ဒုက္ခဝေဒနာ၊ စိတ်မှာဖြစ်တဲ့ စေတသိက ဒုက္ခဝေဒနာ လို့ နှစ်မျိုးဖြစ်မလာဘူးလား"

"မှန်ပါ၊ ဖြစ်လာပါတယ်ဘုရား"

"အဲဒီ ကာယိကဒုက္ခ၊ စေတသိကဒုက္ခနှစ်မျိုးကို ဒကာကြီး တရားပြဆရာက ဘယ်ဒုက္ခကုန်အောင် အားထုတ်ခိုင်းလဲ"

"တရားပြဆရာက ဒုက္ခဝေဒနာနှစ်မျိုးလည်း ခွဲမပြောပါဘူးဘုရား၊ တရားထိုင်လို့ တအောင့်လောက်ကြာတော့ နာ၊ ကျင်၊ ကိုက်ခဲလာတာကိုပဲ ကုန်အောင် အားထုတ်ခိုင်းတာပဲဘုရား"

"အဲ ... အထိုင်ကြာလို့ နာ၊ ကျင်၊ ကိုက်ခဲလာတာက ကာယိကဒုက္ခပဲ ဒကာကြီး၊ အဲဒီ ကာယိကဒုက္ခတွေ မကုန်နိုင် ဘူး၊ ဒီကိုယ်ကြီးရှိနေသမျှ ရှိနေမှာပဲ၊ ဒကာကြီးတို့ အားထုတ်တာ ပင်လယ်ထဲက ရေတွေ ကုန်အောင်ဆိုပြီး အမြီးနဲ့ယက်ထုတ် တဲ့ ရှဉ့်လိုဖြစ်နေပြီ၊ မကုန်နိုင်တာ ကုန်အောင် အားထုတ်နေတယ်၊ ကုန်ရမှာက စေတသိကဒုက္ခ ကုန်ရမှာ"

"ဒါကြောင့် တပည့်တော်လည်း "ဝေဒနာမကုန်နိုင်ဘူးလို့ ရိပ်မိတယ်"၊ တရားပြဆရာကလည်း အတင်းဝေဒနာကုန် အောင် အားထုတ်ခိုင်းတယ်၊ အာမခံတယ်တဲ့၊ အားထုတ်တဲ့၊ ဝေဒနာကုန်တယ်တဲ့၊ အဲဒီလိုဆိုတော့ ခက်နေတယ်ဘုရား"

"ဒါဖြင့် အဲဒီဝေဒနာကုန်တယ်ဆိုတဲ့ တရားပြဆရာကို တူနဲ့ ခြေသလုံးရိုး သွားထုစမ်းကြည့်ပါလား"

"ထအော်မှာပေါ့ဘုရား"

"အဲဒါမကုန်လို့ထ.အော်တာပေါ့၊ ကုန်ရင် ဘယ်ထ.အော်တော့မလဲ၊ တကယ်ကုန်ရမှာက စိတ်မှာဖြစ်တဲ့ စေတသိက ဒုက္ခဝေဒနာ ကုန်ရမှာ ဒကာကြီး"

"ဟင် ... ဒါဖြင့် ကုန်ရမှာက တစ်ခြား၊ ကုန်အောင်အားထုတ်နေတာက တစ်မျိုးဆိုတော့ မှားမှ မှားပါလားဘုရား"

"အဲဒီ စိတ်မှာဖြစ်တဲ့ စေတသိက ဒုက္ခဝေဒနာ ကုန်တာကလည်း ဒကာကြီး "ခီဏာသဝါနံ ဟိ စေတသိကဒုက္ခံ နာမ နတ္ထိ၊ ကာယိကဒုက္ခံ ပန ဟောတိယေဝ" ဆိုတဲ့ အဋ္ဌကထာစကားအရ ရဟန္တာကျမှ စေတသိကဒုက္ခ ကုန်တယ်၊ ကာယိကဒုက္ခ တော့ ရဟန္တာမှာလည်း ဖြစ်သေးတယ်၊ ရှိသေးတယ်၊ ဘုရားမှာလည်း ဖြစ်သေးတယ်၊ ရှိသေးတယ်"

"အင်း... မပင်ပန်းသင့်တာနဲ့ ပင်ပန်း၊ အချိန်မကုန်သင့်တာနဲ့ တပည့်တော်တို့ အချိန်ကုန်ခဲ့ရတယ်ဘုရား"

"ပင်ပန်းရုံ၊ အချိန်ကုန်ရုံတင် မဟုတ်ဘူးဒကာကြီး၊ မကုန်နိုင်တဲ့ ကာယိကဒုက္ခဝေဒနာကို ကုန်တယ်ယူရင် အယူမှန် သမ္မာဒိဋ္ဌိလား၊ အယူမှားမိစ္ဆာဒိဋ္ဌိလား"

"အယူမှား မိစ္ဆာဒိဋ္ဌိပေါ့ဘုရား"

"အေး... အဲဒီ အယူမှားမိစ္ဆာဒိဋ္ဌိဟာ သေက ငရဲနဲ့တိရစ္ဆာန် နှစ်တန် တစ်တန်တန် ဧကန်ရောက်မယ်တဲ့"

"ထိုင်နေတာအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ ဆိုတာ ဒါမျိုးပေါ့၊ ဒါန၊ သီလနဲ့နေတာ အကောင်းသား၊ ဘာဝနာ တက်ခါမှ ဆရာမှားတွေ့တော့ အပါယ်ကျရ၊ ဘယ်ကောင်းမလဲဘုရား"

"အင်း... ဒါဖြင့် ဒီလင်္ကာလေး ကျက်ထား၊ ဆရာမှားစေနဲ့၊ အမြဲရွတ်"

နဖူးပွန်းနှင့် ဒူးပွန်းခံကာ
ကိုးကွယ်ပါလည်း အလွဲဆရာ
အပါယ်ငရဲ ပို့မြဲသေချာ
ဝဋ်မြစ်တွယ် လွတ်ဖွယ်မရှိပါ။

"တပည့်တော်တို့ကို ဒီအတိုင်းထားလို့တော့ မဖြစ်ဘူးဘုရား၊ အဲဒီ ဝေဒနာအကြောင်းကိုပဲ အားထုတ်တတ်အောင် ဆက်ရှင်းပေးပါဦးဘုရား"

"ကဲ . . . ဒါဖြင့်နားထောင်၊ ဒီဝေဒနာကုန်ပုံနဲ့ ပတ်သက်ပြီး မယူဆတတ်သူများတယ်၊ အဲဒါက အားထုတ်မှု မမှန်ကန်ခြင်းနှင့် စာပေမတတ်ခြင်းတို့ကြောင့် ဖြစ်တယ်"

"အမိန့်ရှိပါဘုရား"

"သုခဝေဒနာသည်လည်းကောင်း၊ ထိုမှတစ်ပါး ဒုက္ခဝေဒနာသည်လည်းကောင်း၊ ဥပေက္ခာဝေဒနာသည် လည်းကောင်း၊ဤသို့ မိမိအတွင်းသန္တာန်၌လည်းကောင်း၊ ပြင်ပဖြစ်သော နတ်လူ ဗြဟ္မာ သတ္တဝါ သန္တာန်၌လည်း ကောင်း အလုံးစုံသော ခံစားမှုဝေဒနာသည် ရှိ၏"

"မျက်လှည့်အလားကဲ့သို့လှည့်စားလိမ်လည်ခြင်းသဘောရှိထသော၊ခံစားစံစားဆဲတွင်လျှပ်ရောင်အလား ကဲ့သို့ ဖရိုဖရဲ ပျောက်ကွယ်ခြင်း သဘောရှိထသော၊ ဤဝေဒနာသုံးပါးကို ဒုက္ခသစ္စာဟူ၍ အမှန်အဟုတ် သိမြင်၍ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ တိုက်ခိုက်ထိပါးရာ ကိုယ်အင်္ဂါ၌ ရေပွက်ငယ်တွေအလား တဖွားဖွားပေါ်ပေါက်၍ ချုပ်ကွယ်ပျောက် ဆုံးမှုကို ပစ္စက္ခဒိဋ္ဌ ထင်မြင်အောင် ရှုသည်ရှိသော် ထိုဝေဒနာသုံးပါးတို့၌ ဤသို့ အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ် ကေန်ဖြစ်၏ဟူ၍ အထူးသိနိုင်လေ၏"

"ရဟန်းသည် ဝေဒနာတို့၏ ကုန်ခြင်းကြောင့် (ဝါ)ကုန်ခြင်း၊ ခန်းခြင်းဟူသော ခယအမှုကို ထင်မြင်ခြင်း ကြောင့် အာရုံခြောက်ပါးနှင့်တကွ ဝေဒနာဓမ္မတို့၌ တောင့်တခြင်းဟူသော ဆာလောင်ငတ်မွတ်ခြင်း ကင်းသည်ဖြစ် ၍ အငြိမ်းကြီး ငြိမ်းလေ၏"

(သုတ္တနိပါတ်ပါဠိတော်)

"ဒီအတိုင်းဆိုတော့ ပျောက်ပျက်သွားတာကို မြင်တာကို ဝေဒနာကုန်တယ် ခေါ်တာပေါ့ဘုရား"

"အင်းပေါ့၊ ဒကာကြီးတို့ အမှတ်မထားလို့ မသိတာ၊ သီလပေးပြီးတဲ့အခါမှာ တချို့ဆရာတော်တွေက "အနိစ္စံ ခယ ဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန" စသည် ချပေးတာ ကြားဖူးတယ်မဟုတ်လား"

"မှန်ပါ၊ ကြားဖူးပါတယ်ဘုရား"

"အဲဒီမှာ အနက်ပေးတော့ "ခန္ဓာ" ငါးပါး၊ ရုပ်နာမ်တရားတို့သည် ခယဋ္ဌေန - ကုန်ပျက်တတ်သော အနက်သဘော ကြောင့်"အနိစ္စာ - အမြဲမရှိကုန်" လို့ ပေးတယ်၊ အဲဒီမှာ "ခယ" ကို "ကုန်" "ပျက်" အနက်ပေးတယ်၊ အဲဒါကို နားမလည်တဲ့ တရားပြဆရာက "ပျက်" ကို မသိဘဲ "ကုန်" တစ်ခုယူပြီး ကွင်းလုံးကျွတ်ကုန်တာ သွားယူလိုက်တော့ အကြီးအကျယ် မမှားဘူးလား"

"မှားမှ မှားပဲဘုရား"

"တကယ်ဝေဒနာကို ရှုပွားရတာက ဘယ်ဝေဒနာပဲဖြစ်ဖြစ် ဖြစ်ပေါ်ရင် ဖြစ်ပေါ်မှန်းသိ၊ ကုန်သွားရင် ကုန်သွားမှန်းသိ၊ ပျက်သွားရင် ပျက်သွားမှန်းသိ၊ ချုပ်သွားရင် ချုပ်သွားမှန်းသိ၊ စင်စစ်တော့ ကိုယ်ပေါ်မှာ ဖြစ်ပေါ်လာတဲ့ ဝေဒနာတစ်ခုခုကို သတိ၊ ဝီရိယ၊ ပညာနှင့် အဖြစ်အပျက်မြင်အောင် ရှုပွားဖို့ပဲ ဒကာကြီး"

"ဒီလိုဆိုတော့ တရားအားထုတ်ရတာ လွယ်လွယ်ပါလားဘုရား၊ ဖြစ်ပေါ်လာတဲ့ သဘာဝကို အလိုက်သင့် ကြည့်ရှုနေရုံပဲဟာ၊ ယခု ဒီသဘာဝ နားမလည်တော့ ဖြုတ်ကို အားကြိုးမာန်တက် ခါးတောင်းကျိုက်ဖမ်းသလို ဖြစ်နေတယ်ဘုရား"

"အားထုတ်တဲ့အခါမှာ ကာယိကဝီရိယနှင့် စေတသိကဝီရိယနှစ်ပါးလည်း နားလည်ရတယ်၊ အဲဒီနှစ်ပါး ညီညွတ်မှလည်း တရားရနိုင်တယ်၊ မညီညွတ်ရင် တရားမရနိုင်ဘူး"

"ယခုဆို ဝေဒနာနှင့်ပတ်သက်လို့ သဘောပေါက်သင့်သလောက် ပေါက်သွားပါပြီဘုရား၊ အားထုတ်ကြည့်ဖို့ပဲ လိုပါတော့တယ်ဘုရား"

"အင်း အင်း . . . အားထုတ်ကြည့်ပေါ့၊ အားထုတ်ပြီး မရှင်းလင်းတော့ နောက်တစ်ခါလာခဲ့ပေါ့၊ အားထုတ်တဲ့အခါမှာ ကိုယ်နဲ့စိတ်မှာ စိတ်ကို အထူးသတိထားဆုံးမ"

> "ဤလောက၌ နွားငယ်ကို ဆုံးမလိုသူသည် ချည်တိုင်မှာ ခိုင်ခိုင်ချည်တုပ်၍ ရိုက်ပုတ်ဆုံးမသကဲ့သို့ ထိုအတူ မိမိစိတ်ကို ဆုံးမလိုသူသည် မိမိစိတ်ကို ဝေဒနာစသော အာရုံချည်တိုင်၌ သတိပဋ္ဌာန်လွန်ကြိုးဖြင့် ခိုင်ခိုင်ချည်တုပ်၍ ပညာတုတ်ဖြင့် ရိုက်ပုတ်ဆုံးမရာ၏"

"ခွင့်ပြုပါဦးဘုရား"

✧ ဝေဒနာရှုပွား၊ အမှားများ၊ ကြိုးစားစစ်ဆေးနိုင်စေသော်။

✧ မစစ်ဆေးဘဲ၊ အမှားပဲ၊ ယူစွဲအပယ် ရောက်မည်နော်။

# ရဟန္တာလေး ဟောတဲ့တရား နာခဲ့ရတယ်

(၄၆)

ဘုရားရှင် ဟောကြားတော်မူအပ်သော တရားတော်တွေသည် ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံသဖြင့် အလိုလိုဂုဏ်ရောက်ပြီးသား ဖြစ်နေ၏။ အပြစ်အနာအဆာ တစ်စုံတစ်ရာ ရှာဖွယ်ရာ မရှိ။ ရှာဖွေလျှင်လည်း မတွေ့နိုင်။

ယင်းသို့ အပြစ်ကင်း၍ အစ၊ အလယ်၊ အဆုံး အားလုံး ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသော ဘုရားရှင်၏ တရားတော်တွေကို နာခံမှတ်သား၍ပြန်လည်ဟောပြောသူသည် "ရွှေနားတောင်းရောင်ကြောင့် ပါးပြောင်" ဆိုသလိုပင် ဘုရားရှင်၏ တရားတော်ကို ဟောသည့်ဂုဏ်ကြောင့်ပင် ဂုဏ်ရောက်လျက်၊ ဂုဏ်ရှိလျက် ရှိပေ၏။

ယင်းသို့ တရားတော်၏ဂုဏ်ကြောင့် ဂုဏ်ရောက်လျက်၊ ဂုဏ်ရှိလျက်ရှိသော တရားဟောသူသည် တရားတော်၏ ကောင်းခြင်းဂုဏ်ကို မိမိတွင် တစ်စိတ်တစ်ဒေသမျှ တည်ရှိစေကာ ဟောပြောပါမူ အဘယ်ပရိသတ်သည် မရှိမသေ မလေးစားဘဲ ရှိပါအံ့နည်း၊ မချီးမွမ်းနိုင်ဘဲ ရှိပါအံ့နည်း၊ တရားသဖြင့်ပင်မက မတရားသဖြင့်ပင် ရှိသေလေးစား ချီးမွမ်းပါလိမ့်မည်။

တရားနာပရိသတ်သည် အများအားဖြင့် သဘောကျလွယ်သူများ ဖြစ်၏။ လာစဉ်ကပင် နားထောင်ချင်စိတ်နှင့် လာသော ပရိသတ်ဖြစ်၏။ အချို့မှု အပျင်းပြေစေလိုသောစိတ်၊ တရားနာလိုသောစိတ်၊ ဟောပြောသူကို အထင်ကြီးသောစိတ်နှင့် လာသူများ ဖြစ်လေ၏။ အလွန်တရာ ငြီးငွေ့ဖွယ်ကောင်းသော တရားကိုပင် နာရီဝက်၊ တစ်နာရီ သည်းခံ၍ နာလေ့ရှိသည်။

သို့ဖြစ်၍ ဟောသူသည် ကိုယ်နှုတ်စိတ်ကို စောင့်စည်းနိုင်သမျှ စောင့်စည်း၍ ဟောဖို့သာ အရေးကြီး၏။ မှန်၏။ တစ်ချိန်သော ဆောင်းကာလက မိမိကိုယ်တိုင် ကြုံခဲ့ရ၏။ မိမိသည် ရွာတစ်ရွာတွင် တရားဟော၏။ ယင်းရွာအပြီးတွင် မြို့ငယ်တစ်မြို့သို့ သွားရောက်ဟောရ၏။ မြို့ရောက်သော် တည်းခိုသည့်ကျောင်းမှ ဆရာတော်က ပြော၏။

"မောင်ပညာဇောတ မင်းနာမည်ကျော်နေပါလား"

"ဘယ်လို နာမည်ကျော်နေပါသလဲ ဆရာတော်ဘုရား"

"ရဟန္တာလေး ရဟန္တာလေးနဲ့ နာမည်ကျော်တယ်"

"မလုပ်ပါနဲ့ ဆရာတော်ဘုရား၊ မိုးကြိုးတွေ ပစ်ချနေပါဦးမယ်၊ ရဟန္တာမပြောနဲ့ ရဟန္တာခြေဖျားကပ်တဲ့ မြေမှုန့်တောင် မမီသေးပါဘူး"

ထိုစဉ်အခါမှာ တန်ဆောင်မုန်းလဖြစ်၏။ မိုးမှာ ရံခါရွာတတ်သော မြန်မာပြည်မြေလတ်ပိုင်း မြို့ငယ်မြို့လေး တစ်မြို့တွင် ဖြစ်၏။

"အပဟုတ်ကျော်တာ မောင်ပညာဇောတရဲ့"

မိမိမှာ ပထမတော့ ပြောင်နေတာမှတ်သည်။ ယခုတစ်ဖန် ထပ်ပြောတော့မှ ပိုမိုလန့်ထိတ်သွားသည်။ သို့နှင့် သိချင်၍ ဆရာတော်အား မေးလျှောက်ရတော့၏။

"အမိန့်ရှိပါဦး ဆရာတော်ဘုရား၊ ဘယ်လိုကဘယ်လို ရဟန္တာလေးလို့ ကျော်တာလဲဘုရား"

"မောင်ပညာဇောတ ဟို (. . .)ရွာမှာ တရားဟောနေတော့၊ တို့မြို့က ဒကာမယောဂီတစ်ယောက် လာနာတယ်၊ မသိဘူးလား"

"ပရိသတ်များတော့ ဘယ်သူက ဘယ်အရပ်ကဆိုတာ မသိပါဘုရား"

"အေး . . . အဲဒီ ဒကာမယောဂီက အဲဒီမှာ တရားသုံးရက်နာရင်းနဲ့ မောင်ပညာဇောတ နေတာ၊ ထိုင်တာ၊ ဟောတာ၊ ပြောတာ စသည်ကို ကြည့်ရှုအကဲခတ်ပြီး ရဟန္တာလေးလို့ မှတ်ချက်ချလာခဲ့တယ်"

"သူက ဘာကြည့်ပြီးများ မှတ်ချက်ချခဲ့တယ်ဆိုတာ မသိပါဘုရား"

"မောင်ပညာဇောတ သာမညနေပြီး ဆွမ်းခံရင်း တရားဟောတာကို သူပြောသံကြားတာပဲ"

မိမိမှာ ဆွမ်းခံဝါသနာပါ၍ တရားဟောရောက်ရာအရပ်တွင် တန်းဆွမ်းခံသော အရပ်ဖြစ်က ဆွမ်းခံလိုက်လေ့ရှိသည်။ နေ့လည်ဘက်တွင် ဆွမ်းခံလိုက်၍ ညဘက်တွင် တရားဟောရသည်မှာ ကျန်းမာရေးညီညွတ်သည်ဟု ယူဆသည်။ သို့သော် တချို့ဒကာ၊ ဒကာမများကမူ အထင်သေးမှာစိုးလို့ ဆွမ်းမခံစေချင်ပေ။

"အင်း . . . ခဏတစ်ဖြုတ် တွေ့ကြုံပြီး သူက ဆုံးဖြတ်ချက်ချလာတာနဲ့ တပည့်တော်က ပုထုဇဉ်ဘဝကနေ အလိုလို ရဟန္တာလေး ဖြစ်ရမှာလားဘုရား၊ သတင်းဖြစ်ပုံကို အစအဆုံး အမိန့်ရှိပါဦးဘုရား"

"အဲဒီ ဒကာမယောဂီက (. . .)ရွာမှာ တရားနာပြန်လာပြီး တို့ရိပ်သာရောက်တော့ ယောဂီတွေကို ပြောတယ်"

"ဘယ်လိုပြောပါသလဲ၊ အမိန့်ရှိပါဦးဘုရား"

"ရဟန္တာလေးဟောတဲ့တရား နာခဲ့ရတယ်လို့ ပြောတယ်၊ အဲဒီလိုပြောတော့ ငါက အံ့ဩသွားတာနဲ့ အဲဒီယောဂီဒကာမကို မေးတယ် -

"ဘယ်မှာနာခဲ့ရတာလဲ"

"ဟို (. . .)ရွာမှာ နာခဲ့ရပါတယ်ဘုရား"

"အဲဒီလိုပြောပြီး မောင်ပညာဇောတ နေတာ၊ ထိုင်တာ၊ ဆွမ်းခံကြွတာ စသည် အကုန်လျှောက်ပြောတယ်၊ ဒါနဲ့ ငါက မေးတယ် -

"အဲဒီရဟန္တာလေးရဲ့ ပုံသဏ္ဍာန်ပြောစမ်း၊ ဘယ်လိုလဲ"

"ဒီတော့ ဒကာမယောဂီက ပုံသဏ္ဍာန်ကို ပြောပြတယ်၊ ပုံသဏ္ဍာန်ကိုပြောတော့ ဟောတဲ့ရွာနဲ့ တစ်ခါစပ်ကြည့်တော့ မောင်ပညာဇောတမှန်း သိတယ်၊ ဒါနဲ့ ငါက အဲဒီယောဂီကို ပြောလိုက်တယ် -

"အဲဒီရဟန္တာလေး ဒီမြို့ကို ကြွလာလိမ့်မယ်၊ ပင့်ထားတယ်"

"ဆရာတော်ကလည်း "မီးလောင်ရာ လေပင့်၊ နတ်ရှူး ဗုံဆော်" ဆိုသလို ဖြစ်နေပြီ၊ နဂိုကမှ အထင်ကြီးနေရတဲ့အထဲ ဆရာတော်က ထပ်ပြောလိုက်တော့ ပိုဆိုးသွားမှာပေါ့၊ ဒါဟာ မတရားချီးမွမ်း၊ မတရားကြည်ညိုခေါ်ပါတယ်ဘုရား၊ တပည့်တော် မသာယာပါဘူး၊ မယဒေဝလင်္ကာဆုံးမစာကို တပည့်တော် နလုံးသွင်းထားပါတယ်ဘုရား"

"ဘယ်လိုလဲ မင်း မဃဒေဝလင်္ကာကို ရွတ်ပြစမ်းပါဦး"

"ဝမ်းမမြောက်သာ၊ ဤလူ့ရွာဝယ်၊ ကျွမ်းဝင်ရာညွတ်၊ ကြိုက်ရာနတ်နှင့်၊ မမှတ်ဂုဏ်ဝါ၊ ထူးမရှာဘူး၊ ကြည်ညိုရာမြတ်၊ ချစ်ရာတတ်၏၊ဆတ်ဆတ်ကေန်၊ မှန်သည်မရှိ၊ လူ့ထုံးသိလော့၊ လောကီလူ့တမ်း၊ လူ့နတ်ခမ်းကား၊ ချိုးမွမ်းကဲ့ရဲ့၊ ဖြစ်တတ်ခဲ့ရှင့်၊ ပြစ်ဖွဲ့ ကြည်ညို၊ ပြောကြဆိုလည်း၊ ပြောဆိုသူနှင့်၊ နှိုင်းကာချင့်တည့်၊ ယခင့်ထိုသူ၊ ယုတ်မြတ်ဟူလည်း၊ အယူတူမှ၊ ကြည်ညိုကြ၏"

"ဒါကတော့ လောကသဘောပဲ မောင်ပညာဇောတရဲ့၊ ဘာပဲဖြစ်ဖြစ် ယခုညတော့ လူစည်ကားလိမ့်မယ် ထင်တယ်၊ မောင်ပညာဇောတပဲ ကြည့်ရှင်းပေတော့"

ဆရာတော်က ယင်းသို့ပြောသော် မိမိသည် စဉ်းစားမိသည်။

"အင်း...တရားနာပရိသတ် သုံးပုံနှစ်ပုံသည် ရုပ်အဆင်းလှပခြင်း၌ ကြည်ညို၏၊ ငါးပုံလေးပုံသည် ရဟန္တာစသည် ကျော်စောသတင်းနှင့် အသံကောင်းခြင်း၌ ကြည်ညို၏၊ ဆယ်ပုံကိုးပုံသည် ပစ္စည်းလေးဖြာ ကိလေသာခေါင်း ပါးခြင်း၌ ကြည်ညို၏၊ အပုံတစ်ထောင်ပုံ တစ်ပုံသည်သာ သီလ၊ သမာဓိ၊ ပညာဂုဏ် ဓမ္မ၌ ကြည်ညိုကုန်၏"

မိမိသည် ယင်းသို့စဉ်းစားပြီးသော် ဆုံးဖြတ်ချက်ချသည်။

"ဤသို့ မမှန်မကန် သတင်းထွက်နေပါလျက်နှင့် ပရိသတ်များရေးအတွက် ငြိမ်နေလျှင် မတရားဝန်ခံရာ ရောက်သည်၊ သို့ဖြစ်လျှင် လိမ်ညာတာနဲ့ ဘာမှမထူးခြား၊ အမှန်ကို ဖွင့်ဟပြောဟောသင့်သည်၊ ကြေညာသင့်သည်"

ညအချိန် တရားပွဲသို့ ရောက်ခဲ့ပြီ။ တရားပွဲမှာ ပရိသတ် စည်ကားလှ၏။ ရဟန္တာလေးဟု ကျော်စောသတင်းကြောင့် ထင်၏။ သွားရာလမ်းတစ်လျှောက်တွင် အခင်းများ ခင်းထားသည်မှာ အပြည့်ပင်ဖြစ်၏။ ပလ္လင်ပေါ်တွင်မူ ထိုင်လို့တောင် မဖြစ်တော့၊ ပလ္လင်လက်တန်းပင် ကျော်၏။ အခင်းများဖြင့် ပြည့်နေ၏။ မိမိသည် ယင်းပြဿနာပြေလည်အောင် တရားမဟောမီ သတ္တဇဋိလသုတ်ကို နိဒါန်းပျိုးရတော့၏။

## သတ္တဇဋိလသုတ္တန် ဒေသနာ

အခါတစ်ပါး ဘုရားရှင် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ဘုရားရှင်သည် ညနေချမ်းအချိန် တစ်ပါးတည်း ကိန်းအောင်းတော်မူရာမှ ထတော်မူ၍ တံခါးမုခ်အပြင်၌ ထိုင်နေတော်မူ၏။

ထိုစဉ် ကောသလမင်းကြီးသည် ဘုရားရှင်ထံသို့ ချဉ်းကပ်ရှိခိုး၍ ထိုင်နေ၏။ မင်းကြီး ဘုရားရှင်ထံ ချဉ်းကပ်၍ မကြာမီပင် ဆံကျစ်ထုံးရသေ့ ခုနစ်ယောက်၊ နိဂဏ္ဌတက္ကတွန်း ခုနစ်ယောက်၊ အစေလကတက္ကတွန်း ခုနစ်ယောက်၊ ဧကသာဋကတိတ္ထိ ခုနစ်ယောက်၊ ပရိဗိုဇ် ခုနစ်ယောက်တို့သည် အထူးထူး အပြားပြားသော ရသေ့အသုံးအဆောင်တို့ကို ယူကုန်၍ ဘုရားရှင်၏ မနီးမဝေး၌ လွန်၍သွားကုန်၏။

ကောသလမင်းကြီးသည် ယင်းတို့ကိုမြင်သော် ဘုရားရှင်၏ ရှေ့တော်မှထကာ ယင်းတို့ရှိရာသို့ လက်အုပ်ကိုညွတ်လျက် "အရှင်ဘုရားတို့ အကျွန်ုပ်သည် ပသေနဒီကောသလမင်းကြီးပါတည်း" ဟု သုံးကြိမ်တိုင်တိုင် အမည်ကို ပြောကြား၏။

ယင်းသို့ အရိုအသေပြုလျက် အမည်ကို ပြောကြားပြီးလျှင် ယင်းတို့လွန်သွားသော ဘုရားရှင်ထံသို့ တစ်ဖန် ချဉ်းကပ် ရှိခိုးလျက် ထိုင်ကာ ဘုရားရှင်အား လျှောက်၏။

"အရှင်ဘုရား၊ လောက၌ အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အရဟတ္တမဂ်ကိုရကုန်သော ပုဂ္ဂိုလ်တို့သည်လည်းကောင်း ရှိကုန်၏။ ထိုရသေ့၊ တက္ကတွန်း၊ ပရိဗိုဇ်တို့သည် ရဟန္တာ၊ အရဟတ္တမဂ် ရသူတို့တွင် တစ်ယောက်အပါအဝင်ဖြစ်ကုန်၏"

(ဘုရားရှင်၏ ကျောင်းဒကာကြီးလည်းဖြစ်၊ ကျောင်းသို့လည်း တစ်နေ့ သုံးခေါက်သွားလေ့လည်းရှိ၊ ဘုရားရှင်နှင့်လည်းအလွန်တရာရင်းနှီးသောကောသလမင်းကြီးကိုယ်တိုင်ကပင် ကိုးရိုးကားရားနှင့်ရသေ့၊တက္ကတွန်း၊ပရိဗိုဇ်များကိုရဟန္တာဟု အထင်ကြီးပါလျှင် ယခုခေတ်တွင် ပရိသတ်အခြံအရံ အသင့်အတင့်ရှိ၍ နာမည်ကျော်ကြားပြီး ဘေးတီးကောင်းသော ပုဂ္ဂိုလ်အချို့အား ရဟန္တာဟု သမုတ်ကြသည်မှာ အံ့ဩစရာမဟုတ်တော့။ ပရိသတ်လည်း မရှိ၊ နာမည်လည်းမကျော်ကြား၊ ဘေးတီးလည်း မရှိသော မိမိပင် အချောင်ကျော်သေး၏။)

"မင်းကြီးကာမဂုဏ်ကိုခံစားလေ့ရှိသော၊သားသမီးတို့ဖြင့်ကျဉ်းမြောင်းသောနေရာ၌နေသော၊ကာသိတိုင်းထွက်စန္ဒကူးကို သုံးဆောင်သော၊ ပန်းနံ့သာ၊ နံ့သာပျောင်းကို ဆောင်လေ့ရှိသော၊ ရွှေငွေကို သာယာသော၊ လူဖြစ်သောသင်သည် "ဤပုဂ္ဂိုလ်တို့သည်ရဟန္တာဖြစ်ကုန်၏၊ဤပုဂ္ဂိုလ်တို့သည်အရဟတ္တမဂ်သို့ရောက်ကုန်၏" ဟူသော အကြောင်းကို သိနိုင်ခဲသည်သာတည်း"

(ဘုရားရှင်၏ ယင်းမိန့်ကြားချက်ကို အထူးသတိပြုပါ။ ဥပမာပြရသော် လူနှင့် ရဟန္တာသည် အဆင့်ဘယ်လောက်ကွာခြားသနည်းဆိုသော် စာမတတ်သူ ကလေးငယ်တစ်ယောက်နှင့် စာပေဒေါက်တာဘွဲ့ရပုဂ္ဂိုလ်တစ်ယောက်ပမာ ကွာလှ၏။ မှန်၏။ စာမတတ်သော ကလေးငယ်သည် စာပေဒေါက်တာဘွဲ့ရပုဂ္ဂိုလ်၏ အရည်အချင်း တော်မတော်ကို အဘယ်သို့ အကဲခတ်နိုင်မည်နည်း၊ အကဲခတ်လျှင် လွဲမည်သာဖြစ်၏။)

"မင်းကြီး၊ သီလကိုအတူတကွ နေကြည့်သဖြင့် ရှိ၊မရှိ သိနိုင်၏၊ ထိုသို့ သိနိုင်ရန်လည်း ကြာမြင့်စွာနေကြည့်မှသာ သိနိုင်၏၊ ခဏနေကြည့်သဖြင့် မသိနိုင်၊ နှလုံးသွင်းသူမှသာလျှင် သိနိုင်၏။ နှလုံးမသွင်းသူသည် မသိနိုင်၊ ပညာရှိမှသာ သိနိုင်၏၊ ပညာမဲ့သူ မသိနိုင်"

"မင်းကြီး၊ စင်ကြယ်သော အဖြစ်ကို နီးနှောပြောဆိုကြည့်မှ သိနိုင်၏။ ထိုသို့ သိနိုင်ရန်လည်း ကြာမြင့်စွာနေကြည့်မှသာ သိနိုင်၏။ ခဏနေ ကြည့်သဖြင့် မသိနိုင်။ နှလုံးသွင်းသူမှသာလျှင် သိနိုင်၏။ နှလုံးမသွင်းနိုင်သူသည် မသိနိုင်၊ ပညာရှိသူမှသာ သိနိုင်၏။ ပညာမဲ့သူ မသိနိုင်"

"မင်းကြီး၊ ဘေးရန်ကြုံသောအခါမှ ဉာဏ်စွမ်းကို သိနိုင်၏၊ ထိုသို့ သိနိုင်ရန်လည်း ကြာမြင့်စွာ နေကြည့်မှသာ သိနိုင်၏၊ ခဏနေ ကြည့်သဖြင့် မသိနိုင်၊ နှလုံးသွင်းသူမှသာလျှင် သိနိုင်၏၊ နှလုံးမသွင်းသူသည် မသိနိုင်၊ ပညာရှိသူမှသာ သိနိုင်၏၊ ပညာမဲ့သူ မသိနိုင်"

"မင်းကြီး၊ ဆွေးနွေးကြည့်မှသာ ပညာကို သိနိုင်၏၊ ထိုသို့ သိနိုင်ရန်လည်း ကြာမြင့်စွာ နေကြည့်မှသာ သိနိုင်၏။ ခဏနေ ကြည့်သဖြင့် မသိနိုင်၊ နှလုံးသွင်းသူမှသာလျှင် သိနိုင်၏၊ နှလုံးမသွင်းသူသည် မသိနိုင်၊ ပညာရှိသူမှသာ သိနိုင်၏၊ ပညာမရှိသူ မသိနိုင်"

"သီလ ရှိ၊မရှိ၊ စင်ကြယ် မစင်ကြယ်၊ ဉာဏ်စွမ်း ရှိ၊မရှိ၊ ပညာ ရှိ၊မရှိကိုတောင်မှ သိဖို့ရာ ဤမျှခက်ခဲပါလျှင် - "ငါသိတဲ့ တရားအထူးကို လူ နတ် ပြဟ္မာတို့ လျင်မြန်စွာ သိနိုင်ကြပါစေ၊ ငါ့ကိုယ်မှုကား ရဟန္တာဟု မသိကြပါစေနှင့်" ဟု ရွှေအိုးကိုရသော ယောကျာ်းပမာ ရဟန္တာပုဂ္ဂိုလ်တို့သည် မိမိ၏ ရဟန္တာအဖြစ်ကို သူတစ်ပါးသိရန် လျှို့ဝှက်လေ့

ရှိ၏။ ယင်းရဟန္တာပုဂ္ဂိုလ်ကို ငါးပါးသီလမျှပင် မလုံနိုင်သူ၊ မဂ်လသုတ်မျှ မရသူ၊ အဘယ်ပုဂ္ဂိုလ်သည် ရဟန္တာဟု သိနိုင်ပါအံ့နည်း၊ သိပါသည်ဆိုလျှင် မှန်အံ့လော"

"အရှင်ဘုရား၊ အံ့ဖွယ်ဖြစ်ပါ၏၊ အရှင်ဘုရား မဖြစ်ဖူးမြဲ ဖြစ်ပါ၏၊ အရှင်ဘုရား မိန့်ဆိုအပ်သော ဤစကားသည် အလွန်ကောင်းစွာ ဆိုအပ်သော စကားဖြစ်ပါ၏"

"အရှင်ဘုရား၊ အကျွန်ုပ်၏မင်းချင်းယောကျ်ားဖြစ်ကုန်သော၊ လျှို့ဝှက်လှည့်လည်ကုန်သော စုံထောက်တို့သည် တိုင်းကားပြည်ရွာကို စုံထောက်၍ လာကုန်၏၊ ထိုစုံထောက်တို့သည် ရှေးဦးစွာ စုံထောက်အပ်ပြီးသည်ကို အကျွန်ုပ်သည် နောက်မှ ဆုံးဖြတ်ပြီးစီးစေပါ၏"

"အရှင်ဘုရား၊ ယခုအခါ၌ ထိုစုံထောက်တို့သည် မြူအညစ်အကြေးကို မျှောကုန်၍ ကောင်းစွာ ရေချိုး၊ လိမ်းကျံပြုပြင်ပြီးသော ဆံ၊ မုတ်ဆိတ် ရှိကုန်သည်ဖြစ်၍ ဖြူစင်သော အဝတ်ဝတ်လျက် ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံကြကုန်သည်ဖြစ်၍ မွေ့လျော်ကုန်လတ္တံ့"

ကောသလမင်းကြီးသည် ယင်းသို့ ထောက်ခံလျှောက်ထားသောအခါ ဘုရားရှင်က ဤသို့ မိန့်ပြန်၏။

"မင်းကြီး အဆင်းသဏ္ဍာန်ကို မြင်ကာမျှဖြင့် လူကို အကောင်းအဆိုး သိလွယ်သည်မဟုတ်၊ အခိုက်အတန့် မြင်ကာမျှဖြင့် လူကောင်းဟူ၍ အကျွမ်းမဝင်ရာ၊ ကိုယ်နှုတ်နလုံး မစောင့်သုံးသူတို့သည် ကောင်းစွာ ကိုယ်နှုတ်နလုံး စောင့်သုံးသူတို့၏ အသွင်အပြင် အသုံးအဆောင်ဖြင့် ဤလောကကို လိမ်ညာလျက် လှည့်လည်ကုန်၏"

"မင်းကြီး အတွင်း၌ မစင်ကြယ်ကုန်သောသူတို့သည် အတုဖြစ်သော မြေနားတောင်းကဲ့သို့လည်းကောင်း၊ ကြေးပဲဝက်မျှ ထိုက်သော ရွှေရည်ပွတ်နားတောင်းကဲ့သို့လည်းကောင်း ဖြစ်၍ အပြင်အပ၌ တင့်တယ်ကုန်သကဲ့သို့ ဖြစ်၍ အခြံအရံပရိတ်သတ်ဖြင့် ဖုံးလွှမ်းကုန်သည်ဖြစ်၍ ဤလောက၌ လိမ်ညာလျက် လှည့်လည်ကုန်၏"

မိမိသည် ယင်းသို့ နိဒါန်းပျိုးပြီးလျှင် တရားကို ဆက်၍ဟော၏။ နောက်ညတွင်မူ ပရိသတ် မလျော့သော်လည်း အခင်းများမှ လျော့သွား၏။

✦ အစစ်အတု၊ ထိုနစ်ခု၊ ဆစ်ဖုသေချာ ကြည့်နိုင်သော်။

✦ အတုတွေဟာ၊ စစ်ပမာ၊ တူစွာပြု၍ လိမ်သည်နော်။

# ရုပ်တစ်ကောင် နာမ်တစ်ကောင်ဆို

## (၄၇)

ယခုခေတ်သည် တရားပြရိပ်သာနှင့် တရားပြဆရာများ ပေါများ၏။ တရားတု တရားမှားများလည်း မြောက်မြားစွာ ပေါ်ပေါက်လျက်ရှိ၏။ သို့ဖြစ်၍တရားကိုတကယ်လေ့လာလိုက်စားလိုသူတို့သည်မိမိတို့မြို့ရွာတွင်ရှိသော သီလပြည့်ဝပရိယတ္တိဗဟုသုတလည်းရှိကြသော ပုဂ္ဂိုလ်များထံ တရားအားထုတ်ရာ၌ လိုအပ်သော အခြေခံဗဟုသုတကို လေ့လာလိုက်စားသင့်သည်။

သို့လေ့လာလိုက်စားပြီးမှ တရားကို နားကြားအားထုတ်သော် တရားဟောမှား၊ ပြောမှား၊ တရားပြမှားဘေးမှ ကင်းဝေးနိုင်မည်၊ ရှောင်ရှားနိုင်မည်၊ သို့မဟုတ်က တရားဟောမှား၊ ပြမှားဘေးနှင့် ကြုံတွေ့ရချေသော် အပါယ်ခြေကန်နိုင်ရန် နာကြားအားထုတ်ပါလျက် အပါယ်ခြေမကန်နိုင်ဘဲ အပါယ်တွင် ခံရမည်မှာ သေချာ၏။

ယခုခေတ်တွင် အတုအယောင် အမှားမည်မျှများမည်ကို ရှေးခေတ်နှင့် ချိန်ကြည့်က ပိုသိနိုင်မည်ဖြစ်၏။ ရှေးခေတ်က လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင် တရားတုတရားမှားများဘေးမှကင်းဝေးရန် သတိပေးနှိုးဆော်မှာကြားခဲ့သောစာတန်းကို ဖတ်၍ ယခုခေတ်နှင့် ချိန်ကြည့်ပါ။

> "ယခုလောက၌ ဘာဝနာအလုပ်ကို အားထုတ်ကြသူ အလွန်ပေါများ၏။ သမထလုပ်နည်းအမျိုးမျိုး၊ ဝိပဿနာလုပ်နည်းအမျိုးမျိုး ရှိကြ၏"
>
> "ရုပ်နာမ်တရားတို့ကိုကောင်းကောင်းနားလည်၍ရှုကြသူလည်းရှိ၏။ ရုပ်နာမ်တရားတို့ကိုကောင်းကောင်း နားမလည်မူ၍ ထင်မိထင်ရာ ရှုကြသူများလည်း ရှိ၏"

### ယခုခေတ် ရုပ်နာမ်ခွဲနည်း

ယခု မျက်မှောက်ခေတ်တွင် ရေပန်းစားနေသော ရုပ်နာမ်ခွဲနည်းမှာ "သိတာနာမ်၊ မသိတာရုပ်" ဟူ၍ဖြစ်၏။ ဤမျှနှင့် ရုပ်နာမ်ကွဲပါလျှင် ယင်းတို့ကို ဥဩ ငှီတညျှဆိုမည်လော၊ ဝိပဋ္ဋိတညျှဆိုမည်လော၊ သို့မဟုတ် နေယျဆိုမည်လော၊ ပညာရှိတို့

သည် ဉာဏ်ပညာဖြင့် စိစစ်၍ ဝေဖန်ကြည့်ပါလေ၊ ဤမျှနှင့် ရုပ်နာမ်ကွဲ၍ ပညတ်မဖတ် ပရမတ်သက်သက်သို့ ရောက်၍ ရှုပွား နိုင်ပါမည်လော။

"သမထအလုပ်ဖြစ်စေ၊ ဝိပဿနာအလုပ်ဖြစ်စေ၊ စွဲစွဲမြဲမြဲ အားထုတ်၍ လုပ်နိုင်လျှင် အဖုံးအပိတ် နီဝရဏတရားကို ခွာနိုင်၏၊ စိတ်၏ တည်ကြည်ခြင်း အထူးသို့ရောက်နိုင်ကြ၏၊ ကိုယ်ရောင်ကိုယ်ဝါများလည်း ဖြစ်ပေါ်လာကြ၏။ ဤသို့ အထူး အထွေ ဖြစ်ပေါ်လာသည်ကို အချို့က မဂ်ဉာဏ် ဖိုလ်ဉာဏ်ရပြီဟု ထင်မှတ်ကြကုန်၏၊ မဟုတ်လေစွ၊ နီဝရဏကွာမှု၏ အကျိုး ဆက်မျှပေတည်း"

## အားထုတ်မှုနှစ်မျိုး

ဆရာတော်ကြီး၏မိန့်ကြားချက်ကို အထူးသတိရှိပါ။ အားထုတ်မှု နှစ်မျိုးရှိ၏။ "သမထနည်း၊ ဝိပဿနာနည်း" ဖြစ်၏။ ယင်းတွင် ရုပ်နာမ်မသိဘဲ တစ်နေရာရာတွင် အထူးစိုက်မှတ်မှုမျိုးသည် သမထသာ ဖြစ်၏။ ဝိပဿနာ မဖြစ်ပေ။ မှန်၏။ "ဝိပဿနာ၏ အာရုံသည် ရုပ်နာမ်ဖြစ်၏" ယခုမူ အားထုတ်သူတိုင်း သခါရုပေက္ခာဉာဏ် ရကြ၏၊ ရုပ်နာမ်မူကား မသိကြ။ စဉ်းစားပါလေ။

"လောက၌ ကမ္မဋ္ဌာန်းနည်းဆန်းတွေလည်းအလွန်ပေါ်များကြ၏၊ အချို့သောဆရာတို့သည် နတ်မော်သွင်း သကဲ့သို့ ကမ္မဋ္ဌာန်းမော်သွင်း၍ ပေးကြကုန်၏။ အချို့သော ဆရာတို့သည် ဘီလူးမော်သွင်းသကဲ့သို့ ကမ္မဋ္ဌာန်းမော် သွင်း၍ ပေးကြကုန်၏"

ယခု မျက်မှောက်ခေတ်တွင် အားထုတ်ရင်း အော်ကြသူများ၊ ငိုယိုကြသူများ၊ ရူးကြသူများ ဤနည်းမျိုးနှင့် တွေ့ဟန် တူ၏။ မှန်၏။ ပိဋကတ်စာပေတွင် အားထုတ်ရင်းအော်သူ၊ ငိုယိုသူ၊ ရူးသူများမတွေ့ရ။ အော်သူ၊ ငိုယိုသူနှင့် အရူးများပျောက်သည် ကိုသာ တွေ့ရ၏။

"အချို့သော ဆရာတို့သည် အနောက်နိုင်ငံမှ ရောက်လာသော စိတ်ညှို့အတတ်ကဲ့သို့ သူတစ်ပါးစိတ် ကို မိမိစိတ်ဖြင့်ဖိနှိပ်၍ ခဏချင်း ထင်ချက်၊ မြင်ချက် ရအောင် ပေးကြကုန်၏၊ ထိုအခါ လောက၌ အချို့သော ကသဲ နတ်၊ ရှမ်းနတ်၊ တလိုင်းနတ်တို့သည် ခဏချင်း ဝင်ရောက်လာကြကုန်၍ ကမ္မဋ္ဌာန်းယူသူတို့၏ စိတ်၌ အထူးထူး အထွေထွေမြင်အောင်ပြကြကုန်၏"

ယခု မျက်မှောက်ခေတ်တွင်လည်း ဤနည်းမျိုး ခေတ်စားလျက် ရှိ၏။ အားထုတ်သူများအား တရားပြဆရာက အား ထုတ်ချိန်တွင် ထင်မြင်ချက်ကို ပြောပေးနေ၏။ ပုပ်လာပြီ၊ ပွလာပြီ၊ ရောင်လာပြီစသည် ပြောပေးနေ၏။ အားထုတ်သူတွင်လည်း ထင်မြင်လာ၏။ အချို့မှာ ဘယ်ရက်မှာ ဘယ်လိုထင်မည်။ ဘယ်လိုပြောမည်ဟု တွက်ချက်နိုင်၏။ ယင်းနည်းတို့မှာ စိတ်ညှို့အိပ်မွေ့ ချပညာ၏ အဆွယ်အပွားမျှသာဖြစ်၏။

"အချို့သောသူတို့မှာ အသုဘကောင်ကြီး ထင်လာ၏၊ အချို့သောသူတို့မှာ အရိုးစုကြီး ထင်လာ၏၊ အချို့ သောသူတို့မှာ မြတ်စွာဘုရား ရွှေရုပ်ပွားတော်ကြီး ထင်လာ၏၊ အချို့သောသူတို့မှာ ရဟန်းတော်များ ထင်လာ၏၊ အချို့ သောသူတို့မှာ လှပတင့်တယ်သော လူရုပ်ပုံ၊ နတ်ရုပ်ပုံ ထင်လာ၏"

"ထိုတွင် ရဟန်းတော်ကြီး ထင်သည်ကို ကမ္မဋ္ဌာန်းပေး ဆရာတို့က မြတ်စွာဘုရားဟု ပြောဆိုကြကုန်၏၊ လှပတင့်တယ်သော လူရုပ်ပုံ၊ နတ်ရုပ်ပုံများ ထင်လာကြသည်ကို ကမ္မဋ္ဌာန်းပေးဆရာတို့က ဝေဿဝဏ်နတ်မင်းကြီး

ဖြစ်သည်ဟုပြောဆိုကြကုန်၏၊ အချို့ဆရာတို့က အရိမေတ္တယျမြတ်စွာဘုရားအလောင်းတော် နတ်မင်းကြီးဖြစ်သည်ဟု ပြောဆိုကြကုန်၏၊ အချို့ဆရာတို့က သိကြားမင်းကြီး၊ ဗြဟ္မာမင်းကြီးဖြစ်သည်ဟု ပြောဆိုကြကုန်၏"

အမှန်စင်စစ် ကမ္မဋ္ဌာန်းဆရာသည် နှုတ်တက်ရာ ပြောဆိုနေခြင်းမျှသာမှတ်။ မိမိ၏ အဖုံးအလွှမ်း နီဝရဏကွာခိုက် သမာဓိအရှိန်အဝါကြောင့် ပေါ်လာသော ပညတ်နိမိတ်များသာ ဖြစ်၏။

"လောကတွင် လူတို့သည် ဘုရားရုပ်ပွားတော် ဘုရားအသွင်တော်ကို မြင်ရသည်ဆိုလျှင် အလွန်မက်မောကြ၏။ ထို့အတူ နတ်မင်းကြီး၊ သိကြားမင်းကြီး၊ ဗြဟ္မာမင်းကြီး ဖြစ်သည်ဆိုလျှင်အလွန်မက်မော ကြ၏။ အရိမေတ္တယျ ဘုရားအလောင်းတော်ကြီးဆိုလျှင် တစ်လောကလုံးပင် မက်မောကြ၏။ သတိထားကြလေကုန်၏"

မျက်မှောက်ခေတ်တွင်မူ ယင်းသို့မြင်ပါက နတ်ပြည်၊ ဗြဟ္မာပြည်ကို မြင်သည်၊ ဒိဗ္ဗစက္ခုဉာဏ်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ရသည်ဟု ပြောကြလေကုန်၏။ စင်စစ် ယင်းတို့ကို မေးကြည့်သော် ရုပ်နာမ်မျှ မသိပေ။

မိမိအကျိုးကို တကယ်လိုလားသော အမျိုးကောင်းသားသမီးတို့သည် ကိုယ့်ကိုယ်ကို မနစ်နာရလေအောင် နှုတ်တက်ရာပြောသော သင်တန်းတက်၍ မှတ်စုနှင့် တရားပြနေသော ယောင်ဝါးဝါး ကမ္မဋ္ဌာန်းဆရာတို့၏ ပြောချက်နှင့် တင်းတိမ်မနေဘဲ ဆက်လက် လေ့လာသင့်၏။

တစ်ချိန်က နှုတ်တက်ရာပြောသော သင်တန်းတက်မှတ်စုနှင့်တရားပြသောဆရာတစ်ယောက်၏ယောဂီတစ်ယောက်နှင့် မိမိတွေ့သည်။ ထိုစဉ်က ယောဂီက လျှောက်၏။

"ဦးပဥ္စင်းဘုရား "ရုပ်နာမ်ဆိုတာ အကောင်ကြီးဆိုတာဟုတ်လား" ဘုရား"

"ဘယ်ကလာ ရုပ်နာမ်ဆိုတာ အကောင်ကြီးရမှာလဲ၊ တရားအားထုတ်တဲ့ ရည်ရွယ်ချက်ကိုက အကောင်မဟုတ်တဲ့ ရုပ်နာမ်ကို အကောင်လို့ထင်နေတဲ့ အထင်ပျောက်အောင် အားထုတ်ရတာ၊ ဘယ့်နယ် အားထုတ်ခါမှ အကောင်မဟုတ်တဲ့ ရုပ်နာမ်က အကောင်ဖြစ်လာရတာလဲ"

"မသိပါဘူးဘုရား၊ တပည့်တော် တရားအားထုတ်တော့ ထိုင်ပြီးအားထုတ်နေတဲ့ ကိုယ်ကြီးကိုလည်း သိနေ မြင်နေတယ်၊ ရှေ့မှာလည်း တပည့်တော်ကိုယ် တစ်ကိုယ် ထင်ထင်ရှားရှားမြင်နေတယ်၊ ဒါနဲ့ တပည့်တော် ကမ္မဋ္ဌာန်းဆရာ မေးလျှောက်ကြည့်တယ်"

"မေးလျှောက်ကြည့်တော့ ကမ္မဋ္ဌာန်းဆရာက ဘယ်လိုပြောလိုက်လဲ"

"ကမ္မဋ္ဌာန်းဆရာက "အမယ်လေး သူများတွေ အဲဒါမြင်အောင် မနည်းအားထုတ်နေရတယ်၊ အဲဒါ ရုပ်နာမ်ကွဲတာတဲ့၊ ရုပ်တစ်ကောင် နာမ်တစ်ကောင် နှစ်ကောင်ရှိရာ ရုပ်ကောင်က အမာခံထင်ရှားတယ်၊ နာမ်ကောင်က အရိပ်လိုပဲတဲ့၊ အဲဒီလို ပြောတယ်ဘုရား၊ ဟုတ်လား ဦးပဥ္စင်းဘုရား၊ ရုပ်တစ်ကောင် နာမ်တစ်ကောင်ဆို"

"မဟုတ်ပါဘူးဆိုမှ ထပ်မေးနေပြန်ပြီ"

"ဒါဖြင့် တပည့်တော်ကို ရုပ်နာမ် ရှင်းပြစမ်းပါဘုရား"

"နင်အားထုတ်တုန်းက နင့်ကမ္မဋ္ဌာန်းဆရာက ရုပ်နာမ်ရှင်းမပြဘူးလား"

"ရှင်းပြတယ်ဘုရား"

"ဘယ်လိုရှင်းပြလဲ၊ ပြောစမ်းပါဦး"

"သိတာကနာမ်၊ မသိတာကရုပ် တဲ့ဘုရား"

"ဒါဖြင့်ရင် နင် ရုပ်နာမ်ကွဲနေမှ အကောင်ကြီးပေါ်လာတော့ ဘာဖြစ်လို့ နင့်ဆရာသွားမေးလဲ"

"မသိလို့ သွားမေးတာပေါ့ဘုရား"

"အင်း အင်း... နင်က မသိလို့သွားမေးတော့ ဟိုက နင့်လောက်မှ မတတ်သူက ရမ်း ပြောလိုက်တယ် မဟုတ်လား"

"အဲဒီလို သဘောရောက်နေတာပေါ့ဘုရား"

"ကဲ... ဒါဖြင့်နားထောင်၊ ငါ တိုတိုပြောပြမယ်"

"မှန်ပါဘုရား"

"နင့်ကိုယ် စမ်းကြည့်စမ်း၊ မာတာမတွေ့ဘူးလား"

"တွေ့ပါတယ်ဘုရား"

"နောက်တစ်ခါ စမ်းကြည့်၊ ပူတာမတွေ့ဘူးလား"

"တွေ့ပါတယ်ဘုရား"

"နောက်တစ်ခါ စမ်းကြည့်၊ တွန်းတာ၊ ကန်တာ၊ တိုးတာ မတွေ့ဘူးလား"

"တွေ့ပါတယ်ဘုရား"

"အဲဒီ မာတာရယ်၊ ပူတာရယ်၊ တွန်းတာ၊ ကန်တာ၊ တိုးတာတွေဟာ တွေ့ထိကောင်းတဲ့ ဖောဋ္ဌဗ္ဗရုပ်တွေပဲ၊ အဲဒီရုပ်တွေကို တစ်ခုစီ ခွဲယူကြည့်စမ်း၊ ရမလား"

"ဘယ်ရမလဲဘုရား"

"ဘာဖြစ်လို့ မရလဲ"

"ခွဲခွာလို့လည်း မရ၊ အကောင်လည်း သီးသန့်မှ မဟုတ်တာဘဲ၊ ဘယ်ခွဲယူလို့ ရမလဲ"

"ဒါနဲ့ ရုပ်တစ်ကောင်ဆို၊ အဲဒီရုပ်သုံးခုရယ်၊ နောက်ဖွဲ့စည်းသဘော၊ ကပ်သဘော၊ ရုပ်တစ်ခုထည့်၊ အဲဒီရုပ်လေးခုဟာ ရုပ်ထဲမှာ အကြီးဆုံး အထင်ရှားဆုံးပဲ၊ သူတို့တောင်မှ အကောင်မဟုတ်လျှင် ကျန်တဲ့သူတို့လေးခု မှီနေတဲ့ရုပ်တွေဟာ အကောင်ဟုတ်ပါ့မလား"

"ဘယ်ဟုတ်ပါ့မလဲဘုရား"

"ဒါဖြင့် ရုပ်တစ်ကောင်ရှိသေးလား"

"မရှိတော့ဘူးဘုရား"

"အဲဒီ နင့်ကိုယ်မှာ အထင်ရှားဆုံး၊ အကြီးဆုံးဖြစ်တဲ့ ရုပ်လေးခုလည်း အကောင်မဟုတ်၊ ရုပ်လေးခုကို မှီပြီးနေတဲ့ ရုပ်တွေလည်း အကောင်မဟုတ်လျှင် အာရုံမျိုးစုံသို့သွားပြီး သိတတ် ညွှတ်တတ်တဲ့ စမ်းသပ်တွေ့ထိလို့လည်းမရတဲ့ သဘောကလေးကကော အကောင်လား"

"ဘယ်ဟုတ်မလဲ"

"ဒါဖြင့် နာမ်တစ်ကောင်ဆိုတာ ယုံလား"

"မယုံလို့ ဦးပဉ္ဇင်းမေးကြည့်တာပေါ့"

"နင်စဉ်းစားကြည့် နင်အားထုတ်ရင်းနဲ့ ၂-ကောင်တွေ့တော့ ရှေ့ကအကောင်က ထိုင်နေတဲ့အကောင်ကို သိတာလား၊ သို့မဟုတ် ထိုင်နေတဲ့အကောင်က ရှေ့ကအကောင်ကို သိတာလား"

"ထိုင်နေတဲ့အကောင်က ရှေ့ကကောင်ကို သိတာဘုရား"

"အကယ်၍သာ နင့်ဆရာပြောသလို ရှေ့ကအကောင်က နာမ်သာဆိုရင် ထိုင်နေတဲ့ နင့်ကိုယ်ဟာ ရုပ်သက်သက်ကျန်တော့တယ် မသိရဘူး၊ ရှေ့သို့ခွဲထွက်သွားတဲ့ နာမ်ကောင်ကသာ သိရမှာမဟုတ်လား"

"မှန်ပါ၊ ဟုတ်ပါတယ်ဘုရား"

"ယခုထိုင်နေတဲ့အကောင်က သိတယ်ဆိုတော့ ထိုင်နေတဲ့အကောင်မှာကို ရုပ်ရောနာမ်ရော ရှိနေတယ်မဟုတ်လား"

"မှန်ပါ၊ ရှိနေပါတယ်ဘုရား"

"အဲဒီရှိနေတဲ့ ရုပ်နာမ်ကိုပဲ သိအောင် ကြိုးစားအားထုတ်ပါဦး၊ ရုပ်နာမ်သိရင် ရုပ်ဖြစ်ဖြစ်၊ နာမ်ဖြစ်ဖြစ် တစ်ခုခုကို အရှုခံထားပြီး အားထုတ်ပါလျှင် မကြာမီ တရားသဘောပေါက်ပါလိမ့်မည်၊ ကဲ ... တော်ရောပေါ့၊ ညောင်းပြီ"

"မှန်ပါဘုရား"

✧ တရားရှုရန်၊ အခြေခံ၊ ရုပ်နာမ်ကွဲဖို့ လိုသနော်။

✧ ရုပ်နာမ်မကဲ၊ အားထုတ်လည်း၊ ချော်လွဲကြမည် ဖြစ်သနော်။

# သူများဘုန်းကြီးဟော နားဝင်ချိုလို့

(၄၈)

ပုထုဇဉ်သတ္တဝါတို့သည် အများအားဖြင့် အချော့ကြိုက်၊ အမြှောက်ကြိုက်၊ ချိုသာမှုကို ကြိုက်နှစ်သက်ကြသည် ချည်းဖြစ်ကုန်၏။ သံသရာဝဋ်မှ လွတ်ရာလွတ်ကြောင်း သူတော်ကောင်းတရားကို နာကြားရာတောင်မှ အသံချိုသာမှ နာကြားချင်ကြသည်။ အသံမချိုသာလျှင် မနာကြားချင်ကြပေ။

ယင်းသို့အသံချိုသာမှ နာကြားချင်သူများ၏အလိုသို့လိုက် အကြိုက်သို့ဆောင်သောအားဖြင့် ပင်ကိုယ်က အသံမချိုသာသော ဟောသူအချို့သည် ပင်ကိုယ်က အသံချိုသူများသို့ အတုလိုက်ကာ လူကြိုက်များအောင်ဟဲ့ဆိုပြီး မိမိ၏ အရှိသံကို ဆွဲကာ၊ ငင်ကာ၊ ပျစ်ကာ၊ ချွဲကာ ဟောပါလျှင် ဟောသူရော နာသူပါ အပြစ်မကင်း နှစ်နာမည်ဖြစ်၏။

မိမိ၏အရှိသံနှင့် ရိုးရိုးဟောပါမှ ဟောသူရော နာသူပါ အပြစ်မရှိ၊ အကျိုးရှိမည်ဖြစ်၏။ သို့သော် အသံချိုသာမှ ကြိုက်နှစ်သက်သူ အချို့ကမူ ပြောကောင်း ပြောပေလိမ့်မည်။ ကဲ့ရဲ့ကောင်း ကဲ့ရဲ့ပေလိမ့်မည်။

မှန်၏။ တစ်ချိန်က မိမိကိုယ်တိုင် ကြုံခဲ့ရ၏။ မြို့ကြီးတစ်မြို့တွင် ဖြစ်၏။ အလှူတစ်လှူတွင် ဆရာတော်ကြီးတစ်ပါး တရားဟော၏။ ဆရာတော်ကြီးမှာ တရားဟောကောင်း၏၊ အသံချိုသာ၏၊ လုပ်သံ ပြုပြင်သံမဟုတ်၊ ပင်ကိုယ်ကောင်းဖြစ်၏။ မေတ္တာကရုဏာရှေ့သွားပြု၍ ဟောသဖြင့် ပိုမိုကောင်း၏။ ပရိသတ်မှာ ငြိမ်လျက် ရှိသေစွာ နာယူနေ၏။

အလှူပွဲကား ပြီးပါပြီ။ လူများ ရှင်းလင်းသောအခါ ဒကာမကြီးသုံးလေးယောက် မိမိထံသို့ ရောက်လာပြီး ဦးချကာ ထိုင်နေ၏။ ယင်းတွင် တစ်ယောက်သော ဒကာမကြီးက မိမိအား ကြားလျှောက်တော့၏။

"သူများဘုန်းကြီးဟော နားဝင်ချိုလို့"

"သူများဘုန်းကြီးဟော နားဝင်ချိုလို့ဆိုတာ ဘာဖြစ်လဲ စကားက ကျန်နေတယ်၊ သူများဘုန်းကြီးရှိရင် တို့ဘုန်းကြီး လည်း ရှိရဦးမယ်၊ ပြောပါဦး ဆက်ပြီး"

"တို့ဘုန်းကြီးများဟောလျှင် ဘယ်နေရမှန်းတောင် မသိတော့ဘူး၊ အော်လိုက်၊ ဝေါက်လိုက်၊ မာန်လိုက်၊ထန် လိုက်တာ"

ဒကာမကြီးမှာ ရှိုးသား၏။ စေတနာ သဒ္ဓါတရားကောင်း၏။ ဟောဟောဒိုင်းဒိုင်း ပြောတတ်၏။ ရတနာသုံးပါး လေးစားကြည်ညို၏။ သို့သော် ပညာကားနည်း၏။ သို့နှင့် မိမိသည် ဒကာမကြီးအား သိစေလိုသည့် ဆန္ဒကြီးစွာနှင့် ခပ်မာမာပင် ဟော၏။ သို့နှင့် ပြန်ပြောလိုက်၏။

"ဒကာမကြီးကို အော် ငေါက် မာန် ထန် ဟောတာတောင်မှ အကျွတ်တရား မရနိုင်တာ၊ ချိုချိုသာသာဟောရင် ဘယ်တော့ အကျွတ်တရားရမှာလဲ"

"ဟုတ်တော့လည်း ဟုတ်ပါတယ်ဘုရား၊ တပည့်တော်က ခပ်ကြမ်းကြမ်းဟောမှလည်း နားလည်မှာဘုရား"

ဒကာမကြီးမှာ မိမိအား အလွန်ကြည်ညို၏။ သူ့ကို တရားဟောလျှင် တည့်တည့်ပဲဟောပါ။ သွယ်ဝိုက်မဟောပါနှင့်။ တည့်တည့်ဟောတာတောင်မှ မသိနိုင်ရတဲ့အထဲ သွယ်ဝိုက်ဟောလျှင် ဘယ်မှာသိနိုင်တော့မှာလဲဟု လျှောက်ထား၏။ သို့နှင့် မိမိသည် ခပ်မာမာထန်ထန်ပင် ဟော၏။

"ဒါနဲ့ ခပ်ကြမ်းကြမ်းဟောမှ နားလည်မှာလည်းဆိုသေးတယ်၊ ဘာဖြစ်လို့ နားဝင်မချိုတဲ့ ဘုန်းကြီးကို လာကဲ့ရဲ့နေသေးလဲ"

"ခပ်ကြမ်းကြမ်းဟောမှ နားလည်တာတော့ ဟုတ်ပါတယ်ဘုရား၊ ဒါပေမဲ့ ချိုသာတော့ နားထောင်ကောင်းတာပေါ့"

"ဦးပဉ္စင်းအသံမှ မကောင်းတာ၊ ဘယ်ချိုသာနိုင်မှာလဲ၊ ခုဟောသလိုပဲ ဟောတတ်တာပဲဟာ၊ ကိုယ့်ကံက ဒီလောက်ပဲ အကျိုးပေးတာ၊ ဒီလောက်ပဲ ဟောနိုင်တော့မှာပေါ့"

"မအော်မငေါက်ရင် ကောင်းပါတယ်ဘုရား၊ အော်ငေါက်တော့ ဘယ်ဆီနေရမှန်းတောင် မသိတော့ဘူး၊ ချောင်ကပ်နေရတယ်"

"ဟုတ်ပါတယ်ဘုရား၊ တပည့်တော်တို့ဖြင့် သနားတောင် သနားပါတယ်"

အဖော်ပါလာသော ဒကာမကြီးများက ပြောခြင်းဖြစ်၏။

"ဒါက ဒကာမကြီးမို့ သက်သက်အော်ငေါက် ဟောတာပဲ၊ တစ်ခြားလူတွေ အော်ငေါက်ရင် ဖြစ်ပဲ့မလား၊ အရိုက်တောင်ခံရမယ်"

"ဒါတော့လည်း ဘုန်းကြီးက အသိသားပဲ"

"အောင်မယ်၊ တရားဟောဘုန်းကြီးများ လူအ.မှတ်နေလား မသိဘူး"

"ဒီလိုတော့လည်း မမှတ်ပါဘူးဘုရား"

"ဒီမှာ ဒကာမကြီး တရားဟောနည်းက နှစ်နည်းရှိတယ်"

"အမိန့်ရှိပါဦးဘုရား"

## တရားဟောနည်းနှစ်မျိုး

"ဣဓ အာနန္ဒ တထာဂတော လောကေ ဥပ္ပဇ္ဇတိ - အာနန္ဒာ ဤလောက၌ ဘုရားရှင်ပွင့်တော်မူ၏စသည်ဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရည်စူး၍ ဟောတော်မူခြင်းမျိုးကို "ဥဒ္ဒိဿ - ရည်မှတ်၍ တရားဟောမှု" လို့ ခေါ်တယ်"

"ဣဓ ဘိက္ခဝေ တထာဂတော လောကေ ဥပ္ပဇ္ဇတိ - ရဟန်းတို့ ဤလောက၌ ဘုရားရှင်ပွင့်တော်မူ၏ စသည်ဖြင့် ရှေ့တွင် ရှိရှိသမျှသော တရားနာပရိသတ်တွေကို သိမ်းကျုံးပြီးလျှင် မရွေးချယ်ဘဲ ဟောတော်မူခြင်းမျိုး

ကို "အနန္တသ - မရည်ရွယ်ဘဲ ပရိသတ်အားလုံး သိမ်းရုံး၍ တရားဟောမှု" လို့ ခေါ်တယ်"

"အဲဒီနှစ်မျိုးမှာ ယခုဒကာမကြီးတို့ ကျောင်းတရားပွဲဆိုတော့ ဒကာမကြီးပဲ ရည်ရွယ်ပြီး အဓိကထားဟောတော့ အော်ငေါက်ဟောရတာပေါ့"

"တပည့်တော်ကိုချည်းပဲ မရည်ရွယ်ဘဲ တစ်ခြားလည်း ရည်ရွယ်ဟောပါဦးဘုရား၊ တော်တော်ကြာ သူများတွေ ဘုန်းကြီး မျက်နှာလိုက်တယ် ဖြစ်နေပါဦးမယ်"

"မဖြစ်ပါဘူး၊ ပရိသတ်က သိပြီးသားပဲ၊ သူတို့ကလည်း ဒကာမကြီးကို နာနာဟောလေ ကျေနပ်လေပဲ၊ တစ်ချို့က လာတောင်လျှောက်သေးတယ်၊ ဟောသာဟောပါဘုရား၊ ဒါမှ အကျွတ်တရားရမှာတဲ့"

"ဟုတ်တယ်ဘုရား၊ ဒေါ်ဒေါ်ပဲ ရည်ရွယ်ဟောပါဘုရား၊ ဒေါ်ဒေါ် ရည်ရွယ်ဟောရင် အားလုံးနားလည်သွားတယ်"

"ကဲ ... ဘယ့်နှယ်လဲ၊ ရှေ့မှာတောင် မြှောက်ပေးနေပြန်ပြီ၊ ဘုန်းကြီးကလည်း အမြှောက်ကြိုက်ကြိုက်နဲ့"

"ခက်ပြီ၊ ပရိသတ်အကူအညီ ရမှာလားလို့ အကူအညီတောင်းပါတယ်၊ ဘုန်းကြီးတောင် မြှောက်ပေးနေပြန်ပြီ"

"မြှောက်ပေးဆို သူတို့ကလည်း သိတယ်၊ ဥပမာကလည်း ရှိတယ်လေ၊ သူများ ချူးပြီးသားထမင်း အဆင်သင့်ဝင်စားသလိုပဲ၊ ဒကာမကြီးအတွက် ရည်ရွယ်ဟောတဲ့တရားကို အသာနာရင်းနဲ့ သူတို့လည်း တရားသဘောပေါက်တာပေါ့"

"ဟုတ်တယ်ဘုရား၊ ဟုတ်တယ်"

အဖော်ပါလာသူများက ဝိုင်းဝန်းထောက်ထံကြပြန်၏။

"ကဲ ကဲ ... ဟုတ်မနေနဲ့၊ အချိန်မရှိတော့ဘူး၊ တပည့်တော်တို့ ပြန်ခွင့်ပြုပါဦးဘုရား"

ဒကာမကြီးများသည် ပြောပြောဆိုဆိုပင် ရှိခိုးဦးချ၍ ထပြန်သွားကြ၏။ မိမိမှာမူ သတ္တဝါတို့အကြောင်း စဉ်းစားကျန်ရစ်ခဲ့၏။

"အလုံးစုံကုန်သော အဆင်းမျိုးစုံ ရူပါရုံတို့သည်လည်းကောင်း၊ အသံမျိုးစုံ သဒ္ဒါရုံတို့သည်လည်းကောင်း၊ အနံ့မျိုးစုံ ဂန္ဓာရုံတို့သည်လည်းကောင်း၊ အရသာမျိုးစုံ ရသာရုံတို့သည်လည်းကောင်း၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့သည်လည်းကောင်း၊ သဘောတရားမျိုးစုံ ဓမ္မာရုံတို့သည်လည်းကောင်း ရှိကုန်၏။ ဤအာရုံခြောက်ပါးသည် လောက၏ သုံးဆောင်ခံစားဖွယ် "အာမိသ" မည်၏။ ကြမ်းတမ်းလှ၏။ ဤအာရုံခြောက်ပါးတို့၌ လူအပေါင်းသည် နစ်မြုပ်၏"

"သတိနှင့် ပြည့်စုံသော ဘုရားရှင်၏ တပည့်သည် ဤအာရုံခြောက်ပါးကိုလည်း ကောင်းစွာလွန်မြောက်၍ မာရ်မင်း၏တည်ရာ တေဘူမက ဝဋ္ဋဒုက္ခကို လွန်မြောက်လျက် နေမင်းကဲ့သို့ တင့်တယ်၏"

(ဆဖဿာယတနသုတ် - မာရသံယုတ်)

✧ အာရုံခြောက်ပါး၊ လွန်လိုက်စား၊ တရားဝေး၍ နစ်လိမ့်သော်။

✧ အာရုံခြောက်ပါး၊ လွန်မြောက်ငြား၊ တရားရ၍ အေးလိမ့်သော်။

# ဟိုကိုယ်တော်တွေ နာခိုင်းချင်တယ်တဲ့

(၄၉)

"သာသနာ"ဟူသည် "ဘုရားရှင်၏ အဆုံးအမ"ကို ခေါ်သည်။ "ပြု"ဟူသည် ယင်းဘုရားရှင်၏ အဆုံးအမ မတည်သေးသူသည် တည်အောင်ပြုခြင်း၊ တည်ပြီးသူကို တည်တံ့အောင် တိုးပွားအောင် ပြုခြင်းပင်ဖြစ်၏။ သို့ဖြစ်၍ သာသနာပြုသူသည် သာသနာနှင့် ပြုတာကို ကွဲပြားအောင် ကြိုးစားသင့်၏။

ယင်းသို့ ကွဲပြားအောင် ကြိုးစား၍ ကွဲပြားသော် ဘုရားရှင်၏ အဆုံးအမ သာသနာတော်ကို အဆုံးအမအတိုင်း မိမိကိုယ်တိုင် မိမိကိုယ်ကို ဆုံးမတော်မူတာနဲ့ ကိုက်ညီအောင် အရင်ပြု၍ တတ်နိုင်ပါလျှင် သူတစ်ပါးတို့ကိုလည်း အဆုံးအမ သာသနာတည်အောင် ပြုပါမှ အချိုးကျမည်ဖြစ်၏။

သို့မဟုတ်ဘဲ အချိုးတကျ မိမိတွင် အရင်သာသနာ မတည်သေးဘဲ သူများသွားပြုသော် ယင်းအပြုခံရသူက သာသနာ မတည်သေးဘဲ လာပြုသူ မိမိအား ပြန်၍ သာသနာပြုလိုက်လိမ့်မည် ဖြစ်၏။

မှန်၏။ တစ်ချိန်က မိမိသည် မြို့ငယ်တစ်မြို့သို့ ရောက်ခဲ့၏။ ယင်းမြို့ငယ်မှာ မြို့ငယ်သလောက် ဝိပဿနာဝါဒများသော မြို့ငယ်တစ်မြို့ ဖြစ်၏။ သူ့နည်းကိုယ့်နည်းဖြင့် နည်းတွေ ရှုပ်လှ၏။ ဟောပြောရန် မလွယ်ကူ။ ရောက်မဆိုက်ပင် ဒကာကြီးများက လျှောက်၏။

"အရှင်ဘုရား ဟို ... ကိုယ်တော်တွေလိုတော့ မဖြစ်ပါစေနဲ့ဘုရား"

"ဘာလဲ ဒကာကြီး၊ အရင်းမရှိ အဖျားမရှိ၊ ဘယ်လို ဟို ... ကိုယ်တော်တွေလို မဖြစ်ရမှာလဲ၊ အဖြစ်အပျက်ကို ပြောဦးမှပေါ့"

"ဒီလိုဘုရား၊ တပည့်တော်တို့မြို့မှာ အရင်ဘုရားပါဆို တရားပွဲသုံးပွဲပေါ့၊ ပထမဆုံးတရားပွဲမှာ နိုင်ငံတော် ဆရာတော်ကြီးအပါအဝင် လေးငါးပါးပဲဘုရား၊ ဟောတယ်၊ အထင်ကြီးတာနဲ့ သွားနာတယ်ဘုရား၊ နာမည်တစ်ခြား၊ ဟောတာတစ်ခြားပဲဘုရား"

"ဘာဖြစ်လို့လဲ ဒကာကြီး"

"ဝိပဿနာဆိုပြီးဘုရား၊ အသံနေ အသံထားကို ဦးစားပေး ဟောတယ်ဘုရား၊ ဒီကြားထဲ ဆရာတော်ကြီးကလည်း အမြောက်ကြိုက်လိုက်တာ မပြောပါနဲ့တော့၊ တစ်ပါးက သတ်သတ် ဆရာတော်ကြီးကို မြှောက်ပင့်တာတွေချည်းပဲ၊ ထွက်ပြီး မြှောက်ရသေးတယ်ဘုရား"

"ဒကာကြီးတို့က "တရားနာစာဖတ်၊ ငါးကြော်စားသလိုမှတ်" ဆိုတဲ့ စကားပုံအတိုင်း လိုက်နာမှပေါ့"

"ဘယ်လိုပါလဲဘုရား၊ ရှင်းပြပါဦး"

"ငါးကြော်စားတဲ့အခါ အသားရွေးစား၊ အရိုးထွင်ပစ်သလို တရားနာတဲ့အခါ စာဖတ်တဲ့အခါ ကြိုက်နှစ်သက်တာ ရွေးယူ၊ မကြိုက်နှစ်သက်တာ ဖယ်ထားပေါ့၊ ယခုလည်း အသံနေ အသံထား မြှောက်တာပင့်တာ ဖယ်ထား၊ တရားသာ အာရုံပြုနာပေါ့"

"ဘယ်ရမလဲဘုရား၊ ရိုးရိုးကိုယ်တော်ဆို တော်သေးတာပေါ့၊ ဝိပဿနာသာသနာပြုအမည်ခံထားတော့ သာဆိုးတာပေါ့၊ ဟောတဲ့ ကိုယ်တော်တွေကိုယ်တိုင်က အသားနဲ့တူတဲ့ တရားသားဖယ်ထားပြီး အရိုးနဲ့တူတဲ့ အသံနေ အသံထားတို့၊ မြှောက်တာ ပင့်တာတို့ ပေးနေတော့ တပည့်တော်တို့ တရားနာပရိသတ်တွေလည်း အရိုးနဲ့တူတဲ့ အသံပေါ်မှာနစ်ပြီး အရိုးနင်နေတာပေါ့ဘုရား"

"ဦးပဥ္စင်းအတွက်တော့ မပူနဲ့၊ အသံလုပ်တာလည်း ဝါသနာမပါဘူး၊ အသံလုပ်စရာ အသံလည်းမရှိဘူး၊ တရားသား သက်သက်ကိုပဲ ဟောမယ်၊ တော်တော်ကြာ အိပ်ကုန်မှာတောင်စိုးရတယ်"

"မအိပ်ပါဘူးဘုရား၊ တရားသမားတွေပဲဟာ၊ အရှင်ဘုရား မကြွခင်က တစ်ပါးဟောသွားတယ်ဘုရား၊ ရိုးရိုးပဲဟောတယ်၊ သိပ်လူကြိုက်များတယ်ဘုရား"

"ဘယ်လိုဟောသွားသလဲ၊ ဟောပုံဟောနည်း ပြောပြပါဦး၊ အတုခိုးရတာပေါ့"

"တပည့်တော်တို့က အရှင်ဘုရား ယခုလျှောက်သလို လျှောက်ပြပြီး အသံနေ အသံထားနဲ့ ဟောခြင်းအပြစ်၊ မြှောက်ပင့်ခြင်းအပြစ်တွေပါ ထည့်ဟောပေးပါ၊ ရိုးရိုးပဲဟောပါလို့ လျှောက်တယ်ဘုရား"

"အင်း…လျှောက်တော့ ဘာအမိန့်ရှိလဲ၊ အဲဒီအရှင်ဘုရားက"

"အဲဒီလိုလျှောက်တော့ "ဟောပြောခြင်း၌ ရိုးသားခြင်းသည် အကောင်းဆုံးသော အခြေခံဖြစ်လေ၏၊ ရိုးသားခြင်းထက် အဘယ်နည်းလမ်းမျှ ပို၍မကောင်းပေ" ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး ဟောလေ့ရှိတဲ့အတိုင်း ရိုးရိုးပဲဟောပါ့မယ်ဆိုပြီး "အသံနေ အသံထားနှင့် ဟောခြင်းအပြစ်၊ ဂုဏ်ဖော်ခြင်း၊ မြှောက်ပင့်ခြင်း အပြစ်တွေပြပြီး" နောက်ပိုင်းမှာ တရားသားသက်သက်ပဲ ရိုးရိုးဟောတာဘုရား၊ ပရိသတ် သိပ်ကြိုက်တယ်ဘုရား"

"အင်း…ရိုးရိုးဟောတာ ပရိသတ်ကြိုက်လျှင် ဒကာကြီးတို့ မြို့ပရိသတ် မညံ့ဘူးပေါ့"

"ဘယ်ညံ့မလဲဘုရား၊ မညံ့လို့ ခုလိုပြောနေတာပေါ့၊ ညံ့ရင် ဘယ်ပြောမလဲ"

"အင်း…ဟုတ်သားပဲ"

"တရားပွဲလည်းပြီးရော ဒကာကြီးတစ်ယောက်က ပြောတယ်ဘုရား"

"ဘယ်လိုပြောလဲ"

"ဒီတရားကို "ဟို ကိုယ်တော်တွေ နာခိုင်းချင်တယ်တဲ့" ဘုရား၊ ဟို ကိုယ်တော်တွေ သာသနာပြုအမည်ခံပြီး ဒီတရားမျိုး သူတို့ သိချင်မှ သိမှာတဲ့၊ ဒါကြောင့် သူတို့ အသံနေ အသံထား သိပ်ပြုပြင်၊ ဂုဏ်တွေသိပ်ဖော် မြှောက်နေတာတဲ့ဘုရား"

"အင်း…တရားပွဲ တစ်ပွဲတည်းဆိုရင်တော့ ကိစ္စမရှိပါဘူး၊ နှစ်ပွဲ သုံးပွဲဆိုတော့ နှိုင်းယှဉ်ကြည့်လျှင် အကောင်းအဆိုး အစစ်အမှန်ကို ဉာဏ်ရှိသူက သိတယ်၊ ဉာဏ်မရှိသူကတော့ မသိဘူး"

"ဟုတ်တာပေါ့ဘုရား၊ ဉာဏ်မရှိသူကလည်း နေရာတကာမှာ မသိဘူး၊ မရိပ်မိဘူး၊ ဉာဏ်ရှိသူကလည်း နေရာတကာမှာ သိတယ်၊ ရိပ်မိတယ်ဘုရား"

"ဦးပဋ္ဌင်းကတော့ သာသနာပြုနည်းကို ဒီလိုသဘောပေါက်တယ်"

"အမိန့်ရှိပါဦးဘုရား"

## သာသနာပြုတာဝန်သုံးရပ်

"သာသနာပြုပုဂ္ဂိုလ်တို့ လုပ်ရန်တာဝန်သည် -

၁။ သာသနာ့အန္တရာယ် ကာကွယ်ရန်

၂။ သာသနာတည်တံ့ရေး ကြိုးစားရန်နှင့်

၃။ သာသနာတိုးတက်စေရန် ဟူ၍ တာဝန်သုံးခုရှိ၏။

"ဥပမာ အခက်အလက် အသီးအပွင့် ဝေဆာနေတဲ့ သစ်ပင်ကြီးကို

၁။ တာရှည်တည်တံ့အောင် အန္တရာယ်ကာကွယ်ရမည်။

၂။ မရှိသေးတဲ့နေရာမှာ တည်တံ့အောင် စိုက်ရမည်။

၃။ ရှိပြီးသားနေရာမှာ တိုးတက်စည်ကားရန် ကြိုးစားရသလိုပဲ

"မြန်မာပြည်ရှိ သာသနာ့သစ်ပင်ကြီးကို

၁။ အန္တရာယ်ကာကွယ်ရမည်

၂။ အနှစ်ငါးထောင်တည်တံ့ရန် ကြိုးစားရမည်

၃။ တိုးတက်စည်ကား ပြန့်ပွားရန် ကြိုးစားရမည်"

"အဲဒီလို သဘောပေါက်လျှင် အောင်မြင်တာပေါ့ဘုရား၊ ပထမအရေးကြီးတာက အန္တရာယ်ပဲဟာ၊ ယခု အသံနေ အသံထားလုပ်တာဟာ သာသနာ့အန္တရာယ်ပဲ မဟုတ်လားဘုရား"

"အင်း . . . သာသနာပြုပုဂ္ဂိုလ် တစ်ယောက်ယိုင်လျှင် တစ်ယောက်သာ ယိုင်သည်မဟုတ်၊ တစ်သာသနာလုံး ယိုင်သည်၊ ဒါကြောင့် သာသနာပြုပုဂ္ဂိုလ်သည် မပြုနိုင်လျှင်နေပါ၊ မယိုင်ပါနဲ့ဆိုတာ သိပ်မှန်တယ်၊ အဲဒီလိုယိုင်တော့ သာသနာပြုရာ မရောက်ဘဲ ဖျက်ရာရောက်သွားတယ်"

"သိပ်မှန်တာပေါ့ဘုရား၊ သာသနာကို ကိုယ်ကစပြီးပြုရမှာ မပြုတဲ့အပြင် ကိုယ့်မှာပျက်နေတဲ့ သာသနာကို လာပြပြီး သူများမှာတည်နေတဲ့ သာသနာကို လိုက်ဖျက်နေတာနဲ့ တူတယ်ဘုရား"

မိမိသည် ဒကာကြီး ယင်းသို့ပြောသော် သံဝေဂ အကြီးအကျယ် ဖြစ်သွားသည်။ စကားပင် ရှေ့ဆက်၍ ပြောမရ။ ဒကာကြီးလည်း စကားမဆက်၊ ထိုစဉ် စဉ်းစား၏။ သုတ်တစ်သုတ် ပေါ်လာသည်။

"ရဟန်းတို့၊ ဣန္ဒြေကို စောင့်စည်းမှု ဣန္ဒြိယသံဝရ သီလမရှိအပ်သော် ယင်းသီလပျက်စီးသော ရဟန်းအား ပါတိမောက္ခသံဝရသီလသည် ပျက်စီးရသော အကြောင်းရှိ၏"

"ပါတိမောက္ခသံဝရသီလ မရှိလတ်သော် ယင်းသီလပျက်စီးသောပုဂ္ဂိုလ်အား ဤမှန်ကန်သောတည်ကြည်မှု သမာဓိသည် ပျက်စီးရာသော အကြောင်းရှိ၏"

"ဟုတ်တိုင်းမှန်စွာသိသော ယထာဘူတဉာဏ်အမြင် မရှိလတ်သော် ယင်းဉာဏ်အမြင် ပျက်စီးသောပုဂ္ဂိုလ်အား ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်နှင့် စွဲမက်မှုကင်းခြင်းမဂ်ဉာဏ်သည် ပျက်စီးရာသော အကြောင်းရှိ၏"

"နိဗ္ဗိဒါဉာဏ်နှင့် မဂ်ဉာဏ် မရှိလတ်သော် ယင်းနှစ်ပါး ပျက်စီးသောပုဂ္ဂိုလ်အား ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်ကို ဆင်ခြင်သောဉာဏ်အမြင်သည် ပျက်စီးရာသော အကြောင်းရှိ၏"

(ဣန္ဒြိယသံဝရသုတ် ဆဋ္ဌကင်္ဂုတ္တရပါဠိတော်)

"အင်း . . . ဒီသုတ္တန်အရဆိုရင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဣန္ဒြေစောင့်စည်းမှု တယ်အရေးကြီးပါလား"

မိမိသည် ယင်းသို့စဉ်းစားပြီး ဒကာကြီးအား ပြောလိုက်၏။

"ဒကာကြီး ဘာမှမပူနဲ့၊ ဒကာကြီးတို့ပြောတဲ့ ကိုယ်တော်လိုပဲ ဦးပဥ္စင်းလည်း ရိုးရိုးပဲ ဟောနေကျပဲ၊ ရိုးရိုးပဲဟောမယ်၊ သာသနာ့အန္တရာယ် ကာကွယ်မယ်၊ တည်တံ့အောင် ဟောမယ်၊ ပြန့်ပွားအောင် ဟောမယ်"

"သာဓုပါဘုရား"

"ကဲ . . . နားကြဦးစို့ဒကာကြီး၊ ညောင်းပြီ"

"မှန်ပါဘုရား၊ တပည့်တော်တို့ အလိုက်မသိရာ ကျသွားတယ်ဘုရား၊ ပြောချင်ဇောတွေက အားကြီးသွားလို့ပါဘုရား၊ ခွင့်လွှတ်ပါဘုရား"

✧ သူများသာသနာ၊ ပြုသူမှာ၊ ကိုယ်မှာ အလျှင်ပြုရမည်။

✧ ကိုယ့်မှာမပြု၊ သူ့သွားပြု၊ ကိုယ်ပြုမတည် ပျက်လိမ့်မည်။

# ရွာကိစ္စ ရပ်ကိစ္စ ဆောင်ရွက်တာ

## (၅၀)

ဘုရားရှင် ဟောကြားတော်မူအပ်သော ဓမ္မဝိနယခေါ်ပိဋကတ်လာ တရားတော်တွေသည် ပရိယာယ်အားဖြင့် ဟောခြင်း၊ မုချအားဖြင့် ဟောခြင်း၊ တိုက်ရိုက်ဟောခြင်း၊ ဆောင်၍ဟောခြင်း၊ ရည်ရွယ်၍ဟောခြင်း စသည်ဖြင့် အမျိုးမျိုးရှိ၏။

ဟောပြောသူသည် ယင်းအမျိုးမျိုးတို့ကို အတိအကျ လေ့လာမှတ်သား၍ ရံခါ ပရိယာယ်အားဖြင့် ဟောရ၏။ ရံခါ မုချအားဖြင့် ဟောရ၏။ ရံခါ တိုက်ရိုက်၊ ရံခါမူ ဆောင်၍ ရံခါမူ ရည်ရွယ်၍ ဟောရ၏။

ယင်းသို့ ဟောပြောသောအခါ တရားနာကြားသူသည် ဒေသနာသဘာဝကို အချက်ကျမသိလျှင် အခက်တွေ့တတ်၏။ ဟောသူ၏ ရည်ရွယ်ချက်ကတစ်မျိုး၊ နာသူ၏ ယူဆချက်ကား တစ်ဖုံဖြစ်တတ်၏။

မှန်၏။ တစ်ချိန်က မိမိကိုယ်တိုင် ကြုံခဲ့ရ၏။ မိမိသည် တောရကျောင်းတစ်ကျောင်းတွင် နေ၏။ ဆွမ်းခံရွာ ဒကာ၊ ဒကာမများက သူတို့ ဥပုသ်ရက်ရှည်စောင့်၍ တရားအားထုတ်ပါသည်။ တရားဟောပေးပါဟု လျှောက်သဖြင့် ရွာကျောင်းသို့ ကြွ၍ တရားဟောချိန်တွင်ဟောပေး၏။

ယင်းတရားပွဲတွင် မိမိက တစ်နေ့ ဤသို့ တရားနိဒါန်း အစပျိုး၏။

"ဒကာကြီး၊ ဒကာမကြီးတို့၊ တရားလေ့လာလိုက်စား အားထုတ်သူဆိုတာ အရှင်ကြီး တင်တတ်ရတယ်၊ သို့မဟုတ်လျှင် တရားလေ့လာ လိုက်စားခွင့်မရနိုင်ဘူး၊ ဒါ့ကြောင့် အရှင်ကြီး တင်ပုံတင်နည်းကို သင်ထားပြီး "အရှင်ကြီး ... ကျွန်တော် ကျွန်မတို့ကို ဒီတစ်နေ့ ခွင့်ပေးပါဦး၊ တရားနာချင်လို့ပါ၊ တရားအားထုတ်ချင်လို့ပါ၊ တရားနာကြား အားထုတ်ပြီးလျှင် အရှင်ကြီးအလိုကျအတိုင်း ဖြစ်စေရပါမယ်၊ အရှင်ကြီး အလိုကျအတိုင်း ဆောင်ရွက်ပေးပါ့မယ်"

"ဖြူတို့၊ ငမူတို့ မကောင်းဘူး၊ "ရွာကိစ္စ ရပ်ကိစ္စ ဆောင်ရွက်တာ" ဘုန်းကြီးသွားလျှောက်တယ်"

ဒကာမကြီးတစ်ယောက်က ထပြောခြင်းဖြစ်၏။ မိမိရော ပရိသတ်ပါ အံ့အားသင့်သွား၏။ တရားဟော ရပ်တန့်သွား၏။ ဒကာမကြီးမှာ ရွာတွင် ရွာဆော် ဒကာမကြီးဖြစ်၏။ ရွာကိစ္စ၊ ရပ်ကိစ္စ၊ ကျောင်းကိစ္စတွင် ရှေ့တန်းက ဆောင်ရွက်၏။ မဟုတ်မခံ ပြောတတ်၏။ ယခုလည်း တရားဟောဆဲပင် ကိုဖြူနဲ့ ကိုမူကို ဆူလေသည်။

"ဘာဖြစ်တာလဲ ဒကာမကြီး"

မိမိမှာ အံ့အားသင့်နေရာမှ သတိရ၍ ဒကာမကြီးအား မေးရခြင်းဖြစ်၏။

"ငဖြူတို့၊ ငမှုတို့ ဘာကောင်းသလဲဘုရား၊ ထစ်ခနဲဆို ဘုန်းကြီးသွားလျှောက်တယ်၊ တပည့်တော်က ရွာကိစ္စ၊ ရပ်ကိစ္စ ဆောင်ရွက်တာပါဘုရား"

"ဒကာမကြီးက ဘယ်လို ရွာကိစ္စ၊ ရပ်ကိစ္စ ဆောင်ရွက်လို့ ဘယ်သူက ဘုန်းကြီးကို လာလျှောက်သလဲ"

"ဘုန်းကြီးကလည်း သိလျက်သားနဲ့ မေးနေပြန်ပြီ၊ တပည့်တော် ဟိုတစ်နေ့က ရပ်ရွာအတွက် နတ်တင်တာကို ငဖြူနဲ့ငမှုက ဘုန်းကြီးလာလျှောက်လို့ ယခု ဘုန်းကြီးက တရားထဲမှာ ထည့်ဟောတာပေါ့"

"ကိုယ့်ဒကာ ဒကာမများနှင့် ကိုယ့်ဘုန်းကြီး ဆိုတာလို ဖြစ်နေလို့ တော်တော့တယ်၊ တခြားသူစိမ်းတွေသာပါရင် အခက်ပဲ၊ လန့်သွားမှာပဲ"

"အိုးမလုံ အုံ့ပွင့်"ဆိုတာ အဲဒါပဲ ဒကာမကြီး၊ ယခု နှစ်ရက် သုံးရက်အတွင်းမှာ ကိုဖြူနဲ့ ကိုမှုလည်း ဦးပဉ္ဇင်းကျောင်း မလာပါလား၊ ဦးပဉ္ဇင်းကလည်း ဒကာမကြီး နတ်တင်တာမသိပါလား၊ တကယ်လို့ ကိုဖြူနဲ့ ကိုမှု ဦးပဉ္ဇင်းကျောင်းကို လာဦးတော့ သူတို့ ဘယ်ပြောရဲမလဲ၊ ဦးပဉ္ဇင်းက ရွာကိစ္စ၊ ရပ်ကိစ္စ ကျောင်းမှာ လာမပြောရဘူးလို့ ပြောထားတာပဲ"

"ဟုတ်သားပဲအကြီးရ၊ ကျွန်တော်တို့ ကျောင်းလည်းမရောက်ဘူး၊ ရောက်လည်းအကြီးအကြောင်း ဘယ်ပြောရဲမလဲ"

ကိုဖြူက ဒကာမကြီးအား ပြောလိုက်ခြင်းဖြစ်၏။ ဒကာမကြီးမှာ ရတနာသုံးပါး အလွန်ကြည်ညို၍ မှန်ကန်တိကျသူ ဒကာမကြီးဖြစ်၏။ ရပ်ရွာမှာ လူတိုင်းက လေးစားကြ၏။ ရိုသေကြ၏။

"ကဲ ... ဘယ့်နှယ်လဲ၊ အသာငြိမ်နေရင် အကောင်းသား၊ ထအော်ခါမှ အကုန်လုံး သိကုန်တယ်"

မိမိက ဒကာမကြီးအား ပြောလိုက်ခြင်း ဖြစ်၏။ ထိုအခါမှ ဒကာမကြီးမှာ မျက်နှာအမူအရာ ပြောင်းလဲသွားတော့၏။ သို့နှင့် မိမိသည် တရားနိဒါန်းဆက်၏။

"ကဲ ကဲ ... တရားဆက်လက်ပြီး အာရုံပြုကြ၊ တရားဆက်ဟောမယ်၊ ဦးပဉ္ဇင်း ယခုပျိုးတဲ့ တရားနိဒါန်းက တင်စားပြီး ပျိုးတဲ့ တရားနိဒါန်းပဲ၊ ဦးပဉ္ဇင်းနှင့်တကွ တရားနာနေတဲ့ ဒကာ၊ ဒကာမတွေဟာ ဘယ်သူရဲ့အလိုလိုက်၊ ဘယ်သူရဲ့အကြိုက် ဆောင်နေရတယ်ဆိုတာ သိလား"

"မသိပါဘုရား"

"တဏှာသခင် အရှင်ကြီးရဲ့အလိုလိုက်၊ အကြိုက်ဆောင်နေရတယ်လို့ မှတ်ထား"

ဒကာမကြီးမှာ ထိုအခါမှ မျက်နှာ သိသိသာသာ ရွှင်လန်းပြောင်းလဲသွား၏။ အားလုံး ဒကာ၊ ဒကာမများလည်း ပြုံးနိုင်၊ ရယ်နိုင် ရှိလာကြ၏။

## အရှင်ကြီးတင်နည်း

"အဲဒီလို တဏှာသခင် အရှင်ကြီးရဲ့အလိုလိုက် အကြိုက်ဆောင်နေတော့ မိမိကိုယ်ကျိုး တကယ်အစစ်ဖြစ်တဲ့ ယခုလို တရားနာမှု၊ တရားအားထုတ်မှု၊ ဒါနမှု၊ သီလမှု တို့ကို နာကြားအားထုတ် လှူဒါန်းဆောက်တည်ခွင့်ကို ရတယ်လို့ကို မရှိဘူး"

"ဟုတ်တယ်မဟုတ်လား၊ ဒကာကြီး ဒကာမကြီးတို့"

"တင်ပါ့ဘုရား၊ ဟုတ်ပါတယ်"

"ဒါကြောင့်မို့ ကိုယ်ကျိုးအစစ် တကယ်ဖြစ်တဲ့ ဒါန၊ သီလ၊ ဘာဝနာမှုတို့ကို ကြိုးစားအားထုတ်လိုတဲ့သူဟာ တဏှာသခင်အရှင်ကြီးကို "အရှင်ကြီး၊ အရှင်ကြီးအတွက် ကျွန်တော် ကျွန်မတို့ အစမထင် သံသရာတစ်ခွင်လုံး လုပ်ကိုင်ကျွေးမွေးမွေးမြူခဲ့ပါပြီ၊ ရှေ့လည်းဘယ်လောက် လုပ်ကိုင်ကျွေးမွေးရဦးမလဲမသိသေးပါ၊ အရှင်ကြီး အုပ်စိုးနေသမျှအရှင်ကြီး အမိန့်အတိုင်းလိုက်နာလျက် အရှင်ကြီးအား လုပ်ကိုင်ကျွေးမွေးရဦးမှာပါ၊ ဒါကြောင့် ကျွန်တော် ကျွန်မတို့ကို သနားသောအားဖြင့် ဒီတစ်နေ့တော့ တရားနာကြား အားထုတ်ခွင့် ပေးသနားပါ၊ ဒါန၊ သီလ၊ ဘာဝနာမှု ပြုခွင့်ပေးပါ" လို့ အရှင်ကြီး တင်တတ်ရမယ်"

"ဒီကနေ့ ဒကာ၊ ဒကာမကြီးတွေ ဒီအတိုင်း အရှင်ကြီးတင်ခဲ့တယ် မဟုတ်လား"

"တင်ပါ့ဘုရား၊ ဒီအတိုင်း တင်ခဲ့ပါတယ်ဘုရား"

"အင်း...ဟုတ်ပြီ၊ ဟုတ်ပြီ၊ တစ်နေ့တစ်နေ့ဦးပဥ္စင်းတို့ကိုယ် ဒကာ၊ ဒကာမကြီးတို့ကိုယ်မှာ အုပ်စိုးနေတဲ့ တဏှာသခင်အရှင်ကြီးက "ဘာစားချင်တယ် ရှာပေးစမ်း၊ ဘာဝတ်ချင်တယ် ရှာပေးစမ်း၊ ဘယ်လိုနေချင်တယ် လုပ်ပေးစမ်း၊ ဘယ်သူ့တွေ့ချင်တယ် သွားပေးစမ်း၊ ဘယ်သူ့မခွဲနိုင်ဘူး မသွားနဲ့" စသည် အမိန့်ပေးပြီး ခိုင်းနေတယ်"

"အဲဒီလို သူခိုင်းတာ ဆောင်ရွက်နေတော့ ဒါန၊ သီလ၊ ဘာဝနာမှုဘက်များ စိတ် ရောက်နိုင်သေးရဲ့လား"

"မရောက်နိုင်ပါဘူးဘုရား"

"ဟော ... ယခု တရားကို နာကြားအားထုတ်နေတော့ အဲဒီ တဏှာသခင် အရှင်ကြီးရဲ့အလိုလိုက် အကြိုက်ဆောင်ရသေးလား"

"မဆောင်ရတော့ပါဘူးဘုရား"

"အင်း...အဲဒါ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို တောင်းပန်ပြီးလို့ သူ့နဲ့ ကျေနပ်ခွင့်ရခဲ့လို့ပဲ၊ သို့မဟုတ်လျှင် တရားနာကြားအားထုတ်နိုင်ပါ့မလား"

"နာကြားအားထုတ်နိုင်မှာမဟုတ်ပါဘူးဘုရား"

"အင်း အင်း...ဒါကြောင့် အရှင်ကြီး တင်တတ်ဖို့ဟာ သိပ်အရေးမကြီးဘူးလား"

"သိပ်အရေးကြီးပါတယ်ဘုရား"

ဒကာမကြီးမှာ ပြုံးသည်။ သက်သက်ထပ်ပြီး စောင်းပြောနေသည်ဟု ထင်သလားတော့ မသိပါ။

"အင်း အင်း...ဒါဖြင့် ရိုရိုသေသေ နားစိုက်ထောင်ကြ၊ စိတ်တစ်ခြားမရောက်စေနဲ့"

"အချိန်ရှိခိုက်၊ လုံ့လမစိုက်ဘဲ တဏှာသခင် အရှင်ကြီး အလိုလိုက်ပြီး နှစ်ခြိုက်ပျော်ရွှင် အိပ်ခြင်းကိုသာ ခုံမင်ခြင်း၊ အပါယ်လားကြောင်း မကောင်းသော အကြံအစည်ကိုသာ ကြံစည်ခြင်း၊ မဂ်ဖိုလ်ရောက်ကြောင်း မဟုတ်သော တဏှာသခင် အရှင်ကြီး၏ အလုပ်တွေကိုသာ နှစ်သက်စွာ ပြုလုပ်နေခြင်းတို့ဖြင့် အချိန်ကို လစ်ဟင်းစေကာ သဘာဝအမှန်ကို သိနိုင်ရန် ဉာဏ်မရှိသောသူသည် ဒုက္ခငြိမ်းရာ နိဗ္ဗူတာသို့ အဘယ်မှာ တက်လှမ်းနိုင်ပါအံ့နည်း"

"မမှန်ဘူးလား ဒကာ၊ ဒကာမကြီးတို့"

"မှန်ပါတယ်ဘုရား"

"အင်း အင်း ... ထို့ကြောင့် မြဲမြံတည်ကြည်သော ပညာရှိ၍ မိမိအကျိုးကို မြော်မြင်တတ်သော မိန်းမယောက်ျားသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ်၌ ယုံကြည်မှု သဒ္ဓါတရားကို သွင်းထားရာ၏"

"ဧကေန်အားထုတ်မှု ပြုလုပ်ထိုက်သည့် ဒါန၊ သီလ၊ ဘာဝနာ စသော ကိစ္စမျိုးကို ဟိုနစ် ဟိုလ ဟိုရက် မရွေ့ဘဲ ယနေ့ပင် ပြုလုပ်သင့်၏။ နက်ဖြန်ကျမှ သေရလိမ့်မည်ဟု မည်သူမျှ အတပ်မသိနိုင်ချေ။ ၉၆ ပါးသော အနာရောဂါ၊ ၂၅ ပါးသော ဘေး၊ ၃၂ ပါးသော ကံကြမ္မာ စစ္စာသောင်းသောင်းလက်နက်ကောင်း စစ်သားရှိသည့် သေမင်းနှင့် ဘယ်နေ့ ဘယ်ရက်ကျမှ ခေါ်ပါဟု ဥစ္စာတံစိုး လက်ဆောင်ထိုးကာ ငါတို့တစ်တွေ အချိန်းအချက် မပြုနိုင်ချေ။"

မိမိသည် ယင်းသို့ စသည်ဖြင့် တရားနိဒါန်းပျိုးကာ တရားကိုဆက်၍ ဟောပါသတည်း။

✦ တရားနာရာ၊ လိုရင်းသာ၊ မှန်စွာသိဖို့ လိုသတည်း။

✦ လိုရင်းသိမှ၊ အချက်ကျ၊ မှချတရားရမည်တည်း။

✦ လိုရင်းမသိ၊ လွဲချော်ဘိ၊ ဒိဋ္ဌိမှုများ ဖြစ်မည်တည်း။

ဓမ္မဒူတ–အရှင်ပညာဇောတ
ဝိသိဋ္ဌ ဒီဃဘာဏကနှင့် သိရိပဝရ ဓမ္မာစရိယ
၁၃၃၆–၃၊ တော်သလင်းလပြည့်
၃၁–၉–၇၄

နမော တော ကရဏာကရ

# မင်္ဂလာနိဒါန်း

## (၅၁)

ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်တို့တွင် အလှူမင်္ဂလာ အများအပြားရှိကြ၏။ ယင်းသို့ များပြားသော်လည်း တခြားတခြားသော အလှူမင်္ဂလာတွေထက် ရှင်ပြုအလှူမင်္ဂလာနှင့် ရဟန်းခံအလှူမင်္ဂလာကိုမူ ဗုဒ္ဓဝါဒီတို့ အထွတ်အမြတ်ထားကြ၏။ လေးစားကြ၏။ မဖြစ်မနေ ကြိုးစားပြုလုပ်ကြ၏။ ယင်းအလှူမင်္ဂလာမှ မပြုလုပ်ရသေးလျှင် ဗုဒ္ဓဝါဒီတို့အဖို့ အလှူမင်္ဂလာပြုလုပ်ရသေးသည်ဟုပင် မထင်မြင် မယူဆပေ။ ဤမျှလောက် ရှင်ပြုရဟန်းခံ အလှူမင်္ဂလာကို ဗုဒ္ဓဝါဒီတို့ အမြတ်တနိုးထားကြ၏။

ယင်းသို့ အမြတ်တနိုးထားကာ ကြိုးစားပြီး မဖြစ်မနေ ရှင်ပြုရဟန်းခံ ပြုလုပ်ကြသော်လည်း အချိုးကျသော ရှင်ပြုရဟန်းခံပွဲ (သို့မဟုတ်) အကျိုးရသော ရှင်ပြုရဟန်းခံပွဲကား နည်းပါးလှသည်ဟု ထင်မြင်မိ၏။ ရှင်ပြုရ ရဟန်းခံရလျှင် ပြီးရောဆိုတဲ့ သဘောနှင့် ပြုလုပ်သူတွေသာ များပြားကြ၏။

ယင်းရှင်ပြုခြင်း၊ ရဟန်းခံခြင်းနှင့် ပတ်သက်၍ အချိုး ကျ.မကျ၊ အကျိုး ရ.မရ စသည်တို့ကို ပြန်လည်ဝေဖန် ဆန်းစစ်ခြင်းလည်း မရှိသလောက် နည်းပါးလှ၏။ ယင်းအနည်းထဲမှ တစ်ယောက်မူ တွေ့ခဲ့ရပါ၏။ ယင်းကား အခြားသူမဟုတ်၊ မိမိအား သက္ကတ(သက္ကဋ)ဘာသာ၊ ဟိန္ဒူဘာသာနှင့် စာပေအရေးအသားတို့ကို သင်ပြပေးသော ဆရာကြီး ဦးသော်ဇင် ဖြစ်၏။

မိမိသည် ဆရာကြီးနှင့်တွေ့တိုင်း တွေ့တိုင်းစာပေအကြောင်း၊ သာသနာရေးအကြောင်း များသာ ဆွေးနွေးတိုင်ပင်လေ့ ရှိပါသည်။ တခြားအကြောင်းများကို မိမိ ဝါသနာမပါသလို ဆရာကြီးကလည်း စိတ်မဝင်စားပေ။ တစ်နေ့ ဆရာကြီးနှင့် မိမိတွေ့ဆုံစဉ်ဆရာကြီးက မေးလျှောက်သည် -

"မောင်ပဥ္စင်း ရှင်ပြု.ရဟန်းခံပွဲတွေ အချိုးကျအောင် ပြုပြင်ဟောပြောပေးရဲ့လား"

"ဦးပဥ္စင်းလည်း ဦးပဥ္စင်းမြင်တဲ့နည်းနဲ့နိုင်တဲ့နည်းနဲ့ တတ်နိုင်သလောက် အချိုးကျအောင် ပြုပြင်ဟောပြောပေးတာပဲ ဆရာကြီး"

"ဟာ ... ခုခေတ် ရှင်ပြုရဟန်းခံပွဲတွေဟာ ငွေကုန်.လူပန်းပြီး အကျိုးသိပ်မရဘူး"

"အင်း…ဟုတ်တယ်"

"မောင်ပဥ္စင်း ဘယ်လိုပြုပြင်သလဲတော့ မသိဘူး၊ တပည့်တော် ပြုပြင်ပုံတော့ တပည့်တော်ရဲ့သား သော်ဇင်ဦး ရှင်ပြုပွဲအပြီးမှာ စန္ဒာမင္ဂဇင်းထဲ ဆောင်းပါးတစ်စောင် ရေးထည့်လိုက်တယ်၊ မောင်ပဥ္စင်း မဖတ်လိုက်ရဘူးလား"

"ဘယ်ဖတ်လိုက်ရမလဲ ဆရာကြီးရဲ့ မဂ္ဂဇင်းနဲ့ ဝေးနေတာလည်း ကြာပြီဟာ"

"တပည့်တော်ဆောင်းပါး ဖတ်ရတဲ့ စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်အချို့ တပည့်တော်နဲ့ လာပြီး ဆွေးနွေးတယ်"

"အင်း . . . ဒါဆိုရင် စာရေးရကျိုး နပ်တာပေါ့၊ ဦးပဥ္စင်းလည်း နမူနာယူ၊ အတုယူရအောင် ဖတ်ချင်သေးတယ်၊ အဲဒီ မဂ္ဂဇင်း အလွယ်တကူ ရှိသေးလား"

"ရှိသေးတယ် မောင်ပဥ္စင်း၊ သမီးရေ၊ ခဏ လာစမ်း၊ ဒီဘီရိုထဲမှာ ဖေဖေ့ မင်္ဂလာနိဒါန်းဆောင်းပါးပါတဲ့ မဂ္ဂဇင်း ရှာပေးစမ်း"

ဆရာကြီးမှာ ပြောပြောဆိုဆို သမီးတစ်ယောက်ကို ခေါ်၍ စန္ဒာမဂ္ဂဇင်းကို ရှာစေသည်။

"ဒီမှာ မောင်ပဥ္စင်း တပည့်တော်ရဲ့ မင်္ဂလာနိဒါန်းဆောင်းပါးပေါ့၊ ဖတ်စမ်းပါ မောင်ပဥ္စင်း အသံထွက်ပြီး…"

# မင်္ဂလာနိဒါန်း

## ဦးသော်ဇင်

မင်္ဂလာပါ…

ဗုဒ္ဓဝါဒီမြန်မာတို့၏ အစဉ်အလာတစ်ခုမှာ သားကို ရှင်ပြုပေးခြင်းပင် ဖြစ်၏။ သားရလျှင် တစ်နေ့ သူ့ကို ရှင်ပြုပေးရမည် ဟူသော အသိသည် အလိုအလျောက်ပင် ရောက်လာပြီး ကပ်ငြိနေတတ်၏။ မိမိ၏ အမိအဖကလည်း မိမိကို ရှင်ပြုပေးခဲ့သည်။ တစ်ဖန် မိမိကလည်း မိမိသားကို ရှင်ပြုပေးရမည်။ ယင်းအမှုကို မချွတ်ပြုရခြိမ့်မည်။ အကယ်၍ သားယောက်ျား ဖွားမြင်ခြင်းမရှိပါက ဗျာပိတ်သည်ဟုပင် ဆိုကြ၏။ သားရလျှင် ရှင်ပြုရ၏။ ရှင်ပြုလျှင် ဗျာတီးရ၏။ သားမရလျှင်ကား ရှင်မပြုရ၍ ဗျာမတီး ရတော့ပါ။

"အရှေ့ကိုလျှောက်ပါလို့၊ အနောက်ကိုတဲ့ မျှော်လိုက်ရင်၊ ရွှေတံခွန်ကုက္ကားနှင့်၊ ဘုရားကိုမြင်၊ စာပုလွေ မောင်မှာ ပိုက်ပါလို့ ကျောင်းတော်ကိုတဲ့ လိုက်မယ်ပြင်၊ ဘယ်စာမောင်သင်မယ်တုန်း၊ မယ်လေးကို သံချိနှောလို့ ပြောခဲ့ပါဦး"

ရှေးအခါက ရှင်ပြုတွင် သီဆိုလေ့ရှိသော ဗျာသံဖြစ်၏။ ယင်းဗျာသံကို ကြားရရန်အတွက် ရှေးဦးစွာ သားရှိဖို့လို၏။ ထို့နောက် ရှင်ပြုသောအခါ ဤဗျာသံကို ကြားရမည်ဖြစ်၏။

ဤတွင် ဆိုလိုသည်မှာ ဗုဒ္ဓဝါဒီမြန်မာတို့သည် သားကို ရှင်ပြုလေ့ရှိသော အစဉ်အလာဖြစ်၏။ သို့ရာတွင် မိမိက သားသည် သိကြားလိမ္မာသောအရွယ်သို့ ရောက်၍ ကိုယ်တိုင်ရှင်ပြုလိုကြောင်း တောင်းဆိုမှ သားကို ရှင်ပြုပေးရမည်ဟု ဆုံးဖြတ်ထား၏။ သား၏အမေကိုလည်း ဤအတိုင်းပင် စည်းရုံးခဲ့ပါ၏။

သို့သော်လည်း မိမိသည် နတ်ကိုးကွယ်မှုကို အောင်အောင်မြင်မြင် တွန်းလှန်ဖယ်ရှားနိုင်သကဲ့သို့ သားရှင်ပြုမှုတွင် အောင်မြင်မှု မရတော့ပါ။

"မြတ်စွာဘုရားဟာ သားတော်ရာဟုလာကို ရှင်ပြုပေးရာမှာ သားတော်ရာဟုလာကိုယ်တိုင်က ရှင်ပြုပေးပါလို့ တောင်းဆိုမှ ရှင်ပြုပေးသလား" ဟု သားတို့အမေက အရေးဆို၏။

"အိုကွာ… ဘုရားနဲ့နှိုင်းလို့ ဘယ်ဖြစ်မလဲ၊ ဘုရားက"မိမိသည် မည်သို့ အဆုံးသတ်ရမည်မသိ ဖြစ်နေစဉ် -

"ဘုရားက ဘာလဲ" ဟု မေးပြန်၏။

"ဘုရားက ဗုဒ္ဓပေါ့၊ ဗုဒ္ဓဆိုတာ တရားအားလုံးကို အကုန်သိမြင်တယ်၊ ပြီးတော့ ရာဟုလာကလည်း ဗုဒ္ဓသားတော်ကွာ၊ ပြီးတော့ သီရိဓမ္မာသောကမင်းကြီးကတောင် အဲဒီလို မလုပ်ဘူး၊ သားတော် မဟိန္ဒနှင့် သမီးတော်သင်္ဃမိတ္တာကို "ရှင်ပြုနိုင်ကြသလား" လို့ မေးတယ်၊ သူတို့က "ပြုချင်လှပါတယ်" လို့ ဝန်ခံမှ ပြုပေးတယ်၊ အတင်းအဓမ္မ အစဉ်အလာအရ ပြုပေးတာမဟုတ်ဘူး"

"ဒီလိုဆို သားကို အဖေကြီးကိုယ်တိုင်ပဲ မေးကြည့်ပါ၊ သားရှင်ပြုမလားလို့ အခုပဲ မေးပါ၊ သားကြီး လာပါဦး"

"မေးမနေတော့ပါဘူး၊ ညည်းတို့ စည်းဝါးရိုက်ပြီးသား ဖြစ်နေမှာပါ"

"ရှင်ပြုလို့ ကုသိုလ်တွေ အများကြီးရလိမ့်မယ်လို့ မယုံကြည်ပါဘူး၊ သားယောက်ျားကလေး မွေးဖွားလာရင် အစဉ်အလာအတိုင်း ရှင်ပြုပေးရမယ်၊ အစဉ်အလာတော့ မဖျက်နိုင်ဘူး၊ ဗမာဆိုတာ သားကို ရှင်ပြုရတယ်၊ ပြီးတော့ သားဟာ လေးတန်းစာမေးပွဲဖြေထားပေမဲ့ မြန်မာစာ ကောင်းကောင်းမဖတ်တတ်ဘူး၊ မရေးတတ်ဘူး၊ ရှင်ပြုတုန်း ဘုန်းကြီးကျောင်းမှာ သင်ပုန်းကြီးအသင်ခိုင်းမယ်၊ မြန်မာစာသင်ပုန်းကြီးကို မသင်ရရင် ဘယ်တော့မှ မြန်မာစာ ကောင်းကောင်းဖတ်တတ်၊ ရေးတတ်မှာ မဟုတ်ဘူး၊ သမီးတွေဆို တက္ကသိုလ်ရောက်နေကြပြီ၊ သူတို့တွေ ဘယ်လိုလဲ" ဟု သားတို့အမေက သူ၏အာဘော်ကို ရှင်းပြ၏။

"သင်းဖြင့် ပြုစေဗျား၊ သင်ပုန်းကြီးသာ မဟုတ်သေးဘူးကွ၊ မင်္ဂလသုတ်ပါဠိအနက်လည်း အရကျက်ခဲ့ဖို့လိုတယ်"

ထို့နောက် မကြာမီရက်အတွင်းမှာ သူ့အမေနှင့်သမီးများသည် ရှစ်မိုင်ပေါက်စေတီကျောင်းသို့ သွားပြီး လေးတန်းကျောင်းသား မောင်သော်ဇင်ဦးကို ရှင်ပြုပေးကြသည်။

သားသည် ရက်ပေါင်း (၄၀) ခန့် သင်္ကန်းဝတ်နှင့်နေပြီး အမေမှာလိုက်သော မင်္ဂလသုတ်ပါဠိအနက်ကို အရကျက်ခဲ့သည့်အပြင် ဆရာဘုန်းကြီး "အရှင်သုမိတ္တာဘိဝံသ" ၏အမြော်အမြင်ဖြင့် ဘုရားရှိခိုး၊ အမျှဝေ၊ ရေစက်ချနှင့် အခြားဘာသာရေးဆိုင်ရာ ယဉ်ကျေးမှုတို့ကိုပါ သယ်ဆောင်၍လာခဲ့၏။

မိမိသား ရှင်ပြုရန်အတွက် တပည့်မောင်မောင်အေးက သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ ပေးလှူသည်။ ယင်းကို မ.တည်ပြီး "ဝိမုတ္တိရသ" စာအုပ်ကိုပြန်လည်ပုံနှိပ်ရန်အတွက် စရံရသော ငွေအသပြာကျပ်သုံးရာဖြင့် "မဟာအသဒိသ" အလှူတော်မင်္ဂလာကြီးကို ပြုလိုက်ခြင်းဖြစ်၏။

မဟာအသဒိသဟူသည်မှာ အတူ သို့မဟုတ် အတုမရှိသော ကြီးကျယ်ခြင်းဖြစ်၏။ ငွေအသပြာအားဖြင့် မဟုတ်ပါ။ သင်ပုန်းကြီးနှင့် မင်္ဂလသုတ်ကို သား ယူဆောင်လာခြင်းပင်ဖြစ်၏။ ဘယ်သူ၏သားသည် ယင်းသို့ ယူဆောင်လာပါသနည်း။ အကယ်၍ ယူဆောင်လာခြင်းရှိပါသော် သူတို့ကိုလည်း မဟာအသဒိသဟု ဆိုရပါမည်။

မြန်မာသင်ပုန်းကြီးနှင့် မင်္ဂလသုတ် သင်ကြားရန်မှာ မိမိသားအတွက်သာ မဟုတ်ပါ။ မိမိသမီးအတွက်လည်း လိုပါသည်။ အကယ်၍သာ တစ်ကမ္ဘာလုံး မင်္ဂလာရှိနေပါလျှင် အဘယ်မျှ ကြည်နူးဖွယ်ကောင်းပါမည်နည်း။

စာရေးသူ သိမီသော မြန်မာစာ ရှေးဦးသင်ခန်းစာမှာ နှစ်စောင်တွဲဖြစ်၏။ နှစ်စောင်တွဲမှာ မြန်မာသင်ပုန်းကြီးနှင့် မင်္ဂလသုတ်ကို တွဲထားခြင်းဖြစ်၏။ မိမိတို့သည် ကျောင်းနေသောအခါ လပေါင်းအတန်ကြာအောင် သင်ပုန်းကြီးကို နှုတ်လွတ်အာဂုံရအောင် သင်ကြားရပါသည်။

| | | | | | |
|---|---|---|---|---|---|
| က | ကာ | ကိ | ကီး | ကု | ကူး |
| ကျ | ကျာ | ကျိ | ကျီး | ကျု | ကျူး |
| ကြ | ကြာ | ကြိ | ကြီး | ကြု | ကြူး |
| ငှ | ငှာ | ငှိ | ငှီး | ငှု | ငှူး |

ဘာမှန်း မသိခဲ့ပါ။ အလုံးစုံ အကုန်ရအောင် ကျက်မှတ်ရပါသည်။ ရေးရပါသည်။ အလွတ်ပြန်ရပါသည်။ အရေးတွင်လည်းကောင်း၊ အဖတ်တွင်လည်းကောင်း တစ်စုံတစ်ရာ အထစ်အငေါ့မရှိမှ ဤသင်ခန်းစာ သင်ကြားပြီးဆုံးကြောင်း ဆရာဘုန်းကြီးက မိန့်ကြားသည်။ မိဘတို့မှာ ဝမ်းမြောက်လှ၍ နောက်တစ်နေ့တွင် ဆွမ်းတစ်အုပ် ပို့သည်။ မိမိတို့သား သင်ပုန်းကြီး သင်ကြားပြီးဆုံးခြင်း၏ အထိမ်းအမှတ်လည်း ဖြစ်သည်။ မင်္ဂလာသုတ် စတင်သင်ကြားခြင်း၏ အမှတ်လက္ခဏာလည်း ဖြစ်၏။

သင်ပုန်းကြီးကို သင်ကြားနေစဉ်တုန်းက ဘာမှန်းမသိသော်လည်း သင်ပြီးသောအခါ မြန်မာစာဟူသမျှ အလုံးစုံ အကုန်ဖတ်နိုင်သည်ကို အံ့ဩဖွယ် တွေ့ကြုံကြရ၏။

အကယ်၍ သင်ပုန်းကြီးကို မသင်ကြားမလေ့လာဖူးပါလျှင် မြန်မာစာကို ကောင်းစွာရေးဖတ်နိုင်မည် မဟုတ်ပါ။ အကယ်၍ ရေးဖတ်နိုင်ပါသည်ဟု ဆိုသော်လည်း ယုံကြည်ဖွယ်မဟုတ်ပါ။ ကိုယ်တိုင်မတတ်မှန်းကို မသိ၍သာ ဖြစ်မည်။ ထိုသူကို ယုဒသန်၏ မြန်မာနှင့် အင်္ဂလိပ်အဘိဓာန်မှ မြန်မာစကားတစ်လုံးကို အရှာခိုင်းကြည့်ပါ။ သူသည် လွယ်ကူစွာ ရှာဖွေနိုင်ပါမည်လော။ စင်စစ် သင်ပုန်းကြီးကို မသင်ကြားမလေ့လာဖူးပါလျှင် မြန်မာအဘိဓာန်ကို လွယ်ကူစွာ လှန်နိုင်မည်မဟုတ်ပါ။ မြန်မာအဘိဓာန်ကိုမျှ မကြည့်တတ်သော မြန်မာစာတတ်တို့နှင့် မြန်မာစာပေ ဘယ်သို့ သိရပါမည်နည်း။

မည်သူမဆို မြန်မာစာကို ကောင်းစွာ ရေးတတ်ဖတ်တတ်ရန်အတွက် စင်စစ် သင်ပုန်းကြီးကို သင်ကြားရပါမည်။ သို့ရာတွင် မြန်မာစာပေသည် ပါဠိစာပေနှင့် ဆက်သွယ်ရောထွေး၍ နေပါသည်။ ပါဠိဘာသာကို အသင့်အတင့်မျှ မသိပါလျှင် ကောင်းစွာ ရေးဖတ်နိုင်မည်မဟုတ်သေးပါ။ အကြောင်းကား ဂန္ထဝင်မြန်မာစာပေတို့မှာ ပါဠိဝေါဟာရ အတော်များများ ပါဝင်နေသောကြောင့် ဖြစ်၏။

"ဇောမိညောင်ရွှေ၊ ဗုဒ္ဓဟေအောက်၊ ဆန်းကြယ်ပေါက်သား၊ ရောင်တောက်ပလွှင်၊ သမိုက်ပြင်ထက်၊ အောင်မြင်ခါသင့်၊ သစ္စာပွင့်က၊ မြင်အံ့သသူ"

ဤကား ရှင်မဟာသီလဝံသ စပ်ဆိုသော ဆုတောင်းခန်းပျို့၏ အစဖြစ်သည်။ ဤတွင် "ဇောမိ.ဗုဒ္ဓဟေ.ပလ္လင်.သစ္စာ" တို့မှာ ပါဠိနှင့် ပါဠိသက် ဝေါဟာရတို့ ဖြစ်၏။ ပါဠိဘာသာကို အသင့်အတင့်မျှ မခေါက်မိပါက ယင်းတို့ကို ဘယ်သို့ သိနိုင်ပါမည်နည်း။

"ဇာတိပုညာ၊ ဂုဏ်မာနဖြင့်၊ သံပဟုံးစုံး၊ ဖက်မဲ့ကြုံးသား၊ အားလုံးထောင်ထား၊ မျိုးလေးပါး၏၊ တက်ပွားစောင်မာန်၊ လွှားတံခွန်ကို"

ရှင်မဟာရဋ္ဌသာရ၏ စတုဓမ္မသာရကိုးခန်းပျို့ အစဖြစ်သည်။ ဤတွင် "ဇာတိ.ပုညာ.ဂုဏ်.မာန" တို့မှာ ပါဠိဝေါဟာရတို့ပင် မဟုတ်ပါလော။ ဤသို့ စာကြီးပေကြီးများမှာသာ ပါဠိဝေါဟာရပါသည် မဟုတ်သေးပါ -

"ခွေနွံးတဲ့ဗျာသီ
သူလဲမြင်တော်လာနှင့်၊ ကန္တာမှာဖန်ရာကြုံပါဘိ၊ လွမ်းပုံပွေလီ၊
ထီးတစ်ရာပဏ္ဏာကြို့ပါတဲ့၊ မင်းနေမြို့ဌာနီ၊ သည်ဆီထင့်ရော်ရမ်း၊

နယ်ရှစ်ခွင်နတ်စစ်ကယ် ဗျူဟာဆင်လို့၊ မြော်အမြင်ထင်အတွေးနှင့်၊ ဝေးကမောင်ပန်း။"

ပြဇာတ်ဆရာကြီး ဦးကြင်ဥ၏ သီချင်းပဒေသာမှ ကဆုန်လဘွဲ့ ဖြစ်သည်။ ဤတွင် "ဗျာသိ. ကန္တာ. ပဏ္ဏာ. ဌာနီနှင့် ဗျူဟာ" တို့ကို ပါဠိနှင့်ရှင်းမှ လင်းကြမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာစာပေကို ခြေခြေမြစ်မြစ် နစ်နစ်ကာကာ ကျွမ်းကျင်တတ်မြောက်ရန်အတွက် စင်စစ် ပါဠိဘာသာ ခေါက်မိဖို့လိုပါသည်။ ဤအတွက် မင်္ဂလသုတ်သည် အကောင်းဆုံးဖြစ်၏။

ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။

သောတ္ထာနံ နာဓိ ဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။

ဤကား မင်္ဂလသုတ် နိဒါန်းနစ်ဂါထာအနက်မှ ပထမဂါထာဖြစ်၏။ ဤတွင် ပါဠိဝေါဟာရ အဘယ်မျှ ပါဝင်သနည်း -

သဒေဝကာ = နတ်နှင့်တကွသော လူတို့သည်၊ ယံ မင်္ဂလံ = အကြင်တရားတော်ကို၊ ဒွါဒသဟိ = တစ်ဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး၊ စိန္တယိံသု = ကြံကြကုန်ပြီ၊ သောတ္ထာနံ = စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သော၊ အဋ္ဌတိံသဉ္စ = သုံးဆယ့်ရှစ်ပါး အပြားရှိသည်လည်းဖြစ်သော၊ ယံမင်္ဂလံ = အကြင်မင်္ဂလာတရားတော်ကို၊ နာဓိဂစ္ဆန္တိ = မသိနိုင်ကုန်။

အကယ်၍ မိမိတို့သည် မင်္ဂလသုတ်.ပါဠိအနက်ကို ဤသို့ စသည်ဖြင့် သင်ကြားပါက ပါဠိဘာသာ ဝေါဟာရ အတော်အသင့် ရကြမည်။ သို့ဖြင့် မြန်မာဂန္ထဝင်စာပေတို့ကိုလည်း ကောင်းစွာဖတ်တတ်မည်။ အကယ်၍ ရေးဖွဲ့လိုပါက လည်း ထိုသို့ပင်ဂန္ထဝင်မြောက်အောင် ရေးဖွဲ့နိုင်ကြမည်။ ထို့ထက်ပင် အရေးကြီးသည်မှာ -

"မင်္ဂလာရှိကြရန် ဖြစ်၏။ မိမိတို့သည် မင်္ဂလာနှင့် ကင်းကွာသဖြင့် စာပေလည်း နိမ့်ကျစေခဲ့သည်။ အကျင့်စရိုက်လည်း ပျက်စီးစေခဲ့သည်။ စာကောင်း.ပေမွန်တို့ဖြင့် တင့်တယ်လျက် လူတော်လူကောင်းတို့၏ ကိန်းအောင်းရာတိုင်းပြည် ဖြစ်စေလိုပါလျှင် နစ်စောင်တွဲကို လူတိုင်း လေ့လာသင်ကြားသင့်ပါသည်။ ယင်းသို့ဖြင့် ဂုဏ်ယူဝင့်ဝါနိုင်သည့် အဆင့်သို့ ရောက်ပါလျှင် အမှန်ပင် တိုင်းပြည်စည်ပင်သာယာဖြစ်လာပါလိမ့်မည်"

"ငါဟာ ဗမာဖြစ်တယ်၊ ဒါကြောင့် သူမိုက်ကို မမှီဝဲပါ၊ ပညာရှိကိုသာ မှီဝဲပါတယ်၊ ပူဇော်ထိုက်သူကို ပူဇော်ပါတယ်၊ သင့်တင့်တဲ့နေရာမှာ နေပါတယ်၊ ရှေ့ကကောင်းမှုကို ယုံကြည်တယ်၊ မိမိကိုယ်ကို ဆောက်တည်တယ်၊ ဗဟုသုတ ရှာမှီးတယ်၊ သိပ္ပံသင်ကြားတယ်၊ စည်းကမ်းကို ရိုသေတယ်၊ စကားကောင်းကောင်း ပြောတယ်"

စသည်ဖြင့် ကြုံးဝါးနိုင်သောအဖြစ်သို့ ရောက်လျှင် ဘယ်အရာကိုမျှ ကြောက်စရာမရှိပါ။ ဤအတွက် မင်္ဂလသုတ်ကို လေ့လာသင်ကြားရပါမည်။

အဘယ်မျှ သင်ကြားလေ့လာရပါမည်နည်း? မင်္ဂလသုတ်မှာ နိဒါန်းမှ နိဂုံးအထိ (၁၅)ပုဒ်မျှသာ ရှိ၏။ ဉာဏ်လေးသူပင် တစ်နေ့တစ်ပုဒ် လေ့လာပါ။ (၁၅)ရက်နှင့် အားလုံးပြီးမြောက် သိဒ္ဓိပေါက်နိုင်သည်။ သိဒ္ဓိပေါက်သည်မှာ မင်္ဂလာဖြစ်၏။ မင်္ဂလာရှိသူသာ စင်စစ်သိဒ္ဓိပေါက်သူဖြစ်၏။ ဤအတွက် သားတို့ကို ရှင်ပြုပေးခြင်းဖြင့် မင်္ဂလာရှိစေနိုင်၏။

သမီးတို့အတွက် အဘယ်သို့ပါနည်း? သမီးတို့ကိုကား သားတို့ကို ရှင်ပြုပေးသလို သီလရှင်ပြုပေးဖို့ လိုပါသည်။ ဤအတွက် ယုံကြည်စိတ်ချရသော သီလရှင်ကျောင်း ကောင်းကောင်းရှိမှ ဖြစ်ပါမည်။ အကယ်၍ အလိုရှိပါလျှင်ကား ဘယ်အရာသည် မဖြစ်ဘဲ ရှိပါမည်နည်း။

(ဦးသော်ဇင်)

"ဘယ့်နယ်လဲ မောင်ပဥ္စင်း၊ သဘောကျရဲ့လား"

မိမိသည် ဆရာကြီးဆောင်းပါးကို စိတ်ဝင်စားစွာ အသံထွက်၍ တစ်ဆက်တည်း ဖတ်သွား၏။ ပြီးဆုံးသောအခါ ဆရာကြီးက မိမိသဘောထားကို ကောက်၍မေးလိုက်ခြင်း ဖြစ်သည်။

"အင်း... ဆရာကြီးဆောင်းပါးထဲမှာ ဗျောပါနေတာက ခက်တယ်"

"ဘာဖြစ်လို့လဲ မောင်ပဥ္စင်းရဲ့ ရှေးက ရှင်ပြုတဲ့အခါ ဗျောပါတာပဲ မဟုတ်လား"

"ရှေးကို သွားတုလို့မဖြစ်ဘူး၊ ရှေးက ဦးပဥ္စင်းတို့မြန်မာနိုင်ငံမှာ အရည်းကြီးရဟန်းတွေ လွှမ်းခဲ့တယ်၊ အဲဒီ အရည်းကြီး ရဟန်းတွေဟာ သာသနာတော်နှင့် မလျော် မလျောက်ပတ်တဲ့ စည်တွေ. ဗျောတွေ. အက. အခုန်. အတီး. အမှုတ်. အဆိုတွေ သင်ပေးတယ်။ အလှူတွေမှာလည်း စည်ဗျောတွေ ထည့်စေတယ်၊ အဲဒီအစဉ်အလာဟာ ယခုအထိ လွှမ်းနေသေးတယ်၊ အဲဒီ အလှူထဲမှာ စည်. ဗျောထည့်တာတော့ ဦးပဥ္စင်းအပြစ်ပြုပြီး တော်တော်ဟောပေးတယ်"

"ဟုတ်လားမောင်ပဥ္စင်း"

"အင်း... ဟုတ်တာပေါ့၊ ဆရာကြီးဆောင်းပါးနှင့် ပတ်သက်လို့ ဆွေးနွေးစရာတွေ ရှိသေးတယ်၊ ဒီလိုလုပ်မယ်လေ၊ ဆောင်းပါးကို ဦးပဥ္စင်းရဲ့ဗုဒ္ဓဓမ္မပြဿနာများ(၂)ထဲမှာ ထည့်လိုက်မယ်လေ"

"အဲဒီအထဲ မထည့်ပါနဲ့ မောင်ပဥ္စင်းရဲ့ မောင်ပဥ္စင်းစွမ်းနိုင်ရင် လက်ဝါးလောက်စာအုပ်ကလေး ထုတ်ပြီး ဓမ္မဒါန လှူပါလား"

"အဲဒါက မလွယ်ဘူးဆရာကြီး၊ လေးမူရိုက်ပြီး ရိုက်ခွင့်တောင်း၊ စာရွက်လျှောက်နဲ့ဆို သိပ်ဒုက္ခရောက်မှာပဲ"

"ဒါလေးကတော့ လေးမူရိုက်ပြီး ရိုက်ခွင့်တောင်းစရာ မလိုပါဘူး"

"အင်း... အဲဒီလို မတောင်းရလျှင်လည်း စာရွက်က အပြင်ဈေးနဲ့ဆိုတော့ ဘယ်တတ်နိုင်မလဲ၊ ဒီတော့ ဦးပဥ္စင်းကြိုးစားကြည့်မယ်လေ၊ ဗုဒ္ဓဓမ္မပြဿနာများ (၂)ထဲ ထည့်တာနဲ့ သီးခြားစာအုပ်ကလေးရိုက်တာ နှစ်ခုလုံးဖြစ်အောင် ကြိုးစားမယ်၊ နှစ်ခုမဖြစ်ရင် တစ်ခုခုတော့ဖြစ်မှာပေါ့"

"ကဲ... ကဲ မောင်ပဥ္စင်းသဘောအတိုင်းပဲ"

✧ ရှင်ပြုရဟန်းခံ၊ ကျိုးရရန်၊ အမှန်အကန်ပြုသင့်သည်။

✧ မှန်ကန်ပြုမှ၊ အကျိုးရ၊ ဘဝနှစ်ဖြာ၊ ချမ်းသာမည်။

✧ မမှန်ကန်က၊ ကျိုးမရ၊ ဘဝနှစ်ဖြာ၊ ဆင်းရဲမည်။

✧ အကျိုးရချင်၊ ပညာရှင်၊ ကြိုတင်ဆွေးနွေးရပေမည်။

# ရှင်မပြုရသေးဘဲ ကိုရင်ဝတ်ကောင်းလား

## (၅၂)

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မိမိတို့တွင် သားယောကျ်ားကလေး မွေးဖွားလာလျှင် ရှင်ပြုရေးကို စဉ်းစားလာတော့၏။ သို့သော် ယင်းတို့စဉ်းစားချက်ကား "သားရှင်ပြုလျှင် မည်သည့်ဆိုင်းနှင့်ပြုမည်၊ မဏ္ဍာပ်မည်သို့ဆောက်မည်၊ အကုန်အကျမည်မျှခံမည်၊ ရှင်လောင်းကို ဆင်နှင့်လှည့်မည်" စသည်ဖြင့် အနှစ်အသားမပါသောပကာသနရှင်ပြုနည်းများကိုအစဉ်းစားများ၏။

အမှန်စင်စစ် ယင်းသို့စဉ်းစား၍ စဉ်းစားသည့်အတိုင်းပြုသော ရှင်ပြုမျိုးကား မွဲဆေးဖော်သည်နှင့် တူလှတော့၏။ သားကို ရှင်ပြုပေးခြင်းဖြင့် မိဘတို့မှာ အရင်းအနှီး နည်းပါးသွားခြင်း၊ မွဲသွားခြင်း ဖြစ်အောင် ရှင်မပြုသင့်ပါ။ ပြုသင့်သည်မှာ -

"ငါတို့ ဗုဒ္ဓသည် သားတော်ရာဟုလာကို သာသနာတော်တွင် အစဦးဆုံး ရှင်ပြုပေးလိုက်သည်၊ မည်သည့်ရည်ရွယ်ချက်ဖြင့် မည်သို့ ရှင်ပြုပေးလိုက်သနည်း"

"ငါတို့တွင် ယခုအခါ သားရတနာထွန်းကားလာပြီ၊ ငါတို့လည်း ငါတို့သားကို ရှင်ပြုပေးရမည်၊ ငါတို့ ရှင်ပြုခြင်းသည် ဗုဒ္ဓကို အတုယူ၍ ရှင်ပြုခြင်းဖြစ်သည်၊ ရှင်ပြုပွဲသည် ဗုဒ္ဓမှ ဆင်းသက်ခဲ့သည်။ သို့ဖြစ်၍ ဗုဒ္ဓရည်ရွယ်ချက်အတိုင်းငါတို့သားကို ရှင်ပြုပေးမည်"

ယင်းသို့ စဉ်းစား၍ ဗုဒ္ဓသည် သားတော်ရာဟုလာကို ရှင်ပြုပေးသည့် နည်းအတိုင်း ရှင်ပြုပွဲကျင်းပသင့်သည်။

### ရာဟုလာရှင်ပြုပွဲ

ဗုဒ္ဓသည် ဘုရားဖြစ်တော်မူပြီးသော် ရာဇဂြိုဟ်ပြည်သို့ ဦးစွာ ဒေသစာရီကြွချီတော်မူ၏။ ယင်းမှ ကပိလဝတ်နေပြည်တော်သို့ ကြွချီတော်မူ၏။ ထိုအခါ ကပိလဝတ်နေပြည်‌‌‌.နန်းတော်၌ ခင်းထားအပ်သောနေရာဝယ် သီတင်းသုံးတော်မူစဉ် ယသော်ဓရာက သားတော်ရာဟုလာအား ပြောကြား၏။

"ဧသော တေ ရာဟုလ ပိတာ = ချစ်သားရာဟုလာ ဟောဟိုမှာကြည့်စမ်း၊ သံဃာတော်များအလယ်မှာ တင့်တယ်သပ္ပါယ်စွာ သီတင်းသုံးနေတာဟာ သင့်ဖခင်ပဲ"

"ဂစ္ဆသု ဒါယဇ္ဇံ ယာစာဟိ = ချစ်သားရာဟုလာ၊ သင့်ဖခင်ထံ သင်သွားပါလေ၊ သင် ရသင့်ရထိုက်တဲ့ လောကီစည်းစိမ်ချမ်းသာ အမွေဥစ္စာကို တောင်းပါလေ"

(ဝိနည်းမဟာဝါ)

ထိုအခါ သားတော်ရာဟုလာသည် မိခင်၏ညွှန်ကြားချက်အတိုင်း ဖခင်ဟူသော ချစ်ခြင်းဖြင့် သံဃာတော်များ အလယ် ဘုရားရှင်ရှိတော်မူရာသို့ ဝင်ရောက်လျက် ဘုရားရှင်၏ ရှေ့တော်တွင်ရပ်ကာ လျှောက်ထား၏။

"သုခါ တေ သမဏ ဆာယာ = အိုဖခမည်းတော်ရဟန်း၊ ရှင်ရဟန်း၏အရိပ်သည် အေးမြချမ်းသာလှပါ၏"

ထိုအခါ ဗုဒ္ဓသည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးစီးနေရကား နိဂြောဓာရုံကျောင်းတော်သို့ ပြန်ကြွလာ၏။ သားတော် ရာဟုလာသည် အမွေမရသေးရကား ဘုရားရှင်နောက်မှ ထက်ကြပ်မကွာလိုက်လျက် အမွေတောင်း၏။

"ဒါယဇ္ဇံ မေ သမဏ ဒေဟိ = အို...ဖခမည်းတော်ရဟန်း၊ သားတော်အား လောကီစည်းစိမ်ချမ်းသာအမွေ ဥစ္စာ ပေးပါလော"

ကျောင်းတော်သို့ ရောက်သောအခါ ဗုဒ္ဓသည် ရှင်သာရိပုတ္တရာအား မိန့်ကြား၏။

"တေန ဟိ တွံ သာရိပုတ္တ ရာဟုလကုမာရံ ပဗ္ဗာဇေဟိ = သာရိပုတ္တ၊ သားတော်ရာဟုလာက အမွေ တောင်းနေတာဖြစ်သောကြောင့် သင်ဟာ ရာဟုလာသတို့သားကို လောကုတ္တရာအမွေ ပေးသောအားဖြင့် ရှင်ပြု ပေးလိုက်လော"

ထိုအခါ ရှင်သာရိပုတ္တရာသည် ဗုဒ္ဓ၏ အမိန့်တော်အတိုင်း ဦးခေါင်းရိတ်၍ သင်္ကန်းဝတ်ပြီး သရဏဂုံပေးကာ ရှင်ပြုပေး လိုက်၏။ ရှင်လောင်းလှည့်ခြင်း၊ နတ်စင်ပြခြင်း၊ မဏ္ဍပ်အတွင်း၌ အဘိသိက်သွန်းခြင်း၊ ဆိုင်းနှင့်ဧည့်ခံဖျော်ဖြေခြင်း စသည် မပါပေ။

(ဝိနည်း မဟာဝါ)

## ယခုခေတ် ရှင်ပြုပွဲ

ယခုခေတ်တွင် ဗုဒ္ဓက သားတော်ရာဟုလာကို ရှင်ပြုသလို ရှင်ပြုလျှင် "အလှူမီးတို" ဟု ခေါ်ကြ၏။ မိမိသည် တစ်ခါ တစ်ခါ တရားဟောရင်း စကားစပ်မိလျှင် "အလှူမီးတို" ရှိရင် "အလှူမီးရှည်" လည်း ရှိရမယ်၊ ဘယ်အလှူဟာ "မီးရှည်လဲ" ဟု မေးကြည့်၏။ ထိုအခါ ခေါင်းစိုက်ကာ တစ်ချို့ပြုံးရယ်ကာ တစ်ဝက်နှင့်အဆုံးသတ်ရ၏။ အဖြေကား မရပေ။

တစ်ခါတစ်ရံ မိမိသည် ညတရားပွဲများ ဟောကြားသောအခါ ရှင်ပြုခြင်း၊ ရဟန်းခံခြင်းနှင့် ဆက်သွယ်သည့် သုတ္တန်၊ ဇာတ်ဝတ္ထုများတွင် ပရိသတ်ကို မေးကြည့်၏။ "ရှင်မပြုရသေးဘဲ ကိုရင်ဝတ်ကောင်းသလား"

ထိုအခါ ပရိသတ်ထံမှ အဖြေအမျိုးမျိုး ထွက်လာ၏။ "အချို့က မဝတ်ကောင်း၊ အချို့က ဝတ်ကောင်း၏" ရံခါမှ အားလုံး ကပင် "မဝတ်ကောင်း" ဟု ဖြေ၏။ မဝတ်ကောင်းဟု ဖြေသောအခါ မိမိသည် တစ်ဖန်မေးကြည့်ပြန်၏။ "ရှင်ပြုတာနဲ့ ကိုရင်ဝတ် တာ ဘယ်လိုထူးသလဲ"

ထိုအခါ အချို့က "မထူး" ဟုဖြေ၏။ အချို့ကား "ထူး၏" ဟု ဖြေလိုဟန်ရှိ၏။ သို့သော် ထူးပုံကို ဆက်မေးလျှင် မဖြေတတ် မှာစိုး၍လား မသိပါ၊ အဖြေမပေါ်လာပေ။

သို့ဖြင့် မိမိသည် "ရှင်ပြုတာနဲ့ ကိုရင်ဝတ်တာမထူး" ဟု ဖြေသူများကို မေးကြည့်ပြန်သည်။ "ရှင်ပြုတာနဲ့ ကိုရင်ဝတ် တာ မထူးလျှင် ကိုရင်ဝတ်ချင်တယ်လို့ သားကပြောတဲ့ အချိန်အခါမှာ သို့မဟုတ် ကိုရင်ဝတ်ပေးချိန်မှာ ကိုရင်ဝတ်ပေးတာဟာ ရှင်ပြုတာပဲမဟုတ်လား"

အဖြေမှာ ဆုတ်ဆိုင်းဆိုင်းဖြစ်နေ၏။ ထိုအခါ မိမိသည် "ရှင်ပြုတယ်ဆိုတာ ရှင်သာမဏေဖြစ်အောင် ပြုတာပဲ မဟုတ်လား" လို့ ရှေ့ကကြောင်းပေးပြီး မေးလျှင် ဟုတ်ပါတယ်ဟု အဖြေအမြန်ရပေ၏။

သို့မဟုတ်ဘဲ "ရှင်ပြုတယ်ဆိုတာ ရှင်လောင်းလှည့်တာကို ခေါ်တာမဟုတ်လား" ကိုရင်ဝတ်ချင်တယ်ဆိုပေမဲ့ "ရှင်လောင်းမလှည့်ရသေးလို့ ရှင်မပြုရသေးလို့ ကိုရင်မဝတ်ကောင်းသေးဘူး မဟုတ်လား" စသည်မေးလျှင် အဖြေမထွက်တော့ပေ။

ဤသို့ဖြင့် ယခုခေတ် ရှင်ပြုပွဲတွေသည် အသိဉာဏ်မပါသော ပကာသနများလှသော ရှင်ပြုပွဲများသာ များလှ၏။ ဗုဒ္ဓ၏ ရှင်ပြုနည်းရည်ရွယ်ချက်ကို မီသူမှာ ရှာမှရှားထဲက ဖြစ်တော့၏။

## ဗုဒ္ဓနည်းကျ ရှင်ပြုရန်

ဗုဒ္ဓသည် သားတော်ရာဟုလာအား ကိုရင်ဝတ်ပေးခြင်း (ဝါ) ရှင်ပြုပေးခြင်းသည် "ကိုရင်မဝတ်ရသေးလို့ ကိုရင်ဝတ်ပေးတာလား၊ သို့မဟုတ် ရှင်မပြုရသေးလို့ ရှင်ပြုပေးတာလား၊ အမွေပေးတာလား" ယင်းကို အတိအကျသိရန် စဉ်းစားပါ။

"မိမိတို့ ယခု မိမိတို့သားကို ရှင်ပြုတာဟာ မိရိုးဖလာထုံးတမ်းစဉ်လာလား၊ ရှင်မပြုရသေးလို့ ရှင်ပြုတာလား၊ အမွေပေးတာလား" ယင်းကို အတိအကျသိရန် စဉ်းစားပါ။

ယင်းသို့ စဉ်းစားပြီး အကျိုးရှိသော ဗုဒ္ဓနည်းကျ ရှင်ပြုရန် အချိန်တန်ပြီ၊ ဗုဒ္ဓနည်းကျရှင်ပြုရန်မှာ ရှင်မပြုခင်သော်လည်းကောင်း၊ ရှင်ပြုပြီးမှသော်လည်းကောင်း ကျောင်းတွင် ကြာကြာနေနိုင်ဖို့ အရေးကြီးလှ၏။

သို့မှသာ ရှင်တို့ကျင့်ရမည့် ကျင့်ဝတ်များကိုတတ်၍ အချိုးကျကျ ကျင့်နိုင်ပြီး ရှင်ကောင်းဖြစ်မည်။ ရှင်ကောင်းဖြစ်လျှင်ကား -

> "မဟာသမုဒ္ဒရာလေးစင်းရှိ ရေတွေကို ပြည်တောင်း၊ စိပ်တောင်း၊ ခွဲတောင်း၊ တင်းတောင်းတို့ဖြင့် ချိန်မည်ဆိုလျှင် ဘယ်နပြည်၊ ဘယ်နစိပ်၊ ဘယ်နခွဲ၊ ဘယ်နတင်း ရှိသည်ဟု ရေတွက်သော် ရေတွက်နိုင်ရာ၏။ ရှင်ကောင်း၏အကျိုးကျေးဇူးကိုကား မရေတွက်နိုင်ရာ"
>
> "မဟာပထဝီမြေကြီးကို ချိန်ခွင်ထဲထည့်ချိန်ရင် ဘယ်နကျပ်သား၊ ဘယ်နဆယ်သား၊ ဘယ်နပိဿာ၊ ရှိပါတယ်ဟု ချိန်တွယ်သော် ချိန်တွယ်နိုင်ရာ၏။ ရှင်ကောင်း၏ အကျိုးကျေးဇူးကိုကား မချိန်တွယ်နိုင်ရာ"
>
> "အာကာသကောင်းကင်ကို လက်မ. တောင်. တာ တို့ဖြင့် တိုင်းတာသော် ဘယ်နလက်မ၊ ဘယ်နတောင်၊ ဘယ်နတာ စသည်ဖြင့် တိုင်းတာနိုင်ရာ၏။ ရှင်ကောင်း၏ အကျိုးကျေးဇူးကိုကား မတိုင်းတာနိုင်ရာ"

စသည်ဖြင့် ရှင်ကောင်း၏ဂုဏ်ကျေးဇူးတွေကို ရနိုင်ပါ၏။ ရှင်ကောင်း၏ ယင်းဂုဏ်ကျေးဇူးတို့ကား ဗုဒ္ဓ၏ရည်ရွယ်ချက်ပေးလိုရင်း အမွေတို့ဖြစ်၏။ ယင်းအမွေတို့ကို ဗုဒ္ဓနည်းကျ ရှင်ပြုမှ ရနိုင်၏။

ဗုဒ္ဓသည် ယင်းသို့ ရှင်ကောင်းဖြစ်ရေး၊ ရှင်ကောင်းဂုဏ်ကျေးဇူးတွေ ရရေးအတွက် ရှင်ပြုနိုင်သည့်အရွယ်ကို အသက် (၁၅) နှစ်ပြည့်မှ ရှင်ပြုပေးရမည် ဟု ခွင့်ပြုသတ်မှတ်တော်မူထားသည်။

## မတုသင့်တာ တု

သို့သော် နောင်အခါ မိဘများသေဆုံးသွားသဖြင့် ကိုးကွယ်ရာမဲ့ဖြစ်နေသော ကလေးငယ်နှစ်ယောက်ကို အကြောင်းပြု၍ "မိမိထမင်းပွဲကို ကျီးကန်းလာနှိုက်လျှင် ခြောက်လှန့်မောင်းနိုင်သော အရွယ်ရှိက ရှင်ပြုပေးနိုင်၏" ဟု ခွင့်ပြုရပြန်၏။

(ဝိနည်းမဟာဝါ)

ယင်းခွင့်ပြုချက်မှာ မလွဲမရှောင်သာ၍ ခွင့်ပြုတော်မူရသော အနုပညတ် ခွင့်ပြုချက်ဖြစ်၏။ အဓိကမှာ ပထမခွင့်ပြုချက်ဖြစ်၏။ ယခုမူ မလွဲ့မရှောင်သာ၍ ခွင့်ပြုရသော ဒုတိယခွင့်ပြုချက် အနုပညတ်ကို ကောက်ချက်ချအတုယူကာ အသက်ငယ်တဲ့ ကလေးများကို ရှင်ပြုပေးကြ၏။

ရှေးကမူ ဆရာသမားကလည်းကောင်း၊ ကလေးကလည်း လိုက်နာ၍ မထောင်းသာသော်လည်း ယခုခေတ်မူ ထောင်းတာ၏။ ကလေးငယ်များသည် ရှင်ကျင့်ဝတ်နှင့် ထိုက်တန်သောကျင့်ဝတ်များကို မကျင့်နိုင်ကြ။

တချို့ကိုရင်ငယ် ကလေးငယ်များမှာ သိက္ခာပုဒ်အပျက်ခံ၍ ပိုက်ဆံကို လက်ထဲထည့်ပြီးလျှင် ကျောင်းလိုက်ချင်အောင် ချော့မော့ရ၏။ တချို့မှာ မဏ္ဍပ်တွင်းမှာပင် ဆိုင်းနားထောင်ပါရစေဆိုပြီး ဆိုင်းနားထောင်ကာ သိက္ခာပုဒ် အပျက်ခံရ၏။

တချို့မှာ ကျောင်း၌ မအိပ်လိုကြ၊ အိမ်မှာပင် အိပ်ကြ၏။ သင်္ကန်းမဝတ်တတ်၊ သင်္ကန်းမနိုင်ဘဲ အိမ်မှာပင် သိက္ခာပုဒ် အပျက်အစီး ခံကြရ၏။

ဆိုခဲ့ပြီးသော ရှင်ပြုနည်းကား ကိုရင်များအတွက် ရှင်သာမဏေလောင်းများ ရထိုက်သော ရှင်ကျင့်ဝတ်. သီလ. သိက္ခာ အမွေများစွာ ပျက်စီးရလေ၏။

ယင်းသို့ ရှင်ကျင့်ဝတ်. သီလ. သိက္ခာတွေ အပျက်ခံ၍ ရှင်ပြုပေးရာ၌ မိဘတွေမှာ အကြိမ်ကြိမ် အကုန်မခံနိုင်ဘူးဆိုပြီး အရွယ်ရောက်ပြီးသော သားကြီးကို. ထောင်ကုန်. သောင်းကုန် ရှင်ပြုပွဲတွင် အရွယ်မရောက်သေးသော သားငယ်ကိုပါ တွဲရာမှ ဖြစ်ပေါ်လာခြင်း ဖြစ်၏။

ဗုဒ္ဓနည်းကျ ရှင်ပြုသော် သားကြီး. သားငယ် တွဲစရာလည်း မလို၊ ထောင်ကုန်.သောင်းကုန်လည်း မလို၊ ရှင့်ပရိက္ခရာ စုံလင်၍ ရှင့်ဘဝတွင် ရှင့်ကျင့်ဝတ်နှင့် အချိုးကျကျနေနိုင်ရေးသာ လို၏။ ကြာကြာနေနိုင်ရေးသာ အရေးကြီး၏။

ယခုမူ အချိုးမကျသော နားမလည်သော မိဘအချို့၏ မိုက်မဲမှုကြောင့် သာသနာဖျက်ရာ ရောက်ရုံသာမက တခြား ဘာသာဝင်တွေနဲ့ နောင်လာနောက်သားတို့ စဉ်းစားဝေဖန်စရာ ဖြစ်သည့်အတွက် ရှက်ဖွယ်ပင် ဖြစ်တော့၏။

## ရှင်ပြု ရတုပိုဒ်စုံ

ယင်းကား ဘာမှန်းညာမှန်းမသိသော မောဟသမား အလှူရှင်များ၏ သားကြီးသားငယ်တွဲ၍ ထောင်ကုန် သောင်းကုန် အငြိမ့်တွေ၊ ဆိုင်းတွေ၊ လော်စပီကာတွေ၊ ရတုပိုဒ်စုံတွေနှင့် ရှင်ပြုပွဲနွှဲခဲ့ရာမှ ဖြစ်ပေါ်လာသော သာသနာဖျက်ပွဲ ရှက်စရာ အချက်ကြီးဖြစ်တော့၏။

* နံနက်ရှိန်ဖြာ၊ ရှေ့ပြုဗွာမှ၊
စကြာနေဝန်း၊ ပေါ်ထင်ထွန်းသော်၊
ကျွန်းဇမ္ဗူချာ၊ ပထဗျာတွင်၊
မှောင်ကွာကင်းပ၊ လင်းရောင်ရသို့၊
ဗုဒ္ဓမာန်အောင်၊ မင်္ဂဖိုလ်တောင်မှ၊
ဉာဏ်ရောင်ဝင့်ကာ၊ ပေါ်ထွန်းလာသော်၊
မဟာတမ၊ မဲမှောင်လှသည့်၊
မောဟအဝိဇ္ဇာ၊ ရှင်းရှင်းကွာသည့်၊
သတ္တဝါပေါင်း၊ ကျိုးအကြောင်းနှင့်၊

ဆိုးကောင်းထင်ထင်၊ ကောင်းစွာမြင်သည်၊

ရောင်ရှင်နေဝန်း၊ ထွန်းသောကြောင့်။

"ဤတွင် ပကတိနေမင်းနှင့် ဗုဒ္ဓနေမင်းကို နှိုင်းယှဉ်စပ်ဆိုထားသည်။ အဓိပ္ပာယ်မှာ ပြည့်ဝကောင်းမွန်လှ၏။ ရှင်းပြဖွင့်ဆိုရန်ပင် မလိုတော့ချေ"

သို့သော် ... ပကတိနေမင်း ထွက်ပေါ်လာသောကြောင့် ပြသင့်သောကိစ္စများကို ပြုလိုက်ရသဖြင့် လောက ကောင်းကျိုးချမ်းသာ ရရှိသူ များပါ၏။ ဗုဒ္ဓရှင်နေမင်း ထွက်ပေါ်တော်မူလာခြင်းကြောင့် ပြုသင့်သောကိစ္စများကို ပြုလိုက်ရသဖြင့် ဓမ္မချမ်းသာ ရရှိသူကား ရှာမှ ရှားဖြစ်၏။

ပကတိနေမင်းသည် နေ့စဉ်ထွက်ပေါ်၍ သတ္တဝါအများ၏ မံသစက္ခုနှစ်ကွင်းကို အလင်းပေးနေ၏။ ဗုဒ္ဓနေမင်းသည် မိမိသန္တာန်တွင် နေ့စဉ်ထွန်းပေါ်၍ ဉာဏ်မျက်စိနှစ်ကွင်း အလင်းရဖို့ကား အရေးကြီးလှ၏။

* စံဖက်ချိန်ကာ၊ ဥပမာကား၊

နွေရာသီခေတ်၊ ကိုးရာဖြစ်သည့်၊

သစ်ရိပ်ဆာယာ၊ အေးလှပါလည်း၊

မေတ္တာရွှန်းမြ၊ သာမောစွကြောင့်၊

မိဘရိပ်မှာ၊ သာတောင့်သာလျှင်၊

ဆရာသမား၊ ပညာအားဖြင့်၊

တက်ပွားချမ်းသာ၊ မင်းရာဇာကား၊

လွန်ကာအေးလျက်၊ ထိုထက်ထက်လျှင်၊

နှိုင်းဖက်မရ၊ ဂုဏ်နန္တကြောင့်၊

ဗုဒ္ဓတံခွန်၊ အေးရိပ်မွန်သည်၊

သာလွန်ချမ်းမြ၊ လွန်းသောကြောင့်။

ဤတွင် အရိပ်ငါးမျိုးပြ၏။ ယင်းတို့ကား -

၁။ သစ်ရိပ် ဝါးရိပ်၊

၂။ မိဘအရိပ်၊

၃။ ဆရာသမားအရိပ်၊

၄။ မင်းအရိပ်နှင့်၊

၅။ ဗုဒ္ဓအရိပ်တို့ ဖြစ်၏။

အရိပ်ငါးမျိုးတို့သည် တစ်မျိုးနှင့်တစ်မျိုး မတူသလို တစ်မျိုး၏အအေးဓာတ်ပေးပုံနှင့် တစ်မျိုး၏ အအေးဓာတ်ပေးပုံမှာလည်း ခြားနားလှ၏။

ပကတိအပူခေါ် အပြင်ပူနှင့် အတွင်းပူခေါ် ကိလေသာအပူကို အေးမြစေသောအရိပ်အနေနှင့် ခွဲလိုက်မူ အရိပ်ငါးမျိုးမှာ နှစ်မျိုးသာ ဖြစ်သွားမည်။ လိုရာအရိပ် ခိုလှုံတတ်ဖို့ အရေးကြီးသည်။

* လျှံတက်ထိန်ဝါ၊ ဤကမ္ဘာတွင်၊

ဂုဏ်ဝါတက်သစ်၊ လူ့အဖြစ်ကား၊

စင်စစ်ခဲလှ၊ လူဖြစ်ရလည်း၊

ဗုဒ္ဓသာသနာ၊ ကြုံခဲစွာလျက်၊

သာသနာဘုံ၊ အခွင့်ကြုံလည်း၊

ကြည်ယုံသဒ္ဓါ၊ ဖြစ်ခဲစွာသား၊

သဒ္ဓါပန်းပွင့်၊ ယုံကြည်မင့်လည်း၊

ရှင့်အဖြစ်မှာ၊ ခဲယဉ်းပါ၍၊

သစ္စာတရား၊ မြတ်လေးပါးလည်း၊

နာကြားဖို့ရာ၊ ခဲလှစွာသည်၊

ငါးဖြာဒုလ္လဘ၊ ညွှန်းသောကြောင့်။

ဤတွင် အလွန်တရာရခဲသော ဒုလ္လဘငါးမျိုးကို ပြ၏။ ယင်း ဒုလ္လဘငါးမျိုးကား -

၁။ လူ့အဖြစ် ရခဲခြင်း၊

၂။ ဘုရားပွင့်ဖို့ ခဲယဉ်းခြင်း၊

၃။ သဒ္ဓါတရားရှိဖို့ ခဲယဉ်းခြင်း၊

၄။ ရှင်ရဟန်းအဖြစ် ရခဲခြင်း၊

၅။ သစ္စာတရား နာကြားဖို့ရာ ခဲယဉ်းခြင်း ဟူ၍ ငါးပါးတို့ ဖြစ်ကုန်၏။

ယင်းတွင် ရှင့်အဖြစ်မှာ ခဲယဉ်းသော "ဒုလ္လဘ" တစ်ခုအဖြစ် ပါဝင်လေ၏။ ဗုဒ္ဓသည် သားတော်ရာဟုလာကို ရှင်ပြုပေးရာ၌ ယင်းဒုလ္လဘကိုလည်း ရစေလိုသည်။ သာသနာ့အမွေကိုလည်း ရစေလိုသည်။ သို့ဖြစ်၍ ဗုဒ္ဓသည် သားတော်ရာဟုလာ ရှင်ပြုပြီးသောအခါ သားတော်အား ဓမ္မတရား ဟောကြားဆုံးမသည်။ သားတော်အား ဆုံးမဟောကြားသော တရားများမှာ များပြားလှ၏။ စာအုပ်အဖြစ်ရေးပြပါက ဤစာအုပ်မျိုး (၃ - ၄) အုပ်မျှ ဖြစ်လာမည်။

ယင်းအဆုံးအမတရားများကို နာကြားကျင့်ကြံ အားထုတ်သဖြင့် ရှင်ရာဟုလာသည် ရဟန္တာအဖြစ်သို့ ရောက်သွားသည်။ သို့ဖြစ်၍ ယခုခေတ်ရှင်ပြုသူတို့သည် -

၁။ ရှင်ဘဝနှင့်ပျော်သမျှ နေခွင့်ပြုရန်၊

၂။ နေသမျှအတွင်း ရှင့်ကျင့်ဝတ်နှင့်အညီ နေစေရန်၊

၃။ မင်္ဂလသုတ်စသော ဗုဒ္ဓယဉ်ကျေးမှုများ ရရန်၊

စသည့် ရည်ရွယ်ချက်ကောင်းများနှင့် ရှင်ပြုနိုင်ကြပါစေကုန်သော်ဟု ပတ္ထနာပြုလိုက်ပါသတည်း။

✧ ရှင်ပြုရခြင်း၊ အကြောင်းရင်း၊ ထင်လင်းသိဖို့ လိုသတည်း။

✧ ဗုဒ္ဓရှင်ပြု၊ ပုံကိုတု၊ ရှင်ပြုကြဖို့ လိုသတည်း။

✧ ပကာသန၊ ရှင်ပြုမှ၊ ရှောင်ကြ ရှားကြ ဝေးဝေးတည်း။

# တရားမစွဲနဲ့တဲ့ဘုရား

(၅၃)

ပြိတ္တာဘုံ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် အစာအာဟာရကို စားသောက်ရခြင်းငှာ အလွန်ခဲယဉ်းကုန်သကဲ့သို့ ထို့အတူ ကိလေသာတည်းဟူသော ရန်သူ မီးပူတို့ဖြင့် နှိပ်စက်အပ်ကုန်သော ပုထုဇဉ်မိုက်တို့သည် ဟုတ်မှန်တိုင်းသော သူတော်ကောင်းတရားတည်းဟူသော အစာအာဟာရကို အလွန်ရခဲကုန်၏။

ထို့ကြောင့် ပြိတ္တာဘုံသူတို့သည် အစာအာဟာရကို အလွန်တောင့်တ မက်မောသကဲ့သို့ သံသရာဘေးကို ကြောက်ကုန်သော ပုဂ္ဂိုလ်တို့သည် သူတော်ကောင်းတို့၏ ဟုတ်မှန်တိုင်းသောတရားကို အလွန်တောင့်တ မြတ်နိုးအပ်ကုန်၏။

မျက်စိနှစ်ဖက်ပျက်သော သူကန်းတို့သည် ဟုတ်တိုင်းမှန်သော ဘေးကင်းရာလမ်းခရီးသို့ ရောက်ခြင်းငှာလည်း အလွန်ခဲယဉ်းကုန်၏။ ကံတော်ကံငြား ရောက်ပါသော်လည်း ဖြောင့်မတ်စွာလျှောက်၍ သွားခြင်းငှာ အလွန်ခဲယဉ်းကုန်၏။

ထို့အတူ ပညာစက္ခုကန်းသော အန္ဓပုထုဇဉ်တို့သည် ပြုကျင့်အပ်သော သူတော်ကောင်းတရားကို ဟုတ်တိုင်းမှန်စွာ သိရမည်လည်း အလွန်ခဲယဉ်းကုန်၏။ သိသည့်အတိုင်း ဖြောင့်မတ်စွာ လိုက်နာရမည်လည်း အလွန်ခဲယဉ်းကုန်၏။

မျက်စိကွယ်သောသူသည်တောင်ဝှေးဆွဲသောသူ၏နောက်သို့ကောက်ကောက်လိုက်အပ်သကဲ့သို့သုံးလူ့ထွတ်ထား ရှင်တော်ဘုရား၏ အဆုံးအမတော်တည်းဟူသော ဘေးကင်းရာလမ်းခရီးသို့ ဖြောင့်မတ်စွာ လိုက်အပ်ကုန်၏။

ဇက်သတ်၍မရသော မြင်းကြမ်းကဲ့သို့လည်းကောင်း၊ ကောက်ယူ၍မရသော အမုန်ယစ်သော ဆင်ကဲ့သို့လည်းကောင်း၊ ဘဝအဆက်ဆက် မဆုံးမမှု၍ ပေါက်လွှတ်ထားသော စိတ်မိုက်၊ စိတ်ကြမ်း ဝင်သဖြင့် ရှင်တော်ဘုရား၏ နောက်တော်သို့ ကောက်ကောက်ပါအောင် မလိုက်နိုင်ဘဲ မရှိစေအပ်ကုန်။

ဤလောက၌ လယ်လုပ် ကုန်သွယ်သောသူတို့သည် တစ်သက်လျှာ မသုံးဆောင်ရသော ဥစ္စာပစ္စည်းကိုပင် အပတ်တကုတ် ကြိုးစားအားထုတ်၍ လုပ်ဆောင်ရှာဖွေကြကုန်သေး၏။

တစ်နေ့၊ တစ်ရက်၊ တစ်နံနက်မျှ အားထုတ်ကျင့်ကြံသဖြင့် ဘဝအဆက်ဆက် နိဗ္ဗာန်ရောက်သည့်တိုင်အောင် စည်းစိမ်ချမ်းသာကို ပြီးစေတတ်သော သူတော်ကောင်းတရားကိုကား အဘယ်သို့လျှင်၊ ငါ မနာကြား၊ အားမထုတ်ဘဲ ရှိအံ့နည်းဟု မိမိကိုယ်ကိုမိမိ သွန်သင်ဆုံးမသဖြင့် အမြတ်တရားကို နာကြားမှတ်သား အားထုတ်သင့်လှတော့၏။

မိမိသည် ဘုရားရှင်၏တရားတော်တို့ကို ကိုယ်တိုင်နာကြားမှတ်သားအားထုတ်ပြီး မိမိနှင့် လက်လှမ်းမီရာ အများတို့ကိုလည်း နာကြားမှတ်သား အားထုတ်စေ၏။ ယင်းသို့ဖြင့် ဘုရားရှင် သာသနာတော်ကို မိမိပြု၏။

လွန်ခဲ့သော ဝါတွင်းကာလက တစ်ချိန်က ဖြစ်ခဲ့၏။ မိမိသည် တောရကျောင်းတွင် ဝါဆိုသည်၊ ဝါလယ်လောက်သို့ ရောက်သောအခါ မိမိတောရကျောင်းနှင့် အလွန်တရာဝေးလံသောအရပ်မှ ဒကာမကြီးသုံးယောက် မိမိနေထိုင်ရာ တောရကျောင်းသို့ ရောက်လာသည်၊ ဆွမ်းကပ်သည်၊ ပြီးသော် လျှောက်ထား၏။

"ဦးပဉ္ဇင်းဘုရား၊ တပည့်တော်တို့က (...)မြို့ကပါ ဘုရား၊ ဦးပဉ္ဇင်းဘုရား တရားတော်တွေကို ကက်ဆက်နဲ့ အမြဲနာပါတယ်ဘုရား"

"ဘယ်က ကြိုးစွေရသလဲ"

"မိတ်ဆွေတစ်ဦး ယူလာပါတယ်၊ တပည့်တော်တို့ စုစုပြီး နာကြပါတယ်ဘုရား၊ တစ်ပတ်တစ်ပတ် ကြိုးခွေလဲလဲယူပါတယ်ဘုရား"

"တရားနာတော့ တရားနဲ့ပျော်ရဲ့လား"

"ပျော်မှပျော်ဘုရား၊ တပည့်တော်တို့ ခုလာတာ ကက်ဆက်ထဲမှာ နာရရုံနဲ့ အားမရလို့ အရှင်ဘုရားကိုဖူးချင်လို့၊ ဆွမ်းကပ်ချင်လို့ လာခဲ့ပါတယ်ဘုရား"

"အင်း...တရားနဲ့ပျော်နိုင်ရင် ချမ်းသာပြီပေါ့၊ ပျော်တကာ့ပျော်ခြင်းထဲမှာ တရားနဲ့ပျော်ခြင်းဟာ အမြတ်ဆုံးတဲ့၊ အရသာတကာ အရသာထဲမှာ တရားအရသာဟာ အမြတ်ဆုံးတဲ့၊ ဆက်ပြီးတော့ တရားနဲ့ အမြဲတမ်းပဲ ပျော်နိုင်အောင် ကြိုးစားနော်"

"မှန်ပါဘုရား၊ ကြိုးစားပါမယ်၊ တစ်ခုလည်း တပည့်တော် လျှောက်ထားချင်ပါတယ်ဘုရား"

"ဘာလျှောက်ထားချင်လဲ၊ လျှောက်ထားချင်လည်း လျှောက်ထားပေါ့"

"ဦးပဉ္ဇင်းဘုရား၊ တပည့်တော်ကို သူက တရားမစွဲနဲ့တဲ့ဘုရား"

မေးလျှောက်သောဒကာမကြီးက ပါလာသူ အဖော်ဒကာမကြီးကို လက်ညှိုးညွှန်၍ ပြောခြင်းဖြစ်၏။

"ဟုတ်သားပဲ၊ ဒကာမကြီးကလည်း တရားတွေ နာကြားထားပါရက်ကနဲ့ သူတစ်ပါးသွားပြီး တရားစွဲလို့ ဘယ်ကောင်းမလဲ၊ တရားသမား ဘယ်ပီသတော့မလဲ"

ထိုအခါဒကာမကြီးသုံးယောက်စလုံးရယ်မောကြတော့၏။ မိမိလည်း ဘာပြောရမှန်းမသိတော့၊ ထိုအခါမှမေးလျှောက်သူ ဒကာမကြီးက လျှောက်၏။

"လူကို တရားမစွဲပါဘူး ဦးပဉ္ဇင်းဘုရား"

"လူကို တရားမစွဲရင် ဘာကိုစွဲမလဲ"

"တပည့်တော်က တရားနာတဲ့အခါ အဲဒီတရားကို သိပ်ပြီး သဘောကျကြည်ညိုပြီး စွဲလမ်းတယ်ဘုရား၊ အဲဒါကို သူက တရားမစွဲရဘူးတဲ့ဘုရား"

"စောစောထဲက ဒကာမကြီးက အဲဒီလိုမေးလျှောက်လိုက်ရင် ပြီးနေတာပဲဟာ၊ ခုတော့ လူများ တရားစွဲမလားလို့၊ မစွဲနဲ့လို့ ပြောမလို့"

"ဦးပဉ္ဇင်းဘုရား၊ တရားစွဲရတယ် မဟုတ်လားဘုရား"

"အင်းပေါ့၊ တရားစွဲတာကောင်းတာပေါ့၊ တရားတော့ စွဲလမ်းပေါ့ ဟုတ်လား၊ ပုဂ္ဂိုလ်တော့ မစွဲလမ်းနဲ့၊ တချို့က တရားကို စွဲလမ်းသလိုလိုနဲ့ ပုဂ္ဂိုလ်စွဲလမ်းနေတယ်၊ အဲဒါမျိုးတော့ မကောင်းဘူး"

"ဦးပဥ္စင်းဘုရား၊ သူက ပုဂ္ဂိုလ်စွဲတာ၊ (...) ဆရာတော်တရားဆို နာမှနာ၊ စွဲမှစွဲပဲဘုရား"

အဖော်ပါလာသူ ဒကာမကြီးတစ်ယောက်က ပြောလိုက်ခြင်းဖြစ်၏။ ထိုအခါ လျှောက်ထားသူ ဒကာမကြီးက ပြော၏။

"ပုဂ္ဂိုလ်စွဲတာ မဟုတ်ပါဘူး၊ တရားကို စွဲလမ်းတာပါ"

သို့နှင့် မိမိသည် သူတို့စကားပြတ်အောင် မေးလျှောက်သည်ကိုလည်း ဖြေရအောင် ပြောလိုက်၏။

"တရားကိုစွဲလမ်းတာနဲ့ ပုဂ္ဂိုလ်ကို စွဲလမ်းတာ ကွာခြားပါတယ်၊ ပုဂ္ဂိုလ်စွဲက အဲဒီမိမိစွဲတဲ့ပုဂ္ဂိုလ်တရားမှ နာနိုင်တယ်၊ တခြားပုဂ္ဂိုလ်တရား မနာနိုင်ဘူး၊ တရားကိုစွဲတဲ့သူက ဘုရားရှင်ရဲ့တရားဆိုရင် ဘယ်သူဟောဟော နာတယ်၊ စွဲလမ်းတယ်၊ အဲဒီလို ကွာခြားတယ်"

ထိုအခါ မေးလျှောက်သူ ဒကာမကြီးက အားရပါးရ ရွှင်လန်းတက်ကြွစွာ လျှောက်ပြန်၏။

"မှန်မှ မမှန်ဘဲဘုရား၊ တပည့်တော်က တရားစွဲတာပဲဟာ၊ တပည့်တော် (...) ဆရာတော်တရားလည်း စွဲလမ်းတာပဲ၊ ဦးပဥ္စင်းဘုရားရဲ့တရားလည်း စွဲလမ်းတာပဲ၊ ပုဂ္ဂိုလ်မစွဲလို့ ခုဒီတောင်မှ ရောက်လာပြီပဲဘုရား"

"အင်း... ဟုတ်သားပဲ၊ ပုဂ္ဂိုလ်စွဲက ဒီလိုမဟုတ်ပါဘူး၊ ဦးပဥ္စင်းတို့ တွေ့ဖူးသားပဲဟာ"

"ဦးပဥ္စင်းဘုရား ပုဂ္ဂိုလ်စွဲပြောပြပါလားဘုရား"

"ပုဂ္ဂိုလ်စွဲက ခုခေတ်ရိပ်သာပြန်တွေ၊ ရိပ်သာထွက်တွေ၊ ရိပ်သာအသင်းသားတွေမှာ အများဆုံးဖြစ်တယ်"

"မှန်ပါဘုရား"

"ဒကာမကြီးတွေက ရိပ်သာတစ်ခုခုရဲ့အသင်းသားတွေ မဟုတ်သေးဘူးနဲ့တူတယ်"

"မဟုတ်ပါဘူးဘုရား"

"အဲဒီ ရိပ်သာတစ်ခုခုရဲ့ အသင်းသားတွေဟာ တခြားဘုန်းကြီး ဘယ်လောက် အဟောအပြောကောင်းကောင်း သူတို့နာလေ့ မရှိတတ်ဘူး၊ နာသော်လည်း တရားကို မကြည်ညိုတတ်ဘူး၊ တရားကြည်ညိုသော်လည်း မလှူတတ်ဘူး၊ မဆည်းကပ်တတ်ဘူး"

"အဲ ... သူတို့ရိပ်သာက ဘုန်းကြီးသာ တရားဟောမယ်ဆိုရင်တော့ အဲဒီဘုန်းကြီးဟာ ဘယ်လောက်ညံ့ဖျင်းဖျင်း တစ်ခါတည်း မြို့ထဲရွာထဲ ရှိသမျှကြော်ငြာတယ်၊ အကုန်ဆွဲတယ်၊ အနီးအနားရိပ်သာက ယောဂီတွေပါ ခေါ်တယ်၊ နာကြားတယ်"

"အဲဒါမျိုးဟာ တရားစစ် တရားမှန်ကို စွဲလမ်းတာမဟုတ်ဘူး၊ ပုဂ္ဂိုလ်ကို စွဲလမ်းတာပဲ၊ အဲဒီလိုပုဂ္ဂိုလ်တွေ သန္တာန်မှာလည်း တရားစစ် တရားမှန် မကိန်းနိုင်ဘူး၊ မတည်နိုင်ဘူးလို့ မှတ်ထား"

"မှန်ပါဘုရား"

"အဲဒီလိုပုဂ္ဂိုလ်တွေ သိပ်သနားစရာကောင်းတယ်၊ သူတို့ တရားနာပေမဲ့ ညောင်းတာ၊ အလုပ်ပျက်တာပဲ ရှိမယ်၊ ကုသိုလ်ဘယ်ရမလဲ"

"တရားနာတိုင်း ကုသိုလ်မရဘူးလား ဦးပဥ္စင်းဘုရား"

"ဘယ်ရမလဲဒကာမကြီး တရားတော်ကို နာယူခြင်း၌ အကျိုးအပြစ်ကို မသိတဲ့ ဉာဏ်နုတဲ့လူတွေမှာ -

၁။ အချို့သူတို့အား တရားတော်ကို နာကြားခြင်းဖြင့် စီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းအကြောင်း မကောင်းမှုတရား ဖြစ်ပွားနေတယ်။

၂။ အချို့သူတို့အား တရားတော်ကို နာကြားခြင်းဖြင့် အကုသိုလ်တော့ မဖြစ်ဘူး၊ ကုသိုလ်တော့ ဖြစ်တယ်၊ အကျိုးများတဲ့ကုသိုလ် မဖြစ်ဘူး၊ အကျိုးနည်းတဲ့ကုသိုလ်သာ ဖြစ်တယ်။

၃။ အချို့သူတို့အား တရားတော်ကို နာကြားခြင်းဖြင့် အကျိုးများတဲ့ ကုသိုလ်တွေ ဖြစ်တယ်လို့ တရားနာမှုနဲ့ ပတ်သက်လို့ အကျိုးမရှိ၊ အကျိုးနည်း၊ အကျိုးများရယ်လို့ သုံးမျိုးမရှိဘူးလား ဒကာမကြီး"

"ရှိပါတယ်ဘုရား"

"ဒီတော့ တရားတော်ကို နာကြားခြင်းဖြင့် -

၁။ စီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းအကြောင်း မကောင်းမှုတရား ဖြစ်ပွားခြင်း

၂။ အကျိုးနည်းတဲ့ ကုသိုလ်တရားဖြစ်ပွားခြင်းဆိုတဲ့ အကြောင်းနှစ်ပါးရဲ့အကြောင်းဖြစ်တဲ့ တရားနာခြင်းမျိုးဟာ ကောင်းပါ့မလား"

"မကောင်းပါဘုရား"

"အင်း ... အဲဒီတရားနာနည်းမျိုးတွေဟာ ခုနကပြောခဲ့တဲ့ ပုဂ္ဂိုလ်စွဲ အသင်းအဖွဲ့အစွဲကြောင့် နာတဲ့နာနည်းမျိုးတွေပဲ၊ ပြောရရင် ဘာသာရေးမဆန်ဘူး၊ နိုင်ငံရေးဆန်တဲ့ နာနည်းမျိုးတွေပေါ့၊ သာသနာတော်ရဲ့မျက်နှာ မကြည့်ဘူး၊ ပုဂ္ဂိုလ်နဲ့ အသင်းအဖွဲ့မျက်နှာ ကြည့်နာတာမျိုးပေါ့ ဟုတ်လား"

၃။ ဒီတော့ အဲဒါမျိုးတွေ မဖြစ်စေဘဲ အကျိုးရှိတဲ့ ကုသိုလ်တရားဖြစ်ပွားကြောင်း ကောင်းတဲ့တရားနာခြင်းမျိုး ဖြစ်ပွားသင့်တယ်"

"တရားနာတာနဲ့ စာသင်တာဟာ အတူတူပဲ၊ ရှေးတုန်းက စာဆိုတာ ဘယ်မှရှိတာမဟုတ်ဘူး၊ ခုခေတ် တရားဟောသလို ဟောလိုက်ရင် နာတဲ့လူက အဲဒီတရားတော်တွေကို ယခုခေတ်စာရသလို ရသွားတာပေါ့၊ ဒီတော့ တရားနာတာနဲ့ စာသင်တာ အတူတူလို့ မှတ်ထားနော်"

"မှတ်ပါမယ်ဘုရား"

"တစ်ချို့ရမ်းပြောတာရှိသေးတယ်၊ တရားအားထုတ်တာဟာ စာတတ်စရာ မလိုပါဘူးတဲ့၊ သူတို့ စာသင်တာမှ နားမလည်တာ၊ ရမ်းပြောနေတဲ့ဟာတွေပဲ၊ အားထုတ်ပုံ အားထုတ်နည်းကို ဟောပြောပေးနေတာဟာ စာသင်နေတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပြောဟောပေးလို့ အားထုတ်တတ်သွားရင် အဲဒါ စာတတ်သွားတာပဲ၊ အားမထုတ်တတ်ရင် စာမတတ်သေးဘူးဘဲ၊ ဒီတော့ တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဟာ နာကြားတဲ့နည်းနဲ့ စာမသင်ရဘူးလား၊ သင်ရမလား"

"စာသင်ရပါတယ်ဘုရား"

"ဒီတော့ နာကြားမှုဆိုတဲ့ စာသင်နည်းလွဲရင် အားထုတ်မှုလည်း မလွဲဘူးလား"

"လွဲပါတယ်ဘုရား"

"အင်း...အဲဒါကြောင့်ခုနကပြောခဲ့တဲ့ကိုယ့်ရိပ်သာက၊ကိုယ့်ဂိုဏ်းက၊ကိုယ့်အသင်းအဖွဲ့ကဘုန်းကြီးဟာဘယ်လောက် ညံ့ဖျင်းညံ့ဖျင်း ညာသံပေးပြီး လူစုနာတယ်၊ တစ်ခြားဘုန်းကြီးဟာ ဘယ်လောက်တော်တော် မနာနိုင်ဘူးဆိုတာတွေ ဖြစ်ပေါ်လာတာပေါ့နော်"

"မှန်ပါဘုရား"

"ဒါကြောင့် ဒကာမကြီးတွေ အဝေးကြီးက လာရတာဖြစ်တော့ အကျိုးရှိအောင် တရားနာနည်း၊ စာသင်နည်းသုံးမျိုးကို ပြောပြမယ်၊ သေသေချာချာ မှတ်ထားနော်"

"မှတ်ပါမယ်ဘုရား"

"တရားနာခြင်း၊ စာသင်ခြင်းဟာ -

၁။ အဆိပ်ထန်တဲ့ မြွေဖမ်းနည်း ဥပမာနဲ့တူတဲ့ တရားနာနည်း၊ စာသင်နည်း "အလဂဒ္ဒူပမာပရိယတ္တိ"

၂။ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း အကျိုးရှိတဲ့ တရားနာနည်း၊ စာသင်နည်း "နိဿရဏတ္ထပရိယတ္တိ"

၃။ ဘဏ္ဍာတိုက်ကို စောင့်ရှောက်တဲ့ ဘဏ္ဍာစိုးဥပမာရှိတဲ့ တရားနာနည်း၊ စာသင်နည်း "ဘဏ္ဍာဂါရိက ပရိယတ္တိ"ရယ်လို့ သုံးနည်းရှိတယ်နော်"

"မှန်ပါဘုရား"

"အဲဒီသုံးမျိုးကို ရှင်းပြရမယ်ဆိုရင် အဆိပ်ပြင်းထန်တဲ့ မြွေကို ဖမ်းတဲ့လူက အရင်းမှာ ဆိတ်ခွာသဏ္ဌာန်ရှိတဲ့တောင်ဝှေးနဲ့ နှိပ်ဖိပြီး မြွေလည်ပင်း မကိုင်ဘဲ ကိုယ်တို့ အမြီးတို့ သွားကိုင်ရင် မြွေက ခေါင်းလှည့်ပြီး မကိုက်ဘူးလား"

"ကိုက်ပါမယ်ဘုရား"

"အဲဒီလိုကိုက်ရင် သေရင်လည်း သေမယ်၊ မသေသော်လည်း သေလောက်တဲ့ ဆင်းရဲရောက်မယ် မဟုတ်လား"

"ရောက်ပါမယ်ဘုရား"

"အဲဒီဥပမာ အတူတူပဲ၊ မိမိဝါဒဖြင့် သူတစ်ပါးတွေကို နှိပ်ချင်လို့၊ သူတစ်ပါးတို့က မိမိကို နှိပ်မှုမှ လွတ်အောင် ပြောချင် ဆိုချင်လို့၊ ပြိုင်ချင်လို့၊ ဆိုင်ချင်လို့၊ အနိုင်ယူချင်လို့၊ ဝါကြွားချင်လို့၊ ဒေါသ မာန စတဲ့ အကုသိုလ်တရား ရှေ့သွားပြီး တရားနာခြင်းလည်း မရှိဘူးလား၊ စာသင်ခြင်းလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အဲဒါ ပါဠိလို "အလဂဒ္ဒူပမာပရိယတ္တိ"မြန်မာလို အဆိပ်ထန်တဲ့ မြွေဖမ်းနည်းဥပမာနဲ့တူတဲ့ တရားနာခြင်း၊ စာသင်ခြင်းမျိုးပဲ၊ အဲဒါ သူယုတ်မာတို့ရဲ့နာခြင်း၊ သင်ခြင်းမျိုးတဲ့၊ ကောင်းသေးလား"

"မကောင်းပါဘုရား"

"အဲဒါ တရားစွဲလား၊ အမှားစွဲလား"

"အမှားစွဲပါဘုရား"

"အဲဒီလို တရားနာခြင်း၊ စာသင်ခြင်းမျိုးက သူ့ရည်ရွယ်ချက်အတိုင်း သူတစ်ပါးတော့ နှိပ်ရမယ်၊ နှိပ်နိုင်မယ်၊ သူတစ်ပါးတို့က ကိုယ့်ကို နှိပ်တဲ့ဘေးမှလည်း လွတ်ရရုံမျှပဲ အကျိုးရှိမယ်၊ သူတော်ကောင်းတွေ ခံစားအပ်တဲ့ ဒါန၊ သီလ၊ ဘာဝနာ တို့ရဲ့ ပြည့်စုံခြင်း၊ မဂ်ဖိုလ်, နိဗ္ဗာန် ဆိုတဲ့ အကျိုးကို မခံစားရတော့ဘူး၊ ဒီတော့ မရှုံးဘူးလား"

"ရှုံးပါတယ်ဘုရား"

"ဒါတွင် မကသေးဘူး၊ အဲဒီမကောင်းသဖြင့် သင်တဲ့ နာတဲ့ တရားဟာ အဲဒီသူယုတ်မာအား ရှည်မြင့်စွာသော ကာလ ပတ်လုံး စီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းအကျိုးငှာသာ ဖြစ်တယ်တဲ့နော်"

"မှန်ပါဘုရား"

"ပြီးတော့ လာဘ်လာဘပေါချင်လို့၊ ပူဇော်သက္ကာယ အခြံအရံ အကျော်အစောကို လိုလို့ သင်ကြားခြင်း၊ နာယူခြင်း ဟာလည်း စီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းအကြောင်း မကောင်းမှုစင်စစ်သာဖြစ်တဲ့ သင်ယူခြင်း၊ နာခြင်းမျိုးပဲတဲ့၊ ဒကာမကြီးက ဒါမျိုးတွေ ဟုတ်ရဲ့လား"

"မဟုတ်ပါဘုရား"

"အဲဒီလို ဒုစရိုက်စင်စစ်ဖြစ်တဲ့ တရားနာခြင်း၊ စာသင်ခြင်းမျိုးကို သင်မယ့် နာမယ့်အစား အိပ်နေတာက မြတ်သေးတယ်တဲ့နော်"

"မှန်ပါဘုရား"

"ဒါ့ကြောင့် အဲဒီလို ပုဂ္ဂိုလ်စွဲ ဝါဒစွဲ ရိပ်သာစွဲ အသင်းအဖွဲ့စွဲမျိုးနဲ့ ဘယ်တော့မှ တရားမနာနဲ့နော်"

"မှန်ပါဘုရား"

"အဲ ... အဆိပ်ပြင်းထန်တဲ့ မြွေကို ကိုယ်တို့ အမြီးတို့မှာ မကိုင်ဘဲ အရင်းမှာ ဆိတ်စွာသဏ္ဍာန်ရှိတဲ့ တောင်ဝှေးနဲ့ နှိပ်ပြီးတော့ လည်ပင်းကို ဖမ်းရင် မြွေကိုက်ဦးမလား"

"မကိုက်နိုင်ပါဘုရား"

"မြွေကိုက်မခံရတော့ အသက်ရှည်ခြင်း၊ ချမ်းသာခြင်းသို့ မရောက်ဘူးလား"

"ရောက်ပါတယ်ဘုရား"

"အဲဒီဥပမာအတူပဲ ရှိသေးစွာ တရားတော်ကို သင်ကြား နာယူအံ့၊ သူတစ်ပါးတို့၏ စည်းစိမ်ချမ်းသာကို ဝမ်းမြောက်ခြင်း လှူဒါန်းပေးကမ်းခြင်း၊ သူ့အသက်ကို သတ်ခြင်း စသည်တို့မှ ရှောင်ကြဉ်ခြင်း၊ ဒီရူပကာယ ခန္ဓာကိုယ်၌ ဖောက်ပြန်တတ်တဲ့ တရား၊ ကျင်ကြီး ကျင်ငယ် စသည်တို့ကို ယိုစီးစေတတ် ညှီနံ့တဲ့တရား၊ ဆင်းရဲကြောင်းတရား၊ အလိုမလိုက်တဲ့ တရားအစု ဖြစ်၍ "မြဲခြင်း၊ တင့်တယ်ခြင်း၊ ချမ်းသာခြင်း၊ အစိုးရခြင်းမရှိ" လို့ ဟုတ်မှန်တိုင်း နှလုံးသွင်းခြင်း၊ ပညာရှိတို့ ချီးမွမ်းခံရသဖြင့် ချမ်းသာခြင်း၊ သုဂတိဘုံသို့ လားရသဖြင့် ချမ်းသာခြင်း၊ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း စသည်တို့ရဲ့ကင်းငြိမ်းရာနိဗ္ဗာန်ကို မျက်မှောက်ပြုရသဖြင့် ချမ်းသာခြင်းရဲ့ အကြောင်းဖြစ်၍ စင်စစ် အပြစ်ကင်းသောတရားဖြစ်သည်လို့ သိအောင်ပြုအံ့"

"သိခြင်းဖြင့် သူတစ်ပါးတို့ရဲ့စည်းစိမ်ချမ်းသာတွေကို မငြူစူခြင်း စတဲ့ အပြစ်မရှိတဲ့တရားကို မဆုတ်မနစ် အားထုတ်မယ်လို့ ညာဏ်နဲ့ကပ်ပြီး တရားတော်ကို ကြည့်ရှုဆင်ခြင်ခြင်း၊ ဆင်ခြင်သဖြင့် တရားတော်ကို နှစ်သက်ခြင်း၊ အလေးအမြတ်ပြုခြင်းကို ငါ့ရဲ့ သန္တာန်မှာ ဖြစ်စေအံ့" လို့ တရားတော်ကို နာယူရမယ်၊ စာသင်ရမယ်၊ အဲဒီလို သင်ကြားနာယူမယ်ဆိုရင် အဲဒီလို ကောင်းစွာ သင်ကြား နာယူအပ်တဲ့ တရားတော်တွေဟာ ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး စီးပွားချမ်းသာခြင်းအကျိုးငှာ ဖြစ်တယ်၊ အဲဒီလို နာနော်"

"မှန်ပါဘုရား၊ တပည့်တော် တရားစွဲတာ ဦးပဥ္စင်းဘုရား ပြောတဲ့အတိုင်း စိတ်ထဲမှာဖြစ်ပြီး စွဲတာပါဘုရား"

"အဲဒီလိုတရားကို စွဲလမ်းနှစ်သက်တာကတော့ ကောင်းပါတယ်၊ မစွဲတဲ့သူတောင် စွဲအောင်ပြောပေးရဦးမယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

## သင်ကြားမှတ်သား

အဲ ... ခုပြောခဲ့သလို တရားတော်ကို နာကြားသင်ကြားတဲ့အခါမှာ ဒါနတရားနာရရင် "ငါလည်း ပေးကမ်းလှူဒါန်းပါအံ့"၊ သီလတရားနာရရင်လည်း "ငါလည်း သီလဆောက်တည်အံ့"၊ ဘာဝနာတရားနာရရင် "ငါလည်း ဘာဝနာပွားအံ့"၊ ဝေယျာဝစ္စတရားနာရရင် "ငါလည်း ကြီးသူ စသည်တို့၏ ဝေယျာဝစ္စပြုအံ့"၊ ပတ္တိဒါနတရားနာရရင် "ငါလည်း ငါ့ရဲ့ကုသိုလ်အဖို့ကို အမျှဝေအံ့"၊ ပတ္တာနုမောဒနတရားနာရရင် "ငါလည်း သူတစ်ပါးကုသိုလ်အဖို့ကို ဝမ်းမြောက်နမော် သာဓုခေါ်အံ့"၊ ဓမ္မဿဝန

တရားနာရရင် "ငါလည်း တရားတော်ကို ရိုသေစွာနာအံ့"၊ ဓမ္မဒေသနာတရားကို နာရရင် "ငါလည်း လာဘ်စသည်ကို မငဲ့ဘဲ ကုသိုလ်တရား တိုးတက်ပွားများရန် တရားဟောအံ့"၊ ဒိဋ္ဌိဇုကမ္မတရားနာရရင် "ငါလည်း သာသနာတော်မှ အပဖြစ်တဲ့ ဒိဋ္ဌိတို့ရဲ့ ဖောက်ပြန်တဲ့ မိစ္ဆာအယူကို ပယ်ပြီး ဘုရားရှင်ရဲ့မဖောက်မပြန် ဟုတ်မှန်တဲ့အယူကို လိုက်နာပြီး ဖြောင့်မတ်တဲ့အယူကို ယူအံ့" လို့ နှလုံးပိုက်ပြီး တရားတော်ကို အလေးအမြတ်ပြုလျက် နှစ်သက်ကြည်ညို သင်ကြား မှတ်သား နာကြားရမယ်နော်"

"မှန်ပါဘုရား"

"အဲဒီလို နာတာတောင်မှ ဒေသနာတော်ရဲ့ကိစ္စ မပြီးသေးဘူး၊ ဒေသနာတော်ရဲ့အကျိုး မခံစားရသေးဘူး"

"ဘယ်လိုမှ ခံစားရပါသလဲဘုရား"

"ဘယ်လိုမှ ခံစားရမလဲဆိုရင် အဲဒီဒေသနာတော်မှာ လာရှိတဲ့အတိုင်း ကျင့်သုံးခြင်း၊ နှလုံးသွင်းခြင်းကို လက်တွင်း၌ အရယူမှ ဒေသနာကိစ္စပြီးတယ်၊ ဒေသနာရဲ့အကျိုးကို သုံးဆောင်ခံစားရတယ်လို့ မှတ်ရမယ်"

"မှန်ပါဘုရား၊ တပည့်တော်တို့ တရားနာတိုင်း နာတိုင်း ခန္ဓာနဲ့ တိုက်နာပြီး အတတ်နိုင်ဆုံး လိုက်နာပြုကျင့်ပါတယ် ဘုရား"

"အင်းပေါ့၊ အဲဒီလိုမှပေါ့၊ ဘုရားရှင်ကလည်း ဒါကြောင့် အင်္ဂုတ္တရ နိကာယ်မှာ ဟောထားတာရှိသေးတယ်"

"ဘယ်လို ဟောထားပါသလဲဘုရား"

## သင်နာနည်းဆယ်ချက်

"တရားတော်ကို သင်ကြားနာယူတဲ့သူဟာ -

၁။ အဖန်ဖန် အထပ်ထပ် ကြားနာဖူးရုံရှိကာမျှနဲ့၊

၂။ မိဘ ဘိုးဘွားတို့အဆက်ဆက် ဆောင်ရွက်လေ့ကျက်တဲ့ တရားဖြစ်လို့ အနွယ်အဆက် မပျက်ရုံမျှနဲ့၊

၃။ ဒီတရားက ဒီလိုတဲ့ဟု မှတ်သားရုံမျှနဲ့၊

၄။ ပါဠိကျမ်းဂန် သင်အံခြင်း ပြည့်စုံရုံမျှနဲ့၊

၅။ အကြံအစည်ကို ယူရုံမျှနဲ့၊

၆။ အခြင်းအရာကို ကြံစည်ရုံမျှနဲ့၊

၇။ နည်းကို ယူရုံမျှနဲ့၊

၈။ မိမိတို့အယူနဲ့ တူသလား၊ မတူဘူးလားလို့ နီးနှောရုံမျှနဲ့၊

၉။ တန်ခိုးကြီးတဲ့ပုဂ္ဂိုလ် ဟောပြတဲ့တရားပဲ၊ သင်ကြားနာယူထိုက်တယ်လို့ ထင်မှတ်တဲ့ အဖြစ်မျှနဲ့၊

၁၀။ ဒီဆရာတော်ဟာ ငါတို့အလေးပြုအပ်တဲ့ ဆရာတော်ဖြစ်တယ်၊ တို့ဆရာတော် ဟောပြအပ်တဲ့ တရားဖြစ်လို့ သင်ကြားနာယူသင့်တယ်လို့ နှလုံးသွင်းကာမျှနဲ့ တရားတော်ကို မနာယူ မသင်ကြားရဘူးတဲ့ ဒကာမကြီး"

"ဘယ်လိုနာရပါ့မလဲဘုရား"

"တရားတော် နာတဲ့အခါ -

၁။ ဒေသနာတော်လာတိုင်း မချွတ်မယွင်း နှလုံးသွင်းမယ်၊

၂။ လက်တွင်းအရယူမယ်၊

၃။ မှန်ကန်တဲ့ ဒေသနာတော်နဲ့ လွတ်မြောက်မှုချမ်းသာမှုကို ရအောင်ကြိုးစားမယ်၊

၄။ အပြစ်ရှိတဲ့ အကုသိုလ်တွေကို အကုန်ပယ်မယ်၊

၅။ အကျိုးရှိတဲ့ အကျင့်တရားကို ကြိုးစားကျင့်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နာရမယ်တဲ့ ဒကာမကြီး"

"မှန်ပါ့ဘုရား၊ နာပါ့မယ်"

## ပယ်ခြင်း၊ ကျင့်ခြင်း

"ယခုပြောတဲ့ သဘောအတိုင်းပဲ ဘုရားဘယ်လိုဟောထားခဲ့သလဲဆိုတော့ တရားတော်ကို နာတဲ့သူဟာ ကိုယ်တိုင် ဒီလောဘ ဒေါသစတဲ့ တရားတွေဟာ -

၁။ အကုသိုလ်တွေပဲ၊

၂။ အပြစ်ရှိကုန်တယ်၊

၃။ ဘုရားအစရှိတဲ့ ပညာရှိတွေ ကဲ့ရဲ့အပ်ကုန်တယ်၊

၄။ များသောအားဖြင့် သုံးသပ်ပြုကျင့်လျှင် စီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းဖြစ်လိမ့်မယ်လို့ သိရင် အဲဒီလောဘ ဒေါသ စတဲ့ အကုသိုလ်တရားတွေကို ပယ်ရမယ်တဲ့"

"မှန်ပါဘုရား"

"ဒါအင်မတန် အရေးကြီးတယ်နော်၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းစွဲ၊ ရိုးရာစွဲ၊ အသင်းအဖွဲ့စွဲတွေ ကင်းနိုင်မှ ဖြစ်မယ်၊ သို့မဟုတ်ရင် မလွယ်ဘူး၊ အဲဒါ လွယ်အောင်ကြိုးစားနော်"

"မှန်ပါဘုရား"

"အဲဒါက ပယ်ခြင်းအင်္ဂါဘက်က ဖြစ်တယ်၊ ယခုပြောမှာက ကျင့်တဲ့အင်္ဂါဘက်ကပဲ"

"မှန်ပါဘုရား"

"တရားတော်ကို နာယူတဲ့သူဟာ ကိုယ်တိုင်ပဲ ဒီအလောဘ၊ အဒေါသစတဲ့တရားတွေဟာ -

၁။ ကုသိုလ်တွေပဲ၊

၂။ အပြစ်မရှိကုန်၊

၃။ ဘုရားအစရှိတဲ့ ပညာရှိတွေ ချီးမွမ်းအပ်ကုန်တယ်၊

၄။ ဖြောင့်မတ်ကောင်းမွန်စွာ ကျင့်သုံးရင် စီးပွားတက်ခြင်း၊ လူ့.နတ်.နိဗ္ဗာန်ချမ်းသာ သုံးတန်ခံစံရမယ်လို့ သိရင် အဲဒီအလောဘ၊ အဒေါသစတဲ့ ကုသိုလ်တရားတွေကို ပြည့်စုံစေရမယ်၊ လိုက်နာကျင့်သုံးရမယ်တဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ တရားနာတဲ့အခါမှာ ကိုယ့်ရိုးရာက ဘုန်းကြီးဟောလို့ လူများအောင် ကိုယ်လည်းသွားရမယ်၊ သူများတွေ လည်း ဆွယ်မြှောင်ပြီး သွားရမယ်ဆိုတဲ့ သဘောတွေ ပါသေးလား"

"မပါပါဘုရား"

"ခုခေတ်မှာ အဲဒါမျိုးတွေ တော်တော်များများ တွေ့ရတယ်၊ အဲဒီလို မဖြစ်စေနဲ့နော်"

"မှန်ပါဘုရား"

"နောက်တစ်မျိုး ဘယ်လိုဘုရားရှင်က ဟောထားခဲ့သလဲဆိုတော့ -

"ရဟန်းတို့ သင်တို့ဟာ ငါဘုရားရဲ့ကျင့်သုံးခြင်း၊ နှလုံးသွင်းခြင်း ဓမ္မဆိုတဲ့အမွေကို ခံယူကြကုန်လော့၊ ပစ္စည်းလေးပါး လာဘ်လာဘပေါ်များ နာမည်ကျော်ကြားခြင်းဆိုတဲ့ အာမိသအမွေဥစ္စာကို မခံယူကြကုန်နဲ့" တဲ့။

"အဲဒီလို ဟောထားခဲ့တယ်၊ ဒီတော့ တရားတော်လာအတိုင်း သိရေး၊ သိပြီးတော့ ကျင့်မှုဟာ အရေးကြီးတယ်ဆိုပြီး သိဖို့သဘောနဲ့၊ နာဖို့ ကျင့်ဖို့ သဘောနဲ့နာဖို့ သိပ်ပြီးအရေးမကြီးဘူးလား၊ အရေးကြီးလား"

"အရေးကြီးပါတယ်ဘုရား"

"နောက်တစ်ခုက တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းမရှိဘဲ ဘုရားရှင်ကိုပဲ အမြဲမပြတ် ဖူးမြင်နေတဲ့ ရှင်ဝက္ကလိကို ဘုရားရှင်က -

"ဝက္ကလိ! ငါရဲ့ ရွံရှာစက်ဆုတ်ဖွယ်ဖြစ်တဲ့ ဒီအပုပ်ခန္ဓာကြီးကို ဖူးမြင်နေရုံမျှနဲ့ ဘာအကျိုးရှိမှာလဲ၊ ဝက္ကလိ မသင့်ဘူး"

"ဝက္ကလိ စင်စစ်တော့ ကျင့်ဝတ်တရားကို ကျင့်ကြံလို့ တရားရတနာကို မြင်တဲ့သူမှသာလျှင် ဘုရားရတနာ ငါ့ကိုမြင်မယ်၊ ဘုရားရတနာ ငါ့ကို မြင်တဲ့သူဟာလည်း တရားရတနာကို မြင်တယ်"

"မှန်တယ် ဝက္ကလိ၊ တရားရတနာကို မြင်တဲ့သူဟာ ဘုရားရတနာ ငါ့ကို မြင်တယ်၊ ဘုရားရတနာ ငါ့ကိုမြင်တဲ့သူဟာလည်း တရားရတနာကိုမြင်တယ်" လို့ မိန့်တယ်၊ ဒီတော့ တရားနာတဲ့အခါမှာ တရားကိုသိအောင် အာရုံပြုနာဖို့ အရေးမကြီးဘူးလား"

"အရေးကြီးပါတယ်ဘုရား"

"ဒါမှ တရားရမှာနော်"

"မှန်ပါဘုရား"

"ပုဂ္ဂိုလ်အာရုံပြုနေရင် တဏှာ. မာန. ဒိဋ္ဌိတွေ ပိုပြီးတော့တောင် များမလာဘူးလား"

"များလာပါမယ်ဘုရား"

"တရားက အစွဲဖြုတ်တရားလား၊ အစွဲဖြစ်တရားလား"

"အစွဲဖြုတ်တရားပါဘုရား"

"အင်း၊ အစွဲဖြုတ်တရားနာရင်းနဲ့ အစွဲမဖြစ်စေနဲ့နော်၊ မကောင်းဘူး၊ အိပ်နေတာကမှ အကျိုးရှိတယ်လို့ နောက်က မပြောခဲ့ဘူးလား"

"ပြောခဲ့ပါတယ်ဘုရား"

"ဘာကြောင့် တရားမြင်မှ ဘုရားရှင်ကို မြင်ရလဲဆိုတော့ -

"နဝဝိဓလောကုတ္တရဓမ္မော တထာဂတဿ ကာယောနာမ = နဝဝိဓလောကုတ္တရဓမ္မော = မဂ်လေး၀၊ ဖိုလ်လေးတန် နိဗ္ဗာန်ဟုဆိုအပ်သော၊ကိုးပါးအပြားရှိသောလောကုတ္တရာတရားတော်သည်၊တထာဂတဿ = မြတ်စွာဘုရား၏၊ကာယော နာမ = ကိုယ်မည်၏" တဲ့၊ အဲဒီပါဠိအရပဲ တရားမြင်မှ ဘုရားမြင်မယ်ဆိုတာနော်"

"မှန်ပါဘုရား"

"ဘုရားဖူးတာ အကျိုးမရှိဘူးလို့ ပြောတာမဟုတ်ဘူးနော်၊ အယူလည်းမလွဲနဲ့ဦး"

"မှန်ပါ၊ မလွဲပါဘူးဘုရား"

"ဟိုမှာ ရှင်ဝက္ကလိက ဘုရားနားက မခွာဘဲ တရားမကျင့်ဘဲ ဘုရားကိုပဲ ဖူးနေလို့ ပြောရတာ၊ ခုခေတ်ဆိုရင် ကိုယ့်ရိပ်သာဘုန်းကြီးတရားပွဲဆို တစ်ကောက်ကောက်လိုက်တဲ့သူတွေ အဲဒီလို ပြောရမလားမသိဘူး၊ ဒကာမကြီးတွေကိုတော့ ဒီလို မပြောနိုင်ပါဘူးဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အင်း... ဟုတ်တာပေါ့၊ ဒကာမကြီးတွေက တရားနာပြီးမှ ဘုန်းကြီးဆီရောက်တာပဲဟာ"

"မှန်ပါဘုရား"

"ဒီတော့ တရားနာရုံမျှနဲ့ တရားနာအစစ်မဟုတ်ဘူး၊ စိစစ်ဆင်ခြင်ပြီးတော့ တရားတော်လာအတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်ဖို့ အရေးကြီးတယ်၊ တရားနာအစစ် ဖြစ်တယ်ဆိုတာ သဘောပေါက်လောက်ရောပေါ့နော်"

"မှန်ပါဘုရား၊ ပေါက်ပါပြီ"

"ကဲ... သဘောပေါက်ရင် နောက်ဆုံးသုံးခုမြောက် တရားနာနည်း စာသင်နည်းကို ပြောရအောင်နော်"

"မှန်ပါ၊ ပြောပါဘုရား"

"မင်းရဲ့ဘဏ္ဍာစိုးယောက်ျားဟာ ဘဏ္ဍာတော်တွေကို မပျောက်မပျက်စေရုံ့ ဘဏ္ဍာကို စောင့်ရှောက်ရုံတာဖြစ်တယ်၊ မသုံးဆောင်ရသလိုဘဲ ရဟန္တာပုဂ္ဂိုလ်ဟာ အာသဝေါကင်းပြီးဖြစ်လို့ ရဟန်းကိစ္စပြီးနေလို့ တရားတော်တွေကို မပျောက်မပျက်ရုံသာ သင်ကြားနာယူဆောင်ရွက်တော့တယ်၊ တရားတော်ရဲ့ သီလ စတဲ့ အကျိုးဖြည့်ကျင့်ဖွယ်ကိစ္စ မရှိဘူး၊ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်ရဲ့တရားတော်ကို သင်ကြားနာယူခြင်းဟာ ဘဏ္ဍာစိုးနဲ့တူလို့ "ဘဏ္ဍာဂါရိကပရိယတ္တိ" မည်တယ်လို့ မှတ်ရမယ်နော်"

"မှန်ပါ့ဘုရား"

"ဒီလိုဆိုတော့ ရဟန္တာပုဂ္ဂိုလ်လည်း စာသင်သေးတယ်ပေါ့ဘုရား"

"အင်းပေါ့၊ ငယ်ငယ်ရွယ်ရွယ် ရဟန္တာဖြစ်ရင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာမျိုးလည်း မဟုတ်ရင် စာသင်တာပေါ့"

"မှန်ပါဘုရား"

"ကဲ... ဒါဖြင့် နိဂုံးချုပ်မှတ်သွား -

"ပညာရှိဟာ အနည်းငယ်မျှ မကောင်းမှုကလေးဘဲ အကျိုးမပေးနိုင်ပါဘူးလို့ မကောင်းမှုကို မထေမဲ့မြင် မအောက်မေ့ဘူး၊ ရေပေါက်မိုးဖွား ကျဖန်များရင် ရေအိုးကြီး ပြည့်သည်နှင့်မခြား သူမိုက်ဟာ နည်းနည်းဆည်းပူးဖန်များသော် မကောင်းမှုတွေနဲ့ ပြည့်တယ်"

"ပညာရှိဟာ အနည်းငယ်မျှ ကုသိုလ်လေးပဲ အကျိုးမပေးနိုင်ပါဘူးလို့ ကောင်းမှုကုသိုလ်ကို မထေမဲ့မြင် မအောင့်မေ့ဘူး၊ ရေပေါက်မိုးဖွားကျဖန်များရင် ရေအိုးကြီးပြည့်သည်နှင့်မခြား ပညာရှိဟာ နည်းနည်းဆည်းပူးဖန်များသော် ကောင်းမှုတွေနဲ့ ပြည့်တယ်"တဲ့"

"ဦးတင်ပါတယ်ဘုရား"

✦ ပုဂ္ဂိုလ်မစွဲ၊ တရားစွဲ၊ ကျင့်လဲ ကျင့်ကြံနိုင်စေသော်။

✦ ပုဂ္ဂိုလ်ကိုစွဲ၊ တရားလွဲ၊ ပါယ်ထဲရောက်မှု ရှောင်စေသော်။

# ဘုန်းကြီးအောင် လူကလုပ်ပေးရတယ်

## (၅၄)

န ဟိ ဓမ္မော အဓမ္မောစ၊

ဥဘော သမဝိပါကိနော။

အဓမ္မော နိရယံ နေတိ၊

ဓမ္မော ပါပေတိ သုဂတိံ။

"ဘိက္ခဝေ = ရဟန်းတို့၊ ဓမ္မော = ကုသိုလ်ဓမ္မတရားသည်လည်းကောင်း၊ အဓမ္မော = အကုသိုလ်အဓမ္မတရားသည်လည်းကောင်း၊ ဥဘော = ဓမ္မ အဓမ္မ တရားနှစ်ပါးတို့သည်၊ သမဝိပါကိနော = တူမျှသောအကျိုးကို ပေးစေနိုင်ကုန်သည်၊ န ဟိ ဟောန္တိ = ဘယ်အခါမျှ မဖြစ်နိုင်ကြကုန်၊ အဓမ္မော = အကုသိုလ်အဓမ္မတရားသည်၊ နိရယံ = ငရဲသို့၊ နေတိ = ပို့ဆောင်၏၊ ဓမ္မော = ကုသိုလ်ဓမ္မတရားသည်၊ သုဂတိံ = သုဂတိဘဝသို့၊ ပါပေတိ = ရောက်စေတတ်လေ၏။

(ဟတ္ထိပါလဇာတ်)

ရှင်းပြဦးအံ့၊ ယခုလောကတွင် "ဓမ္မ = တရား" "အဓမ္မ = မတရား" ဆိုသည့် စကားနှစ်မျိုးကို များစွာပင် သုံးနှုန်းလေ့ရှိကြကုန်၏။ ယင်းသို့ သုံးနှုန်းကြသော်လည်း "ဓမ္မ = တရားသဘော" နှင့် "အဓမ္မ = မတရားသဘော" ကိုမူ သဘောပေါက်သူ ရှာမှရှားဖြစ်ပါသည်။

မှန်၏။ သို့ဖြစ်၍ ယခုမျက်မှောက်ခေတ်တွင် "ဓမ္မ = တရား" ကို "အဓမ္မ = မတရား" ထင်၍ ရှောင်ရှားကြကုန်၏။ "အဓမ္မ = မတရား" ကို "ဓမ္မ = တရား" ထင်၍ ပြုလုပ်ကြကုန်၏။

စင်စစ် ဓမ္မတရားဟူသည် "ကုသိုလ်" ပင်ဖြစ်၏။ အဓမ္မ မတရားဟူသည် "အကုသိုလ်" ပင် ဖြစ်၏။ ဆက်၍ခေါ်သော် "တရား.ဓမ္မ = ကုသိုလ်၊ မတရား.အဓမ္မ = အကုသိုလ်" ဟူ၍ ခေါ်နိုင်၏။

ယနေ့မျက်မှောက်ခေတ်ကို ကြည့်ပါ။ တရားဓမ္မ ကုသိုလ်က များသလား၊ မတရားအဓမ္မ အကုသိုလ်က များသလား၊ ယင်းသို့ကြည့်သော် တရားဓမ္မကုသိုလ်တွေ ဆုတ်ယုတ်လျက် မတရားအဓမ္မ အကုသိုလ်တွေ တိုးတက်နေတာကို ကိုယ်တွေ့ ဉာဏ်မြင် တွေ့မြင်နိုင်၏။

ယင်းသို့ တရားဓမ္မကုသိုလ်တွေ ဆုတ်ယုတ်သဖြင့် သတ္တဝါတွေမှာ အသက်. အဆင်း. အစာအာဟာရ စသည်တွေ ဆုတ်ယုတ်လာသဖြင့် ဤခေတ်. ဤအခါကို "ကလိယုဂ်ဆုတ်ကပ်"အခါလို့ ခေါ်ရခြင်းဖြစ်သည်။

ယင်းသို့ ကလိယုဂ်ဆုတ်ကပ်အခါတွင် သတ္တဝါတို့ သန္တာန်၌ တရားဓမ္မကုသိုလ် အဖြစ်နည်းသည်။ ကုသိုလ်အကျိုး ပေးလည်း နည်းသည်။ မတရားအဓမ္မ အကုသိုလ်အဖြစ်များသည်။ အကုသိုလ်အကျိုးပေးလည်း များသည်။

ဓမ္မတရားနှင့် အဓမ္မတရားတို့သည် သဘောသွားခြင်းလည်း မတူ၊ အဖြစ်ခြင်းလည်း မတူကြပေ။ အကျိုးပေးလည်း ထိုနည်းအတူပင်၊ အဓမ္မက ငရဲသို့ ဆောင်မည်၊ ဓမ္မက သုဂတိသို့ ဆောင်မည်။

ယင်းသဘောနှစ်ရပ်ကို တပ်အပ်သိမြင် ပညာရှင်သည် အဓမ္မမတရားကို မိမိကိုယ်တိုင်လည်း ရှောင်ရှား၍ သူတစ်ပါး တို့ကိုလည်း ရှောင်ရှားနိုင်အောင် နည်းလမ်းပြသင့်သည်။ ဓမ္မတရားကို မိမိကိုယ်တိုင်လည်း လိုက်နာပြုလုပ်၍ သူတစ်ပါးတို့ကို လည်း လိုက်နာပြုလုပ်နိုင်အောင် နည်းလမ်းပြသင့်သည်။

သို့သော် ယင်းသို့ကား မဟုတ်ပါချေ။ အဟုတ်ကား ဘယ်သို့နည်း။ လွန်ခဲ့သော နှေကာလတစ်ခုက ဖြစ်ခဲ့၏။ မြို့ တစ်မြို့သို့ တရားဟောရောက်ခဲ့၏။ ရထားမှဆင်း ကား၊ ကားမှဆင်း တည်းခိုရာဓမ္မာရုံသို့ ရောက်လျှင် ရင်းနှီးသောဒကာက သက်ပြင်းချသည်။ ဟီးချသည်။ ထိုအခါ မိမိကမေးသည် -

"ဘာဖြစ်လို့ သက်ပြင်းချ ဟီးချရတာလဲ"

"ဟာ...ဘုရား၊ မနှစ်က တရားပွဲတစ်ပွဲအကြောင်းပြန်တွေးမိလို့၊ မောလွန်းလို့၊ အကုသိုလ်ဖြစ်လွန်းလို့ သက်ပြင်းချ ဟီးချတာပါဘုရား"

"ဘယ်လိုလဲ အကြောင်းပြောစမ်းပါဦး"

"တရားပွဲကျင်းပတာဘုရား၊ လွယ်လွယ်နဲ့ ခက်အောင်လုပ်တယ်၊ အကုန်အကျမများသင့်ဘဲနဲ့ များအောင်လုပ်တယ်"

"ဘယ်လိုလုပ်လဲ၊ လုပ်ပုံလုပ်နည်း ပြောစမ်းပါဦး"

"ခု အရှင်ဘုရားပင့်လာရတာ လွယ်လွယ်ပဲ၊ ရထားကနေ ကားတစ်စီးနဲ့ကြို၊ ခု ဒီရောက်လာ၊ ဘယ်လောက်သက်သာ သလဲဘုရား၊ အရှင်ဘုရားလည်း သက်သာ၊ ကြိုဆိုသူတွေလည်း သက်သာဘုရား"

"အင်း...အင်း"

"မနှစ်ကလည်း ဒီလိုပဲမဟုတ်လားဘုရား"

"အင်း...ဟုတ်တယ်"

"အဲဒါ...အရှင်ဘုရားတို့အပြီး ကိုယ်တော်က မဟုတ်ရသေးဘူးဘုရား၊ သူ့ကို ကားခြောက်စီးနဲ့ ကြိုရမယ်တဲ့၊ ရွှေထီး လည်း မိုးပေးရဦးမယ်တဲ့၊ မြို့ထဲလည်း လမ်းစုံလှည့်ရမယ်တဲ့၊ တပည့်တော်ကလည်း ဒီအကြောင်း မသိဘူး၊ အရှင်ဘုရားတို့ ကြိုသလိုပဲ ကားတစ်စီးထဲနဲ့ သွားကြိုလို့ ဒေါသတွေပွလို့ဘုရား"

"အင်း...အင်း"

"မြို့ထဲ လမ်းစုံအောင် မလှည့်လို့လည်း ဒေါ်ပွတယ်"

"ဒကာကြီးက အကျိုးအကြောင်း မလျှောက်ထားဘူးလား၊ အခက်အခဲ စသည်ပေါ့"

"တပည့်တော် လျှောက်ပါတယ်ဘုရား၊ ကားအခက်အခဲ၊ ဓာတ်ဆီအခက်အခဲ စသည်တွေကို သူက မကျေနပ်ဘူး ဘုရား၊ မြို့ထဲလည်း လမ်းစုံမလှည့်တော့ ဘယ်ပရိသတ်လာမလဲ စသည်နဲ့ ဆူနေတာပေါ့ဘုရား"

"ဒါနဲ့ တပည့်တော်လည်း ကြာတော့ စိတ်မရှည်ဘူးဘုရား၊ စိတ်မရှည်တော့ လျှောက်လိုက်တယ် . . . "အရှင်ဘုရား၊ ပရိသတ်က အရှင်ဘုရား ဘုန်းကံကြီးရင် လာမှာပေါ့" လို့ လျှောက်လိုက်တယ်၊ ဒီတော့ . . . "ဘုန်းကံကြီးအောင် လူကလုပ်ပေး ရတယ်" ဒကာကြီးလို့ ပြန်ပြောတယ်ဘုရား"

"အင်း . . . အင်း . . . သူပြောတာ ဟုတ်သားပဲ၊ လူတွေကလည်း အဲဒါမှ အထင်ကြီးတာ၊ ဦးပဥ္စင်းတို့ ခုလာသလို ကပ္ပိယ တစ်ယောက်၊ ဘုန်းကြီးတစ်ပါး၊ ကားတစ်စီးဆိုတော့ တိတ်တိတ်ဆိတ်ဆိတ် ဖြစ်နေတာပေါ့၊ အဲ . . . နောက်ပါတွေလည်း အများ ကြီး၊ ကားတွေကလည်း အများကြီး၊ အလံတွေ ထိုး၊ အသံချဲ့စက်တွေ တပ်၊ မြို့ထဲလှည့်အော်ပြီး လာရင် မြို့တုန်ဟီးပြီး အထင်ကြီး သွားတာပေါ့၊ အထင်ကြီးသွားရင် ဒီဘုန်းကြီးက ဘယ်လိုပါလိမ့်၊ ရဟန္တာလား၊ ဘာလားဆိုပြီး ပရိသတ်တွေ လိုမ့်လာတာပေါ့၊ ဦးပဥ္စင်းတို့ ခုလာသလို ရိုးရိုးလာတော့ ရဟန္တာလား၊ ဘာလား၊ ညာလားသမားတွေ မလာတော့ဘူး၊ တရားလိုလားတဲ့ ပရိသတ် လောက်ပဲ လာမယ်၊ ဒီတော့ ဘုန်းနည်းတာပေါ့၊ ပရိသတ်နည်းတာပေါ့"

"ခက်တော့ ခက်တာပဲဘုရား"

"ခက်မနေနဲ့ ဒကာကြီး၊ ဒီအခါက "ကလိယုဂ်ဆုတ်ကပ်အခါကြီး" ဒီလိုအခါမျိုးမှာ လူကလုပ်ပေးမှ ရတဲ့ ဘုန်းကံမျိုးပဲ များတယ်၊ ဘုန်းစစ်၊ ဘုန်းမှန်တွေ သိပ်မရှိတော့ဘူး"

"လူတွေကလည်း အသိဉာဏ် နည်းပါတယ်ဘုရား"

"အဲဒီ အသိဉာဏ် နည်းလို့လည်းပဲ လူက လုပ်ပေးရတဲ့ "လုပ်ဘုန်း" တွေ ထွင်ရတာပေါ့၊ အသိဉာဏ်များရင် ဘယ် "လုပ်ဘုန်း" ထွင်လို့ရမလဲ"

"ဦးပဥ္စင်းနဲ့အတူတူ တရားဟောဖက် သူငယ်ချင်းတစ်ပါးကတောင် ပြောတယ်၊ ခက်ခဲတယ်ဘုရားတဲ့၊ ခုလို အရှင်ဘုရား တို့၊ တပည့်တော်တို့လို ဘုန်းကြီးတစ်ပါး၊ ကပ္ပိယတစ်ယောက်၊ ကားတစ်စီးလောက်နဲ့ တိတ်တိတ်ဆိတ်ဆိတ် မြို့တွင်းဝင် တရား ဟောရတာ တိတ်ဆိတ်မှုဝိဝေက ချမ်းသာတော့ရတယ်၊ ကုသိုလ်တော့လည်း ရတယ်၊ ဒါပေမဲ့ လူအထင်မကြီးဘူး၊ လူတွေက တရားမနာချင်ဘူး"

"နောက်ပါလူတွေ အများကြီးခေါ်၊ ကားတွေ အများကြီးနဲ့ အော်ဟစ်ပြီး မြို့တွင်းဝင်လာပြီ တရားဟောမှ လူတွေက အထင်ကြီးတာ၊ တရားနာချင်တာ၊ လူတွေ တရားနာအောင် အဲဒီလို လုပ်ရပုံပေါက်နေပြီ၊ အဲဒီလိုဆိုတော့လည်း တိတ်ဆိတ်မှု ဝိဝေကချမ်းသာ မရဘူး၊ ကိုယ့်ပရိသတ်နဲ့ကိုယ် ရှုပ်နေတာပဲ" တဲ့။

ဦးပဥ္စင်းက ဒီတော့ပြောတယ် "အရှင်ဘုရား၊ တကယ့်တရားစစ် တရားမှန် နာချင်တဲ့လူဟာ သိပ်မများပါဘူး၊ အစစ် အမှန်နာချင်တဲ့လူကို အော်ဟစ်နေစရာ မလိုပါဘူး၊ အော်ဟစ်လို့ လာတာဟာ အစစ်အမှန်သမားတွေ မဟုတ်ပါဘူး" လို့။

ဒီတော့ သူက "ဟုတ်တယ်၊ ဟုတ်တယ်" တဲ့။ "ကဲ . . . မဟုတ်ဘူးလားဒကာကြီး"

"ဟုတ်တာပေါ့အရှင်ဘုရား"

ဒါကြောင့် ဦးပဥ္စင်းကပြောလိုက်တယ် "အရှင်ဘုရား၊ ကိုယ့်မူတော့ မဖျက်လိုက်နဲ့၊ ဒီမူဟာ ကိုယ်လည်းချမ်းသာ တယ်၊ ဒကာ ဒကာမတွေလည်း ချမ်းသာတယ်" လို့။

"အင်း . . . ဟုတ်တာပေါ့ဘုရား"

"အဲဒီမူ သူလည်း လက်ခံတယ်၊ ဒါ ဘာ့ကြောင့် လက်ခံနိုင်သလဲဆိုတော့ တရားသဘောပေါက်လို့ပဲ"

"မှန်ပါ အဲဒီတရား၊ အမိန့်ရှိပါဦးဘုရား"

"လာဘ်ပူဇော်သက္ကာရ အခြံအရံအကျော်အစော သိလောကသည် အပ်တစ်စင်းဝင်သည့်အတွက် ပေါက်ဆိန်ဆယ်စင်း ထွက်သည့်အလား မင်္ဂဖိုလ်တရားမြတ်၏ အန္တရာယ်ကိုပင် အကယ်စင်စစ် ပြုတတ်လှ၏"

(လာဘသက္ကာရသံယုတ်)

"တယ်ပြီး ကြောက်စရာကောင်းပါလားဘုရား"

"အများကြီးပဲ၊ ဒီထက်ကြောက်စရာကောင်းတာတွေ ရှိသေးတယ်"

"အမိန့်ရှိပါဦးဘုရား"

"အဇာတသတ်မင်း ကိုးကွယ်ချီးမြှောက်၊ ဆွမ်းအိုးချက်ငါးရာ၊ အထောက်အပံ့ ခံရသည့်အတွက် ဂုဏ်ကြီးစရာတက်၍ ဘုရားရှင်ကို ပြိုင်ဆိုင်မိခြင်းကြောင့် ဒေဝဒတ်သည် အဝီစိငရဲသို့ ဆင်းသွားရရှာ၏"

"လာဘ်ပူဇော်သက္ကာရဟူသည် မိုးကြိုးစက်ကွင်းလောင်မီးအရင်း စင်စစ်ဖြစ်သည်။ ယင်းသို့သော လာဘ်ပူဇော်သက္ကာရ မိုးကြိုးစက်ကွင်းသည် ရဟန္တာအရှင်ပုဂ္ဂိုလ်တစ်ပါးကိုသာ ချန်ချွင်း၍ ပုထုဇဉ်သေက္ခပုဂ္ဂိုလ် မကြွင်း စင်းစင်းသေအောင် တိုက်ခွင်းတတ်တယ်"

"ငှက်ပျောသီး၊ ဝါးသီး အစရှိသော အသီးတို့သည် မိမိတို့၏မိုရာသစ်ပင်ကို အရှင်လတ်လတ် အသေသတ်ဘိသကဲ့သို့လည်းကောင်း၊ အဿတရိမြင်းမ၏ ကိုယ်ဝန်သည် မိမိအောင်းသည့်ဝမ်းခေါင်းရှင်မွေးမေကို အသေသတ်ဘိသကဲ့သို့လည်းကောင်း၊ ပူဇော်သက္ကာရသည် အနှစ်မရှိသော ငှက်ပျောပင်၊ ဝါးပင်တို့၏ပမာ သတိ ပညာ အစရှိသော ဂုဏ်အနှစ်ကင်းသော ပုဂ္ဂိုလ်များကို များမကြာ ဖျက်ဆီးတတ်သည်"

(လာဘသက္ကာရသံယုတ်)

"ဟင်...ဒါဖြင့် ဒီလာဘ်လာဘ မက်မောမှု၊ အခြံအရံအကျော်အစောမက်မှု၊ ဘုန်းကြီးအောင် လုပ်မှုတို့ဟာ တကယ့်ဘေးကြီးတွေပါလားဘုရား"

"အင်းပေါ့၊ တကယ့်ဘေးကြီးတွေပေါ့၊ ပညာ သတိ မရှိလို့သာ သာယာနေတာ၊ ရှိရင် ကြောက်စရာကြီး"

"လာဘ်များအောင်ကြံဆောင်၊ ဘုန်းကြီးအောင် ဟန်လုပ်ရတဲ့အတွက် နလုံးအညစ်အကြေးပြန့်ပွားတယ်၊ ဒီဘဝမှာလည်း မိုးတိမ်အုပ်ဖုံးတဲ့ လရောင်လို သီလ သမာဓိ ပညာဂုဏ်အရောင်တွေ မထွက်ဘူး၊ သံယာအများ မနှစ်သက်ဘူး၊ ထက်ဝန်းကျင် လူထဲရှင်ထဲမှာလည်း သတင်းပုပ် သတင်းလေ ကျော်လွှမ်းတတ်တယ်၊ သေရင်လည်း အပါယ်လေးပါးအစာ ဖြစ်ရတတ်တယ်"

"အလွန်တွေ့ခဲ အလွန်မြတ်တဲ့ ဘုရားရှင်သာသနာတော်၌ ရဟန်းတစ်ဘဝ ဖြစ်ရပါလျက် လယ်ယာမြေကောင်း၌ မျိုးစေ့ပုပ်၊ မျိုးစေ့ဟောင်းကဲ့သို့ ဖြစ်၍ သာသနာတော်၌ ခိုလှုံရကျိုး မနပ်တော့ဘူး"

"ကြောက်စရာကြီးပါလားဘုရား"

"ကြောက်စရာကြီးလုပ်မနေနဲ့၊ တော်ကြစို့၊ ညောင်းပြီ"

✦ ဘုန်းကြီးလိုလား၊ ဂုဏ်ဖော်ကြွား၊ တရားမဟောသင့်။

✦ လာဘ်ကိုလိုလား၊ ဟန်ဆောင်ကြွား၊ တရားမဟောသင့်။

✦ ဘုန်းဂုဏ်မကြွား၊ ဟန်ဖယ်ရှား၊ တရားဟောလေသင့်။

# ဆိုင်းနောက်ထ တရားဟောတယ်ဘုရား

## (၅၅)

တရားဟူ၍ သာမညပြောလျှင် ကုသိုလ်တရား၊ အကုသိုလ်တရား နှစ်မျိုးလုံးကို ယူရမည်ဖြစ်၏။ သို့ဖြစ်၍ တရားအားထုတ်ပါသည်ဆိုလျှင် ဘယ်တရားအားထုတ်တာလဲ၊ တရားဟောပါသည်ဆိုလျှင် ဘယ်တရားဟောတာလဲ စသည် စိစစ်သင့်၏။

ကုသိုလ်တရားနှင့် အကုသိုလ်တရားတို့မှာ သဘောသွားအားဖြင့် များစွာခြားနားကြသည်။ ကုသိုလ်တရားသည် အထက်သို့ ဆန်တက်သောသဘော ရှိ၏။ အကုသိုလ်တရားသည် အောက်သို့ စုန်ဆင်းသောသဘော ရှိ၏။

တစ်နည်းဆိုသော် ကုသိုလ်တရားသည် တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်အောင် ရွက်ဆောင်တတ်သောသဘောရှိ၏။ အကုသိုလ်တရားသည် တစ်ဆင့်ထက်တစ်ဆင့် နိမ့်သထက်နိမ့်အောင် ဆောင်ရွက်တတ်သော သဘောရှိ၏။

လောကမှာအနိမ့်သို့ဆင်းဖို့ရန်မှာမခဲယဉ်းပါပေ၊ လျှောချလိုက်ရုံသာ ဖြစ်၏။ အမြင့်သို့တက်ရန်မှုအတော်ကြီးခဲယဉ်းလှပေ၏။ ဥပမာဆိုသော် ကျောက်ခဲတစ်လုံးကို တောင်ပေါ်မှ တောင်အောက်ချဖို့မှာ မခဲယဉ်းလှ၊ သို့သော် ကျောက်ခဲတစ်လုံးကို တောင်ပေါ်အရောက် ပစ်မြှောက်မယ်၊ သယ်ဆောင်မယ်ဆိုလျှင်တော့ အားအများကြီး စိုက်ရတော့မည်ဖြစ်၏။

တစ်ဖန်ဆိုရသော် ရေစုန်နှင့်ရေဆန်ဟူ၍ရှိ၏။ လှေကို ရေစုန်အတိုင်း လိုက်မည်ဆိုလျှင် အသာကလေး မျှောချလိုက်ရုံသာ ရှိ၏။ အားမထုတ်ရတော့ပေ။ ရေဆန်ကို တက်အောင်မှုကား အားမထုတ်၍ မရ၊ လှော်ရမည်၊ ခပ်ရမည်၊ ထိုးဝါးနှင့် ထိုးရမည်၊ ကြိုးနှင့် ဆွဲရမည်။ သို့မှသာ ရေဆန်ကို တက်မည်။

ယင်းသို့ဆိုသော် စုန်လမ်း,မျှောလမ်းဖြစ်သည့် အကုသိုလ်တရားဘက်သို့ လိုက်မည်ဆိုလျှင် လွယ်လွယ်ကလေးနှင့် လျှောသွားနိုင်သည်။ ဆန်လမ်း,တက်လမ်းဖြစ်သည့် ကုသိုလ်တရားဘက်သို့ လိုက်မည်ဆိုပါလျှင် မိမိကိုယ်ကို သတိ, သမာဓိ, ပညာတရားတို့ဖြင့် မြဲစွာ ဆောက်တည်ပြီး များစွာ ကြိုးစားမှ ရနိုင်သည်။

ယင်းတွင် "ပါပသ္မိံ ရမတေ မနော = ပုထုဇဉ်သတ္တဝါတို့၏ စိတ်ဓာတ်သည် စရိုက်ဝါသနာအားဖြင့် အကုသိုလ်စုန်လမ်းသို့သာ မျှောလိုက်တတ်ပေ၏။

ယခုအခါကား ဗုဒ္ဓတရားတော်တွေ ထွန်းကားသည့်အခါကြီး ဖြစ်သည်။ ယင်းသို့အခါကြီးမျိုးတွင် အကုသိုလ် အစုန်လမ်းသို့ မလိုက်ဘဲ ကုသိုလ်အဆန်လမ်းသို့သာ လိုက်သင့်၏။

သို့သော် လိုက်ပါ၏လော၊ အဆန်လမ်း မလိုက်ပါပေ၊ သူလို ကိုယ်လို သာမန်လူတွေ မလိုက်တာက ထားပါတော့၊ တရားဟောပါတယ်၊ တရားပြပါတယ်ဆိုတဲ့ သတ္တဝါအများအား အဆန်လမ်း တင်ပေးသူတွေ အစုန်လမ်း လိုက်လျှင် အဘယ်သို့ ဖြစ်မည်နည်း။

တစ်ချိန်သော နေ့ကာလက ဖြစ်ခဲ့၏။ မိမိသည် မြို့တစ်မြို့တွင် တရားဟောနေ၏။ တစ်နေ့သော နံနက်တွင် တရားပွဲ ဖြစ်မြောက်ရေးအဖွဲ့မှ ဒကာတစ်ယောက် ရောက်လာလျှောက်ထား၏။

"လူတွေက တရားနာတာများ လွယ်လွယ်မှတ်လား မသိပါဘုရား၊ တယ်ပြီး မနာချင်ကြဘူး"

"အင်း … တရားဆိုတာ နဂိုထဲက အနည်းကြိုက်ပဲဟာ အများကြိုက်မှ မဟုတ်ဘဲနဲ့"

"ယခု အရှင်ဘုရား တရားပွဲတော့လည်း အများသားပဲ"

"ဘယ်တရားပွဲတော့ လူနည်းလဲ"

"မနစ်ကပေါ့ဘုရား၊ တရားပွဲ လူနည်းရတဲ့ အထဲမှာ တရားဟောတဲ့ ဘုန်းကြီးကလဲ "ဆိုင်းနောက်ထ တရားဟောတယ်"

"ဟင် … ဘယ့်နယ် ဆိုင်းနောက်ထ တရားလဲ၊ ဆိုင်းနောက်ထ တရားလို့ ရှိရသေးလား၊ ပြောစမ်းပါဦး၊ ဆိုင်းနောက်ထ တရားဆိုတာ ဘယ်လိုတရားမျိုးလဲ"

"အင်း … ပြောစမ်းပါဦး၊ ရှင်းရှင်းလင်းလင်း"

"ဆိုင်းနောက်ထတွေဟာ သူတို့ကို ထမင်း. ဟင်း ကောင်းမကျွေးရင် ငါးပိချက်က ဘယ်လို၊ ချဉ်ဟင်းက ဘယ်နည်း စသည်ဖြင့် ထည့်ပြီး ပျက်လုံးထုတ်တော့တာပေါ့"

"အင်း … အခုလည်း တရားဟောဘုန်းကြီးက ပျက်လုံးထုတ်ရောလား၊ ဒကာကြီးတို့ကလည်း ကောင်းကောင်း မကျွေးဘူးလား"

"ခက်တာပဲဘုရား၊ သူက အချိုးမကျတော့ ဒကာ - ဒကာမတွေက ဆွမ်းဟင်းတွေ၊ သိပ်မလာဘူး ဘုရား၊ ဒါပေမဲ့ စားမဖြစ်အောင်တော့ မဆိုးပါဘူးဘုရား။ အဲဒါကို မကျေနပ်တော့ သူ့ကို ဘာနဲ့ ကျွေးတယ်၊ ညာနဲ့ ကျွေးတယ် စသည်ဖြင့် တရားထဲ ထည့်ဟောတယ်ဘုရား"

"အင် … ဒါဆိုင်းနောက်ထ တရားပေါ့နော်"

"မှန်ပါ၊ ဆိုင်းသမားတွေဟာ မကျေနပ်ရင် နောက်ထထဲထည့်တတ်သလို တရားဟောဘုန်းကြီးလည်း မကျေနပ်တာကို တရားထဲ ထည့်ဟောလို့ ဆိုင်းနောက်ထ တရားလို့ ခေါ်တာပါဘုရား"

"အင်း … အင်း ဒါဟာ ဒေါသရဲ့အမှတ်လက္ခဏာပဲပေါ့ ဒကာကြီးရဲ့"

"မြွေပွေး၊ မြွေဟောက်ကို တုတ်နဲ့ ပုတ်ခတ်လိုက်တဲ့အခါ ရှူးခနဲ ထလာတတ်သလို မနှစ်သက်စရာ အာရုံနဲ့ တွေ့ကြုံလာတဲ့အခါ ရှူးရှူးရှဲရှဲဖြစ်ကာ ကိုယ်ရောစိတ်ပါ ကြမ်းတမ်းပြီးတော့ အမျက်ထွက်ခြင်းဟာ ဒေါသရဲ့လက္ခဏာပဲ"

"ဒေါသထွက်တဲ့အခါ ယုဉ်ဖက်တရားတို့လည်း ပူပူလောင်လောင် ရှိကုန်တယ်၊ အဲဒီယှဉ်ဖက် စိတ်စေတသိက်တရားတို့ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေလည်း ဒေါသအရှိန်ကြောင့် ပူပူလောင်လောင် ရှိကုန်တယ်"

"ပြီးတော့ အဲဒီစိတ္တဇရုပ်နဲ့ ပူးကပ်လျက်ဖြစ်ရတဲ့ ကမ္မဇ၊ ဥတုဇ၊ အာဟာရဇရုပ်တွေလည်း အပူဓာတ်ကူးစက်ပြီး တစ်ကိုယ်လုံး လောင်ကျွမ်းခံရတော့တယ်"

"အဲဒါကြောင့် ဒေါသထွက်တဲ့အခါ အသားအရေနီမြန်းပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်တယ်၊ ဒေါသအရှိန် အလွန်အားကြီးရင်တော့ ဒီလောက်ဆိုင်းနောက်ထတရားလောက်နဲ့ မပြီးဘူး၊ မနောပဒေါသိကနတ်တွေလို တစ်ခါတည်း ဘဝပါပြတ်အောင် လောင်ကျွမ်းတယ်"

"ဒေါသဟာ တယ်ကြောက်စရာကောင်းပါလားဘုရား၊ သေတောင်သေနိုင်တယ်"

"အင်းပေါ့၊ ကြောက်စရာပေါ့၊ ဒကာကြီးက အဲဒီတုန်းက ဟိုတရုတ်ကြီးလိုမှ မပြောလိုက်ဘဲ"

"ဘယ်တရုတ်ကြီးလိုလဲဘုရား၊ အမိန့်ရှိပါဦး"

"မီးရထားစီးရတာ ခုခေတ်မှာ လူတွေက အားကြီးကြပ်တယ် မဟုတ်လား"

"မှန်ပါအရှင်ဘုရား"

"ဒီတော့ နေရာရအောင် သူဦး ငါဦးပေါ့၊ ဦးကြတယ်၊ အဲဒီလိုဆိုတော့ ဦးပဥ္စင်းတစ်ပါး ဦးထားတဲ့နေရာကို တရုတ်ကြီးက ဝင်ထိုင်မိတယ်"

"မှန်ပါအရှင်ဘုရား"

"အဲဒီလို ဝင်ထိုင်တော့ သူ့နေရာ၊ ငါ့နေရာနဲ့ ဦးပဥ္စင်းတစ်ပါးနဲ့ တရုတ်ကြီးနဲ့ ငြင်းကြတယ်။ အဲဒီလိုငြင်းတော့ အဲဒီဦးပဥ္စင်းက စိတ်ဆိုးပြီး ဒေါနဲ့ မောနဲ့ ပြောတာပေါ့"

"မှန်ပါအရှင်ဘုရား"

"ဒီတော့ တရုတ်ကြီးက သူ့လူ့ဗြူးစား ငါလူ့ဗြူးစား စိတ်ဆိုးတာ ဘာကောင်းသလဲ လို့ အဲဒီဦးပဥ္စင်းကို ပြောတယ်။ ခုလည်း ဒကာကြီးက "သူ့လူ့ဗြူးစား၊ ငါလူ့ဗြူးစား တရားဟောတဲ့ ဘုန်းကြီး ဆိုင်းနောက်ထ တရားဟောတာ ဘာကောင်းလဲ" လို့ တရုတ်ကြီးပြောသလိုမှ ပြန်မပြောဘဲနဲ့"

"မှန်ပါ၊ ပြောရမလို ဖြစ်နေပြီ"

"ပြောရမလိုဖြစ်နေပြီ မလုပ်နဲ့ ဟိုဘုန်းကြီးတုန်းကတော့ မပြောဘဲနဲ့ ဒီဘုန်းကြီးကျမှ လာပြောတော့ ဘာလဲ၊ ဒီဘုန်းကြီးလည်း ဆိုင်းနောက်ထတရား ဟောမှာစိုးလို့ ကြိုတင်ပြီး ပြောထားတာလား"

"မဟုတ်ပါဘူးအရှင်ဘုရား၊ ပြောတာက အရှင်ဘုရားနဲ့က ရင်းနှီးလို့ စကားစပ်မိလို့ ပြောတာပါ"

"သည်းခံပေါ့ဒကာကြီး၊ ဒါမျိုးက နေရာတကာမှာ ကြုံရတတ်တယ်၊ ဦးပဥ္စင်း ဒီဒကာကြီးတို့မြို့ကို တရားဟောမလာမီ (.........)မြို့မှာ ၁၃ည ဟောခဲ့တယ်"

"မှန်ပါအရှင်ဘုရား"

"အဲဒီမှာ ဦးပဥ္စင်း ဘာတရားဟောလဲဆိုတော့ ပထမဦးဆုံး ညမှာ "မျက်ဖြေတရားတော်" ကို ဟောတယ်"

"မှန်ပါအရှင်ဘုရား"

"အဲဒီလိုဟောတော့ ဘယ်လိုသွားပြီး ကြုံရလဲဆိုတော့ ဦးပဥ္စင်း အရင်ဟောသွားတဲ့ ဘုန်းကြီးက ဒကာကြီးပြောတဲ့ အတိုင်း ပြောရင် ဆိုင်းနောက်ထတရား ဟောသွားတယ်"

"မှန်ပါ အရှင်ဘုရား"

"အဲဒီလို သူမကျေနပ်တာတွေပြောပြီး ဆိုင်းနောက်ထတရား ဟောသွားတာကို ဦးပဥ္စင်းက ဘယ်သိမလဲ၊ အဲဒီလို မသိတော့ ဦးပဥ္စင်းရည်ရွယ်ထားတဲ့အတိုင်း "မျက်ဖြေတရားတော်ကို" ဟောလိုက်တော့ အဖွဲ့က ဒကာတွေနဲ့ ဦးပဥ္စင်းနဲ့ စည်းဝါးကိုက်ထားသလို ဖြစ်မသွားဘူးလား"

"မှန်ပါ ဖြစ်သွားပါတယ်အရှင်ဘုရား"

"အင်း ... အဲဒီလိုဖြစ်တော့ နောက်နေ့လည်းရောက်ရော အဖွဲ့က ဒကာတစ်ယောက်လာပြီး လျှောက်တယ်"

"ဆရာတော်က ညက မျက်ဖြေတရားဟောတော့ လူတွေက တပည့်တော်ကို ဝိုင်းမေးကြတယ်"

"အင်း ... ဘယ်လို မေးကြလဲ"

"ခင်ဗျားနဲ့ ဘုန်းကြီးနဲ့ ဘယ်လိုအချိတ်အဆက်လုပ်ထားသလဲလို့ မေးတယ်ဘုရား"

"ဘာဖြစ်လို့ သူတို့က အဲဒီလို မေးရတာလဲ"

"ဒီလိုဘုရား၊ အရှင်ဘုရား မဟောမီက ဒီမှာ ဘုန်းကြီးတစ်ပါးဟောတယ်၊ နဂိုက တရားပွဲ အစီအစဉ်ထဲမှာ မပါပါဘူး၊ အနားနီးမှ သူ့ဒကာတွေက လာပြီး ဒီမဏ္ဍပ်မှာ ဟောဖို့ စပ်လို့ ဟောတာပါပဲ"

"အင်း ...စပ်ဟော ကပ်ဟော ဆွယ်ကာဟောတော့ ပြဿနာပေါ်ရော့လား"

"တင်ပါဘုရား၊ ပြဿနာပေါ်တယ်ဆိုပါတော့၊ တပည့်တော်တို့က အရှင်ဘုရားတရားပွဲနဲ့ နီးနေလို့ ငြင်းပါတယ်။ သူ့ဒကာတွေက ဘာမှ တာဝန်မယူရပါဘူး၊ တရားပွဲအခင်းအကျင်း လုပ်ပေးရင် တော်ပါပြီဆိုတာနဲ့ တပည့်တော်တို့လည်း လက်ခံလိုက်တယ်။ အဲဒါ ပထမ သူ့ဘာသာသူ လာဟောတယ်၊ အပြန်ကျတော့ တပည့်တော်တို့က သုံးဘီးကားနဲ့ ပြန်ပို့ပါတယ်"

"အင်း ... အင်း"

"နောက်ညကျတော့ မလာဘူးဘုရား၊ ဒါနဲ့ ဒီက အချိန်ကျလို့မလာတော့ စုံစမ်းကြည့်တယ်၊ ကားမလာလို့တဲ့၊ ဒီတော့မှ ကပျာကယာ သုံးဘီးကားရှာပြီး လွှတ်ရတာပေါ့ ဘုရား"

"ပလ္လင်ပေါ်ရောက်တော့ ရှစ်နာရီကျော်နေပြီဘုရား၊ အဲဒါနောက်ကျရတဲ့အထဲ တရားမဟောဘဲ ဒေါ်နဲ့မောနဲ့ ပြော - လိုက်တဲ့ အပြစ်တွေ မနည်းပါဘူးဘုရား"

"ဘာတွေပြောလဲ"

"အမယ်လေး ကြမ်းတမ်းသမှ အရှင်ဘုရားတောင် ပြန်ပြီး မလျှောက်ရဲဘူးဘုရား"

"ဟင် ... အဲဒါ ရိပ်သာက တရားပြဘုန်းကြီး မဟုတ်ဘူးလား"

"အမလေးဘုရား၊ တရားပြဘုန်းကြီးမှ သာမညတောင်မဟုတ်ဘူး၊ မဟာနာယကတဲ့ ဘုရား"

"အင်း ... မဟာနာယကမို့ တော်သေးတာပေါ့၊ အဲဒီမဟာနာယကတွေ ချုပ်တဲ့ မဟာနာယကချုပ်ကြီးဆိုရင်တော့ ဒကာကြီးတို့ ဒီထက်တောင် ခံရမလားမသိဘူး"

"မှန်ပါဘုရား၊ အဲဒီလိုဖြစ်နေပြီ"

"အင်း ... ဒါကြောင့် ဒကာကြီးကို မေးကြတာပေါ့၊ အင်း ... မေးလည်း မေးစရာပဲဟာ၊ ဟိုဘုန်းကြီးက အမျက်ဒေါသ ချောင်းချောင်း ထသွားတယ်၊ ဒီဘုန်းကြီးက မျက်ဖြေတရားတော် ဟောတယ်ဆိုတော့ ထင်စရာပေါ့၊ ဒကာတစ်ယောက် ယောက်က ကြိုတင် လျှောက်ထားလို့ ဟောတယ်လို့"

"မှန်ပါဘုရား"

"အင်း ... အဲဒါမှ ခက်တာ"

"ဘာဖြစ်လို့လဲ ဘုရား"

"ဘာဖြစ်လို့လဲ ဆိုရင် ဒီညဆက်ဟောဖို့တောင် မခက်ဘူးလား၊ မျက်ဖြေတရားတော်ကလည်း ဒီညမှ ဆုံးမှာ"

"ဟောပါအရှင်ဘုရား ဆုံးအောင်ပဲ၊ တပည့်တော်တို့ ဟောနိုင်းလို့ ဟောတာလည်း မဟုတ်ဘူး၊ အရှင်ဘုရားကလည်း သက်သက်သိလို့ ဟောတာမှ မဟုတ်တာပဲဟာ"

"အင်း ... မဟုတ်ပေမဲ့ အဲဒီလိုသိမှာက ဒကာကြီးတို့သုံးလေးယောက်နဲ့ ဦးပဉ္စင်းသာ သိမှာ၊ ဒီမှ တစ်ပါး တခြား လူတွေက ဒကာကြီးကို မေးကြသလို ထင်ကြမှာ"

"မှန်ပါ ထင်မှာကတော့ ထင်မှာပဲ"

"ကဲ ... ထင်လည်း မတတ်နိုင်ဘူး၊ ဟောမယ့်ရည်ရွယ်ချက်အတိုင်းကတော့ ဟောရမှာပဲ၊ ကိုယ့်ဘက်က ရိုးသားဖို့ ပဲ အရေးကြီးတာ မဟုတ်လား ဒကာကြီး"

"မှန်ပါအရှင်ဘုရား"

"ကဲ ... ကဲ ဒကာကြီး၊ ဦးပဉ္စင်းမှာဆို ဒကာကြီးတို့ မြို့မလာမီ ( ........)မြို့မှာ ဟောစဉ်က အဲဒီလို ပထမဘုန်းကြီးက ဆိုင်းနောက်ထတရား ဟောသွားတယ်၊ ဦးပဉ္စင်းက မျက်ဖြေတရားတော်ဟောတယ်၊ အဲဒီလိုဟောတော့ ခုပြောခဲ့သလို ပြဿနာတွေ ထပ်တက်ပြန်တာပေါ့"

"မှန်ပါဘုရား၊ ဒါက မသိလို့ တက်တာပဲဟာ၊ သိရင် ပြေလည်သွားမှာပေါ့ဘုရား"

"အင်းပေါ့၊ ဒီလိုပဲ သဘောထားရတာပေါ့၊ ဒါကြောင့် ဒကာကြီးကိုလည်း သည်းခံလို့ ပြောတာပေါ့၊ ဒါမျိုးဟာ ဒီလိုပဲ ကြုံရတတ်ပုံ၊ ဦးပဉ္စင်းကိုယ်တိုင် ကြုံခဲ့ပုံကို ပြောပြတာ"

"မှန်ပါအရှင်ဘုရား"

"ဒကာကြီးတို့ ကြုံတာက ဘာဟုတ်သေးသလဲ၊ အဲဒီအဖွဲ့က လူတွေ ကြုံတာမှ တရားမဟောသေးဘဲနဲ့ အသား လွှတ်ပြောနေတာ တစ်နာရီလောက်ကို ကြာတယ်တဲ့၊ အဖွဲ့က လူတွေလည်း ပလ္လင်ပေါ်နဲ့ အောက်ကနဲ့ဆိုတော့ ဘာမှပြန်လည် ဖြေရှင်းခွင့် မရဘူးပေါ့"

"တင်ပါ၊ ဒါဆို တပည့်တော်တို့ထက် ဆိုးတာပေါ့ဘုရား"

"အင်း ... ဒါကြောင့် မဟုတ်တဲ့လူ ပလ္လင်ပေါ်ရောက်ရင် ကြောက်ရတယ် ဒကာကြီး"

"မှန်ပါအရှင်ဘုရား"

"အင်း ... ဒါကြောင့် ဒကာကြီးဟာ ခန္တီတရား လက်ကိုင်ထားပြီးတော့ ကြိုးစားပေါ့"

"လောင်စာမရှိတဲ့အရပ်မှာ ကျရောက်တဲ့ မီးရဲ့ပုံပမာလိုပဲ သည်းခံခြင်းဆိုတဲ့သန်လျက်လက်စွဲပြီး ရဲရဲတောက်နေတဲ့ သူ့အား မသူတော်တို့ရဲ့ဒေါသမီး မလောင်မစွဲနိုင်ဘူး"

(စတုရာရက္ခ)

"မှန်ပါအရှင်ဘုရား၊ တပည့်တော် အတတ်နိုင်ဆုံး သည်းခံကြိုးစားပါ့မယ်"

"တအူအူ ဟောင်တတ်ကုန်တဲ့ အရပ်ခွေးတွေရဲ့အလယ်ကြားသို့ တုတ်၊ လက်နက် ကိုင်စွဲပြီးပြေးသွားတဲ့ သူကို အရပ်ခွေးတွေက လွန်စွာဟောင်ချင်တတ်ကြသလို အမျက်ဒေါသဖြင့် ပြစ်မှားတတ်သူကို အမျက်ဒေါသဖြင့် ပြစ်မှားတတ်သူ အပေါင်းက အမျက်ဒေါသနဲ့ အလွန်ပြစ်မှားတတ်တယ်"

"မှန်ပါအရှင်ဘုရား"

ဒါကြောင့် "ပညာရှိ၊ ပညာမဲ့ ပုဂ္ဂိုလ်မျိုးစုံ၊ ဗိုလ်ပုံပရိသတ် အရပ်ထဲမှာ ဒေါသတုတ်စွဲပြီး အရပ်နေကလေး အမိုက်အမဲတို့ ဆဲဆိုဟိန်းဟောက်ချင်စရာ မနေမိဖို့လည်း သတိပြုရမယ်"

"မှန်ပါအရှင်ဘုရား"

"ဒီတော့ ဒေါသမာန်ကို လိုးပြီး သည်းခံခြင်းဆိုတဲ့ခွန်အားနဲ့ များများကြီး ပြည့်စုံရအောင် "ငါသာ ငါပြင်. ငါမမြင်ဟု ဥယင်တဆူ.ပြုမိမူ. ထိုသူသူ့အောက်.နေ့ချင်းရောက်လိမ့်" ဆိုတဲ့ ရှေ့ပညာရှိတို့ စကားကို အထူးသတိထားပေ့ါနော်"

"မှန်ပါအရှင်ဘုရား"

"အဲဒီလို သတိထားပြီး "အစွယ်ကျိုးသော မြွေ. ဦးချိုကျိုးသော နွားရဲ့အလား" ပရိသတ် ဗိုလ်ပုံအကြားမှာ ဒေါသတည်းဟူသော မြွေစွယ်တမြှားမြှား မာနတည်းဟူသော ဦးချိုတမားမားနဲ့ မနေမိဖို့ အရေးကြီးတယ်"

"မှန်ပါအရှင်ဘုရား"

"အတ္တော့မေနေ ဇိနေ ကောဓံ။ ကောဓံ = အမျက်ထွက်သောသူကို၊ အတ္တော့မေန = မိမိက အမျက်မထွက်မှု၊ ဇိနေ = အောင်၏" တဲ့။

"မှန်ပါအရှင်ဘုရား"

"မြွေပွေးတို့ရဲ့ ရှူးရှူးမြည်ပြီး လူကို ခြောက်တတ်ခြင်း၊ မြွေဟောက်တို့ရဲ့ ပါးပျဉ်းထောင်ပြီး လူကို ခြောက်တတ်ခြင်းဟာ အဲဒီလူတို့ကို ရန်အောင်ကြောင်း မဟုတ်ဘူး၊ အဲဒီလူကသာ မြွေဆိုးမုန်းရိပ်မိပြီးတော့ စိစိကျေညက်အောင် ရိုက်နှက်ခံရစရာ အကြောင်းဖြစ်တယ် မဟုတ်လား"

"မှန်ပါအရှင်ဘုရား"

"အဲဒါကို ထောက်ထားပြီးတော့ "ရန်မထောင်မှ ရန်အောင်သည်. ရန်ထောင် - ရန်လျောင် မိတတ်သည်၊ ရန်မလိုမှ ရန်ငြိမ်မည်၊ ရန်လို ရန်ပိုတတ်လှသည်" ဆိုတဲ့အတိုင်း နှလုံးသွင်းနော်"

"မှန်ပါအရှင်ဘုရား"

"အဲဒီလို နှလုံးသွင်းပြီးတော့ - "ပရိသတ် ဗိုလ်ပုံအလယ်ခေါင်မှာ မိမိရဲ့ စိတ်ယုတ်မာကို လူသိရအောင် ဒေါသပါးပျဉ်းထောင်၍ မာန်စောင်တရှူးရှူးနဲ့ မနေမိဖို့ အရေးမကြီးဘူးလား"

"ကြီးပါတယ်အရှင်ဘုရား"

"အင်း ... ဒေါသဟူသည့်မြွေဆိပ်တောက်.ပညာ ဟူသည့် ဆေးဖြင့်လျောက်" ဆိုတဲ့အတိုင်း မတော်တဆဖြစ်ပေါ်လာတဲ့ ဒေါသမြွေဆိပ်ကို အကျိုးအကြောင်းကောင်းစွာ ဆင်ခြင် သိမြင်တဲ့ပညာဖြင့် နာနာနှိပ်နှိပ်၊ သိမ်းနိုင်အောင် အထူးသတိဆောင်ဖို့ အရေးမကြီးဘူးလား"

"ကြီးပါတယ် အရှင်ဘုရား"

"ကဲ တော်ရှော့ပေ့ါ၊ ညောင်းပြီ"

"ဦးတင်ပါတယ်ဘုရား"

- ✧ စုန်လမ်းဆန်လမ်း၊ လမ်းနှစ်လမ်း၊ ခွဲခြမ်းသိပြီသော်၊
- ✧ စုန်လမ်းမကြိုက်၊ ဆန်လမ်းလိုက်၊ အကြိုက်မှန်စေသော်၊
- ✧ စုန်လမ်းလိုက်က၊ အပါယ်ကျ၊ ဆန်က နိဗ္ဗာန်နော်။

# ရှိခိုးတတ်ဖို့တောင်မှ မလွယ်ပါလား

(၅၆)

ယထာပိ ရဟဒေါ ဂမ္ဘီရော၊
ဝိပ္ပသန္နော အနာဝိလော။
ဧဝံ ဓမ္မာနိ သုတွာန၊
ဝိပ္ပသီဒန္တိ ပဏ္ဍိတာ ။ ။

ရဟဒေါ ဂမ္ဘီရော = အလွန်နက်လှစွာသော ရေအိုင်၌ ရေသည်၊ အနာဝိလော = မနောက်သည်၊ ဝိပ္ပသန္နော = အထူးသဖြင့် ကြည်လင်သည်၊ ယောတိယထာ = ဖြစ်သကဲ့သို့၊ ဧဝံတထာ = ထို့အတူ၊ ဓမ္မာနိ = ပြုကျင့်အပ်. မပြုကျင့်အပ်သော တရားတို့ကို၊ သုတွာန = ကြားနာရသည်ရှိသော်၊ ပဏ္ဍိတာ = ကြောင်းကျိုးသိမြင် ပညာရှင်တို့ သည်၊ ဝိပ္ပသီဒန္တိ = အထူးသဖြင့် ကြည်ညိုကြကုန်၏။

(ဓမ္မပဒ)

ဂါထာ၏ အနက်အဓိပ္ပာယ်မှာ ကောင်းလှ၏။ ပေါ်လွင်ထင်ရှားလှ၏။ ရှင်းပြစရာပင် မလိုလှ။ သို့သော် အနည်းငယ်မျှ ရှင်းရသော် ဘုရားရှင် ဟောကြားတော်မူခဲ့သော ရှစ်သောင်းလေးထောင် များမြောင်ထွေပြား တရားတော်များကို အပိုင်းခွဲခြားလိုက်လျှင် - :

၁။ ပြုကျင့်အပ်သည်ကို ညွှန်ပြသည့်အပိုင်းနှင့်

၂။ မပြုကျင့်အပ်သည်ကို ညွှန်ပြသည့်အပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းတွင် အကုန်ပါဝင်တော့၏။

သို့ဖြစ်၍ ဘုရားရှင်၏ တရားတော်တို့ကို လေ့လာသောအခါ၊ ဟောပြောသောအခါ၊ ရေးသားသောအခါတို့တွင် ယင်းအပိုင်းနှစ်ပိုင်း ကွဲပြားဖို့ ခွဲပြဖို့ အထူးလိုအပ်၏။

ပြုကျင့်ရမည်ကို ပြုကျင့်ပုံ ပြုကျင့်နည်းနှင့်တကွ ပြုကျင့်သဖြင့် ရရှိမည့် အကျိုးအာနိသံသပါ ဖော်ပြသင့်၏။ ထို့အတူ မပြုကျင့်သင့်သည်ကိုလည်း မပြုကျင့်သင့်သည့်အကြောင်းနှင့် ပြုကျင့်လျှင် ရရှိမည့် အပြစ်အာဒီနဝကိုပါ ဖော်ပြသင့်၏။

ထိုအခါ အပိုင်းနှစ်ပိုင်း ကွဲပြားစွာ နားလည်သဘောပေါက် သူတို့သည် လိုက်နာပြုကျင့်သင့်သည်တို့ကို လိုက်နာပြုကျင့်၍ ရှောင်ရှားသင့်သည်တို့ကို ရှောင်ရှားနိုင်လိမ့်မည်ဖြစ်၏။ ယင်းသို့သော ပုဂ္ဂိုလ်များသည် အများအပြားရှိသေး၏။

မိမိကိုယ်တိုင် ကြုံခဲ့၏။ တစ်ချိန်သော နွေကာလက မိမိသည် မြို့ကြီးတစ်မြို့တွင် တရားဟော၏။ ယင်းတွင် ထိခြင်းငါးပါးနှင့်အညီ ရှိခိုးပုံကို စနစ်တကျ လက်တွေ့သင်ပြလိုက်၏။ ရှိခိုးနည်းစနစ် လင်္ကာကိုလည်း ချပေးလိုက်၏။

၁။ မျက်ခုံးလက်မ၊ ညှိုးဆံစ၊ ထိရလက်အုပ်ပေ။

၂။ လက်အုပ်ကိုပင်၊ ကြာငုံသွင်၊ အလျင်ချီပါလေ။

၃။ လက်ထောက်ဒူးချ၊ တံတောင်ချ၊ နဖူးကျစေဦးချလေ။

၄။ ဒူးနှစ်ဖက်ထိ၊ တံတောင်ထိ၊ ထိရနဖူးပေ။

၅။ ထိခြင်းငါးမျိုး၊ ညီရှိခိုး၊ စာတ်ဆိုးမာနသေ။

၆။ မာနသေက၊ ကုသိုလ်ရ၊ ဦးချကိုယ့်တွက်ပေ။

နောက်တစ်နေ့ နေ့လယ်တွင် ဒကာကြီးသုံးလေးယောက် ရောက်ရှိလာပြီးလျှင် အရိုအသေ ရှိခိုးဦးချပြီးသော် ထိုင်လျက် လျှောက်ထား၏။

"အရှင်ဘုရား ညကတုန်းက ထိခြင်းငါးပါးနှင့်အညီ ရှိခိုးပုံ ရှိခိုးနည်းကို လင်္ကာနှင့်တကွ ချပေးပြီး လက်တွေ့သင်ပေးလိုက်တာ တော်တော်ကောင်းတယ်ဘုရား"

"အင်း"

"တကယ်တော့ ဒီရှိခိုးတာဟာ တပည့်တော်တို့ နေ့စဉ်ပြုလုပ်နေတဲ့ အလုပ်တစ်ခုပဲဘုရား၊ ဒါပေမဲ့ ညက အရှင်ဘုရား သင်ပြသလို စနစ်တကျ ရှိခိုးတတ်တဲ့သူက အရှားသားပဲဘုရား"

"အင်း ..."

"ညက အရှင်ဘုရားသင်ပြတော့မှ အမယ်လေး အထက် အထက်တရားတွေ ကျင့်ကြံတတ်ဖို့ အသာထားပါဦး ရှိခိုးတတ်ဖို့တောင်မှ မလွယ်ပါလား ဘုရား" လို့ အရှင်ဘုရားလျှောက်ချင်တာနဲ့ တပည့်တော်တို့ လာခဲ့ပါတယ်ဘုရား"

"အင်း ... ဒါဖြင့် ခု ရှိခိုးတတ်ဖို့တောင်မှ မလွယ်ပါလား ဘုရား" လို့ လျှောက်ပြီးပြီမဟုတ်လား၊ ဘာလိုသေးလဲ"

"တပည့်တော်တို့ အဲဒီလင်္ကာလေးတွေကို လိုချင်ပါတယ်ဘုရား၊ အရှင်ဘုရားတတ်နိုင်ရင် ချီးမြှင့်ပါ"

"အင်း ... ညက ဦးပဥ္စင်းက စကားစပ်မိတာနဲ့ ရှိခိုးနည်းတစ်မျိုးသာ သင်ပြလိုက်တာ၊ ဒါက အများဆုံးရှိခိုးတဲ့ ရှိခိုးနည်းပဲ"

"မှန်ပါဘုရား"

"အဲဒီ ရှိခိုးနည်းမှတစ်ပါး အခြားရှိခိုးနည်းတွေလည်း အများကြီး ရှိသေးတယ်"

"မှန်ပါ အဲဒီရှိခိုးနည်းတွေကို အမိန့်ရှိနိုင်ရင် အမိန့်ရှိပါဦးဘုရား"

## ရှိခိုးခြင်းနှစ်မျိုးသုံးမျိုး

"ရတနာသုံးပါးတို့အား အထူးရိုသေခြင်း ရှိခိုးခြင်းဟာ –

၁။ ဝန္ဒနာ = ရှိခိုးခြင်း၊

၂။ အဉ္ဇလီကမ္မ = လက်အုပ်ချီခြင်းရယ်လို့ နှစ်မျိုးရှိတယ် ဒကာကြီး"

"မှန်ပါဘုရား"

"အဲဒီနှစ်မျိုးမှာ -

၁။ မိမိကိုယ်ကို နှိမ်ချတဲ့အစွမ်းဖြင့် ကိုယ်အင်္ဂါကို၊ ရတနာသုံးပါးတို့သို့ ရှေးရှုညွတ်ကိုင်း၍ ပူဇော်ခြင်းဟာ "ဝန္ဒနာ = ရှိခိုးခြင်းပဲ"။

၂။ ကိုယ်ကို မညွတ်စေမူ၍ လက်အုပ်ချီလျက် ဦးခေါင်းထက်၌ တင်ထားခြင်းဟာ "အဉ္ဇလီကမ္မ - = လက်အုပ်ချီခြင်းပဲရယ်လို့ နှစ်မျိုးမှတ်ထားနော်။

"မှန်ပါဘုရား"

"စင်စစ်တော့ ဝန္ဒနာခေါ် ကိုယ်ညွတ်ခြင်းဟာလည်း ရှိခိုးခြင်းပဲ၊ အဉ္ဇလီကမ္မခေါ်လက်အုပ်ချီခြင်းဟာလည်း ရှိခိုးခြင်းပဲနော်"

"မှန်ပါဘုရား"

"အဲဒီပါဠိအနေအထားအရ သဘောသွားကိုသာ ရှင်းပြနေရတာပဲ"

"မှန်ပါဘုရား"

ဒီတော့ ရှင်းရှင်းမှတ်လွယ်အောင် ပြောရလျှင် -

၁။ လက်အုပ်မချီမူ၍ ကိုယ်အင်္ဂါကို ညွတ်ခြင်းဟာ "ဝန္ဒနာ" ပဲ။

၂။ ကိုယ်အင်္ဂါမညွတ်မူ၍ လက်အုပ်ချီခြင်းဟာ "အဉ္ဇလီ ကမ္မ" ပဲ။

၃။ ကိုယ်အင်္ဂါလည်း ညွတ်မယ်၊ လက်အုပ်လည်း ချီမယ်၊ နှစ်ပါးစုံပြုမယ်ဆိုရင် "ဝန္ဒနာအဉ္ဇလီကမ္မ "ပဲရယ်လို့ သုံးမျိုးပြောနိုင်တယ်ပေါ့နော်"

"မှန်ပါဘုရား

"သဘောပေါက်လား"

"ပေါက်ပါတယ်ဘုရား"

## လက်အုပ်ချီပုံ

"အဉ္ဇလီကမ္မခေါ်တဲ့ လက်အုပ်ချီပုံနဲ့ ပတ်သက်လို့ စနစ်ကျဖို့ကလဲ အရေးကြီးတယ် ဒကာကြီး"

"အမိန့်ရှိပါဦးဘုရား"

"လက်အုပ်ဆိုတာ ပြည့်စုံတဲ့ ပဒုမ္မာကြာငုံဖူးနဲ့တူစွာပြုတဲ့ လက်အုပ်တဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ လက်အုပ်ဆိုတာ ခုံးခုံးကလေး၊ ပဒုမ္မာကြာငုံဖူးပွင့်ကာနီးပုံ အနေဖြစ်စေ ရမယ်ပေါ့လေ"

"မှန်ပါဘုရား"

"လက်ဝါးနှစ်ဖက် ကပ်ပြီး ပြောနေရင် လက်အုပ်ဟုတ်ပါ့မလား"

"မဟုတ်ပါဘုရား"

"အဲဒီလက်အုပ်ချီပုံကို ကိုးခန်းပျို့မှာ စနစ်တကျ ဒီလိုလင်္ကာသီပြခဲ့တယ် -

"ထိုရောကာလ၊ ထိုခဏ၌
ထိုမျှရှုဝန်း၊ ထိုရဟန်းတို့၊
ရှိပန်းဖြူးဖြူး၊ ကြာငုံဖူးသို့၊
ရှိဦးပလ္လင်၊ ပူဇော်တင်လျက်" တဲ့။

"မှန်ပါဘုရား"

"ခုခေတ် ရှိခိုးနည်းဟာ အများအားဖြင့် "ဝန္ဒနာအဉ္ဇလီကမ္မ" နှစ်မျိုး တွဲရက်တွေပဲ များပါတယ်နော်"

"မှန်ပါဘုရား"

## ရှိခိုးနည်းလေးမျိုး

"တစ်ခါ အဲဒီ ရှိခိုးနည်းနှစ်မျိုးကို ထပ်ပြီးတော့ ခွဲပြမယ်ဆိုရင် -

(က) ရပ်လျက်ရှိခိုးခြင်း၊

(ခ) ထိုင်လျက် ရှိခိုးခြင်း၊

(ဂ) ရင်ဖြင့် ဝပ်လျက် ရှိခိုးခြင်း၊

(ဃ) ရှိခိုးသည်ကို သိကြောင်း အမှတ်ကိုပြ၍ ရှိခိုးခြင်းရယ်လို့ လေးမျိုးရှိပြန်တယ် မဟုတ်လား"

"မှန်ပါဘုရား"

"သူ့နေရာနဲ့သူ ရှိခိုးရမယ့် နည်းလေးမျိုးကို ပြတာနော်၊ နေရာ မရောစေနဲ့"

"မှန်ပါဘုရား"

## (က) ရပ်လျက်ရှိခိုးနည်း

အဲဒီလေးမျိုးမှာ ရပ်လျက်ကိုယ်ကို ညွတ်ကိုင်းပြီးတော့ လက်အုပ်ချီမိုးကာ ရတနာသုံးပါးတို့အား ရှိခိုးခြင်းဟာ "ရပ်လျက် ရှိခိုးခြင်း" ပေါ့နော်။

"မှန်ပါအရှင်ဘုရား"

"အဲဒီရှိခိုးနည်းက ရွာတွင်းစသည်မှာ ရှိခိုးရမှာ၊ ရဟန်းသံဃာတွေ ရွာတွင်း၊ မြို့တွင်း ကြွတဲ့အခိုက်မှာ ရှိခိုးရမှာနော်"

"မှန်ပါဘုရား"

"ရွာတွင်းမှာ ဒူးနှစ်ဖက်၊ လက်နှစ်ဖက်၊ ဦးခေါင်းဆိုတဲ့ အင်္ဂါတွေကို မြေကြီးထိအောင် ရှိခိုးလို့ ဘယ်ကောင်းမလဲနော်"

"မှန်ပါဘုရား"

"ဒီတော့ ရွာတွင်းစတဲ့ အရပ်ထဲမှာ လမ်းမှာဆိုရင်ပေါ့၊ အဲဒီအခါမှာ ရှိခိုးလိုရင် ကိုယ်ကို ရှေ့သို့ညွတ်ကိုင်းစေပြီးတော့ "ဝန္ဒာမိ အယျေ = အရှင်ဘုရား ရှိခိုးပါ၏" လို့ လျှောက်ထားပြီး လက်အုပ်ချီမြှောက် သွားရမယ်တဲ့နော်"

"မှန်ပါဘုရား"

"နတ်တွေဟာ ဘုရားရှင်ထံလာလျှင် မတ်တပ်ရပ်ပြီး လက်အုပ်ချီမိုး ရှိခိုးလျက်သာ အနေများတယ်"

"မှန်ပါဘုရား"

"ဟို အာဠာနာဋိယသုတ္တန်ကို လာပြီးလျှောက်တဲ့ တစ်နေရာလောက်ပဲ ထိုင်လျက်ရှိခိုးပြီး ထိုင်လျက်နေတာ တွေ့ရတယ်နော်"

"မှန်ပါဘုရား"

"အဲဒီနတ်တွေက ဘာဖြစ်လို့ ရပ်လျက်ရှိခိုးပြီး ရပ်လျက်သာနေသလဲဆိုတော့ သိပ်မထိုင်နိုင်လို့လည်း တစ်ကြောင်း၊ ပြန်ချင်ဇောကလည်း အားကြီးလို့လည်း တစ်ကြောင်းကြောင့်တဲ့နော်"

"မှန်ပါဘုရား"

"သိပ်မထိုင်နိုင်တာက သူတို့ကိုယ်က နူးညံ့လွန်းလို့၊ ပြန်ချင်ဇောအားကြီးတာက လူနံ့တွေ မခံနိုင်လို့တဲ့ဒကာကြီး"

"မှန်ပါဘုရား"

"အဲဒီ လူနံ့မခံနိုင်တဲ့ နတ်တွေက လူကိုယ်ကို ဝင်ပူးပါ့မလား ဒကာကြီး"

"ဘယ်ဝင်ပူးမလဲ ဘုရား"

"ဝင်ပူးတဲ့နတ်တွေဟာ အောက်နတ်တွေ အညံ့စားနတ်တွေလို့ မှတ်ထားနော်"

"မှန်ပါဘုရား"

## (ခ) ထိုင်လျက် ရှိခိုးနည်း လေးမျိုး

ထိုင်လျက်ရှိခိုးနည်းကလည်း လေးမျိုးရှိပြန်တယ်၊ အဲဒီလေးမျိုးက ဘာတွေလဲဆိုတော့ -

| | | | |
|---|---|---|---|
| ၁။ | ဧကပတိဋ္ဌိတ | = | ထိခြင်းတစ်ပါးနှင့်အညီ ရှိခိုးနည်း။ |
| ၂။ | ဒွိပတိဋ္ဌိတ | = | ထိခြင်းနှစ်ပါးနှင့်အညီ ရှိခိုးနည်း။ |
| ၃။ | စတုပတိဋ္ဌိတ | = | ထိခြင်းလေးပါးနှင့်အညီ ရှိခိုးနည်း။ |
| ၄။ | ပဉ္စပတိဋ္ဌိတ | = | ထိခြင်းငါးပါးနှင့်အညီ ရှိခိုနည်းဟူ၍ လေးမျိုးတို့ပဲ ဒကာကြီး" |

"မှန်ပါဘုရား"

"၁။ အဲဒီလေးမျိုးမှာ ဒူးတစ်ဖက်ကိုတုပ်လျက် မြေထက်၌ထားပြီး ရှိခိုးခြင်းဟာ "ဧကပတိဋ္ဌိတ = ထိခြင်းတစ်ပါးနှင့်အညီ" ရှိခိုးခြင်းပေါ့၊ ရှင်းရှင်းပြောရလျှင် ဒူးတစ်ဖက်ထောက် ရှိခိုးခြင်းပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီ ဧကပတိဋ္ဌိတ = ထိခြင်းတစ်ပါးနှင့်အညီ ရှိခိုးခြင်းကို သဟမ္ပတိဗြဟ္မာကြီး ရှိခိုးတယ်ဒကာကြီး"

"မှန်ပါဘုရား"

"ရှိခိုးပုံက ဒီလို၊ သဟမ္ပတိဗြဟ္မာကြီးကို လက်ဝဲတစ်ဖက် ပုခုံးထက်၌ ကိုယ်ဝတ်စမွယ်တင်၍ လက်ယာပုဆစ်ဒူးဝန်းကို မြေ၌တုပ်ပြီးလျှင် ဘုရားရှင်ရှိတော်မူရာ အရပ်သို့ လက်အုပ်ကို ညွတ်စေသတဲ့ ဒကာကြီး"

"မှန်ပါဘုရား"

"ဩော် . . . ဟုတ်တယ်၊ အဲဒါ သတိထားဖို့ကောင်းတယ်၊ အဝတ်က ပုခုံးနှစ်ဖက်စလုံး ၊ ဖုံးထားတော့ ပုခုံးတစ်ဖက် ဖော်ဖို့ မလွယ်ဘူး၊ ပုခုံးနှစ်ဖက်လုံး ဖုံးထားရင်လည်း မရှိသေရာရောက်တယ်၊ ဒါကြောင့် အပေါ်ရုံအဝတ်ကို ပုခုံးနှစ်ဖက် ခြုံထားရာမှ ပြောင်းပြီး ခုခေတ် သင်္ကန်းရမ်းထားသလို ပြုလုပ်တာမျိုးပေါ့"

"မှန်ပါဘုရား"

"ဒါကြောင့် ဒကာ ဒကာမတွေ ရှိခိုးဦးချတဲ့အခါ တဘက်ကို ပုခုံးပေါ်တင်တယ်ဆိုတာ ကိုယ်ဝတ်စမှာယ်တင်တဲ့ သဘောပေါ့"

"မှန်ပါဘုရား၊ တင်တော့တင်တာပါပဲ၊ အဓိပ္ပာယ်တော့ ခုမှပဲ သိရပါတယ်"

"ဒီတော့ တဘက်တင်ရင် ဘယ်ဘက်နဲ့ ညာဘက်မှာ ဘယ်ဘက်မှာပဲ တင်ရမယ့်အဓိပ္ပာယ်လည်း ပါတယ်နော်"

"မှန်ပါ၊ ပါပါတယ်ဘုရား"

၂။ ယခုကာလ ယခုခေတ်မှာ ပုဆစ်တုပ်လျက် ရှိခိုးတဲ့အခါ "ဒွိပတိဋ္ဌိတ = ထိခြင်းနှစ်ပါးနှင့်အညီ ရှိခိုးခြင်းကို ရနိုင်တာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

၃။ ပုဆစ်တုပ်လျက် လက်နှစ်ဖက်ကိုထောက်၍ ရှိခိုးတဲ့အခါ "စတုပတိဋ္ဌိတ = ထိခြင်းလေးပါးနှင့်အညီ ရှိခိုးခြင်းကို ရနိုင်တာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

၄။ ဒူးနှစ်ဖက်၊ လက်နှစ်ဖက် ဦးခေါင်းဟု ဆိုအပ်သော အင်္ဂါငါးပါးတို့ကို မြေ၌ထားလျက် ရှိခိုးခြင်းသည် "ပဉ္စပတိဋ္ဌိတ = ထိခြင်းငါးပါးနှင့်အညီ ရှိခိုးခြင်းပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

ယခုပြောခဲ့တဲ့ ထိခြင်းတစ်ပါး၊ နှစ်ပါး၊ လေးပါး၊ ငါးပါး ဆိုတာတွေဟာ အထူးထိခြင်းကို ရည်ရွယ်ပြောတာနော် ဒကာကြီး"

"မှန်ပါတယ်ဘုရား"

"ခြေနှစ်ဖက် မြေကြီးမှာ ထိထားတာကို ထိခြင်းအနေ မယူရဘူး၊ ထိုင်တဲ့အခါမှာလည်း တင်ပါးနဲ့ ကြမ်းနဲ့ စသည် ထိနေတာကို ထိခြင်းအနေ မယူရဘူးနော်"

"မှန်ပါဘုရား"

"ပဉ္စပတိဋ္ဌိတ ဟူသည် ပုဆစ် ဒူးဝန်းနှစ်ဖက်၊ လက်နှစ်ဖက် သို့မဟုတ် တံတောင်နှစ်ဖက်၊ နဖူးပြင်ကို ထိစေ၍ဆိုတဲ့ ပါဠိအတိုင်း မှတ်ထားပေါ့နော်"

"မှန်ပါဘုရား"

"ဒါကြောင့် ရပ်လျက်ရှိခိုးတဲ့အခါမှာ ဒူးဝန်းနှစ်ဖက် လက်နှစ်ဖက် ဦးခေါင်းအင်္ဂါငါးပါးတို့ရဲ့ ရှေးရှုညွတ်ခြင်းမျှကိုသာ ရနိုင်တယ်၊ ထိခြင်းငါးပါးတို့အနက် တစ်ပါးမှ မရဘူးလို့ မှတ်ရမယ် ဒကာကြီး"

"မှန်ပါဘုရား"

"တချို့ကတော့ -

၁။ ခြေအင်္ဂါ

၂။ ပုဆစ်ဒူးအင်္ဂါ

၃။ တံတောင်ဆစ်အင်္ဂါ

၄။ လက်အင်္ဂါ

၅။ ဦးခေါင်းအင်္ဂါရယ်လို့အင်္ဂါငါးပါးကိုအညီအညွတ်ပြု၍ထိစေခြင်းတည်စေခြင်းကို"ပဉ္စပတိဋ္ဌိတ = ထိခြင်းငါးပါး" လို့ ဆိုပြန်တယ် ဒကာကြီး"

"မှန်ပါဘုရား"

"အဲဒီနည်းကို ဆရာတော်တွေ သိပ်ပြီးတော့ သဘောမကျဘူး၊ သိပ်မသုံးဘူး ဒကာကြီး"

"မှန်ပါဘုရား"

"ဒီတော့ ထိခြင်းငါးပါးနှင့်အညီ ရှိခိုးခြင်းမှာ ညက ဦးပဉ္စင်းချပေးတဲ့ လက်နှင့်အညီ ရှိခိုးတာဟာ ယခုဒီမှာ ပထမပြောတဲ့နည်းပဲနော်၊ အဲဒီနည်းပဲ မှတ်ထား"

"မှန်ပါဘုရား"

"အဲဒီထိခြင်းငါးပါးအပြင် ရဟန်းငယ်တွေက မိမိဆရာတွေကို၊ ရဟန်းတွေက ဘုရားရှင်ကို ထိခြင်းငါးပါးနှင့်အညီ ရှိခိုးတာ တစ်မျိုးပြသေးတယ် ဒကာကြီး"

"အဲဒါ အမိန့်ရှိပါဦးဘုရား"

"ဒါက ဝိနည်းလာ ထိခြင်းငါးပါးပေါ့၊ ခုနက ပြောခဲ့တာတွေက သုတ္တန်လာ ထိခြင်းငါးပါးပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဝိနည်းလာ ထိခြင်းငါးပါးက -

၁။ လက်ဝဲတစ်ဖက် ပုခုံးထက်၌ ကိုယ်ဝတ်စမွှာယ်တင်ခြင်း၊

၂။ လက်အုပ်ချီခြင်း၊

၃။ ရှိခိုးထိုက်သော ပုဂ္ဂိုလ်၏ခြေကို ဆုပ်နယ်ခြင်း၊

၄။ ချစ်မြတ်နိုးခြင်း၊

၅။ ရိုသေလေးမြတ်ခြင်းဆိုတဲ့ အင်္ဂါငါးပါးနှင့်အညီ ရှိခိုးတာကို "ပဉ္စပတိဋ္ဌိတ = ထိခြင်းငါးပါးနှင့်အညီ ရှိခိုးတယ်လို့ခေါ်တယ်နော် ဒကာကြီး"

"မှန်ပါဘုရား"

"အဲဒီရှိခိုးနည်းက ခုနကပြောခဲ့တဲ့ ပုဂ္ဂိုလ်တွေရှိခိုးတဲ့ ရှိခိုးနည်းနော်၊ ဝိနည်းလာရှိခိုးနည်းပဲ၊ အဲဒီနည်းနဲ့ ဒကာမတွေက ရဟန်းတော်တွေကို ရှိခိုးလို့ မဖြစ်ဘူး ဒကာကြီး၊ အဲဒါလည်း မှတ်ထားဦး"

"မှန်ပါဘုရား၊ မှတ်ပါမယ်"

"အချို့ဒကာမတွေ ရှိသေးတယ်၊ ဘုန်းကြီးကြွလာတဲ့လမ်းမှာ ဆံပင် ဖြန့်ခင်းကြတယ်၊ ဒါကို ဘုန်းကြီးက ဘယ်နှင်း ကောင်းမလဲ ဒကာကြီး"

"တချို့ဘုန်းကြီးတွေ နင်းပါလားဘုရား"

"အပြစ်မကြောက်လို့ နင်းတာတော့ ဘယ်တတ်နိုင်မလဲ၊ အပြစ်ကြောက်တဲ့ ရဟန်းတော်တွေ မနင်းကောင်းဘူး ပြောတာပဲ"

"နေပါဦးဘုရား၊ ဒကာမတွေက ဘုန်းကြီးကို ထမ်းစင်နဲ့ ထမ်းတာကို ဘုန်းကြီးက အထမ်းခံကောင်းလား ဘုရား"

"ဘယ်ကလာ အထမ်းခံကောင်းမလဲ"

## (ဂ) ရင်ဖြင့်ဝပ်လျက် ရှိခိုးခြင်း

"ကဲ ... အဲဒါတွေထားတော့၊ ရင်ဖြင့်ဝပ်လျက် ရှိခိုးခြင်းကို ပြောကြစို့"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"တိဿမင်းကြီးဟာ ကုရုဏ္ဍကလိုဏ်ဂူမှာ သီတင်းသုံးတော်မူတဲ့ ဝါတော် (၆၀) ထေရ်ကြီးကို မိကျောင်းသဖွယ် မြေဝယ်ပြားပြား ရင်ဝမ်းလျားဖြင့် ရှိခိုးလျက် -

"ငါသည် အရှင်မြတ်၏ ကိလေသာ၊ တဏှာမှ ဝေးကွာတော်မူသည်ဖြစ်၍ လူနတ်ပြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော ရဟန္တာ၏အဖြစ်ကို ရှိမခိုးပါ၊ စင်စစ်သော်ကား ပုထုဇဉ်ဘဝ၌တည်၍ ဝါတော် (၆၀) ကာလတိုင်အောင် ကျိုးပေါက်ပြောက်ကျားခြင်းမရှိပကတိစင်ကြယ်စွာ စောင့်သုံးတော်မူအပ်သော သီလကိုသာလျှင် ရှိခိုးပါ၏" လို့ လျှောက်ထားပြီး ရှိခိုးတယ်ဒကာကြီး၊ အင်မတန် ကြည်ညိုလို့ပေါ့နော်"

"မှန်ပါဘုရား"

"နောက် ... ဒကာမကြီးတစ်ယောက်က သူ့သားရဟန်းတော်ကို ကြည်ညိုလွန်းလို့ သားရဟန်းတော် သွားတဲ့အရပ်သို့ ရှေးရှုရင်းဖြင့် မိကျောင်းအလား ပြားပြားဝပ်လျက် ရှိခိုး၍ -

"စင်စစ် ငါ့သားရဟန်းတော်နှင့်တူသော ရဟန်းကို ဘုရားရှင်၏ မျက်မှောက်၌ဖြစ်သော သက်သေသာခကေ ပြု၍ ဘုရားရှင်သည် ရထားပမာ ထင်စွာပြု၍ ဟောတော်မူအပ်သောအကျင့်၊ နာဠကရဟန်း၏အကျင့်၊ ပစ္စည်းလေးပါးတို့၌ ရောင့်ရဲတတ်သော သူ၏အကျင့်၊ ဘာဝနာ၌ ပျော်မွေ့သော သူ၏အဖြစ်ကို ပြတတ်သော မြတ်သောအရိယာတို့၏ အနွယ်ဖြစ်သောအကျင့်ကို ဟောတော်မူပြီ"

"မွေးမယ်တော်၏ အိမ်ဂေဟာ၌ ဝါတွင်း (၃) လပတ်လုံး ဆွမ်းဘုဉ်းပေးသုံးဆောင်ပါသော်လည်း "အဟံ ပုတ္တော = ငါသည် သားတည်း" "တွံ မာတာ = သင်သည် မယ်တော်တည်း" ဟု စကားမပြောဆိုသော ငါ၏သား ရဟန်းတော်သည် ဩော် ... အံ့ဖွယ်ရှိသော လူမြတ်ယောက်ျားပေတည်း" လို့ ပြောဆိုတယ် ဒကာကြီး"

"မှန်ပါဘုရား"

"အဲဒီဝတ္ထုကြောင်း နစ်ခုရဲ့အကျယ်သိချင်ရင်တော့ "သီလဝတ္ထု" သီလကြီးလေးပါးအခန်းမှာ ကြည့်ပေါ့ဒကာကြီး"

"မှန်ပါဘုရား"

## (ဃ) ရှိခိုးသည်ကို သိကြောင်း အမှတ်ပြု၍ ရှိခိုးခြင်း

"ကဲ ... ရှေ့သွားကြစို့၊ ရှေ့သွားကြစို့ဆိုတော့ ယခုပြောမယ့် လေးခုမြောက် ရှိခိုးသည်ကိုသိကြောင်း အမှတ်ပြု၍ ရှိခိုးခြင်းကို သောဏဒဏ္ဍပုဏ္ဏားကြီး ရှိခိုးတယ်လို့ မှတ်ထားနော်"

"မှန်ပါဘုရား"

"အဲ... သောဏဒဏ္ဍပုဏ္ဏားဟာ ဘုရားရှင်ရဲ့တရားတော်ကို နာကြားပြီး သရဏဂုံတည်တယ်၊ နောက်... ဆွမ်းလည်း ကပ်တယ်၊ အဲဒီဆွမ်း ကပ်အပြီးမှာ ဘုရားရှင်ကို လျှောက်တယ် -

"အရှင်ဂေါတမတပည့်တော်ဟာပရိသတ်ထဲမှာဖြစ်၍ဦးရစ်ခေါင်းပေါင်းကို ချွတ်လိုက်ပါလျှင်အရှင်ဂေါတမကို ဦးခေါင်းညွှတ်ကိုင်းတုပ်ဝပ်၍ ရှိခိုးခြင်းဟူ၍ အရှင်ဂေါတမ မှတ်တော်မူပါလော"

"အရှင်ဂေါတမ တပည့်တော်ဟာ ယာဉ်အထက်မှနေသည်ဖြစ်၍ ထီးကို ရုပ်သိမ်းလိုက်ပါလျှင် အရှင်ဂေါတမကို ဦးခေါင်းညွှတ်ကိုင်း ရိုကျိုး၍ ရှိခိုးခြင်းဟူ၍ အရှင်ဂေါတမမှတ်တော်မူပါလော" တဲ့၊ အဲဒီလိုလျှောက်ထားပြီး ရှိခိုးတယ်ဒကာကြီး"

"မှန်ပါဘုရား"

## ဘုရားရှင်ကို ဘုရားရှင်ရှိမခိုး

"ဒီရှိခိုးတာနဲ့ပတ်သက်လို့ အင်မတန် မှတ်သားစရာကောင်းတယ် ဒကာကြီး"

"အမိန့်ရှိပါဦးဘုရား"

"ပစ္စုပ္ပန်ဖြစ်သော ဘုရားတစ်ဆူဟာ ခုပြောခဲ့တဲ့ ရှိခိုးနည်းတို့ဖြင့် အတိတ်အနာဂတ်ဘုရားရှင်တို့ကို ရှိမခိုးဘူး ဒကာကြီး"

"မှန်ပါဘုရား"

"ပြီးတော့ ဘုရားရှင်တို့ဟာ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလသုံးပါးမှာတည်တဲ့ (၁၀) ပါးသော တရားတော်မြတ်ကိုလည်း ခုပြောခဲ့တဲ့ ရှိခိုးနည်းတို့ဖြင့် ရှိမခိုးဘူးဒကာကြီး"

"မှန်ပါဘုရား"

"ဘာဖြစ်လို့ ရှိမခိုးလဲဆိုတော့၊ ဘုရားရှင်ချင်း ဂုဏ်အားဖြင့် တူနေလို့ ရှိမခိုးဘူး၊ တရားတော်ကိုတော့ "ဓမ္မသာမိ = တရားအရှင်" ဖြစ်တော်မူလို့ ရှိမခိုးဘူးနော် မှတ်ပေါ့နော်"

"မှန်ပါဘုရား"

"မိမိနှင့်တူသောသူ၊ မိမိအောက် ယုတ်သောသူတို့ဟာ ရှိမခိုးထိုက်တဲ့သူတွေပဲ၊ အဲဒီရှိမခိုးထိုက်တဲ့သူတွေကို ရှိခိုးရင် "မိစ္ဆာပဋိပတ္တိ = အကျင့်မှား" ဖြစ်၍ လိုအပ်တဲ့အကျိုး မပြီးဘူး ဒကာကြီး"

"ကိုယ့်ထက် ဂုဏ်အားဖြင့် ကြီးတဲ့သူတွေကို ရှိခိုးရင်တော့ "သမ္မာပဋိပတ္တိ = အကျင့်မှန်" ဖြစ်၍ လိုအပ်တဲ့အကျိုး ပြီးတယ်နော်"

"မှန်ပါဘုရား"

## ပူဇော်ခြင်းနှစ်မျိုး

"ဒီတော့ ဒီမှာ မှတ်စရာတစ်မျိုး ရှိသေးတယ်၊ ဒီပင်္ကရာဘုရားရှင်ဟာ သုမေဓာရှင်ရသေ့ကို ပန်းရှစ်ဆုပ်ဖြင့် ပူဇော်၍ လက်ယာရစ်သွားတော်မူရာ၌ ပူဇော်ရာမရောက်သလော၊ ရှိသေရာမရောက်သလောဟု စောဒနာစရာ ရှိမလာဘူးလား"

"မှန်ပါ ရှိလာပါတယ်ဘုရား"

"ဂုဏ်ကိုစွဲ၍ ပူဇော်ခြင်းဟာ -

၁။ ကိုယ်ကို ညွတ်၍ပူဇော်ခြင်း၊

၂။ ကိုယ်ကို မညွတ်မူ၍ ပူဇော်ခြင်းရယ်လို့

ပူဇော်ခြင်း(၂)မျိုးရှိတယ်၊ အဲဒီ (၂)မျိုးမှာ

၁။ ကိုယ်ကိုညွတ်၍ ပူဇော်ခြင်းကို သာမဏေငယ်က ထေရ်ကြီးအား ပူဇော်သလို ပူဇော်ရာ၌ ရအပ်တယ်။

၂။ ကိုယ်ကို မညွတ်မူ၍ပူဇော်ခြင်းကို ထေရ်ကြီးက ဂုဏ်ရှိတဲ့ သာမဏေငယ်အား ကိုယ်ကို မညွတ်ဘဲဂုဏ်ကို စွဲပြီး ဆုပေးပူဇော်သလို ပူဇော်ရာ၌ ရအပ်တယ်။

"ရှင်းလားဒကာကြီး"

"ရှင်းပါတယ်ဘုရား"

"ဒီတော့ ဒီပက်ရာဘုရားရှင်ဟာ သုမေဓာရှင်ရသေ့အား ပန်းရစ်ဆုပ်တို့နဲ့ ပူဇော်ရာမှာ ထေရ်ကြီးက ဂုဏ်ရှိတဲ့သာမဏေငယ်၊ ကိုရင်ငယ်အား ဂုဏ်ကိုစွဲ၍ ကိုယ်ကို မညွတ်ဘဲ ဆုပေးပူဇော်သလို ဒီပက်ရာဘုရားရှင်ဟာ သုမေဓာရှင်ရသေ့အား ဘုရားမျိုးစေ့ဖြစ်တဲ့ ဂုဏ်ကိုစွဲပြီးတော့ ကိုယ်ကိုမညွတ်စေဘဲ ဆုပေးပူဇော်ခြင်းကို ပြုတော်မူတယ်လို့ မှတ်နော်ဒကာကြီး"

"မှန်ပါ၊ မှတ်ပါမယ်ဘုရား"

## ရှိသေခြင်း (၂)မျိုး

"ပြီးတော့ အဲဒီပူဇော်ခြင်းသဘောလိုပဲ ရှိသေခြင်းလည်း နှစ်မျိုးရှိသေးတယ် ဒကာကြီး"

"မှန်ပါ အမိန့်ရှိပါဦးဘုရား"

"ရှိသေခြင်းနှစ်မျိုးက ဘာလဲဆိုတော့ -

၁။ အထူးအလေးပြု၍ ရှိသေခြင်း၊

၂။ မထေမဲ့မြင် မပြုမူ၍ ရှိသေခြင်း ရယ်လို့ ရှိသေခြင်း (၂)မျိုးပေါ့၊ အဲဒီ (၂)မျိုးမှာ -

၁။ ဂုဏ်ရှိတဲ့သူတို့အား ဂုဏ်ကိုစွဲ၍ ရှိသေခြင်းဟာ အထူးအလေးပြု၍ ရှိသေခြင်းပေါ့၊

၂။ ဂုဏ်မဲ့တဲ့ သီတင်းငယ်အား မထေမဲ့မြင် မပြုခြင်းသည်ပင် ရှိသေခြင်းပေါ့ နော်"

"မှန်ပါဘုရား"

"အဲဒီ ရှိသေခြင်း နှစ်ပါးတွင်လည်း ဂုဏ်ကိုစွဲ၍ ရှိသေခြင်းဟာ -

၁။ ကိုယ်ကို ညွတ်စေ၍ ရှိသေခြင်း၊

၂။ ကိုယ်ကို မညွတ်စေမူ၍ ရှိသေခြင်းရယ်လို့ နှစ်မျိုး ပြားပြန်တယ် ဒကာကြီး"

"မှန်ပါဘုရား"

"အဲဒီ ရှိသေခြင်းနှစ်မျိုးမှာ -

၁။ ကိုယ်ကို ညွတ်စေ၍ ရှိသေခြင်းကို သာမဏေငယ်က ထေရ်ကြီးအား ကိုယ်ကိုညွတ်စေ၍ ရှိသေသလို ရှိသေခြင်းကို ပြုသောအရာမှာ ရအပ်တယ်။

၂။ ကိုယ်ကို မညွတ်စေမှု၍ ရှိသေခြင်းကို ထေရ်ကြီးက ဂုဏ်ရှိတဲ့ သာမဏေငယ်အား ကိုယ်ကိုမညွတ်စေဘဲ ဂုဏ်ကို စွဲ၍ အထူးချီးမြှောက်ခြင်းကိုပြုပြီး ရှိသေခြင်းပြုသလို ပြုတဲ့အရာမှာ ရအပ်တယ်။

"ဒီတော့ ဒီပက်ရာဘုရားရှင်ဟာ ထေရ်ကြီးက သာမဏေငယ်အား ရှိသေသလို သုမေဓာရသေ့အား ရှိသေခြင်းကို ပြုတော်မူတယ်၊ နောက်က ပြောခဲ့တဲ့ရှိခိုးခြင်းမျိုးဖြစ်အောင် ရှိသေခြင်းပြုတော်မမူဘူးလို့ မှတ်ပေါ့နော် ဒကာကြီး"

"မှန်ပါဘုရား"

"ကဲဒါဖြင့် ဒကာကြီးတို့လိုချင်တဲ့ ရှိခိုးနည်းစနစ်လက်ာလည်း ရပြီ၊ ရှိခိုးနည်းအမျိုးမျိုး၊ ပူဇော်နည်းအမျိုးမျိုး၊ ရှိသေနည်း အမျိုးမျိုးလည်း သိပြီ၊ ဘာလိုသေးလဲ"

"မလိုတော့ပါဘုရား"

"ကဲ... မလိုတော့ရင် ပြန်တော့ ကျင့်တော့ပေါ့"

✦ ရှိခိုးထိုက်ရာ၊ နေရာမှာ၊ သေချာရှိခိုးပါ။

✦ လက်အုပ်ချီထိုက်၊ အရာ၌၊ ချီလိုက် လက်အုပ်သာ။

✦ ပူဇော်သင့်ရာ၊ နေရာမှာ၊ သေချာပူဇော်ပါ။

✦ ရှိသေသင့်ရာ၊ နေရာမှာ၊ သေချာရှိသေပါ။

# အကျင့်နှစ်မျိုး ရှင်းပြပါဦးဘုရား

## (၅၇)

ဤလောက၌ ဥစ္စာနေကို ဆည်းပူးရှာဖွေခြင်းငှာ သွားသောယောက်ျားသည် ဥစ္စာနေတွေ့မြင်လေလေ ဝမ်းမြောက်ဝမ်းသာ ရှိလေလေ ဖြစ်သကဲ့သို့ ပြုကျင့်စရာ သူတော်ကောင်းတို့၏ အကျင့်တရားများ ပေါများလေတိုင်း ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်နူးလေလေဖြစ်သော သူတော်ကောင်းဖြစ်ဖို့ အရေးကြီးလှသည်။

အချို့မှာ ကျင့်ကြံစရာတွေ များများပြောပေးလိုက်လျှင် လန့်သွားတတ်၏။ များလှပါကလား၊ ကျင့်နိုင်ပါ့မလား စသည်ဖြစ်လာ၏။ တစ်ချို့မှာမူ အားရ၏။ ဝမ်းသာ၏။ ထပ်၍ပင် မေးလျှောက်၏။ ယင်းသို့သော ပုဂ္ဂိုလ်များကို တွေ့လျှင် မိမိသည် ဝမ်းသာ၏။

တစ်ချိန်သော နွေကာလက ဖြစ်ခဲ့၏။ မိမိသည် မြို့တစ်မြို့တွင် တရားဟော၏။ ယင်းတရားတွင် လာဘ်ရကြောင်း အကျင့်နှင့် နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကိုခွဲ၍ ဟောလိုက်၏။ နောက်နေ့ နေ့လယ်တွင် ဒကာ ဒကာမအချို့ရောက်လာပြီးလျှင် ဦးချပြီးသော် ဒကာတစ်ယောက်က လျှောက်ထားမေးမြန်း၏။

"အရှင်ဘုရား ညကဟောတဲ့ အကျင့်နှစ်မျိုး ရှင်းပြပါဦးဘုရား၊ သူတို့ နာချင်လို့ပါတဲ့ဘုရား"

လျှောက်ထားသူ ဒကာကြီးသည် သူနှင့်အဖော်ပါလာသူများကို ညွှန်ပြကာ လျှောက်ခြင်းဖြစ်၏။

"အို အကျင့်နှစ်မျိုး ပြန်ရှင်းရင် အများကြီးပဲ၊ ညတုန်းက သူတို့က တရားမနာဘူးလား"

"နာတော့ နာပါတယ်ဘုရား၊ အကုန်မမှတ်မိလို့တဲ့ဘုရား၊ တပည့်တော်ကို ခေါ်လာပြီး လျှောက်ထားခိုင်းလို့ တပည့်တော်က လျှောက်မေးပေးရပါတယ်ဘုရား"

"အင်း...ဒါဖြင့် ဒကာကြီးက ဟို ဒကာ ဒကာမတွေရဲ့ရှေ့နေကြီးပေါ့၊ တယ်ပါဝါရှိတဲ့ ဒကာ ဒကာမတွေပဲ၊ ဘုန်းကြီးဆီ လာတာတောင် လျှောက်လဲမယ့် ရှေ့နေခေါ်လာနိုင်တယ်"

မိမိသည် ဒကာ ဒကာမတွေ မေးရဲ စမ်းရဲရှိအောင် ပြောပေးလိုက်ခြင်း ဖြစ်သည်။ ထိုအခါ လျှောက်ထားသူ အဖော် ဒကာ ဒကာမများထဲမှ ဒကာမကြီးတစ်ယောက်က လျှောက်၏ -

"သူက ရဲတယ်ဘုရား၊ မေးတတ် စမ်းတတ် လျှောက်တတ်လို့ သူ့ကို ကပ်ခေါ်ခဲ့ရတယ်ဘုရား၊ အရှင်ဘုရား အကျင့် နှစ်မျိုး ရှင်းပြပါဦးဘုရား"

"ဘာလဲ ဒကာမကြီးတွေ လာဘ်လာဘပေါ်အောင် ကျင့်ချင်လို့လား"

"မဟုတ်ပါဘူးဘုရား၊ နိဗ္ဗာန်ရောက်ကြောင်းအကျင့်နဲ့ လာဘ်ရကြောင်းအကျင့် နှစ်မျိုးကို ကွဲကွဲပြားပြား သိချင်လို့ပါ ဘုရား"

"သိချင်ရုံတင် သိချင်တာလား၊ ကျင့်ဖို့မပါဘူးလား"

"မှန်ပါ၊ သိရင် ကျင့်လည်း ကျင့်ပါ့မယ်ဘုရား"

"အင်း ကျင့်မယ်ဆိုရင် ပြောပြမယ်၊ ကျင့်တတ်အောင် သေသေချာချာ မှတ်ထားနော်"

"မှန်ပါဘုရား"

## အကျင့်နှစ်မျိုး

၁။ လာဘ်လာဘရကြောင်း မကောင်းသောအကျင့်တစ်ပါး၊

၂။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအကျင့်တစ်ပါးရယ်လို့ အကျင့်နှစ်ပါးနော်၊ ဒါတော့ မှတ်မိတယ် မဟုတ်လား"

"မှန်ပါ၊ ဒါတော့ မှတ်မိပါတယ်ဘုရား"

"အင်း အဲဒီအကျင့်နှစ်ပါးဟာ တစ်ပါးနဲ့တစ်ပါးဟာ ဆန့်ကျင်ဘက်ပဲလို့ မှတ်ထား"

"မှန်ပါဘုရား"

"ဒါကြောင့် မူလဂါထာအဓိပ္ပာယ်ကိုက –

၁။ လာဘ်လာဘရကြောင်း မကောင်းသောအကျင့်ဟာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းမှ တစ်မျိုး တခြားတဲ့၊

၂။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဟာလည်း လာဘ်လာဘရကြောင်း မကောင်းကျင့်မှ တစ်မျိုး တခြားတဲ့နော်" "မှန်ပါဘုရား"

"ဒီတော့ ဒီမှာခွဲရင် လာဘ်လာဘ လိုချင်ရင် နိဗ္ဗာန်ရပ့်မလား"

"မရပါဘုရား"

"နိဗ္ဗာန်လိုချင်ရင် လာဘ်လာဘ ရပ့်မလား"

"မရပါဘုရား"

"ဒကာ ဒကာမကြီးတွေက ဘာလိုချင်တာလဲ"

"နိဗ္ဗာန်လိုချင်ပါတယ်ဘုရား"

"အဟုတ်လား၊ ညကျရင် ဦးပဥ္စင်း တရားပွဲမှာ ဈေးရောင်းကောင်းတဲ့ လာဘ်လာဘပေါ်စေတဲ့ ဓာတ်လုံးဝေမလို့ တော်တော်ကြာ ဓာတ်လုံးအယူရ ခက်နေဦးမယ်"

"တပည့်တော်တို့ ဒါတွေ အယုံအကြည်မရှိပါဘူးဘုရား"

"အင်း...ဒါဆို ဟုတ်ပြီ၊ တရားနဲ့နီးစပ်ပြီ၊ ပြောပြမယ်၊ မှတ်ထားနော်"

"မှတ်ပါမယ်ဘုရား"

## လာဘ်နှစ်မျိုး

ခုနကပြောတဲ့ အကျင့်နှစ်မျိုးမှာ လာဘ်လာဘရကြောင်းအကျင့်မှာ လာဘ်က -

၁။ တရားနဲ့မလျော်တဲ့ အဓမ္မိကလာဘ်၊

၂။ တရားနဲ့လျော်တဲ့ ဓမ္မိကလာဘ်လို့ လာဘ်နှစ်မျိုးရှိပြန်တယ်၊ အဲဒါလည်း မှတ်ထားနော်"

"မှန်ပါဘုရား၊ မှတ်ပါမယ်"

## အဓမ္မိကလာဘ်

"ကဲ...ခုပြောခဲ့တဲ့ လာဘ်နှစ်မျိုးမှာ တရားနဲ့မလျော်တဲ့ အဓမ္မိကလာဘ်ကိုဖြစ်စေလိုတဲ့ ရဟန်းဟာ အနည်းငယ်သော အကုသိုလ်ကံကို ပြုခြင်းငှာလိုလားပြီးတော့ -

၁။ ကိုယ်ရဲ့ကောက်ကျစ်စဉ်းလဲခြင်း၊

၂။ နှုတ်ရဲ့ကောက်ကျစ်စဉ်းလဲခြင်း၊

၃။ စိတ်ရဲ့ကောက်ကျစ်စဉ်းလဲခြင်းဆိုတဲ့ အဲဒီကောက်ကျစ်စဉ်းလဲမှု အမှုအရာသုံးမျိုးတို့ကို ပြုလုပ်ရတယ်"

"ဒီလိုဆိုတော့ ဘယ်ကောင်းမလဲဘုရား"

"မကောင်းသာ မကောင်းတာ၊ အဲဒါ လူကြိုက်များတယ်နော်"

"မကြိုက်ပါဘူးဘုရား"

"အမယ် မကြိုက်ပါဘူးဆိုတာက "ကိုယ်. နှုတ်. စိတ် ကောက်ကျစ်စဉ်းလဲတယ်" စသည် ပါနေလို့ မကြိုက်ပါဘူးပြောတာပါ၊ တကယ်ကောက်ကျစ်စဉ်းလဲတော့ အဲဒီကောက်ကျစ်စဉ်းလဲတာမှ ကြိုက်တာ၊ ဒကာ ဒကာမတွေက ကောက်ကျစ်စဉ်းလဲတာကို မသိလို့"

"ကောက်ကျစ်ပုံ အမိန့်ရှိပါဦးဘုရား"

## ကောက်ကျစ်စဉ်းလဲပုံ

မင်း.ပုဏ္ဏား.ဆင်းရဲ.သူကြွယ်အဘယ်လူမျိုးမဆို ထိုထိုဒါယကာတို့ကို -

၁။ ပန်းပေးခြင်း

၂။ သစ်သီးပေးခြင်း

၃။ ရေချိုးစရာ ဆပ်ပြာပေးခြင်း

၄။ မြေညက်ပေးခြင်း

၅။ သွားပွတ်တံ (ဒန်ပူ)ပေးခြင်း

၆။ ဝါးပေးခြင်း

၇။ ဆေးကုပေးခြင်း

၈။ လူတို့ အစေအခိုင်းခံခြင်း

"ကဲ - အဲဒီရှစ်မျိုး တစ်မျိုးမျိုး သို့မဟုတ် နှစ်မျိုးသုံးမျိုး စသည် ပြုလုပ်နေတာကို ကောက်ကျစ်စဉ်းလဲတယ်လို့ ဒကာ ဒကာမကြီးတွေက သိရဲ့လား"

"မသိပါဘုရား"

"အဲဒီရှစ်မျိုး၊ တစ်မျိုးမျိုးပြုလုပ်ရင် ပြုလုပ်တဲ့ ရဟန်းကို ကုလဒူသကရဟန်းလို့ ခေါ်တယ်"

"ကုလဒူသကဆိုတာ ဘာလဲဘုရား"

"ကုလဒူသကဆိုတာ အဲဒီ ပန်းစသည် မပေးခင်တုန်းက အဲဒီရဟန်းကို တကယ့်သဒ္ဓါနဲ့ ကြည်ညိုတယ်၊ လှူတယ်၊ ပန်းစသည်လည်း ပေးရော ပန်းစသည်ရတဲ့ ဒကာ ဒကာမတွေက အဲဒီပန်းစသည်ပေးတဲ့ ရဟန်းကို ပကတိ သံဃာတော်အမှတ်နဲ့ လှူဒါန်းနေကျ ရှိခိုးပူဇော်နေကျ သဒ္ဓါတရားသက်သက် မဖြစ်တော့ဘူး၊ လောကဝတ်. တဏှာတရားဖက်ဝင်ပြီး ချစ်ကျွမ်းဝင်ခြင်း ဖြစ်တတ်လို့ "ကုလဒူသက = ဒကာ ဒကာမတို့ သဒ္ဓါတရားဖျက်ဆီးတဲ့ ရဟန်း" လို့ ခေါ်တယ်"

"ပန်းစသည်တို့ကို ဘယ်သူ့ဖြစ်ဖြစ် မပေးကောင်းဘူးလားဘုရား"

"ပေးကောင်းတာက -

၁။ သီတင်းသုံးဖော် ငါးယောက်

၂။ အမိအဘ

၃။ အမိအဘတို့ကို လုပ်ကျွေးနေတဲ့သူ မှီနေတဲ့သူ

၄။ ရဟန်းတို့ကို မှီနေတဲ့ရှင်လောင်း

၅။ ရဟန်းတို့ ကိစ္စကြီးငယ်ကို ရွက်ဆောင်သူ ကပ္ပိယ

၆။ ဖျားနာသူဂိလာန (ကျောင်းမှာ ဖျားနာသူ)

၇။ ရိက္ခာကုန်သော ပြည်ရွာဖျက်ဆီးသော ခိုးသူ

၈။ စစ်ရှုံး၍ ထွက်ပြေးလာတဲ့မင်း

"အဲဒီပုဂ္ဂိုလ်တွေကို ပေးရင်တော့ ကုလဒူသက မဖြစ်ဘူးပေါ့"

"ဆွေမျိုးတွေကော ဘုရား"

"မိကြီး. မိထွေးစတဲ့ ဆွေမျိုးတွေကို "ဒီဝတ္ထုကို သုံးဆောင်နှင့်တော့. ငါ နောက်အခါအလိုရှိရင် အစားပြန်ပေးရမယ်" လို့ ခဏသာ ပေးကောင်းတယ်၊ အဲဒီလို မပြောဘဲ အမှတ်တမဲ့ မပေးကောင်းဘူး၊ ပေးရင် သဒ္ဓါတရားဖျက်ဆီးတဲ့ အာပတ်သင့်တယ်၊ ကုလဒူသက ကတော့ မဖြစ်ဘူးတဲ့"

"ခုနက ပြောခဲ့တဲ့အထဲမှာတောင် သီတင်းသုံးဖော်ငါးယောက်. အမိအဖ. သာမဏေလောင်းတို့မှ ကြွင်းတဲ့ခွင့်ပြုတဲ့ ပုဂ္ဂိုလ်တွေကို လာဘ်ကိုမငဲ့မှ ပေးကောင်းတယ်။ လာဘ်ကိုငဲ့ရင် မပေးကောင်းဘူးတဲ့"

"ဒီတော့ ခုနကပြောခဲ့တဲ့ ခွင့်ပြုတဲ့ ပုဂ္ဂိုလ်တို့မှ ကြွင်းတဲ့ ပုဂ္ဂိုလ်တို့အား လာဘ်ကို ငဲ့သည်ဖြစ်စေ မငဲ့သည်ဖြစ်စေ မပေးကောင်းဘူးပေါ့၊ လာဘ်ကို မငဲ့ဘဲပေးရင် သဒ္ဓါတရားဖျက်ဆီးတဲ့အာပတ်သင့်တယ်၊ လာဘ်ကိုငဲ့ပေးရင် ကုလဒူသက ဖြစ်တယ်"

“ရဟန်းတွေထံ မတောင်းဘဲ ကိုယ့်ဘာသာကိုယ် ပန်းစသည်ကို ခူးယူရင်ရော ရဟန်းတွေမှာ အပြစ်ရှိသေးလား ဘုရား”

“အကျွမ်းဝင်တဲ့ ဒကာ ဒကာမတွေ ကျောင်းလာတဲ့အခါ ရဟန်းတွေကို မတောင်းဘဲ အလိုအလျောက်စားရင် ခူးရင် မတားမြစ်ပေမဲ့ အပ်တယ်တဲ့”

“ဒါဖြင့် ရဟန်းတော်တွေ အာပတ်မသင့်ဖို့ ဒကာ ဒကာမတွေ တော်တော်အသိရှိမှ ဖြစ်မယ်ပေါ့ဘုရား”

“အင်းပေါ့ ခွင့်မပြုအပ်တဲ့ ဒကာ ဒကာမတွေကို ပန်းသစ်သီး စသည် ပေးရင် ပေးတိုင်း အာပတ်သင့်တယ်၊ အဲဒီပန်း စသည် ရတဲ့ ဒကာတွေက “ငါတို့အား ပေးတဲ့အရှင်” လို့ဆိုပြီး လှူစရာကို လှူတဲ့အခါ အလှူခံရင်လည်း အာပတ်သင့်တယ်”

“အဲဒီအာပတ်ကို ဒေသနာကြားသော်လည်း အဲဒီအာပတ်ကို မှတ်ပြီး “နောင်စောင့်စည်းမယ်” ဆိုတဲ့ စိတ်ဖြင့် မကြားရင် အာပတ်မပျောက်ဘူး၊ နေ့ဆက် လဆက် သင့်ဖန်များတော့ ကုဋေမကသော အာပတ်တွေနဲ့ ရောပြွမ်းကုန်ရော”

“ကြောက်စရာကြီးပါလား ဘုရား”

“ကြောက်စရာကြီး လုပ်မနေနဲ့ အဲဒီလို ကောက်ကျစ်စဉ်းလဲရင် လာဘ်လာဘတွေ မပေါဘူးလား”

“ပေါပါတယ်ဘုရား”

“အဲဒီလို ပြုလုပ်တဲ့ ရတဲ့လာဘ်ကို မတရားရတဲ့ အဝဗ္ဗိက လာဘ်လို့ ခေါ်တယ်”

“မှန်ပါဘုရား”

## အနေသန (၂၁)ပါး

ပြီးတော့ မအပ်တဲ့ မတရားတဲ့ လာဘ်လာဘရှာနည်း တစ်မျိုးရှိသေးတယ်၊ အဲဒါကို ပါဠိလို “အနေသန” ခေါ်တယ်၊ မြန်မာလိုကတော့ မအပ်သောလာဘ်ရှာနည်းပေါ့၊ နှစ်ဆယ့်တစ်ပါးတောင် ရှိတယ် –

၁။ ဆေးပေး၍ ဓာတ်စာပေး၍ ဆေးကုခြင်း၊
၂။ လူက အစေးသို့ခိုင်း၍ စေတမန်လုပ်ခြင်း၊
၃။ ဟိုအိမ် – ဒီအိမ်သို့ တစ်စုံတစ်ခု စေခိုင်း၍ သွားခြင်း၊
၄။ အနာကို ဓားခွဲပေးခြင်း၊
၅။ အနာကို ဆေးလိမ်းပေးခြင်း၊
၆။ အနာကို ဖန်ဆေးပေးခြင်း၊
၇။ ဝမ်းနုတ်ဆေးပေးခြင်း၊
၈။ နှာပေးခြင်း၊
၉။ မျက်စဉ်းပေးခြင်း၊
၁၀။ ဝါးပေးခြင်း၊
၁၁။ ထန်းရွက်၊ ခနွဲရွက် စသည့် သစ်ရွက်ပေးခြင်း၊
၁၂။ ပန်းပေးခြင်း၊
၁၃။ ငှက်ပျော စသော သစ်သီးပေးခြင်း၊

၁၄။ ရေချိုးစရာ ဆပ်ပြာပေးခြင်း၊

၁၅။ ဒန်ပူ(သွားပွတ်တံ)ပေးခြင်း၊

၁၆။ မျက်နှာသစ်ရေပေးခြင်း၊

၁၇။ မျက်နှာချေမှုန့်ပေးခြင်း၊

၁၈။ မြေညက်ပေးခြင်း၊

၁၉။ မိမိကိုယ်ကို အောက်ချကာ ဒကာ ဒကာမကို မြှောက်၍ ပြောဆိုခြင်း၊

၂၀။ အကျက်နည်းပါး မကျက်များသော ပဲနောက်ဟင်းကဲ့သို့ အမှန်နည်းပါးအမှားများသော စကားတို့ဖြင့် ဒကာဒကာမ သဘောကျအောင် နည်းအမျိုးမျိုးဖြင့် ပြောဆိုခြင်း၊

၂၁။ ကလေးထိန်းလို ဒကာ ဒကာမတို့၏ ကလေးကို ချီပွေ့ချော့မြှူခြင်း၊

အဲဒီ (၂၁)ပါးတို့ကို အထိုက်အလျောက် ပြုလုပ်ရင်ရော လာဘ်လာဘမပေါ်ဘူးလား"

"ပေါ်ပါတယ်ဘုရား"

"လာဘ်တော့ပေါ်မယ် နိဗ္ဗာန်တော့ ရပ့ါမလား"

"နိဗ္ဗာန်မရနိုင်ပါဘုရား"

## ဥပမာသာဓက

လာဘ်ပေါ်တဲ့ဥပမာပြရင် နို့နဲ့ ဆန်နဲ့ ရောပြီး ကျိုချက်လို့ ပြစ်ခဲနေတဲ့ နို့ယနာခွက်ထဲကို လက်ချောင်းဖြောင့်ဖြောင့်ထားပြီး ထိုးစိုက်ကာ အဖြောင့်အတိုင်း လက်ချောင်းကို ပြန်ဖော်ရင် နို့ယနာတုံးမပါဘူး၊ နို့ယနာဆီကလေး လက်ချောင်းစွတ်ရုံမျှ ပါမယ်၊ အဲဒီလက်ချောင်းကို ကောက်ကောက်လုပ်ပြီး နို့ယနာခွက်ထဲချ ကောက်ကောက်ပဲထိုးကော် မြှောက်ချီရင် နို့ယနာတုံး နို့ယနာခဲတွေ ပါလာသလို အဲဒီနည်းအတူ -

၁။ ကိုယ်ရဲ့ကောက်ခြင်း၊

၂။ နှုတ်ရဲ့ကောက်ခြင်း၊

၃။ စိတ်ရဲ့ကောက်ခြင်းတို့ဖြင့် ဘုရားရှင် စက်ဆုပ်တဲ့ မအပ်တဲ့ ရှာမှီးခြင်းတို့ကို ပြုမှသာ ဖြစ်ပေါ်လာတဲ့ လာဘ်လာဘဟာ မတရားတဲ့ အဓမ္မိကလာဘ်ပဲ"

"ဒါဖြင့် တရားရင် လာဘ်နည်းမယ်. မတရားရင် လာဘ်များမယ်ပေ့ါဘုရား"

"အင်းပေ့ါ၊ ကောက်ခြင်း တစ်မျိုးမျိုးပါရင် လာဘ်ပေါ်တာပေ့ါ၊ တရားရင် ဘယ်သိပ်ပေါ်မလဲ၊ ဥပမာ

၁။ သူမမေးခင် ရှေးဦးတင်၍ မိမိဂုဏ်ကျေးဇူးကို ပြောဟောခြင်း. ဂုဏ်ဖော်ခြင်း၊

၂။ သူမေးလာရင် များးစွာ မိမိဂုဏ်ကို ပြောဟောခြင်း၊

၃။ သဒ္ဓါတရား ရှိကြပေသည် ကျေးဇူးကြီးမားလှပေသည် စသည်ဖြင့် ဒကာတို့အား ရှေးဦးစွာ မြှောက်ပင့်ပြောဆိုခြင်း၊

၄။ ပစ္စည်းမလှူ လှူအောင် အထူးထူးအပြားပြား စကားတို့ဖြင့် အဖန်တလဲလဲ မြှောက်ပင့်ပြောဆိုခြင်း၊

၅။ ပစ္စည်းနှင့်စပ်၍ ရစ်ပတ်ပြောဆိုခြင်း၊

၆။ အထူးထူးအပြားပြား အဖန်တလဲလဲ ပစ္စည်းနှင့်စပ်၍ ရစ်ပတ်ပြောဆိုခြင်း၊

၇။ ပစ္စည်းအနီးအနား စကားသွယ်ဝိုက် ပြောဆိုခြင်း၊

၈။ အနည်းငယ်သော မိမိလာဘ်ဖြင့် များ၍ လာဘ်အများရအောင် ရှာခြင်း၊

၉။ မိမိအားလှူကြောင်း နိမိတ်ပြသဘာ ပြောဆိုပြကျင့်ခြင်း၊

၁၀။ မိမိ၌ သီလ - သမာဓိ အထူးမကျင့်ဘဲ ကျင့်သည့်အယောင် မျက်မှောင်တကုတ်ကုတ် ဟန်ဆောင်ပြု လုပ်ခြင်း၊

၁၁။ နမြောစုံမက် မလှူရက်ကြသည် စသည်ဖြင့် ဒကာတို့အား ပြစ်တင်ကဲ့ရဲ့ခြင်း၊

၁၂။ တန်ခိုးမရှိဘဲလျက် ရှိသည့်အဟန် ကြံ၍ အံ့ဩဖွယ်ပြုခြင်း

၁၃။ ဒကာ ဒကာမတို့ကို တွေ့မြင်လျှင် ရှေးဦးတင်၍ ပြုံးရယ်ခြင်း၊

၁၄။ ရှေးဦးတင်၍ နှုတ်ခွန်းဆက်ခြင်း၊

၁၅။ ဒကာတို့လာရောက်သည်မှာ တော်ပေစွဟု ဆိုလေ့ရှိခြင်း၊

၁၆။ ဒကာတို့ နားခံသာအောင် ပိယဝါစာ ပျူငှာလောကဝတ်ကို ပြောဆိုခြင်း၊

၁၇။ တရားအထူးကို အားထုတ်သည်ထင်အောင် သိမ်မွေ့နက်နဲတဲ့ ဝိပဿနာကမ္မဋ္ဌာန်းတရား စသည်များကို လာဘ်ကိုငဲ့၍ ဟောကြားခြင်း စသည်တို့ကြောင့် ဖြစ်တဲ့ လာဘ်လာဘဟာလည်း အဓမ္မိကလာဘ် = မတရားလာဘ်ပေါ်ခြင်းပေါ့"

"များလှပါလားဘုရား၊ တရားတဲ့လာဘ်လည်း ရှိပါသေးလား"

"တရားတဲ့လာဘ်ကတော့ ခပ်ရှားရှားပဲ"

"အမိန့်ရှိပါဦးဘုရား"

## ဓမ္မိကလာဘ်

"တရားသဖြင့်ရတဲ့ ဓမ္မိကလာဘ်ဆိုတာက -

၁။ အကျင့်ဖြောင့်မတ်ပြီး သီလလည်းရှိ ရုပ်လည်းချောခြင်း၊

၂။ တိဝိဝရိတ်ဓုတင်, ပံ့သုကူဓုတင်, ဆွမ်းခံတဲ့ ပိဏ္ဍပါတ်ဓုတင်, ရောစားတဲ့ ပတ္တပိဏ်ဓုတင်, တစ်ထပ်တည်း စားတဲ့ ကောသနိက်ဓုတင်ဆောင်ခြင်း၊

၃။ ပရိယတ်, ပဋိပတ်, ပဋိဝေဓတို့ကို များစွာအကြားအမြင် ရှိသည်ဖြစ်၍ စာတတ်ခြင်း၊

၄။ အခြံအရံ ပရိသတ်များခြင်း၊

၅။ တောရကျောင်းနေခြင်း စတဲ့ အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာတဲ့ လာဘ်လာဘဟာ တရားသဖြင့်ရတဲ့ ဓမ္မိက လာဘ်ပဲပေါ့"

"အဲဒါကတော့ နည်းလှပါလားဘုရား"

"အမယ်လေး အဲဒီလောက်နည်းတာတောင်မှ ရသမျှ အကုန်အလှူမခံရသေးဘူး၊ အတိုင်းအရှည်ကြည့်ပြီး အလှူခံရမယ်တဲ့"

"ဒါကြောင့် တောရကျောင်း ဘုန်းကြီးတွေ ဆင်းရဲတာနဲ့ တူတယ်ဘုရား"

"အဲဒါတော့ မသိဘူး၊ သွားပြီး မေးကြည့်ပေါ့၊ ကဲ ... အဲဒါ လာဘ်ရကြောင်းအကျင့်တွေပဲ၊ ဒီလောက်ဆို သဘောပေါက်ပြီမဟုတ်လား"

"မှန်ပါ၊ ပေါက်ပါပြီဘုရား"

## နိဗ္ဗာန်ရောက်ကြောင်း

"အင်း ... ပေါက်ရင် ရှေ့သွားကြစို့၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်တဲ့အကျင့်ကို ကျင့်လိုတဲ့ ရဟန်းဟာ -

၁။ ကိုယ်ကောက်ခြင်းကို ပယ်ရမယ်၊

၂။ နှုတ်ကောက်ခြင်းကို ပယ်ရမယ်၊

၃။ စိတ်ကောက်ခြင်းကို ပယ်ရမယ်တဲ့နော်"

"မှန်ပါဘုရား"

"ပယ်ရမယ်ဆိုတာ၊ နောက်ကပြောခဲ့တဲ့ မတရားလာဘ်ရာနည်းတွေကို ပယ်ရမယ်ဆိုတာပဲနော်"

"မှန်ပါဘုရား"

"နောက်ကပြောခဲ့တဲ့ မတရားလာဘ်ရာနည်း, ကိုယ်, နှုတ်, စိတ်ကောက်မှ ဝေးစွာရှောင်ရှားရမယ်၊ အဲဒီလို ရှောင်ရှားပြီး လာဘ်လာဘကို မြွေပွေး, မြွေဟောက်ရန်သူတို့လို သဘောထားပြီး -

၁။ မကန်းသော်လည်း ကန်းချင်ယောင် ဆောင်ရမယ်၊

၂။ မအ.သော်လည်း အ.ချင်ယောင် ဆောင်ရမယ်၊

၃။ နားမထိုင်းသော်လည်း နားထိုင်းချင်ယောင် ဆောင်ရမယ်၊

၄။ ဒကာ ဒကာမတွေအပေါ်မှာ မကောက်ကျစ်, မစဉ်းလဲရဘူး၊

၅။ မလှည့်ပတ်ရဘူး

ယင်းသို့ ဘုရားရှင်ရဲ့စကားကို နားထောင်တဲ့ရဟန်းဟာ မတရားသဖြင့် ဖြစ်ပေါ်လာတဲ့ ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်ခြင်းကို မနှစ်သက်ရဘူးတဲ့"

"မှန်ပါဘုရား"

"တရားသဖြင့် ဖြစ်ပေါ်လာတဲ့ ပစ္စည်းလေးပါးကိုလည်း မတားမြစ်ရဘူး၊ ဒါပေမဲ့ သင့်တော်ရုံသာ အလှူခံရမယ်တဲ့"

## ဝိဝေကသုံးပါး

"အဲဒီလို လာဘ်လာဘအပေါ်မှာ ကျင့်သုံးပြီးတော့

၁။ ကိုယ်၏ ဆိတ်ငြိမ်ခြင်းဟု ဆိုအပ်သော အပေါင်းအဖော် တပည့်သားမြေးတို့မှ ကင်းကွာနေရမယ်၊

၂။ စိတ်၏ ဆိတ်ငြိမ်ခြင်းဟု ဆိုအပ်သော သမာပတ်ရှစ်ပါး ဝင်စား၍ သမာဓိလုပ်ငန်း၊ ကမ္မဋ္ဌာန်းအားထုတ်နေရမယ်၊

၃။ ဥပဓိခန္ဓာငါးပါး၏ ဆိတ်ငြိမ်ခြင်းဟု ဆိုအပ်သော နိဗ္ဗာန်ကို အာရုံပြု၍ နေရမယ်တဲ့၊ ကဲ သဘောပေါက်ပြီလား"

"မှန်ပါ၊ ပေါက်ပါပြီဘုရား"

"အဲဒါ နိဗ္ဗာန်လိုလားတဲ့ အမျိုးကောင်းသားသမီးတို့ ပစ္စည်း လာဘ်လာဘရှာနည်း၊ နေနည်း၊ ထိုင်နည်း၊ ကျင့်ကြံကြိုးကုတ် အားထုတ်နည်းပဲ၊ ကြိုးစားအားထုတ်ပေတော့"

"မှန်ပါ၊ ဦးတင်ပါတယ်ဘုရား"

ဒကာ ဒကာမများ ထသွားသော် တရားတော်တို့ကို နှလုံးသွင်းစဉ်းစားလျက် ကျန်ရစ်ခဲ့၏။

"အပါယ်ဘေးကို ကြောက်ရွံ့လေ့ရှိသော အို သူတော်ကောင်း၊ အသင် အပတ်တကုတ် ကြိုးစားအားထုတ်သော ယုတ်မာသောအကျင့်က အသင့်ကို အပါယ်သို့ ချလုပြီ၊ အပါယ်ဘေးကို ကြောက်သော အို သူတော်ကောင်း၊ သင်ကြောက်သောအပါယ်ဘေးကား နီးလှပြီ"

"အို သူတော်ကောင်းတို့ သင့်အဖြစ်ကား မျက်စိနစ်ဖက်ပျက်သော သူကန်းသည် မျက်စိအမြင်ရှိသော မိတ်ဆွေခင်ပွန်း၏စကားကို နားမထောင်မူ၍အသူတရာနက်လှစွာသော ချောက်ကမ်းပါးပြတ်သို့ကျရောက်သည်နှင့် တူလှပြီ"

"အို သူတော်ကောင်း သင့်အဖြစ်ကား သစ်ကျားသားရဲဘေးမှ ကြောက်သည်ဖြစ်၍ ဆောလျင်စွာ ပြေးသွားပါလျက် လမ်းမှားသို့ လိုက်မိ၍ သစ်ကျားသားရဲအနီးအပါးသို့ ရောက်လှသော လမ်းမှားသော ယောကျ်ားနှင့် တူလှပြီ"

"သင်သည် သဒ္ဓါပဗ္ဗဇိတ မဟုတ်လော၊ သင်၏ ယုတ်မာသောအကျင့်သည် သဒ္ဓါပဗ္ဗဇိတရဟန်းတို့ အကျင့်လော၊ သင်သည် လောကုတ္တရာတရား ကိုးပါးအလို့ငှာ ရဟန်းပြုခြင်းမဟုတ်လော၊ သင်၏ ယုတ်မာသော ကုလဒူသကစသော အကျင့်သည် လောကုတ္တရာကိုးပါးနှင့် တန်ရာသလော"

"သင်၏မတရားသဖြင့်ရသောပစ္စည်းလေးပါးသည်လောကုတ္တရာတရားကိုးပါးလော၊ငရဲဘေး.ပြိတ္တာဘေးတို့ကို သင်သည် ကြောက်သည်မဟုတ်လော၊ သင်၏ယုတ်မာသောအမှုသည် ငရဲဘုံ.ပြိတ္တာဘုံသို့ အမှန်ပင် ဆောင်ချေလိမ့်မည်မဟုတ်လော"

"သင်၏ ပစ္စည်းလေးပါးက ငရဲဘေး. ပြိတ္တာဘေးမှ ကယ်လိမ့်မည်လော၊ သင်၏ အပုပ်ခန္ဓာကိုယ်ကြီးကို စင်စစ်မြဲတယ် မှတ်နေသလော၊ သင်သည် ယနေ့လော. နက်ဖြန်လော သေကာနီးပြီ မဟုတ်လော"

"အို အဆိုအပြောရခက်သူ၊ ဆူးကြောင့် သစ်ငုတ်သစ်ချွန် စူးခံရသော တောဆင်. တောကျွဲ. တောသားရဲတို့ကို အဘယ်တစ်စုံတစ်ယောက်သောသူသည် ချဉ်းကပ်၍ ယူခြင်းငှာ ရဲဝံ့နိုင်အံ့နည်း၊ သနားသည်ဖြစ်လျက်ပင် မိတ်ဆွေကောင်းတို့က မဆုံးမ. မသွန်သင်ဝံ့သော အို အဆိုအပြောရခက်သူ၊ သင်သည် ထိုတောကျွဲ. တောဆင်. တောသားရဲတို့နှင့် မတူသလော၊ မွန်မြတ်လှသော ဝက်သားကို လက်မှလွှတ်၍ မစင်ကို စားသောသူသည် သူရူးပင် မဟုတ်လော"

"မဂ်. ဖိုလ်. နိဗ္ဗာန်ကို ပြီးစေတတ်သော အလွန်မြတ်သော အဓိသီလသိက္ခာကို စွန့်သဖြင့် ယုတ်မာသော အကျင့်ကို ပြုကျင့်၍ ပစ္စည်းလေးပါးကို ရှာမှီးဆည်းပူးသော သင်သည် သူရူးနှင့် မတူသလော၊ သင်၏ ယုတ်မာသော အကျင့်ဖြစ်ရသော ပစ္စည်းလေးပါးသည် မစင်နှင့် ကွဲပြားခြားနားသည် မှတ်သလော"

"စကြာမင်းကြီး၏ သားကြီးရတနာသည် ဒွန်းစဏ္ဍားတို့၏ အမှုအရာကို ပြုကျင့်သလော၊ သုံးလူ့ထိပ်တင် ဘုရားရှင်၏ သားတော်ဖြစ်သော သင်သည် ယုတ်မာလှစွာသော ပုဂ္ဂိုလ်တို့၏ အကျင့်နှင့် လျော်မည်လော၊ လူပရိသတ်တို့၏ အနီး၌ မစင်ကို စားသောဝက်သည် လူသူမြင်သည်မှ ရှက်အံ့လော"

"အရက်ရှိ၍ သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့၏ အနီးအပါး ဘုရားရှင်၏ ပရိတ်သတ်တို့အလယ်၌ ယုတ်မာသော ကုလဒူသက အကျင့်တို့ကို ပြုကျင့်အံ့သည်မှ မရှက်သော အို အပြောအဆို ခက်သူ သင်သည် ဝက်နှင့် မတူလော"

"အို...အပြောအဆိုခက်သူ ညည်၌အခါ ပိုးဖလံသည် ဆီမီးရောင်လျှံအတွင်းသို့ ဆင်းအံ့သည်မှ ကြောက်၏လော၊ ထိုသို့ သေဘေးကို မကြောက်သော ပိုးဖလံသည် အလွန်မမိုက်သလော၊ သင်သည် ပိုးဖလံနှင့် မတူလော"

"လတ်တလောသေစေတတ်သောအဆိပ်ကိုအစားမှားသောယောက်ျားမိုက်သည်ဆောလျင်စွာသေကျေပျက်စီးခြင်းသို့ ရောက်သည်မဟုတ်လော၊ ကုလဒူသက စသော ယုတ်မာသောအကျင့်ဖြင့် ရသော ပစ္စည်းလေးပါးသည် အဆိပ်နှင့် ခြားသလော၊ ယောက်ျားမိုက်နှင့် ကွဲပြားလေသလော"

"အဘိုးအသိန်းမက ထိုက်တန်သော ကျောက်သံပတ္တမြားကို ဓားသွေးကျောက်ကြမ်းနှင့် လဲမှားမိသောသူသည် အလွန်ဆုံးရှုံးခြင်းသို့ ရောက်သည်မဟုတ်လော၊ ထိုသူကို ရူးမိုက်သူ မဆိုရသလော"

"ပစ္စည်းလေးပါးဟူသော အကြောင်းကြောင့် ယုတ်မာညစ်ညမ်းသော ကုလဒူသက စသော ယုတ်မာသော အကျင့်ကို ကျင့်မိသောသင်သည် ဘုရားသားတော်တို့ ရသင့်ရထိုက်သော လောကုတ္တရာတရားကိုးပါးကို ရနိုင်လိမ့်မည်လော"

"မရခဲ့သော်မြတ်လှစွာသော လောကုတ္တရာတရားကိုးပါးနှင့် ပစ္စည်းလေးပါးကိုလဲမှားမိသည်နှင့်မတူလော၊ တူသော် သင်၏ပစ္စည်းလေးပါးသည် ဓားသွေးကျောက်ကြမ်း မဟုတ်လော၊ သင်သည် အသိန်းမက အဖိုးထိုက်တန်သော ကျောက်သံပတ္တမြားကို ဓားသွေးကျောက်ကြမ်းနှင့် လဲမှားမိသော ရူးမိုက်သူနှင့် မတူလော"

"ကျွဲပါးနားနီး စောင်းတီးသည်ရှိသော် စောင်းညှင်း၏ သာယာပြေညှင်းသောအသံကို သာယာနာပျော်ဖွယ်ရှိ၏ဟု သိ၏လော၊ သီတင်းသုံးဖော် မိတ်ဆွေကောင်းတို့က တရားသဖြင့် ဆုံးမပဲ့ပြင်သည်ကို သာယာနှစ်သက်စုံမက်ရမှန်း မသိသောသင်သည် ကျွဲနှင့် မတူလော"

"အို...သူတော်ကောင်း၊ သင်သည် အဘယ့်ကြောင့် ဆိုဆုံးမ ခက်ဘိသနည်း၊ ဘေးအပေါင်းကို ပြ၍ ဆုံးမတတ်သော ဘုရားရှင်၏ သားတော်ဖြစ်သော အို...သူတော်ကောင်း၊ သံသရာဘေးကို ကြောက်ပါလော့၊ ရှင်တော်ဘုရား၏ ရွှေမျက်တော်ကိုလည်း ထောက်ပါလော့"

"အို...သူတော်ကောင်း၊ သင်သည်မရဏာရှင်သေမင်း၏ခံတွင်းသို့ဆင်းသက်ရလုနီးပြီ၊ အိုသူတော်ကောင်း သင်သည် တံငါ မုဆိုးတို့နှင့် အတူပင် ငရဲဘုံ ပြိတ္တာဘုံသို့ သွားတော့မည်လော"

✦ သံသရာ့ဘေး၊ လာမည့်ရေး၊ မျှော်တွေးရှုသင့်သည်။

✦ နိဗ္ဗာန်ချမ်းသာ၊ ဘေးပေါင်းကွာ၊ မြန်စွာရသင့်သည်။

# လူပြင်ရမှာလား၊ ပွဲပြင်ရမှာလားဘုရား

## (၅၈)

### သဒ္ဓါတု

ယခုကာလ၌ ဘုရားတန်ခိုးပြသည်၊ ရောင်ခြည်တော်လွှတ်သည်၊ အံတော် အစစ်ပဲ၊ စွယ်တော်အစစ်ပဲ စသည်ဖြင့် အမျိုးမျိုး လိမ်လည်လှည့်ပတ်၍ ပြောဆိုအပ်သည်ကို တကယ်အစစ် ထင်မှတ်၍ သဒ္ဓါတရားဖြစ်ကြသည်ဟု ဆို၏။

ယင်းသို့ ဖြစ်ရာ၌ သဒ္ဓါတရားအစစ် မဟုတ်နိုင်၊ မှားမှားမှန်မှန် ယုံကြည်တိုင်း သဒ္ဓါတရားဟု ဆိုလျှင် မိစ္ဆာဒိဋ္ဌိအယူရှိသည့် သူတို့သည်လည်း မိမိတို့ဘုရား တရားတွေကို လွန်စွာကျေနပ်ကြကုန်၏။ ကြည်ညိုကြကုန်၏။

ကာင္ခံ ကောင္ခစိကံ စေတေ၊

**မဟာဒေဝဿ စန္ဒိယာ။**

ယမကံ ကတွာ ပူဇေန္တိ၊

တတ္ထ တတ္ထ အလဇ္ဇိနော။

တတ္ထတတ္ထ = ထိုထိုနယ်ပယ် အသွယ်သွယ် အစုံစုံ ထိုထိုမြို့၌၊ ဧတေ အလဇ္ဇိနော = ဤအရှက်မရှိသူ များစွာသော လူတို့သည်၊ မဟာဒေဝဿ = မဟာဒေဝဘုရား၏၊ ကာင္ခံစ = ယောက်ျားနိမိတ်ကိုလည်းကောင်း၊ စန္ဒိယာ = ဘုရားကြင်ရာကညာဒေဝီမယ်စန္ဒီ၏၊ ကောင္ခစိကံစ = မိန်းမနိမိတ်ကိုလည်းကောင်း၊ ယမကံကတွာ = အစုံစုံထားကြကုန်၍၊ ပူဇေန္တိ = မြတ်နိုးကော်ရော်ပူဇော်ကြလေကုန်၏။

(သဂြိုဟ်ဘာသာဋီကာ)

လိမ်နိုင်သူကို ဘိုးတော်၊ ညာနိုင်သူကို ဘသူတော်၊ ဆဲနိုင်သူကို ဝိဇ္ဇာ၊ လှည့်ဖြားနိုင်သူကို အထက်ဆရာ၊ မှတ်ဆိတ်ဖားဖားနှင့် ကိုးရိုးကားယားတွေကို ဘုရားထက်အသာ ထား၍ ကိုးကွယ်ပူဇော်ကြကုန်၏။

ဤသို့ စသည်ဖြင့် မိမိတို့ ဆိုင်ရာဝယ် လွန်စွာ ကြည်ညိုကြခြင်းသည် သဒ္ဓါစစ်မဟုတ်၊ မိစ္ဆာမိမောက္ခခေါ် သဒ္ဓါတုသာ ဖြစ်၏။ တရားကိုယ်အားဖြင့် မောဟပြဋ္ဌာန်းသော "ဒိဋ္ဌိ" ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်များသာ လျော်စွာဖြစ်ရာ၏။

## မိစ္ဆာဒိဋ္ဌိ

ယင်းသို့ အကြည်ညိုများ အကိုးကွယ်မှားသဖြင့် မိစ္ဆာဒိဋ္ဌိ ဖြစ်နေသူတို့သည် များစွာရှိကုန်၏။ မိစ္ဆာဒိဋ္ဌိဟူသည် "မိစ္ဆာ ပဿတီတိ မိစ္ဆာဒိဋ္ဌိ" မိစ္ဆာ = ဖောက်ပြန်မှားယွင်းသောအားဖြင့်၊ ပဿတိ = မြင်တတ်၏။ ဣတိ = ထိုကြောင့်၊ မိစ္ဆာဒိဋ္ဌိ = မိစ္ဆာဒိဋ္ဌိ မည်၏။

ဘုရား အစရှိသော သူတော်သူမြတ်တို့ ဟောဖော်ပညတ်တော်မူအပ်သော တရားစစ် တရားမှန်ကို မလိုက်နာဘဲ မှားယွင်းဖောက်ပြန် မမှန်မကန် သိမြင်တတ်သော ဒိဋ္ဌိစေတသိက်နှင့် ယှဉ်နေသူကိုပင် မိစ္ဆာဒိဋ္ဌိခေါ်သည်။

## မိစ္ဆာဒိဋ္ဌိအင်္ဂါ

ယင်းမိစ္ဆာဒိဋ္ဌိ ဖြစ်နိုင်သည့် အင်္ဂါသည် နှစ်ပါးရှိ၏။ ယင်း အင်္ဂါနှစ်ပါး ပြည့်စုံလျှင် ယင်းလူသည် မိစ္ဆာဒိဋ္ဌိ ဖြစ်တော့၏။ သို့ဖြစ်၍ ယင်းအင်္ဂါနှစ်ပါးကို သိထားဖို့လို၏။

ဒိဋ္ဌိယာ ဒုဝေ သမ္ဘာရာ၊

ဝတ္ထုနော ဝိပရီတတာ။

တထာဘာဝေ နုပဋ္ဌာနံ၊

ကမ္မပထော တီဟေဝစ။

ဒိဋ္ဌိယာ = မိစ္ဆာဒိဋ္ဌိ၏၊ သမ္ဘာရာ = အင်္ဂါတို့သည်၊ ဝတ္ထုနော = ယူအပ်သောဝတ္ထု၏၊ ဝိပရီတတာ = ယူတိုင်းမမှန် ဖောက်ပြန်သည်၏အဖြစ်လည်းကောင်း၊ တထာဘာဝေန = မှန်ကန်သည်၏အဖြစ်ဖြင့်၊ ဥပဋ္ဌာနံ = ထင်ခြင်းလည်းကောင်း၊ ဣတိ = ဤသို့၊ ဒုဝေ = နှစ်ပါးတို့တည်း၊ တီဟေဝ = နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကြိယဒိဋ္ဌိ သုံးပါးတို့ဖြင့်သာလျှင်၊ ကမ္မပထော = ကမ္မပထ မြောက်၏။

(သင်္ဂြိုဟ်ဘာသာဋီကာ)

ယခုခေတ် ဘတော်, ဘိုးတော်, မယ်တော်, ဝိဇ္ဇာ, အထက်ဆရာ စသည်ဖြင့် ပွဲအမျိုးမျိုး ပူဇော်ဖွယ်အမျိုးမျိုး ပေး၍ ပူဇော်နေသူတို့သည် မိမိတို့အယူ မိစ္ဆာဒိဋ္ဌိ ဟုတ်မဟုတ် စိစစ်နိုင်ရန် အင်္ဂါနှစ်ပါးကို ဖော်ပြလိုက်သည်။

## ဒိဋ္ဌိသုံးမျိုး

မိစ္ဆာဒိဋ္ဌိသည် အများအပြားရှိ၏။ ဤ၌မူ အပြစ်အကြီးဆုံး ဒိဋ္ဌိသုံးမျိုးကိုသာ အနည်းငယ်အကျယ်ချဲ့၍ ပြပါအံ့ -

၁။ နောက်နောက်ဘဝ၌ အကျိုးမရှိဟု အကျိုးဝိပါက်ကို တားမြစ်သောအယူသည် နတ္ထိကဒိဋ္ဌိမည်၏။

ဤနတ္ထိကဒိဋ္ဌိ အယူရှိသူကား သတ္တဝါသေလျှင် ပြီးတာပဲ၊ ပြတ်တာပဲဟု ဥစ္ဆေဒဒိဋ္ဌိအယူလည်း ရှိ၏။

အကျိုးကိုပယ်လျှင် အကြောင်းရင်းစေတနာမှာလည်း အကျိုးပေးနိုင်စွမ်းသော သတ္တိမရှိရာ ရောက်သောကြောင့် အကြောင်းကံကိုလည်း ပယ်ပြီးသားပင် ဖြစ်တော့သည်။

၂။ အကြောင်းလည်းမရှိ၊ အကျိုးလည်းမရှိဟု အကြောင်းအကျိုး နှစ်မျိုးလုံးကို တိုက်ရိုက်ပယ်သောအယူသည် အဟေတုကဒိဋ္ဌိမည်၏။

ဤအယူ၌ အကြောင်းမရှိဟု ဆိုသဖြင့် ထိုအကြောင်းနှင့် ဆက်သွယ်၍ဖြစ်သော အကျိုးလည်း မရှိဟု ဆိုရာရောက်သောကြောင့် ဤအဟေတုကဒိဋ္ဌိသည် အကြောင်းအကျိုး နှစ်မျိုးလုံးကို ပယ်သည်မည်၏။

၃။ ကောင်းမှု မကောင်းမှုကို ပြုသော်လည်း ပြုအပ်သည်မမည် ပြုရာမရောက်ဟု အကြောင်းကံကို တားမြစ်သော အယူသည် အကြိယဒိဋ္ဌိမည်၏။

ဤအယူ၌ ကံကိုတားမြစ်လျှင် ကံ၏အကျိုးလည်း နောင်အခါမရှိနိုင်ဟု တားမြစ်ရာရောက်သောကြောင့် ကံကံ၏ အကျိုးနှစ်မျိုးလုံးကိုပင် တားမြစ်ရာရောက်၏။

ဤသို့လျှင် ဒိဋ္ဌိသုံးမျိုးလုံးပင်လျှင် ကံကံ၏အကျိုးကို တားမြစ်ကြသည်ဟု မှတ်ပါ။

ဤမိစ္ဆာဒိဋ္ဌိသုံးမျိုးတွင် နတ္ထိကဒိဋ္ဌိကို အဇိတဆရာကြီး ယူ၏။ အဟေတုကဒိဋ္ဌိကို မက္ခလိဂေါသာလ ဆရာကြီး ယူ၏။ အကြိယဒိဋ္ဌိကို ပူရဏကဿပဆရာကြီး ယူ၏။

## နိယတမိစ္ဆာဒိဋ္ဌိဖြစ်ပုံ

ထိုဒိဋ္ဌိဆရာကြီးတို့ ယူပုံသည် ဘုရားရှင်ချွတ်လို့ မရလောက်အောင် ခိုင်မြဲသောကြောင့် "နိယတ" ဖြစ်လေသည်။

ထိုဆရာကြီးတို့၏ နောက်လိုက်တပည့်များမှာ ပေါ့ပေါ့ဆဆ ယူနေရုံမျှဖြင့် နိယတမဟုတ်သေး၊ ထိုဆရာကြီးတို့၏ ကျမ်းစာကို ရွတ်အံခြင်း၊ အနက်အဓိပ္ပာယ်ကို ကြံစည်ခြင်း၊ စဉ်းစားခြင်း စသည်ဖြင့် အကြိမ်များစွာ ကမ္မဋ္ဌာန်းစီးဖြန်းသလို လေ့လာ အားထုတ်လေရာ အလွန်သဘောကျ၍ "မိစ္ဆာသမာဓိ" ကို ရလေ၏။

ယင်းသို့ သဘောကျနေသော ဇောဝီထိပေါင်း အကြိမ်များစွာ ဖြစ်ပြီးနောက် နောက်ဆုံး အတည်တကျ ဆုံးဖြတ်ချက် ချရမည့် ဝီထိသို့ရောက်သည့်အခါ သတ္တမဇော အစောမှာ ဘုရားပေါင်းများစွာ ခြွေချွတ်ကုစား၍ မရအောင် ခိုင်မြဲစွာ ယူမိလေပြီ။

ယင်းသို့ယူစွဲပုံမြဲသောကြောင့် နိယတဟုခေါ်သည်။ တစ်နည်းဆိုသော် သေသည့်အခြားမဲ့၌ ငရဲမှာ အကျိုးပေးမြဲသော ကြောင့်လည်း "နိယတမိစ္ဆာဒိဋ္ဌိ" ခေါ်နိုင်သေး၏။

(သဂြိုဟ်ဘာသာဋီကာ)

ယင်းကို ရည်ရွယ်၍ မဃဒေဝလင်္ကာတွင် မန်လည်ဆရာတော်ဘုရားကြီးက ဤသို့ လင်္ကာသီခဲ့သည် -

"သတ္တဝါတစ်ယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ လှန်သောအားဖြင့်၊ ဟောကြားခြွေချွတ်၊ ဖြေမလွတ်ဘူး၊ အကျွတ်မရ၊ နိယတဖြင့်၊ ဝါဒအလို၊ မြေကြီးမျို၍၊ ယူကိုစွန့်ပဲ၊ အကျင့်လွဲ၍၊ ငရဲခံလိမ့်မည်သောကြောင့်"

## မိစ္ဆတ္တနိယတခေါ်ပုံ

ဒိဋ္ဌိနှင့်ပညာသည် ကျောချင်းကပ်၍ ပြေးသလို အလွန်စခန်းဝေး၏။ ပညာဘက်က သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ တို့ ထောက်ခံချက်ဖြင့် တိုးတက်လေရာ အကြင်အခါ သူတစ်ပါးတို့ နှောင့်ယှက်၍ မရလောက်အောင် သစ္စာလေးပါးကို သိ၏။ ရတနာသုံးပါးကို ယုံကြည်၏။ ထိုအခါ "သမ္မတ္တ နိယတ" စခန်းသို့ ဆိုက်၍ သောတာပန် ဖြစ်လေပြီ။ အပါယ်ကျခွင့် မရှိ တော့ချေ။

ထို့အတူ ဒိဋ္ဌိဘက်မှလည်း မိစ္ဆာသတိ, သမာဓိ, ဝီရိယတို့ ထောက်ပံ့ချက်ဖြင့် တိုးတက်လေရာ အကြင်အခါ ဘုရားရှင် တို့ပင် ခြေချွတ်၍ မရနိုင်လောက်အောင် မိစ္ဆာအယူ၌ ခိုင်မြဲ၏။ ထိုအခါ "မိစ္ဆတ္တနိယတ" စခန်းသို့ ဆိုက်ရောက်လေပြီ။ မဂ်ဖိုလ် ရခွင့် မရှိတော့၊ သေသည့်အခြားမဲ့၌ အဝီစိမှာ အဝီစိအာယုကပ်ပတ်လုံး အမြဲနေရလေတော့၏။

သံယာသင်းခွဲသည့် "သံဃဘေဒကကံ" ထက်ပင် ဤနိယတ မိစ္ဆာဒိဋ္ဌိက အပြစ်ကြီးသေးသည်၊ အဝီစိအာယုကပ် မပြည့်သေးလျှင် ကမ္ဘာပျက်သော်လည်း မပျက်သောကမ္ဘာသို့ ရွှေ့ပြောင်း၍ ဖြစ်စေ၊ကောင်းကင်မှာ ဖြစ်စေ ခံရဦးမည်ဖြစ်၏။ သံဃဘေဒကကံမှာ ထိုကဲ့သို့ ကမ္ဘာပျက်လျှင် အာယုကပ် မပြည့်သော်လည်း ဆက်လက်မခံရတော့ချေ။

(သဂြိုဟ်ဘာသာဋီကာ)

လူတို့သည် ယင်းသဘောကရားကို အရေးတကြီး မလေ့လာ၊ ဆည်းကပ်မိ. ဆည်းကပ်ရာ. ယူမိယူရာ. စွဲမိစွဲရာ. ပြုမိ ပြုရာ ပြုတတ်ကြသည်။ အယူတစ်ခုယူရာ ကိုးကွယ်ဆည်းကပ်ရာတွင် လွယ်ကူတတ်ကြသည်။ ယင်းအယူကို အမှားပါဟု ကျိုးကြောင်းပြ၍ ခြေချွတ်ဖို့မှာ မလွယ်ကူတော့။ အယူမှားမှန်းလည်း မသိတော့ချေ။

တစ်ချိန်သော နွေကာလက ဖြစ်ခဲ့၏။ မိမိသည် အဖော်မပါ တစ်ပါးတည်း ခြေကျင် တစ်ညနေခရီး ထွက်ခဲ့၏။ တောရ ကျောင်းမှ ထွက်၍ မကြာမီ ခရီးဖော်တစ်ယောက်နှင့် တွေ့၏။ သို့သော် မိမိနှင့် ခရီးဖော်မှာ ရုတ်တရက် စကားမစပ်မိသေး။

ခရီးအတန်ကြာ အတူသွားမိသောအခါ စကားစပ်မိလာ၏။ ထိုအခါ ခရီးဖော်ဒကာက မေးလျှောက်လာ၏။

"အရှင်ဘုရား၊ လူတွေက တစ်ဆိတ်ရှိ ပွဲပြင်. ပွဲပြင်နဲ့ ပြောကြတယ်၊ ပွဲပြင်ကြတယ်၊ "ပွဲပြင်ရမှာလား၊ လူပြင်ရမှာလား ဘုရား"

"ဘယ်လိုလဲ ဒကာကြီး၊ ဘယ်လို ပွဲပြင်တာလဲ"

"ဒီလိုပါဘုရား၊ ယခု ဘိုးတော် ဘတော် စသည်ကိုးကွယ်တဲ့ လူတွေ ရှိတယ်မဟုတ်လား ဘုရား"

"အင်း ... ရှိတာပေါ့ဒကာကြီး"

"အင်း ... ဘုရား၊ အဲဒီလူတွေဟာ အိမ်မှာ အမြဲပွဲပြင်ထားတယ် ဘုရား"

"သူတို့ပွဲက ဘာပွဲတဲ့လဲ ဒကာကြီး"

"အဲဒီ သူတို့ကိုးကွယ်တဲ့ ဘိုးတော်. ဘတော် စသည်တို့အတွက် ပွဲပေါ့ဘုရား"

"အင်း အဲဒီပွဲကို ဘိုးတော်. ဘတော် စသည်တို့က ဘာလုပ်ဖို့လဲ၊ စားဖို့လား"

"အဲဒါတော့ မသိပါဘုရား၊ တင်တဲ့လူတွေကတော့ အဲဒီဘိုးတော်ပွဲပေးမှ စီးပွားတက်တယ်၊ ရာထူးတိုးတယ် စသည် ပြောကြတာပဲဘုရား"

"အင်း စဉ်းစားကြည့် ဒကာကြီး၊ တင်တဲ့ပွဲက စိမ်းပေ့ဆိုတဲ့ ငှက်ပျောသီး ရှာတင်သလား၊ ချက်ချင်းစားရတဲ့ ငှက်ပျောသီး နဲ့ တင်သလား"

"စိမ်းပေ့ဆိုတဲ့ ငှက်ပျောသီးနဲ့ တင်ပါတယ်ဘုရား"

"စားရမှာက မှည့်မှ စားရမှာ၊ အဲဒီဘိုးတော်က အဲဒီငှက်ပျောသီး အမှည့်ပဲစောင့်ပြီး မမှည့်ခင် အငတ်ခံနေရမှာလား"

"တင်ပါ၊ အဲဒီလို ဖြစ်နေပါတယ်ဘုရား"

"စေတနာကမှမမှန်တာ ဘယ်ကလာ ဒီပွဲတင်တာနဲ့ ဒီဘိုးတော်စသည်တွေက မ.နိုင်မှာလဲ၊ သူတို့တောင် သူများတင်တဲ့ ငှက်ပျောသီးစိမ်းလေး မှည့်အောင် စောင့်.စားနေရတာ"

"တစ်ချို့ကတော့ သာသနာပွဲ၊ ဘုရားပွဲတဲ့ဘုရား"

"ဘယ်ကလာ သာသနာမှာ ပွဲရှိရမှာလဲ ဒကာကြီး၊ ဘုရားမှာလည်း ပွဲမရှိဘူး၊ ပွဲမလိုဘူး"

"တစ်ချို့ဘုန်းကြီးတွေကို ဘုရားပွဲဆိုပြီး တင်တယ်ဘုရား"

"အဲဒါ မသိလို့တင်တာ၊ တကယ်ဘုရားပွဲစစ်စစ် တင်ရင် နံနက်ပဲ တင်ရမယ်၊ မွန်းမလွဲခင် စွန့်ပစ်ရမယ်"

"ဘာဖြစ်လို့လဲဘုရား"

"ဩော် . . . ဒကာကြီးကလည်း ဘုရားက နေ့လွဲညစာလည်း မဘုဉ်းပေးဘူး၊ နေ့ဖို့ညစာလည်း သိုမှီးသိမ်းဆည်းထားပြီး မဘုဉ်းပေးဘူး၊ အဲဒါ နေ့ရော ညရော ဘုရားပွဲတင်ရင် ဘုရားကို နေ့လွဲညစာ စားတယ်. သိုမှီးသိမ်းဆည်းစားတယ်လို့ စွပ်စွဲရာ မရောက်ဘူးလား"

"တင်ပါ ဒီအတိုင်းဆို ရောက်ပါတယ်ဘုရား"

"အင်း . . . အဲဒီပွဲတင်တဲ့ လူတွေဟာ ရမ်းသမ်းတင်နေတာပဲ၊ ဘာမှန်း ညာမှန်းသိတာတွေ မဟုတ်ဘူး၊ သေသွားတဲ့ လူတွေကို ဘိုးတော်. ဘတော်လုပ် ကိုးကွယ်နေတာတွေ၊ အကျိုးမရှိတာ အကျိုးရှိ၊ အကျိုးရှိတာကိုတော့ အကျိုးမရှိ၊ အပြစ်မရှိတာကို အပြစ်ရှိ၊ အပြစ်ရှိတာကိုတော့ အပြစ်မရှိ စသည်ပြောဆို ပြုလုပ် ယူဆနေကြတယ် မဟုတ်လား"

"မှန်ပါဘုရား"

"အဲဒီလူတွေဟာ ဘုရားလိုလိုနဲ့ အဲဒီဘိုးတော်စသည်တို့ အယူအစွဲ သန်နေကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် အရှင်ဘုရား"

"အင်း . . . မိစ္ဆာဒိဋ္ဌိဆိုတာ အဲဒီလူတွေကို ခေါ်တာပဲ"

"ဟုတ်လားဘုရား"

"ဟုတ်တာပေါ့၊ မိစ္ဆာဒိဋ္ဌိဆိုတာ အယူမှားကို ပြောတာပဲဟာ၊ ကဲ . . . သူတို့အယူက မှန်လား၊ ကိုယ်ကဖြင့် နေထွက်ကနေဝင် ကာယကံ. ဝစီကံ. မနောကံ လုံ့လစိုက်ထုတ် လုပ်ကိုင်ပြောဆို ကြံစည်လိုက်ရတာ ပြီးတော့ ပွဲတင်လို့ ပစ္စည်းတက်တယ်၊ ရာထူးတိုးတယ် စသည်ယူတော့ မှန်လား မှားလား"

"မှားတာပေါ့ဘုရား"

"တစ်ချို့များ ပွဲတင်လို့ ထီပေါက်တယ်၊ ဘတော်ကိုးကွယ်မှ ပစ္စည်းတိုးတက်တယ် စသည်ရှိသေးတယ် မဟုတ်လား"

"မှန်ပါ ရှိပါတယ်ဘုရား"

"ထီပေါက်တယ်၊ ပစ္စည်းတက်တယ်၊ ရာထူးတက်တယ် စသည်ဟာ အတိတ်ကံနှင့် ပစ္စုပ္ပန် ဉာဏ်ဝီရိယတို့ကြောင့်ပဲ၊ အဲဒီလို ကံ၊ ဉာဏ်၊ ဝီရိယတို့ကြောင့် အကျိုးပေးတာကို ပွဲတင်လို့ ဆိုတော့ အယူမှားတာပေါ့"

"တင်ပါ့ဘုရား"

"အင်း . . . ဒါကြောင့် "ပွဲမပြင်ရဘူး၊ လူပြင်ရမယ်" လို့ မှတ်ထား ဒကာကြီး"

"တင်ပါဘုရား၊ တပည့်တော်လည်း အဲဒါ သံသယရှိလို့ လျှောက်ထားပါတယ် အရှင်ဘုရား"

"ကဲ . . . ဟုတ်မဟုတ် ဒကာကြီးပဲ စဉ်းစားကြည့်၊ ပွဲပြင်လို့ ရာထူးတက်တယ်၊ စီးပွားတက်တယ် စသည်ဆိုရင် ပွဲပြင်တဲ့လူအားလုံး တက်ရမယ်မဟုတ်လား"

"မှန်ပါဘုရား၊ တက်ရပါမယ်"

"ကဲ . . . အားလုံးတက်လား"

"မတက်ပါဘုရား"

"ဒါဖြင့် အချို့တက်၊ အချို့မတက်ဆိုတော့ မျက်နှာလိုက်တာပေါ့"

"တင်ပါ၊ ဒီသဘော ဖြစ်နေပါတယ်ဘုရား"

"တချို့များ ရာထူးမတက် ပစ္စည်းမတက်တဲ့အပြင် ရာထူးကျ ပစ္စည်းတောင် မွဲသွားသေးတယ်၊ အဲဒါကျတော့ ပွဲတင်လို့ ဘာဖြစ်လို့ မပြောတာလဲ၊ အဲဒါကျတော့ ဟိုပြော ဒီပြော၊ တစ်ရာတစ်ယောက် တစ်ထောင်တစ်ယောက် သူ့ကံနဲ့ သူတက်တာတော့ ပွဲတင်လို့တဲ့၊ အယူအဆ ဟုတ်သေးလား"

"မဟုတ်တော့ပါဘုရား"

"အင်း ဒါကြောင့် ပွဲမပြင်နဲ့၊ နေ့စဉ် နေ့စဉ် ကိုယ့်ရဲ့အပြုအပြော အကြံတွေဟာ တရားနှင့် ညီ,မညီ စိစစ်ပြီး တရားနှင့် မညီရင် ညီအောင် ဂရုတစိုက် ပြုပြင်ရမယ်၊ ကိုယ်ကိုပြင်, နှုတ်ကိုပြင်, စိတ်ကိုပြင်ဟုတ်လား"

"မှန်ပါအရှင်ဘုရား"

"တကယ့် အမှန်သိမြင်တဲ့ ပညာရှိသူတော်ကောင်းတွေကို ဆည်းကပ်ပြီး၊ အဲဒီ ပညာရှိတွေ ညွှန်ကြားတဲ့အတိုင်း ပြုလုပ်ပြောဆို ကြံစည်ပေါ့နော်"

"မှန်ပါအရှင်ဘုရား"

"ပန်းပဲသူကြီးတို့ရဲ့ဖိုဝမှာ မီးချပြီး ဓားလုပ်မခံရတဲ့ သံစိမ်းတုံးနဲ့ ကျောက်ဆစ်သမားတို့ရဲ့အထုအလုပ်မခံရတဲ့ အကာတွေ ဖုံးနေတဲ့ ကျောက်တုံးတို့ဟာ အသုံးမကျ အဖိုးမတန်သလို -

ဆိုဆုံးမလေ့ရှိတဲ့ သီလဝန်၊ ပညာဝန်၊ ပုဂ္ဂိုလ်မွန်တွေရဲ့အဆုံးအမကို မခံရ၊ နည်းမရတဲ့သူတွေဟာ တစ်ခြားသော ဗဟုသုတ ရာထူးပစ္စည်းစတဲ့ ဂုဏ်တွေ များစွာရှိသော်လည်း ဆရာကောင်းတို့ရဲ့အဆုံးအမ,ရတဲ့သူတွေလို နေရာတကျ မစားတတ်၊ မသွားတတ်၊ မပြောဟောတတ်၊ မကျင့်ကြံတတ်ကြဘူး"

"မှန်ပါအရှင်ဘုရား"

"ဟုတ်မှန်တိုင်းသော အပြစ်ကို ထင်ရှားထုတ်ဖော် နှိမ်နင်း၍ ဆုံးမတော်မူကြပေသော ဆရာများအပေါင်းကို ရွှေအိုးရတနာကို ဖော်ကာထုတ်ပြ ပေးဝေကြသောသူများပမာ ဝမ်းမြောက်ဝမ်းသာ ဆည်းကပ်ရမယ်"

"မှန်ပါအရှင်ဘုရား"

"ကဲ ... လမ်းခွဲကြစို့"

✦ ပွဲပြင်လို့ပ၊ တိုးတက်ရ၊ ယူကဒိဋ္ဌိသာ။

✦ ကံကောင်းလို့ပ၊ တိုးတက်ရ၊ ယူမှ အမှန်သာ။

✦ ပွဲကိုမပြင်၊ လူကိုပြင်၊ အမြင်မှန်ကြရာ။

# သာသနာပြုလုပ်ငန်းတွင်
# သာသနာပွဲပေးခြင်း ပါဝင်ပါသလား

(၅၉)

"ပြဿနာမှ ပြဿနာပေါ်လာပြန်သည်၊ မှန်၏၊ မိမိသည် ဗုဒ္ဓဓမ္မနှင့် ပတ်သက်သော ပြဿနာအချို့ကို ဗုဒ္ဓဓမ္မပြဿနာများ(၁) ဆိုပြီး ရေးသားလိုက်သည်၊ ယင်းတွင်ပါဝင်သော ပြဿနာများမှာ ကိုယ်တိုင်တွေ့၍ ကိုယ်တိုင်ဖြေရှင်းခဲ့ရသော ပြဿနာများ ဖြစ်၏၊ ယင်းပြဿနာ(၁) စာအုပ် ထွက်ပေါ်လာသောအခါ မိမိထံသို့ အဝေးမှ ပြဿနာများ မေးလျှောက်လာသည်"

မိမိမှာ အလုပ်အားလပ်သည်ဟူ၍ မရှိပါ၊ ပြဿနာတွေကိုလည်း ဖြေကြားပြီး အကျဉ်းခေါင်းစဉ်မျှ မှတ်သားထားရပါသည်၊ ကိုယ့်စိတ် အားလပ်ခွင့်ရ၍ စိတ်ကြည်လင်သည့်အခါမှ ပြဿနာအကျယ်ကို ပြန်လည်ရေးရပါသည်။ ထိုအခါတွင်မှု ကျမ်းစာအုပ်များကို လှန်လှောရပါသည်။

ကိုယ်တိုင်မေးသော ပြဿနာမျိုးမဟုတ်ဘဲ စာတိုက်မှ စာနှင့်မေးသော ပြဿနာများကိုမူ ကိုယ်တိုင်မေးဖြေသလို ရှင်းလင်းရအောင် ယင်းစာကို တစ်ယောက်ယောက်အား ဖတ်ခိုင်းပြီး ယင်းကိုပင် ပြဿနာရှင်ပြုလုပ်၍ ဖြေကြားရပါသည်။

တချို့တချို့ ပြဿနာများမှာမူ မိမိစိတ်မဝင်စား၍ မေ့ပျောက်ကုန်ပါသည်။ စာပေအဖြစ်သို့ မရောက်တော့ပါ။ သာသနာတော်ပြုစုရေးတွင်လည်း အကျိုးများ၊ မိမိလည်း စိတ်ဝင်စားသည့် ပြဿနာများကိုမူ တယုတယ သိမ်းဆည်း၍ ဖြေရှင်းပါသည်၊ ဤတွင် စာတိုက်မှမေးသော ပြဿနာတစ်ခုကို ကိုယ်စားဖတ်စေ မေးစေ၍ ဖြေထားသော ပြဿနာရပ်များကို ဖော်ပြပါမည်။

"ဦးပဥ္စင်းဘုရား၊ ဦးပဥ္စင်းဆီကို စာလာတယ်"

"အမယ်လေး . . . စာလာတာများ အဆန်းလိုက်လို့၊ အကြီးအကျယ် တအံ့တသြပြောနေရသေးလား၊ စာလာရင် လာဖတ်ပြလိုက်ပေါ့"

"ဒီစာက ရိုးရိုးစာ မဟုတ်ဘူးဘုရား"

"ရိုးရိုးစာ မဟုတ်လို့ရှိရင် ဘာစာလဲ၊ အတွင်းရေးစာလား"

"ပြဿနာတွေပါတဲ့ စာ ဘုရား"

"အင်းပါလေ…ပြဿနာပါတဲ့စာလည်း စာပဲ၊ ပြဿနာမပါတဲ့ စာလည်း စာပဲ၊ အားလုံးဖတ်ရမှာပဲ၊ ကဲ…ဒီ ပြဿနာ ပါတဲ့စာကို ဒကာကြီးပဲ ဖတ်ပြပြီး မေးဖြေစမ်းပါ"

"ရှင်လန်းချမ်းမြေ့ပါစေ

ဓတဒဂ်အရှင်ပညာဇောတ

ရှိသေလေးစားစွာ လျှောက်ထားအပ်ပါသည်။

ဆရာတော်ပြုစုသော "ဗုဒ္ဓဓမ္မပြဿနာများ (၁)စာအုပ်ကို ဖတ်ရသည်။ စာမျက်နှာ (၃၇၄)"ဟိုကိုယ်တော်တွေ နာ ခိုင်းချင်တယ်တဲ့" (၄၉)စာတွင် "သာသနာပြုခြင်း" နှင့် ပတ်သက်၍ အရိပ်အမြွေ့ပါရှိလာပါသည်။

"အင်း…နေပါဦး ဒကာကြီး၊ စာကလည်း တယ်ပြီး သေချာပါလား၊ စာမျက်နှာတွေကော၊ခေါင်းစဉ်တွေကော ပိုဒ်ရေ၊ ပုဒ်ရေတွေကော ပါလား"

"မှန်ပါဘုရား၊ သိပ်သေချာတယ်"

"ပြီးတော့ သာသနာပြုခြင်းနှင့် ပတ်သက်၍ အရိပ်အမြွေ့ပါရှိလာပါသည်"တဲ့၊ ဒီပြဿနာရှင်ဟာ စာကိုသေသေချာချာ ဖတ်တယ်နဲ့တူတယ်၊ ဟုတ်တယ်၊ သူညွှန်ပြတဲ့ခေါင်းစဉ်မှာ သာသနာပြုခြင်းနဲ့ ပတ်သက်ပြီး အရိပ်အမြွေ့ပါသွားတယ်၊ ကဲ… စာကို ဆက်ပြီးတော့ ဖတ်စမ်းပါဦး -

"ဆရာတော်ပြုစုဦးမည်ဖြစ်သော ဗုဒ္ဓဓမ္မ ပြဿနာများ(၂)တွင် "သာသနာပြုခြင်း" နှင့်ပတ်သက်၍ အောက်ပါ အကြောင်းအရာများကို အခြေခံထား၍ ဖြေကြားပြုစုစေချင်ပါသည်"

"အင်း…နေစမ်းပါ ဒကာကြီး၊ စာကလည်း လာလှချေလား၊ ဗုဒ္ဓဓမ္မ ပြဿနာများ(၁)ထဲမှာ ဗုဒ္ဓဓမ္မ ပြဿနာများ(၂) ဆက်လက်ထွက်မယ်လို့လည်း မပါဘဲနဲ့ သူက ဘယ်လိုလုပ်ပြီး (၂)ထွက်မယ်လို့ သိလဲ"

"ဩော်…ဦးပဥ္စင်းကလည်း ဗုဒ္ဓဓမ္မ ပြဿနာများ (၁)လို့ ဆိုထားတော့ (၂)လာမယ်ဆိုတာ သေချာပေါက်သိနေပြီ ပေါ့၊ ပြီးတော့ နိဒါန်းမှာလည်း ပါသားပဲဟာ"

"အင်း…ဟုတ်ပြီ ဟုတ်ပြီ ဒကာကြီးလည်း ဘယ်ညံ့မလဲ၊ ဟို ပြဿနာရှင်နဲ့ မနီးရိုးစွဲပဲနေဉ်၊ ကဲ…စာကို ဆက်ဖတ်ပြ စမ်းပါဦး"

"(၁) သာသနာပြုလုပ်ငန်းတွင် သာသနာပွဲပေးခြင်း၊ (အုန်း၊ ငှက်ပျော)ဖြင့် သာသနာပွဲထိုးခြင်း၊ သာသနာပွဲပေးခြင်း များ ပါဝင်ပါသလား"

"နေပါဦးဒကာကြီး၊ အဲဒါ ပြဿနာ(၁)ပဲ မဟုတ်လား"

"မှန်ပါ ဟုတ်ပါတယ် အရှင်ဘုရား"

"ကဲ…အဲဒီ ပြဿနာနဲ့ပတ်သက်လို့ ဒကာကြီးပဲ ပြန်မေးကြည့်ရဦးမယ်"

"အမယ်…တပည့်တော်တော့ မမေးပါနဲ့ဘုရား၊ တပည့်တော်က ဘယ်ဖြေတတ်မလဲ၊ ဦးပဥ္စင်းဘုရားမေးတာ ဦးပဥ္စင်း ပဲ ဖြေပေါ့"

"ဦးပဥ္စင်းကတော့ ဖြေမှာပေါ့၊ ဒကာကြီးသဘောနဲ့ ဒကာကြီးကြိုက်သလို ဖြေစမ်းပါ၊ မှားမှား မှန်မှန်ပေါ့"

"တပည့်တော်သဘောဆိုရင်တော့ သာသနာပြုလုပ်ငန်းနဲ့ ငှက်ပျောပွဲ၊ အုန်းပွဲထိုးတာနဲ့ ဘာမှ မဆိုင်ဘူး၊ သာသနာ ပြုလုပ်ငန်းတွင် ငှက်ပျောပွဲ၊ အုန်းပွဲလုပ်ငန်းတွေ မပါဝင်သင့်ဘူးလို့ ထင်တယ်"

"အင်း...ဟုတ်တာပေ့ါ၊ သာသနာပြုတာနဲ့ ငှက်ပျောပွဲ၊ အုန်းပွဲနဲ့ ဘာမှ မဆိုင်ဘူးလို့ အတိအကျမှတ်ထား၊ အဲဒါဟာ သာသနာပြုတာမဟုတ်ဘူး၊ သာသနာဖျက်တာလို့လည်း မှတ်ထား"

"သာသနာပြုတာတော့ မဟုတ်တာတော့ ထားပါဘုရား၊ "သာသနာဖျက်တာ" ဆိုတာ ဘယ်လိုပါလဲဘုရား"

"သာသနာဖျက်တာကို သဘောပေါက်ချင်ရင် "သာသနာ" အဓိပ္ပာယ်ကို အရင်သိမှ ဖြစ်မယ်၊ အဲဒီ ပွဲထိုးပွဲပေးတဲ့သူတွေဟာ သာသနာဆိုတာ ဘာမှန်းညာမှန်းမသိဘဲ ရမ်းတုတ်နေတဲ့လူတွေပဲ"

"မှန်ပါ အရှင်ဘုရား"

"သာသနာဆိုတာပါဠိသက်ဝေါဟာရပဲ၊မြန်မာလိုဆိုရင်"အဆုံးအမ"လို့အဓိပ္ပာယ်ရတယ်၊တွဲလိုက်တော့"သာသနာ" ဆိုတာ "အဆုံးအမ" လို့ ဖြစ်မသွားဘူးလား"

"မှန်ပါ၊ ဖြစ်သွားပါတယ်အရှင်ဘုရား"

"သာသနာလည်း မရောစေနဲ့ဦးနော်၊ ဟိုသာသနာ၊ ဒီသာသနာ စတဲ့ သာသနာတွေကလည်း ရှိနေသေးတယ်၊ အဲဒီ သာသနာတွေနဲ့ မရောယှက်စေနဲ့"

"မှန်ပါ၊ အရှင်ဘုရား"

"အဲဒီ "အဆုံးအမ"၊ "သာသနာ" ဆိုတာ ဘယ်သူက ဆုံးမတာလည်းဆိုတော့ "ဗုဒ္ဓ" က ဆုံးမတာလို့ မှတ်ထား၊ ဗုဒ္ဓဆိုရင် တစ်ခြားဘာသာတွေနဲ့ မဆိုင်တော့ဘူး၊ ဒီတော့ "ဗုဒ္ဓ" နဲ့ "သာသနာ" တွဲလိုက်ရင် "ဗုဒ္ဓသာသနာ" လို့ဖြစ်မသွားဘူးလား"

"မှန်ပါ၊ ဖြစ်သွားပါတယ်ဘုရား"

"ဗုဒ္ဓသာသနာ လို့ ဖြစ်သွားတော့ "ဘုရားအဆုံးအမ" "ဗုဒ္ဓအဆုံးအမ" လို့ ဖြစ်မသွားဘူးလား"

"မှန်ပါ၊ ဖြစ်သွားပါတယ်ဘုရား"

"ကဲ... အဲဒီ "ဗုဒ္ဓ" က ဘာတွေဆုံးမသလဲ, ဘယ်လိုဆုံးမသလဲ, အချုပ်ပြောစမ်းပါဆိုတော့၊ ဒါသိဖို့ အရေးမကြီးဘူးလား"

"မှန်ပါ၊ အရေးကြီးပါတယ်ဘုရား"

"ကဲ...အရေးကြီးတဲ့ "ဗုဒ္ဓအဆုံးအမ" "ဗုဒ္ဓသာသနာ" ကို မှတ်ထား၊ ဗုဒ္ဓက ဘယ်လိုဆုံးမသလဲဆိုတော့ -

၁။ အကုသိုလ်မှန်သမျှ ဘာမှ မလုပ်ရဘူး။

၂။ ကုသိုလ်မှန်သမျှ စုံအောင်ပြုလုပ်။

၃။ မိမိစိတ်ကို ဖြူစင်အောင်ပြုလုပ်။ (ဓမ္မပဒ)

"အဲဒီသုံးချက်ပဲဗုဒ္ဓဆုံးမတာ၊အဲဒီသုံးချက်ကိုအကျယ်ချဲ့ရင်နိကာယ်ငါးရပ်,ပိဋကတ်သုံးပုံ,ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင် ဖြစ်လာတယ်"

"ကဲ...ဒကာကြီးကိုမေးမယ်၊ ဖြေစမ်း ကြိုက်သလို၊ ငှက်ပျောပွဲ,အုန်းပွဲပေးတာနဲ့ အဲဒီ ဘုရားအဆုံးအမ သာသာနာနဲ့ ဘာဆိုင်သလဲ၊ ဘယ်လိုဆက်နွယ်သလဲ"

"တပည့်တော် ကြားဖူးတဲ့အတိုင်း ဖြေရရင်တော့ ဒီလိုဖြေမယ်ဘုရား "သာသနာတစ်ဝက်လဲရင် ဘုရားသာသနာကုန်ပြီ၊ ယခု သိကြားသာသနာပဲ ရှိတော့တယ်၊ ဒါကြောင့် သာသနာ့ကိစ္စမှာ သိကြားမင်းတိုင်တည်ပြီး ပြုလုပ်မှ အောင်မြင်မယ်၊ အဲဒီလို ရည်ရွယ်ချက်နဲ့ ပွဲထိုးတယ်၊ ပွဲပေးတယ်"

"ဘယ်ကလာ သာသနာတစ်ဝက်လဲတာနဲ့ ဘုရားသာသနာ ကုန်ရမှာလဲ၊ ဘုရားရှင်ရဲ့အဆုံးအမတွေ ရှိနေသေးသမျှ ဘုရားသာသနာ မကုန်ဘူး၊ ကဲ ... နေပါဦး၊ ပွဲထိုး ပွဲပေးတာနဲ့ သိကြားမင်းနဲ့ စပ်ပုံကို ပြောစမ်းပါဦး"

"ဒီလို ပွဲထိုး ပွဲပေးလိုက်တော့ သိကြားမင်းက သူ့တန်ခိုးနဲ့ သာသနာတော်ကို လာစောင့်ရှောက်မှာပေါ့ ဘုရား"

"ဒကာကြီးမှတ်ထား၊ သိကြားမင်းကြီးက သောတာပန်ပုဂ္ဂိုလ်ကြီး၊ သာသနာတော်ကို သိပ်ပြီးတော့ ကြည်ညိုတယ်၊ သူစောင့်ရှောက်နိုင် ပြုပြင်နိုင်ရင် ပွဲထိုးတာ ပွဲပေးတာစောင့်နေစရာ လိုသေးလား"

"မလိုပါဘူး အရှင်ဘုရား"

"သိကြားမင်းကြီးသာ သာသနာပြုနိုင်ရင် ဗုဒ္ဓသာသနာဝင် မဟုတ်တဲ့ လူတွေကို ဗုဒ္ဓသာသနာဝင်ဖြစ်အောင် ပြုမှာပေါ့၊ ဗုဒ္ဓသာသနာဝင်ဖြစ်ပြီးသား လူကို ဘာထပ်ဖြစ်အောင် ပြုစရာ လိုသေးလဲ"

"အဲဒါ ဒကာကြီး သေသေချာချာမှတ်ထား၊ နဂိုက ရတနာသုံးပါး ကံ,ကံ၏အကျိုးတရား ယုံကြည်တဲ့ သဒ္ဓါတရားကို ဖျက်ဆီးပစ်လိုက်ပြီး "ဖန်ဆင်းရှင် တန်ခိုးရှင်" ကို အယုံသွင်းလို့ "သာသနာဖျက်" လို့ ခေါ်တယ်"

"ဟင် ... ဟုတ်လားဘုရား"

"ဟုတ်တာပေါ့၊ ဦးပဉ္စင်းတို့ ဗုဒ္ဓသာသနာမှာ ဖန်ဆင်းရှင် တန်ခိုးရှင်တို့ကို နေရာမပေးဘူး၊ အဲဒါတွေ နေရာပေးရင် တခြားသာသနာတွေနဲ့ ရောသွားမှာပေါ့"

"အင်း... ဟုတ်တယ်ဘုရား"

"အဲဒါ...ယခု ပွဲထိုးတယ်၊ ပွဲပေးတယ်ဆိုတာ ဗုဒ္ဓသာသနာကို ဖန်ဆင်းရှင်၊ တန်ခိုးရှင်နဲ့ ရောမှန်းမသိ ရောပြီး ဖျက်ဆီးနေတာပဲ၊ သာသနာဖျက်တယ်ဆိုတာ အဲဒီလို သွယ်ဝိုက်ဖျက်တာ ကြောက်စရာအကောင်းဆုံး"

"တင်ပါဘုရား၊ ဦးပဉ္စင်းပြောမှ ကြောက်စရာမှန်း သိရပါတယ်ဘုရား"

"မယုံရင် ဒကာကြီး အဲဒီပွဲထိုး ပွဲပေးတဲ့လူတွေ အကဲခတ် စုံစမ်းကြည့်၊ သူတို့ဟာ ဘုရား တရား ယုံသလိုလိုနဲ့ ဘာတွေပြောမလဲဆိုရင် "ပွဲထိုးလိုက်တာ" ဘိုးတော်က မ,လို့၊ မယ်တော်က မ,လို့ ဘယ်လောက်ချမ်းသာပြီ၊ ရာထူး ဘယ်လိုတက်တယ်၊ စာမေးပွဲ ဘယ်လိုအောင်တယ်" စသည်နဲ့ မပြောဘူးလား"

"မှန်ပါ၊ ပြောပါတယ်ဘုရား"

"သူတို့ပြောတဲ့အထဲမှာ မိမိကိုယ်တိုင်ပြုလုပ်ရတဲ့ "ကံ,ကံ၏အကျိုး" ပါသေးလား"

"မပါတော့ဘူး ဘုရား"

"ကဲ ကိုယ်ကတော့ "ချမ်းသာအောင် ရာထူးကြီးအောင် စာမေးပွဲအောင်အောင်" ဆိုပြီး ကာယကံ, ဝစီကံ, မနောကံနဲ့ ကြိုးစားရတယ်၊ အဲဒီကံက အကျိုးပေးခိုက်နဲ့ ပွဲပေးတာနဲ့ ကြုံတုန်း ချမ်းသာတယ်၊ ရာထူးတက်တယ်၊ စာမေးပွဲအောင်တယ်၊ "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်" ဆိုတဲ့ စကားပုံအတိုင်းပေါ့၊ အဲ ...ယုံတော့ ဘာသွားယုံလဲ၊ ပွဲထိုးလို့,လို့ သွားယုံတယ်၊ ကိုယ်တိုင်ကြိုးစားရတဲ့ ကာယကံ, ဝစီကံ, မနောကံတွေနဲ့ အဲဒီကံရဲ့အကျိုးတွေကို ယုံသေးလား"

"မယုံတော့ဘူးဘုရား"

"အဲ ... "ကိုယ်ပြုကိုယ်ခံ၊ ကိုယ်ပြုကိုယ်စံ" ဆိုတဲ့ အယူမှန်၊ "ကမ္မဿကတာ သမ္မာဒိဋ္ဌိ" ပျောက်သွားပြီး တန်ခိုးရှင်ကြောင့် ဖန်ဆင်းရှင်ကြောင့်လို့ဆိုတဲ့ "ဣဿရနိမ္မာန ဟေတုဒိဋ္ဌိ" ဖြစ်သွားတယ်၊ ဒီတော့ သာသနာပျက်မသွားဘူးလား"

"ပျက်သွားပါတယ်ဘုရား"

"ဘာကြောင့်ပျက်သွားတာလဲ"

"ပွဲထိုးခြင်း၊ ပွဲပေးခြင်းကြောင့်ပါဘုရား"

## ကကုဇာတ်

"အင်း...အကြောင်းရင်းကတော့ ဒါပဲ၊ ပြောပြမယ်မှတ်ထား၊ သိကြားမင်း သာသနာမပြုနိုင်ပုံကိုနော်"

"မှန်ပါ အရှင်ဘုရား၊ အမိန့်ရှိပါ"

"ဒသနိပါတ်ဇာတ် ပါဠိအဋ္ဌကထာမှာ ကကုဇာတ်ဆိုတာ ရှိတယ်၊ အဲဒီမှာ ကကုရသေ့ပေါ့၊ သိပ်ပြီး အကျင့်ကောင်းတယ်၊ အဲ...သူ့အကျင့်အစွမ်းကြောင့် သိကြားမင်းက ကကုရသေ့ထံလာပြီး အလိုစမ်းတယ်၊ အလိုစမ်းလို့ သဘောကျတော့ သိကြားမင်းက သူ့ထံမှာ လိုတဲ့ဆု တောင်းဖို့ ကကုရသေ့ကို ဖိတ်တယ်၊ ကကုရသေ့က -

"သိကြားမင်း သင် ငါ့ကို ဆုပေးချင်သပ၊ ဆုပေးနိုင်သပဆိုရင် ငါ့သန္တာန်မှာ အားနည်းတဲ့ ဒေါသ၊ အားကြီးတဲ့ ဒေါသ၊ လိုချင်မှု လောဘ၊ ချစ်ခင်မှု သေဟတရားလေးပါး မရှိအောင် ပြုလုပ်ပေးပါ"

လို့ တောင်းတယ်၊ အဲဒါ သိကြားမင်း ပြုလုပ်မပေးနိုင်ဘူး၊ အဲဒါ တောင်းတော့ သိကြားမင်းက ပြုလုပ်မပေးနိုင်ပေမဲ့ သဘောကျလို့ နောက်ထပ်တောင်းပါဦး ခိုင်းတယ်၊ ဒီတော့ ကကုရသေ့က -

"သိကြားမင်း သင် ငါ့ကို ဆုပေးချင်သပ. ဆိုပေးနိုင်သပဆိုရင် ငါဟာ ဒီတောထဲမှာ တစ်ယောက်တည်း နေရတာ ပြုစုမယ့်သူ မရှိဘူး၊ တရားအားထုတ်မှု ပျက်အောင်ဖြစ်မယ့် ပြင်းထန်တဲ့ရောဂါတွေ မဖြစ်အောင် ပြုလုပ်ပေးပါ"

လို့ တောင်းတယ်၊ အဲဒီဆုလည်း သိကြားမင်း မပေးနိုင်ဘူး၊ မပေးနိုင်ပေမဲ့ သဘောကျလို့ ဆုတောင်းခိုင်းပြန်တယ်။ တကုရသေ့က -

"သိကြားမင်း သင် ငါ့ကို ဆုပေးနိုင်သပ၊ ဆုပေးချင်သပဆိုရင် ငါ့ရဲ့ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုပြုတိုင်း ပြောတိုင်း ကြံစည်တိုင်း သူတစ်ပါးတွေ စိတ်မချမ်းမသာ ကိုယ်မချမ်းမသာဖြစ်အောင် ပြုလုပ်ပေးပါ" လို့ တောင်းတယ်။ အဲဒါလည်း သိကြားမင်းမပေးနိုင်ဘူး။ ကဲ...အဲဒီသိကြားက ပွဲထိုးတာနဲ့ ဘယ်လိုသာသနာပြုနိုင်မှာလဲ"

"ဘယ်လိုမှ သာသနာမပြုနိုင်ပါ အရှင်ဘုရား"

"သာသနာပြုတယ်ဆိုတာ ခုနက ပြောခဲ့တဲ့ ဗုဒ္ဓ အဆုံးအမ သုံးချက် မတည်သေးတဲ့ပုဂ္ဂိုလ်တွေကို တည်အောင်၊ တည်ပြီးသား ပုဂ္ဂိုလ်တွေကို အတိုင်းထက်အလွန် တည်အောင် ပြုလုပ်ပေးတာကို "သာသနာ"ပြုတယ်လို့ ခေါ်တယ်၊ ပွဲထိုးတာ၊ ပွဲပေးတာနဲ့ သာသနာပြုတာ ဘာဆိုင်လဲ"

"ဘာမှ မဆိုင်ပါဘုရား"

"ကဲ...ကဲ အဲဒီအမှတ် (၁) ပြဿနာ ဒီလောက်ဆိုရင် ပြေလည်ရောပေါ့၊ ရှေ့ဆက်ဖတ်ပါဦး -

"(၂) မြန်မာပြည်ရှိ လောကီလောကုတ္တရာဂိုဏ်း အသီးသီးတို့သည် သာသနာပြုလုပ်ငန်းအဖြစ် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ရေတွင်းရေကန်တူးခြင်း စသည်တို့ ပြုလုပ်လေ့ရှိကြပါသည်"

"သီရိခေမ္မာသောကမင်းကြီးထုံး နလုံးမူ၍ သာသနာပြုလုပ်ငန်းအဖြစ် ဆင်းသက်လာဟန် ရှိပါသည်။ အထူးသဖြင့် မြန်မာပြည်တွင် (...)မြို့(...)ကျောင်းတိုက်၊ (...)ကျောင်း "မြန်မာပြည် ဘုရားပြုပြင်ရေးအဖွဲ့ကြီးနှင့် မြန်မာသာသနာပြု ဓမ္မကထိကအဖွဲ့"စသည်တို့ဖြင့် ဘုရားပြုပြင်ခြင်း စသည်တို့ကို ပြုလုပ်နေကြပါသည်"

"တပည့်တော်ဆိုလိုသည်မှာ တစ်ကြိမ်တစ်ခါက သာသနာပြုသည်ဆိုသော "ပထမံဂိုဏ်း"တစ်ဂိုဏ်း သာသနာပြု နဝင်းဘုရားများ "လောကီအစီအစဉ်များဖြင့်"ဓာတ်တိုင်ဘုရားများ တည်ခြင်းဟာ ဗုဒ္ဓအလိုတော်ကျ သာသနာပြုခြင်း ဟုတ်.မဟုတ် အထူးသိလိုပါသည်"

"အင်း . . . အင်း ၊ ဒီဒကာမေးတဲ့ အမေးတွေဟာ သိပ်ကောင်းတယ်၊ သိပ်စေ့စပ်တယ်၊ အဲဒီမှာ ရပ်ထားဦး၊ ပြဿနာတစ်ရပ် ဖြေရအောင်"

## သာသနာ သာသနာ့ပစ္စည်းစသည်

"အဲဒီအမေးကို မဖြေမီ အရင်ကြိုတင်သိရမှာတွေက ဘာတွေလဲဆိုတော့ -

၁။ သာသနာ

၂။ သာသနာပြု

၃။ သာသနာ့ပစ္စည်း

၄။ သာသနာ့တံခွန် အဲဒီလေးမျိုးတို့ပဲ ဖြစ်တယ်၊ အဲဒီလေးမျိုးကို သေချာစွာ မှတ်ထားနော်"

"မှန်ပါအရှင်ဘုရား"

"ဒီလေးချက်မှာလည်း (၁ နှင့် ၂)အချက်ဟာ ခုနက အမှတ်(၁) ပြဿနာမှာ ပါသွားပါပြီ၊ ဒါပေမဲ့ အစဉ်ကျအောင် ထပ်ပြီးတော့ ပြောဦးမယ် -

၁။ "သာသနာ" ဆိုတာ "ဗုဒ္ဓအဆုံးအမ" လို့ ခေါ်တယ်။

၂။ "သာသနာပြု" တယ်ဆိုတာက "ဗုဒ္ဓအဆုံးအမ" မတည်သေးသူကို တည်အောင်၊ တည်ပြီးသူကို အတိုင်းထက်အလွန်တည်အောင် ပြုတာကို သာသနာပြုတယ် ခေါ်တယ်"

၃။ "သာသနာ့ပစ္စည်း" ဆိုတာက ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးကို ခေါ်တယ်၊ ယင်းလေးပါးမှ တစ်ပါးသာသနာနဲ့လျော်တဲ့ ပစ္စည်းတွေလည်း သာသနာ့ပစ္စည်းပေါ့"

၄။ "သာသနာ့တံခွန်" ဆိုတာက စေတီ၊ ပုထိုး၊ ရုပ်ပွားတော်၊ ဆင်းတုတော် စသည်တို့ကို ခေါ်တယ်"

"အဲဒီလေးချက် သိရင်ပဲ အမေးရှင်ရဲ့အမှတ်(၂) ပြဿနာဟာ ပြေလည်ပါတယ်နော် ဒကာကြီး"

"မှန်ပါအရှင်ဘုရား၊ ပြေလည်နိုင်ပါတယ်"

"ဒါပေမဲ့ ရှင်းလင်းအောင် ထပ်ပြီးရှင်းပြမယ်"

"မှန်ပါ၊ ရှင်းပါအရှင်ဘုရား"

"ယခုခေတ် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း စသည်တို့ဟာ သီရိဓမ္မာသောကမင်းကြီးထံုး နှလုံးမူ၍ သာသနာပြုလုပ်ငန်းအဖြစ် ဆင်းသက်လာတာ မဟုတ်ပါဘူး၊ သီရိဓမ္မာသောကမင်းကြီးက ဘုရားရှင်၏ ပရိယတ္တိသာသနာတော်ခေါ် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ပူဇော်သောအနေဖြင့် ဘုရားတည်၊ ကျောင်းဆောက် စသည် ပြုလုပ်တာဖြစ်ပြီး ယခုခေတ်လို ဓာတ်ကျုံလို့ဆိုပြီး ဘုရားတည်တာမျိုး မဟုတ်ပါ၊ ယင်းသို့ ဘုရားတည်ရာမှာ ဘုရားမရှိသေးသောနေရာမှာ တည်ပါတယ်၊ ရှိပြီးသားနေရာမှာ အသေးအမွှားလေးတွေ တည်တာမျိုး မဟုတ်ပါ"

"ဘုရားတည်ခြင်းရဲ့အဓိကရည်ရွယ်ချက်မှာ ဘုရားရှင်ရဲ့ဓာတ်တော်မွေတော်ကို လုံခြုံစွာ စောင့်ရှောက်တဲ့ သဘောပါပဲဒကာကြီး၊ ဘုရားတည်ရုံသက်သက်နဲ့တော့ သာသနာပြုလို့ မခေါ်နိုင်ပါဘူး"

"ဘုရားတည်တာဟာ သာသနာရှိပြီးသား ပုဂ္ဂိုလ်တွေအတွက် ကိုးကွယ်ဆည်းကပ်ဖို့ပဲ ဖြစ်နိုင်တယ်၊ တကယ် သာသနာမရှိတဲ့နေရာ ဘုရားသွားတည်ရင် ဘာအကြောင်းထူးမှာလဲ၊ အဲဒီဘုရားကို ဘယ်သူက ကိုးကွယ်ဆည်းကပ်မှာလဲ၊ ဗုဒ္ဓသာသနာကွယ်ခဲ့တဲ့နေရာတွေ ပြန်ကြည့်ပါ၊ ဘုရားတွေ ဘယ်လိုအခြေအနေ ရှိနေသလဲ"

"ဒါကြောင့် ဘုရားတည်ရုံသက်သက်နဲ့ သာသနာပြုလို့မခေါ်နိုင်ပါ၊ သာသနာပြုနဝင်းဘုရားလို့လည်း မရှိပါ၊ သာသနာတော်နဲ့ "နဝင်း"နဲ့လည်း မဆိုင်ပါ၊ နဝင်းဆိုတာ လောကီအစီအစဉ်မျှသာ ဖြစ်တယ်၊ သာသနာတော်အလို "ဓာတ်တိုင်ဘုရား" လည်း မရှိပါ၊ ၎င်းတို့ပြုလုပ်ပုံဟာ ဗုဒ္ဓအလိုတော်ကျ သာသနာပြုလုပ်ငန်း လုံးဝ မဟုတ်ပါဘူးဒကာကြီး"

"ပျက်စီးနေသောဘုရားတွေ ပြုပြင်တာတော့ အလွန်ကောင်းပါတယ်၊ အဲဒီလို ပြုပြင်ရာမှာ မူလဌာပနာတိုက်မှ အဖိုးတန်တွေကို ယူမထား ချန်မထားဘဲ စနစ်တကျ ပြန်တည်၊ ပြန်ပြုပြင်တာမျိုး ပြောတာနော်"

"မှန်ပါ အရှင်ဘုရား"

"တချို့ဘုရားပြင်တာက ဌာပနာတိုက်စသည်က အဖိုးတန်တွေ လိုချင်လို့ ပြင်တာလည်းရှိတယ်၊ ဒါမျိုးကို ဆိုလိုတာ မဟုတ်ဘူး"

"မြန်မာပြည် သာသနာပြု ဓမ္မကထိကအဖွဲ့ ဆိုတာမှာ ဓမ္မကထိက ဘယ်နှစ်ပါးနဲ့ ဖွဲ့ထားသလဲ၊ ဘယ်လိုဓမ္မကထိကတွေလဲဆိုတာ သာသနာ၊ သာသနာပြု စသည်လေးချက်နဲ့ ညှိကြည့်ပါ၊ အဲဒါဆို သာသနာပြု ဟုတ်.မဟုတ် သိပါလိမ့်မယ် ဒကာကြီး"

"မှန်ပါ အရှင်ဘုရား"

"ဘုရားမရှိသေးတဲ့နေရာမှာ ဘုရားတည်တာက သာသနာ့တံခွန်ထူတာလို့ မှတ်ထား၊ သာသနာ့တာဝန် ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်တွေ ချမ်းသာစွာ ထမ်းဆောင်နိုင်အောင်ဆိုပြီး ရေတွင်းတူးခြင်း၊ ကျောင်းဆောက်ခြင်း စသည် ပြုလုပ်လှူဒါန်းတာက "သာသနာ့ပစ္စည်း အပ်နှင်း"တာလို့ ခေါ်တယ် ဒကာကြီး"

"ဟင် ဒါဖြင့် "သာသနာပြု၊ သာသနာပြု"နဲ့ အမည်သာရှိတာပဲ ဦးပဥ္စင်းဘုရား၊ အပြောတစ်ခြား၊ အလုပ်တစ်ခြားပါပဲလားဘုရား၊ လူတွေကလည်း သာသနာပြုဆိုရင် ဘာမှန်း ညာမှန်းမသိဘဲ ရမ်းပြီးယုံတော့တာပဲဘုရား"

"အင်းပေါ့ . . . ယုံတဲ့သူက ရမ်းယုံတော့ ပြုတဲ့သူကလည်း ရမ်းပြုတာပေါ့၊ ဒီတော့ "ရမ်းပြုနဲ့ ရမ်းယုံ"အတော်ပဲ မဟုတ်လား၊ "ရမ်းပြုနဲ့ ချင့်ချိန်ယုံ" ဆိုရင် ဘယ်ဖြစ်မလဲ ဒကာကြီးရဲ့"

"ဟုတ်တယ်ဘုရား၊ ဟုတ်တယ်"

"ဟုတ်တာအရေးမကြီးဘူး ဒကာကြီး၊ အဲဒီလို ရမ်းပြု ရမ်းယုံတွေ ပေါ်လာရင် သာသနာမြန်မြန်ကွယ်မယ်၊ ကဲ . . . ဒီမျှဆို အမှတ်(၂)ပြဿနာ ပြေလည်ရောပေါ့၊ ရှေ့ဆက်ပြီး ဖတ်ပြစမ်းပါဦး ဘာတွေ မေးထားလဲ"

"(၃)ထွက်ရပ်ပေါက် ဝိဇ္ဇာမိုရ်များ၊ သာသနာပြုလုပ်ငန်းများ ဦးစီးပြုလုပ်၍ သာသနာပြုကြသည်ဆိုသည်ကို လက်ခံယုံကြည် အားပေးကိုးကွယ်သင့်ပါသလော"

"ဒီပြဿနာရဲ့အတိုချုပ်အဖြေကတော့ လက်ခံယုံကြည်အားပေး ကိုးကွယ်မှု မပြုသင့်ဘူးလို့ဘဲ ဖြေရမယ်ဒကာကြီး"

"မှန်ပါ အရှင်ဘုရား၊ အကျယ်အမိန့်ရှိပါဦးဘုရား"

"ဘာဖြစ်လို့လည်းဆိုတော့ သာသနာ့သမိုင်းကို ပြန်ပြီးကြည့်ရင် -

၁။ ဟိုအတိတ်က ကဿပဘုရားရှင် သာသနာတော် နောက်ပိုင်းမှာလည်း ဝိဇ္ဇာမိုရ်များ ဦးစီးပြုလုပ်၍ သာသနာပြုခဲ့တယ်လို့ ကျမ်းဂန်မှာ မရှိဘူး၊

၂။ ယခုပစ္စုပ္ပန်မှာလည်း ဝိဇ္ဇာမိုရ်များ ဦးစီးပြုလုပ်၍ သာသနာပြုနေတာ မရှိဘူး၊

၃။ ဒီက နောက် အနာဂတ်ကာလမှာ ဝိဇ္ဇာမိုရ်များ ဦးစီးပြုလုပ်၍ သာသနာပြုလိမ့်မယ်လို့ ကျမ်းဂန်မှာ အညွှန်း မရှိဘူး"

## သိက္ခာသုံးပါး မပြည့်စုံသူများ

"ကဲ...ဒကာကြီးပဲ ကိုယ်ပိုင်ဉာဏ်နဲ့ မျက်မြင်ကိုကြည့်ပြီး စဉ်းစားကြည့်စမ်း၊ ဖြေစမ်း၊ မေးတာကို"

"မှန်ပါ ဖြေပါ့မယ်၊ မေးပါအရှင်ဘုရား၊

"ယခု ဒကာကြီးရဲ့မျက်မှောက်ဘဝမှာ အဲဒီဝိဇ္ဇာမိုရ်လမ်းလိုက်တဲ့ ပုဂ္ဂိုလ်တွေဟာ တကယ့် စာတတ်ပေတတ် သီလ သမာဓိပညာ အကျင့်တရား သိက္ခာသုံးပါးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေ ဟုတ်ရဲ့လား"

"သိက္ခာသုံးပါး မပြည့်စုံသူတွေ များပါတယ်အရှင်ဘုရား"

"အင်း... သာသနာကိုခွဲရင် သုံးမျိုးတစ်ခု၊ သုံးမျိုးတစ်ခုအားဖြင့် နှစ်ခုရတယ်၊ ပထမသုံးမျိုးတစ်ခုက ဘာလဲဆို တော့ -

| | | | |
|---|---|---|---|
| ၁။ | ပရိယတ္တိသာသနာ | = | စာပေကျမ်းဂန် သင်ကြားပို့ချဟောပြော ရေးသားဆွေးနွေးမှု၊ |
| ၂။ | ပဋိပတ္တိသာသနာ | = | စာပေကျမ်းဂန်နှင့်အညီ ကျင့်ကြံကြိုးကုတ်အားထုတ်မှု၊ |
| ၃။ | ပဋိဝေဓသာသနာ | = | စာပေကျမ်းဂန်နှင့်အညီကျင့်ကြံသဖြင့် မဂ်.ဖိုလ်.နိဗ္ဗာန် ထိုးထွင်းသိမြင်မှုတို့ ဖြစ်တယ်။ |

"ကဲ ... အဲဒီသုံးမျိုးမှာ ဝိဇ္ဇာမိုရ်တွေဟာ ပရိယတ္တိသာသနာမှ သူတို့မှာ မတည်ဘဲနဲ့ ဘယ်လိုလုပ် ပရိယတ္တိ သာသနာပြုနိုင်မှာလဲ"

"မပြုနိုင်ပါအရှင်ဘုရား"

"အဲဒီ ပရိယတ္တိသာသနာ မရှိသူဟာ ပဋိပတ္တိသာသနာလည်း အမှန်အကန် ပြုနိုင်ပါ့မလား"

"မပြုနိုင်ပါအရှင်ဘုရား"

"အဲ...အဲဒီသာသနာနှစ်ခုမှ အမှန်အကန် မပြုနိုင်ရင် ပဋိဝေဓသာသနာ ဘယ်လိုလုပ် ပေါ်ထွက်နိုင်မှာလဲ"

"မှန်ပါ၊ ပေါ်ထွက်နိုင်စရာအကြောင်း မရှိပါဘုရား"

"အင်း...နောက်တစ်ခါ သာသနာသုံးမျိုးတစ်ခုကို ပြောရမယ်ဆိုရင် -

၁။ သီလသာသနာ

၂။ သမာဓိသာသနာ

၃။ ပညာသာသနာရယ်လို့ သုံးမျိုး တစ်ခု ရှိတယ်၊ အဲဒီ သာသနာသုံးခု မတည်သေးသူကို တည်အောင်ပြုလုပ် ပေးသူကိုမှ သာသနာပြုတယ်လို့ခေါ်တယ်၊ အဲ...ဝိဇ္ဇာမိုရ်တွေ သာသနာပြုတယ်လို့ကျမ်းဂန်မှာ မတွေ့ဘူး၊ သူများဒကာမကြာခို တာတော့ ဇာတ်အဋ္ဌကထာမှာ အထင်အရှားရှိတယ်"

"ဒီတော့ ဝိဇ္ဇာမိုရ်တွေ ကိုယ်တိုင်မှာကို သီလ. သမာဓိ. ပညာ သိက္ခာသုံးပါး အကျင့်တရား မတည်ရှိဘဲနဲ့ ဘယ်လိုလုပ် ပြီး သူများကို သွားပြီးတော့ သိက္ခာသုံးပါး အကျင့်တရား "သာသနာ" တည်အောင်ပြုမလဲ"

"မှန်ပါတယ်အရှင်ဘုရား"

"ဒီတော့ သာသနာပြုအချုပ်က "ပရိယတ္တိသာသနာ" လို့ခေါ်တဲ့ ဗုဒ္ဓစကားတော်တွေ ကျွမ်းကျင်သူက မကျွမ်းကျင်သူ တွေကို ဟောပေး. သင်ပေး. ချပေး. ရေးပေးတာ ပရိယတ္တိသာသနာပြုတာ ခေါ်တယ်"

"ပဋိပတ္တိသာသနာလို့ ခေါ်တဲ့ သီလ. သမာဓိ. ပညာ သိက္ခာသုံးပါးအကျင့်တရားကို ကိုယ်တိုင်ကျင့်၍ ကျွမ်းကျင် သူက ကိုယ်လို မကျင့်သေးသူတွေကို ကျင့်အောင် ကိုယ်တိုင် စံပြခြင်း၊ ကျင့်နိုင်းခြင်း စသည် ပြုလုပ်တာက ပဋိပတ္တိသာသနာ ပြုတာ"

"ပြုရမှာက အဲဒီသာသနာတော်နစ်ရပ်ကို ပြုရမှာ၊ အဲဒီသာသနာတော်နစ်ရပ် မကျွမ်းကျင်တဲ့ ဝိဇ္ဇာမိုရ်တွေက ဘယ်လိုလုပ် သာသနာပြုနိုင်မှာလဲ"

"မှန်ပါ အရှင်ဘုရား၊ သဘောပေါက်ပါပြီ"

"ကဲ ... ကဲ ဒကာကြီး သဘောပေါက်ရင်တော့ ပြဿနာရှင်လည်း သဘောပေါက်လောက်ပြီ၊ ရှေ့ဆက်ဖတ်စမ်းပါဦး၊ ဘာတွေမေးထားလဲ"

"(၄) ရန်ကုန်မြို့နာမည်ကြီးဓာတ်နန်း (ယခင်နတ်နန်း)တစ်ခုတွင် သာသနာပြုသည်ကို အကြောင်းပြုပြီး ဘုရားမှအပ ပရိနိဗ္ဗာန်စံလွန်တော်မူသော ရဟန္တာများ ပင့်၍ သာသနာပြု ဓာတ်စီး ဓာတ်နန်းများ ပြုနေပါသည်။ ရဟန္တာများ ဓာတ်စီး၊ ဓာတ်နန်း၍ ဓာတ်စကား တရားဟော သာသနာပြုနိုင်ပါသလော"

လျှောက်ထားမေးမြန်းသူ

------ရေနံချောင်း။

၁၉-၁-၇၆။

"အင်း ... တယ်စုံတဲ့ ဒကာပဲ၊ ဦးပဥ္စင်း ရန်ကုန် ခဏခဏရောက်နေတာပဲ၊ တစ်ခါမှ ဒီဓာတ်နန်းတွေ၊ နတ်နန်းတွေ မကြားမိပါဘူး၊ သူက ရေနံချောင်းကနေ ဘယ်လိုအဆက်အသွယ်နဲ့ ဘယ်လိုကြား ဘယ်လိုသိသလဲ မသိဘူး"

"ဦးပဥ္စင်းဘုရားကသာ မသိတာ၊ သူ့အဆက်အသွယ်နဲ့ သူကတော့ ရုပ်မြင်သံကြားက သတင်းပို့တာထက် မြန်တယ်"

"အင်း ... အင်း ... ဒါကြောင့်လည်း သိတာပေါ့လေ၊ ကဲ ... ကဲ ထားပါတော့၊ ပြဿနာဖြေရအောင်"

"မှန်ပါ အရှင်ဘုရားဖြေပါ"

"ဘုရားမှအပ ပရိနိဗ္ဗာန်စံလွန်တော်မူသော ရဟန္တာများပင့်၍ သာသနာပြုဓာတ်စီး၊ ဓာတ်နန်းပြုလို့ မရဘူး ဒကာကြီး"

"မှန်ပါအရှင်ဘုရား"

"ဟိုက ... ရုပ်နာမ်ခန္ဓာအားလုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်ဝင်စံသွားပြီ၊ ဓာတ်စီးဓာတ်နန်းတယ်ဆိုတာ ရုပ်နာမ်ခန္ဓာရှိတဲ့သူမှ စီးနိုင်နန်းနိုင်မှာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် အရှင်ဘုရား"

"ဒါကြောင့် ရဟန္တာများ ဓာတ်စီး ဓာတ်နန်း၍ ဓာတ်စကားတရားဟော သာသနာမပြုဘူးလို့ မှတ်ထား ဒကာကြီး"

"မှန်ပါအရှင်ဘုရား၊ သာဓကကော ပြနိုင်ပါသလား ဘုရား"

"ပြနိုင်တာပေါ့၊ အင်္ဂုတ္တရအဋ္ဌကထာ တေဒဂ္ဂဝဂ်၊ ဝင်္ဂီသဝတ္ထုမှာ အထင်အရှားရှိတယ်၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဝင်္ဂီသသံယုတ်အဖွင့်မှာလည်း လာတယ်"

"ဘယ်လိုလာပါသလဲဘုရား"

"အဲဒီရှင်ဝင်္ဂီသဟာ လူ့ဘဝက ဂန္ဓာရီဝိဇ္ဇာပေါ့၊ သူက လူသေကောင်ရဲ့ဦးခေါင်းခွံခေါက်ကြည့်ရင် သေသူ ဘယ်ရောက်နေတယ်ဆိုတာ သိနိုင်တယ်၊ အဲ ... ဘုရားရှင်က ရဟန္တာတစ်ပါးရဲ့ ဦးခေါင်းခွံကိုပြတော့ ဂန္ဓာရီဝိဇ္ဇာဝင်္ဂီသ မသိတော့ဘူး၊ အဲဒီအတတ် လိုချင်လို့ ဘုရားရှင်ထံ ရဟန်းပြုတယ်၊ နောက် ရဟန္တာဖြစ်သွားတယ်၊ ကဲ...ရဟန္တာပုဂ္ဂိုလ်ကို ဂန္ဓာရီဝိဇ္ဇာ ဝင်္ဂီသတောင် ခေါ်နိုင်ရဲ့လား"

"မခေါ်နိုင်ပါ အရှင်ဘုရား"

"ဘယ်ခေါ်နိုင်မလဲ၊ "ရုပ်နာမ်ခပ်သိမ်း ချုပ်ပြတ်ငြိမ်း ဇာတ်သိမ်းပြည်နိဗ္ဗာန်"ဝင်စံသွားပြီပဲဟာ၊ အဲဒါ ရဟန္တာများ ဓာတ်စီး ဓာတ်နင်း၍ ဓာတ်စကားတရားဟော သာသနာပြုတယ်ဆိုရင် အဲဒါ အလိမ်အညာတွေလို့မှတ် ဒကာကြီး"

"မှန်ပါ အရှင်ဘုရား"

"ရဟန္တာတင် မဟုတ်သေးဘူး ဒကာကြီး၊ တကယ့်ဝိဇ္ဇာ၊ ဇော်ဂျီတွေကလည်း ဓာတ်မစီးဘူး မှတ်ထား"

"မှန်ပါ အရှင်ဘုရား"

"ကဲ … ဒကာကြီး စဉ်းစားကြည့်စမ်း၊ ဟို … ရဟန္တာတွေ ဆိုတာတော့ ထားတော့၊ အမြတ်ဆုံးနိဗ္ဗာန်လည်း ဝင်စံသွားပြီ၊ ဝိဇ္ဇာဇော်ဂျီတွေက အကုသိုလ် ကာမေသုမိစ္ဆာစာရကံကြွင်း ခံရရှာနေတဲ့ မိန်းမလျာ၊ ယောက်ျားလျာတွေမှာ ဓာတ်စီးပါ့မလား"

"ဟုတ်တယ်ဘုရား၊ အဲဒါ စဉ်းစားစရာပဲ"

"စဉ်းစားစရာ လုပ်မနေနဲ့၊ ဓာတ်စီးတဲ့လူတွေ သွားကြည့်စမ်း၊ မြင့်မြတ်တည်ကြည်တဲ့ သီလ. သမာဓိ. ပညာနဲ့ ပြည့်စုံတဲ့ ရဟန်း. သာမဏေ. ဒကာ. ဒကာမ ဘယ်နှစ်ယောက် တွေ့ဖူးသလဲ"

"တစ်ယောက်မှ မတွေ့ပါ အရှင်ဘုရား"

"အဲ … ဓာတ်စီးပြီဆို ဘယ်သူတွေလည်း အရုပ်ပျက်တွေ၊ မိန်းမလျာတွေ၊ ယောက်ျားလျာတွေ၊ ကလေးငယ်တွေ ဒါတွေပဲမဟုတ်လား"

"ဟုတ်ပါတယ်အရှင်ဘုရား"

"အဲဒါတွေ စီးတဲ့ဓာတ်ဟာ သာသနာပြုနိုင်တဲ့ ဓာတ်မြတ် ဟုတ်ပါ့မလား"

"မဟုတ်နိုင်ပါအရှင်ဘုရား"

"မှတ်ထား၊အဲဒါသာသနာဖျက်မယ့်မိစ္ဆာတွေစီးတာ၊ဝိဇ္ဇာတွေစီးတာမဟုတ်ဘူး၊အယုတ်တွေစီးတဲ့ဓာတ်ဟာအယုတ်တွေပဲမှတ်တော့၊ ကဲ … ဒီလောက်ဆို ပြေလည်ရောပေါ့"

"မှန်ပါအရှင်ဘုရား"

✦ ပွဲထိုးပေးတာ၊ သာသနာ၊ ပြုတာမဟုတ် မှတ်ကြပါ။

✦ သာသနာပွဲ၊ ပေးရိုးလည်း၊ ကျမ်းထဲမပါ မရှိပါ။

✦ ဘုရားတည်တာ၊ သာသနာ၊ ထူတာတံခွန် အလံသာ။

✦ ကျောင်းဆောက်စသည်၊ အလီလီ၊ အပ်သည်ပစ္စည်းအလှူသာ။

✦ ဝိဇ္ဇာမိုရ်ဟာ၊ သာသနာ၊ မှန်စွာမပြုနိုင်သည်သာ။

✦ ရဟန္တာဟာ၊ ဓာတ်စီးကာ၊ ဘယ်ခါ တရားမဟောပါ။

✦ မိစ္ဆာယူမှား၊ အယူများ၊ ပယ်ရှားလိုက်ကြ မြန်မကြာ။

# မင်းတို့ဂိုဏ်းသမားတွေမှာ
# သရဏဂုံ့မရှိဘူးတဲ့ဘုရား

(၆၀)

ယခုဗုဒ္ဓသာသနာတော် ထွန်းကားနေသောအခါတွင် ကုသိုလ်လုပ်နည်း နှစ်နည်းရှိ၏။ ယင်းတို့ကား -

၁။ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်ရအောင် လုပ်နည်း။

၂။ ဘုရားအဖြစ် ပစ္စေကဗုဒ္ဓအဖြစ်၊ သာဝကအဖြစ်သို့ ရအောင်လုပ်နည်း ဟူ၍ နည်းလမ်းနှစ်လမ်း ရှိ၏။ ယင်းနှစ်လမ်းတွင် -

၁။ လူ့စည်းစိမ်ကို ရလိုလျှင်လည်း လူ့ပြည်က လုပ်မှရသည်။

၂။ နတ်စည်းစိမ်ကို ရလိုလျှင်လည်း လူ့ပြည်က လုပ်မှရသည်။

၃။ ဗြဟ္မာ့စည်းစိမ်ကို ရလိုလျှင်လည်း လူ့ပြည်က လုပ်မှရသည်။

၄။ ဘုရားအဖြစ်ကို ရလိုလျှင်လည်း လူ့ပြည်က လုပ်မှရသည်။

၅။ ပစ္စေကဗုဒ္ဓအဖြစ်ကို ရလိုလျှင်လည်း လူ့ပြည်က လုပ်မှရသည်။

၆။ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကအဖြစ်ကို ရလိုလျှင်လည်း လူ့ပြည်က လုပ်မှရသည်။

ယင်းတွင် ဘုရားအဖြစ်ဟူသော မဟာဗောဓိအလုပ်ကို လုပ်ကြံကြကုန်သော ယောကျ်ားမြတ်ကြီးတို့သည် ယခုအန္တရကပ်တွင်းမှာပင် ဗြဟ္မာ့ပြည်သို့ အခေါက်များစွာ ရောက်ကြကုန်၏။

ယင်းသို့ ရောက်ကြကုန်သော်လည်း ဗြဟ္မာ့ချမ်းသာကို တာရှည်စွာခံစား၍ မနေကြကုန်၊ အဓိမုတ္တိသေခြင်းဖြင့် မိမိကိုယ်ကို သေအောင်ပြု၍ လူ့ပြည်သို့သာ ဆင်းလာကြကုန်၏။

လူ့ပြည်မှာ စကြာမင်းဖြစ်သော်လည်း အတော်အလျော် ခံစားမိလျှင် ယင်းစကြာမင်းစည်းစိမ်ကို စွန့်၍ မဟာဗောဓိပါရမီအလုပ်ကိုသာ တွင်တွင်လုပ်ကြကုန်၏။

သဘောအချုပ်ကို ဆိုသော် ပညာရှိသောသူသည် လူ့ဘဝကို တစ်ခါရလိုက်လျှင် လောကီစည်းစိမ်အရာမှာ

၁။ လူ့စည်းစိမ်ပေါင်း အသောင်း အသိန်း ထူထောင်မိ၏။

၂။ နတ်စည်းစိမ်ပေါင်း အသောင်း အသိန်း ထုထောင်မိ၏။

၃။ ကမ္ဘာများစွာ ချမ်းသာရှည်လျားသော ဗြဟ္မာ့စည်းစိမ်ပေါင်းလည်း ထုထောင်မိ၏။

ချဲ့ ဦးအုံ့၊ လူ့စည်းစိမ်တွင် စကြာမင်းအဖြစ်သည် အထွတ်အထိပ်ဖြစ်၏။ စကြာမင်းအဖြစ်ကို ရသောသူသည် ယင်းစကြာမင်းစည်းစိမ်ကို အသက်ထက်ဆုံး သုံးဆောင်ခံစံ၍ နေခဲ့သော် ခံစံမှုနှင့် လူ့တစ်ဘဝ ပြီးလေ၏။ သေရာတွင် စည်းစိမ်လည်း ကွယ်ပလေ၏။ အတိဒုလ္လဘရခဲလှသော လူ့ဘဝကိုလည်း အချည်းနှီး ကုန်ဆုံးစေ၏။

ဒုလ္လဘအချက်ကို သိ၍ရရှိသောစည်းစိမ်ကိုစွန့်ပါလျှင် ယင်းစကြာမင်းစည်းစိမ်ကိုစကြာမင်းစည်းစိမ်ပေါင်း၊ စကြာမင်းဘဝပေါင်း တစ်သောင်းမက, တစ်သိန်းမက ရနိုင်၏။

နတ်မင်း၊ သိကြားမင်းထက် အဆအသိန်းမက ချမ်းသာသော မဟာဗြဟ္မာဘဝကိုလည်း ရနိုင်၏။ မဟာကမ္ဘာကြီးရှစ်ကမ္ဘာ အသက်ရှည်သော အာဘဿရဗြဟ္မာမင်းစည်းစိမ်ကိုလည်း ရနိုင်၏။

ခြောက်ဆယ့်လေးကမ္ဘာ အသက်ရှည်သော သုဘကိဏှဗြဟ္မာမင်း၊ မဟာကမ္ဘာငါးရာ အသက်ရှည်သော ဝေဟပ္ဖိုလ်ဗြဟ္မာမင်း၊ အထက်ဆုံးဘဝဂ်မှာ မဟာကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်သော အရူပဗြဟ္မာအဖြစ်ကိုလည်း ရနိုင်၏။

ဤကား လူ့ဘဝတစ်ကြိမ်ရလျှင် ရနိုင်သော လောကီစည်းစိမ်လမ်းစု လမ်းခွဲများတည်း။

လူ့ဘဝတွင် ရရှိသော အထွတ်အထိပ် စကြာမင်းစည်းစိမ်ကို မစွန့်နိုင်လျှင် ယင်းစည်းစိမ်ကို မလွှတ်နိုင်သည့်အတွက် စီးပွားလမ်း အကုန်ပျက်၏။ ထို့ကြောင့် လူ့ဘဝကိုရသောသူသည် စကြာမင်းစည်းစိမ်ကိုသော်လည်း စွန့်လွှတ်နိုင်ရာ၏။

လောကီစည်းစိမ်ကို ဘဝများစွာ ကမ္ဘာများစွာ ခံစံလိုသောသူသည် လောကီစည်းစိမ်အတွက်နှင့်ပင် ယခုဘဝရရှိသော စည်းစိမ်ချမ်းသာကို စွန့်နိုင်ရာ၏။

မစွန့်နိုင်ခဲ့လျှင် ပြည်တန်ပတ္တမြားကို ထမင်းတစ်ထပ်စာနှင့် အဆုံးတိုင် ရောင်းစားသည်နှင့် တူ၏။ လူ့ဘဝမည်သည် ဤမျှလောက် အဖိုးထိုက်တန်သောဘဝပင် ဖြစ်၏။

သမ္မာသမ္ဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝကဗောဓိဟူသော ဗောဓိသုံးပါးတွင် တစ်ပါးပါးကို ရလိုသော သူသည်မူကား သာ၍ပင် စွန့်လွှတ်နိုင်ရာ၏။

လူ့ဘဝမည်သည် အသိဉာဏ်ရှိသောသူတို့အား ခပ်သိမ်းသော လောကီ လောကုတ္တရာချမ်းသာသုခ လိုတိုင်းရနိုင်သော ဘဝပဒေသာပင်ကြီး ဖြစ်ပေ၏။

"ထို့ကြောင့်ပင် ပညာရှင်ဖြစ်သော အမျိုးကောင်းသားသမီးသည် မိမိ၏ဖြစ်ထွန်းရာသော နောင်အကျိုးစီးပွားကို ကောင်းစွာကြည့်လင် အရှည်မြင်သည်ရှိသော် ဘဝများစွာ ကမ္ဘာများတို့ ချမ်းသာသုခ လူတိုင်းရနိုင်သော ဘဝပဒေသာပင်ကြီးကိုရသောအခါဖြစ်၍ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်နယ် အသက်နည်းပါး အနာများလျက် ခေါင်းပါးလူ့ဖြစ် ပူခြစ်လောင်စာ ဗျာပါပွေရှုပ် စည်းစိမ်နတ်ကလေးများကို စွန့်လွှတ်နိုင်ရာ၏" (ဥတ္တမပုရိသဒီပနီ)

လူတို့သည် အများအားဖြင့် မိမိတို့၏စည်းစိမ်၊ မိမိတို့၏ အသိုင်းအဝိုင်း မိမိတို့၏ အသိဉာဏ်ကို အထင်ကြီးကြစမြဲဖြစ်၏။ မိမိတို့၏ ယင်းစည်းစိမ်စသည်တို့ကို စွန့်လွှတ်ဖို့ရာ မလွယ်ကူပါပေ။

သို့အတွက် ပိုမိုရရှိမည့် စည်းစိမ်၊ အသိုင်းအဝိုင်း၊ အသိဉာဏ်တို့ကို ရရှိဖို့ရာ မရရှိနိုင်တော့၊ သို့ဖြစ်၍ ရှေ့နောက်နှိုင်းဆပြီး မိမိစည်းစိမ် စသည်ကို စွန့်လွှတ်သင့်က စွန့်လွှတ်ရာ၏။ ယင်းသို့ စွန့်လွှတ်သူကား ရှိပါမည်လော၊ ရှိပါ၏။

တစ်ချိန်သော နေ့ကာလကဖြစ်ခဲ့၏။ မိမိသည် ညနေဘက်တွင် ဒကာ ဒကာမများအား တရားစကား ပြောကြားဆုံးမပေးနေ၏။ တစ်နေ့ညနေ ဒကာ ဒကာမများအား တရားစကားပြောကြားနေစဉ် ဒကာ ဒကာမ သုံးလေးယောက် ရောက်လာပြီးလျှင် ရှိခိုးဦးချကာ ထိုင်ပြီးလျှင် ဒကာမကြီးတစ်ယောက်က လျှောက်ထား၏။

"ဘုန်းဘုန်းဘုရား၊ သူပေါ့... ဆိုတာ၊ ဘုန်းဘုန်းတရားကို နာရင်းနဲ့ ဂိုဏ်းသမားဘဝက တရားအားထုတ်မယ်ဆိုပြီး တရားအားထုတ်တာ ခု ၁၅ ရက်အရမှာ တရားထွက်လိုက်တယ်"

မိမိထံသို့ လာနေကျ ဒကာမကြီးက လာနေကျမဟုတ်သော ဒကာတစ်ယောက်ကို လက်ညှိုးညွှန်၍ မိမိအား လျှောက်ထားခြင်း ဖြစ်၏။

"ဟုတ်လား၊ နာမည်တော့ ကြားဖူးနေပြီ၊ ဒကာမကြီးက စောစောကတည်းက အကျိုးအကြောင်း လျှောက်ထားလို့ လူတော့ ခုမှပဲ တွေ့ရတယ်"

မိမိသည် ဒကာမကြီးညွှန်ပြသူ ဒကာကြီးအား မိမိနှင့် စကားပြောရဲစေရန် လှမ်းပြီးစကားပြောလိုက်၏။

"တပည့်တော်က နားလေးတယ်ဘုရား၊ တော်ရုံ တန်ရုံ မကြားဘူး၊ အရှင်ဘုရားအနား ကပ်မှ ဖြစ်မယ်နဲ့တူတယ်"

ဒကာကြီးသည် ပြောပြောဆိုဆိုပင် မူလနေရာမှ ထပြီး မိမိအနီးသို့ ချဉ်းကပ်လာ၏။ ဒကာမကြီးကလည်း နေရာရွှေ့ဖို့ တိုက်တွန်းပေး၏။ သို့နှင့် ဒကာကြီးမှာ မိမိ၏အနီးသို့ ရောက်လာတော့၏။

"အင်း မိုးကလည်းရွာ ဒကာကလည်း နားလေးနဲ့ ဘာပြောလို့ ဘာတွေကြားမလဲတော့ မသိဘူး"

မိမိမှာ ဒကာကြီး အနီးသို့ရောက်သော် စကားပြောနိုင်ရန် စကား စ.ပေးလိုက်၏။ ထိုအခါ ဒကာမကြီးကလည်း ပြောပြန်သည်။

"ဟုတ်ပါရဲ့ မိုးကလည်း (...)ကြီး၊ လာတဲ့နေ့မှ ရွာလိုက်တာ ခါတိုင်းနေ့တွေ မရွာပါဘူး"

"ကဲ...ဒကာကြီးရဲ့အတ္ထုပ္ပတ္တိဇာတ်ကြောင်းကိုပြန်ပြောင်းပြီး ပြောစမ်းပါဦး၊ လာတုန်းက ရည်ရွယ်ချက်တစ်မျိုး၊ ရောက်တော့ လုပ်တာတစ်မျိုး ဘယ်လိုဖြစ်တာလဲ"

မိမိသည် ဟိုစကား ဒီစကား မြန်မြန်ပြတ်သွားပြီး မိမိသိချင်သောစကားသို့ ရောက်စေချင်သည်။ သို့ဖြစ်၍ ဒကာကြီးကိုပင် တိုက်ရိုက်မေးလိုက်သည်။

"တပည့်တော် လာတုန်းကတော့ ဟိုမှာ ခုနစ်ရက်၊ ဒီမှာ ခုနစ်ရက် စသည်ဖြင့် ပုတီးစိပ်.တရားအားထုတ်ဖို့ လာတာပဲဘုရား"

"အဲဒီလိုလာတာ ကိုယ့်ဘာသာကိုယ် လာတာလား၊ ဒကာကြီးတို့အခေါ် အထက်ဆရာကြီးက ခိုင်းလို့လာတာလား"

"အထက်ဆရာကြီးက ခိုင်းလို့လာတာပါဘုရား"

"အင်း...လာတော့ ဒီရောက်တဲ့အခါ ပြောင်းလဲသွားတဲ့ အစီအစဉ် ပြောစမ်းပါဦး"

"တပည့်တော် ဟိုကနေလာ၊ ဒီမြို့...(...)တို့အိမ်ရောက်တော့ ထမင်းစားပြီး (...)ရွာ၊ (...)ကျောင်းကို သွားပါတယ်ဘုရား"

"အင်း...အဲဒါလည်း အထက်က လွှတ်တဲ့အစီအစဉ်ပေါ့ ဟုတ်လား ဒကာကြီး"

"ဟုတ်ပါတယ်ဘုရား၊ အထက်ကလွှတ်တဲ့အစီအစဉ်ပါပဲ"

"ဒကာကြီးတို့ကလည်း အထက်ကလွှတ်တဲ့ အစီအစဉ်ဆိုရင် ဘာမဆိုယုံကြည်ပြီး အကုန်လိုက်ပြီး ပြုလုပ်တာပဲလား"

"မှန်ပါ၊ အကျိုးကလည်း ရသင့်သလောက် ရနေတော့ သူတို့အစီအစဉ်အတိုင်း အကုန်လုံး လိုက်နာပြီး ပြုလုပ်ရတာပဲဘုရား"

"ကဲ...အကျိုးရပုံ နည်းနည်းပြောပြစမ်းပါဦး"

"တစ်ခါဘုရား သောင်းကျန်းသူတွေ ရှိတဲ့ဆီကို တပည့်တော်ကို လွှတ်တယ်"

"ဘာလုပ်ဖို့ လွှတ်တာလဲ"

"အဲဒီမှာ ဌာနတစ်ခုရှိတယ်၊ အဲဒီဌာနမှာ အမိဌာန်ဝင်ပုတီးစိပ်ဖို့ပေါ့ဘုရား၊ အဲဒါ တပည့်တော်က အခက်အခဲတွေ အန္တရာယ်တွေ ပြောပြတယ်"

"အင်း...ပြောတော့ သူတို့က ဘာပြောသလဲ"

"အို...သွားသာသွားပါတဲ့၊ ဒီအခက်အခဲတွေ အန္တရာယ်တွေဟာ မင်းအတွက် အားလုံး ပြေလည်သွားပါလိမ့်မယ်တဲ့၊ ဒါနဲ့ တပည့်တော်လည်း သွားတာပဲဘုရား၊ လမ်းမှာလည်း အားလုံးအဆင်ပြေတယ်၊ ဟိုရောက်တော့လည်း သောင်းကျန်းသူတွေက ဘာအန္တရာယ်မှ မလုပ်ဘူး"

"အင်း...အဲဒီလို သူတို့နိုင်းလို့ လှည့်လည်နေတာ တော်တော်ကြာပြီလား"

"မှန်ပါ၊ ကြာပါပြီဘုရား"

"ကဲ...ခု တစ်ခါ လွှတ်လိုက်တော့ ဟို...(...)ရွာ (...)ကျောင်းရောက်တော့ ဘယ်လိုအစီအစဉ်ပြောင်းသွားသလဲ"

"(...)ရွာ (...)ကျောင်းရောက်တော့ ဦးပဥ္စင်းက တပည့်တော်ကို ဆရာတော်ဟောထားတဲ့တရားကို ဖွင့်ပြတယ်၊ တပည့်တော်လည်း တရားကို ရိုရိုသေသေပဲ နာနေပါတယ်၊ တရားနာလို့ တစ်ဝက်လောက်လည်းရောက်ရော တပည့်တော် တရားကို ရပ်နိုင်းလိုက်ပါတယ်"

"ဟင်...ဘာဖြစ်လို့ ရပ်နိုင်းရတာလဲ"

"တရားနာနေရင်း တပည့်တော်ကို လာပြောတယ်ဘုရား"

"လာပြောတာ ဘယ်သူကပြောတာလဲ၊ ခါတိုင်းခါတိုင်း အမိန့်ပေးပြောနေကျ ပုဂ္ဂိုလ်လား"

"ခါတိုင်းပုဂ္ဂိုလ် မဟုတ်ဘူးဘုရား"

"ဘယ်လိုပြောလဲ"

"မင်းကို ငါက (...)တို့အိမ်က လာတာမို့ ဒီအခန်းထဲ ဝင်ခွင့်ပေးတာ၊ သို့မဟုတ်ရင် ဒီအခန်းထဲတောင် ဝင်ခွင့်မပေးဘူးတဲ့"

"အင်း...ဒီတော့ (...)ရဲ့အခန်းထဲမှာလား"

"တင်ပ့ါ၊ ဟုတ်ပါတယ်ဘုရား"

"ကဲ...ပြောစမ်းပါဦး၊ အဲဒီပုဂ္ဂိုလ်က ရဟန်းလား လူလား"

"ရဟန်းပဲဘုရား"

"ကဲ...ဘယ်လိုပြောလဲ၊ ဆက်ပြောစမ်းပါဦး"

"မင်းတို့ ဂိုဏ်းသမားတွေဟာ အလကားပဲတဲ့၊ လူသေတွေကို အထက်ဆရာလုပ်ပြီး ကိုးကွယ်နေတယ်တဲ့ဘုရား"

"ဟုတ်သားပဲ ဒကာကြီး၊ ဂိုဏ်းသမားတွေဟာ ဂိုဏ်းဆရာတစ်ယောက်သေရင် အဲဒီသေတဲ့လူကို အထက်ဆရာစာရင်းထဲသွင်းပြီး အထက်ဆရာလုပ်ပြီး ကိုးကွယ်နေတာပဲမဟုတ်လား"

"တင်ပါ၊ တပည့်တော်ကို ပညာရှိပုဂ္ဂိုလ် သုံးလေးယောက်လောက် ရှိပါပြီ ပြောတာ၊ ဂိုဏ်းမကောင်းဘူးလို့၊ ဒါပေမဲ့ ဘာကြောင့်မကောင်းတယ်၊ ဘယ်လိုမကောင်းတယ်ဆိုတာ သဘောမပေါက်ဘူး၊ တပည့်တော်လည်းစဉ်းတော့စဉ်းစားပါတယ် မရဘူး"

"အင်း...ခုတော့ ဘယ်လိုစဉ်းစားရသွားလဲ"

"ခုတော့ ပုဂ္ဂိုလ်လည်း မြင်နေရတယ်၊ လူသေတွေ အထက်ဆရာလုပ် ကိုးကွယ်နေတယ်လို့ ပြောလိုက်တော့ သတိရသွားတယ်ဘုရား"

"ဘယ်လို သတိရသွားသလဲ"

"နောက်တုန်းက ပညာရှိပုဂ္ဂိုလ် သုံးလေးယောက်ပြောတဲ့ စကားကို သတိရသွားတယ်ဘုရား"

"ပြီးတော့ ဘာပြောသေးလဲ"

"မင်းတို့ ဂိုဏ်းသမားတွေမှာ သရဏဂုံ မရှိဘူးတဲ့ ဘုရား၊ တပည့်တော် အဲဒီလိုပြောတော့ စိတ်ထဲမှာတော်တော်နာသွားတယ်ဘုရား"

"အင်း ... ဟုတ်သားပဲ၊ ဒကာကြီးတို့ဂိုဏ်းသမားတွေ ဘုရားစကား၊ ရဟန်းသံဃာတွေစကားလည်း နားမထောင်၊ ခိုင်းတာလည်း မလုပ်ဘူး၊ အထက်ဆရာ ခိုင်းတာပဲ လုပ်နေတယ်၊ အထက်ဆရာ စကားပဲ နားထောင်နေတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဘုရားကို ရှိခိုးဦးချတာတောင် အထက်ဆရာကြီးခိုင်းလို့ ဘာဖြစ်မယ်၊ ညာဖြစ်မယ်ဆိုတာကို ယုံပြီး ရှိခိုးဦးချနေတာပဲ မဟုတ်ဘူးလား၊ ဘုရားလိုလိုနဲ့ အထက်ဆရာ အဓိကဖြစ်နေတယ် မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဘုရား"

"ဒါနဲ့များ နာရသေးလား"

"တပည့်တော်လည်း တကယ့်ကို ကောင်းကျိုးလိုလို့ ကိုးကွယ်ဆည်းကပ်တာပဲဘုရား၊ သာသနာပြုမယ်ဆိုပြီး ဂိုဏ်းထဲဝင်တာပဲဘုရား"

"ဂိုဏ်းသမားတွေပြောရင် အဲဒီအတိုင်းပဲ စကားက အင်မတန်ကြီးကျယ်တယ်၊ သာသနာပြုမယ်လေး၊ ဘာလေးနဲ့ သာသနာဆိုတာဖြင့် ဘာမှန်းမသိဘဲနဲ့၊ ဘယ်လိုလုပ် သာသနာပြုမလဲ၊ ကဲ ... ဒကာကြီး ဘယ်လိုသာသနာပြုလဲ ပြောစမ်းပါဦး"

"တပည့်တော် ပယောဂဖြစ်တဲ့လူကို ကံငါးပါးထဲက နှစ်ပါးထိန်းရမယ်၊ သုံးပါးထိန်းရမယ်၊ အဲဒီလိုဆို ကုပေးမယ်၊ စသည် ပြောတာပေါ့၊ သူ ထိန်းနိုင်တဲ့ ကံနှစ်ပါး သုံးပါးကို ထိန်းပေါ့၊ အဲဒီလိုဆို တပည့်တော်တို့ ပယောဂကုပေးလိုက်တာပဲ"

"တပည့်တော် ပထမက ကံသုံးပါးပဲ ထိန်းတယ်၊ ယခုဆို အသက်ထက်ဆုံး ကံငါးပါးထိန်းပါမယ်လို့ ကျိန်စာဆိုထားတယ်"

"အို ... ဒကာကြီးကလည်း ကျိန်စာပဲဆိုရသေးတယ်၊ အဲဒီကျိန်စာဆိုတာ ဘုရားသာသနာတော်မှာ မရှိဘူး၊ ဘုရားသာသနာတော်မှာက သစ္စာပြုတာပဲ ရှိတယ်၊ ပရိတ်ကြီးထဲမှာ ကြည့်ပါလား၊ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ တေ ဟောတု သဗ္ဗဒါ စသည်ဖြင့် သစ္စာပြုတာတွေ အများကြီးမပါဘူးလား"

"မှန်ပါ၊ ပါပါတယ်ဘုရား"

"ကျိန်စာဆိုတာ သာသနာပ ရသေ့တွေရဲ့အလုပ်ပဲ အဲဒီရသေ့တွေက ဆင်းသက်လာတဲ့ ကျိန်စာပဲ"

"တင်ပါ၊ ဒါ့ကြောင့်နဲ့တူတယ်ဘုရား၊ တပည့်တော်က ငါးပါးသီလကို ကျိန်စာဆိုပြီး စောင့်ပါတယ်လို့ပြောတော့ အလကားပါ၊ မင်းငါးပါးသီလက သရဏဂုံမပါတဲ့ ငါးပါးသီလတဲ့၊ မင်းကျိန်စာကလည်း အလကားပဲတဲ့၊ မစူးရှဘူးတဲ့ဘုရား"

"ဟုတ်တာပေါ့၊ သီလဆိုတာ သရဏဂုံပါတဲ့ သီလကမှ အကျိုးအမြတ်ကြီးတာ၊ သာသနာတွင်းသီလမှာ သရဏဂုံပါတယ်၊ သာသနာပသီလမှာ သရဏဂုံမပါဘူး၊ သရဏဂုံမပါရင် သီလအကျိုး သိပ်မကြီးဘူးပေါ့၊ ဒကာကြီးက သာသနာတွင်းဖြစ်ပါရက်ကနဲ့ သာသနာပ သီလလို ဖြစ်နေတာကိုး"

"မှန်ပါဘုရား"

"ပြီးတော့ ကျိန်စာက ဘယ်လိုဆိုထားလဲ ပြောစမ်းပါဦး၊ ကျိန်စာ ဆိုပုံဆိုနည်းကို"

"တပည့်တော်သည် ကံငါးပါးကို လုံခြုံအောင်ထိန်းပါမယ်၊ အကယ်၍တစ်ပါးပါး ကျိုးပေါက်ပါက သွေးအန်ပါစေ.မဟာအဝီစိငရဲ ကျပါစေလို့ ကျိန်စာဆိုထားပါတယ်၊ အဲဒါ မစူးရှဘူးတဲ့ဘုရား"

"မစူးရှဘူးဆိုတာက သွေးအန်တယ်, မဟာအဝီစိငရဲကျတယ်ဆိုတာ အကုသိုလ်ကံကြောင့် ဒကာကြီးရဲ့ ကျိန်စာဆိုတိုင်းသွေးအံ့ရ၊ အဝီစိငရဲကျရမှာလား၊ ကျိန်စာမဆိုလည်း အကုသိုလ်ကံရှိရင် သွေးအံ့မှာပဲ၊ အဝီစိကျမှာပဲပေါ့"

"တင်ပါ၊ တပည့်တော်တို့တော့ ဒီလိုပဲ ကျိန်စာဆိုခိုင်းတယ်၊ တပည့်တော်တို့လည်း ကျိန်စာဆိုရတယ်"

"အင်း…ဒကာကြီးတို့ သာသနာပြုနည်းကား ဘာမှန်း ညာမှန်းမသိဘဲ ရမ်းသမ်းပြီး ကျိန်စာဆိုခိုင်းနေတာပဲ၊ အကျိုးအကြောင်း ပြောဆိုပြီး ဆုံးမဟောပြောတာမျိုးမှ မဟုတ်တာ၊ သာသနာဆိုတာ အမည်ပဲရှိတယ်၊ ပြုတာတွေက တလွဲတွေချည်းပဲ"

"မှန်ပါဘုရား၊ မသိတော့လည်း အဲဒါပဲ အဟုတ်ထင်ပြီး ပြုခဲ့တာ ကြာပြီဘုရား"

"ကဲ…ကြာတာထက် ပြောပါဦး၊ နောက်ထပ် ဘာပြောသေးလဲ၊ ဘယ်လို တရားအားထုတ်ဖြစ်တာလဲ"

"မင်းကျိန်စာကလည်း အလကားပဲ၊ မစူးရှဘူးလို့ ပြောပြီးတော့ မင်း တရားသွားအားထုတ်တဲ့ ခိုင်းတယ်ဘုရား"

"အင်း…ဒါနဲ့ မေးရဦးမယ်၊ မူလက လွှတ်လိုက်တာ အထက်ဆရာက (…)ရွာက၊ (…)ကျောင်း (…)ရဲ့အခန်းထဲမှာ ဒီလိုတွေ့လိမ့်မယ်လို့ မပြောလိုက်ဘူးလား"

"မပြောလိုက်ဘူးဘုရား"

"ခုလိုတွေ့တော့ကော အကာအကွယ် လာပြီးမပေးဘူးလား"

"မပေးဘူးဘုရား"

"ဒါဖြင့် ဒကာကြီး အထက်ဆရာက ဘာအားကိုးရမှာလဲ၊ အလကားပဲပေါ့၊ တကယ့်တကယ်နေရာမှာ အကူအညီမှ မရတာ"

"တင်ပါ၊ တပည့်တော်လည်း နားထောင်ရင်းနဲ့ အဲဒါတွေ စဉ်းစားတယ်ဘုရား"

"ထားပါတော့ စဉ်းစားတာတွေ၊ တရားအားထုတ်ခိုင်းတော့ ဒကာကြီးက ဘယ်လိုပြောသလဲ"

"ဘုရားသွားပါရစေဦး၊ ဘုရားသွားချင်ပါသေးတယ်၊ တရားအားထုတ်ဖို့ အဝတ်အစားလည်း မရှိဘူးလို့ ပြောပါတယ်၊ တပည့်တော်မှာက ခါးဝတ်ခါးစား၊ တစ်စုံပဲ ပါတယ်၊ အဝတ်ဖြူတွေတော့ ပါတာပေါ့ဘုရား၊ ဒါကြောင့် အဝတ်အစားမပါဘူး ပြောတာပါပဲ"

"အဲဒီလိုပြောတော့ ဟိုက ဘာပြောလဲ"

"ဘုရားတော့ သွားချင်သွားတဲ့၊ ဘုရားမှာက ဆံတော်စစ် ရှိတယ်တဲ့ဘုရား၊ ဘုရားဖူးပြီး ပြန်လာ တရားအားထုတ်တဲ့၊ အဝတ်အစား သူ့ဘာသာသူ ဖြစ်လာလိမ့်မယ်တဲ့ဘုရား"

"အင်းဟုတ်သားပဲ၊ ခုဆို (၁၅) ရက်တောင် တရားအားထုတ်လို့ပြီးသွားပြီပဲ၊ ဒါနဲ့ နေပါဦး သရဏဂုံမရှိဘူးလို့ ပြောတော့ ဒကာကြီးကို သရဏဂုံနဲ့ ပတ်သက်လို့ ဘယ်လိုသင်ပေးလဲ"

"မင်း သရဏဂုံ ပြန်ဆောက်တည်တဲ့ဘုရား၊ သရဏဂုံကို ကိုရင်တွေ ဆိုသလို ဌာန်ကရိုဏ်းကျ ဆိုရမယ်တဲ့ဘုရား"

"ပြီးတော့ ပွဲတင်တာနဲ့ ပတ်သက်လို့ ဘယ်လိုပြောသလဲ"

"ပွဲတင်တာ အလကားပဲတဲ့၊ ပွဲမတင်နဲ့တဲ့ဘုရား၊ တပည့်တော်က ဘုရားပွဲတောင် မတင်ရဘူးလားဆိုတော့ မတင်ရဘူးတဲ့၊ ဘုရားမီးပူဇော်. ရေချမ်း. ဆွမ်း. ပန်း ပူဇော်ပေါ့တဲ့ဘုရား"

"ဟုတ်တာပေါ့၊ ဘုရားပွဲတင်ရင် မနက်ဖက်တင်ရင် မနက်ဖက်ပဲ စွန့်ပစ်ရမယ်၊ နေ့လယ်အထိ၊ နောက်နေ့အထိ မထားရဘူး၊ ထားရင် ကိုယ့်မှာ ကုသိုလ်မရတဲ့အပြင် အပြစ်ဖြစ်တယ်"

"ဘာဖြစ်လို့လည်းဘုရား"

"ခြော် … ဘုရားကို ကပ်ရမှာက နံနက်ပဲ၊ အဲဒါ နေ့လွဲညစာပါကပ်လို့ မကပ်သင့်တဲ့အချိန်မှာ ငှက်ပျော့ အုန်းတွေ ကပ်လို့ပေါ့၊ အဲဒါမျိုးကို "မသူတော်အလှူ" လို့ ခေါ်တယ်၊ သူတော်ကောင်း အလှူမဟုတ်ဘူး၊ သူတော်ကောင်းတွေ ဒီလို မလှူဘူး"

"တင်ပါ့ဘုရား၊ ဒါကြောင့် ပွဲမတင်နဲ့ ပြောတာပဲ၊ တပည့်တော်ကတော့ အဓိပ္ပာယ်မသိဘူး"

"ပြီးတော့ ဘာပြောသေးသလဲ"

"တရားအားထုတ်ပြီးလို့ အိမ်ပြန်ရောက်ရင် ပဋ္ဌာဇနီယ ကမ္မဝါဖတ်ပြီး နှင်ပစ်တဲ့ဘုရား"

"အိမ်မှာ ဘာတွေရှိနေသလဲ"

"ဟိုက … ဒီက ပေးထားတဲ့ အဆောင်အယောင်တွေပေါ့ဘုရား၊ အများကြီးပဲ"

"ဟုတ်တာပေါ့၊ အဲဒီအဆောင်အယောင်တွေဟာ စွမ်းရင် အစောင့်ရှိတယ်၊ တော်တော်ကြာ အဲဒီအစောင့်တွေချင်း မတည့်တော့ အိမ်ရှင်ကို ဒုက္ခပေးတတ်တယ်"

"ဟုတ်လားဘုရား၊ ဒီလိုဆို မြန်မြန်နှင်ပစ်မှ ဖြစ်မယ်ဘုရား"

"နှင်ပစ်ပေါ့၊ ဒါကြောင့်လည်း ဟိုက ပြောတာပေါ့"

"တင်ပါ၊ တပည့်တော်လည်း စဉ်းစားပါတယ်ဘုရား၊ ဒီပုဂ္ဂိုလ်ဟာ လူလည်း မဟုတ်ဘူး၊ ဘုရားရဟန်း၊ သက်ရှိထင်ရှား ရှိတာလည်း မဟုတ်ဘူးဘုရား၊ သက်ရှိထင်ရှားရှိနေရင် သူ့နာမည်ကြီးဖို့၊ ဂုဏ်ကြီးဖို့၊ လာဘ်လာဘပေါဖို့ စသည် တစ်ခုခုငဲ့ပြော တယ်လို့ ဆိုစရာရှိတယ်၊ ခုတော့ ဒီလိုမဟုတ်ဘူး၊ ငါ့အတွက် ကောင်းကျိုးသက်သက် ညွှန်ပြတာပဲ၊ သူ့အတွက် ဘာကိုမှ လိုလို့ မဟုတ်ဘူးလို့ စဉ်းစားပါတယ်၊ အဲဒီလို စဉ်းစားပြီးတော့ တရားအားထုတ်တာပဲဘုရား"

"အင်း … ခုလို ကိုယ့်မှာရှိထားတဲ့ အမြင်. အကြား စတဲ့ ဘာမဟုတ်တာကလေးကို စွန့်ပြီး ခုလို ဝိပဿနာတရားကို အားထုတ်ဖို့ မလွယ်ဘူး၊ အကြီးအကျယ် အကျိုးလိုချင်ရင် အနည်းငယ် အကျိုးလေးကို စွန့်နိုင်မှ ရမယ်၊ ခု ဒကာကြီးမှာ ရှေးက ချမ်းသာထက် ထူးတဲ့ချမ်းသာ မရဘူးလား"

"ရပါတယ်ဘုရား၊ တပည့်တော် တရားအားထုတ်လို့ ဆယ်ရက်အရမှာ လာပြီး သာဓုခေါ်တယ်ဘုရား"

"ကဲ … ဒါဖြင့် အိမ်ပြန်ပြီး၊ ပဋ္ဌာဇနီယ ကမ္မဝါဖတ်ဖို့ပဲ ကျန်တော့တယ်ပေါ့နော်၊ အဲဒါ မြန်မြန်သာ ပြန်ပေတော့၊ ဖတ်ပေ တော့"

"တပည့်တော် မနက်ဖြန်ပဲ ပြန်ပါမယ်ဘုရား၊ ခွင့်ပြုပါဦးဘုရား"

✦ သရဏဂုံ၊ ကိုယ်လုံးခြုံ၊ ကြည်ယုံမြဲစေသော်။

✦ မိစ္ဆာယူမှား၊ အယူများ၊ ပယ်ရှားနိုင်စေသော်။

✦ သမ္မာယူမှန်၊ မြတ်နိဗ္ဗာန်၊ လျင်မြန်ရောက်မည်နော်။

# ဓုတင် မလိုဘူးဆိုလို့ဘုရား

(၆၁)

သတ္တဝါတို့သည် တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းရာ၌ ဓာတ်တူမှသာလျှင် ပေါင်းသင်းနိုင်၏။ ဓာတ်မတူသော် မပေါင်းသင်းနိုင်ပေ။ မှန်၏။ အရက်သမားသည် အရက်သမားအချင်းချင်း ဓာတ်တူ၏။ ပေါင်းသင်းနိုင်၏။ ဖဲသမားသည် ဖဲသမားအချင်းချင်း ဓာတ်တူ၏။ ပေါင်းသင်းနိုင်၏။ တရားသမားသည် တရားသမားအချင်းချင်း ဓာတ်တူ၏။ ပေါင်းသင်းနိုင်၏။ ယင်းသို့စသည်ဖြင့် ဓာတ်တူသူ အုပ်စုကလေးတွေ. အုပ်စုကြီးတွေဖွဲ့ကာ. ဖွဲ့ကာနှင့် လောကထဲမှာ ပျော်ရှာသူက တစ်မျိုး၊ မဲ့ရှာသူက တစ်သွယ်၊ အမည်မည်အဝဝ ရှိကြကုန်၏။

မိမိတို့မူ ယင်းလောကအုပ်စုတွင်းမှ ရှင်းနိုင်သမျှ ရှင်း ကင်းနိုင်သမျှ ကင်းပြီး လောကထွက်မြောက်ရေး ကြိုးစားမည် စိတ်ကူးနှင့် တောရစခန်းသို့ လှမ်းခဲ့သည်။ မိမိတို့ တောရသို့မူ ဧည့်သည် အာဂန္တုကတို့မှာ အလာအသွား ရှားပါးလှ၏။ ယင်းအထဲမှ တစ်နေ့မူ ရဟန်းတော်တစ်ပါး ကြွလာသည်။ မိမိနှင့် တရားစကား ပြောကြားဆွေးနွေးကြ၏။ ထိုအခါ ဓုတင်အကြောင်း ပါလာသည်။

"အရှင်ဘုရား ဓုတင်မဆောက်တည်ဘူးလား"

"တပည့်တော် မဆောက်တည်ပါဘုရား"

"အို . . . ဆောက်တည်ပါလား၊ အရှင်ဘုရားနေရာက တောရအင်္ဂါ အရသားပဲဟာ"

"တပည့်တော် စာသင်သားတုန်းကတော့ ဆောက်တည်သင့်သလောက် ဆောက်တည်သားပဲဘုရား"

"ခုတော့ မဆောက်တည်တော့ဘူးပေါ့"

"မှန်ပါ၊ တပည့်တော် စာသင်ရပ်တော့မယ် စိတ်ကူးတော့ ရိပ်သာတစ်ခုမှာ တရားအားထုတ်ပါတယ်၊ အဲဒီတုန်းက ဓုတင်ကျင့်တော့ တရားပြဆရာက "ဓုတင် မလိုဘူးဆိုလို့ဘုရား" အဲဒီကတည်းက ဓုတင်မကျင့်တာ ခုထိပါပဲဘုရား"

"အို . . . ဘယ့်နယ် တရားပြဆရာပါလိမ့်၊ စာပေလည်း မနှံ့စပ်ဘူးနဲ့တူတယ်၊ ဓုတင်မကျင့်ရင် တရားရ.နှေးတယ်၊ ဓုတင်ကျင့်ရင် တရားရမြန်တယ်ဆိုတဲ့ စာကို သူ မတွေ့ဖူးဘူးနဲ့ တူတယ်"

"အဲဒီလိုစာ ရှိလားဘုရား"

"ရှိတာပေါ့၊ ဟို ... မိလိန္ဒပဥှာ ပါဠိတော်မှာ -

"န မဟာရာဇ စုတင်္ဂဂုဏောသု ပုဗ္ဗာသေဝန် ဝိနာ ဧကိဿာယေဝ ဇာတိယာ အရဟတ္တ သစ္ဆိကိရိယာ ဟောတိ" တဲ့။

မဟာရာဇ = မြတ်သောမင်းကြီး၊ ဓုတင်္ဂဂုဏေသု = ဓုတင်ဂုဏ်ကျေးဇူးတို့၌၊ ပုဗ္ဗာသေဝန် = ရှေး၌မှီဝဲခြင်းကို၊ ဝိနာ - ကင်း၍ ဧကိဿာယေဝ ဇာတိယာ = တစ်ဘဝတည်း၌သာလျှင်၊ ဝါ = တစ်ဘဝချင်းဖြင့်သာလျှင်၊ အရဟတ္တသစ္ဆိကိရိယာ = အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းသည်၊ န ဟောတိ = မဖြစ်နိုင်" တဲ့။

"ဩော် ... ဟုတ်တာပေါ့ဘုရား၊ ပါဠိတော် အထင်အရှားကြီး ရှိနေတာပဲဟာ၊ ဓုကင် သိပ်လိုတာပေါ့နော်"

"အင်း ... သိပ်လိုတာပေါ့၊ လယ်တီဆရာတော်ဘုရားကြီးကဆိုရင် ပါရမီဒီပနီမှာ စုနက ပါဠိတော် အဓိပ္ပာယ်ကို -

"ရှေး၌ ဓုတင်ကို မမှီဝဲဖူးသည်ရှိသော် တစ်ဘဝနှင့်လည်း မဂ်ဖိုလ် မရ၊ နှစ်ဘဝ၊ သုံးဘဝ၊ လေးဘဝ၊ ငါးဘဝ၊ ဆယ်ဘဝ၊ ဘဝတစ်ထောင်၊ ဘဝတစ်သောင်း၊ ဘဝတစ်သိန်း၊ ဘဝတစ်သန်း၊ ဘဝတစ်ကုဋေ၊ ဘဝအသင်္ချေ၊ တစ်ကမ္ဘာ၊ နှစ်ကမ္ဘာ၊ သုံးကမ္ဘာ၊ လေး ကမ္ဘာ၊ ငါးကမ္ဘာ၊ ဆယ်ကမ္ဘာ၊ ကမ္ဘာတစ်ထောင်၊ ကမ္ဘာတစ်သောင်း၊ ကမ္ဘာတစ်သိန်း၊ ကမ္ဘာတစ်သန်း၊ ထို့ထက်လွန် ကမ္ဘာနှင့်လည်း မဂ်ဖိုလ်မရနိုင်ဘူးလို့ ရှင်းလင်းထားတာ ရှိတယ်၊ အဲဒါ မကြည့်ဖူးဘူးလား"

"မကြည့်ဖူးဘူးလို့ပေါ့ဘုရား၊ တရားပြဆရာ စကားယောင်ပြီး ကျင့်ဆဲဓုတင်တောင် ဖြုတ်လိုက်ရတယ်"

"အင်း ... အဲဒီ တရားပြဆရာတော့ ဓမ္မန္တရာယ် သင့်ပြီ၊ သူလည်း တရားရမှာ မဟုတ်တော့ဘူး"

"ဟုတ်လားဘုရား"

"ဟုတ်တာပေါ့၊ ပုညန္တရာယ်တို့ ဓမ္မန္တရာယ်တို့ ဆိုတာ သိပ်ကြောက်စရာကောင်းတယ်"

"နေပါဦးဘုရား၊ ဓမ္မန္တရာယ်၊ ဓမ္မန္တရာယ်နဲ့သာ ပြောသံကြားဖူးပါတယ်၊ ဘယ့်နယ် အရှင်ဘုရားကျမှ ပုညန္တရာယ်ပါ ပါလာရသလဲမသိဘူး၊ အဲဒီ ပုညန္တရာယ်၊ ဓမ္မန္တရာယ်အကြောင်း ရှင်းပြပါဦးဘုရား"

"အမယ်လေး ဒီပုညန္တရာယ်၊ ဓမ္မန္တရာယ်အကြောင်း အရေးကြီးလွန်းလို့ တပည့်တော်တော့ မှတ်လွယ်၊ ကျက်လွယ် အောင် လင်္ကာရေးထားတယ်"

"ဒီလိုဆို အဲဒီလင်္ကာကို တပည့်တော်အား ရွတ်ပြပါလားဘုရား"

"အင်း ... ရွတ်ပြမယ်၊ လိုက်ရေး"

၁။ ဒါနပုည. တားမြစ်က. ပုညအန္တရာယ်

၂။ ပြုသူရွတ်ချ. ကဲ့ရဲ့က. ပုညအန္တရာယ်

၃။ ပုညန္တရာယ်. ငြိသူမယ်. နောင်ဝယ်တန်ခိုးကင်း မွဲတေခြင်း. ပူပြင်းအတိ ဆင်းရဲမယ်

၄။ သီလပုည. တားမြစ်က. ဓမ္မ အန္တရာယ်

၅။ သမာဓိပုည. တားမြစ်က. ဓမ္မအန္တရာယ်

၆။ ပညာပုည. တားမြစ်က. ဓမ္မအန္တရာယ်

၇။ ဓမ္မ အန္တရာယ်. ငြိသူမယ်. နောင်ဝယ်မိုက်ဖျင်း. လိမ္မာကင်း. ယုတ်ခြင်းအတိ. ဖြစ်လိမ့်မယ်"

"အဲဒါ ဒကာ ဒကာမတွေလည်း ဟောပြ. ကိုယ်လည်း အဲဒီလို မဖြစ်အောင်နေဖို့ အရေးကြီးတယ်နော်"

"မှန်ပါဘုရား"

## မိလိန္ဒ မေး ရှင်နာဂသေန ဖြေ

"ဒီဓုတင်နဲ့ ပတ်သက်ပြီး မိလိန္ဒမင်းကြီးနဲ့ ရှင်နာဂသေနတို့ မေးကြ ဖြေကြတာတွေဟာ သိပ်စိတ်ဝင်စားစရာ ကောင်းတယ်"

"အဲဒါ ပြောပြပါလားဘုရား"

"အရှင်ဘုရား နာဂသေန၊ လူတွေဟာ အိမ်မှာနေပြီး ကာမဂုဏ် ခံစားတယ်၊ သားမယားတို့နဲ့ ကျဉ်းမြောင်းစွာ နေထိုင်ကြပါတယ်၊ ကာသိတိုင်းဖြစ် အဝတ်ကိုလည်း ဝတ်ဆင်ကြပါတယ်၊ စန္ဒကူးနံ့သာကိုလည်း လိမ်းကျံပါတယ်၊ ရွှေ ငွေကိုလည်း သုံးစွဲတဲ့ အဲဒီလူတွေထဲမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုသူ တစ်စုံတစ်ယောက် ရှိပါသလော"

"မင်းကြီး၊ တစ်ပါးမက များစွာရှိတယ်၊ ကုဋေကုဋာ ဂဏန်းသင်္ချာနဲ့ ရေတွက်၍ပြခြင်းငှာ မစွမ်းနိုင်လောက်အောင်ပင် များပြားလှပါတယ်"

"အရှင်ဘုရား နာဂသေန၊ အိမ်မှာနေလျက် ကာမဂုဏ်ခံစားကြတဲ့ လူတွေဟာ နိဗ္ဗာန်ကို တကယ်လို့ မျက်မှောက်ပြုနိုင်ပါရင် ဓုတင်တွေ ဘာအကျိုးရှိမှာလဲ"

"အလိုအလျောက် ရောဂါပျောက်ပါလျှင် မန္တရားဆေးဝါးသည် အကျိုးမရှိ၊ လက်သီးဖြင့် ရန်သူကို နှိမ်နင်းနိုင်လျှင် လက်နက်သည် အကျိုးမရှိ၊ သစ်ဖု. သစ်ကိုင်း. သစ်နွယ်ကို ဆွဲပြီး သစ်ပင်ပေါ်တက်နိုင်လျှင် လှေကားရှာဖွေခြင်းသည် အကျိုး မရှိ"

"မြေကြီးပေါ်တွင် အိပ်သဖြင့် ဓာတ်သဘာဝ ညီညွတ်ခဲ့လျှင် အိပ်ရာနေရာ ရှာဖွေခြင်းသည် အကျိုးမရှိ၊ တစ်ဦးတစ်ယောက်တည်းဖြင့် ဘေးရန်ကို လွန်မြောက်နိုင်လျှင် လူအများကို ရှာဖွေခြင်းသည်အကျိုးမရှိ၊ မြစ်. ထုံး. အိုင်ကို လက်ပစ်ကူးနိုင်လျှင် လှေကို ရှာဖွေခြင်းမှာ အကျိုးမရှိ၊ မိမိဥစ္စာဖြင့် စားဝတ်နေရေး ဖူလုံလျှင် သူတစ်ပါးကို မှီဝဲ၍ ချစ်ဖွယ်သောစကားကို ပြောဆိုခြင်း. နောက်လိုက် ရှေ့ပြေးပြုရခြင်းဖြင့် ဘယ်အကျိုးရှိအံ့နည်း၊ ရေရခဲ့ပါလျှင် ရေတွင်း. ရေကန် တူးခြင်းဖြင့် ဘယ်အကျိုးရှိအံ့နည်း"

"ထို့နည်းတူစွာ လူပုဂ္ဂိုလ်တို့ နိဗ္ဗာန်ကို တကယ်လို့ မျက်မှောက်ပြုနိုင်ပါရင် ဓုတင်အကျင့်ကို ဆောက်တည်သဖြင့် ဘာအကျိုးရှိမှာလဲ"

## ဓုတင်ကျေးဇူး ၂၈ ပါး

"မင်းကြီး ၂၈ ပါးသော ဂုဏ်ကျေးဇူးတို့ကြောင့် ဓုတင်အကျင့်တို့ကို ဘုရားရှင်အားလုံးတို့ ချစ်မြတ်နိုးအပ်. တောင့်တအပ်ကုန်၏။

၁။ အသက်မွေး စင်ကြယ်ခြင်း
၂။ ချမ်းသာသောအကျိုး ရှိခြင်း
၃။ အပြစ်ကင်းခြင်း
၄။ သူတစ်ပါးကို မဆင်းရဲစေခြင်း
၅။ ဘေးရန်လွတ်ကင်းခြင်း
၆။ သူတစ်ပါးကို မနှိပ်စက် မညှဉ်းပန်းခြင်း
၇။ ကုသိုလ်တရား တိုးပွားခြင်း

၈။ ကုသိုလ်တရား မဆုတ်ယုတ်နိုင်ခြင်း
၉။ စဉ်းလဲမာယာ မရှိခြင်း
၁၀။ သေခြင်းကို စောင့်ရှောက်ခြင်း
၁၁။ တောင့်တမှုကို ပေးနိုင်ခြင်း
၁၂။ ခပ်သိမ်းသော သတ္တဝါတို့ကို ဆုံးမနိုင်ခြင်း
၁၃။ စောင့်စည်းမှု စီးပွားရှိခြင်း
၁၄။ သူတော်ကောင်းအား သင့်လျော်ခြင်း
၁၅။ ကိလေသာတို့ မှီဝဲ၍ မနေအပ်ခြင်း
၁၆။ ကိလေသာမှ လွတ်ခြင်း
၁၇။ ရာဂ ကုန်လွယ်ခြင်း
၁၈။ ဒေါသ ကုန်လွယ်ခြင်း
၁၉။ မောဟ ကုန်လွယ်ခြင်း
၂၀။ မာနကို ပစ်ပယ်နိုင်ခြင်း
၂၁။ မကောင်းသော မိစ္ဆာဝိတက် ကြံများချက်ကို ပယ်နိုင်ခြင်း
၂၂။ ယုံမှားမှုကို လွန်မြောက်ခြင်း
၂၃။ ပျင်းရိမှုကို ဖျက်ဆီးခြင်း
၂၄။ မမွေ့လျော်မှုကို ပယ်နိုင်ခြင်း
၂၅။ သည်းခံနိုင်ခြင်း
၂၆။ အတုမရှိခြင်း
၂၇။ ပြိုင်ဘက်ကင်းခြင်း
၂၈။ နိဗ္ဗာန်သို့ ပေါက်မြောက်ခြင်း

ဒီအကျိုး ဂုဏ်ကျေးဇူးတို့ကိုသာ သိမြင်မယ်ဆိုရင် အဘယ်ပညာရှိဟာ ဓုတင်မကျင့်ဘဲ ရှိပါ့မလဲဘုရား"

"အင်း...အဲဒါ စဉ်းစားပေါ့၊ သူများပြောတိုင်း ယုံတာဟာ မကောင်းဘူးနော်"

"မှန်ပါအရှင်ဘုရား"

## ဓုတင်ဆောင်၏ ဂုဏ် ၁၈ ပါး

"ပြီးတော့ ဓုတင်ဆောင်တဲ့ ပုဂ္ဂိုလ်တွေ ရအပ်တဲ့ ဂုဏ်ကျေးဇူး (၁၈) ပါးတောင် ရှိတယ်၊ အဲဒီ ဂုဏ်ကျေးဇူးသိရင်လည်း ဓုတင်ကျင့်မှာပဲ"

"မှန်ပါ အဲဒီ (၁၈) ပါးလည်း အမိန့်ရှိပါဦးဘုရား"

"အဲဒီ (၁၈) ပါးက ဘာလဲဆိုတော့ -

၁။ အကျင့်တရား ကောင်းစွာစင်ကြယ်ခြင်း
၂။ ကျင့်ဝတ် ကောင်းစွာပြည့်စုံခြင်း

၃။ ကာယကံ ဝစီကံကို ကောင်းစွာ စောင့်ရှောက်ခြင်း
၄။ စိတ်နှလုံး၏ ကောင်းသောအကျင့် စင်ကြယ်ခြင်း
၅။ လုံ့လဝီရိယကို ကောင်းစွာချီးမြှောက်ခြင်း
၆။ ဘေးဥပါဒ် ငြိမ်းခြင်း
၇။ အတ္တာဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ကင်းခြင်း
၈။ ရန်ငြိုးဖွဲ့ခြင်းမှ လွတ်ကင်းခြင်း
၉။ မေတ္တာတရား ရှေ့ရှုတည်ခြင်း
၁၀။ သုံးဆောင်ဖွယ်ကို ပိုင်းခြား၍ သိခြင်း
၁၁။ သတ္တဝါအများတို့၏ အလေးပြုအပ်ခြင်း
၁၂။ စားသောက်ဖွယ်ရာ၌ အတိုင်းအရှည်ကို သိခြင်း
၁၃။ နိုးကြားခြင်း၊ လုံ့လနှင့် ယှဉ်ခြင်း
၁၄။ နေရာအမြဲ မရှိခြင်း
၁၅။ ချမ်းသာသောအရပ်၌ နေနိုင်ခြင်း
၁၆။ မကောင်းမှုမှ စက်ဆုတ်ခြင်း
၁၇။ ဆိတ်ငြိမ်ရာ၌ မွေ့လျော်ခြင်း
၁၈။ ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း

လို့ အဲဒီ (၁၈) ပါးသော ဂုဏ်ကျေးဇူးတွေပဲ"

"မှန်ပါဘုရား၊ ဒီဂုဏ်ကျေးဇူးတွေဟာ ဓုတင်မဆောင်ရင် မရနိုင်ဘူးပေါ့ဘုရား"

"အင်းပေါ့၊ ဓုတင်ဆောင်မှ ရနိုင်တာတွေပေါ့"

"မှန်ပါဘုရား"

## ဓုတင်ကျင့်ထိုက်သူ ၁၀ ဦး

"ပြီးတော့ ဓုတင်ကို ကျင့်ထိုက်သူ၊ ဓုတင်ဆောင်ထိုက်သူ ပုဂ္ဂိုလ် (၁၀) ဦး ရှိတယ်"

"မှန်ပါ အမိန့်ရှိပါဦးဘုရား"

"အဲဒါက ဘယ်လိုပုဂ္ဂိုလ်တွေလည်းဆိုတော့ -

၁။ ယုံကြည်မှု သဒ္ဓါတရားနှင့် ပြည့်စုံခြင်း
၂။ မကောင်းမှုမှာ ရှက်တတ်ခြင်း
၃။ တည်ကြည်မှု သမာဓိရှိခြင်း
၄။ အံ့ဖွယ်သရဲ မပြုတတ်ခြင်း
၅။ အကျိုးစီးပွားနှင့် စပ်သဖြင့် နေလေ့ရှိခြင်း
၆။ လျှပ်ပေါ်သော လောဘ မရှိခြင်း
၇။ အကျင့်သိက္ခာကို လိုလားခြင်း

၈။ မြဲစွာ ဆောက်တည်မှု ရှိခြင်း

၉။ သူတစ်ပါးကို ကဲ့ရဲ့လေ့ မရှိခြင်း

၁၀။ မေတ္တာပွားများ၍ နေလေ့ရှိခြင်း

တို့ ဖြစ်တယ်၊ အဲဒီ (၁၀)ဦးတို့ဟာ ဓုတင်ဆောင်ထိုက်သူတွေပဲ"

"မှန်ပါဘုရား၊ ဒါတွေ သိရင် ဘယ်ပညာရှင်ဟာ ဓုတင်မဆောင်ဘဲ ရှိပါ့မလဲဘုရား"

## ဓုတင်မကျင့် သစ္စာမသိ

"အမယ်၊ အဲဒါ ဘာဟုတ်ဦးမလဲ၊ ခုပြောမယ့်ဟာတွေမှ ပိုအရေးကြီးတာ"

"အမိန့်ရှိပါဦးဘုရား"

"မင်းကြီး၊ အိမ်မှာနေပြီး ကာမဂုဏ်ခံစားပြီး လူပုဂ္ဂိုလ်တွေ နိဗ္ဗာန်မျက်မှောက်ပြုကြတယ်၊ အဲဒီလူတွေဟာ ရှေးရှေးဘဝက ဓုတင်အကျင့်တို့ကို ကျင့်ခဲ့ကြဖူးတယ်၊ ရှေးရှေးဘဝတို့က အလေ့အကျက်နဲ့ အကျင့်ကို သုတ်သင်၍ ယခုဘဝ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုကုန်တယ်" လို့ ရှင်နာဂသေနက မိန့်တယ်"

"မှန်ပါဘုရား"

"အဲဒါ အစက ရွတ်ပြခဲ့တဲ့ ပါဠိအဓိပ္ပာယ်ပဲပေါ့"

"မှန်ပါဘုရား"

"ပြီးတော့ ရှင်နာဂသေနက ဆက်ပြီး အမိန့်ရှိတယ်၊ "မင်းကြီး ဥပမာ – လေးသမားဟာ ရှေးဦးစွာ မြားလေ့ကျင့်ရာတဲ့ မဏ္ဍပ်မှာ အမျိုးမျိုး အဖုံဖုံ နည်းမျိုးစုံ လေ့ကျင့်ပြီးမှ မင်းရဲ့အထံမှာ လေးအတတ်ကို ပြခြင်းဖြင့် နစ်သက်စေလျက် ဆုလာဘ်ရတယ်"

"ဆေးသမားဟာ ဆရာကို ဥစ္စာဖြင့်လည်းကောင်း၊ ဝတ်ကြီးဝတ်ငယ်ဖြင့်လည်းကောင်း နှစ်သက်စေပြီး ဆေးပညာကို သင်ကြားကာ ဆေးကုတယ်"

"အဲဒီအတူပဲ ထိုလူတွေဟာ ရှေးရှေးဘဝတို့က အလေ့အကျက် အကျင့်ကို သုတ်သင်ပြီး ဒီဘဝမှာ နိဗ္ဗာန်မျက်မှောက်ပြုကြတယ်"

"မင်းကြီး၊ ဓုတင်အကျင့်ကို မကျင့်သူတို့ဟာ သစ္စာတရားကို ထိုးထွင်းပြီးတော့ မသိနိုင်ဘူး၊ ရေမလောင်းရင် မျိုးစေ့ မပေါက်နိုင်သလို ကုသိုလ်မပြုရင် သုဂတိဘဝသို့ မလား၊ မရောက်နိုင်သလို ဓုတင်မကျင့်ရင် သစ္စာတရားကို ထိုးထွင်းပြီး မသိနိုင်ဘူးတဲ့"

"မှန်ပါဘုရား"

"ကဲ ... အားထုတ်ရာမှာ ဓုတင်အကျင့်ဟာ သိပ်ပြီးတော့ အရေးမကြီးဘူးလား"

"မှန်ပါ၊ ကြီးပါတယ်ဘုရား"

## ဓုတင်၏ ဥပမာများ

"ဓုတင်ရဲ့ ဥပမာတွေကလည်း ကြည်ညိုစရာတွေပဲ၊ အဲဒါတွေ သိရင်လည်း ဓုတင်ကျင့်ချင်မှာပဲ"

"မှန်ပါ၊ အမိန့်ရှိပါဦးဘုရား"

"မင်းကြီး ဓုတင်အကျင့်ဟာ -

၁။ နိဗ္ဗာန်ကို လိုလားသူတို့ရဲ့တည်ရာဖြစ်လို့ မြေကြီးနဲ့တူတယ်၊

၂။ ကိလေသာ အညစ်အကြေးတွေ ဆေးရာဖြစ်လို့ ရေနဲ့တူတယ်၊

၃။ ကိလေသာ အနာကို လောင်မြိုက်စေတတ်လို့ မီးနဲ့တူတယ်၊

၄။ ကိလေသာ အနာကို ငြိမ်းစေတတ်လို့ အဆိပ်ဖြေဆေးနဲ့ တူတယ်၊

၅။ ကိလေသာအဆိပ်ကို ဖျောက်ဖျက်တတ်လို့ အမြိုက်ရေစင်နဲ့ တူတယ်၊

၆။ မဂ်ဖိုလ် အပင်ကို ပေါက်ရောက်ရာဖြစ်လို့ လယ်နဲ့တူတယ်၊

၇။ စည်းစိမ်ချမ်းသာကို ပေးတတ်လို့ မနောမယပတ္တမြားရတနာနဲ့ တူတယ်၊

၈။ ဘဝသမုဒ္ဒရာသံသရာ တစ်ဖက်ကမ်းသို့ ရောက်ကြောင်းဖြစ်လို့ လှေနဲ့ တူတယ်၊

၉။ အိုခြင်း၊ သေခြင်းကို ကြောက်သူတို့အတွက် သက်သာရာဖြစ်လို့ ပုန်းအောင်းရာနဲ့ တူတယ်၊

၁၀။ ဆင်းရဲဖြင့် နှိပ်စက်ခံရသူတို့အား အစဉ်ချီးမြှောက်လို့ မိခင်နဲ့ တူတယ်၊

၁၁။ ကုသိုလ်တိုးပွားလိုသူတို့ရဲ့မဂ်. ဖိုလ်ကို ဖြစ်စေတတ်လို့ အဖ နဲ့ တူတယ်၊

၁၂။ ဂုဏ်ကျေးဇူးကို ရှာဖွေခြင်း၌ မချွတ်ယွင်းစေတတ်လို့ မိတ်ဆွေ နဲ့ တူတယ်၊

၁၃။ ကိလေသာ အညစ်အကြေးတွေနဲ့ မလိမ်းကျံတဲ့အတွက် ပဒုမ္မာကြာ နဲ့ တူတယ်၊

၁၄။ ကိလေသာ အပုပ်နံ့ကို ပယ်တဲ့အတွက် နံ့သာမျိုးလေးပါး နဲ့ တူတယ်၊

၁၅။ လောကဓံတရားဖြင့် မတုန်လှုပ်လို့ မြင့်မိုရ်တောင် နဲ့ တူတယ်၊

၁၆။ ကိုင်ယူခြင်းမှ ကင်း၍ ကျယ်ဝန်းလို့ ကောင်းကင် နဲ့ တူတယ်၊

၁၇။ ကိလေသာ အညစ်အကြေးကို မျှောတတ်လို့ မြစ် နဲ့ တူတယ်၊

၁၈။ ပဋိသန္ဓေနေခြင်း ခရီးခဲမှ ထွက်မြောက်တတ်လို့ လမ်းညွှန် နဲ့ တူတယ်၊

၁၉။ နိဗ္ဗာန်သို့ ရောက်စေတတ်လို့ လှည်းမှူး နဲ့ တူတယ်၊

၂၀။ သင်္ခါရသဘောကို ပြတတ်လို့ ကြေးမုံ နဲ့ တူတယ်၊

၂၁။ ကိလေသာများ၊ ဆောက်ပုတ်၊ လုံတံကို တားမြစ်တတ်လို့ လွှား.ကာ နဲ့ တူတယ်၊

၂၂။ ကိလေသာ မိုးနဲ့ မီးသုံးပါးတို့ရဲ့အပူကို တားမြစ်တတ်လို့ ထီး နဲ့ တူတယ်၊

၂၃။ ချစ်မြတ်နိုးအပ်၊ တောင့်တအပ်လို့ လ နဲ့ တူတယ်၊

၂၄။ မောဟ အမိုက်တိုက်ကို ပယ်ဖျောက်တတ်လို့ နေ နဲ့ တူတယ်၊

၂၅။ မဂ်.ဖိုလ် ရတနာကို ဖြစ်စေတတ်လို့ သမုဒ္ဒရာ နဲ့ တူတယ်၊

၂၆။ မနှိုင်းယှဉ်၊ မရေတွက်နိုင်လို့ သမုဒ္ဒရာ နဲ့ တူတယ်၊

"မင်းကြီး၊ ဤသို့လျှင် ဓုတင်ဂုဏ်ကျေးဇူးတွေဟာ စင်ကြယ်ခြင်းကို အလိုရှိသူတို့အတွက် များစွာ ကျေးဇူးရှိတယ်"

၁။ ခပ်သိမ်းသော ပူပန်ခြင်း၊ ပင်ပန်းခြင်းတို့ကို ဖျောက်တတ်တယ်။

၂။ မမွေ့လျော်ခြင်းကိုလည်း ပယ်တတ်တယ်။

၃။ ဘေးကိုလည်း ပယ်တတ်တယ်။

၄။ ဘဝတရားကိုလည်း ပယ်တတ်တယ်။

၅။ နလုံး၌ ရှိတဲ့ ဖြောင့်ကိုလည်း ပယ်တတ်တယ်၊

၆။ စိုးရိမ်ခြင်း၊ ဆင်းရဲခြင်း၊ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသော အလုံးစုံသော အကုသိုလ်တရားတွေကို လည်း ပယ်တတ်တယ်၊

၇။ အခြံအရံ စီးပွားချမ်းသာကို ဆောင်ခြင်း၊ နှစ်သက်ခြင်း၊ ယောဂလေးပါး၏ ကုန်ခြင်းကို ပြုတတ်တယ်။

၈။ အပြစ်မရှိ လိုအပ်တဲ့ ချမ်းသာအကျိုး ရှိတယ်၊ ကျေးဇူးတရားရှိတယ်၊

၉။ အစုအပုံ မနှိုင်းယှဉ်အပ်တဲ့ မြတ်တဲ့ ဂုဏ်ရှိတယ်။

"မင်းကြီး၊ ဥပမာ လူတို့သည် အားရှိတဲ့ အထောက်အပံ့အစွမ်းအားဖြင့် ဘောဇဉ်ကို၊ အစီးအပွားရဲ့အစွမ်းနဲ့ ဆေးကို၊ ဟိုမှာဘက်ကမ်းသို့ ဆောင်စေလိုလို့ လှေကို၊ ရန့်ကောင်းကို နမ်းလိုလို့ နံ့သာကို၊ ဘေးရန်ကို ကာကွယ်လိုလို့ လွှားကာကို၊ တည်ရာဌာနကိုလိုလို့ မြေကြီးကို၊ အတတ်ပညာကိုလိုလို့ ဆရာကို၊ အခြံအရံကိုလိုလို့ မင်းကို၊ အလိုကိုပေးတတ်လို့ ပတ္တမြားရတနာကို မှီဝဲကုန်၏"

"မင်းကြီး ... ထို့အတူပဲ၊ ထိုအလုံးစုံသော ရဟန်းဂုဏ်ကျေးဇူးတွေကို ပေးတတ်တဲ့အတွက် မြတ်တဲ့ အရိယာပုဂ္ဂိုလ်တွေဟာ ဓုတင် ကျေးဇူးကို မှီဝဲကြကုန်တယ်တဲ့၊ ကဲ ... ဓုတင်ကျေးဇူးတွေ မများဘူးလား"

"အမယ်လေး၊ များလိုက်တာဘုရား"

"အင်း ... များတာမှ အမယ်လေး တ.ရအောင်ကို များတယ် ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

## ဥပမာတစ်မျိုး

"နောက် ... ဥပမာတစ်မျိုး ရှိသေးတယ်"

"အမိန့်ရှိပါဦးဘုရား"

"မင်းကြီး ... ဥပမာတစ်မျိုးသော်ကား ရေဟာ မျိုးစေ့ကို ပေါက်ရောက်စေဖို့ရာ ဖြစ်တယ်၊ မီးဟာ လောင်ကျွမ်းဖို့ရာ ဖြစ်တယ်၊ အစာအာဟာရဟာ ခွန်အားကို ဆောင်ဖို့ရာ ဖြစ်တယ်၊ နွယ်ဟာ ချည်ဖို့ရာဖြစ်တယ်၊ ဓားဟာ ဖြတ်ဖို့ရာဖြစ်တယ်၊ သောက်ရေဟာ မွတ်သိပ်မှုကို ဖျောက်ဖို့ရာဖြစ်တယ်၊ ရွှေအိုးဟာ သက်သာရာကို ရစေဖို့ဖြစ်တယ်၊ လှေဟာ ကမ်းတစ်ဖက်သို့ ရောက်ဖို့ ဖြစ်တယ်၊ ဆေးဟာ အနာရောဂါပျောက်ကင်းငြိမ်းဖို့ ဖြစ်တယ်"

"ယာဉ်ဟာ ချမ်းချမ်းသာသာနဲ့ သွားလာဖို့ဖြစ်တယ်၊ လွှားကာဟာ ဘေးရန်ကို ဖျောက်ဖို့ရာဖြစ်တယ်၊ မင်းဟာ စောင့်ရှောက်ဖို့ရာဖြစ်တယ်၊ ပျဉ်ချပ်ဟာ လှံတံ. အုတ်ခဲ. လောက်စာလုံး. မြားတို့ကို တားမြစ်ဖို့ ဖြစ်တယ်၊ ဆရာဟာ အစဉ်အတိုင်း ဆုံးမသွန်သင်ဖို့ဖြစ်တယ်၊ မိခင်ဟာ ကျွေးမွေးသုတ်သင်ဖို့ ဖြစ်တယ်၊ ကြေးမုံဟာ ကြည့်ဖို့ဖြစ်တယ်"

"အဆင်းတန်ဆာဟာ တင့်တယ်စွာ ဖုံးလွှမ်းဝတ်ဆင်ဖို့ဖြစ်တယ်၊ လှေကားဟာ တက်ဖို့ဆင်းဖို့ဖြစ်တယ်၊ ချိန်ခွင်ဟာ နှိုင်းယှဉ်ချိန်တွယ်ဖို့ ဖြစ်တယ်၊ မန္တရားဟာ မန်းမှုတ်ဖို့ဖြစ်တယ်၊ လက်နက်ဟာ အငြိမ်းအခြောက်ကို တားမြစ်ဖို့ဖြစ်တယ်၊ ဆီမီးဟာ အမိုက်တိုက်ကို ဖျောက်ဖို့ဖြစ်တယ်၊ လေဟာ ပူပန်ခြင်းကို ငြိမ်းစေဖို့ဖြစ်တယ်၊ အတတ်ပညာဟာ အစီးအပွားကို ပြီးစေဖို့ ဖြစ်တယ်၊ ဆေးဟာ အသက်ကို စောင့်ရှောက်ဖို့ ကိုယ်မှာ ရောဂါမဖြစ်စေဖို့ဖြစ်တယ်၊ ရွှေငွေရတနာဟာ တန်ဆာဆင်ဖို့ဖြစ်တယ်၊ အာဏာဟာ မလွန်ကျူးဖို့အတွက် ဖြစ်တယ်၊ အစိုးရခြင်းဟာ အလိုသို့ လိုက်စေဖို့ ဖြစ်တယ်"

"မင်းကြီး . . . ထို့အတူ ဓုတင်ကျေးဇူးဟာ ရဟန်းရဲ့ကျေးဇူးကို ရောက်စေဖို့ ဖြစ်တယ်၊ ကိလေသာ အညစ်အကြေးကို ဖွပ်လျှော်ဖို့ဖြစ်တယ်၊ တန်ခိုးရဲ့အစွမ်းသတ္တိကို ဆောင်ဖို့ဖြစ်တယ်၊ သတိသံဝရတရားကို အမြဲဖွဲ့ချည်ဖို့ဖြစ်တယ်၊ တွေးတောခြင်း ယုံမှားသက်ာကို ကောင်းစွာဖြတ်ဖို့ဖြစ်တယ်"

"တဏှာတည်းဟူသော ချည်ခြင်းကို ဖျောက်ဖို့ဖြစ်တယ်၊ သက်သာရာကို ပြုဖို့ဖြစ်တယ်၊ ဩဃလေးပါးမှ ထုတ်ဆယ်ဖို့ဖြစ်တယ်၊ ကိလေသာ အနာရောဂါမှ ကင်းငြိမ်းဖို့ဖြစ်တယ်၊ နိဗ္ဗာန်ကို ရဖို့ဖြစ်တယ်၊ ဇာတိ. ဇရာ. မရဏ အစရှိသော ဘေးတို့ကို ဖျောက်ဖို့ဖြစ်တယ်"

"ရဟန်းဂုဏ်ကျေးဇူးတို့ကို စောင့်ရှောက်ဖို့ ဖြစ်တယ်၊ တရား၌ မမွေ့လျော်ခြင်းတည်းဟူသော မိစ္ဆာဝိတက်ကြံမှားချက်ကို ပယ်ဖျောက်ဖို့ ဖြစ်တယ်။ ရဟန်းအကျိုးအလုံးစုံကို အစဉ်မပြတ် ဆုံးမဖို့ ဖြစ်တယ်၊ ရဟန်းကျေးဇူးအလုံးစုံကို ကျွေးမွေးဖို့ ဖြစ်တယ်"

"သမထ၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို မြင်ဖို့ဖြစ်တယ်၊ သူခပ်သိမ်းတို့ ကောင်းချီးထောမနာ များမြတ်သော အတင့်အတယ်ကို ပြုဖို့ဖြစ်တယ်၊ အပါယ်လေးပါး တံခါးပိတ်ဖို့ဖြစ်တယ်၊ ရဟန်းရဲ့အကျိုးဖြစ်တဲ့ ကျောက်တောင်ထွတ်သို့ တက်ဖို့ဖြစ်တယ်"

"လိမ်လည်ကောက်ကျစ် မညီညွတ်တဲ့စိတ်ကို ဖျောက်ဖို့ဖြစ်တယ်၊ မှီဝဲ. မမှီဝဲအပ်တဲ့ တရားတွေကို ကောင်းစွာစီရင်ဖို့ဖြစ်တယ်၊ အလုံးစုံသော ကိလေသာ အညစ်အကြေးကို ပယ်ဖို့ဖြစ်တယ်၊ အဝိဇ္ဇာအမိုက်တိုက်ကို ဖျောက်ဖို့ဖြစ်တယ်၊ လောဘ. ဒေါသ. မောဟ ဆိုတဲ့ မီးသုံးပါးတို့ရဲ့ပူပန်ခြင်းကို ငြိမ်းစေဖို့ဖြစ်တယ်"

"နူးညံ့သိမ်မွေ့ ငြိမ်သက်တဲ့ သမာပတ်ကို ပြီးစေဖို့ဖြစ်တယ်၊ အလုံးစုံသော ရဟန်းကျေးဇူးကို စောင့်ရှောက်ဖို့ဖြစ်တယ်၊ ဗောဇ္ဈင်တရား မြတ်ရတနာကို ဖြစ်စေဖို့ဖြစ်တယ်၊ လူ့လကြိုးကုတ် အားထုတ်မှုနဲ့ မပြတ်ယှဉ်ဖို့ဖြစ်တယ်၊ အထူးသဖြင့် အပြစ်မရှိ နူးညံ့သိမ်မွေ့ငြိမ်သက်ချမ်းသာတဲ့ စိတ်နဲ့ကာလကို လွန်စေဖို့ဖြစ်တယ်၊ ရဟန်းမြတ်အဖြစ်၌မြတ်သောတရားသို့ လိုက်ဖို့ဖြစ်တယ်"

"ယင်းသို့ ဆိုအပ်ခဲ့ပြီးတဲ့နည်းဖြင့် ဓုတင်အရာ၌ ကျေးဇူးတစ်ခု. တစ်ခုစီ ရှိ၏။ ယင်းကျေးဇူးတွေကို ရှာကြံဖို့ရာ ဓုတင်ကို ကျင့်အပ်တယ်"

"မင်းကြီး ဓုတင်တရား ကျေးဇူးဟာ ချိန်နှိုင်းစရာ မရှိ၊ မရေမတွက်နိုင်၊ မမျှနိုင်၊ နှိုင်းယှဉ်ဘက် မရှိ၊ မြတ်တယ်၊ အထူးသဖြင့် ချီးမွမ်းအပ်တယ်၊ လွန်သောတရား ရှိတယ်၊ ပြန့်ပြော. ကြီးကျယ်. သန့်ရှင်းလေးလံတဲ့ ဝန်သဖွယ် ဖြစ်တယ်"

"မင်းကြီး၊

၁။ မကောင်းတဲ့ အလိုရမ္မက်ရှိခြင်း

၂။ အံ့ဖွယ်သရဲကို ပြုတတ်ခြင်း

၃။ လောဘကြီးခြင်း

၄။ ဝမ်းစာ၌ တပ်မက်မောခြင်း

၅။ လာဘ်လာဘ လိုချင်ခြင်း

၆။ အခြံအရံ အကျော်အစော လိုချင်ခြင်း

ဆိုတဲ့အင်္ဂါတွေ ရှိနေတဲ့ပုဂ္ဂိုလ်ဟာ ဓုတင်ဆောက်တည်ရင် မလျောက်ပတ်ဘူး၊ လိုရာသို့ မရောက်ဘူး၊ သင့်တင့်တဲ့သဘောမရှိဘူး၊ ဓုတင်နဲ့ မထိုက်လျော်ဘူး၊ ယင်းပုဂ္ဂိုလ်ဟာ နှစ်ဆတက်တဲ့ ဒဏ်ခံရတတ်တယ်"

"မင်းကြီး၊ နှစ်ဆတက်တဲ့ ဘယ်လိုဒဏ်တွေကို ခံရမလဲဆိုရင် -

၁။ ဂုဏ်ကျေးဇူး အလုံးစုံကို ဖျက်ဆီးခြင်းသို့ ရောက်တယ်။

၂။ မျက်မှောက်မှာပဲ သူတစ်ပါးတို့ စက်ဆုပ်ရွံရှာ ကဲ့ရဲ့ နှိပ်စက်ခြင်း. ဖရိုဖရဲပြုခြင်းသို့ ရောက်တယ်။

၃။ သီတင်းသုံးဖော်တို့ အသုံးအဆောင် မပြု၊ မြတ်နိုးတနာ မအောက်မေ့၊ နှိပ်စက်အပ်တယ်။

၄။ လွှင့်လိုက်အပ်သော ရဟန်း၏အဖြစ်ကို ရတယ်။

၅။ တမလွန်မှာလည်း အဝီစိငရဲမှာ တပြောင်းပြန်ပြန် ခံရမယ်။

၆။ ငရဲမှ လွတ်သော် အဂါချို့တဲ့ အရုပ်ဆိုး မွဲတေသော ပြိတ္တာဖြစ်ပြီး နာကျင်တဲ့အသံနဲ့ လှည့်လည်ရတတ်တယ်။

"ကဲ ဓုတင်နဲ့ ပတ်သက်လို့ အကျိုးတွေ များပြားသလို ဓုတင်နဲ့ မထိုက်တဲ့ ပုဂ္ဂိုလ်တွေမှာလည်း အပြစ်တွေ မများဘူးလား"

"အမယ်လေး... များလိုက်တာ၊ ကြောက်စရာပဲဘုရား"

"အင်း... ဆက်ပြီးတော့ ဓုတင်ရဲ့အကျိုးအပြစ်တွေကို နားထောင်ဦးနော်"

"မှန်ပါ၊ အမိန့်ရှိပါဦးဘုရား"

"မင်းကြီး၊ ဥပမာသော်ကား မင်းအဖြစ်၌ မသင့်လျော် မလျောက်ပတ်သူသည် မင်းဖြစ်ပြီး လက်ခြေဖြတ်ခြင်း စသည် ဒဏ်ခံရ၏။ အဘယ်ကြောင့်ဆိုသော်ယုတ်သောအမျိုးရှိသူဟာမြတ်သောအစိုးရအရာကိုရရာ၌အတိုင်းအရှည်ကိုမသိမလျော် မလျောက်ပတ်၍ ပျက်စီးရသလိုပဲ မကောင်းသော အလိုရမ္မက်ရှိခြင်း. လောဘကြီးခြင်း စသည် ရှိခဲ့ပါလျှင် ဓုတင်ကျေးဇူးကို မျက်မှောက်တမလွန်ဘဝ နှစ်ပါးတို့၌ မခံစားရဘူး၊ ဝမ်းခေါင်းပြောင်ပြောင်တောက်တဲ့ ပြိတ္တာဖြစ်ပြီး နာကျင်တဲ့အသံနဲ့ နေရတတ်တယ်"

"မင်းကြီး ဓုတင်ဆောက်တည်ခြင်း၌ သင့်တင့်လျောက်ပတ်၍ ထိုက်သောသဘောရှိသူဟာ -

၁။ အလိုနည်း၍ ရောင့်ရဲလွယ်တယ်

၂။ ဆိတ်ငြိမ်ရာသို့ ကပ်၍ လူတို့နှင့် မရောနှောဘဲ လုံ့လရှိတယ်

၃။ ကိလေသာကို ပယ်တယ်

၄။ သဘောမခက်ထန် စဉ်းလဲစဉ်းစားမရှိ

၅။ ဝမ်းစာကိုမငဲ့၊ လာဘ်လာဘ အခြံအရံ အကျော်အစောကို မလို

၆။ သဒ္ဓါနဲ့ ပြည့်စုံတယ်၊ သဒ္ဓါ၍ ရဟန်းပြုတယ်

၇။ အိုသေခြင်းမှ လွတ်လိုတယ်၊ ဘုရားရှင်သာသနာတော်ကို ချီးမြှောက်လိုတဲ့အတွက် ဓုတင်ဆောက်တည်တဲ့ ပုဂ္ဂိုလ်မှာ နှစ်ဆတက် ပူဇော်ခြင်းကို ခံထိုက်တယ်၊ နတ်.လူတို့ ချစ်မြတ်နိုး တောင့်တအပ်သည်ဖြစ်၍ -

၁။ ပန်းနံ့သာကို အလိုရှိသူဟာ ပန်းနံ့သာကို တောင့်တသလို

၂။ ထမင်းငတ်မွတ်သူဟာ ဘောဇဉ်ကို တောင့်တသလို

၃။ ရေငတ်မွတ်သူဟာ ချမ်းအေးသော ရေကို တောင့်တသလို

၄။ အဆိပ်သင့်သူဟာ အဆိပ်ဖြေဆေးကို တောင့်တသလို

၅။ ခရီးမြန်စွာ သွားလိုသူဟာ အာဇာနည်မြင်းက.တဲ့ ရထားကို တောင့်တသလို

၆။ လိုအပ်သမျှ ပြည့်စုံလိုသူဟာ မနောမယပတ္တမြားရတနာကို တောင့်တသလို

၇။ အဘိသိက်သွန်းလိုတဲ့မင်းဟာ ဖြူစင်တဲ့ ထီးဖြူကို တောင့်တသလို

၈။ တရားကို အလိုရှိသူဟာ အတုမရှိတဲ့ အရဟတ္တဖိုလ်ကို ရသလို

"မင်းကြီး ... အဲဒီအတူပဲ၊ ဓုတင်ကျေးဇူးကို ဆောင်ခြင်းငှာထိုက်တဲ့ ပုဂ္ဂိုလ်အား -

၁။ သတိပဋ္ဌာန်လေးပါး

၂။ သမ္မပ္ပဓာန်လေးပါး

၃။ ဣဒ္ဓိပါဒ်လေးပါး

၄။ ဈာန်လေးပါး

၅။ ဗိုလ်ငါးပါး

၆။ ဗောဇ္ဈင်ခုနစ်ပါး

၇။ မဂ္ဂင်ရှစ်ပါး

တရားတို့ကို ပွားများစေ၍ ပြည့်စုံခြင်းသို့ ရောက်၏။ သမထ, ဝိပဿနာ ပြည့်စုံခြင်းသို့ ရောက်၏။ မဂ်လေးပါး, ဖိုလ်လေးပါး, ပဋိသမ္ဘိဒါလေးပါး, ဝိဇ္ဇာသုံးပါး, အဘိညာဉ်ခြောက်ပါး, အလုံးစုံသောတရားနှင့် ပြည့်စုံသည်ဖြစ်၍ ကျေးဇူးတရားအားလုံးနှင့် စပ်မည်။ အရဟတ္တဖိုလ်တည်းဟူသော ထီးဖြူဖြင့် အဘိသိက်သွန်းလေ၏။

"မင်းကြီး -

၁။ ပံ့သုကူဓုတင် (မြေမှုန့်လိမ်း သင်္ကန်းဝတ်)

၂။ တိစီဝရိတ်ဓုတင် (သင်္ကန်း သုံးထည်သာ ဝတ်)

၃။ ပိဏ္ဍပါတ်ဓုတင် (ဆွမ်းခံစား)

၄။ သပဒါနစာရိကဓုတင် (အိမ်စဉ်မကျော် ဆွမ်းခံ)

၅။ ဧကာသနိက်ဓုတင် (တစ်နေရာတည်း၊ တစ်ထပ်တည်းစား)

၆။ ပတ္တပိဏ်ဓုတင် (တစ်ခွက်တည်းစား)

၇။ ခလုပစ္ဆာဘတ္တိကဓုတင် (ပယ်ပြီးပြန်မစား)

၈။ အရညကင်ဓုတင် (တောရဆောက်တည်နေ)

၉။ ရုက္ခမူဓုတင် (သစ်ပင်အောက်နေ)

၁၀။ အဗ္ဗောကာသိကဓုတင် (လွင်တီးခေါင်နေ)

၁၁။ သောသာနိကဓုတင် (သုသာန်နေ)

၁၂။ ယထာသန္တတိဓုတင် (ကျရာကျောင်းနေ)

၁၃။ နိသဇ္ဇဓုတင် (ထိုင်နေ, လျောင်းမှုပယ်)

အားဖြင့် ဤ (၁၃)ပါးသော ဓုတင်ကျေးဇူးတို့ဖြင့် စင်ကြယ်စွာ ပြုအပ်ပြီးသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာသို့ဝင်၍ များသောအပြားအားဖြင့် တရားတည်းဟူသော ကစားခြင်းဖြင့် ကစားနိုင်၏။ သမာပတ်ရှစ်ပါးတို့ကို သုံးဆောင်နိုင်၏။ အဘိညာဉ်အလုံးစုံသို့ ရောက်နိုင်ပေ၏။

"မင်းကြီး...ဥပမာသော်ကား ဥစ္စာရှိသော လှေသူကြီးသည် ကောင်းစွာ ပေးအပ်ပြီးသော ကင်းခွန်ရှိသည်ဖြစ်၍ လိုရာ ကူးအပ်သောဆိပ်ဖြင့် မဟာသမုဒ္ဒရာသို့ ဝင်၏။ ဝင်တိုင်း စသောအရပ်၊ ထိုမှတစ်ပါး၊ အလိုရှိရာအရပ်သို့ သွားလာနိုင်သကဲ့သို့ (၁၃)ပါးသောဓုတင်ကျေးဇူးတို့ဖြင့် ရှေးသံသရာဘဝ၌ မှီဝဲလေ့ကျက် ဆည်းပူးခဲ့ခြင်း အကြောင်းတို့ဖြင့် ထုံမွမ်းအပ်သည်ရှိသော် စင်စစ် အရဟတ္တဖိုလ်ကို ရ၏။ စင်စစ် ငြိမ်သက်သော သမာပတ်ချမ်းသာတို့သည် စပ်ယှဉ်ကုန်၏"

"မင်းကြီး... ဥစ္စာရှင်သို့ ဥစ္စာမရှိသူတို့သည် စပ်၍ အသက်မွေးရသကဲ့သို့ မင်းအား မြေကြီးသည် စပ်ယှဉ်သကဲ့သို့ ဤဓုတင် (၁၃)ပါးတို့ဖြင့် ရှေးဘဝ၌ လေ့ကျက်မှီဝဲခြင်းတို့ဖြင့် ထုံမွမ်းအပ်သည်ရှိသော် အကြောင်း၏ပြည့်စုံခြင်းတို့ဖြင့် သာသနာ တော်မြတ်၌ အစိုးတရ ဖြစ်၏။ အလိုရှိတိုင်း အစိုးတရ ပြုနိုင်၏။ ရဟန်းကျေးဇူး အလုံးစုံသည် ထိုရဟန်း၌ စပ်ကုန်၏"

"မင်းကြီး...ဝင်္ဂန္တပုဏ္ဏား၏သား ဥပသေနထေရ်သို့ ဓုတင်ဆောင်လေ့ ရှိသည်ဖြစ်၍ သာဝတ္ထိပြည်၌ သံဃာတော်တို့ ပြုအပ်သော ကတိကဝတ်ကို နားမထောင်ဘဲ ပရိသတ်နှင့်တကွ ဘုရားရှင်ကိုယ်တော်တည်း ကိန်းအောင်းရာသို့ ချဉ်းကပ်၍ ရှိခိုး တော်မူ၏။ ဘုရားရှင်သည် ဣန္ဒြေရှိသော ပရိသတ်ကို မြင်၍ မေးတော်မူ၏"

"ဥပသေန သင်၏ပရိသတ်သည် ကြည်ညိုဖွယ် ရှိစွတကား၊ သင်သည် ပရိသတ်ကို မည်သို့ ဆုံးမသနည်း"

"မြတ်စွာဘုရား...အကြင်သူသည် တပည့်တော်ထံတွင် ရဟန်းအဖြစ်ကို တောင်းပါလျှင် ငါသည် ဓုတင်တည်ဆောက် ၏။ ငါကဲ့သို့ ဓုတင်ဆောက်တည်ပါလျှင် ရဟန်းပြုပေးမည်ဟု ထိုသူအား ပြောပြပြီး လက်ခံနိုင်သူကိုသာ ရဟန်းပြုပေးပါ၏။ လက်မခံနိုင်သူကို ရဟန်းပြုမပေးပါ၊ မြတ်စွာဘုရား၊ ဤသို့သော အဆုံးအမဖြင့် ပရိသတ်ကို ဆောင်ရွက်ပါ၏"

## ဓုတင်ဂုဏ်ကျေးဇူး (၃၀)

"မင်းကြီး ဥပမာသော်ကား ပဒုမ္မာကြာသည် အလွန်ကြီးပွား သန့်စင်သော ဇာတ်လျှင်ဖြစ်ကြောင်းရှိ၏။ နူးညံ့၏။ နှစ်လို ဖွယ်ရှိ၏။ ရန့်ကောင်း၏။ ချစ်အပ်၏။ တောင့်တအပ်၏။ ချီးမွမ်းအပ်၏။ ရေညွန်ဖြင့် မလိမ်းကျံ၊ ဝတ်မှုံ့, ကြာဖတ်. ကြာဝတ်ဆံ. ကြာချပ်တို့ဖြင့် တန်ဆာဆင်အပ်၏။ ပိတုန်းတို့ မှီဝဲအပ်၏။ အေးမြသောရေ၌ ကြီးပွား၏။ ဤအတူ ရှေးဘဝက လေ့ကျင့်ခဲ့သော ဓုတင်ဂုဏ်ကျေးဇူးရှိသော အရိယာ တပည့်သည် -

၁။ ပြေပြစ်နူးညံ့ သိမ်မွေ့သော မေတ္တာစိတ် ရှိ၏။

၂။ ဖျောက်ဖျက် နှိပ်စက်အပ်သော မာန ရှိ၏။

၃။ မတုန်မလှုပ် မြဲမြံခိုင်ခံ့သော သဒ္ဓါတရား ရှိ၏။

၄။ စိတ်ကို ပြည့်စုံစွာ ဆုံးမခြင်းရှိ၍ ငြိမ်သက်ချမ်းမြေ့သောသမာပတ်ကို ရရှိ၏။

၅။ သီလဖြင့် မြတ်၍ ရန့်ကောင်းဖြင့် ထုံမွှမ်းခြင်းရှိ၏။

၆။ နတ်လူတို့ ချစ်မြတ်နိုးတတ်၏။

၇။ နှစ်သက်အပ်သူဟူ၍ အရိယာတို့ တောင့်တအပ်၏။

၈။ နတ်လူတို့ အရိုအသေ ရှိခိုးအပ်၏။

၉။ ဘုရားအစရှိသော ပညာရှိတို့ ချီးမွမ်းအပ်၏။

၁၀။ လူနတ်တို့နှင့် မလိမ်းကျံ မရောနှော။

၁၁။ အနည်းငယ်သော အပြစ်၌ ဘေးဟု ရှုလေ့ရှိ၏။

၁၂။ မြင့်မြတ်သော သမ္ဗုဒ္ဓကို ပြုသူတို့အား မင်္ဂလာ့ဖိုလ်အကျိုးကို ပြီးစေတတ်၏။
၁၃။ မွန်မြတ်သော ပစ္စည်းကို ရတတ်၏။
၁၄။ ကျောင်းအိပ်ရာနေရာ အမြဲမရှိ။
၁၅။ မြတ်သောဈာန်ဖြင့် နေလေ့ရှိ၏။
၁၆။ ကိလေသာ ကွန်ယက်ကို ဖြတ်ရှင်း ဖျက်ဆီး၏။
၁၇။ မြင့်မြတ်သောတရားကို ဖုံးလွှမ်းခြင်းရှိ၏။
၁၈။ လာလတ္တံ့သော အနာဂတ်ဘဝကို တားမြစ်၏။
၁၉။ အပ္ပနာသို့ ရောက်သော တရားရှိ၏။
၂၀။ နိမ့်ချသော နေခြင်းရှိ၏။
၂၁။ အပြစ်မရှိသော အသုံးအဆောင် ရှိ၏။
၂၂။ ဂတိတရားမှ လွတ်၏။
၂၃။ ယုံမှားသက်ာကို ကူးမြောက်၏။
၂၄။ ဝိမုတ္တိဈာန်ကို ကူးမြောက်၏။
၂၅။ မြင်အပ်သော တရားရှိ၏။
၂၆။ မတုန်မလှုပ် မြဲသည်ဖြစ်၍ ဘေးကို ကြောက်သူတို့၏ မှီခိုရာဖြစ်သည်။
၂၇။ ကောင်းစွာ ဖြတ်အပ်သော အနုသယရှိ၏။
၂၈။ အစိုးရသော အာသဝကုန်ခြင်းသို့ ရောက်၏။
၂၉။ ချမ်းမြေ့ငြိမ်သက်သော သမာပတ်၌ များစွာနေလေ့ရှိ၏။
၃၀။ ရဟန်း၏ ဂုဏ်ကျေးဇူးအပေါင်း၌ ကောင်းစွာ ပြည့်စုံသူဖြစ်၏။

ဤ (၃၀)သော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံ၏"

"မင်းကြီး…ရှင်သာရိပုတ္တရာသည် တစ်သောင်းသော လောကဓာတ်၌ ယောက်ျားမြတ်ဖြစ်၏။ ဘုရားရှင်ကို ထား၍ အသင်္ချေယျကပ်ပတ်လုံး ဆည်းပူးအပ်သော ပါရမီရှိလျက် ကာမဂုဏ်ကိုစွန့်ကာ ရဟန်းပြုတော်မူပြီးသော် ဓုတင်(၁၃)ပါးတို့ဖြင့် ကိုယ်နှုတ်နှလုံးကို ဆုံးမတော်မူ၏"

"ယခုထက်တိုင် အတိုင်းမသိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသည်ဖြစ်၍ ဘုရားရှင်၏ သာသနာတော်၌ မြတ်သော တရားတော်တည်းဟူသော စက်အာဏာကို ဖြစ်စေတတ်သော ပုဂ္ဂိုလ်ဟု ထင်ရှား၏"

"မင်းကြီး… အဲဒါကြောင့် ဘုရားရှင်ဟာ "ရဟန်းတို့ ငါဘုရားရှင်နှင့်အတူ တရားစက်ကို ဖြစ်စေနိုင်သော တစ်စုံတစ်ယောက်သောသူကို ငါဘုရား မြင်တော်မမူ၊ ဒီသာရိပုတ္တရာသည်သာ ငါဘုရားနဲ့အတူ တရားတည်းဟူသော ဓမ္မစက်ကို ဖြစ်စေနိုင်၏…"

"ကဲ…အရှင်ဘုရား၊ ဓုတင်ကျေးဇူးတွေ မများဘူးလား"

"အမယ်လေး၊ များလိုက်တာဘုရား၊ ခုချက်ချင်းပဲ ဓုတင်ဆောက်တည်ပြီး တရားအားထုတ်ချင်ပါတော့တယ်"

"အင်း…ဒီလိုဆို ဓုတင်တရား ဟောရကျိုး နပ်တာပေါ့နော်"

"မှန်ပါ၊ နပ်ပါတယ်ဘုရား"

"မိလိန္ဒမင်းကြီးကလည်း ရှင်နာဂသေနကို "အရှင်ဘုရား ကောင်းပေစွ၊ အင်္ဂါကိုးပါးရှိသော ဗုဒ္ဓစကား အလုံးစုံသည် လည်းကောင်း၊ လောကုတ္တရာ အခြင်းအရာသည်လည်းကောင်း၊ လောက၌ မွန်မြတ်သော ကောင်းကျိုးချမ်းသာသည်လည်း ကောင်း ထိုအလုံးစုံသည် ဤဓုတင်အကျင့်၌ ပေါင်းစုသက်ဝင်ခြင်းသို့ ရောက်ပါကုန်၏" လို့ လျှောက်တယ်"

"မှန်ပါ၊ တပည့်တော်လည်း ပြန်ပါဦးမယ်ဘုရား"

ထိုအရှင်သည် နောက်တစ်ခါလာသော် တောရတစ်ခုတွင် တစ်ပါးတည်း ကေစာရီကျင့်နေရာမှ လာခဲ့ခြင်း ဖြစ်ပါသ တည်း။

- ✧ တရားကျင့်သော်၊ ဓုတင်နော်၊ အတော်လိုအပ်လှပါသည်။
- ✧ ဓုတင်မပါ၊ တရားရှာ၊ ကြာမှာအမှန် ဖြစ်ပါသည်။
- ✧ ဓုတင်ပါက၊ တရားရ၊ မြန်လှမကြာ ဖြစ်ပါသည်။

# တရားနာ ပျက်မှာစိုးလို့ဘုရား

## (၆၂)

ကွဲပြိုတတ်သော သဘောတရားသည် ကွဲပြိုခြင်းသို့ ရောက်တတ်၏။ ပျက်စီးတတ်သော သဘောတရားသည် ပျက်စီးခြင်းသို့ရောက်တတ်၏။ ခပ်သိမ်းသော သင်္ခါရတရားတို့သည် အတည်အမြဲမရှိ၊ သေခြင်းတရားသည်သာလျှင် အမြဲရှိ၏။ ထိုသူတို့သည်လည်း သေခြင်းဓမ္မတာသို့ လိုက်ရလေသည်။ ငါတို့သည်လည်း ထိုသူတို့ကဲ့သို့ပင် သေခြင်းဓမ္မတာသဘောသို့ လိုက်ရမည်ကား ရှေ့နှင့် နောက်သာ ရှိချေသည်။

"အိုခြင်းသဘောကို "ငါမအိုလို့ပြီ၊ ငယ်သော အပျိုအရွယ်သာ ဖြစ်လိုတော့သည်" ဟု တောင့်တ၍ မရ အပ်ကုန်"

"နာခြင်းသဘောကို "ငါမနာလိုပြီ၊ အစဉ်အတိုင်းကျန်းမာလျက် ပကတိသာ ရှိလိုတော့သည်" ဟုတောင့်တ၍ မရအပ်ကုန်"

"သေခြင်းသဘောကို "ငါမသေလိုပြီ၊ အသချေ်သာ နေလိုတော့သည်" ဟု တောင့်တ၍ မရအပ်ကုန်"

"ဥစ္စာနှင့် အသက်အရွယ်တို့၏ ပျက်ခြင်းသဘောကို "ငါမပျက်လိုပြီ၊ အစဉ်အတိုင်း ပကတိသာ ရှိလိုတော့ သည်" ဟု တောင့်တ၍ မရအပ်ကုန်"

"ဥစ္စာနှင့် အသက်အရွယ်တို့၏ ကုန်ခြင်းသဘောကို "ငါမကုန်လိုပြီ၊ အစဉ်အတိုင်း ပကတိသာ ရှိလိုတော့ သည်" ဟု တောင့်တ၍ မရအပ်ကုန်"

တစ်ဘဝသို့ ပြောင်းသွားလေသောသူကြောင့် စိုးရိမ်ကြေကွဲခြင်း မပြုအပ်ကုန်၊ ယင်းသို့ စိုးရိမ်ကြေကွဲပြုခြင်းသည် တစ်ဘဝသို့ ပြောင်းလေသော သူမှာလည်း အကျိုးမရှိ၊ ကျန်ရစ်သူတို့မှာလည်း အကျိုးမရှိ၊ ကိုယ်၏ ပင်ပန်းခြင်း၊ စိတ်၏ ပင်ပန်းခြင်းသာ ဖြစ်ရချေ၏။

ယင်းသို့ စသည်ဖြင့် သူရောကိုယ်ပါ မရဏာနုဿတိ ကမ္မဋ္ဌာန်းတရားကို နာကြားကြပါ၏။ နေ့စဉ်လိုလိုပင် ရွတ်ပွားကြ၏။ သူတစ်ပါးတွေ သေဆုံးရာ၌လည်း မရဏာဿတိ ထင်ပါ၏။ ကိုယ်နှင့် မစပ်သူ ဖြစ်၍ထင်၏။ ကိုယ်နှင့်စပ်သူ သူတစ်ပါး ဆိုလျှင်ကား တယ်မလွယ်တော့ပေ။

ယင်းသို့ မလွယ်သော အဖြစ်အပျက်အများမှ လွယ်သော အဖြစ်အပျက်တစ်ခုကို တွေ့ခဲ့ရ၏။ လွန်ခဲ့သော နှစ်ကာလက ဖြစ်ခဲ့၏။

မိမိသည် မြို့ကြီးတစ်မြို့တွင် တရားဟောနေ၏။ တရားတစ်ပုဒ်မှ လေးညဆက်၍ ဟော၏။

ဒကာမကြီးငယ်တစ်စုသည် သူတို့နားကြား၍ သဘောပေါက်သည်များကို နေ့လည်ပိုင်းတွင် လာရောက်၍ လျှောက်ထားလေ့ ရှိ၏။ တစ်နေ့မှ အချိန်နောက်ကျမှ ရောက်လာ၏။ သို့နှင့် မိမိက မေးကြည့်သည်။

"ဘာဖြစ်လို့ ဒီနေ့ နောက်ကျနေလဲ"

"သူ့ပေါ့ဘုရား၊ သူ့အမေက လာခေါ်နေတာ အကြာကြီးပဲ၊ အဲဒါ သူ့စောင့်နေရတာနဲ့ ကြာသွားတယ်၊ နောက်ကျသွားတယ်ဘုရား"

အဖော်များက တစ်ယောက်ကို လက်ညှိုးထိုး၍ ဝိုင်းပြောကြခြင်း ဖြစ်၏။ လက်ညှိုးထိုးခံရသူမှာ ယင်းမြို့မှ မဟုတ်၊ ယင်းမြို့နားက ရွာတစ်ရွာမှ ဖြစ်၏။ သို့နှင့် မိမိက လက်ညှိုးထိုးခံရသူကို မေးကြည့်သည်။

"ဟုတ်လား၊ နင့်အမေ လာခေါ်နေတာ"

"ဟုတ်ပါတယ် အရှင်ဘုရား"

"ဘာဖြစ်လို့ လာခေါ်တာလဲ"

"တပည့်တော်အစ်ကို သေလို့ လာခေါ်တာပါ အရှင်ဘုရား"

"ဟင်... အစ်ကိုသေလို့ လာခေါ်တာ နင်မသွားဘူး ဟုတ်လား"

မိမိမှာ တအံ့တဩနှင့် မေးရ၏။ မှန်၏။ မအံ့ဩဘဲ မနေနိုင်။ အခေါ်ခံရသူမှာ ငယ်ရွယ်သူပင် ဖြစ်၏။ ဆွေခင်မျိုးခင်သော အရွယ်ဖြစ်၏။ သို့နှင့် တအံ့တဩပင် မေးရ၏။

"မှန်ပါ အရှင်ဘုရား၊ မသွားပါဘူး"

"ဘာဖြစ်လို့ မသွားတာလဲ"

"တရားနာ ပျက်မှာစိုးလို့ပါ အရှင်ဘုရား"

"သြော်... တရားက ပြန်လာနာလို့ ရတာပဲဟာ"

"တရားက ရက်ဆက်ဟောတဲ့ တရားဆိုတော့ ကြားထဲမှာ အဆက်ပြတ်သွားရင် ဘယ်ကောင်းတော့မလဲ အရှင်ဘုရား"

"အင်း... ဟုတ်တာပေါ့"

"ပြီးတော့ သူတို့က ဟိုရောက်သွားလို့ တပည့်တော်ကို တွေ့ရင် ငိုကြမှာ အရှင်ဘုရား၊ အဲဒီလိုဆိုရင် သူတို့အကုသိုလ်ဖြစ်မှာပေါ့၊ သေတဲ့လူကလည်း တပည့်တော် သွားလို့ ပြန်ရှင်မှာလည်း မဟုတ်ဘူး"

"အင်း... နင့်အမေက နင့်ကို အတင်းမခေါ်ဘူးလား"

"ခေါ်ပါတယ်အရှင်ဘုရား၊ အကြာကြီးပဲ၊ ခေါ်မရတော့ ငိုတယ်၊ ပြီးတော့လည်း ပြောသေးတယ်၊ ဒီကောင်မလေး စိမ်းကားရက်စက်တယ်၊ အစ်ကိုတစ်ယောက်လုံး သေတာတောင် ခေါ်လို့မရဘူး၊ မလာဘူး၊ ငါသေလည်း လာမှာမဟုတ်ဘူးတဲ့"

"အင်း... ဟုတ်သားပဲ၊ နင့်ဥစ္စာက ပြောလည်း ပြောစရာပဲဟာ၊ ဘာမှလည်း ဝေးတာမဟုတ်ဘူး၊ ကားနဲ့သွားရင် ခဏကလေးပဲဟာ"

"တရားပွဲမရှိရင်တော့ တပည့်တော် သွားမှာပါ အရှင်ဘုရား။ တရားပွဲရှိနေတော့ တရားအဆက်ပြတ်သွားရင် နောက်ပြန်ဆက်လို့ မရတော့ပါ အရှင်ဘုရား။ တစ်နေ့တစ်ပုဒ်ဟောတဲ့ တရားဆိုရင်တော့ တော်သေးတာပေါ့"

"အင်း... နင့်မှာ စိုးရိမ်သောက နည်းနည်းမှ မဖြစ်ဘူးလား"

"အမေလာပြောတော့ စိတ်ထဲမှာ တစ်မျိုးတော့ဖြစ်သွားပါတယ် အရှင်ဘုရား။ ရုပ်ပျက်, ဆင်းပျက်တော့ မဟုတ်ပါဘူး။ အဲဒီလိုဖြစ်တော့ စဉ်းစားတာပေါ့ အရှင်ဘုရား"

"အင်း... ဘယ်လိုစဉ်းစားလဲ"

"တရားဆိုတာ အင်မတန် နာရခဲတယ်၊ ဒီတရားလည်း ခုမှ တစ်ခါပဲ နာဖူးတယ်၊ နောက်လည်း နာရဖို့မလွယ်ဘူး၊ သေတာကတော့ ဘဝတိုင်း,ဘဝတိုင်းသေလာတာပဲ၊ ခုဘဝမှ သေတာမှမဟုတ်ဘဲ၊ တရားက ခုဘဝမှ နာရတာပဲ၊ ဒီတော့ မဆန်းတဲ့ သေတဲ့ဆီ သွားမလား၊ ဆန်းတဲ့ တရားပဲ အဆက်မပြတ် ဆက်နာမလားလို့ စဉ်းစားပါတယ် အရှင်ဘုရား"

"အင်း... နင် ဒီလိုဆိုရင် ဘယ်ညှံ့မလဲ၊ နင့်ကို ကောသလမင်းကြီး ဟောပေးတဲ့တရား ဟောပေးဦးမှပဲ"

"မှန်ပါ၊ ဟောပေးပါအရှင်ဘုရား"

"ကောသလမင်းကြီး သူ့မိဖုရား နတ်ရွာစံတော့ စိုးရိမ်ပူဆွေး ငိုကြွေးလို့ ဘုရားရှင်ဟောရတာ၊ နင်ကတော့ မစိုးရိမ်, မပူဆွေး, မငိုကြွေးပါဘူး၊ ဒါပေမဲ့ ခုနက နင်ပြောတဲ့စကားနဲ့ တရားနဲ့ လျော်နေတာနဲ့ ဟောပေးရမှာ"

"မှန်ပါ ဟောပေးပါအရှင်ဘုရား"

"ကောသလမင်းကြီး စိုးရိမ်ပူဆွေးနေတော့ ဘုရားရှင်က ကောသလမင်းကြီးကို -

"မင်းကြီး အဘယ်ကြောင့် စိုးရိမ်ဘိသနည်း၊ ကွဲပြိုတတ်သော သဘောတရားသည် ကွဲပြိုခြင်းသို့ ရောက်တတ်၏။ ပျက်တတ်သော သဘောတရားသည် ပျက်ခြင်းသို့ ရောက်တတ်၏"

"ယင်းသို့ ကွဲပြိုခြင်း၊ ပျက်ခြင်း၊ သေခြင်း သဘောတရားတို့မည်သည်ကား တစ်ယောက်တည်း၌သာ ဖြစ်သည်မဟုတ်၊ တစ်အိမ်တည်း၌သာ ဖြစ်သည်မဟုတ်၊ တစ်ရွာတည်း၌သာ ဖြစ်သည်မဟုတ်၊ တစ်မြို့တည်း၌သာ ဖြစ်သည်မဟုတ်၊ တစ်တိုင်းတည်း တစ်နိုင်ငံတည်း၌သာ ဖြစ်သည်မဟုတ်၊ တစ်ကျွန်းတည်း၌သာ ဖြစ်သည်မဟုတ်၊ တစ်စကြာဝဠာတည်း၌သာ ဖြစ်သည်မဟုတ်တဲ့"

"ကဲ... ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် အရှင်ဘုရား"

"အားလုံးပဲ ဖြစ်တာပဲ မဟုတ်လား"

"မှန်ပါ အရှင်ဘုရား"

"အင်း... အဲဒီသဘောကို ဆက်လက်ပြီး ဘုရားရှင်က ကောသလမင်းကြီးကို ဟောပြန်တယ် -

"မင်းကြီး စင်စစ်တော့ ယင်းပြိုကွဲခြင်း၊ ပျက်ခြင်း၊ သေခြင်း သဘောတရားတို့ မည်သည်ကား ခပ်သိမ်းသောသူ၊ ခပ်သိမ်းသော အိမ်၊ ခပ်သိမ်းသော ရွာ၊ ခပ်သိမ်းသော မြို့၊ ခပ်သိမ်းသော တိုင်းနိုင်ငံ၊ ခပ်သိမ်းသော ကျွန်း၊ ခပ်သိမ်းသော စကြာဝဠာတို့၌ ကွဲပြိုခြင်း၊ ပျက်စီးခြင်း၊ သေခြင်း သဘောတို့ ရောက်ကုန်၏"တဲ့

"ကဲ... မဟုတ်ဘူးလား"

"ဟုတ်ပါတယ် အရှင်ဘုရား"

"အဲဒါ အရိုးလား၊ အဆန်းလား"

"အရိုးပါ အရှင်ဘုရား"

"အင်း...ဘုရားရှင် ဘယ်လိုဆက်ဟောလဲ၊ ကောသလမင်းကြီးကို -

"မင်းကြီး စင်စစ်တော့ အတိုင်းမသိ မရေတွက်နိုင်သော စကြဝဠာတို့၌ အတိုင်းမသိ မရေတွက်နိုင်သော သတ္တဝါအပေါင်းတို့သည် ကွဲပြုခြင်း၊ ပျက်စီးခြင်း၊ သေခြင်း သဘောတရားကို လွန်နိုင်သောသူမည်သည် မရှိတဲ့"

"ကဲ...ရှိလား"

"မရှိပါ အရှင်ဘုရား"

"ကဲ...အဲဒီမှာ မသေတဲ့သတ္တဝါ ရှိသေးလား"

"မရှိပါ အရှင်ဘုရား"

"ခုခေတ်မှာ တစ်ချို့ဝိဇ္ဇာလမ်းလိုက်တယ်၊ မသေအောင်ပေါ့ ဟုတ်လား၊ နင်တို့ကော လိုက်သေးလား"

"တပည့်တော် မလိုက်ပါ အရှင်ဘုရား"

"လိုက်ပါလား၊ အသေထွက်လေး ဘာလေးထွက်ရအောင်"

"အရှင်ဘုရား၊ အဲဒီအသေထွက်ဆိုတာ ဘယ်လိုဟာပါလဲဘုရား"

"အေး...မှတ်ထား၊ ပုထုဇဉ်သတ္တဝါတွေ သေရင် ရောက်နိုင်တဲ့၊ ထွက်နိုင်တဲ့ဌာန ငါးဌာနရှိတယ်၊ အဲဒါက ဘာတွေလဲ ဆိုတော့ -

၁။ နတ်ပြည်လောက

၂။ လူ့ပြည်လောက

၃။ ငရဲဘုံလောက

၄။ တိရစ္ဆာန်ဘုံလောက

၅။ ပြိတ္တာဘုံလောက

တို့ ဖြစ်တယ်၊ အဲဒီလောက တစ်ခုခုသို့ ထွက်သွားတာပေါ့"

"ဒါဖြင့် လူတိုင်း အသေထွက်ပေါ့ အရှင်ဘုရား"

"အေးပေါ့...ဒါများ အဆန်းမှတ်လို့၊ သေတဲ့လူကို ဝိဇ္ဇာလုပ် ကိုးကွယ်တဲ့လူက ရှိသေးတယ်"

"အရှင်ဘုရား လူတင်ဘယ်ကမလဲ၊ ဘုန်းကြီးတချို့လည်း ကိုးကွယ်တာပဲ"

"အင်း...အဲဒါကြောင့် ခက်တာပေါ့၊ "ရှင်ကြီးက ကြပ်ခိုးစင်ကိုတက်လျှင် ရှင်ကလေးတွေ ကျောင်းမိုးခေါင်" ဆိုတာ လိုဖြစ်နေတာ၊ ကဲ...ကဲ...ထားလိုက်ဦး၊ အဲဒီအကြောင်းကို၊ ဝိဇ္ဇာတွေလည်း သေပုံကို မဃဒေဝလင်္ကာမှာ မန်လည်ဆရာတော် ဘုရားကြီး သီကုံးခဲ့တဲ့ လင်္ကာကို ရွတ်ပြမယ် -

"အာကာကောင်းကင်၊ စမထင်သို့၊ ဤသခါ၊ ဟူသမျှလည်း၊ နိစ္စဓုဝ၊ သဿတဖြင့်၊ ထာဝရမြဲစွာ၊ မရှိရာ ဘူး၊ ဝိဇ္ဇာ - ဇော်ဂျီ၊ တပသီနှင့် လောကီဣဒ္ဓိပါဒ်၊ လွန်ကြီးမြတ်သည့်၊ မိုးနတ်ပြဟ္မာ၊ ဖြစ်စေကာလည်း၊ ပညာ - ဆေးဝါး၊ မန္တရားဖြင့်၊ ကုစားအရိုး၊ တန်ခိုးဖန်ဆင်း၊ အိုသေခြင်းမှ၊ ရှောင်ကွင်းဘယ်မှာ၊ လွတ်နိုင်ရာလိမ့်...တဲ့"

"ဟင်...ဒါနဲ့ ဝိဇ္ဇာတွေဟာ အသက်တစ်ထောင် နေနိုင်တယ်၊ ဘာညာပြောပါလား အရှင်ဘုရား"

"အဲဒါက ဟို …သေခဲ့တဲ့ အသက်တွေပါ ထည့်တွက်ပြတာကိုး၊ အဲဒီလိုဆိုရင် နင်တို့အသက်လည်း ဘယ်နည်းမလဲ၊ သံသရာကြီးက အစမရှိဘူးဆိုတော့ နင်တို့အသက်လည်း ရေတွက်လို့ရပါ့မလား၊ နောက်က အသက်တွေနဲ့ပြန်ပေါင်းပြောရင်"

"ဒီလိုဆို ဘယ်ပြောနိုင်မလဲ အရှင်ဘုရား"

"ဒီလိုဆိုရင် နင်တို့လည်း ဝိဇ္ဇာပေါ့"

"သူတို့ အသက်တစ်ရာ၊ တစ်ထောင်တွက်တာ အဲဒီလို တွက်တာလား အရှင်ဘုရား"

"အင်းပေါ့၊ အဲဒီလို တွက်တာပေါ့၊ လူ့ပြည်က ခုရှိတဲ့အသက်တမ်းက (၇၅)နှစ်တမ်းလောက် ရှိတော့တာပဲဟာ၊ ကဲ… ထားပါတော့၊ အဲဒီဝိဇ္ဇာဟာ အသက်တစ်ရာ၊ တစ်ထောင် ရှိတယ်ပဲ ထားပါတော့၊ သူက နင်တို့ကို သူ့လိုဖြစ်အောင် လုပ်ပေးနိုင်ပါ့မလား"

"လူတွေကတော့ အဲဒါ မျှော်ကိုးသွားနေကြတာပါပဲ အရှင်ဘုရား"

"အဲဒီလူတွေ အင်မတန် အ,တယ်၊ နင်တို့ စဉ်းစားကြည့်စမ်း၊ အဲဒီဝိဇ္ဇာတွေ အဲဒီလို သူတို့လည်း အသက်ရှည်၊ သူများလည်း အသက်ရှည်အောင် ပြုလုပ်ပေးနိုင်ရင် သာသနာအကျိုး လောကအကျိုး တကယ်ဆောင်ရွက်တဲ့ ဘုရားရှင်တွေ၊ ရဟန္တာ အရှင်မြတ်တွေ၊ တကယ့် သီလရှိတဲ့ သံဃာတော်အရှင်မြတ်တွေကို အသက်ရှည်အောင်၊ ကျန်းမာအောင် ပြုလုပ်ပေးဖို့ မကောင်းဘူးလား"

"မှန်ပါ၊ ကောင်းပါတယ်အရှင်ဘုရား"

"ကဲ… ခု ပြုလုပ်ပေးနိုင်လား"

"မပြုလုပ်ပေးနိုင်ပါ အရှင်ဘုရား"

"ဒါနဲ့များ ဝိဇ္ဇာတွေက သာသနာပြုမယ်တဲ့၊ ဘယ့်နယ်လုပ် သာသနာပြုမလဲ၊ တကယ့် သီလ – သမာဓိ – ပညာ ရှိတဲ့ ဆရာတော်တွေ ပျံလွန်တော်မမူအောင်တော့ သူတို့ မလုပ်နိုင်တာ၊ ဒီ ကကြီး၊ ခခွေးတောင် မတတ်တဲ့လူတွေ အသက်ရှည်တာနဲ့ ဘာသာသနာပြုနိုင်မှာလဲ"

"တင်ပါ၊ဟုတ်ပါတယ် အရှင်ဘုရား"

"ဟုတ်ပါတယ် အရှင်ဘုရား လုပ်မနေနဲ့၊ အဲဒီအထဲ နင်တို့ မပါဖို့ အရေးကြီးတယ်၊ ကဲ… ဒါနဲ့ ကောသလမင်းကြီးကို ဟောတဲ့ တရားတောင် ဘယ်ရောက်သွားလဲ မသိဘူး၊ ဆက်ရဦးမယ် -

"မင်းကြီး… စင်စစ်တော့ ကွဲပြိုခြင်း၊ ပျက်စီးခြင်း၊ သေခြင်း သဘောတရားသည် သာလျှင် မြဲ၏၊ ခပ်သိမ်းသော သင်္ခါရတရားတို့သည်ကား အမြဲတည်သည် မရှိ၊ စုတေတတ်၊ ရွေ့တတ်၊ ဖောက်ပြန်တတ်သော သဘောသာ ရှိ၏" တဲ့

"ကဲ… မဟုတ်ဘူးလား"

"ဟုတ်ပါတယ် အရှင်ဘုရား"

"အေး… ဒါကြောင့် သေမှာတော့ နင်သွားလည်း မထူးဘူး၊ နင့်အစ်ကို,ကို ချစ်ခင်လေးမြတ်လျှင် ရတနာသုံးပါးတို့အား ဆွမ်းစတဲ့ လှူဖွယ်ဝတ္ထုတွေ လှူပြီး အမျှဝေပေးပေါ့နော်"

"မှန်ပါ အရှင်ဘုရား"

"ကဲ… ကဲ… သွားတော့ သွားတော့"

✦ ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့
ဖြစ်လာတိုင်းပင်၊ ကွယ်ချုပ်ဝင်သည့်
ဤသခါရ၊ သဘာဝကား
ဌာနနယ်ချဲ့၊ တစ်နိဂုံးနှင့်
ခေါ်ထုံးဝေါဟာ၊ တစ်မြို့ရွာဝယ်
မျက်နှာမဲ့လျှင်း၊ တစ်အိမ်တွင်း၌
သင်းသီးသန့်ခြား၊ တစ်ကန့်သား၍
ဖြစ်ပွားလေ့လာ၊ မဟုတ်ပါဘူး
ပြဟ္မာလူနတ်၊ ထုတ်ချင်းခတ်အောင်
ဥပါဒ် - စလျှင်၊ ငှဲသို့ဝင်၍
ဘင်္ဂက္ခဏ၊ မရဏဖြင့်
ရှုရှုလှုပ်လှုပ်၊ တချုပ်ချုပ်လျှင်
နာမ် ရုပ် နှစ်မျိုး၊ ဖြစ်တိုင်းညှိုးသည်
အရိုး အနိစ္စချည်းသာတည်း။
အရိုး ဒုက္ခချည်းသာတည်း။
အရိုး အနတ္တချည်းသာတည်း။

(ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ)

📖

# သိက္ခာကျလို့ သိက္ခာထပ်ရတာလားဘုရား

(၆၃)

သိက္ခာသည် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ ဟူ၍ သုံးပါးရှိ၏။ ယင်းကို "သိက္ခာသုံးပါး = အကျင့်တရား" ဟူ၍ ခေါ်၏။ ဗုဒ္ဓသာသနာတော်တွင် ယင်းတရားသုံးပါးသည် အချုပ်အခြာတရားများ ဖြစ်၏။

ယင်းသုံးပါးတွင် သာသနာတော်ဝန်ထမ်း ရဟန်းသံဃာများ မကျင့်မနေ ကျင့်ရမည့် အကျင့်သိက္ခာမှာ သီလသိက္ခာ ဖြစ်၏။ ဘုရားရှင်၏ ဝိနည်းတရားတော်တွင် ယင်းသီလသိက္ခာကို ညွှန်ပြ၏။

ဝိနည်းတရားတော်အရ ကျင့်ရသော သီလသိက္ခာများတွင် တချို့သီလတွေသည် အကုသိုလ်အဖြစ် မဖြစ်စေဘဲ အဝိဇ္ဇာခေါ် မောဟနှင့် တဏှာခေါ် လောဘတို့ နည်းပါးအောင် ပညတ်တော်မူရသော သီလသိက္ခာတွေ ဖြစ်၏။

အချို့သီလသိက္ခာတွေကား အကုသိုလ်အပြစ်မရှိသော်လည်း လူအများ အမြင်မတော်သဖြင့် လူအများ ကျေနပ်ကြည်ညိုအောင် ပညတ်တော်မူရသော သီလသိက္ခာတွေ ဖြစ်၏။

## ဝန်ထမ်း ၂ မျိုး

ဘုရားရှင်၏ သာသနာတော် တည်တံ့ရေး၌ ရဟန်းတော်များသည် သာသနာအတွင်းက နေ၍ သာသနာ့တာဝန်ကို ထမ်းဆောင်ရသော အတွင်းဝန်ထမ်းများ ဖြစ်၏။

လူ့ဝတ်ကြောင်ဒကာ - ဒကာမတို့ကားပစ္စည်းလေးပါးထောက်ပံ့သောအားဖြင့် သာသနာအပြင်ဘက်ကနေ၍တာဝန် ထမ်းရသော အပြင်ဝန်ထမ်းများ ဖြစ်ကြပေ၏။

ဤနည်းအားဖြင့် အပြင်ကနေ ဝန်ထမ်းနေသူ ဒကာ၊ ဒကာမတို့က မကြည်ဖြူ၊ မကြည်ညို၍ မထောက်ပံ့ကြလျှင် သာသနာ့တာဝန်ကိုအတွင်းကနေ ထမ်းဆောင်နေရသောအတွင်းဝန်ထမ်းတို့မထမ်းဆောင်နိုင်ကြတော့ပေ။ ထိုအခါ သာသနာ ကွယ်မည် ဖြစ်၏။

ထို့ကြောင့် ဘုရားရှင် ဟောကြားတော်မူခဲ့သော ဝိနည်းတရားတော်လာ သီလသိက္ခာပုဒ်တော်များသည် လူအများ၏ ကြည်ဖြူ၊ ကြည်ညိုဖွယ်ရှိအောင် ပညတ်တော်မူရသော သီလသိက္ခာပုဒ်တော်များ ဖြစ်၏။

သို့ပါလျက် လူအများက ကြည်ညိုချင် ကြည်ညို၊ မကြည်ညိုချင်နေ ငါလုပ်ချင်သလို လုပ်မည်ဟု ဆိုလျှင် လူအများက လည်း လုပ်ချင်သလို လုပ်ကြလေ၊ မထောက်ပံ့ဘဲ နေရုံသာဟု နေကြပေလိမ့်မည်။

ဤနည်းအားဖြင့် ဝိနည်း သီလ သိက္ခာတော်ကို ကျင့်သူမရှိလျှင် သာသနာကွယ်ရမည်ဖြစ်သောကြောင့် ဝိနည်း တရားတော်လာ အကျင့်သီလသိက္ခာသည် သာသနာတော်၏ အသက်သွေးကြောကြီး ဖြစ်၏။

သို့ဖြစ်၍ သာသနာတော် တာဝန်ကို အတွင်းက ထမ်းဆောင်နေကြရသော ရဟန်းတော်တို့သည် မိမိတို့ တကယ် တမ်းကျင့်ရမည့် သီလသိက္ခာတို့ကို တကယ်တမ်းသိအောင် လေ့လာကာ -

"နေ့ရက်ရှည်ကြာ၊ သန္ဓေဆောင်ထား မွေးဖွားရသော မိမိ၏ ဥတစ်လုံးအတွက် အသက်ကို အသေခံဝံ့ သော ရစ်မ၊ ထူးမြတ်လှအဖိုးတန် ဝိသေသအမြီးဆံကြောင့် ပုပ်ညှီနံလှ ကိုယ်ကာယအတွက် သေဘေးကို မငဲ့ ကွက်သည့် စာမရီသားတို့ကို အလီလီရှုကြပြီးကာ အဖိုးမတန်သည့် ပုပ်နံ့ညှီဟောင် ဤကိုယ်ကောင် ကာယ အတွက် အဖိုးအနန္တထိုက်တန်လှသည့် သီလသိက္ခာကြီး ပျက်စီးဆုတ်ယုတ်ကြောင်းများကို မပြုမှားမိအောင် သတိဆောင်သင့်ပေသည်"

(ဝိသုဒ္ဓိမဂ်)

မှန်၏။ ယင်းသို့ သတိဆောင်ရမည့် အရာတွင် သတိမဆောင်သော် လူ၊ ရှင်အများ သူတစ်ပါးတို့ သို့လော သို့လော တွေးတောယုံမှားကြံဝိုးဝါးဖြင့် စွပ်စွဲပြောဆို ခံရတတ်၏။ မျက်ကွယ် အတင်းအဖျင်း အပြောခံရတတ်၏။ မကောင်းသတင်းပျံ့နှံ့ တတ်၏။ ယင်းသို့ဖြင့် သာသနာကွယ်သည့်တိုင်အောင် ဆောင်နိုင်၏။

တစ်ချိန်သော နွေကာလက ဖြစ်ခဲ့၏။ ယင်းအဖြစ်အပျက်မျိုးနှင့် ကိုယ်တိုင်ကြုံခဲ့ရ၏။ မိမိသည် မြို့တစ်မြို့တွင် တရား ဟောနေခိုက် ဖြစ်၏။ နေ့လယ်ခင်းတစ်နေ့တွင် လူငယ်သုံးလေးယောက် ရောက်လာပြီးလျှင် ဦးချ၍ လျှောက်ထား၏။

"ဦးပဥ္စင်းဘုရား၊ "သိက္ခာထပ်တယ် - သိက္ခာထပ်တယ်" နဲ့ ဦးပဥ္စင်းဖြစ်ပြီးသားတွေကို ပြန်ပြီး သိက္ခာထပ်တယ်၊ သိမ် ထဲမှာ ပဥ္စင်းပြန်ခံရတယ်၊ အဲဒါ သိက္ခာကျလို့ သိက္ခာထပ်ရတာလား ဘုရား"

"အင်း . . . အင်း မင်းတို့မေးတာ အမေးကောင်းပဲ၊ ဒါပေမဲ့ အဲဒီအမေးဟာ မင်းတို့မှာ မကျေနပ်ချက်တစ်ခုခုနဲ့ ကြုံလို့ မေးတာနဲ့ တူတယ်"

"ဟုတ်ပါတယ် ဘုရား"

"ဘယ်လို မကျေနပ်ချက်လဲ၊ အရိပ်အငွေ့လောက် ပြောပြစမ်းပါဦး"

"ခုတလော သိက္ခာထပ်တာတွေက သိပ်ပေါနေတယ်ဘုရား၊ အဲဒါနဲ့ ပတ်သက်ပြီး မြို့ရွာထဲမှာ အငြင်းပွားနေတယ် ဘုရား"

"အင်း . . . ဘယ်လိုအငြင်းပွားနေသလဲ"

"တစ်ချို့က "သိက္ခာမရှိလို့" သိက္ခာထပ်ရတာတဲ့၊ တချို့က "သိက္ခာကျသွားလို့" သိက္ခာထပ်ရတာတဲ့၊ တချို့ကလည်း "သိက္ခာမှ မရှိဘဲ ထပ်လည်း ဘယ်ရမလဲ" စသည် ပြောဆိုငြင်းခုံနေကြပါတယ်ဘုရား၊ ဒါကြောင့် တပည့်တော်တို့ အမှန်သိချင် တာနဲ့ ဦးပဥ္စင်းဆီ စုပြီး လာမေးပါတယ်ဘုရား"

"အင်း . . . မင်းတို့ပြဿနာက တိုမလိုလိုနဲ့ ရှည်ရှည်ဖြေမှ နားလည်မယ်ကွယ့်၊ မင်းတို့ နားထောင်နိုင်ပါ့မလား"

"မှန်ပါ ထောင်နိုင်ပါတယ်ဘုရား၊ ဖြေသာဖြေပါ တပည့်တော်တို့ နားလည်အောင်"

လာမေးသူ လူငယ်များမှာ တရားပွဲဖြစ်မြောက်ရေး ဆောင်ရွက်နေသူများ ဖြစ်၏။ တရား ဝါသနာပါကြ၏။ သို့ဖြစ်၍ မိမိကလည်း မေးခြင်းဖြစ်၏။

"အေး ဒီလိုဆို ပြောရတာပေါ့၊ ဒီတော့ သိက္ခာကျတာ မကျတာ စသည်တို့ကို သိဖို့ သိက္ခာအကြောင်းကို မင်းတို့ အရင်ကြိုတင်သိထားရမယ်နော်"

"မှန်ပါ အမိန့်ရှိပါဘုရား"

"သိက္ခာက သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာရယ်လို့ သုံးပါးရှိတယ်၊ အဲဒီသုံးပါးမှာ ရဟန်းတော်တွေနဲ့ အဓိကဆိုင်တာ သီလသိက္ခာကွယ့်"

"မှန်ပါ အရှင်ဘုရား"

"ဘုရားရှင်ရဲ့ဝိနည်းဒေသနာတော်မှာလာတဲ့ သီလသိက္ခာတွေဟာ အကျဉ်းအားဖြင့် (၂၂၇) သွယ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော် ရှိတယ်"

"အမယ်လေး၊ အများကြီးပါလား ဘုရား"

"အေး ... များတာပေါ့၊ အဲဒီလောက်များတဲ့ သီလသိက္ခာတွေဟာ သိမ်ထဲမှာ ဉ တ်လျှင် လေးခုမြောက်ရှိတဲ့ "ဉတ္တိစတုတ္ထ ကမ္မဝါစာ" နဲ့ ဖတ်လိုက်လျှင် အားလုံး ပြည့်စုံသွားတယ်၊ သိက္ခာတွေ တည်သွားတယ်ပေါ့ကွယ်"

"မှန်ပါ၊ အဲဒီတည်ပြီးသားတွေကို ထပ်တည်အောင် ထပ်ပြီး သိက္ခာထပ်စရာ လိုသေးလားဘုရား"

"တည်ပြီးသား ထပ်တည်အောင်လုပ်တော့ ဘာထူးမှာလဲကွယ့်၊ ရေအိုးကြီးတစ်လုံး ရေပြည့်နေပြီ၊ အဲဒါကို ထပ်ပြည့်အောင် လောင်းတော့ ဘာထူးသေးလဲ"

"ပင်ပန်းတာ ထူးတာပေါ့ဘုရား"

"အေး ... အေး ဒါတော့လည်း မင်းတို့ အသိသားပဲဟာ"

"ဒါဖြင့် သီလသိက္ခာ ပြည့်စုံပြီးသားကို သိက္ခာထပ်စရာ မလိုဘူးပေါ့ဘုရား"

"အေးပေါ့၊ ဘယ်လိုတော့မလဲ၊ တကယ်လိုတာက သီလ သိက္ခာမတည်သေးတဲ့ ရဟန်းလောင်းတွေကို ရဟန်းခံပေး သိမ်တက်ပေးမှ အကျိုးရှိတာပေါ့"

"ဒီလိုဆိုတော့ ခုခေတ်မှာ သိမ်ထပ်ထပ်နေတာတွေဟာ သိက္ခာကျလို့ သိမ်ထပ်နေတာလား မသိပါဘုရား"

"ဘာဖြစ်လို့လဲဟ"

"တစ်ချို့တရားဟောရင်းနဲ့ တရားပွဲထဲမှာကို သိက္ခာထပ်ဖို့ သိမ်ထပ်ဖို့ ဒကာ လိုက်ရှာနေတယ်၊ သိက္ခာထပ်ဖို့ သိမ်တက်ပေးဖို့ တရားထဲ ထည့်ဟောတယ်ဘုရား၊ အဲဒါ ဟောကောင်းလား၊ ပြောကောင်းလား ဘုရား"

"သိက္ခာကျသွားရင် သိမ်ထဲမှာ သိမ်ထပ်ရုံနဲ့ သိက္ခာတွေ ဘယ်ကလာပြီး တက်လာမလဲ၊ သိက္ခာထပ်ဖို့၊ သိမ်တက်ပေးဖို့လည်း တရားထဲထည့်ပြီး မဟောကောင်း၊ မပြောကောင်းဘူး"

"အဲဒါကို ဦးပဉ္စင်းဘုရားတို့က တရားပွဲထဲမှာ ဒကာဒကာမတွေ ရှင်းရှင်းသိအောင် ထည့်ဟောဖို့ကောင်းပါတယ်ဘုရား"

"အင်း ... မင်းတို့ပြောတော့ အလွယ်သားပဲ၊ တို့ ဟောဖို့ကျတော့ ခက်တယ်ကွယ့်"

"ဘာဖြစ်လို့ ခက်ရတာလဲဘုရား"

"တရားဟောတယ်ဆိုတာ ကြောင်းကျိုးစပ်အောင် ဟောရတာကွယ့်၊ ကြောင်းကျိုးမစပ်ဘဲ သက်သက်ထည့်ဟောရင် မလိုလို့ ဟောတယ်ဖြစ်လာမှာပေါ့"

"သိက္ခာကျရင် သိက္ခာထပ်ရုံနဲ့ အကျိုးမရဘူး၊ သိမ်ထပ်ပေးဖို့ မပြောဟောကောင်းဘူးဆိုတာ သူတို့ မသိဘူးလား ဘုရား"

"မသိဘူးလား သိလားဆိုတာ ဦးပဥ္စင်းကို လာမေးလို့ရမလား၊ အဲဒီ အထပ်ခိုင်းတဲ့ သက်ဆိုင်ရာကို သွားမေး ကြည့်ပေါ့"

"သိရဲ့သားနဲ့ ထပ်ခိုင်းရင်တော့ ဒကာ ဒကာမတွေဆီက ပစ္စည်းကို ညာယူတာနဲ့ အတူတူပဲပေါ့ဘုရား"

"အေး...ညာယူတာလား၊ ဘာလားတော့ ကာယကံရှင်မှပဲ သိမယ်၊ တို့တော့ ကာယကံရှင်မှ မဟုတ်ဘဲ ဘယ်သိမလဲ"

"ဒါဖြင့် သိက္ခာကျရင် ဘယ်လိုလုပ်ရမလဲဘုရား"

"ဘာလဲ မင်းတို့က ရဟန်းတောင်မခံရသေးဘူး၊ သိက္ခာကျချင်လို့လား"

"ဟား...ဟား မဟုတ်ပါဘူးဘုရား၊ တပည့်တော်တို့ အငြင်းပွားနေတဲ့ ပြဿနာ သိချင်လို့ပါဘုရား"

"သိက္ခာမရှိလို့ သိက္ခာထပ်ရင် တစ်ခါထပ်ရင် ပြီးတယ်၊ နောက်ထပ် အခါခါထပ်စရာ မလိုတော့ဘူး၊ ဒါက တစ်ခါမှ ရဟန်းမဝတ်ရသေးတဲ့ ရဟန်းလောင်း၊ ဝတ်ပြီးသော်လည်း အပြစ်မရှိဘဲနဲ့ လူထွက်ပြီး ပြန်ရဟန်းတက်တဲ့ ရဟန်းလောင်း ဆိုပါတော့ ရဟန်းတက်စဉ်က "ငါ ရဟန်းဖြစ်မှ ဖြစ်ရဲ့လား" လို့ သံသယရှိလို့ ထပ်တာမျိုးကို ပြောတာ၊ အဲဒါမျိုးက နဂိုက ဖြစ်ပြီးသား ဆိုရင်လည်း နောက်ထပ် သိမ်တက်ခြင်းဖြင့် မထူးဘူး၊ နဂိုက သူ့သံသယအတိုင်း ရဟန်းမဖြစ်သေးဘူးဆိုရင် ဖြစ်သွားရော"

"အဲဒီလိုဆို ရဟန်းဒကာ လိုသေးလားဘုရား"

"ဘယ်လိုမလဲ၊ ကိုယ့်မှာ သပိတ်ပရိက္ခရာ အစုံရှိပြီးသားပဲ၊ သိမ်ဝင် ကမ္မဝါဖတ်ရုံပဲပေါ့"

"ကဲ...သိက္ခာကျလို့ သိက္ခာထပ်ပုံ အမိန့်ရှိပါဦးဘုရား"

"သိက္ခာကျနည်းက အမျိုးမျိုးရှိတယ်ကွယ့်"

"အမိန့်ရှိပါဘုရား"

## သိက္ခာကျ (၆) မျိုး

၁။ တစ်မျိုး သိက္ခာကျရင် လူဖြစ်သွားတယ်၊ သိမ်ထဲမှာ သိက္ခာထပ်လို့မရဘူး၊ အဲဒါကျတော့ စင်ကြယ်အောင် လူထွက်မှ သို့မဟုတ် ကိုရင်ဝတ်နဲ့ နေမှ စင်ကြယ်တယ်၊ ဒါကို ပါရာဇိကကျတယ်လို့ ခေါ်တယ်။

၂။ တချို့ သိက္ခာကျရင် ဝတ်စောင့်ရတယ်၊ မာနတ် ကျင့်ရတယ်၊ အဗ္ဘာန်သွင်းရတယ်၊ သိမ်ထဲမှာ သိမ်ထပ်လို့ မရဘူး။

၃။ တချို့ သိက္ခာကျရင် ကျတဲ့သိက္ခာကို အထင်အရှားဖွင့်ပြော ဒေသနာကြားမှ စင်ကြယ်တယ်၊ သိမ်ထဲမှာ သိမ်ထပ် စရာမလိုဘူး၊ သိမ်ထပ်လို့ မရဘူး။

၄။ တချို့ သိက္ခာကျရင် "နောက်တစ်ဖန် ဒီလိုမလုပ်တော့ဘူး" လို့ စိတ်ကို ဆုံးဖြတ်ကာ စောင့်စည်းလျှင် စင်ကြယ် တယ်၊ သိမ်ထဲမှာ သိမ်ထပ်စရာ၊ သိက္ခာထပ်စရာ မလိုဘူး။

၅။ တစ်မျိုး သိက္ခာကျရင် မအပ်သော ရှာမှီးခြင်းဖြင့် ရတဲ့ပစ္စည်းတွေ စွန့်ပစ်ပြီး တရားနှင့်အညီသာ ပစ္စည်းတွေ ရှာမှီးခြင်း ဖြင့် စင်ကြယ်တယ်၊ သိက္ခာထပ်လို့ မရဘူး။

၆။ တစ်မျိုး သိက္ခာကျရင် မဟာပစ္စဝေက္ခဏာ၊ ဓာတုပစ္စဝေက္ခဏာ၊ ပဋိကူလပစ္စဝေက္ခဏာ သုံးမျိုးဖြင့် ဆင်ခြင်မှ စင်ကြယ် တယ်၊ သိမ်ထဲမှာ သိက္ခာထပ်လို့ မရဘူး။

"ကဲ...အားလုံးပေါင်း သိက္ခာကျနည်း ဘယ်နှစ်မျိုး ရှိလဲ၊ မှတ်မိသေးလား"

"မှတ်မိပါတယ်၊ ခြောက်မျိုးရှိပါတယ်"

"ကဲ...မှတ်မိရင် သိမ်ထပ်လို့ ရဟန်းခံလို့ တက်လာတဲ့ သိက္ခာဘယ်နှစ်မျိုး ပါလဲ"

"တစ်မျိုးမှ မပါပါအရှင်ဘုရား"

"အဲ...တစ်မျိုးမှ မပါတဲ့အပြင် မင်းတို့ပြောသလို တရားပွဲထဲမှာ သိမ်ထပ်အောင် သိက္ခာထပ်ရအောင် ပြောရင် "မအပ်သော ရှာမှီးခြင်း" ကို ရှာမှီးလို့ သိက္ခာထပ်မကျသွားဘူးလား၊ ခုနက ပြောခဲ့တဲ့ သိက္ခာကျ ၆ မျိုးမှာ ငါးခုမြောက်သိက္ခာကျ ဖြစ်မသွားဘူးလား"

"မှန်ပါ ဖြစ်သွားပါတယ်ဘုရား၊ အဲဒီ ငါးနံပါတ်အရ မအပ်သော ရှာမှီးခြင်းဆိုတာ ဘာတွေပါလဲဘုရား"

"အမယ်လေး၊ အဲဒါတွေ လျှောက်ပြောနေရင် ဘယ်ပြီးနိုင်တော့မှာလဲ"

"နည်းနည်းပေါ့ ဘုရား"

"ကဲ...ကဲ...ဒါဖြင့် မှတ်ထား -

၁။ အံ့ဖွယ်သရဲဖြစ်အောင် လုပ်ကြံစဉ်းလဲမှုဖြင့် ရှာခြင်း

၂။ ပစ္စည်းလာဘ်လာဘနှင့် စပ်ပြီးတော့ အပြောအဆို ရဲတင်းခြင်းဖြင့် ရှာခြင်း

၃။ မိမိအား ပစ္စည်းဝတ္ထု လှူဒါန်းစေရန် အရိပ်နိမိတ်ပြပြီးတော့ ရှာခြင်း

၄။ မလှူဘဲ မနေသာအောင် စကားဖြင့် ကြိတ်နှိပ်ပြီးတော့ ရှာခြင်း

၅။ တစ်အိမ်၌ တစ်မတ်တန် ရပြီးသော လာဘ်ကို တစ်အိမ်၌ ပေး၍ အဲဒီအိမ်မှ တစ်ကျပ်တန် လာဘ်ကို ရအောင်ယူခြင်းဖြင့် ရှာခြင်း

လို့ ငါးမျိုးရှိတယ်၊ အဲဒါ နံပါတ် (၁) ကို အကျယ်ချဲ့ရင် အများကြီးရှိသေးတယ်"

"မှန်ပါ ဒီလောက်ဆို သဘောပေါက်ပါပြီဘုရား"

"အေး...မပေါက်လည်း ဦးပဋ္ဌင်းရေးတဲ့ "သီလဝတ္ထု" ကို ရှာကြည့်၊ အဲဒီမှာ သီလသိက္ခာအကြောင်း အစုံပါတယ်"

"မှန်ပါဘုရား၊ ကြည့်ပါ့မယ်၊ ယခု သိက္ခာကျတာ၊ သိက္ခာထပ်တာနဲ့ ပတ်သက်ပြီး အချုပ်ကို ပြန်ပြောပြပါဦးဘုရား"

"ကဲ...ကဲ မှတ်ထား သေသေချာချာ -

၁။ သိက္ခာမရှိသေးသူ ရဟန်းမခံရသေးသူကို သိက္ခာတင်လျှင် ကောင်းတယ်၊ ရဟန်းဒကာ ဖြစ်တယ်။

၂။ သိမ်တက်ပြီး "သိက္ခာ တည့်မတည့်" သံသယရှိလို့ ထပ်ရင် ကောင်းတယ်၊ တစ်ကြိမ်တစ်ခါပေါ့။

၃။ သိက္ခာကျလို့ သိမ်ထပ်တာကတော့ ထပ်လို့မရဘူး။

၄။ သိက္ခာရှိပြီးသား သိမ်ထပ်လည်း မထူးခြားဘူး။

၅။ သိက္ခာထပ်ချင်သူ ဒကာ ဒကာမ သဘောအရ ထပ်တာကတော့ အပြစ်မရှိဘူး။

၆။ ဒကာ ဒကာမက မထပ်ချင်ဘဲ သိက္ခာထပ်အောင် ဆွယ်တရားဟောရင် အပြစ်ရှိတယ်။

ကဲ...တော်ရောပေါ့၊ ဒါဆို ပြည့်စုံပြီးမဟုတ်ဘူးလား"

"မှန်ပါ၊ ပြည့်စုံပါပြီ အရှင်ဘုရား"

လူငယ်များ ဦးချ၍ ထပြန်သွားသောအခါ မိမိတစ်ပါးတည်း စဉ်းစားနေရစ်ခဲ့၏။

"ကဲ့ရဲ့ရှုံ့ချဖွယ်သော ပုဂ္ဂိုလ်များကို ထင်ရှားသော်လည်း မှောင်အတိဖုံးအုပ်သော ရေကန်၌ မှော်ကိုဖယ်၍ ရေကိုသာ သောက်သူပမာ. မတော်သောအပြစ်ကို လျစ်လျူရှု၍ ထိုပုဂ္ဂိုလ်၌ ကြည်ညိုစရာ တစ်စုံတစ်ခုကို ရှာ၍ ကြည်ညိုရမည်"

(အင်္ဂုတ္တရပါဠိတော်)

"ကိလေသာမာရ် ညှဉ်းဆဲ တိုက်တွန်း၍ မမှားတန်ဘဲ မှားသဖြင့် အပါယ်လားရရှာလတ္တံ့သော ပုဂ္ဂိုလ်ကို မျက်မှောက်တွင် မြင်ရသည့်အခါ ဂင်္ဂုန်လက်ဝယ် နဂါး၊ ခြသေ့်လက်ဝယ် သား၊ ကျားခံတွင်းဝယ် ချေသူငယ်၊ ယုန်သူငယ်တို့ကို မြင်ရသည့်အခါ ထိုသတ္တဝါတို့အား သနားကယ်ဆယ်နိုင်လျှင်လည်း ကယ်ဆယ်ရသည်၊ မကယ်ဆယ်နိုင်လျှင်လည်း ယင်း သစ်ကျား၊ ခြသေ့်ဘေးမှ လွတ်အောင် ရှောင်ပြေးသွားရသည်"

"ထို့အတူပင် မသူတော် ပုဂ္ဂိုလ်တို့အား တရားအမြိုက်တိုက်ကျွေး ကယ်ဆယ်နိုင်လျှင် သနားသဖြင့် ကယ်ဆယ်ရသည်၊ မကယ်ဆယ်နိုင်လျှင်လည်း ထိုပုဂ္ဂိုလ်တို့အား သနားကရုဏာ၊ မေတ္တာစိတ်ကို ပျံ့နှံ့စေလျက် မိမိကိုယ်ကိုသာ ယင်းသို့သော မသူတော်အကျင့်၊ အရှက်မရှိသူတို့၏ အကျင့်ဟူသော မာရ်မင်း၏ လက်သို့ မရောက်ရအောင် အထူးသတိ ဆောင်အပ်သည်"

"အသူတရာ နက်လှစွာသော ချောက်ကမ်းပါး၌ ခင်း၍ ထားအပ်သော တစ်ဖဝါးသာ ချနင်းလောက်သော သစ်ပျဉ်၊ သစ်တုံးကို လျှောက်၍ သွားရသူသည် အရပ်တစ်ပါးကို မျှော်၍ မကြည့်ဘဲ မိမိလျှောက်အပ်သော သစ်ပျဉ်ချပ်ကိုသာ ကြပ်ကြပ်ကြည့်၍ သွားနိုင်မှ ချောက်ထဲသို့ ချော်၍မကျ ချမ်းသာရာ ရသကဲ့သို့ သံသရာချောက်ကမ်းနိဗ္ဗာန်လမ်းသို့ ကူးသန်းသွားကြရသော သူတို့သည်လည်း သူတစ်ပါးတို့၏ အပြစ်ကို မော်၍မကြည့်ဘဲ မိမိ၏ သွားလာရာ သမထ၊ ဝိပဿနာ နိဗ္ဗာန်လမ်းကိုသာ ဖြောင့်တန်းစွာ ကြည့်ရှုသွားလာရမည်"

(မူလပဏ္ဏာသ)

✦ သိက္ခာကျရာ၊ ထပ်သိက္ခာ၊ ဘယ်ခါ မရပါ။

✦ သိက္ခာထပ်လို၊ သူများကို၊ တောင်းဆို မသင့်ပါ။

✦ ဒကာ ဒကာမ၊ အလိုကျ၊ ထပ်က သင့်သည်သာ။

✦ သိက္ခာရှိရာ၊ ထပ်သိက္ခာ၊ သိက္ခာ မတိုးပါ။

✦ ကျိုး ရှိ.မရှိ၊ ချင့်ချိန်ကြည့်၊ ကျိုးရှိ လုပ်ကြပါ။

# နှုတ်ပိတ်ကျင့်တဲ့ ကိုယ်တော်တဲ့ ဘုရား

(၆၄)

သဗ္ဗညုဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ ရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သော ရာဓထေရ်သည် အလွန်တရာ ပြောဆို၊ ဆုံးမ လွယ်သဖြင့် မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်သည်ကို အကြောင်းပြု၍ -

"ရဟန်းတို့ . . . ဤသာသနာတော်၌ ရဟန်းဖြစ်သော သူသည် မသိမလိမ္မာမီ ကာလက ချွတ်ချော် တိမ်းပါးသော်လည်း သီတင်းသုံးဖော်တို့ ပြောဆိုဆုံးမသောအခါ ရိုသေစွာ လိုက်နာ၍ ပြုကျင့်အပ်၏၊ ရာဓကဲ့သို့ ဆိုဆုံးမလွယ်သည် ဖြစ်ရာ၏"

"အပြစ်ကို ထင်စွာပြသဖြင့် ဆုံးမတတ်သောသူကို အမျက်ထွက်ခြင်း၊ မာန်မူခြင်း မပြုအပ်၊ ရွှေအိုးရတနာကို ဖော်ပြပေးတတ်သော သူကဲ့သို့ အလေးအမြတ် ပြုအပ်၏"

"ထို့ကြောင့် သင် ချစ်သားတို့သည် ပြောဆို ဆုံးမခြင်းဝယ် မခဲယဉ်းကြကုန်လင့်၊ သီတင်းသုံးဖော်တို့ ပြောဆိုဆုံးမသော စကားကို ရိုသေစွာ လိုက်နာ၍ ကျင့်ကြံကြကုန်လော့"

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘုရားရှင်၏ ယင်းဒေသနာတော်ကို ရှုကြည့်လျှင် အပြစ်ရှိသူနှင့် ဆိုဆုံးမသူ နှစ်ဦးကို တွေ့နိုင်၏။ သို့ဖြစ်၍ ဆိုဆုံးမသူသည် အပြစ်ရှိသူကို သနားသဖြင့် ဆိုဆုံးမရမည်။ အပြစ်ရှိသူသည် ဆိုဆုံးမသူ၏ စကားကို လိုက်နာပြုကျင့်ရမည်။ မှန်၏။ ဆိုဆုံးမသူ ကင်းသောအရပ်တွင် နေသဖြင့် ဘာအကျိုးရှိမည်နည်း။ ချဲ့ဦးအံ့ -

"သုံးလူ့ထွတ်တင် ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ ဆန္နထေရ်သည် တရားနှင့် လျော်ညီစွာ ဆုံးမပဲ့ပြင်တတ်သော အဆွေခင်ပွန်းကောင်းတို့နှင့် ပေါင်းဖော်ဆည်းကပ်ခြင်း မပြုဘဲ၊ မဆုံးမ မပဲ့ပြင်တတ်သော သူတို့နှင့်သာ ပေါင်းဖော်မှီဝဲခြင်းပြုသဖြင့် လောကုတ္တရာအကျိုးစီးပွား ဆုတ်ယုတ်သည်ကို အကြောင်းပြု၍ -

"ရဟန်းတို့ . . .၊ သံသရာဘေးကို ကြောက်သဖြင့် ရဟန်းပြုကြကုန်သော သင်တို့သည် ယုတ်မာသော အကျင့်ရှိကုန်သော အဆွေခင်ပွန်းတို့ကို ပေါင်းဖော်ခြင်း မပြုအပ်ကုန်၊ သူတစ်ပါး ပြုကျင့်အပ်သော ယုတ်မာသော အမှုကို သိမြင်လျက် ဆုံးမပဲ့ပြင်ခြင်းကို မပြုတတ်ကုန်သော အဆွေခင်ပွန်းတို့ကိုလည်း မဆည်းကပ်ကြကုန်လင့်၊ မကောင်းကောင်းရာ တိုက်တွန်းတတ်သော အဆွေခင်ပွန်းတို့ကိုသာ မှီဝဲဆည်းကပ်ကုန်လော့"

ဟူသော ဒေသနာတော်ကို ဟောတော်မူသည်။ ယင်းသို့ ဒေသနာတော်လာသည်ကို ပညာရှေ့နားဖြင့် မှတ်သား၊ နာယူမိကြကုန်သည်ဖြစ်၍ -

"ယခုအခါ သူရော ကိုယ်ပါ များလှသောင်းသောင်းလှူ နှတ်ပြုပြဲပြဟွာ ပုထုဇဉ်သတ္တဝါအပေါင်းတို့သည် ရေဝယ် မျောသောအခါ ကယ်ဆယ်လာသော သူတို့ကဲ့သို့ ပုထုဇဉ်ဂတိဖြစ်၍ ချွတ်ချော်တိမ်းပါးသောအခါ ဆုံးမတတ်၊ တားမြစ်တတ်သော အဆွေခင်ပွန်းကောင်းကို မြတ်နိုးစုံမက်နိုင်ရာ၏"

ယင်းသို့ သူတစ်ပါးတို့ ဆိုဆုံးမသည်ကို မနာယူဘဲ နေသူကို ပညာရှိပုဂ္ဂိုလ်တို့သည် "ဤပုဂ္ဂိုလ်ကား ငါတို့ ဆုံးမသည် ရှိသော် ငါတို့အား အမျက်ထွက်ခြင်း၊ ရန်ညှိုးဖွဲ့ခြင်း၊ မာန်မူခြင်း ပြုလိမ့်မည်" ဟု ရှုရာသဖြင့် မသွန်သင် မဆုံးမဘဲ နေတော့၏။ ထိုအခါ ထိုသူ့တွင် အကျိုးဆုတ်ယုတ်တော့၏။

မှန်၏။ တစ်ချိန်သော နေ့ကာလက မိမိသည် တောရကျောင်း တစ်ကျောင်းတွင် နေ၏။ ထိုအခါ မိမိတောရကျောင်းသို့ မိမိမိတ်ဆွေများရှိရာ တောရကျောင်း ဆွမ်းခံရွာမှ ဒကာ ဒကာမတစ်စု ရောက်ရှိလာ၏။ ထိုအခါ မိမိက တောရကျောင်းရှိ မိတ်ဆွေများ၏ သတင်းကို မေးသည် -

"တောရကျောင်းက ဘုန်းကြီးတွေ အားလုံး ကျန်းမာကြရဲ့လား"

"မှန်ပါ၊ ကျန်းမာကြပါတယ်ဘုရား"

"အားလုံးပဲ တောရကျောင်းမှာ ရှိကြရဲ့လား"

"အာဂန္တုတစ်ပါးနဲ့ (. . .)တစ်ပါးပဲ ရှိပါတယ်ဘုရား၊ (. . .)တို့တော့ နေရာရွှေ့ပြီး ခေတ္တတောရ ဆောက်တည်နေပါတယ်ဘုရား"

"အင်း. . .တောထဲကနေပြီး ထပ်တောထွက်တဲ့ ကိုယ်တော်တွေဆိုတာ ဒကာကြီးတို့ ဒကာမကြီးတို့ ဘုန်းကြီးတွေပဲ"

"ဟုတ်တယ်ဘုရား၊ ဟုတ်တယ်"

"နေပါဦး၊ အာဂန္တုက ဘယ်ကလဲ"

"နှုတ်ပိတ်ကျင့်တဲ့ ကိုယ်တော်တဲ့ဘုရား၊ ဘယ်ကလဲ မသိပါ"

"အို . . .မဟုတ်တရုတ် ဘယ်က နှုတ်ပိတ်ကျင့်တဲ့ ကိုယ်တော်က တောရကျောင်း ရောက်လာရတာလဲ"

"ဘယ်ကဘယ် ရောက်လာတာလဲ မသိပါဘုရား"

"တောရကျောင်း ဘုန်းကြီးက သူ့အကျင့် မမှန်ကြောင်း ဟောပြောမပြဘူးလား"

"တောရကျောင်းဘုန်းကြီးက သူ့ကို စကားပြောရတာ စိတ်ပျက်လို့ဘုရား"

"အင်း. . .ဟုတ်တာပေါ့၊ သူက နှုတ်ပိတ်ဆိုတော့ ကိုယ်က ပြောတာတော့ သူ သိမယ်၊ သူပြောတာ ကိုယ်က ဘယ်သိတော့မလဲ၊ လက်ဟန်ခြေဟန် အမူအရာနဲ့ ပြောနေတာပဲဟာ၊ စိတ်ပျက်မှာပေါ့"

"အရှင်ဘုရား၊ နှုတ်ပိတ်အကျင့်က မှန်လား၊ မှားလားဘုရား"

"မမှန်လို့ စုနက ပြောတယ်မဟုတ်လား၊ တောရကျောင်းဘုန်းကြီးက သူ့အကျင့်မမှန်ကြောင်း ဟောပြောမပြဘူးလားလို့ မေးတာပေါ့"

"ဘုန်းကြီးကတော့ ပြောတယ်ဘုရား၊ "သူက တစ်ဝါကြီးတဲ့" အရှင်ဘုရား၊ တစ်ဝါကြီးဆိုတာ ဘာလဲဘုရား"

"ဩော် . . . တစ်ဝါကြီးဆိုတာ ကိုယ်က ပြောမယ်ကြံရင် သူသိပြီးပြီ၊ ပြီးတော့ တကယ်လည်း ဘာမှမသိဘူး၊ အဲဒီလိုပဲ မသိဘဲနဲ့ သူများရှေ့ကပဲ တတ်ယောင်ကားနဲ့ ပြောတတ်သူကို တစ်ဝါကြီးလို့ ခေါ်တယ်"

"ဒါဖြင့် ဘယ်ပြောလို့ ရပ့ါမလဲဘုရား"

"အင်း . . . ဒါကြောင့် တစ်ဝါကြီးလို့ ပြောတာပေါ့၊ မပြောနိုင်ဘူး၊ ပြောမရဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့"

"နှုတ်ပိတ်အကျင့် မမှန်ပုံကို တပည့်တော်တို့ ဟောပြပါလားဘုရား"

"အဲဒီ နှုတ်ပိတ်အကျင့်ကို ဝစီပိတ်ကျင့်တယ်၊ ဝစီပိတ်အကျင့်လို့လည်း ခေါ်တယ်၊ စုခေတ်မှာတော့ ဂိုဏ်းသမားလို့ ခေါ်တဲ့ ပုဂ္ဂိုလ်တွေ အများဆုံးကျင့်တယ်၊ အဲဒါကို မသိတဲ့လူတွေက အထင်ကြီးတယ်၊ ဒါက ဓမ္မတာပဲပေါ့၊ မသိတဲ့လူကို အဲဒီလူလောက်မှ မသိတဲ့လူက အထင်ကြီးတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"လူတွေကျင့်တာကတော့ ထားပါတော့၊ သူတို့က နားလည်းမလည်ဘူး၊ သိက္ခာပုဒ်လည်း မရှိဘူးဆိုတော့ ကိစ္စမရှိဘူး မဟုတ်လား"

"မှန်ပါ ဘုရား"

"ရဟန်းတွေကျတော့ ကိစ္စရှိတယ်၊ သိက္ခာပုဒ် ပညတ်ထားတယ်၊ ဒီတော့ အာပတ်သင့်တယ်"

"နှုတ်ပိတ်ကျင့်ရဟန်း အာပတ်သင့်သလား ဘုရား"

"သင့်တာပေါ့"

"အို . . . ဒါဖြင့် တပည့်တော်တို့တောရ ရောက်လာတဲ့ နှုတ်ပိတ်ကိုယ်တော်တော့ နေ့တိုင်း အာပတ်သင့်နေမှာပေါ့ဘုရား၊ ဒါ သူမသိဘူးလား ဘုရား"

"မသိလို့ လူအထင်ကြီးအောင် နှုတ်ပိတ်ကျင့်နေတာ နေမှာပေါ့ ဟုတ်လား"

"တင်ပ့ါ၊ ဟုတ်မယ်ဘုရား"

"နားထောင်၊ နှုတ်ပိတ်ကျင့်တဲ့အကြောင်း ပြောမယ်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"ဒကာကြီးတွေ "ပဝါရဏာပြုတယ်" ဆိုတာ ကြားဖူးတယ် မဟုတ်လား"

"မှန်ပါ၊ ကြားဖူးပါတယ်ဘုရား"

"တချို့ မြို့ရွာတွေမှာ "ပဝါရဏာပွဲ" စုပေါင်းပြီး ကျင်းပပြီး စုပေါင်း ပဝါရဏာပြုကြတယ်"

"မှန်ပါဘုရား၊ တပည့်တော်တို့ဆီမှာလည်း တစ်ကျောင်းတစ်လှည့်စီ စုပေါင်းပြုကြပါတယ်ဘုရား"

"အင်း...အဲဒီပဝါရဏာပွဲကျင်းပရတာ အဲဒီ နှုတ်ပိတ်အကျင့်ကြောင့် ကျင်းပရတာပဲ၊ ပဝါရဏာပွဲဟာ နှုတ်ပိတ်အကျင့်ကြောင့် ပေါ်လာတာပဲ"

"မှန်ပါ၊ ပေါ်လာပုံကို အမိန့်ရှိပါဘုရား"

"ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ကိန်းအောင်းတော်မူတဲ့အချိန် တစ်ချိန်ကပေါ့"

"မှန်ပါဘုရား"

"အဲဒီအချိန် ရဟန်းတော်များစွာတို့ဟာ ကောသလတိုင်းထဲက ဇနပုဒ်တစ်ခုမှာ ဝါကပ်ကြတယ်"

"မှန်ပါဘုရား"

"ရှေးက ရဟန်းတော်တွေဟာ ဝါဆိုကာနီးပြီးဆိုရင် ဒီလိုပဲ ဘုရားရှင်ထံတော်က ကမ္မဋ္ဌာန်းတရား သင်ကြားပြီး တောနယ်ဘက် ကြွကြွ ဝါဆိုပြီး တရားအားထုတ်တဲ့အလေ့ ရှိတယ်"

"မှန်ပါဘုရား"

"အဲဒီသဘောအတိုင်းပဲ၊ အဲဒီ ရဟန်းတော်များစွာတို့ဟာလည်း တစ်ပါးနဲ့တစ်ပါး ရင်းနှီးကြတော့ စိတ်တူသဘောတူ ထွက်ခဲ့ကြတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"တောရောက်တော့ သူတို့ စဉ်းစားတယ်"

"ဘယ်လိုနည်းနဲ့ ကျင့်သုံးနေထိုင်ရင် ငါတို့ စိတ်တူ, ကိုယ်တူ ဝမ်းမြောက်ဝမ်းသာ အချင်းချင်း မငြင်းခုံရဘဲ ချမ်းချမ်း သာသာ ဝါဆိုရပါ့မလဲ၊ ဆွမ်းဖြင့်လည်း မပင်ပန်းဘဲ ရှိပါ့မလဲတဲ့နော်"

"မှန်ပါဘုရား"

"စဉ်းစားပုံကလေးကတော့ မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"အဲဒီလို စဉ်းစားပြီးတော့ သူတို့မှာ အကြံတစ်ခု ပေါ်လာတယ်၊ ဘယ်လိုလဲဆိုတော့ "တို့ဟာ အချင်းချင်း စကား မပြောမဆိုဘဲ နှုတ်ပိတ်၊ ဝစီပိတ်ကျင့်ရရင် ကောင်းမယ်၊ ဆွမ်းခံရွာမှ ပထမဦးစွာ ပြန်လာသူက ဆွမ်းစားကျောင်းမှာ နေရာခင်းရမယ်၊ ခြေဆေးရေ၊ ခြေဆေးခုံ၊ ခြေပွတ်အိုးခြမ်း စသည် ပြင်ဆင်ထားရမယ်"

"ဆွမ်းခံရွာမှ နောက်ကျ ပြန်လာသူက ပထမရောက်သူ ချန်ခဲ့တဲ့ ဆွမ်းစသည်တို့ကို လိုလျှင်ယူ ဘုဉ်းပေး၊ မလိုလျှင် လွတ်ရာမှာ စွန့်ပစ်ရမယ်၊ နေရာခင်းပြီးသားတွေ သိမ်းရမယ်၊ ခြေဆေးရေစသည် သိမ်းဆည်းရမယ်၊ ဆွမ်းစားကျောင်းတံမြက် စည်းလှဲရမယ်"

"သောက်ရေ၊ သုံးရေ၊ ကုဋ္ဌိရေစသည် လိုလျှင် သိတဲ့သူက ခပ်ထည့်ရမယ်၊ မနိုင်လျှင် တစ်ပါးကို လက်ဟန်, ခြေဟန်နဲ့ အကူအညီခေါ်ရမယ်၊ ယင်းအကြောင်းကြောင့် တစ်ပါးနဲ့တစ်ပါး စကားမပြောရ၊ နှုတ်ပိတ်၊ ဝစီပိတ် နေရမယ်"

"အဲဒီလိုနေရင် ငါတို့ဟာ အချင်းချင်း စိတ်တူ၊ ကိုယ်တူ၊ ဝမ်းမြောက်၊ ဝမ်းသာ မငြင်းခုံရဘဲ ချမ်းချမ်းသာသာ ဝါဆို ရမယ်၊ ဆွမ်းကွမ်းလည်း မပင်ပန်းတော့ဘူးတဲ့"

"အဲဒီလို သူတို့ကြံကြတယ်နော်"

"မှန်ပါဘုရား"

"အဲဒီလိုကြံတော့ ဒီအကြံအတိုင်းပဲ ကန့်ကွက်သူမရှိ အတည်ပြု၊ သဘောတူ ကျင့်ကြတယ်ပေါ့"

"မှန်ပါဘုရား"

"တစ်ပါးနဲ့တစ်ပါး စကားမပြောတော့ဘူး၊ ခု ဒကာကြီးတို့ တောရကျောင်းရောက်လာတဲ့ နှုတ်ပိတ်ကိုယ်တော်လို ပေါ့၊ ဟုတ်လား"

"မှန်ပါ ဘုရား"

"လူတွေနဲ့လည်း စကားမပြောဘူးလား ဘုရား"

ဒကာကြီးတစ်ယောက်က ဝင်ရောက်မေးလိုက်ခြင်း ဖြစ်၏။

"အင်းပေါ့ . . . လူတွေနဲ့လည်း စကားမပြောဘူးပေါ့၊ အဲဒီမှာ သတိထားကြည့်ရင် အဲဒီရဟန်းတွေရဲ့အကြံအစည်ဟာ ဖြူဖြူစင်စင်ပဲနော်"

"မှန်ပါ ဘုရား"

"လူ့အထင်ကြီးအောင်၊ လူကြည်ညိုအောင်ဆိုတာတွေ မပါဘူးနော်"

"မှန်ပါဘုရား"

"တကယ့်ကို သူတို့ ချမ်းချမ်းသာသာ တရားကျင့်ဖို့ပဲ၊ သူတို့အထဲမှာ ပညာရှိမပါလို့သာ ဒီလိုဖြစ်ရတာနော်"

"မှန်ပါ ဘုရား"

"ခုခေတ် ဂိုဏ်းသမားတွေက နှုတ်ပိတ်ကျင့်တာပဲ ကြော်ငြာရသေးတယ်၊ လူသိရင်သိ၊ ဒီအထဲက ဘယ်ဟုတ်တော့မလဲ၊ လူ့ထဲမှာနေပြီး နှုတ်ပိတ်ကျင့်တယ်တဲ့၊ ဟိုရဟန်းတော်တွေက တောမှာသွားပြီး တကယ့်ကို ကျင့်တာနော်"

"မှန်ပါ ဘုရား"

"ဆိုပါတော့၊ အဲဒီလို ကျင့်ရင်းနဲ့ ဝါကျွတ်သွားရော တစ်ပါးမှ ရဟန္တာလည်း မဖြစ်ဘူး၊ သောတာပန်မျှတောင် မဖြစ်ဘူးတဲ့"

"မှန်ပါ ဘုရား"

"အဲ . . . ရှေးက ရဟန်းတော်တွေရဲ့အလေ့အထတစ်ခုက အဲဒီလို ဝါဆိုကာနီး ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းသင်ပြီး တောရသွားပြီး တရားအားထုတ်လို့ ဝါကျွတ်ရင် ဘုရားဖူးရအောင် ဘုရားရှင်ရှိရာသို့ ကြွလာတဲ့ အလေ့အထတစ်ခု ရှိတယ်၊ သိပ်ကောင်းတဲ့ အလေ့အထပဲနော်"

"မှန်ပါ ဘုရား"

"တရားအထူးရတဲ့သူကလည်း တရားအထူးရကြောင်း လျှောက်ထား၊ မရတဲ့သူကလည်း မရတဲ့အကြောင်း လျှောက်ထားပေါ့၊ ဘုရားရှင်လည်း ဖူးပေါ့ဟုတ်လား"

"မှန်ပါ ဘုရား"

"ဆိုပါတော့ ရဟန်းတော်များစွာဟာ ဝါလည်းကျွတ်ရော သာဝတ္ထိပြည် ဇေတဝန်ကျောင်း ဘုရားရှင်ရှိရာသို့ ကြွသွားကြတယ်ပေါ့၊ ရောက်တယ်ဆို ဘုရားရှင်ကို ရှိခိုးပြီး ထိုင်နေကြတယ်ပေါ့နော်"

"မှန်ပါ ဘုရား"

"ဘုရားရှင်တို့မှာလည်း အာဂန္တုရဟန်းတော်တွေနဲ့ ဝမ်းမြောက်ဝမ်းသာ စကားပြောတဲ့ အလေ့အထရှိတယ်"

"မှန်ပါ ဘုရား"

အဲဒီ အလေ့အထအတိုင်း ဘုရားရှင်ဟာ ကြွလာတဲ့ ရဟန်းတော်တွေကို -

"ရဟန်းတို့ သင်တို့မှာ ခန္ဓာကျန်းမာပါရဲ့လား၊ မျှတပါရဲ့လား၊ အချင်းချင်း စိတ်တူ ကိုယ်တူ ဝမ်းမြောက်ဝမ်းသာ မငြင်းခုံရဘဲ ချမ်းချမ်းသာသာ ဝါကျွတ်ခဲ့ရရဲ့လား၊ ဆွမ်းကွမ်း မပင်မပန်း ရှိကြကုန်ရဲ့လား"

လို့ မေးတယ်ပေါ့နော်"

"မှန်ပါ ဘုရား"

"ဒီနေရာမှာ လှည့်ပတ်တတ်တဲ့ ဝဋ္ဋနာ တရား တစ်ခုရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ "အသမ္မောဒနသီလတာ = ဝမ်းမမြောက်နိုင်တဲ့ အလေ့ပေါ့" အဲဒါက အကျဉ်းပဲ၊ အကျယ်ကတော့ -

"ဘုရားရှင်တို့၏အလေ့အကျက်တစ်ခုဖြစ်သော အာဂန္တုကတို့နှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆိုခြင်းဆိုတဲ့ သမ္မောဒနတရားကို နလုံးမထားဘဲ အတိုင်းအရှည်နဲ့ ယှဉ်၍ စကားပြောခြင်း၊ စကားနည်းခြင်းသာလျှင် ကောင်းမြတ်သည်ဟု စကားအလွန်နည်းသဖြင့် အာဂန္တုကတို့နှင့် ဝမ်းမြောက်ဝမ်းသာ မပြောဆိုနိုင် နိုင်မာသောသူ၏အဖြစ်ဟူသော အသမ္မောဒန အကုသိုလ်တရား ဖြစ်မှန်းမသိ ဖြစ်တတ်တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ဘုရားရှင်က မေးတော့ ရဟန်းတွေက ခန့်ကျန်းပါတယ် မြတ်စွာဘုရား၊ မျှတပါတယ် မြတ်စွာဘုရား၊ တပည့်တော်တို့ဟာ စိတ်တူကိုယ်တူ ဝမ်းမြောက်ဝမ်းသာ မငြင်းခုံရဘဲ ချမ်းချမ်းသာသာ ဝါဆိုခဲ့ရပါတယ်ဘုရား၊ ဆွမ်းကွမ်းဖြင့်လည်း မပင်ပန်းကြကုန်ပါ ဘုရားလို့ ဖြေတယ်"

"မှန်ပါ ဘုရား"

"ဘုရားရှင်တို့ မေးပုံလည်း မှတ်ထားဖို့ ကောင်းတယ်"

"မှန်ပါ၊ မှတ်ပါမယ်ဘုရား"

"ဘုရားရှင်က အဲဒီလိုမေးတဲ့အခါမှာ -

"ဘုရားရှင်တို့သည် သိပါလျက်နဲ့လည်း မေးကုန်တယ်၊ သိပါလျက်နဲ့လည်း မမေးဘူး၊ အခါကိုသိပြီးတော့ မေးကုန်တယ်၊ အခါကို သိပြီးတော့ မမေးဘူး၊ ဘုရားရှင်တို့ဟာ အကျိုးစီးပွားနဲ့ စပ်တာကိုပဲ မေးကုန်တယ်၊ အကျိုးစီးပွားနဲ့ မစပ်တာကို မမေးဘူး၊ အကျိုးစီးပွားနဲ့ မစပ်တာကို ဘုရားရှင်တို့ဟာ မဂ်နဲ့ ပယ်ထားပြီးပြီ၊ အဲဒီလို မေးရာမှာ "တရားမှုလည်း ဟောမယ်၊ သိက္ခာပုဒ်ကိုမှုလည်း ပညတ်မယ်" ဆိုတဲ့ အကြောင်းနှစ်ပါးတို့ကြောင့် မေးတယ်တဲ့နော်၊ အဲဒါကို သေသေချာချာ မှတ်ထား၊ အဲဒါ မှတ်စရာကောင်းတာပဲ နော်"

"မှန်ပါ ဘုရား"

"အဲ ...ရဟန်းတော်တွေက ခုနကလိုလည်း ဖြေရော၊ ဘုရားရှင်က ရဟန်းတော်တွေကို "ရဟန်းတော်တို့ သင်တို့ဟာ ဘယ်ပုံနေခဲ့လို့ စိတ်တူကိုယ်တူ ဝမ်းမြောက်ဝမ်းသာ မငြင်းခုံရဘဲ ချမ်းချမ်းသာသာ ဝါဆိုခဲ့ရသလဲ။ ဆွမ်းကွမ်းဖြင့်လည်း မပင်ပန်းခဲ့ကြကုန်လဲ" မေးတယ်။

"အဲဒီလိုမေးတော့ ရဟန်းတော်တွေက သူတို့ တောထဲရောက်ကာစ အကြံအစည်၊ နှုတ်ပိတ်အကြံအစည် စသည်တွေပေါ့၊ ခုနက ပြောခဲ့တဲ့ သူတို့အကြံအစည်၊ သူတို့ နေထိုင်ပုံတွေကို အကုန်ပြောပြတယ်၊ လျှောက်ထားတယ်"

"အဲဒီလို လျှောက်ထားပြီးတော့ "မြတ်စွာဘုရား တပည့်တော်တို့ဟာ ယင်းကဲ့သို့ စိတ်တူ ကိုယ်တူ ဝမ်းမြောက်ဝမ်းသာမငြင်းခုံရဘဲ ချမ်းချမ်းသာသာ ဝါဆိုခဲ့ကြရပါကုန်တယ်၊ ဆွမ်းကွမ်းဖြင့်လည်း မပင်ပန်းခဲ့ကြရပါကုန် ဘုရား" လို့ လျှောက်ထားတယ်"

"ဒီတော့ ဘုရားရှင်ဟာ ရဟန်းတော်တွေကို ခေါ်တော်မူတယ် -

"ရဟန်းတို့ ... မဂ်ဖိုလ်မနီး အချည်းနှီးဖြစ်တဲ့ ယောကျာ်းတွေဟာ မချမ်းမသာ ဝါမှ ထမြောက်ခဲ့ရပါကုန်လျက် "ချမ်းချမ်းသာသာ ဝါမှ ထမြောက်ခဲ့ပါကုန်တယ်" လို့ ဝန်ခံကုန်တယ်"

"ရဟန်းတို့ . . . မင်္ဂလမနီး အချည်းနှီးဖြစ်တဲ့ ယောကျ်ားတွေဟာ သမင်၊ ဒရယ်၊ ဂျိုငယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပဒတ် စတဲ့ သားကောင်တွေ ဝါမှ ထသလို ဝါမှ ထမြောက်ခဲ့ရပါကုန်လျက် "ချမ်းချမ်းသာသာ ဝါမှ ထမြောက်ခဲ့ပါကုန်တယ်" လို့ ဝန်ခံကုန်တယ်"

"ရဟန်းတို့ . . . မင်္ဂလမနီး အချည်းနှီးဖြစ်တဲ့ ယောကျ်ားတွေဟာ သိုး၊ ဆိတ်တွေ နေသလိုနေပြီး ဝါမှ ထမြောက်ခဲ့ရပါကုန်လျက် "ချမ်းချမ်းသာသာ ဝါမှ ထမြောက်ခဲ့ရပါကုန်တယ်" လို့ ဝန်ခံကုန်တယ်"

"ရဟန်းတို့...မင်္ဂလမနီး အချည်းနှီးဖြစ်တဲ့ ယောကျ်ားတွေဟာ ရန်သူတွေ နေသလိုနေပြီး ဝါမှ ထမြောက်ခဲ့ရပါကုန်လျက် "ချမ်းချမ်းသာသာ ဝါမှ ထမြောက်ခဲ့ရပါကုန်တယ်" လို့ ဝန်ခံကုန်တယ်"

"ရဟန်းတို့ . . . မင်္ဂလမနီး အချည်းနှီးဖြစ်တဲ့ ယောကျ်ားတွေဟာ အဆွံ့၊ အ.အတို့ရဲ့ အကျင့်၊ တိတ္ထိတို့ရဲ့ ဆောက်တည်နည်းကို အဘယ်ကြောင့် ဆောက်တည်ကုန်ကြတာလဲ"

"ရဟန်းတို့ . . . သင်တို့ရဲ့ နှုတ်ပိတ်အကျင့်၊ ဝစီပိတ်အကျင့်ဟာ မကြည်ညိုသေးတဲ့ လူတွေ ကြည်ညိုရန်၊ ကြည်ညိုပြီးသား လူတွေ အတိုင်းထက်အလွန် ပိုမိုကြည်ညိုရန် မဖြစ်ဘူး၊ ရဟန်းတို့ စင်စစ်တော့ သင်တို့ရဲ့ အဲဒီ နှုတ်ပိတ်အကျင့်ဟာ မကြည်ညိုသေးတဲ့ လူတွေ မကြည်ညိုရန်၊ ကြည်ညိုပြီး လူအချို့ရဲ့ အကြည်ညိုပျက်ဖို့သာ ဖြစ်တယ်" လို့

"ဘုရားရှင်ဟာ အဲဒီလို ရဟန်းတော်တွေကို များစွာသောအကြောင်းတို့ဖြင့် ကဲ့ရဲ့ရှုတ်ချတော်မူပြီးတဲ့အခါ -

၁။ ကိုယ်တိုင်ပြုစု မွေးမြူရန် ခက်ခဲခြင်း

၂။ သူတစ်ပါးတို့က ပြုစုမွေးမြူရန် ခက်ခဲခြင်း

၃။ အလိုကြီးခြင်း

၄။ မရောင့်ရဲနိုင်ခြင်း

၅။ အပေါင်းအဖော်၌ မက်မောခြင်း

၆။ ပျင်းရိခြင်း

တို့အတွက် ကျေးဇူးမဲ့ ကဲ့ရဲ့စကား ဟောကြားတော်မူပြီးတော့ များစွာသောအကြောင်းဖြင့် -

၁။ ကိုယ်တိုင်ပြုစု မွေးမြူလွယ်ခြင်း

၂။ သူတစ်ပါးတို့က ပြုစုမွေးမြူလွယ်ခြင်း

၃။ အလိုနည်းခြင်း

၄။ ရောင့်ရဲလွယ်ခြင်း

၅။ ကိလေသာကို ခေါင်းပါးစေခြင်း

၆။ ကိလေသာကို ခါထုတ်ခြင်း

၇။ ကြည်ညိုဖွယ်ကို ဆောင်ခြင်း

၈။ ကိလေသာကို ဖျက်ဆီးခြင်း

၉။ ဝီရိယကို အားထုတ်ခြင်း

များအတွက် ဂုဏ်ကျေးဇူးစကားကို ဟောတော်မူပြီးနောက် ရဟန်းတို့ကို မိန့်တော်မူတယ် -

"န ဘိက္ခဝေ မှဂဗ္ဗတံ တိတ္ထိယသမာဒါနံ သမာဒိယိတဗ္ဗံ၊ ယော သမာဒိယေယျ၊ အာပတ္တိဒုက္ကဋဿ = ရဟန်းတို့၊ ဆွံ့အသူတို့ရဲ့အကျင့် တိတ္ထိတို့ရဲ့ဆောက်တည်နည်းကို မဆောက်တည်အပ်၊ ဆောက်တည်သော ရဟန်း ဒုက္ကဋ်အာပတ်သင့်စေ"

တဲ့ နော်၊ သိက္ခာပုဒ် ပညတ်တယ်၊ ကဲ... နုတ်ပိတ်အကျင့် ကောင်းရဲ့လား"

"အမယ်လေး ဘုရား၊ ကြောက်စရာကြီးပါလား"

"အင်း... အဲဒါများ အကောင်းမှတ်တဲ့ ခုခေတ်လူတွေက ရှိသေးတယ်၊ ရှေးကတော့ ထားပါတော့၊ သိက္ခာပုဒ်လည်းမရှိ၊ မသိလည်း မသိလို့ အလွဲကျင့်တာ၊ ဒီခေတ်မှာတော့ အလွဲမကျင့်သင့်ဘူး၊ ကျင့်တာလည်း အားမပေးသင့်ဘူးနော်"

"မှန်ပါ ဘုရား"

"အဲဒီတော့မှ ဘုရားရှင်ဟာ ဝါကျွတ်တဲ့အခါ ရဟန်းတော်တွေဟာ တစ်ပါးနဲ့တစ်ပါး -

၁။ အပြစ်ကို မြင်သော်လည်းကောင်း

၂။ အပြစ်ရှိတယ်လို့ ကြားသော်လည်းကောင်း

၃။ အပြစ်ရှိတယ်၊ သံသယရှိသော်လည်းကောင်း

ပဝါရဏာပြုဖို့ ငါ ခွင့်ပြုတယ်၊ ယင်းသို့ ခွင့်ပြုသည့်အတွက် -

၁။ အချင်းချင်း သင့်လျော် ညီညွတ်မယ်

၂။ အာပတ်မှ ထမြောက်မယ်

၃။ ဝိနည်းသိက္ခာပုဒ်ကို ရှေ့ရှုမယ်

ဆိုတဲ့ အကျိုးတရား ရလိမ့်မယ်လို့ မိန့်တော်မူပြီး ပဝါရဏာပွဲကို ပညတ်လိုက်တာပဲ၊ အဲဒီကမှစပြီး ပဝါရဏာပွဲဟာ ပေါ်လာတာပဲနော်"

"မှန်ပါ ဘုရား"

"ပဝါရဏာဆိုတာ ပါဠိစကားပဲ၊ မြန်မာလိုကတော့ "ဖိတ်ခြင်း" ပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီ တစ်ပါးနဲ့တစ်ပါး ဖိတ်တာကို ပဝါရဏာပြုတယ် ခေါ်တာပဲ"

"မှန်ပါ ဘုရား"

"ဒီတော့ "ပဝါရဏာပွဲ" ဆိုတာဟာ "ဖိတ်ပွဲ" လို့ မြန်မာလို ခေါ်နိုင်တာပေါ့နော်"

"မှန်ပါ ဘုရား"

"ဘယ်နေ့ကို "ဖိတ်ပွဲ" နေ့ သတ်မှတ်လဲဆိုတော့ သီတင်းကျွတ်လပြည့်နေ့ပေါ့ ဟုတ်လား"

"မှန်ပါ ဘုရား"

"သီတင်းကျွတ်လပြည့်နေ့ဟာ "မဟာပဝါရဏာနေ့" = "ကြီးကျယ်တဲ့ ဖိတ်ပွဲနေ့" တဲ့ နော်"

"ဘယ်လို ဖိတ်ရမလဲဆိုတော့ အကြီးဆုံး ထေရ်ကြီးက ကျန်တဲ့ ပုဂ္ဂိုလ်အားလုံးကို -

"ငါ့ရှင်တို့ ... သံဃာတော်ကို ဖိတ်ကြားပါတယ်၊ ငါ့အပေါ်မှာ အပြစ်တစ်စုံတစ်ရာ မြင်မယ်၊ ကြားမယ်၊ ယုံမှားရှိမယ်ဆိုရင် ငါ့ကို အစဉ်သနားသောအားဖြင့် ဆိုဆုံးမကြပါ၊ ငါမြင်ပါလျှင် အဲဒီအပြစ်ကို ကုစားပါ့မယ်" လို့ သုံးကြိမ်တိုင်တိုင် ဖိတ်ရတယ်၊ အဲဒီအခါ ကျန်တဲ့ သံဃာအားလုံးက သာဓု သုံးကြိမ် ခေါ်ရတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ အကြီးဆုံးထေရ်ကြီးမှတစ်ပါး၊ ကျန်တဲ့ သံဃာအားလုံးကတော့ ဖိတ်ပုံအတူတူပဲ၊ ဘယ်လိုလဲဆိုတော့ -

"အရှင်ဘုရားတို့၊ ဘုရားတပည့်တော်သည် သံဃာတော်ကို ဖိတ်ကြားပါတယ် ဘုရား၊ သံဃာတော်များသည် ဘုရားတပည့်တော်အပေါ်မှာ အပြစ်တစ်စုံတစ်ရာ မြင်မယ်၊ ကြားမယ်၊ ယုံမှားရှိမယ်ဆိုရင် ဘုရားတပည့်တော်ကို အစဉ်သနားသောအားဖြင့် ဆိုဆုံးမတော်မူကြပါကုန်ဘုရား၊ ဘုရားတပည့်တော် မြင်ပါလျှင် ယင်းအပြစ်ကို ကုစားပါ့မယ်"

လို့ သုံးကြိမ်တိုင်တိုင် ဖိတ်ရတယ်၊ အဲဒီအခါ ကျန်တဲ့သံဃာအားလုံးက သာဓုသုံးကြိမ်ခေါ်ရတယ်၊ အဲဒီလို ထေရ်ကြီးမှ စပြီးဖိတ်တာ အငယ်ဆုံးဦးပဉ္စင်းကျမှ ဖိတ်ပွဲပြီးတယ်၊ ဒါကြောင့် ပဝါရဏာပွဲကို "ဖိတ်ပွဲ" လို့ပဲ မှတ်ပေ့ါနော်"

"မှန်ပါ ဘုရား"

"အဲဒီ ပဝါရဏာပွဲ၊ ဖိတ်ပွဲဟာ နှုတ်ပိတ်ကိုယ်တော်၊ ဝစီပိတ်အကြောင်းပြုပြီး ပေါ်လာတယ်လို့လည်း မှတ်နော်"

"မှန်ပါ ဘုရား"

"အဲဒါ ဒီကနေပြီး တောရကျောင်း ပြန်ရောက်တဲ့အခါ အဲဒီပဝါရဏာပွဲ၊ ဖိတ်ပွဲပေါ်ပုံကို အဲဒီ နှုတ်ပိတ်ကိုယ်တော်ကို ပြန်ပြောပြလိုက်နော်"

"မှန်ပါ ပြောပြမယ်ဘုရား"

"ကဲ ... ကဲ ညောင်းရော့မယ်၊ ပြန်ပေတော့"

✧ နှုတ်ပိတ်ဆိုရင်၊ တောသမင်၊ ထို့ပြင် ဆိတ်သိုး အကျင့်သာ။

✧ ရန်သူလိုနေ၊ အ.အတွေ၊ ဆွံ့တွေတူတဲ့ အကျင့်သာ။

✧ တိတ္ထိပမာ၊ ဆောက်တည်တာ၊ နောင်ခါကျင့်က ဒုက္ကဋ်သာ။

📖

# စေတနာဆိုတာ ဘာကိုခေါ်ပါသလဲဘုရား

(၆၅)

မိမိတို့ နေ့စဉ်ပြုလုပ်နေသည့် အလုပ်၏ သဘောတရား ရည်ရွယ်ချက်၊ မျှော်မှန်းချက်၊ အကျိုးသက်ရောက်မှု စသည်တို့ကို သိရှိပြီး စနစ်တကျ ပြုလုပ်သူနှင့် စနစ်တကျ မသိရှိဘဲ "သူများယောင်လို့ ယောင်၊ အမယ် တောင်မှန်း မြောက်မှန်းမသိ" ဆိုသည့် စကားပုံအတိုင်း ဘာမှန်းညာမှန်းမသိ ဖြစ်ကတတ်ဆန်း ပြုလုပ်သူက များလှသည်။

ယင်းသို့ ပြုလုပ်သော် ထိုသူတို့၏ အလုပ်သည် တွင်ကျယ်ပါမည်လော၊ အကျိုးသက်ရောက်မှု ရှိပါမည်လော။ တွင်ကျယ်သင့်သလောက် မတွင်ကျယ်နိုင်၊ အကျိုးသက်ရောက်သင့်သလောက် အကျိုးမသက်ရောက်နိုင်ပေ။

ယင်းသို့မတွင်ကျယ်နိုင်၊အကျိုးမသက်ရောက်နိုင်သည့်အလုပ်များကိုလုပ်ရာ၌လောကရေးရာကိစ္စများမှာမထောင်းတာလှသော်လည်း လောကမှ ထွက်မြောက်ရေးကိစ္စများတွင်မူ အရေးကြီးလှသည်။ ယင်းသို့ အရေးကြီးသော်လည်း အရေးမကြီးသလို အမှတ်တမဲ့ပြုလုပ်သူက များသည်။ စနစ်တကျ ပြုလုပ်သူက ရှာမှရှားဖြစ်သည်။ ရှာမှရှားထဲမှ တစ်ခါက ဒကာတစ်ယောက်နှင့် ကြုံရဆုံရ၏။

"အရှင်ဘုရား၊ စေတနာ၊ စေတနာနဲ့ပြောနေ ခေါ်နေကြပါတယ်ဘုရား၊ အဲဒီ စေတနာဆိုတာ ဘာကို ခေါ်ပါသလဲဘုရား အဲဒီစေတနာရဲ့အဓိပ္ပာယ်ကို တပည့်တော်အား ရှင်းပြပါလားဘုရား"

"အင်း... ဟုတ်တယ်၊ ဒကာကြီးပဲ အရိုးထဲက အဆန်းမေးတယ်၊ ဒီလို အမေးက အရှားသားပဲ"

"ဘယ်လို အရိုးထဲက အဆန်းပါလဲဘုရား"

"အရိုးထဲက အဆန်းဆိုတာ အဲဒီစေတနာကို ပြောတာပေါ့ ဒကာကြီးရဲ့၊ စေတနာ.စေတနာနဲ့ မြန်မာတို့ရဲ့နှုတ်ဖျားမှာ အမြဲလိုလိုပဲ "စေတနာကောင်းကောင်းထားနော်၊ စေတနာအရေးကြီးတယ်" စသည်ဖြင့် မပြောကြဘူးလား"

"မှန်ပါ ပြောကြပါတယ် အရှင်ဘုရား"

"အဲဒီတော့ စေတနာဆိုတဲ့ စကားဟာ မြန်မာတို့ အနေနဲ့ဆိုရင် ရိုးမနေဘူးလား"

"မှန်ပါ၊ ရိုးနေပါတယ်ဘုရား"

"အဲဒီလို အပြောရိုးပေမဲ့ အဓိပ္ပာယ်မသိတော့ ဆန်းမနေဘူးလား"

"မှန်ပါ ဆန်းနေပါတယ်အရှင်ဘုရား"

"အင်း...အဲဒါကြောင့် "အရိုးထဲက အဆန်း" လို့ ပြောတာပေါ့"

"မှန်ပါ၊ အရှင်ဘုရား အမိန့်ရှိတဲ့အတိုင်း အပြောရိုးလို့ ရိုးပင်ရိုးသော်လည်း အဓိပ္ပာယ်မသိလို့ ဆန်းနေတဲ့အတွက် တပည့်တော် မေးရပါတယ် အရှင်ဘုရား"

"ကဲ...ဒါဖြင့် မှတ်ထား၊ စေတနာရဲ့အဓိပ္ပာယ် လင်္ကာလေးကို ရွတ်ပြမယ် -

"လယ်ပိုင်ရှင်ကြီး၊ တပည့်ကြီးတို့၊ ထုံးနည်းပုံကပ်၊ အာရုံရပ်၌၊ စေ့စပ်စေမှု၊ ဆော်ဩပြု၊ မှတ်ရှုစေတနာ သဘောတည်း"

(သင်္ဂြိုဟ်ဘာသာဋီကာ)

"မှန်ပါ၊ အဲဒီလင်္ကာကလေးရဲ့ အဓိပ္ပာယ် လင်းပေးပါဦးဘုရား"

စေတနာဟာ လယ်ပိုင်ရှင်ကြီးနဲ့ တူတယ်တဲ့၊ လယ်ပိုင်ရှင်ကြီးဟာ ကိုယ်တိုင်လည်း လယ်လုပ်ငန်းကို ကြိုးစား လုပ်ကိုင်တယ်၊ ငယ်သားတွေကိုလည်း ကြိုးစားလုပ်ကိုင်ဖို့ တိုက်တွန်းတယ် မဟုတ်လား"

"မှန်ပါ၊ တိုက်တွန်းပါတယ်အရှင်ဘုရား"

"ပြီးတော့ စာသင်တဲ့ တပည့်ကြီးတွေ ရှိတယ်၊ အဲ ... သူတို့ဟာ ဆရာသမားလာတာကို မြင်ရင် သူတို့ကိုယ်တိုင် လည်း စာအံတယ်၊ တစ်ခြား သူတို့ထက်ငယ်တဲ့ တပည့်ငယ်တွေကလည်း သူတို့နဲ့အတူတူ စာအံစေဖို့ တိုက်တွန်းတယ် မဟုတ်လား"

"မှန်ပါ၊ တိုက်တွန်းပါတယ် အရှင်ဘုရား"

"အဲဒီ ဥပမာလိုပဲ စေတနာဟာ ထိုထို ရူပါရုံစတဲ့ အာရုံကို ယူရာမှာ မိမိကိုယ်တိုင်လည်း အဲဒီ အာရုံနဲ့ စပ်ဟပ်မိဖို့ရာ စေ့ဆော်တယ်၊ မိမိနဲ့အတူယှဉ်ဘက် တရားတွေကိုလည်း အဲဒီအာရုံနဲ့ စပ်ဟပ် မိဖို့ စေ့ဆော်တယ်၊ ဒီတော့ စေတနာဟာ အာရုံ တစ်ခုကို ယူရာမှာ တစ်ခြားယှဉ်ဘက်ဖြစ်တဲ့ ဖဿ စတဲ့တရားတွေထက် စေ့ဆော်ရတဲ့ ဗျာပါရကြီးမား လွန်ကဲတယ်မဟုတ် လား"

"မှန်ပါ၊ လွန်ကဲပါတယ် အရှင်ဘုရား"

"ဒီတော့ ဒကာကြီးတို့ နေ့စဉ်ပြုလုပ်နေတဲ့ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုများ ဖြစ်တဲ့ အခါ အဲဒီအမှုရှင် လက်သည်ကိုရှာရင် ဘယ်သူ့ကို တွေ့မလဲ"

"စေတနာကိုပဲ တွေ့ပါမယ် အရှင်ဘုရား"

"ဒါဖြင့် စေတနာဟာ ကိုယ်၊ နှုတ်၊ စိတ် အမှုတို့ရဲ့ "အမှုရှင် လက်သည်" ပေါ့နော်"

"မှန်ပါ အရှင်ဘုရား"

"ဒါကြောင့် ဘုရားရှင်ကလည်း "စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ" လို့ ဟောတော်မူတာပေါ့ ဒကာကြီးရဲ့"

"အဲဒီ ပါဠိအဓိပ္ပာယ် လင်းပါဦး အရှင်ဘုရား"

"အဓိပ္ပာယ်က "ရဟန်းတို့ ... စေတနာကို ကံဟူ၍ ငါဟောတော်မူတယ်၊ စေတနာဖြင့် စေ့ဆော်၍ ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ၊ ကံကို ပြုရတယ်" လို့ ဆိုလိုတာပေါ့"

(ဆက္ကဂုံတ္တရပါဠိတော်)

"နေပါဦးဘုရား၊ အဲဒီကံဆိုတာကို လင်းပါဦး အရှင်ဘုရား"

"အင်း . . . ဟုတ်တာပေါ့၊ ကံဆိုတာ "ကမ္မ" ဆိုတဲ့ ပါဠိကနေ ဆင်းသက်တဲ့ ပါဠိသက်ဝေါဟာရခေါ်တယ် ဒကာကြီး၊ အဲဒီ ကမ္မ - ကံဆိုတာ "အမှု - အလုပ်" ပဲ၊ ဒါကြောင့် ခုနကတုန်းက ပြောတယ်မဟုတ်လား၊ စေတနာဟာ ကိုယ်. နှုတ်. စိတ် အမှုတို့ရဲ့ "အမှုရှင်လက်သည်" လို့"

"မှန်ပါ၊ ပြောခဲ့ပါတယ် အရှင်ဘုရား"

"ဒီတော့ ကံရယ်၊ အမှုရယ်၊ အလုပ်ရယ်၊ လက်သည်ရယ်ဆိုတာ အတူတူပဲလို့ မှတ်ထားနော်၊ အဲဒါတွေဟာ စေတနာရဲ့အမည်တွေပဲ မဟုတ်လား"

"မှန်ပါ ဟုတ်ပါတယ် အရှင်ဘုရား"

"ကံဆိုတဲ့ အမည်ဟာ ကိုယ်မှု. နှုတ်မှု. စိတ်မှုရဲ့အမည်ရင်းပဲ၊ ဒါပေမဲ့ အဲဒီ ကိုယ်.နှုတ်.စိတ် အမှုများဟာ စေတနာကြောင့် ထမြောက်အောင်မြင်လို့ သဒ္ဒါနည်းအလိုဆိုရင် ဖလူပစာအားဖြင့် အမှုရှင်ဖြစ်တဲ့ အရင်းခံစေတနာကိုပဲ "ကမ္မ = ကံ" လို့ ဟောတော်မူတယ်လို့ မှတ်ပေါ့နော်"

"မှန်ပါ အရှင်ဘုရား"

## ဖြစ်ပျက်တရား

"နေပါဦးအရှင်ဘုရား၊ အဲဒီ စေတနာကလည်း ဖြစ်ပျက်တရားပဲ မဟုတ်လား"

"ဟုတ်တာပေါ့၊ သတ္တဝါတို့ရဲ့ စိတ်အစဉ်ဟာ မြစ်ရေစီးနေသလို တစ်ခုဖြစ်ပြီး တစ်ခုပျက်ကာ အစဉ်အတန်းကြီး ဖြစ်ပျက်နေတာပေါ့၊ အဲဒီ သတ္တဝါတွေရဲ့ စိတ်အစဉ်ထဲမှာ "စေတနာ" လည်း ပါတာပေါ့၊ ဒါကြောင့် စေတနာလည်း ဖြစ်ပျက်တရားပေါ့"

"ဒကာကြီး သတ္တဝါတွေမှာ စိတ်ကင်းတဲ့အခါ ရှိပါ့မလား"

"မရှိပါ အရှင်ဘုရား"

"အင်း . . . စိတ်မကင်းရင် စေတနာလည်း မကင်းဘူးပေါ့နော်"

"မှန်ပါ အရှင်ဘုရား"

"ဒါပေမဲ့ စေတနာရဲ့သဘောကို ဒီလိုမှတ်ထားရမယ် -

"သတ္တဝါအများရဲ့စိတ်ဟာ အိပ်ပျော်နေတဲ့အခါမှာလိုပဲ မထင်မရှား အမှတ်တမဲ့ဖြစ်ပျက်သွားတဲ့ စိတ်များမှာ စေတနာပါသော်လည်း အဲဒီစေတနာရဲ့လှုံ့ဆော်အားဟာ မထင်ရှားဘူး၊ သူ့ရဲ့သတ္တိလည်း ခန္ဓာအစဉ်မှာ မကျန်ရစ်ဘူး"

## ဘယ်သူက အကျိုးပေးမလဲ

"စေတနာက ဖြစ်ပျက်လည်းသွားတယ်၊ သူ့သတ္တိလည်း မကျန်ရစ်ခဲ့ဘူးဆိုတော့ ဘယ်သူက ကောင်းကျိုး၊ ဆိုးကျိုး ပေးမလဲ အရှင်ဘုရား"

"အို . . . ဒကာကြီးကလည်း ကုသိုလ်၊ အကုသိုလ်သဘောမှ မရောက်သေးဘဲနဲ့ ကောင်းကျိုး ဆိုးကျိုးက လာနေပြီလား၊ ဒကာကြီးအမေးက စောနေပြီဟာ"

"ရှင်းပါဦး အရှင်ဘုရား"

"ဒီမှာ ဒကာကြီး ... လောဘ၊ ဒေါသ စတဲ့ အပြစ်ကင်းပြီး သန့်ရှင်းတဲ့စိတ်ကို ကုသိုလ်စိတ်လို့ ခေါ်တယ်မဟုတ်လား"

"မှန်ပါ အရှင်ဘုရား"

"လောဘ၊ ဒေါသ စတဲ့ အပြစ်မကင်း၍ မသန့်ရှင်းတဲ့စိတ်ကို အကုသိုလ်စိတ် ခေါ်တယ်မဟုတ်လား"

"မှန်ပါ အရှင်ဘုရား"

"အဲ ... အဲဒီ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တွေမှာ စေတနာရဲ့ စေ့ဆော်မှုအားဟာလည်း အထင်အရှား ပါဝင်တယ်၊ အဲဒီစေတနာရဲ့ စေ့ဆော်မှုအင်အား ကောင်း.မကောင်းကို လိုက်ပြီးတော့ ကုသိုလ်.အကုသိုလ်စိတ်တွေကလည်း ကြီးကျယ်. မကြီးကျယ် ကွဲပြားသွားတာပေါ့"

"စေတနာက မိမိနဲ့ အတူဖြစ်ဖက်ဖြစ်တဲ့ စိတ်စေတသိက်တွေကို ဆိုင်ရာဆိုင်ရာ ကုသိုလ်.အကုသိုလ် အလုပ်တွေမှာ တက်တက်ကြွကြွ ပါဝင်ကြရအောင် နှိုးဆော်ပေးတယ်၊ တိုက်တွန်းပေးတယ်၊ ဒါကြောင့် စေတနာကိုသာ "ကမ္မ = ကံ.အမှု အလုပ်" လို့ နာမည်တပ်ပြီးတော့ စေတနာကို "ကံ" လို့ ခေါ်တာပေါ့နော်"

"မှန်ပါ အရှင်ဘုရား"

## သတ္တိက အကျိုးပေးမယ်

"အဲ ... ယခုပြောခဲ့တဲ့ စေတနာကံဟာ ရုပ်နာမ်တို့ရဲ့ ထုံးစံအတိုင်း ဖြစ်ပြီး ပျက်စီးသွားရသော်လည်း သူ့ရဲ့သတ္တိကို တော့ ခန္ဓာအစဉ်မှာ ချန်ထားခဲ့တယ်၊ အကျိုးပေးတော့ အဲဒီသတ္တိက အကျိုးပေးမယ်"

"ဟင် ... ခုနကတုန်းကတော့ သတ္တိမကျန်ရစ်ဘူးဆို၊ ခုတော့ သတ္တိကျန်တယ်၊ ဘယ်လိုပါလဲ ဘုရား၊ တပည့်တော် တော့ မရှင်းဘူး"

"သြော် ... ဒကာကြီးကလည်း ထူရန်ကော၊ ခုနကတုန်းက သာမညအချိန်အခါမှာဖြစ်တဲ့စိတ်မှာ ပါတဲ့စေတနာကိုပြော တာ၊ အဲဒီစေတနာက သတ္တိမချန်ရစ်ခဲ့ဘူး၊ ခုပြောတာက ကုသိုလ်.အကုသိုလ်စိတ်မှာပါတဲ့ စေတနာကို ပြောတာ၊ သူက သတ္တိ ကျန်ရစ်ခဲ့တယ်၊ ရှင်းလား"

"ရှင်းပါပြီ ဘုရား"

"အင်း ... ရှင်းရင် ဆက်နားထောင်ဦး၊ မိဘကိုဖြစ်စေ၊ ရဟန္တာကိုဖြစ်စေ၊ သတ်တဲ့ အကုသိုလ်စေတနာနဲ့ ကမ္မသတ္တိ ဟာ နောက်ဘဝမှာ အဝီစိငရဲ ကျရောက်အောင် အကျိုးပေးတယ်"

"တစ်ခြားအကုသိုလ်စေတနာတွေမှာလည်း တစ်ချို့စေတနာရဲ့ကမ္မသတ္တိဟာ ဘဝအတိအကျမဟုတ်ဘဲ သင့်တော် တဲ့ဘဝမှာ မိမိပြုထားတဲ့ မကောင်းမှုကို လိုက်ပြီးတော့ ထိုက်သင့်သလို မကောင်းကျိုးကို ပေးတယ်"

"ကုသိုလ်စေတနာတွေထဲမှာလည်း မဂ်ကုသိုလ် စေတနာရဲ့ သတ္တိဟာ မိမိဖြစ်ပြီး၍ ချုပ်ပြီးတဲ့နောက်မှာ တစ်ဆက် တည်းပဲ ဖိုလ်အကျိုးကို ပေးတယ်၊ ဆိုလိုတာက မဂ်ရပြီး ဖိုလ်ရတယ်လို့ ဆိုလိုတာနော်"

"မှန်ပါ အရှင်ဘုရား"

"မဂ်ရပြီးတဲ့နောက် ဒုက္ခပဋိပဒါ ဖြစ်နေလို့ ဖိုလ်မရဘဲ သုံးလလောက် ကြာနေတယ်လို့လည်း ပြောမနေနဲ့ဦး"

"မပြောပါဘူး အရှင်ဘုရား၊ မသိဘဲနဲ့ ရမ်းပြောရင် အပြစ်တွေ ဖြစ်ကုန်မှာပေါ့"

"ကဲ...ဒါဖြင့် ဆက်နားထောင်ဦး၊ ဈာန်စေတနာရဲ့သတ္တိဟာ နောက်ဘဝမှာ ပြဟ္မာ့ပြည်မှာ ပြဟ္မာဖြစ်အောင် အကျိုးပေးတယ်"

"တခြား ကုသိုလ်စေတနာတွေရဲ့ သတ္တိတွေဟာလည်း သင့်တော်ရာဘဝမှာ သင့်တော်သလို လိုက်ပြီးတော့ အကျိုးပေးတာပေါ့"

ကံပေါ်လာပုံ

"ပြီးတော့ သတ္တဝါတစ်ယောက်ရဲ့ ခန္ဓာအစဉ်မှာ ဒီဘဝ ရှေးရှေးဘဝတို့က ပြုပြုခဲ့သမျှ ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ ကံရဲ့သတ္တိတွေဟာ အများအပြားပါရှိတယ်၊ သေခါနီးတဲ့အခါကျတော့ အကျိုးပေးခွင့်သာတဲ့သူက အိပ်မက်မက်သလို စိတ်အစဉ်မှာ ပေါ်ထင်လာတယ်၊ သို့မဟုတ် အဲဒီကံပြုစဉ်က ပါဝင်ခဲ့တဲ့ အရာဝတ္ထုက အိပ်မက်မက်သလို စိတ်အစဉ်မှာ ထင်ပေါ်လာတယ်"

"အဲဒီလို ထင်ပေါ်တယ်ဆိုတော့ အသစ်ပြုသလို ဖြစ်နေမလား ဘုရား"

"အင်းပေါ့၊ ယခုချက်ချင်း လောလောဆယ် ပြုနေရသလို အသစ်အနေ ထင်ပေါ်လာတာပေါ့"

"သေတော့ အဲဒီကံက ဘဝပဋိသန္ဓေကို ပေးမှာလား ဘုရား"

"အင်းပေါ့၊ အဲဒီလို စိတ်ထဲမှာ ထင်နေခိုက်သာ စုတိစိတ်ကျမယ်၊ ဝိညာဉ်ချုပ်မယ်၊ သေမယ်ဆိုရင် ဘဝပဋိသန္ဓေစိတ် အသစ် တစ်ဆက်တည်း ဖြစ်တာပေါ့၊ အဲဒီ ပဋိသန္ဓေစိတ်ဟာ အဲဒီ သေခါနီးမှာ ထင်တဲ့ကံကြောင့် ဖြစ်ရတဲ့ အကျိုးပေါ့"

"ဒါဖြင့်ရင် ဒီဘဝက သေ သေချင်း နောက်ဘဝ တစ်ခုခုမှာ ချက်ချင်း ပဋိသန္ဓေနေတယ်ပေါ့ ဘုရား"

"အင်းပေါ့၊ ဒီဘဝမှာ အဆုံးစိတ်က စုတိစိတ်ပေါ့၊ မြန်မာလိုဆို သေစိတ်ပေါ့ ဒကာကြီးရယ်၊ အဲဒီ သေစိတ်ချုပ်တာနဲ့ တစ်ပြိုင်နက် နောက်ဘဝ ပဋိသန္ဓေစိတ်ဆိုတာ ဖြစ်လာတာပေါ့၊ ပဋိသန္ဓေစိတ် ဖြစ်တယ်ဆိုတာ ပဋိသန္ဓေနေတာကို ခေါ်တာပေါ့"

"ဒီလိုဆို လောက်လန်းသဖွယ် ဝိညာဉ်တွယ် တို့၊ ခုနစ်ရက် အိမ်နားမှာ နေတယ်တို့ စသည် ပြောတာတွေဟာ အမှားတွေပေါ့ ဘုရား"

"အင်းပေါ့၊ အမှားတွေပဲဟာ ဘာမသိ ညာမသိ ဦးတည်ရာ လျှောက်ပြောနေတာပဲဟာ၊ လူတွေကလည်း အဲတာပဲ ယုံကြည်ပြီး သူများ ပါးစပ်ဖျားမှာ လမ်းဆုံးနေတယ်"

"ကဲ...အရှင်ဘုရားရယ်၊ သေခါနီး အာရုံထင်ပုံ၊ နိမိတ်ထင်ပုံကို ဆက်ပြီး ရှင်းပြပါဦး ဘုရား"

"ဒကာကြီးတို့အရပ်ထဲမှာနေတာဆိုတော့ တွေ့ကြုံဖူးချင် တွေ့ကြုံဖူးပါလိမ့်မယ်၊ တစ်ချို့မသေခင်က ငြိမ်ငြိမ်ကလေးပဲ မလှုပ်မယှက်နေတယ်၊ အဲ... သေကာနီးဆဲဆဲလည်း ရောက်ရော နောင်ဘဝမှာ တွေ့ကြုံရတော့မယ့် အာရုံတွေဟာ စိတ်အစဉ်မှာ ထင်ပေါ်လာရော၊ အဲဒီလို ထင်ပေါ်လာတဲ့အခါ အကုသိုလ်ကံ အကျိုးပေးခွင့်သာပြီး ငရဲအာရုံများ ထင်လာတဲ့သူဟာ သေကာနီးမှာ အလွန်ကြောက်ရွံ့တာပေါ့၊ မျက်နှာလည်း မရွှင်လန်းတော့ဘူး၊ အော်ဟစ်ဆူညံနေတတ်တယ်၊ လူးလိမ့်ရုန်းကန်နေတတ်တယ်၊ အဲဒါမျိုး တွေ့ဖူးလား ဒကာကြီး"

"မှန်ပါ တွေ့ဖူးပါတယ် အရှင်ဘုရား"

"အင်း...အဲဒါဆိုရင် သိတတ်တဲ့ဆွေမျိုး၊ မိတ်သင်္ဂဟတွေက နိမိတ်အထင်ကောင်းအောင် ပြောင်းပေးသင့်တာပေါ့၊ သို့မဟုတ်ရင် ငရဲကိုသွားပြီ မှတ်ပေတော့"

"ဘယ်လို ပြောင်းပေးသင့်ပါသလဲ ဘုရား"

"ဩော် ... ဒကာကြီးကလည်း ဒါလောက်တော့ သိရောပေါ့၊ တရားဟောပေး၊ ဘုရားမှာ ပန်းတွေ ဆီမီးတွေ ရေချမ်းတွေ လှူပေး၊ သေခါနီးလူကို အာရုံပြုနိုင်း၊ ကြည်ညိုနိုင်းပေါ့၊ ခုခေတ်ဆို သိပ်လွယ်တာက ကက်ဆက်နဲ့ တရားစစ်၊ တရားမှန်တစ်ပုဒ်လောက် ဖွင့်ပေး၊ သိပ်ကောင်းတာပေါ့"

"အဲဒီလို ပြောင်းလဲပေးလို့ နိမိတ်အထင်ကောင်းပြီး ကောင်းရာရောက်တာများ ရှိခဲ့ဖူးပါသလား ဘုရား"

"ရှိခဲ့ဖူးတာပေါ့ဒကာကြီးရဲ့ ဟိုအင်္ဂုတ္တရအဋ္ဌကထာမှာ ရှင်သောဏရဲ့ဖခင်ကြီးပေါ့၊ သူက မုဆိုးကြီးပေါ့၊ အဲ ... သူသေခါနီးတော့ ငရဲနိမိတ်တွေထင်ပြီး ကြောက်လန့်နေတယ်၊ အဲဒါကိုသိတဲ့ သားတော် ရှင်သောဏက ဘုရားမှာ ပန်းဆီမီး စသည်တွေလှူဒါန်းပြီး အာရုံပြုနိုင်းတယ်၊ ချက်ချင်း အာရုံပြောင်းပြီး နတ်ပြည်နိမိတ် ထင်လာတယ်၊ အဲဒီအချိန်မှာ စုတိကျတယ်၊ သေတယ်ပေါ့နော်"

"မှန်ပါ အရှင်ဘုရား"

"အဲ... သေလည်းသေရော နတ်ပြည်ရောက်သွားတယ်"

"အဲဒီလို နတ်ပြည်စတဲ့ ကောင်းတဲ့ သုဂတိရောက်မယ့် နိမိတ်ထင်ပုံကို ရှင်းပြပါဦး အရှင်ဘုရား"

"အဲ ... သေခါနီးမှာ ကုသိုလ်ကံက အကျိုးပေးခွင့်သာလို့ ကောင်းတဲ့ဘဝမှာ ကောင်းတဲ့ အာရုံများ ထင်လာတဲ့သူမှာ ကြည်လင်ရွှင်ပျတဲ့မျက်နှာနဲ့ ပြုံးရွှင်တဲ့အမူအရာကို ပြတတ်တယ်ပေါ့၊ အဲ ... အဲဒီလို သေကာနီးမှာ မျက်နှာကြည်လင်ရွှင်ပျနေရင် အနီးအနားမှာရှိတဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေက သိရမယ်၊ မဆူညံရဘူး၊ မငိုရဘူး၊ မျက်နှာ မသာမယာ မရှိစေရဘူး"

"ဒီလိုဆို သေကာနီး သိပ်အရေးကြီးတာပေါ့ ဘုရား"

"အင်းပေါ့၊ သိပ်အရေးကြီးတာပေါ့"

"ဆက်ပြီး ရှင်းပါဦး အရှင်ဘုရား"

"ဆက်ရှင်းဆို ပြီးနေပြီပဲ၊ ယခုပြောခဲ့တဲ့ နည်းအတိုင်းပဲပေါ့၊ ဒီဘဝမှာ အတော်ကြာကြာကဖြစ်စေ၊ ရှေးရှေးဘဝတို့ကဖြစ်စေ၊ ပြုခဲ့တဲ့ကံပင် ဖြစ်သော်လည်း အကျိုးပေးကာနီးမှာ အသစ်ပြုရသလို ဖြစ်လို့ ဆိုင်ရာ ကောင်းကျိုး၊ ဆိုးကျိုး ဘဝအသစ်တစ်မျိုးကို ဖြစ်စေနိုင်ကြတာပေါ့"

## နောက်ဘဝအကျိုး

"ဒီဘဝက စုတိစိတ်ကျပြီး နောက်ဘဝ ပဋိသန္ဓေနေပြီးတော့ ဘယ်ကံက အကျိုးပေးမလဲ ဘုရား"

"အင်း ... စုတိစိတ်ကျပြီးရင် ပဋိသန္ဓေစိတ်ဖြစ်တယ်၊ အဲဒီ ပဋိသန္ဓေစိတ် ဖြစ်ပြီးနောက် တစ်ဘဝလုံးကို ပဝတ္တိအခါ ပဝတ္တိကာလလို့ ခေါ်တယ်၊ သဘောပေါက်လား"

"မှန်ပါ၊ ပေါက်ပါတယ်အရှင်ဘုရား"

"မပေါက်စရာလည်း မလိုပါဘူး၊ အရှင်းကြီးပဲ၊ ကာလနှစ်ခု အခါနှစ်ခု ခွဲတာပဲဟာ၊ ပဋိသန္ဓေစိတ် ဖြစ်တဲ့ခဏကို ပဋိသန္ဓေခဏ၊ ပဋိသန္ဓေကာလလို့ ခေါ်တယ်၊ ပဋိသန္ဓေစိတ် ဖြစ်ပြီးတဲ့နောက်ပိုင်းကာလ တစ်ဘဝလုံးကာလကို ပဝတ္တိခေါ်တာပဲ မဟုတ်လား"

"မှန်ပါ ဟုတ်ပါတယ် အရှင်ဘုရား"

"အဲ ... ပဋိသန္ဓေအသစ်ကို ဖြစ်စေပြီးတဲ့နောက် ထိုကံဖြစ်စေ၊ အခြားကံဖြစ်စေ ရောက်ရာဘဝမှာ ကောင်းကျိုး၊ ဆိုးကျိုးကို ပေးနိုင်တယ်၊ အဲဒီလို ပေးရာမှာလည်း"

၁။ ဂတိလို့ ခေါ်အပ်တဲ့ ဘဝ

၂။ မိမိဖြစ်ရာ အချိန်ကာလ

၃။ ရုပ်အဆင်းဆိုတဲ့ ဥပဓိ

၄။ ပြုလုပ်ပြောဆိုအပ်တဲ့ ပယောဂ

တို့ကို လိုက်ပြီး ထိုက်သလို အကျိုးပေးကြတယ်"

"ဂတိစသည် မကောင်းရင် အကုသိုလ်ကံတွေ အကျိုးပေးခွင့်ရတယ်၊ ဂတိစသည်ကောင်းရင် ကုသိုလ်ကံတွေ အကျိုးပေးခွင့် ရတယ်၊ လိုရင်းအချုပ်ကတော့ ဒီဘဝကုသိုလ်ရှင်ရဲ့ စေတနာပေါ်မှာ မူတည်ပြီး စေတနာထက်ရင် ထက်သလို စေတနာ ညံ့ရင် ညံ့သလို အကျိုးပေးမှာပေါ့၊ အကုသိုလ်မှာလည်း အတူတူပဲပေါ့နော်"

"မှန်ပါ အရှင်ဘုရား"

"ဒါဖြင့် စေတနာ သိပ်အရေးကြီးတာပေါ့ ဘုရား"

"အင်းပေါ့၊ အရေးကြီးလွန်းလို့ ဒကာ ဒကာမတွေ အလှူလှူတိုင်း စေတနာသုံးတန်အကြောင်းပဲ ဟော ဟောနေရ တာပေါ့"

## စေတနာသုံးတန်

"အဲဒီ စေတနာသုံးတန်အကြောင်း နည်းနည်းရှင်းပေးပါလားဘုရား"

"ဟင် ... ဒကာကြီးဥစ္စာကလည်း ရှင်းရမှာချည်းပဲ၊ မရှင်းရတာများ ရှိသေးလား"

"သည်းခံပါဘုရား၊ တပည့်တော်တို့ကလည်း ခုမှပဲ တရားဓမ္မနဲ့နီးစပ်၊ အရှင်ဘုရားနဲ့ နီးစပ်တော့မှ သိရတာဆို တော့ တရားအသိဟာ ကကြီး၊ ခခွေးပဲ ရှိပါသေးတယ်ဘုရား"

"အင်း ... အင်း အဲဒီ ကကြီး၊ ခခွေးသမား ရှင်းရတာ မလွယ်ဘူး၊ ကဲ ... နားထောင်"

၁။ မလှူမီ ရေးအဖို့မှာ "လှူမယ် - လှူမယ်" လို့ ဖြစ်ပေါ်နေတဲ့ စေတနာကို "ပုဗ္ဗစေတနာ" လို့ ခေါ်တယ်။

၂။ လှူဆဲ၊ လှူဖွယ်ဝတ္ထုကို အလှူခံပုဂ္ဂိုလ်လက်ထဲသို့ အပ်ဆဲ၊ လှူဒါန်းဆဲ၊ ရေစက်ချဆဲမှာ ဖြစ်ပေါ်နေတဲ့ စေတနာကို "မုဉ္စစေတနာ" လို့ ခေါ်တယ်။

၃။ လှူပြီးတဲ့နောက်ပိုင်းမှာ ဖြစ်ပေါ်တဲ့ စေတနာကို "အပရစေတနာ" လို့ ခေါ်တယ်။

အဲဒီ စေတနာသုံးတန် မပါရင်တော့ လောကမှ ထွက်မြောက်ကြောင်းဒါန မဟုတ်တော့ဘူး"

"ဒါဖြင့် ဘာဖြစ်သွားလဲ ဘုရား"

"ချစ်လို့ပေးတာ၊ ကြိုက်လို့ပေးတာ၊ ကြောက်လို့ပေးတာ၊ ဂုဏ်သတင်းကျော်ကြားလိုလို့ပေးတာ၊ လာဘ်လာဘပေါ များချင်လို့ ပေးတာမျိုး ဖြစ်သွားတာပေါ့၊ ဒါမျိုးက အလှူအစစ် မဟုတ်ဘူး၊ လောကကို ငဲ့လို့ "လောကဝိသယဒါန" လို့ပဲ ခေါ်နိုင် တယ်"

"ဒါနတော့ ဒါနပဲပေါ့ဘုရား"

"ဒါနကတော့ ပေးတာမှန်သမျှပါဠိလိုဒါနပဲခေါ်တာပေါ့၊ စေတနာပါ.မပါ၊ လောကမှထွက်မြောက်ကြောင်းဟုတ်.မဟုတ် စသည်က ဒါနမှာ လိုရင်းအချက်ပဲ"

## စေတနာက အကျိုးပေးမယ်

"ဒါဖြင့်ရင် အလှူအကျိုးပေးရာမှာ စေတနာက အဓိကပေါ့ဘုရား၊ လှူဖွယ်ပစ္စည်းက အဓိက မဟုတ်ဘူးပေါ့ဘုရား"

"အင်း... အဓိက အကျိုးပေးမှာကတော့ စေတနာက အကျိုးပေးမယ်ပေါ့၊ အဲဒီ စေတနာ အကျိုးပေးရာမှာ လှူဖွယ်ပစ္စည်းတွေဟာ စေတနာရဲ့အာရုံအဖြစ်နဲ့ အထောက်အကူပြုတာပေါ့"

"မိမိရဲ့စေတနာကို မိမိပြန်ပြီး စဉ်းစားကြည့်ပေါ့၊ ညံ့တဲ့လှူဖွယ်ပစ္စည်းကို ကြည့်ရတဲ့အခါ ဝမ်းသာအားရ ရှိရဲ့လား"

"ဟုတ်တယ်ဘုရား၊ ညံ့တဲ့လှူဖွယ်ပစ္စည်း ကြည့်ရတဲ့အခါ ဝမ်းသာအားရ တယ်ပြီး မရှိလှဘူး"

"အဲဒါကြောင့် တချို့မှာ အကောင်းအမွန် လှူဖွယ်ပစ္စည်းကလည်း မရှိတော့ မလှူဘဲ နေတယ်၊ ဒီလိုတော့လည်း မဟုတ်သေးဘူး"

"ဘယ်လိုမှ ဟုတ်ပါသလဲ ဘုရား"

"အညံ့၊ အကောင်းဆိုတာက နှစ်ခုယှဉ်ကြည့်မှ အညံ့အကောင်း ဖြစ်တာပဲ၊ တစ်ခုဆိုရင် ဘယ်မှာ အညံ့အကောင်း ရှိမလဲ၊ အဲဒီ ရှိတဲ့တစ်ခုဟာ အကောင်းပဲပေါ့၊ သူ့ထက်ကောင်းတာ ကိုယ်မသုံးနိုင်လို့ သူ့ကို သုံးနေရတော့ သူဟာ ကိုယ်အဖို့ အကောင်းပဲ မဟုတ်လား"

"မှန်ပါ ဟုတ်ပါတယ် အရှင်ဘုရား"

"ဒီတော့ အဲဒီရှိတဲ့ ပစ္စည်းအပေါ်မှာပဲ စေတနာသုံးတန် ထက်သန်စွာ ထားပြီးတော့ လှူရမှာပေါ့နော်"

"မှန်ပါ အရှင်ဘုရား"

"အဲ... ကောင်းတဲ့ လှူဖွယ်ပစ္စည်း ကြည့်ရတဲ့အခါ ဝမ်းသာအားရ ရှိတာကတော့ သိသာထင်ရှားပါတယ်၊ အဲဒီ ဝမ်းမြောက်ဝမ်းသာ ပြုရတဲ့ ဒါနစေတနာဟာ ဒါနပြုရာမှာ ထက်သန်တဲ့ စေတနာဖြစ်လို့ အကျိုးပေးတဲ့အခါမှာလည်း ထက်ထက်သန်သန်အကျိုးပေးတာပေါ့"

"လှူဖွယ်ဝတ္ထုကို ရွေးဖို့ လိုပါသေးသလားဘုရား"

"အင်း... လိုတာပေါ့၊ အကောင်းအဆိုး နှစ်မျိုးရှိရင် အကောင်းကိုလှူပေါ့၊ တစ်ခုတည်း ရှိနေရင်တော့ မရွေးနဲ့ပေါ့၊ အဲဒီ ရှိတဲ့ပစ္စည်းအပေါ်မှာပဲ စေတနာသုံးတန် ပြဋ္ဌာန်းပြီး လှူဒါန်းလိုက်ပေါ့"

## တရားနှင့်လျော်တဲ့ လှူဖွယ်

"အလှူအကျိုးပေးရာမှာ လှူဖွယ်ပစ္စည်းအယုတ်အမြတ်နဲ့သာ ဆိုင်ပါသလား၊ တစ်ခြားဆိုင်တဲ့အကြောင်းရှိပါသလား ဘုရား"

"အင်း... ရှိသေးတာပေါ့"

"အဲဒါက ဘာပါလဲဘုရား"

"လှူဖွယ်ပစ္စည်းက ပါဠိလို "ဓမ္မိယလဒ္ဓ" မြန်မာလို "တရားနှင့်လျော်စွာ ရအပ်တဲ့လှူဖွယ်ပစ္စည်း" ဖြစ်ရမယ်၊ အဲဒီ "ဓမ္မိယလဒ္ဓ" ကို ထောက်ရင် "အဓမ္မိယလဒ္ဓ" လည်း မရှိနိုင်ဘူးလား"

"မှန်ပါ၊ ရှိနိုင်ပါတယ် အရှင်ဘုရား"

"ပါဠိလို "အဓမ္မိယလဒ္ဓ" မြန်မာလို "မတရားသဖြင့် ရအပ်တဲ့လှူဖွယ်ပစ္စည်း" လို့ အဓိပ္ပာယ်ရတာပေါ့၊ ဒီတော့ အဲဒီ တရားသဖြင့်ရတဲ့ လှူဖွယ်ပစ္စည်းကို လှူရင် အကျိုးပိုကြီးတယ်၊ မတရားသဖြင့်ရတဲ့ လှူဖွယ်ပစ္စည်း လှူရင် အကျိုးနည်းတယ်လို့ မှတ်ထားပေါ့၊ ဟုတ်လား"

"မှန်ပါ အရှင်ဘုရား၊ မှတ်ထားပါ့မယ်"

"ဒီတော့ လှူဖွယ်ပစ္စည်းက စေတနာကို အထောက်အကူပြုတယ်၊ အကျိုးကြီး. မကြီးလည်း ဆိုင်တယ်ဆိုတာ ရှင်းမသွားဘူးလား"

"မှန်ပါ၊ ရှင်းသွားပါတယ်ဘုရား"

"လှူဖွယ်ပစ္စည်း တရားသဖြင့်ရတာ၊ မတရားသဖြင့်ရတာကို လှူတာမှာ အကျိုးပေးတဲ့အခါ ဘယ်လောက်ကွာခြားနိုင်ပါသလဲဘုရား"

"အဲဒါမှ ခက်တာပဲ"

"ဘာဖြစ်လို့ ခက်တာလဲဘုရား"

"ဦးပဥ္စင်းက ဘုရားမှ မဟုတ်တာပဲဟာ၊ ဒကာကြီး မေးတာကလည်း အတိုင်းအတာနဲ့ဆိုတော့ ဘယ့်နယ်လုပ် ဖြေနိုင်မှာလဲ၊ ပြဿနာက လွန်လာပြီ"

"ပြဿနာ မလွန်ပါဘူးဘုရား၊ တပည့်တော် မေးလိုရင်းက ဇာတ်၊ သုတ္တန်မှာ ကွာခြားပုံ ပြထားတာ ရှိပါသလားလို့ မေးလိုရင်းပါ ဘုရား"

"အင်း ဒါတော့ ရှိပါတယ်၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်မှာလည်း ရှိတယ်၊ ဒသနိပါတ်ဇာတ်မှာလည်း ရှိတယ်"

"ဘယ်လိုရှိပါသလဲဘုရား"

"မျက်နှာကြီးသူ အစိုးရသူပေါင်း တစ်သိန်းဟာတဲ့ သူတစ်ပါးကို ညှဉ်းဆဲ၊ နှိပ်စက်၊ မျက်ရည်ယိုထွက်အောင် ပြုလုပ်ပြီး ပစ္စည်းဥစ္စာ၊ အခွန်၊ ဘဏ္ဍာကို မတရားစုဆောင်း ရရှိတယ်၊ အဲဒီလို အလှူရှင် တစ်သိန်းဟာ တစ်ယောက်လျှင် တစ်သိန်းကုန်၊ တစ်သိန်းကုန်အလှူကြီး လှူတယ်နော်"

"မှန်ပါ အရှင်ဘုရား"

"မျက်စိမလည်စေနဲ့နော်၊ တစ်သိန်းကုန်စီ လှူတဲ့အလှူရှင် တစ်သိန်းနော်"

"မှန်ပါ အရှင်ဘုရား"

"တရားသဖြင့်ရတဲ့ ဓမ္မိယလဒ္ဓ လှူဖွယ်ပစ္စည်းအနည်းငယ်လေးနဲ့ လှူတဲ့ ဆင်းရဲသားလူတစ်ယောက်ရဲ့သာမန်အလှူ တစ်ခုလို့ အလှူနှစ်မျိုးကို နှိုင်းစာကြည့်ကြစို့နော်"

"မှန်ပါ အရှင်ဘုရား"

"တစ်သိန်းကုန်စီလှူတဲ့ လူတစ်သိန်းရဲ့အလှူအကျိုးဟာ ခုနက ဆင်းရဲသားရဲ့အလှူရဲ့အကျိုးကို အကုန်မီဖို့ အသာထားလိုက်ပါဦး၊ (၂၅၆) နှစ်ရာငါးဆယ့်ခြောက်စိတ်စိတ်၊ တစ်စိတ်မျှလောက်တောင် အဖိုးမတန်ပါဘူး၊ မမီပါဘူးတဲ့"

"ကွာခြားလှပါကလားဘုရား"

"အင်း...ကွာခြားတာပေါ့"

"နေပါဦးဘုရား၊ လှူတဲ့အခါမှာ အလှူပွဲရဲ့ ကြီးကျယ်ခမ်းနားမှုနဲ့လည်း ဆိုင်ပါသေးသလားဘုရား"

## ကြီးကျယ်ခမ်းနားမှု

"လှူဒါန်းတဲ့အခါမှာ အလှူပွဲရဲ့ ကြီးကျယ်ခမ်းနားမှုဟာလည်း အလှူရှင်ရဲ့စေတနာထက်သန်ဖို့ရာ အထောက်အကူပြုနိုင်ပါတယ်၊ ဒါကြောင့် ကြီးကျယ်ခမ်းနားမှုဟာ လိုတယ်လို့ ဆိုရမှာပေါ့နော်"

"မှန်ပါ အရှင်ဘုရား"

"ဒါပေမဲ့ အဲဒီလို အလှူပွဲ ကြီးကျယ်ခမ်းနားအောင် ပြင်ဆင်ရာမှာ မိမိရဲ့ ရည်ရွယ်ချက်၊ စေတနာ သန့်ရှင်း၊မသန့်ရှင်းတော့ စိစစ်ဖို့လိုမယ်"

"ရည်ရွယ်ချက် သန့်ရှင်းမှ စေတနာကို အထောက်အကူပြုနိုင်မယ်၊ ရည်ရွယ်ချက် မသန့်ရှင်းရင် စေတနာကို အထောက်အကူ မပြုနိုင်ဘူး၊ အထောက်အကူ မပြုနိုင်တဲ့အပြင် အနှောင့်အယှက်ပင် ပြုနိုင်ပါသေးတယ်"

"ရှင်းပြရမယ်ဆိုရင် ဝေဿန္တရာမင်းကြီး ဆိုပါတော့၊ အလှူရုံကြီး ခြောက်ရုံကို ခြောက်ဌာနမှာ ဆောက်လုပ်ပြီး တစ်နေ့ ခြောက်သိန်းကုန် လှူတယ်၊ အဲဒီလို လှူရာမှာ ကြီးကျယ်ခမ်းနားမှုဟာ ဂုဏ်ပကာသနအတွက်လည်း မဟုတ်ဘူး၊ အချီးမွမ်း ခံလို၍လည်း မဟုတ်ဘူး၊ ဘဝစည်းစိမ်တွေကို လိုလား၍လည်း မဟုတ်ဘူး၊ အလှူခံပုဂ္ဂိုလ်တွေ ချမ်းချမ်းသာသာ အလှူခံနိုင်၊ စားသောက်နိုင်ရန် ဆိုတဲ့ မေတ္တာကရုဏာနှင့် အလှူခံကြ၊ စားသောက်ကြသည်ကို ဝမ်းမြောက်လိုတဲ့ မုဒိတာ အရင်းခံပါတဲ့ အခမ်းအနား ကြီးကျယ်မှုမျိုးပဲ၊ အဲဒီလို ကြီးကျယ်မှုမျိုးကတော့ ဒါနစေတနာကို အထောက်အကူပြုပါတယ်"

"အဲ ... သူတစ်ပါးနှင့် ပြိုင်လို၊ ဆိုင်လို၊ အနိုင်ယူလို၊ အချီးမွမ်းခံလို၊ ဝါကြွားလို၊ နောက်နောက်ဘဝ၌ ဘဝစည်းစိမ်ကို တောင့်တတဲ့ "တဏှာ.မာန.ဒိဋ္ဌိ" တို့အရင်းခံပြီးကြီးကျယ်ခမ်းနားလှပထယ်ဝါတဲ့မဏ္ဍပ်ကြီးဆောက်လုပ်မယ်၊ မပင့်ရင်မကောင်းတဲ့ ပုဂ္ဂိုလ်တွေ ပင့်မယ်၊ မျက်နှာကြီး နာမည်ကြီးတွေကိုသာ ရွေးပြီး ဖိတ်ကျွေးမယ်၊ အလှူလာသူများ တဏှာ၊ ရာဂ ထကြွအောင် အတီး၊ အမှုတ်၊ အဆိုအကတွေဖြင့် ဖျော်ဖြေမယ်၊ အလှူရှင်ကလည်း မျက်နှာလို မျက်နှာရ ကြွကြွသမျှ ပရိသတ်တွေကို အလှပြကာ ပြကာနဲ့ နှုတ်ဆက်ရ၊ လောကွတ်လုပ်နေရမယ်ဆိုရင် အဲဒီ ကြီးကျယ်ခမ်းနားမှုမျိုးဟာ အလကားပါပဲ"

"ပြီးတော့အလှူရှင်လည်းဖတ်ဖတ်ကိုမောလို့၊အချိန်ကုန်လူပန်းကာမှ "အရှင်ဘုရားတရားတိုတိုဟောပါ" လို့လျှောက်ထားပြီး ကိုယ်လက်ပင်ပန်း ငိုက်မြည်းစွာနဲ့ တရားနာ၊ ရေစက်ချတယ်၊ ဘာကို အာရုံပြုလို့ ဘာကို ဝမ်းသာမလဲ ဒကာကြီး"

"အင်း ... ရှင်းနေပါပြီ ဘုရား"

"ဒီခေတ်မှာ ဒါတွေပဲ များတယ်၊ အဲဒီလို ကြီးကျယ်ခမ်းနား၊ အကုန်အကျ များမှုဟာ သန့်ရှင်းတဲ့ ရည်ရွယ်ချက်နည်းပါး၊ အနှစ်အသားမပါရကား အကျိုးတရားဟာ ရာနိုင်ပါမှ အနည်းငယ်ပဲရမယ် ဒကာကြီး"

"တင်ပါ၊ ဒါမျိုးကိုပဲရည်ရွယ်ပြီး "ညောင်ပင်ကြီးလောက် လှူသော်လည်း ညောင်စေ့လောက်ရ" လို့ ဆိုတာနဲ့ တူပါတယ်ဘုရား"

"အင်းပေါ့၊ အဲဒါမျိုးကို ရည်ရွယ်တာပေါ့"

"အလှူ့ အကျိုးကြီး.မကြီးမှာ အလှူပေးတဲ့ ပုဂ္ဂိုလ်နဲ့ အလှူခံပုဂ္ဂိုလ် ဘယ်လိုဆိုင်ပါသေးသလဲ ဘုရား"

"ဘယ်လို ဆိုင်သလဲဆိုရင် အလှူပေးတဲ့ မိမိမှာလည်း သီလ သိက္ခာ ရှိရမယ်၊ အလှူခံပုဂ္ဂိုလ်မှာလည်း သီလ သိက္ခာ ရှိရမယ်၊ အဲဒီလိုဆိုရင် အလှူအကျိုး ကြီးနိုင်ပြန်တယ်"

"မှဆိုး တံငါဆိုတော့ ဘယ်လိုလုပ်ပြီး သီလရှိနိုင်ပါ့မလဲ ဘုရား"

"ဩော် ... ဒကာကြီးကလည်း ရဟန်းသီလနဲ့၊ လူသီလကို သွားယှဉ်လို့ ဘယ်ဖြစ်မလဲ၊ လူဆိုတာက အခု ခဏလေးပဲ သီလဆောက်တည်လိုက်ရင် အခုခဏ သီလရှိတာပေါ့၊ အဲဒီ သီလရှိတဲ့အခိုက်မှာ သီလရှိတဲ့ အလှူခံပုဂ္ဂိုလ်ကို လှူပေါ့"

"ဩော် ... ဒါကြောင့်မို့လို့ အလှူရေစက်ချကာနီးမှာ သီလပေးတာနဲ့ တူတယ်ဘုရား"

"အင်းပေါ့၊ ဒါပေမဲ့ အဲဒီပေးနည်းကာကို ဦးပဋ္ဌင်း သိပ်မကြိုက်သေးဘူး"

"ဦးပဉ္ဇင်းက ဘယ်လိုမှ ကြိုက်လဲဘုရား"

"ဦးပဉ္ဇင်းကြိုက်တာက ဆွမ်းစတဲ့ လှူဖွယ်ပစ္စည်းတွေ အလှူခံပုဂ္ဂိုလ်လက်ထဲ မကပ်ရသေးခင်၊ အလှူခံပုဂ္ဂိုလ်တွေ အိမ်မကျွာပ်စတဲ့ အလှူခံဌာန ရောက်ရောက်ချင်း သီလဆောက်တည်ပြီးမှ ဆွမ်း စတဲ့ လှူဖွယ်ပစ္စည်းတွေ လှူတာ ကြိုက်တယ်၊ ခုတော့ ဆွမ်းကလည်း စားပြီးပြီ၊ အချိုပွဲလည်း သုံးဆောင်ပြီးပြီ၊ အဲဒီတော့မှ သီလယူပြီး လှူပါ၏၊ ရေစက်ချတယ်၊ ဟိုမှာဖြင့် လှူပြီးလို့ စားပြီးနေပြီ"

"အင်း...အင်း ဟုတ်တယ်ဘုရား၊ အရှင်ဘုရား ရှင်းပြမှ သဘောပေါက်တယ်"

"ကဲ...ကဲ သဘောပေါက်တယ်လုပ်မနေနဲ့၊ ဟောဒီလင်္ကာတွေ ကျက်ထား၊ အဲဒီ အင်္ဂါတွေ အညီလှူ၊ အလှူအကျိုး ကြီးလိမ့်မယ်"

✦ အလှူရှင်မှာ၊ ကျင့်သီလာ၊ ကောင်းစွာပြည့်ဝရပေမည်။

✦ အလှူခံလည်း၊ ထို့တူပဲ၊ အမြဲသီလ ရှိရမည်။

✦ စေတနာသုံးတန်၊ စုံပြည့်လျှံ၊ ထက်သန်အောင်မြင်ရပေမည်။

✦ လှူဖွယ်များပြား၊ ပစ္စည်းများ၊ တရားလျော်စွာ ရရမည်။

✦ ကံနှင့်ကံကျိုး၊ မြတ်တနိုး၊ အားကိုးယုံကြည်ရပေမည်။

✦ ဤသည့်ငါးပါး၊ ပြည့်စုံငြား၊ ကျိုးများဒါန ဖြစ်လိမ့်မည်။

# ကိုယ့်ဘက်ကျတော့ ငှားငိုတယ်

(၆၆)

"ကြည့်သောသူသည်မြင်၏၊ သိသောသူသည် သင်၏" ဟူသော စကားမှာ မှန်ကန်လှ၏။ ယင်းအမှန်စကားကို အပြန် ဆိုသော် "မကြည့်သူသည် မမြင်၊ မသိသူသည် မသင်" ဟူ၍ ဆိုနိုင်၏။ ယင်းစကားနှစ်ရပ်ကို ခွဲခြားကြည့်လိုက်လျှင် လောက တွင် လူနှစ်မျိုး နှစ်စားကို တွေ့မြင်နိုင်၏။ ယင်းတို့ကား -

၁။ ကြည့်သူ၊ မြင်သူ၊ သိသူ၊ သင်သူ နှင့်

၂။ မကြည့်သူ၊ မမြင်သူ၊ မသိသူ၊ မသင်သူ တို့ ဖြစ်ကြသည်။

ယင်းတွင် ကြည့်သူ၊ မြင်သူသည် နေရာတကာတွင် ကြည့်ရှု၍ နေရာတကာတွင် မြင်သည်။ ယင်းသည် မြင်၍ သိသည်။ သိ၍ သင်သည်။ သို့မဟုတ် သိ၍ မြင်သည်။ မြင်၍ သင်သည်။ ယင်းတွင် တာဝန်အမြဲရှိနေသည်။ မပေါ့မပါး၊ မလွတ်လပ်။

မကြည့်သူ မမြင်သူသည် နေရာတကာတွင် မကြည့်ရှု၍ နေရာတကာတွင် မမြင်တတ်၊ ယင်းသည် မမြင်၍ မသိဖြစ် သည်။ မသိ၍လည်း မသင်နိုင်ရာ။ သို့မဟုတ် မသိ၍ မမြင်သည်။ မမြင်၍ မသင်နိုင်ရာ၊ ယင်းတွင် တာဝန်ဟူ၍ ဘာမှမရှိ၊ ပေါ့ပါး သည်။ လွတ်လပ်သည်။

ယင်းလူနှစ်မျိုးတွင် တစ်နံပါတ်အမျိုးအစားလူနှင့် မိမိသည် ခဏခဏ တွေ့ရ၏။ တွေ့ရသည့်အခါတိုင်း ပြဿနာတစ် ခုခု ဆွေးနွေးရသည်။ ယင်းသို့ ဆွေးနွေးရသော ပြဿနာများမှာ သီးခြားပြဿနာများ မဟုတ်ဘဲ၊ အကြောင်းစပ်သော ပြဿနာ များ ဖြစ်၏။

တစ်ခါက မိမိသည် တရားပွဲတစ်ပွဲတွင် ပွဲလမ်းသဘင်အကြောင်း၊ ငိုချင်းချသည့်အကြောင်း၊ ဂုဏ်ပကာသနအကြောင်း စသည်တို့ အပြစ်ပြ၍ ဒေသနာတော်လာသည့်အတိုင်း ဟောပြောပြသသည်။ တရားပွဲပြီးသောအခါ ဒကာတစ်ယောက်က လာ ရောက်၍ ဦးချလျှောက်ထားသည်။

"အရှင်ဘုရား တရားဟောတာ သိပ်ကောင်းတာပဲ၊ သိပ်ပြီး ပြတ်သားတာပဲ၊ ရှင်းလင်းတာပဲ"

"အင်း ... သိပ်ကောင်း၊ သိပ်ပြတ်သား၊ ရှင်းလင်းတော့ ဘာလိုသေးလဲ၊ တရားပြည့်စုံပြီ မဟုတ်လား"

"ဘယ်ပြည့်စုံဦးမလဲဘုရား"

"မပြည့်စုံသေးရင် ဘာလိုသေးလဲဒကာကြီး၊ ကဲ ... လိုတာ ပြောစမ်းပါဦး"

"အရှင်ဘုရားတို့တရားဟောတာဒကာဒကာမတွေကျင့်ကြံလိုက်နာဖို့ကျတော့သိပ်ကောင်း၊ သိပ်ရှင်းလင်း၊ ပြတ်သားတာပဲ"

"အင်း ... အင်း ... ဒါဆိုရင် ဦးပဉ္စင်းသိပြီ၊ ဒကာကြီးတင်ပြမယ့် ပြဿနာဟာ ဦးပဉ္စင်းတို့အပေါ် ရောက်နေပြီ၊ ကဲ ... ဒါဖြင့် ပြောစမ်း၊ ဦးပဉ္စင်းတို့ လိုက်နာကျင့်ကြံဖို့ဘက်ကျတော့ သိပ်မကောင်း၊ သိပ်မရှင်းလင်း၊ မပြတ်သားတာ ဘာလဲ"

"ဟား ... ဟား ... အရှင်ဘုရား တကယ်အကင်းပါးပါလား၊ "အရိပ်ပြ အကောင်ထင်တယ်" နော်"

"သြော် ... ဒကာကြီးက အရိပ်ပြတာမှ မဟုတ်ဘဲ၊ အကောင်ကို ပြထားတာ အရိပ်လောက်တော့ ထင်တာပေါ့၊ ကဲ ... ပြောစမ်းပါဦး၊ ဘာလဲ"

"ဘုန်းကြီးပျံကိစ္စပါဘုရား၊ ဘုန်းကြီးပျံကိစ္စ"

"အင်း ... ဘုန်းကြီးပျံကိစ္စ ဘာဖြစ်သလဲ ပြောစမ်းပါဦး"

"ခုနကတော့ အရှင်ဘုရားက အကောင်ထင်သလိုလို၊ ခုတော့ ဘယ့်နယ် အရိပ်တောင် မမြင်တော့ပါလား"

"သြော် ... ဘုန်းကြီးပျံကိစ္စတွေက အမျိုးမျိုးပဲဟာ၊ ဘယ်လို ဘုန်းကြီးပျံ ဆိုလိုတာမှန်း မသိလို့ မေးရတာပေါ့"

"အရှင်ဘုရားတို့ပဲ ဟောတယ်၊ အလှူမင်္ဂလာ၊ သာရေး၊ နာရေးတွေမှာ အကုန်အကျ မများသင့်တာ မများစေနှင့်၊ အကျယ်မချဲ့သင့်တာ မချဲ့နှင့် စသည်ဖြင့် ဟောလိုက်တာ၊ အရှင်ဘုရားတို့ ဘုန်းကြီးတွေ ပျံလွန်တော်မူတော့ များလိုက်တဲ့အကုန်အကျ၊ သောင်းကုန်၊ သိန်းကုန်ပဲ၊ ချဲ့လိုက်တဲ့အကျယ်ကလည်း ဒီနစ်ကနေပြီး ဟိုနစ်တောင် လှမ်းချဲ့တာယ်၊ ဒါ ကောင်းလားဘုရား"

"အဲဒါတော့ ဘယ်ကောင်းမလဲ ဒကာကြီးရဲ့"

"မကောင်းရင် အရှင်ဘုရားတို့ မကောင်းကြောင်း ဟောပေးပါလားဘုရား"

"ဟောတော့ အဟောသားပဲ၊ အကြောင်းဆိုက်တဲ့အခါ၊ ဟောတယ်ဆိုတာ အကြောင်းဆိုက်မှ ဖြစ်တာ၊ အကြောင်းမဆိုက်ဘဲနဲ့ သက်သက်ဟောလို့ ဘယ်ဖြစ်မလဲ"

"ပြီးတော့ ဘုန်းကြီးပျံကိုလည်း ကြီးကျယ်ခမ်းနားစွာ ပွဲမျိုးစုံထည့်ပြီး ကျင်းပတယ်၊ အဲဒါ လူတွေမှာ အကုသိုလ်မများဘူးလား ဘုရား"

"အကုသိုလ်များတာမှ နည်းနည်းတောင်မဟုတ်ဘူး ဒကာကြီး၊ အကြီးအကျယ်ကို များတယ်"

"ဟင် ... ဘုန်းကြီးတစ်ပါးလုံး ပျံလွန်တော်မူရလို့ ဆုံးရှုံးတာကတစ်မျိုး၊ အဲဒီ ဘုန်းကြီးပျံပွဲ အကြောင်းပြုပြီး အကုသိုလ်ဖြစ်လို့ ဆုံးရှုံးတာက တစ်မျိုးဆိုတော့ ဒကာ ဒကာမတွေမှာ နစ်နာတာပေါ့ဘုရား"

"အင်း...ဒါတင်မကသေးဘူး၊ အလုပ်ပျက်တာတို့၊ ငွေကုန်တာတို့၊ လူပန်းတာတို့၊ ဘုန်းကြီးပျံပွဲမှာ ရန်ဖြစ်လို့ လူသေတာတို့ ထည့်လိုက်ရင် နစ်နာချက်တွေ အများကြီးပဲ"

"အဲဒီလို နစ်နာချက်တွေ များတော့ ဆရာသမားကို ပူဇော်ရာရောက်သေးလားဘုရား"

"ဘယ်ပူဇော်ရာ ရောက်မလဲ ဒကာကြီး၊ ပူဇော်ရာ မရောက်တော့ဘဲ ဆရာသမား ပျံလွန်တော်မူတဲ့အတွက် တပည့်တပန်း၊ ရဟန်း သံဃာ၊ ဒကာ ဒကာမတွေမှာ ပျော်ပွဲ၊ ရွှင်ပွဲ၊ အကုသိုလ်ပွဲကြီးတစ်ခု ပြုခွင့်ရတယ်လို့ ပညာရှိတွေက မြင်ကြတယ်"

"တကယ့်ကို ဆရာသမားရဲ့ဂုဏ်ကျေးဇူးကို အမှတ်တရ ပူဇော်လိုရင်တော့ ပျော်ပွဲ၊ ရွှင်ပွဲ၊ ငိုပွဲတွေ ဘယ်ပါသင့်မလဲ"

"အင်း…ဟုတ်တယ်ဘုရား၊ အဲဒါကို တပည့်တော်ပြောမလို့ပဲ၊ တပည့်တော်တို့ လူတွေ အနိစ္စရောက်တဲ့အခါ တစ်ချို့ ငိုကြတယ်၊ အဲဒီအခါ ဘုန်းကြီးတွေက ဟောလိုက်တာ -

"မစိုးရိမ်ကြကုန်လင့်၊ မငိုကြွေးကြကုန်လင့်၊ ဘုရားရှင် ဟောခဲ့တယ်မဟုတ်လား၊ ချစ်သူ ခင်သူ အားလုံးတို့နှင့် သေကွဲလည်း ကွဲရလိမ့်မယ်၊ ရှင်ကွဲလည်း ကွဲရလိမ့်မယ်၊ တစ်မျိုးတစ်ဖုံ ပြောင်းလဲရလိမ့်မယ်၊ ဖြစ်ပေါ်လာတဲ့ သင်္ခါရသဘောတရားဟာ ပျက်စီးခြင်းသဘောရှိတယ်၊ အဲဒီ ပျက်စီးခြင်းသဘောကို မပျက်စီးပါနဲ့လို့ ဘယ်တားလို့ရမလဲ"

စသည်ဖြင့် ဟောလိုက်တာ ဒကာ ဒကာမတွေ မငိုဖို့၊ ဟော…"ကိုယ့်ဘက်ကျတော့ ငှားငိုတယ်" ကောင်းသေးလားဘုရား"

"ဘယ်ကောင်းမလဲ ဒကာကြီး"

"တပည့်တော်တို့ လူတွေသေလို့ ငိုတာက ဆိုင်ရာဆွေမျိုးသားချင်းလောက်သာပဲ၊ အဲ . . . ဘုန်းကြီးပျံ ငှားငိုတော့ လာလာသမျှပရိသတ်တွေ အကုန်ငိုကုန်ရော၊ ဒီတော့ လာသမျှပရိသတ်တွေလည်း အကုသိုလ်တွေ ဖြစ်မကုန်ဘူးလား ဘုရား"

"ဖြစ်ကုန်တာပေါ့ ဒကာကြီးရဲ့ တကယ့် တကယ် ဖြစ်သင့်တာကတော့ ပျော်ပွဲ၊ ရှင်ပွဲ၊ ငှားငိုပွဲတွေ မပါစေဘဲ သံဝေဂဖြစ်ရာ တရားဓမ္မတွေ ရွတ်ဆိုပူဇော်ရမယ်၊ ဘုန်းကြီး ပျံလွန်တော်မူခြင်းကြောင့် အပူသောက ရောက်နေသူတွေကို တရားချပေးရမယ်"

"မှန်ပါ ဘုရား၊ ခုတော့ "ဘုန်းကြီးသေ ရွာကျေ" ဆိုတဲ့ စကားပုံတောင် ဖြစ်လာတယ်၊ ပျော်ပွဲ. ရှင်ပွဲ. ငှားငိုပွဲတွေ အတွက် တစ်အိမ် ဘယ်လောက်ထည့်ရမယ် စသည်ဖြင့် သတ်မှတ်ပြီး ခွဲတမ်းချတယ်၊ တတ်နိုင်သူကတော့ ထားပေါ့ဘုရား၊ မတတ်နိုင် သူတွေအဖို့ အင်မတန် တာဝန်ပိတယ်ဘုရား"

"ခက်တာက ဒကာကြီး အဲဒီဘုန်းကြီးပျံကိစ္စမှာ ဦးပဥ္စင်းတို့ချည်း သက်ဆိုင်တာ မဟုတ်သေးဘူး၊ ဒကာ ဒကာမတွေလည်း ဆိုင်သေးတယ်၊ တချို့ဘုန်းကြီးတွေက ကျဉ်းကျဉ်းချုပ်တယ်၊ ဒကာ ဒကာမတွေက ဘယ်ဒီလိုလုပ်လို့ဖြစ်မလဲ စသည်ဖြင့် သူ့ဘက် ကိုယ့်ဘက် စသည်ဖြင့် လွန်ဆွဲကာ အကျယ်ချဲ့တာတွေလည်း အများကြီးရှိတယ်၊ ဒီတော့ ဒီကိစ္စမှာ ဆရာ ဒကာ နှစ်ဦးနှစ်ဘက် နားလည်မှုရှိမှ ဖြစ်မယ်"

"ဒါတော့ ဒါပေါ့ဘုရား၊ တချို့နေရာမှာ ဒကာ ဒကာမတွေက အကျယ်မချဲ့ဘူး၊ ဘုန်းကြီးတွေက ကျယ်အောင်ချဲ့တာ တွေ ရှိတယ်ဘုရား"

"အင်း…ဒကာကြီးပြောတော့ ကိုယ်တွေ့တစ်ခုကိုတောင် အမှတ်ရသွားတယ်"

## ဘုန်းကြီးပျံ မစည်မှာစိုးလို့

"ဘယ်လိုပါလဲ ဘုရား၊ အမိန့်ရှိပါဦး၊ တပည့်တော်တို့ အတုယူလိုက်နာသင့်က အတုယူလိုက်နာရတာပေါ့"

"ဟာ…ဒါကို အတုယူလို့ မဖြစ်ဘူး၊ ဒါက ရှောင်ရရှားရမှာ"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"ဦးပဥ္စင်းမြို့ငယ်တစ်မြို့ကို တရားဟော ရောက်သွားတယ်၊ အဲဒီမြို့မှာလည်း စာသင်တိုက်ဆိုလို့ တစ်တိုက်ပဲရှိတယ်၊ အဲဒီစာသင်တိုက်မှာပေါ့ တရားပွဲကလည်း အဲဒီမြို့ရောက်တော့ ဦးပဥ္စင်းသူငယ်ချင်း ဦးပဥ္စင်းတစ်ပါးကို ဦးပဥ္စင်းက မေးတယ်၊ သူက အဲဒီမြို့မှာကျောင်းထိုင်နေတာကိုး"

"တင်ပါဘုရား"

"မေးတော့ ပြောတယ်၊ သူတို့ သိပါတယ်တဲ့၊ အဲဒီဦးပဉ္ဇင်းကို သူတို့ကပဲ ကျောင်းထိုင်ခိုင်းတာပဲတဲ့ ပြောတယ်၊ ဒီတော့ ဦးပဉ္ဇင်းက "သူ့ကျောင်း ဘယ်လောက်ဝေးလဲ၊ သူ ဒီမလာဘူးလား" လို့ မေးတယ်၊ ဒီတော့ "သူ့ကျောင်း သိပ်မဝေးဘူး၊ အရှင်ဘုရားသွားချင်ရင် ဒကာတစ်ယောက် ထည့်ပေးမယ်၊ သူတော့ ဒီကို လာမှာ မဟုတ်ဘူး" လို့ ပြောတယ်"

"ဒီတော့ ဦးပဉ္ဇင်းက "အင်း . . .သူတော့ ဒီကိုလာမှာ မဟုတ်ဘူး" ဆိုတဲ့ စကားကို စဉ်းစားတယ်၊ ဘာကြောင့် သူက ဒီကို မလာရတာလဲ၊ ငါရောက်နေမှန်းလည်း သူသိရမယ်၊ သူနဲ့လည်း ဒီကျောင်းက ကျေးဇူးကင်းတာ မဟုတ်ဘူး၊ ဒီတော့ ဒီကိစ္စဟာ အကြောင်းထူး ရှိရမယ်" လို့ စဉ်းစားမေးတယ် -

"နေပါဦးဘုရား၊ သူက ဘာဖြစ်လို့ ဒီကို မလာတာလဲ"

"အင်း . . . မေးလို့သာ ပြောရမယ်၊ ပြောရမှာတော့ ခပ်ရှက်ရှက်ပဲ"

"ပြောပါဘုရား၊ ဘယ်လိုများ ရှက်စရာဖြစ်နေလဲ"

"ဒီလိုဘုရား၊ တပည့်တော်တို့ကျောင်း ကိစ္စတစ်ခုမှာ အဝေးက ဆရာတော်ကြီးက ဦးစီးဦးကိုင် လုပ်ရမလား၊ တို့တော့ အလကားလို ထားတယ်လို့ ဒီမြို့က ဂိုဏ်းဆရာတော်တွေက မြင်တယ်၊ အဲဒီလို မြင်တော့ တပည့်တော်တို့ကိစ္စကို သူတို့ ညှိပြီး မကြွတော့ဘူး၊ တပည့်တော်တို့ကလည်း မကြွချင်နေ ဆိုပြီး သူတို့နဲ့ မဆက်သွယ်တော့ဘူး၊ အဲဒီတုန်းက အရှင်ဘုရားသူငယ်ချင်းနဲ့တကွ တော်တော်များများ တပည့်တော်တို့နဲ့ ဆက်သွယ်သေးတယ်"

"အင်း ခုတော့ ဘယ်လိုဖြစ်သွားလဲ"

"ခုတော့ သူတို့က ပုံတော်မူတော့ သိမယ်၊ ဘာမယ်နဲ့ ကြိမ်းမောင်းပြီး သူတို့ဩဇာမခံတဲ့ဘုန်းကြီး ပျံလွန်တော်မူရင် သွားဖော်၊ လာဖော်၊ ကူဖော် မရဘူး၊ ဒီတော့ ဘုန်းကြီးပျံ မစည်ကားဘူးပေါ့၊ အဲဒါ အရှင်ဘုရားသူငယ်ချင်းလည်း "ဘုန်းကြီးပျံ မစည်မှာစိုးလို့" ဆိုပြီး အဲဒီဘက် ပါသွားတယ်၊ ဒါကြောင့် သူ ဒီလို မလာတာပဲ"

"ဖြစ်မှ ဖြစ်ရပလေ ဘုရား၊ သေမှ စည်ကားချင်ရသေးတယ်"

"ကဲ . . . အဲဒါပဲ ဒကာကြီး၊ ဘုန်းကြီးပျံ စည်ကားချင်တာနဲ့ ကိုယ့်ရဲ့ကျေးဇူးရှင်တောင် ကျေးဇူးကန်းတာပဲ၊ အဲဒါ ဒကာကြီးပြောတဲ့ ဘုန်းကြီးတွေက ကျယ်အောင်ချဲ့တာပဲ၊ ဒီလောက် အသိဉာဏ်တုံးတာ ဘယ်လွယ်မလဲ"

"ထားပါတော့ဘုရား၊ ဘုရားရှင် ပရိနိဗ္ဗာန်စံတုန်းက အလောင်းတော်ကို ဘယ်နှစ်ရက်ထားလဲ၊ ဘယ်လို ပူဇော်လဲ ဆိုတာ သိချင်ပါတယ်ဘုရား"

"ဘာလဲ၊ ဒကာကြီးက ဘုရားရှင်ပရိနိဗ္ဗာန်စံပွဲနဲ့ ခုခေတ် ဘုန်းကြီးပျံပွဲ ပြိုင်မလို့လား"

"ပြိုင်မလို့ မဟုတ်ပါဘူးဘုရား၊ နှိုင်းစာကြည့်မလို့ပါ"

"အင်း . . . ဟုတ်တယ်၊ နှိုင်းစာစရာသိပ်ကောင်းတယ်၊ ဘုရားရှင် ပရိနိဗ္ဗာန်စံခါနီးတော့ ရှင်အာနန္ဒာက ဘုရားရှင်ကို လျှောက်တယ် -

"မြတ်စွာဘုရား တပည့်တော်တို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို ဘယ်ကဲ့သို့ ပူဇော်ရပါမည်နည်း"

" အာနန္ဒာသင်တို့သည် ငါဘုရား၏ အလောင်းတော်ကို ပူဇော်ဖို့ရန် ကြောင့်ကြမစိုက်ရစ်ကြနှင့်"

"အာနန္ဒာ . . . ငါတိုက်တွန်း၏၊ သင်တို့သည် အနှစ်သာရဖြစ်သော အရဟတ္တဖိုလ် ရဖို့ကိစ္စ၌သာ အားထုတ်ကုန်လော့၊ မမေ့မလျော့ မပေါ့ဆကုန်သည်ဖြစ်၍၊ ပြင်းစွာလုံ့လ ရှိကုန်သည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်သော စိတ်နှလုံးရှိကုန်သည်ဖြစ်၍ နေကြကုန်လော့"

"အာနန္ဒာ၊ မြတ်စွာဘုရား၌ အလွန်ကြည်ညိုကြကုန်သော မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုး ဖြစ်တဲ့ ပညာရှိတွေ ရှိကြကုန်တယ်၊ ထိုပညာရှိတို့ဟာ မြတ်စွာဘုရား၏ အလောင်းတော်ကို ပူဇော်ကြလိမ့်မယ်"

(မဟာပရိနိဗ္ဗာနသုတ်)

"ဟင်…ဘုရားရှင် အလောင်းတော်တောင် ရဟန်းတွေကို ကြောင့်ကြမစိုက်ဖို့ မိန့်ကြားသေးရင် ဘုန်းကြီးအလောင်းဆို သာပြီးတော့ ရဟန်းတွေ ကြောင့်ကြမစိုက်ဖို့ မိန့်ကြားမယ် ထင်တယ်ဘုရား"

"အင်း…ဒါတော့ ဘုရားရှင် မရှိလို့ မသိဘူး၊ ဆက်ပြီး နားထောင်ဦး၊ အဲဒီလို ဘုရားရှင်က မိန့်ကြားတော့ ရဟန်းတော်တွေဟာ ဘုရားရှင်ရဲ့အလောင်းတော်မှာ အထူးကြောင့်ကြမစိုက်ကြဘူး၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် တရားအထူး ရရေးကိုသာ ကြောင့်ကြစိုက်နေကြတယ်"

"ဒါဖြင့် ဘုရားရှင်ရဲ့အလောင်းတော်ကို ဘယ်သူတွေက ဘယ်လိုကြောင့်ကြစိုက်ပြီး ဘယ်လိုပူဇော်ကြပါသလဲဘုရား"

"ခုနက ဘုရားရှင် အမိန့်ရှိတဲ့ မင်း၊ ပုဏ္ဏား၊ သူကြွယ်မျိုး ဖြစ်တဲ့ ပညာရှိတွေကသာ ဘုရားရှင်ရဲ့အလောင်းတော်ကို အဝတ်သစ်တစ်ထပ်၊ ဝါဂွမ်းတစ်ထပ်အားဖြင့် အထပ်ပေါင်း ငါးရာဖြင့် အလောင်းတော်ကို ရစ်ပတ်ပြီး ဆီလောင်းထားတဲ့ ရွှေခေါင်းတော်၌ ထည့်ကာ နံ့သာပုံတင်၍ မီးပူဇော်တယ်"

(သုတ်မဟာဝါ)

"ဘယ်နှစ်ရက်ထားလဲ ဘုရား"

"ဘယ်နှစ်ရက်ထားတယ်လို့ စာထဲမှာ မပါပါဘူး၊ အဲဒီလို ရစ်ပတ်နေတာနဲ့ မီးပူဇော်တဲ့နေ့အထိ (၁၄)ရက်ပဲ ကြာတယ်၊ တချို့က (၈)ရက်ပဲ ကြာတယ်တောင် ဆိုကြပါသေးတယ်"

"ဆယ့်လေးရက်ပဲ ထားပါဦးတော့ဘုရား၊ ခုခေတ်ဘုန်းကြီးပျံနဲ့စာရင် အများကြီးကွာပါတယ်ဘုရား"

"လောင်တိုက်တွေ၊ သချိုင်းတော်တွေ၊ တလားကြီး တလားငယ် စသည်တွေ ပါသေးလားဘုရား"

"ဘယ်ကလာ ပါရမှာလဲ"

"အတီးအမှုတ်၊ အဆို၊ အက၊ ဝိုင်းချ ယေဥ်ကျူးတာတွေ ပါသေးလားဘုရား"

"အလောင်းတော်ကို ပူဇော်တဲ့အနေနဲ့က က.တတ်တဲ့သူက ကိုယ်တိုင်က ပူဇော်တယ်၊ အဲဒီလိုပဲ တီးတတ်သူ ကိုယ်တိုင်တီးပူဇော်တယ်၊ ဆိုတတ်သူကလည်းကိုယ်တိုင် သံဝေဂသီချင်းဆိုပူဇော်တယ်၊ ခုခေတ်လိုလူစည်ကားအောင်ဇာတ်သဘင်ငှားရမ်း တီးဆိုကခုန်စေခိုင်းတာမျိုး မဟုတ်ဘူး"

"ဝိုင်းချ၊ ယေဥ်ကျူးတာ ရှင်းပါဦးဘုရား"

"ဝိုတာကတော့ ရာဂ၊ ဒေါသစသည် မကင်းသေးတဲ့ ပုထုဇဥ်ပုဂ္ဂိုလ်တွေ ငိုကြတာပေါ့၊ သီးခြားတော့ ခုခေတ်လိုမင်းသမီးငှားပြီး သရုပ်ပျက် ငိုချင်းမချခိုင်းပါဘူး၊ ယေဥ်လည်း မကျူးပါဘူး"

"ဒီ ငိုချင်းသည်ငှားပြီး ငိုချင်းချတာ၊ ယေဥ်ကျူးတာက ဘယ်ခေတ်ကနေ ဘယ်လိုစလာတာလဲဘုရား"

"အင်း…အဲဒါတော့ ဦးပဥ္စင်းမသိဘူး၊ သုတေသနဆရာပဲ သွားပြီးမေးပေတော့"

"ထားပါတော့ဘုရား၊ သံဝေဂ ဂါထာတွေ ဘာတွေ ရွတ်သေးသလားဘုရား"

"အင်း…ရွတ်တာပေါ့၊ ရွတ်တတ်တဲ့သူတွေက အဲဒီမှာ သဟမ္ပတိဗြဟ္မာကြီးက ဒီလိုရွတ်တယ် -

"အရှင်တို့၊ သတ္တလောက၌ အကျိုးဝင်တဲ့ သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံတဲ့သဘောရှိတဲ့၊ နတ်နှင့်တကွသော လူတို့၏ ဆရာဖြစ်တဲ့၊ တုဘက်ကင်းသော ပုဂ္ဂိုလ်ဖြစ်တော်မူတဲ့၊ အားတော်ဆယ်ပါး စွမ်းပကားသို့ ရောက်

တော်မူတဲ့၊ သဃမ္မျှ မှန်ကင်း တရားမင်းဘုရင် ဘုရားရှင်တောင်မှ ပရိနိဗ္ဗာန် ပြုရတုံသေး၏၊ ဘုရားရှင်မှ တစ်ပါးသောသူသည်သေခြင်းဘေးမှ အဘယ်မှာ လွတ်နိုင်ပါအံ့နည်း၊ သတ္တလောက၌ အကျုံးဝင်ကုန်သော အလုံးစုံကုန်သော သတ္တဝါတို့သည် ခန္ဓာငါးပါး အပေါင်းဆိုတဲ့ အတ္တဘောကို မချွတ်ကေန် စွန့်ပစ်ရကုန်လတ္တံ့"

(သုတ်မဟာဝါ)

"သိကြားမင်းကြီးက ဒီလို သံဝေဂဂါထာရွတ်ပြီး ပူဇော်တယ် –

"အရှင်တို့ . . . သင်္ခါရတရားတို့သည် အမြဲမရှိလေကုန်စွတကား ဖြစ်ခြင်း၊ ပျက်ခြင်း သဘောရှိကုန်၏။ ဖြစ်ပြီး ချုပ်ကုန်၏၊ ထိုသင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်တရားသည်သာလျှင် အလွန်မြတ်သော ချမ်းသာတည်း"

"အရှင် အနုရုဒ္ဓါအရှင်မြတ်က ဒီလို သံဝေဂဂါထာရွတ်ပြီးတော့ ပူဇော်တယ် –

"အရှင်တို့ တဏှာကင်းစင်တော်မူပြီးတဲ့ မြတ်စွာဘုရားသည် နိဗ္ဗာန်သို့ ဝင်စံတော်မူခြင်းကို အကြောင်းပြု၍ စုတေခြင်းကို ပြုတော်မူ၏၊ လောကဓံတရား ရှစ်ပါးတို့ မလှုပ်ချောက်ချားနိုင်သည်ဖြစ်၍ တည်ကြည်သောစိတ်ရှိတဲ့၊ သည်းခံခြင်းလက္ခဏာနှင့် ပြည့်စုံတော်မူတဲ့ ဘုရားရှင်၏ ထွက်သက် ဝင်သက်တို့ မဖြစ်ကုန်ပြီ"

"တွန့်တိုခြင်း မရှိသောစိတ်ဖြင့် ဘုရားရှင်သည် ကာယိက ဒုက္ခဝေဒနာကို သည်းခံတော်မူ၏၊ ဆီမီးငြိမ်းခြင်းကဲ့သို့ ဘုရားရှင်၏ စိတ်တော်သည် သင်္ခါရတရားတို့မှ လွတ်တော်မူပြီ"

(သုတ်မဟာဝါ)

"ရှင်အာနန္ဒာ အရှင်မြတ်က ဒီလို သံဝေဂဂါထာရွတ်ဆို ပူဇော်တယ် –

"အလုံးစုံမြတ်သော အခြင်းအရာနှင့် ပြည့်စုံသော ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ထိုပရိနိဗ္ဗာန်ပြုတော်မူသောအခါ ကြောက်ခြင်းကို ဖြစ်စေတတ်သည့် မြေငလျင်လှုပ်ခြင်း ဖြစ်၏။ ကြက်သီးမွေးညှင်းထခြင်းကို ဖြစ်စေတတ်သည့် မြေငလျင်လှုပ်ခြင်းသည် ဖြစ်၏"

"နေပါဦးဘုရား၊ ခုနက အရှင်ဘုရားပြောတဲ့ အထဲမှာ ဘုရားရှင်အလောင်းတော်ကို အတီးအမှုတ်၊ အဆို၊ အကတွေနဲ့ ပူဇော်တယ်လို့ ပါတယ်၊ အရှင်ဘုရားကလည်း အဲဒါတွေ အပြစ်ပြောတယ်၊ အဲဒါ ဘယ်လိုပါလဲဘုရား"

"ဩော် . . . ဒါ အရှင်းကြီးပဲ၊ ခုနကတုန်းက အလောင်းတော်ကို အတီးအမှုတ်သက်သက်၊ အဆိုသက်သက်၊ အကသက်သက် သူတို့တတ်တာနဲ့ ပူဇော်တယ်၊ လူတွေကို ဖြေဖျော်တာ ဟုတ်ရဲ့လား"

"မဟုတ်ပါ အရှင်ဘုရား"

"အင်း . . . ပူဇော်တာနဲ့ ဖြေဖျော်တာ ကွဲအောင်မှတ်ထား၊ ပြီးတော့ လူမိုက်တွေကို ပွဲနဲ့မျှားပြီး ငွေရှာတာနဲ့လည်း ကွဲအောင် မှတ်ထားနော်"

"မှန်ပါ အရှင်ဘုရား"

"ကဲ . . . ရှင်းပြမယ်၊ ခုခေတ် ဘုရားပွဲမှာ ပွဲထည့်တာဟာ ဘုရားကို ပူဇော်တာလား၊ မတရား ငွေရှာတာလား"

"မတရား ငွေရှာတာပါဘုရား"

"အလှူမှာတော့ ငွေမရှာပါဘူး၊ နာမည်ကြီးချင် ဂုဏ်ကြီးချင်တာနဲ့ "ဘယ်သူ့ဆိုင်းနဲ့ ဧည့်ခံဖျော်ဖြေပါမယ်" လို့ ဖိတ်စာထဲမှာကို ထည့်မရိုက်ဘူးလား"

"မှန်ပါ ထည့်ရိုက်ပါတယ် အရှင်ဘုရား"

"အင်း . . . သွားပြီပေါ့ ဒီအလှူရှင်၊ နဂိုထဲက လူတွေမှာ ရာဂ. ဒေါသစတဲ့ ကိလေသာတွေများပြီး ကုသိုလ်တရားတွေ မေ့မရတဲ့အထဲ သူက ဆိုင်းနဲ့တစ်ခါထပ်ပြီး မေ့အောင်လုပ်တော့ အဲဒီ သူ့အလှူလာသမျှ လူတွေမှာ ဖြစ်သမျှ အကုသိုလ်တွေ အတွက်ပါ သူခံရမှာပေါ့၊ ဒါကြောင့် ဦးပဥ္စင်းက အပြစ်ပြ ဟောတာ"

"မှန်ပါ စုံပါပြီဘုရား၊ သိချင်တာတွေ၊ အရှင်ဘုရားလည်း ညောင်းရော့မယ်၊ ခွင့်ပြုပါဦးဘုရား"

✦ ဘုရားကြောင်းပြ၊ ပွဲထည့်က၊ ကြီးစွာအပြစ် ဖြစ်သတည်း။

✦ ပူဇော် - ငွေရှာ၊ ထိုနှစ်ဖြာ၊ သေချာကျုန ကွဲသင့်တည်း။

✦ ပူဇော် - ဖျော်ဖြေ၊ ထိုနှစ်ထွေ၊ မသေွ အထူးကွဲသင့်တည်း။

✦ ငွေကုန်ခံကာ၊ ငရဲမှာ၊ နေရာဝယ်တာ မကောင်းတည်း။

🕮

# တပည့်တော် စောင်းဟောတယ် ပြောမှာပဲဘုရား

(၆၇)

ဒါန, သီလ, ဘာဝနာ သာမညများသည် ကမ္ဘာ့တန်ဆာ ဓမ္မတာတရားစုများဖြစ်သည်။ ဘုရားမပွင့်သော သုညကမ္ဘာတို့၌လည်း လူ, နတ်, ဗြဟ္မာ ကမ္ဘာနှင့်အပြည့် ရှိကြသည်ပင်၊ ဘုရားမပွင့်ရာ စကြဝဠာ အနန္တတို့မှာလည်း လူ, နတ်, ဗြဟ္မာ စကြဝဠာနှင့်အပြည့်, အပြည့် ရှိကြသည်ပင်။

ယင်း လူ, နတ်, ဗြဟ္မာတို့သည်လည်း အလေ့ပေါက် မဟုတ်ကြ၊ ဒါန, သီလ, ဘာဝနာကြောင့် ဖြစ်ကြရသည်။

သို့ဖြစ်၍ ဘုရားပွင့်ရာ သာသနာတော်နှင့် ကြုံကြိုက်ခဲ့သည် ဆိုရာ၌ လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာကို ရရာ,ရကြောင်းဖြစ်သော ဒါန, သီလ, ဘာဝနာ သာမညများအတွက်နှင့် ဆိုသည်မဟုတ်။ ဗောဓိပက္ခိယတရား (၃၇)ပါးဟူသော ဘုရားသာသနာ အစစ်အတွက်နှင့် ဆိုပေသည်။

အချို့သူတို့ကား အထုံဝါသနာ ပါရမီဗီဇ ဖြစ်ကြသည်ကိုပင် အားရအံ့ချီး အကျိုးကြီးပြုလုပ်၍ ပြောဟောကြကုန်၏။ ဗောဓိပက္ခိယ အနှစ်, အမြစ်မပါ အကာ, အပွေးမျှသာဖြစ်သော အထုံဝါသနာ ပါရမီဗီဇ သာမညများသည် သာသနာပသို့ ရောက်သောအခါ မိစ္ဆာဒိဋ္ဌိ တစ်ချက်လောက်ငြိလျှင်ပင် လွင့်စင်ပြယ်ပျောက်၍ "ဝဋ်သို့အစဉ်လိုက်သော = ဝဋ္ဋာနုသာရီ" မဟာပုထုဇဉ်အနေ, သံသရာ့တစ္ဆေ,သံသရာမြေဘုတ်, မြုပ်မြဲ မျောမြဲ တလဲလဲသာ ဖြစ်ရာ၏။

ထို့ကြောင့်လျှင် ကြောင်း,ကျိုး မြော်မြင် ပညာရှင်ဖြစ်သော အမျိုးကောင်းသားသမီးများသည် မိမိ၏နောင်အလောင်းအလျာ ပါရမီဉာဉ် အစဉ်ခြေမြစ် အနှစ်ရဲရဲ အကယ်မြဲ၍ သွားရန်အကျိုးကို ကောင်းစွာမြော်မြင်လျက် သုံးဖြာဗောဓိ, ဝိဝဋ္ဋမမွလိုရာရနိုင်သော ဗောဓိပဒေသာပင်ကြီးကို တွေ့ကြုံကြ၍ သဗ္ဗညုမြတ်စွာ သာသနာအနှစ်အစစ် ဖကန်တကယ်မှန်သော -

၁။ သတိပဋ္ဌာန် ၄ - ပါး

၂။ သမ္မပ္ပဓာန် ၄ - ပါး

၃။ ဣဒ္ဓိပါဒ် ၄ - ပါး

၄။ ဣန္ဒြေ ၅ - ပါး

၅။ ဗိုလ် ၅ - ပါး

၆။ ဇောဈျင် ၇-ပါး

၇။ မဂ္ဂင် ၈-ပါး

ဟူသော ဗောဓိပက္ခိယတရား (၃၇)ပါးကို ကြိုးစားအားထုတ်ရမည် ဖြစ်၏။ ချဲ့ဦးအံ့ -

သဒ္ဓါသည် ပသာဒသဒ္ဓါ၊ ဩကပ္ပနသဒ္ဓါ၊ အာဂမသဒ္ဓါ၊ အဓိဂမသဒ္ဓါ ဟူ၍ လေးပါးရှိ၏။ ယင်းတွင်

၁။ ကြည်ညိုထိုက်သော ဂုဏ်ကို ကြားရ မြင်ရလျှင် ကြည်ညိုတတ်သော သဒ္ဓါသည် "ပသာဒသဒ္ဓါ" မည်၏။ ဉာဏ်နှင့်မယှဉ်သော ဉာဏဝိပ္ပယုတ် သဒ္ဓါမျိုးဖြစ်၍ သဒ္ဓါခိုင် မဟုတ်။

၂။ ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်များကို ကြားရ, မြင်ရ၍ ကြည်ညိုသောသဒ္ဓါသည် "ဩကပ္ပနသဒ္ဓါ" မည်၏။ ဉာဏ်ယှဉ်သော ဉာဏသမ္ပယုတ်သဒ္ဓါမျိုး ဖြစ်၍ ယခုဘဝမျှတွင် ခိုင်၏။ သေလျှင် ပျောက်၏။

၃။ နိယတဗျာဒိတ်ကို ရပြီးသော အလောင်းအလျာတို့၏ ဒါန, သီလမှုတို့၌ ဖြစ်လေရာရာ အစဉ်ပါ၍နေသော သဒ္ဓါသည် "အာဂမသဒ္ဓါ" မည်၏။

၄။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရ၍ မိမိအဇ္ဈတ္တသန္တာန်၌ နိဗ္ဗာန်ကို မြင်ပြီးသော အရိယာတို့၏ သဒ္ဓါသည် "အဓိဂမသဒ္ဓါ" မည်၏။

ယင်းလေးပါးတွင် "ပသာဒသဒ္ဓါသတ္တိ" မျှသည်ပင် အလွန်ရခဲ၏။ ဗုဒ္ဓသာသနာတော် ထွန်းကားရာနိုင်ငံမှာ နေကြသူ လူအများအပြား ရှိကြ၏။ ပသာဒသဒ္ဓါမျှပင် မဖြစ်လိုကြ။

ဩကပ္ပနသဒ္ဓါနှင့် ပြည့်စုံသောသူသည် မြတ်စွာဘုရား တပည့်သား အနွယ်အဆက်မှန်လျှင် အလဇ္ဇီ၊ ဒုသီလတို့၌ပင် အနွယ်နှင့် စပ်၍ လေးမြတ်ရှိသေနိုင်၏။

အာဂမသဒ္ဓါနှင့် ပြည့်စုံသောသူသည် ဒါန, သီလမှုနှင့် ကင်း၍မနေနိုင်တော့ပြီ။

အဓိဂမသဒ္ဓါနှင့် ပြည့်စုံသောသူသည် နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် သရဏဂုံသုံးပါး၊ နိစ္စသီလငါးပါး၊ သုစရိုက်ဆယ်ပါး၊ ဗောဓိပက္ခိယတရား (၃၇)ပါး၊ သိက္ခာသုံးပါး အစဉ်မြဲ၍သွားတော့၏။

(ဥတ္တမပုရိသ)

ယခုအခါကား ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားသောအချိန်အခါကြီး ဖြစ်၏။ သို့ဖြစ်၍ မိမိသည် မိမိကိုယ်၌လည်း ယင်းသဒ္ဓါများ အဆင့်ဆင့်တည်အောင် ကြိုးစား၍ အများတကာလည်း တည်ပါစေဆိုသည့်သဘောနှင့် မိမိနှင့် နီးစပ်သူများအား ဘုရားရှင်၏ တရားတော်များကို ဟောပြောပြသပေး၏။

တစ်ချိန်သော နေ့ကာလက မိမိသည် မြို့တစ်မြို့တွင် တရားဟော၏။ တရားပွဲမှာ ရက်ရှည်ဖြစ်၏။ တစ်ညတွင် မိမိသည် ရှင်သာရိပုတ္တရာ၏ ညီအငယ်ဆုံး ရှင်ရေဝတ၏ ရှင်သာမဏေဝတ်ခန်း၊ ရဟန္တာဖြစ်ခန်းကို ဟော၏။ နောက်နေ့တွင် မိမိထံသို့ သီလရှင်ငယ်တစ်ပါးနှင့် အဖော်တစ်ယောက် ရောက်လာလျှောက်ထား၏။

"ဘုန်းဘုန်းနဲ့ ကပည့်တော်နဲ့ မသိလို့၊ သိရင် ညကဟောတဲ့တရားကို တပည့်တော် စောင်းဟောတယ် ပြောမှာပဲ ဘုရား"

"ဘာဖြစ်လို့လဲ"

"တပည့်တော်အဖြစ်သနစ်နဲ့ သိပ်တူတာပဲဘုရား"

"ကဲ . . . ဆိုပါဦး၊ နင့်အဖြစ်သနစ်နဲ့ ဘယ်လိုတူလဲ၊ ရှင်ရေဝတအဖြစ်မှန်တော့ ညက ဦးပဥ္စင်းဟောလို့ ပြီးသွားပြီ၊ နင့်အဖြစ်မှန်တော့ နင်ပဲ ဟောပြ၊ ပြီးတော့မှ ဦးပဥ္စင်းကတစ်ဆင့် ရှင်ရေဝတအဖြစ်မှန်ကို ဟောသလို နင့်အဖြစ်မှန်လည်း ပြန်ဟောသင့်က ဟောရမှာပေါ့"

"တပည့်တော်က ငယ်ငယ်ကလေးတည်းက ရဟန်းသံဃာတွေ သီလရှင်တွေကို မြင်ရင် သိပ်ကြည်ညိုတာပဲ ဘုရား"

"အင်း..."

"အထူးသဖြင့် သီလရှင်တွေတွေ့ရင် သိပ်ကြည်ညိုပြီး သီလရှင် သိပ်ဝတ်ချင်တာပဲဘုရား"

"ဝတ်ချင်တော့ မိဘတွေကို ဝတ်ခွင့်မတောင်းဘူးလား"

"တောင်းပါတယ်ဘုရား၊ မိဘတွေကလည်း လောက ဂုဏ်ပကာသနကို လိုလားကြတယ်၊ မက်မောကြတယ်၊ တပည့်တော်ကို အရာရှိ အရာခံ ဖြစ်စေချင်တယ်ပေါ့ဘုရား"

"အင်း... ခုခေတ်မိဘတွေက ဒါမျိုးတွေပဲ များတယ်၊ သာသနာကြည်ညိုတယ်ဆိုတာ အပြောလောက်၊ အယောင်ဆောင်လောက်ပဲ ရှိတော့တယ်"

"တပည့်တော်လည်း ဒီလောက ဂုဏ်တွေ့ ပကာသနတွေကို သိပ်ပြီးတော့ စက်ဆုပ်တယ်ဘုရား၊ ဒါကြောင့် သီလရှင်ဝတ်ဖို့ပဲ အမြဲပူဆာတယ်ဘုရား၊ မိဘတွေကလည်း ခွင့်မပေးဘူး"

"အင်း... ဒါဖြင့် ခုတော့ ဘယ်လို သီလရှင်ဖြစ်လာလဲ"

"တပည့်တော်က "နှောင်အိမ်ထဲက ငှက်ဟာ ထွက်ပေါက်သာ ရှာနေသလို" ဘယ်လိုများ သီလရှင်ဝတ်ရပါ့မလဲလို့ ဒါပဲကြည့်နေတယ်၊ ချောင်းနေတယ်ဘုရား"

"အင်းပေါ့... တကယ့်သဒ္ဓါစစ် သဒ္ဓါမှန်ဆိုရင် ဒီလို ခိုင်မြဲရမှာပေါ့၊ သဒ္ဓါစစ်၊ သဒ္ဓါမှန် မဟုတ်ရင် "ချွေးတိုးကြက်ယက်" ဆိုတာလို သီလရှင်တွေမြင်တဲ့အခိုက် သို့မဟုတ် သံဝေဂဖြစ်စရာတရားကို နာရတဲ့အခိုက်သာ ဖြစ်မှာပေါ့၊ ပြီးတော့ ပျောက်သွားရော၊ အဲဒီလို "ချွေးတိုးကြက်ယက်" သဒ္ဓါမျိုးဖြစ်တဲ့သူတွေတော့ ဦးပဥ္စင်း အများအပြား တွေ့ဖူးသားပဲ၊ သီလရှင်ဝတ်ချင်တယ်၊ ဝတ်ချင်တယ်နဲ့ တော်တော်ကြာ အိမ်ထောင်ကျသွားရော"

"တပည့်တော်က သံဝေဂတရားလည်း မနာရပါဘူးဘုရား၊ ဘယ်လိုကြောင့် ဝတ်ချင်မှန်းလည်း မသိပါဘူးဘုရား၊ သိပ်ဝတ်ချင်တာပဲ"

"အင်း... အတိတ်က ပါရမီဓာတ်ခံ ပါခဲ့လို့ အဲဒီပါရမီဓာတ်ခံက နှိုးဆော်လို့ နေမှာပေါ့"

"မှန်ပါဘုရား၊ ဒီလိုပဲဆိုရမှာပဲ၊ တပည့်တော်နောက်တော့ ဘယ်လိုကြံလည်းဆိုတော့ "ငါတော့ မိဘတွေက ဒီတစ်သက် ဘယ်လိုနည်းနဲ့မှ အကြည်အသာ သီလရှင်ဝတ်ခွင့် ပေးမှာ မဟုတ်ဘူး၊ ငါ့နည်းနဲ့ငါ ဖြစ်သလို ကြံရတော့မှာပဲ" လို့ ကြံတယ်ဘုရား"

"အင်း... အဲဒီတော့ ဘယ်အရွယ်လောက် ရှိလာပြီလဲ၊ ဘယ်နတန်းရောက်ပြီလဲ"

"အဲဒီတော့ ဆယ့်လေးငါးနှစ် ရောက်ပြီပေါ့ ဘုရား၊ အလယ်တန်းရောက်ပြီ ဘုရား"

"အင်း... အဲဒီအချိန်မှာ ကြံပုံကြံနည်း ဆက်ပြောစမ်းပါဦး"

"တပည့်တော် ကျောင်းတက်သွားရင် နေ့တစ်ဝက်ပဲ တက်တော့တယ်ဘုရား"

"ဟင်... သီလရှင်ဝတ်မယ့်သူကလည်း နေ့တစ်ဝက် ကျောင်းပြေးရောလား"

"တင်ပါဘုရား၊ ပြေးတယ်ဆိုပါတော့၊ တပည့်တော်ပြေးတာက အကျိုးမရှိကလေကချေ ပြေးတာမဟုတ်ပါဘူးဘုရား"

"အင်း... ပြောစမ်းပါဦး၊ အကျိုးရှိရှိ ကျောင်းပြေးပုံကို၊ ကျောင်းပြေးတာဟာ နင့်ကျမှပဲ –

၁။ ကလေကချေ ကျောင်းပြေးနည်း

၂။ အကျိုးရှိရှိ ကျောင်းပြေးနည်း

လို့ နှစ်မျိုးမှတ်ရမလို ဖြစ်နေပြီ"

"မှန်ပါ၊ မှတ်ရမှာပဲ ဘုန်းဘုန်းဘုရား"

"ကဲ ... ကဲ ပြောစမ်းပါဦး၊ ဘယ်လိုများ အကျိုးရှိရှိ ကျောင်းပြေးလဲ၊ မှတ်သားပြီး နောင်လာနောက်သားတွေ အကျိုးရှိရှိ ကျောင်းပြေးနည်း သင်ပေးသင့် သင်ပေးရတာပေါ့"

"တပည့်တော်က နေ့တစ်ဝက်ပဲ ကျောင်းတက်ပြီး နောက်ပိုင်းအချိန်ကျတော့ သီလရှင်ကျောင်း ပြေးပြီး သဒ္ဒါတို့၊ သင်္ဂြိုဟ်တို့ကို တစ်နေ့ နည်းနည်းတက်တယ်ဘုရား"

"ဩော် ... ဩော် ဒီလိုကိုး၊ နင့်ကျောင်းပြေးနည်းကားက နင်တစ်ယောက်ပဲ ရှိမယ်ထင်တယ်၊ တစ်ခြား နင်လိုလူ ရှိချင်မှ ရှိမယ်၊ အင်း ... ဟုတ်ဟုတ်ပဲ၊ အဲဒီလို နေ့တစ်ဝက်ပြေးတော့ စာမေးပွဲမကျဘူးလား"

"စာမေးပွဲ တစ်ခါမှ မကျပါဘူးဘုန်းဘုန်း"

"အင်း ... နင့်ဉာဏ်က အကောင်းကြီးပဲ"

"အဲဒီလို ကျောင်းတက်နေရာက မိဘတွေကို သီလရှင်ဝတ်ခွင့် တောင်းပါတယ်၊ မရဘူး၊ ဒီတော့ တပည့်တော် တဖြည်းဖြည်းနဲ့ ကျောင်းစရိတ်ထဲက ချွေချွေပြီး သီလရှင်အဝတ်အစားတွေ ချုပ်တယ် ဘုန်းဘုန်း"

"နင်က ဘယ်လိုချုပ်သလဲ"

"တပည့်တော်တို့အိမ်မှာ စက်ရှိတာကိုး ဘုန်းဘုန်းရဲ့ ချုပ်တတ်တာပေါ့၊ အချိုးအစားတွေ သီလရှင်တွေ မေးရတာပေါ့၊ ချုပ်တော့ မိဘတွေ အလစ်အလစ်မှ ချုပ်ရတယ်ဘုရား၊ တစ်ခါတစ်ခါ ညဘက်မှာ ခြင်ထောင်ထဲဝင်ပြီး ချုပ်ရတယ်ဘုရား၊ အပြင်ကလည်း မမြင်ရအောင် ခြင်ထောင်ကို စောင်ကာရသေးတယ်ဘုရား"

"အင်း ... နင့်ဒုက္ခ မသေးဘူး၊ မီးလောင်လို့ မသေလို့သာ သီလရှင်ဖြစ်တာ၊ မီးလောင်ဖို့ အကောင်းသား၊ အပြင်မှာ ကျောင်းသွားရင်းနဲ့ စက်မှာချုပ်ရင် ပြီးနေတာပဲဟာ၊ ဒုက္ခခံလိုက်ရတာ"

"ဘုန်းဘုန်းကလည်း ကပ်ကပ်သပ်သပ် ချုပ်ရတာ၊ ဘယ်စက်ခတွေ ဘာတွေ အကုန်ခံနိုင်မလဲ၊ သီလရှင်ဝတ်ရင် မိဘတွေက သဘောတူမှာမဟုတ်တော့ သီလရှင်ဘဝကျလည်း ချုပ်ရမယ်ဆိုတော့ ခုကတည်းက ချုပ်တတ်ထားမှပေါ့၊ ပြီးတော့ တစ်ဖက်ကလည်း သီလရှင်ဘဝနဲ့အထိ ဝတ်ဖို့၊ စားဖို့ လုံလောက်အောင်လည်း စုရသေးတယ် ဘုန်းဘုန်းရဲ့"

"အင်း ... နင့်အကြံဉာဏ် အမြော်အမြင် ဘယ်ဆိုးမလဲ၊ ဦးပဉ္စင်းဆိုတောင် ဒီလို ဖြစ်ချင်မှဖြစ်မယ်"

"ဘုန်းဘုန်းကလည်း မြှောက်နေပြန်ပြီ"

"မမြှောက်ပါဘူး၊ ဦးပဉ္စင်းက အမြှောက်အပင့် ဝါသနာမပါဘူး၊ တရားဟောတဲ့အခါ နင်သတိထား နားထောင်ကြည့်ပါလား၊ မြှောက်ပင့်တဲ့သဘော ပါလို့လား၊ တစ်ချို့က ဦးပဉ္စင်းကို ပြောတယ်၊ ဘုန်းကြီးတရားဟောတာက တိုလွန်းတယ်၊ ပြတ်လွန်းတယ်တဲ့"

"ဟုတ်တယ် ဘုန်းဘုန်း၊ ဘုန်းဘုန်းဟောတာ တိုတိုပြတ်ပြတ်ပဲဟာ"

"ကဲ ... ထားပါတော့၊ နင့်သီလရှင်အဝတ်အစားအကြောင်း ဆက်ပြောစမ်းပါဦး"

"တပည့်တော် ကတ်ကြေး၊ ခေါင်းရိတ်ဓား အကုန်ရှာဖွေ စုဆောင်းထားတယ်ဘုရား"

"အင်း...တယ်ဟုတ်ပါလား"

"ဆယ်တန်းအောင်တော့ မိဘတွေက တက္ကသိုလ်သွားဖို့ စီစဉ်တယ်ဘုရား၊ တပည့်တော်က သီလရှင်ဝတ်ဖို့ စီစဉ်တယ်၊ ဒါပေမဲ့ တပည့်တော် အကြံမရဘူး၊ မိဘတွေအစီအစဉ်နဲ့ ရန်ကုန်သွားရပါတယ်"

"အင်း...နင့်ဒုက္ခက မသေးဘူး"

"တင်ပါ ဘုရား၊ ရန်ကုန်ရောက်တော့ တပည့်တော်က (...)ရိပ်သာမှာ သွားပြီး တရားအားထုတ်နေတယ်ဘုရား၊ ကျောင်းနေဖို့ မစီစဉ် မစဉ်းစားတော့ဘူး ဘုန်းဘုန်းရဲ့"

"မိဘတွေက မသိဘူးလား"

"အဲဒါ မိဘတွေက သီလည်းသိရော အိမ်ထောင်ချပေးမှ ကိစ္စအေးမယ်ဆိုပြီး စီမံပြီး တပည့်တော်ကို ပြန်ခေါ်တယ်၊ ဒီကျတော့ အစီအစဉ်လည်းသိရော တပည့်တော် တစ်ချိုးတည်း ကိုယ့်သီလရှင် အဝတ်အစားတွေယူပြီး လစ်တာပဲ ဘုန်းဘုန်း"

"အင်း...အင်း နင့်ဥစ္စာက ခုမှပဲ ရှင်ရေဝတနဲ့ တူတော့တယ်"

"တင်ပါ၊ ဒါကြောင့် ဘုန်းဘုန်းကို ပြောတာပေါ့၊ တပည့်တော်နဲ့ ဘုန်းဘုန်းနဲ့သာ စောစောကသိနေရင် တပည့်တော် စောင်းဟောတယ်ပြောမှာပဲဘုရားလို့"

"ကဲ... ဆက်ပြောပါဦး၊ လစ်တော့ ဘယ်ရောက်လဲ၊ ရှင်ရေဝတက တောရကျောင်း ရောက်တယ်၊ နင်က ဘယ်ရောက်လဲ"

"တပည့်တော်က ရိပ်သာကျောင်း ရောက်တာပေါ့ ဘုန်းဘုန်းရဲ့ ရောက်တယ်ဆို ဆရာတော်ကြီးကို လျှောက်ထားတယ်၊ သီလရှင်ဝတ်ပေးဖို့၊ ဆရာတော်ကြီးက မိဘဆွေမျိုးသားချင်းတွေ မပါလို့ ဝတ်မပေးနိုင်ဘူးတဲ့ဘုရား"

"ဟင်...ဝတ်သာ မပေးနိုင်တယ်၊ ခုတော့လည်း သီလရှင်ဖြစ်နေပါလား"

"ဘုန်းဘုန်းကလည်း မြန်လိုက်တာ၊ တပည့်တော်ပြောတဲ့ စကားမှ မဆုံးသေးပဲဥစ္စာ"

"အင်း... ဦးပဥ္စင်းကတော့ မြန်မြန်ပဲ သိချင်တာပေါ့၊ နင့် သံသရာလည်ကြောကလည်း ရှည်လိုက်တာ၊ ဒီဘဝ တောင် ဒီလောက်ရှည်နေရင် နောက်နောက်ဘဝတွေ ဘယ်လောက်ရှည်ဦးမလဲ မသိဘူး၊ သံသရာလည်ရတာ ကြောက်စရာကြီး၊ အဲဒါဒီဘဝမှာပဲ ကိုယ့်ဒုက္ခကိုယ် ပြန်အာရုံပြုပြီး တရားရအောင် ကြိုးစားနော်၊ ကဲ...ကဲ... ဆက်ဦး၊ နင့်အကြောင်းကို"

"ဆရာတော်ကြီးက ဝတ်မပေးနိုင်ဘူးဆိုတော့ တပည့်တော်ကလည်း သိပ်မဆိုင်းနိုင်ဘူး ဘုန်းဘုန်းရဲ့ တော်တော်ကြာ မိဘတွေလိုက်လာလို့ တွေ့သွားရင် ပြန်ခေါ်သွားမှာ"

"အင်း...ဟုတ်တာပေါ့"

"အဲဒါနဲ့ ဆရာတော် ဝတ်မပေးလည်း တပည့်တော်ဘာသာ တပည့်တော် ဝတ်မယ်ဆိုပြီး ကိုယ့်ပါလာတဲ့ ကတ်ကြေးနဲ့ ကိုယ်ဆံပင် ကိုယ့်ဘာသာကိုယ်ဖြတ်တယ် ဘုန်းဘုန်း"

"တစ်ခြားသီလရှင်တွေ ဖြတ်ခိုင်းပါလား"

"သူတို့လည်း ဖြတ်မပေးရဲဘူးတဲ့ ဘုန်းဘုန်းရဲ့"

"အမယ်လေး ကြောက်စရာမရှိတာ ကြံကြောက်နေရသေးလား၊ ကိုယ်က အတင်းဖြတ်တာမှ မဟုတ်တာ၊ ကာယကံရှင်က ဖြတ်ခိုင်းလို့ ဖြတ်ရတာပဲဟာ"

"ဆံပင်ဖြတ်တာက ထားပါဦး ဘုန်းဘုန်းရယ်၊ ဆံပင်ဖြတ်ပြီးပြီ ခေါင်းရိတ်ပေးပါဦးဆိုလည်း ရိတ်ပေးမယ့်သူ မရှိဘူး ဘုရား"

"အင်း…အင်း… ဆရာတော်ကြီးက ခွင့်မပေးတော့ သူတို့လည်း ကြောက်ကြမှာပေ့ါ"

"ဒါနဲ့ တပည့်တော်လည်း ရိတ်မပေးလည်း နေ ဆိုပြီး ကိုယ့်ဘာသာကိုယ် ရိတ်တာပေ့ါ ဘုန်းဘုန်းရဲ့"

"အမယ်…တယ်ဟုတ်ပါလား၊ ထိမကုန်ဘူးလား"

"နည်းနည်းတော့ ထိတာပေ့ါ ဘုန်းဘုန်းရဲ့ သည်းခံရတာပေ့ါ"

"အင်း…ခေါင်းရိတ်ပြီးတော့ ဆရာတော်ကြီးက သီလရှင်ဝတ်ခွင့် ပေးရောလား"

"ဝတ်ခွင့်မပေးဘူး ဘုန်းဘုန်းရဲ့"

"ဟင်း…ခေါင်းရိတ်ပြီးတာလည်း ဝတ်ခွင့်မပေးသေးဘူး"

"မှန်ပါဘုရား၊ အဲဒါနဲ့ ဆရာတော် ဝတ်ခွင့်မပေးလည်း တပည့်တော်ဘာသာ တပည့်တော်ဝတ်မယ်ဆိုပြီး ဝတ်တယ် ဘုန်းဘုန်းဘုရား"

"အင်း…ဘယ်သူက သီလပေးလဲ"

"သီလရှင်ဝတ်ပြီး ဆရာတော်ဆီ သီလပေးဖို့ သွားပြီးလျှောက်ထားတယ်၊ ဆရာတော်ကြီးက မပေးဘူး"

"ဟင်…ဒါဖြင့် ဘယ့်နယ်သီလယူလဲ"

"ဆရာတော်သီလမပေးရင် တပည့်တော် ဘုရားဆီမှာ ယူမယ်ဆိုပြီး ဘုရားဆီမှာ သီလယူရတယ် ဘုန်းဘုန်းရဲ့"

"အင်း…အင်း…နင့်အဖြစ်က ဒီနေရာမှာ ရှင်ရေဝတအဖြစ်ထက်တောင် ဆိုးပါသေးလား၊ ရှင်ရေဝတကမှ အကျိုးအကြောင်း ပြောပြတော့ တောရဆရာတော်တွေက ကျေကျေနပ်နပ် စနစ်တကျ ကိုရင်ဝတ်ပေးလိုက်တယ်"

"မှန်ပါဘုရား၊ တပည့်တော် သီလရှင်အဖြစ်မှာဖြင့် ခက်လိုက်တာ လွန်ပါရော"

"နောက် ဘယ်တော့မှ ဆရာတော်ကြီးက ဝတ်ခွင့်ပေးလဲ"

"နှစ်ရက်ကြာမှ ဝတ်ခွင့်ပေးတယ်ဘုရား၊ အဲဒီမှ အကျိုးအကြောင်းမေးပြီး သီလပေးတယ်"

"နင့်မိဘတွေနဲ့ ဘယ်တော့မှ ပြန်တွေ့လဲ"

"နှစ်လလောက်ကြာမှ သူတို့သတင်းကြားလို့ လိုက်လာတယ်"

"လိုက်လာတော့ ပြန်မခေါ်သွားဘူးလား၊ လူမထွက်ခိုင်းဘူးလား"

"အမေဆိုတာ တပည့်တော်လည်း မြင်ရော ငိုလိုက်တာ၊ ပြန်လိုက်ဖို့လည်း ပြောတယ်၊ လူထွက်ဖို့လည်း ပြောတယ်၊ တပည့်တော်ကလည်း မလိုက်ဘူး၊ မထွက်ဘူးဆို အတင်းငြင်းတယ်"

"အင်း…ဒီတော့ ဘာပြောလဲ"

"ဒီတော့ သူတို့က ပြန်မလိုက်ဘူး၊ လူမထွက်ဘူးဆိုရင် အမွေပြတ်တဲ့ ပြောတယ်၊ တပည့်တော်ကလည်း အမွေလည်း မလိုချင်ပါဘူး၊ အမွေပြတ်ဆိုတော့ ဝမ်းတောင်သာသွားသေးတယ်၊ ငါခုမှ လွတ်လပ်တော့တယ်လို့"

"သူတို့လည်း အဲဒီလို အမွေဖြတ် ပြန်ရောလား"

"မှန်ပါ၊ အမွေပြတ်ဆိုပြီး ဆရာတော်ကြီးကို ပေးခဲ့ပါတယ် ဘုန်းဘုန်း"

"နောက် သူတို့ မလာတော့ဘူးပေ့ါ"

"နှစ်နှစ်ကျော်မှ လာတယ်ဘုန်းဘုန်း၊ ဒီတော့မှ သူတို့ စိတ်ပြောင်းသွားတယ်"

"အင်း…နင့်မိဘတွေကလည်း ရှင်ရေဝတ မိဘတွေနဲ့ မနီးရိုးစွဲ ဒိဋ္ဌိတွေလားမှ မသိဘဲနဲ့"

"တပည့်တော်မိဘတွေက ဘုရားသွား ကျောင်းတက်တော့ ရှိပါသေးတယ်ဘုရား"

"အင်း…တစ်ချို့က လူကသာ ဘုရားသွား ကျောင်းတက်နေတာ အယူကတော့ ဒိဋ္ဌိဖြစ်နေတာ တစ်ပုံကြီးပဲ"

"ဟုတ်လားဘုရား"

"ဟုတ်တာပေါ့၊ ကဲ…ထားပါဦး အဲဒါကို၊ နင် သီလရှင်ဝတ်ပြီးတော့ ပရိယတ်၊ ပဋိပတ် ဘယ်လိုလဲ ပြောစမ်းပါဦး"

"တပည့်တော် သီလရှင်တစ်ဝါမှာ အဘိဓမ္မာအောင်တယ်ဘုရား၊ နှစ်ဝါမှာ အငယ်အောင်တယ်ဘုရား"

"အမယ်…အဟုတ်ကြီးပဲ၊ ဘယ်သူ စာချပေးလဲ"

"ဆရာတော်ကြီးပဲ စာချပေးတယ်ဘုရား"

"ဒီနှစ် မဖြေဘူးလား"

"မျက်စိအားနည်းလို့ဘုရား၊ ဒီနှစ်တော့ နားထားပါတယ်"

"အင်း…နင်နဲ့ ရှင်ရေဝတနဲ့ တော်တော်တူတယ်နော်"

"မှန်ပါ၊ ဒါကြောင့် ဘုန်းဘုန်းကို တပည့်တော် လျှောက်တာပေါ့၊ တပည့်တော်နဲ့သာသီရင် တပည့်တော် စောင်းဟော တယ်လို့ ပြောမှာပဲလို့"

"ဒါပေမဲ့ နင်နဲ့ ရှင်ရေဝတနဲ့က ရှေ့ပိုင်းမှာ တူတာ နောက်ပိုင်း မတူဘူး"

"ဟုတ်တယ် ဘုန်းဘုန်း၊ ရှင်ရေဝတက တောရကျောင်းမှာ ကိုရင်ဝတ်ပြီး အဲဒီတောရမှ ရှားတောထဲတစ်ဆင့် ပြေး တယ်မဟုတ်လား"

"အင်း…ဟုတ်တာပေါ့၊ ရှင်ရေဝတက အဲဒီလိုပြေးပြီး တရားအားထုတ်တာ သုံးလကျော်ကျော်လောက်မှာ ရဟန္တာ ဖြစ်သွားတာပဲ"

"တပည့်တော်လည်း ပြေးမယ်ဘုရား"

"အင်း…ဦးပဉ္ဇင်းသဘောတော့ ပြေးတာ သဘောကျတယ်၊ နင်က ငယ်သေးတော့ ဒီမှာဆို စာသင်ဖော် မရှိဘူး၊ စာသင်ဖော်ရှိတဲ့ဆီမှာ ပြေးပြီးစာသင်၊ ပြီးတော့ ပြန်လာပြီး ဆရာတော်ကြီးကို ပြုစုပေါ့၊ တော်တော်ကြာ စာမတတ် ပေမတတ် နဲ့အသက်ကလည်းကြီး တယ်ဟန်မကျဘူး"

"ဦးပဉ္ဇင်းတို့ သာသနာတော်ထမ်း ရဟန်းတွေကလည်း အမျိုးမျိုးရှိတယ်၊ အဲဒါကို လယ်တီဆရာတော်ဘုရားကြီးက လက္ခဏာသုံးပါး လက္ခဏာလေးပါးနှင့် ဒီလိုခွဲပြတယ် -

၁။ ပညာပဗ္ဗဇိတရဟန်းမျိုးသည် တတ်မှု, သိမှု, အလိမ္မာမှုကို ကြိုးစားအားထုတ်သည်။

၂။ သဒ္ဓါပဗ္ဗဇိတရဟန်းမျိုးသည် စုတင်စသော သီလအကျင့်စသည်ကို ကြိုးစားအားထုတ်သည်။

၃။ ဘယာပဗ္ဗဇိတရဟန်းမျိုးသည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စတဲ့ ပစ္စည်းလာဘ်လာဘရမှုကို ကြိုးစားအား ထုတ်သည်။

"ဒါက မြင်လျှင်သိဖို့ ပဗ္ဗဇိတလက္ခဏာသုံးပါးပဲ၊ လေးပါးက ဘယ်လိုလဲဆိုတော့ -

၁။ ပညာပဗ္ဗဇိတရဟန်းသည် ပညာကို ကြိုးစားသည်။

၂။ သဒ္ဓါပဗ္ဗဇိတရဟန်းသည် အကျင့်ကို ကြိုးစားသည်။

၃။ လောဘပဗ္ဗဇိတရဟန်းသည် အစားကောင်း၊ အဝတ်ကောင်း၊ အိပ်ရာနေရာကောင်း၊ အရိပ်အာဝါသ ကျောင်းကန်ကောင်းဖို့ ကြိုးစားသည်။

၄။ မောဟပဋိစ္ဆာရဟန်းသည် အမေ့တလျော့ အမှတ်တမဲ့နှင့် နေကုန်မှုကို ကြိုးစားသည်။

"ဒါက မြင်လျှင်သိဖို့ ပဋိစ္ဆာလက္ခဏာ လေးပါးပဲ၊ အဲဒီလက္ခဏာတွေမြင်လျှင် ဘယ်လိုရဟန်းဆိုတာ မသိနိုင်ဘူးလား၊ သိနိုင်လား"

(ဥတ္တမပုရိသဒီပနီ)

"သိနိုင်ပါတယ် ဘုန်းဘုန်းဘုရား"

"အင်း ... နင်တို့ သီလရှင်တွေကိုလည်း သင်္ဂဇာဆရာကြီးက လေးမျိုးခွဲပြထားတယ်၊ နင်တွေ့ဖူးလား"

"မတွေ့ဖူးပါ ဘုန်းဘုန်းဘုရား၊ ပြောပြစမ်းပါဦး၊ ဘာတွေလဲလို့"

"အင်း ... သီလရှင်လေးမျိုးက ဘာတွေလဲဆိုတော့ -

၁။ မယ်သီလ

၂။ မယ်သီလန်

၃။ မယ်သီလေ

၄။ မယ်သီလောတဲ့ အဲဒီလေးမျိုးပဲ

အဲဒီလေးမျိုးမှာ မယ်သီလတစ်မျိုးပဲ ကောင်းတယ်၊ သီလ. သမာဓိ. ပညာ. သိက္ခာသုံးပါး အကျင့်တရားနဲ့ ပြည့်စုံတဲ့ သီလရှင်မှ ကောင်းတယ်၊ အဲဒီလို သီလရှင်ကို "မယ်သီလ" ခေါ်တာပဲ၊ အဲဒါ နင်လည်း မယ်သီလဖြစ်အောင် ကြိုးစားနော်"

"မှန်ပါ၊ တပည့်တော် ကြိုးစားပါ့မယ်ဘုန်းဘုန်း"

"ကြိုးစားမယ်ဆို သိပ်ဆိုင်းလို့ ဖြစ်တာမဟုတ်ဘူး၊ အရွယ်တွေ အသက်တွေက ကိုယ့်ကို ဆိုင်းတာမဟုတ်ဘူး၊ ကြီးလာရင် ဉာဏ်က ထိုင်းထိုင်းလာတယ်၊ ဦးပဥ္စင်းတို့တောင် ရေးတုန်းကနဲ့ အခု ကျက်ဉာဏ်ချင်း မတူတော့ဘူး၊ ခုဆို စာကျက်လို့ မကောင်းတော့ဘူး၊ အဲဒါကြောင့် အချိန်မနှောင်းစေနဲ့နော်"

"မှန်ပါ ဘုန်းဘုန်းဘုရား"

"ကဲ ... သွားတော့ သွားတော့ ညောင်းပြီ"

✦ ကာမဂုဏ်ထောင်၊ ထိပ်တုံးနှောင်၊ လွတ်အောင်ရုန်းထွက်နိုင်စေသော်။

✦ ပရိယတ်၊ ပဋိပတ်၊ ထိုနှစ်ရပ်၊ အတတ်သင်ကျင့်နိုင်စေသော်။

# ဖိုလ်ဝင်စားတာ ဘယ်နှစ်ယောက်ရှိသလဲဘုရား

(၆၈)

"အစစ်တစ်ခု အတုတစ်ထောင်" ဆိုသော စကားသည် မှန်လှ၏။ မည်သည့်အရာ၌မဆို အစစ်၏ အဖိုးတန်ကြောင်း အများက အလေးပြုကြောင်း သိကြလျှင် အတုတွေ အလျှိုအလျှို ပေါ်လာတတ်သည်။

ထင်စွာပြဦးအံ့၊ ရှေးကရော ယခုပါ အဖိုးတန်၍ အများမြတ်နိုးအပ်သော စိန်၊ ကျောက်၊ ရွှေ၊ ငွေ စသော ပစ္စည်းတို့၌ စိန်တုကျောက်တု၊ ငွေတု၊ ရွှေတုစသောအတုတွေဖြစ်ပေါ်နေသကဲ့သို့အစစ်အမှန်အဖိုးတန်သောဘုရား၊ တရား၊ သံဃာရတနာ သုံးပါး၌လည်း ဘုရားတု၊ တရားတု၊ သံဃာတုတွေ ပေါ်လာတော့၏။

စိန်ရွှေအတု ပေါ်လာသောအခါ စိန်ရွှေအစစ်သည် တဖြည်းဖြည်း ကွယ်ပျောက်ရတော့၏။ အစစ်နှင့်အတု မခွဲခြားတတ်သော သူတို့အတွက်မူ အစစ်နှင့်အတုမှာ မထူးခြားချေ။

စိန်ရွှေအစစ်နှင့်အတု တန်ဆာနှစ်ခုကို ယှဉ်၍ရောင်း၏။ အစစ်နှင့်အတုမှာလည်း ခွဲမရအောင် တူ၏။ အဖိုးမူ ကွာခြား၏။ အတုမှာ ဈေးသက်သာ၏။ အစစ်မှာ ဈေးကြီး၏။ ထိုအခါ ဝယ်သူက ဘယ်တန်ဆာကို ဝယ်မည်နည်း။ ဈေးသက်သာသော အတုကိုသာ ဝယ်ယူမည်ဖြစ်၏။ ထိုအခါ အစစ်မှာ အသုံးနည်း၍ သိမ်းဆည်းထားရတော့၏။ အတုသာ အရောင်းသွက်တော့၏။

ယခုခေတ်သည် ဝိပဿနာခေတ်ဖြစ်၏။ အမြို့ မြို့အရွာရွာတွင် ဝိပဿနာခေတ်စားလျက် ရှိ၏။ တရားဟောတာ တောင်မှ ဝိပဿနာတရားမှ ကြိုက်သူ များလာ၏။ ဝိပဿနာတရားမှ မပါလျှင် တရားမဟုတ်သလို ဖြစ်လာ၏။

ယင်းသို့ဝိပဿနာတရားနာကြားသူများလာသဖြင့်ဟောကြားသူလည်းများလာ၏။ နာကြားရာမှတစ်ဆင့်အားထုတ်သူလည်း များလာ၏။ ယင်းသို့ဖြင့် ဝိပဿနာတရားဟောသူ ပြသူ များလာသလို နာကြား အားထုတ်သူလည်း များလာသည်။

ဘယ်အရာမဆို များလာလျှင် အတုပါလာတတ်သလို ခေတ်စားလာသော ဝိပဿနာတွင်လည်း အတုတွေ ပါဝင်လာတော့၏။ အတုနှင့်အစစ်မှာ ယှဉ်၍ဟောလျှင် အတုကလွယ်၍ အစစ်က ခက်သောကြောင့် အတုကို အကြိုက်များ၏။ အစစ်ကို အကြိုက် နည်း၏။

ထို့အတူပင် အစစ်နှင့်အတုကို ယှဉ်၍ အားထုတ်လျှင် အစစ်သည် ရခဲ၏။ အတုသည် ရလွယ်၏။ ထိုအခါ ရခဲသော အစစ်ကို လူကြိုက်နည်းကာ ရလွယ်သောအတုကို လူကြိုက်များ၏။

ယင်းသို့ဖြင့် ဝိပဿနာတရားအစစ် ဟောပြောမှု အားထုတ်မှုများ တစ်စတစ်စကွယ်ပျောက်ကာ အတုဟောပြောမှု အတုအားထုတ်မှုများသာ ခေတ်စား၍ လူကြိုက်များလာ၏။

ထိုအခါ မဂ်ဖိုလ်နိဗ္ဗာန်ကို တကယ်လိုလား၍ တရားအစစ်အမှန်ကို အားထုတ်လိုသော အမျိုးကောင်းသားသမီးတို့ အဖို့ အတုတွေကိုမြင်ကာ အစစ်တွေအပေါ်ပါ အထင်သေး၍ အစစ်တွေဆီသို့ပင် မရောက်တော့ဘဲ အစစ်တရားနာကြားမှုရော အားထုတ်ခွင့်ပါ မရတော့ပေ။

ယင်းသို့ဖြင့် ထိုအမျိုးကောင်း သားသမီးတို့မှာ သာသနာတော်နှင့် တွေ့ရကျိုးမနပ်ဘဲ၊ သာသနာတော်နှင့် တွေ့ရကျိုး ကြီး ဆုံးရှုံးရတတ်၏။

## ကိုယ်တွေ့အဖြစ်အပျက်

ယင်းဆုံးရှုံးမှုမျိုး မိမိကိုယ်တိုင် ကြုံဆုံခဲ့ရ၏။ တစ်ချိန်သော ဆောင်းကာလက ဖြစ်ခဲ့၏။ မိမိနှင့်အတူ မိတ်ဆွေတစ်စု တရားဌာနတစ်ခုတွင် တည်းခိုနေရ၏။ မိမိတို့အား ယင်းဌာနမှ ဆိုင်ရာပုဂ္ဂိုလ်များက တရားအားထုတ်ဖို့ တိုက်တွန်း၏။

မိမိမှာ တရားအားထုတ်ချင်စိတ် နည်းနည်းမှ မဖြစ်ပေါ်ခဲ့ပါ။ သဒ္ဓါတရား ခေါင်းပါး၍တော့ မဟုတ်ပါ။ နည်းပြသူ၊ အားထုတ်သူတို့ အခြေအနေကို ကြည့်၍ မျက်စိမပြည့်၍ ဖြစ်သည်။

မိမိမှာ နဂိုကမှ မျက်စိမပြည့်၍ အားမထုတ်ဖြစ်ရတဲ့အထဲတွင် အားထုတ်သူအချို့လည်း ကမ္မဋ္ဌာန်းဆရာများနှင့် အဆင်မပြေ၍ တစ်ဝက်နှင့်ပဲ အားမထုတ်ဘဲ တရားထွက်လာသည်ကို တွေ့ရပြန်သည်။ ထိုအခါ မိမိက မေးကြည့်သည် –

"ဘယ့်နယ်လဲ၊ ဘာဖြစ်လို့ ရက်ကုန်အောင် အားမထုတ်တာလဲ"

"ဟာ ...ကမ္မဋ္ဌာန်းဆရာကလည်း တယ် ...ဒေါသကြီးတာပဲဟ"

"ဟ ... ဘယ့်နယ် ကမ္မဋ္ဌာန်းဆရာက ဒေါသကြီးမှာလဲ၊ ကမ္မဋ္ဌာန်းဆရာဆိုတာ ဒေါသစတဲ့ ကိလေသာတွေ နည်းပါးအောင်, ကုန်ခန်းအောင် ကိုယ်တိုင်ကျင့်ပြီး သူတစ်ပါးတွေကိုလည်း ကိုယ်လိုဖြစ်အောင် ပြပေးနေသူ မဟုတ်လား"

"သွားပြီး အားထုတ်ကြည့်စမ်းပါဦး ဆရာကြီးရ၊ သိချင်တာလေးတစ်ခု သွားမေးမိပါတယ်၊ မာန်လိုက် ထန်လိုက်တာ လန့်ရောပဲ"

"သိချင်တာတော့ မေးရမှာပေါ့၊ သိချင်တာ မမေးရရင် ရှေ့ဆက်လက်အားထုတ်လို့ ဘယ်ဖြစ်ပါတော့မလဲ"

"အေး ... သဘောကတော့ ဒီလိုပဲပေါ့၊ ဒါပေမဲ့ အာဏာတော်က "မမေးနဲ့တဲ့၊ အားသာထုတ်တဲ့၊ တော်တော်ကြာ ပြဿနာပြေလည်သွားမယ်"တဲ့"

"မေးလို့ပြေလည်ရမယ့်ပြဿနာဟာမေးမှပြေလည်မှာ၊အားထုတ်လို့ပြေလည်ရမယ့်ပြဿနာဟာလည်းအားထုတ်မှ ပြေလည်မှာ၊ တစ်ခြားစီ တစ်ကဏ္ဍစီပဲ၊ ဘယ့်နယ် ဆွေးနွေးမှုနဲ့ အားထုတ်မှု သွားရောရတာလဲ၊ အဲဒီသိချင်တာလေးက "ပလိဗောဓ" ပဲ မဟုတ်လား၊ သူက နှောင့်ယှက်တားဆီးနေတာနဲ့ ရှေ့ဆက်လက်အားထုတ်လို့ ဘယ်ရတော့မလဲ"

"အမယ် ဆရာကြီးက ပလိဗောဓတွေ ဘာတွေနဲ့ စာသံပေသံ သွားမပေးနဲ့ဦး "စာခံတယ်"ဆိုပြီး သာ၍ပင် မာန်ထန် လိုက်ဦးမယ်"

ယင်းသို့ဖြင့် မိမိမိတ်ဆွေတစ်စုလည်း တရားအားထုတ်မှု နိဂုံးချုပ်လိုက်ရ၏။ မိမိလည်း မျက်မြင်အထင်နှင့် အဖြစ်အပျက်ကိုယ်တွေ့ကြောင့် ထိုအချိန်မှ စ၍ တရားဌာနနှင့် ဝေးခဲ့၏။

## မိတ်ကောင်း ဆွေကောင်း

ရက်ကို လ,စား၊ လ,အား နှစ်ဖြုန်း၍ အချိန်တွေ ကုန်ဆုံးခဲ့၏။ တစ်နေ့ ဒိမိမိတ်ဆွေတစ်စု၏ တောရဆောက်တည်၍ တရားအားထုတ်နေသည့် သတင်းကို ကြားရ၏။ ထိုအခါ ဘုရားရှင်၏ မိန့်ကြားချက်ကို ကြားယောင်လာသည် -

"ရဟန်းတို့ အရုဏ်တက်ခြင်းသည် နေထွက်ခြင်း၏ ရှေ့ပြေးနိမိတ်ဖြစ်သလို မိတ်ကောင်းဆွေကောင်း ရှိခြင်းသည် အရိယမဂ်ကို ရခြင်း၏ ရှေ့ပြေးနိမိတ် ဖြစ်၏"

(မဂ္ဂသံယုတ်)

"ရဟန်းတို့ မိတ်ကောင်း,ဆွေကောင်းဟူသော တစ်ခုသောတရားသည် အရိယမဂ်ကို ရခြင်းငှာ ကျေးဇူး များလှ၏"

"ရဟန်းတို့ မဖြစ်သေးသော အရိယမဂ်ကို ဖြစ်ပေါ်စေခြင်း၊ ဖြစ်ပြီးသော အရိယမဂ်ကို ပြည့်စုံလုံလောက်ခြင်းသို့ ရောက်ခြင်းငှာ မိတ်ကောင်းဆွေကောင်းမှတစ်ပါး တခြားတရား တစ်စုံတစ်ခုကိုမျှ ငါမမြင်"

(မဂ္ဂသံယုတ်)

"အင်း . . . မိတ်ကောင်း,ဆွေကောင်းဟာ တယ်ပြီးအရေးကြီးပါလား၊ ငါ့မှာ မိတ်ဆွေကောင်းတွေကို အမှတ်ရကာမျှနှင့်ပင် တရားအားထုတ်ချင်စိတ်ဖြစ်လာပြီး၊ သူတို့နှင့်အတူတကွနေထိုင်ပြီး နည်းလမ်းတကျ အားထုတ်ရလျှင် အကျိုးရှိမှာ ကေန်ပဲ" သို့ စဉ်းစားပြီး မိမိသည် မိတ်ဆွေကောင်းတွေရှိရာ တောရသို့ ယွန်းခဲ့တော့သည်။

ယင်းတောရတွင် အတန်ကြာအောင် နည်းယူအားထုတ်ပြီးသော် မိမိတစ်ပါးတည်း မိတ်ဆွေတွေနှင့် ခွဲထွက်ကာ တောရတစ်ခု ပြောင်းခဲ့၏။ ယင်းတောရတွင် အတန်ကြာအောင် နေပြီး တောရတစ်ခုပြောင်းရန် စီစဉ်ပြန်၏။ ထိုအခါ မိမိ၏ ဆွမ်းခံရွာမှ ဒကာ ဒကာမများက လျှောက်ထားလာသည်။

"ဦးပဉ္ဇင်းဘုရား၊ ဦးပဉ္ဇင်းတို့ပဲ ဟောပါတယ်၊ အသက်သည် အမြဲမရှိ၊ သေခြင်းသည်ကား မြဲ၏။ ငါသည် မချွတ် သေရလတ္တံ့တည်း၊ သေခြင်းလျှင် အဆုံးရှိသတည်း၊ အသက်သည်သာလျှင် အမြဲမရှိ၊ သေခြင်းသည်သာလျှင် မြဲ၏"

(ဓမ္မပဒ)

"ယခု ဦးပဉ္ဇင်းဘုရားက တစ်နေရာပြောင်းတော့မယ်၊ နောင်အခါ ဦးပဉ္ဇင်းဘုရားနှင့် တပည့်တော်တို့နှင့် တွေ့ဆုံချင်မှ တွေ့ဆုံတော့မှာ၊ ယခုလို တွေ့ဆုံတုန်း ဦးပဉ္ဇင်းဘုရား နေရာမပြောင်းမီ တပည့်တော်တို့အား တရားပြပေးပါ အရှင်ဘုရား"

ယင်းသို့ဖြင့် မိမိသည် ဆွမ်းခံရွာရှိ ဒကာ ဒကာမများအား တစ်ဝါတွင်းစာ ဆယ့်သုံးရက်စခန်း တရားပြရန် တာဝန် ယူလိုက်၏။ တစ်ဝါတွင်းမှာ ရက်ပင်များသော်လည်း ဥပုသ်ရက်နေ့အနေနှင့် ဆယ့်သုံးရက်ပင် ရှိသည် မဟုတ်လော။

မိမိ၏ ဆယ့်သုံးရက်စခန်း အစီအစဉ်မှာ နံနက်ပိုင်းတွင် သီလယူပြီး တရားတစ်နာရီဟောသည်။ ကျန်အချိန်များတွင် တရားအားထုတ်၊ နေ့လယ်ပိုင်းတွင် တရားတစ်နာရီ မိမိရှေ့တွင် အားထုတ်စေပြီး ဆက်၍ တရားဟောသည်။ ပြီးသော် တရား အားထုတ်စေသည်။ ညပိုင်းတွင် အားထုတ်စေသည်။

တစ်နေ့ နေ့လယ်ပိုင်း မိမိရှေ့တွင် ယောဂီများ တရားအားထုတ်နေစဉ် တရားပြဆရာတစ်ယောက် ရောက်လာသည်။ ယောဂီများ တရားအားထုတ်ပုံ အခြေအနေကို အတော်ကြာကြာ လေ့လာအကဲခတ်ကာ ပြန်သွားသည်။ နောက်နေ့တွင် မိမိနှင့် တွေ့သော် မေးလျှောက်လေသည်။

"ဦးပဥ္စင်းဘုရား၊ မနေ့က တရားပြနေတာ ယောဂီငါးဆယ်လောက် ရှိတယ်မဟုတ်လား"

"အင်း... ရှိလိမ့်မယ်ထင်တယ်"

"ယောဂီတွေ အခြေအနေကြည့်ရတာ သိပ်ကောင်းပါတယ်ဘုရား"

"အင်း... ကောင်းဆို သူတို့ နဂိုက အားထုတ်ဖူးသူ ယောဂီအဟောင်းက နှစ်ဆယ်လောက် ပါတယ်၊ ခုမှ အသစ်က သုံးဆယ်လောက်ပါတယ်"

"အဲဒီ ယောဂီ ငါးဆယ်လောက်ထဲမှာ ဖိုလ်ဝင်စားတာ ဘယ်နှစ်ယောက်ရှိသလဲ ဘုရား"

မိမိမှာ မမျှော်လင့်သောအမေးကြောင့် အံ့သြသွားရတော့သည်။ သို့ အံ့သြရင်းနှင့်ပင် ပြန်ဖြေရသည်။

"ဘယ်သိမလဲ ဒကာကြီး"

"လေးယောက် ရှိတယ်ဘုရား၊ လေးယောက်ရှိတယ်"

မိမိမှာ ဖိုလ်ဝင်စားသူ လေးယောက်ရှိတယ်ဟု အတိအကျ ပြောနေပြန်၍ ပို၍ အံ့သြရပြန်သည်။

"အင်း... သူက ထိုင်ကြည့်နေတာနဲ့ အများထဲမှ ဘယ်သူဖိုလ်ဝင်စားတယ်လို့ ဘယ်လိုလုပ်သိတာလဲ"

သို့ဖြင့် မိမိက မေးရသည်။

"ဘယ်သူတွေလဲ နာမည်ပြောစမ်းပါ"

ယင်းတရားပြဆရာမှာ ယင်းရွာမှ လူများနှင့် အကျွမ်းတဝင် ရင်းနှီးပြီးသားဖြစ်၍ နာမည်တွေ အကုန်သိသည်။ သို့ဖြစ်၍ မိမိက နာမည်ပြောရန် မေးရ၏။

"ယောကျ်ားထဲက နှစ်ယောက်. မိန်းမထဲက နှစ်ယောက်ဘုရား"

မိမိမှာ စိတ်ထဲမှ ညည်းနေမိ၏။

"အင်း...တယ်ခက်တဲ့ဒကာကြီးပဲ၊ ရှင်းရှင်းလင်းလင်း ပြောလိုက်ရင်ပြီးနေတာပဲဟာ၊ ယောကျ်ားထဲက နှစ်ယောက်. မိန်းမထဲက နှစ်ယောက် လုပ်နေရသလား"

ထိုစဉ် မေးပြန်၏။

"ဦးပဥ္စင်းဘုရား၊ စမ်းချင်သလား"

"ဘယ်လို စမ်းမလဲ၊ စမ်းနည်းကို ပြောစမ်းပါဦး"

"ဦးပဥ္စင်းဘုရား ဓမ္မစကြာကို ပါဠိရော.အနက်ပါ ရလား"

"ရပါတယ်"

"မနက်ဖြန်ကျတော့ တပည့်တော် လာခဲ့မယ်၊ ဦးပဥ္စင်းတရားပြတဲ့ နောက်ဘက်မှာ ကန့်လန့်ကာသီးသန့် ကာထားခိုင်းပါ"

"ဘာလုပ်ဖို့လဲ"

"အဲဒီမှာ ယောဂီလေးယောက်ကို ခေါ်ပြီး စမ်းရမှာဘုရား"

"နေပါဦး၊ ဘယ်လို စမ်းရမလဲ၊ စမ်းပုံစမ်းနည်းကို အရင်ပြောစမ်းပါဦး"

"ယောဂီတွေက ရှေ့မှာ တရားနာသလို လက်အုပ်ချီပြီး မျက်စိမှိတ်နေ၊ ဦးပဉ္ဇင်းက ရှေ့ကနေပြီး ပါဠိတစ်ပုဒ်, အနက်ပေးတစ်ပုဒ်နဲ့ ဓမ္မစကြာကို ဟောပေးရမယ်"

"အင်း...အဲဒီလို ဟောပေးတော့ ဘယ်လိုဖြစ်မလဲ"

"အဲဒီလို ဟောပေးရင် ယောဂီတွေဟာ ဖိုလ်ဝင်စားတာဆိုရင် တစ်ခါတည်းကြက်သီးမွေးညှင်းထပြီး လာတယ်၊ ကြက်သီးမွေးညှင်းမထရင် ဖိုလ်ဝင်စားတာ မဟုတ်ဘူး"

"ရော... ခက်ကပြီ၊ ကြက်သီးမွေးညှင်းထတာနဲ့ ဖိုလ်ဝင်စားတာတဲ့လား၊ တရားနာပရိသတ်ထဲမှာ တရားကို ပီတိသောမနဿဖြစ်လို့ ကြက်သီးမွေးညှင်းထတဲ့သူတွေ တစ်ပုံကြီးပဲ စဉ်းစားနေစဉ်"

"ဦးပဉ္ဇင်းဘုရား၊ စမ်းကြည့်မလား"

"အင်း... စမ်းရခက်, မစမ်းရခက်" ဟု စိတ်ထဲမှ ညည်းတွားရင်း ပြန်မေးရသည်။

"စမ်းတာ ခဏနေပါဦး ဒကာကြီး၊ ဖိုလ်ဝင်စားတဲ့ ယောဂီလေးယောက်အမည်ကို ဦးပဉ္ဇင်းကို ပြောစမ်းပါ"

မိမိသည် ကြိုတင်ပြီး ယောဂီတို့အား အကဲခတ်၍ စမ်းသင့်က စမ်းမည်ဟု သဘောထားကာ မေးခြင်းဖြစ်သည်။ ထိုအခါ ဒကာကြီးက ယောဂီလေးယောက်အမည်ကို ပြောလာသည်။ သို့ဖြင့် မိမိက ပြန်မေးရပြန်သည်။

"နေပါဦး ဒကာကြီး၊ ဒကာကြီးက ယောဂီတွေအများထဲက ဘယ်သူဖိုလ်ဝင်စားတယ်၊ မဝင်စားဘူးကို ဘယ်လိုသိသလဲ"

"သိတဲ့နည်း ရှိတယ်၊ ဦးပဉ္ဇင်းဘုရား ယူမလား"

"အင်း... ရရင် ယူချင်တာပေါ့"

"ယူထား ဦးပဉ္ဇင်းဘုရား၊ ဦးပဉ္ဇင်းဘုရားတို့နဲ့ ဒီနည်းနဲ့ သိပ်နေရာကျတယ်"

"ကဲ... ဘယ်လိုနည်းလဲ ပြောစမ်းပါဦး"

"ဒိဗ္ဗစက္ခု အဘိညာဉ်၊ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်နဲ့သိတာ ဦးပဉ္ဇင်းဘုရား"

"အမယ်လေး... အဲဒီ အဘိညာဉ်နှစ်ပါးကို ရဖို့ရာက လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲဟာ ဒကာကြီးကလဲ"

"လွယ်ပါတယ် ဦးပဉ္ဇင်းဘုရား၊ ဆယ်ရက်ထဲပဲ တပည့်တော်ပြောတဲ့အတိုင်း အားထုတ်ရင် ရပါတယ်"

"အင်း... တယ်လွယ်ပါလား၊ သုနက္ခတ်မှာ ဒိဗ္ဗစက္ခုအဘိညာဉ်သာရ၍ ဒိဗ္ဗသောတအဘိညာဉ်မရသဖြင့် ဘုရားရှင်ကို မကျေနပ်၊ သူ့မှာလည်း ဒိဗ္ဗသောတအဘိညာဉ်ရနိုင်တဲ့ ကုသိုလ်ကံ မပါ၊ သို့ဖြင့် မရနိုင်၊ ဒီဒကာကြီးကတော့ အဘိညာဉ်နှစ်ပါးကိုတောင် ဆယ်ရက်အတွင်း ရနိုင်သတဲ့"

ယင်းသို့ စဉ်းစားပြီး ဒကာကြီးအား ပြောလိုက်၏။

"အင်း... နောက်မှ အားထုတ်သင့်က အားထုတ်တာပေါ့ ဒကာကြီးရာ၊ ယခုတော့ မြင်တဲ့အတိုင်းပဲ"

ယင်းသို့ဖြင့် ဒကာကြီးနှင့် မိမိမှာ နီးနှောပွဲမှ ခွဲလိုက်၏။ နောက်နေ့တွင် မိမိသည် ဒကာကြီးပြောသော ယောဂီလေးယောက်အား တရားစစ်မေးရာ ယောဂီများမှာ ဖိုလ်ဝင်စားနိုင်တဲ့ အခြေအနေနှင့် များစွာ ကွာခြားလျက်ရှိ၏။ မှန်၏။

"ဖလသမာပတ်ခေါ် ဖိုလ်ဝင်စားမှုသည် အရိယာပုဂ္ဂိုလ်များသာ ဝင်စားနိုင်သည်။ ပုထုဇဉ်ဆိုက သိကြား. ဗြဟ္မာ တန်ခိုးကြီးသူများပင် မဝင်စားနိုင်ပေ၊ ဖိုလ်ဝင်စားနိုင်သည်ဆိုက သောတာပန်စသော အရိယာတစ်မျိုးမျိုးဟု ဆိုရတော့၏"

"ဖလသမာပတ်ကို ဝင်စားလိုသော အရိယာသာဝကသည် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် အထူးထူးသော အာရုံမှ ဖယ်ခွာ၍ တစ်ယောက်ထီးတည်း ကိန်းအောင်းလျက် ဥဒယဗ္ဗယဉာဏ် အစရှိသော ဉာဏ်တို့၏ အစွမ်းဖြင့် သင်္ခါရတို့ကို ရှုအပ်ကုန်၏။ ရှေးဦးအစဖြစ်သော ဥဒယဗ္ဗယဉာဏ်စသော အစဉ်အတိုင်း ဝိပဿနာရှိသော ထိုအရိယာသာဝက၏ သင်္ခါရလျှင် အာရုံရှိသော ဂေါတြဘုဉာဏ်၏ အခြားမဲ့၌ ဖလသမာပတ်၏ အစွမ်းဖြင့် နိဗ္ဗာန်အာရုံ၌ စိတ်သည် အပ္ပနာအစွမ်းဖြင့် ဖြစ်၏"

(ဝိသုဒ္ဓိမဂ်)

မိမိသည် ယင်းကမ္မဋ္ဌာန်းဆရာကြီး ပြောသောနည်းဖြင့် ယောဂီတို့ကို မစမ်းသပ်တော့ပါ။ မိမိဟောရိုး.ဟောစဉ်.ပြရိုးပြစဉ်နှင့်ပဲ မိမိ၏ဆယ့်သုံးရက်စခန်းပြီးဆုံးတော့သည်။ မိမိလည်းတောရပြောင်းခဲ့သည်။ ဒကာဒကာမတွေလျှောက်ထားသည့်အတိုင်းပင် သေသူသေ.ကျေသူကျေနှင့် မိမိလည်း ယင်းရွာသို့ မရောက်တော့ပေ။

- ✧ အစစ်ကောင်းလျှင်၊ အတုဝင်၊ ထိုတွင် အစစ်ကွယ်တော့သည်။
- ✧ အစစ်အတု၊ ဉာဏ်နှင့်ရှု၊ ဆစ်ဖုသေချာ ခွဲသင့်သည်။
- ✧ စစ် – တုကွဲက၊ တုဖယ်ချ၊ ကြိုးကြအစစ် မှန်းမျှော်ရည်။
- ✧ ကြိုးစားနိုင်က.တစ်နေ့ကျ.မုချ အစစ်ရနိုင်သည်။

# လူအဖြစ် ရခဲတယ်လည်း ဆိုတယ် လူတွေလည်း များလှပါလားဘုရား

(၆၉)

"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊
ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါ လောကသ္မိံ၊
ဒုလ္လဘော မနုဿတ္တပဋိလာဘော၊
ဒုလ္လဘာ (သဒ္ဓါ)သမ္ပတ္တိ၊
ဒုလ္လဘာ ပဗ္ဗဇ္ဇာ၊
ဒုလ္လဘံ သဒ္ဓမ္မဿဝနံ၊ ဧဝံ ဒိဝသေ ဒိဝသေ
ဩဝဒိ"

(သီလက္ခန္ဓ အဋ္ဌကထာ)

ဘိက္ခဝေ = ရဟန်းတို့၊ အပ္ပမာဒေန = မမေ့လျော့သော အပ္ပမာဒ သတိတရားနှင့်၊ သမ္ပာဒေထ = ပြည့်စုံစေကြကုန်လော၊ လောကသ္မိံ - လောကထဲ၌၊ ဗုဒ္ဓုပ္ပါဒေါ = ဘုရားပွင့်တော်မူသော ကာလကို၊ ဒုလ္လဘော = ရခဲ၏၊ မနုဿတ္တပဋိလာဘော = လူအဖြစ်ကို ရခြင်းကို၊ ဒုလ္လဘော = ရခဲ၏။ သဒ္ဓါသမ္ပတ္တိ = သဒ္ဓါတရားနှင့်ပြည့်စုံသော အဖြစ်ကို၊ ဒုလ္လဘာ = ရခဲ၏။ ပဗ္ဗဇ္ဇာ = ရှင်ရဟန်းအဖြစ်ကို၊ ဒုလ္လဘာ = ရခဲ၏။ သဒ္ဓမ္မဿဝနံ = သူတော်ကောင်းတရားကိုကြားနာရသည့်အဖြစ်ကို၊ ဒုလ္လဘံ = ရခဲ၏။ ဧဝံ = ဤသို့၊ ဒိဝသေ ဒိဝသေ = နေ့တိုင်း နေ့တိုင်း၊ ဩဝဒိ = ဆုံးမတော်မူ၏။

ဤကား ဒုလ္လဘတရားငါးပါးတို့ ဖြစ်ကုန်၏။ ယင်းငါးပါးတို့ကို ပြရာ၌ တစ်နေရာနှင့် တစ်နေရာ ပါဠိအနေအထား မတူတတ်ပါ။ ဤတွင်မူသီလက္ခန်အဋ္ဌကထာမှ ပါဠိကို ထည့်လိုက်ပါသည်။ ယင်းတွင် သုံးခုမြောက်ဒုလ္လဘတွင် သဒ္ဓါမပါပါ၊ သို့ဖြစ်၍ လက်သည်းကွင်းဖြင့် ထည့်လိုက်ပါသည်။ ယင်းတွင် -

## ၁။ ဘုရားပွင့်ခဲပုံ

ဘုရားရှင်တို့သည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသော ပညာဓိကဘုရားရှင်၊ ရှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီဖြည့်ရသော သဒ္ဓါဓိကဘုရားရှင်၊ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသော ဝီရိယာဓိကဘုရားရှင်ဟူ၍ ဘုရားရှင် သုံးမျိုးတို့ ရှိကုန်၏။

ယင်းသို့ လေးသင်္ချေ၊ ရှစ်သင်္ချေ၊ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ဘုရားအဖြစ်သို့ ရောက်တော်မူကုန်သောကြောင့် လောက၌ ဘုရားပွင့်တော်မူဖို့ ခဲယဉ်းသည်ဟု ဆိုသည်။

## ၂။ လူဖြစ်ခဲပုံ

ဤလူဖြစ်ဖို့ ခဲယဉ်းပုံနှင့် ပတ်သက်၍ လူတို့သည် သံသယဖြစ်လာ၏။ လူဖြစ်ဖို့ ခဲယဉ်းသည်ဟုလည်း ဆိုသည်။ ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်းလည်း သုံးထောင်ကျော်နေပါလား (ယခု ခြောက်ထောင်ကျော်)ဟု စဉ်းစားလာ၏။ မိမိကို တစ်ခါက ဒကာတစ်ယောက်ကိုယ်တိုင် မေးလျှောက်၏။

"အရှင်ဘုရား လူဖြစ်ဖို့ ခဲယဉ်းတယ်လည်းဆိုတယ်၊ လူ့အဖြစ် ရခဲတယ်လည်း ဆိုတယ်၊ လူတွေလည်း များလှပါလား ဘုရား၊ တရားဝင် ပဋိသန္ဓေတားမှုတွေတောင် ပြုနေရတယ်ဘုရား၊ အဲဒါ ဘယ်လိုပါလဲ ဘုရား"

"အင်း ... အဲဒါ ဘယ်လိုလဲလို့ သိချင်ရင်၊ လူလေးမျိုးကို ပထမဦးဆုံး သိဖို့လိုမယ်၊ လူလေးမျိုးက –

က။ လူ့ငရဲသား

ခ။ လူ့တိရစ္ဆာန်

ဂ။ လူ့ပြိတ္တာ

ဃ။ လူ ပရမတ္ထ(လူစစ်)

လို့ လူလေးမျိုး ရှိတယ်လို့ သိထား ဒကာကြီး"

"မှန်ပါ အရှင်ဘုရား"

က။ အဲဒီ လူလေးမျိုးမှာ "အကုသိုလ်ကံ တစ်ခုခုကြောင့် အဖမ်းအဆီး အချုပ်အနှောင် အနှိပ်အစက် ခံနေရတဲ့သူ့၊ မစားနိုင် မသောက်နိုင် မဝတ်နိုင်နဲ့ အမြဲတစေ နာမကျန်းဖြစ်ပြီး ကိုယ်ဆင်းရဲစိတ်ဆင်းရဲကြုံနေရတဲ့သူတွေဟာ လူ့ငရဲသားတွေပဲ"

"မှန်ပါ အရှင်ဘုရား"

ခ။ သူတစ်ပါးတွေရဲ့အခိုင်းအစေသာ အမြဲခံနေရတဲ့လူ၊ ဘုရား၊တရား၊သံဃာ ရတနာသုံးပါးဆိုတာ ဘာမှန်းမှ မသိသူ၊ အိပ်မှု၊စားမှု၊မေထုန်မှီဝဲမှု မျှလောက်သာ သိသူတွေဟာ လူ့တိရစ္ဆာန်တွေပဲ"

"မှန်ပါ အရှင်ဘုရား"

ဂ။ စားဝတ်နေရေး မပြေလည်လို့ တစ်နေ့တစ်နေ့ နေထွက်မှနေဝင်၊ နေဝင်မှနေထွက် နေ့မအား ညမအား စားဝတ်နေရေးပဲ လုံးပန်းနေရသဖြင့် ကိုယ်ပင်ပန်း၊စိတ်ပင်ပန်းကြုံရသူတွေဟာ လူ့ပြိတ္တာတွေပဲ၊ ကျောင်းကန်ဘုရား သွားခွင့် မရဘူး၊မသွားနိုင်ဘူး"

"မှန်ပါ အရှင်ဘုရား"

"အဲဒီ လူသုံးမျိုးဟာ လူဟု သမုတ်အပ်ပင် သမုတ်အပ်သော်လည်း သူတို့ဒုက္ခနှင့်သူတို့၊ သူတို့မသိမှုနှင့်သူတို့ ဆင်းရဲနေရကား ရတနာသုံးပါးကို ဖူးမြော်နိုင်ခွင့်၊ ဆည်းကပ်နိုင်ခွင့် မရလို့ သူတို့ကို လူလို့ သို့မဟုတ် လူစစ်လို့ မခေါ်နိုင်ဘူး၊ "ငရဲသား.တိရစ္ဆာန်.ပြိတ္တာ" လို့ပဲ ခေါ်ရမယ်"

"မှန်ပါ အရှင်ဘုရား"

ယ။ မျက်မှောက်ဘဝမှာ စီးပွားချမ်းသာကို လွယ်ကူချမ်းသာစွာ တရားသဖြင့် ရှာဖွေနိုင်၊ ရတနာသုံးပါးလည်း ဆည်းကပ်နိုင်သဖြင့် ကိုယ်ချမ်းသာ. စိတ်ချမ်းသာနှင့်ပြည့်စုံတဲ့ လူတွေဟာ လူပဲ၊ လူစစ်ပဲ၊ လူ့ပုရမတ္တပဲ၊ မျက်မှောက် တမလွန် အကျိုးနှစ်ပါးရသူပေါ့"

"မှန်ပါ အရှင်ဘုရား"

"အဲဒီလူမျိုး ဖြစ်ဖို့ မခဲယဉ်းဘူးလား ဒကာကြီး"

"မှန်ပါ အဲဒီလူမျိုးတော့ ဖြစ်ဖို့ ခဲယဉ်းပါတယ်ဘုရား"

"ကဲ ... ဒီတော့ ခုနက နံပါတ်တစ် ဘုရားပွင့်ခဲနှင့် ယခု နံပါတ်နှစ် လူဖြစ်ဖို့ ခဲယဉ်းဆိုတာမှာ လူလေးမျိုးအနက် လေးခုမြောက် လူ. လူစစ်. လူ့ပုရမတ္တနှင့် ဘုရားနှင့်ကြုံမှ လူဖြစ်ရကျိုးနပ်မှာ"

"မှန်ပါတယ် အရှင်ဘုရား"

"ကဲ ... ခုနက လူ့ငရဲသား၊ လူ့တိရစ္ဆာန်၊ လူ့. ပြိတ္တာ တို့ကျတော့ ခုလို ဘုရားပွင့်ပြီး ဘုရားတရားတွေ ကျင့်ကြံသဖြင့် အကျိုးရနိုင်တဲ့ ခေတ်ကြီးမှာ သူတို့အတွက် ဘုရားမနီး. တရားမနီးသဖြင့် ဘာအကျိုးရှိသေးလဲ"

"ဘာအကျိုးမှ မရှိပါ အရှင်ဘုရား"

"သူတို့နဲ့ တကယ့်ငရဲသား တိရစ္ဆာန်. ပြိတ္တာတွေ ဆင်းရဲခြင်း. အမှုအကျင့်ခြင်း. မသိတာခြင်း ဘာထူးသေးလဲ"

"မထူးပါ အရှင်ဘုရား"

"လူစစ်နှင့် သူတို့နှင့် မကွာဘူးလား"

"ကွာပါတယ် အရှင်ဘုရား"

"အင်း ဒါကြောင့် အဲဒီလူသုံးမျိုးကို နုတ်လိုက်ရင် တကယ့်လူစစ်ဟာ ဘယ်လောက်ပဲ ကျန်တော့မလဲ"

"မပြောပတော့လောက်ပါ အရှင်ဘုရား"

## ရပ်ပြစ်ရှစ်ပါး

"တစ်နည်းပြောမယ်ဆိုရင် ရပ်ပြစ်ရှစ်ပါးနဲ့ ပြောနိုင်သေးတယ် ဒကာကြီး"

"မှန်ပါ၊ အမိန့်ရှိပါဦး အရှင်ဘုရား"

"လောကမှာ ဘုရားရှင်ကိုယ်တော်ကြီးက ပွင့်ထွန်းပေါ်ပေါက်တော်မူပြီး သစ္စာလေးပါး မြတ်တရားတွေ လှည့်လည်ပြီး ဟောတော်မူနေတယ်၊ အဲဒီအခါမှာ အချို့လူက -

၁။ "ငရဲကျနေတယ် -

"သူ့အတွက် ဘုရားပွင့်ကျိုးနပ်သေးလား"

"မနပ်တော့ပါ အရှင်ဘုရား"

"အဲဒါက တကယ့်ငရဲသား အစစ်နော်"

"မှန်ပါ အရှင်ဘုရား"

၂။ "တချို့လူက တိရစ္ဆာန်ဖြစ်နေတယ် -

"သူ့အတွက်လည်း ဘုရားပွင့်ကျိုး နပ်သေးလား"

"မနပ်တော့ပါ အရှင်ဘုရား"

"အဲဒါကလည်း တကယ့် တိရစ္ဆာန်အစစ်နော်"

"မှန်ပါ အရှင်ဘုရား"

၃။ "တချို့လူက ပြိတ္တာဖြစ်နေတယ် -

"သူ့အတွက်လည်း ဘုရားပွင့်ကျိုး နပ်သေးလား"

"မနပ်တော့ပါ အရှင်ဘုရား"

"အဲဒါလည်း တကယ့်ပြိတ္တာအစစ်နော်"

"မှန်ပါ အရှင်ဘုရား"

"ကဲ ... အဲဒီ အစစ်ဖြစ်တဲ့ "ငရဲသား, တိရစ္ဆာန်, ပြိတ္တာ" တွေနဲ့ ခုနက လူ့ငရဲသား, လူ့တိရစ္ဆာန်, လူ့ပြိတ္တာတွေနဲ့ ဘုရားရှင်နှင့် ဘုရားရှင်ရဲ့တရားတော်နဲ့ လွဲရခြင်း ဘာထူးသေးလဲ"

"မထူးပါ အရှင်ဘုရား"

"ဒါဖြင့် အဲဒီ လူ့ငရဲသား, လူ့တိရစ္ဆာန်, လူ့ပြိတ္တာကို လူခေါ်မလား"

"လူမခေါ်နိုင်ပါ အရှင်ဘုရား"

"ကဲ ... ရှေ့ဆက်ကြစို့"

"မှန်ပါ အမိန့်ရှိပါဘုရား"

၄။ "တချို့လူက အသက်ရှည်တဲ့ တရားမနာနိုင်တဲ့ ဗြဟ္မာကြီး ဖြစ်နေတယ်၊

(အသညသတ် ဗြဟ္မာ, အရူပဗြဟ္မာ)

"ကဲ ... သူတို့အတွက်လည်း ဘုရားပွင့်ရကျိုး နပ်ရသေးလား"

"မနပ်တော့ပါ အရှင်ဘုရား"

"အဲဒါက ဗြဟ္မာအဖြစ်နှင့် ဘုရားနဲ့ဝေးတာ"

"မှန်ပါ အရှင်ဘုရား"

၅။ "တချို့လူက တိုင်းစွန်ပြည်ဖျား ကလနားမှာသွားပြီး လူဖြစ်တယ်၊ အဲဒီဒေသသို့ ဘုရားလည်းမကြွ, ဘုရားတရားဟောနိုင်တဲ့ ပုဂ္ဂိုလ်ကောင်းတွေလည်း မကြွဘူး"

"ကဲ သူ့အတွက်လည်း ဘုရားပွင့်ကျိုး နပ်သေးလား"

"မနပ်တော့ပါ အရှင်ဘုရား"

"ကဲ အဲဒီလူကို လူ လေးမျိုးထဲ ထည့်ကြည့်ရင် ဘယ်အထဲပါနိုင်မလဲ"

"တိရစ္ဆာန်ထဲ ပါနိုင်ပါတယ် ဘုရား"

"အင်း . . . အသိဉာဏ်က ရတနာသုံးပါးဆီ မရောက်နိုင်တော့ဘဲ အိပ်မှု. စားမှု. မေထုန်မှီဝဲမှုလောက်ပဲ သိတာမို့ တိရစ္ဆာန်ထဲပဲ ထည့်နိုင်တာပေါ့"

၆။ "တချို့က မှားတဲ့အယူရှိနေတယ် -

"အဲဒီလူတွေအတွက်လည်း ဘုရားပွင့်ကျိုးနပ်သေးလား။

"မနပ်တော့ပါ အရှင်ဘုရား"

"သူလည်း လူလေးမျိုးမှာ ဘယ်အထဲထည့်မလဲ။

"တိရစ္ဆာန်ထဲပဲထည့်ပါမယ် ဘုရား"

၇။ "တချို့ ဉာဏ်မရှိဘူး။

"အဲဒီလူတွေအတွက်လည်း ဘုရားပွင့်ကျိုးနပ်သေးလား။

"မနပ်တော့ပါ ဘုရား"

"အင်း ... အဲဒီလူကိုတော့ ကေန်ပဲ တိရစ္ဆာန်ထဲထည့်ဖို့ပဲ ရှိတော့တယ်နော်"

"မှန်ပါ အရှင်ဘုရား"

၈။ "အဲ ... ယခုပြောမယ့် နောက်ဆုံးအမျိုးက ပြီးခဲ့တဲ့ အပြစ်ရှိတဲ့ ခုနစ်မျိုးမှတော့ လွတ်တယ်၊ ဘုရားရှင်နှင့်သာ တွေ့ရရင် တရားရနိုင်တယ်၊ ဒါပေမဲ့ ဘုရားရှင်က မပွင့်ဘူးတဲ့"

"မှန်ပါ အရှင်ဘုရား"

"ကဲ ... ယခုပြောခဲ့တဲ့ ရှစ်မျိုးနဲ့ ဘုရားနဲ့ ဆိုင်သေးလား။

"မဆိုင်တော့ပါ အရှင်ဘုရား"

"အင်း ... အဲဒီရှစ်မျိုးကလည်း လွတ်၊ အသိအလိမ္မာဉာဏ်ပညာလည်းရှိ ဘုရားရှင်နှင့်လည်း တွေ့ပြီး ဆည်းကပ်နိုင် တရားတော် နာကြားမှတ်သား ကျင့်ကြံနိုင်တဲ့လူဖြစ်ဖို့ လွယ်ပါ့မလား။

"မလွယ်ပါဘုရား"

"ဒါဖြင့် လူတွေများတယ်ဆိုတာ တကယ့်လူတွေများတာ ဟုတ်ရဲ့လား။

"မဟုတ်ပါ အရှင်ဘုရား"

## ခြနဲ့ နှိုင်းကြည့်

"တစ်မျိုးပြောမယ်ဆိုရင် ဒကာကြီး ကမ္ဘာပေါ်မှာရှိသမျှ လူအားလုံးကိုပဲ လူလို့တစ်မျိုးတည်း ယူပါဦး၊ အဲဒါဟာ ဘာများရှိလို့လဲ၊ ယခု ဒကာကြီးတို့ ရေးမြို့တစ်မြို့ထဲမှာရှိတဲ့ ခြတွေနဲ့ အဲဒီလူတွေ ဘယ်ကများမလဲ။"

"ခြတွေက များပါမယ် ဘုရား"

"အဲဒီလိုပဲ ဒီတစ်မြို့ထဲမှာရှိတဲ့ ပုရွက်ဆိတ်တွေနဲ့ ကမ္ဘာပေါ်ရှိ လူတွေနဲ့ ဘယ်က များမလဲ။"

"ပုရွက်ဆိတ်တွေက များပါမယ် ဘုရား"

"အင်း ... အဲဒီတိရစ္ဆာန်စစ်စစ်တွေနဲ့ လိုက်နှိုင်းစာမယ်ဆိုရင်တော့ လူအကုန်လုံးနဲ့ကို နှိုင်းနိုင်တယ်နော်"

"မှန်ပါ အရှင်ဘုရား"

"အမှန်စင်စစ်ကတော့ ခုနက ပြောခဲ့တဲ့ လူ့အဆင့်အတန်းမီ အသိဉာဏ်ရှိတဲ့ လူ့အဖြစ်ကို ရခဲတယ်ဆိုတာပါပဲ ဒကာကြီး"

"မှန်ပါ အရှင်ဘုရား"

"အဲဒီလိုဆိုပုံကို မဃဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားကြီးကလည်း ဒီလို လင်္ကာသီခဲ့တယ် -

ကာမ ငါးစုံ၊ ငါးအာရုံတို့၊ မီးပုံတူလှ၊

သူငါစသာ၊ ထိုမျှကြီးငယ်၊ လူ့ပေါ်ယယ်မှု

ပိုးနှယ်မိုက်ရူး၊ မီး၌မြူး၏၊ ယူးယူးသေမင်း၊

ခေါင်းထက်နင်းလည်း၊ မလင်းဉာဏ၊ မသိကြဘူး

အစသညာ၊ ကြာမိစ္ဆာနှင့်၊ သမ္မာမယုဉ်၊

ပညာကြဉ်လျက်၊ ငယ်စဉ်တဏှာ၊ အိုခါဒိဋ္ဌိ၊

မျောက်နဲမိသို့၊ ကပ်ငြိကိုယ်လုံး၊ ဘဝရှုံးအောင်၊

သက်ဆုံးပျော်မြူး၊ အမိုက်ကြူး၏၊ မူးတူးမင်တင်၊

အမြင်မရှိ၊ အသိကင်းငြား၊ အပျော်ပါးနှင့်

အိပ်စားသာမျှ၊ ဘဝဖျင်းသုန်၊ ဂုဏ်အနစ်မဲ့

အကာပြည့်သား၊ အကဲ့လုံးလုံး၊ ငှက်ပျောတုံးသို့

ပခုံးကြားရောက် ဦးခေါင်းပေါက်လည်း

ပေါက်သင့်ဦးခေါင်း၊ မွေးဆောင်းဆောင်းမျှ

ဦးခေါင်းချင်းမူ၊ တူကုန်တမင်၊ ဉာဏ်နှင့် ဦးခေါင်း၊

လွန်နည်းတောင်း၏၊ သောင်းပြောင်းလူမှာ

ထူပြောစွာ၏တဲ့"

"မှန်ပါ အရှင်ဘုရား"

"ကဲ ... ဒါဖြင့် ဒီပြဿနာထားပြီး ဒုလ္လဘတရား ဆက်သွားကြဦးစို့နော်"

"မှန်ပါ အရှင်ဘုရား"

## ၃။ သဒ္ဓါဖြစ်ခဲပုံ

"သဒ္ဓါဆိုတာက ရတနာသုံးပါး၏ ဂုဏ်တော်ကို ယုံကြည်မှု၊ ပြုအပ်သမျှကံသည် သတ္တဝါတို့ သန္တာန်၌ သတ္တိတစ်မျိုးမျိုးအားဖြင့် ရှိနေသည်ဟု ယုံကြည်မှု၊ ထိုကံ၏ ကောင်းကျိုး၊ မကောင်းကျိုး ရှိ၏ဟု ယုံကြည်မှု ရှေးအတိတ်ဘဝမှ ယခုပစ္စုပ္ပန်ဘဝသို့ လားရောက်ခဲ့သည်ဖြစ်၍ အတိတ်ဘဝကိုထောက်လျှင် ပစ္စုပ္ပန်ဘဝအမှန်ရှိ၏ဟု ယုံကြည်မှုမျိုးကို သဒ္ဓါဟုခေါ်တယ်"

"မှန်ပါ အရှင်ဘုရား"

"လင်္ကာအနေနဲ့ မှတ်ချင်ရင် ဒီလိုမှတ်ထား -

"ရတနာသုံးတန် ပစ္စုပ္ပန်နှင့်
သံသရာမျိုး၊ ကံအကျိုးတို့၊
ရိုးရိုးဟုမြင်၊ သက်ဝင်ကျေနပ်
ယုံကြည်တတ်၊ မှတ်လေသဒ္ဓါတည်း"

"မှန်ပါ အရှင်ဘုရား"

"အဲဒီလို သဒ္ဓါစစ်၊ သဒ္ဓါမှန်ဟာ ဘယ်လောက်ရခဲသလဲဆိုရင် တောထဲမှာရှိတဲ့ ဆင်မည်းကို ဖြူအောင်ဆိုပြီး ထုံးအိုင်ထဲမှာ ဖွပ်ဆေးသော်လည်း မဖြူနိုင်သလို ထိုအတူ လူတစ်ကုဋေတွင် တကယ့်သဒ္ဓါနှင့် ပြည့်စုံတဲ့သူ တစ်ယောက်ရဖို့ ခဲယဉ်းတယ်"တဲ့၊ အဲဒီအကြောင်းကို -

"မည်းနက်ဆင်းညို့ မဖြူလိုသို့
လူဗိုလ်တွက်ခြေ. တစ်ကုဋေဝယ်
ရှာဖွေပတ်နောက်. သဒ္ဓါပေါက်သား
တစ်ယောက်ရဲရဲ. ရစခဲစွာ"

လို့ ရှင်အဂ္ဂသမာဓိက ဘုံခန်းပျို့မှာ ရေးထားတယ် ဒကာကြီး"

"မှန်ပါ အရှင်ဘုရား"

"အဲဒီလို တစ်ကုဋေမှ တစ်ယောက်ဆိုတော့ ကိုယ်တောင်မှ သဒ္ဓါစစ် သဒ္ဓါမှန်ရှိသူ ဟုတ်ပါရဲ့လားလို့ စဉ်းစားစရာ မကောင်းဘူးလား"

"မှန်ပါ၊ ကောင်းပါတယ် အရှင်ဘုရား"

"အဲဒီ သဒ္ဓါဖြစ်ခဲပုံနှင့် နှိုင်းစာရင် ပုခုံးနှစ်ဖက်ကြား ဦးခေါင်းပေါက်တဲ့လူ တစ်ကုဋေမှာမှ လူ့အဆင့်အတန်းမီ အသိဉာဏ်ရှိတဲ့လူ တစ်ယောက်ပဲ ရနိုင်တယ်ဆိုတာ မထင်ရှားဘူးလား"

"ထင်ရှားပါတယ် အရှင်ဘုရား"

"ဒါဖြင့် လူ များလား နည်းလား"

"နည်းပါတယ် အရှင်ဘုရား"

"ကဲ ... ဒါဖြင့် ရှေ့သွားကြစို့"

"မှန်ပါ အရှင်ဘုရား"

## ၄။ ရှင်ရဟန်းဖြစ်ခဲပုံ

"ဗုဒ္ဓဘုရားရှင် သာသနာတော်၌ ရှင်ရဟန်းဖြစ်ဖို့ ခဲယဉ်းတယ်တဲ့"

"မှန်ပါ အရှင်ဘုရား"

"အဲဒါလည်း ဦးပဉ္ဇင်းတို့ မြန်မာနိုင်ငံအနေနဲ့ စဉ်းစားရင် လွယ်သလိုလို ဖြစ်မနေဘူးလား"

"မှန်ပါ ဖြစ်နေပါတယ် အရှင်ဘုရား"

"ကဲ ... ဒါဖြင့် ကမ္ဘာ့လူဦးရေနဲ့ နှိုင်းကြည့်စမ်း၊ ရှင်ရဟန်းဖြစ်ဖို့ တကယ် မခဲယဉ်းဘူးလား"

"မှန်ပါ၊ တကယ်ခဲယဉ်းပါတယ် အရှင်ဘုရား"

"ရှင်ရဟန်းထဲမှာ ရှင်ကောင်း၊ ရဟန်းကောင်းနဲ့ လိုက်ပြီးစစ်ရတော့ ဆိုဖွယ်ရာရှိပါဦးမလား"

"မရှိတော့ပါ အရှင်ဘုရား"

"ဦးပဉ္ဇင်းတို့ ဘုရားအလောင်းတော်ဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းအတွင်းမှာ ရှင်ရဟန်းဘဝ (၉)ကြိမ်ပဲ ရခဲ့တယ်၊ ဒီတော့ မခဲယဉ်းဘူးလား"

"ခဲယဉ်းပါတယ် အရှင်ဘုရား"

"ကဲ ... ရှေ့သွားကြစို့"

"မှန်ပါ အရှင်ဘုရား"

## ၅။ တရားနာခဲပုံ

"ဘုရားရှင် ဟောတော်မူတဲ့လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတန်တဲ့တရားတစ်ပုဒ်လောက်ကိုပဲ နာကြားဖို့ရာ အင်မတန်ခဲယဉ်းပါတယ်တဲ့"

"မှန်ပါ အရှင်ဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ ခုနကပြောခဲ့တဲ့ လူလေးမျိုးမှာ လူစစ်လည်း ဖြစ်ရမယ်၊ ရပ်ပြစ်ရှစ်ပါးထဲကလည်း လွတ်ရမယ်၊ သဒ္ဓါတရားနှင့်လည်း ပြည့်စုံရမယ် စတဲ့ အကြောင်းကြောင်း စုံမှ တရားနာနိုင်တာ မဟုတ်လား"

"မှန်ပါ အရှင်ဘုရား"

"ကဲ ... ဒီတော့ တရားနာနိုင်တဲ့ အဆင့်လောက် အသိဉာဏ်ရှိတဲ့ လူမျိုးပဲ ရှာကြည့်စမ်းပါ၊ မခဲယဉ်းဘူးလား ခဲယဉ်းလား"

"ခဲယဉ်းပါတယ် အရှင်ဘုရား"

"ကဲ ... ဒီတော့ ဒကာကြီးတို့မှာ ယခုပြောခဲ့တဲ့ ဒုလ္လဘတရား ခဲယဉ်းတရားငါးပါးထဲက –

၁။ ပွင့်ခဲတဲ့ ဘုရားနှင့် တွေ့ကြုံနေရပြီ၊

၂။ ဖြစ်ခဲတဲ့ လူ့အဖြစ်နှင့် ဖြစ်နေရပြီ၊

၃။ ဖြစ်ခဲတဲ့ သဒ္ဓါဖြစ်အောင် ကြိုးစားရမယ်၊

၄။ ရှင်မဖြစ်သေးရင်၊ ရှင်ဖြစ်အောင် ကြိုးစားရမယ်၊
ရှင်ဖြစ်ပြီးရင် ရဟန်းဖြစ်အောင် ကြိုးစားရမယ်၊

၅။ နာကြားဖို့ရာ ခဲယဉ်းပါတယ်ဆိုတဲ့ တရားတော်ကို ကြိုးစား နာကြားရမယ် မဟုတ်လား"

"ဟုတ်ပါတယ် အရှင်ဘုရား"

"အဲဒီလိုဆို လူ့အစစ်ဖြစ်မယ်၊ သို့မဟုတ်ရင် ဘယ်လိုလူတွေ ဖြစ်မလဲဆိုတာတော့ သိလောက်ပြီနော်"

"မှန်ပါ အရှင်ဘုရား"

"ကဲ ... ဒါဖြင့် တော်ကြစို့"

✧ ကမ္ဘာတစ်လွှား၊ လူတွေကား၊ များပြားလှသည်သာ။

✧ သို့ပင်များပြား၊ လူစစ်ကား၊ ရှားပါးလှသည်သာ။

# ဖားနှင်းမိလို့ ဘုရား

## (၇၀)

အကာမေသွေ့သု ၀ဇ္ဇေသု ဘယဒဿာဝိနော၊ သပ္ပဗ္ဗိသာ = ပညာရှိ သူတော်ကောင်းတို့သည်၊ အဏုမတ္တေသု = အဏု မြူကလေးမျှလောက် ရှိကြကုန်သော၊ ၀ဇ္ဇေသု = အပြစ်တို့၌၊ ဘယဒဿာဝိနော = မြင့်မိုရ်တောင်ပမာ လွန်စွာကြီးကျယ်သော ဟူ၍ပင် ရှုမြင်မှတ်ထင်တော်မူကြကုန်၏။ တစ်ဖန်ဆိုသော် -

"ဝါဠဂ္ဂမတ္တံ ပါပဿ၊

အဗ္ဘာဥဒ်ဝ ခါယတိ။

"ဓီရော = ပညာရှိသူတော်ကောင်းသည်၊ ပါပဿ = ယုတ်မာညစ်ကျူမကောင်းမှု၏၊ ဝါဠဂ္ဂမတ္တံ = သားမြီးဖျားကလေး မျှလောက် သေးငယ်သည်ကိုပင်၊ အဗ္ဘာဥဒ်ဝ = တက်၍လာသော တိမ်တိုက်ကြီးတွေကဲ့သို့၊ ခါယတိ = ကြောက်မက်ဖွယ်ဘေး အတိ ထင်မြင်တော်မူ၏"

"ဒူးလောက်တင်မှ ရင်လောက်ကျ" ဆိုသည့် စကားမျိုးကဲ့သို့ အကုသိုလ်အပြစ်များကို သေးသေးမွှားမွှားကစပြီး အကြောက်ကြီးပင် ကြောက်၍ အစိုးရိမ်ကြီး စိုးရိမ်နိုင်မှ သင့်ရုံကလေးပင် ရှိကြပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် လူတို့၏ စိတ်ဓာတ်သည် ယုတ်မာသော အကုသိုလ်ကိလေသာထဲမှာသာ ပျော်နေလေ့ ရှိ၏။ ကိလေသာမျိုး ဒုစရိုက်ဆိုးကား ညောင်စေ့ပမာကဲ့သို့ အနည်းငယ်ကလေး ဖြစ်သော်လည်း တစ်စတစ်စ ကြီးပွားလာပါ လျှင် ဆီးတား၍ မနိုင်သည့် အခြေအနေသို့ ရောက်လာတတ်၏။

သို့ဖြစ်၍ ပညာရှိသူတော်ကောင်းသည် အကုသိုလ်ဆိုလျှင် အသေးလေး၊ အနည်းငယ်လေးပင်သော်လည်း ကြောက် ရမည်၊ မပြုမိအောင် ရှောင်ရမည်၊ သို့သော် အကုသိုလ်မဟုတ်တာကိုမူ အကုသိုလ်အနေနှင့် အပူပင်မထားသင့်၊ အမှုမထား သင့်ပေ။ ယင်းသို့ အပူပန်မထားသင့်၊ အမှုမထားသင့်သောအရာ၌ အပူပန်ထား၊ အမှုထားသော် ကုက္ကုစ္စ အကုသိုလ် ဖြစ် တတ်သည်။

ယင်းအဖြစ်နှင့် ကြုံဆုံသူ ဒကာတစ်ယောက်နှင့် မိမိ တစ်ခါက ကြုံ၏။ ဒကာမှာ မိမိနှင့်ရင်းနှီးသော ဒကာဖြစ်၏။ အကုသိုလ်ကို အလွန်ကြောက်သူ ဖြစ်၏။ တစ်နေ့နံနက်စောစော မိမိနေထိုင်ရာ ကျောင်းသင်္ခမ်းသို့ ရောက်လာပြီး ဦးချ လျှောက်ထားသည် -

"တစ်ည ဘုရား၊ တပည့်တော် စိတ်တွေပူပန်ပြီး အိပ်မပျော်လို့"

"ဘာဖြစ်လို့ စိတ်တွေ ပူပန်ရတာလဲ၊ စိတ်ပူပန်တာ မကောင်းဘူးဆိုတာ ဒကာကြီးလည်း အသိသားနဲ့ပဲ"

"ပူပန်တာက ဘုရား၊ ညမှောင်မှောင်ကြီးမှာ အိမ်ပေါ်တက်တော့ ဖြစ်ကနဲဆို ပျော့စိစိတစ်ခုကို တက်နင်းမိတယ် ဘုရား"

"အင်း နင်းမိတော့ ဘာဖြစ်လဲ"

"နင်းမိစကတော့ ဘာမှ မဖြစ်သေးပါဘူးဘုရား၊ ခြေဆေးပြီး အိမ်ထဲရောက်၊ အိပ်ရာထဲမှာ အိပ်ခါမှ စိတ်တွေပူပန်လာ တယ် ဘုရား"

"ဘာတွေ ပူပန်တာလဲ"

"ငါ ခုနက နင်းမိခဲ့တာ ဖားနဲ့တူတယ်၊ ငါဟာ သီတင်းတဲ့အရွယ်ကစပြီး ဒီနေ့အထိ တစ်ခါမှ သူ့အသက် မသတ်ခဲ့ဖူး ဘူး၊ ကြည့်စမ်း၊ ခုတော့ ဖားကို တက်နင်းတာ ဖြစ်ကနဲဆို မြည်သွားတယ်ဆိုပြီး ဖားနင်းမိလို့ ဘုရား၊ စိတ်တွေပူပန်ပြီး အိပ်မပျော် တော့ဘူး"

"မိုးလင်းတော့ ထမကြည့်ဘူးလား၊ ဖား ဟုတ်လား မဟုတ်လားလို့"

"တင်ပါ၊ မိုးလင်းတော့ ထကြည့်တော့ ဖားမဟုတ်ဘူးဘုရား၊ ခရမ်းချဉ်သီးဖြစ်နေတယ်"

"ဩော် ... ဒကာကြီးဉစ္စာကလည်း ခရမ်းချဉ်သီးမှန်း ဖားမှန်းတောင် မသိဘူးလား"

"တင်ပါ ဘုရား၊ အမှတ်တမဲ့ဆိုတော့ ဘယ်သိမလဲဘုရား၊ တပည့်တော်မှာ စိတ်ပူလိုက်ရတာ တစ်ညလုံးပဲဘုရား၊ အဲဒါ မနက်ကျလို့ ကြည့်တဲ့အခါ ဖားသာဖြစ်နေရင် တပည့်တော် စိတ်ပူတာတွေဟာ ခုတောင် ပျောက်ချင်မှ ပျောက်မှာဘုရား"

"အို ... ဒကာကြီးဉစ္စာကလည်း အကုသိုလ်မဖြစ်တာကို အကုသိုလ်ဖြစ်တယ်လို့ ပြုလုပ်ပူပန်နေတာဟာပဲ၊ နင်းမိတဲ့ အတွက်က အကုသိုလ်မဖြစ်ဘူး၊ အဲဒီလို ပူပန်တဲ့အတွက်က အကုသိုလ်ဖြစ်နေတယ်"

"နေပါဦးဘုရား၊ အဲဒီလို မသိဘဲနဲ့ သတ္တဝါတစ်ကောင်ကောင်ကို နင်းမိလို့ သေသွားရင် နင်းမိတဲ့လူမှာ အကုသိုလ် "ပါဏာတိပါတကံ" မထိုက်ဘူးလား ဘုရား"

"ဘယ်ကလာ ကံထိုက်ရမလဲ ဒကာကြီးရဲ့"

"ရှင်းပြပါဦး ဘုရား"

"ဥပမာ ခရီးသွားရင်း သတ္တဝါကို အမှတ်တမဲ့ နင်းမိတယ်၊ သတ္တဝါသေသွားတယ်၊ အဲဒါ ကိုယ့်ကြောင့် သေတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကဲ ... နင်းစဉ်က အဲဒီသတ္တဝါကို သေစေလိုတဲ့ စေတနာ ပါရဲ့လား"

"သေစေလိုတဲ့ စေတနာတော့ မပါပါဘုရား"

"စေတနာမပါရင် ဘယ်အပြစ်ရှိမလဲ၊ ပါဏာတိပါတကံလည်း ဘယ်ထိုက်မလဲ"

"ဘယ်လိုမှ ပါဏာတိပါတကံ ထိုက်ပါသလဲဘုရား"

"ပါဏာတိပါတကံ ထိုက်တာ -

၁။ သက်ရှိသတ္တဝါ ဖြစ်ခြင်း

၂။ သက်ရှိသတ္တဝါလို့လည်း သိခြင်း

၃။ သတ်လိုတဲ့စိတ်၊ စေတနာလည်း ရှိခြင်း

၄။ သတ်ဖို့ရန် ကိုယ်. နှုတ်. လုံ့လ တစ်ခုခုကို ပြုပြီးတော့ သတ်ခြင်း

၅။ အဲဒီ သတ္တဝါလည်း သေခြင်း

လို့ အင်္ဂါငါးချက်နဲ့ ပြည့်စုံမှ ပါဏာတိပါတကံ ထိုက်တယ်၊ အဲဒီ အင်္ဂါ ငါးချက်နဲ့ မပြည့်စုံရင် ပါဏာတိပါတကံ မထိုက်ဘူး"

"တချို့သက်သတ်လွတ်စားတဲ့ လူတွေက ဆိုပါလားဘုရား"

"အင်း... ဘယ်လိုဆိုလဲ ပြောစမ်းပါဦး"

"လူတွေက စားလို့ သတ်တဲ့လူက သတ်တာတဲ့၊ လူတွေက မစားရင် သတ်တဲ့လူကလည်း မသတ်ဘူးတဲ့၊ ဒါကြောင့် စားတဲ့လူလည်း ပါဏာတိပါတကံ ထိုက်တယ်တဲ့ဘုရား"

"အို... ဒကာကြီးကလည်း ကြံကြံဖန်ဖန်၊ ခုနကပြောခဲ့တဲ့ အင်္ဂါငါးချက်ထဲမှာ ဈေးက ဝယ်စားခြင်းဆိုတဲ့ အင်္ဂါပါရဲ့လား"

"မပါပါ ဘုရား"

"ဒီ သက်သတ်လွတ်အကျင့်ဟာ သာသနာပအကျင့် ဒကာကြီးရဲ့ အများအားဖြင့် သက်သတ်လွတ်စားတဲ့ လူတွေထဲမှာ ပညာရှိသူ ရှားတယ်မဟုတ်လား"

"မှန်ပါ ဘုရား"

"အင်း... အဲဒါ ပညာရှိ မဟုတ်လို့ အဲဒီလို ပြောတာလို့ မှတ်ထားနော်"

"မှန်ပါ ဘုရား"

"စဉ်းစားကြည့်ပေါ့၊ သူတို့ပြောသလိုဆိုရင် ပါဏာတိပါတကံ လွတ်တဲ့သူ ရှိပါဦးမလား"

"မရှိတော့ပါ ဘုရား"

"ဘုရား ရဟန္တာများပါ ပါဏာတိပါတကံ ထိုက်ရမလို ဖြစ်နေပြီ"

"တင်ပါဘုရား၊ အဲဒီလို ဖြစ်နေပါပြီ"

"ဒီမှာ ဦးပဉ္ဇင်းပြောပြမယ်၊ သေသေချာချာ မှတ်ထားနော်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား၊ မှတ်ပါမယ်"

"ဘုရားရှင်လက်ထက်ကပေါ့၊ ဉပ္ပလဝဏ်ဆိုတဲ့ ဘိက္ခုနီမကို ကြားဖူးတယ်မဟုတ်လား"

"မှန်ပါ၊ ကြားဖူးပါတယ် ဘုရား"

"အဲဒီ ဉပ္ပလဝဏ် ဘိက္ခုနီမဆိုတာ ရဟန္တာထေရီမကြီးနော် ဒကာကြီး"

"မှန်ပါ ဘုရား"

"အဲ... ရဟန္တာထေရီမကြီး ဉပ္ပလဝဏ်ဟာ သမာပတ်ဝင်စားပြီးတော့ နေတယ်နော်"

"မှန်ပါ ဘုရား"

"အဲ . . . အခါတစ်ပါးမှာ အဲဒီထေရီမကြီးကို ကြည်ညိုတဲ့ မုဆိုးကြီးတစ်ယောက်က သမာပတ်ဝင်စားနေတဲ့ ဥပ္ပလဝဏ် ထေရီမကြီးအား လှူဒါန်းလိုတဲ့အတွက် သူ့မှာပါလာတဲ့ အသားတချို့ကို ထေရီမကြီး အနီးအပါးမှာ "အလိုရှိသူ ယူရစ်ပါ" လို့ဟစ်အော် ကြွေးကြော်ပြီး ပစ်ထားခဲ့တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို အော်ပြီး ပစ်ချချိန်မှာ ထေရီမကြီးကလည်း သမာပတ်မှ ထစဉ်ဆိုတော့ အသံကို ကြားတယ်နော်"

"မှန်ပါ ဘုရား"

"အကယ်၍ သမာပတ် ဝင်စားဆဲဆိုရင်တော့ မကြားဘူးလို့လည်း မှတ်ထားနော်"

"မှန်ပါ ဘုရား"

"အဲဒီလိုကြားတော့ အဲဒီအသားတွေ ကောက်ယူပြီးတော့ ကောင်းမွန်စွာ ချက်ပြုတ်စီစဉ်တယ်၊ စီစဉ်ပြီးတော့ ဘုရားရှင်အား ကပ်လှူရတယ်၊ ဘုရားရှင်လည်း ဘုဉ်းပေးတယ်၊ အဲဒါ ပါဏာတိပါတကံ ထိုက်ရင် ဘိက္ခုနီမလည်း ကောက်ယူချက်ပြီးဘုရားရှင်အား လှူပါ့မလား"

"မလှူပါဘုရား"

"လှူဦးတော့ ဘုရားရှင်ကလည်း ဘုဉ်းပေးပါ့မလား"

"ဘယ် ဘုဉ်းပေးမလဲဘုရား"

"ဥပမာတစ်ခု ပြောမယ်၊ ဆိုပါတော့ ခွေးက ကြက်တစ်ကောင်ကို ကိုက်သတ်ပြီးတော့ ချီလာတယ်၊ အဲဒီကြက်သားကို စားချင်တဲ့လူက ကောက်ပြီး ချက်စားတယ်၊ အဲဒါ ချက်စားတဲ့သူမှာ ပါဏာတိပါတကံ ထိုက်ဦးမလား"

"ဒါတော့ ဘယ်ထိုက်မလဲဘုရား"

"အင်း . . . ဈေးထဲမှာရောင်းတဲ့ အသားတွေ၊ ငါးတွေဟာ အဲဒီသဘောပဲလို့ မှတ်ထား"

"မှန်ပါ ဘုရား"

"ပြီးတော့ မုဆိုး တံငါလို ပုဂ္ဂိုလ်မျိုး ဆိုပါတော့၊ အဲဒီလို အိမ်ထောင်ဦးစီးတစ်ယောက်က သူ့ရဲ့အိမ်ထောင်စီးပွားအတွက် ပါဏာတိပါတ အမှုကို ပြုတယ်၊ သတ်ဖြတ် စီးပွားရှာတယ်ဆိုပါတော့နော်"

"မှန်ပါ ဘုရား"

"အင်း . . . အဲဒီ အိမ်ရှင်ယောကျ်ား သတ်ဖြတ်ပြီးတော့ ယူလာတဲ့ အသားတွေ၊ ငါးတွေကို တစ်အိမ်သားလုံး စားကြတယ်၊ သူသတ်တာကို ကျန်တဲ့အိမ်သားတွေက သဘောမတူဘူး၊ အဲဒါ အိမ်သားတွေမှာ ပါဏာတိပါတကံ ထိုက်ဦးမလား"

"မထိုက်ပါ ဘုရား"

"အင်း . . . ဒကာကြီး သေသေချာချာမှတ်ထားဖို့က အင်္ဂါလေးပါး ဒုစရိုက်ကို ပြုရာမှာ

၁။ ကိုယ်တိုင်ပြုခြင်း

၂။ သူတစ်ပါးကို ခိုင်းခြင်း

၃။ သူတစ်ပါး ပြုချင်လာအောင် အကျိုးကျေးဇူးကို ပြောဆိုခြင်း

၄။ သူတစ်ပါးပြုသည်ကို သဘောတူခြင်း

လို့ အင်္ဂါလေးပါး ရှိတယ်၊ ဈေးမှ သားငါးကို ဝယ်ယူစားသောက်တာဟာ အဲဒီ အင်္ဂါလေးပါးထဲမှာ ပါလား"

"မပါပါ ဘုရား"

"မပါရင် ဈေးမှ သားငါးအသေကောင် ဝယ်စားတဲ့လူမှာ ပါဏာတိပါတကံ ထိုက်ဦးမလား"

"မထိုက်ပါ ဘုရား"

"ဒီလိုဆိုရင်တော့ ပါဏာတိပါတကံ ထိုက်တယ်"

"ဘယ်လိုပါလဲ ဘုရား"

"တချို့အလှူကြီးတွေ လှူကြတယ် မဟုတ်လား"

"မှန်ပါ၊ လှူပါတယ်ဘုရား"

"အဲဒီမှာ အလှူလုပ်ဖို့ဆိုပြီးတော့ ကြိုတင်မှာတတ်တယ်၊ အဲဒီလို ကြိုတင်မှာတာဟာ "ပိုင်း၍ သတ်လိုက်ပါ" လို့ စေခိုင်းရာ ရောက်မသွားဘူးလား"

"ရောက်သွားပါတယ် ဘုရား"

"နောက် ငွေပေးမှာတာဖြစ်လို့ ပိုင်း၍ သတ်ချင်လာအောင် ဂုဏ်ကျေးဇူးလည်း ပြောရာ မရောက်ဘူးလား"

"ရောက်ပါတယ်ဘုရား"

"အဲဒါမျိုးတော့ ပါဏာတိပါတကံ ထိုက်တယ်လို့ မှတ်ထား ဒကာကြီး၊ အဲဒါမျိုးတော့ မလုပ်သင့်ဘူးနော်"

"မှန်ပါဘုရား"

"ခုနကလို အလုပ်မျိုးဟာ တောရွာတွေမှာ အဖြစ်များတယ်၊ တချို့အလှူရှင်ကိုယ်တိုင်က လုပ်တယ်၊ တချို့ကျတော့ အလှူရှင်ရဲ့လူယုံတော်က လုပ်တယ်၊ မလုပ်ထိုက်ဘူးနော်"

"မှန်ပါ ဘုရား"

"ဒီတော့ သတ်ဖြတ်မှုမှာ စေတနာအရေးကြီးတယ်ဆိုတာဟာ မထင်ရှားဘူးလား"

"မှန်ပါ၊ ထင်ရှားပါတယ်ဘုရား"

"ဒီနေရာမှာ ဝတ္ထုတစ်ခုရှိတယ်၊ အင်မတန်မှ မှတ်စရာကောင်းတယ်"

"မှန်ပါ၊ အဲဒီဝတ္ထု အမိန့်ရှိပါ ဘုရား"

## လင်မှုဆိုး မယားသောတာပန်

"ဘုရားရှင် လက်ထက်ကပေါ့၊ ကုက္ကုပင္ဍမိတ္တဆိုတဲ့ မုဆိုးကြီးတစ်ယောက်ရှိတယ်၊ အဲ ... သူ့ဇနီးက အပျိုဘဝက တည်းက သောတာပန်ပဲ၊ "လင်မုဆိုး မယားသောတာပန်" ဆိုတာ အဲဒီကလာတဲ့ စကားပဲလို့ မှတ်ထားနော်"

"မှန်ပါ ဘုရား"

"သူက သောတာပန်ဆိုတော့ လင့်ဝတ္တရား သိပ်ပြီးတော့ ကျေပွန်တာပေါ့၊ မုဆိုးကြီးက "လေးယူခဲ့ပါ၊ မြားယူခဲ့ပါ၊ လေးပြင်ပေးပါ၊ မြားပြင်ပေးပါ" စသည် ခိုင်းသမျှအကုန်လုံး လုပ်ကိုင်ပေးတယ်၊ ဒါပေမဲ့ သူ့မှာတော့ သူ့ယောကျ်ားကို ပြောဟောလို့ မရလို့သာ နေရတယ်၊ သတ်စေလိုတဲ့ စေတနာတော့ မရှိဘူးနော်"

"မှန်ပါ ဘုရား"

"မယားရဲ့ဝတ္တရားကို ကျေပွန်စွာ ဆောင်ရွက်ခြင်းမျှသာ ဖြစ်တယ်၊ ဒါကြောင့် မုဆိုးကြီးမှာသာ ပါဏာတိပါတကံ ထိုက်တယ်၊ သူ့ဇနီးမှာတော့ ပါဏာတိပါတကံ မထိုက်ဘူးလို့ မှတ်ထား"

"မှန်ပါ ဘုရား"

"အဲဒီပြဿနာကို ရဟန်းတော်တွေကိုယ်တိုင်က ပါဏာတိပါတကံ ထိုက်၊ မထိုက် ဆွေးနွေးပြောကြတယ်၊ အဲဒီလို ပြောကြားတော့ ပြဿနာရှင်းအောင် ဘုရားရှင်က -

"ရဟန်းတို့လက်၌ အနာမရှိလျှင် ထိုလက်ဖြင့် အဆိပ်ကို ကိုင်သော်လည်း ထိုလက်ကို မပူစေနိုင်ပါ၊ ထို့အတူ မကောင်းမှုကို ပြုလိုသောစိတ် မရှိသူမှာ မကောင်းမှုအဆိပ် မလောင်နိုင်ပါလို့ ဟောတော်မူတယ်၊ အဲဒီတော့မှ ရဟန်းတော်တွေမှာ သံသယရှင်းသွားတယ်နော်"

"မှန်ပါ ဘုရား"

## စက္ခုပါလထေရ်

"နောက် တစ်ဝတ္ထု ပြောရမယ်ဆိုရင် စက္ခုပါလဝတ္ထုပေါ့၊ အဲဒီ စက္ခုပါလဆိုတာဟာ ရဟန္တာထေရ်တစ်ပါးနော်"

"မှန်ပါ ဘုရား"

"သူ့မှာ အတိတ်က အကုသိုလ်ကံကြောင့် မျက်စိနှစ်ကွင်း အလင်းမရရှာဘူး၊ မျက်စိကန်းနေတယ်ပေါ့ ဟုတ်လား"

"မှန်ပါ ဘုရား"

"အဲဒီ စက္ခုပါလရဟန္တာ အရှင်မြတ် စင်္ကြံလျှောက်တော့ ပိုးကောင်တွေ နင်းမိပြီး သေကုန်တယ်၊ တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်း မဟုတ်ဆိုတော့ အဲဒါကို ရဟန်းတွေက မြင်တယ်ပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလိုမြင်တော့ ရဟန်းတော်တွေက ခုနကလိုပဲ ပါဏာတိပါတကံ ထိုက်၊ မထိုက် ဆွေးနွေးကြပြန်တယ်၊ အဲဒီအခါမှာ ဘုရားရှင်က ရဟန်းတော်တွေကို -

"ရဟန်းတို့ ခီဏာသဝါနံ မရဏစေတနာ နာမ နတ္ထိ - ရဟန္တာပုဂ္ဂိုလ်တို့အား သူ့အသက်ကို သေစေလိုတဲ့ မရဏစေတနာ မရှိဘူး၊ ဒါကြောင့် သူ့မှာ ပါဏာတိပါတကံ မထိုက်ဘူး၊ အပြစ်မရှိဘူး"

"ရဟန်းတို့ နာမက္ခန္ဓာလို့ခေါ်တဲ့ နာမ်ခန္ဓာတွေဟာ စိတ်ဟာ ရှေ့သွားပဲ၊ စိတ်သာမြတ်တယ်၊ စိတ်ဖြင့်ပြီးတယ်၊ ပြစ်မှားလိုတဲ့စိတ်နဲ့ ပြောမယ်၊ ပြုမယ်ဆိုရင် အဲဒီလို ပြောဆိုပြုလုပ်ခြင်းကြောင့် အဲဒီပုဂ္ဂိုလ်ကို လှည်းဘီးဟာ နွားနောက်သို့ အစဉ်လိုက်သလို ဒုက္ခတရားဟာ အစဉ်လိုက်လိမ့်မယ်" လို့ ဟောတယ်၊ ဒီတော့ စေတနာပဲ အဓိက မဟုတ်ဘူးလား၊ ဒကာကြီး"

"ဟုတ်ပါတယ် ဘုရား"

"အေး ... အဲဒါကြောင့် မပူသင့်တာကို မပူနဲ့၊ ပူသင့်တာမှ ပူနော်"

"မှန်ပါ ဘုရား"

"သိက္ခာကာမတာ မုခေန ကုက္ကုစ္စံ ဝဋ္ဋေတိ - တဲ့၊ နလုံးပူပန်ခြင်း၊ စိုးရိမ်ခြင်းဆိုတဲ့ ကုက္ကုစ္စကို အကျင့်သိက္ခာကို လိုလားသယောင် ဟန်ဆောင်လှည့်ဖြားမှုက လွှမ်းတတ်တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ပြီးတော့"

"ယော ကုက္ကုစ္စယိတဗ္ဗံ န ကုက္ကုစ္စာယတိ၊ ယောစ အကုက္ကုစ္စယိတဗ္ဗံ ကုက္ကုစ္စာယတိ၊ ဥဘိန္နံ တေသံ အာသဝါ ဝဍ္ဍန္တိ - နလုံးပူပန် ဖြစ်သင့်တာကို မဖြစ်ဘူး၊ နလုံးပူပန် မဖြစ်သင့်တာကို ဖြစ်တယ်၊ အဲဒီပုဂ္ဂိုလ် နှစ်ဦးလုံးတို့အား အာသဝေါတရား

တိုးပွားကုန်တယ်" လို့ ဘုရားရှင် ဟောထားတာလည်း ရှိတယ်၊ ဒါကြောင့် "ဖားနင်းမိလို့ဘုရား" ဆိုပြီး နလုံးပူပန် ဖြစ်မနေနဲ့ တော့၊ အဲဒါမဖြစ်ရမယ့်ဟာမျိုးနော်" (ဓကင်္ဂုတ္တရ)

"မှန်ပါ ဘုရား"

"ကဲ ... ကဲ သွားတော့၊ ညောင်းရောမယ်"

"ဦးတင်ပါတယ် ဘုရား"

✦ နလုံးပူပန်၊ မဖြစ်တန်၊ ဖြစ်ရန်မသင့်မှတ်လေပါ၊

✦ နလုံးပူပန်၊ ဖြစ်သင့်တန်၊ ပူပန်မဖြစ်စကောင်းပါ၊

✦ ပူသင့်မပူ၊ မသင့်ပူ၊ အတူတိုးပွား၊ အာသဝါ၊

✦ အာသဝရန်၊ ဖြတ်ပယ်လှန်၊ ပွားရန်မသင့် မှတ်လေပါ။

📖

# အမျှမဝေတဲ့ မဖြစ်ဘူးလားဘုရား

(၇၁)

◆ လူဖြစ်စော်ညှီ၊ ဒေသသီနှင့်
အညီနှုန်းကြ၊ ဂေါသီလဟု
နွားမျှစောင့်သား၊ မဖြောင့်နှလုံး
သစ်တုံးတစ်ဆူ၊ တောင်သူငမူး
ထို့ထက်ထူးသား၊ ကျေးဂူးသရက်ဏာ
ပါကာတိပါတ်၊ လွတ်သည်ကစ
ဤမျှဖော်ထုတ်၊ လူအစုတ်ကို
အယုတ် အလတ်၊ အမြတ်ဖြင့်အား
သုံးပါးလှူခံ၊ ရှင့်အထံသို့
ညည့်ယံမိုးသောက်၊ မပြတ်ရောက်မူ
မြတ်လောက်ယုတ်တန်၊ ဆင်ခြင်ဟန်ဖြင့်
ပေးလွန်ပိမ့်လော၊ တန်ပိမ့်လောဟု
နမြောထိုင်းတွဲ့၊ ရွေးချယ်မဲ့လျှင် . . .

"ဆရာတော် ရှိလား"

မိမိသည် ဘုရားလောင်းတို့၏ ဒါနပါရမီ ဖြည့်ပုံ ပါရမီကဗျာကို ဖတ်ရှုနေစဉ် အခန်းပြင်မှ မေးသံကို ကြားလိုက်ရ၏။

"ရှိပါတယ်"

တစ်ဖန် အဖြေကို ကြားလိုက်ရ၏။ ထိုစဉ် စဉ်းစားမိသည်။

"ဒါကြောင့် ဘုရားရှင်ဟာ တောရကျောင်းမှာ နေတာကို ချီးမွမ်းတာပဲ၊ မြို့ထဲ ရွာထဲမှာ နေရတာ ဧည့်သည်. ဒကာ. ဒကာမတွေက တယ်ပြီးများတာပဲ"

ဟု စဉ်းစားနေသည်။ ထိုစဉ်မှာ မြို့တစ်မြို့တွင် တရားဟောနေခိုက် နေ့ခင်းအချိန်ဖြစ်၏။

"ဆရာတော်ဘုရား၊ ဧည့်သည်တွေက ဖူးချင်လို့ပါတဲ့ဘုရား"

"အင်း... ဖူးချင်ပါတယ်ဆိုတဲ့ ဧည့်သည်ရှေ့ထိုင်ရတာထက် မျက်နှာပူစရာကောင်းတာတော့ မရှိဘူး" ဟု စိတ်ထဲမှာ ရေရွတ်ရင်း အခန်းအပြင်သို့ ထွက်ခဲ့ရ၏။

"တပည့်တော်တို့ အငြင်းပွားနေလို့ ဘုရား၊ ဆရာတော်ဆီကို လာခဲ့ပါတယ်"

ဧည့်သည်ဆိုသူတွေမှာ လူလတ်ပိုင်း ဒကာများသာ ဖြစ်ကြ၏။ အငြင်းပွားမှုအတွက် သိလိုဇောနဲ့ လာကြဟန်ရှိသည်၊ တက်တက်ကြွကြွ ရှိပုံ ပေါ်နေ၏။

"ဘာတွေများ အငြင်းပွားနေလို့လဲ၊ အငြင်းပွားပုံကို ပြောပြစမ်းပါဦး"

"အလှူကိစ္စပါ ဘုရား၊ တစ်ချို့က အလှူ့လှူပြီးရင် ပြီးတာပဲ၊ အမျှဝေစရာ မလိုဘူးတဲ့၊ တစ်ချို့ကလည်း အမျှဝေရမယ်တဲ့၊ အလှူ့လှူပြီးရင် အမျှမဝေဘဲ မဖြစ်ဘူးလား"

"အမျှမဝေလည်း ဖြစ်တာပဲ၊ အမျှဝေလည်း ဖြစ်တာပဲ"

"အမျှဝေတာနဲ့ အမျှမဝေတာ ဘယ်လို အကျိုးထူးပါသလဲဘုရား"

"အမျှဝေတော့ ကုသိုလ်တိုးသွားတယ်၊ အမျှမဝေရင် ကုသိုလ်မတိုးဘူးပေါ့၊ အဲဒီလို ထူးတာပေါ့"

"အမျှဝေရင် ဘယ်လို ကုသိုလ်တွေ ဘယ်လိုတိုးပါသလဲဘုရား"

"အင်း... ဘယ်လို ကုသိုလ်တွေ ဘယ်လိုတိုးသလဲ သိဖို့ရာ ဦးစွာပထမ ကုသိုလ် ၁၀ ခုတော့ သိထားမှ ဖြစ်မယ်"

၁။ လှူဒါန်းဒါန၊ စောင့်သီလ၊ ပွားက ဘာဝနာ။

၂။ ကြီးသူ ရိုညွတ်၊ ဝေယျာဝတ်၊ ပြုတတ်သင့်ရာရာ။

၃။ ကုသိုလ်အစု၊ မျှဝေပြု၊ သာဓုခေါ်ဝမ်းသာ။

၄။ တရားတော်နာ၊ ဟောလေပါ၊ ယူမှာ ဖြောင့်အပ်စွာ။

၅။ ကုသိုလ်ဆယ်စု၊ မြတ်ကောင်းမှု၊ ပြုစုနေ့စဉ်သာ။

၆။ နေ့စဉ်ပြုက၊ ခုနောင်ပ၊ မုချချမ်းသာမှာ။

အဲဒါ ကုသိုလ် ဆယ်ခုပဲ"

"မှန်ပါဘုရား"

"ပါဠိ - မြန်မာတွဲပြီး အတိုချုပ် ရှင်းပြရင် -

၁။ စွန့်ကြဲ ပေးကမ်း၊ လှူဒါန်းတာက "ဒါန"

၂။ အကုသိုလ်မဖြစ်အောင် ကိုယ်, နှုတ် တို့ကို စောင့်စည်းတာက "သီလ"

၃။ လွန်ကဲမြင့်မြတ်တဲ့ ကုသိုလ်စိတ်ကို စဉ်ဖြစ်စေ၊ တိုးတက်ပွားများစေတာက "ဘာဝနာ"

၄။ အသက်၊ သိက္ခာ၊ ဂုဏ်ကြီးသူများကို ရိုသေတာက "အပစာယန"

၅။ မိဘ၊ ဂိလာနနဲ့ မိတ်ဆွေသင်္ဂဟ စသည်တို့ရဲ့ကိစ္စလုပ်ငန်းတွေကို ကူညီလုပ်ကိုင်ပေးတာက "ဝေယျာဝစ္စ"

အဲဒါ အားလုံးပေါင်း ငါးခုတို့ဟာ ကုသိုလ်တွေပဲ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဘုရား"

"နောက် နံပါတ်ကျော်ပြီး မှတ်ထားဦး၊ နှစ်ခုချန်ပြီးတော့နော်"

"မှန်ပါ ဘုရား"

၈။ တရားကို ရှိသေစွာ နာတာက "ဓမ္မသဝန"

၉။ တရားတော်ကို ရှိသေစွာ ဟောတာက "ဓမ္မဒေသနာ"

"ခုနက ငါးခုနဲ့ နှစ်ခုပေါင်းတော့ ခုနစ်ခု ဖြစ်မသွားဘူးလား"

"မှန်ပါ၊ ဖြစ်သွားပါတယ်ဘုရား"

၁၀။ အဲဒီကုသိုလ် ခုနစ်ခုဖြစ်တိုင်းပါတဲ့ "ဒိဋ္ဌိဇုကမ္မ" ကို ထည့်လိုက်ရင် ရှစ်ခု ဖြစ်မသွားဘူးလား"

"မှန်ပါ၊ ဖြစ်သွားပါတယ်ဘုရား"

"အယူဖြောင့်မှန်အောင် ပြုလုပ်ပေးတဲ့ ဉာဏ်အမြင်ကို "ဒိဋ္ဌိဇုကမ္မ" ခေါ်တာပဲနော်"

"မှန်ပါ ဘုရား"

"ဒီတော့ ယခုပြခဲ့တဲ့ ရှစ်ခုမှာ ကုသိုလ်အနေနဲ့ဆိုရင် အဲဒီ ဒိဋ္ဌိဇုကမ္မကို ဖယ်ထား၊ ခုနစ်ခု မရဘူးလား"

"မှန်ပါ၊ ရပါတယ်ဘုရား"

"ဒိဋ္ဌိဇုကမ္မကို ဘာဖြစ်လို့ ဖယ်ထားလဲလို့ဆိုရင် သူက သီးခြားကုသိုလ်တစ်ခု မဟုတ်လို့၊ သူများတွေထဲ လိုက်လိုက်တွဲတဲ့ တွဲဖက်ပေါ့နော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် "ဒိဋ္ဌိဇုကမ္မ" ချန်ထား၊ ကုသိုလ်ခုနစ်ခုရှိတဲ့အနက် ကုသိုလ်တစ်ခုခုကို ပြုလုပ်ရင် ပြုလုပ်သူမှာ ကုသိုလ် ရမသွားဘူးလား"

"မှန်ပါ၊ ရသွားပါတယ်ဘုရား"

၆။ မိမိမှာ ကုသိုလ်ရလို့ "ပတ္တိ" ခေါ်တယ်၊ အဲဒီရတဲ့ ကုသိုလ်ကို အမျှပေးဝေလို့ "ဒါန" ခေါ်တယ်၊ နှစ်ခုပေါင်းလိုက်တဲ့အခါ မိမိရတဲ့ ကုသိုလ်ကို အမျှပေးဝေခြင်းက "ပတ္တိဒါန" ပေါ့ ဟုတ်လား"

"မှန်ပါတယ်ဘုရား"

"အဲဒါက ကုသိုလ်တစ်ပါးပဲ မဟုတ်လား၊ ဒီတော့ ကုသိုလ်ပြုရင် အမျှ မဝေရင် ဒီ "ပတ္တိဒါန" ကုသိုလ် ရပါဦးမလား"

"မရတော့ပါ အရှင်ဘုရား"

"ဒါဖြင့် ကုသိုလ်ပြုပြီး အမျှဝေတာနဲ့ အမျှမဝေတာ ဘယ်ဟာက ကောင်းသလဲ"

"အမျှဝေတာက ကောင်းပါတယ်ဘုရား"

"အမျှမဝေဘဲလည်း မဖြစ်ဘူးလား"

"ဖြစ်ပါတယ်ဘုရား"

"အမျှမဝေတော့ ပတ္တိဒါန ကုသိုလ်တော့ တိုးသေးလား"

"မတိုးတော့ပါ ဘုရား"

"ဒါဖြင့် နောက်တစ်ခါ ကုသိုလ်ပြုပြီးတိုင်း၊ ပြီးတိုင်း အမျှဝေမလား၊ မဝေဘူးလား"

"ဝေပါ့မယ် ဘုရား"

## သာဓု သာဓု

"အင်း . . . တစ်ခါတုန်းက ဦးပဥ္စင်းကြုံဖူးတဲ့ ဒကာကြီးလိုလည်း အမျှဝေရမယ့်အစား သာဓု သာဓု ခေါ်မနေနဲ့ဦးနော်"

"မှန်ပါ၊ အမိန့်ရှိပါဦးဘုရား၊ အဲဒီ ဒကာကြီးအကြောင်းကို မှတ်သားရတာပေါ့ဘုရား"

"တစ်ခါက ဦးပဥ္စင်း ဆွမ်းကျွေးတစ်ခုမှာ တရားဟောတယ်၊ အလှူဒကာ အခြေအနေကို ကြည့်ရတာ တစ်ခါမှ လှူဖူး၊ တန်းဖူးဟန် မတူဘူး၊ သူများအလှူလည်း အစအဆုံးသွားပြီး လေ့လာဖူးဟန် မတူဘူး၊ ပုံကြည့်ရတာ နေရာတကာမှာ ယောင်ချာချာနဲ့"

"မှန်ပါ ဘုရား"

"အဲဒါနဲ့ ဦးပဥ္စင်းက သနားလို့ အကျိုးရှိအောင်ဆိုပြီး တရားလည်း သေသေချာချာ ဟောပေးတယ်"

"မှန်ပါ ဘုရား"

"တရားဟောပြီးတော့ ရေစက်ချတော့လည်း အာရုံပြုပုံ ပြုနည်း၊ စိတ်ထားနည်း အကုန်သင်ပေးတယ်၊ အဲဒီလို သင်ပေးပြီး ရေစက်ချလည်း လိုက်ဆိုခိုင်းတယ်၊ ရေစက်ချလည်းဆုံးရော "ကဲ . . . ဒကာကြီး အမျှဝေ အမျှဝေ" လို့ ပြောတော့ ဒကာကြီးက အမျှမဝေဘဲ "သာဓု သာဓု" လို့ သာဓုခေါ်တယ်"

"အမယ်လေး ဘုရား၊ ဒီလောက်တောင် ဖျင်း.တဲ့လူကလည်း ရှိသေးတာပဲနော်"

"ရှိတာပေါ့၊ အဲဒီတော့ ဦးပဥ္စင်းရော၊ ပရိသတ်တွေရော အံ့အားသင့်နေတယ်၊ ပြီးမှ အမျှပြန်ဝေခိုင်းရတယ်၊ ဒါကြောင့် အမျှဝေရမယ့်အစား သာဓု သာဓု ခေါ်မနေနဲ့ ပြောတာ"

"မှန်ပါ၊ တပည့်တော်တို့တော့ ဆရာတော်ပြောတဲ့ ဒကာကြီးအကြောင်းကို မှတ်မိနေတော့ ဒီလိုမဖြစ်တန်ရာဘူး ဘုရား"

ဂ၊ အဲဒီလို သူတစ်ပါးတွေ ပေးဝေတဲ့ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်တာက "ပတ္တာနုမောဒန" ပဲ"

"မှန်ပါ ဘုရား"

"ခုဆိုရင် ကုသိုလ်ဆယ်ခု ပြည့်သွားပြီ မဟုတ်လား"

"မှန်ပါ၊ ပြည့်သွားပါပြီဘုရား"

"ကဲ . . . အမျှမဝေရင် ကုသိုလ်ခုနစ်ခုပဲ ရမယ်၊ အမျှဝေရင် ကုသိုလ်ဆယ်ခုရမယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

## အနန္တာရလို ဖြစ်နေပြီ

"ဒကာကြီးတို့ အမျှဝေသင့်၊ မဝေသင့် ပြဿနာကလည်း ရှေးက အနန္တာရနဲ့ အမျှဝေသင့်၊ မဝေသင့် တိုင်ပင်ပြီးမှ ဝေတာနဲ့ တူနေပြီ"

"အမိန့်ရှိပါဦး ဘုရား၊ အနန္တာရအကြောင်းကို"

"ရှေးကဗာရာဏသီပြည်မှာသုမနသူဌေးဆိုတာရှိတယ်၊အဲ...သူ့အိမ်မှာအနန္တာရဆိုတဲ့မြက်ထမ်းသမားတစ်ယောက်ရှိတယ်၊တစ်နေ့အဲဒီမြက်ထမ်းသမားကဥပရိဋ္ဌပစ္စေကဗုဒ္ဓအရှင်မြတ်ကို သူ့အဖို့ဝေစုရတဲ့ဝေပုံကျထမင်းကိုသူမစားဘဲ လှူဒါန်းလိုက်တယ်"

"တယ်ပြီး စေတနာကောင်းပါလား ဘုရား"

"အင်းပေါ့၊ ကိုယ်မစားဘဲ လှူဖို့ဆိုတာ လွယ်တာမှ မဟုတ်တာဘဲ၊ အများအားဖြင့်တော့ ကိုယ့်မှာ ပိုမှ လှူမှာပဲနော်"

"မှန်ပါ ဘုရား"

"အဲဒီလို လှူဒါန်းပြီး ဆုတောင်းတာပေါ့၊ ပစ္စေကဗုဒ္ဓအရှင်မြတ်ကလည်း ဆုပေးတာပေါ့"

"မှန်ပါ ဘုရား"

"အဲဒီအလှူကို သုမနသူဌေးရဲ့ထီးချက်စောင့်နတ်သမီးက ကောင်းချီးသြဘာပေးပြီး သာဓု သုံးကြိမ်ခေါ်တယ်၊ ဒီတော့ သုမနသူဌေးက နတ်သမီးကို မေးတယ်"

"ကြည့်စမ်း ... နတ်သမီး၊ ငါ လှူနေတာကြာလှပြီ၊ သင်.မမြင်ဘူးလား၊ ခုမှပဲ သာဓုခေါ်ရလားတဲ့"

သုမနသူဌေးက သူ့အလှူကို သာဓုခေါ်တယ်မှတ်လို့ မေးခြင်းဖြစ်သည်။ သုမနသူဌေးကလည်း အမြဲလှူနေသူ ဖြစ်သည်။

"ငါသည် သင့်အလှူကို သာဓုခေါ်တာမဟုတ်၊ ဥပရိဋ္ဌပစ္စေကဗုဒ္ဓအရှင်မြတ်အား အန္နဘာရဆွမ်းလှူတဲ့ အလှူကို ကြည်ညိုလို့ သာဓုခေါ်တာပါတဲ့"

"ဒီတော့မှ သုမနသူဌေးကအံ့သြသွားတယ်၊ငါ့မှာအကြိမ်များစွာလှူနေပါလျက်နတ်သမီးက သာဓုမခေါ်ဘူး၊အန္နဘာရ တစ်ခါတည်းလှူတာ နတ်သမီးက သာဓုခေါ်တယ်၊ "သူ့အလှူ ငါ ဝယ်ယူဦးမှပဲ" တဲ့၊ မကောင်းဘူးလား အကြံ"

"ကောင်းပါတယ် ဘုရား"

"တိုတိုပြောရရင်တော့ အန္နဘာရခေါ်ပြီး သူ့ အလှူဝယ်တယ်၊ ပထမ တစ်ကျပ်ပေးတယ်၊ နောက် တစ်ထောင်အထိ ပေးတယ်၊ အန္နဘာရလည်း မရောင်းဘူး"

"ဒီတော့ သုမနသူဌေးက အလှူ.မရောင်းရင်လည်း အလှူအဖို့ အမျှကို ပေးဝေပါ၊ တစ်ထောင်ပေးပါမယ်တဲ့၊ ဒီတော့ အန္နဘာရက "အရှင်ပစ္စေကဗုဒ္ဓနဲ့ တိုင်ပင်ပါရစေဦး၊ အလှူအဖို့ဘာဂ အမျှဝေသင့် မဝေသင့်" ကို တဲ့၊ ကဲ ဒကာကြီးတို့နဲ့ မတူဘူး လား"

"မှန်ပါ၊ တူနေပါတယ်ဘုရား"

"အဲ ... သွားမေးလျှောက်တော့ ပစ္စေကဗုဒ္ဓ အရှင်မြတ်က ဒီလို အမိန့်ရှိလိုက်တယ် -

"ပညာရှိ ဥပမာပြရမယ်ဆိုရင် ရွာတစ်ရွာဟာ အိမ်ခြေတစ်ရာ ရှိတယ်ဆိုပါတော့၊ တစ်အိမ်မှာ မီးထွန်းထား တယ်၊ ကြွင်းကျန်တဲ့ အိမ်တွေက အစအဆုံး မီးထွန်းထားတဲ့ အိမ်မှာလာပြီး သူတို့မီးခွက်နဲ့ သူတို့လာပြီး မီးကူးတယ်၊ အဲဒီလို ကူးရင် ပထမအိမ်က အရောင်အလင်းဟာ လျော့သွားမလား"

လို့ အမိန့်ရှိလိုက်တယ်၊ ဒီတော့ အန္နဘာရက "မလျော့တဲ့အပြင် အရောင်ဟာ ပိုလာပါမယ် ဘုရား" လို့ လျှောက်တယ်၊ ဒီတော့ ပစ္စေကဗုဒ္ဓ အရှင်မြတ်က -

"ပညာရှိ ... အဲဒီဥပမာအတူပဲ၊ ယာဂု တစ်ဖွန်းမျှပင် ဖြစ်စေ၊ ဆွမ်း တစ်ဖွန်းမျှပင် ဖြစ်စေ၊ မိမိဆွမ်းအလှူ အဖို့ဘာဂအမျှကို သူတစ်ပါးတို့အား အမျှဝေရင် သာဓုခေါ်သူ များသလောက် အလှူအကျိုးများတယ်၊ ယခု သင် ဆွမ်း တစ်ပါးစာ လှူတယ်၊ သူဌေးအား အမျှဝေရင် ဆွမ်းနှစ်ပါးစာ ဖြစ်သွားတယ်၊ ဒီတော့ တစ်ပါးစာက သင့်အတွက်၊ တစ် ပါးစာက သူဌေးအတွက်ပေါ့တဲ့"

အဲဒီလို အမိန့်ရှိတယ်၊ ဒီတော့မှ အနဲ့ဘာရယာ ရှိနိုးဦးရပြန်လာပြီး သုမနသူဌေးကို အမျှဝေတယ်၊ ဒကာကြီးတွေလည်း ဒီကပြန်မှ အမျှဝေမှာလား"

"တင်ပါ့ဘုရား၊ ခုဆိုတော့ ဒီအတိုင်းပဲ ဖြစ်နေတာပေါ့ ဘုရား"

## အမျှဝေ သာဓုခေါ်

"ဒီအမျှဝေ သာဓုခေါ်တာနဲ့ ပတ်သက်လို့ စိတ်ဝင်စားစရာ မှတ်သားစရာ အင်မတန်များတယ်"

"အမိန့်ရှိပါဦးဘုရား"

"ကုသိုလ်ဆယ်ခုမှာ အမျှဝေတာဟာ "ပတ္တိဒါနကုသိုလ်"၊ သာဓုခေါ်တာက "ပတ္တာနုမောဒနာကုသိုလ်" မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အဲ... ကုသိုလ်ရှင်တွေက ကိုယ့်ကုသိုလ်ကို ကိုယ်လိုရပါစေဆိုတဲ့ အနေနဲ့ အမျှဝေလို့ ဝမ်းမြောက်နမော် သာဓုခေါ်မှ သာဓုခေါ်တဲ့ပုဂ္ဂိုလ်မှာ ပတ္တာနုမောဒနကုသိုလ် ဖြစ်တယ်၊ အမျှမဝေဘဲနဲ့ ဝမ်းမြောက်မှုဟာ ပတ္တာနုမောဒန မဟုတ်ဘူး၊ အနုမောဒနာသက်သက်သာ ဖြစ်တယ်တဲ့"

"မှန်ပါ ဘုရား"

"ဒီလိုဆိုတော့ အမျှဝေဖို့ မကောင်းဘူးလား"

"ကောင်းပါတယ် ဘုရား"

"သူတစ်ပါး အမျှဝေတာကို ကြားတဲ့ ပုဂ္ဂိုလ်ကလည်း ဝမ်းမြောက်ဝမ်းသာ သာဓုမခေါ်သင့်ဘူးလား၊ ခေါ်သင့်လား"

"ခေါ်သင့်ပါတယ် ဘုရား"

"အင်း... ဒီကနေ့ကနေစပြီး ကိုယ့်ကုသိုလ်လည်း ဝမ်းမြောက်ဝမ်းသာ သူတစ်ပါးတွေကို ဝေရမယ်၊ သူတစ်ပါးဝေတဲ့ အမျှကိုလည်း ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ရမယ်နော်"

"မှန်ပါ ဘုရား"

## ကိုယ့်အမျှ ကိုယ်သာဓုခေါ်

"အင်း... အမျှဝေ၊ သာဓုခေါ် ခြင်းကလည်း အလိုကြီးပဲ၊ တချို့ ကိုယ့်အမျှ ကိုယ့်ဘာသာကိုယ် ပြန်ပြီး သာဓုခေါ်နေတယ်"

"ဘယ်လိုပါလဲ ဘုရား၊ အမိန့်ရှိပါဦး"

"တချို့ရှိတယ်မဟုတ်လား၊ ဘုရားရှိခိုးခြင်း၊ ဆွမ်းတော်ကပ်ခြင်း စသည့် ကုသိုလ်တစ်ခုခု တစ်ယောက်တည်း ပြုပြီးတဲ့ အခါ အမျှ အမျှဆိုပြီး အမျှဝေတယ် မဟုတ်လား"

"မှန်ပါ ဝေပါတယ်ဘုရား"

"အဲဒီလို အမျှ အမျှလို့ အမျှလည်း ဝေပြီးရော၊ သာဓု သာဓုလို့ ကိုယ့်ဘာသာကိုယ် သာဓု မခေါ်ဘူးလား"

"ခေါ်ပါတယ်ဘုရား"

"အဲဒါ ဘယ်သူက ဝေတဲ့အမျှကို သာဓုခေါ်တာလဲ"

"ကိုယ်ဝေတဲ့အမျှကို ကိုယ်သာဓုခေါ်ပါတယ်ဘုရား"

"အဲဒါ ကိုယ့်အမျှ ကိုယ်သာဓုခေါ်တာပေါ့၊ ကိုယ့်ဘာသာကိုယ် ရှေ့ယူတော့လို့ လက်တစ်ဘက်ကပေးပြီး လက်တစ်ဘက်က ပြန်ယူထားသလို ဖြစ်မနေဘူးလား"

"မှန်ပါ၊ ဖြစ်နေပါတယ်ဘုရား"

"အမျှဝေတဲ့ အဓိပ္ပာယ်က ဒီလိုကိုယ်ပေး၊ ကိုယ်ယူအဓိပ္ပာယ်မျိုးမှ မဟုတ်တာဘဲဟာ၊ "မဝေပြန်တော့လဲ မဝေ၊ ဝေပြန်တော့လည်း ကိုယ့်ဘာသာကိုယ် သာဓုခေါ်၊ အချိုးကျရဲ့လား"

"အချိုးမကျပါ ဘုရား"

"တကယ့်တကယ် ဖြစ်ရမှာက ကိုယ်တစ်ယောက်တည်း ကုသိုလ်ပြုပြီးရင် အမျှဝေလိုက်နော်"

"မှန်ပါဘုရား၊ ဝေပါ့မယ်"

"ဒီလို ဝေပြီးတော့မှ "ဒီအချိန်မှာ သူတော်ကောင်း၊ သူမြတ်လောင်းတွေက အကျွန်ုပ်ကဲ့သို့ ကုသိုလ်ပြုပြီး ပေးဝေတဲ့ ကုသိုလ်ရဲ့အဖို့ဘာဂ အမျှကိုလည်း အကျွန်ုပ်က ခေါ်ပါ၏၊ သာဓု သာဓု သာဓု ဆိုပြီး သူတော်ကောင်း၊ သူမြတ်လောင်းတွေ ပေးဝေတဲ့အမျှကို အာရုံပြုပြီး သာဓုခေါ်ရမှာ၊ ကိုယ်ဝေတဲ့အမျှ ကိုယ်ပြန်ပြီးတော့ သာဓုခေါ်ရမှာ မဟုတ်ဘူး"

"တင်ပါ ဘုရား၊ ခုမှပဲ သိရပါတော့တယ်ဘုရား၊ အများအားဖြင့်တော့ ဒီလိုပဲ ကိုယ့်အမျှ ကိုယ် သာဓုခေါ်တာပဲ များပါတယ်ဘုရား"

"အင်း...ခက်တာက ခုလိုလည်း သိအောင်မမေး၊ တရားလည်း မနာ၊ စာလည်း မဖတ်ဆိုတော့ ဘယ်ကလာပြီး သိမှာလဲ"

"မှန်ပါ ဘုရား"

## အမျှဝေနည်း ၂ မျိုး

"အဲဒီ အမျှဝေနည်းကလည်း နှစ်မျိုး ရှိတယ်၊ အဲဒါ သူ့နည်းနဲ့သူ အချိုးတကျ ဝေတတ်ပါမှလည်း အချိုးတကျ အကျိုးရမှာ"

"မှန်ပါ အမိန့်ရှိပါဦးဘုရား၊ အမျှဝေနည်း နှစ်မျိုးကို"

"အမျှဝေနည်း နှစ်မျိုးက -

၁။ ပြိတ္တာဖြစ်နေသူ တစ်စုံတစ်ယောက်ကို သီးခြား ရည်စူးပြီး ပေးဝေအပ်တဲ့အဖို့ "ဥဒ္ဒိဿိကပတ္တိ"

၂။ တစ်စုံတစ်ယောက်အတွက် မဟုတ်ဘဲ သတ္တဝါအများကို ပေးဝေအပ်တဲ့အဖို့ "အနုဒ္ဒိဿိကပတ္တိ"

တို့ပဲ ဖြစ်တယ်ပေါ့"

"မှန်ပါ ဘုရား"

"အဲဒီ နှစ်မျိုးမှာ သီးခြားရည်စူးပြီးတော့ ပေးဝေတဲ့ ဥဒ္ဒိဿိကပတ္တိကို တမလွန်ဘဝပြောင်းသွားတဲ့ ပုဂ္ဂိုလ်ကို ရည်စူးပြီး ပေးဝေလေ့ ရှိတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို ရည်စူးပြီး အမျှဝေတဲ့ တမလွန်ဘဝ ပြောင်းသွားလို့ ပြိတ္တာဖြစ်တဲ့ ဆိုင်ရာပြိတ္တာက သာဓုအနုမောဒနာခေါ်ရင် ချက်ချင်း ဒိဋ္ဌဓမ္မအကျိုးရတာပေါ့"

"မှန်ပါ ဘုရား"

"အဲဒီလို သီးခြားရည်စူးပြီး အမျှဝေရမယ့်နေရာမှာ သီးခြားမရည်စူးဘဲ သာမန် အမျှ အမျှဝေရင် သီးခြားဝေမှ ရမယ့် ပြိတ္တာ ရပါဦးမလား"

"မရတော့ပါ ဘုရား"

"ကဲ...မနစ်နာဘူးလား"

"နစ်နာပါတယ်ဘုရား"

## ဘုရင့်ဆွေမျိုး ပြိတ္တာတွေ

"ဒါဟာ သာဓကရှိတယ်၊ ရည်ညွှန်းရမှာ မရည်ညွှန်းမိလို့ သာဓုမခေါ်ရသဖြင့် အကျိုးမရလို့ ကိုယ်ထင်တောင် ပြရတယ်"

"မှန်ပါ အမိန့်ရှိပါဦးဘုရား"

"ဦးပဥ္စင်းတို့ ဘုရားရှင် ပွင့်တော်မူစကပေါ့၊ ဘုရင်ဗိမ္ဗိသာရမင်းကြီးရဲ့ဆွေဟောင်းမျိုးဟောင်းတွေပြိတ္တာဖြစ်နေတာ အများကြီးပဲ"

"မှန်ပါ ဘုရား"

"အဲဒါ သူတို့က ဘုရင်ဗိမ္ဗိသာရက သူတို့ကိုရည်မှန်းကုသိုလ်ပြုအမျှဝေလို့ သာဓုခေါ်ရလျှင် ကျွတ်မယ်ဆိုတာ သိတော့ ဘယ်တော့များ ဘုရင်ဗိမ္ဗိသာရက ကုသိုလ်ပြုပြီး သူတို့ကို ရည်ညွှန်းပြီး အမျှဝေပါ့မလဲလို့ အမျှော်လင့်ကြီး မျှော်လင့်နေတာပေါ့"

"မှန်ပါ ဘုရား"

"အဲဒါ ဘုရင်ဗိမ္ဗိသာရက ပထမအကြိမ် ဝေဠုဝန်ကျောင်းတော် ရေစက်ချပွဲမှာ အမျှမဝေမိလို့ အဲဒီပြိတ္တာတွေ သာဓု မခေါ်ရတော့ ပြိတ္တာဘဝက မကျွတ်ဘူးပေါ့"

"မှန်ပါ ဘုရား"

"အဲဒီတော့ ဘုရင်ဗိမ္ဗိသာရ သိအောင်ဆိုပြီး ညအခါမှာ ကိုယ်ထင်ပြတယ်၊ ဘုရင်ကြီးက ကြောက်လို့ နံနက်လင်းတော့ ဘုရားရှင်အား လျှောက်ထားတယ်"

"မှန်ပါ ဘုရား"

"ဒီတော့မှ ဘုရားရှင်က ပြိတ္တာတို့ ဖြစ်ခဲ့ပုံ၊ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းပြီး ဟောတယ်"

"မှန်ပါ ဘုရား"

"ဒီတော့မှ ဘုရင်ဗိမ္ဗိသာရလည်း နောက်တစ်ခါ ဆွမ်း‌စသည် လှူဒါန်းပြီး ရည်ညွှန်းအမျှဝေတော့မှ သာဓုခေါ်ရတဲ့ အတွက် ပြိတ္တာဘဝမှ ကျွတ်သွားတယ်၊ ဒီတော့ အမျှဝေမှုဟာ အရေးမကြီးဘူးလား"

"ကြီးပါတယ် ဘုရား"

## ဖိတ်.မဖိတ်

"အဲဒီလို တမလွန်ဘဝပြောင်းသွားတဲ့ ပုဂ္ဂိုလ်တွေကို ရည်မှန်းလှူဒါန်းတဲ့အခါ ဖိတ်မှု. မဖိတ်မှုကလည်း အရေးကြီးသေးတယ်"

"ဘယ်လို ဖိတ်မှု. မဖိတ်မှုပါလဲဘုရား"

"ဖိတ်မှု မဖိတ်မှုဆိုတာက ဒီလို၊ တမလွန်ဘဝပြောင်းသွားခါစ ပုဂ္ဂိုလ်ကို ရည်မှန်းပြီးတော့ ရက်လည်ဆွမ်းလောက်လှူဒါန်းတဲ့အခါမှာတော့ အဲဒီတမလွန်ဘဝ ပြောင်းသွားသူကို ဖိတ်တယ် မဟုတ်လား"

"မှန်ပါ၊ ဖိတ်ပါတယ်ဘုရား"

"အင်း... နှစ်တော်တော်ကြာက တမလွန်ဘဝသို့ ပြောင်းသွားသူကို ရည်မှန်းပြီး ဆွမ်းလှူဒါန်းတဲ့အခါမှာ အဲဒီဖိတ်မှုကို မေ့တတ်တယ်၊ အဲဒီလို မေ့ရင် ရည်မှန်းမှု အားလျော့မသွားဘူးလား"

"လျော့သွားပါတယ်ဘုရား"

"ဦးပဥ္စင်းပြောမယ်၊ အဖြစ်အပျက်တစ်ခု ရှိတယ်၊ ဘာလဲဆိုတော့ ဒကာမကြီးတစ်ယောက် ဆုံးရော၊ ဆုံးတဲ့အခါ ရုက္ခစိုးဖြစ်နေတယ်၊ သူ့သမီးကြီးက အမြဲဆွမ်းသွတ်တဲ့အခါ ဖိတ်တယ်၊ နှစ်ပတ်လည်ဆွမ်းလည်း အမြဲသွတ်တယ်၊ ဖိတ်တယ်"

"အဲ... တစ်နှစ်တော့ အဲဒီရုက္ခစိုးဒကာမကြီးသားက ဆွမ်းသွတ်နေကြ သူ့အစ်မကို ပြောတယ် "အစ်မ၊ နင်ကတော့ နှစ်တိုင်းအမေ့အတွက် ဆွမ်းသွတ်နေတာပဲ၊ ဒီနှစ် နှစ်ပတ်လည်ဆွမ်းတော့ ငါသွတ်ပါရစေ" လို့ ပြောတယ်"

"ဒီတော့ သူ့အစ်မကလည်း ခွင့်ပေးလိုက်တယ်၊ သူလည်း ကျကျနနပါပဲ၊ ဆွမ်းစသည်လှူဒါန်းပြီးအမျှဝေတယ်၊ အဲဒီညနေကျတော့ ရုက္ခစိုးဖြစ်နေတဲ့ ဒကာမကြီးက ပြောတယ်၊ သူ့သား ဆွမ်းသွတ်တော့ သူလာတယ်တဲ့၊ ဒါပေမဲ့ သူ့ကို မဖိတ်လို့ အိမ်ပေါ်လည်း မတက်ဘူး၊ အိမ်ရှေ့မှာပဲ နေတယ်တဲ့၊ သာဓုလည်း မခေါ်ဘူးတဲ့"

"တယ် ထူးဆန်းပါလားဘုရား၊ ဘယ်လိုလာပြောတာလဲ ဘုရား"

"သူ့သမီးကြီးကို ကပ်ပြီးတော့ လာပြောတယ်"

"သမီးကြီးကများ သူ ဆွမ်းမသွတ်ရလို့ လီဆယ်တာလားမှ မသိတာဘုရား"

"မဟုတ်ဘူး၊ ခါတိုင်းလည်း သူ့ပဲ ကပ်ကပ်ပြီး ပြောတယ်၊ သူ့သမီးကြီးက အလွန်ရိုးအ.တယ်၊ အဲဒီလို မလီဆယ်တတ်ဘူး"

"တင်ပါ၊ ဒီဥစ္စာ အလွန်တရာ သတိထားရမယ့် ကိစ္စပဲဘုရား"

## နာမည်ခေါ် အမျှဝေပါ

"ပြီးတော့ အဲဒီဆွမ်းသွတ်မှုနဲ့ ပတ်သက်ပြီး အဖြစ်အပျက်တစ်ခု ရှိဖူးသေးတယ်၊ အမျှဝေတဲ့အခါ နာမည်ခေါ်ဝေပါလို့မှာတယ်"

"တင်ပါ၊ အမိန့်ရှိပါဦးဘုရား"

"တစ်ခါပေါ့၊ လူတစ်ယောက်မှာ ပယောဂဖြစ်တော့ ဆရာဘုန်းကြီးတစ်ပါးနဲ့ ကုတယ်၊ အဲဒီလို ကုတော့ အဲဒီလူမှာကပ်နေတဲ့ပယောဂက မောင်နမ.နှစ်ယောက်တဲ့"

"မှန်ပါ ဘုရား"

"သူတို့က ကပ်ချင်လို့ ကပ်နေရတာမဟုတ်ဘူး၊ သူတို့ကို နိုင်တဲ့သူက ခိုင်းထားလို့ ကပ်ရတာပဲ၊ အဲဒီ နိုင်ရတဲ့သူကို ဆရာဘုန်းကြီးက ဖယ်ရှားလိုက်တော့ သူတို့ ဘေးကင်းသွားတယ်ပေါ့၊ အဲဒီအခါမှာ သူတို့က ပြောတယ်"

"ဘယ်သူ့ကို ပြောတာလဲဘုရား"

"ဆရာဘုန်းကြီးကို ပြောတာပေါ့"

"တင်ပါ၊ အမိန့်ရှိပါဘုရား"

"တပည့်တော်ကိုလည်း ကယ်ပါဦးဘုရားတဲ့၊ တပည့်တော်တို့ အယုတိမ်းဘဝက ကျွတ်လွတ်ဖို့ဟာ ဆွမ်းသွတ်မယ့် သူ မရှိလို့ မကျွတ်နိုင်ဘူးတဲ့"

"သနားစရာပဲ ဘုရား"

"သနားစရာပေါ့"

"ကုသိုလ်ဟာ အဲဒီကျမှ အရေးကြီးပါလား၊ တန်ဖိုးရှိပါလားဆိုတာ မထင်ရှားဘူးလား"

"ထင်ရှားပါတယ်ဘုရား"

"ဒီတော့ ဆရာဘုန်းကြီးက နင်တို့အဖေအမေတွေ မရှိဘူးလားလို့ မေးတယ်၊ အဲဒီလို မေးတဲ့အခါ အဖေတွေ အမေ တွေလည်း ဘယ်ရောက်ကုန်လည်း မသိတော့ပါတဲ့ လိုက်ရှာလို့လည်း မတွေ့တော့ဘူးတဲ့"

"သူတို့အဖေအမေတွေပါ သေကုန်ပြီလားမှ မသိတာဘဲဘုရား၊ ဒါကြောင့် ရှာမတွေ့တာပေါ့"

"အင်း...ဒါတော့ မသိဘူး၊ ဒီတော့ ဆရာဘုန်းကြီးက တို့က နင်တို့ကို ဘာအကူအညီပေးနိုင်လဲလို့ မေးတဲ့အခါ တပည့် တော်တို့ကို ရည်မှန်းပြီး ဆွမ်းသွတ်လှူပေးပါတဲ့"

"အဲဒီလိုပြောတော့ ဆရာဘုန်းကြီးက ဆွမ်းသွတ်လှူရင် နင်တို့ လာနိုင်ပါ့မလားလို့ မေးတော့ "တင်ပါ၊ ဆရာဘုန်းကြီး အမိန့်နဲ့ခေါ်ရင် လာနိုင်ပါတယ်" တဲ့"

"အမျှဝေရင်တော့ သာဓုခေါ်နိုင်မှာလားလို့ မေးတော့ "တင်ပါ၊ တပည့်တော်တို့နာမည် ခေါ်ဝေပါဘုရား၊ နာမည်ခေါ် အမျှဝေလျှင် သာဓုခေါ်နိုင်ပါတယ်၊ အယုတိမ်းဘဝကလည်း ကျွတ်လွတ်ပါလိမ့်မယ်" တဲ့"

"မှတ်သားစရာအချက်ပဲ ဘုရား"

"အင်းပေါ့၊ မှတ်သားစရာပေါ့၊ ဖိတ်လည်း မဖိတ်ဘူး၊ အမျှဝေတဲ့အခါလည်း သောကောရောကောနဲ့ အမျှအမျှယူတော် မူကြပါကုန်လောဆိုတော့ သီးခြားရည်ညွှန်းမှု ပါသေးလား"

"မပါတော့ပါ ဘုရား"

"အဲ...တမလွန်ဘဝ ပြောင်းသွားသူကို ရည်ညွှန်းလှူဒါန်းရမယ်ဆိုတာ အင်္ဂါတစ်ပါးအနေနဲ့ ရှိပါလျက်ကနဲ့ သာမည ရိုးရိုးကိုယ့်အတွက် လှူသလိုလှူပြီး သီးခြားရည်ညွှန်းပြီး နာမည်ခေါ်အမျှမဝေရင် မရနိုင်ဘူးဆိုတာ ယခုပြောခဲ့တဲ့ အဖြစ်အပျက် နှစ်ရပ်က သက်သေခံပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကဲ ဒါနဲ့ ခုနကအကြောင်းကို ဆက်ကြဦးစို့"

"တင်ပါ၊ ဆက်ပါဘုရား"

"အဲဒီလိုပြောတော့ ဆရာဘုန်းကြီးက ပယောဂဖြစ်တဲ့ ကာယကံရှင်ကိုပဲ ဆွမ်းသွတ်ဖို့ တာဝန်ပေးလိုက်တယ်၊ နောက်နေ့မှာ ဘုန်းကြီးတစ်ပါး ပင့်ပြီး ဆွမ်းတစ်အုပ်ချက်နဲ့ ဆွမ်းလှူဒါန်းပြီး သူတို့ပြောတဲ့အတိုင်း နာမည်ခေါ် အမျှပေးဝေလိုက်တယ်"

"သူတို့ ကျွတ်သွားရောပေါ့ နော်"

"အင်း...ဦးပဥ္စင်းတို့က ကျွတ်လို့ရှိရင် တို့ကို လာပြောဦးလို့ မပြောလိုက်မိတော့ ကျွတ်.မကျွတ် မသိရတော့ဘူးပေါ့"

"အဲဒီလို မှာလို့ ရလားဘုရား"

"အဲဒီလို ပြောနိုင်တဲ့လူဆိုရင်တော့ ရတာပေါ့၊ စာထဲမှာလည်း ပြောနိုင်တဲ့အကြောင်းတွေ ပါနေသားပဲဟာ"

"တင်ပါ၊ တပည့်တော်တို့တော့ ဒီကနေ့ ဗဟုသုတတွေ အများကြီးရသွားပြီဘုရား"

"ကဲ...ရသွားရင်လည်း ပြန်တော့"

✦ လောကထဲမှာ၊ သိစရာ၊ လွန်စွာများပြားလှသည်သာ။

✦ သိစရာတွေ၊ သိအောင်လေ၊ ရှာဖွေမေးမြန်း၊ နည်းသည်သာ။

✦ သိအောင်မေးကာ၊ ကျင့်သူမှာ၊ နည်းပါးထို့ထက် အလွန်သာ။

📖

# မြို့ရွာတွေမှာ နေမှာပေါ့ဘုရား

(၇၂)

သံသရာဝဋ်ထဲက၊ မလွတ်ဘဲနေနေ

ဖွတ်ဆွဲ၍ တပေပေငယ်၊ ရေပစေခင်ရဲ့

နိဗ္ဗာန်မြို့အမြိုက်ခွင်ကို၊ မလိုက်ချင် ရုန်းကန်လို့ဖဲ့

နှစ်ယောက်ထဲ စံပါမယ်၊ ကံနှစ်ဖြာနယ်လှဲ့။

သံသရာ အကျယ်ချဲ့ပါလို့၊ တလယ်လယ့်မောင်မယ်

ဂင်္ဂါဝါဆူဆူ ပြုန်းစေတော့၊ တူတူပုန်း ပုန်းပဲ့မယ်ကွယ်။

တေဘုမ္မက ဝဋ်နန်းနွယ်မှာ၊ လွတ်စမ်းမယ် စာမလိပ်ချင်ဘူး

အဝိဇ္ဇတ်မှိုင်းမှောင်ညစ်ထေ၊ ရိုင်းခေါင်ဖြစ်စေ

နောက်ချန်လို့ အဖော်နေမယ်၊ နှစ်ကိုယ်ရေ ပျော်စမ်းချင့်လေး။

အထက်ပါ မေတ္တာဘွဲ့ တေးထပ်မှာ စာဆိုတော် အကျော်အမော်ဖြစ်သော ဦးပုညရေးသော တေးထပ်ဖြစ်၏။ တေးထပ်၏ သရုပ်မှာ ပေါ်လွင်လှ၏။ စကားပြေရေးပြရန်ပင် မလိုပေ။

တေးထပ်မှာ "သံသရာအကျယ်ချဲ့" လိုသူတို့အတွက် နှစ်သက်စဖွယ်ဖြစ်သော်လည်း "သံသရာအကျဉ်းချုံး" လိုသူတို့အတွက်မူ နှစ်သက်စဖွယ် ဖြစ်ကောင်းမှ ဖြစ်ပါမည်။ ယင်းကို ရှုလျှင် –

၁။ သံသရာအကျယ်ချဲ့လိုသူနှင့်

၂။ သံသရာအကျဉ်းချုံးလိုသူဟူ၍လူနှစ်မျိုးရှိနိုင်မည်ကိုသိနိုင်ပေသည်။ ယင်းနှစ်မျိုးမှာလည်း "အချဲ့နှင့်အချုံး" ဖြစ်၍ တစ်မျိုးနှင့် တစ်မျိုးမှာ ကျောချင်းကပ်ပြေးသလို သဘောသွားမှာ များစွာကွာခြားမည်ကို တွေ့ရမည်ဖြစ်၏။

မိမိမူ တောရကျောင်းတစ်ကျောင်းမှတစ်ကျောင်းသို့ ရွှေ့ပြောင်းနေထိုင်ခဲ့သည့်တစ်ကြောင်းနှင့် တရားဓမ္မ ဟောပြော ပြသည့် တစ်ကြောင်းတို့ကြောင့် ယင်းနှစ်မျိုးနှင့် ခဏခဏ တွေ့ရ၏။

တချို့မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သံသရာအကျဉ်းချုံးပြီး ဝဋ်ဘောင်မှ ရုန်းကန်ထွက်လိုသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် အခွင့်က မပေး၊ အချို့မှာမူ သံသရာနယ်ထဲမှာ အကျယ်ချဲ့ပြီး ပျော်လိုသည်။ အခွင့်က မရ၊ ခက်လိုက်တဲ့ ဘဝဖြစ်တွေ၊ ကမောက်ကမ တွေကြီးပါလားဟု ဘဝကိုပဲ အပြစ်ထားရမလို ဖြစ်နေပြန်၏။

တချို့မှာ တောတွင်းနေသူကို မြို့ရွာတွင်းသို့ ဖွတ်ဆွဲသွင်း၏။ တချို့က မြို့ရွာတွင်းမှာနေသူကို တောတွင်းသို့ ဖွတ်နှင်၏။ အမြင်ချင်းတော့ မတူကြပေ။ အမှုမှာကား သာ၍ပင် ခြားတော့မည်ထင်၏။

မိမိမှာမူ မြို့ရွာရောက်တုံ တောရောက်တုံနှင့် ပြဿနာမျိုးစုံနဲ့ ဒုက္ခအဖုံဖုံ ကြုံဆုံခံစား ပြေးလွှားနေရပေ၏။ တစ်နေ့ မိမိနေထိုင်ရာ တောရသို့ လူငယ်တစ်ယောက် ရောက်လာသည်။ ရှိခိုးဦးချပြီးသော် မေးလျှောက်သည် -

"ဦးပဥ္စင်း၊ တောထဲမှာ တစ်ပါးတည်းနေရတာ မကြောက်ဘူးလားဘုရား"

ယင်းအမေးမျိုးကို အမေးခံရဖူးပေါင်းမှာ များလှပြီ၊ ယခု အမေးခံရစဉ်မှာလည်း တောရတွင် မိမိတစ်ပါးတည်း ရှိနိုက်ပင်ဖြစ်၏။

"ဘာကို မကြောက်ဘူးလား မေးတာလဲ"

"သရဲတစ္ဆေကို မကြောက်ဘူးလား မေးတာပါဘုရား"

"သရဲတစ္ဆေဆိုတာ တောထဲမှာ ဘယ်နေမလဲ၊ စားစရာ သောက်စရာ ခြောက်လှန့်စရာ လူမှ မရှိတာ"

"ရှိတယ်ဘုရား၊ ဒီတောရက နာမည်ကြီးပဲဟာ၊ သရဲခြောက်တာ"

"မင်းကို ဘယ်သူပြောလဲ"

"ပထမဆရာတော်ကြီးကလည်း ပြောတယ်၊ ရွာထဲက လူကြီးတွေလည်း ပြောတယ်"

"အလကားပါ၊ ဆရာတော်ကြီးနဲ့ လူကြီးတွေက မင်းတို့လို လူငယ်တွေ တောရကျောင်းနားမှာ လူစုပြီး ဆူညံမှာစိုးလို့ ပြောတာနေမှာပေါ့"

"မဟုတ်ဘူးဘုရား၊ တပည့်တော်တို့လည်း တစ်ခါတစ်ခါ တောင်ပေါ်ကအပြန် မိုးချုပ်ရင် အခြောက်ခံရတယ်"

"မင်းတို့က သစ်ကိုင်းကျိုးကျလည်း သရဲခြောက်တယ် ပြော၊ သစ်ပင်လှုပ်လည်း သရဲခြောက်တယ် ပြောတာပဲဟာ"

"ဦးပဥ္စင်းကို တစ်ခါမှ အခြောက်မခံရဘူးလား"

"သရဲမှ ဒီတောထဲ မရှိတာ၊ ဘယ်အခြောက်ခံရမလဲ"

"ဦးပဥ္စင်းက ရဲလို့နဲ့ တူတယ်"

"ဘယ်ကလာ ရဲရမလဲ၊ ဦးပဥ္စင်း လူဝတ်တုန်းကဆိုရင် အိမ်ရှေ့မှာ လူတွေရှိတာတောင် အိမ်ခန်းထဲကို မီးခွက်မရှိရင် မသွားရဲဘူး၊ သရဲအကြောင်း ပြောရင်လည်း ကြမ်းပေါက်ရှိတဲ့နေရာမှာ မထိုင်ရဲဘူး၊ သိပ်ကြောက်တတ်တယ်"

"ခုတော့ မကြောက်တော့ဘူးပေါ့"

"ခုကြောက်တာက သရဲမဟုတ်တော့ဘူး၊ လူဆိုး သူခိုးပဲ ကြောက်တော့တယ်"

"လူဆိုး သူခိုးက တောကျောင်းဘုန်းကြီး အန္တရာယ်မပေးပါဘူးဘုရား"

"လူဆိုး သူခိုးဆိုတာ ဆေးရှိရာ မဟုတ်ဘူးဆိုတာ မင်းကြားဖူးတယ်မဟုတ်လား၊ ခဏခဏ တို့ဖြင့် ခေါင်းရိပ်ဓားတို့၊ ဖောင်တိန်တို့၊ နာရီတို့၊ ဓာတ်မီးတို့ အခိုးခံရတယ်"

"ဟုတ်လား"

"အေး...ဟုတ်တာပေ့ါ"

"ဦးပဥ္စင်းဘုရား၊ တောထဲနေရတာ မပျင်းဘူးလား"

"အင်း...မင်းအမေးကလည်း မကြောက်ဘူးလား၊ပြီးတော့ မပျင်းဘူးလား ရောက်လာပြီ၊ ဘာဖြစ်လို့လဲ တစ်ယောက်တည်းနေရလို့ မေးတာလား"

"မှန်ပါဘုရား"

"ဘယ်ဟုတ်မလဲ၊ ကဲ...နားထောင်"

"အဖော်လျှင် နှစ်ယောက်မြောက်ရှိအောင် နေသူသည် ငြင်းခုံခြင်းသို့ ရောက်တတ်တယ်၊ တစ်ယောက်တည်း နေမယ်ဆိုရင် ဘယ်သူနဲ့ ငြင်းခုံရတော့မလဲ၊ နတ်ရွာကို အလိုရှိတဲ့သူဟာ တစ်ယောက်တည်း နေခြင်းကို နှစ်သက်ရမယ်"တဲ့။

"အဖော်လျှင် နှစ်ယောက်မြောက်ရှိအောင်နေသူဟာ ချစ်ခင်ကပ်ငြိခြင်းသို့ရောက်တတ်တယ်၊ တစ်ယောက်တည်း နေလျှင်တော့ ဘယ်သူ့ကို ချစ်ခင်ကပ်ငြိရတော့မှာလဲ၊ သံသရာဝဋ် ကင်းလွတ်ရာအမှန် ပြည်နိဗ္ဗာန်ကို အလိုရှိသူဟာ တစ်ယောက်တည်းနေခြင်းကို နှစ်သက်ရမယ်"တဲ့။

"မိမိရှေ့ကရော မိမိနောက်ကပါ မိမိမှတစ်ပါးသော အဖော်အလှော် မရှိတဲ့၊ လူနဲ့ မပြွမ်း စိမ့်စမ်းစုံစွာ တောရိပ်သာထဲမှာ တစ်ယောက်တည်း တရားဓမ္မရှုပွားနေတဲ့ အဲဒီ တစ်ယောက်တည်းနေ ဧကစာရီ၊ ဧကဝါသီ ပီသပေလှတဲ့ သူ့အားသာ သူတစ်ပါးကြောင့် မကြောင့်မကျ မိမိကိုယ်ကြောင့် မတောင့်မတ ချမ်းသာရမယ်"တဲ့။

"ကဲ...တောထဲမှာ တစ်ယောက်တည်း တစ်ပါးတည်း နေရတဲ့အကျိုးတွေ မများဘူးလား၊ အဲဒီအကျိုးတွေ လိုချင်လို့ တောထဲမှာ နေတာပဲ၊ ကဲ...မင်းလည်း တောထဲနေမယ် စိတ်မကူးဘူးလား"

"တပည့်တော်တော့ "မြို့ရွာတွေမှာ နေမှာပေ့ါဘုရား" ဘယ် တောထဲမှာနေမှာလဲ"

"ဘာဖြစ်လို့လဲ"

"တောထဲမှာ နေရတာက ဆင်းရဲတယ်ဘုရား"

"လာပြန်ပြီ၊ မင်းဥစ္စာကလဲ"

"ဘာလဲဘုရား"

"ပထမမေးတုန်းက မကြောက်ဘူးလားတဲ့၊ နောက်မေးတော့ မပျင်းဘူးလားတဲ့၊ ခုတစ်ခါသာ မင်းမေးရင် မဆင်းရဲဘူးလားလို့ မေးချင်မေးမှာ မဟုတ်လား"

"တင်ပါဘုရား"

"ဒီမှာ ဦးပဥ္စင်းပြောပြမယ်

၁။ တဏှာအာရုံ၊ ကာမဂုဏ်ကိုမှီတဲ့ အစားအသောက် လုံလောက်ပြည့်စုံခြင်း ချမ်းသာရယ်၊

၂။ ဆိတ်ငြိမ်ရာကပ်၊ တောအရပ်မှာ နေခြင်းကြောင့်ဖြစ်တဲ့ အစစရှား၊ ပူဇော်သကာ နည်းပါးခြင်း ဆင်းရဲရယ်" လို့ ချမ်းသာဆင်းရဲ နှစ်မျိုးမရှိဘူးလား"

"မှန်ပါ ရှိပါတယ်ဘုရား"

"အဲ...တဏှာအာရုံ ကာမဂုဏ်ကိုမှီတဲ့ အစားအသောက် လုံလောက်ပြည့်စုံခြင်း ချမ်းသာဟာ မေ့လျော့ဖွယ်ကြောင်း ထပ်ဆင့်လောင်းလို့ မကောင်းဘူးတဲ့နော်"

"မှန်ပါဘုရား"

"ကဲ ... ကောင်းတာနဲ့ မကောင်းတာဆိုရင်တော့ မင်းဘာကို ယူမလဲ"

"အဲဒါဆိုရင်တော့ ကောင်းတာယူမှာပေါ့ဘုရား"

"ဒီလိုဆိုရင် တောထဲနေပေါ့၊ နေနည်း နှစ်မျိုးရှိတယ်၊ အဲဒါတွေက ဘာတွေလဲဆိုတော့ -

၁။ ကာယဝိဝေကကို ရှာလိုသူဟာ အဖော်မလျောက် တစ်ယောက်ထီးတည်း နေရမယ်တဲ့။

၂။ စိတ္တဝိဝေကကို ရှာလိုသူဟာ ကိလေသာကို နှိမ်နင်းပြီးတော့ နေရမယ်တဲ့၊ အဲဒီလို နေတော့မှ အဲဒီ ကာယဝိဝေက၊ စိတ္တဝိဝေကတို့က ဥပဓိခန္ဓာ ဆိတ်ရာအမှန် နိဗ္ဗာန်ဆိုတဲ့ ဥပဓိဝိဝေကကို ပေးတတ်ကြကုန်တယ်"

"အဲဒီလို နေနည်းနှစ်မျိုးနဲ့ နေမှ နိဗ္ဗာန်ကို မြန်မြန်ရမယ် မဟုတ်လား"

"မှန်ပါဘုရား"

"ပြီးတော့ -

"အကုသိုလ်တရားမှ လွတ်လိုသူ သံသရာဝဋ်မှ ကျွတ်လိုသူဟာ မမြင်မကြားရာအရပ်မှာ နေရမယ်တဲ့၊ မှန်တာပေါ့၊ မြင်ကြားမယ်ဆိုရင် သာယာခြင်းကို တားမြစ်ဖို့ရာ အလွန်တရာ ခဲယဉ်းမယ်" မဟုတ်လား"

"မှန်ပါ ဘုရား"

"ပြီးတော့လည်း -

"မျက်စိဟာ အဆင်းနဲ့ ပေါင်းဖက်ခြင်းကြောင့် တပ်မက်မှု ရာဂသားကို မွေးဖွားတယ်၊ အဲဒီမွေးဖွားတဲ့ ရာဂသားကလည်း များစွာ အကျိုးမဲ့ကို ပြုတတ်တယ်၊ ဒါကြောင့် မျက်စိနဲ့အဆင်း ပေါင်းဖက်ခြင်းကို တားမြစ်ရမယ်" တဲ့။

"နားဟာလည်း အသံနဲ့ ပေါင်းဖက်ခြင်းကြောင့် တပ်မက်မှု ရာဂသားကို မွေးဖွားတယ်၊ အဲဒီမွေးဖွားတဲ့ ရာဂသားကလည်း များစွာ အကျိုးမဲ့ကို ပြုတတ်တယ်၊ ဒါကြောင့် နားနဲ့ အသံ ပေါင်းဖက်ခြင်းကို တားမြစ်ရမယ်" တဲ့။

"အဲဒီ မျက်စိဆိတ် နားဆိတ်တဲ့ နေရာဟာ တောပဲမဟုတ်လား"

"မှန်ပါ ဟုတ်ပါတယ်ဘုရား"

"တို့ဘုရားရှင်များ ဘုရားအဖြစ်ရောက်တာတောင် တစ်ခါတစ်ခါ တစ်ဝါတွင်းလုံး ဆိတ်ငြိမ်ရာ၌ တစ်ပါးတည်း သီတင်းသုံးတယ်၊ အဲဒါကို မိလိန္ဒမင်းကြီးကတောင် ရှင်နာဂသေနကို မေးဖူးတယ်"

"ဘယ်လိုမေးပါလဲ ဘုရား"

## ဘုရားရှင်၌ ပြုဖွယ် ရှိ,မရှိ

"အရှင်ဘုရား၊ ဘုရားရှင်ဟာ အလုံးစုံသော ပြုဖွယ်ကိစ္စဟာ ဗောဓိပင်၌ပင်လျှင် အပြီးသို့ ရောက်တော်မူလေပြီ၊ ဘုရားရှင်အား တစ်ဖန် ပြုဖွယ်ကိစ္စ မရှိ၊ ဆည်းပူးဖွယ် မရှိဟုဆိုကြပါကုန်၏"

"အရှင်ဘုရား၊ ဝါတွင်းသုံးလပတ်လုံး တစ်ပါးထီးတည်း ကိန်းအောင်းတော်မူခြင်းကလည်း ထင်ရှားပြန်ပါတယ်"

"အရှင်ဘုရား၊ ဘုရားရှင်အား အလုံးစုံသော ပြုဖွယ်ကိစ္စဟာ ဗောဓိပင်၌ပင်လျှင် အပြီးသို့ ရောက်တော်မူအံ့၊ ဘုရားရှင်အား တစ်ဖန် အထူးပြုဖွယ်ကိစ္စ မရှိအံ့၊ ယင်းစကားမှန်သော် ဝါတွင်းသုံးလပတ်လုံး တစ်ပါးထီးတည်းသာ ကိန်းအောင်းတော်မူတယ်ဆိုတဲ့ စကားဟာ မှားရာပါ၏"

"အရှင်ဘုရား၊ ဘုရားရှင်ဟာ ဝါတွင်းသုံးလပတ်လုံး တစ်ပါးထီးတည်းသာ ကိန်းအောင်းတော်မူတယ်ဆိုတဲ့ စကားဟာ တကယ်လို့ မှန်သော် ဘုရားရှင်အား အလုံးစုံသော ပြုဖွယ်ကိစ္စဟာ ဗောဓိပင်၌ပင်လျှင် အပြီးသို့ ရောက်တော်မူတယ်ဆိုတဲ့ စကားဟာ မှားရာပါ၏"

"မှန်ပါတယ် အရှင်ဘုရား၊ ပြုအပ်ပြီးတဲ့အမှု ရှိတဲ့ ဘုရားရှင်အား တစ်ပါးထီးတည်း နေဖွယ် မရှိပါ၊ အမှုပြုဖွယ် ရှိသော်သာလျှင် တစ်ပါးထီးတည်း နေတော်မူသင့်ပါတယ်"

"အရှင်ဘုရား၊ ဥပမာသော်ကား အနာရှိသူအား ဆေးဖြင့် ပြုဖွယ်ကိစ္စ ရှိ၏၊ အနာမရှိသူအား ဆေးဖြင့် အဘယ်ပြုအံ့နည်း၊ ထမင်းငတ်မွတ်သူအား ထမင်းဘောဇဉ်ဖြင့် ပြုဖွယ်ကိစ္စ ရှိ၏၊ ထမင်းငတ်မွတ်ခြင်း မရှိသူအား ထမင်းဘောဇဉ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း"

"အရှင်ဘုရား၊ နှစ်ဖက်အစွန်းထွက်သော ယင်းပြဿနာအား အရှင်ဘုရားသို့ ရောက်ပါတယ်၊ ယင်းပြဿနာကို အရှင်ဘုရား ငြိမ်းစေပါလော" တဲ့။

"ကဲ . . . မင်းပြဿနာတွေနဲ့တောင် မဆင်ဘူးလား"

"မှန်ပါ၊ ဆင်ပါတယ်ဘုရား"

"အေး . . . အဲဒါ သိဖို့လည်း မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"အင်း . . . ဒီပြဿနာကို ရှင်နာဂသေနက ဒီလိုဖြေတယ် -

"မင်းကြီး . . . ဘုရားရှင်အား ပြုဖွယ်ကိစ္စ အလုံးစုံဟာ ဗောဓိပင်၌ပင်လျှင် ပြီးပြီ၊ တစ်ဖန်ပြုဖွယ်၊ ဆည်းပူးဖွယ်ကိစ္စ မရှိပြီ၊ ဘုရားရှင်ဟာ ဝါတွင်းသုံးလပတ်လုံး တစ်ပါးထီးတည်း နေတော်မူတယ်"

"မင်းကြီး . . . ဝါတွင်းသုံးလပတ်လုံး တစ်ပါးထီးတည်း နေတော်မူကြောင်းကား ခပ်သိမ်းသော ဘုရားရှင်တို့ဟာ တစ်ပါးထီးတည်းသာ နေတော်မူပြီး ဘုရားအဖြစ်သို့ ရောက်တော်မူကြကုန်တယ်၊ ယင်း ဘုရားရှင်တို့ဟာ ကောင်းစွာပြုအပ်တဲ့ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့တော်မူကုန်လျက် တစ်ပါးထီးတည်း နေတော်မူကြကုန်တယ်" တဲ့။

"ကဲ . . . ရှင်းရဲ့လား"

"မှန်ပါ၊ ရှင်းပါတယ်ဘုရား"

"ပြီးတော့ ဥပမာနဲ့ ရှင်းပြတယ် -

"မင်းကြီး . . . မင်းမှုထမ်းဟာ မင်းရဲ့အထံမှ ရတဲ့ စည်းစိမ်ချမ်းသာကျေးဇူးကို အောက်မေ့သည်ဖြစ်၍ မင်းထံသို့ အထပ်ထပ်ဆည်းကပ်သလို၊ ဖျားနာတဲ့လူဟာ ဆေးဆရာကြောင့် ချမ်းသာခြင်းသို့ ရောက်တဲ့အတွက် ပြုအပ်တဲ့ဂုဏ်ကျေးဇူးကို အောက်မေ့လျက် ဆေးဆရာထံသို့ အထပ်ထပ်မှီဝဲ ဆည်းကပ်သလို၊ အဲဒီအတူပဲ ဘုရားရှင်တို့ဟာ တစ်ပါးထီးတည်း ကိန်းအောင်းတော်မူပြီး ဘုရားအဖြစ်သို့ ရောက်ကုန်တယ်၊ ယင်းကောင်းစွာပြုအပ်တဲ့ ကျေးဇူးကို အစဉ်အောက်မေ့လျက် တစ်ပါးထီးတည်း ကိန်းအောင်းတော်မူကြခြင်း ဖြစ်တယ်"

## ဆိတ်ငြိမ်ရာ ကပ်ကျိုး ၂၈ ပါး

"မင်းကြီး... တစ်ပါးထီးတည်း ကိန်းအောင်းခြင်း၊ ဆိတ်ငြိမ်ရာအရပ်၌ နေတော်မူခြင်း ဂုဏ်ကျေးဇူးတို့သည် -

၁။ မိမိကိုယ်ကို စောင့်ရှောက်သည် မည်၏။
၂။ အသက်ကို တိုးပွားစေတတ်၏။
၃။ ကိုယ်အား ဉာဏ်အားကို ပေးသည်မည်၏။
၄။ အပြစ်ဒေါသကို ပိတ်ပင်၏။
၅။ အကျော်အစောမဲ့ကို ပယ်နိုင်၏။
၆။ အကျော်အစောကို ဆောင်နိုင်၏။
၇။ မမွေ့လျော်ခြင်းကို ပယ်ဖျောက်နိုင်၏။
၈။ မွေ့လျော်ခြင်းကို ဖြစ်စေနိုင်၏။
၉။ ကြောက်လန့်ခြင်းဘေးကို ပယ်နိုင်၏။
၁၀။ ရဲရင့်ခြင်းကို ပြုနိုင်၏။
၁၁။ ပျင်းရိခြင်းကို ပယ်နိုင်၏။
၁၂။ လုံ့လ ဝီရိယကို လွန်စွာဖြစ်စေနိုင်၏။
၁၃။ ရာဂကို ပယ်နိုင်၏။
၁၄။ ဒေါသကို ပယ်နိုင်၏။
၁၅။ မောဟကို ပယ်နိုင်၏။
၁၆။ မာနကို သတ်နိုင်၏။
၁၇။ မိစ္ဆာဝိတက်ကြံမှားချက်ကို ဖျက်ဆီးနိုင်၏။
၁၈။ စိတ်ကို တည်ကြည်အောင် ပြုနိုင်၏။
၁၉။ စိတ်ကို ပျော့ပျောင်းစေနိုင်၏။
၂၀။ စိတ်ရွှင်ခြင်းကို ဖြစ်စေတတ်၏။
၂၁။ စိတ်လေးမြတ်သည်ကို ပြုတတ်၏။
၂၂။ လာဘ်လာဘကို ဖြစ်စေနိုင်၏။
၂၃။ မိမိ၌ ညွတ်လျိုး ရှိခိုးထိုက်သည်ကို ပြုနိုင်၏။
၂၄။ နှစ်သက်ခြင်းသို့ ရောက်စေနိုင်၏။
၂၅။ ဝမ်းမြောက်ခြင်းကို ပြုနိုင်၏။
၂၆။ သင်္ခါရတို့၏ သဘောကို ပြနိုင်၏။
၂၇။ ဘဝ၌ ပဋိသန္ဓေနေခြင်းကို ခွာနိုင်၏။
၂၈။ အလုံးစုံ ရဟန်း၏ ကျေးဇူးကို ပေးနိုင်၏ လို့ ၂၈ ပါးတို့တည်း၊ မင်းကြီး ယင်း ၂၈ ပါးသော ဂုဏ်ကျေးဇူးတို့ကို အောက်မေ့တော်မူကုန်သည်ဖြစ်၍ ဘုရားရှင်တို့သည် ဆိတ်ငြိမ်ရာအရပ်ကို မှီဝဲတော်မူကုန်၏"

"ကဲ ... တောထဲနေရတာ ကျေးဇူး မများဘူးလား"

"များပါတယ် ဘုရား"

"မင်းတို့တောသားတွေ မြို့ကို တယ်ပြီးအထင်ကြီးတယ်၊ မြို့ဆိုတာ စီးပွားရေး၊ ကြီးပွားရေး၊ လောကရေးတော့ ကောင်းပါတယ်၊ တရားရေးကျတော့ တောဟာ အကောင်းဆုံးပေါ့"

"မှန်ပါဘုရား"

## ဆိတ်ငြိမ်ရာ မှီဝဲကြောင်း လေးပါး

"ပြီးတော့ ဆိတ်ငြိမ်ရာမှီဝဲကြောင်း လေးပါးကိုလည်း ရှင်နာဂသေနက မင်းကြီးအား ဆက်ဟောပြန်တယ်"

"ဘယ်လို ဟောပါသလဲဘုရား"

"ဘာလဲ မင်းက တစ်ခါတည်း တောထဲက မပြန်တော့ဘူးလား၊ ပြန်ဦးမလား"

"ပြန်တော့ ပြန်ရဦးမှာပေါ့ဘုရား"

"ခုတော့ ပြန်ရဦးမယ်၊ နောက်တော့ တောထွက်မယ် ဒီလိုလား"

"ဆိုပါတော့ ဘုရား"

"ရှင်နာဂသေနက မင်းကြီးကို ပြောတယ် -

၁။ မင်းကြီး၊ ဘုရားရှင်တို့သည် ငြိမ်သက်ချမ်းသာသော သမာပတ်၌ မွေ့လျော်ခြင်းကို ခံစားလို၍ ...

၂။ ပြီးပြီးသော အကြံအစည်ရှိ၍ ... ဆိုတဲ့ အကြောင်းနှစ်ပါးတို့ကြောင့် ဆိတ်ငြိမ်ရာအရပ်ကို မှီဝဲတော်မူကုန်၏"

"တစ်နည်းကား မင်းကြီး၊ ဘုရားရှင်တို့သည် -

၁။ ချမ်းသာစွာ နေတော်မူလိုသောကြောင့်လည်းကောင်း

၂။ အပြစ်မရှိသောဂုဏ်ကျေးဇူး များသောကြောင့်လည်းကောင်း

၃။ အလုံးစုံသော ဗုဒ္ဓတို့၏ ဓမ္မတာဖြစ်သောကြောင့်လည်းကောင်း

၄။ ဗုဒ္ဓတို့ ချီးမွမ်းသောကြောင့်လည်းကောင်း

"ဤအကြောင်း လေးပါးတို့ကြောင့် တစ်ပါးတည်း ကိန်းအောင်းခြင်း ဖြစ်တယ်၊ ပြုဖွယ်ကိစ္စ ရှိသေးသောကြောင့်၊ သို့မဟုတ် ထပ်မံပွားစည်းလိုသောကြောင့် မဟုတ် "လို့ ဖြေတယ်၊ ပြောတယ်၊ ကဲ ... သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ်ဘုရား"

"ကဲ ... ပေါက်ရင် ပြန်တော့"

"ဦးတင်ပါတယ်ဘုရား"

✦ အဖော်မဲ့နေ၊ ဖော်နဲ့နေ၊ အနေနှစ်မျိုး သိရမည်။

✦ ဖော်နဲ့နေက၊ ဆင်းရဲလှ၊ ဒုက္ခထပ်ပွား စည်ပင်မည်။

✦ ဖော်မဲ့နေက၊ ချမ်းသာလှ၊ ဒုက္ခလွတ်ကြောင်း မှန်ပေသည်။

✦ ဖော်မဲ့နေလို၊ တောရိပ်ခို၊ မင်္ဂလိုလ်ရအောင် ကြိုးစားရမည်။

# မာရ်ငါးပါး အောင်တော်မူပုံကို သိလိုပါသည်ဘုရား

## (၇၃)

"သဒ္ဓမ္မ" ဆိုသည်မှာ "သာသနာ" ကို ဆိုလိုရင်းဖြစ်၏။ ထိုသာသနာသည် -

၁။ အဓိသီလ သိက္ခာသာသနာ

၂။ အဓိစိတ္တ သိက္ခာသာသနာ

၃။ အဓိပညာ သိက္ခာသာသနာ ဟူ၍ သုံးပါးအပြားရှိ၏။

အဋ္ဌကထာများအလို တစ်နည်းဆိုသော် -

၁။ ပရိယတ္တိသာသနာ

၂။ ပဋိပတ္တိသာသနာ

၃။ ပဋိဝေဓသာသနာ ဟူ၍ သုံးပါးအပြားရှိ၏။

အနမတဂ္ဂ သံသရာ၌ သတ္တဝါတို့၏ နားနစ်ဖက်မှာ လူ၌ဖြစ်သော အသံအမျိုးမျိုး,စကားအမျိုးမျိုး၊ နတ်၌ဖြစ်သော အသံအမျိုးမျိုး,စကားအမျိုးမျိုး၊ ပြဟ္မာ၌ဖြစ်သော အသံအမျိုးမျိုးတို့ကို ကြားခဲ့ရမှု၊ နာခဲ့ရမှုသည် သံသရာနှင့်ပြတ်သည်၊ စဲသည် ဟူ၍ မရှိပြီ။

ယင်းကြားနာမှုတို့သည် ကိလေသာမီး ပွားများဖို့၊ တဏှာမီး ပွားများဖို့၊ ဒေါသမီး မောဟမီး ပွားများဖို့၊ သက္ကာယဒိဋ္ဌိမီး ပွားများဖို့၊ ဇရာ မရဏမီး ပွားများဖို့ချည်း ဖြစ်ချေ၏။

ယင်းမီးစု လွတ်ငြိမ်းရန် အသံမျိုးသည် သတ္တဝါတို့၏ နားမှာ သီလာဖူးသည် မရှိခဲ့၊ ယခုဘဝတွင်မှ ကြုံကြိုက်၍ နေခဲ့ပြီ။ သို့ဖြစ်၍ မိမိ၏နားသောတကို သံသရာမီးငြိမ်းရန် အသံစုမှာ ယခုဘဝ အသုံးချတော့မည်ဟု သတိရှိသင့်လှ၏။ ယင်းသို့ သတိရှိသင့်၍ သတိရှိသူတစ်ယောက်နှင့် တွေ့ခဲ့ရ၏။

"ဆရာတော်ဘုရား၊ တပည့်တော်တို့မြတ်စွာဘုရားဟာ မာရ်ငါးပါးကို အောင်တော်မူတယ်လို့ ဆိုပါတယ်ဘုရား၊ အဲဒါ မာရ်ငါးပါးဆိုတာ ဘာတွေ၊ ဘုရားရှင်ဟာ မာရ်ငါးပါးကို ဘယ်လိုအောင်တော်မူသလဲလို့ ဘုရားရှင်ရဲ့ မာရ်ငါးပါး အောင်တော်မူပုံကို သိလိုပါသည်ဘုရား"

"အင်း...ဒကာကြီးပြဿနာက တို့မလိုလိုနဲ့ တယ်ပြီးရှည်တဲ့ ပြဿနာပါလား"

"မှန်ပါ၊ သိချင်လို့ လျှောက်ပါတယ်ဘုရား"

"သိချင်တာ အရေးမကြီးဘူး၊ ဖြေလို့ရှိရင် မှတ်မိဖို့ အရေးကြီးတယ်၊ ဒီဘက်နားက ကြား၊ ဟိုဘက်နားက ထွက်သွား၊ ထလည်းသွားရော ကုန်ရောဆို တယ်ဟန်မကျဘူး"

"ဖြေပါဘုရား၊ ကြိုးစားမှတ်ပါမယ်"

## မာရ်ငါးပါး

"အင်း...မာရ်ဆိုတာ သူသတ်ယောက်ျား၊ လက်မရွံ့အာဏာသားကို ခေါ်တယ်၊ အဲဒီမာရ်ဟာ -

၁။ ဒေဝပုတ္တမာရ်

၂။ ကိလေသမာရ်

၃။ အဘိသင်္ခါရမာရ်

၄။ ခန္ဓမာရ်

၅။ မစ္စုမာရ်ရယ်လို့ ငါးပါးရှိတယ်၊ ဒကာကြီးမှတ်မိရဲ့လား"

"မှန်ပါ မှတ်မိပါတယ်ဘုရား"

"အင်း . . . အဲဒီမာရ်ဆိုတာ သူသတ်ယောက်ျား၊ လက်မရွံ့အာဏာသားကို ခေါ်တယ်ဆိုသဖြင့် လောကမှာ သူသတ်ယောက်ျား လက်မရွံ့အာဏာသား ငါးမျိုးရှိတယ်၊ သို့မဟုတ် ငါးပါးရှိတယ်လို့ ဆိုလိုရာ မရောက်ဘူးလား"

"မှန်ပါ ရောက်ပါတယ်ဘုရား"

"အင်း...မာရ်ငါးပါးတော့ သိသွားပြီ၊ မာရ်ငါးပါးရဲ့အဓိပ္ပာယ်ကို သိဖို့ တစ်ခါ မလိုပြန်ဘူးလား"

"မှန်ပါ လိုပြန်ပါတယ်ဘုရား"

"အင်း...သိဖို့လိုတော့ ဒီလိုမှတ်ထား"

## ၁။ ဒေဝပုတ္တမာရ်

"ဒေဝပုတ္တမာရ်ဆိုတာ ဝသဝတ္တိနတ်မင်းကြီးရဲ့ နိုင်ငံတော်တစ်ထောင့်မှာ မာရ်နတ်မျိုးခေါ်တဲ့ နတ်ဆိုး နတ်ရွားမျိုး တစ်မျိုးပဲ၊ အဲဒီမာရ်နတ်မျိုးရဲ့အသင်းအစုဟာ မြေပြင်ကျအောင် အနံ့အပြား ရှိတယ်"

"ဒီလိုဆို မာရ်နတ်ဆိုတာ တစ်ယောက်တည်းမကဘူး၊ အများကြီးရှိတယ်ပေါ့ ဘုရား"

"အင်းပေါ့၊ ခေါင်းဆောင်တစ်ယောက် နောက်လိုက်အများ ရှိတာပေါ့၊ ခု လူ့ ပြည်မှာ သူတော်ကောင်းအလုပ်ကို လုပ်တဲ့သူတွေ၊ ရဟန်းတွေကို နှောင့်ယှက်နေတာ မာရ်နတ်အသင်းအပင်းတွေပေါ့"

"တချို့က မာရ်နတ်ဆိုတာ မရှိဘူးလို့ ဆိုနေပါလားဘုရား"

"ဩော် . . . မရှိဘူးဆိုတာနဲ့ မရှိရရောလားဒကာကြီး၊ ရှိတဲ့ သက်သေသာဓကက အထောက်အထားတွေ အများကြီး ရှိနေတာပဲဟာ"

"မှန်ပါ ဘုရား၊ ရှေ့ဆက် အမိန့်ရှိပါဘုရား"

## ၂။ ကိလေသမာရ်

"ကိလေသမာရ်ဆိုတာက အကျဉ်းအားဖြင့် လောဘ, ဒေါသ, မောဟ ခေါ်တယ်၊ အကျယ်အားဖြင့်တော့ ကြားဖူးတဲ့ အတိုင်း တစ်ထောင့်ငါးရာ ကိလေသာတွေပေါ့"

"မှန်ပါဘုရား၊ တချို့က ဒီကိလေသမာရ်ပဲ ရှိတယ်၊ ခုနကပြောခဲ့တဲ့ ဒေဝပုတ္တမာရ်ဆိုတာ မရှိဘူးတဲ့ဘုရား"

"ဩော် ... ဒကာကြီးကလည်း အမိဝမ်းတွင်းထဲက ကန်းလာတဲ့လူက လ,နေ ဆိုတာ မရှိဘူးဆိုတာနဲ့ မရှိရဘူးလား"

"ဒါတော့ ရှိတာပဲဘုရား၊ သူ မမြင်လို့ မရှိဘူးပြောတာပဲဟာ၊ လ,နေ ကို တပည့်တော်တို့ အမြင်သားပဲဟာ"

"အင်းလေ အဲဒီလိုပေါ့၊ ဒေဝပုတ္တမာရ်ကို အဲဒီဉာဏ်မျက်စိကန်းတဲ့ ဝမ်းတွင်းကန်းနဲ့ တူတဲ့သူက မမြင်လို့ မရှိဘူးပြောတာနဲ့ ကိုယ်က မရှိလို့ဖြစ်မလား၊ ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းတွေ အမြင်သားပဲဟာ"

"မှန်ပါဘုရား၊ ရှေ့ဆက် အမိန့်ရှိပါဘုရား"

## ၃။ အဘိသင်္ခါရမာရ်

"အဘိသင်္ခါရမာရ်ဆိုတာက သုစရိုက်ဆယ်ပါး၊ ဒုစရိုက်ဆယ်ပါးတို့ကို ခေါ်တယ်၊ ဝဋ်ကိုမှီတဲ့ ဝဋ္ဋနိဿိတဖြစ်တဲ့ ဒါန, သီလ, ဘာဝနာ တွေဟာလည်း အဘိသင်္ခါရမာရ်ပဲ"

"ဒီလိုဆို သတ္တဝါတွေဟာ တစ်နေ့တစ်နေ့ ကိလေသာမာရ်နဲ့ အဘိသင်္ခါရမာရ်တွေပဲ ပြုလုပ်နေကြတာပေါ့ ဘုရား"

"အင်းပေါ့၊ ဒီမာရ်နှစ်ပါးက ပုထုဇဉ်သတ္တဝါတွေရဲ့ အကြိုက် ဓာတ်စာတွေပဲဟာ"

"ဒါတွေပဲ ပြုလုပ်နေတော့ ဘယ်ကလာ ဒီမာရ်တွေက လွတ်တော့မလဲဘုရား"

"အင်း ... အဲဒါသိရင် အတော်အကျိုးရှိသွားပြီ၊ သိရင် လွတ်အောင်လုပ်ဖို့ လွယ်တာပေါ့"

"မှန်ပါ၊ ရှင်းပါပြီ၊ ရှေ့ဆက်အမိန့်ရှိပါဘုရား"

## ၄။ ခန္ဓမာရ်

"ခန္ဓမာရ်ဆိုတာက ရုပ်အပေါင်း ရူပကာယနှင့် နာမ်အပေါင်း နာမကာယဆိုတဲ့ လူ့ခန္ဓာ နတ်ခန္ဓာ ဗြဟ္မာ့ခန္ဓာတွေကို ခေါ်တယ်၊ သဘောပေါက်ရဲ့လား"

"မှန်ပါ၊ ပေါက်ပါတယ်ဘုရား၊ ရှေ့ဆက် အမိန့်ရှိပါဘုရား"

## ၅။ မစ္စုမာရ်

"မစ္စုမာရ်ဆိုတာက သေဆုံးခြင်း၊ မရဏဓာတ်ကို ခေါ်တယ်၊ သဘောပေါက်ရဲ့လား"

"မှန်ပါ၊ ပေါက်ပါတယ်ဘုရား"

## သတ္တဝါတို့၏ အသက်

"အင်း ... အဲဒါကို သဘောပေါက်ရင် အဲဒီမာရ်ငါးပါးက သတ္တဝါတွေကို သတ်ပုံကို ပြောရဦးမယ်၊ ဒါမှ ဘုရားရှင်ရဲ့ မာရ်ငါးပါးအောင်ပုံကို သိမယ်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"အင်း…သတ်ပုံကို သိဖို့ရာ သတ္တဝါတွေရဲ့အသက်ကို သိရဦးမယ် ဒကာကြီး"

"အမလေး၊ သိစရာတွေကလည်း တယ်များပါလားဘုရား"

"အင်း…ဒကာကြီးတို့ ဦးပဥ္စင်းတို့ နားတွေဟာ အဲဒီသိစရာတွေကို ထောင်ဖို့ ထားတာမဟုတ်လား"

"မှန်ပါဘုရား"

"ကဲ…ဒါဖြင့် ဆက်ပြီး နားထောင်၊ သတ္တဝါတို့ရဲ့အသက်ဟာ သုံးမျိုးရှိတယ် -

၁။ ဇီဝိတိန္ဒြေလည်း အသက်တစ်ပါး။

၂။ သဒ္ဓါ သီလ စတဲ့ ဖြူစင်တဲ့တရားမျိုးတွေလည်း အသက်တစ်ပါး။

၃။ ဒါနပါရမီ၊ သီလပါရမီ စတဲ့ ဝဋ္ဋကင်းရာတရားမျိုးတွေလည်း အသက်တစ်ပါးရယ်လို့ သုံးမျိုးရှိတယ်"

"မှန်ပါ၊ အမိန့် ရှိပါဘုရား"

"အမိန့်ရှိပါ လုပ်မနေနဲ့၊ ကိုယ့်အသက်ဟာ ဘာလဲလို့ သိဖို့ အရေးမကြီးဘူးလား၊ အရေးကြီးလားဆိုရင် အရေးကြီးတယ်နော်၊ အင်း…အရေးကြီးရင် ဆက်ပြီး သေသေချာချာ နားစိုက်ထောင်နော်"

"မှန်ပါဘုရား၊ ထောင်ပါ့မယ်"

"အသက်ဆိုတာ ရေဟာ ကြာကို စောင့်ရှောက်သလို စောင့်ရှောက်တဲ့ဓာတ်ကို ခေါ်တယ်"

"မှန်ပါဘုရား"

"အဲဒီအသက်ဟာ သုံးမျိုးရှိတယ်လို့ ခုနက ရှင်းပြခဲ့တယ် မဟုတ်လား"

"မှန်ပါ၊ ရှင်းပြခဲ့ပါတယ်ဘုရား"

"အင်း…ခုထပ်ပြီး ရှင်းမှာက အသက်သုံးမျိုးဟာ သတ္တဝါတွေကို ဘယ်လိုစောင့်ရှောက်သလဲလို့ ရှင်းရမှာ"

"မှန်ပါ၊ ရှင်းပါဘုရား"

"၁။ ဇီဝိတိန္ဒြေဟာ တစ်ခုတစ်ခုသောဘဝမှာ ခန္ဓာကိုယ်ကို စောင့်ရှောက်တယ်၊ ဇီဝိတိန္ဒြေပျက်ရင် အဲဒီခန္ဓာလည်း ပျက်တယ်၊ အဲဒီလူ့ သတ္တဝါ သေတယ်ပေါ့"

"မှန်ပါ ဘုရား"

"၂။ သဒ္ဓါ၊ သီလ စတဲ့ ဖြူစင်တဲ့တရားတွေဟာ သူတော်ကောင်းတွေရဲ့အသက်ပဲ၊ အဲဒီ သဒ္ဓါ စတဲ့တရားတွေ ပျက်ရင် သူတော်ကောင်း အသက်ဆုံးတာပဲ၊ ဇီဝိတိန္ဒြေအသက် ပျိုနုလျက် ရှိငြားသော်လည်း အသေကောင်ပဲ"

"မှန်ပါ ဘုရား"

"ဒါကြောင့် မဃဒေဝမှာ မန်လည်ဆရာတော်ဘုရားကြီးက ဒီလို လင်္ကာသီခဲ့တယ် -

"ဒါန့ သီလ၊ ကုသလ၌၊ လှံ့လလွတ်လျော့၊ လေဘင်ပေါ့၍ မေ့လျော့သောသူ၊ သူသေဟူ၏" တဲ့။

"မှန်ပါ ဘုရား"

"ဒကာကြီး၊ ရှင်လျက် မသေစေနဲ့နော်"

"မှန်ပါ၊ ကြိုးစားပါ့မယ် ဘုရား"

"သေလျက် သေတာက ကိစ္စမရှိဘူး၊ ရှင်လျက်သေတာက ဆိုးလှတယ်"

"မှန်ပါ ဘုရား၊ ဆိုးပါတယ်"

"လူတွေဟာ အများအားဖြင့် အသေနဲ့အရှင် မကွဲဘူး၊ ကိုယ်သေမှန်းလည်း မသိ၊ ရှင်မှန်းလည်း မသိ ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"၃။ ဝဋ်ကင်းရာ တရားမျိုးတွေဟာ ဗောဓိလောင်းတွေရဲ့အသက်ပဲ၊ နိယတအဖြစ်သို့ မရောက်သေးတဲ့ ဗောဓိအသက်ဟာ ဗောဓိရဲ့ဆန္ဒကျင်ဘက် ဖြစ်တဲ့ ယုတ်မာလှတဲ့ မိစ္ဆာဒိဋ္ဌိကို တစ်ကြိမ်ယူလိုက်ရင် ကွယ်ပျောက်တယ်၊ ဗောဓိလောင်း သေပြန်တယ်၊ ဝဋ္ဋနိဿာရီ ပုထုဇဉ်အဖြစ်မှာ တည်ပြန်တယ်"

"တယ်ပြီး ကြောက်စရာကောင်းပါလားဘုရား"

"အင်း... ကြောက်စရာပေါ့၊ သတ္တဝါတွေရဲ့အသက်ဟာ ရှုရှုကလေးပဲ မဟုတ်လား၊ အလှုပ်မခံ အထိမခံဘူး"

"မှန်ပါ ဘုရား"

## မာရ်ငါးပါးတို့ သတ်ပုံ

"ကဲ... မာရ်ငါးပါးတို့က သတ္တဝါတွေရဲ့ယခုပြောခဲ့တဲ့ အသက်ကို သတ်ပုံပြောမယ်"

"မှန်ပါ အမိန့်ရှိပါဘုရား"

"၁။ ဒေဝပုတ္တမာရ်လို့ ခေါ်တဲ့ မာရ်နတ်သားက သတ္တဝါတွေရဲ့ဖြူစင်တဲ့တရားတွေရဲ့အသက်၊ ဝဋ်ကင်းရာတရားရဲ့အသက်ကို ချွေသမား. သတ်သမားပဲ၊ သူတော်ကောင်းကို ချွေသမား. သတ်သမားပဲ၊ ဗောဓိလောင်းကို သတ်သမားပဲ၊ ဒါကြောင့် "မာရ = မာရ်" လို့ ခေါ်တာပေါ့"

"ဒါဖြင့် ဖြူစင်တဲ့တရား ဝဋ်ကင်းရာတရားတွေကို ကြိုးစားအားထုတ်တဲ့ အခါမှာ ဒီ ဒေဝပုတ္တမာရ်ကို အများဆုံး သတိထားရမှာပေါ့ဘုရား"

"အင်းပေါ့၊ အဲဒါ အများဆုံး သတိထားရမယ်၊ ရန်သူကို အထင်မသေးရဘူး၊ ပြီးတော့ ငါ့မှာ ရန်သူ အမြဲရှိနေပါလားလို့ သတိရှိနေရမယ်၊ စာထဲ ပေထဲမှာ ဒီမာရ်နတ် နှောင့်ယှက်ဖျက်ဆီးပုံတွေ အမျိုးမျိုးပါရှိတယ်၊ ယခု လောကထဲမှာ နည်းနည်းလေး တရားကောင်းလာရင် မာရ်နတ်သော်လည်းကောင်း၊ မာရ်နတ်ရဲ့အသင်းအပင်းတွေသော်လည်းကောင်း ဝင်ရောက်လာပြီး ဖျက်ဆီးပြီ"

"သြော်... ဒါကြောင့် တစ်ချို့နာမည်ကျော်လို့မှ မကြာသေးဘူး၊ ပြန်မှိန်သွားတာနဲ့ တူတယ်"

"အင်း... အဲဒီမှာ မာရ်နတ်လက်ချက်တွေ အများကြီး ပါနိုင်တာပေါ့"

"တယ် မလွယ်ပါလားဘုရား"

"လွယ်ရင် အကုန်လုံး တရားရကုန်မှာပေါ့"

"ဟုတ်တယ်ဘုရား၊ ဟုတ်တယ်"

"၂။ မိမိတို့ အတွင်းသန္တာန်မှာ ရှိပြီးနေတဲ့ လောဘ ဒေါသ စတဲ့ ကိလေသာတရားတွေဟာ ဇီဝိတအသက်ကိုလည်း ချွေဖြတ်တယ်၊ ဖြူစင်တဲ့ တရားအသက်ကိုလည်း ချွေဖြတ်တယ်၊ ဝဋ်ကင်းရာတရားအသက်ကိုလည်း ချွေဖြတ်တယ်"

"ကိုယ်တွင်းက ကိလေသမာရ်က သတ်တာ မသက်သာလှပါလား ဘုရား"

"အဲဒီ ကိလေသမာရ်ကမှ ပိုဆိုးတာဒကာကြီး၊ သတ္တဝါတွေကို တရစပ် မပြတ်သတ်နေတာ၊ မသိတော့ သူ့ကိုပဲ မိတ်ဆွေထင်နေသေးတယ်၊ တော်တော်ခက်တဲ့ မသိမှုပဲ"

"မသိခင်တုန်းကတော့ အတော်သားဘုရား။ ခု မေးရင်းမေးရင်းနဲ့ သိသိလာတော့ အတော်တောင် အနေခက်လာပြီ ဘုရား"

"အင်း...ဒကာကြီး အနေခက်တာ ဘယ်လောက်များ ကြာရှည်ခံမလဲ မသိဘူး။ တော်တော်ကြာ အိမ်ရောက် ပျောက်သွားမှာနဲ့ တူပါတယ် ဒကာကြီး"

"မပျောက်အောင် ကြိုးစားပါ့မယ်ဘုရား"

"၃။ ဝဋ်ကိုမှီတဲ့ ဒါန သီလ အစရှိတဲ့ အဘိသင်္ခါရတရားတွေဟာ တစ်စုံတစ်ခုသော ဘဝခန္ဓာကို ထုထောင်တဲ့အခါ မဂ္ဂမာဂ်ရဲ့ဆိုတဲ့ မရဏာတတ်မီး အပြီးထက်ကြပ်နဲ့ ထုထောင်ကြတယ်၊ ကိလေသမာဂ်ဆိုတဲ့ သူသတ်ယောက်ျား အပြီးထက်ကြပ်နဲ့ ထုထောင်ကြတယ်၊ ဒါကြောင့် ယင်း ကုသိုလ်, အကုသိုလ်တို့ကို အဘိသင်္ခါရမာဂ် ဆိုတာပေါ့"

"အင်း...ဒီအဘိသင်္ခါရမာဂ်ကလည်း ကြောက်စရာပါလားဘုရား၊ မကြောက်ရတာများ ရှိသေးလားဘုရား"

"အင်း... သုံးဆယ့်တစ်ဘုံထဲမှာတော့ ကြောက်စရာချည်းပဲ ဒကာကြီး၊ ဘာဖြစ်လို့လဲဆိုတော့ သုံးဆယ့်တစ်ဘုံမှာက သူတို့လက်ရာ ခြေရာချည်းပဲကိုး"

"မှန်ပါ ဘုရား"

"၄။ သေမင်းခေါ်တဲ့ မရဏာတရားဟာ သတ္တဝါတို့ရဲ့ ဇီဝိတိန္ဒြေကို ချွေသမားပဲ၊ ခပ်သိမ်းသော သတ္တဝါတွေကို သတ်သမားပဲ၊ ဒါကြောင့် မစ္စုမာဂ်ရဲ့ခေါ်တယ်။"

"သတ္တဝါတွေဟာ ဒီမစ္စုမာဂ်ရဲ့သတ်လို့ သေရတဲ့ ဘဝတွေ ဘယ် ရေတွက်နိုင်ပါ့မလဲဘုရား၊ ဘဝတိုင်း သူသတ်နေတာပဲဟာ"

"ဒါတောင် ခုထက်ထိ ရှန်သူမှန်း မသိ ဖြစ်နေသေးတာက ခက်တယ်ဒကာကြီး"

"တင်ပါ့ဘုရား၊ တပည့်တော်လည်း ခုလို မေးရင်းမေးရင်းမှပဲ သဘောက ပေါက်ပေါက်လာ ကြောက်ကြောက်လာပါတယ်ဘုရား"

"၅။ ခန္ဓာငါးပါးကလည်း ဖောက်ပြန်လွှပ်ရှားခြင်းသို့ ရောက်တဲ့အတွက် ဇီဝိတိန္ဒြေကိုလည်း ဖြတ်ချွေတယ်၊ ကိလေသာ မာဂ်ကို လက်ခံမွေးမြူတဲ့အတွက် ဖြူစင်တဲ့တရားရဲ့အသက်ကိုလည်း ဖြတ်ချွေတယ်၊ ဝဋ်ကင်းရာတရားရဲ့အသက်ကိုလည်း ဖြတ်ချွေတယ်"

"ဟင်... တပည့်တော်တို့ မကြောက်ရတဲ့မာဂ်ဟာ ဘယ်မှာရှိတော့လဲဘုရား၊ အကုန်လုံး ကြောက်စရာကြီးတွေပါလားဘုရား"

"ဘယ်သူက ဒကာကြီးကို ကြောက်စရာမဟုတ်ဘူး၊ ပြောလို့လဲ"

"ဘယ်သူကမှတော့ မပြောပါဘူးဘုရား၊ ဒါပေမဲ့ တပည့်တော်ထင်တာက ဒီမာဂ်ငါးပါးဟာ ဘုရားနဲ့သာ ဆိုင်တာ၊ တို့နဲ့ မဆိုင်ဘူးလို့ ထင်တာဘုရား၊ ခုတော့ တပည့်တော်တို့နဲ့ အကုန်ဆိုင်နေပါလားဘုရား"

"အင်း... အကုန်ဆိုင်တော့ အကုန်လုံးကို မှတ်မိအောင် ကြိုးစားထားမှလို့လဲ စိတ်ကူးမပေါက်ဘူးလား"

"ပေါက်ပါတယ်အရှင်ဘုရား၊ မှတ်မိအောင်လည်း ကြိုးစားနေပါတယ်ဘုရား"

"အင်း"

## ကိလေသမာရ်သတ်ပုံ

"ခုပြောခဲ့တာက မာရ်ငါးပါးသတ်ပုံပဲ၊ အဲဒီငါးပါးထဲက ယခုအခါ ကိလေသမာရ်သတ်ပုံတစ်နည်းကို ပြောပြဦးမယ်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"ဒီလောကမှာ လောဘအလိုနိုင်ငံသို့ လိုက်မိတဲ့အတွက် ရသေ့ရဟန်းတွေရဲ့ သီလ, သိက္ခာ, ကျက်သရေတွေ၊ လူ့ သီလ သိက္ခာ ကျက်သရေတွေ ပျက်ဆုံးရတယ် မဟုတ်လား"

"မှန်ပါ ပျက်ဆုံးရပါတယ်ဘုရား"

"ပြီးတော့ ရသေ့ရဟန်းစည်းစိမ်လို့ ဆိုရတဲ့ "ကာမ.မှ ထွက်မြောက်မှု = နေက္ခမ္မချမ်းသာလည်း ပျက်ဆုံးရတယ် မဟုတ်လား"

"မှန်ပါ၊ ပျက်ဆုံးရပါတယ်ဘုရား"

"ဈာန်သမာပတ်တွေလည်း မပျက်ဆုံးဘူးလား"

"ပျက်ဆုံးပါတယ်ဘုရား"

"လူ့စည်းစိမ်လို့ ဆိုရတဲ့ ဥစ္စာဓနတွေလည်း မပျက်ဆုံးရဘူးလား"

"ပျက်ဆုံးရပါတယ်ဘုရား"

"အင်း . . . လောဘအလိုနိုင်ငံ လိုက်တဲ့အတွက်နဲ့ ခြေလက်စတဲ့အင်္ဂါ၊ မျက်စိ နား စတဲ့အင်္ဂါ ပျက်ဆုံးမှုတွေနဲ့လည်း မကြုံရဘူးလား ဒကာကြီး"

"ကြုံရပါတယ်ဘုရား"

"မျက်မြင်ပဲနော်"

"မှန်ပါဘုရား၊ မျက်မြင်ပါပဲ"

"ဒီလောဘအလိုနိုင်ငံလိုက်တဲ့အတွက်သေချိန်မတန်သေးပါပဲလျက်ပထမအရွယ်မှာသေဆုံးရတယ်၊ဒုတိယအရွယ် မှာ သေဆုံးရတယ် ဆိုတာတွေလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အဲ . . . ယခုပြောခဲ့တဲ့ ပြုန်းတီးပျက်စီးမှုတို့ဟာ လောဘဆိုတဲ့ ကိလေသမာရ်ရဲ့သတ်ချက်တွေပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒေါသ စတဲ့ ကိလေသမာရ်ရဲ့သတ်ချက်တွေ လျှောက်ပြောနေရင် ဘယ်ကုန်နိုင်တော့မလဲ၊ အများကြီးပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒါတွေတော့ နည်းမှီပြီး သိပေါ့၊ ယခုလောဘ စတဲ့ ကိလေသမာရ်သတ်ပုံ တစ်နည်းကို ပြောဦးမယ်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"လောဘက အ.လောဘကို သတ်တယ်၊ ဒေါသက အ.ဒေါသကို သတ်တယ်၊ မောဟက အ.မောဟကို သတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အနမတဂ္ဂသံသရာမှာ ဖြစ်ခဲ့သမျှသော အ.လောဘမှုစု၊ ရသေ့အလုပ်စု၊ ရဟန်းအလုပ်စု၊ ကသိုဏ်းရှာန်စုတွေ၊ အသုဘရှာန်စုတွေဟာ လောဘရဲ့နယ်တွင်းမှာပဲ ပျက်ဆုံးပြုန်းတီးခဲ့တယ် မဟုတ်လားဒကာကြီး"

"ဟုတ်ပါတယ်ဘုရား"

"အင်း . . . လောဘသိရင် ဒေါသ မောဟရဲ့နယ်ပယ်ထဲမှာ ပျက်စီးတာ ပြုန်းတီးတာလည်း မသိနိုင်ဘူးလား"

"သိနိုင်ပါတယ်ဘုရား"

"နည်းမှီပြီး သိပေါ့နော်"

"မှန်ပါ ဘုရား"

"ကဲ . . . ရှေ့ဆက်ပြောမယ်ဆိုရင် ဒီဘဝမှာလည်း သူတော်ကောင်းတရားကို ကြားရ.နာရ အမှတ်ရတဲ့အခါ မိမိတို့ အတွင်းသန္တာန်မှာ ရံဖန်ရံခါ ပေါ်၍လာတဲ့ အ.လောဘဓာတ်ဖြူ နေကွ္ခမ္မဓာတ်ဖြူစုဟာ လောဘရဲ့လက်တွင်းမှာပဲ ပျက်ဆုံးရတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

တစ်ညဥ့်လုံး တဝင်းဝင်း တလက်လက် ပျက်သမျှ လျှပ်စီးရောင်စုတွေဟာ အမှောင်ထုအတွင်းမှာပဲ ကွယ်ဆုံးသလို ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒေါသ စတဲ့ ကိလေသာတွေမှာလည်း ဒီနည်းပဲပေါ့နော်"

"မှန်ပါ ဘုရား"

"ဒါဟာ ကိလေသမာရ်ရဲ့သတ်ဖြတ်ချက်ကို အရိပ်အမြွက်မျှပြတာပဲ"

"အရိပ်အမြွက်တောင်မှ ကြောက်စရာများလှပါတယ်ဘုရား၊ အကုန်ဆိုရင်တော့ နေစရာတောင် ရှိမှာမဟုတ်တော့ ပါဘူး"

## ခန္ဓမာရ်သတ်ပုံ

"ခန္ဓမာရ်သတ်ပုံ တစ်မျိုးတစ်ဖုံကို ပြောရမယ်ဆိုရင် ခန္ဓမာရ်မှာ ဦးခေါင်း၌ ဖြစ်၍နေတဲ့ ဓာတ်ကြီးလေးပါးထဲက တစ်ပါးပါးဖောက်ပြန်လို့ သေဆုံးရတာ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အင်း . . . အဲဒီအတူပဲ၊ မျက်လုံး. နား. နှာခေါင်း. မေး. ပါး. လျှာ. ခံတွင်း. လည်ပင်း. အဆုတ်. အသဲ. နှလုံး စသည်မှာ ဖြစ်၍နေတဲ့ ဓာတ်ကြီးလေးပါးထဲက တစ်ပါးပါး ဖောက်ပြန်လို့ သေဆုံးရတာလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အဲဒီအတိုင်း လိုက်ကြည့်၊ တစ်ကိုယ်လုံးနော်"

"မှန်ပါ ဘုရား"

"နောက် မျက်စိအာရုံကို လိုက်စားတဲ့အတွက် သေဆုံးမှု၊ နားအာရုံ၊ နှာခေါင်းအာရုံ၊ လျှာအာရုံ၊ ကိုယ်အာရုံ လိုက်စား လို့ သေဆုံးမှုတွေကောမရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အဲဒါတွေဟာ ရူပက္ခန္ဓာရဲ့သတ်မှုတွေပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"မျက်စိအတွေ့ကြောင့်ဖြစ်တဲ့ ဝေဒနာကို လိုက်စားတဲ့အတွက် သေမှု၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်အတွေ့ကြောင့် ဖြစ်တဲ့ ဝေဒနာကို လိုက်စားတဲ့အတွက် သေမှုလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အဲဒါတွေဟာ ဝေဒနက္ခန္ဓာ သတ်တာတွေ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဆင်းကို မှတ်သားတဲ့ ရူပသညာကို လိုက်စားတဲ့အတွက် သေမှု၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ ဓမ္မသဘောကို မှတ်သားတဲ့ ဓမ္မသညာကို လိုက်စားတဲ့အတွက် သေမှုလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အဲဒါတွေဟာ သညက္ခန္ဓာက သတ်တာတွေပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"သဒ္ဓါလမ်းကို လွန်စွာလိုက်စားတဲ့အတွက် သေမှုဟာ သဒ္ဓါသတ်တဲ့အတွက် သေမှုပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလိုပဲ သီလလမ်းကို လွန်စွာလိုက်စားတဲ့အတွက် သေမှုဟာ သီလသတ်လို့ သေမှုပဲ၊ သုတလမ်းကို လွန်စွာလိုက်စားတဲ့အတွက် သေမှုဟာ သုတသတ်လို့ သေမှုပဲ၊ ဒါနလမ်း၊ စာဂလမ်းကို လွန်စွာလိုက်စားတဲ့အတွက် သေမှုဟာ ဒါနသတ်လို့ စာဂသတ်လို့ သေမှုပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"လောဘလမ်း၊ ဒေါသလမ်း စသည် အများကြီးရှိသေးတယ်နော်"

"မှန်ပါဘုရား၊ ရှိပါသေးတယ်"

"အဲဒါတွေဟာ သင်္ခါရက္ခန္ဓာက သတ်တာတွေပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"မြင်စိတ် စက္ခုဝိညာဏ်ရဲ့အလိုလိုက်တဲ့အတွက် သေမှုဟာ မြင်စိတ် စက္ခုဝိညာဏ်က သတ်လို့သေမှုပဲ၊ အဲဒီလိုပဲ ကြားစိတ်၊ နံစိတ်၊ လျက်စိတ်၊ ထိသိစိတ်၊ ကြံသိစိတ်၊ မနောဝိညာဏ်ရဲ့ အလိုကို လိုက်တဲ့အတွက် သေမှုဟာ ကြံသိစိတ်၊ မနောဝိညာဏ်က သတ်လို့ သေမှုပဲမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒါတွေဟာ ဝိညာဏက္ခန္ဓာက သတ်တာတွေပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲ ... ယခုပြောခဲ့တာတွေဟာ ခန္ဓာငါးပါးရဲ့သတ်ပုံ အရိပ်အမြွက်ပဲ ဒကာကြီး"

"မှန်ပါ ဘုရား"

## မစ္စုမာရ်သတ်ပုံ

"ယခုတစ်ခါ မစ္စုမာရ်သတ်ပုံကို အရိပ်အမြွက်မျှ ပြဦးမယ်၊ အနမတဂ္ဂသံသရာမှာ ငါ့ရဲ့ဦးခေါင်းမှာဖြစ်တဲ့ ရုပ်ခဲပေါင်း ဘယ်မျှ ကုန်ဆုံးကွယ်ပျောက်ခဲ့ပြီလဲလို့ ဉာဏ်နဲ့ မြော်မြင်ကြည့်နော်"

"မှန်ပါ ဘုရား"

"အဲဒီလိုပဲ မျက်လုံး. နား. နှာခေါင်း. လျှာ. အဆုတ်. အသဲ မှာ ဖြစ်တဲ့ ရုပ်ခဲပေါင်း ၁သည် ကြည့်ပေါ့နော်"

"မှန်ပါ ဘုရား"

"ဒီဘဝမှာလည်း ဖွားမြင်တဲ့အချိန်မှ စပြီးတော့ နေ့စဉ်နေ့စဉ် မျိုအပ်တဲ့ အာဟာရပေါင်း ဘယ်မျှရှိလိမ့်မလဲ၊ အာဟာရဓာတ်ဆီ အသစ်အဟောင်း ပြောင်းလဲတိုင်း ပြောင်းလဲတိုင်း မစဲမစဲ နေ့စဉ်လဲတဲ့ ဦးကျောက်ခဲပေါင်း ဘယ်မျှ ကုန်ဆုံးခဲ့မလဲ၊ အဲဒီလိုပဲ မျက်လုံးခဲ၊ နားခဲ၊ နှာခေါင်းခဲ၊ လျှာခဲ၊ အဆုတ်ခဲ၊ အသဲခဲ၊ နှလုံးခဲပေါင်း ဘယ်မျှကုန်ဆုံးခဲ့မလဲ စသည်ဖြင့် မြော်မြင်ကြည့်ပေါ့ နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ မျက်စိခေါ်တဲ့ စက္ခုဒွါရထဲမှာ ထခဲ့ ပေါ်ခဲ့တဲ့ နာမ်ခန္ဓာပေါင်း နား. နှာခေါင်း. လျှာ. ကိုယ်. စိတ်ခေါ်တဲ့ မနောဒွါရထဲမှာ ထခဲ့ ပေါ်ခဲ့တဲ့ နာမ်ခန္ဓာပေါင်း ဘယ်မျှ ကုန်ဆုံးမလဲလို့လည်း မြော်မြင်ကြည့်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို မစ္စုမာရ်ရဲ့မရဏမီးအချက်ကို ရှုမျှော်တဲ့အခါမှာ "ပုဂ္ဂိုလ်. သတ္တဝါ. ငါ" ဆိုတဲ့ အထင်ကို အဝင်မခံဖို့ အရေးကြီးတယ် ဒကာကြီး"

"မှန်ပါ ဘုရား"

ယော စ ဝဿသတံ ဇီဝေ၊

အပဿံ ဥဒယဗ္ဗယံ။

ဧကာဟံ ဇီဝိတံ သေယျော၊

ပဿတော ဥဒယဗ္ဗယံ။

ယော စ = အကြင်သူသည်ကား၊ ဥဒယဗ္ဗယံ = ခန္ဓာငါးပါး၏ဖြစ်ပေါ်ပျောက်ဆုံးမှုကို၊ အပဿံ အပဿန္တော = တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးရဘဲ၊ ဝဿသတံ = အနှစ်တရာပတ်လုံး၊ ဇီဝေ = အသက်ရှည်၏။ တတော = ထို့ထက်၊ ဥဒယဗ္ဗယံ = ခန္ဓာငါးပါး၏ ဖြစ်ပေါ်ပျောက်ဆုံးမှုကို၊ ပဿတော = မြင်နိုင်သောသူ၏၊ ဧကာဟံ = တစ်နေ့တစ်ရက်မျှ၊ ဇီဝိတံ = အသက်ရှည်ခြင်းသည်၊ သေယျော = မြတ်သေး၏။ တဲ့"

"ယခုပြောခဲ့တဲ့ မစ္စုမာရ်ရဲ့မရဏအချက်ကို အမြင်သန်ရင် များများမဟုတ်ဘူး တစ်ရက်ကလေးမျှ အသက်ရှင်ရတာဟာ မြတ်ပါတယ်တဲ့၊ အများကြီးအမြင်သန်ရင်တော့ ဆိုဖွယ်ရာရှိပါဦးမလား"

"မရှိတော့ပါဘုရား"

"ကဲ ... ကြွင်းတဲ့ခန္ဓမာရ်၊ မစ္စုမာရ်တို့ သတ်ပုံလည်း သိလောက်ပြီပေါ့နော်"

"မှန်ပါ ဘုရား"

"အင်း ... သိလောက်ရင် ဘုရားရှင်ရဲ့မာရ်ငါးပါးကို အောင်မြင်တော်မူပုံကို သွားရအောင် ဒကာကြီး"

"အမလေး၊ ခုမှပဲ မာရ်ငါးပါးအောင်တော်မူပုံ ရောက်တယ်လားဘုရား"

"အင်းပေါ့၊ ခုမှ ရောက်တာပေါ့၊ ခုပြောခဲ့တာတွေ နားမလည်ရင် ဘယ်ကလာပြီး မာရ်ငါးပါးအောင်ပုံ သေသေချာချာ သဘောပေါက်မလဲ၊ ဒါကြောင့် ကြိုတင်ရှင်းလင်းထားရတာ"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

## မာရ်ငါးပါး အောင်ပုံ

"လောကမှာ သတ္တဝါရှိသမျှတွေဟာ မိမိတို့ရဲ့ဆိုင်ရာမိစ္ဆာအယူတွေ ရှိတယ် ဒကာကြီး"

"မှန်ပါ ဘုရား၊ ရှိပါတယ်"

"ဒါကြောင့် လောကမှာ ကျွတ်လွတ်အောင် ကျင့်ကြံတဲ့လူကို မကြိုက်နိုင်တာပေါ့"

"မှန်ပါ ဘုရား"

"ဒါကြောင့် ဘုရားရှင်ဟာ အပရာဇိတပလ္လင်ထက်မှာ "ဘုရား မဖြစ်သမျှ ငါ မထ" လို့ ထိုင်နေတော်မူတာကို မာရ်နတ်မြင်တော့ "အလုပ်ပျက်အောင် နှောင့်ယှက်မှ တော်မယ်" လို့ကြံပြီး စစ်ချီတက်လာတာပဲ"

"မှန်ပါ ဘုရား"

"ဘုရားရှင်ရဲ့အနီးရောက်တဲ့အခါ လေမုန်တိုင်း စတဲ့ လက်နက်ကြီး ကိုးမျိုးကို လွှတ်တယ်၊ မထိပါးနိုင်တော့မှ အနီးသို့ တစ်ခါကပ်ခါ "ငါ့ရဲ့ပလ္လင်ဖြစ်သည် ထလော့" လို့ နှောင့်ယှက်ပြန်တယ်"

"မှန်ပါ ဘုရား"

"နောက်လည်း အမျိုးမျိုးနှောင့်ယှက်တာပေါ့၊ ဒါတွေတော့ သိပြီးနေပြီနော်၊ အကျယ်မချဲ့တော့ဘူး"

"မှန်ပါ ဘုရား"

"နောက်ဆုံးတော့ ဘုရားရှင်က ဒီပလ္လင်အတွက်နဲ့ ရေစက်သွန်းချ လှူသမျှကို ဒီမြေကြီးအသိပဲ လို့ မြေကြီးကို သက်သေပြတယ် မဟုတ်လား"

"ဟုတ်ပါတယ် အရှင်ဘုရား"

"အဲဒီလို သက်သေပြလိုက်တာနဲ့ တစ်ပြိုင်နက် မြေ. မိုး. ကောင်းကင်. ပွဲတင်ရိုက်ခတ် လောကဓာတ်အလုံး တုန်လှုပ်သွားတယ်"

"မှန်ပါ ဘုရား"

"ဒီတော့မှ မာရ်နတ်စစ်သည်တွေဟာ ရပ်တည်ရာမရ ပျက်ပြားကုန်တယ်၊ မာရ်နတ်ကြီးလည်း အသက်ကိုတောင်မှ အနိုင်နိုင်ဆောင်ကြဉ်းပြီး နေရင်းနတ်ပြည်သို့ ကိုယ်လွတ်ထွက်ပြေးရတယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"အဲဒါ ဒေဝပုတ္တမာရ်ကို အောင်ပုံပဲဒကာကြီး၊ အကျယ်တဝင့်ဆိုရင် တရားတစ်ညဟောစာလောက် ရှိတယ်"

"မှန်ပါ၊ ဒီလောက်ဆို ပြည့်စုံပါပြီဘုရား"

၂။ "အရဟတ္တမဂ်ဉာဏ်ကို ရတော်မူတဲ့အခါ တစ်ထောင့်ငါးရာ ကိလေသာတို့ကို အကုန်အစင် အောင်မြင်တော်မူတယ်"

"မှန်ပါ ဘုရား"

"အဲဒါဟာ ကိလေသာမာရ်ကို အောင်တာပဲပေါ့"

"မှန်ပါ ဘုရား"

၃။ "ကိလေသာမာရ်အောင်တယ်ဆိုရင်ပဲ ကိလေသာနဲ့တွဲဖက်ရမှာ ဘဝအကျိုးကိုပေးစွမ်းနိုင်တဲ့ကုသိုလ်ကံ. အကုသိုလ်ကံစုတွေလည်းကိလေသာအကုန်တွင် ဘဝသစ်တစ်ဖန်ဖြစ်စေရန် အကုန်လုံးမျိုးပျက်ကုန်တယ်၊ ဒါဟာအဘိသင်္ခါရမာရ်ကို အောင်တာပဲပေါ့ ဒကာကြီး"

"မှန်ပါ အရှင်ဘုရား"

"ကုသိုလ်ကံ၊ အကုသိုလ်ကံစုကို အဘိသင်္ခါရမာရ် ခေါ်တာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"တဏှာတည်းဟူသော အစေးကိန်းဝပ်လျက်ရှိမှသာ ဘဝပဋိသန္ဓေကို ဖြစ်စေနိုင်တယ်။ ဘဝကို သာယာတဲ့ သမုဒယသစ္စာ တဏှာအစေး ကုန်ခမ်းရင် ပြုတ်ထားတဲ့ စပါးမျိုးစေ့လို နောက်ဘဝပဋိသန္ဓေကို ဖြစ်စေနိုင်စွမ်း ကုန်ခမ်းသွားကြတယ်မဟုတ်လား"

"မှန်ပါ ဘုရား"

"အကုသိုလ်စိတ်စုမှာ လောဘ. ဒေါသ. မောဟ ကုန်ရာတွင် အကြွင်းမဲ့စိတ်သက် ကုန်ဆုံးသွားတယ်"

"ကုသိုလ်စိတ်စုမှာ ကုသိုလ်စိတ်စုကို စွန့်ပြီးတော့ ကြိယာဇာတ်သို့ ပြောင်းသွားကြတယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"ကိလေသာ ရှိစဉ်အခါက သိဒ္ဓတ္ထမင်းဘဝကို ထူထောင်တဲ့ ရှေးကံဟောင်းရဲ့အကျိုးဖြစ်တဲ့ ဝိပါက်နာမက္ခန္ဓာတော်ကြီးနှင့်တကွ စတုသမုဋ္ဌာနိက ရူပကာယ. နာမကာယခန္ဓာမျှသာ ကြွင်းကျန်တော့တယ် ဒကာကြီး"

"မှန်ပါ ဘုရား"

"အဲဒီခန္ဓာဟောင်း ရှိခြင်းကြောင့်ပဲ ရှေးရှေးဘဝတို့က ပြုခဲ့တဲ့ ကုသိုလ် အကုသိုလ်ကံဟောင်းစုတွေဟာ ပရိနိဗ္ဗာန်စံတဲ့ အချိန်တိုင်အောင် အကျိုးပေးကြသေးတာပေါ့"

"မှန်ပါ ဘုရား"

"ဒီတော့ ခန္ဓာရှိသေးသမျှ ရှေးကံဟောင်းစက်မှ မလွတ်သေးဘူး၊ ရှေးကံဟောင်းစက်မှ မလွတ်သေး၍ဘဲ ခန္ဓာတော်ကြီး ကျန်ရှိနေသေးတယ်လို့ မှတ်နော်"

"မှန်ပါ ဘုရား"

"ခန္ဓာတော်ကြီး ကြွင်းကျန်လို့ပဲ သတ္တဝါတို့ကို ချွတ်ခွင့်ရတာပေါ့၊ သို့မဟုတ်ရင် ချွတ်နိုင်ပါ့မလား"

"မချွတ်နိုင်တော့ပါ ဘုရား"

၄။ "ဘုရားရှင်ရဲ့ရူပကာယ. နာမကာယ ခန္ဓာတော်ကြီးဟာ ခန္ဓမာရ်နော်"

"မှန်ပါ ဘုရား"

၅။ "ဘုရားရှင်ရဲ့ပရိနိဗ္ဗာန် စုတိတော်ဟာ မစ္စုမာရ်ပဲ"

"မှန်ပါ ဘုရား"

"အဲဒီ မာရ်နှစ်ပါးကိုတော့ ပရိနိဗ္ဗာန်စံတော်မူပြီးမှ အောင်မြင်တော်မူတယ်"

"မှန်ပါ ဘုရား"

"တစ်နည်းပြောမယ်ဆိုရင် သမုဒယသစ္စာ တဏှာတရား ထင်ရှားရှိခဲ့ရင် နောင်တစ်ဖန် ဖြစ်လတ္တံ့ ဖြစ်တဲ့ ဘဝခန္ဓာတို့လည်း ရှိကုန်တယ်၊ သမုဒယသစ္စာကုန်ဆုံးရင် အဲဒီ အနာဂတ်ခန္ဓာတွေလည်း ကုန်ဆုံးတယ်၊ အဲဒီ ခန္ဓာတွေ ကုန်ဆုံးရာတွင် အဲဒီ ခန္ဓာတွေနဲ့ ထက်ကြပ်ပါလတ္တံ့ ဖြစ်တဲ့ နောက်ဘဝ သေပျောက်မှု မစ္စုမာရ်တို့လည်း ကွယ်ပျောက်ကုန်တယ်ပေါ့"

"မှန်ပါ ဘုရား"

"အဲဒါဟာ နောက်နောင်လာလတ္တံ့ ဖြစ်တဲ့ အနမတဂ္ဂ ဘဝခန္ဓာနဲ့ အနမတဂ္ဂမစ္စုကို အောင်မြင်တော်မူပုံပေါ့"

"မှန်ပါ ဘုရား"

"တစ်ခါ ယခုပစ္စုပ္ပန်ခန္ဓာတော် မစ္စုမာရ်ကို အောင်မြင်တော်မူပုံကို ပြောရမယ်ဆိုရင် ဘုရားအဖြစ်သို့ မရောက်သေးမီ ရှေးရှေးဘဝက အနမတဂ္ဂသံသရာမှာ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတဲ့ လှည့်ပတ်ခြင်းဖြင့် လှည့်ပတ်ပြီး အပါယ်ငရဲသို့ မစဲအောင် ပစ်ချတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"မစ္စုမာရ်ကလည်းအနမတဂ္ဂ သံသရာဘဝတွေမှာ အသက်သေမှုနဲ့ ချောက်ချမ်းပြီး ဒုစရိုက်တရားတွေကို ပွားစေကာ အပါယ်ငရဲသို့ မစဲအောင် ပစ်ချတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အဲ . . . ဇောဓိပင်နှင့် ရွှေပလ္လင်ထက်မှာ သဗ္ဗညုတဉာဏ်အမြင်ကို ရတော်မူတဲ့အခါ ဒီခန္ဓာငါးပါးရဲ့ လှည့်ပတ်မှုဟာ အကုန်လုံး အလိမ်ပြေတယ်၊ ပုဂ္ဂိုလ်အထင်, သတ္တဝါအထင်, ငါအထင်, ငါ့ရဲ့ကိုယ်အထင်တွေဟာ အကုန်ကွယ်ပျောက်တယ်၊ ဓမ္မအစုအခဲ၊ ဓာတ်အစုအခဲ အလင်းပေါက်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"သေမှုဆိုတဲ့ မစ္စုတရားလည်း မရဏဓာတ်တစ်ခုအဖြစ်နဲ့ အလင်းပေါ်တယ်၊ ပေါ်တဲ့အခါမှ စပြီးတော့ သေဘေးနဲ့ တွေ့သော်လည်း ကြောက်စိတ် ရွံ့စိတ်ဆိုတာ အဏုမြူမျှ မရှိတော့ဘူး၊ ကိုယ်ခန္ဓာကို သာယာမှုအတွက်နဲ့လည်း အမူပုပ်, အမူပို ဝန်ပုပ် ဝန်ပိုဆိုတာ အဏုမြူမျှ မရှိတော့ဘူး"

"မှန်ပါ ဘုရား"

"အဲဒါဟာ ဇောဓိပင်နှင့် ရွှေပလ္လင်မှာပင် ခန္ဓမာရ်၊ မစ္စုမာရ် တို့ကို အောင်မြင်တော်မူပုံပဲ ဒကာကြီး"

"မှန်ပါ ဘုရား"

"အဲဒီအဖြေဟာ လယ်တီဆရာတော်ဘုရားကြီး ဒကာမောင်သော်ကို ပြောတဲ့အတိုင်း ဥတ္တမပုရိသဒီပနီ ကြည့်ဖြေတာပဲ ဒကာကြီး"

"မှန်ပါ ဘုရား"

## ခန္ဓာအစဉ်ထူးပုံ

"ဒကာကြီး အမေးမှာ မပါတဲ့ အမေးတစ်ခု ရှိသေးတယ်၊ အဲဒီ မောင်သော်အမေးမှာ ပါတယ်၊ အင်မတန် မှတ်စရာ ကောင်းတယ်"

"မှန်ပါ အမိန့်ရှိပါဘုရား"

"ဘုရားရှင်ရဲ့ဘုရားမဖြစ်မီ ခန္ဓာအစဉ်နဲ့ ဘုရားဖြစ်ပြီးမှ ခန္ဓာအစဉ် ဘယ်လိုထူးပါသလဲတဲ့"

"မှန်ပါ၊ ထူးပုံကို အမိန့်ရှိပါဘုရား"

"ဘုရားမဖြစ်မီ ခန္ဓာအစဉ်က ကိလေသမာရ်ခေါ်တဲ့ ဓာတ်ညစ် ဓာတ်မဲစု၊ အဘိသင်္ခါရမာရ်ခေါ်တဲ့ ဓာတ်စေး ဓာတ်ချွဲ စုနဲ့ ရောနေတယ်၊ ဘုရားဖြစ်ပြီးတဲ့ ခန္ဓာအစဉ်ကတော့ အဲဒီ ဓာတ်ညစ် ဓာတ်မဲ ဓာတ်ချွဲ ဓာတ်စေး မရှိဘူးပေါ့"

"မှန်ပါ ဘုရား"

"အဲဒီ ဓာတ်ပုပ်, ဓာတ်မဲ, ဓာတ်ချွဲ, ဓာတ်စေး ရှိကြတဲ့ သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ သေတဲ့အခါ အလောင်းကောင် ပုပ်ပောင်တယ်၊ ဘုရား, ရဟန္တာတို့ရဲ့အလောင်းတော်ဟာ ပုပ်တယ်, နံတယ် မရှိဘူး၊ အသက်ဝိညာဏ် ထင်ရှားစဉ်မှာလည်း ဒီလိုပဲ"

"တယ်ထူးပါလား ဘုရား"

"အင်း ... ထူးတာပေါ့၊ အစာအာဟာရချင်း တူပေမဲ့ ဝင်းဝင်းတောက် ကြည်လင်ဖြူစင်တဲ့ နာမက္ခန္ဓာတို့မှ တစ်ကိုယ် တော်လုံး မွှန်းပြီး လွှမ်းခြုံနေတဲ့ စိတ္တဇရုပ်တို့အတွက် တစ်ကိုယ်တော်လုံးဟာ အလွန်ဖြူစင်စွာ ဖွပ်လျှော်ပြီးထားတဲ့ ဝါဂွမ်း အစုအခဲလို ဖြစ်နေတာပေါ့"

"အံ့သြစရာပဲ ဘုရား"

"စကြာမင်းရဲ့ပတ္တမြားလုံးကို အလွန်တရာ နောက်နေတဲ့ ရေအိုင်ထဲမှာ ချထားရင် တစ်အိုင်လုံး ပတ္တမြားရေလို ကြည် နေရသလို ဘုရား, ရဟန္တာတို့ရဲ့ဇောခန္ဓာအစဉ်ဟာ စကြာမင်းရဲ့ပတ္တမြားရတနာနဲ့တူစွာ ကြည်တယ်၊ အဲဒါဟာ အပုပ်အနံ့ မရှိရာ မှာ သက်သေသာဓကပဲ ဒကာကြီး"

"မှန်ပါ ဘုရား"

"မင်းတို့ စံနေရာဖြစ်တဲ့ နန်းပြာသာဒ်ဟာ မင်းရဲ့စံနေရာဖြစ်၍နေတဲ့အခါမှာ ပူဇော်ခြင်းငှာ မထိုက်ဘူး၊ အဲဒီ ပြာသာဒ်ကိုကျောင်းတော်ဆောက်လုပ်ပြီး ကျောင်းတော်ဖြစ်တဲ့အခါ ပူဇော်ထိုက်တယ်၊ ပူဇော်ရင်လည်း နတ်ရွာနိဗ္ဗာန် အကျိုး ရတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အဲဒီမှာ ဥပမာ ဥပမေယျစပ်မယ်ဆိုရင် ဘုရားမဖြစ်မီ ခန္ဓာတော်ဟာ မင်းစံနေဆဲ နန်းတော်နဲ့ တူတယ်၊ ဘုရားဖြစ်ပြီး နောက် ခန္ဓာတော်ဟာ ဘုရားရှင်သီတင်းသုံးနေတဲ့ ကျောင်းတော်နဲ့ တူတယ်"

"မှန်ပါ ဘုရား"

"ဘုရားမဖြစ်မီဆိုသော်လည်း သိဒ္ဓတ္ထမင်းအဖြစ်မှာ ရှိတဲ့ ခန္ဓာအစဉ်ကိုယူ၊ တောထွက်ပြီးတဲ့နောက် ခန္ဓာတော်က ပူဇော်ထိုက်တယ်၊ ဒါကြောင့် ဝတ်လဲတော်ပုဆိုးကို သုဒ္ဓါဝါသဗြဟ္မာတို့ ယူပြီး "ဒုဿစေတီ" တည်တာပေါ့၊ ကိုးကွယ်တာပေါ့"

"မှန်ပါ ဘုရား"

"အဲဒါ "သဘာဝ, ပဝတ္တိ = သဘောနည်းဖြစ်ပုံကို နားမလည် လိမ္မာမှုမရှိတဲ့အတွက် ခန္ဓာတော်ကား ဘုရားမဟုတ်ဘူး၊ ဉာဏ်တော်သာ ဘုရား,ဟုတ်တယ်လို့ ယူကြတဲ့ မိစ္ဆာဝါဒ, မိစ္ဆာအယူတွေကို နားမယောင်နဲ့နော်"

"မှန်ပါ ဘုရား"

"ကဲ ... ပြည့်စုံပြီ၊ တော်ရောပေါ့"

✧ တရားနာကာ၊ နားတန်ဆာ၊ သေချာဆင်ကြပါ။

✧ စိန်ရွှေတန်ဆာ၊ နားဆင်တာ၊ တန်ဆာ မစစ်ပါ။

✧ နာကြားသိမှ၊ နိဗ္ဗာန်ရ၊ သုခချမ်းသာမှာ။

# ဂိလာန,ဆို ဘုဦးပေးကောင်းတယ် မဟုတ်လားဘုရား

(၇၄)

အများသော သူတို့သည် အကြောင်းအရာတစ်ခုကို သိရန် သေသေချာချာ မစုံစမ်း မစစ်ဆေး မမေးမြန်းဘဲ သူပြော လူပြော အများပြောနဲ့ တကယ်ယုံမှတ်ထားလိုက်လေ၏။ အမှန်ကို မစစ်ဆေး မမေးမြန်း မစုံစမ်းဘဲ ယုံမှတ်ထားမှုက မထောင်းသာသော်လည်း အမှားကို ယုံမှတ်ထားမှုက မိမိရော သူတစ်ပါးပါ အကျိုးပျက်ပြား ဒုက္ခများတတ်၏။

တစ်ချိန်သော နွေကာလက ဖြစ်ခဲ့၏။ မြို့တစ်မြို့တွင် တရားဟောနေခိုက် နေ့လယ်တစ်ချိန်တွင် ဒကာမကြီး/ ငယ်တစ်စု ရောက်ရှိလာပြီး ရှိခိုးဦးချ မေးလျှောက်သည် -

"အရှင်ဘုရား၊ ဂိလာန,ဆို ဘုဦးပေးကောင်းတယ် မဟုတ်လားဘုရား"

"ဘယ်လိုဂိလာနက ဘာကို ဘုဦးပေးကောင်းတာလဲ၊ ဂိလာနကလည်း အမျိုးမျိုး၊ ဘုဦးပေးစရာတွေကလည်း အမျိုးမျိုးရှိတာ ခွဲပြီးမေးမှပေါ့"

"ဟုတ်သားပဲ၊ ညည်းမေးတာက စုံမှ မစုံတာ"

ဘေးမှ ဒကာမတစ်ယောက်က မေးမြန်းသူဒကာမကို လှမ်းပြောလိုက်ခြင်း၊ အပြစ်တင်လိုက်ခြင်း ဖြစ်သည်။

"ငါမှ မမေးတတ်တာပဲ၊ ဒီလိုပဲ မေးတတ်လို့ ဒီလိုပဲမေးတာ၊ မှားရင် ဘုန်းကြီးက ပြင်ပေးမှာပေါ့"

မေးမြန်းသောဒကာမက သူ့ကိုအပြစ်တင်သော ဒကာမကို ပြန်၍ အထွန့်တက်လိုက်သည်။ ပြီးတော့ မိမိအား လျှောက်ပြန်သည် -

"အရှင်ဘုရား၊ ရဟန်းဂိလာနကို ပြောပါတယ်ဘုရား"

"အင်း...ရဟန်းဂိလာန ဘာဖြစ်လဲ"

"ရဟန်းဂိလာနဟာ ဘာမဆို ဘုဦးပေးကောင်းတယ် မဟုတ်လားဘုရား"

"အမလေး၊ ဘယ်သူက ပြောလဲ၊ ရဟန်းဂိလာနဆို ဘာမဆို ဘုဦးပေးကောင်းတယ်လို့"

"ဒီလိုပဲ ပြောကြတာပဲဘုရား"

"အင်း...အဲဒီပြောကြတာတွေက ခက်နေတယ်၊ ရမ်းပြော. မှန်းပြောတွေ အမှားများတယ်"

"ဒါဖြင့် တပည့်တော်တို့ကို အဲဒီအကြောင်း ရှင်းပြပေးပါဘုရား"

"အင်း...ရှင်းပြပေးဆိုရင် သေသေချာချာ မှတ်ထားမှ ဖြစ်မယ်၊ မေ့သွားရင် ရှင်းရတာ အမော.အဖတ်တင်မယ်"

"ရှင်းပါဘုရား၊ အများကြီး မှတ်မှာပဲ၊ တစ်ယောက်မမှတ်မိ တစ်ယောက်ပေါ့"

"ရှင်းဆို ရဟန်းတွေ သုံးဆောင်တဲ့ ကာလိကလေးပါးကို အစဦးဆုံး ရှင်းရမယ် -

## ကာလိကလေးပါး

၁။ အာဟာရကိစ္စပြီးတဲ့ အဆာပြေတဲ့ အလုံးစုံသော ခဲဖွယ်ဘောဇဉ်တွေကို "ယာဝကာလိက" ခေါ်တယ်။

၂။ သပြေ. သရက်. မုဒရက်. ဖက်သက်. သစ်မည်ဆည်. တောင့်ကပ်ပျော. အိမ်ငှက်ပျော. ကြာစွယ်တို့ကို ရေချမ်းနဲ့ နယ်စပ်ပြီး ဖျော်အပ်တဲ့ အဖျော် (၈) ပါးကို "ယာမကာလိက" ခေါ်တယ်။

၃။ ထောပတ် ဆီဦး. ဆီ. ပျား. တင်လဲ တို့ကို "သတ္တာဟကာလိက" ခေါ်တယ်။

၄။ အာဟာရကိစ္စကို မပြီးစေတတ်တဲ့ လူတွေ အစာအာဟာရအနေနဲ့ အမြဲမစားတဲ့ သစ်ဥ. သစ်မြစ်. သစ်ပွင့်. သစ်ရွက်.သစ်သီးတို့ကို "ယာဝဇီဝိက" ခေါ်တယ်။

"အဲဒီလေးမျိုးကို သေသေချာချာ မှတ်ထားနော်၊ အဲဒီလေးမျိုး မှတ်မိမှ ခု နောက်ပြောတာတွေ မှတ်မိမှာ"

"မှန်ပါ ဘုရား"

"အဲ...ယခု ကာလိကလေးပါးမှာ -

၁။ "ယာဝကာလိက" ကို နေ မွန်းမတည့်မီ အတွင်းပဲ သုံးဆောင်ကောင်းတယ်၊ ဂိလာနရော၊ အဂိလာနရော အတူတူပဲ၊ ဂိလာနဆို ဘာမဆို ဘုဉ်းပေးကောင်းတယ်ဆိုပြီး ဆွမ်းပြုတ်တို့၊ နွားနို့တို့၊ ကော်ဖီတို့၊ မိုင်လိုတို့၊ အိုဗာတင်းတို့ စသည် မကပ်ကောင်းဘူးနော်"

"မှန်ပါ ဘုရား"

၂။ "ယာမကာလိက" ခေါ်တဲ့ သောက်ကောင်းတဲ့ ဖျော်ရည်ကိုတော့ ဒီနေ့ အကပ်ခံထားရင် အရုဏ်မတက်မီအတွင်း ဆာလောင်မွတ်သိပ်ခြင်း အကြောင်းရှိရင် သုံးဆောင်ကောင်းတယ်လို့ မှတ်ထား"

"မှန်ပါ ဘုရား"

"အဲဒါ သတိထားရမှာ၊ ခုခေတ် ဘိလပ်ရည်တွေ သတိထားရမှာပဲ၊ အများကြီးဆို မကပ်ရဘူး၊ ကပ်ရင် အရုဏ်မတက်မီ သောက်ရမယ်၊ မကပ်ရသေးရင်တော့ ဆာတဲ့အခါ အကပ်ခံသောက်ဆိုတော့ ကြာကြာသောက်ရတာပေါ့"

"တပည့်တော်တို့က ဖျော်ရည်ဆို အချိန်မရွေးသောက်ကောင်းတယ် အောက်မေ့တာဘုရား"

"ဘယ်ရမလဲ"

"တင်ပ့ါဘုရား၊ ခုတော့ သိပါပြီ"

၃။ "သတ္တာဟကာလိက" ခေါ်တဲ့ ပျားရည်၊ ဆီ စသည်တို့ကို ဖျားနာခြင်းအကြောင်း ရှိရင် ခုနစ်ရက်ပတ်လုံး သုံးဆောင်ကောင်းတယ်၊ တစ်ခါ အကပ်ခံထားရင် ခုနစ်ရက်သုံးဆောင်ကောင်းတယ်ဆိုတာနော်"

"မှန်ပါ ဘုရား"

"အဲဒီမှာ ပျားရည်ကို သတိပြုရမယ်၊ ပျားရည်ပဲ အချိန်မရွေး ဘုဉ်းပေးကောင်းတယ်ဆိုပြီး သွားပြီးတော့ မကပ်လိုက်နဲ့၊ ကပ်ပြီးရင် ခုနစ်ရက်အတွင်းပဲ ဘုဉ်းပေးရတယ်၊ ခုနစ်ရက်ကျော်ရင် မဘုဉ်းပေးရတော့ဘူး၊ ဂိလာနရော၊ အဂိလာနရော အတူတူပဲ"

"များရည်ပါတဲ့ ဆေးရော ဘုရား"

"အင်း... များရည်ပါတဲ့ဆေးလည်း ခုနစ်ရက်အတွင်းပဲ စားရမယ်၊ ခုနစ်ရက်စာပဲ ခွဲကပ်ပေါ့"

"မှန်ပါ ဘုရား"

၄။ "ယာဝဇီဝိက" ခေါ်တဲ့ ဆေးမြစ်. ဆေးဥ. ဆေးရွက်တို့ကို ဖျားနာခြင်းအကြောင်းရှိရင် အသက်ထက်ဆုံး သုံးဆောင်ကောင်းတယ်၊ တစ်ခါကပ်ထားရင် သေသည့်တိုင်အောင် သုံးဆောင်ကောင်းတယ်လို့ မှတ်ထားနော်"

"မှန်ပါ ဘုရား"

"ဒီနေ့ အကပ်ခံထားတဲ့ "ယာဝကာလိက. ယာမကာလိက" တွေကို နောက်နေ့မှစပြီး ဘုဉ်းပေးသုံးဆောင်ရင် သိမ်မွေ့တဲ့ ပါစိတ်အာပါတ်သင့်တယ်၊ ဂိလာနရော၊ အဂိလာနရော အတူတူပဲ မှတ်ထားနော်"

"မှန်ပါ ဘုရား"

"ရှေးက အကပ်ခံထားတဲ့ "သတ္တာဟကာလိက. ယာဝဇီဝိက" တွေကို မွန်းလွဲကာလအတွင်း အကြောင်းမရှိဘဲ ဘုဉ်းပေးသုံးဆောင်ရင် ဘုဉ်းပေးသုံးဆောင်တိုင်း ဒုက္ကဋ်အာပတ် သင့်တယ်"

"နေလွှဲသောအခါမှာ အကြောင်းမရှိဘဲ ဘုဉ်းပေးသုံးဆောင်ရင် ဝိကာလဘောဇနသိက္ခာပုဒ်ကြောင့်လည်း အာပတ်သင့်တယ်"

"အာပတ်တွေက များလှပါလားဘုရား"

"အင်း... နောက်တစ်ခါ ဂိလာနဆို ဘာမဆို ဘုဉ်းပေးကောင်းတယ်ဆိုပြီး ကပ်.မနေနဲ့ဦး"

"မှန်ပါ ဘုရား၊ မကပ်တော့ပါဘူး"

"ရှေးက အကပ်ခံထားတဲ့ "သတ္တာဟကာလိက. ယာဝဇီဝိက" တွေကို ယာဝကကာလိကနဲ့ရောပြီး ဘုဉ်းပေးရင် မျိုတိုင်း မျိုတိုင်း အာပတ်သင့်တယ်၊ နားလည်လား"

"ရှင်းပါဦးဘုရား"

"ဆိုပါတော့၊ ရှေးက ဆားကို အကပ်ခံထားတယ်၊ အဲဒီဆားနဲ့ ယခုဆွမ်းနဲ့ ရောမယ်၊ သို့မဟုတ် ဆီနဲ့ဆွမ်းနဲ့ ရောမယ်ဆိုရင် အဲဒါ မျိုတိုင်းမျိုတိုင်း အာပတ်သင့်တယ်"

"ဒီလိုဆိုရင် ဘယ့်နယ်လုပ်ပါ့မလဲဘုရား"

"အဲဒါ ရောချင်ရင် ဆားတို့ ဆီတို့ကို အခုချက်ချင်း အကပ်ခံရမယ်၊ အဲဒီလို အခုချက်ချင်း အကပ်ခံပြီး ရောမှသာ ဘုဉ်းပေးကောင်းတယ်"

"မှန်ပါ ဘုရား"

"အောက်ထစ်ဆုံးပြောမယ်ဆိုရင် သွားကြားထဲမှာ ကပ်ငြိနေတဲ့ သတ္တာဟကာလိကယာဝဇီဝိက အညစ်အကြေးနဲ့ ယာဝကာလိက ရောမိရင် မျိုတိုင်းမျိုတိုင်း အာပတ်သင့်တယ်"

"အာပတ်တွေကလည်း များလှပါလားဘုရား"

"အင်း... များဆို အကျဉ်းအားဖြင့် ၂၂၇ သွယ်၊ အကျယ်အားဖြင့် ကုဋေ ကိုးထောင်ကျော်ဆိုတော့ များတာပေါ့"

"သံဃာတော်တွေ ကြည်ညိုစရာပဲနော်"

ဒကာမကြီးတစ်ယောက်က ကျန်တဲ့ဒကာမကြီးတွေကို ပြောကြားလိုက်ခြင်း ဖြစ်၏။

"သိပ်ပြီး ကြည်ညိုစရာကောင်းတာပေါ့"

ဒကာမကြီးတွေက ပထမပြောသူ ဒကာမကြီးကို ပြန်ပြောခြင်းဖြစ်၏။ ထိုမှ တစ်ဖန် ပထမဆုံးမေးမြန်းသူ ဒကာမကြီးက လျှောက်ထားပြန်၏။

"ဆက်ပြီး အမိန့်ရှိပါဦးဘုရား"

"ဘာများ ဆက်ပြီးအမိန့်ရှိရမလဲ၊ ဒကာမကြီးတွေ မေးတာ ပြီးနေပြီပဲ"

"တစ်ခြား တပည့်တော်တို့ သိစရာတွေပေါ့ဘုရား"

"အင်း... သိစရာတွေက အများကြီးပဲ၊ ခုမေးနေတာက ဝိနည်းနဲ့ ပတ်သက်သော ဝိနည်းအကြောင်း သိစရာပဲ၊ ဆက်ပြောရမှာပေါ့"

"မှန်ပါ အမိန့်ရှိပါဘုရား"

"ကွမ်း, ဆေး စသည်တွေ ရှိတယ်မဟုတ်လား"

"ရှိပါတယ်ဘုရား"

"အဲဒီ ကွမ်းဆေး စသည်တို့ကို အနေ့နေ့ အရက်ရက် အကပ်ခံပြီး နံနက်ရော, နေ့လယ်ပါ ဘုဉ်းပေးသုံးဆောင်တဲ့ ရဟန်းမှာ သိုမှီးတဲ့ ဒုက္ကဋ်, ပါစိတ်အာပတ်တို့မှ မလွတ်ဘူးတဲ့"

"မှန်ပါ ဘုရား"

"ရှေးအခါက အကပ်ခံထားတဲ့ ဆေး, ကွမ်း စသည်တို့ကို ဖျားနာခြင်းအကြောင်း မရှိဘဲ ဘုဉ်းပေးသုံးဆောင်ရင် ဘုဉ်းပေးတိုင်း, ဘုဉ်းပေးတိုင်း သိုမှီးတဲ့ ဒုက္ကဋ်အာပတ်သင့်တယ်"

"ဒါဖြင့် ကွမ်းစား, ဆေးငုံတာဟာ ဖျားနာမှ စားရမယ် ငုံရမယ်ပေါ့ဘုရား"

"အင်းပေါ့၊ အကြောင်းရှိမှပေါ့၊ အကြောင်းမရှိဘဲနဲ့ စားနေ, ငုံနေလို့ ဖြစ်မလား"

"မှန်ပါ ဘုရား"

"ပိုဆိုးတာက အဲဒီ ကွမ်းစား, ဆေးငုံပြီးရင် ပါးစပ်တို့, သွားတို့ကို စင်အောင် ဆေးကြော, တိုက်ချွတ်ဖို့ မလွယ်ဘူး၊ ဆေးဂျီး, ကွမ်းချိုးဟာ အင်မတန် အဆေးအကြော အတိုက်အချွတ် ခက်တယ်မဟုတ်လား"

"မှန်ပါ ဘုရား"

"အဲ ... မနေ့က စားတဲ့ ငုံတဲ့ ကွမ်းချိုးဆေးဂျီး အကျန်နဲ့ ဒီနေ့စားတဲ့ ဆွမ်း, ခဲဖွယ်, ဘောဇဉ်နဲ့ ရောပြွမ်းမိရင် မျိုတိုင်းမျိုတိုင်း အာပတ်သင့်တယ်"

"အာပတ်ကလည်း တယ်ပြီး သင့်ပါလားဘုရား"

"အင်း... ဒါကြောင့် ရဟန်းဆိုတာ အကပ်ခံ၊ အကပ်ခံပြီးမှ သုံးဆောင်ရတာပေါ့"

"ဒါဖြင့် ကွမ်း, ဆေးတို့ကို အာပတ်မသင့်အောင် ဘယ်လို ဘုဉ်းပေးရမလဲဘုရား"

"ဪ... ဒကာမကြီးကလည်း ဘုန်းကြီးများ ဝတ်မလို့လား မသိဘူး၊ မေးလိုက်တာ လွန်ရောပဲ"

"မဟုတ်ပါဘူးဘုရား၊ ဘုန်းကြီးတွေကို လှူတတ် တန်းတတ်အောင် မေးတာပါဘုရား"

"ကွမ်းဆေးတို့ကို အာပတ်မသင့်အောင် နေ့ရှည်ရက်ဆက် အကပ်ခံပြီး မသုံးဆောင်ဘဲ နေ့မလွဲမိ တစ်နေ့စာ တစ်နေ့စာ လောက်ရုံပဲ အကပ်ခံ သုံးဆောင်ရတယ်"

"မကုန်လို့ ကျန်နေရင် ဘယ့်နှယ်လုပ်မလဲဘုရား"

"ကျန်နေရင် လူ, သာမဏေတွေကို ငဲ့ကွက်ခြင်းမရှိ အာလယပြတ် စွန့်ပစ်ရမယ်"

"မှန်ပါ ဘုရား"

"အဲဒီ အပြီး အာလယပြတ် စွန့်ပြီးသား တစ်ဖန် ပြန်ကပ်ပြန်ရင် အပ်ပြန်တယ်တဲ့"

"မှန်ပါ ဘုရား"

"ဒါကြောင့် "တပည့်လီမွှာ ဆရာအာပတ်လွတ်" ဆိုတာပေါ့၊ အဲဒါ ဒကာမကြီးတွေက အလွဲသုံးစားလုပ်ပြီး ညဂျင်းသုတ်ဆိုတာ ဂျင်းသုတ်ထဲ ပဲမှုန့် ပုစွန်ခြောက်တွေ ထည့်ပြီး ကပ်တတ်တယ်၊ အဲဒါ အာပတ်မလွတ်ဘူး၊ ကပ်တဲ့လူလည်း အပြစ်ရှိတယ်"

"မှန်ပါ ဘုရား"

"ကဲ ... အကျဉ်းချုပ် ပြန်မှတ်ထားရင် ရဟန်းတော်တွေနဲ့ဆိုင်တဲ့ သုံးဆောင်စရာကို ခွဲရင် -

၁။ တစ်နံနက်သာ သုံးဆောင်ရတဲ့ ဆွမ်းစသည်

၂။ တစ်ညနေသာ သုံးဆောင်ရတဲ့ ဖျော်ရည်စသည်

၃။ ခုနစ်ရက်သာ သုံးဆောင်ရတဲ့ ဆီစသည်

၄။ တစ်သက်လုံး သုံးဆောင်ရတဲ့ သစ်မြစ် စသည်ရယ်လို့ လေးမျိုးပဲ ရှိတယ်မဟုတ်လား"

"မှန်ပါ ဘုရား"

"အဲဒါ သူ့အချိန်နဲ့ သူ့အခါနဲ့ ကပ်ပေါ့၊ လှူပေါ့၊ ဟုတ်လား"

"မှန်ပါ ဘုရား"

"ကဲ ... တော်ရောပေါ့"

မိမိသည် ဒကာမကြီးငယ်တစ်စု ရှိခိုးဦးချ၍ ထပြန်သွားသော် ဘုရားရှင်၏ တရားအစဉ်တို့ကို စဉ်းစားကျန်ရစ်ခဲ့၏။

"မိခင် ဖခင်တို့သည် အဆိပ်သီးကို စားဆဲ စားလတ္တံ့သော သားငယ်၊ သမီးငယ် မလိမ္မာသူတို့ကို မြင်လျှင် အလွန်တရာ စိုးရိမ်ကြောင့်ကြခြင်း ဖြစ်သကဲ့သို့ မဟာကရုဏာတော်ရှင် ဘုရားသခင်သည် မအပ်မရာ သုံးဆောင်စားသောက်ကုန်သော တပည့်သားတော်တို့ကို အလွန်ကြောင့်ကြတော်မူ၏"

ထို့ကြောင့် ရှင်တော်မြတ်ဘုရား၏ ရွှေမျက်နှာတော်ကို ရှုမြင် ထောက်ထားသောအားဖြင့်လည်းကောင်း၊ သံသရာဝဋ်ဆင်းရဲကို အဖန်တလဲလဲ ရှုသဖြင့်လည်းကောင်း၊ ရှင်တော်မြတ်ဘုရား၏ ရွှေနှလုံးတော် ချမ်းမြေ့စေတတ်သော လူ့. နတ်. နိဗ္ဗာန် သုံးတန်သောချမ်းသာကို ပြီးစေတတ်သော သူတော်ကောင်းတို့၏ သူတော်ကောင်းတရားကို ဖြောင့်မတ်စွာလိုက်နာ၍ ကျင့်ကြံသင့်၏။

"တရားသဖြင့် ရအပ်သော ပစ္စည်းဖြစ်လျက် သိုမှီးခြင်းကို ဖြစ်စေ၍ သုံးဆောင်မိသဖြင့် အာပတ်သင့်ခြင်းသို့ ရောက်သောငါသည် မွန်မြတ်လှစွာသော ဝက်သားကို အဆိပ်နှင့်ရော၍ သုံးဆောင်မှားသော ယောက်ျားနှင့် တူလေစွတကား"

"ဘုန်းတော်နေဝန်း ထွန်းတောက်ပသော ဘုရားသားတော် ဖြစ်ပါလျက် သိက္ခာသီလ၌ အလေးမပြုခြင်းကြောင့် အပါယ်ဆင်းရဲဒုက္ခကို တွေ့ရချေက အလွန်လျှင် မသင့်လွန်းစွတကား"

ဟု မိမိကိုယ်ကို မိမိ သွန်သင်ဆုံးမ၍ သိုမှီးသုံးဆောင်မှုမှ လွတ်အောင် ရှက်ဆောင်ကြိုးကုတ် အားထုတ်သင့်၏။

"ငါသည် ဘုရားသားတော်တို့ ရသင့်ရထိုက်သော အရိယမဂ်. ဖိုလ်. နိဗ္ဗာန်အလို့ငှာ ရဟန်းပြုသော သဒ္ဓါပဗ္ဗဇိတ စင်စစ်တည်း"

"သဒ္ဓါပဗ္ဗဇိတဖြစ်သော ဒို သူတော်ကောင်း အစိန္တေယျ သာသနာရောင်ဝါ ထိန်ဝင်း ထွန်းလင်းခိုက်ကို ရသင့်ရထိုက်သောအရိယမဂ်. ဖိုလ်ကိုအမောင် ရပြီလော၊ ရခြင်း၏အကြောင်းဖြစ်သော သမထဘာဝနာ၊ ဝိပဿနာကို လွန်စွာ ပွားနိုင်ပါ၏လော"

"ပစ္စည်းလေးပါး၌ တပ်မက်စေတတ်သော တဏှာလောဘ, အလုပ်အကျွေး ဒကာ ဒကာမတို့၌ တွယ်တာမက်မောစေတတ်သော တဏှာလောဘ, အရပ်ဒေသ၌ တွယ်တာကပ်ငြိတတ်သော တဏှာလောဘ အစရှိသော ကိလေသာတည်းဟူသော မှက်, ခြင်, ယင်ရဲတို့၏ ကိုက်ခဲခြင်းမှ တစ်နေ့ တစ်ရက်မျှ လွတ်ပါ၏လော"

"သူတော်တကာ တမ်းစေ့ရုံမျှ မဝတ်၊ မစားတတ်ဘဲ သင်ရှိသေးသည် မဟုတ်ပါလော၊ ဤလောက၌ သူတော်တကာ တမ်းစေ့အောင် မဝတ်တတ်, မစားတတ်သောသူကို အလွန်မိုက်သူ, ရူးသူဟု ဆိုအပ်သကဲ့သို့ သာသနာတော်၌လည်း သာသနာတော်ထမ်း ရဟန်းတကာတို့ ဝတ်စား သုံးဆောင်ရုံမျှကို မသိ, မလိမ္မာသည် ရှိသော် အလွန်မိုက်သူ၊ ရူးသူဟု သူတစ်ပါးတို့ ဆိုသင့်ပေလိမ့်မည် မဟုတ်လော"

"ယင်းသို့ဖြစ်၍ ဘုရားသားတော်တကာတို့ ဝတ်စား သုံးဆောင်ပုံကို ရှင်တော်ဘုရား အလိုအတိုင်း ဟုတ်မှန်စွာ သိအောင်ပြသဖြင့် ဝတ်စား သုံးဆောင်တတ်အောင်, သုံးဆောင်မိအောင် ပြုအပ်, ပြုထိုက်လှပေတော့၏"

"သံသရာဘေးကို ရှုသဖြင့် ဘုရားရှင်၏ သားတော်အဖြစ်သို့ ရောက်ကုန်သော အရှင်မြတ်တို့သည် ယင်းသို့ မိမိကိုယ်ကို မိမိ သွန်သင်ဆုံးမတော်မူသင့်သည် မဟုတ်ပါလော"

"ဘုန်းတော်နေမီးထိန်ထိန်ညီးသော ရှင်တော်ဘုရား၏အမွေတော်ဥစ္စာကိုဆည်းပူးရှာဖွေခြင်းငှာလူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သဖြင့် "ပဗ္ဗဇိတ ဒုလ္လဘ" ကို ရတော်မူကုန်သော အရှင်မြတ်တို့သည် ရှင်တော်ဘုရား ပေးသနားတော်မူအပ်သော အမွေတော်စစ်, ဥစ္စာနစ်ကို မရ,ရအောင် ကြိုးပမ်းလှ့လ ဥဿာဟ ပြုအပ်လှတော့၏"

"မဟာကရုဏာတော်ရှင် ဘုရားသခင် ပေးသနားတော်မူအပ်သော အမွေတော်စစ် ဥစ္စာနစ်ကား မုချအထူးအားဖြင့် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တည်း။ ယင်းမှ ဆုတ်လျှင် အနာဂါမ်၊ ယင်းမှ ဆုတ်လျှင် သကဒါဂါမ်၊ ယင်းမှ ဆုတ်လျှင် သောတာပန်၊ ယင်းမှ ဆုတ်လျှင် လောကီဈာန်ရပုဂ္ဂိုလ်၊ ယင်းမှ ဆုတ်လျှင် သီလရှိသည့် ဝိပဿနာယောဂီပုဂ္ဂိုလ်တို့၏ အဖြစ်သည်ပင်လျှင် ရှင်တော်ဘုရား၏ အမွေဥစ္စာနစ်တည်း"

"ယင်းမှ ဆုတ်၍ သိက္ခာပုဒ်ကို လွန်ကြူးသဖြင့် သီလရှိသူ အဖြစ်သို့မျှ မရောက်နိုင်ကုန်သော ကိလေသာမာရ်ရန်သူလက်၌ ရောက်ကုန်သော စင်ကြယ်သော သီလ၊ သူတော်ကောင်းတရားတို့ကို မကျင့်နိုင်ကုန်သော ပုဂ္ဂိုလ်တို့သည် ဘုရားရှင် ပေးသနားတော်မူအပ်သော ဥစ္စာနစ်ကို ရသည် မမည်၊ ဘုရားသားတော် ရဟန်းစစ် မမည်၊ ဘုရားရှင်၏ တရားရင်နို့ သောက်စို့သည် မမည်"

ထို့ကြောင့် ရှင်တော်ဘုရား၏ခြေရင်းတော်ပါး ခစားဆည်းကပ်၍ ဘုန်းတော်ကို ခိုလှုံတော်မူလာကြကုန်သော ပုဂ္ဂိုလ်မြတ်တို့သည် သုံးလူ့ထွတ်တင် ဘုရားရှင် ပေးသနားတော်မူအပ်သော အမွေတော်ဥစ္စာနစ်တို့တွင် အောက်ထစ်, အယုတ်ဆုံးဖြစ်သော သီလရှိသူ၏ အဖြစ်တည်းဟူသော ဥစ္စာနစ်ကိုမျှ မရကြသေးက ရှုံးခြင်းကြီး ရှုံးလောက်အံ့သည်၊ ပညာမျက်စိဖြင့် ထောက်ရှုမြော်တွေးတော်မူနိုင်ကြပါစေကုန်သတည်း၊ ယင်းသို့ ထောက်ရှုမြော်တွေးသဖြင့် ဟုတ်မှန်တိုင်းသော သူတော်ကောင်းတို့၏ အကျင့်တရားကို ကြိုးပမ်းတော်မူနိုင်စေကုန်သတည်း။

✦ မအပ်မရာ၊ လှူဒါန်းတာ၊ ဝေးစွာရှောင်နိုင်ကြစေသော်။

✦ အပ်စပ်ပစ္စည်း၊ အသီးသီး၊ ရှာမှီး လှူနိုင်ကြစေသော်။

✦ သာသနာ့အမွေ၊ ခံကာလေ၊ ရောက်စေ နိဗ္ဗာန်အမြန်နော်။

# လျှောက်ထားဖို့ ကျန်နေတာနင့်

## (၇၅)

မိမိသည် အချိန်ကို အလုပ်တစ်ခုခုနှင့်ပဲ အသုံးချရင်း ကုန်လွန်စေချင်ပါသည်။ အလုပ်တစ်ခုခုနဲ့ အသုံးမချဘဲ အချိန်ကုန်လွန်ရမှာကို မိမိ အင်မတန်နမြောပါသည်။ သို့ဖြစ်၍ မိမိသည် အချိန်ကို မိမိလုပ်လိုသည့်အလုပ်နှင့် တွဲဖက်သတ်မှတ်ထားသည်။ အသုံးချသည်။ တစ်နေ့ မိမိ တရားပြောပြနေချိန်တွင် စာတစ်စောင် ရောက်လာသည်။

၃၈ ခုနှစ်၊ နယုန်လဆန်း (၈)ရက်

(၄-၆-၇၆)

-------မြို့

တေဒဂ်ဆရာတော် အရှင်ပညာဇောတ။

တပည့်တော် ရှိသေစွာ စာရေးလျှောက်ထားအပ်ပါသည် ဘုရား၊ တပည့်တော် အရှင်ဘုရားကို တွေ့စဉ်က လျှောက်ထားဖို့ ကျန်နေတာနင့် ယခုမှ စာနဲ့ပဲ လျှောက်ထားလိုက်ပါသည်ဘုရား။

တပည့်တော် သိချင်တာတစ်ခုရှိ၍ လျှောက်ထားပါရစေဘုရား၊ သိချင်တာက တခြားအကြောင်းတော့ မဟုတ်ပါ၊ တပည့်တော်၏မိခင် အနိစ္စရောက်တာ လေးလလောက်ရှိပါပြီဘုရား။

တပည့်တော် မိခင်ကြီး ကျန်ခဲ့တဲ့ အတွင်းပစ္စည်း လက်ဝတ်လက်စားတွေကို ၎င်းမှုရင်းအတိုင်းထားပြီး ဘုရားပြတိုက်ဟာစ်ခုခုမှာ လှူတာထက် ၎င်းပစ္စည်းကို ထုခွဲပြီး အလှူတစ်ခုခု လုပ်လျှင် ဘယ်အရာက ပိုကောင်းပါသလဲ။

ပိုကောင်းပြီး ပိုမြတ်တာကို တပည့်တော် သိချင်ပါတယ်ဘုရား၊ အရှင်ဘုရား၏ အဆုံးအဖြတ် အပေါ်မှာ မူတည်ပြီး တပည့်တော်လှူပါမည်ဘုရား၊ တပည့်တော်ကို ပြန်ပြီး ဖြေကြားစေလိုပါသည်ဘုရား။

အရှင်ဘုရားနှင့်တကွ တောရတစ်ခုလုံးရှိ သံဃာ့လူအပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာ ကင်းဝေးပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်ပါရစေဘုရား။

တပည့်မ................

"ကဲ ... မောင်( ... ) အဲဒီပြဿနာ မင်းသဘောကျ ဖြေကြည့်စမ်း၊ ဘယ်လိုဖြေမလဲ"

မိမိသည် စာဖတ်ပြီးသောအခါ မိမိတရားပြောပြရာသို့ အမြဲလာရောက် နားထောင်လေ့ရှိသော လိမ္မာသော လူငယ်တစ်ယောက်ကို မေးလိုက်သည်။

"ဘယ်လိုပါလဲဘုရား၊ လက်ဝတ်လက်စားအတိုင်း ဘုရားမှာလှူတာနဲ့ လက်ဝတ်လက်စားကို ထုခွဲပြီး အလှူတစ်ခုခု လှူတာလားဘုရား"

"အေး ... ဟုတ်တယ်"

"လက်ဝတ်လက်စားအတိုင်း ဘုရားမှာ ပြတိုက်သဘော လှူတာက ကောင်းပါတယ်ဘုရား"

"ဘာဖြစ်လို့လဲ အကြောင်းပြောစမ်းပါဦး"

"လူအများ အမြဲကြည့်ရှုရလို့ပါဘုရား"

"အေး ... ဒါက မင်းအကြိုက် မင်းအမြင်ကို ပြောတာပဲ၊ ဦးပဥ္စင်း အကြိုက်ကတော့ ဒီလိုမဟုတ်ဘူး"

"ဘယ်လိုပါလဲဘုရား"

"ဘုရားတည်တဲ့ ရည်ရွယ်ချက် သိဖို့ အရေးကြီးတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ယခု စေတီတော်တွေဆိုတာ ဘုရားရှင်ရဲ့ရုပ်ပွားတော်၊ ဆံတော်၊ ဓာတ်တော်၊ စွယ်တော် စသည်တို့ကို အထဲမှာ ဌာပနာပြီး တည်ထားတာမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ သဘောအားဖြင့် အဲဒီစေတီတော်ဟာ ဘုရားရှင်ရဲ့ရုပ်ပွားတော် စသည် ကိန်းအောင်းရာ သီတင်းသုံးရာ ကျောင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါဖြင့် အဲဒီစေတီတော်ထဲမှာ ဘုရားနှင့်ပတ်သက်တဲ့ ဓာတ်တော်၊ စွယ်တော် စသည်ပဲ ရှိသင့်တယ်၊ တစ်ခြား စိန်ရွှေငွေတွေ မရှိသင့်ဘူး"

"ဘာဖြစ်လို့ပါလဲဘုရား"

"မင်းကြားဖူးတယ်မဟုတ်လား၊ ဘုရားတွေ ဖောက်ထွင်းခိုးယူခံရတာကို"

"မှန်ပါ ကြားဖူးပါတယ်ဘုရား"

"အဲဒါ ဘာတွေကို ခိုးတာလဲ"

"စိန်ရွှေငွေတွေကို ခိုးတာပါဘုရား"

"အင်း ... စိန်ရွှေငွေကြောင့် ဘုရား ပြိုရတယ်၊ ပျက်ရတယ်နော်"

"မှန်ပါဘုရား"

"အဓိက ဘုရားတည်တာက စိန်ရွှေငွေ ဌာပနာဖို့လား၊ ဓာတ်တော်. စွယ်တော် စသည် ဌာပနာဖို့လား"

"ဓာတ်တော်. စွယ်တော် စသည် ဌာပနာဖို့ပါဘုရား"

"အေး . . . ဟုတ်တယ်၊ တို့ဘုရားရှင်က သက်တော်တိုတယ်၊ ဘုရားရှင်ကို မဖူးမြော်ရတဲ့သူနဲ့ ဖူးမြော်ရသူ ဘယ်သူများလဲ"

"မဖူးမြော်ရသူက များပါတယ်ဘုရား"

"အေး . . . အဲဒါကြောင့် သက်တော်တိုတဲ့ ဘုရားရှင်ရဲ့ဓာတ်တော်တွေဟာ အစိတ်စိတ် ဖြစ်တယ်"

"ဘာဖြစ်လို့ အစိတ်စိတ် ဖြစ်ရတာလဲဘုရား"

"ဘုရားရှင်က အစိတ်စိတ်ဖြစ်အောင် အဓိဋ္ဌာန်လို့ ဖြစ်ရတာပေါ့၊ အစိတ်စိတ်ဖြစ်မှ နေရာဒေသ အများကြီးသို့ ဓာတ်တော်တွေ ဝေခွဲပင့်နိုင်မယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို ဝေခွဲပင့်လို့ ရလာတဲ့ ဓာတ်တော်တွေ မပျောက်မပျက်ဘဲနဲ့ နှစ်ရှည်လများ လူအများ ဖူးမြော်ကြည်ညိုရအောင်ဆိုပြီး လှုံခြုံလှပ၊ ကြည်ညိုဖွယ်ကောင်းတဲ့ စေတီတော်တွေ တည်ပြီး အဲဒီစေတီထဲမှာ ဓာတ်တော်တွေကို ဌာပနာတာပဲ"

"ဒါဖြင့်ရင် စေတီရဲ့အချက်၊ အဓိကဟာ ဓာတ်တော် စသည်ဖြင့်ပေါ့ဘုရား"

"အေးပေါ့၊ အပေါ်ယံ စေတီဆိုတာ သဘောအားဖြင့် ဘုရားရှင်သီတင်းသုံးတဲ့ ကျောင်းသဘောပဲပေါ့"

"တင်ပါ တပည့်တော် သဘောပေါက်ပါပြီ ဘုရား"

"အေး . . . သဘောပေါက်ရင် ဘုရားရှိခိုးတဲ့အခါ ဓာတ်တော်. မွေတော်မှ စပြီး သက်တော်ထင်ရှား ဘုရားရှင်ရဲ့ဂုဏ်တော်တွေထိအောင် စိတ်ရောက် ကြည်ညိုပြီး ရှိခိုးရမယ်နော်"

"မှန်ပါဘုရား"

"အေး...ဒါကြောင့် ဦးပဉ္စင်းက စေတီထဲမှာဌာပနာတာ ဓာတ်တော်.မွေတော်တွေပဲ ဖြစ်သင့်တယ်လို့ ပြောတာနော်"

"မှန်ပါဘုရား"

"ဒါကြောင့် လက်ဝတ်.လက်စားအတိုင်းပဲ ဘုရားတစ်ဆူဆူမှာ ပြတိုက်သဘောနဲ့ လှူတာ ဦးပဉ္စင်းမကြိုက်တာပဲ၊ အဲဒီပစ္စည်းအတွက် ဘုရားမှာ အန္တရာယ်ရှိလာမယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ယခုလောလောဆယ် မရှိတောင် တိုင်းရေး. ပြည်ရေး မငြိမ်သက်တဲ့အခါမှာတော့ ဧကန်ပဲ အန္တရာယ်ဖြစ်မယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး . . . အဲဒီအခါ ဘုရားပစ္စည်းတွေကို ဘုရားလည်း မသုံးရ. လှူတဲ့သူလည်း မသုံးရ လူဆိုးသူခိုးလက်ထဲလည်း ရောက်ကုန် ဘုရားတွေလည်း ပြိုပျက်မကုန်ဘူးလား"

"ပြိုပျက်ကုန်ပါတယ်ဘုရား"

"အေး . . . ဒါကြောင့် ဦးပဉ္စင်းသဘောကတော့ ဒီလက်ဝတ်လက်စားကို ထုခွဲရောင်းချပြီး ဘုရားမှာ ရည်ရွယ်မှန်းထားရင် ပျက်နေတဲ့ဘုရား. သို့မဟုတ် ပျက်နေတဲ့ အာရုံခံတန်ဆောင်းတစ်ခုခု ပြင်တာ ကြိုက်တယ်"

"တင်ပါ ကောင်းပါတယ်ဘုရား"

"သို့မဟုတ် တစ်ခြား အလှူတစ်ခုခုဆိုရင်တော့ တရားအလှူပဲ ကြိုက်တယ်"

"မှန်ပါဘုရား"

မိမိသည် ယင်းပြဿနာကို ယင်းမျှလောက်သာ ဆွေးနွေးမေးမြန်းရပြီး ပြဿနာအဆက်ပြတ်သွားပါသည်။ မိမိလည်း ပြဿနာရောက်လာသည့် ဌာနမှ ဌာနတစ်ခုသို့ ပြောင်းရွှေ့ခဲ့ရပြန်ပါသည်။ သို့ဖြစ်၍ မူလပြဿနာရှင်ထံသို့ အောက်ပါနေ့စွဲနှင့် အောက်ပါအတိုင်း စာပြန်လိုက်ပါသည်။

သို့

မ (...)

၁၇-၆-၇၆

ပြန်ကြားသိစေလိုက်သည်။

မ ( ... ) ဆီက စာရောက်တော့ ဦးပဥ္ဇင်း ဗုဒ္ဓဓမ္မ ပြဿနာများ(၂)ကို ရေးနေဆဲပေါ့၊ စာမျက်နှာ (၃၂၅)ပဲ ပြီးသေးတယ်၊ အမြန်ပြန်လာပါလို့စာကလည်းရောက်လာလို့ပြန်ရမယ့်ဆဲဆဲမှာပဲ မ (...) ဆီက စာရောက်လာတယ်။

မ (...) လှူဒါန်းမယ့်ပစ္စည်းကို အကြံပေးလိုသည်မှာ ဘုရားတစ်ဆူဆူတွင် မူလအတိုင်းပြတိုက်အဖြစ်နှင့် လှူဒါန်းရာကို ဦးပဥ္ဇင်းတော့ သဘောမတူပါ၊ အဘယ်ကြောင့်ဆိုသော် ဘုရားတွင် ဌာပနာခြင်း၊ ဘုရားပြတိုက်အတွင်း ထားခြင်း၊ လှူခြင်း စသည်တို့မှာ ဘုရားနှင့်ပတ်သက်တဲ့ ပစ္စည်းများသာ ကောင်းပါသည်။ စိန်ရွှေငွေကျောက်တို့မှာ ဘုရားတွင် အန္တရာယ်များစွာ ရှိပါသည်။

အထူးသဖြင့် ခေတ်ပျက်သည့်အခါများတွင် အချည်းနှီး ပျောက်ပျက်ကုန်တာသာ များပါသည်။ သို့ဖြစ်၍ ဘုရားတစ်ဆူဆူတွင် မူလ လက်ဝတ်လက်စားအတိုင်း ပြတိုက်ပစ္စည်းသဘောအနေနဲ့ လှူဒါန်းတာကို ဦးပဥ္ဇင်း မကြိုက်ပါ။

တကယ်လို့ ဘုရားတစ်ဆူဆူတွင် လှူဒါန်းမယ်လို့ ရည်ရွယ်မှန်းထားပြီး ဖြစ်ပါလျှင် ၎င်းလက်ဝတ်လက်စား များကို ထုခွဲရောင်းချပြီး ဘုရားတွင် ပျက်စီးနေသော အသုံးလည်းကျသော အာရုံခံတန်ဆောင်း စသည့် ပျက်စီးနေသည့် အဆောက်အအုံတစ်ခုခုကို ပြန်လည်မွမ်းမံပြင်ဆင်ပါ၊ သို့မဟုတ် ပြိုပျက်နေသော ဘုရားတစ်ဆူဆူကို ပြန်လည်တည်ထားပြုပြင်ပါ။

ဘုရားနဲ့ပတ်သက်ပါလျှင် အဲဒီလို ပြုပြင်ရေးကို ကြိုက်နှစ်သက်ပါသည်။ အကယ်၍ ဘုရားတစ်ဆူဆူတွင် လှူဒါန်းမည်ဟု သတ်မှတ်ချက် မရှိသေးဘဲ အလှူတစ်ခုခု ထုခွဲလှူမည်ဟု ရည်မှန်းချက် ရှိပါလျှင် အမြဲတည်တံ့သော ထာဝရအလှူမျိုး မွန်မြတ်သောအလှူမျိုး ဖြစ်အောင် လှူဒါန်းသင့်ပါသည်။

ဦးပဥ္ဇင်းယခုနေ့ရာသီ မ (...) မြို့တွင် နေစဉ်က ညနေပိုင်းစာရေးပြီးချိန်တိုင်း ရောက်ရှိလာတဲ့ ဒကာ ဒကာမ များအား တရားဟောပြောပြသခဲ့ပါသည်။ တရားနာရသော လူကြီးလူငယ်များမှာ အသိဉာဏ်တွေ ပြောင်းလွဲသွားပြီး ရေးကနှင့်မတူ တစ်မူထူးခြားကာ လိမ္မာယဉ်ကျေးသွားပါတယ်။

အိမ်တစ်အိမ်မှာဆိုရင် ညီအစ်ကို မောင်နှမ ခုနစ်ယောက်ရှိတယ်၊ နဂိုက ကိုယ့်အိပ်ရာရောက်ကာမှ ဦးချ အိပ်ရုံလောက်ပဲ အလေ့ရှိကြတယ်၊ အဲနေ့စဉ်တရားနာရတော့ အသိဉာဏ်တွေပြောင်းလဲသွားပြီး ညီအစ်ကိုမောင်နှမ ခုနစ်ယောက်ဟာ ဘုရားရှေ့မှာ ညီတူပြိုင်တူ သီလယူတယ်၊ ဘုရားရှိခိုးတယ်၊ မေတ္တာပို့တယ်၊ အမျှဝေတယ်။

ပြီးတဲ့အခါ ကြိုးစဉ်ငယ်လိုက် အငယ်က အကြီးကို ကန်တော့တယ်။ အားလုံး အချင်းချင်းကန်တော့ပြီးတဲ့ အခါအမေအဖေတွေကိုအားလုံးစုနစ်ယောက်ညီတူပြိုင်တူကန်တော့ကြတယ်။ နောက်ထပ်လည်း သူတို့ကျက်မှတ် ရမယ့် စာများကို ရေးကူးထားလိုက်တယ်။

သို့ဖြစ်၍ ဦးပဥ္စင်း (.....)မြို့မှာ ရင်းနှီးတဲ့ ပစ္စည်းလည်းပြည့်စုံတဲ့ ဒကာ ဒကာမများအား ကက်ဆက် ဝယ်ပြီး တရားကြိုးခွေများများ ဖမ်းထား၊ မိမိတို့လည်း နာကြား၊ သူတစ်ပါးတွေလည်း ဖွင့်ပေးပါရန် အမြဲလိုလို တိုက် တွန်းခဲ့တယ်။ အထူးသဖြင့် ကြိုးခွေများများ တရားအပုဒ်ရေ များများရှိဖို့ တိုက်တွန်းခဲ့တယ်။

ဘာဖြစ်လို့ အဲဒီလို တိုက်တွန်းရသလဲဆိုတော့ အလှူတကာ့ အလှူထဲမှာ တရားအလှူဟာ အမြတ်ဆုံး ဖြစ်လို့ပဲ၊ တရားအလှူမှတစ်ပါး တခြားအလှူတွေဟာ ရှေးရှေးဘဝမှာရော၊ ယခုဘဝမှာပါ လှူခဲ့တာ များပြားလှပါ သည်။ စုံလည်း စုံလှပါပြီ။ တရားအလှူကိုတော့ လှူဒါန်းခဲ့ဖူးချင်မှ လှူဒါန်းခဲ့ဖူးပါလိမ့်မယ်။

တရား မနာရရင် တစ်နည်းဆိုသော် တရားအလှူကို အလှူမခံရရင် ရှင်သာရိပုတ္တရာတို့လို အဂ္ဂသာဝက တွေ တောင်မှာ တရားမရနိုင်ပါ၊ ကဲ . . . ရှင်သာရိပုတ္တရာဟာ ရှင်အဿဇိထံက တရားအလှူခံရလို့ သောတာပန် ဖြစ်တယ် မဟုတ်လား။

လက်တွေ့ပြောရရင် ယခုမျက်မှောက်ဘဝမှာပဲ တရားတော်ကို နာကြားမှတ်သား အားထုတ်ရသူနဲ့ ယင်း ကဲ့သို့ မပြုရသူတို့မှာ အမူအရာ ယဉ်ကျေးမှု စသည် များစွာကွာခြားတာကို မျက်မြင်ပဲ မဟုတ်လား၊ တရားနာရသူ၊ တရားအလှူခံရသူဟာ မျက်မှောက်မှာလည်း လူကောင်း သူကောင်းဖြစ်၊ တမလွန်မှာလည်း လူနတ်နိဗ္ဗာန် သုံးတန် သောချမ်းသာကိုအဆင့်ဆင့် ခံစားနိုင်တယ် မဟုတ်လား၊ တရားအလှူဟာ လူတစ်ဖက်သားကိုတိုက်ရိုက်နိဗ္ဗာန်ပေး တဲ့ အလှူဖြစ်ကြောင်းကို –

"**အမတံဒဒေါ စ သော ဟောတိ၊ ယော ဓမ္မမနုသာသတိ၊ ယော ပုဂ္ဂလော** = အကြင်ပုဂ္ဂိုလ်သည်၊ **ဓမ္မံ** = မြတ် စွာဘုရား ဟောကြားတော်မူအပ်သော တရားကို၊ ဝါ = မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားဖြင့်၊ သတ္တာနံ = သတ္တဝါတို့အား၊ အနုသာသတိ = ဆုံးမ၏။ သော ပုဂ္ဂလော = ထိုပုဂ္ဂိုလ်သည်၊ အမတံ = မသေရာမှန် မြို့က် နိဗ္ဗာန်ကို၊ ဒဒေါစ = ပေးလှူသည်မည်သည်လည်း၊ ဟောတိ = ဖြစ်၏" လို့ ဒေဝတာသံယုတ်မှာ ဘုရားရှင်ဟောထား တာ ရှိတယ်။

တခြားလည်း ရှိပါသေးတယ်၊ မ (...) ဆီမှာ ဒါနဝတ္ထု ရှိတယ်မဟုတ်လား၊ အဲဒီမှာ ဓမ္မဒါနအခန်းကို ပြန် ပြီးဖတ်ကြည့်ပါ၊ ယခုတော့ စာသိပ်ပြီး ရှည်မှာစိုးလို့ မရေးတော့ဘူး။

အဲဒါကြောင့် တရားသက်သက်ပဲ ဖွင့်မည့်၊ တရားနာပရိတ်သတ်လည်း များသည့် အသင်းအဖွဲ့များ ရိပ်သာ များ ကျောင်းများသို့ ကက်ဆက်နဲ့ ကြိုးခွေများ ဝယ်ယူလှူဒါန်းတာကို ဦးပဥ္စင်းသဘောကျပါတယ်။ ယင်းသို့ လှူဒါန်း ရာမှာလည်း တစ်ပြိုင်နက် တစ်ခါတည်း မလှူဒါန်းဘဲ တစ်လတစ်ခါ၊ နှစ်လတစ်ခါ စသည် ခွဲဝေလှူဒါန်းပြီး ရေစက် သွန်းချ အမျှဝေပါ။

တစ်ကြိမ်တည်း မလှူဒါန်းပါနဲ့၊ တစ်ကြိမ်တည်းလှူသော် တစ်ကြိမ်သာ အမျှဝေရပါမည်၊ အကြိမ်ကြိမ်လှူ သော် အကြိမ်ကြိမ် အမျှဝေရပါမည်။ အကြိမ်ကြိမ် အမျှဝေမှ မိခင်ကြီးအတွက် ကောင်းကျိုးချမ်းသာ ရရေးဟာ ပိုမို စိတ်ချရပါမည်။

ဦးပဥ္စင်းကိုယ်တိုင် တကယ့်ဖြစ်ရပ်တစ်ခုကို တွေ့ရပါသည်။ တကယ့် သီလ. သမာဓိရှိတဲ့ ဆရာတော်ကြီး တစ်ပါးတောင် အပြစ်ကလေးတစ်ခုကြောင့် အဝတ်မဝတ်ရဘဲ အညည်းဆဲခံ ပြိတ္တာဘဝ ခေတ္တရောက်သွားပါသည်။ လီမွှာသောတပည့်က လစဉ်လတိုင်း ကုသိုလ်ပြု အမျှဝေမှ အဲဒီပြိတ္တာဘဝမှ ဘုမ္မစိုးနတ်ဖြစ်၊ ယင်းမှ ရုက္ခစိုးနတ်ဖြစ်၊ ယင်းမှ အာကာသစိုးနတ် ဖြစ်တယ်။ အာကာသစိုးဆိုတော့ စတုမဟာရာဇ်နတ်ဘုံက အောက်ဆုံးပေါ့။

အဲဒီလို ဝတ္ထုကြောင်းတွေ၊ လက်တွေ့သာဓကတွေ တခြားအများကြီး ရှိသေးတယ်။ အဲဒီ သာဓကတွေကြောင့် မိခင်ကို ရည်မှန်းပြီး လှူဒါန်းတဲ့အခါမှာ ဂုဏ်ပကာသနတွေ မပါစေဘဲ ရိုသေလေးစားစွာ လှူဒါန်းပြီး ရေစက်ချ အမျှဝေပါ။ ယင်းအလှူပွဲသို့ မိခင်ကြီးအားကြွရောက်ပြီး တရားနာ သာဓုခေါ်ရန်လည်း ဖိတ်ကြားဖို့ မမေ့ပါနဲ့။ လှူဒါန်းပြီးတဲ့အခါမှာလည်း မိခင်ကြီးရဲ့နာမည်ကိုခေါ်၍ သီးခြား အမျှဝေပါ။

ယင်းကုသိုလ်ကို မပြုလုပ်သေးမီအတွင်းမှာလည်း နေ့စဉ်ပြုလုပ်သည့် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များကို ပြုလုပ်ပြီးတိုင်း မိခင်ကြီးနာမည်ခေါ်၍ အမျှဝေပါ။ လက်တွေ့တစ်ခု တွေ့ဖူးသည်မှာ တမလွန်ဘဝ ပြောင်းသွားပြီး ခဏခဏခြောက်လှန့် အပုပ်နံ့လည်း ပေးနေသူ ပြိတ္တာတစ်ဦးအား သက်ဆိုင်ရာပုဂ္ဂိုလ်က ရည်မှန်းဆွမ်းတော်တင်ပြီး အမျှဝေရာ မချောက်လှန့်တော့၊ အပုပ်နံ့ မပေးတော့ပါ။ ပြိတ္တာဘဝက ကျွတ်လွတ်သွားတယ်ပေါ့။

ဆိုခဲ့ပြီးတဲ့ အကြောင်းအရာ အရပ်ရပ်တို့ကို ထောက်ထားပြီး မိခင်ကြီးအတွက် လှူဒါန်းတဲ့အလှူဟာ တစ်ကြိမ်တည်း မဖြစ်စေဘဲ အကြိမ်ကြိမ်လှူဒါန်းခြင်းကို သဘောကျပါသည်။ အကြိမ်ကြိမ်လှူဒါန်းမှ အကြိမ်ကြိမ် အမျှဝေရမယ်၊ အကြိမ်ကြိမ် သာဓုခေါ်ရမယ် မဟုတ်လား။ ဒီတော့မှ တကယ်လို့ အယူမှားတဲ့ဘဝ ရောက်နေရင် တစ်ကြိမ်မကျွတ် တစ်ကြိမ်ကျွတ်မယ်ပေါ့နော်။

ကက်ဆက်နှင့် ကြိုးခွေများ ဝယ်ယူလှူဒါန်းလျှင် တရားတစ်ခွေရဲ့အဆုံးသတ်မှာ မိခင်ကြီးရဲ့နာမည်ကိုခေါ်၍ အမျှဝေတဲ့အပိုဒ်ကလေးတစ်ပိုဒ်ပါအသံသွင်း၍ လှူဒါန်းနိုင်လျှင် ပိုကောင်းပါမည်။ ကဲ...ဒီလောက်ဆို သဘောပေါက်ရောပေါ့နော်။ စာလည်း ရှည်သွားပြီ၊ မ (...) ဆီ စာရောက်ချိန်မှာတော့ ဦးပဥ္စင်း ဒီနှစ်အဖို့ ဝါဆိုမည့်တောရသို့ ရောက်လောက်ပါပြီ။ ဒါကြောင့် စာရောက်က စိတ်ကူးအစီအစဉ်ကို အောက်ပါလိပ်စာအတိုင်း စာပြန်ပါဦး။

ကျန်းမာပါစေသော်

တောဒဂ် - အရှင်ပညာဇောတ

✦ အလှူလုပ်လျှင်၊ ပညာရှင်၊ ကြိုတင်တိုင်ပင်သင့်သည်သာ။

✦ မတိုင်ပင်ဘဲ၊ အပြုလွှဲ၊ ကျိုးနည်းပူပန်တတ်သည်သာ။

# အသုဘ ဆိုင်းထည့်တာ မပါဘူးဘုရား

## (၇၆)

"အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိ မျိုးစုံ အာရုံငါးပါး ကာမဂုဏ်တရားတို့သည် ငယ်ငယ်နောင်းနောင်း ငါး သောင်းပြောင်းတို့ကို တစ်ပေါင်းတည်း သိမ်းယူတတ်သော မြှူးနှင့် တူကုန်၏။

(လာဘသက္ကာရသံယုတ်)

"ရှုပါရုံ အစရှိသော ကာမဂုဏ်ငါးပါး၊ အာရုံခြောက်ပါးတို့သည် ငါးများချိတ် ခြောက်စင်းနှင့် တူကုန်၏။ ရှုပါရုံ စသည် တို့ကို တပ်စွမ်းတတ်သော သူတို့သည် ငါးများချိတ်ကို မျိုမိသော ငါးနှင့် တူကုန်၏။

(လာဘသက္ကာရသံယုတ်)

"အင်း . . . အဆင်း၊ အသံ အစရှိတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေက မြှူးတဲ့၊ အာရုံလိုက်စား သတ္တဝါအများက ငါး တဲ့၊ အင်း . . . မြှူးက လာဖမ်းတာလား၊ ငါးက ဝင်တိုးတာလား၊ အင်း . . . သတ္တဝါ ငါးဟာ အာရုံမြှူးကို တိုးတာပဲ"

"အင်း . . . ကာမဂုဏ်ငါးပါး၊ အာရုံခြောက်ပါးတွေက ငါးများချိတ်တဲ့၊ အာရုံကို တပ်စွမ်းတဲ့ သူတွေက ငါးတဲ့၊ အင်း . . . ငါးများချိတ်က ငါးပါးစပ်ထဲ အတင်းသွားချိတ်တာ မဟုတ်ဘူး၊ ငါးကသာ အတင်းသွားမျိုတာ၊ အင်း . . . သတ္တဝါ ငါးဟာလည်း အာရုံ ငါးများချိတ်ကို သွားမျိုတယ်"

"ဦးပဥ္စင်း ဘယ်ကြွသွားလဲ၊ ကျိန်းများနေလား၊ အသံလည်း မကြားပါလား"

မိမိမှာ အားလပ်သည့်အခိုက် မိမိတို့ တရားဟောပုဂ္ဂိုလ်များနှင့် အများဆုံး သက်ဆိုင်သည့် လာဘသက္ကာရသံယုတ် ကို နှလုံးသွင်း စဉ်းစားနေသည်။ ထိုစဉ် အခန်းပေါက်ဝမှ အမေးသံကို ကြားရ၍ စဉ်းစားမှု ပြတ်သွား၏။

"ရှိပါတယ်၊ ဘယ်မှလည်း မကြွဘူး၊ ကျိန်းလည်း မကျိန်းဘူး၊ တရားစဉ်းစားနေတယ်"

မိမိမှာ ကျိန်းနေလားဆိုတဲ့ အမေးကို အခံရ အခက်ဆုံးဖြစ်၏။ နေ့လယ်နေ့ခင်းတွင် မိမိသည် ကျိန်းတဲ့အလေ့အထ မရှိ။ ဒကာ ဒကာမများကလည်း လာလျှင် ကျိန်းနေလားက စ၍ မေးတတ်သည်။ သို့ဖြစ်၍ ကျိန်းနေလား အမေးကို မခံချင်တတ် သော မိမိက မကျိန်းကြောင်းသိအောင် မေးလျှင်မေးချင်း ပြန်ဖြေလိုက်ခြင်း ဖြစ်၏။

"အပြင်ကြွပါဦးဘုရား၊ ဟောဒီမှာ ဒကာကြီးတစ်ယောက်က အရှင်ဘုရားကို ဖူးချင်လို့တဲ့"

"အင်း... ဖူးချင်လိုတဲ့ သူ့ရှေ့မှာ ထွက်ထိုင်ရတာလောက် မျက်နှာပူစရာကောင်းတာ မရှိဘူး၊ အမှတ်တမဲ့ ကြွပါဦး ဘုရားဆိုရင် ဘာဖြစ်လဲ" တွေးတောရင်း မကျေမနပ်နှင့်ပင် အခန်းအပြင် ထွက်ခဲ့ရ၏။

"ဟောဒါ တပည့်တော် ဦးပဲ ဘုရား"

ဒကာမကြီးတစ်ယောက်က ဒကာကြီးတစ်ယောက်နှင့် မိမိအား မိတ်ဆက်လိုက်သည်။ ဒကာမကြီးမှာ မိမိ၏ စတုပစ္စယဒကာမကြီးပင် ဖြစ်၏။

"အင်း... အင်း"

မိမိမှာ "အင်း" ပဲ လိုက်လိုက်ရသည်။ တစ်ခြားပြောစရာ ရှာမရပေ။ ထိုစဉ် ဒကာကြီးက လက်အုပ်ချီကာ လျှောက်ထားသည်။

"တပည့်တော်ကို ဒကာရင်းလိုပဲ သဘောထားပါဘုရား၊ တပည့်တော် လျှောက်ချင်တာတစ်ခု ရှိပါတယ်ဘုရား၊ အဲဒါ အရှင်ဘုရားက ဆရာလုပ်တယ်လဲ သဘောမထားပါနဲ့ဘုရား"

"လျှောက်ပေါ့ဒကာကြီး၊ ဆရာလုပ်တယ်လို့ သဘောမထားပါဘူး"

"အရှင်ဘုရားရဲ့ဗုဒ္ဓဓမ္မပြဿနာများ (၁) ကို တပည့်တော် ဖတ်တယ်ဘုရား၊ သိပ်သဘောကျပါတယ်၊ စုံလဲ တော်တော် စုံပါတယ်၊ ဒါပေမဲ့ တစ်ခုကျန်နေတယ်ဘုရား"

"ပြဿနာပေါင်း သောင်းခြောက်ထောင် ဆိုတဲ့ စကားပုံ အရှိသားပဲ ဒကာကြီး၊ အဲဒီစာအုပ်မှာ ပြဿနာ လေး.ငါးဆယ် ပဲ ပါတာပဲဟာ၊ သောင်းခြောက်ထောင်မှ မရှိသေးဘဲ၊ တစ်ခုတင် ဘယ်ကမလဲ၊ ပြဿနာတွေ အများကြီး ကျန်သေးတယ်၊ အဲဒါ တွေ အမှတ် (၂-၃) ကျမှ ထည့်မှာပေါ့"

"မှန်ပါဘုရား၊ ဦးပဥ္စင်းမှာ ကျန်သေးတဲ့ ပြဿနာတွေဟာ ဘာတွေလဲလို့ တပည့်တော်တော့ မသိပါဘုရား၊ ဒီအမှတ် (၁) မှာတော့ အလှူမှာဆိုင်းထည့်တာသာ ပါတယ်ဘုရား၊ "အသုဘ ဆိုင်းထည့်တာ မပါဘူးဘုရား"

"ဩော်... ဒီလို ဒကာကြီးရဲ့ ဦးပဥ္စင်း စာရေးတာက ဒါနဝတ္ထု၊ သီလဝတ္ထု တို့လည်း သူ့အခန်း သူ့အစီအစဉ်တကျရေး တာ မဟုတ်ဘူး၊ ဦးပဥ္စင်းကိုမေးတဲ့ ပြဿနာတွေထဲက ဦးပဥ္စင်းလည်း သဘောကျ၊ အများအတွက်လည်း အကျိုးများ၊ သာသနာ တော်အတွက်လည်း အကျိုးများတဲ့ ပြဿနာတွေကို ရှုကြည့်ဖွယ်ဖြစ်အောင် ရှေ့နောက်စီစဉ်ပြီး ဗုဒ္ဓဓမ္မပြဿနာများ (၁) ကို ရေးတာပဲ"

"မှန်ပါ အရှင်ဘုရား"

"အလှူမှာ ဆိုင်းအကြောင်းကတော့ စကားအလျဉ်းသင့်၊ တရားအလျဉ်းသင့်တော့ ပါသွားတယ်၊ စကားစပ်တိုင်းလဲ ဒီအကြောင်းပဲ အစပ်များတယ်"

"မှန်ပါ အရှင်ဘုရား"

"အသုဘ ဆိုင်းထည့်တာကတော့ တစ်ခါမှ စကားက မစပ်ဘူး၊ တရားကလည်း မစပ်ဘူး၊ အဲဒါက နာရေးဖြစ်နေတော့ စပ်လို့မရဖြစ်နေတယ်"

"ဟုတ်ပါတယ် အရှင်ဘုရား"

"ကဲ... ခုတော့ ဒကာကြီးနဲ့ စပ်နေပြီ၊ ဒကာကြီးပဲ ပြဿနာရှင် လုပ်ပေတော့၊ ဗုဒ္ဓဓမ္မပြဿနာများအမှတ် (၂) မှာ ထည့် လိုက်မယ်"

"မှန်ပါဘုရား၊ အလှူမှာ ဆိုင်းထည့်တာတောင် ဒီလောက်ဆိုးရင် အသုဘ ဆိုင်းထည့်တာ ပိုမဆိုးဘူးလားဘုရား"

"ဟာ . . . ပိုဆိုးတာပေါ့ ဒကာကြီး"

"မှန်ပါ၊ အဲဒါစဉ်းစားမိလို့ လျှောက်တာပါဘုရား"

"အင်း . . . ကောင်းတယ်၊ ကောင်းတယ်၊ ဦးပဉ္စင်းရှင်းပြမယ်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"အလှူနှစ်မျိုးရှိတယ် ဒကာကြီး၊ အဲဒီနှစ်မျိုးက ဘာလဲဆိုတော့ -

၁။ မိမိအတွက် ပစ္စုပ္ပန်, တမလွန် နှစ်ဘဝတို့၌ ချမ်းသာရေးအတွက် လှူတာက တစ်မျိုး

၂။ သေသူအတွက် တမလွန်ဘဝမှာ ချမ်းသာရရေးအတွက် လှူတာက တစ်မျိုးလို့ နှစ်မျိုးရှိတယ် မဟုတ်လား"

"မှန်ပါ၊ နှစ်မျိုးရှိပါတယ်ဘုရား"

"အဲဒီနှစ်မျိုးမှာ မိမိအတွက်လှူတာကတော့ အသက်ရှင်ဆဲမို့ အကြိမ်ကြိမ်လှူမှာ ဖြစ်တော့ နည်းရောင်းများရောင်း တောင်းပြည့်ဆိုတာလို တစ်ကြိမ်အကျိုးမရ၊ တစ်ကြိမ်အကျိုးရမှာပေါ့"

"မှန်ပါ အရှင်ဘုရား"

"ဒီတော့ သိပ်အရေးမကြီးဘူးလို့ ဆိုလိုတယ်"

"မှန်ပါ အရှင်ဘုရား"

"အင်း . . . သေသူအတွက် လှူတာကတော့ သိပ်ပြီးတော့ အရေးကြီးတယ်"

"အမိန့်ရှိပါဘုရား"

"သေသူအတွက်လှူတာက ရက်လည်မှ တစ်ခါလောက် လှူတာများတယ်၊ နောက်နောင်အခါတွေမှာ လှူတာက အတော်ရှားသွားပဲ မဟုတ်လား"

"ဟုတ်ပါတယ် အရှင်ဘုရား"

"အဲဒီတော့ . . . စဉ်းစားကြည့်စမ်း၊ ဟိုမှာကလဲ လူတစ်ယောက်လုံး သေဆုံးထားလို့ အပါယ်လောက ပရိဒေဝမီးတောက် လောင်နေတယ်၊ အဲဒီ သောကတို့ ပရိဒေဝတို့ဟာ ကုသိုလ်လား၊ အကုသိုလ်လား ဒကာကြီး"

"အကုသိုလ်တွေပါ ဘုရား"

"ဒီတော့ သေသူကိုအကြောင်းပြုပြီး အပါယ်လောက ပရိဒေဝ အကုသိုလ်တွေ ဖြစ်နေရတဲ့အထဲမှာ ဒီက ဆိုင်းတွေဝိုင်းတွေ လောက်(ဒ်)စပီကာတွေက ငိုချင်းချ၊ အလွမ်းသယ်တာတွေ တီးမှုတ်ဆိုပေးလိုက်ရင် ကာယကံရှင်တွေမှာ ဘယ်လို နေမလဲ"

"အပါယ်လောက, ပရိဒေဝမီးတွေ ပိုတောက်လောင်ပါလိမ့်မယ် ဘုရား"

"စိတ်ကိုမျက်စိမလည်စေနဲ့ ဒကာကြီး၊ ကာယကံရှင်တွေမှာ အကုသိုလ်စိတ် အဖြစ်ကလေးကနေ အဖြစ်ကြီးဖြစ်သွား ပြီနော်"

"မှန်ပါ အရှင်ဘုရား"

"သေသူကို ရည်မှန်းပြီး လှူမယ်ဆိုတော့ ကုသိုလ်စိတ်နဲ့ လှူရမှာလား၊ အကုသိုလ်စိတ်နဲ့ လှူရမှာလား"

"ကုသိုလ်စိတ်နဲ့ လှူရမှာပါဘုရား"

"ကာယကံရှင်တွေမှာ ဘာစိတ်တွေ ဖြစ်နေလဲ"

"အကုသိုလ်စိတ်တွေ အကြီးအကျယ် ဖြစ်နေပါတယ်ဘုရား"

"အကုသိုလ်စိတ်ဆိုတော့ အကုသိုလ်စေတနာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် အရှင်ဘုရား"

"ဒီတော့ စေတနာဒါန, ဝတ္ထုဒါန နှစ်မျိုးရှိတဲ့နေရာမှာ အဲဒီအလှူမှာ စေတနာဒါနက အကုသိုလ်စေတနာဒါနတွေဖြစ်မနေဘူးလား ဒကာကြီး"

"မှန်ပါ ဖြစ်နေပါတယ်ဘုရား"

"ဝတ္ထုဒါနဆိုတာ စေတနာဒါန အားကြီးဖို့ အာရုံပြုကောင်းဖို့ ဒကာကြီး၊ ခုလူတွေ အရေးထားတာက ဝတ္ထုဒါနအရေးထားပြီး စေတနာကတော့ ဘယ်လိုဖြစ်နေသလဲ"

"အကုသိုလ်စေတနာတွေပါ အရှင်ဘုရား"

"ဒီတော့ ... အဲဒီအလှူဟာ အကျိုးကြီးမလား၊ အကျိုးနည်းမလား"

"အကျိုးနည်းမှာပါ အရှင်ဘုရား"

"ကဲ ... ဥပမာပြောမယ်၊ ဒကာကြီးမှာ ပိုက်ဆံနည်းနည်းပဲ ရှိတယ်ဆိုပါတော့၊ ဦးပဥ္စင်းက ဒကာကြီး ဦးပဥ္စင်းကို ပိုက်ဆံနည်းနည်းလှူစမ်းပါဆိုရင် ဘယ့်နယ်ပြောမလဲ"

"ရှိတာက နည်းနည်းရှိတာဆိုတော့ နဲနဲလေးပဲ လှူမယ်ဘုရား၊ သို့မဟုတ် နည်းနည်းရှိတာမို့ မလှူနိုင်ပါဘုရားလို့ရင်လဲ လျှောက်မယ်ဘုရား"

"အဲ ... အဲဒီလိုပဲ၊ ဟိုမှာက သေသူကို ရည်မှန်း လှူဒါန်းပြီး အမျှဝေရာမှာ ဒီမှာ ရည်မှန်းလှူဒါန်းသူမှာက ကုသိုလ်က နည်းနည်းလေးရှိတယ်၊ သို့မဟုတ် ရှိချင်မှလည်း ရှိမယ်ဆိုတော့ အမျှဝေလို့ ရပါ့မလား"

"တင်ပါ စဉ်းစားစရာပဲဘုရား"

"စဉ်းစားစရာ လုပ်မနေနဲ့ ဒကာကြီး၊ နဂိုထဲက ရှိတဲ့ကုသိုလ် အကုန်ပေးတာလား၊ မျှပေးတာလား"

"အမျှ အမျှဆိုတော့ ရှင်းနေတာဘုရား၊ မျှပေးတာပေါ့၊ ဘယ်အကုန်ပေးမလဲ"

"မျှပေးတယ်ဆိုတာတော့ မျှစရာရှိမှ မျှနိုင်မှာမဟုတ်လား၊ မျှစရာမရှိဘဲနဲ့ မျှနိုင်ပါ့မလား"

"မျှစရာမရှိဘဲ မမျှနိုင်ပါအရှင်ဘုရား"

"အဲ ... မျှစရာမရှိပေမဲ့ ထုံးစံအတိုင်းကတော့ ရေစက်ချလည်းဆုံးရော အမျှ အမျှ မဝေဘူးလား"

"ဝေပါတယ် အရှင်ဘုရား"

"ဘယ်အမျှကို သာဓုခေါ်မလဲ"

"မျှစရာမရှိဘဲ သာဓုခေါ်စရာ မရှိပါဘုရား"

"ဒါဖြင့်ရင်လည်း တကယ်လို့များ သေသူဟာ အမျှဝေလို့ သာဓုခေါ်မှ ကျွတ်ရမယ့်ဘဝမှာသာ သွားဖြစ်နေရင် ကျွတ်ပါဦးမလား"

"မကျွတ်တော့ပါ အရှင်ဘုရား"

"နှစ်နာလိုက်တာ ဒကာကြီးရာ၊ ဟိုမှာ လူတစ်ယောက်လုံး သေလို့လည်း ဆုံးထားပြီးပြီ၊ တစ်ခါသေသူကို ရည်မှန်းပြီး မဟုတ်တရုတ် ဆိုင်းတွေ, ဇာတ်တွေ, လောက်(ဒ်)စပီကာတွေနဲ့ အလွမ်းသယ်တဲ့ အတွက်ကလည်း ဆုံးထားပြန်ဆိုတော့ နှစ်ခါမဆုံးဘူးလား"

"မှန်ပါ နှစ်ခါဆုံးပါဘုရား"

"အဲဒါ ကိုယ့်မှာလည်း ကုသိုလ်က ပါမသွား၊ သေခါမှ ကျန်တဲ့သူက အဲဒီလို ရည်မှန်းလှူဒါန်းတဲ့ ကုသိုလ်ကို စောင့်ပြီး ကျွတ်ရမယ်ဆိုရင် ကျွတ်နိုင်ပါ့ဦးမလား"

"မကျွတ်နိုင်တော့ပါ အရှင်ဘုရား"

"အင်း ... ဒီတော့ ဒကာကြီး၊ သူများကမျှပေးတာ စောင့်ယူမယ့်အစား ယခု မသေခင်ကတည်းက ကိုယ်နဲ့ တစ်ပါတည်း ယူသွားရတာ စိတ်မချရဘူးလား"

"မှန်ပါ တစ်ပါတည်းယူသွားရတာ စိတ်ချရပါတယ်ဘုရား"

"ဥပမာ လူတစ်ယောက် ဒီ ဟသ်ာတကနေ ရန်ကုန်သွားတယ် ဆိုပါတော့"

"မှန်ပါ အရှင်ဘုရား"

"သူဟာ ရန်ကုန်မှာ သုံးစွဲဖို့ရာ ပစ္စည်းဥစ္စာတွေ တစ်ပါတည်းယူမသွားဘဲ နောက်မှ ပို့လိုက်ဆိုပြီး သွားတယ်၊ ဒီက နောက်မှ ပို့တယ်၊ ဒီတော့ ဒီကပို့တဲ့ ပစ္စည်းတွေ မရောက်ခင်အတွင်းမှာ မဆင်းရဲဘူးလား"

"မှန်ပါ ဆင်းရဲပါတယ် အရှင်ဘုရား"

"လုံးဝ ရောက်မလာဘူးဆိုရင်တော့ ဘယ်လိုနေမလဲ"

"ရန်ကုန်မှာ နေသမျှပတ်လုံး ဆင်းရဲနေမှာပါဘုရား"

"အဲဒီ ဥပမာအတိုင်းပဲ ဒကာကြီး၊ ဒီဘဝကနေ ဟိုတမလွန်ဘဝသွားသော ဒီဘဝကနေပြီး ဒါန. သီလ. ဘာဝနာဆိုတဲ့ သုံးစွဲစရာပစ္စည်းတွေကိုယ်တိုင်ယူမသွားဘဲ နောက်မှကျန်တဲ့လူက ကုသိုလ်ပြုအမျှဝေတာစောင့်နေရရင်အမျှမဝေခင်အတွင်းမှာ မဆင်းရဲဘူးလား"

"ဆင်းရဲပါတယ် အရှင်ဘုရား"

"အမျှဝေပင် ဝေသော်လည်း ကုသိုလ်မရတဲ့ အမျှဝေရင်တော့ ဘယ်လိုနေပါ့မလဲ"

"မှန်ပါ တစ်ဘဝလုံး ဆင်းရဲပါမယ် အရှင်ဘုရား"

"ဒါ့ကြောင့် အသုဘမှာ ဆိုင်းထည့်တာဟာ အလှူမှာ ဆိုင်းထည့်တာထက် အများကြီးဆိုးတယ် ဒကာကြီး"

"မှန်ပါ အရှင်ဘုရား၊ တပည့်တော်လည်း ဒါကိုသိချင်လို့ လျှောက်ရပါတယ်ဘုရား"

"သေသူရည်မှန်းပြီး လှူဒါန်းပုံ. လှူဒါန်းနည်းတွေ. သေသူမရပုံ. ရပုံတွေကို "ဒါနဝတ္ထု"မှာ အကျယ်ရေးထားတယ်၊ ဒကာကြီးတွေ့မှာပေါ့"

"မှန်ပါ တွေ့ပါတယ် အရှင်ဘုရား"

"ကဲ ... ဒါဖြင့် တော်ကြဦးစို့ ဒကာကြီးရယ်"

"မှန်ပါဘုရား၊ တပည့်တော်တို့လည်း ပြန်ခွင့်ပြုပါဘုရား"

✧ လူသေတာဟာ၊ လောကမှာ၊ ကြီးစွာဆုံးရှုံးမှုကြီးတည်း။

✧ ဆုံးရှုံးမှုကို၊ ထေမိလို၊ ကုသိုလ်မှန်စွာပြုဖို့တည်း။

✧ ကုသိုလ်မမှန်၊ ကျိုးမသန်၊ နှစ်ပြန်ဆုံးရှုံးရသတည်း။

✧ ကုသိုလ်မှန်မှ၊ ကျိုးသန်လှ၊ ထေ.ရဆုံးရှုံးမှုကိုတည်း။

📖

# အရှင်ဘုရားကြွရင် ဗုဒ္ဓဘာသာထဲ ဝင်ပါ့မယ်

## (၇၇)

မိမိသည် နယ်လှည့်တရားဟောရန် ဝါသနာ မပါပေ။ သို့သော် ရင်းနှီးသူများကို ဟောပေးရာမှ ကျယ်ကျယ်လာ၍ နယ်လှည့်ဟောရသလို ဖြစ်လာ၏။ မိမိ ဟောပြောပေးသဖြင့် အကျိုးရှိသင့်သလောက်လည်း ရှိပါ၏။ ရံခါ အကျိုးထဲမှ အပြစ်တွေလည်း ပေါ်လာတတ်ပါ၏။

တစ်ချိန်က ဖြစ်ခဲ့၏။ မြို့တစ်မြို့ရှိ အသင်းအဖွဲ့တစ်ခုမှ ပင့်သဖြင့် (၃)ည သွားရောက်ပြီး ဟောရ၏။ မိမိ ရည်ရွယ်ချက်မှု ဒီတစ်ခါပဲ ဟောပေးမည်။ နောက်တစ်ခါ မဟောတော့ဟု ရည်ရွယ်ထား၏။

ပင့်စဉ်ကလည်း အားနာ၍ လက်ခံလိုက်ခြင်းဖြစ်၏။ ယင်းသို့ဖြင့် အချိန်ရောက်၍ တရားနှစ်ည ဟောပြီးသော် နောက်နှစ်အတွက်  တစ်ချို့က လာပင့်ကြ၏။ မိမိသည် လက်မခံပေ။ နောက်ဆုံးညရောက်သော် တရားတစ်ပွဲလုံးရှိ ပရိသတ်တွေ ဝိုင်းဝန်းပင့်ကြသည်။ မိမိသည် လက်မခံပေ။ ပင့်စာကို မယူပေ။

သို့နှင့် ပြန်ရမည့်နေ့တွင် အိမ်တစ်အိမ်သို့ ပင့်သဖြင့် ကြွရပြန်သည်။ ယင်းတွင် တစ်ခါ ပင့်ကြပြန်သည်။ မိမိသည် လက်မခံပေ။ ထိုစဉ် မူစလင်ဒကာမတစ်ယောက် ရောက်လာသည်။ လက်အုပ်ချီမိုး ရှိခိုးသည်။ ပြီးသော် လျှောက်သည် -

"အရှင်ဘုရား၊ လာမည့်နှစ် တရားပွဲ လက်မခံဘူးဆိုဘုရား"

"အင်း"

"ဘာဖြစ်လို့ လက်မခံတာလည်း ဘုရား"

"ဦးပဥ္စင်းက ဓမ္မကထိကမှ မဟုတ်တာ၊ စာချနေတာ၊ တောထဲနေတာ၊ အလုပ်ပျက်လို့"

"ဒကာ ဒကာမတွေ အကျိုးများပါတယ်ဘုရား၊ တစ်နှစ်တော့ ကြွပါဦးဘုရား"

"ဟင့်အင်း၊ မကြွနိုင်ဘူး၊ တစ်နှစ်ကနေ နောက်တစ်နှစ် ဆက်နေ ဘယ့်နယ်လုပ်မလဲ"

"တချို့များ ဟောချင်လို့ လိုက်တောင်းစပ်နေတာပဲဘုရား၊ အရှင်ဘုရား အဆင်သင့်ပဲ ကြွပါဘုရား"

"နို့ . . . အဲဒီ ဟောချင်လို့ လိုက်စပ်တဲ့ဘုန်းကြီး ပင့်ပါလား၊ မဟောချင်တဲ့ ဘုန်းကြီးကို ဘာဖြစ်လို့ ကတ်သတ်ပင့်နေရသလဲ"

"တပည့်တော်တို့မြို့မှာ တရားပွဲကျင်းပတာ ဒီနှစ်ဆိုရင် (၂၂)ကြိမ် ရှိပြီဘုရား၊ တပည့်တော်ဟာ ဗုဒ္ဓဘာသာ မဟုတ်သေးပါဘုရား၊ တရားကို မှောင်ထဲကနေ နိုးနိုး‌.နာရပါတယ်ဘုရား၊ အဲဒီ (၂၂)ကြိမ်မှာ ယခု အရှင်ဘုရားဟောတာ နားလည်တယ် သဘောကျတယ်ဘုရား"

"ဦးပဋ္ဌင်းထက် အဟောကောင်းတဲ့ ဆရာတော်တွေ အများကြီးပဲဟာ"

"ကောင်းတာက တစ်မျိုးစီပါဘုရား"

"အတူတူပါပဲ၊ သူလည်း ဒီတရားဟော၊ ကိုယ်လည်း ဒီတရားဟော၊ ဘာထူးမှာလဲ"

"မတူပါဘုရား၊ တပည့်တော်မြို့က တောင်ကန့်လန့် လူကန့်လန့်ပါဘုရား၊ မင်းသမီး မင်းသားလည်း တော်ရုံတန်ရုံနဲ့ ကြိုက်တာမဟုတ်ဘူး၊ ဒီလောက်တော့ တို့လည်း က.တတ်တာပဲဆို ထ.ပြန်တာဘုရား"

"အင်း... တရားပွဲလည်း ဒီလိုလား၊ တို့လည်း ဒီလောက်တော့ ဟောတတ်တာပဲဆို ထ.ပြန်တာပဲလား"

"တော်ရုံ တန်ရုံနဲ့ နား.မတိုးဘူးဘုရား၊ ထ.ပြန်တာပဲဘုရား"

"အင်း... ခက်သားပဲ"

"မခက်ပါနဲ့ဘုရား၊ အရှင်ဘုရား ကြွပါဘုရား"

"မကြွချင်ဘူး"

ထိုအခါ ယင်းအမျိုးသမီးသည် လက်အုပ်ချီကာ လျှောက်ထားတော့သည်။

"အရှင်ဘုရား ကြွပါဘုရား၊ အရှင်ဘုရားတရားလည်း နားလည်ပါတယ်၊ သဘောလည်း ပေါက်ပါတယ်၊ ရှေ့နှစ် အရှင်ဘုရားကြွရင် တပည့်တော် ဗုဒ္ဓဘာသာထဲ ဝင်ပါ့မယ်ဘုရား"

ယင်းသို့ လျှောက်ထားသောအခါ မိမိ ကပ္ပိယမှစ၍ အနီးအနားရှိ အားလုံးသော ဒကာ ဒကာမတွေက ဝိုင်းလျှောက်ထားကြပြန်သည်။

"ဟုတ်ပါတယ်ဘုရား၊ ဒီလိုဆို ကြွသင့်ပါတယ်ဘုရား၊ ကြွရင် ဗုဒ္ဓဘာသာထဲ ဝင်မယ်ဆိုတော့ မကြွလို့ ဘယ်ဖြစ်မလဲ ကြွပါဘုရား"

"ညည်းကလည်း တကယ်ဗုဒ္ဓဘာသာထဲ ဝင်မှာလား၊ ညည်း တကယ်ဗုဒ္ဓဘာသာထဲ ဝင်ရင် ဘုန်းဘုန်းကလည်း ရှေ့နှစ်ခါ တကယ်ကြွမှာပေါ့၊ ဘယ်နေမလဲ"

"ဘုန်းဘုန်း ကြွမယ်မဟုတ်လားဘုရား"

"အရှင်ဘုရား ဒါတော့ ကြွသင့်ပြီထင်ပါတယ် ဘုရား"

"အရှင်ဘုရား ပင့်စာလက်ခံပါဘုရား"

"အရှင်ဘုရား ဟောပေးလို့ တစ်ယောက်ကျွတ်တယ်ဆို ဘယ်နည်းမလဲဘုရား၊ ကြွပါဘုရား"

ယင်းသို့ဖြင့် ဝိုင်းဝန်းလျှောက်ထားသောအခါ မနေသာတော့သဖြင့်

"ကဲ... ကဲ ပင့်စာသာ ကပ်တော့"

ဟု ပင့်စာကို လက်ခံလိုက်ရတော့သည်။

ထိုအခါ ပင့်လျှောက်သူ အမျိုးသမီးဘက်သို့ လှည့်ကြည့်ကာ ကျေးဇူးတင်စကား ပြောကြားကြပြန်သည်။

"(...)ကျေးဇူးပဲ၊ ဘုန်းဘုန်းကို (...)ပင့်လို့ရတာ"

"ဈေးက ကြားရင် ဘယ်လောက်ဝမ်းသာမလဲ"

"ဟုတ်တယ် (...)ရေးက ကြားရင် (...)ကို သိပ်ကို ကျေးဇူးတင်ကြမှာ"

"(...)တော့ နာမည်ကြီးဦးမယ်၊ ပင့်မရတဲ့ ဘုန်းကြီးကို ရအောင်ပင့်လို့"

ယင်းသို့ စသည်ဖြင့် သူတစ်မျိုး ငါတစ်ဖုံ အစုံစုံပြောဆိုရင်းဖြင့် တစ်နှစ်တာ တရားပွဲ စခန်းသိမ်းခဲ့သည်။

နောက်နှစ် တရားပွဲရက်သို့ ရောက်ခဲ့ပြီ။ မိမိသည် ပထမနှစ်က တည်းခိုသည့် နေရာကို သဘောမကျ။ တရားပွဲနားနီး အတန်းကျောင်းနားနီး၍ ဆူသည်။ သို့ဖြစ်၍ တစ်နေရာရွှေ့ ပြီး တည်းခိုမည်ဟု စိတ်ကူးရှိသည်။ အဖွဲ့ဝင်အချို့လည်း ကြိုတင်ပြောထားသည်။

ရထားဆိုက်သော် ကြိုသူများနှင့် လွဲတော့သည်။ အထက်တန်းတွဲမှာ နောက်ဆုံးက ရှိတ်သည်။ ကြိုသူများက အလယ်ကစောင့်သည်။ မိမိမှကား သိနေတာနှင့် ကြိုသူများကို မစောင့်ဘဲ မိမိသွားမည်၊ တည်းမည် စိတ်ကူးထားသည့် ကျောင်းသို့ ရှေ့ရှုသွားတော့သည်။

ကြိုသူသုံးယောက် ပြေးလိုက်လာ၍ မီသည်။ အနားရောက်လာသူအား ဘယ်နေရာမှာ ပြင်ထားလဲ မေးသောအခါ ပြင်နေကျ နေရာမှာပဲ ပြင်ထားသည်ဟု ပြောသည်။

ဟို (...)မှာ ပြင်မထားဘူးလား မေးသောအခါ ပြင်မထားဟု ဖြေသည်။ မိမိမှာ ပြင်မထားလည်း နေရာပြင်တာ ဘာကြာတာမှတ်လို့ပဲ၊ အဲဒီ (...)ပဲ သွားမယ်ဟု ပြောသည်။

မိမိအနားရောက်လာသူ သုံးဦးမှာ အင်းမလှုပ်၊ အဲ့မလှုပ်ပေ။ မိမိလည်း သာမည ဟုပဲ သဘောထားသည်။

ယင်းသို့ဖြင့် ပထမနှစ်က တည်းခိုသည့်နေရာ အရှေ့သို့ ရောက်သောအခါ ဒကာတစ်ယောက်က အရှင်ဘုရား ဒီကြွပါ။ ဒီမှာ ပြင်ထားပါသည်ဟု လျှောက်ပြန်သည်။

ထိုအခါ မိမိက ဒီမှာ ပြင်ထားပေမဲ့ ဒီမှာမှ မတည်းခိုပဲဟာ (...)ပဲ တစ်ခါတည်း သွားတော့မယ်ဟု ပြောပြောဆိုဆို သွားပါတော့သည်။

ရောက်မှ နေရာပြင်ကြရသည်။ ပြီးသော် လိုက်ပို့သူများ ပြန်သွားကြသည်။ မိမိလည်း အညောင်းဆန့်နေလိုက်သည်။

ကြိုသူ ဒကာများ မူလပြင်ထားသည့် နေရာသို့ အစုံရောက်သည်ဟု ကြားသည်။ မိမိတည်းခိုသောနေရာသို့မူ ဘယ်သူမှ ရောက်မလာပေ။

မိမိကြွလာလျှင် ဗုဒ္ဓဘာသာထဲ ဝင်ပါ့မယ်ဆိုတဲ့ အမျိုးသမီးနှင့်လည်း မတွေ့ရသေးပေ။ သူလည်း မူလတည်းခိုသည့်နေရာသို့ ရောက်လာသည်ဟု ကြားရသည်။

မိမိ ယခုတည်းခိုသည့်နေရာမှာ ချောင်ကျသည်။ ဝေးသည်။ တောင်တက်ရသည်။ သို့ဖြစ်၍ ရုတ်တရက် မရောက်နိုင်ပေ။

တရားပွဲ တစ်ည ဟောပြီးသွားပြီ။ ဗုဒ္ဓဘာသာထဲ ဝင်မည့် အမျိုးသမီးနှင့်လည်း မတွေ့ရသေးပေ။

မိမိအား အမီလိုက်ပို့သော ဒကာကြီးတစ်ယောက်မှု မျက်စိမျက်နှာမကောင်းနှင့် မိမိထံသို့ လာသည်ကို တွေ့ရသည်။ ထိုအခါ မိမိက မေးသည်။

"ဘယ့်နှယ်လဲ၊ မျက်စိမျက်နှာ့မကောင်း ဘာ့မကောင်းနဲ့ နေပူကြီးထဲ လာရသလဲ"

"အရှင်ဘုရား၊ ဒီကြွတာနဲ့ပတ်သက်လို့ တပည့်တော်တို့ အပြော့ခံလိုက်ရတာဘုရား"

"ဘာတွေ အပြော့ခံရလဲ"

"မင်းတို့က ဘုန်းကြီးကို မင်းတို့ကျောင်း မင်းတို့ ပင့်သွားတယ်တဲ့ ဘုရား"

မိမိအား အမိမြေးလိုက်လာသူ ဒကာများသည် မိမိ တည်းခိုနေသည့်ကျောင်းကို ကိုးကွယ်သူများ ဖြစ်၏။ ဒါကြောင့် အပြောခံရခြင်း ဖြစ်၏။

"နို့ ... ဒကာကြီးတို့က မပြောဘူးလား၊ တို့ပင့်သွားတာမဟုတ်ဘူး၊ ဘုန်းကြီးဘာသာ ဘုန်းကြီးကြွတာလို့"

"ပြောပေမဲ့ မရဘူး ဘုရား"

"ဘာတွေ ပြောလဲ"

"ဘုန်းကြီး မင်းတို့ကျောင်း ပင့်သွားတော့ မင်းတို့ကျောင်းက ရွှေကျောင်းကြီး ဖြစ်လာမှာလား စသည်နဲ့ ပြောလိုက်ကြတာဘုရား၊ စုံလို့ပဲ"

"ခက်ပါတယ် ဒကာကြီးရယ်၊ လူတွေဟာ ဒီလိုပဲ ရမ်းပြောတာပဲ၊ ညကျမှ ဦးပဥ္စင်းတရားဟောတော့မှ တရားပွဲထဲ ထည့်ပြောပေးမယ်၊ စိတ်မကောင်း မရှိနဲ့၊ ဒကာကြီးတို့ ပင့်တာမှ မဟုတ်တာပဲ၊ ဦးပဥ္စင်းဘာသာ ဦးပဥ္စင်း သွားတာပဲဟာ"

"နို့ (...) လည်း မတွေ့သေးပါလား"

"မှန်ပါ၊ သူလည်း မနေ့က ဟို (...)ကို လာတွေ့ပါတယ်ဘုရား၊ အရှင်ဘုရား ဒီကြွတော့ အချိန်ကလည်း နောက်ကျနေလို့ ဟိုကနေ ပြန်သွားပါတယ်ဘုရား၊ ဒီနေ့ည တရားမဟောမီ (...)မှာ တွေ့ပါလိမ့်မယ် ဘုရား"

တရားဟောချိန်နီးလာပြီ၊ မိမိသည် တရားမဟောမီ ကြိုတင်သွားရမည်။ ဗုဒ္ဓဘာသာထဲ ဝင်မည့် အမျိုးသမီးနှင့် တွေ့ရန်လည်း ရှိသေးသည်။

တရားမဟောမီ ခေတ္တနားသည့် နေရာသို့ ရောက်ခဲ့ပြီ။ ရောက်လျှင်ရောက်ချင်း ရင်းနှီးသူ ဒကာတစ်ယောက်က -

"ဟောဒီမှာ အရှင်ဘုရား (...)က အရှင်ဘုရားအလာကို စောင့်ကြိုနေပါတယ်ဘုရား"

ဟု လျှောက်ထားသည်။ ထိုအခါ မိမိက ပြောသည်။

"ဗုဒ္ဓဘာသာ မဖြစ်သေးဘူးလား"

"အရှင်ဘုရားအကြွ စောင့်နေလား မသိပါဘုရား၊ ခုထက်ထိ ဗုဒ္ဓဘာသာ မဖြစ်သေးပါ"

ရောက်လာလာချင်း လျှောက်ထားသူ ဒကာကပင် လျှောက်သည်။ သို့နှင့် မိမိက မေးသည်။

"ဘယ့်နယ်လည်း၊ (...)ကတိတည်ရဲ့လား"

"မှန်ပါ၊ အရှင်ဘုရားတောင်မှ ကတိတည်လို့ ကြွလာမှ တပည့်တော်လည်း ကတိတည်ရမှာပေါ့ ဘုရား"

"ဟော ... ဟော ဘုန်းကြီးရှေ့ကျတော့ တစ်မျိုးဖြစ်သွားပြီ၊ ကျွန်တော်တို့ ပြောတုန်းကတော့ ဘာလိုလိုနဲ့"

ဘေးမှ ဒကာတစ်ယောက်က ပြောလိုက်ခြင်း ဖြစ်၏။

"ကတိထားတာက နင်တို့နဲ့ ထားတာမှ မဟုတ်တာပဲ၊ ဘာလိုလိုပေါ့၊ ခုတော့ ဘုန်းကြီးရှေ့ရောက်တော့ ထားခဲ့တဲ့ ကတိအတိုင်းပေါ့ ဟုတ်လား"

"ဒီလိုဆို ဘယ်ဆိုးမလဲ"

ဘေးမှ ဒကာတစ်ယောက်က ဝင်ပြောခြင်းဖြစ်၏။

"တပည့်တော်လည်းဘုရား၊ အရှင်ဘုရားနဲ့ ဘယ်လိုရေစက်ပါလဲ မသိပါဘုရား၊ အရင်က ဒီလိုစိတ် မပေါက်ပါဘူး၊ ယခု အရှင်ဘုရားနဲ့တွေ့ကာမှ ဒီလိုစိတ်ပေါက်ပါတယ်၊ ဒီလိုစိတ်ပေါက်ပေမဲ့ သူတို့က တပည့်တော်ကို အရှင်ဘုရား မကြွခင် ဗုဒ္ဓဘာသာထဲ ဝင်ဖို့ ပြောပါတယ်၊ တပည့်တော် မဝင်ပါဘူးဘုရား"

"အင်း"

"တပည့်တော် ပြောလိုက်တုန်းက ဘုန်းကြီးပင့်ရရင် ပြီးရောဆိုပြီး ပြောလိုက်ပါတယ်ဘုရား။ ပါးစပ်က ရည်ရွယ်ချက်မရှိဘဲနဲ့ ထွက်သွားပါတယ်ဘုရား"

"အင်း"

"စုတော့လည်း ဘယ်လိုဘယ်လို အကြောင်းတွေစုံလာလည်း မလျှောက်တတ်ပါဘုရား။ ဗုဒ္ဓဘာသာထဲဝင်ရင် တပည့်တော်ပါမက မိသားစုတစ်စုလုံး ဝင်မှာပါဘုရား"

"အင်း"

"မနှစ်က အရှင်ဘုရားကို လျှောက်ထားစဉ်က တပည့်တော်တစ်ယောက်တည်းပါဘုရား။ ခုတော့ ကလေးတွေကပါ အားတက်သရောပါဘုရား"

"အင်း"

"ကလေးတွေကလည်း အရှင်ဘုရားကို ကြည်ညိုကြပါတယ်ဘုရား၊ သူတို့သာ မပါရင်လည်း တပည့်တော် တစ်ယောက်တည်းဆိုရင် သူတို့နဲ့ ဆန့်ကျင်ဘက် ဖြစ်နေဦးမှာ၊ ခုတော့ သူတို့ပါ ပါလာတော့ အားလုံး အဆင်ပြေပါတယ်ဘုရား"

"နို့... ဘယ်လိုလဲ၊ ဗုဒ္ဓဘာသာထဲ ဝင်ကြောင်း ဘယ်လိုအသိအမှတ် ပြုလုပ်မလဲ"

"အဲဒါ အရှင်ဘုရား သဘောကျသာ စီမံပါဘုရား၊ တပည့်တော် နာခံပါ့မယ်"

"အင်း (...)တာဝန်ခံစဉ်က တရားပွဲပင့်မှုနဲ့ ပတ်သက်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ဒီနေ့ည တရားပွဲထဲမှာ ကြေညာရရင် မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"(...)ကြေညာမလား၊ ဦးပဥ္စင်းကြေညာပေးရမလား"

"အရှင်ဘုရားပဲ ကြေညာပေးပါဘုရား"

"(...)များ ဘုန်းကြီးနဲ့တွေ့တော့ ချောလို့၊ ဘာမှ အဖုအထစ်မရှိဘူး၊ ကျွန်တော်တို့ပြောတော့ဖြင့် ဟိုလိုလို ဒီလိုလိုနဲ့"

ဘေးမှ (...)နဲ့ ရင်းနှီးသူ ဒကာတစ်ယောက်က ဝင်ပြောခြင်း ဖြစ်၏။

"ဟုတ်ပါတယ်ဘုရား၊ သူတို့ တပည့်တော်ကို ပြောနေတာ ကြာပါပြီ၊ ဘုန်းကြီးမကြွခင် ဗုဒ္ဓဘာသာထဲဝင်၊ ဘုရားစင်တင်နဲ့ ခဏခဏပဲ"

"အင်း"

"တကယ်တော့ ဘာသာတစ်ခုကနေ ဘာသာတစ်ခု ပြောင်းရတာ မလွယ်ပါဘူးဘုရား၊ ကိုယ်ငယ်ငယ်ကလေးထဲက အရိုးစွဲလာတဲ့ အယူဝါဒ စွန့်ရမှာလည်း တစ်ခက်၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်း စွန့်ရမှာလည်း တစ်ခက် စသည်ဖြင့် အခက်အခဲတွေ ကျော်ရဲမှ ပြောင်းနိုင်ပါတယ်ဘုရား"

"အင်း"

"အခု အရှင်ဘုရားနဲ့တွေ့တော့ အဲဒီ အခက်အခဲတွေဟာ ဘယ်လိုဘယ်လို အလွယ်တကူ အဆင်သင့်ဖြစ်အောင် အဆင်ပြေကုန်လဲ မသိပါဘုရား၊ အားလုံး ချောချောရှူရှူပါပဲ"

"ကဲ...ကဲ...တရားပွဲစ,စချင်း ဦးပဥ္စင်း ကြေညာမယ်နော်"

"မှန်ပါ၊ ကြေညာပါဘုရား"

တရားပွဲကြီး စ,လေပြီ။ လူတွေမှာ မစည်စဖူး ထူးကဲစွာ စည်ကားလှ၏။ အမှောင်ထဲမှာသာ တရားနာခဲ့ရသော (...) နှင့် မိသားစုသည် ပလ္လင်ရှေ့မှောက် အလင်းရောင်အောက်သို့ ရောက်ရှိနေပြီ။

သီလပေးပြီးသော် ဘုရားရှိခိုးသည်။ ဘုရားရှိခိုးပြီးသော် တရားနိဒါန်းပျိုးသည်။

"ဒီကနေ့ ဦးပဥ္စင်းဟောမယ့်တရားတော်က "ဥဒယဘဒ္ဒဇာတ်" တဲ့၊ ဘာဖြစ်လို့ ဒီဇာတ်ကို ဟောရသလဲဆိုတော့ ကတိနဲ့ စပ်နေလို့ပါ။ ဒီဇာတ်မှာ ကတိအကြောင်း ပါပါတယ်၊ ဟောတဲ့အခါ နာရပါလိမ့်မယ်"

"ဦးပဥ္စင်း ဒီတရားပွဲ ကြွခြင်းဟာလည်း ကတိနဲ့စပ်နေပါတယ်၊ ဒီအကြောင်း ပရိသတ်လည်း သိပြီးသားပါ၊ မနှစ်က ဦးပဥ္စင်းကို ဒီတရားတစ်ပွဲလုံး ဝိုင်းပင့်ပါတယ်၊ ဦးပဥ္စင်း လက်မခံပါဘူး"

"(...)က အရှင်ဘုရားကြွရင် ဗုဒ္ဓဘာသာထဲ ဝင်ပါ့မယ် ဆိုလို့ ကြွခြင်းပါ၊ ဒီတော့ ဦးပဥ္စင်း ကြွခြင်းဟာ ကတိနဲ့ စပ်နေပါတယ်၊ (...)ပင့်လို့ ကြွပါတယ်"

"ဒီရောက်တော့လည်း ဦးပဥ္စင်းဘာသာ ဦးပဥ္စင်း စိတ်ချမ်းသာမယ်ထင်တဲ့ နေရာကို သွားပြီး တည်းခိုပါတယ်၊ ဘယ်သူကမှ ပင့်သွားတာမဟုတ်ပါဘူး"

" အားလုံး ဝမ်းသာရမှာက (...)ဟာ ထားခဲ့တဲ့ ကတိအတိုင်း ဗုဒ္ဓဘာသာထဲ ဝင်ပါပြီ၊ ဗုဒ္ဓဘာသာထဲ ဝင်ကြောင်း (...)ရဲ့ကိုယ်စား ဦးပဥ္စင်းက ကြေညာပါတယ်၊ အားလုံး သာဓုခေါ်ကြပါ"

"သာဓု...သာဓု...သာဓု"

ပရိတ်သတ်သည် တစ်ခဲနက်မျှ ကောင်းချီးနမော် သာဓုခေါ်ကြပါသည်။ မိမိလည်း စိတ်ပါလက်ပါ တရားကို ဆက်လက်ဟော၍ နှစ်ညမြောက် ပြီးသွားပါပြီ။

သုံးရက်မြောက်နေ့လယ်တွင် (...)အိမ်မှ ပင့်သဖြင့် သွားရောက်ကာ -

**အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။**

**အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံသရဏံ ဂစ္ဆာမိ။**

**အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံသရဏံ ဂစ္ဆာမိ။**

ဟု သရဏဂုံဆောက်တည်စေကာ ငါးပါးသီလ ပေးပြီးသော် "ဗုဒ္ဓသာသနာ" အကြောင်းကို အကျဉ်းချုပ်၍ တစ်နာရီတိတိ ဟောပေးခဲ့သည်။ သူတို့လည်း ကက်ဆက်နှင့် အသံဖမ်းထားသည်။ အားလုံး ပရိသတ်လည်း ဝမ်းသာရွှင်ပျ ရှိကြသည်။

သုံးညမြောက် တရားပွဲစရန် အချိန်နီးချေပြီ။ အမှုဆောင် ခြေရှုပ်နေသည်။ မိမိမှု ဘာရယ်လို့မသိ။ အမှုလည်းမထား။ ဂရုလည်း မစိုက်ပေ။

တရားဟောရန် အချိန်တန်၍ မိမိ ပလ္လင်ပေါ်သို့ရောက်သော် အမှုဆောင်အဖွဲ့မှ ဒကာတစ်ယောက်က မိမိရှေ့ပရိသတ်ရှေ့တွင် စာရွက်ကြီးနှင့် ဖတ်ပြပါတော့သည်။

"လျှောက်ထားပါသည် တေဒင် အရှင်ပညာဇောတ ဆရာတော်ဘုရား

တပည့်တော်များအဖွဲ့သည် သာသနာရေးကို ဆောင်ရွက်လာရာ ဒီနှစ်ဆိုလျှင် (၂၃)နှစ် ရှိပါပြီဘုရား။

တပည့်တော်များအဖွဲ့သည် ဂိုဏ်းဂဏမရွေး ပုဂ္ဂိုလ်မရွေး အားလုံး တစ်စိတ်တစ်ဝမ်းတည်း ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည် ဘုရား။

ထိုသို့ဆောင်ရွက်ပါရက်ကနဲ့ တပည့်တော်တို့ အဖွဲ့ ပင့်လို့ကြွတာမဟုတ်၊ (...)ပင့်လို့ကြွတာဆိုတော့ တပည့်တော်တို့ ဝမ်းနည်းမဆုံး ဖြစ်ရပါတယ်ဘုရား"

...စသည်ဖြင့် မိမိ သူတို့အဖွဲ့က ပြင်ထားသည့်နေရာမှာ မတည်းခိုတာတွေပါ များစွာပါတော့သည်။ ပရိသတ်မှာ မျက်နှာမကောင်းကြ၊ စိတ်မကောင်းကြပါ။

မိမိမှာမူ စိတ်အေးလက်အေးနှင့် အစအဆုံး သေသေချာချာ နားထောင်နေသည်။ ပြီးသော် ရှင်းလင်းနေက တရားဟောနိုင်တော့မည် မဟုတ်၍ ကန်တော့ခိုင်းပြီး စိတ်အေးလက်အေးနဲ့ပင် တရားဟောပေးလိုက်သည်။

ပြီးသော် စိတ်အေးလက်အေးနှင့်ပင် တည်းခိုရာသို့ ပြန်လာပြီး အိပ်ကာ နောက်တစ်နေ့ ရထားနှင့် ပြန်လာပါတော့သတည်း။

✦ တရားနာက၊ အကျိုးရ၊ မရအပြစ်ဖြစ်တတ်သည်။

✦ ဝမ်းသာရမှာ၊ ဝမ်းမသာ၊ များစွာအပြစ်ဖြစ်တတ်သည်။

✦ အပြစ်ဖြစ်က၊ ကိုယ်ဒုက္ခ၊ ဒုက္ခစိတ်မှာ ရောက်တော့သည်။

# နိဗ္ဗာန်မှာ ရုပ်ထူး နာမ်ထူး ရှိတယ်ဆို ဘုရား

(၇၈)

နွေရာသီ၏ နေ့တစ်နေ့ ဖြစ်သည်။

နေကားပူပြင်းလှ၏။ မိမိသည် ကျောင်းငယ်ကလေးတစ်ကျောင်းတွင် တစ်ပါးတည်း ချွေးတလုံးလုံးနှင့် နေပူဒဏ်ကို မချိမဆန့် ခံစားနေရသည်။ ထိုစဉ် မိမိနှင့် ရင်းနှီးသော ဒကာတစ်ယောက် ရောက်လာသည်။ ရှိခိုးပြီး ဟိုပြော ဒီပြော ပြောရင်းနှင့် လျှောက်သည်။

"ဦးပဥ္စင်း "နိဗ္ဗာန်မှာ ရုပ်ထူး နာမ်ထူး ရှိတယ်ဆို" ဘုရား"

"ဘယ်သူကပြောလဲ"

"ရွာထဲက လူကြီးတွေ ပြောတာပဲဘုရား"

"ကြုံကြုံဖန်ဖန်ပြောတယ်"

"သူတို့အချင်းချင်း ငြင်းနေကြတယ်ဘုရား။ ငြင်းတော့ ရုပ်ထူးနာမ်ထူးရှိတဲ့ဘက်က စာတတ်ပေတတ်တွေဘုရား"

"အဲဒါမှ ခက်တာ"

"ခက်တာပေါ့ဘုရား၊ သူတို့က ဒီလိုပြောနေတော့ တပည့်တော်တို့က ဘယ့်နှယ်လုပ်မလဲဘုရား"

"အေး ... သူတို့ကလည်း ဘာဖြစ်လို့ တွေ့ကရာတွေကို လျှောက်ပြောနေရလဲ မသိဘူး"

"အဲဒါနဲ့ တပည့်တော်လည်း သူတို့ကို "ခင်ဗျားတို့ နေဦး၊ ကျွန်တော် ဦးပဥ္စင်းကို လျှောက်ကြည့်ဦးမယ်" လို့ ပြောထားတယ်"

"အင်း"

"အဲဒါ အခု ဦးပဥ္စင်းကို လျှောက်ကြည့်တာပဲ ဘုရား"

"အင်း ... ဒကာကြီးအမေးကို အနီးစခန်းဆရာတော် တရားထဲကလို ဖြေမှပဲ"

"ဘယ်လိုပါလဲ ဘုရား"

"စစ်ကိုင်းမှာ ဝတ်ချက်ရွာဆိုတဲ့ ရွာတစ်ရွာရှိတယ်"

"မှန်ပါဘုရား"

"အဲဒီမှာသီတင်းသုံးနေတဲ့ဆရာတော်ကလောကီလောကုတ္တရာစွယ်စုံတတ်တဲ့ဆရာတော်ပေါ့။ဝတ်ရုံကျောင်းဆရာတော်တဲ့"

"မှန်ပါဘုရား"

"အဲဒီဆရာတော်ထံသို့ တစ်ခါက ရှမ်းကုန်သည်တွေ လာတယ်တဲ့"

"မှန်ပါဘုရား"

"အဲဒီလို လာတဲ့အခါ ဆရာတော်က "ဒကာတို့ ဘယ်ကလဲ ဘာကိစ္စလဲ" လို့ မေးတယ်တဲ့"

"မှန်ပါဘုရား"

"ဒီတော့ ရှမ်းကုန်သည်တွေက "တပည့်တော်တို့ ရှမ်းပြည်ကပါဘုရား၊ ကုန်ရောင်းကုန်ဝယ်ရင်း ဘုရားလည်းဖူးရင်း၊ အရှင်ဘုရားလည်းဖူးရင်း၊ ပုစ္ဆာလည်း မေးချင်လို့ပါဘုရား" လို့ လျှောက်တယ်တဲ့"

"မှန်ပါဘုရား"

"ဒီတော့ ဆရာတော်က "ဘာပုစ္ဆာလျှောက်မလို့လဲ" မေးတယ်တဲ့"

"မှန်ပါဘုရား"

"မေးတော့ ရှမ်းကုန်သည်တွေက "နိဗ္ဗာန်အကြောင်းပါဘုရား" လို့ လျှောက်တယ်တဲ့"

"မှန်ပါဘုရား"

"လျှောက်တော့ ဆရာတော်က "ဒကာတို့ အဲဒီ နိဗ္ဗာန်အကြောင်း ဘယ်ဆရာတော်များ မေးလျှောက်ဖူးပြီလဲ" လို့မေးတယ်တဲ့"

"မှန်ပါဘုရား"

"မေးတော့ ရှမ်းကုန်သည်တွေက "တပည့်တော်တို့ မန္တလေးမြို့က တံဆိပ်ရ၊ မရ ဆရာတော်တွေကို မေးလျှောက်ဖူးပါတယ်ဘုရား" လို့ ဖြေတယ်တဲ့"

"မှန်ပါဘုရား"

"ဒီတော့ ဆရာတော်က "အေး... မေးတော့ ဆရာတော်တွေက ဖြေလိုက်ရဲ့လား" လို့ မေးတယ်တဲ့"

"မှန်ပါဘုရား"

"ဒီတော့ ရှမ်းကုန်သည်တွေက "မှန်ပါ ဖြေလိုက်ပါတယ်ဘုရား" လို့ လျှောက်တယ်တဲ့"

"လျှောက်တော့ ဆရာတော်က "အေး... ဖြေလိုက်တော့ အဖြေကို ကျေနပ်ရဲ့လား" လို့ မေးတယ်တဲ့"

"မေးတော့ ဒကာတွေက "မကျေနပ်ပါ ဘုရား" လို့ ဖြေတယ်တဲ့"

"ဒီတော့ ဆရာတော်က "အေး... လေးပြင်လေးရပ်ရှိ မန္တလေးက တံဆိပ်ရ၊ မရ ဆရာတော်တွေ ဖြေတဲ့ နိဗ္ဗာန်အကြောင်း သဘောမကျလို့ ငါဖြေတဲ့အဖြေလည်း မင်းတို့ သဘောကျမှာ မဟုတ်ဘူး" တဲ့"

"ဒီတော့ မင်းတို့နဲ့ ငါနဲ့ ဒီလိုလုပ်ကြစို့၊ မင်းတို့လည်း တရားအားထုတ်၊ ငါလည်း တရားအားထုတ်မယ်၊ မင်းတို့လည်း နိဗ္ဗာန်ရ၊ ငါလည်း နိဗ္ဗာန်ရတော့မှ တို့တစ်တွေ နိဗ္ဗာန်အကြောင်း ဆုံရှင်းကြသေးတာပေါ့" တဲ့"

"ခုလည်း အဲဒီလို ဖြေဖို့ပဲရှိတာပဲ၊ အတိအကျဆိုတာ ကိုယ်မှ နိဗ္ဗာန်မရောက်သေးဘဲနဲ့ ဘယ်ဖြေနိုင်မှာလဲ"

"မှန်ပါဘုရား"

"ဦးပဉ္ဇင်းကို ဦးပဉ္ဇင်းတို့ ဆရာတော် အမိန့်ရှိထားတာ ရှိတယ်"

"ဘာပါလဲ ဘုရား"

"အေး...ပညာဇောတ၊ မင်းစာတွေရေးတာ ကောင်းပါတယ်ကွ၊ ဒါပေမယ့် မင်း...နိဗ္ဗာန် အကြောင်းတော့ မရေးနဲ့ဦး ကွယ့်တဲ့"

"မှန်ပါဘုရား"

"အဲဒါ ဒကာကြီး ယခုလာမေးတော့ ဖြေရမှာတောင် ခက်ခက်ပဲ"

"မခက်ပါနဲ့ဘုရား၊ ကျမ်းဂန်အတိုင်းသာ ရှင်းပြပါဘုရား"

"ကျမ်းဂန်အတိုင်း ရှင်းပြရရင် ဟို...ဥပသမာနုဿတိသဘော ရှင်းပြရင် နိဗ္ဗာန် သဘောပေါက်မယ်နော်"

"ရှင်းပါဘုရား"

"နိဗ္ဗာန်ရဲ့ချမ်းသာ အေးမြတဲ့ သန္တိသုခရှိပုံကို အဖန်ဖန် အောက်မေ့ခြင်းဟာ ဥပသမာနုဿတိတဲ့နော်"

"မှန်ပါဘုရား"

"နိဗ္ဗာန်ချမ်းသာဆိုတာ အေးမြငြိမ်သက်တဲ့ ချမ်းသာနော်"

"မှန်ပါဘုရား"

"တချို့က နိဗ္ဗာန်တရားကို ရုပ်ဝိသေသ၊ နာမ်ဝိသေသ၊ ရုပ်ထူးနာမ်ထူးလို့ ဆိုတယ်၊ မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ရုပ်နာမ်ပါဆိုမှ ဖြစ်ပျက်ချည်းပေါ့၊ မဖြစ်မပျက်တဲ့ ရုပ်ထူး နာမ်ထူးရယ်လို့ ဘယ်ရှိမလဲ၊ ဖြစ်ပျက်နေလည်း ဘယ်မှာ ချမ်းသာမလဲ၊ မချမ်းသာလည်း ဘယ်မှာ နိဗ္ဗာန်ဟုတ်မလဲ"

"မှန်ပါဘုရား"

"တချို့ကလည်း ခန္ဓာကိုယ်အတွင်းမှာ အနှစ်အမတေအလားမြဲခိုင်တဲ့ တရားရှိတယ်၊ ရုပ်နာမ်တရားများ ချုပ်ပျောက်တဲ့အခါ အဲဒီ အနှစ်အမတေသာ အဖတ်တင်ရစ်တယ်၊ အဲဒီလို အနှစ်အမတေအဖြစ်နဲ့ တည်နေရခြင်းသည်ပင် နိဗ္ဗာန်လို့ ဆိုတယ်၊ မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ခန္ဓာကိုယ်တွင်းမှာ အနှစ်အမတေအလား မြဲခိုင်တဲ့ တရားရယ်လို့ ဘာတစ်ခုမှ မရှိဘူးလို့ မှတ်ထား"

"မှန်ပါဘုရား"

"တချို့ကလည်း "နိဗ္ဗာန်မှာ ရုပ်နာမ်မရှိလို့ ခံစားခွင့်မရရင် အဘယ်မှာ ချမ်းသာပါအံ့နည်း" လို့ ဆိုကြတယ်၊ သူတို့က ရုပ်နာမ်ရှိပြီး ခံစားခွင့်ရမှ ချမ်းသာတယ် ထင်နေကြတယ်နော်"

"မှန်ပါဘုရား"

"အမှန်ကတော့ တစ်စုံတစ်ခုသော အာရုံရဲ့အကြောင်းကို အဲဒီအာရုံ ရရှိဖူးသူသာလျှင် ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်ရိုး ရှိသလို နိဗ္ဗာန်ရဲ့အကြောင်းကိုလည်း နိဗ္ဗာန်ရပြီးတဲ့ အရိယာတို့သာ ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်မှာပေါ့နော်"

"မှန်ပါဘုရား"

"ဦးပဉ္ဇင်းတို့က အရိယာမဟုတ်တော့ ကျမ်းဂန်အရ ရှင်းပြရမှာပေါ့နော်"

"မှန်ပါ၊ ရှင်းပါဘုရား"

"စိတ် စေတသိက် ရုပ် နိဗ္ဗာန်ရယ်လို့ ပရမတ္ထတရား လေးပါးရှိတယ် မဟုတ်လား"

"မှန်ပါ၊ ရှိပါတယ်ဘုရား"

"အဲဒီလေးပါးမှာ နိဗ္ဗာန်ဆိုတာ စိတ် စေတသိက် ရုပ်ပရမတ်တို့မှ သီးခြားဖြစ်တဲ့ ပရမတ်တရား တစ်ခုနော်"

"မှန်ပါဘုရား"

"အဲဒါကြောင့် ရုပ်နာမ် သင်္ခါရတွေနဲ့ လုံးဝ ဆက်သွယ်ခြင်း မရှိဘူးလို့ မှတ်ထားနော်"

"မှန်ပါဘုရား"

"ရုပ်နာမ် သင်္ခါရတွေနဲ့ ဆက်သွယ်ခြင်း မရှိတော့ ရုပ်ထူး နာမ်ထူး ဟုတ်နိုင်ပါ့မလား"

"မဟုတ်နိုင်ပါ ဘုရား"

"အဇ္ဈတ္တ - အတွင်း - ဗဟိဒ္ဓ - အပြင်. နှစ်မျိုးတို့တွင် "ဗဟိဒ္ဓါဓမ္မာ" ဆိုတဲ့ မာတိကာပုဒ်အရတွင် ပါဝင်နေတဲ့ ဗဟိဒ္ဓတရား ဖြစ်လို့ ခန္ဓာကိုယ်တွင်းမှာ အနှစ်.အမတေအဖြစ်နဲ့ တည်ရှိတဲ့ ဓာတ်တစ်မျိုးလည်း ဟုတ်နိုင်ပါ့မလား"

"မဟုတ်နိုင်ပါဘုရား"

"နိဗ္ဗာန်ဟာ ပုဂ္ဂိုလ်.သတ္တဝါကဲ့သို့ ခံစားတတ်တဲ့တရားလည်း မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ရူပ. သဒ္ဒ စသည်အာရုံ ကာမဂုဏ်ကဲ့သို့ ခံစားအပ်သောတရားလည်း မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ဒီတော့ နိဗ္ဗာန်မှာ ခံစားမှုဆိုတဲ့ ဝေဒယိတသုခ မရှိသည်မှာ အမှန်ပဲနော်"

"မှန်ပါဘုရား"

"ယခု လူတွေက ဒီဝေဒယိတသုခကိုပဲ သိနေတော့ ဒီချမ်းသာမရှိရင် မချမ်းသာဘူး ပြောနေတာပဲနော်"

"မှန်ပါဘုရား"

"ဒီတော့ ဒီနေရာမှာ ချမ်းသာနှစ်မျိုး မှတ်ထား၊ ဘာတဲ့လဲ -

၁။ ဝေဒယိတသုခ

၂။ သန္တိသုခ

တဲ့ ချမ်းသာ နှစ်မျိုးရှိတယ်၊ အဲဒီနှစ်မျိုးမှာ ဝေဒယိတသုခထက် အဆပေါင်းများစွာ သာလွန်တဲ့ အေးမြငြိမ်းချမ်းတဲ့ "သန္တိသုခ" ဆိုတာ နိဗ္ဗာန်ချမ်းသာပဲနော်"

"မှန်ပါဘုရား"

"ခံစားမှုဆိုတဲ့ ဝေဒယိတသုခဟာ ခံစားလို့ ကုန်ကုန်သွားတဲ့အတွက် အသစ်အသစ်ရအောင် မရှာဖွေရ၊ မထူထောင် ရဘူးလား"

"ရှာဖွေထူထောင်ရပါတယ်ဘုရား"

"အဲဒီလို အသစ်အသစ်ရအောင် ရှာဖွေရ၊ ထူထောင်ရတဲ့ ဆင်းရဲဒုက္ခဟာ ခံစားရတဲ့ ချမ်းသာသုခနဲ့ ဘယ်ဟာက များလဲ"

"ရှာဖွေထူထောင်ရတဲ့ ဒုက္ခက များပါတယ်ဘုရား"

"ဘယ်လောက်များလဲ"

" အဆမတန် များပါတယ်ဘုရား"

" ခံစားရတဲ့ ချမ်းသာသုခက မိနစ်ပိုင်းလေးရယ်နော်"

"မှန်ပါဘုရား"

"အဲဒီလိုအဆမတန် များပြားတဲ့ဆင်းရဲဒုက္ခတွေနဲ့ ရှာဖွေထူထောင်ပြီးတဲ့နောက်ပေါ်ပေါက်ရရှိတဲ့ချမ်းသာသုခကလေးနဲ့ တင်းမတိမ်နိုင်ကြပြန်ဘူးနော်"

"မှန်ပါဘုရား"

"အဲဒီလို တင်းမတိမ်နိုင်တဲ့အတွက် အပိုအမို အကြွေးယူကာ မတရားခံစားမှုအတွက် အပါယ်သွားပြီး ချမ်းသာသုခအကြွေးတွေကို ဆင်းရဲဒုက္ခနဲ့ မဆပ်ကြရဘူးလား"

"ဆပ်ကြရပါတယ်ဘုရား"

" ဝမ်းနည်းစရာ၊ ကြောက်စရာကြီးနော်"

"မှန်ပါဘုရား"

"အဲဒီလို ခံစားမှု ဝေဒယိတသုခ နှင့် မရောတဲ့သန္တိသုခ သဘောဟာ ရုပ်နာမ်သင်္ခါရတွေ ချုပ်ငြိမ်းတဲ့အတွက် အေးမြငြိမ်းချမ်းတဲ့သဘောပဲနော်"

"မှန်ပါဘုရား"

"ဥပမာနဲ့ ထင်ရှားအောင် ပြရရင် လောကီအာရုံ ကာမဂုဏ်တွေနဲ့ ပြည့်စုံလှတဲ့ သူဌေးတစ်ယောက် ရှိတယ်ဆိုကြပါစို့နော်"

" မှန်ပါ ဘုရား"

"အဲဒီ သူဌေးဟာ တစ်နေ့ အားရပါးရ အိပ်ပျော်နေတယ် ဆိုပါစို့နော်"

" မှန်ပါ ဘုရား"

" အဲဒီအချိန်မှာ အစေခံတွေက လောကီအာရုံ ကာမဂုဏ်များပြင်ဆင်ပြီး သူဌေးကို နှိုးတဲ့အခါ "အအိပ် ဖျက်ရမလား" လို့ မကြိမ်းဝါး မမောင်းမဲဘူးလား"

"ကြိမ်းဝါး မောင်းမဲပါမယ်ဘုရား"

"အဲဒီသူဌေး အိပ်နေစဉ် ခံစားမှု အထင်အရှား ရှိရဲ့လား"

"မရှိပါဘုရား"

" အေး... ခံစားမှု အထင်အရှား မရှိပါဘဲနဲ့ ငြိမ်းချမ်းစွာ အိပ်နေရမှုကိုပဲ ခံစားမှုချမ်းသာသုခတွေထက် မနှစ်သက်ဘူးလား"

"နှစ်သက်ပါတယ်ဘုရား"

" တချို့များ မစားဘဲတောင် မအိပ်ဘူးလား"

"အိပ်ပါတယ်ဘုရား"

"အင်း... အဲဒီလို ခံစားမှုမပါတဲ့ အိပ်ပျော်ခြင်းဆိုတဲ့ ချမ်းသာသုခကိုတောင်မှ "အိပ်လို့ ကောင်းလိုက်တာ" လို့ အမွှမ်းမတင်ကြဘူးလား"

"အမွှမ်းတင်ကြပါတယ်ဘုရား"

" အင်း . . . အဲဒါတောင် အမွှမ်းတင်ကြသေးရင် ရုပ်နာမ်အားလုံး ကင်းပြီးတော့ ငြိမ်းချမ်းခြင်း သန္တိသုခဟာ ဘယ်မျှလောက် မွန်မြတ်မလဲဆိုတာ မှန်းဆသာ ကြည့်ပေတော့နော်"

"မှန်ပါ ဘုရား"

"ဆက်ပြောရရင် အနာဂါမ်, ရဟန္တာ အရှင်မြတ်တို့ဟာ ဒီရုပ်နာမ်ခန္ဓာကြီးကို လေးလံလှတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကဲ့သို့ မှတ်ထင်တော်မူကြတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို မှတ်ထင်တော်မူကြတဲ့အတွက် ရုပ် နာမ်ခန္ဓာမှ ကင်းနိုင်သမျှ ကင်းအောင် နိရောဓသမာပတ် ဝင်စားတော်မူကြတာနော်"

"မှန်ပါ ဘုရား"

"အဲဒီ နိရောဓသမာပတ် ဝင်စားနေတဲ့အတွင်းမှာ ခံစားမှု လုံးဝမရှိဘူး၊ စိတ် စေတသိက်ဆိုတဲ့ နာမ်တရားနဲ့ အချို့ရုပ်တွေ အသစ်မဖြစ်ဘဲ ရုပ်စဲနေတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ရုပ်နာမ်အချို့တို့ ချုပ်ငြိမ်းနေခြင်းကိုပဲ အင်မတန် ချမ်းသာတဲ့ သုခကြီးလို့ သဘောရလို့ နိရောဓသမာပတ် ဝင်စားတော်မူကြတာပေါ့နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ အသညသတ်ပြဟ္မာ. အရူပပြဟ္မာတို့ရဲ့အဖြစ်သနစ်ကို စဉ်းစားပြန်ရင်လည်း သန္တိသုခရဲ့အေးမြချမ်းသာပုံဟာ ထင်ရှားပြန်တယ်နော်"

"မှန်ပါ ဘုရား"

"အသညသတ်ပြဟ္မာတွေမှာဆိုရင် နာမ်တရား မရှိဘူး၊ နာမ်တရားမရှိတော့ ခံစားမှု ရှိဦးမလား"

"ခံစားမှု မရှိတော့ပါဘုရား"

"အင်း... ခံစားမှု မရှိဘဲ ကမ္ဘာငါးရာခန့်မျှ နာမ်တရားတွေမှ အေးမြငြိမ်းချမ်းပြီးတော့ နေရတယ်နော်"

"မှန်ပါ ဘုရား"

"နောက် အရူပပြဟ္မာတွေမှာဆိုရင် ရုပ်တရားတို့မှ အေးမြငြိမ်းချမ်းပြီးတော့ နေတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အထက်ဆုံး အရူပပြဟ္မာ့သန္တာန်မှာ ဖြစ်ခွင့်ရှိနေတဲ့ နာမ်တရားတွေဟာ အလွန်တရာ နည်းပါးသွားပြီနော်"

"မှန်ပါ ဘုရား"

"ရဟန္တာဖြစ်ရင် မနောဒွါရာဝဇ္ဇန်းတစ်. နေဝသညာနာသညာယတနဝိပါက်တစ်. ကြိယာတစ်. အရဟတ္တဖိုလ်စိတ် တစ်လို့ ယှဉ်ဘက်စေတသိက်တွေနဲ့တကွ စိတ်ပေါင်း (၁၂) သာ ဖြစ်ခွင့်ရှိတော့တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီ (၁၂)စိတ်ကလည်း တစ်ခုစီသာ ဖြစ်နေတော့ အဲဒီ ရဟန္တာ ပြဟ္မာကြီးတွေမှာ အဲဒီစိတ်ကလေးတစ်ခု နောက်ထပ်မဖြစ်ရင် ရုပ်နာမ်အားလုံး ကင်းပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ရုပ်သိမ်းတဲ့အခါ သန္တိသုခခေါ်တဲ့ နိဗ္ဗာနဓာတ်တရားဟာ မုချဆတ်ဆတ် ထင်ရှားတော့မှာပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီ သန္တိသုခ နိဗ္ဗာန်ဓာတ်ကြီးဟာ အများဆိုင်ဘုံတရားလို တစ်ပါးတည်း မဟုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"ကိုယ့်နိဗ္ဗာန်နဲ့ကိုယ် အသီးသီးရှိကြတယ်လို့ မှတ်ထားနော်"

"မှန်ပါ ဘုရား"

"အဲဒါကြောင့် အရိယာ အရှင်မြတ်တို့ဟာ ခန္ဓာကိုယ်အထည်ဒြပ် ထင်ရှားရှိစဉ် မိမိတို့ နိဗ္ဗာန်ကို မိမိတို့ အာရုံပြုပြီး ဖလသမာပတ် ဝင်စားတော်မူကြတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ ဖလသမာပတ် ဝင်စားတဲ့အခိုက်မှာ နိဗ္ဗာန်ကို အာရုံမှန်းပြီး စိတ်တန်း၍ နေရခြင်းဟာပင် အင်မတန် ချမ်းသာကြတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ရှေးက နိဗ္ဗာန်ဝင်စံသွားကြတဲ့ ထေရာ. ထေရီ အလီလီတို့ဟာ ရွှေပြည်နိဗ္ဗာန် ဝင်စံကာနီးမှာ ဥဒါန်းကျူးကာ ကျူးကာနဲ့ ရုပ်နာမ် ခန္ဓာတွေကို အားရပါးရစွန့်ပစ်ခဲ့ကြတာဟာ ရုပ်နာမ်ကို အမြတ်တနိုး ခင်မင်နေကြတဲ့ ဒကာကြီးတို့လို ဦးပဉ္စင်းတို့လို ပုထုဇဉ်တွေအတွက် ရှက်ဖွယ်မကောင်းဘူးလား"

"ရှက်ဖွယ်ကောင်းပါတယ် ဘုရား"

"အဲဒါကြောင့် "ငါတို့သားအဘတစ်စု ပြင်ထိုင်ကြဦးစို့" လို့ ဆိုသလို သူတော်ကောင်းတွင် စာရင်းဝင်ကြတဲ့ ဒကာကြီးတို့လို ဦးပဉ္စင်းတို့လို ပုထုဇဉ်တစ်စုဟာ ရုပ်နာမ်သခါရအပေါ်မှာ တစ်မျိုးပြင်ပြီးတော့ ရှုဖို့ မကောင်းဘူးလား"

"ကောင်းပါတယ် ဘုရား"

"နိဗ္ဗာန်ရဲ့ ဥပသမ ဂုဏ်တော်ကို အာရုံမှန်းပြီး နိဗ္ဗာန်ရောက်ဖို့ လုပ်ငန်းကို ကြိုးပမ်းဖို့ မတော်ဘူးလား"

"ကြိုးပမ်းဖို့ တော်ပါတယ် ဘုရား"

"ကဲ ... ကြိုးစားပေတော့"

"ဦးတင်ပါတယ်ဘုရား"

"နတ်နှင့်တကွသော တစ်လောကလုံးသည် ရူပသဒ္ဒစသည့် အာရုံကာမဂုဏ်တွေကို ချမ်းသာဟု သမုတ်အပ်ကုန်ပြီ၊ နိဗ္ဗာန်၌ ယင်း ရူပသဒ္ဒ စသည့် အာရုံကာမဂုဏ်တွေ ချုပ်ငြိမ်းကုန်၏။ ထိုနိဗ္ဗာန်ကို ထိုပုထုဇဉ်တို့သည် ဆင်းရဲဒုက္ခဟု သမုတ်အပ်လေ၏"

"ခန္ဓာငါးပါးအပေါင်း၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို အရိယာပုဂ္ဂိုလ်တို့သည် ဉာဏ်ဖြင့် သိမြင်အပ်ပေပြီ။ ဤနိဗ္ဗာန်ကို မြင်သည့် သူတော်ကောင်းတို့မှာ တစ်လောကလုံးနှင့် ဆန့်ကျင်ဘက်အနေ ဖြစ်ရလေတော့၏"

✦ နိဗ္ဗာန်စကား၊ ပြောသူများ၊ ကြိုးစားတရားရှာ။

✦ တရားရှာလျှင်၊ နိဗ္ဗာန်ခွင်၊ လျင်လျင်ဝင်မည်သာ။

✦ နိဗ္ဗာန်ရောက်က၊ နိဗ္ဗာန၊ သိရမှန်သေချာ။

✦ နိဗ္ဗာန်သိက၊ မငြင်းရ၊ အေးမြချမ်းသာမှာ။

# ဘိန်းဖြူထက် ချမ်းသာတယ်

## (၇၉)

ဆယ်ရက်စခန်း တရားပြစဉ် တစ်ချိန်က ဖြစ်ခဲ့၏။ မိမိ၏ တရားပြရာ ဌာနသို့ လူငယ်တစ်ယောက် ရောက်လာသည်။ မျက်နှာမှာ မသာယာလှ၊ မရွှင်ပျလှပေ။ ကြည့်ရသည်မှာ စက်ရုပ်ပမာ ဖြစ်နေသည်။ တစ်စုံတစ်ယောက်က တိုက်တွန်းလို့ မလာချင်ဘဲနဲ့ လာခဲ့ရဟန် ရှိ၏။ အိပ်ရာလိပ်ကလေး ချကာ မိမိအား ရှိခိုးပြီး ထိုင်သည်။ သို့နှင့် မိမိသည် မေးကြည့်သည်။

"မင်း ဘယ်ကလဲ"

"တပည့်တော်က (...)က (...)၏ သားပါဘုရား"

"ြော် ...ြော် ..."

မိမိမှာ ြော် ...ြော် ဟုသာ ြော်ရတော့၏။ သူ့အမေမှာ မိမိရဲ့ယောဂီဒကာမကြီး ဖြစ်၏။ ရင်းနှီး၏။ သူ့ကိုမူ မမြင်ဖူးချေ။ ခုမှ မြင်ရ သိရ၍ ြော် ...ြော်ဟုသာ ြော်ရ၏။

"နို့ ...မင်း ဘာကိစ္စနဲ့ လာတာလဲ"

"တရားအားထုတ်ရအောင် လာတာပါဘုရား"

"ဟင် ...တရားအားထုတ်ရအောင် ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"တရားနာတာလည်း မမြင်ပါလား"

"မှန်ပါ၊ တပည့်တော် တရားပွဲလည်း မလာပါဘုရား"

မိမိမှာ ဆယ်ရက်စခန်း တရားမပြမီ တရားငါးညမျှ ဟောသေး၏။ ယင်းတရားပွဲတွင် သူ့အား မတွေ့ရပေ။ သို့ကြောင့် မေးခြင်းဖြစ်၏။

"နို့ ...တရားမနာဘဲနဲ့ ဘာစိတ်ကူးပေါက်လို့ လာပြီး တရားအားထုတ်တာလဲ"

"အမေက အတင်းတိုက်တွန်းလို့ လာခဲ့ပါတယ်ဘုရား"

"ဒီလိုဆိုတော့ မလာချင်ဘဲနဲ့ လာခဲ့တာပေါ့နော်"

"မှန်ပါ ဘုရား"

"မင်းအမေက ဘယ်နရက် အားထုတ်နိုင်းလဲ"

"ဆယ်ရက် အားထုတ်နိုင်းပါတယ်ဘုရား"

"မင်းကကော အားထုတ်မှာလား"

"မှန်ပါ အားထုတ်ပါမယ်ဘုရား"

သို့နှင့် အားထုတ်ပုံ အားထုတ်နည်း အလုပ်ပေး ကြိုးခွေကို ဖွင့်ပြသည်။

"အဲဒီတရား သေသေချာချာ နာနော်၊ မသိရင် မရှင်းရင်လည်း ငါ့ကိုမေးနော်"

"မှန်ပါ ဘုရား"

သူငယ်သည် စူးစိုက်စွာပင် ကြိုးခွေတရားကို နာယူနေသည်။ စိတ်ဝင်စားပုံလည်း ရသည်။ ကြိုးခွေလည်း ဆုံးသွားပြီ၊ မျက်နှာနေ မျက်နှာထားလည်း ပြောင်းသွားသည်။

"ဘယ့်နယ်လည်း၊ အားထုတ်ပုံ အားထုတ်နည်း သဘောပေါက်ရဲ့လား"

"မှန်ပါ သဘောပေါက်ပါတယ်ဘုရား"

"အေး... သဘောပေါက်ရင် အားထုတ်ပေါ့၊ မင်း တစ်နေ့ တစ်နေ့ နံနက်တစ်နာရီ, နေ့တစ်နာရီပဲ အားထုတ်၊ သုံးရက်ပဲ အားထုတ်နော်၊ သုံးရက်မှ မထူးခြားရင် မင်းပြန်နိုင်တယ်၊ မင်းအမေ ဘာပြောပြော ငါက ပြန်လွှတ်လို့သာ ပြောနော်"

"မှန်ပါ့ ဘုရား"

"အဲဒီသုံးရက်တော့ တစ်နေ့ နှစ်နာရီနော်၊ ခုနက ကြိုးခွေထဲကအတိုင်း အားထုတ်ပါ၊ ယုံယုံ, မယုံယုံ စမ်းတဲ့သဘောပေါ့နော်"

"မှန်ပါ ဘုရား"

"ဒို့ မြန်မာပြည်က မြန်မာတွေ အချို့ပေါ့နော်"

"မှန်ပါ ဘုရား"

"ကိုယ်တိုင်လည်း စူးစမ်းလေ့လာ အားထုတ်ကြခြင်း မရှိဘဲနဲ့ မယုံဘူးလေး ဘာလေးနဲ့ သူများယောင်တိုင်း ယောင်နေကြတယ်၊ ဒါကတော့ မကောင်းဘူးနော်"

"မှန်ပါ ဘုရား"

"အားထုတ်ကြည့်ပေါ့၊ သုံးရက်၊ ခုနစ်ရက်၊ ဆယ်ရက် စသည် ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"မထူးခြားတော့ ပြောပေါ့"

"မှန်ပါ ဘုရား"

"ခုတော့ အရမ်းမဲ့ သက်သက် မယုံဘူးဆိုတာတော့ မိုက်လွန်း, ရမ်းလွန်းတယ်လို့ ငါက ဆိုချင်တယ်၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဘုရား"

"အဲဒီအထဲ မင်းလည်း ပါမလားမသိဘူး"

"မှန်ပါ၊ ပါပါတယ်ဘုရား"

"အင်း...ဟုတ်ပြီ"

"တပည့်တော်က ဘီအက်(စ်)စီ ဘွဲ့ရဆိုတော့ သိပ္ပံသန်ပါတယ် ဘုရား"

"အေး...မင်းတို့က အပြင်ဓာတ်တွေတော့ အမျိုးမျိုးစမ်းသပ်ပြီး အထင်ကြီးနေတယ်၊ မွေးကတည်းက ပါလာတဲ့ ခန္ဓာကိုယ်က ဓာတ်တွေတော့ စမ်းသပ်မကြည့်ဘူး မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အေး...အဲဒါကြောင့် ခက်တာပေါ့၊ ကိုယ်တွင်းဓာတ် ကြည့်ပြီးမှ အပြင်ဓာတ် ကြည့်ဖို့ကောင်းတာ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"တို့ ဘုရားရှင်ဟာ ခန္ဓာကိုယ်တွင်းဓာတ်တွေကိုကြည့်ပြီးတော့မှ အပြင်ဓာတ်တွေကြည့်တယ်၊ အတွင်းအပြင်ဓာတ် သဘောအားလုံးကို သဘောပေါက်တယ်၊ လောကအကြောင်း အကုန်အစင် သိသွားတယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"ဘုရားဂုဏ်တော် ကိုးပါးထဲမှာ "လောကဝိဒူဂုဏ်တော်" ဆိုတာ လောကအကြောင်း သိတဲ့ ဂုဏ်တော်ပေါ့"

"မှန်ပါ ဘုရား"

"မင်းတို့တစ်တွေ တို့တစ်တွေက အဲဒီဘုရားရှင်ရဲ့ဝါဒကို လက်ခံယုံကြည်တဲ့ အသိုင်းအဝိုင်းထဲမှာ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ဟုတ်တော့ ကိုယ့်ဘုရားရှင်ရဲ့ဝါဒအကြောင်းကို ဟုတ်. မဟုတ်၊ မှန်. မမှန် သိအောင် သုံးရက် ခုနစ်ရက် ဆယ်ရက်လောက် စမ်းသပ်မကြည့်သင့်ဘူးလား"

"စမ်းသပ်ကြည့်သင့်ပါတယ် ဘုရား"

"ကဲ...ဒါဖြင့် သွားပြီးတော့၊ ခုနက နာထားတဲ့အတိုင်း စမ်းသပ်ပေတော့နော်"

"မှန်ပါ ဘုရား"

"အကြောင်းထူးရင်လည်း ထူးသလိုပြောနော်၊ မေးနော်၊ ဘာမှ အားမနာနဲ့၊ မကြောက်နဲ့နော်"

လူငယ်သည် ယောဂီကြီးငယ်တစ်စုနှင့်အတူ စမ်းသပ်ကြည့်ရှု အားထုတ်နေလေပြီ။ မိမိသည် တစေ့တစောင်းကြည့်ရှုသည်။ တကယ်ပင် အားထုတ်နေသည်ကို တွေ့ရသည်။ ညနေ တရားစစ်မေးချိန်သို့ ရောက်ပြီ၊ မိမိသည် လူငယ်အား မေးသည်။

"ဘယ့်နယ်လဲ အားထုတ်ရတာ"

"တပည့်တော် အားမထုတ်ခင်က သူများတွေ အားထုတ်တာတွေ မြင်ရတွေ့ရတော့ အဓိပ္ပာယ်မရှိ လုပ်နေကြတယ်၊ ခန္ဓာကိုယ် အပင်ပန်းရှာတယ်လို့ ထင်မိပါတယ်ဘုရား"

"ခုအားထုတ်ကြည့်တော့ ဘယ်လိုထင်လဲ"

"ကိုယ်တိုင်အားထုတ်ကြည့်တော့ အဓိပ္ပာယ်သိပ်ရှိပါတယ် ဘုရား၊ ကိုယ့်အကြောင်းကိုယ်လေ့လာရတာ စိတ်ဝင်စားစရာပါ ဘုရား"

"စိတ်လည်း ဝင်စားရဲ့လား"

"ဝင်စားပါတယ် ဘုရား"

"ပင်ပန်းသေးလား၊ ခန္ဓာကိုယ် ပင်ပန်းရှာတယ်လို့ ထင်သေးလား"

"မပင်ပန်းပါဘုရား၊ ခန္ဓာကိုယ် ပင်ပန်းရာတယ်လို့လည်း မထင်ပါဘုရား"

"ခန္ဓာအကြောင်း လေ့လာတော့ သိပ္ပံပညာနဲ့ ဘယ်နှယ့်လဲ"

"တစ်မျိုးစီပါ ဘုရား"

"အေး…တို့ဗုဒ္ဓဝါဒက ယုတ္တိတန်ပြီး လက်တွေ့ဆန်တဲ့ ကောင်းကျိုးကိုသာ ညွှန်ကြားတဲ့ဝါဒနော်"

"မှန်ပါ ဘုရား"

"ဒီတော့ မင်းအားထုတ်လို့ တွေ့သိရချက်တွေကို ယုတ္တိတန်.မတန်၊ လက်တွေ့.ဆန်.မဆန်၊ ကောင်းကျိုး ရှိ.မရှိ ကြည့်ရှုသုံးသပ်ဆင်ခြင်နော်"

"မှန်ပါ ဘုရား"

"တို့ဗုဒ္ဓက ကိုယ်တိုင်အားထုတ်ပြီးတော့မှ လောကတွင် ရှိနေ ဖြစ်နေတဲ့ သဘာဝတွေကို အကြောင်းအကျိုး ခွဲခြား ညွှန်ပြခဲ့တယ်၊ ဒီတော့ ရှုမှားတွေ့သိရချက်တွေကို ကြောင်းကျိုး ခွဲလည်းကြည့်နော်"

"မှန်ပါ ဘုရား"

"ကျိုးကြောင်း ယုတ္တိတန်.မတန်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

ယင်းသို့စသည်ဖြင့် စစ်ဆေး၍ တစ်နေ့ဟာပြီးသွားသည်။ နောက်တစ်နေ့သို့ရောက်လာပြန်သည်။ သူ့ငယ်က အသွင် အပြင်သည် ရွှင်လန်းလာသည်။ သို့နှင့် မိမိသည် သူ့အားပင် အလျင်မေးသည်။

"ကဲ…ပြောစမ်းပါဦး၊ ဘယ်လိုလဲ"

"တပည့်တော် နဂိုက ဗုဒ္ဓဝါဒကို အထင်မကြီးပါဘုရား"

"ခုတော့ အထင်ကြီးသွားပြီလား"

"မှန်ပါတယ် ဘုရား"

"နဂိုက သိပ္ပံသမားဆိုတော့ သိပ္ပံအထင်ကြီးတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ကဲ…ခု ဘယ်လိုတွေ့လို့ သိလို့ ဗုဒ္ဓဝါဒကို အထင်ကြီးသွားတာလဲ"

"တပည့်တော် ဝါယောဓာတ်ရဲ့တွန်းသဘောကို ရှုနေရင်းနဲ့ နှာခေါင်းထဲက တစ်ခါတွန်း တစ်ခါထွက်တဲ့ ဝါယောဓာတ် သဘောကို ဉာဏ်နဲ့မြင်တော့ ဗုဒ္ဓဝါဒကို အထင်ကြီးသွားပါတယ် ဘုရား"

"အင်း"

"တပည့်တော်တို့ နေ့စဉ်ပဲ အသက်ရှူနေပါရက်ကနဲ့ ဒီအသက်လို့ခေါ်တဲ့ ဝါယောဓာတ်သဘောကို မသိရပါဘုရား"

"အင်း"

"ယခု သိရတဲ့အသိရဲ့အဆင့်အတန်းအထိကိုပဲ သိပ္ပံပညာ လိုက်မမီနိုင်ပါဘုရား"

"အင်း"

"သမာဓိ မရသေးခင်က ဝါယောဓာတ်ရဲ့တွန်းသဘောဟာ မထင်ရှားဘူးလိုလိုနဲ့ သမာဓိရလာတော့ တွန်းသဘော ဟာ ထင်ရှားလွန်းလို့ အခံရတောင် ခက်ပါတယ်ဘုရား"

"အင်း"

"ညာဏ်အမြင်မှာလည်း တစ်ချိန်နဲ့တစ်ချိန် ပြောင်းပြောင်းသွားတော့ ဝါယောသဘော အဆင့်ဆင့် ပြောင်းပြောင်းသွားတာလည်း မြင်ရပါတယ်ဘုရား"

" ဒီမှာ သိရမှာက ညာဏ်အမြင်ပြောင်းလို့ ဝါယောသဘော ပြောင်းသွားတာလား၊ ဝါယောသဘော ပြောင်းသွားလို့ ညာဏ်အမြင် ပြောင်းတာလား၊ အဲဒါ သိရမယ်နော်"

"မှန်ပါ သိပါတယ်ဘုရား၊ ဝါယောသဘောကတော့ သူ့သဘောအတိုင်း သူဆောင်နေပါတယ်၊ တပည့်တော်ညာဏ်အမြင်ပြောင်းတော့ အမျိုးမျိုး အကြမ်း အနု. အကြီး အသေး စသည်လို့ သိရပါတယ်ဘုရား"

"အင်း"

"ဒီတော့မှ သိပ္ပံပညာက စမ်းသပ်ရတဲ့ ဓာတ်တွေထက် နူးညံ့သိမ်မွေ့တဲ့ ဓာတ်တွေကို သိရပါလားဆိုပြီး သိပ္ပံပညာထက် ဗုဒ္ဓဝါဒ အထင်ကြီးသွားပါတယ်ဘုရား"

"အင်း...ဒါက သဘာဝပဲ၊ ပညာဆိုတာ ကိုယ်တတ်ထားတဲ့ ပညာကို ကိုယ်အထင်ကြီးမြဲပဲ၊ သူများပညာ အထင်သေးမြဲပဲ၊ ကောင်းတာက ကိုယ့်ပညာကိုယ် အထင်ကြီးချင်လည်း ကြီးပေါ့၊ သူများပညာ အထင်မသေးတာ ကောင်းတယ်"

"မှန်ပါ ဘုရား"

"စမ်းသပ်ပြီးမှ မဟုတ်လို့ အထင်သေးတာက တော်သေးတယ်၊ မစမ်းသပ်ဘဲနဲ့ အထင်သေးတာ ပိုဆိုးပါတယ်"

"မှန်ပါ ဘုရား၊ ဗုဒ္ဓဝါဒ စမ်းသပ်ပုံနဲ့ သိပ္ပံ စမ်းသပ်ပုံဟာလည်း မတူပါဘူးဘုရား"

"ဒီလိုဆိုတော့ ဗုဒ္ဓဝါဒနဲ့ သိပ္ပံပညာဟာ ထပ်တူ မတူဘူးပေါ့နော်"

"မှန်ပါ မတူပါဘုရား"

"အင်းပေါ့၊ ဗုဒ္ဓဝါဒဟာ သိပ္ပံပညာနဲ့ တူပါတယ်ဆိုရင် ဗုဒ္ဓဝါဒဟာ အောက်တန်းကျသွားမှာပေါ့နော်"

"မှန်ပါ ဘုရား"

"သိပ္ပံပညာက စမ်းသပ်မတွေ့နိုင်တာတွေကို ဗုဒ္ဓဝါဒက တွေ့တယ်ဆိုတော့ သိပ္ပံပညာထက် ဗုဒ္ဓဝါဒက သာတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

ယင်းသို့ စသည် စစ်မေးရင်းနဲ့ တစ်နေ့တာ ပြီးသွားပြန်သည်။ နောက်တစ်နေ့သို့ ရောက်လာသည်။ လူငယ်မှာ ရွှင်ရွှင်ပျပျ ဖျတ်ဖျတ်လတ်လတ် ရှိလာသည်။ သို့နှင့် မိမိက မေးသည်။

"ဘယ့်နယ်လဲ ဒီကနေ့ အားထုတ်ရတာ"

"မှန်ပါ၊ ထူးပါတယ်ဘုရား၊ ဒီကနေ့ ချမ်းသာ သဘောပေါက်ပါတယ်ဘုရား"

"ဘယ်လိုပေါက်သလဲ"

"တပည့်တော် မေမေတို့ တရားအားထုတ်တော့ တပည့်တော် သိပ်ပြီးတော့ အပြစ်ပြောတာပဲဘုရား"

"ဘယ်လိုပြောသလဲ"

"ဆင်းရဲမရှိ ဆင်းရဲရှာတယ်၊ ဒုက္ခမရှိ ဒုက္ခရှာတယ်၊ သက်သက် ဒုက္ခရောက်အောင် လုပ်တယ်နဲ့ ပြောပါတယ်ဘုရား"

"ခုတော့ ဘယ့်နယ်လဲ"

"ခုတော့ တပည့်တော်တို့ ခံစားဖူးတဲ့ ချမ်းသာမျိုးစုံထက် ဒီတရားအားထုတ်လို့ ရတဲ့ချမ်းသာက သာပါတယ်ဘုရား"

"အင်း"

"တပည့်တော်ဟာ လူငယ်ပေမဲ့ တော်တော်ပွေခဲ့ပါတယ်၊ လောကထဲမှာ ချမ်းသာပါတယ်၊ ကောင်းပါတယ်ဆိုတဲ့ ချမ်းသာတွေ စုံအောင်ခံစားဖူးပါတယ် ဘုရား"

"အင်း"

"အဲဒီချမ်းသာအားလုံးဟာ ဒီတရားအားထုတ်လို့ရတဲ့ ချမ်းသာကို မမီပါဘူးဘုရား"

"အင်း"

"ဘိန်းဖြူချမ်းသာထက်လည်း ချမ်းသာတယ်ဘုရား"

"အင်း . . . မင်းက တယ်စုံတာကိုး၊ ပြောစမ်းပါဦး၊ ဘိန်းဖြူအကြောင်း"

"ဘိန်းဖြူရှူပြီး ခွေနေရတာ သိပ်ချမ်းသာတယ်ဘုရား၊ ခွေနေတော့ ကိုယ့်အသားချင်း ကိုယ်ထိနေတာကိုပဲ ချမ်းသာပါတယ်ဘုရား"

"အင်း"

"ဒါကြောင့် ဘိန်းဖြူရှူတဲ့ မိန်းကလေးတွေ ပျက်စီးတာပေါ့၊ အသားချင်း ထိနေရတာ ချမ်းသာတာကိုးဘုရား"

"အင်း"

"ယခု တရားအားထုတ်လို့ရတဲ့ ချမ်းသာက အဲဒီချမ်းသာနဲ့လည်း မတူဘူးဘုရား၊ တစ်မျိုးပဲ၊ ဘယ်လိုပြောရမလဲ မသိပါဘုရား"

"အင်း"

"ခုတော့မှ မေမေတို့ ဒါကြောင့် တရားအားထုတ်တာကိုးလို့ သိပါတယ်ဘုရား"

"တရားအားထုတ်လို့ ရတဲ့ ချမ်းသာက ငြိမ်းအေးတယ်၊ ငြိမ်သက်တယ်"

"မှန်ပါဘုရား၊ ဟုတ်ပါတယ်၊ ဟိုတပည့်တော်တို့ ခံစားရတဲ့ ချမ်းသာတွေက ဒီချမ်းသာနဲ့ ယှဉ်ကြည့်မှ ပူပန်မှန်းသိပါတယ်ဘုရား၊ မငြိမ်းအေး - မငြိမ်သက်ပါဘုရား"

"ချမ်းသာတွေက အမျိုးမျိုးရှိတယ်"

"ဘယ်လိုပါလဲဘုရား"

"လောကီနယ်ထဲမှာ အချမ်းသာဆုံးက ကာမချမ်းသာပဲပေါ့၊ မင်းခံစားရတယ်ဆိုတာ အဲဒီကာမ ချမ်းသာတွေပေါ့၊ ချမ်းသာစရာ အာရုံနဲ့ တွေ့ထိရ၊ ပေါင်းဆုံရမှ ချမ်းသာတဲ့ ချမ်းသာတွေပေါ့"

"မှန်ပါ ဘုရား"

"ဒီတော့ ဒီအာရုံအတွက် ရှာရ ဖွေရ၊ သိမ်းဆည်းရ၊ ပြုပြင်ရနဲ့ ဒုက္ခတွေ မများဘူးလား"

"များပါတယ်ဘုရား"

"ခံစားစဉ်ကလည်း မပူရဘူးလား"

"ပူရပါတယ်ဘုရား"

"ကြောင့်ကြလည်း မစိုက်ရဘူးလား"

"စိုက်ရပါတယ်ဘုရား"

"ကဲ . . . အဲဒီအထဲမှာ ချမ်းသာရှာကြည့်စမ်း၊ ဘယ်ဟာ ချမ်းသာလဲ"

"မှန်ပါ၊ တကယ်တော့ ချမ်းသာဟာ မရှိသလောက်ပါဘုရား"

"အဲဒီချမ်းသာထက် ချမ်းသာတဲ့ ချမ်းသာက ဘာလဲဆိုတော့ "ဈာနသုခ = ဈာန်ချမ်းသာ" ပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီဈာန်ချမ်းသာထက် ချမ်းသာတဲ့ ချမ်းသာက ဘာလဲဆိုတော့ "မဂ်ချမ်းသာ" နော်"

"မှန်ပါ ဘုရား"

"နောက် "ဖိုလ်ချမ်းသာ" နော်"

"မှန်ပါ ဘုရား"

"နောက် "နိဗ္ဗာန်ချမ်းသာ" လို့ ချမ်းသာတွေ အဆင့်ဆင့် မရှိဘူးလား"

"ရှိပါတယ် ဘုရား"

"အေး . . . မင်းယခု တရားအားထုတ်လို့ရတယ်ဆိုတဲ့ ချမ်းသာဟာ တကယ်တော့ အဲဒီ ဈာန်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတွေတောင် မဟုတ်သေးပါဘူး"

"အမယ်လေးဘုရား၊ အဲဒီချမ်းသာတောင် ဒီလောက်ချမ်းသာရင် ဟိုချမ်းသာတွေဆိုရင် ပြောစရာ ဘယ်ရှိတော့မလဲ ဘုရား"

"အင်းပေါ့၊ ဒါကြောင့် တကယ့်ပညာရှိ သူတော်ကောင်းတွေဟာ လောကီစည်းစိမ်တွေ ပယ်စွန့်ပြီး ဒီချမ်းသာတွေ ရှာကာ နိဗ္ဗာန်စံဝင်ကြတာပေါ့"

"တပည့်တော်လည်း ယခုသုံးရက်ရှိပါပြီ၊ ထူးလည်းထူးခြားပါတယ်၊ အိမ်မပြန်တော့ပါ၊ ဆယ်ရက်ပြည့်အောင်ပဲ အားထုတ်ပါမယ်ဘုရား"

"အင်းပေါ့၊ ဗုဒ္ဓဘာသာဆိုပြီး နိဗ္ဗာန်လည်း လိုချင်သေး ဒီလောက်တော့ အားထုတ်မှပေါ့"

"မှန်ပါ ဘုရား"

✦ ဗုဒ္ဓဘုရား၊ ယုံကြည်ငြား၊ တရားစမ်းကြည့်ပါ။

✦ မစမ်းကြည့်ဘဲ၊ ယုံကြည်လွဲ၊ ကျိုးနည်းကြလိမ့်မှာ။

✦ ကျိုးမနည်းရန်၊ ရှုအားသန်၊ ဖန်ဖန်ပွားကြပါ။

✦ ဖန်ဖန်ပွားက၊ အကျိုးရ၊ ဓမ္မယုံကြည်မှာ။

# စရိုက်ဆိုတာ ဘာတွေပါလဲ

## (၁၀)

ဤလောကအတွင်း၌ သိစရာတွေကား များပြားလှ၏။ ယင်းသိစရာများကို သိအောင် လေ့လာသူများလည်း ရှိ၏။ သိစရာများကို ကိုယ်နှင့်မဆိုင်သလို ဘေးဖယ်ထားကာ အလိုက်သင့်နေသူများလည်း ရှိ၏။ သိစရာများကို ကိုယ်နှင့်ဆိုင်သည်ဟု ယူဆသော်လည်း သိအောင် လေ့လာရမှာ ခက်၍ လက်လျှော့နေသူများလည်း ရှိ၏။ သိသင့်သလောက် သိပါက မသိတာနှင့် စာလျှင် တော်သေးသည်ဟု သဘောပေါက်ကာ လေ့လာသူများလည်း ရှိ၏။ ယင်းသို့ စသည်ဖြင့် ပုဂ္ဂိုလ်အမျိုးမျိုး ရှိ၏။

တစ်နေ့ မိမိထံသို့ ပုဂ္ဂိုလ်တစ်ယောက် ရောက်လာကာ ဦးချပြီး လျှောက်ထားသည်။

"အရှင်ဘုရား၊ တရားအားထုတ်ရာ၌ စရိုက် သိရမယ်လို့ ဆိုကြပါတယ်၊ အဲဒီ စရိုက်ဆိုတာ ဘာတွေပါလဲဘုရား"

"စရိုက်ဆိုတာ ဘာတွေလဲဆိုတော့ -

စရိုက် ၆ ပါး

၁။ ရာဂ စရိုက်

၂။ သဒ္ဓါ စရိုက်

၃။ ဒေါသ စရိုက်

၄။ ပညာ စရိုက်

၅။ မောဟစရိုက်

၆။ ဝိတက် စရိုက်

စတဲ့ အဲဒီ ခြောက်ပါးတို့ပဲ၊ အဲဒီ ခြောက်ပါးကို စရိုက်ခြောက်ပါးလို့ ခေါ်တယ်"

" စရိုက်သဘော လင်းပါဦးဘုရား"

"ဟင် ... ဒကာကြီးဥစ္စာက မီးခိုးကြွက်လျှောက်ပါလား၊ ဘယ်ဆုံးတော့မလဲ"

"ဆုံးပါတယ်ဘုရား၊ လင်းပါဦး"

"ပင်ကိုယ်ရိုးရာ သူ့တကာ ဖြစ်နေကျထက် လွန်ကဲပိုမိုပြီး အဖြစ်များခြင်းကို စရိုက်လို့ ခေါ်တယ်"

"မှန်ပါ ဘုရား"

"ဆိုပါတော့၊ ရာဂစရိုက် ရှိသူဟာ ဒေါသ. မောဟ ဖြစ်လောက်တဲ့ အာရုံမျိုးမှာ မဖြစ်အောင် ချုပ်တည်းနိုင်ပေမဲ့ ရာဂဖြစ်လောက်တဲ့ အာရုံကျတော့ ချုပ်တည်းနိုင်ပါ့မလား"

"မချုပ်တည်းနိုင်ပါ ဘုရား"

"အဲဒီလိုပဲ၊ ဒေါသစရိုက်ရှိသူဟာ ရာဂ. မောဟ ဖြစ်လောက်တဲ့ အာရုံမျိုးမှာ မဖြစ်အောင် ချုပ်တည်းနိုင်ပေမဲ့ ဒေါသ ဖြစ်လောက်တဲ့ အာရုံကျတော့ ချုပ်တည်းနိုင်ပါ့မလား"

"မချုပ်တည်းနိုင်ပါ ဘုရား"

"မောဟစရိုက်ရှိသူလည်း ရာဂ. ဒေါသ ဖြစ်လောက်တဲ့ အာရုံမျိုးမှာ မဖြစ်အောင် ချုပ်တည်းထားနိုင်ပေမဲ့ မောဟ ဖြစ်လောက်တဲ့ အာရုံကျတော့ ချုပ်တည်းနိုင်ပါ့မလား"

"မချုပ်တည်းနိုင်ပါ ဘုရား"

"အခြားစရိုက်များလည်း အဲဒီအတူပဲသိနော်"

"မှန်ပါ ဘုရား"

"စင်စစ်တော့ စရိုက်ဆိုတာ မပြတ်မလပ် ဖြစ်ခြင်းသဘောပဲနော်"

"မှန်ပါ ဘုရား"

"အဲဒီ စရိုက်တွေဟာ သတ္တဝါတစ်ယောက်မှာ တစ်မျိုးကျစီသာ ရှိတာမဟုတ်ဘူး၊ တချို့မှာ ဘယ်စရိုက်ရယ်လို့ အထင်အရှား မရှိဘူးနော်"

"မှန်ပါ ဘုရား"

"တချို့ကျတော့လည်း နှစ်မျိုး သုံးမျိုး စသည်ဖြင့် အရောရော အနှောနှော ရှိတယ်နော်"

"မှန်ပါ ဘုရား"

"ဒီတော့ စရိုက်သိဖို့ မခက်ဘူးလား"

"ခက်ပါတယ် ဘုရား"

"သူတစ်ပါးစိတ် သိတတ်တဲ့ ပရစိတ္တဝိဇာနနအဘိညာဉ်မရရင်တော့ သူတစ်ပါးစရိုက်ကို သိဖို့လွယ်ပါ့မလား"

"မလွယ်ပါ ဘုရား"

"ခန့်မှန်းနိုင်တဲ့ အချက်တွေတော့ ရှိပါတယ်"

"အမိန့်ရှိပါဦး ဘုရား"

"စဉ်းစားကြည့်ရှု သတိပြုပြီး အကဲခတ်ရင် "မည်သည့်စရိုက် ရှိသူ" လို့ ခန့်မှန်းနိုင်တဲ့ အချက်တွေကား -

၁။ အသွားအလာ အနေအထိုင် ဣရိယာပုတ်

၂။ ထိုထိုကိစ္စတွေမှာ ကျန - မကျန

၃။ နှစ်သက်တတ်တဲ့ အစာအာဟာရ

၄။ ရူပသဒ္ဒ စတဲ့ အာရုံ၌ ကြည့်ရှုနားထောင်ပုံ စသည်

၅။ ကုသိုလ်. အကုသိုလ်အရာဝယ် များစွာဖြစ်လေ့ရှိတဲ့ "ကိုယ်ကျင့်တရား"

လို့ အဲဒီအချက်တွေနဲ့ စဉ်းစားကြည့်ရှုသတိပြုပြီး အကဲခတ်ရင် "မည်သည့်စရိုက်ရှိသူ" လို့ ခန့်မှန်းနိုင်ပါတယ်နော်"

"မှန်ပါ ဘုရား"

"အတိအကျကတော့ ဘုရားမှ သိမှာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ကဲ…စရိုက်ခြောက်ပါး သူ့အတွဲနဲ့သူ နီးစပ်ရာ ပြောရရင် -

## ရာဂစရိုက် ရှိသူဟာ

၁။ ဣရိယာပုတ်အားဖြင့် အသွားအလာ အနေအထိုင် ယဉ်ကျေးပျပ်ဝပ် လျှောက်ပတ်စမွယ် တင့်တယ်တယ်။

၂။ ကိစ္စအားဖြင့် တံမြက်လှည်းမှု၊ အဝတ်ဖွပ်လျှော်မှု၊ ဆိုးမှု၊ ဝတ်စားတန်ဆာ ဆင်ယင်မှုတွေမှာ ကျနသေသပ်တယ်။

၃။ ဘောဇဉ်အားဖြင့် အချို၊ အဆိမ့်၊ အမွှေးအကြိုင်၊ ပြန့်လိုင်နူးညံ့တဲ့ ဘောဇဉ်တွေကို နှစ်သက်တတ်တယ်။

၄။ ကြည့်ရှုနားထောင်ပုံ စသည်အားဖြင့် အတော်အတန် လှပသာယာတဲ့ အဆင်းအသံနဲ့ တွေ့ကြုံရင် မခွာချင်အောင်ဖြစ်တတ်တယ်။

၅။ ကုသိုလ်, အကုသိုလ်အရာဝယ် များစွာဖြစ်လေ့ရှိတဲ့ ကိုယ်ကျင့်တရားအားဖြင့် ဆိုရင် ပရိယာယ် မာယာများတယ်၊ ကောက်ကျစ်စဉ်းလဲမှု သာဌေယျပေါတယ်၊ မာနကြီးတယ်၊ လောဘရမက် ကြီးတယ်တဲ့။

## သဒ္ဓါစရိုက် ရှိသူဟာ

၁။ ဣရိယာပုတ်အားဖြင့် အသွားအလာ အနေအထိုင် ယဉ်ကျေးပျပ်ဝပ် လျှောက်ပတ်စမွယ် တင့်တယ်တယ်။

၂။ ကိစ္စအားဖြင့် တံမြက်လှည်းမှု၊ အဝတ်ဖွပ်လျှော်မှု၊ ဆိုးမှု၊ ဝတ်စားတန်ဆာ ဆင်ယင်မှုတွေမှာ ကျနသေသပ်တယ်။

၃။ ဘောဇဉ်အားဖြင့် အချို၊ အဆိမ့်၊ အမွှေးအကြိုင်၊ ပြန့်လိုင်နူးညံ့တဲ့ ဘောဇဉ်တွေကို နှစ်သက်တတ်တယ်။

၄။ ကြည့်ရှုနားထောင်ပုံ စသည်အားဖြင့် အတော်အတန် လှပသာယာတဲ့ အဆင်းအသံနဲ့ တွေ့ကြုံရင် မခွာချင်အောင်ဖြစ်တတ်တယ်။

၅။ ကုသိုလ်, အကုသိုလ်အရာဝယ် များစွာဖြစ်လေ့ရှိတဲ့ ကိုယ်ကျင့်တရားအားဖြင့် ဆိုရင် မာယာစတဲ့ အကုသိုလ်များဖြစ်လေ့ မရှိဘဲ ကြည်လင်ရွှင်လန်းစွာ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ ရှိတယ်၊ ရဟန်းသံဃာကောင်း ဝတ်ကျောင်း ဘုရားကို ကိုးကွယ်ကာ တရားဒေသနာများကို နာယူမှတ်သားလေ့ရှိတယ်တဲ့"တဲ့။

"ရာဂ သဒ္ဓါ တချို့တွေ တူနေပါလားဘုရား"

"အင်း…အထက်ပိုင်းလေးချက် တူတယ်၊ စရိုက်ရောတယ်ပေါ့နော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် သိဖို့ခက်တယ် ပြောတာပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီ ရာဂ သဒ္ဓါစရိုက် နှစ်ပါးအတွက် လင်္ကာတစ်ပုဒ်ကို ကျက်မှတ်ထားနော်"

"ရာဂစရိုက်၊ ရှိသူ့ဥကား၊ ယာပိုတ်လေးထွေ၊ ယဉ်ကျေးလေ၏၊ ထွေထွေကိစ္စ၊ ပြုသမျှလည်း၊ ကျနစေလတ်၊ လွန်သေသပ်ရှင်း၊ လေးမြတ်ဖွယ်ရေး၊ ဘောဇဉ်ရွေးက၊ ချိုမွှေးဆိမ့်အိမ့်၊ လွန်နှစ်သိမ့်သတဲ့၊ မစိမ့်လောက်တုံ၊ ကာမဂုဏ်ကြောင့်၊ အာရုံစွဲကာ၊ ခွဲမခွာတည်း မာယာဗလဝ၊ သာဒ္ဓေယျနှင့်၊ မာနဘိစီး၊ အလိုကြီး၏၊ ထိုနည်းသဒ္ဓါ၊ စရိုက်မှာမူ၊ မာယာစသော၊ ပြစ်မနှောဘဲ၊ သာမောရှင်လန်း၊ လှူပေးကမ်းလျက်၊ ရဟန်းတော်ပေါင်း၊ ထေရ်ရှင်ကောင်းနှင့်၊ ဝတ်ကျောင်းဘုရား၊ မြတ်တရားကို၊ မှတ်သားနာယူ၊ လွန်ကြည်ဖြူသည်၊ ဤသူ မွန်မြတ်ပေတကား"

တဲ့။

"မှန်ပါ၊ ကျက်မှတ်ပါ့မယ်ဘုရား"

"အာဂုံရှိမှ အာဂလူနော်"

"မှန်ပါ ဘုရား"

"ဘယ်သူတွေ ဘာပြောနေနေ ကျက်နိုင်ရင် ကျက်သာကျက် အကောင်းဆုံးပဲနော်"

"မှန်ပါ ဘုရား"

## ဒေါသစရိုက် ရှိသူဟာ

၁။ ဣရိယာပုတ်အားဖြင့် နွားရှူးစူးထိုး နဖားကြိုးတင်းတဲ့ ပုံဟန် လျင်မြန်ရှုးရှား ခြေဖျားနဲ့နင်းလျက် ရုန့်ရင်းကြမ်းတမ်းတဲ့ အသွားအလာ အနေအထိုင် ရှိတယ်။

၂။ ကိစ္စလုပ်ငန်း ပြုလုပ်ရာဝယ် တင့်တယ် သပ်ယပ်ခြင်း မရှိဘူး၊ ကြည့်ရှုတိုင်း အဆင်မပြေဘဲ ချဉ် ငန် စပ် ခါး စူးရှတဲ့ အရသာများကိုသာ နှစ်သက်တတ်တယ်၊

၃။ မကောင်းတဲ့ အဆင်း အသံ စသည့် အာရုံနှင့် တွေ့ ကြုံပြန်ရင် "ယမ်းပုံ မီးကျသလို" အောင့်အည်းချုပ်တည်း သည်းခံခြင်း မရှိဘဲ ဆိုဆဲ ငေါက်ငမ်း ကြမ်းတမ်း စိတ်တိုတတ်တယ်၊

၄။ ကုသိုလ်.အကုသိုလ်အရာဝယ် များစွာ ဖြစ်လေ့ရှိတဲ့ ကိုယ်ကျင့်တရားအားဖြင့် ဆိုရင် ရန်ငြိုးဖွဲ့.မှုဆိုတဲ့ အာဃာတ.ဣဿာ မစ္ဆရိယ နဲ့ သူများဂုဏ်ကို ချေဖျက်လိုခြင်းဆိုတဲ့ မက္ခ၊ ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်ခြင်းဆိုတဲ့ ပဠာသ၊ အဆုံးအမခက်ခြင်းဆိုတဲ့ ဒုဗ္ဗစ တို့ မုချ အဖြစ်များတယ်၊

## ပညာစရိုက် ရှိသူဟာ

၁။ ဣရိယာပုတ်အားဖြင့် နွားရှူးစူးထိုး နဖားကြိုးတင်းတဲ့ပုံဟန် လျင်မြန်ရှုးရှား ခြေဖျားနဲ့နင်းလျက် ရုန့်ရင်းကြမ်းတမ်းတဲ့ အသွားအလာ အနေအထိုင် ရှိတယ်၊

၂။ ကိစ္စလုပ်ငန်း ပြုလုပ်ရာဝယ် တင့်တယ်သပ်ယပ်ခြင်း မရှိဘူး၊ ကြည့်ရှုတိုင်း အဆင်မပြေ ဖြစ်တတ်တယ်၊

၃။ စားသောက်ဖွယ်အားလုံး၌ မိမိနှင့် သင့်.မသင့်ကို နှိုင်းချင့်ပြီး စားသောက်လေ့ ရှိတယ်၊

၄။ စိတ်တိုခြင်း စတဲ့ အပြစ်များနဲ့ မရောနှောဘဲ ဆိုဆုံးမ လွယ်တယ်။

၅။ ဘဝဖန်ခါ သံသရာရေးကို သတိ သမ္ပဇဉ်နဲ့ ဆင်ခြင်မျှော်ကြည့်ပြီး ဂတိကောင်းဖို့ရန် ကုသိုလ်ကောင်းမှု အစုစုကို လုံ့လဝီရိယသန်သန်နဲ့ မှန်မှန်ကြီး ပြုလုပ်လေ့ရှိတယ်"တဲ့။

"ဒေါသနဲ့ ပညာတော့ မတူတာ များတယ်နော် ဘုရား"

"အင်း...ဟုတ်တယ်"

"မှတ်မိဖို့တော့ သိပ်မလွယ်ဘူးဘုရား"

"ဒီမှာလည်း နှစ်ပုဒ်ပေါင်း လင်္ကာတစ်ပုဒ် ရှိတယ်၊ အဲဒီလင်္ကာ ကျက်ထားပေါ့ -

"ဒေါသစရိုက် ရှိသူ၌ကား၊ ယာပိုက်လေးထွေ၊ ကြမ်းတမ်းလေ၏။ ထွေထွေကိစ္စ၊ ပြုသမျှလည်း၊ ကျန မဖွယ်၊ မတင့်တယ်တည်း၊ စားဖွယ် ငန်ချဉ်၊ စပ်ခါး မင်၏။ ငါးအင်အာရုံ၊ မဖွယ်ကြုံလျှင်၊ ယမ်းပုံမီးကျ၊ စိတ်တိုလှ၍၊ ကောဓထန်းသီး၊ ရန်ငြိုးကြီးလျက်၊ ဖီစီးက္ကဿာ၊ မစ္ဆေရာနှင့်၊ မက္ခာပဠာသ၊ ဒုဗ္ဗစတို့၊ မုချဆစ်ပွား၊ အပြစ်များ၏၊ တရားပညာ၊ စရိုက်မှာမူ၊ ရှေ့လာအားလုံး၊ နည်းတူသုံးလည်း၊ လုံးလုံးကောဓ၊ စသည့်ဆိတ်ကွယ်၊ ဆုံးမလွယ်၏၊ စားဖွယ်ကသိုဏ်း၊ တွေ့ကြုံတိုင်းလည်း၊ နိုင်းနိုင်းချိန်ချိန်၊ သုခမိန်တည်း၊ ကြိမ်ကြိမ်နောင်လာ၊ သံသရာကို၊ ပညာသတိ၊ မျှော်ခေါ်ညှိ၍၊ ဂတိနောင်လျှင်၊ ကောင်းအောင်ပြင်သည်၊ လူတွင် သူမြတ်ပေတကား"တဲ့။

"မေးတော့ မေးတာပဲဘုရား၊ ကျက်မှတ်ဖို့တော့ မလွယ်ဘူးနဲ့ တူတယ်ဘုရား"

"အင်း... ဆုံးတောင် မဆုံးသေးဘူး ကလီကမာများလာပြီ"

"ကလီကမာများတာ မဟုတ်ပါဘူးဘုရား၊ မလွယ်တဲ့အကြောင်း ပြောတာပါဘုရား"

"ကဲ...လွယ်လွယ်ခက်ခက် ရှေ့သွားကြဦးစို့"

"မှန်ပါ အမိန့်ရှိပါဘုရား"

## မောဟစရိုက် ရှိသူဟာ

၁။ ဣရိယာပုတ်အားဖြင့် ဖွတ်ပဒတ်အသွင်၊ မယဉ်မကျေး၊ မှိုက်ငေးပေါ့ပျက်၊ ရှုပ်ရှက်ခတ်၊ အနေအထိုင် အသွားအလာရှိတယ်။

၂။ လုပ်ငန်းကိစ္စ အထွေထွေလည်း ပွေပွေလိမ်လိမ်ပဲ။

၃။ စားသောက်ရာ ဌာနမှာလည်း ဘယ်ဟာကို နှစ်သက်တယ်လို့ အမှတ်တရ မရှိဘူး။

၄။ မိမိအစွမ်းနဲ့ စုံစမ်းနှိုင်းချိန်ပြီး အကောင်းအဆိုး အကြောင်းအကျိုးကို မဆုံးဖြတ်တတ်သဖြင့် အရပ်ရပ်မှာ သူတကာရဲ့ နောက်လိုက်သာ ဖြစ်လို့ သူများချီးမွမ်းသူကို မိမိကလည်း ရောပြီးချီးမွမ်းတတ်တယ်။ သူများ ကဲ့ရဲ့သူကိုလည်း မိမိက ရောပြီးကဲ့ရဲ့တတ်တယ်။

၅။ သတိပညာကင်းလျက် ထိုင်းမှိုင်းဖျင်းအခြင်းဆိုတဲ့ ထိနမိဒ္ဓ ပျံ့လွင့်ခြင်းဆိုတဲ့ ဥဒ္ဓစ္စတို့နဲ့ အချိန်ကုန်ရသည် သာများတယ်တဲ့။

## ဝိတက်စရိုက် ရှိသူဟာ

၁။ ဣရိယာပုတ်အားဖြင့် ဖွတ်ပဒတ်အသွင်၊ မယဉ်မကျေး၊ မှိုက်ငေးပေါ့ပျက်၊ ရှုပ်ရှက်ခတ်၊ အနေအထိုင်၊ အသွားအလာရှိတယ်။

၂။ လုပ်ငန်းကိစ္စ အထွေထွေလည်း ပွေပွေလိမ်လိမ်ပဲ။

၃။ စားသောက်ရာ ဌာနဝယ် ဘယ်ဟာကို နှစ်သက်တယ်လို့ အမှတ်တရ မရှိဘူး။

၄။ အကြံတွေများ စကားတွေပေါလျက် ကိစ္စမချောဘဲ မျောနေသည်သာ များတယ်။

၅။ ကောင်းသောလုပ်ငန်း ကုသိုလ်လမ်း၌မူ အစွမ်းအစ မရှိ ပျင်းရိရိသာတည်း။

၆။ မိမိလို လူပေါက်ပန်းတွေနဲ့ ရောပြွမ်း မွေ့ပျော်ကာ ထွေရာလေးပါး အကြံများလျက် သက်သက်လူအား လူပိုတွေသာတည်း" တဲ့။

"အဲဒီ စရိုက်နှစ်ပါးကို မှတ်ဖို့လွယ်အောင် လင်္ကာကတော့ တစ်ပုဒ်ပဲ ရှိပါတယ်၊ ဘာလဲဆိုတော့ -

"မောဟစရိုက်၊ ရှိသူ့၌ကား၊ ယာပိုထ်လေးထွေ၊ ရှုပ်ပွေပွေနှင့်၊ ထွေထွေကိစ္စ၊ ရှုပ်ထွေးစွတည်း၊ ဘောဇန အရာ၊ စားသောက်ပါလည်း၊ ဘယ်ဟာမိမိ၊ မြဲမရှိခဲ့၊ ကိုယ်၏အစွမ်း၊ စုံထောက်လှမ်း၍၊ အဆန်းအရိုး၊ ကြောင်းအကျိုး ဟု၊ ကောင်းဆိုးယုတ်မြတ်၊ မသိတတ်သဖြင့်၊ အရပ်ရပ်မှာ၊ နောက်လိုက်သာတည်း၊ ပညာသတိ၊ ကင်းကွာဘိ၍၊ ထိန မိဒ္ဓ၊ ဥဒ္ဓစ္စနှင့်၊ ကာလကုန်ဆုံး၊ အချိန်ဖြုန်း၏၊ ထုံးနည်းမခြား၊ ဝိတက်များလည်း၊ စကားတွေပေါ၊ ကိစ္စမျောလျက်၊ ကောင်းသောလုပ်ငန်း၊ ကုသိုလ်လမ်းမူ၊ အစွမ်းမရှိ၊ ပျင်းရိရိတည်း၊ မိမိတို့တမ်း၊ လူပေါက်ပန်းနှင့်၊ ရောပြွမ်းပျော် ပါး၊ အကြံများသည်၊ လူအား လူပိုတွေတကား" တဲ့။

"အမယ်လေးဘုရား...ကျက်ထားဦးတော့ သူတစ်ပါးစရိုက်သိဖို့ အသာထား ကိုယ့်စရိုက်တောင် သိဖို့ မလွယ်ပါလား ဘုရား"

"ဘာဖြစ်လို့လဲ"

"စရိုက်တွေက ရောနေတာကိုး ဘုရား"

"အင်း . . . ဟုတ်တယ်၊ ရောလို့လည်း သိဖို့တစ်ခက်. အရာရာမှာ သတိသမ္ပဇဉ်နဲ့ ဆင်ခြင်နေထိုင်သူကိုလည်း မိဖို့ တစ်ခက် စသည်ဖြင့် သိဖို့ခက်တယ်"

"ဟုတ်ပါတယ် ဘုရား"

"မှန်းခြေပဲ သိနိုင်မယ်၊ အတိအကျတော့ ဘုရားမှ သို့မဟုတ် ပရစိတ္တဝိဇာနနအဘိညာဉ်ရမှ သိမယ်"

"ဟုတ်ပါတယ် ဘုရား"

"ဒီမှာ "လူလူချင်းတူပါလျက် ဘာ့ကြောင့် စရိုက်အမျိုးမျိုး ကွဲပြားရပါသလဲ" လို့ မေးစရာ မရှိဘူးလား"

"ရှိပါတယ်ဘုရား၊ အမိန့်ရှိပါဘုရား"

"ရှေးဘဝ ကုသိုလ်ကံပြုစဉ်က ထိုထိုဘဝ စည်းစိမ်ကို လိုလားတောင့်တမှု လောဘခြံရံပြီး ကုသိုလ်ပြုခဲ့ရင် အဲဒီ ကုသိုလ်ကံ အကျိုးပေးရာ ဘဝမှာ ရာဂစရိုက် များတတ်တယ်"

"ဒီလိုဆိုတော့ ကုသိုလ်ပြုနည်းကလည်း အလိုကြီးပါလားဘုရား"

"လိုတာပေါ့၊ သူကလည်း ပညာတစ်ရပ်ပဲဟာ"

"ဆက်အမိန့်ရှိပါဦး ဘုရား"

"ဒေါသခြံရံပြီး ကုသိုလ်ပြုခဲ့လျှင် ဒေါသစရိုက် များတတ်တယ်"

"မှန်ပါ ဘုရား"

"အသိဉာဏ်နည်းပါးပြီး မောဟကြီးစွာ ကုသိုလ်ပြုလုပ်ခဲ့ရင် မောဟစရိုက် များတတ်တယ်"

"မှန်ပါ ဘုရား"

"ပညာနဲ့ ဆင်ခြင်ပြီး ပညာကြီးဖို့ရန် ဆုပန်ကာ ပညာရေးဆိုင်ရာ ကုသိုလ်များကို ပြုခဲ့ရင် အဲဒီကုသိုလ်ကံက အကျိုးပေးရာဘဝမှာ ပညာစရိုက် များတတ်တယ်"

"မှန်ပါ ဘုရား"

"သဒ္ဓါထက်သန်စွာနဲ့ ကုသိုလ်ပြုခဲ့ရင် သဒ္ဓါစရိုက် များတတ်တယ်"

"မှန်ပါ ဘုရား"

"ကာမဝိတက် စတဲ့ မကောင်းတဲ့အကြံတွေ ခြံရံပြီးတော့ ကုသိုလ်ကံပြုရင် ဝိတက်စရိုက် များတတ်တယ်"

"မှန်ပါ ဘုရား"

"ဒီတော့ ဒီဘဝမှာ စရိုက်အမျိုးမျိုး ကွဲပြားကြောင်းဟာ ရှေးကံ ပဓာနဆိုတာ မထင်ရှားဘူးလား"

"ထင်ရှားပါတယ်ဘုရား"

"ဒါဖြင့် နောက်နောက်ဘဝတွေမှာ ကောင်းတဲ့စရိုက်များ ဖြစ်ပြီး မကောင်းတဲ့စရိုက်များ မဖြစ်အောင် ယခုဘဝ ကုသိုလ်ကံ ပြုရန် အချိန်မှာ သဒ္ဓါပညာ ခြံရံပြီး ထက်သန်တဲ့ကောင်းမှုတွေကို တည်ထောင်အားထုတ်ဖို့ အရေးမကြီးဘူးလား"

"အရေးကြီးပါတယ်ဘုရား"

"ဝါသနာဘာဂီ ဆက်တိုင်းမှီတဲ့ စကားပုံ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အင်း... မကောင်းတဲ့အရာမှာ ဝါသနာဆိုတာက ကိလေသာရဲ့ သတ္တိတဲ့"

"မှန်ပါ ဘုရား"

"ကောင်းတဲ့နေရာမှာ ဝါသနာဆိုတာက သမ္မာဆန္ဒတဲ့"

"မှန်ပါ ဘုရား"

"တူရဲ့လား"

"မတူပါဘုရား"

"အင်း... အဲဒီဝါသနာတွေဟာ သတ္တဝါတွေ သန္တာန်မှာ အနုသယဓာတ်လို ဘဝတိုင်းမှာ စွဲကပ်ပါနေတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒါကြောင့် ရှေးကံအားလျော်စွာ ရာဂစရိုက် အားကြီးနေရင် အဲဒီရာဂအတွက် ယောက်ယက်ခတ်တဲ့ ဝါသနာဟာ စိတ်အစဉ်မှာ စွဲထုံမနေဘူးလား"

"စွဲထုံနေပါတယ်ဘုရား"

"အဲဒီလို စွဲထုံနေတဲ့ ရာဂစရိုက်ဆိုးကို ယခုဘဝမှာ တရားသဖြင့် မနှိမ်ချိုးနိုင်ရင် အဲဒီဝါသနာအထုံ စွဲကပ်ပြီး နောက်ဘဝများသို့ လိုက်ပါလာတတ်တယ်နော်"

"မှန်ပါ ဘုရား"

"ကြောက်စရာ မကောင်းဘူးလား"

"ကြောက်စရာ ကောင်းပါတယ်ဘုရား"

"ဒေါသ၊ မောဟ၊ ဝိတက်စရိုက်များလည်း အဲဒီလိုပဲနော်"

"မှန်ပါ ဘုရား"

"ပညာစရိုက် ရှိသူဟာလည်း စရိုက်အားလျော်စွာ အခွင့်သာသလောက် ကြိုးစားခဲ့ပါရင် အဲဒီပညာရဲ့ အထုံဝါသနာ စွဲကပ်ခဲ့ နောက်နောက်အခါ သံသရာတစ်လျှောက်လုံးတွင် ပညာတုံးကြီး ဖြစ်နေတတ်တယ်တဲ့"

"မှန်ပါ ဘုရား၊ ဒါကျတော့လည်း တယ်ကောင်းပါလားဘုရား"

"စရိုက်က ကောင်းတာကိုး"

"မှန်ပါ ဘုရား"

"ဘုရားဆုပန်ရင် ပညာဓိက. သာဝကဆုပန်ရင် အရှင်သာရိပုတ္တရာကဲ့သို့ ပညာဘက်က ဧတဒဂ်ရကြတာဟာ အဲဒီဝါသနာဘာဂီက ဆက်တိုင်းမှီနေလို့တဲ့နော်"

"မှန်ပါ ဘုရား"

"သဒ္ဓါစရိုက်မှာလည်း အဲဒီလိုပဲနော်"

"မှန်ပါ ဘုရား"

"အဲဒါကြောင့် ယခုဘဝမှာ မကောင်းတဲ့စရိုက်များ ပပျောက်ပြီး စရိုက်ကောင်းတစ်ခု အထမြောက်အောင် ထူထောင်ဖို့အရေးဟာ စဉ်းစားတိုင်း မကြီးလေးဘူးလား"

"ကြီးလေးပါတယ် ဘုရား"

"ကြီးလေးရင် ထူထောင်ပေတော့"

"မှန်ပါ၊ ဦးတင်ပါတယ်ဘုရား"

✦ မကောင်းစရိုက်၊ ကောင်းစရိုက်၊ သိထိုက်လှပေသည်။

✦ ကောင်းစရိုက်မြင်၊ အကောင်းပင်၊ အစဉ်ဖြစ်သင့်သည်။

✦ ဆိုးစရိုက်မြင်၊ အမြန်ပင်၊ ပယ်ထွင်သင့်ပေသည်။

✦ သို့ပြုမှသာ၊ သာသနာ၊ တွေ့ရာကျိုးနပ်သည်။

# ကျွတ်မှန်းမသိ ကျွတ်နေပြီ

## (၈၁)

အချိန်ကား နွေရာသီ လတစ်လ၏ ညနေလေးနာရီအချိန် ဖြစ်၏။ မိမိသည် ပူအိုက်လှသဖြင့် သက်သာသလိုနေကာ စာတစ်အုပ်ကို ကြည့်ရှုနေသည်။ အပူဒဏ်က ပြင်းထန်လှသောကြောင့် စာအုပ်ပါ စာသားများကို စိတ်ဝင်စားသင့်သလောက် မဝင်စားပါပေ။ ထိုစဉ် မိမိနှင့် အကျွမ်းတဝင် ရင်းနှီးသော ဒကာကြီးတစ်ယောက် ရောက်လာပြီး ရှိခိုးဦးချ၍ တစ်နေရာတွင် ထိုင်သည်။ ပြီးသော် လျှောက်သည်။

"ဦးပဉ္ဇင်း မနေ့က တပည့်တော်နဲ့ ပါလာတဲ့ လူငယ်ငယ်တစ်ယောက်ကို သတိထားမိလိုက်ရဲ့လား"

ဒကာကြီးသည် လွန်ခဲ့သည့်နေ့က ဒကာသုံးလေးယောက်နှင့် မိမိထံ လာရာတွင် လူငယ်တစ်ယောက် ပါလာသည်ကို ပြန်လည် သတိရစေရန် ရည်ညွှန်းမေးခြင်း ဖြစ်သည်။ မိမိလည်း သတိထားမိသည်။

"အင်း ... သတိထားမိလိုက်သားပဲ၊ ဘာဖြစ်လို့လဲ ပြောစမ်းပါဦး"

"အဲဒီကောင် လူဆိုးဘုရား"

"အို ... ဒကာကြီးကလည်း မဆိုးလို့ ကျောင်းရောက်လာပြီး ဘုရားရှိခိုးတယ်၊ ရိုရိုသေသေ ထိုင်တယ်၊ ရိုရိုသေသေပဲ တရားစကားတွေ ဘာတွေ ပြောသွားတာပဲ၊ ဘယ်ဆိုးလို့လဲ"

"ဒါက ခုမှဘုရား၊ အရင်က ဒီလိုမှ မဟုတ်ဘဲ"

"အရင်က ဘယ်လိုလဲ၊ ပြောစမ်းပါဦး"

"အရင်ကဆို ဖဲရိုက်၊ ကြက်တိုက်၊ အရက်သောက်နဲ့ အိမ်ပြန်လာလည်း ဆူသေး၊ ဆဲသေးတယ်ဘုရား"

"နို့ ... ခုတော့ ကျောင်းကန်ဘုရားသွားလို့ လာလို့ဆိုတော့ ကောင်းလို့ပါလား"

"အင်း ... ဒီကောင် "ကျွတ်မှန်းမသိ ကျွတ်နေပြီ" ဘုရား"

"ဘာဖြစ်လို့လဲ"

"အရင်က ကျောင်းကန်ဘုရား မသွားတဲ့အကောင်၊ ခု ကျောင်းကန်ဘုရားသွားတော့ ကျွတ်မှန်းမသိ ကျွတ်တာပေါ့ ဘုရား"

"ဘယ်တရားများ သိသွားလို့ ကျွတ်မှန်းမသိ ကျွတ်တာလည်း ပြောစမ်းပါဦး"

"ဟိုတစ်နေ့က တပည့်တော်တို့ကျောင်းမှာ ဝေယျာဝစ္စ ပြုလုပ်ကြတော့ သူလည်း ပါတာပေါ့"

"အင်း"

"ဝေယျာဝစ္စလုပ်ပြီးတော့ ဦးပဥ္စင်းက ဝေယျာဝစ္စကုသိုလ်ကို အထင်မသေးနဲ့၊ တစ်ခြားကုသိုလ် မထင်ရှားဘဲ ဝေယျာဝစ္စကုသိုလ်နဲ့ပဲ ရဟန္တာဖြစ်သွားတဲ့ ဝေယျာဝစ္စကရထေရ်အကြောင်း အကျဉ်းချုပ်ဟောတယ် မဟုတ်လား"

"အင်း . . . ကောင်းတယ်"

"အဲဒီတရား နာရတော့ ဒီကောင် သိပ်ပြီးတော့ ဝမ်းသာသွားဟန် တူတယ်ဘုရား"

"ဘာဖြစ်လို့လဲ"

"သူပြောပြတာပဲဘုရား"

"သူက ဘယ်လိုပြောလဲ"

"ကျွန်တော် ကျောင်းကပြန်လာတော့ အားရဝမ်းသာနဲ့ ကျွန်တော်ရခဲ့တဲ့ ဝေယျာဝစ္စကုသိုလ်ကို အိမ်သူအိမ်သားတွေကို ရပါစေသဘောနဲ့ အမျှဝေတယ်လို့ ပြောတယ်ဘုရား"

"အင်း . . . ဝေတော့ ဘာဖြစ်လဲ"

"အဲဒီလိုဝေတော့တဲ့ အိမ်သူအိမ်သားတွေက ကျွန်တော့်ကို မယုံတော့ "နင့် အမျှက ဘာအမျှမှန်းလည်း မသိဘဲနဲ့တို့ . . . သာဓု မခေါ်နိုင်ဘူး" လို့ ပြောတယ်တဲ့ဘုရား"

"အင်း . . . ဟုတ်သားပဲ၊ သူက ခါတိုင်းဆိုရင် ဖဲရိုက်, ကြက်တိုက်, အရက်သောက်တယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"အဲဒါတွေ အမျှဝေတယ်မှတ်လို့ ဟိုက သာဓုမခေါ်ကြတာနေမှာပေါ့နော်"

"မှန်ပါဘုရား"

"ကဲ . . . ဆက်ပြောပါဦး၊ သာဓုမခေါ်နိုင်ဘူးပြောတော့ သူ့စိတ်ထဲ ဘယ်လိုဖြစ်သွားလဲ"

"သူ့စိတ်ထဲ ဘယ်လိုဖြစ်သွားလည်းဆိုတော့ "ဩော် . . . ငါ့ကိုငါ့အိမ်သားတွေကတောင် မယုံတော့ပါလား" လို့ သံဝေဂ ဖြစ်သွားပါသတဲ့ ဘုရား"

"အင်း . . . ဟုတ်တာပေါ့၊ သူက လူဆိုးကိုး၊ အိမ်သားတွေကလည်း ဘယ်ယုံမလဲ"

"မှန်ပါ၊ မယုံပါ ဘုရား"

"အဲဒီလို သံဝေဂဖြစ်တော့ နောက်ဘယ်လိုဖြစ်လဲ"

"အဲဒီနေ့ကစပြီး "ငါတော့ နောက်နောက်အခါ ဒီလိုနေလို့ မဖြစ်တော့ဘူး" ဆိုပြီးတော့ ယခုလို ကျောင်းကန်ဘုရား ရောက်လာကာ ကျွတ်မှန်းမသိ ကျွတ်နေတာပါပဲဘုရား"

"အင်း . . . ဒီလိုဆိုတော့ ဟိုအင်းဝဘုရင် သာလွန်မင်းတရားခေတ်ကို သတိရမိတယ်"

"အမိန့်ရှိပါဦးဘုရား"

## စာသမားနှင့် တရားသမား

"ဘုရင်ကိုးကွယ်တဲ့ နန်းဦးဆရာတော်ဆိုတာ ရှိတယ်၊ အလွန်တရာ စာတတ်တယ်၊ ဘွဲ့တော်က ရှင်မုနိန္ဒဃောသတဲ့ "တိပိဋကာလင်္ကာရ၊ မဟာတိပိဋကလင်္ကာရ" လို့ တံဆိပ်နှစ်ထပ်ရ ဆရာတော်ပဲ"

"မှန်ပါ ဘုရား"

"တစ်နေ့ အဲဒီ နန်းဦးဆရာတော်ဟာ ဘုရင့်လှေတော်ကြီးနှင့် လှေတော်သား တပည့်ဒကာ အသိုင်းအဝိုင်းများစွာနဲ့ ရွှေစက်တော်ဘုရား သွားရောက်ဖူးမြော်တယ်"

"မင်းဘူး ရွှေစက်တော်လား ဘုရား"

"ဟုတ်တယ်"

"ဆက်အမိန့်ရှိပါဘုရား"

"အဲ... ရွှေစက်တော်ဖူးပြီးတော့ အပြန် ဧရာဝတီမြစ်မှ ဆန်ကာ ချင်းတွင်းမြစ်တွင်း ဝင်ပြီး ပခန်းသို့ ကြွတယ်"

"ချီပါသား ပခန်းသားဆိုတဲ့ ပခန်းလားဘုရား"

"အဲဒီ ပခန်းပေါ့၊ ချီပါသား ပခန်းသားဆိုတာ နာမည်ကြီးပေါ့"

"ဘာကိစ္စ ကြွတာလဲဘုရား"

"ရွှေဥမင်တောရဆရာတော် အရှင်ဇမ္ဗုဓဇနဲ့ တွေ့ချင်လို့တဲ့ ဒကာကြီးရဲ့"

"အောင်မယ် ... မင်းဆရာတော်ကတောင် သွားတွေ့ရတယ်ဆိုတော့ ရွှေဥမင်တောရဆရာတော်ဟာ ဘယ်ညံ့မလဲနော်"

"အကျင့်လည်း ကောင်းတယ်၊ စာလည်း တတ်တယ်၊ စာလည်း ရေးတယ်၊ ကျမ်းပြုဆရာတော်ပဲ ဘယ်ညံ့မလဲ"

" "မှန်ပါ အမိန့်ရှိပါဘုရား"

"ရွှေဥမင်တောရဆိုတော့ တရားရှင်တို့ တရားအားထုတ်ရာ အုတ်ဂူ၊ ကျောက်ဂူ အရပ်ရပ် ရှိမှာပေါ့"

"သြော် ... ဂူရှိလို့ ရွှေဥမင်တောရ ခေါ်တာပေါ့ဘုရား"

"အင်း ... ဟုတ်တာပေါ့"

"ဒါဖြင့် ဦးပဥ္စင်းနေတဲ့ ရန်ကုန်ရွှေဥမင်တောရကော ဂူရှိလားဘုရား"

"ဦးပဥ္စင်းနေတဲ့ ရွှေဥမင်တောရကတော့၊ ရွှေဥမင်စေတီကို အကြောင်းပြုပြီး ရွှေဥမင်တောရ ခေါ်တာပဲ၊ ဘုရားမှာ ဂူ ရှိတယ်လေ"

"မှန်ပါ၊ သိပါပြီ၊ ဆက်အမိန့်ရှိပါဘုရား"

" ဒီက မင်းဆရာတော်က ခမ်းခမ်းနားနား အသိုင်းအဝိုင်းတွေနဲ့ ကြွသွားတယ်နော်"

"ဟိုက ရွှေဥမင်တောရဆရာတော်က တဲကျောင်းကလေးနဲ့ သီတင်းသုံးနေတာ၊ မင်းဆရာတော် ကြွလာတယ်ဆိုတော့ ရွှေဥမင်တောရ ဆရာတော်ကိုယ်တိုင်ပဲ တရိုတသေ ဆီးကြိုတယ်"

"မှန်ပါ ဘုရား"

"ဒီမှာ "စာသမားနှင့် တရားသမားအသွင်အပြင် ကွဲပြားပုံ" လေးကို သတိထားဖို့ ကောင်းတယ်"

"အမိန့်ရှိပါဘုရား"

"စာသမားကရိုးသားတဲ့အသွင်သာရှိတတ်တယ်၊ တရားသမားကတော့မျက်နှာ၊ ကိုယ်၊ လက်၊ အမူအရာမှစ၍လောဘစတဲ့ ကိလေသာ အခိုးအကင်းတို့ ကင်းရှင်းသေသပ်၍ အေးငြိမ်းတဲ့အသွင် ပေါ်လွင်နေတတ်တယ်နော်"

"မှန်ပါ ဘုရား"

"မင်းဆရာတော်က စာသမားသက်သက်ပဲနော်"

"မှန်ပါ ဘုရား"

"ရွှေဥမင်တောရဆရာတော်ကတော့ စာသမားဆိုလည်း ဟုတ်တယ်၊ တရားသမားဆိုလည်း ဟုတ်တယ်၊ ဒီတော့ ဆရာတော်နှစ်ပါး ဘယ်လိုအသွင် ပေါ်နေမလဲဆိုတာ မှန်းပြီး အာရုံယူ ကြည်ညိုပေါ့နော်"

"မှန်ပါ ဘုရား"

"အင်း... ဒီလိုနဲ့ပဲ ရွှေဥမင်တောရ ဆရာတော်က မင်းဆရာတော်ကို တောရကျောင်းလေးပေါ် ပင့်တယ်ပေါ့နော်"

"မှန်ပါ ဘုရား"

"တောရကျောင်းကလေးကို အာရုံယူကြည့်စမ်းပါဦး၊ အသုံးအဆောင်ပစ္စည်းဆိုလို့ ဘာမှ မရှိဘူး၊ အိပ်ရာနေရာ တောင်မတွေ့ရဘူး၊ ပေတွေ ပုရပိုက်တွေ အစုလိုက် အပြုံလိုက်ပဲ တွေ့ရတယ်၊ ဒီတော့ တကယ့်တရားသမား တရားအရှင် စာပေသမားစာပေရှင်ပါလားလို့ မင်းဆရာတော်က ပီတိဖြစ်သွားတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ပညာရှိ စာသမား၊ မင်းဆရာက ပီတိဖြစ်သော်လည်း ပညာမဲ့သူ လူပြိန်းကတော့ တယ်ပြီး ဆင်းရဲတဲ့ ဆရာတော် ဘုန်းကံနည်းတဲ့ ဆရာတော်လို့ ထင်ချင်ထင်မှာနော်"

"မှန်ပါ ထင်မှာပါဘုရား"

"ထင်ချင်တာ ထင်ပေါ့လေ၊ ဒါက သဘာဝပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲ ... တောရကျောင်းကလေးပေါ် ရောက်တော့ ရွှေဥမင်ဆရာတော်က မင်းဆရာတော် ထိုင်ဖို့အတွက် မိမိပခုံးထက်မှ သင်္ကန်းကြီးကို ချပေးပြီး ခင်းပေးတယ်၊ ကဲ ကြည့်စမ်း၊ တစ်ခြားခင်းစရာဆိုလို့ ဘာမှ မရှိဘူးနော်"

"မှန်ပါ ဘုရား"

"မင်းဆရာတော်ကလည်း ရွှေဥမင်တောရဆရာတော်ခင်းပေးတဲ့သင်္ကန်းကြီးကိုဖယ်ပြီး ကြမ်းပြင်ပေါ်မှာပဲထိုင်တယ် တဲ့နော်၊ တစ်ပါးကို တစ်ပါး ရိုသေပုံဟာ အတုယူစရာပဲနော်"

"မှန်ပါ ဘုရား"

"အင်း ... အဲဒီလို ထိုင်ပြီးတော့ သာသနာတော်ရေး၊ ကျန်းမာရေး စတဲ့ ပဋိသန္ထာရစကား ပြောကြားရင်း တစ်ပါးနဲ့ တစ်ပါး မေးကြ၊ ဖြေကြတယ်၊ မင်းဆရာတော်က မေးတယ်"

"ရွှေဥမင်တောရဆရာတော် တစ်ပါးတည်း နေပါသလား"

"တစ်ပါးတည်း မဟုတ်ပါ၊ အလုပ်အကျွေး ကပ္ပိယဒကာကြီးတစ်ယောက်နဲ့ နေပါတယ်ဘုရား"

"တောရဆိုသော်လည်း နေသည့်နေရာက ခေါင်လွန်း၊ ဝေးလွန်းလှတယ်၊ မကြောက်ဘူးလားဘုရား"

"မှန်လှပါ၊ ကြောက်လို့သာ ဒီလိုနေပါတယ်ဘုရား"

အဲဒီလိုဖြေတော့ မင်းဆရာတော်က စကားရပ်သွားတယ်တဲ့၊ ရွှေဥမင်တောရ ဆရာတော်ရဲ့စကားကို ကြည်ညိုလှလွန်းလို့ ရွှေဥမင်တောရဆရာတော်ရဲ့မျက်နှာတော်ကို တစ်ချက် လှမ်းကြည့်တယ်တဲ့၊ ရွှေဥမင်တောရဆရာတော်က အောက်သို့ စိုက်ပြီး မျက်လွှာချထားတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ဒီမှာ တောရဆရာတော်ကို မင်းဆရာတော်က မေးတာက တစ်မျိုး၊ တောရဆရာတော်က ဖြေတာတစ်ဖုံကို သတိထားမိရဲ့လား"

"အမိန့်ရှိပါဘုရား"

"မင်းဆရာတော်က "သားရဲတိရစ္ဆာန်ကို မကြောက်ဘူးလား" လို့ လောကစကားနဲ့ မေးတာနော်"

"မှန်ပါ ဘုရား"

"တောရဆရာတော်က "သံသရာကို ကြောက်လို့သာ ဒီလိုနေပါတယ်ဘုရား" လို့ ဓမ္မစကားနဲ့ တုံ့ပြန်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီစကားဟာ မင်းဆရာအတွက် ဓမ္မသံဝေဂအတိ ဖြစ်စေတယ်၊ မင်းဆရာဟာ သံသရာကို မကြောက်သူအဖြစ် ရောက်သွားလို့ ရှက်လွန်းပြီး ငြိမ်သွားတယ်တဲ့၊ အင်း... သိတတ်တဲ့ ပညာရှိတော့ နည်းနည်းလေးနဲ့ သိပြီး ရှက်မသွားဘူးလား"

"ရှက်သွားပါတယ်ဘုရား"

"မသိတတ်တဲ့ ပညာပေတုံးတော့ ဘယ့်နှယ်လဲ"

"အများကြီး ပြောတာ၊ ဟောတာတောင်မှ မရှက်ပါဘုရား"

"အင်း... ဒီလိုနဲ့ ရှက်ရှက်နဲ့ပဲ ဆက်ပြီး စကားပြောတော့ မင်းဆရာတော်က လျှောက်ပြန်တယ်"

"တောရဆရာတော် တရားအလုပ်က တစ်ဖက်၊ စာအလုပ်က တစ်ဖက်ဆိုတော့ အားလပ်ချိန်ရယ်လို့ မရှိတော့ဘူးထင်ပါရဲ့"

"ဒီတော့ တောရဆရာတော်က –

"မှန်လှပါ၊ လူ့ဘဝဆိုတာ အင်မတန်ကို တိုတောင်းလှပါတယ်၊ နေရတဲ့အချိန် နည်းလွန်းလှပါတယ်၊ ဒါကြောင့်မို့ အားလပ်ချိန်ရယ်လို့ မရှိစကောင်းဘူး ထင်မိပါတယ်၊ အားလပ်ချိန်ရယ်လို့ ထားလိုက်ရင်လည်း မဟုတ်တဲ့အရာတွေက ဝင်လာတတ်ပါတယ်၊ ဒါကြောင့် မအားလပ်အောင်ဘဲ သတိထားနေရပါတယ်"

လို့ ဖြေတယ်တဲ့၊ မှတ်စရာ မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"မှတ်စရာ ကောင်းရုံတင် မဟုတ်ဘူး၊ မှတ်ပြီး အချိန်အား မထားဘဲ သတိထားနေဖို့ အရေးမကြီးဘူးလား"

"မှန်ပါ အရေးကြီးပါတယ်ဘုရား"

"ကဲ... ဆက်ကြဦးစို့နော်"

"အဲဒီလို မင်းဆရာနဲ့ တောရဆရာတော်တို့ ဆက်လက်စကားပြောပြီးတော့ မင်းဆရာက ကြုံတုန်းကြုံခိုက်တွင် လှူပါရစေ ဆိုကာ ပါလာတဲ့ သင်္ကန်း၊ ထီး၊ ဖိနပ် စသည်တို့ကို ကိုယ်တိုင်လက်ဖြင့် ကိုင်ပြီး တောရဆရာတော်အား လှူတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"တောရဆရာတော်ကလည်း မင်းဆရာတော် ပေးလှူသမျှ အလှူခံပြီး မင်းဆရာရှေ့တွင်ပင် ဘုရားသို့ လှူလိုက်တယ်တဲ့"

"မှန်ပါ ဘုရား"

"အဲဒီလို လှူလိုက်တော့ မင်းဆရာတော်က ဘာမှ မဖြစ်၊ မျက်စိမျက်နှာ မပျက်သော်လည်း အနားမှာရှိနေတဲ့ တောရဆရာတော်ရဲ့ကပ္ပိယဒကာကြီးက မျက်စိမျက်နှာ ပျက်တယ်တဲ့၊ ဘာဆိုင်လဲဟင်"

"မဆိုင်ပါဘုရား"

"အဲ ... မင်းဆရာ ပြန်ကြွသွားတော့မှ ကပ္ပိယဒကာကြီးက ရွှေဥမင်တောရဆရာတော်ကို -

"အရှင်ဘုရား လုပ်ပုံက မင်းဆရာတော်ကို အားနာဖို့ကောင်းလိုက်တာ၊ သူ သဒ္ဓါလို့ လှူတာကို သူ့မျက်နှာ ကွယ်အောင် ခေတ္တခဏမျှ စောင့်ပြီး နောက်မှ ဘုရားလှူချင်သပ ဆိုရင်လည်း လှူပေါ့၊ ယခုတော့ သူ့ရှေ့တွင်ပဲ လှူနေတော့ တပည့်တော်ဖြင့် မျက်နှာ အထားရခက်လိုက်တာ မပြောပါနဲ့တော့"

လို့ အပြစ်တင်ရိပ်နဲ့ လျှောက်ထားတယ်၊ ဒီတော့ ရွှေဥမင်တောရဆရာတော်က ကပ္ပိယဒကာကြီးကို -

"အင်း... ဒကာကြီးနားလည်တာက တစ်မျိုးပဲ၊ ပညာနတဲ့ ဒကာ ဒကာမများ ပစ္စည်းဆိုရင်တော့ ဒကာကြီး ပြောတာ ဟုတ်သပေါ့၊ မင်းဆရာက ပစ္စည်းနဲ့ ကျုပ်ကို လှူတယ်၊ ကျုပ်က မင်းဆရာကို ဘာပစ္စည်းမှ လှူစရာမရှိဘူး၊ ဒီတော့ မင်းဆရာတော်ကို တရားအလှူပဲ ပေးလှူလိုက်ရတယ်၊ ဒီနေ့ ကျုပ်လှူလိုက်တဲ့ တရားအလှူဟာ မင်းဆရာ အဖို့ဘယ်ကလောက် တန်ဖိုးရှိတယ်ဆိုတာ ဒကာကြီးကြားရပါလိမ့်မယ်၊ ဒီတောရကျောင်းကပြန်လို့မင်းဆရာတော်ဟာ သူ့နေပြည်တော်ကျောင်းသို့ ရောက်တဲ့အခါ သူ့ကျောင်းကို သူပြန်ပြီး ဝင်ဝံ့တယ်ဆိုရင် အာဂပုဂ္ဂိုလ်လို့သာ မှတ်ပေတော့ ဒကာကြီး - လို့ ပြန်ပြောတယ်တဲ့နော်"

"မှန်ပါ ဘုရား"

" ကဲ ... ရွှေဥမင်တောရဆရာတော်ရဲ့ အထင်ဟာ ဘယ်လောက်မှန်လဲ ဆိုရင် မင်းဆရာတော်ဟာ ရွှေဥမင်တောရကလည်း ပြန်ကြွရော၊ ဘုရင်လှူဒါန်းတဲ့ လေးထပ်ကျောင်းကြီးသို့ မဝင်တော့ဘဲ စစ်ကိုင်းတောင်ရိုး တောင်ဗီလာချောင်သို့ကြွသွားတော့တယ်၊ တောရဆရာတော် ဖြစ်သွားတယ်တဲ့"

"အံ့ဩစရာပါပဲဘုရား"

"ကဲ...အဲဒီမှာ ရွှေဥမင်တောရ ဆရာတော်ရဲ့စကားကို ကောက်နုတ်ချက်ချကြည့် ဆုံးမစကား တစ်လုံးမှ မပါဘူးနော်"

"မှန်ပါ ဘုရား"

"ဒါပေမယ့် မင်းဆရာတော်အား "သံသရာကို မကြောက်သူ အဖြစ်ဖြင့်လည်းကောင်း၊ အရာမရောက်သော ပစ္စည်း လာဘ်လာဘများတွင် ခင်တွယ်နေသူ အဖြစ်ဖြင့်လည်းကောင်း ယဉ်ယဉ်ကလေး ဆုံးမလိုက်တယ်" တရားအလှူပေးလိုက်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အင်း . . . မင်းဆရာတော် ဘဝမှ တောင်ဖီလာတောရဆရာတော် ဘဝသို့ ရောက်သွားတယ်၊ နောက် ဓားမကူး ဆရာတော် တွင်တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ခုလည်း ကြည့်ပါလား၊ ဝေယျာဝစ္စအကျိုးပဲ ပြောလိုက်တာပဲ၊ အရက်ဖြတ်ဖို့၊ ဖဲမရိုက်ဖို့၊ ကြက်မတိုက်ဖို့ တစ်လုံးမှ မပါ,ပါဘူးနော်"

"မှန်ပါ မပါ,ပါဘုရား"

"အင်း . . . ခုတော့ ကျွတ်မှန်းမသိ ကျွတ်နေပြီ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကဲ . . . တော်ဦးစို့"

"ဦးတင်ပါတယ်ဘုရား"

✧ နည်းများမဆို၊ တရားကို၊ ကြည်ညိုနှစ်သိမ့် မေးရမည်။

✧ မိမိနားနှင့်၊ တရားသင့်၊ ကျွတ်ခွင့်ကျွတ်ခါ ကြုံလိမ့်မည်။

✧ ထို့ကြောင့်သူငါ၊ တရားနာ၊ များစွာနေ့ည ပြုရမည်။

🕮

# ကုသိုလ် ဘယ်နှစ်မျိုး ရှိပါသလဲဘုရား

## (၈၂)

နေကလည်း ပူလှ၏။ ခြင်ကလည်း ကိုက်လှ၏။ မျက်စိနားဝယ် ရစ်သီရစ်သီနှင့် နေသော အကောင်ငယ်ကလေးတွေကလည်း များလှ၏။ တောတွင်းသဘာဝ မျက်စိနား အေးသော်လည်း ယင်းအန္တရာယ်ကား မသေးလှပေ။ သို့နှင့် မိမိသည် ယင်းအန္တရာယ်များကို ကာကွယ်ရန် ခြင်ထောင်ချ၏။ ထိုစဉ် ဒကာတစ်ယောက် ရောက်လာကာ ဦးချလျှောက်ထား၏။

"အရှင်ဘုရား၊ ကုသိုလ် ဘယ်နှစ်မျိုး ရှိပါသလဲဘုရား"

"အမယ်လေး ကုသိုလ်တွေက အများကြီး၊ ဘယ်လိုလုပ်ပြီး ရေတွက်ပြနိုင်ပါ့မလဲ"

"နို့ . . . အများပြောနေတော့ ဒါန. သီလ. ဘာဝနာ သုံးမျိုးထဲပါလား"

"ဒါန. သီလ. ဘာဝနာ ဆိုတာက အကျဉ်းချုပ်ပြောတာ"

"အကျယ်ချဲ့တော့ ဘယ်လောက်ပါလဲဘုရား"

"သူ့ကို အကျယ်ချဲ့ရင် (၁၀)ပါး ရှိတယ်"

"နို့ . . . အရှင်ဘုရားက အများကြီးဆို"

"အများကြီးဆိုတာက ဒကာကြီးက ကုသိုလ်ဘယ်နှစ်မျိုး ရှိပါသလဲလို့ သာမညမေးတော့ အများကြီးလို့ ပြောတာပေါ့"

"ဘယ်လိုများတာလဲဘုရား"

"သုစရိုက် (၁၀)ပါးကလည်း ကုသိုလ်၊ ပါရမီ (၁၀)ပါးကလည်း ကုသိုလ်၊ ပုညကိရိယဝတ္ထု (၁၀)ပါးကလည်း ကုသိုလ် စသည်ဖြင့် ကုသိုလ်တွေ များလို့ အများကြီးပြောတာပေါ့"

"ဒါန. သီလ. ဘာဝနာ ကုသိုလ်သုံးမျိုးနဲ့ ပုညကိရိယဝတ္ထု (၁၀)ပါးကို ရှင်းပြပါဘုရား"

"အဲဒါက ခုနကပြောခဲ့သလို အကျယ်နဲ့ အကျဉ်းပဲ၊ အကျယ်ဆိုရင် ပုညကိရိယဝတ္ထု (၁၀)ပါးပေါ့"

"ကုသိုလ်တွေ ဘယ်လိုပဲ များပါတယ်ဆိုဆို ဒါန. သီလ. ဘာဝနာ သုံးပါးထဲ ထည့်လိုက်ရင် အကုန်ဝင်သွားတာပဲ"

"ဒါဖြင့် ကုသိုလ်သုံးမျိုးဆိုလည်း မှန်တာပေါ့ဘုရား"

"အင်း...မှန်တာပေါ့"

"ဒါဖြင့် (၁၀)မျိုး၊ သုံးမျိုး ရှင်းပေးပါဘုရား"

"ပုညကိရိယဝတ္ထုခေါ်ပုံကို စ,ရှင်းမယ်နော်"

"မှန်ပါ ဘုရား"

"သံကိလေသမလေဟိ ပုနာတိ သောဓေတီတိ ပုညံ = ကိလေသာ (၁၀)မျိုး အညစ်အကြေးဆိုးတို့မှ စင်ကြယ်စေတတ်လို့ "ပုည" လို့ ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"သပ္ပုရိသေဟိ ကတ္တဗ္ဗန္တိ ကိရိယံ = သူတော်ကောင်းများ ပြုကျင့်အပ်တဲ့ လုပ်ငန်းဖြစ်လို့ "ကိရိယ" ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"တေ တေ အာနိသံသာ ဝသန္တိ တိဋ္ဌန္တိ ဧတ္ထာတိ ဝတ္ထု = စေတနာအလိုက်၊ ဉာဏ်မြင်အလိုက်၊ ကျင့်သုံးမှုအလိုက် ပေါ်ထွက်လာကြတဲ့ ထိုထိုကောင်းကျိုးတို့ရဲ့တည်ရာဖြစ်လို့ "ဝတ္ထု" ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"အားလုံး ခြုံပြီးတော့ပြောတော့ ကိလေသာ (၁၀)မျိုး၊ အညစ်အကြေးဆိုးတို့ကို စင်ကြယ်စေတတ်တဲ့ စွမ်းရည်ရှိတဲ့ အလုပ်လည်းဖြစ်၊ သူတော်ကောင်းတို့ ကျင့်သုံးအပ်တဲ့ အလုပ်လည်းဖြစ်၊ ကောင်းကျိုးတို့ရဲ့တည်ရာလည်းဖြစ်လို့ "ပုညကိရိယဝတ္ထု" လို့ ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ ပုညကိရိယဝတ္ထုဟာ -

## ပုညကိရိယဝတ္ထု (၁၀)ပါး

၁။ ဒါန
၂။ သီလ
၃။ ဘာဝနာ
၄။ အပစာယန
၅။ ဝေယျာဝစ္စ
၆။ ပတ္တိဒါန
၇။ ပတ္တာနုမောဒန
၈။ ဓမ္မဿဝန
၉။ ဓမ္မဒေသနာ
၁၀။ ဒိဋ္ဌိဇုကမ္မ

လို့ (၁၀)ပါး ရှိတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ (၁၀)ပါးကို အစဉ်အတိုင်း ပြောပြမယ်၊ ပြောပြတော့ ဒါနဟာ -

## (၁) ဒါန နှစ်မျိုး

၁။ စေတနာဒါန

၂။ ဝတ္ထုဒါန လို့ နှစ်မျိုး ရှိတယ်။ အဲဒီ နှစ်မျိုးမှာ "ဒီယျတိ စေတနာတိဒါနံ၊" စေတနာ = ဤစေတနာဖြင့်၊ ဒီယျတိ = ပေးလှူအပ်၏၊ ဣတိ = ထိုကြောင့်၊ ဒါနံ = ဒါနမည်၏" တဲ့။ အဲဒီစကားအရ ပေးလှူကြောင်းဖြစ်တဲ့ စေတနာကို ဒါနခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"စေတနာဒါနပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီ ဒါနစေတနာဟာ -

စေတနာသုံးတန်

(က) ပုဗ္ဗစေတနာ

(ခ) မုဉ္စစေတနာ

(ဂ) အပရစေတနာ လို့ သုံးမျိုးရှိတယ်၊ အဲဒီ သုံးများမှာ -

(က) "လှူဒါန်းပေးကမ်းမယ်" လို့ ကြံစည်သည်မှ စပြီး မစွန့်လွှတ် မလှူဒါန်းမီ၊ လှူပါ၏လို့ မဆိုမီ၊ မဆက်ကပ်မီ ရှေ့အဖို့မှာ ဒါနနဲ့ ဆက်သွယ်ပြီး သိန်း, သန်း, ကုဋေမက ဖြစ်ဖြစ်သမျှ စေတနာတွေဟာ "ပုဗ္ဗစေတနာ" တွေပဲနော်"

"မှန်ပါ ဘုရား"

(ခ) "စွန့်လွှတ်လှူဒါန်းဆဲ "လှူပါ၏" လို့ လျှောက်တုန်း၊ ဆက်ကပ်ပေးကမ်းတုန်းအခိုက်မှာ ဖြစ်တဲ့စေတနာက "မုဉ္စစေတနာ" နော်"

"မှန်ပါ ဘုရား"

(ဂ) "စွန့်ကြဲပေးကမ်းလှူဒါန်းပြီးနောက် အဲဒီဒါနကို သတိရတိုင်း ဝမ်းသာအားရဖြစ်နေတဲ့ စေတနာတွေက "အပရစေတနာ" တဲ့နော်"

"မှန်ပါ ဘုရား"

(ဃ) "ဒါတဗ္ဗန္တိဒါနံ"၊ ဒါတဗ္ဗံ = ပေးလှူသင့် ပေးလှူထိုက်၏၊ ဣတိ = ထို့ကြောင့်၊ ဒါနံ = ဒါနမည်၏၊ အဲဒီစကားအရ စွန့်ကြဲပေးကမ်း လှူဒါန်းဖွယ် ပစ္စည်းဝတ္ထုများကို "ဝတ္ထုဒါန" ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"ဒါနနဲ့ပတ်သက်လို့ အဲဒီလောက်ဆို တော်ပါပြီ၊ အကျယ်သိချင်ရင် ဦးပဉ္ဇင်းရေးတဲ့ "ဒါနဝတ္ထု" ဖတ်ပေတော့နော်"

"မှန်ပါ ဘုရား"

## (၂) သီလ

"သီလယတိ ကာယဝစီကမ္မာနိ သမ္မာ ဒဟာတီတိ သီလံ"၊ ကာယဝစီကမ္မာနိ = ကိုယ်မှု နှုတ်မှုတို့ကို၊ သီလယတိ သမ္မာဒဟာတိ = ကောင်းစွာထားတတ်၏၊ ဣတိ = ထို့ကြောင့်၊ သီလံ = သီလမည်၏" တဲ့။

"အကုသိုလ် မဖြစ်ရအောင် ကိုယ်မှု နှုတ်မှုတို့ကို ကောင်းစွာထားတတ်တဲ့ စေတနာကို သီလခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"လူမှာ ကိုယ်, နှုတ်, စိတ်ရယ်လို့ သုံးပါး မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အဲ ... သီလက ကိုယ်မှု နှုတ်မှုပဲ၊ ငြိမ်သက်အောင် ထားတတ်တယ်နော်"

"မှန်ပါ ဘုရား"

"စိတ်ကိုတော့ သီလနဲ့ စောင့်စည်းရုံမျှနဲ့ လုံခြုံနိုင်ပါ့မလား"

"မလုံခြုံနိုင်ပါဘုရား"

"စိတ်ကိုတော့ ဘာဝနာနဲ့မှ ငြိမ်သက်အောင် စောင့်စည်းရတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ သီလအကြောင်း အကျယ်တဝင့်တော့ ဦးပဉ္ဇင်းရေးတဲ့ "သီလဝတ္ထု" ပဲ ကြည့်ပေတော့နော်"

"မှန်ပါ ဘုရား"

## (၃) ဘာဝနာ

"ဘာဝေတိ ဥပ္ပါဒေတိ ဝဍ္ဎေတီတိ ဘာဝနာ"၊ အဓိကုသလ် = လွန်ကဲမြင့်မြတ်သော ကုသိုလ်စိတ်ကို၊ ဘာဝေတိ ဥပ္ပါဒေတိ = စ၍ ဖြစ်စေတတ်၏၊ ဘာဝေတိ ဝဍ္ဎေတိ = တိုးတက်ပွားများစေတတ်၏၊ ဣတိ = ထို့ကြောင့်၊ ဘာဝနာ = ဘာဝနာမည်၏" တဲ့။

"သမထဘာဝနာ၊ ဝိပဿနာဘာဝနာတရားတွေဟာ လွန်စွာအကျိုးများလို့ မိမိသန္တာန်မှာ ဖြစ်ပေါ်လာအောင် တစ်ကြိမ်ဖြစ်ပြီးနောက် အထပ်ထပ်တိုးပွားအောင် အားထုတ်ထိုက်လို့ ဘာဝနာလို့ ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

## (၄) အပစာယန

"တစ်စုံတစ်ခုသော လာဘ်လာဘ အကျော်အစောကို မလိုလားဘဲ ရိုးရိုးသားသားနဲ့ မိဘဆရာသမား တရားစောင့်တဲ့ ရဟန်းသံဃာ ဂုဏ် အသက် သိက္ခာအားဖြင့် မိမိထက်ကြီးသူ မြင့်မြတ်သူတို့ကို ခရီးဦးကြိုဆိုမှု၊ လက်အုပ်ချီမှု၊ ရှိခိုးမှု စတဲ့ ရိုသေမှုများကို ပြုခြင်းကို "အပစာယန" လို့ ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ပြုလုပ်ရတာ ဘယ်သူ့အတွက်လဲ"

"ကိုယ့်အတွက်ပါဘုရား"

"အချို့က အပြုလုပ်ခံရသူအတွက်လို့ ထင်နေလို့ မေးရတာနော်"

"မှန်ပါ ဘုရား"

"ဒါနဲ့ စကားစပ်မိလို့ ကိုရင်ကြီးတစ်ပါးက ဆရာတော်ကြီးတစ်ပါးကို ပြန်လျှောက်ထားပုံကလေး သတိရတယ်"

"ဘယ်လိုပါလဲ ဘုရား"

"ကိုရင်ကြီးက စာမအံချင်ဘူးတဲ့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ ဆရာတော်ကြီးက "ဒီကိုရင်ကြီးဟာ ကိုယ့်ဖို့မှန်း မသိ၊ သူ့ဖို့မှန်း မသိနဲ့ စာအံတာမဟုတ်ဘူး" လို့ ပြောသတဲ့"

"မှန်ပါ ဘုရား"

"ဒီတော့ ကိုရင်ကြီးက ဆရာတော်ကို "ဆရာတော်ဘုရား၊ တပည့်တော် ဒီစာတွေ အံနေရတာ ဘယ်သူ့အတွက်ပါလဲ" လို့ လျှောက်ထားတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ ဆရာတော်ကြီးက "ဟဲ့ ကိုရင်ကြီးရဲ့ နင်စာအံတာ နင့်ဖို့ပေါ့" လို့ ပြောလိုက်တယ်တဲ့"

"မှန်ပါ ဘုရား"

"ဒီတော့ ကိုရင်ကြီးက "အမယ်လေးဘုရား၊ တပည့်တော်ဖြင့် ဆရာတော်ဖို့မှတ်လို့ ကြိုးစားအံလိုက်ရတာ မောလို့ပဲ၊ တပည့်တော်ဖို့သာဆို မအံပါဘူးဘုရား" လို့ လျှောက်သတဲ့နော်"

"မှန်ပါ ဘုရား"

"အင်း... ခုလဲ ဒီလိုမဖြစ်စေနဲ့နော်"

"မှန်ပါ ဘုရား"

## (၅) ဝေယျာဝစ္စ

"မိဘ၊ ဆရာသမား၊ တရားစောင့်တဲ့ ရဟန်းသံဃာ၊ ဂုဏ်အသက်၊ သိက္ခာအားဖြင့် မိမိထက်ကြီးသူ၊ မြင့်မြတ်သူ၊ ဂိလာနပုဂ္ဂိုလ်၊ အခြားသော မိတ်ဆွေ သူငယ်ချင်း၊ သီတင်းသုံးဖော်တို့ရဲ့ အပြစ်ကင်းတဲ့ ကိစ္စလုပ်ငန်းတွေကို ကူညီဆောင်ရွက်ကြောင်း စေတနာကို "ဝေယျာဝစ္စ" ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"ရဟန်းသံဃာတွေရဲ့ ကပ္ပိယဆိုတာ ဒီဝေယျာဝစ္စကုသိုလ်ပေါ့နော်"

"မှန်ပါ ဘုရား"

"ရှင်းရှင်းပြောရရင် သူတစ်ပါးရဲ့ အပြစ်ကင်းတဲ့ အမှုကြီးငယ်အားလုံးကို ဆောင်ရွက်ကြောင်း စေတနာဟာ ဝေယျာဝစ္စ ကုသိုလ်ပဲနော်"

"မှန်ပါ ဘုရား"

## (၆) ပတ္တိဒါန

"ဆိုပါတော့ ဒကာကြီးက ပစ္စည်းတစ်ခုကို လှူတယ်၊ အဲဒီ လှူဒါန်းကြောင်း စေတနာဟာ အလှူရှင်ဖြစ်တဲ့ ဒကာကြီးမှာ ရောက်အပ် ရအပ်လို့ "ပတ္တိ" မည်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ ဒကာကြီး ရအပ်တဲ့ ဒကာကြီးရဲ့ ကုသိုလ်အဖို့ကို တစ်ယောက်ယောက်အား ဖြစ်စေ၊ သတ္တဝါအားလုံးအား ဖြစ်စေ "မိမိနဲ့ အညီအမျှ ကုသိုလ်ရပါစေ" လို့ သဘောထားပြီး ဝေငှကြောင်း စေတနာကို "ပတ္တိဒါန" ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"မိမိနဲ့ အညီအမျှ ရပါစေလို့ ပေးဝေတဲ့အတွက်ကြောင့် ယခုကာလမှာတော့ "အမျှဝေတယ်" လို့ ခေါ်ကြတယ်ပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီ အမျှဝေမှုအကြောင်းကို "ဗုဒ္ဓဓမ္မပြဿနာများ(၂)" ကြည့်နော်၊ အဲဒီမှာ အကျယ်ရှင်းထားပါတယ်"

"မှန်ပါ ဘုရား"

## (၇) ပတ္တာနုမောဒန

"အလှူရှင်တို့က ပေးဝေအပ်တဲ့ ကုသိုလ်အဖို့ကို ပျော်ရွှင်စွာဝမ်းမြောက်ကြောင်း စေတနာကို "ပတ္တာနုမောဒန" ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"ဒီမှာ အထူးမှတ်ဖို့ ရှိတယ်"

"ဘယ်လိုပါလဲဘုရား"

"သူတစ်ပါးတို့က အမျှဝေတဲ့အတွက် ဝမ်းမြောက်မှုက "ပတ္တာနုမောဒန" တဲ့"

"မှန်ပါ ဘုရား"

"သူတစ်ပါးတို့က အမျှမဝေဘဲလျက် ဝမ်းမြောက်မှုကတော့ "အနုမောဒနာ" တဲ့"

"မှန်ပါ ဘုရား"

"မတူတတ်ဘူးနော်"

"မှန်ပါ ဘုရား"

## (၈) ဓမ္မဿဝန

"အင်မတန် တရားနာလေ့ ရှိတာပဲ၊ အလွန် သူတော်ကောင်းတာပဲ စသည်ဖြင့် သူတစ်ပါးရဲ့ ချီးမွမ်းခြင်း ဂုဏ်သတင်းကို မတောင့်တဘဲ အသိအလိမ္မာ တိုးပွားစေလို့၊ ကျင့်ကြံလိုလို့၊ တစ်ဆင့်ဟောပြောလိုလို့ စတဲ့ စိတ်ထားနဲ့ တရားနာခြင်းမျိုးကို "ဓမ္မဿဝန" ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"တရားနာမှုဟာ သိပ်အရေးကြီးတယ်နော်"

"မှန်ပါ ဘုရား"

"သာဝကဟာတရားမနာရဘဲနဲ့ တရားမရနိုင်ဘူး"

"မှန်ပါ ဘုရား"

## (၉) ဓမ္မဒေသနာ

"ဓမ္မဒေသနာအကြောင်း ပြောမယ်ဆိုတော့ ကြိုတင်ပြီး သိစရာတွေကို မှတ်ထားဦးနော်၊ ဘာတွေလဲဆိုတော့ -

၁။ လှူဖွယ်ဝတ္ထုပစ္စည်းကို လာဘ (လာဘ်)

၂။ ဒကာ ဒကာမတို့က ရှိသေလေးမြတ်မှုကို သက္ကာယ

၃။ အခြွေအရံကို "ယသ"

၄။ အကျော်အစော ဂုဏ်သတင်း နာမည်ကြီးခြင်းကို "သိလောက"

လို့ ခေါ်တယ်၊ အဲဒါတွေ သိထားရမယ်နော်"

"မှန်ပါ ဘုရား"

"အခုပြောခဲ့တဲ့ လာဘ၊ သက္ကာယ၊ ယသ၊ သိလောက တို့ကို မတောင့်တဘဲ သတ္တဝါများရဲ့ စီးပွားချမ်းသာအလို့ငှာ သာသနာတော် စည်ပင်ပြန့်ပွားစေခြင်းငှာ တကယ်ဖြူစင်တဲ့ စေတနာနဲ့ တရားဟောပြမှုကို "ဓမ္မဒေသနာ" ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"အပြစ်ကင်းတဲ့ နှုတ်မှုပညာ၊ လက်မှုပညာနဲ့ ပိဋကကျမ်းစာတွေအကြောင်း ဟောပြောပို့ချမှုဟာလည်း ဓမ္မဒေသနာ ပါပဲနော်"

"မှန်ပါ ဘုရား"

## (၁၀) ဒိဋ္ဌိဇုကမ္မ

"ဒိဋ္ဌိဆိုတာက မှန်မှန်ကန်ကန် သိမြင်တတ်တဲ့ ဉာဏ်ကို ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ အသိဉာဏ်သည်ပင် ဆိုင်ရာအကြောင်းတရားတို့က ဖြောင့်မှန်အောင် ပြုတတ်တဲ့အတွက် "ဥဇုကမ္မ" လည်း မည်တယ်နော်"

"မှန်ပါ ဘုရား"

"အမိပ္ပာယ်က သတ္တဝါတွေမှာ ကံအကျိုးပေး ဆန်းကျယ်ပုံ၊ တစ်ယောက်နဲ့တစ်ယောက် မတူပုံ စတဲ့ အကြောင်းများ ကို ကြံစည် စဉ်းစားတဲ့အခါ အယူမှန် ပေါ်လာတတ်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ကြံစည် စဉ်းစားခြင်း စတဲ့ အကြောင်းတွေက အယူကို ဖြောင့်မတ်အောင် ပြုပေးတယ်လို့ ဆိုလိုတယ်နော်"

"မှန်ပါ ဘုရား"

"အသိဉာဏ်သည်ပင် ဖြောင့်မှန်အောင်ပြုအပ်လို့ "ဒိဋ္ဌိဇုကမ္မ" ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"သတ္တဝါတို့ အမျိုးမျိုးဖြစ်ရပုံကို စဉ်းစားတဲ့အခါ ကံသာလျှင် ခန္ဓာအစဉ်မှာ ဘဝဆက်တိုင်း လိုက်ပါနိုင်တယ်၊ ပစ္စည်း ဥစ္စာတွေဟာ မလိုက်ပါနိုင်ဘူး၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ဖြစ်တယ်၊ ပစ္စည်းဥစ္စာတို့ဟာ ကိုယ်ပိုင်ဥစ္စာ မဟုတ်ဘူး" လို့ သိ တတ်တဲ့ဉာဏ်ဟာ "ကမ္မဿကတာဉာဏ်" ပဲနော်"

"မှန်ပါ ဘုရား"

"မိမိသန္တာန်မှာ အဲဒီ ကမ္မဿကတာဉာဏ်မျိုး ဖြစ်ရင် "ဒိဋ္ဌိဇုကမ္မ" ဖြစ်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒါ ကုသိုလ်ဆယ်ပါးပဲ ဒကာကြီး"

"မှန်ပါ ဘုရား၊ အကျဉ်းချုံးပြပါဦးဘုရား"

"အကျဉ်းချုံးပြတော့ "ဒါန သီလ ဘာဝနာ" သုံးပါးပဲပေါ့"

"မှန်ပါ ဘုရား"

"ဘယ်လိုချုံးလိုက်ပါလဲဘုရား"

"ပတ္တိဒါန ပတ္တာနုမောဒနာ နှစ်ပါးကို ဒါနထဲသွင်းလိုက်တယ်"

"မှန်ပါ ဘုရား"

"အပစာယန၊ ဝေယျာဝစ္စ နှစ်ပါးကို သီလထဲ သွင်းလိုက်တယ်"

"မှန်ပါ ဘုရား"

"ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ သုံးပါးကို ဘာဝနာထဲ သွင်းလိုက်တယ်"

"မှန်ပါ ဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ ဒါနဟာ သူတစ်ပါးစည်းစိမ်ကို ငြူစူမှုဣဿာ၊ မိမိဥစ္စာကို လျှို့ဝှက်မှု မပေးလိုမှု မစ္ဆရိယ တို့ရဲ့ဆန့်ကျင်ဘက် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဣဿာက အလှူခံပုဂ္ဂိုလ် ပစ္စည်းရသွားမှာကို မကြိုက်နိုင်ဘူးနော်"

"မှန်ပါ ဘုရား"

"မစ္ဆရိယက ကိုယ့်ပစ္စည်း ကုန်သွားမှာကို မကြိုက်နိုင်ဘူးနော်"

"မှန်ပါ ဘုရား"

"ဒီတော့ ဒီဣဿာ မစ္ဆရိယ နှစ်ပါးကို လွှမ်းမိုးပယ်ဖျောက်နိုင်မှ ဒါန အထမြောက်မယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပတ္တိဒါန ပတ္တာနုမောဒနာတို့လည်း အဲဒီ ဣဿာမစ္ဆရိယတို့ရဲ့ဆန့်ကျင်ဘက်ဖြစ်တယ်နော်"

"မှန်ပါ ဘုရား"

"ထင်ရှားအောင်ပြောရရင် ဣဿာရှိရင် အမျှယူမယ့်သူတွေအပေါ်မှာ သက်သောင့်သက်သာနဲ့ ကုသိုလ်ရမှာကို မလိုလားနိုင်ဘူးနော်"

"မှန်ပါ ဘုရား"

"မစ္ဆရိယ ရှိနေပြန်ရင်လည်း မိမိကုသိုလ်ကို သူတစ်ပါးတို့နဲ့ ဆက်ဆံဖို့ မလိုလားနိုင်ပြန်ဘူးနော်"

"မှန်ပါ ဘုရား"

"ဒီတော့ အဲဒီ ဣဿာမစ္ဆရိယနှစ်ပါးကို ပယ်ဖျောက်နိုင်မှ ပတ္တိဒါနကုသိုလ် အထမြောက်မယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဣဿာက သူတစ်ပါးတို့ လှူဒါန်းနိုင် ပေးကမ်းနိုင်တာကို မလိုလားဘူးနော်"

"မှန်ပါ ဘုရား"

"မစ္ဆရိယက သူတစ်ပါးတို့ မိမိကဲ့သို့ လှူဒါန်းနိုင်မှာကို စောစောကပင် သဝန်တိုလျက် ရှိတယ်နော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် အဲဒီဣဿာမစ္ဆရိယနှစ်ပါးကို ပယ်ဖျောက်နိုင်မှ ပတ္တာနုမောဒနကုသိုလ် အထမြောက်မယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ဣဿာမစ္ဆရိယတို့နဲ့ ပဋိပက္ခဖြစ်ခြင်းအားဖြင့် ဒါနနဲ့ လက္ခဏာတူလို့ ပတ္တိဒါန ပတ္တာနုမောဒန နှစ်ပါးတို့ကို ဒါနထဲ သွင်းတယ်လို့ မှတ်နော်"

"မှန်ပါ ဘုရား"

"အပစာယန၊ ဝေယျာဝစ္စတို့ဟာ မျိုးကောင်းရိုးကောင်း သူတော်ကောင်းအပေါင်းတို့ရဲ့အလေ့အကျင့်ကောင်း စာရိတ္တ သီလဖြစ်လို့ သီလထဲသွင်းတယ်လို့ မှတ်နော်"

"မှန်ပါ ဘုရား"

"ဘာဝနာဆိုတာက ကုသိုလ်တရားကို တိုးပွားစေခြင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"တရားဟောမှု၊ တရားနာမှုအယူကို ဖြောင့်မှန်အောင်ပြုမှုများဟာ ကုသိုလ်တရားကို ကေန်တိုးပွားစေနိုင်တဲ့ ဘာဝနာ တစ်မျိုးပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အင်း အဲဒါကြောင့် ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မတို့ကို ဘာဝနာထဲသွင်းတယ်လို့ မှတ်နော်"

"မှန်ပါ ဘုရား"

"တစ်နည်းပြောရရင် ဒိဋ္ဌိဇုကမ္မဟာ အလုံးစုံသော ပုညကိရိယဝတ္ထုတွေရဲ့ အကျိုးကြည့်ဖို့ရာ အမှတ်လက္ခဏာပဲ မ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"သင်္ဘောမှာ ပဲ့ကိုင်မပါရင် လိုရာခရီးကို ဖြောင့်ဖြောင့်တန်းတန်းကြီး မရောက်နိုင်သလို ဒါန သီလ စသည်တို့မှာ လည်း ကမ္မဿကတဉာဏ်ဆိုတဲ့ ဒိဋ္ဌိဇုကမ္မ မပါရင် ဆိုင်ရာအကျိုးတွေကို ကြီးကြီးမားမား ပေးနိုင်ပါဦးမလား"

"မပေးနိုင်တော့ပါဘုရား"

"အဲဒီ ဒိဋ္ဌိဇုကမ္မ ပါမှ ဉာဏသမ္ပယုတ်ကုသိုလ် ဖြစ်နိုင်တယ်နော်"

"မှန်ပါ ဘုရား"

"ဒိဋ္ဌိဇုကမ္မ မပါရင် ဉာဏ်မယှဉ်တဲ့ ဉာဏဝိပ္ပယုတ် ကုသိုလ်များသာ ဖြစ်မယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို ဒိဋ္ဌိဇုကမ္မဟာ ဒါန သီလ ဘာဝနာ သုံးပါးစလုံးတို့ရဲ့ ပဲ့ကိုင်ပမာ အကျိုးကြီးဖို့ အမှတ်လက္ခဏာဖြစ်လို့ ဒိဋ္ဌိ ဇုကမ္မကို ဒါန သီလ ဘာဝနာ သုံးမျိုးလုံးထဲ သွင်းယူထိုက်တယ်လို့လည်း ဆိုတယ်နော်"

"မှန်ပါ ဘုရား"

"သူ့ဟာနဲ့သူ ဟုတ်တာပဲနော်"

"မှန်ပါ ဘုရား"

"ကဲ...တော်ရောပေါ့"

"ဦးတင်ပါတယ်ဘုရား"

✦ နေ့စဉ် နေ့စဉ်၊ ကုသိုလ်ပင်၊ တွင်တွင်စိုက်ပျိုးပါ။

✦ အကျိုးအပြစ်၊ ဖွေရှာစစ်၊ အပြစ်ကင်းသင့်တာ။

✦ အပြစ်ကင်းမှ၊ ကျိုးကြီးရ၊ သုခချမ်းသာမှာ။

# ကပ္ပိယသေရင် အသေဆိုးနဲ့ သေရတယ်ဆို ဘုရား

(၈၃)

အချိန်ကား တောတွင်းသဘာဝ သာယာလှပသောအချိန် ဖြစ်၏။ လေပြေလေညှင်းကလေးက ဖြည်းညှင်းစွာ တိုက်ခတ်ပေးလျက် ရှိသဖြင့် မပူလည်း မပူ၊ မအေးလည်း မအေးပေ။ စမ်းချောင်းရေကလည်း မနည်းမများ တသွင်သွင်စီးဆင်းလျက်ရှိ၏။ နေရာကား တောရသခ်မ်းကျောင်းကလေးတွင် ဖြစ်၏။ လာခဲလှသော ရှားရှားပါးပါး အာဂန္တုတစ်ပါး ရောက်လာ၏။ သို့နှင့် အားရပါးရ ဝမ်းပန်းတသာ စကားပြောကြသည်။ ဟိုရောက် ဒီရောက်လည်း ရှိပါသည်။

"ဘုန်းကြီးဘုရား၊ ကပ္ပိယသေရင် အသေဆိုးနဲ့ သေရတယ်ဆို ဘုရား"

"အို ... မဟုတ်တာ မောင်ပဉ္စင်းကလဲ"

"ဟုတ်ပါတယ် ဘုန်းကြီးဘုရား၊ တပည့်တော် တွေ့ဖူးတာ နှစ်ယောက်တောင် ရှိပြီဘုရား"

"အသေဆိုးနဲ့ သေတာလား"

"မှန်ပါ ဘုရား"

"ကပ္ပိယဆိုတာ ဘုန်းကြီးတွေအတွက် မအပ်တာတွေကို အပ်အောင်၊ ဘုန်းကြီးတွေ ချမ်းသာအောင် ပြုစုလုပ်ကျွေးရတာဆိုတော့ ကုသိုလ်တွေ အများကြီးရတယ်၊ ကုသိုလ်များတော့ အသေကောင်းနဲ့သာ သေရမှာပေါ့၊ ဘယ့်နှယ် အသေဆိုးနဲ့ သေရမှာလဲ မောင်ပဉ္စင်းရဲ့"

"ဒါကတော့ ကောင်းတဲ့ကပ္ပိယတော့ ဟုတ်တာပေါ့ ဘုန်းကြီးဘုရား၊ မကောင်းတဲ့ ကပ္ပိယဆို အသေဆိုးနဲ့ သေရတယ်ဘုရား"

"ကဲ ... ပြောစမ်းပါဦး၊ တွေ့ဖူးတဲ့ အသေဆိုးနဲ့သေရတဲ့ ကပ္ပိယအကြောင်း"

"လွန်ခဲ့တဲ့ နောက်လေးငါးနှစ်က ဟို (...)ကျောင်းကပ္ပိယမကြီးပေါ့၊ အားကြီးဆိုးတာပဲ၊ ကျောင်းမှာဗိုလ်ပဲ၊ဘုန်းကြီးထက် သူ့ကို ကြောက်ရတယ်ဘုရား၊ ပစ္စည်းတွေဟာ သူ့သဘောပဲ၊ ပေးချင်သလို ပေး၊ စားချင်သလို စားပဲဘုရား၊ အဲ ... သူ သေခါနီးတော့ဘုရား အကြာကြီးပဲ ဝေဒနာခံနေရတယ်၊ နောက် သေတော့လည်း အသေဆိုးပါတယ်ဘုရား"

"ဩော် ... ဒါကတော့ ကပ္ပိယမဟုတ်တဲ့လူလည်း ဒီလို အသေဆိုးတာတွေ ရှိပါတယ်"

"ပြီးတော့ နောက်တစ်ယောက် ဘုရား၊ ဘုန်းကြီးတို့ ဆွမ်းခံလမ်းထဲကပေါ့၊ ဟိုတလောက သေသွားတဲ့ ဒကာမကြီးလေ၊ ကြားတယ်မဟုတ်လား၊ အကြာကြီးပဲ ဝေဒနာခံရပြီးမှ သေသွားရတယ်၊ အသေဆိုးရှာတယ်ဘုရား"

"အမှန်တော့ ကပ္ပိယအလုပ်ဟာ အင်မတန်ကောင်းတဲ့ အလုပ်ပါ၊ တစ်ခြားကုသိုလ် ဘာမှ မရှိချင်နေပါစေ၊ ကပ္ပိယ လုပ်တဲ့ ကုသိုလ်တစ်ခုထဲနဲ့ အထောက်အပံ့ဖြစ်ပြီး နိဗ္ဗာန်ရသွားတဲ့ ဝတ္ထုတွေ အရှိသားပဲ"

"ဒါက ကောင်းတဲ့ကပ္ပိယပြောတာနဲ့ တူပါတယ်ဘုရား"

"အင်းပေါ့၊ ကပ္ပိယလည်း ကောင်းတဲ့ကပ္ပိယ၊ ဆိုးတဲ့ကပ္ပိယလို့ နှစ်မျိုးရှိတာပေါ့"

"တင်ပါ၊ ခုကပ္ပိယက ဆိုးတဲ့ကပ္ပိယဘုရား"

"ဩော် ... ဆိုးလို့ အသေဆိုး သေတာပဲဟာ၊ ကောင်းတဲ့ ကပ္ပိယကတော့ ဘယ်အသေဆိုးမလဲ"

"မှန်ပါ ဘုရား"

"စာဆိုရှိသားပဲ "ဒွိ - တော - ကပ် ကိုရှောင်" တဲ့၊ ကြားဖူးတယ် မဟုတ်လား"

"မှန်ပါ၊ ကြားဖူးပါတယ် ဘုရား"

"အများအားဖြင့် ဆိုးလို့၊ အဆိုးကို ရည်ရွယ်ပြီး ရေးထားတာပဲ"

"မှန်ပါ ဘုရား"

"ဒွိ ဆိုတာက နှစ်ပါးဆိုင် ဒွိသင်္ဃကကျောင်း၊ ပြဿနာအဖြစ်များတယ် ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"တော ဆိုတာက တောထွက်ရဟန်းကြီးတွေပေါ့၊ အကောင်းနည်းတယ်၊ ပြဿနာ အဖြစ်များတယ် ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ကပ် ဆိုတာက ကပ္ပိယပေါ့နော်"

"မှန်ပါ ဘုရား"

"သူလည်း အကောင်းနည်းတယ်၊ အဆိုးများတယ်၊ ပြဿနာ အဖြစ်များတယ်၊ ခုနက မောင်ပဥ္စင်းပြောသလိုပေါ့၊ ကြာလာတော့ ဘုန်းကြီးက တပည့်၊ ကပ္ပိယက ဆရာဖြစ်လာတယ်၊ အရာရာ ဩဇာပေးတတ်တယ်၊ မစားသင့်တာ.စားသင့်တာ၊ မဝေသင့်တာ.ဝေသင့်တာ၊ မပေးသင့်တာ.ပေးသင့်တာ၊ မယူသင့်တာ.ယူသင့်တာ စသည် နားမလည်ဘဲ ငါသဘောဆိုပြီး လုပ်ချင်ရာ လုပ်တတ်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလိုလုပ်တော့ ကပ္ပိယဆိုးပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလိုဆိုတော့ တစ်ပါးတည်းပိုင် ပုဂ္ဂလိကပစ္စည်းတွေကို ထင်သလို လုပ်တာတော့ တော်သေးတာပေါ့၊ အပြစ်ပေါ့ သေးတာပေါ့၊ သံဃာဆိုင် သံဃိကပစ္စည်းတွေ ထင်သလိုလုပ်တော့ အပြစ်သိပ်ကြီးတယ်နော်"

"မှန်ပါ ဘုရား"

"သံဃာပိုင်ပြီးသား သံဃိကပစ္စည်း အလွဲသုံးစားလုပ်တဲ့ ကပ္ပိယဆိုတာ မပြောနဲ့၊ သံဃာကို ရည်ညွှန်းပြီးသား ပစ္စည်း တွေကို သုံးစားမိတာနဲ့တောင် အပြစ်.အင်မတန်ကြီးတာ ဝတ္ထုကြောင်းရှိတယ်"

"အမိန့်ရှိပါဦးဘုရား"

"ဟို လွန်ခဲ့တဲ့ ကိုးဆယ့်နှစ်ကမ္ဘာက "ဖုဿ" ဘုရားရှင် ပွင့်တော်မူခဲ့တယ်နော်"

"မှန်ပါ ဘုရား"

"ဖုဿဘုရားရှင်ရဲ့ခမည်းတော်က "မဟိန္ဒမင်းကြီး" တဲ့"

"မှန်ပါ ဘုရား"

"မင်းကြီးရဲ့ ညီငယ်သားက လက်ယာရံအဂ္ဂသာဝက၊ ပုရောဟိတ်သားက လက်ဝဲရံအဂ္ဂသာဝကပေါ့"

"မှန်ပါ ဘုရား"

"ဒီတော့ မင်းကြီးက သားတော်က ဘုရား၊ ညီသားက အဂ္ဂသာဝက၊ ပုရောဟိတ်သားကလည်း အဂ္ဂသာဝကဆိုတော့ သိပ်ပြီးတော့ ဂုဏ်မောက်နေတာပေါ့နော်"

"မှန်ပါ ဘုရား"

"ဒါကတော့ ကောင်းတဲ့ဂုဏ်မောက်ခြင်းပဲ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲ ... မင်းကြီးက ဘုရားရှင်နှင့် အဂ္ဂသာဝကနှစ်ပါး ကြည့်ပြီးတော့ -

"ငါရဲ့ဘုရား၊ ငါရဲ့တရား၊ ငါရဲ့သံဃာ၊ ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူသော ပစ္စည်းလေးပါးကို ခံတော်မူထိုက်သော အလုံးစုံသောတရားကို သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏" လို့ သုံးကြိမ် ဝမ်းမြောက်တဲ့ စကားကို ဝမ်းမြောက်စွာဆိုပြီးတော့ ဘုရားရှင်ရဲ့ခြေတော်ရင်းမှာ ဝပ်ပြီးလျှောက်တယ် ...

"မြတ်စွာဘုရား၊ အသက်တော်ဆုံးသည့်တိုင်အောင် နေတော်မူပြီး ကိန်း၍ နေတော်မူတဲ့အခါကဲ့သို့ သူတစ်ပါးတို့ရဲ့အိမ်ဂေဟာသို့ ဆွမ်းရပ်မကြွဘဲ တပည့်တော် အသက်ရှည်သမျှ ကာလပတ်လုံး တပည့်တော်ရဲ့ပစ္စည်းလေးပါးတို့ကို သည်းခံတော်မူပါဘုရား"

လို့ လျှောက်တယ်၊ ပဋိညာဉ်ယူတယ်၊ ယူပြီးတော့ အမြဲပဲ လုပ်ကျွေးတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အဲ ... မင်းကြီးမှာ သူ့ရဲ့အခြံအရံငါးရာရှိတဲ့ သားတစ်ယောက်၊ သုံးရာရှိတဲ့ သားတစ်ယောက်၊ နှစ်ရာရှိတဲ့ သားတစ်ယောက်လို့ သားသုံးယောက် ရှိတယ်တဲ့နော်"

"မှန်ပါဘုရား၊ သူရဲဆိုတာ ဘယ်လိုဟာပါလဲဘုရား"

"ခြော် ... သူရဲဆိုတာ ခုခေတ်လိုဆိုရင် ဗိုလ်မှူးတွေလို သူရဲကောင်းတွေပေါ့၊ အဲဒီလို ဗိုလ်မှူးတွေပဲ ငါးရာ၊ သုံးရာ၊ နှစ်ရာစီ အခြံအရံရှိတယ်ဆိုတော့ အင်အားသေးပါ့မလား"

"အင်အားမသေးပါဘုရား"

"အဲ ... အဲဒီ သားသုံးယောက်ကလည်း "ငါတို့လည်း နောင်တော်ဘုရားကို ဆွမ်းလုပ်ကျွေးကုန်အံ့" ဆိုပြီးတော့ ခမည်းတော်မင်းကြီးကို အခွင့်တောင်းတယ်၊ မရဘူးတဲ့"

"မှန်ပါ ဘုရား"

"အကြိမ်ကြိမ်တောင်းလည်း မရဘူးတဲ့"

"မှန်ပါ ဘုရား"

"အဲဒီလိုနဲ့ တစ်ချိန်မှာ မင်းကြီးပိုင်တဲ့ ပစ္စန္တရစ်ကို သူပုန်သူကန်ဘေး နှိမ်နင်းရန် သားသုံးယောက်ကို စေလွှတ်တယ်တဲ့"

"မှန်ပါ ဘုရား"

"လွှတ်တော့ သားတွေက အလွယ်တကူနဲ့ပဲ သူပုန်သူကန်ဘေး နှိမ်နင်းပြီး ပြန်လာတော့ မင်းကြီးက သဘောကျလို့ သားတွေကို လည်ပင်းဖက်ပြီး နဖူးနမ်းတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ဘာပြောလည်းဆိုတော့ "သားတော်တို့ သင်တို့ကို ဆုပေးမယ်၊ လိုတဲ့ဆုကို တောင်း" တဲ့နော်"

"မှန်ပါ ဘုရား"

"သားတော်တွေက အကြံသမားတွေဆိုတော့ "ကောင်းပါပြီ အရှင်မင်းကြီး" ဆိုပြီး ဆုယူပြီးသလိုလိုနဲ့ နေလိုက်ကြတယ်နော်"

"မှန်ပါ ဘုရား"

"အဲ . . . နှစ်ရက် သုံးရက်ကြာတော့ မင်းကြီးက "သားတော်တို့ ဆုယူကြကုန်လော့" လို့ မိန့်ပြန်သတဲ့"

"မှန်ပါ ဘုရား"

"အဲဒီတော့ အကြံသမား မင်းသားသုံးယောက်က ဘာလျှောက်လဲဆိုတော့ -

"ခမည်းတော် မင်းကြီးဘုရား၊ နောင်တော်ဘုရားကို ဆွမ်းလုပ်ကျွေးရလိုခွင့် မှ တစ်ပါးသော တစ်စုံတစ်ခုသောဆုကို အကျွန်ုပ်တို့ အလိုမရှိပါ၊ ဒီနေ့မှစပြီးတော့ အကျွန်ုပ်တို့တစ်တွေဟာ နောင်တော်ဘုရားကို ဆွမ်းလုပ်ကျွေးပါကုန်အံ့၊ အကျွန်ုပ်တို့အား အဲဒီဆုပဲ ပေးတော်မူပါလော့"

လို့ လျှောက်တယ်၊ ဆုတောင်းတယ်နော်"

"မှန်ပါ ဘုရား"

"ဒီတော့ မင်းကြီးကလည်း ဒီဆုကို မပေးနိုင်ဘူးတဲ့၊ သူကလည်း သဒ္ဓါကောင်းလိုက်တာနော်"

"မှန်ပါ ဘုရား"

"ဒီတော့ မင်းသားတွေက "အရှင်မင်းကြီးရယ် အမြဲမပေးနိုင်ရင် ခုနစ်နှစ်လောက် ပေးပါလို့" လျှောက်တယ်"

"မှန်ပါ ဘုရား"

"မင်းကြီးကလည်း မပေးနိုင်ဘူးတဲ့၊ ဒီတော့ မင်းသားတွေက ခြောက်နှစ်တောင်းတယ်၊ မရဘူး၊ အဲဒီလိုနဲ့ ငါးနှစ်၊ လေးနှစ်၊ သုံးနှစ်၊ နှစ်နှစ်၊ တစ်နှစ်တောင်းတယ်၊ မပေးနိုင်ဘူးတဲ့"

"မှန်ပါ ဘုရား"

"တစ်နှစ်မရတော့ မင်းသားတွေကလည်း မလျှော့ဘူး၊ ဒီလိုဆိုရင် ခုနစ်လလောက် ပေးပါတဲ့၊ မင်းကြီးက ခုနစ်လလည်း မပေးနိုင်ဘူးတဲ့"

"မှန်ပါ ဘုရား"

"အဲ . . . ခုနစ်လမရတော့ ခြောက်လ၊ ငါးလ၊ လေးလ၊ သုံးလ တောင်းတယ်၊ မရပါဘူးနော်"

"မှန်ပါ ဘုရား"

"မရ...ဘူး မင်းသားတွေကလည်း မလျှော့ဘူး၊ ဘာလျှော့လဲဆိုရင် "အရှင်မင်းကြီးရယ် သုံးလမပေးနိုင်ရင် ထားပါ တော့ တစ်ယောက်ကို တစ်လ တစ်လပဲ ပေးပါတော့၊ ကျေနပ်ပါပြီ" တဲ့၊ တောင်းတယ်၊ အဲဒီတော့မှ မင်းကြီးက ခွင့်ပေးတယ်၊ ကဲ... အပြီးသတ်တော့ သုံးလပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲ...အခွင့်ရတယ်ဆိုရင်ပဲ မင်းသားတွေက သူတို့မှာ အသီးသီးရှိနေတဲ့ ကျီဝန်၊ ကျီစိုး၊ ကျီစာရေး၊ စာချီနှင့် အခြံအရံ ခေါ်ပြီး ပြောတယ်"

"အမောင်တို့၊ ငါတို့ ညီနောင်သုံးယောက်တို့တော့ ဒီဝါတွင်း သုံးလပတ်လုံး ဆယ်ပါးသီလတို့ကို ဆောက် တည်ပြီး ဖန်ရည်စွန်းတဲ့ အဝတ်နှစ်ထည်ပဲ ဝတ်ကာ ဘုရားရှင်နဲ့ အတူတကွ နေကြမယ်"

"အမောင်တို့ အဲဒါကြောင့် သင်တို့တစ်တွေဟာ ဒီမျှလောက် အလှူဝတ်ကိုယူပြီး နေ့တိုင်း ဘုရားရှင်နဲ့ ရဟန်းသံဃာတွေ၊ သူရဲ သူခက်တွေအတွက် ခဲဖွယ်ဘောဇဉ်တွေ စီမံခန့်ခွဲပါကုန်လော့၊ ငါတို့ ဒီနေ့မှ စပြီး တစ်စုံ တစ်ရာ စကားမပြောတော့ဘူး"

လို့ ခေါ်ပြီး ပြောတယ်၊ အဲဒီလိုပြောပြီး မင်းသားသုံးယောက်တို့ဟာ သူတို့ရဲ့ အခြံအရံ တစ်ထောင်နဲ့အတူ ဆယ်ပါး သီလယူပြီး ဖန်ရည်စွန်းတဲ့ အဝတ်ကိုဝတ်ကာ ကျောင်းမှာပဲ အမြဲနေကြတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"သူတို့က သစ်ခေါက်ဆိုး အဝတ်ကို ဝတ်နေတာ၊ အပေါ်အောက် နှစ်ထည်လုံးနော်"

"မှန်ပါ ဘုရား"

"ခုခေတ်ယောဂီတွေလို အောက်တစ်ထည်လေး အညိုဝတ်မဟုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ရွှေငွေ မကိုင်ခံရတဲ့ ဆယ်ပါးသီလ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အင်း...ခုခေတ်တော့ ငါးပါးနဲ့ အာဇီဝဋ္ဌမကနဲ့ပဲ များတယ်၊ ရှစ်ပါးတောင် သိပ်မရှိတော့ဘူး၊ ဆယ်ပါးဆိုတာ မကြား ဘူးသလောက်ပဲနော်"

"မှန်ပါ ဘုရား"

"ကဲ...ထားပါတော့၊ အဲ...ခုနက မင်းသားသုံးယောက်တို့ရဲ့ ကျီစိုး၊ ကျီစာရေးတို့ကလည်း မင်းသားသုံးယောက် တို့ရဲ့ ကျီတော်တို့မှ အလှည့် အလှည့်နဲ့ယူပြီး အလှူဝတ်ကို လှူကြတယ်တဲ့"

"မှန်ပါ ဘုရား"

"အဲဒီမှာ ချက်တဲ့ပြုတ်တဲ့ သူတွေရဲ့ သားသမီးတွေက ထမင်းဟင်း ဆာတော့ ငိုကြတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ချက်တဲ့ပြုတ်တဲ့သူတွေဆိုတာ ကပ္ပိယတွေပေါ့၊ ဝေယျာဝစ္စပြုသူတွေပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို သားသမီးတွေက ဆာလို့ငိုတော့ ရဟန်းသံဃာတွေ မဘုဉ်းပေးရသေးမီ ကလေးတွေကို ကျွေးတယ် တဲ့နော်"

"မှန်ပါ ဘုရား"

"ခုခေတ် ကပ္ပိယပျက်တာလည်း အဲဒီ သားသမီးကိစ္စက စပြီး ပျက်တာပဲ၊ သူ့အတွက်ကတော့ လုံလောက်တယ်၊ သားဖို့၊ သမီးဖို့၊ မြေးဖို့ စသည်နဲ့ မယူသင့်တာ ယူ၊ မစားသင့်တာ စား စသည်နဲ့ မစောင့်စည်းမှုတွေ ဖြစ်လာတတ်တာနော်"

"မှန်ပါ ဘုရား"

"ကဲ ... ထားပါတော့၊ အဲဒီလိုကျွေးတော့ ရဟန်းသံဃာတွေ ဘုဉ်းပေးပြီးတဲ့အခါ အပိုအလျှံ မရှိတော့ဘူးတဲ့"

"မှန်ပါ ဘုရား"

"အဲဒီလိုနဲ့ အဲဒီ ကပ္ပိယတွေဟာ နောက်တော့ အတင့်ရဲလာတယ်၊ ဘယ်လိုလဲဆိုတော့ "ကလေးတွေလည်း ကျွေးမယ်၊ တို့လည်း စားမယ်" ဆိုပြီး ကလေးတွေလည်း ကျွေးတယ်၊ သူတို့လည်း စားတယ်၊ ကောင်းတဲ့အစာ အာဟာရတွေ မြင်နေရတော့ မနေနိုင်ဘူးပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒါ စားသောက်တဲ့သူတွေ ဘယ်လောက်များလဲဆိုတော့ ရှစ်သောင်းလေးထောင်တဲ့နော်"

"မှန်ပါ ဘုရား"

"အဲ ... အဲဒီကပ္ပိယတွေနဲ့ သားသမီးတွေ အားလုံးဟာ အဲဒီဘဝက သံဃာရည်မှန်းပြီး ချက်ပြုတ်တဲ့ အစာအာဟာရတွေ စားခဲ့တဲ့ အကုသိုလ်ကံကြောင့် အဲဒီဘဝက သေတော့ အကုန်လုံး ပြိတ္တာတွေ ဖြစ်ကြကုန်တယ်တဲ့"

"မှန်ပါ ဘုရား၊ ဒါကြောင့် တပည့်တော်မေးတာပေါ့ ဘုရား၊ ကပ္ပိယသေရင် အသေဆိုးနဲ့ သေရတယ်ဆိုဘုရား လို့"

" အင်းလေ ... ခုလဲ အဆိုးအကောင်း ခွဲဖြေတာပဲ၊ ဆိုးတဲ့ကပ္ပိယက ဒီလိုဖြစ်တယ်လို့"

"မင်းသားတွေက ဘယ်လိုလဲဘုရား"

"မင်းသားသုံးယောက်က အခြံအရံ တစ်ထောင်နဲ့တကွ နတ်ပြည်ရောက်တယ်၊ နတ်ပြည် တစ်ပြည်မှတစ်ပြည်၊ နတ်ပြည်ကနေ လူ့ပြည်နဲ့ ကိုးဆယ့်နှစ်ကမ္ဘာ အပါယ်မလားဘဲ ဒီ တပည့်တော်တို့ ဘုရားလက်ထက်မှာ "ရသေ့ညီနောင် ရှင်တစ်ထောင်" ဆိုပြီး ကျွတ်တမ်းဝင်တာပေါ့"

"ပြီးတော့ ကျီဝန်တွေ ကျီစာရေးတွေကကောဘုရား"

"သြော် ... ဟုတ်သားပဲ၊ ကျီဝန် ကျီစိုးက ဒီဘုရားရှင်လက်ထက်မှာ "ဝိသာခသူကြွယ်" ဖြစ်လာတယ်"

"ဓမ္မဒိန္နာရဲ့ယောကျ်ားလား ဘုရား"

"အင်း ... အင်း၊ ဓမ္မဒိန္နာရဲ့ယောကျ်ား ဝိသာခပေါ့၊ မည့်ဘူးနော်"

"မှန်ပါ ဘုရား"

"ကျီစာရေးကတော့ "ဗိမ္ဗိသာရမင်းကြီး" ဖြစ်လာတယ်တဲ့နော်"

"အမယ် သူလည်း မည့်ပါလား"

"ဘယ်ညံ့မလဲ၊ သူတို့က စနစ်တကျ မခိုးမဝှက်ဘဲနဲ့ စီမံပေးတာကိုး"

"မှန်ပါ ဘုရား၊ ချက်ပြုတ်တဲ့ ခုနကပြိတ္တာဖြစ်တဲ့ ကပ္ပိယတွေကောဘုရား၊ ဘယ်ရောက်လို့ ဘယ်ပေါက်လဲ၊ အမိန့်ရှိပါဦး"

"အင်း ... ဟုတ်တယ် ပြောရဦးမယ်၊ အဲဒီကပ္ပိယပြိတ္တာတွေက အဲဒီပြိတ္တာဘဝကနေ ရံခါ လူပြည်ရောက်တယ်၊ ရံခါလည်း နတ်ပြည်ရောက်တယ်၊ ရံခါလည်း ငရဲကျတယ်၊ ရံခါလည်း တိရစ္ဆာန်ဖြစ်တယ်၊ ရံခါလည်း ပြိတ္တာဖြစ်တယ်တဲ့"

"ကြောက်စရာကြီးပါလားဘုရား"

"ကြောက်စရာပေါ့"

"ဆက်အမိန့်ရှိပါဦးဘုရား၊ သူတို့တစ်တွေ နောက်ဘယ်လိုဖြစ်သေးလဲလို့"

"ပြော်...ဟုတ်တယ်၊ အဲဒီပြိတ္တာတွေဟာ သုဂတိ, ဒုဂ္ဂတိလည်နေရင်းနဲ့ ဒီဘဒ္ဒကမ္ဘာမှာ ဘုရားလေးဆူတို့ရဲ့အကြား ကာလပတ်လုံး ပြိတ္တာဘုံမှာ ဖြစ်ကြတယ်တဲ့"

"အကြာကြီးပါလား"

"အကြာကြီးပေါ့၊ ဒီဘဒ္ဒကမ္ဘာမှာ ကကုသန်ဘုရားရှင် ပထမဆုံး ပွင့်တာပဲ၊ အနှစ်လေးသောင်းတမ်းမှာနော်"

"မှန်ပါ ဘုရား"

"အဲဒီအခါမှာ ခုနကပြိတ္တာတွေဟာ ကကုသန်ဘုရားရှင်ထံ ချဉ်းကပ်ပြီး "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အကျွန်ုပ်တို့ အစာအာဟာရ စားရမည့် အချိန်ကာလကို မိန့်ကြားတော်မူပါလော့" လျှောက်ကြတယ်တဲ့"

"မှန်ပါ ဘုရား"

"ဒီတော့ ကကုသန်ဘုရားရှင်က "ငါ့လက်ထက်မှာ သင်တို့ အစာအာဟာရ မစားရသေးဘူး၊ ငါ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် မြေကြီး တစ်ယူဇနာ မြင့်တက်တဲ့အခါ ကောဏာဂုဏ်ဘုရား ပွင့်လိမ့်မယ်၊ အဲဒီ ဘုရားရှင်ကို မေး" တဲ့"

"မှန်ပါ ဘုရား"

"အဲ... ကောဏာဂုဏ်ဘုရားရှင် ပွင့်တော့ မေးပြန်တယ်၊ မေးတော့ "ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် မြေကြီး တစ်ယူဇနာမြင့်တက်တဲ့အခါ ကဿပဘုရား ပွင့်လိမ့်မယ်၊ အဲဒီ ဘုရားရှင်မေးတဲ့၊ ငါ့လက်ထက်မှာတော့ မစားရသေးဘူး" တဲ့"

"မှန်ပါ ဘုရား"

"အဲ...ကဿပဘုရားရှင် ပွင့်တော့ မေးပြန်တယ်၊ မေးတော့ "ငါ့လက်ထက်မှာ မစားရသေးဘူး။ ငါ ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် မြေကြီး တစ်ယူဇနာမြင့်တက်တဲ့အခါ ဂေါတမဘုရားရှင် ပွင့်လိမ့်မယ်၊ အဲဒီအခါမှာ သင်တို့ရဲ့ဆွေမျိုး ဂျီစာရေးဟာ ဗိမ္ဗိသာရအမည်နဲ့ မင်းဖြစ်လိမ့်မယ်၊ အဲဒီမင်းက ဘုရားရှင်အားလှူပြီး သင်တို့အား အမျှဝေလျှင် သာဓုခေါ်က အစာ.စားရလိမ့်မယ်" လို့ မိန့်တော်မူတယ်တဲ့"

"မှန်ပါ ဘုရား"

"အဲဒီလို မိန့်တော်မူသံကြားရတော့ သူတို့မှာ နက်ဖြန်သဘက်များ စားရတော့မတတ် ထင်သတဲ့၊ ဝမ်းသာသတဲ့နော်"

"မှန်ပါ ဘုရား"

"ကဿပဘုရားရှင်က အနှစ် နှစ်သောင်းတမ်းမှာ ပွင့်တာ၊ ဒီမှာ ဂေါတမဘုရားရှင်က တစ်ရာတမ်းမှပွင့်မှာ မဝေးလွန်းဘူးလား"

"ဝေးလွန်းပါတယ်ဘုရား"

"အေး...ဒါပေမဲ့ စောစောကနဲ့ စာရင်တော့ မနီးဘူးလား"

"နီးပါတယ် ဘုရား"

"အင်း... ဒီလိုနဲ့ ဂေါတမဘုရားရှင်လည်း ပွင့်၊ ဗိမ္ဗိသာရမင်းကြီးလည်း အလှူဦးလှူတယ်၊ အလှူအဖို့ဘာဂကို အမျှမဝေမိလို့ ညအခါမှာ ကြောက်လန့်ဖွယ် အသံတွေအော်ပြီး မင်းကြီးကို ကိုယ်ထင်ရှားပြတယ်တဲ့"

"မှန်ပါ ဘုရား"

"ဒီတော့ မင်းကြီးက နံနက်မိုးသောက် အလင်းရောက်တဲ့အခါ ဝေဠုဝန်ကျောင်းတော်သွားပြီး ညကအကြောင်း ဘုရားရှင် လျှောက်တယ်တဲ့"

"လျှောက်တော့ ဘုရားရှင်က ဗိမ္ဗိသာရမင်းကြီးကို "ကိုးဆယ့်နှစ်ကမ္ဘာထက်က ဆွေမျိုးတော်ခဲ့ပုံ၊ သံဃာတော် ရည်မှန်းပြီး ချက်ပြုတ်တဲ့ အစာအာဟာရတွေ စားသုံးပုံ၊ ပြိတ္တာဖြစ်ပုံ၊ ကကုသန်ဘုရားရှင် စသည်တွေကို လျှောက်ပုံ၊ ဘုရားရှင်တွေက မိန့်ကြားပုံ၊ သင်မင်းကြီးရဲ့ အလှူရဲ့ အဖို့ဘာဂ အမျှကို မျှော်လင့်ပုံ၊ မျှော်လင့်သည့်အတိုင်း အဖို့ဘာဂ အမျှ မရလို့ ကြောက်ဖွယ်အသံ ပြုပုံ" ကို မိန့်ကြားတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလိုမိန့်တော့ ဗိမ္ဗိသာရမင်းကြီးက "ယခုအခါ အလှူပေးသည်ရှိသော် ရပါသေးသလားဘုရား" လို့လျှောက်တယ်၊ ဒီတော့ ဘုရားရှင်က "ရတယ်" လို့ မိန့်လိုက်တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ မင်းကြီးက နောက်တစ်နေ့မှာပဲ ဘုရားအမှူးရှိတဲ့ သံဃာတွေပင့်ဖိတ်ပြီး အလှူကြီး ပေးလှူကာ -

"မြတ်စွာဘုရား၊ ဒီအလှူကြီး ပေးလှူတဲ့အခါမှ စ၍ ထိုတပည့်တော်ရဲ့ ဆွေမျိုးပြိတ္တာတို့အား နတ်၌ဖြစ်တဲ့ ထမင်းအဖျော်တွေနဲ့ ပြည့်စုံပါစေသတည်း"

လို့ ရည်မှန်းပြီး အလှူအဖို့ကို အမျှပေးဝေတယ်၊ ဟိုကလည်း သာဓုခေါ်တယ်၊ ခေါ်တော့ ရည်မှန်းတဲ့အတိုင်း နတ်တို့ရဲ့အစာနဲ့ အဖျော်တော့ရတယ်၊ အဝတ်မရဘူးတဲ့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ နောက်တစ်ခါ ကိုယ်လုံးတီးတွေနဲ့ ကိုယ်ထင်ပြပြန်တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ကိုယ်လုံးတီး ကိုယ်ထင်ပြတော့လည်း မင်းကြီးက ဘုရားရှင်လျှောက်ပြန်တယ်၊ ဒီတော့ ဘုရားရှင်က "မင်းကြီး သင်သည် အဝတ်သင်္ကန်းတွေကို သူတို့ကိုရည်စူးပြီး မပေးလှူအပ်ကုန်သေးဘူး" လို့ မိန့်လိုက်တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ မင်းကြီးသည် နောက်တစ်နေ့မှာ ဘုရားအမှူးရှိတဲ့ သံဃာတွေ ပင့်ပြီး သင်္ကန်းလှူကာ -

"မြတ်စွာဘုရား၊ ဒီသင်္ကန်းအလှူကို ပေးလှူသည်မှစ၍ ထိုတပည့်တော်ရဲ့ ဆွေမျိုးပြိတ္တာတွေအား နတ်၌ ဖြစ်တဲ့ အဝတ်တွေ ဖြစ်ပါစေကုန်သတည်း"

လို့ရည်မှန်းပြီး အမျှဝေတယ်၊ သူတို့ကလည်း သာဓုခေါ်တယ်။ အဲဒီခဏမှာပဲ အဲဒီပြိတ္တာတွေမှာ နတ်တို့ရဲ့ အဝတ်တွေ ဖြစ်ကုန်တယ်၊ အဲဒီခဏမှာပဲ ပြိတ္တာတို့ရဲ့အတ္တဘောကို စွန့်ပြီး နတ်တို့ရဲ့ အတ္တဘော ဖြစ်လာတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"မြတ်စွာဘုရားရှင်ဟာ အဲဒီအလှူပွဲမှာ "တိရောကုဋ္ဋသုတ္တန်" ကို ဟောတယ်၊ သတ္တဝါတွေလည်း များစွာ အကျွတ်တရား ရတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ကဲ . . . အဲဒီမှာကြည့်ပါလား၊ အလှူဒကာတွေက ကျွတ်တန်းဝင်သွားပြီ၊ ကျွတ်တန်း မဝင်ခင်လည်း ချမ်းသာတွေ စံသွားရတယ်နော်"

"မှန်ပါ ဘုရား"

"ဝေယျာဝစ္စပြုလုပ်တဲ့ ကပ္ပိယတွေတော့ ဘယ့်နှယ်နေသလဲ"

"သံသရာတစ်လျှောက်လုံး ဆင်းရဲပါတယ်ဘုရား"

"ဘာကြောင့် ဆင်းရဲလည်းဆိုတော့ မစားသင့်တာတွေ စားလို့နော်"

"မှန်ပါ ဘုရား"

"အဲဒီပစ္စည်းတွေဟာ သံဃပစ္စည်းအစစ်တောင် မဟုတ်သေးဘူး၊ သံဃာရည်မှန်းထားရုံပဲ ရှိသေးတယ်၊ အဲဒါ စားတာတောင် အဲဒီလောက် အပြစ်ကြီးရင် သံဃာ့ပစ္စည်းအစစ်ဖြစ်တဲ့ သံဃိကပစ္စည်း စားရင် ဘယ့်နှယ်နေပါ့မလဲ"

"သာပြီးတော့ ဆိုးပါမယ်ဘုရား"

"အင်း...ခုခေတ်မှာတော့ စားနေကြတာပဲ၊ ဘာရယ် ညာရယ် မဟုတ်တော့ဘူး၊ မျက်မှောက်ဘဝ သာယာရေးကလေးကိုပဲ ကြည့်တယ်နော်"

"မှန်ပါ ဘုရား"

"တချို့ကျတော့လည်း မကြောက်သင့်တာ ကြောက်တာရှိသေးတယ်"

"ဘယ်လိုပါလဲ ဘုရား"

"ဆွမ်းချက်တဲ့ ဒကာမကြီးတွေပေါ့၊ ခုနက ဝတ္ထုအကြောင်း နားထောင်ထားရတော့ ပြိတ္တာဖြစ်မှာစိုးလို့တဲ့ ဆွမ်းချက်တဲ့အခါ မြီးတောင်မကြည့်ဘူး၊ ဒီတော့ ပေါ့တာ ပေါ့၊ ငန်တာ ငန် ဖြစ်ကုန်တာပေါ့နော်"

"မှန်ပါ ဘုရား"

"ဒါက သက်သက်မဲ့ ဦးဦးဖျားဖျား စားတာမှ မဟုတ်တာဘဲ၊ အရသာသိအောင် မြီးကြည့်တာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါကတော့ မြီးကောင်းတယ်နော်"

"မှန်ပါ ဘုရား"

"ကဲ...ဒီတော့ ကပ္ပိယပြဿနာကို ဒီလိုမှတ်ထားပေါ့၊ ဆိုးတဲ့ကပ္ပိယဟာ အသေဆိုးနဲ့ သေရတယ်၊ သေတော့လည်း ပြိတ္တာအကြာကြီးဖြစ်တယ်၊ ကောင်းတဲ့ကပ္ပိယကတော့ အသေကောင်းနဲ့ သေရတယ်၊ သေတော့လည်း နတ်ရွာနိဗ္ဗာန် ရောက်တယ်လို့နော်"

"မှန်ပါ ဘုရား"

"ကဲ...တော်ကြဦးစို့"

"ဦးတင်ပါတယ် ဘုရား"

✧ ဆိုးကောင်းနှစ်ဝ၊ ကပ္ပိယ၊ သိကြရပေမည်။

✧ ကပ္ပိယဆိုး၊ အသေဆိုး၊ ဖြစ်ရိုးပြိတ္တာပြည်။

✧ ကပ္ပိယကောင်း၊ အသေကောင်း၊ ဖြစ်ရှောင်းလူနတ်ပြည်။

✧ လူနတ်လည်ကာ၊ အဆုံးမှာ၊ ရောက်မှာနိဗ္ဗာန်ပြည်။

# လူတိုင်း တရားရနိုင်ပါသလားဘုရား

## (၈၄)

"လူ့ရွာလူဇာစ်၊ လူဟုဖြစ်လည်း၊ အနံ့မင့်၊ အနံ့မပါ၊ ပွင့်ရုံသာမျှ၊ ပန်းရာမသွင်း၊ ဂုဏ်နံ့ကင်းလျက်၊ မသင်းမကြူ၊ တလူလူဖြင့်၊ ဝါးကျူပမာ၊ မဖြစ်ရာဘူး"

"မိစ္ဆာဝါဒ၊ ကျင့်ပါပနှင့်၊ ဉာဏကင်းဘိ၊ လူ့ဒိဋ္ဌိတို့၊ ပြုမိပြုရာ၊ ပြုတတ်စွာ၏"

"သမ္မာမချစ်၊ ထိုသူညစ်ကား၊ လူဖြစ်တုံမြောက်၊ လူ့ရွာရောက်လည်း၊ တစ်ခေါက်တစ်ဖန်၊နောက်မပြန်ဘဲ၊ လေးတန်ပါယ်ရွာ၊ အိမ်ပမာလျှင်၊ နေရာမလွှဲ၊ တည်အမြဲဖြင့်၊ ဆင်းရဲဖက်ထစ်၊ ဒုက္ခနစ်သည်၊ လူဖြစ်တစ်ကြိမ်တစ်ခါတည်း"

လူတို့သည် အမျိုးမျိုးရှိကုန်၏။တစ်ဦးနှင့်တစ်ဦး အရည်အချင်း မတူကြကုန်။ တစ်ဦးမှာရှိသော အရည်အချင်းသည် တစ်ဦးမှာ မရှိနိုင်။ အချို့ပညာတတ်၏။ အချို့ကား ပညာမတတ်။ အချို့ကား လိမ္မာ၏။ အချို့ကား မိုက်၏။ ယင်းသို့ စသည်ဖြင့် လူအမျိုးမျိုး ရှိကုန်၏။ ယင်းသို့ လူအမျိုးမျိုး ရှိသည်ကို သိပါလျက် တစ်ယောက်သောလူက မိမိအား မေးလျှောက်၏။

"အရှင်ဘုရား လူတိုင်း တရားရနိုင်ပါသလားဘုရား"

"မရနိုင်ဘူး ဒကာကြီး"

"ဘာဖြစ်လို့လဲဘုရား၊ လူချင်းအတူတူပဲဟာ"

"မတူလို့ မရနိုင်တာပေါ့ ဒကာကြီး၊ တူ.ရင် ရနိုင်ရမှာပေါ့"

"ဘယ်လိုကွဲပါသလဲ ဘုရား"

"အကွဲတွေကလည်း အမျိုးမျိုး၊ အန္တရာယ်ကလည်း အမျိုးမျိုး၊ လူကလည်း အမျိုးမျိုး ဒကာကြီးရဲ့"

"တပည့်တော်ကတော့ လူဆို အတူတူချည်းပဲ အောက်မေ့ပါတယ်ဘုရား"

"အပြင်ပုံသဏ္ဍာန်လည်း မတူဘူး၊ အတွင်းစိတ်နေ စိတ်ထားဆိုတာတော့ တူဖို့ သာပြီး ဝေးပါသေးတယ် ဒကာကြီး"

"တပည့်တော်က လူဆိုတဲ့ အမျိုးတူပြောတာပါဘုရား"

"အင်း...အမျိုးသာ တူတာ၊ တခြားမတူတာတွေက မများဘူးလား"

"များပါတယ်ဘုရား"

"အင်း...များလို့ လူတိုင်း တရားမရနိုင်တာပေါ့"

"ဟို...ပဋိသမ္ဘိဒါ မဂ်ပါဠိတော်က ကျွတ်ထိုက်တဲ့လူနဲ့ မကျွတ်ထိုက်တဲ့လူ နှစ်မျိုးကို ပြတယ်၊ ဘယ်လိုလဲဆိုတော့ -

"ကျွတ်ထိုက်သော သတ္တဝါတို့သည် အဘယ်သို့နည်း၊ ကံ, ကိလေသာ, ဝိပါက် ဟူသော တားမြစ်ခြင်းနှင့် မပြည့်စုံကုန်၊ ယုံကြည်မှု ရှိကုန်၏။ ကုသိုလ်ဆန္ဒ ရှိကုန်၏။ ပညာရှိကုန်၏။ ကုသိုလ်တရားတို့၌ သမ္မတ္တနိယာမ ဟု ဆိုအပ်သော အရိယမဂ်သို့ သက်ခြင်းငှာ ထိုက်ကုန်၏။ ဤသတ္တဝါတို့သည် ကျွတ်ထိုက်သော သတ္တဝါတို့တည်း" တဲ့။

"ကျွတ်ထိုက်တဲ့ သတ္တဝါဆိုတာ တရားရနိုင်တဲ့သတ္တဝါ မဟုတ်ဘူးလားဘုရား"

"အင်းပေါ့ တရားရနိုင်တဲ့ သတ္တဝါပေါ့"

"ဒီလိုဆိုတော့ တရားမရနိုင်တဲ့ သတ္တဝါရှိတယ်ဆိုတာ ထင်ရှားနေပြီပေါ့ဘုရား"

"ထင်ရှားတာပေါ့"

"ထင်ရှားသထက် ထင်ရှားအောင် အမိန့်ရှိပါဦးဘုရား"

"မကျွတ်ထိုက်သော သတ္တဝါတို့သည် အဘယ်သို့နည်း။ ကိလေသာ၊ ကံ၊ ဝိပါက် ဟူသော တားမြစ်ခြင်းနှင့် ပြည့်စုံကုန်၏။ ယုံကြည်မှု ကင်းကုန်၏။ ကုသိုလ်အလိုဆန္ဒမှ ကင်းကုန်၏။ ပညာမရှိကုန်။ ကုသိုလ်တရားတို့၌ သမ္မတ္တနိယာမဟု ဆိုအပ်သော အရိယမဂ်သို့ သက်ခြင်းငှာ မထိုက်ကုန်။ ဤသတ္တဝါတို့သည် မကျွတ်ထိုက်သော သတ္တဝါတို့တည်း" တဲ့။

"တပည့်တော် စဉ်းစားမိပါတယ်ဘုရား"

"ဘယ်လိုစဉ်းစားမိလဲ"

"တရားရနိုင်တာ မရနိုင်တာဟာ အတိတ်ကံနဲ့လည်း များစွာသက်ဆိုင်တယ်လို့ ထင်ပါတယ်ဘုရား"

"ဆိုင်တာပေါ့ ဒကာကြီး"

"ဆိုင်ပုံ ရှင်းပြပါဦးဘုရား"

"ဆိုင်ပုံ ရှင်းပြရရင် ဒီနေရာမှာ ပုဂ္ဂိုလ်အမျိုးမျိုး ပြောပြရမယ်"

"ပြောပြပါဘုရား"

## ပုဂ္ဂိုလ်ငါးမျိုး

"ပဋိသန္ဓေတုန်းက အလောဘ, အဒေါသ, အမောဟ ဟူသော ယှဉ်ဘက်ဟိတ် သုံးပါးရှိတဲ့ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်နဲ့ ပဋိသန္ဓေနေခဲ့သူကို "တိဟိတ်ပုဂ္ဂိုလ်" လို့ ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"ပဋိသန္ဓေနေတုန်းက အလောဘ၊ အဒေါသ ဆိုတဲ့ ယှဉ်ဘက်ဟိတ်နှစ်ပါးရှိတဲ့ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်နဲ့ ပဋိသန္ဓေနေခဲ့သူကို "ဒွိဟိတ်ပုဂ္ဂိုလ်" လို့ ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"ယုဉ်ဘက်ဟိတ် မရှိတဲ့ အဟိတ်ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေခဲ့သူကို "အဟိတ်ပုဂ္ဂိုလ်" ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ အဟိတ်တွင်လည်း အပါယ်ဒုဂ္ဂတိလေးဘုံမှာ အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်နဲ့ ပဋိသန္ဓေနေသူကို "ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်" ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"ကာမသုဂတိဘုံမှာ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်နဲ့ ပဋိသန္ဓေနေသူကို "သုဂတိအဟိတ်ပုဂ္ဂိုလ်" လို့ ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"တရားရနိုင်တာ မရနိုင်တာ ပဋိသန္ဓေက ပါလာတယ်ဆိုတာ မထင်ရှားဘူးလား"

"ထင်ရှားပါတယ် ဘုရား"

"ခုနက ပြခဲ့တဲ့ တိဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ အဟိတ်ပုဂ္ဂိုလ်၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်လို့ ပုဂ္ဂိုလ်ငါးမျိုး မရှိဘူးလား"

"ရှိပါတယ် ဘုရား"

"အဲဒီငါးမျိုးမှာ ဒွိဟိတ်ပုဂ္ဂိုလ်နဲ့ အဟိတ်ပုဂ္ဂိုလ်တွေဟာ ဒီဘဝမှာ ဈာန်မဂ်ဖိုလ်ရဖို့အတွက် မျှော်လင့်ချက် မရှိတော့ဘူးနော်"

"မှန်ပါ ဘုရား"

"ဘာဖြစ်လို့လည်းဆိုတော့ ညံ့ဖျင်းတဲ့ ပဋိသန္ဓေဝိပါက်က တားမြစ်ထားလို့တဲ့နော်"

"မှန်ပါ ဘုရား၊ သတ္တဝါတွေ ဘဝထဲမှာ ပဋိသန္ဓေနေရတာ ကြောက်စရာပါလားဘုရား"

"ကြောက်စရာပေါ့၊ ဒွိဟိတ်. အဟိတ်ပဋိသန္ဓေနေရရင် မခက်ဘူးလား"

"ခက်ပါတယ် ဘုရား"

"ဒီစကားနဲ့ ပတ်သက်ပြီး ဒီနေရာမှာ အန္တရာယ်ငါးပါး ပြောရဦးမယ်"

"အမိန့်ရှိပါ ဘုရား"

## အန္တရာယ်ငါးပါး

"အဲဒီ အန္တရာယ်ငါးပါးနဲ့ကျတော့ တရားတောင်မကဘူး နတ်ရွာတောင် မရနိုင်ဘူးတဲ့"

"ကြောက်စရာကြီးပါလား ဘုရား"

"ကြောက်စရာပေါ့"

"အန္တရာယ်ငါးပါးကို အမိန့်ရှိပါဘုရား"

"သဂ္ဂမောက္ခာနံ အန္တရာယံ ကရောန္တီတိ အန္တရာယိကာ၊ တေ ကမ္မ ကိလေသ ဝိပါက ဥပဝါဒ အာဏာဝီတိက္က မဝသေန ပဥ္စဝိဓာ" တဲ့။

"အဓိပ္ပာယ် ရှင်းပါဦးဘုရား"

"နတ်ရွာမင်ဖိုလ်တို့ရဲ့အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့သည် အန္တရာယိက မည်ကုန်၏။ ထို အန္တရာယိက မည်ကုန်သော တရားတို့သည် ကံကိလေသဝိပါက ဥပဝါဒ အာဏာဝီတိက္ကမတို့၏ အစွမ်းအားဖြင့် ငါးပါး အပြား ရှိကုန်၏" တဲ့။

"အကျယ်ရှင်းပြပါဦးဘုရား"

၁။ "အကျယ်ရှင်းပြရရင် အဲဒီငါးပါးထဲက ကမ္မန္တရာယ်ဆိုတာက အမိသတ်တဲ့ကံ၊ အဖသတ်တဲ့ကံ၊ ရဟန္တာကို သတ်တဲ့ကံ၊ ဘုရားကို သွေးစိမ်းတည်အောင် ပြုတဲ့ကံ၊ သံဃာသင်းခွဲတဲ့ကံငါးပါးကို "ပဉ္စာနန္တရိယကံ" လို့ ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

" အဲဒီ ပဉ္စာနန္တရိယကံနှင့် ဘိက္ခုနီမကို ဖျက်ဆီးတဲ့ကံ၊ အဲဒီကံ (၆)ပါးကို ကျူးလွန်ရင် "ကမ္မန္တရာယ်" သင့်တယ် ပေါ့နော်"

"မှန်ပါ ဘုရား"

"ကုစားလို့ မရတော့ဘူး"

"မှန်ပါ ဘုရား"

"သေတဲ့အခြားမဲ့မှာ အပါယ်ငရဲသို့သာ ရောက်ရတော့တယ်"

"မှန်ပါ ဘုရား"

"အဇာတသတ်တို့၊ ဒေဝဒတ်တို့ ကြည့်ပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီ ကမ္မန္တရာယ်မှာ ထူးခြားချက်ရှိသေးတယ်"

"ဘယ်လိုပါလဲ ဘုရား"

"ပဉ္စာနန္တရိယကံထိုက်သူဟာ ဈာန်မင်ဖိုလ်သာမကဘူး နောက်ဘဝမှာ သုဂတိဘဝကိုပင် မရနိုင်တော့ဘူးနော်"

"မှန်ပါ ဘုရား"

"ဘိက္ခုနီမကို ဖျက်ဆီးသူကတော့ ဈာန်မင်ဖိုလ်သာ မရနိုင်တာ၊ ကောင်းမွန်စွာ နေထိုင်ရင် သုဂတိဘဝကိုတော့ ရ နိုင်သေးတယ်တဲ့"

"မှန်ပါ ဘုရား"

၂။ "ကိလေသာဆယ်ပါးတွင် ပါဝင်တဲ့ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ ဆိုတဲ့ နိယတမိစ္ဆာဒိဋ္ဌိတွေဟာ "ကိလေသန္တရာယ်" ပဲနော်"

"မှန်ပါ ဘုရား"

"အဲဒီ ကိလေသန္တရာယ်သင့်သူဟာ တမလွန်ဘဝမှာ သုဂတိဘဝကိုမျှ ရနိုင်ခွင့် မရှိတော့ဘူးနော်"

"မှန်ပါ ဘုရား"

"ကုစားလို့တော့ ရကောင်းတယ်နော်"

"မှန်ပါ ဘုရား"

"အယူကိုစွန့်လိုက်ရင် တရားထူးရနိုင်တာပေါ့နော်"

"မှန်ပါ ဘုရား"

"မစွန့်ရင် ကာမစ္ဆန္ဒနီဝရဏ်ထက် ပိုပြီးတော့ အပြစ်ကြီးတယ်၊ သေတဲ့အခါ အပါယ်သို့ ရောက်ရတယ်တဲ့"

"မှန်ပါ ဘုရား"

"ဥဘတောဗျည်းနဲ့ပဏ္ဍုက်များကိုလွန်ကဲတဲ့ကိလေသာရှိကြတဲ့အတွက်ဝိပါကန္တရာယ်၌မသွင်းဘဲဒီကိလေသန္တရာယ်မှာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာက သွင်းပြတယ်နော်"

"မှန်ပါ ဘုရား"

၃။ "ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေ၊သုဂတိအဟိတ်ပဋိသန္ဓေ၊ဒွိဟိတ်ပဋိသန္ဓေ၊အဲဒီပဋိသန္ဓေတွေဟာ "ဝိပါကန္တရာယ်" ပဲနော်"

"မှန်ပါ ဘုရား"

"ကုစားလို့ မရကောင်းဘူး"

"မှန်ပါ ဘုရား"

"ယခုဘဝ တရားထူးမရထိုက်ဘူး"

"မှန်ပါ ဘုရား"

"ဥပမာ ဘယ်လိုလဲဆိုတော့ ညံ့ဖျင်းတဲ့ မျိုးစေ့ကြောင့် မအောင်မမြင် ပေါက်ခဲ့ရတဲ့ သစ်ပင်ဟာ မည်မျှလောက်ပင် ရေစင်သွန်းလောင်းသော်လည်းကြီးကျယ်မြင့်မားဖွံ့ထွားဖို့ရာ မျှော်လင့်ဖွယ် မရှိတော့သလို အဲဒီအတူပဲ ညံ့ဖျင်းတဲ့ကံကြောင့် အဟိတ်. ဒွိဟိတ် ပဋိသန္ဓေ နေခဲ့ရသူမှာ မျိုးစေ့ဖြစ်တဲ့ ပဋိသန္ဓေဝိပါက်က မအောင်မြင်တဲ့အတွက် အဲဒီဘဝမှာ ဈာန် မဂ်ဖိုလ် တရားတွေနဲ့ စည်ကားဖို့အချက် မရှိတော့ဘူးနော်"

"မှန်ပါ ဘုရား"

"ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရင်တော့ တမလွန်ဘဝမှာ သုဂတိဘဝကို ရနိုင်သေးတယ်တဲ့နော်"

"မှန်ပါ ဘုရား"

၄။ "အရိယာပုဂ္ဂိုလ်မှန်း သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ယုတ်မာတဲ့ စိတ်ထားနဲ့ အရိယာပုဂ္ဂိုလ်ကို စွပ်စွဲ ကဲ့ရဲ့ခြင်းဟာ "အရိယူပဝါဒန္တရာယ်" မည်တယ်နော်"

"မှန်ပါ ဘုရား"

"နတ်ရွာနိဗ္ဗာန် မဂ်ဖိုလ်ဈာန်ရဲ့အန္တရာယ်ဖြစ်တယ်နော်"

"မှန်ပါ ဘုရား"

"ကုစားလို့တော့ ရကောင်းတယ်နော်"

"မှန်ပါ ဘုရား"

"ဘယ်လို ကုစားရမလဲဆိုတော့ အဲဒီပုဂ္ဂိုလ်ရှိရင် ကိုယ်တိုင်သွားကန်တော့၊ မရှိရင် သင့်လျော်တဲ့ လူကြီးသူမ သံဃာများထံသို့ သွားပြီး အကျိုးအကြောင်း ပြောပြတောင်းပန်ရမယ်နော်"

"မှန်ပါ ဘုရား"

"အယုတ်သဖြင့် အဲဒီပုဂ္ဂိုလ်ရဲ့သချိုင်းသို့ သွားရောက်တောင်းပန်ရင်လည်း အန္တရာယ်ပြေပျောက်နိုင်တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ကောင်းမွန်စွာ ကျင့်ကြံသူများကိုလည်း မပြစ်မှားမိစေရဘူးနော်"

"မှန်ပါ ဘုရား"

"အရိယူပဝါဒကံတမျှ အပြစ်ကြီးလေးတယ်လို့ မှတ်နော်"

"မှန်ပါ ဘုရား"

"၅။ သဉ္စိစ္စ အာပန္နာ အာပတ္တိယော အာဏာဝီတိက္ကမန္တရာယော နာမ ဆိုတဲ့ အဋ္ဌကထာနဲ့အညီ လွန်ကျူးလိုတဲ့ စေတနာနဲ့ သင့်ရောက်အပ်တဲ့ အာပတ်ဟာ "အာဏာဝီတိက္ကမန္တရာယ်" ပဲနော်"

"မှန်ပါ ဘုရား"

"ဘုရားရှင်ရဲ့ အာဏာတော်ကို ကျူးကျော်စော်ကားပြစ်လို့ ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"ဥပမာဆိုပါတော့ မြန်မာနိုင်ငံမှာ နေရင် မြန်မာအစိုးရရဲ့ အာဏာကို ကျူးကျော်ရင် အပြစ်သင့်မလား မသင့်ဘူးလား"

"သင့်ပါမယ် ဘုရား"

"မြန်မာနိုင်ငံအစိုးရရဲ့ အာဏာအတိုင်း မနေနိုင်ရင် မြန်မာနိုင်ငံက ထွက်သွားရမယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"မြန်မာနိုင်ငံထဲမှာ နေရင်တော့ မြန်မာအစိုးရရဲ့ အာဏာကို လိုက်နာရမယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အဲဒီလိုပဲ ဘုရားသာသနာတော်မှာနေရင် ဘုရားရှင်ရဲ့ အာဏာဒေသနာတော်ဆိုတဲ့ ဝိနည်းသိက္ခာပုဒ်တွေ လိုက်နာရမယ်နော်"

"မှန်ပါ ဘုရား"

"လွန်ကျူးရင် အာဏာဝီတိက္ကမန္တရာယ် သင့်မယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"မနေနိုင်ရင် သာသနာ့အပြင်ထွက်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီ ဘုရားရှင်ရဲ့ အာဏာဒေသနာ အမျိုးမျိုးမှာ ပါရာဇိက ပြစ်သင့်ရင် လူမထွက်သမျှ အဲဒီအန္တရာယ်က မကင်းဘူးနော်"

"မှန်ပါ ဘုရား"

"သံဃာဒိသေသာအပြစ်သင့်ရင် ပရိဝါသ် မာနတ် မဆောက်တည်သမျှ အဲဒီအန္တရာယ်က မကင်းဘူးနော်"

"မှန်ပါ ဘုရား"

"ကြွင်းတဲ့အာပါတ် ပြစ်သင့်ရင် တစ်ပါးသော ရဟန်းအား အပြစ်သင့်မိကြောင်းကို မပြောပြသမျှ အဲဒီအန္တရာယ်က မကင်းဘူးနော်"

"မှန်ပါ ဘုရား"

"အဲဒီ အန္တရာယ်က မကင်းရင်လည်း သုဂတိဘဝနဲ့ ဈာန်မဂ်ဖိုလ်ကို ရဖို့ရာ အခွင့်မရှိတော့ဘူးနော်"

"မှန်ပါ ဘုရား"

"ဒီဘဝမှာ စုတေရင် အပါယ်လေးပါးတွင် ထိုက်ရာသို့ သွားရလိမ့်မယ်နော်"

"မှန်ပါ ဘုရား"

"တချို့က တရားအားထုတ်နေရင် ပြီးတာပဲ၊ ဝိနည်းမလိုဘူးတဲ့ ပြောကြတယ်နော်"

"မှန်ပါ ဘုရား"

"နားမယောင်ပါနဲ့၊ မသိလို့ မသိပြော့ပြောနေတာလို့ မှတ်နော်"

"မှန်ပါ ဘုရား"

"အားထုတ်တဲ့တရားလည်း ဘုရားတရားပဲ၊ ပညတ်ထားတဲ့ တရားလည်း ဘုရားတရားပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"တရားတစ်ခု ပစ်ပယ်ပြီး တရားတစ်ခု အားထုတ်လို့ ရပါ့မလား"

"မရနိုင်ပါဘုရား"

"အေး... သေသေချာချာ မှတ်နော်"

"မှန်ပါ ဘုရား"

"ဒီအန္တရာယ်က ကုစားလို့ရတယ်၊ ဘယ်လိုလဲဆိုတော့ ပုထုဇဉ်အလိုက် စိတ်ကို မထိန်းနိုင်လို့ အပြစ်သင့်ပြီးနောက် ဆိုင်ရာ ဝိနည်းလမ်းကြောင်းနဲ့ ကုစားရင် အဲဒီ အပြစ်တွေ ကင်းစင်နိုင်တယ်နော်"

"မှန်ပါ ဘုရား"

"ကင်းစင်တဲ့အခါ မဖြစ်အောင်လည်း စောင့်စည်း၊ မတော်တဆ ဖြစ်ပြန်ရင်လည်း ဆိုင်ရာဝိနည်းကံအရ ကုစားပြီး သဒ္ဓါတရားနဲ့ နေထိုင်သူမှာ အဲဒီ အာဏာဝီတိက္ကမန္တရာယ် ကင်းရှင်းနိုင်ပါတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"နတ်ရွာ နိဗ္ဗာန် မဂ်ဖိုလ်ကိုလည်း ရနိုင်ပါတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အင်း...အဲဒါကြောင့် လူတိုင်းတရားမရနိုင်ဘူး၊ ရနိုင်တဲ့လူမှာလည်း အဲဒီလို အပြစ်တွေရှိရင် မရနိုင်ဘူးလို့ မှတ်နော်"

"မှန်ပါ ဘုရား"

"ကဲ... တော်ရောပေါ့"

"မှန်ပါ ခွင့်ပြုပါဘုရား"

✦ လူချင်းတူလည်း၊ အမူကွဲ၊ ဖြူမည်းသိရမည်။

✦ အမည်းလူဟာ၊ တရားရှာ၊ ဘယ်ခါမရပြီ။

✦ အဖြူလူသာ၊ တရားရှာ၊ သေချာရလေမည်။

# ထိုင်ပြတယ်တဲ့ဘုရား

## (၈၅)

ပူပြင်းလှသော ရာသီဥတုဒဏ်ကို အလူးအလိမ့် ခံရင်းနဲ့ စာရေးနေစဉ် ဒကာတစ်ယောက် ရောက်လာသည်။ ဒကာသည် ရင်းနှီးသော ဒကာဖြစ်သည်။ မေးရဲ စမ်းရဲ ဖြစ်သည်။ ရောက်လာတယ်ဆိုရင်ပဲ မေးလျှောက်သည်။

"ဦးပဉ္ဇင်းဘုရား (...) မြို့ကို တရားလာဟောတဲ့ (...)ဆရာတော်ဟာ ရဟန္တာဆို ဘုရား"

"ဘယ်သူက ပြောသလဲ"

"သူတို့ပြောကြတာပဲ ဘုရား"

"ခက်တာပဲ၊ လူတွေကလည်း ဘာမှလည်း အသိဉာဏ်မရှိဘဲနဲ့ ရဟန္တာသမုတ်နေတယ်"

"ဟုတ်တယ်ဘုရား"

"ဦးပဉ္ဇင်းတို့လည်း ကြားပါတယ်၊ ဒါပေမဲ့ ဝိနည်းသိက္ခာပုဒ်နဲ့ စပ်သွယ်ပြီး စုံစမ်းကြည့်တော့ တယ်.မထင်ပါဘူး"

"ဘာဖြစ်လို့လဲ ဘုရား"

"သာသနာတော်ရဲ့အသက်ဟာ ဝိနည်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"သာသနာတော်ရဲ့အသက်ဆိုတာနဲ့ ရဟန်းရဲ့အသက်ဆိုတာဟာ အတူတူပဲ"

"မှန်ပါ ဘုရား"

"ဒီတော့ ရဟန်းရဲ့အသက်ဟာလည်း ဘာလဲ"

"ဝိနည်းပါပဲ ဘုရား"

"ဒီတော့ ရဟန်းကောင်းဟာ ကိုယ့်အသက်ဖြစ်တဲ့ ဝိနည်းကို လေးစားမလား၊ မလေးစားဘူးလား"

"လေးစားပါမယ်ဘုရား"

"ဒီမှာ ရဟန်းနှစ်မျိုး မှတ်ထားဦးနော်"

"မှန်ပါ ဘုရား"

## ရဟန်းနှစ်မျိုး

"ရဟန်းနှစ်မျိုးက ဘာတဲ့လဲ၊ ပုထုဇဉ်ရဟန်းရယ် အရိယာရဟန်းရယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ ပုထုဇဉ်ရဟန်းမှာလည်း ရဟန်းဆိုး ရဟန်းကောင်း နှစ်မျိုးမရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အဲ ... ပုထုဇဉ်ရဟန်းကောင်းတောင်မှ ဝိနည်းကို၊ သို့မဟုတ် သီလသိက္ခာကို အသက်အသေခံပြီး စောင့်ထိန်းသေးတယ်၊ အသက်သာ အသေခံမယ်၊ သီလသိက္ခာ အပျက်မခံဘူးနော်"

"မှန်ပါ ဘုရား"

"အဲဒီရဟန်းမျိုး ဒီခေတ်မှာကို ရှိသေးတယ်"

"မှန်ပါ ဘုရား"

"ဒီတော့ လောကမှာလည်း မိဘတွေမှာ သားဆိုး,သမီးဆိုး၊ သားကောင်း,သမီးကောင်းလို့ နှစ်မျိုးမရှိဘူးလား"

"ရှိပါတယ်ဘုရား"

"မိဘစကား နားမထောင်တဲ့ သားသမီးကို ဘယ်လိုခေါ်မလဲ"

"သားသမီးဆိုး,လို့ ခေါ်ပါမယ်ဘုရား"

"မိဘစကား နားထောင်တဲ့ သားသမီးကိုကော ဘယ်လိုခေါ်မလဲ"

"သားသမီးကောင်း,လို့ ခေါ်ပါမယ်ဘုရား"

"အဲ ... ဘုရားရှင်မှာလည်း သားသမီးကောင်း၊ သားသမီးဆိုးရယ်လို့ နှစ်မျိုးရှိတယ်နော်"

"မှန်ပါ ဘုရား"

"ဘုရားဟောထားတဲ့ ဗုဒ္ဓဝစနခေါ်တဲ့ ဘုရားစကားတော် သုတ်, ဝိနည်း, အဘိဓမ္မာလို့ သုံးမျိုး မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အဲဒီ ဘုရားစကားနားထောင်တဲ့ သားသမီးက သားသမီးကောင်းပေါ့၊ နားမထောင်တဲ့သားသမီးက သားသမီးဆိုးပေါ့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ ပုထုဇဉ်နဲ့ အရိယာဟာ ပုထုဇဉ်က သားဆိုးနဲ့တူတယ်၊ အရိယာက သားကောင်းနဲ့တူတယ်နော်"

"မှန်ပါ ဘုရား"

"သားဆိုးနဲ့တူတဲ့ ပုထုဇဉ်ရဟန်းထဲက ရဟန်းအချို့ကတောင်မှ အသက်အသေခံပြီး ဝိနည်းသိက္ခာပုဒ် သီလတွေကို စောင့်ထိန်းပါသေးရင် သားကောင်းဖြစ်တဲ့ အရိယာဆိုရင် ဘယ်လိုနေပါ့မလဲ"

"သာပြီးတော့ စောင့်ထိန်းမှာပေါ့ဘုရား"

"အင်း... အဲဒီတော့အရိယာပုဂ္ဂိုလ်ဆိုရင် ရဟန္တာဆိုတာ မပြောထားနဲ့၊ သောတာပန်အရိယာတောင်မှအသက်အသေခံပြီး သီလသိက္ခာကို စောင့်ထိန်းပါတယ်၊ ဝိနည်းကို လေးစားပါတယ်နော်"

"မှန်ပါ ဘုရား"

"ရဟန္တာဆိုတာ ဘယ်မှာ ဆိုစရာရှိမှာလဲ၊ ပယ်စရာ ကိလေသာမှ မရှိဘဲဟာ"

"မှန်ပါ ဘုရား"

"သိက္ခာပုဒ် မစောင့်ထိန်းဘူး၊ ဝိနည်း မလေးစားဘူးဆိုတာက အရိယာမဟုတ်တဲ့ ပုဂ္ဂိုလ်ပဲနော်"

"မှန်ပါ ဘုရား"

"သောတာပန် အရိယာတောင် မဟုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"ဦးပဥ္စင်းတို့အနေနဲ့ စစ်တမ်းကတော့ အဲဒီ ဝိနည်း သိက္ခာပုဒ်ပဲ၊ ဝိနည်းနဲ့ တိုက်ကြည့် ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား၊ တပည့်တော်လည်း ဗဟုသုတ အသင့်အတင့် ရှိပါတယ်၊ သူတို့က ရဟန္တာဆိုတာနဲ့ တရားသွားပြီး နာပါတယ်"

"အင်း"

"လျှောက်ထားတဲ့လူရှိရင် ပြောကောင်းတယ်ဆိုပြီး လေးမဂ် လေးဖိုလ်ကူးပုံ ဟောပါတယ်ဘုရား"

"အင်း"

"ပြီးတော့ ဘုရားကြီးရှေ့ချဖို့ လှူကြပါ၊ သာဟတ္ထိက မြောက်အောင် ကိုယ်တိုင်လာလှူပါဆိုပြီး လက်ဝါးနစ်ဖက်ပေါ်မှာ လက်ကိုင်ပုဝါကလေး ဖြန့်ထားပြီး အဲဒီအထဲ ထည့်ခိုင်းပါတယ်ဘုရား"

"အင်း"

"အနားက ဂေါပကတွေက ဘုန်းကြီး လက်ကိုင်ပုဝါထဲကမှ ယူပြီး စာရင်းမှတ်ကြပါတယ်ဘုရား"

"အင်း"

"တပည့်တော်လည်း အဲဒါမြင်ကတည်းက ရဟန္တာတော့ မဟုတ်တော့ဘူးဆိုပြီး တပည့်တော်မိတ်ဆွေ နှုတ်ဆက်ကာ ပြန်လာခဲ့ပါတယ်ဘုရား"

"ခုနက ပြောခဲ့သလိုပေါ့၊ ပုထုဇဉ် သီလရှိတဲ့ရဟန်းတောင်မှ သီလသိက္ခာ အသက်သဖွယ် စောင့်ထိန်းတာ၊ ရဟန္တာ အမည်ခံပြီး ဒီလိုလုပ်တယ်ဆိုတော့ စဉ်းစားစရာပေါ့"

"မလိုတော့ပါဘုရား"

"အေး...ထပြန်တာ အကောင်းဆုံးပေါ့"

"မှန်ပါ ဘုရား၊ ပြီးတော့ ရှိသေးတယ်ဘုရား"

"ဘာလဲ"

"လူတွေက စုံစမ်းတဲ့အခါကျတော့ ထိုင်ပြတယ်တဲ့ဘုရား"

"ဘယ်လို ထိုင်ပြတာလဲ"

"မြတ်စွာဘုရားကို လက္ခဏာစုံစမ်းတော့ မြတ်စွာဘုရားက ပြသလိုပေါ့ဘုရား"

"ဘာဆိုင်လဲ အဲဒါနဲ့၊ ဟိုက (၃၂)ဖြာ လက္ခဏာတော်ကို စုံစမ်းတယ်"

"မှန်ပါ ဘုရား"

"စုံစမ်းတဲ့အခါ သည့်ပြင်လက္ခဏာတော် အကုန်ထင်ရှားတယ်၊ သံသယကင်းတယ်၊ ယောက်ျားနိမိတ်နဲ့ လျှာတော် မထင်ရှားလို့ ဘုရားရှင်က လျှာတော်နဲ့ နဖူးတော်ကို သုံးသပ်ပြတယ်၊ ကြီးပုံ. ပြန့်ပုံ. ရှည်ပုံနော်"

"မှန်ပါ ဘုရား"

"နောက် နည်းနဲ့ပုံသိအောင် နာခေါင်းတွင်း သွင်းပြတယ်နော်"

"မှန်ပါ ဘုရား"

"ဒီတော့ လျှာနဲ့ပတ်သက်ပြီး သံသယ ရှင်းမသွားဘူးလား"

"ရှင်းသွားပါတယ်ဘုရား"

"ရှင်းသွားတော့ ယောက်ျားနိမိတ်ကိုတော့ ဒီလို ထုတ်ပြလို့ ဖြစ်ပါ့မလား"

"မဖြစ်ပါဘုရား"

"သုတ္တော်ကောင်းဥစ္စာရတနာ (၇)ပါးထဲမှာ ရက်မှု ဟိရိဆိုတာ မပါဘူးလား"

"ပါပါတယ်ဘုရား"

"ကဲ ... သုတ္တော်ကောင်းဥစ္စာရတနာ ဟိရိ ရှိတဲ့ပုဂ္ဂိုလ်က ယောက်ျားနိမိတ်ကို အရှိအတိုင်း ပြပါ့မလား"

"မပြပါဘုရား"

"ဟိုကလည်း စုံစမ်းနေတယ်၊ မပြလို့လည်း မဖြစ်တော့ ဘယ်လိုပြလည်းဆိုတော့ တန်ခိုးတော်နဲ့ ပုံတူပြတယ်နော်"

"မှန်ပါ ဘုရား"

"အရှိအတိုင်း အစစ်ကို ထုတ်မပြဘူးနော်"

"မှန်ပါ ဘုရား"

"နှ ဒကာကြီးပြောတဲ့ ထိုင်ပြတာက ဘယ်လိုလည်း လင်းစမ်းပါဦး"

"ကျင်ငယ်စွန့်ပြတယ်တဲ့ဘုရား"

"ကျင်ငယ်စွန့်ပြတော့ ဘာဖြစ်သလဲ"

"သူတို့က ချောင်းကြည့်ကြတယ်တဲ့ဘုရား"

"ချောင်းကြည့်တော့လည်း ဘာဖြစ်မှာလဲ၊ ရဟန္တာမှာ (၃၂)ပါးလက္ခဏာမှ မရှိတာ၊ ယောက်ျားနိမိတ်ပြတာနဲ့ ဘာဆိုင်လဲ"

"ရဟန္တာဆိုရင် ယောက်ျားနိမိတ်က ကလေးနိမိတ်လို သေးသေးလေးနဲ့တဲ့ဘုရား"

"ဘယ်ကလာ ကတ်သီးကတ်သတ် ဘာဆိုင်လဲ"

"ကိလေသာ ကုန်သွားလို့ သေးသွားသတဲ့ဘုရား"

"လာပြန်ပြီ မဟုတ်တရုတ်တွေ"

"နို ... ဘယ်လိုလဲဘုရား"

"ဒကာကြီးတို့ အဲဒီကိလေသာကို နားမလည်သေးဘူး"

"အမိန့်ရှိပါ အရှင်ဘုရား"

"ကိလေသန္တိ ဥပတာပေန္တီ တိ ကိလေသာ"၊ ကိလေသန္တိ ဥပတာပေန္တိ = ပူလောင်စေတတ်ကုန်၏၊ ဣတိ = ထို့ကြောင့်၊ ကိလေသာ = ကိလေသာလို့ မည်၏ တဲ့၊ ရှင်းရှင်းပြောရရင် ပူလောင်စေတတ်လို့ ကိလေသာလို့ ခေါ်တာနော်"

"မှန်ပါ ဘုရား"

"ကိလေသာမီးလို့ မသုံးကြဘူးလား"

"သုံးကြပါတယ်ဘုရား"

"ကိလေသာမီးလို့ သုံးကြတဲ့အတိုင်း ယှဉ်ဘက် စိတ်ဓာတ်နဲ့ မိမိကိန်းရာ သန္တာန်ကို ပူလောင်စေတတ်တဲ့ "ဖလာဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ" တို့ကို ကိလေသာခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"လောဘ ဒေါသမီး စသည်တို့ လောင်ကျွမ်းလို့ အသက်ပါ ဆုံးရှုံးရပုံ ဝတ္ထုကြောင်းတွေ ရှိတယ်၊ မျက်မှောက်သာဓက တွေလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ဒကာကြီးတို့က ကိလေသာဆိုရင် လောဘတစ်ခုလောက်သာ ယူယူနေတော့ မှန်ပါ့မလား"

"မမှန်ပါ ဘုရား"

"အင်း... ကိလေသာခေါ်ပုံ တစ်နည်းပြောဦးမယ်"

"အမိန့်ရှိပါ ဘုရား"

"ကိလိဿတိ ဧတေဟီတိ ကိလေသာ"၊ ဧတေဟိ = ဤတရားတို့ကြောင့်၊ ကိလိဿတိ = ညစ်ပေရ၏၊ ဣတိ = ထိုသို့ ညစ်ပေကြောင်း၏အဖြစ်ကြောင့်၊ ကိလေသာ = ကိလေသာတို့မည်၏တဲ့၊ ရှင်းရှင်းပြောရရင် ညစ်ပေကြောင်းဖြစ်လို့ ကိလေသာ ခေါ်ကုန်တာပဲနော်"

"မှန်ပါ ဘုရား"

"လောဘ စသည်တို့နဲ့ ယှဉ်ရတဲ့စိတ်ဟာ ကြည်ကြည်လင်လင် မရှိဘူး၊ ညစ်ညစ်ပေပေ နေရတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"တစ်ခါတစ်ခါ စိတ်ညစ်တယ် စိတ်ရှုပ်တယ် စသည် မသုံးဘူးလား"

"သုံးပါတယ်ဘုရား"

"အဲဒါ ကိလေသာ သတ္တိပဲနော်"

"မှန်ပါ ဘုရား"

"အဲဒီလို စိတ်ညစ်ကြောင်း တရားများဖြစ်လို့ လောဘစသည်တို့ကို ကိလေသာခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"ဘုရား ရဟန္တာအရှင်မြတ်တို့ရဲ့ စိတ်ဓာတ်မှာတော့ အဲဒီကိလေသာတို့မှ စင်ကြယ်တော်မူလို့ အမြဲပဲ ဝင်းဝင်းဖိတ် တောက်ပသကဲ့သို့ ကြည်လင်တော်မူကြတယ်နော်"

"မှန်ပါ ဘုရား"

"ဒါ့ကြောင့် ရဟန္တာဖြစ်ပြီးစ ရဟန္တာအရှင်များရဲ့ မျက်နှာတော်ကို အပင်မှ ကြွေကျပြီးကာစ ထန်းသီးမှည့်ကဲ့သို့ ဥပမာပေးတယ်နော်"

"မှန်ပါ ဘုရား"

"ကိလေသာ ရှိ.မရှိ ကြည့်ရမှာက အဲဒီသဘောတွေ ကြည့်ရမှာ ဘယ့်နယ်လည်း ခုတော့ ထိုင်ပြသတဲ့၊ မဟုတ် တရုတ်နော်"

"မှန်ပါ ဘုရား"

"ဘယ့်နယ် ကိုယ်အင်္ဂါ. ယောကျာ်းနိမိတ်ကို လူမြင်အောင်ပြတယ်ဆိုတော့ ဒီလောက် အရှက်မရှိတာ ရှိသေးလား"

"မရှိပါဘုရား"

"အရှက်ရှိမှ ရဟန္တာ ဒကာကြီးရဲ့ ဘယ်နယ် စုတော့ အရှက်မရှိ ရဟန္တာလုပ်နေတယ် ခက်လိုက်တာနော်"

"မှန်ပါ ဘုရား"

"ဒီမှာ ကိလေသာ သုံးမျိုးကို ပြောရဦးမယ်၊ မှတ်ထားနော်"

"မှန်ပါ အမိန့်ရှိပါဘုရား"

"ကိလေသာ သုံးမျိုးက ဘာလည်းဆိုတော့ ...

ကိလေသာသုံးမျိုး

၁။ အနုသယ ကိလေသာ

၂။ ပရိယုဋ္ဌာန ကိလေသာ

၃။ ဝီတိက္ကမ ကိလေသာ

ရယ်လို့ အစိုက်အတန့် သုံးမျိုးအားဖြင့် ကိလေသာ သုံးမျိုး ရှိတယ်၊ အဲဒီ သုံးမျိုးမှာ -

၁။ အနုသယကိလေသာဆိုတာ ဥပါဒ်. ဋ္ဌီ. ဘင် (ဖြစ်တည်ပျက်) အထင်အရှား မရှိဘဲ ခန္ဓာအစဉ်မှာ အမြဲ ကိန်းဝပ်ပါ နေတဲ့ ကိလေသာဓာတ် သတ္တိကို ခေါ်တယ်။

"မှန်ပါ ဘုရား"

၂။ ပရိယုဋ္ဌာနကိလေသာဆိုတာက ဥပါဒ်. ဋ္ဌီ. ဘင် အားဖြင့် အထင်အရှား ထကြွလာတဲ့ ကိလေသာကို ခေါ်တယ်။

"မှန်ပါ ဘုရား"

၃။ ဝီတိက္ကမကိလေသာဆိုတာကစိတ်ထဲမှာထကြွလာရုံတင်မကဘဲလောဘအလျောက်၊ဒေါသအလျောက်၊ ကိုယ်နှုတ်ထင်ရှားပြီး လွန်ကျူးကာ ဖောက်ပြန်ကျူးလွန်စေတတ်တဲ့ ကိလေသာကို ခေါ်တယ်"

"မှန်ပါ ဘုရား"

"အဲဒီ ကိလေသာသုံးမျိုးကို ပယ်သတ်ပုံလည်း တစ်မျိုးနဲ့တစ်မျိုး မတူဘူး"

"အမိန့်ရှိပါဘုရား"

"ဝီတိက္ကမကိလေသာ မဖြစ်အောင် သီလနဲ့ တားမြစ်ရတယ်နော်"

"မှန်ပါ ဘုရား"

"ဒီတော့ သီလ မလိုဘူးလား၊ လိုသလား"

"လိုပါတယ်ဘုရား"

"ခုနက ထိုင်ပြတယ်ဆိုတာ ဘယ်အဆင့်ရောက်သွားပြီလဲ"

"ဝီတိက္ကမအဆင့် ရောက်သွားပါပြီ အရှင်ဘုရား"

"သီလတောင် ရှိရဲ့လား"

"မရှိပါဘုရား"

"သတိထားနော်"

"မှန်ပါ ဘုရား"

"ပရိယုဋ္ဌာနကိလေသာ မဖြစ်အောင် သမာဓိနဲ့ တားရတယ်"

"မှန်ပါ ဘုရား"

"အနုသယကိလေသာကိုတော့ ဆိုင်ရာမဂ်နဲ့ ပယ်သတ်မှ အကြွင်းမဲ့ ပြတ်နိုင်တယ်နော်"

"မှန်ပါ ဘုရား"

"ဒီတော့ စဉ်ကြည့်၊ ကိလေသာဘက်က -

၁။ ဝီတိက္ကမ ကိလေသာ

၂။ ပရိယုဋ္ဌာန ကိလေသာ

၃။ အနုသယ ကိလေသာ လို့ သုံးမျိုး ရှိတယ်မဟုတ်လား"

"မှန်ပါ ရှိပါတယ်ဘုရား"

"ဒီဘက်က ကျင့်စဉ်ဘက်ကလည်း -

၁။ သီလ သိက္ခာ

၂။ သမာဓိ သိက္ခာ

၃။ ပညာ သိက္ခာ

ရယ်လို့ သုံးမျိုးပဲ ရှိတယ်မဟုတ်လား"

"မှန်ပါ ဟုတ်ပါတယ်ဘုရား"

"ကျင့်စဉ်ဘက်က ဘယ်ဟာ ပယ်မလဲ"

"ဘယ်ဟာမှ မပယ်ရပါဘုရား"

"တချို့က သီလ မလိုဘူးတဲ့၊ တချို့ကလည်း သမာဓိ မလိုဘူးတဲ့၊ တချို့ကလည်း ပညာသက်သက်ပဲတဲ့၊ အမျိုးမျိုး ပြောကြတယ်နော်၊ အဲဒါ မယုံပါနဲ့၊ လိုလို့ သုံးမျိုးဟောထားတာ၊ မလိုရင် ဟောပါ့မလား"

"မဟောပါ ဘုရား"

"စစ်သားတွေ စစ်တိုက်တော့ လက်နက်တစ်မျိုးတည်းနဲ့ တိုက်သလား၊ မျိုးစုံနဲ့ တိုက်သလား"

"မျိုးစုံနဲ့ တိုက်ပါတယ်ဘုရား၊ တစ်မျိုးတည်းနဲ့ တိုက်ရင် ရှုံးပါမယ်ဘုရား"

"အဲ... ခုလဲ ကိလေသာ ရန်သူတိုက်တာ လက်နက်တစ်မျိုးတည်းနဲ့ တိုက်မလား၊ လက်နက်အစုံနဲ့ တိုက်မလား"

"အစုံနဲ့ တိုက်ပါမယ်ဘုရား"

"အေး... အဲဒါ သဘောပေါက်နော်၊ ထိုင်ပြတာတွေ ဘာတွေ ရှုပ်မနေနဲ့၊ ကျင့်စဉ်သုံးပါးနဲ့ တိုက်ကြည့်နော်၊ ကျင့်စဉ် မကိုက်ရင် မဟုတ်ဘူးသာမှတ်"

"မှန်ပါ ဘုရား"

"ကဲ... တော်ကြစို့"

✦ အစစ်အတု၊ ထိုနှစ်ခု ဆစ် ဖု သိတတ်စေ။

✦ အစစ်ဆိတ်သုဉ်း၊ အတုဖုံး၊ လုံးလုံးမသင့်ပေ။

✦ အတုဖယ်ရှား၊ အစစ်အား ထင်ရှားပြသင့်ပေ။

# ဘယ်ဓုတင်ဆောက်တည်ပြီး တရားအားထုတ်ရပါ့မလဲဘုရား

(၈၆)

တရားနာသူတို့သည် အမျိုးမျိုးရှိကုန်၏၊ အချို့ကား နာကာမတ္တမျှသာ ဖြစ်၏၊ ယင်းတရားကို စဉ်းစားခြင်း၊ ကြံစည်ခြင်း၊ ကျင့်ကြံခြင်း၊ လိုက်နာခြင်း မရှိ၊ အချို့ကား နာလည်းနာ၏၊ နာပြီး တရားကို စဉ်းစားကြံစည်၏၊ ကျင့်ကြံခြင်း လိုက်နာခြင်း မရှိ၊ အချို့ကား နာလည်းနာ၏၊ စဉ်းစားကြံစည်ခြင်းလည်း ရှိ၏၊ ကျင့်ကြံလိုက်နာခြင်းလည်း ရှိ၏၊ ယင်းသို့ စသည်ဖြင့် တရားနာသူ အမျိုးမျိုး ရှိ၏၊ ယင်းအမျိုးမျိုးထဲမှ တစ်နေ့သော် မိမိထံသို့ ဒကာတစ်ယောက် ရောက်လာသည်၊

"ဦးပဉ္ဇင်းဘုရား၊ ဘယ်ဓုတင်ဆောက်တည်ပြီး တရားအားထုတ်ရပါ့မလဲဘုရား"

"ဘာဖြစ်လို့ မေးတာလဲ"

"ဦးပဉ္ဇင်းဘုရားပဲ တစ်ခါက ဟောပါတယ်"

"ဘယ်လို ဟောလို့လဲ"

"ဓုတင်တစ်ခုခု ဆောက်တည်ပြီး တရားအားထုတ်ရင် တစ်ဘဝ နှစ်ဘဝနဲ့ တရားရနိုင်တယ်လို့"

"ဘယ်တုန်းက ဟောတာလဲ"

"ဒါကတော့ သေသေချာချာ မသိတော့ပါဘုရား၊ ဦးပဉ္ဇင်းဘုရား ဟောတော့ ဟောပါတယ်ဘုရား"

"အင်း…ဟုတ်ပါတယ်၊ "မိလိန္ဒပဉှာပါဠိတော်" မှာလာလို့ ဟောခဲ့ပါတယ်"

"အဲဒါ ယခု တပည့်တော် တရားအားထုတ်တော့ တရားမြန်မြန်ရချင်စိတ် ပေါ်လာတော့ အဲဒီတရား စဉ်းစားမိလို့ ဦးပဉ္ဇင်းဘုရားကို မေးလျှောက်ကြည့်တာပါဘုရား"

"ဓုတင်က (၁၃)ပါး ရှိတယ်၊ ရဟန်းတော်တွေတော့ (၁၃)ပါးလုံး ဆောက်တည်နိုင်တယ်၊ ဘိက္ခုနီမတွေတော့ (၈)ပါးတဲ့၊ သာမဏေတွေက (၁၂)ပါးတဲ့၊ သိက္ခမာန်မ၊ သာမဏေမတွေက (၇)ပါးတဲ့၊ ဒကာ ဒကာမတွေကတော့ (၂)ပါးတဲ့"

"တပည့်တော်တို့ကျတော့ နည်းလှချည့်လားဘုရား"

"နည်းဆိုရင် ညံ့လို့ပေါ့"

"ဒါထက်များများ မဆောက်တည်နိုင်ဘူးလားဘုရား"

"ဆောက်တည်နိုင်ပါတယ်၊ အရညကင်၊ ရုက္ခမူ၊ အဗ္ဗောကာသိက၊ သုသာန်၊ နေသဇ် ဓုတင် စသည်တွေလည်း ရပါတယ်"

"တပည့်တော် ဆောက်တည်ချင်ပါတယ်ဘုရား"

## ဓုတင်နှင့် တန်သူ, မတန်သူ

"ဆောက်တည်ရင် ကောင်းတာပေါ့၊ ဦးပဥ္စင်းတော့ တိုက်တွန်းတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ဓုတင်နဲ့ တန်သူ သုံးယောက်၊ မတန်သူ တစ်ယောက်လို့ ပုဂ္ဂိုလ်လေးယောက်ရှိလို့"

"ရှင်းပြပါဘုရား"

"၁။ ဓုတင်ဆောက်တည်လို့ ကမ္မဋ္ဌာန်းတရား တိုးပွားရင် ဓုတင်ဆောက်တည်ရမယ်တဲ့။

၂။ ဆင်းရဲတဲ့အကျင့်လို့ သည်းမခံနိုင်လို့ ကမ္မဋ္ဌာန်းဆုတ်ယုတ်တဲ့ နတဲ့ပုဂ္ဂိုလ်ဖြစ်ရင် မဆောက်တည်ရဘူးတဲ့။

၃။ ဓုတင်ဆောက်တည်သော်လည်းကောင်း၊ မဆောက်တည်သော်လည်းကောင်း ကမ္မဋ္ဌာန်းတရား မဆုတ်ယုတ်တဲ့ ပုဂ္ဂိုလ်ထူးဖြစ်ရင် နောင်လာနောက်သားတို့ အတုလိုက်ကြပါစေလို့ ချီးမြှောက်တဲ့အနေအားဖြင့် ဆောက်တည်ရမယ်တဲ့။

၄။ ဓုတင်ဆောက်တည်သော်လည်းကောင်း၊ မဆောက်တည်သော်လည်းကောင်း ကမ္မဋ္ဌာန်းတရား မတိုးပွား မထူးခြားသော ပုဂ္ဂိုလ်ဖြစ်ရင် နောင်အခါ အထုံဝါသနာ ပါစေခြင်းငှာ ဆောက်တည်ရမယ်တဲ့။

"ဒီလိုဆိုတော့ ဓုတင်ဆောက်တည်ရမယ့်ဘက်က များတာပေါ့ဘုရား"

"အင်း... များတာပေါ့"

## ဘယ်သူ့ထံ ဓုတင်ဆောက်တည်ရမလဲ

"အဲဒီ ဓုတင်ကို ဘယ်သူ့ထံမှာ ဆောက်တည်ရမလဲဘုရား"

"အမယ်လေး တကယ်များ ဆောက်တည်တော့မလို့လား"

"နောင် ဆောက်တည်ချင်တဲ့အခါ ဆောက်တည်ရတာပေါ့ဘုရား"

"သက်တော်ထင်ရှား ဘုရားရှိရင် ဘုရားရှင်ထံမှာ ဆောက်တည်ရမယ်တဲ့"

"မှန်ပါ ဘုရား"

"ဘုရား မရှိရင် အဂ္ဂသာဝကတွေအထံမှာ ဆောက်တည်ရမယ်တဲ့"

"မှန်ပါ ဘုရား"

"အဂ္ဂသာဝကတွေ မရှိရင် အသီတိမဟာသာဝကတွေထံမှာ ဆောက်တည်ရမယ်တဲ့"

"မှန်ပါ ဘုရား"

"အသီတိမဟာသာဝကတွေမရှိရင် ရဟန္တာ၊ မရှိရင် အနာဂါမ်၊ မရှိရင် သကဒါဂါမ်၊ မရှိရင် သောတာပန်၊ မရှိရင် ပိဋကတ်သုံးပုံဆောင်၊ မရှိရင် နှစ်ပုံဆောင်၊ မရှိရင် တစ်ပုံဆောင်၊ မရှိရင် နိကာယ်တစ်ရပ်ဆောင်၊ မရှိရင် အဋ္ဌကထာဆောင်၊ မရှိရင် ဓုတင်ဆောင်ထံမှာ ဆောင်ရမယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒါမှ မရှိရင် ရုပ်ပွားဆင်းတုတော်ရှေ့ စေတီတော်ရှေ့မှာ တံမြက်လှည်း ဆောင့်ကြောင့်ထိုင်ပြီး သက်တော်ထင်ရှား ဘုရားမျက်မှောက်မှာလို ကောင်းစွာဆောက်တည်ရမယ်တဲ့နော်"

"မှန်ပါ ဘုရား"

"မိမိသဘောအလျောက် ဘယ်သူမှ မသိအောင် ဆောက်တည်ခြင်းငှာလည်း အပ်ပါတယ်တဲ့နော်"

"မှန်ပါ ဘုရား၊ ဘယ်ဓုတင်ကို ဘယ်လိုဆောက်တည်ရမယ်လို့ ဓုတင်ဆောက်တည်ပုံ ရှင်းပြပါဦးဘုရား"

"အမယ်လေး မနည်းပါလား၊ ပြောရမှာတွေက"

"မများပါဘူးဘုရား၊ တစ်ဆယ့်သုံးပါးထဲပါဘုရား"

"အကုန်မှ လူတွေ မဆောက်တည်ရပဲနဲ့ဟာ"

"တစ်နေ့ တပည့်တော်လည်း အရှင်ဘုရားတို့လို ရဟန်းမဖြစ်ဘူးလို့ ဆိုနိုင်ပါသလားဘုရား"

"ဖြစ်ချင်လည်း အဲဒီကျမှ (၁၃)ပါး သင်၊ ယခုတော့ ရသလောက်ပဲ သင်ပေါ့"

"နစ်ပါး သုံးပါးလေး ပိုတာနဲ့ အရှင်ဘုရား ပိုမပင်ပန်းပါဘူးဘုရား"

"ဒါဖြင့် တစ်ဆယ့်သုံးပါးကို အရင်မှတ်ထားနော်"

"မှန်ပါ ဘုရား"

"ဓုတင်တစ်ဆယ့်သုံးပါးက ဘာတွေလည်းဆိုတော့ -

## ဓုတင် ၁၃ ပါး

၁။ ပံ့သုကူ ဓုတင်
၂။ တိစီဝရိက် ဓုတင်
၃။ ပိဏ္ဍပါတ် ဓုတင်
၄။ သပဒါနစာရီ ဓုတင်
၅။ ဧကာသနိက် ဓုတင်
၆။ ပတ္တပိုဏ်္ဍ ဓုတင်
၇။ ခလုပစ္ဆာဘတ္တိ ဓုတင်
၈။ အရညကင် ဓုတင်
၉။ ရုက္ခမူ ဓုတင်
၁၀။ အဗ္ဘောကာသိက ဓုတင်
၁၁။ သုသာန် ဓုတင်
၁၂။ ယထာသန္တတိ ဓုတင်
၁၃။ နေသဇ္ဇိ ဓုတင်

လို့ ဓုတင် တစ်ဆယ့်သုံးပါး ရှိတယ်နော်"

"မှန်ပါ ဘုရား"

"ဆောက်တည်ပုံတွေကို အစဉ်အတိုင်း ပြောပြမယ်နော်"

"မှန်ပါ ဘုရား"

## ပုံ့သုကူ ဓုတင်

၁။ (က) "ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ"

ဂဟပတိဒါနစီဝရံ = ဒကာ လက်ရောက်လှူဒါန်းသော သင်္ကန်းကို၊ ပဋိက္ခိပါမိ = ပယ်ပါ၏။

၁။ (ခ) "ပံ့သုကူလိကင် သမာဒိယာမိ"

ပံ့သုကူလိကင် = ပံ့သုကူဆောင်လေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ = ဆောက်တည်ပါ၏" တဲ့။

"အဲဒီလို ဆောက်တည်ရမယ်၊ အဲဒီမှာ "ပယ်စကား, ဆောက်တည်စကား" နှစ်မျိုးမှာ တစ်မျိုးမျိုးနဲ့ ဆောက်တည်နိုင်တယ်၊ နှစ်မျိုးလုံးနဲ့လည်း ဆောက်တည်နိုင်တယ်နော်"

"မှန်ပါ ဘုရား"

"နောက်လည်း အတူတူပဲလို့ မှတ်ထားနော်"

"မှန်ပါ ဘုရား"

"အဲဒီမှာ အမြတ်, အလတ်, အညံ့ လို့ သုံးမျိုး ရှိတယ်နော်"

"မှန်ပါ ဘုရား"

"သုသာန်မှာ စွန့်ပစ်ထားတဲ့ အဝတ်သင်္ကန်းကို ကောက်ယူရတဲ့ ရဟန်းဟာ အမြတ်တဲ့နော်"

"မှန်ပါ ဘုရား"

"ရဟန်းသာ ယူမှာပဲလို့ ရည်စူးပြီး ပစ်ထားတဲ့ အဝတ်သင်္ကန်းကို ယူရတဲ့ရဟန်းဟာ အလတ်တဲ့နော်"

"မှန်ပါ ဘုရား"

"လက်ထဲမကပ်ဘဲ ခြေရင်းမှာ ချထားတဲ့သင်္ကန်းကို ယူတဲ့ရဟန်းက အညံ့တဲ့နော်"

"မှန်ပါ ဘုရား"

"မိမိ အလိုဆန္ဒနဲ့သော်လည်းကောင်း၊ ဒကာတို့ တောင်းပန်သောကြောင့်လည်းကောင်း ၊ဒကာလှူဒါန်းတဲ့သင်္ကန်းကို သာယာတဲ့ခဏ လက်ခံတဲ့ခဏမှာ အဲဒီ ပံ့သုကူဓုတင် ပျက်တယ်နော်"

"မှန်ပါ ဘုရား"

"ပျက်ပေမဲ့ အပြစ်တော့ မရှိပါဘူး၊ နောက် ပြန်ပြီး ဆောက်တည်ပေါ့နော်"

"မှန်ပါ ဘုရား"

"အကျိုးတွေတော့ မပြောပြပါရစေနဲ့ များလွန်းလို့နော်"

"မှန်ပါ ဘုရား"

"ဒါဖြင့်ရင် တိစီဝရိက်ဓုတင် ဆောက်တည်ပုံ ပြောကြစို့နော်"

"မှန်ပါ့ ဘုရား"

## တိစီဝရိက်ဓုတင်

၂။ (က) "စတုတ္ထကစီဝရံ ပဋိက္ခိပါမိ"

စတုတ္ထကစီဝရံ = ဝတ်လောက်ရုံလောက် လေးထည်မြောက်သင်္ကန်းကို၊ ပဋိက္ခိပါမိ = ပယ်ပါ၏။

၂။ (ခ) "**စေတိဝရိကင် သမာဒိယာမိ**"

**စေတိဝရိကင်** = သင်္ကန်းသုံးထည် ဆောင်လေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာ **မိ** = ဆောက်တည်ပါ၏" တဲ့။

"အဲဒီလို ဆောက်တည်ရတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီမှာလည်း အမြတ်. အလတ်. အညံ့ လို့ သုံးမျိုးရှိတာပဲနော်"

"မှန်ပါ ဘုရား"

"အမြတ်က သင်္ကန်းဆိုးတဲ့အခါ သင်းပိုင်ကိုဝတ်ပြီး ကိုယ်ရုံကို ဆိုးရမယ်၊ ကိုယ်ရုံကိုဝတ်ပြီး သင်းပိုင်ဒုကုဋ်ကို လည်း ဆိုးရမယ်တဲ့နော်"

"**မှန်**ပါ ဘုရား"

"ဒုကုဋ်ကိုတော့ သင်းပိုင်လုပ်ပြီး မဝတ်ကောင်းဘူးနော်"

"မှန်ပါ ဘုရား"

"ရွာနဲ့ဝေးတဲ့ကျောင်းမှာဆိုရင်တော့ ကိုယ်ရုံ.သင်းပိုင် နှစ်ထည်ပြိုင်တူ ဖွပ်နိုင်.ဆိုးနိုင်တယ်တဲ့၊ လူမြင်တဲ့အခါ သင်္ကန်း ဆွဲဖုံးနိုင်အောင် သင်္ကန်းတော့ အနားမှာ ထားရမှာတဲ့နော်"

"မှန်ပါ ဘုရား၊ ဒီလိုဆိုတော့ ကိုယ်လုံးတီးချည်း နေရမှာပေါ့နော်ဘုရား"

"အင်းပေါ့..."

"ဟုတ်တာပေါ့ဘုရား၊ နှစ်ထပ်သင်္ကန်းက သင်းပိုင်အဖြစ် မဝတ်ကောင်းဘူး၊ သင်းပိုင်နဲ့ဧကသီ ပြိုင်တူ ဖွပ်တယ်. ဆိုးတယ်ဆိုတော့ ကိုယ်လုံးတီးပေါ့"

"အလတ်က သင်္ကန်းဆိုးတဲ့အခါ သင်္ကန်းဆိုးသူတို့ ဝတ်ရန်ထားတဲ့ သင်္ကန်းကို ဝတ်ရုံပြီး ဆိုးရတယ်နော်"

"မှန်ပါ ဘုရား"

"အညံ့ကတော့ သဘောတူ ရဟန်းတို့ရဲ့သင်္ကန်းကို ဝတ်ရုံပြီး ဆိုးကောင်းတယ်၊ အိပ်ရာခင်းကိုလည်း ဝတ်ရုံပြီး ဆိုး ကောင်းတယ်၊ ရုံခါ သဘောတူ ရဟန်းတို့ရဲ့သင်္ကန်းကိုလည်း ဝတ်ကောင်းတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်က ဝတ်လောက်ရုံလောက် လေးထည်မြောက်သင်္ကန်းကို သာယာလက်ခံခဲ့တဲ့ခဏမှာ ပျက်တယ်နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ပိဏ္ဍပါတ် ဓုတင်နော်"

"မှန်ပါ ဘုရား"

## ပိဏ္ဍပါတ်ဓုတင်

၃။ (က) "အတိရေကလာဘံပဋိက္ခိပါမိ"

အတိရေကလာဘံ = ပိုလွန်သော လာဘ်ကို၊ ပဋိပက္ခိပါမိ = ပယ်ပါ၏။

၃။ (ခ) "ဝိဏ္ဍပါတိကင် သမာဒိယာမိ"

ဝိဏ္ဍပါတိကင် = ဆွမ်းခံသွားလေ့ရှိသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ **သမာဒိယာမိ = ဆောက်တည်ပါ၏**တဲ့။

"အဲဒီလို ဆောက်တည်ရမယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီမှာ ပိုလွန်တဲ့လာဘ်ဆိုတာက -

၁။ သံဃာကုန် ပင့်လှူတဲ့ဆွမ်း

၂။ သံဃာညွှန်းအချို့ ပင့်လှူတဲ့ဆွမ်း

၃။ ယနေ့ နက်ဖြန်အလို့ငှာ ပင့်လှူတဲ့ဆွမ်း

၄။ ဒကာအမည်ရေးပြီး စာရေးတံချတဲ့ဆွမ်း

၅။ ၁၅ ရက်တစ်ကြိမ် လှူတဲ့ဆွမ်း

၆။ ဥပုသ်နေ့ လှူတဲ့ဆွမ်း

၇။ အထွက်တစ်ရက်နေ့ လှူတဲ့ဆွမ်း

၈။ အာဂန္တုတို့အား လှူတဲ့ဆွမ်း

၉။ ခရီးသွားတို့အား လှူတဲ့ဆွမ်း

၁၀။ ဂိလာနတို့အား လှူဒါန်းတဲ့ဆွမ်း

၁၁။ ဂိလာနကို ပြုစုသူတို့အား လှူဒါန်းတဲ့ဆွမ်း

၁၂။ ကျောင်းကို ရည်စူးပြီး လှူဒါန်းတဲ့ဆွမ်း

၁၃။ အကြီးအကဲ အိမ်မှာထားပြီး လှူဒါန်းတဲ့ဆွမ်း

၁၄။ ရပ်သူရွာသား အလှည့်အားဖြင့် လှူဒါန်းတဲ့ဆွမ်း

အဲဒီဆွမ်း (၁၄) မျိုးတို့ကို အလှူမခံရဘူးနော်"

"မှန်ပါ ဘုရား"

"အဲဒီဆွမ်း တစ်ဆယ့်လေးမျိုးကို လက်ခံသာယာလိုက်ရင် ဓုတင်ပျက်တယ်နော်"

"မှန်ပါ ဘုရား"

"ဒီမှာ အမြတ်က ရှေ့မှလိုက်ပြီး နောက်မှလိုက်ပြီး ဆောင်ယူလှူဒါန်းတဲ့ ဆွမ်းကိုလည်း အလှူခံတယ်၊ အိမ်တံခါးမှာ ရပ်ပြီး လာယူသူတို့အားလည်း သပိတ်ပေးတယ်၊ ဆွမ်းကျောင်းမှာ ထိုင်နေရာသို့ လာပို့တဲ့ဆွမ်းကိုလည်း ခံယူသုံးဆောင်တယ်နော်"

"မှန်ပါ ဘုရား"

"ယနေ့ ဆွမ်းခံမကြွပါနဲ့၊ လာပို့ပါမယ်၊ ယနေ့ ကျောင်းတွင်နေ၍ အလှူခံပါလို့ ဖိတ်တာကို လက်မခံဘူးနော်"

"မှန်ပါ ဘုရား"

"အလတ်ကတော့ ထိုတစ်နေ့မျှ အလှူခံတယ်၊ နောက်တစ်နေ့အတွက် အလှူမခံဘူးနော်"

"အညှံ့ကတော့ နက်ဖြန်သဘက် လက်ခံတယ်နော်"

"မှန်ပါ ဘုရား"

"ဒီပိဋ္ဌပါတ်ဓုတင်ကို တချို့က သိန္နပါတ်ဓုတင်တဲ့၊ တချို့ကလည်း သိန္နပါတ်ဆွမ်းလောင်းတယ်လို့ သုံးတယ်၊ အလွဲသုံးတွေနော်"

"မှန်ပါ ဘုရား"

## ပိဏ္ဍပါတ်ဓုတင်ဆောင်ရကျိုး

"ဒီပိဏ္ဍပါတ်ဓုတင်အကျိုးတော့ ပြောကြဦးစို့နော်၊ ဘာတွေလည်းဆိုတော့ -

၁။ ပိဏ္ဍိယာလောပဆိုတဲ့ မှီရာပစ္စည်းအား လျော်တဲ့အကျင့် ရှိခြင်း

၂။ ဆွမ်းခေါင်းပါးခြင်းဆိုတဲ့ ဒုတိယ အရိယဝံသတရား၌ တည်ခြင်း

၃။ သူတစ်ပါးနှင့်မစပ် လွတ်လပ်စွာ အသက်မွေးခြင်း

၄။ အဖိုးနည်း၊ ရလွယ်၊ အပြစ်ကင်းဟု ချီးမွမ်းအပ်တဲ့ ပစ္စည်းရှိခြင်း

၅။ သလုံးမြင်းခေါင်း မှီရ၍ အပျင်းပြေခြင်း

၆။ အသက်မွေး စင်ကြယ်ခြင်း

၇။ နေ့စဉ် ရွာဝင်ရ၍ သေခိယအကျင့်ပြည့်ခြင်း

၈။ လူတို့နှင့် ရောနှောခြင်းကို ပယ်သဖြင့် သူတစ်ပါး၏ မွေးစားအပ်သူ မဟုတ်ခြင်း

၉။ လူအများ ချီးမြှောက်နိုင်ခြင်း

၁၀။ ဆွမ်းရှာရခြင်းသည် အသက်မွေး အစွန်ဆုံး အညံ့ဆုံး ဖြစ်သည်ဟူသော မိန့်ခွန်းတော်အရ မာန်မာန ကို ပယ်နိုင်ခြင်း

၁၁။ ရသတဏှာကို ပယ်နိုင်ခြင်း

၁၂။ ဂဏဘောဇန သိက္ခာပုဒ်၊ ပရမ္ပရဘောဇနသိက္ခာပုဒ်, စာရိတ္တသိက္ခာပုဒ်တို့ဖြင့် အာပတ်မသင့်ခြင်း

၁၃။ အပ္ပိစ္ဆတာ စသည်အားလျော်ခြင်း

၁၄။ သမ္မာပဋိပတ် အကျင့်မြတ်တိုးခြင်း

၁၅။ နောင်လာသူအပေါင်းကို အတုလိုက်နိုင်အောင် ချီးမြှောက်ခြင်းဆိုတဲ့ အကျိုးတွေ ရတယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ သပဒါနစာရိကဓုတင် ပြောကြစို့နော်"

"မှန်ပါ ဘုရား"

## သပဒါနစာရိကဓုတင်

၄။ (က) "လောလုပ္ပစာရံ ပဋိက္ခိပါမိ"

လောလုပ္ပစာရံ = လျှပ်ပေါ်လော်လီသော ဆွမ်းခံသွားခြင်းကို၊ ပဋိက္ခိပါမိ = ပယ်ပါ၏။

၄။ (ခ) "သပဒါနစာရိကင် သမာဒိယာမိ"

သပဒါနစာရိကင် = အိမ်စဉ်မပြတ် ဆွမ်းခံသွားလေ့ရှိသောပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ = ဆောက်တည်ပါ၏" တဲ့။

"ဒီဓုတင်မှာ အမြတ်ပုဂ္ဂိုလ်ဟာ ရှေ့မှ ကြိုပြီး နောက်မှ လိုက်ပြီး ဆောင်ယူလှူဒါန်းတဲ့ ဆွမ်း၊ ဆွမ်းစားကျောင်းမှာ ထိုင်နေရာသို့ လာပို့တဲ့ဆွမ်းကို လက်မခံဘူး၊ အိမ်တံခါးမှာ ရပ်၍တော့ သပိတ်ပေးတယ်နော်"

"မှန်ပါ ဘုရား"

"အလတ်ပုဂ္ဂိုလ်ဟာ ရှေ့မှ ကြိုပြီး နောက်မှ လိုက်ပြီး လှူတဲ့ဆွမ်း၊ ဆွမ်းစားကျောင်း ထိုင်နေရာသို့ လာပို့တဲ့ ဆွမ်းတို့ကို အလှူခံတယ်၊ အိမ်တံခါးမှာလည်း သပိတ်ပေးတယ်၊ ယနေ့ ကျောင်းမှာနေ၍ အလှူခံပါလို့ ဖိတ်တဲ့ဆွမ်းကိုတော့ စောင့်ပြီး အလှူမခံဘူးနော်"

"မှန်ပါ ဘုရား"

"အညံ့ကတော့ တစ်နေ့မျှ လက်ခံတယ်နော်"

"မှန်ပါ ဘုရား"

"လျှပ်ပေါ်လော်လီတဲ့ သဘောနဲ့ အိမ်ကျော်ပြီး ဆွမ်းခံတာနဲ့ ဒီဓုတင်ပျက်တယ်နော်"

"မှန်ပါ ဘုရား"

"ကဲ ... ဧကာသနိကင်ဓုတင် သွားစို့နော်"

"မှန်ပါ ဘုရား"

## ဧကာသနိကင်ဓုတင်

၅။ (က) "နာနာသန ဘောဇနံ ပဋိက္ခိပါမိ"

နာနာသနဘောဇနံ = အထူးထူးသော နေရာ၌ စားခြင်းကို၊ ပဋိက္ခိပါမိ = ပယ်ပါ၏။

၅ (ခ) "ဧကာသနိကင် သမာဒိယာမိ"

ဧကာသနိကင် = တစ်နေရာတည်း၌ စားလေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ = ဆောက်တည်ပါ၏" တဲ့။

"အဲဒီဓုတင်မှာ အမြတ်ပုဂ္ဂိုလ်ဟာ နည်းနည်းများများ လက်ချတဲ့ ဆွမ်းဟင်းပွဲမှ တစ်ပါးသော ဆွမ်းဟင်းပွဲကို မယူရဘူးတဲ့နော်"

"မှန်ပါ ဘုရား"

"အလတ်ပုဂ္ဂိုလ်ကတော့ သပိတ်ဆွမ်း မကုန်မချင်း၊ တစ်ပါးသော ဆွမ်းဟင်းကို ယူနိုင်တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အညံ့ကတော့ နေရာမှ မထမခြင်း၊ သပိတ်ဆေးရေ မယူမခြင်း ယူစားနိုင်တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"နေရာရွှေ့စားတာနဲ့ ဒီဓုတင်ပျက်တယ်နော်"

"မှန်ပါ ဘုရား"

"ဒီ တစ်ထပ်တည်းစားတဲ့ ဓုတင်အကျိုးကိုလည်း ပြောကြဦးစို့နော်"

၁။ အနာရောဂါ နည်းခြင်း

၂။ ကိုယ်ဆင်းရဲ မရှိခြင်း

၃။ အထအကြွ ပေါ့ပါးခြင်း

၄။ ကိုယ်အားပြည့်ခြင်း

၅။ ချမ်းသာစွာ နေရခြင်း

၆။ အနတိရိတ္တ အာပတ်မသင့်ခြင်း

၇။ ရသတဏှာ ကြိမ်များစွာကို ပယ်နိုင်ခြင်း

၈။ အပ္ပိစ္ဆတာ စသော ဂုဏ်အားလျော်တဲ့ အကျင့်ရှိခြင်းဆိုတဲ့ အကျိုးတွေ ရတယ်နော်"

"မှန်ပါ ဘုရား"

## ပတ္တပိဏ်ဍစတင်

၆။ (က) "ဒုတိယ ဘာဇနံ ပဋိက္ခိပါမိ"

ဒုတိယ ဘာဇနံ = နှစ်ခုမြောက်သောခွက်ကို၊ ပဋိက္ခိပါမိ = ပယ်ပါ၏။

၆။ (ခ) "ပတ္တပိဏ္ဍိကင် သမာဒိယာမိ"

ပတ္တပိဏ္ဍိကင် = တစ်ခွက်ယူလေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ = ဆောက်တည်ပါ၏ တဲ့။ အဲဒါ ပတ္တပိဏ်ဍစတင် ဆောက်တည်ပုံနော်"

"မှန်ပါ ဘုရား"

"တချို့က "ဗပ်လဗိုင်" ၊ မဟုတ်ဘူးနော်၊ တချို့ကလည်း "ဒတ်လဗိုင်" တဲ့ မဟုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်မှာ အမြတ်ပုဂ္ဂိုလ်ဟာ ကြံစုတ်တဲ့အခါမှ တစ်ပါးသောအခါမှာ ငါးရိုး၊ စပါးလုံး စတဲ့ စွန့်ဖွယ်ကိုတောင်မှ မစွန့်ရဘူး၊ မုန့်း, ဆွမ်းခဲ, ငါးအမဲတို့ကိုလည်း ဖဲ့ပြီး မစားရဘူးနော်"

"မှန်ပါ ဘုရား"

"အလတ်ကတော့ လက်တစ်ဖက်နဲ့ ဖဲ့ပြီး စားနိုင်တယ်နော်"

"မှန်ပါ ဘုရား"

"အညံ့ကတော့ သပိတ်ထဲ ထည့်သမျှကို လက်နဲ့ဖြစ်စေ၊ သွားနဲ့ဖြစ်စေ ဖဲ့စားလို့ ရတယ်နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်နှစ်ခုမြောက်တဲ့ ခွက်ကို သာယာရင် ပျက်ရော၊ ခွက်များပေမဲ့ စားတဲ့အခါ တစ်ခွက်တည်းထည့်ပြီး အဲဒီ ခွက်မှ တစ်ဆင့်ယူစားရင် မပျက်ဘူး၊ မရောဘဲနဲ့လည်း စားနိုင်တယ်နော်"

"မှန်ပါ ဘုရား"

"တစ်မျိုးစားပြီး သပိတ်တစ်ခါ ဆေးစားလည်း ရနိုင်တယ်နော်"

"မှန်ပါ ဘုရား"

"အကျိုးက ဘာတွေလည်းဆိုတော့ -

၁။ အထူးထူးသော ရသတဏှာကို ပယ်နိုင်ခြင်း

၂။ ထိုထိုအစွက်များ၌ ထိုထိုရသတဏှာကို ပယ်နိုင်ခြင်း

၃။ အာဟာရ၌ ဝေဒနာ ဟောင်းသစ် မဖြစ်ခြင်း

၄။ မျှတခြင်း စသော အကျိုးကိုသာ မြင်နိုင်ခြင်း

၅။ ခွက်အများဆောင် ဒုက္ခမရှိခြင်း

၆။ မပြန့် မလွင့် စားနိုင်ခြင်း

၇။ အပ္ပိစ္ဆတာ စသည်အားလျော်တဲ့ အကျင့်ရှိခြင်း စတဲ့အကျိုးတွေ ရတယ်နော်"

"မှန်ပါ ဘုရား"

"နောက် ခလုပစ္ဆာဘတ္တိဓုတင်တဲ့ ဘယ်လိုဆောက်တည်ရမလဲဆိုတော့ -

## ခလုပစ္ဆာဘတ္တိဓုတင်

၇။ (က) "အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ"

အတိရိတ္တဘောဇနံ = အတိရိက်ဝိနည်း ကံပြုသော ဘောဇဉ်ကို၊ ပဋိက္ခိပါမိ = ပယ်ပါ၏။

၇။ (ခ) "ခလုပစ္ဆာဘတ္တိကင်္ဂ သမာဒိယာမိ"

ခလုပစ္ဆာဘတ္တိကင်္ဂ = နောက်မှရသော ဆွမ်းကို စားလေ့မရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ = ဆောက်တည်ပါ၏ တဲ့။ အဲဒီလို ဆောက်တည်ရမယ်နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်မှာ အမြတ်ပုဂ္ဂိုလ်ဟာ ရှေ့ရှုကပ်တဲ့ ဘောဇဉ်ကို "တော်ပြီ" လို့ တားမြစ်ပြီးနောက် ဆွမ်းလုပ်ကို မစား၊ ခံတွင်းမှာ ရှိသမျှကိုသာ စားတယ်နော်"

"မှန်ပါ ဘုရား"

" အလတ်ပုဂ္ဂိုလ်က တားမြစ်စဉ် သပိတ်မှာ ရှိသမျှကိုသာ စားတယ်၊ နောက်ထပ် မယူတော့ဘူးနော်"

"မှန်ပါ ဘုရား"

"အညံ့ပုဂ္ဂိုလ်ကတော့ နေရာမှ မထမချင်း နောက်ထပ် ပေးသည်ကို စားတယ်နော်"

"မှန်ပါ ဘုရား"

"ပဝါရိတ်သင့်ပြီး ဝိနည်းကံနဲ့ အပ်အောင်ပြုပြီး စားတဲ့ခဏမှာ ဒီဓုတင် ပျက်တယ်နော်"

"မှန်ပါ ဘုရား"

"ကဲ ... အာရညကင်ဓုတင် သွားစို့၊ အာရညကင်ဓုတင်ကို ဘယ်လိုဆောက်တည်ရမလဲ ဆိုတော့ -

## အာရညကင်ဓုတင်

၈။ (က) "ဂါမန္တ သေနာသနံ ပဋိက္ခိပါမိ"

ဂါမန္တသေနာသနံ = ရွာနီးကျောင်းကို၊ ပဋိက္ခိပါမိ = ပယ်ပါ၏။

၈။ (ခ) "အာရညိကင် သမာဒိယာမိ"

အာရညိကင် = တော၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ = ဆောက်တည်ပါ၏ တဲ့။ အဲဒီလို ဆောက်တည်ရမယ်နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်မှာ အမြတ်ပုဂ္ဂိုလ်ဟာ ဥတုသုံးပါးလုံး တောထဲမှာပဲ အရုဏ်တက်စေရမယ်။ အလတ်ပုဂ္ဂိုလ်က နှစ်ဥတု တောမှာနေပြီး မိုးလေးလ ရွာမှာနေနိုင်တယ်။ အညံ့ပုဂ္ဂိုလ်ကတော့ နွေဥတု တောမှာနေပြီး မိုးနဲ့ ဆောင်းဥတု ရွာမှာ နေနိုင်တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီ ဥတုမပြည့်ဘဲ ရွာမှာ အရုဏ်တက်ရင် အဲဒီဓုတင် ပျက်တယ်နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ရုက္ခမူဓုတင်နော်၊ အဲဒီဓုတင် ဆောက်တည်ပုံက ဒီလို -

## ရုက္ခမူဓုတင်

၉။ (က) "ဆန္န ပဋိက္ခိပါမိ"

ဆန္န = အမိုး,မိုးသောအရပ်ကို၊ ပဋိက္ခိပါမိ = ပယ်ပါ၏။

၉။ (ခ) "ရုက္ခမူလိကင် သမာဒိယာမိ"

ရုက္ခမူလိကင် = သစ်ပင်အောက်၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ = ဆောက်တည်ပါ၏ တဲ့။

"အဲဒီလို ဆောက်တည်ပြီး အမြတ်ပုဂ္ဂိုလ်ဟာ နှစ်သက်ရာသစ်ပင်ကို ယူနိုင်တယ်၊ သုတ်သင်နိုင်းခြင်းငှာတော့ မရဘူး၊ သစ်ရွက်ကြွေတို့ကို ခြေနဲ့ဖယ်ပြီးတော့ နေနိုင်တယ်နော်"

"မှန်ပါ ဘုရား"

"အလတ်ပုဂ္ဂိုလ်ကတော့ အနီးသို့ ရောက်လာတဲ့သူတွေကို သုတ်သင်ခိုင်းနိုင်တယ်နော်"

"မှန်ပါ ဘုရား"

"အညံ့ပုဂ္ဂိုလ်ကတော့ အရာမ်စောင့် သာမဏေတို့ကို ခေါ်ပြီး ညီညွတ်အောင် သုတ်သင်ခြင်း၊ သဲဖြူးခင်းခြင်း၊ စည်းရိုးတားခြင်းတို့ကို ပြုလုပ်ခိုင်းပြီး တံခါးတပ် နေနိုင်တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်ဟာ အုတ်, ကျောက်, သစ်ရွက်, မြက်, အင်္ဂတေဆိုတဲ့ အမိုးတစ်မျိုးမျိုး မိုးရာအရပ်မှာ နေလိုတဲ့ဆန္ဒနဲ့ ဝင်နေတဲ့ခဏမှာ ဓုတင်ပျက်တယ်နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်အကျိုးတွေက ဘာတွေလည်းဆိုတော့ -

၁။ ရုက္ခမူလသေနာသနံ နိဿာယ စသည်ဖြင့် ဟောသော မှီရာပစ္စည်းအား လျော်တဲ့အကျင့် ရှိခြင်း

၂။ ကျောင်း ခေါင်းပါးခြင်းဆိုတဲ့ တတိယ အရိယဝံသတရား၌ တည်ခြင်း

၃။ ကိစ္စနည်းခြင်း၊ ရလွယ်ခြင်း၊ အပြစ်ကင်းခြင်း ဟူသော ဘုရားချီးမွမ်းတဲ့ပစ္စည်း ရှိခြင်း

၄။ သစ်ရွက်တို့ရဲ့မပြတ်ဖောက်ပြန်တဲ့ ဘင်ခဏကို မြင်ပြီး အနိစ္စသညာကို ဖြစ်စေနိုင်ခြင်း

၅။ ကျောင်း၌ ဝန်တိုမှု မရှိခြင်း

၆။ အမှုကိစ္စ မွေ့လျော်မှု မရှိခြင်း

၇။ သစ်ပင်စောင့်နတ်တို့နှင့် အတူနေရခြင်း

၈။ အပ္ပိစ္ဆတာ စသည်တို့အားလျော်တဲ့ အကျင့်ရှိခြင်း စတဲ့အကျိုးတွေ ရတယ်နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ အဗ္ဘောကာသိကဓုတင်တဲ့၊ ဒီဓုတင်က -

## အဗ္ဘောကာသိကဓုတင်

၁၀။ (က) "ဆန္နဥ္စ ရုက္ခမူလဥ္စ ပဋိက္ခိပါမိ"

ဆန္နဥ္စ = အမိုးငါးပါးကိုလည်းကောင်း၊ ရုက္ခမူလဥ္စ = သစ်ပင်ရင်းကိုလည်းကောင်း၊ ပဋိက္ခိပါမိ = ပယ်ပါ၏။

၁၀။ (ခ) "အဗ္ဘောကာသိကင် သမာဒိယာမိ"

အဗ္ဘောကာသိကင် = လွင်တီးခေါင်၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ = ဆောက်တည်ပါ၏ တဲ့၊ အဲဒီလို ဆောက်တည်ရမယ်နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင် အမြတ်ပုဂ္ဂိုလ်ဟာ သစ်ပင်၊ တောင်ခေါင်း ကျောင်းတစ်ခုခုကို အမိုပြုပြီး မနေအပ်၊ လွင်တီးခေါင်မှာသာ အဝတ်မိုးကျောင်း မိုးပြီး နေရမယ်နော်"

"မှန်ပါ ဘုရား"

"အလတ်ပုဂ္ဂိုလ်က သစ်ပင်၊ တောင်ခေါင်း၊ ကျောင်းတစ်ခုခု အမိုပြုပြီး နေအပ်တယ်၊ သစ်ပင်အောက်၊ တောင်ဝှမ်း၊ တောင်ခေါင်း ကျောင်းတွင်းသို့တော့ မဝင်ရဘူးနော်"

"မှန်ပါ ဘုရား"

"အညံ့ပုဂ္ဂိုလ်ကတော့ တောင်ဝှမ်း၊ သစ်ခက်ကျဲကျဲမိုးတဲ့ မဏ္ဍပ်၊ ဖရောင်းဆိုးအဝတ်၊ လယ်စောင့်တို့စွန့်သွားတဲ့ တဲဆိုးတို့ အပ်တယ်နော်"

"မှန်ပါ ဘုရား"

"နေလိုတဲ့ဆန္ဒနဲ့ အမိုးငါးရပ် သို့မဟုတ် သစ်ပင်အောက်သို့ ဝင်တဲ့ခဏမှာပဲ ဒီဓုတင် ပျက်တယ်နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်ရဲ့အကျိုးတွေက ဘာတွေလည်းဆိုတော့ -

၁။ ကျောင်းအတွက် ကြောင့်ကြမရှိခြင်း

၂။ ထိနမိဒ္ဓကို ပယ်နိုင်ခြင်း

၃။ ရဟန်းတို့သည် သားသမင်တို့ကဲ့သို့ မငြိမတွယ်၊ အိုးအိမ် မရှိ၊ လှည့်လည်နေနိုင်ကြပေသည်ဟု ချီးမွမ်းသည့်အားလျော်ခြင်း

၄။ ကျောင်း အငြိအတွယ်မရှိခြင်း

၅။ နေစရာအတွက် ကြံဖွယ်မရှိသဖြင့် အရပ်လေးမျက်နှာ လိုရာသွားနိုင်ခြင်း

၆။ အပ္ပိစ္ဆတာ စသည်အားလျော်သော အကျင့်ရှိခြင်း စတဲ့ အကျိုးတွေ ရနိုင်တယ်နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ သုသာန်ဓုတင်တဲ့၊ သုသာန်ဓုတင်ကို -

## သုသာန်ဓုတင်

၁၁။ (က) "နသုသာနံ ပဋိက္ခိပါမိ"

နသုသာနံ = သုသာန်မဟုတ်သောနေရာကို၊ ပဋိက္ခိပါမိ = ပယ်ပါ၏၊

၁၁။ (ခ) "သောသာနိကင် သမာဒိယာမိ"

သောသာနိကင် = သုသာန်၌နေလေ့ရှိသောပုဂ္ဂိုလ်၏ဖြစ်ကြောင်းကုသိုလ်စေတနာကို၊ သမာဒိယာမိ = ဆောက်တည်ပါ၏ တဲ့။ အဲဒီလို ဆောက်တည်ရမယ်နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်ဆောင် အမြတ်ပုဂ္ဂိုလ်ဟာ နေ့စဉ် မီးသင်္ဂြိုဟ်နံ၊ အပုပ်နံ့ ဆွေမျိုးတို့ သွား၍ ငိုကြွေးသံရှိတဲ့ သုသာန်မှာ သာနေရမယ်နော်"

"မှန်ပါ ဘုရား"

"အလတ်ကတော့ အဲဒီသုံးမျိုး တစ်မျိုးမျိုးရှိနေရင် နေအပ်တယ်၊ အညံ့ကတော့ သုသာန်လက္ခဏာရှိရုံမျှ (၁၂)နစ် စွန့်ထားတဲ့ သုသာန်မှာလည်း နေနိုင်တယ်နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်ဟာ သုသာန်မသွားတဲ့နေ့မှာ ဓုတင်ပျက်တယ်နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်ရဲ့အကျိုးတွေက ဘာတွေလည်းဆိုတော့ -

၁။ မရဏာဿတိ ရခြင်း

၂။ မမေ့မလျော့ နေလေ့ရှိခြင်း

၃။ အသုဘနိမိတ် ရခြင်း

၄။ ကာမရာဂ ကင်းခြင်း

၅။ ခန္ဓာကိုယ်ရဲ့အနှစ်ဆိုး၊ ရွံဖွယ်၊ မစင်ကြယ်တဲ့သဘောကို မပြတ်မြင်ခြင်း

၆။ သံဝေဂဉာဏ် များခြင်း

၇။ ငါ အနာကင်းသည်၊ အရွယ်ပျိုသည်၊ အသက်ရှည်သည်ဟု မာန်မယစ်ခြင်း

၈။ ဘေးကြီး ဘေးငယ်တို့ကို သည်းခံနိုင်ခြင်း

၉။ နတ်ဘီလူးတို့ အလေးပြုအပ် ချီးမွမ်းအပ်သူ ဖြစ်ခြင်း

၁၀။ အပ္ပိစ္ဆတာ စသည်တို့အား လျော်တဲ့အကျင့်ရှိခြင်း စတဲ့အကျိုးတွေ ရတယ်နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ယထာယန္တတိဓုတင်တဲ့၊ ဒီဓုတင်ကို -

## ယထာသန္တတိဓုတင်

၁၂။ (က) " သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ"

သေနာသနလောလုပ္ပံ = ကျောင်းခံယူရာ၌ လျှပ်ပေါ်လော်လည်ခြင်းကို၊ ပဋိက္ခိပါမိ = ပယ်ပါ၏။

၁၂။ (ခ) "ယထာသန္တတိကင် သမာဒိယာမိ"

**ယထာသန္တတိကင်** = အကြင်အကြင် ညွှန်းအပ်သောကျောင်း၌ ကိန်းအောင်းလေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ = ဆောက်တည်ပါ၏ တဲ့၊ အဲဒီလို ဆောက်တည်ရတယ်နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်ဆောင် အမြတ်ပုဂ္ဂိုလ်ဟာ မိမိအတွက်ရတဲ့ကျောင်း ဝေးသလား၊ နီးသလား၊ ဘီလူး၊ မြွေ၊ ကင်း၊ သန်းစတဲ့ ဘေးရန် ရှိသလား၊ ပူသလား၊ အေးသလား စသည်ဖြင့် မမေးရဘူးနော်"

"မှန်ပါ ဘုရား"

"အလတ်ပုဂ္ဂိုလ်ကတော့ မေးတော့ မေးရတယ်၊ သွားပြီး မကြည့်ရဘူး၊ အညံ့ကတော့ သွားလည်း ကြည့်နိုင်တယ်၊ ဝိဝေကသုခ မရလို့ မနှစ်သက်ရင်လည်း သူတစ်ပါး မနေတဲ့ကျောင်းမှာ နေနိုင်တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်မှာ ကျောင်းယူရာ၌ လျှပ်ပေါ်လော်လည်ခြင်း ဖြစ်ကာမျှမှာ ပျက်တယ်နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်ရဲ့အကျိုးတွေက ဘာတွေလည်းဆိုတော့ -

၁။ ရသမျှနဲ့ ရောင့်ရဲမယ်ဆိုတဲ့ ဩဝါဒကို လိုက်နာခြင်း

၂။ သီတင်းသုံးဖော်တို့၏ အစီးအပွားရှာခြင်း

၃။ အယုတ်, အမြတ် အထူးကြံသည်ကို စွန့်နိုင်ခြင်း

၄။ မြတ်နိုးခြင်း = အနုရောဓ၊ ဆန့်ကြယ်ခြင်း ဝိရောဓတို့ကို ပယ်နိုင်ခြင်း

၅။ အလိုကြီးသော တဏှာ၏အကြောင်းကို ပိတ်ခြင်း

၆။ အပ္ပိစ္ဆတာ စသည်အားလျော်သော အကျင့်ရှိခြင်းစတဲ့ အကျိုးတွေ ရတယ်နော်"

"မှန်ပါ ဘုရား"

## နေသဇ္ဇိဓုတင်

"ပြီးတော့ နေသဇ္ဇိဓုတင်တဲ့၊ ဒီဓုတင်ကို -

၁၃။ (က) " သေယျံ ပဋိက္ခိပါမိ"

သေယျံ = ကိုယ်ဆန့်လျောင်းစင်းလှဲအိပ်ခြင်းကို၊ ပဋိက္ခိပါမိ = ပယ်ပါ၏။

၁၃။ (ခ) " နေသဇ္ဇိကင် သမာဒိယာမိ"

နေသဇ္ဇိကင် = ထိုင်နေလေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ သမာဒိယာမိ = ဆောက်တည်ပါ၏ တဲ့။ အဲဒီလို ဆောက်တည်ရတယ်နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်ဆောင် အမြတ်ပုဂ္ဂိုလ်ဟာ နောက်မိုတ်ကဲပျဉ်၊ ပုဆိုးအာယောဂပတ်. အာယောဂပတ်ပြား သုံးခုတို့ မအပ်ဘူးနော်"

"မှန်ပါ ဘုရား"

"အလတ်က သုံးခုမှာ တစ်ခုခုအပ်တယ်၊ အညံ့ကတော့ သုံးခုစလုံး အပ်တယ်၊ မိုစရာ ခေါင်းအုံး၊ ပဥ္စင်ဉောင်စောင်း၊ သတ္တင်ဉောင်စောင်းတို့လည်း အပ်တယ်နော်"

"မှန်ပါ ဘုရား"

"ဖြောင့်စင်းစွာ အိပ်လို့မရတဲ့ နောက်မီအမြင့်ရှိတဲ့ ပက်လက်ကုလားထိုင်များကို ပဥ္စင် - သတ္တင်ဉောင်စောင်း ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်ဟာ အိပ်တဲ့ခဏမှာ ပျက်တယ်နော်"

"မှန်ပါ ဘုရား"

"ဒီဓုတင်ရဲ့အကျိုးတွေက ဘာတွေလည်းဆိုတော့ -

၁။ အိပ်ရာ၌ တစင်းစင်းအိပ်ခြင်း စည်းစိမ်

၂။ လူးလိမ့်ပြောင်းပြန် လှည့်စောင်းစည်းစိမ်

၃။ အိပ်မွေ့ဖိန်းဖိန်း တမိုန်းမိုန်း စည်းစိမ်တည်းဟူသော စိတ်အနှောင့်အယှက်သုံးပါးကို ပယ်နိုင်ခြင်း

၄။ ကမ္မဋ္ဌာန်းစီးဖြန်းသူ ဟူသမျှအား သင့်လျော်ခြင်း

၅။ ကြည်ညိုဖွယ် ဣရိယာပုတ် ရှိခြင်း

၆။ ဝီရိယနှင့် သမာဓိ မျှအောင် အားထုတ်သည်အားလျော်ခြင်း

၇။ သီလစသော သမ္မာပဋိပတ်ကို တိုးတက်စေခြင်း စတဲ့ အကျိုးတွေရတယ်နော်"

"မှန်ပါ ဘုရား"

"ကဲ ... အဲဒီအထဲက ကြိုက်တဲ့ မိမိနဲ့လျော်တဲ့ ဓုတင်တစ်ပါးပါး သို့မဟုတ် နှစ်ပါး သုံးပါး ဆောက်တည်ပြီး တရားအားထုတ်ပေါ့နော်"

"မှန်ပါ ဘုရား"

"အသေးစိတ်ကတော့ တကယ်ကျင့်တော့မှ နီးစပ်ရာ ဆရာသမားနဲ့ မေးစမ်းကျင့်ပေါ့၊ ခုတော့ ဒီလောက်ပဲ ပြောနိုင်မယ်၊ ကဲ ... တော်လည်းတော်ကြပါစို့"

"မှန်ပါ ဘုရား၊ ပြန်ခွင့်ပြုပါဘုရား"

✦ ဓုတင်တရား၊ ဆယ့်သုံးပါး၊ မများလှလေပါ။

✦ ဗုဒ္ဓမိန့်အပ်၊ အကျင့်မြတ်၊ ကျင့်အပ်လှသည်သာ။

✦ ဓုတင်ကျင့်က၊ နိဗ္ဗာန၊ အရမြန်သည်သာ။

✦ ထို့ကြောင့် လူရှင်၊ သူငါပင်၊ ဓုတင်ကျင့်ကြပါ။

# သာသနာရေးနှင့် ဘာသာရေး ဘယ်လိုထူးပါသလဲဘုရား

(၈၇)

**အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ**
**အတ္တသရဏာ အနညသရဏာ**
**ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ။**

ဘိက္ခဝေ = ရဟန်းတို့၊ တုမှေ = သင်တို့သည်၊ အတ္တဒီပါ = မိမိသာလျှင် မှီရာရှိကုန်သည်ဖြစ်၍၊ အတ္တသရဏာ = မိမိသာလျှင် ကိုးကွယ်ရာရှိကုန်သည်ဖြစ်၍၊ အနညသရဏာ = မိမိမှ တစ်ပါးသော ကိုးကွယ်ရာ မရှိကုန်သည်ဖြစ်၍၊ ဓမ္မဒီပါ = တရားသာလျှင် မှီရာရှိကုန်သည်ဖြစ်၍၊ ဓမ္မသရဏာ = တရားသာလျှင် ကိုးကွယ်ရာရှိကုန်သည်ဖြစ်၍၊ အနညသရဏာ = တရားမှ တစ်ပါးသော ကိုးကွယ်ရာ မရှိကုန်သည်ဖြစ်၍၊ ဝိဟရထ = နေကြကုန်လော့။

ယင်း၌ "အတ္တဒီပါ" ဝယ် အတ္တအရ လောကီလောကုတ္တရာတရားကို ကောက်ယူရသည်။ ကိုယ်ခန္ဓာအတ္တဘောကို မယူရပါ။ သို့ဖြစ်၍ တရားကိုပဲ မှီခိုရမည် ဖြစ်၏။ တစ်ပါးသောသူကို မမှီခိုရ။

မှန်၏။ တစ်ယောက်သောသူ၏ လုံ့လဖြင့် တစ်ယောက်သောသူ၏ စင်ကြယ်ခြင်း မဖြစ်နိုင်။ တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ မှီခိုကိုးစားရာ မဖြစ်နိုင်သောကြောင့် ဖြစ်၏။

မိမိသည် အထက်ပါစာပိုဒ်များကို ဖတ်ရှုနေစဉ် တစ်ချိန်က မေးခဲ့ဖြေခဲ့ဖူးသော ပြဿနာတစ်ခု ခေါင်းထဲဝင်လာသည်။

"အရှင်ဘုရား၊ ဘာသာရေး, သာသနာရေး၊ ဘာသာရေး, သာသနာရေးနဲ့ တွဲတွဲပြီး သုံးလေ့ပြောလေ့ ရှိပါတယ် ဘုရား၊ "သာသနာရေးနှင့် ဘာသာရေး ဘယ်လိုထူးပါသလဲ ဘုရား" ဟူ၍ဖြစ်၏။ မိမိသည် ထိုစဉ်ကပင် ထိုသူအား ကောက်ကာငင်ကာဖြေ၏။

**ဘာသာရေးနှင့် သာသနာရေး**

"စကားလုံးထူးသလို အဓိပ္ပာယ်လည်း ထူး.တယ်ဒကာကြီး"

"ဘယ်လိုထူးပါသလဲ ဘုရား"

"ဦးပဉ္ဇင်းတို့ ဗုဒ္ဓဝါဒကို ဘာသာရေးလို့ ခေါ်တာကို ဦးပဉ္ဇင်းတော့ မကြိုက်ဘူး"

"ဘယ်လိုခေါ်မှ ကြိုက်လဲဘုရား"

"သာသနာရေးလို့ ခေါ်မှ ကြိုက်တယ်ဒကာကြီး"

"ဘယ်လိုကြောင့်ပါလဲ ဘုရား"

"သာသနာရေးဆိုတာ သာသနဆိုတဲ့ ပါဠိကသွားတဲ့စကား ဒကာကြီးရဲ့"

"မှန်ပါ ဘုရား"

"သာသနဆိုတဲ့ ပါဠိကို သာသနာလို့ခေါ်တာ၊ မြန်မာစကားစစ်စစ် မဟုတ်သေးပါဘူး၊ မြန်မာလိုဆိုရင် "သာသန" သို့မဟုတ် "သာသနာ" အရ "အဆုံးအမ" လို့ အဓိပ္ပာယ်ရတယ်"

"မှန်ပါ ဘုရား"

"အဲဒီ အဆုံးအမဟာ ဘယ်သူရဲ့အဆုံးအမလည်း ဆိုရင် ဗုဒ္ဓရဲ့အဆုံးအမနော်"

"မှန်ပါ ဘုရား"

"ဒီတော့ "ဗုဒ္ဓနဲ့သာသနနဲ့ တွဲလိုက်ရင် ဗုဒ္ဓသာသန" လို့ ဖြစ်မသွားဘူးလား"

"ဖြစ်သွားပါတယ်ဘုရား"

"ဖြစ်သွားတော့ "ဗုဒ္ဓသာသန" အရ "ဗုဒ္ဓအဆုံးအမ" သို့မဟုတ် ဗုဒ္ဓသာသနာလို့ ဖြစ်မသွားဘူးလား၊

"ဖြစ်သွားပါတယ်ဘုရား"

"ဖြစ်သွားတော့ အဲဒီ ဗုဒ္ဓရဲ့အဆုံးအမ "ဗုဒ္ဓသာသနာတွေသည်" ဘာတွေလဲလို့ မေးစရာမရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ရှိတော့ -

"ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ = အာနန္ဒာငါဘုရားသခင်သည် အကြင် သုတ်, အဘိဓမ္မာ ဟူသော ဓမ္မကိုလည်းကောင်း၊ စောင့်စည်းဖွယ် ဝိနည်းကိုလည်းကောင်း၊ ဟောအပ် ပညတ်အပ်ပြီ၊ ထိုဓမ္မ ဝိနယတွေသည် ငါဘုရား မရှိရာ နောင်အခါ၌ သင်တို့၏ ဆရာဖြစ်၍ သင်တို့ကို ဆုံးမလိမ့်မည်"

ဆိုတဲ့ ဒေသနာတော်အရ ဗုဒ္ဓအဆုံးအမ ဗုဒ္ဓသာသနတွေဟာ "ဓမ္မဝိနယ" တွေ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒါကြောင့် "သာသန" အရ မဂ်လေး၀ ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်လို့ ဆိုရတဲ့ ၁၀ ပါးသော တရားအစုကို အရ ကောက်ရတယ်နော်"

"မှန်ပါ ဘုရား"

"တစ်ဖန် အဲဒီ သာသနအရဖြစ်တဲ့ "ဓမ္မဝိနယ" တွေကို လှန်ပြန်ကြည့်တဲ့အခါ "သာသနဋ္ဌိတိယာ ပရိယတ္တိပမာဏံ = သာသနာအရှည်တည်တံ့ဖို့ ပရိယတ္တိပမာဏ" လို့ ဆိုတာလည်း မတွေ့ရဘူးလား"

"တွေ့ရပါတယ်ဘုရား"

"ပြီးတော့ "ဝိနယေ ဌိတေ သာသနံ ဌိတံ = ဝိနည်းတည်သော် သာသနာတော် တည်၏" လို့လည်း မတွေ့ရဘူးလား"

"တွေ့ရပါတယ်ဘုရား"

"ဒီတော့ ဦးပဥ္စင်းတို့ ပိဋကတ်ကျမ်းဂန်မှာ "သာသန.သာသန" လို့ပဲ တွေ့ရတယ်၊ "ဘာသ.ဘာသ" လို့ မတွေ့ရဘူး"

"မှန်ပါ ဘုရား"

"ပြီးတော့ ဗုဒ္ဓနဲ့တွဲကာ "ဗုဒ္ဓသာသန" လို့ပဲ တွေ့ရတယ်၊ "ဗုဒ္ဓဘာသာ" လို့ မတွေ့ရဘူး ဒကာကြီးရဲ့"

"မှန်ပါ ဘုရား"

"အထောက်ပြပါဆိုရင် –

သဗ္ဗပါပဿ အကရဏံ, ကုသလဿ ဥပသမ္ပဒါ။

သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါ န သာသနံ။

"အဲဒီ ပါဠိတော်ပဲ၊ အဲဒီမှာ ဗုဒ္ဓါနသာသနံဆိုတာ "ဗုဒ္ဓသာသန" ဆိုတာပဲနော်"

"မှန်ပါ ဘုရား"

"အဲဒီပါဠိကို မြန်မာလိုတော့ ပြန်မနေတော့ဘူး၊ ရှစ်လုံးဘွဲ့နဲ့ပဲ မှတ်ထားနော်"

အကုသိုလ်စု မပြုရှောင်စွာ

ကုသိုလ်အများ ကြိုးစားစုံစွာ

မိမိစိတ်ရင်း ပွတ်ဝင်းဖြူဖွာ

ဤသုံးပါး ဘုရားသာသနာ" တဲ့။

"မှန်ပါ ဘုရား"

"ဒီတော့ ဗုဒ္ဓကိုယ်တော်တိုင်ကပင် ဗုဒ္ဓဟောတရားအဆုံးအမအားလုံးပါဝင်တဲ့ ခုနက အဆုံးအမသြဝါဒကို ပေးတော်မူခဲ့တဲ့အတွက် "ဗုဒ္ဓသာသနာရေး" သို့မဟုတ် အတိုကောက်အားဖြင့် "သာသနာရေး" လို့ ခေါ်တာပဲ၊ ဦးပဉ္ဇင်းတော့ ကြိုက်တယ်၊ မှန်တယ်လို့ ယူတယ်နော်"

"မှန်ပါ ဘုရား"

"ဒကာကြီးတို့ ပြုလုပ်ပြောဆို ကြံစည်နေတာတွေဟာ ဗုဒ္ဓအဆုံးအမအတိုင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါဖြင့် သာသနာရေးလုပ်နေတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး... သာသနာရေးဆိုတာ တစ်ခြားကို သွားပြီးထင်မနေနဲ့၊ အဆုံးအမ သာသနအတိုင်း လုပ်သမျှ သာသနာရေးချည်းပဲနော်"

"မှန်ပါ ဘုရား"

"ဒီတော့ လူမှုရေးလည်း သာသနာရေးပဲ၊ သာသနာရေးလည်း လူမှုရေးပဲ၊ လူမှုရေးနဲ့ သာသနာရေး ခွဲခြားထုတ်မနေနဲ့နော်"

"မှန်ပါ ဘုရား"

"အတူတူပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဗုဒ္ဓဘာသာလို့ ခေါ်ဝေါ်ခြင်းဟာ ကမ္ဘာ့ဘာသာဝင်များက သူတို့နားလည်သလို သူတို့ရဲ့ဘာသာများနဲ့ တန်းတူထားပြီး သူတို့ရဲ့အသုံးအနှုန်းအတိုင်း သုံးနှုန်းခေါ်ဝေါ်ထားတာနော်"

"မှန်ပါ ဘုရား"

"အဲဒီအခေါ်အဝေါ်ကို ဦးပဥ္စင်းတို့က အဟုတ်ထင်ပြီး နားယောင်ကာ ခေါ်ဝေါ်နေခြင်းဖြစ်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို **ခေါ်ဝေါ်နေရာမှ "ဂျပ်ဆင်အဘိဓာန်မှ"** ဘာသာပြန်ဆိုချက်ကို အထင်ကြီး အတုခိုးပြီး ခေါ်ပြန်ရောနော်"

"မှန်ပါ ဘုရား"

"ဒီတော့ အမှန်အကန်ဖြစ်တဲ့ ဗုဒ္ဓသာသနာ သို့မဟုတ် သာသနာရေး အသုံး ပျောက်မသွားဘူးလား"

"ပျောက်သွားပါတယ်ဘုရား"

"ပျောက်သွားပြီး ဘာတွင်နေလဲ"

"ဗုဒ္ဓဘာသာလို့ တွင်နေပါတယ်၊ ဘာသာရေးလို့ တွင်နေပါတယ်ဘုရား"

"သိပ်နစ်နာတယ်နော်"

"ဗုဒ္ဓသာသနအရ ဓမ္မဝိနယတွေဟာ စိတ်ကို အကြွင်းမဲ့ စင်ကြယ်စေတဲ့ တရားဓမ္မတွေဖြစ်လို့ ဘာသာရေး မဟုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ဗုဒ္ဓသာသနာမှာ သို့မဟုတ် ဗုဒ္ဓဝါဒဟာ တစ်ဆူတည်းသောဘုရားကို ကိုးကွယ်တာ ဟုတ်ရဲ့လား"

"မဟုတ်ပါဘုရား"

"ဘယ်လိုကိုးကွယ်လဲ"

"ဂေါ်တမ သဲစုမက ဘုရားတွေလည်း ယုံကြည်ကိုးကွယ်ပါတယ်ဘုရား"

"အေး... ဒီတော့ ဗုဒ္ဓဝါဒဟာ ဗုဒ္ဓသာသနာဟာ တစ်ဆူတည်းသော ဘုရားကို ကိုးကွယ်တဲ့ "Religion ဘာသာ" မဟုတ်ခြင်းကြောင့် "ဘာသာ" လို့ ခေါ်ရင် မှားတယ်၊ မမှန်ဘူးနော်"

"မှန်ပါ ဘုရား"

"ဒီတော့ ဗုဒ္ဓသာသနာဟာ သို့မဟုတ် ဗုဒ္ဓဝါဒဟာ သာသနာရေးနော်၊ ဘာသာရေးမဟုတ်ဘူး"

"မှန်ပါ ဘုရား"

"ဗုဒ္ဓဝါဒကို ကမ္ဘာ့ဘာသာတွေနဲ့ရောပြီး ဘာသာရေးလို့ ခေါ်ရင် မှားတယ်နော်"

"မှန်ပါ ဘုရား"

"ဘာသာရေးဆိုတာ ထာဝရဘုရားသခင်နဲ့ ပြန်လည်ပူးပေါင်းရန် မှန်ကန်တဲ့နည်းလမ်းကို ခေါ်တယ်၊ ဒီတော့ ဗုဒ္ဓသာသနာကို ဆန်းစစ်ကြည့်၊ ထာဝရဘုရားသခင်နဲ့ ပြန်လည်ပူးပေါင်းရန် မှန်ကန်တဲ့နည်းလမ်း ဟုတ်ရဲ့လား"

"မဟုတ်ပါဘုရား"

"မဟုတ်ရင် ဗုဒ္ဓဝါဒဟာ ဘာသာရေး ဟုတ်ရဲ့လား"

"မဟုတ်ပါဘုရား"

"ပြီးတော့ ဘာသာရေးဆိုတာ ရိုသေကိုင်းရှိုင်းမှု သို့မဟုတ် ထာဝရဘုရားအား ဂုဏ်ပြုချီးကျူးမှုကို ခေါ်တယ်၊ ဗုဒ္ဓဝါဒဟာ ဒီလိုဟုတ်ရဲ့လား"

"မဟုတ်ပါဘုရား"

"မဟုတ်ရင် ဘာသာရေးဟုတ်ရဲ့လား"

"မဟုတ်ပါဘုရား"

"ဘာသာရေးဆိုတာ ထာဝရဘုရား၊ အတ္တဝိညာဉ်၊ ကောင်းကင်ဘုံ ဆုတောင်းပတ္ထနာ စသည်တို့နဲ့ များစွာ ဆက်စပ်နေတဲ့ ယုံကြည်မှုတစ်ရပ်ကို ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"ဗုဒ္ဓသာသနာမှာ ထာဝရဘုရား. အတ္တဝိညာဉ်ကောင်းကင်ဘုံကို လက်ခံလား"

"လက်မခံပါဘုရား"

"ဒါဖြင့် ဗုဒ္ဓဝါဒဟာ ဘာသာရေးဟုတ်လား"

"မဟုတ်ပါဘုရား"

"အေး... ဒါကြောင့် ဗုဒ္ဓဝါဒဟာ ကမ္ဘာက နားလည်ထားတဲ့ ဘာသာရေးမျိုး မဟုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"ဘာကြောင့်လည်းဆိုတော့ ဗုဒ္ဓဝါဒဟာ ယုံကြည်မှုနဲ့ ကိုးကွယ်မှု စနစ်တစ်ရပ် မဟုတ်သောကြောင့်နော်၊ ဒီလိုဆိုတော့ ဗုဒ္ဓသာသနာဝင်တွေဟာ ဗုဒ္ဓကို မကိုးကွယ်ဘူးလားလို့ မေးစရာမရှိဘူးလား"

"မေးစရာရှိပါတယ်ဘုရား"

"အေး ဗုဒ္ဓသာသနာဝင်တွေဟာ ဘုရားရဲ့ဂုဏ်တော်တွေကို ကိုးကွယ်တယ်နော်"

"မှန်ပါ ဘုရား"

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = ဘုရားရှင်အား ကိုးကွယ်ပါ၏လို့ ဆိုခြင်းဟာ ကောင်းသောဘဝ ထူထောင်ရန် အဓိဋ္ဌာန်ချခြင်းမျှဖြစ်တယ်နော်"

"မှန်ပါ ဘုရား"

"ဘုရားရှင်က ကျွန်ုပ်တို့ကို ကယ်တင်နိုင်တယ်လို့ ဒီလိုယုံကြည်မှုမျိုး မဟုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"အဲဒီဗုဒ္ဓရဲ့ဂုဏ်တော်တွေဟာ ဘယ်မှာရှိသလဲဆိုရင် အဆုံးအမ "သာသန" သို့မဟုတ် "ဓမ္မဝိနယ" မှာ ရှိတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ဗုဒ္ဓဟာ ဗုဒ္ဓသာသနာဝင်တွေအတွက် "ဓမ္မဝိနယ" ကို ပေးခဲ့တယ်၊ ကမ္ဘာ့ဘာသာများတွင် ဓမ္မဝိနယကို မပေးခဲ့ဘူး၊ ဆုပ်ကိုင်ထားတယ်၊ အဲဒါဟာဗုဒ္ဓသာသနာ သို့မဟုတ် ဗုဒ္ဓဝါဒနဲ့ ကမ္ဘာ့ဘာသာတွေနဲ့ ခြားနားချက်ပဲနော်"

"မှန်ပါ ဘုရား"

"ဗုဒ္ဓသာသနာတော်မှာ ဗုဒ္ဓက လက်ဆုပ်လက်ကိုင်ထားတဲ့ "အာစရိယမုဋ္ဌိ" မရှိဘူးနော်"

"မှန်ပါ ဘုရား"

"ဗုဒ္ဓသာသနာတော်မှာ ဗုဒ္ဓကျင့်သလို ကျင့်က ဗုဒ္ဓ ဖြစ်နိုင်တယ်၊ နည်းလမ်းကောင်းတွေ မထားခဲ့ဘူးလား"

"ထားခဲ့ပါတယ်ဘုရား"

"ကမ္ဘာ့ဘာသာများမှာ ဘယ်လိုပဲကျင့်ကျင့် ဘုရားမဖြစ်နိုင်ဘူး၊ နည်းလမ်းလည်း မရှိဘူးနော်"

"မှန်ပါ ဘုရား"

"အဲဒါဟာ ဗုဒ္ဓဝါဒ သို့မဟုတ် ဗုဒ္ဓသာသနာနဲ့ ကမ္ဘာ့ဘာသာနဲ့ ကွာခြားချက်ပဲ၊ ဗုဒ္ဓသာသနာမှာ ဗုဒ္ဓကျင့်သလို ကျင့်က ဗုဒ္ဓ ဖြစ်နိုင်တယ်၊ ကမ္ဘာ့ဘာသာတွေမှာ ဘယ်လောက်ကျင့်ကျင့် ဘုရားတပည့်ပဲ ဖြစ်နိုင်တယ်၊ ဘုရား မဖြစ်နိုင်ဘူးနော်"

"မှန်ပါ ဘုရား"

"အဲဒါလည်း ထူးခြားချက်ပဲနော်"

"မှန်ပါ ဘုရား"

"ဗုဒ္ဓဝါဒ၊ ဗုဒ္ဓသာသနာဟာ PRAY = ဆုတောင်းသက်သက်ဝါဒမဟုတ်ဘူး၊ ဆုတောင်းသာသနာသက်သက် မဟုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"ဆုတောင်းသက်သက်ဆိုရင် ဘာသာရေးပဲ၊ အေး… ခုလဲ ဆုတောင်းသမားတွေကလည်း ပေါ၊ ဘာသာရေးလည်း ခေါ်ထားတော့ ကမ္ဘာ့ဘာသာရေးဆန်ဆန် ဖြစ်နေတယ်နော်"

"မှန်ပါ ဘုရား"

"အမှန်ကတော့ ဗုဒ္ဓဝါဒဟာ ပစ္စုပ္ပန်ကာ၊ ပစ္စုပ္ပန် အကြောင်းအကျိုးတရားကို ဦးစားပေးဝါဒပဲနော်"

"မှန်ပါတယ် ဘုရား"

"ဗုဒ္ဓဟာ ကိုယ်တိုင် ဓမ္မကိုရှာဖွေပြီး ကိုယ်တိုင်အားထုတ်ကာ ဗုဒ္ဓအဖြစ် ရောက်ပြီးမှ ဗုဒ္ဓအဖြစ် ရောက်ပုံ ရောက်နည်း နည်းလမ်းစုံနဲ့ တစ်ခြားနည်းလမ်းစုံတို့ကို မထားခဲ့ဘူးလား"

"ထားခဲ့ပါတယ်ဘုရား"

"အဲဒီလို ထားခဲ့ပြီးတော့ ပေါ့ပေါ့နဲ့ သက်သက်သာသာ ဆုတောင်းနေလို့ ပြောခဲ့သလား"

အာရဒ္ဓထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။

ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။

ဗုဒ္ဓသာသနာတော်မှာ အစရှေ့ဖျား သတိထားပြီး အားထုတ်ကြကုန်လော့၊ အပျင်းများစက် အသွားပျက်အောင် အားထုတ်ကြကုန်လော့၊ ပြင်းပြင်းထန်ထန် ပင်ပန်းခံ၍ အဖန်ဖန် အားထုတ်ကြကုန်လော့၊ ဆင်ပြောင်ကြီးဟာ ကျူထရံကာ အိမ်ကို မှုန်မှုန်ညက်ညက် နင်းချေဖျက်ပြီး ခါတွက်လိုက်သည့်အတူ၊ သေမင်းဘုရင်ရဲ့စစ်သည်တော်ရဲမက်တွေကို မင်္ဂလေးအောင်ထက်အမြောက်စက်ဖြင့် ဖျောက်ဖျက်နင်းချေကုန်လော့" လို့ ပြောလား"

"ပြင်းပြင်းထန်ထန် အားထုတ်ဖို့ ပြောပါတယ်ဘုရား"

"အေး… အဲဒီမှာလည်း ဗုဒ္ဓသာသနေလို့ ဗုဒ္ဓသာသနာ အသုံးမပါဘူးလား"

"ပါပါတယ် ဘုရား"

"အင်း… ဦးပဋ္ဌင်းတို့ ဗုဒ္ဓက အဆုံးအမ သာသနတွေကို ထားခဲ့ကာ မိမိတို့အကျိုးအတွက် မိမိတို့ကိုယ်ကို မိမိတို့ အားကိုးပြီး အဆင့်ဆင့်သော ဝီရိယနဲ့ ကိလေသာရန်သူကို တိုက်ဖျက်ရန် ဟောတော်မူခဲ့တယ်နော်"

"မှန်ပါ ဘုရား"

"ဒီတော့ အားထုတ်ရမှာလား၊ ဆုတောင်းရမှာလား"

"အားထုတ်ရမှာပါ ဘုရား"

"အားထုတ်တယ်ဆိုတာ အခက်ကြီးမဟုတ်ပါဘူး၊ သတိလက်ကိုင်ထားနေတာပါနော်"

"မှန်ပါ ဘုရား"

"အမြဲတမ်းနေတာက သတိလက်လွတ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး ... အားထုတ်တယ်ဆိုတာ အမြဲပုံမှန် နေသလိုနေပြီး သတိလက်ကိုင်ထားတာပဲ ထူးတယ်၊ ဘာပင်ပန်းသေးသလဲ"

"ဘာမှ မပင်ပန်းပါဘုရား"

"အလုပ်အကိုင် အစားအသောက် ပျက်စရာလိုသေးလား"

"မလိုတော့ပါဘုရား"

"အေး ...အဲဒီလို သတိလက်ကိုင်ထားနေရင် ဒုက္ခမှ ကျွတ်လွတ်နေပုံကို -

ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟရိဿတိ၊

ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ၊

လို့ ဟောခဲ့တယ်နော်"

"မှန်ပါ ဘုရား"

"အဓိပ္ပာယ်က ဘယ်လိုလဲဆိုတော့ -

"တရားသဖြင့် ဆုံးမရာ ဖြစ်တဲ့ ဒီမြတ်စွာဘုရား သာသနာတော်မှာ မမေ့လျော့ဘဲ နေနိုင်တဲ့ အမျိုးကောင်းသားဟာ ဇာတိသံသရာကို ပယ်စွန့်ပြီး တေဘူမက ဝဋ်ဒုက္ခရဲ့ဆုံးရာအမှန် ပြည်နိဗ္ဗာန်ကို မျက်မှောက်ပြုရလတ္တံ့" တဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီမှာ ကြည့်ပါ "သာသန" အရ "ဓမ္မဝိနယ" ကို ယူပုံကို ဘုရားရှင်ကိုယ်တော်တိုင်ပင် ပြခဲ့တယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ဒီသာသနာတော်မှာ သို့မဟုတ် ဗုဒ္ဓဝါဒမှာ မေ့လျော့ပေါ့တန်နေလို့ မရဘူး၊ သတိလက်ကိုင်ထားပြီး ကြိုးစားနိုင်မှ အကျိုးရမယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အဲဒါ ဗုဒ္ဓသာသနာနဲ့ ကမ္ဘာ့ဘာသာနဲ့ ထူးခြားချက်တစ်ရပ်ပဲနော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ဗုဒ္ဓသာသနာတော်ဟာ "ကိုယ့်အကျိုး ကိုယ်စံ၊ ကိုယ့်အပြစ် ကိုယ်ခံ" တဲ့၊ "သဗ္ဗေသတ္တာ ကမ္မဿကာ" = သတ္တဝါအားလုံး ကံသာ ကိုယ်ပိုင်ဥစ္စာမဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ဗုဒ္ဓက အကျိုးကိုလည်း မပေးဘူး၊ အပြစ်ကိုလည်း မပေးဘူးနော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် ဗုဒ္ဓသာသနာဝင်တွေဟာ ဗုဒ္ဓကို မကြောက်ရဘူးနော်"

"မှန်ပါ ဘုရား"

"အဲဒီအချက်ဟာလည်း ကမ္ဘာ့ဘာသာတွေနဲ့ ဗုဒ္ဓသာသနာနဲ့ ထူးခြားချက်ပဲနော်"

"မှန်ပါ ဘုရား"

"ဗုဒ္ဓသာသနာတော်မှာ ဗုဒ္ဓကို နည်းပေးလမ်းညွှန်အဖြစ် အားထားယုံကြည်မှုမှတစ်ပါး မိမိကိုယ်ကို လုံးဝပုံအပ်ပြီး အားကိုးရန် လိုသေးလား"

"မလိုပါ ဘုရား"

"ဟုတ်တာပေါ့၊ လုံးဝ.ပုံအပ်သဖြင့် ဗုဒ္ဓက ဘာလုပ်ပေးနိုင်မှာလဲဟင်"

"မလုပ်ပေးနိုင်ပါ ဘုရား"

"ဗုဒ္ဓက ကျင့်နည်းကြံနည်း အားထုတ်နည်းတွေ အစုံဟောပြီးပြီ၊ အကျိုးရပုံ အလုံးစုံလည်း ဟောပြီးပြီမဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ဒီနေရာမှာ ဗုဒ္ဓက သူ့ကိစ္စ၊ ကိုယ့်ကိစ္စ နှစ်ပိုင်းခွဲပြီး ဟောခဲ့ပုံကလေး ရှိပါကယ်၊ ဘာတဲ့လဲ -

"တုမှေဟိ ကိစ္စံ အာတပ္ပံ၊ အက္ခာတာရော တထာဂတာ။

ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ" တဲ့။

အဓိပ္ပာယ်က ဘာလဲဆိုတော့ -

"ရဟန်းတို့၊ ဘုရားရှင်တို့သည် ဟောရုံမျှသာ တတ်နိုင်ကြကုန်၏၊ ကျင့်ကြံရန်ကိစ္စတွေကိုတော့ သင်တို့ ဘာသာ ပြုကျင့်အားထုတ်အပ်ပေ၏၊ ရှုပွားများလျက် ကျင့်ကြံသူတို့သည် မာရ်မင်းအနှောင်အဖွဲ့မှ လွတ်မြောက်ကြကုန်လိမ့်မည် - တဲ့ နော်"

"မှန်ပါ ဘုရား"

"ဒီတော့ ဦးပဥ္စင်းတို့ဗုဒ္ဓဟာ ဗုဒ္ဓသာသနာပြုတဲ့နေရာမှာ အဓမ္မစနစ်ကို မသုံးဘူး၊ နူးညံ့သိမ်မွေ့စွာ သာသနာပြုတယ်၊ အကြီးအကျယ် အောင်မြင်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒါဟာ ဗုဒ္ဓသာသနာနဲ့ ကမ္ဘာ့ဘာသာတို့ရဲ့ထူးခြားချက်တစ်ရပ်ပဲနော်"

"မှန်ပါ ဘုရား"

"ဗုဒ္ဓသာသနာတော်မှာတော့ ဘုရားအတွက် ဘာမှ လုပ်ပေးစရာ မလိုပါဘူး၊ ဘုရားမှာပြုလုပ်စရာကိစ္စမှ မရှိဘဲနော်"

"မှန်ပါ ဘုရား"

"ဗုဒ္ဓညွှန်ကြားတဲ့အတိုင်း ကိုယ့်အတွက် ကိုယ်လုပ်ရင်းနဲ့ သူများကို အကူအညီပေးနိုင်သမျှ ပေးပေါ့နော်"

"မှန်ပါ ဘုရား"

"ဟုတ်တယ်၊ ဗုဒ္ဓဝါဒဟာ အယူသည်းတဲ့ အတ္တကိလမထာနုယောဂဝါဒနဲ့ ပရဟိတဝါဒကို ပယ်ပြီး အဲဒီ အစွန်းနှစ်ပါးမှ လွတ်တဲ့ဝါဒ ကို လက်ခံယုံကြည်ရမယ့် အလယ်. အလတ် "မဇ္ဈိမပဋိပဒါဝါဒ" ဖြစ်တယ်နော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် ဗုဒ္ဓသာသနာကို ကမ္ဘာ့ဘာသာများနဲ့ ရောနှောပြီး ဗုဒ္ဓဘာသာဟု ခေါ်ဝေါ်ခြင်း၊ ဘာသာရေးဟု ခေါ်ဝေါ်ခြင်း ကို ဦးပဥ္စင်းတော့ မကြိုက်ဘူး၊ ဗုဒ္ဓအလိုတော်နဲ့လည်း များစွာဆန့်ကျင်တယ်၊ အယူအဆလည်း များစွာလွဲမှားတယ်နော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် "ဗုဒ္ဓဝါဒကို သာသနာရေးခေါ်မှ မှန်ပါတယ်၊ ဘာသာရေးခေါ်ရင် မမှန်ပါဘူး" လို့ အချုပ်မှတ်ပါ"

✧ သာသနာရေး၊ ဘာသာရေး၊ အရေးနှစ်ခုရှိလေသည်။

✧ အရေးနှစ်ပါး၊ ထူးခြားနား၊ သိထားကြရပေလိမ့်မည်။

✧ သိထားပါမှ၊ ကျင့်ကြံက၊ ဒုက္ခဆုံးရာ ရောက်ပေမည်။

# နတ်များကို ကိုးကွယ်သင့်ပါသလားဘုရား

(၈၈)

လောကတွင် သိချင်စရာ ပြဿနာတွေကား များပြားလှပါ၏။ ယင်းသို့ သိချင်စရာ ပြဿနာများတွင် နတ်ပြဿနာလည်း တစ်ခုအပါအဝင် ဖြစ်၏။ အချို့က နတ်ဆိုတာ မရှိ၊ နတ်ပြည်.ပြိတ္တာပြည် ဆိုတာလည်း မရှိစသည်ဖြင့် နတ်နှင့်ပတ်သက်၍ ဘာတစ်ခုမျှ မယုံကြည်ကြ။

သို့သော် နတ်ပြည်. ပြိတ္တာပြည်များ ထင်ရှားရှိ၍ ယင်းနတ်ပြည်. ပြိတ္တာပြည်များသို့ ဘုရားရှင် ကြွတော်မူကြောင်း၊ ရှင်မဟာမောဂ္ဂလန်နှင့် တန်ခိုးကြီးရဟန္တာအရှင်များကြွရောက်တော်မူကြောင်းကိုလည်းကောင်း၊ ဘုရားရှင်ထံတော်သို့လည်း နတ်တွေ၊ ပြိတ္တာတွေ ရံခါ တစ်ဦးချင်း၊ ရံခါ အစုအဝေးနဲ့ အဖူးအမြော် တရားနာ ပြဿနာမေးရန် လာရောက်ကြောင်းကို ပါဠိ အဋ္ဌကထာများ၌ များစွာပင် တွေ့ရပါ၏။

သဘာဝဓမ္မများ ဆန်းကြယ်ပုံကိုလည်းကောင်း၊ ယင်းသို့ ဆန်းကြယ်သည်နှင့်အမျှ သဘာဝဓမ္မများဖြင့် တည်ရှိနေသော သက်ရှိသက်မဲ့ သတ္တဝါအရာဝတ္ထုတို့၏ထူးခြားဆန်းပြားပုံကိုလည်းကောင်း၊ ထိုတွင် အချို့ကို ပကတိမျက်စိဖြင့် မမြင်ရဘဲ ဉာဏ်ပညာမျက်စိထူးများဖြင့်သာ တွေ့နိုင်.မြင်နိုင်သည်ကိုလည်းကောင်း၊ မထောက်မထား မိမိတို့ မမြင်ရ၍ မရှိဟုဆိုသော သူများက နတ်ပြိတ္တာများနှင့်သူတို့၏ဘုံဌာနများကို လက်မခံလိုငြင်းပယ်လိုကြ၏။ သို့သော် နတ်ပြိတ္တာများလည်း ရှိ၍ယင်းတို့၏ ဘုံဌာနများလည်း ရှိကြပါ၏။

သပ္ပံပညာထွန်းကားနေသောယခုခေတ်၌ သိပ္ပံပညာဖြင့် စမ်းသပ်၍မရပါက လက်မခံလိုကြ။ သိပ္ပံပညာ မမီနိုင်အောင် သိမ်မွေ့ထူးဆန်းလှသော သဘာဝများ အများအပြားပင် ရှိနေသေးသည်ကို မမေ့အပ်ကြပါ။

နတ်. ပြိတ္တာနှင့် ယင်းတို့ပြည်ကို သိရေးမှာ ဒိဗ္ဗစက္ခု၏ အရာသာဖြစ်၍ သိပ္ပံပညာ၏ အရာကား မဟုတ်ပါပေ။ ယင်း နတ်.ပြိတ္တာတို့နေထိုင်ရာပြည်သို့ ရောက်ရေးမှာလည်း ဣဒ္ဓိဝိဓ တန်ခိုးအဘိညာဉ်၏အရာသာဖြစ်၏။ သိပ္ပံပညာ၏အရာ မဟုတ်ပါပေ။

ဘာဝနာ၏ အစွမ်းဖြင့်သာ ရနိုင်သော နိဗ္ဗာန်ကို ယင်းဘာဝနာမှု မကြိုးစားဘဲလျက် နိဗ္ဗာန်ဆိုသည်မှာ အပြောသာ၊ အဟုတ်မရှိပါဆိုလျှင် ထိုသူ၏အပြစ်သာ ဖြစ်သကဲ့သို့၊ ဘာဝနာအစွမ်းကြောင့် ရနိုင်သော တန်ခိုးများဖြင့်သာ မြင်နိုင် ရောက်နိုင်သော နတ်ပြည်. ဗြဟ္မာ့ပြည်များကို ထိုဘာဝနာမှု မပြု၍ ထိုတန်ခိုးမျိုး မရသောကြောင့် မမြင်ရသဖြင့် မရှိဟုဆိုလျှင် ထိုသူ၏ အပြစ်ပင် မဟုတ်ပါလော။

မှန်၏။ သိမ်မွေ့နူးညံ့သော ရုပ်ဖြစ်သောကြောင့် ပကတိမျက်စိဖြင့် မမြင်ရဘဲ အဘိညာဉ်ဉာဏ်ထူးများဖြင့်သာ သိနိုင်. မြင်နိုင်သော နတ်ဗြဟ္မာတို့ကို မိမိတို့ မမြင်ရ၍ မရှိဟုဆိုလျှင် အားကောင်းသော မှန်ဘီလူးဖြင့်ကြည့်မှသာ မြင်ရသောအရာဝတ္ထုများကို ပကတိမျက်စိဖြင့် မတွေ့ရ၍ မရှိဟု ဆိုသကဲ့သို့သာ ရှိပါတော့သည်။

တစ်ဖန် နတ်ဗြဟ္မာရှိသည်ဟု ယုံကြည်သူများကလည်း ယင်းနတ်ဗြဟ္မာတို့ကို အလွန်အကျူး အထူးယုံကြည်ကာ ကိုးကွယ်ပသမှုဖြင့် ရှေ့တန်းတင်လာကြပြန်ပါသည်။ ယင်းသို့ဖြင့် နတ်ဗြဟ္မာ ပြဿနာများမှာ များပြားလာတော့၏။ ယင်းအများအပြားမှ မိမိ ကြုံခဲ့သည်မှာ အောက်ပါအတိုင်း ဖြစ်၏။

"အရှင်ဘုရား "နတ်များကို ကိုးကွယ်ပသ.သင့်ပါသလား" ဘုရား"

ယင်းအမေးကား ဗုဒ္ဓဘာသာအမည်ခံ၍ တရားအားထုတ်နေသော နတ်ကိုးကွယ်သူ ယောဂီတစ်ယောက်က အမေးဖြစ်၏။ ထိုအခါ မိမိက ဤသို့ရှင်းပြသည်။

"နေပါဦး၊ အဲဒီအမေးကို နှစ်ပိုင်းခွဲမှ ဖြစ်မယ်၊ နှစ်ပိုင်းက ဘယ်လိုလဲဆိုတော့ -

၁။ နတ်ကိုးကွယ်မှု

၂။ ပ.သမှု

လို့ နှစ်ပိုင်း ခွဲရမယ်၊ ကိုးကွယ်မှုနဲ့ ပ.သမှုဟု နှစ်ပိုင်းဟာ တစ်ပိုင်းနဲ့တစ်ပိုင်း မတူဘူးနော်"

"မတူပုံ ရှင်းပြပါဦးဘုရား"

"ကိုးကွယ်တယ်ဆိုတာက ရတနာသုံးပါးကို ကိုးကွယ်သလို ကိုးကွယ်တာမျိုးကို ကိုးကွယ်တယ်ခေါ်တယ်"

"အဲဒီလို မကိုးကွယ်ကောင်းဘူးလားဘုရား"

"အဲဒီလို ကိုးကွယ်ရင်တော့ ရတနာသုံးပါး ကိုးကွယ်တဲ့ သရဏဂုံပျက်တယ်"

"ဟင်"

"ဟင် မနေနဲ့ လူတွေမှာ ရှိခိုးထိုက်တဲ့လူ၊ ရှိမခိုးထိုက်တဲ့လူလို့ နှစ်မျိုးမရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အင်း . . . အဲဒီလူလိုပေါ့၊ နတ်တွေမှာလည်း ရှိခိုးထိုက်တဲ့နတ်၊ ရှိမခိုးထိုက်တဲ့နတ်လို့ နှစ်မျိုးရှိတာပဲ၊ ခုတော့ ဒီလို မဟုတ်ဘူး၊ နတ်ဆို အထင်ကြီးပြီး အကုန်လုံးသိမ်းကျုံးပြီး အားကိုးတစ်ခုနဲ့ ရှိခိုးကြတယ်. ကိုးကွယ်ကြတယ်၊ စင်စစ်တော့ နတ်ဆိုတာသူလိုကိုယ်လို သတ္တဝါတစ်မျိုးပဲပေါ့"

"ဒီလိုဆို နတ်တိုင်း မကိုးကွယ်သင့်ဘူးပေါ့ဘုရား"

"ကိုးကွယ်တယ်ဆိုတာကို မသုံးပါနဲ့၊ အဲဒါကို မကြိုက်တာပါ၊ ကိုးကွယ်တယ်ဆိုတာ ရတနာသုံးပါးအတွက်ပါ၊ နတ်အတွက် မဟုတ်ပါဘူး"

"ဒါဖြင့် . . . ပရိတ်ကြီးမှာ "ဗလိံဟရန္တိ = ပူဇော်ဖွယ်ရာကို ဆောင်ယူပူဇော်ကြကုန်၏" လို့ ဆိုပါလားဘုရား"

"ဩော်...အဲဒီပြဿနာက ခုနကအမေးမှာကို ပါပြီးသားမို့ကစ်ကန့်စီ ရှင်းမလို့ချန်ထားတာ၊ အမေးမှာ "ကိုးကွယ်ပသ" ဆိုတာ ပါတယ်မဟုတ်လား"

"ပါပါတယ် ဘုရား"

"အင်း...အဲဒီမှာပါတဲ့ "ပ.သ" တယ်ဆိုတာ ပေးကမ်းစရာ ပစ္စည်းဝတ္ထု တစ်ခုခုကို ပေးကမ်းတဲ့ သဘောပဲ"

"ရှင်းပါဦးဘုရား"

"ရှင်းပါဦးဆိုရင် ကျမ်းဂန်အရပြောတော့ "ဗလိ" ဆိုတာ ပူဇော်ဖွယ်. ပေးကမ်းဖွယ်ဝတ္ထုပဲတဲ့၊ အဲဒီ ပူဇော်ပေးကမ်းဖွယ် "ဗလိ" က ဘယ်နှစ်မျိုးရှိလဲဆိုတော့၊ ငါးမျိုး ရှိတယ်တဲ့"

"ရှင်းပါဦးဘုရား"

"ဗလိငါးဖြာ

| | | | |
|---|---|---|---|
| ၁။ | ဉာတိဗလိ | = | ဆွေမျိုးတို့အား ပေးကမ်းဖွယ် |
| ၂။ | အတိထိဗလိ | = | ဧည့်သည်တို့အား ပေးကမ်းဖွယ် |
| ၃။ | ပုဗ္ဗပေတဗလိ | = | ကွယ်လွန်သူ ဆွေမျိုးတို့အဖို့ ပေးကမ်းဖွယ် |
| ၄။ | ရာဇဗလိ | = | မင်းအားပြုရမည့် အခွန်ပဏ္ဏာစသော ပေးကမ်းဖွယ် |
| ၅။ | ဒေဝတာဗလိ | = | နတ်တို့အတွက် ပြုရမည့် ပူဇော်ပေးကမ်းဖွယ် |

လို့ ငါးမျိုးရှိတယ်၊ ဒီတော့ ငါးမျိုးရှိတဲ့ အဲဒီ "ဗလိ" ကို အဋ္ဌကထာက "ဗလိ" ဆိုတာ ထိုထို ဆွေမျိုးစသည်တို့အား သင့်လျော်တဲ့ ပေးရကမ်းရမယ့် ဒါနရဲ့အမည်ပဲလို့ ဖွင့်ပြတယ်"

"ဒါဖြင့် "ပ.သ" တယ်ဆိုတာ ဒါနပြုတာပဲပေါ့ ဘုရား"

"အင်းပေါ့...ဒါနပြုတာပဲပေါ့"

"ဒီလိုဆိုတော့ ကိုးကွယ်တာနဲ့ ဒါနပြုတာ တစ်ခြားစီပဲပေါ့ဘုရား"

"အင်းပေါ့...ဒါနပြုတယ်ဆိုတာ "အလှူခံ တစ်ကျိပ်လေး. ခွေးတောင်ပါတယ်" လို့ မဆိုကြဘူးလား"

"ဆိုကြပါတယ်ဘုရား"

"ဆိုတော့ စားစရာမရှိ. ခိုကိုးရာမဲ့နေတဲ့ ခွေးကို ကျွေးမွေးလိုက်. ဒါနပြုလိုက်. ပသ.လိုက်တာနဲ့ပဲ သူ့ကို ကိုးကွယ်ရောလား"

"ဟာ...ဒီလိုတော့လည်း ဘယ်ကိုးကွယ်မလဲဘုရား"

"ဒါဖြင့်...ဘယ်လိုဆိုမလဲ"

"ကျွေးသင့် ကျွေးထိုက်လို့ ကျွေးရတယ်လို့ပဲ ဆိုရမှာပေါ့ဘုရား"

"ကဲ...ဗလိငါးပါးမှာပါတဲ့ ဆွေမျိုးတစ်ဦးဦးအား မိမိက ထမင်းဟင်းစတဲ့ တစ်စုံတစ်ရာ စားသောက်ဖွယ်ကို ပေးကမ်းတယ်၊ ပူဇော်တယ်၊ ပ.သတယ် အဲဒါမျိုး မပြုလုပ်ကြဘူးလား"

"ပြုလုပ်ကြတယ်ဘုရား"

"အဲဒီလိုပဲ ဧည့်သည်တွေ ရောက်လာရင်လည်း စားသောက်ဖွယ် နေရာထိုင်ခင်း စသည် မပေးဘူးလား"

"ပေးပါတယ်ဘုရား"

"အေး...အဲဒါဟာ "ပူဇော်ပသ"တာပဲပေါ့"

"မှန်ပါ ဘုရား"

"တမလွန်ဘဝ ပြောင်းသွားတဲ့ မိဘဘိုးဘွား ဆွေမျိုးများကို ရည်မှန်းပြီးတော့ လှူဒါန်းပေးကမ်း ပူဇော်ပသမှု မပြုလုပ်ဘူးလား"

"ပြုလုပ်ပါတယ်ဘုရား"

"တိုင်းပြည်အုပ်ချုပ်တဲ့ မင်းအားလည်း အခွန်ပဏ္ဏာစတဲ့ ပေးကမ်းဖွယ်တွေ ပေးကမ်း၊ ပူဇော်ပသမှု ပြုရတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို ပေးကမ်း. ပူဇော်ပသတော့ သူတို့ကို ကိုးကွယ်ရာအနေနဲ့ ပေးကမ်း ပူဇော်ပသတာလား"

"မဟုတ်ပါဘုရား၊ ပေးကမ်းပူဇော်ပသသင့်လို့ ပေးကမ်း ပူဇော်ပသရတာပါပဲဘုရား"

"အဲဒီလို ပေးကမ်း ပူဇော်ပသတော့ သူတို့က အဲဒီ အပေးအကမ်း. အပူအဇော်. အပ.သ ခံရသူတွေက အကြောင်းကြုံရတဲ့အခါ ကိုယ့်ကို ပြန်ပြီး ကူညီ မ.စမှု မပြုဘူးလား"

"ပြုကြပါတယ်ဘုရား"

"ဘာဖြစ်လို့ ကူညီမစတာလဲ"

"ကိုယ်က ကူညီမစခဲ့ဖူးတဲ့ ကျေးဇူးကြောင့် ကိုယ့်ကို ပြန်ပြီ ကူညီမစတာပါဘုရား"

"အဲ...အဲဒီသဘောအတိုင်းပေါ့၊ နတ်တွေဟာလည်း သူလိုကိုယ်လို သတ္တဝါမျိုးပဲ၊ သူတို့မှာ စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့၊ နေရာမဲ့မဲ့ ဖြစ်နေရင် ပေးကမ်းသင့်က ပေးကမ်းနိုင်က ပေးကမ်းရမယ်၊ ပေးကမ်းမှု ပြုကြတယ်မဟုတ်လား"

"မှန်ပါ ပြုကြပါတယ်ဘုရား"

"အဲဒီလို ပြုလိုက်တော့ ရံခါ သူတို့က ကိုယ့်ပြန်ပြီး မစောင့်ရှောက်ဖူးလား"

"စောင့်ရှောက်ပါတယ်ဘုရား"

"ခုနက ဆွေမျိုး၊ မိတ်သင်္ဂဟ စသည်တွေက စောင့်ရှောက်တယ်မဟုတ်လား"

"မှန်ပါ စောင့်ရှောက်ပါတယ်ဘုရား"

"အဲဒီလို စောင့်ရှောက်ခံရတော့ ဘေးကင်း၊ ရန်ကင်း၊ အန္တရာယ်ကင်းပြီးတော့ စီးပွားချမ်းသာ တိုးတက်မလာဘူးလား"

"တိုးတက်လာပါတယ်ဘုရား"

"တိုးတက်လာတာ နတ်တစ်ဦးတည်း မ.တာ ဟုတ်ရဲ့လား"

"မဟုတ်ပါဘုရား"

"ယခုတော့ ဘယ်လိုယူထားသလဲ၊ နတ်တစ်ဦးတည်း မ.တယ်လို့ ယူမထားဘူးလား"

"ယူထားပါတယ်ဘုရား"

"အေး...အဲဒီလိုတော့ မဖြစ်သင့်ဘူး၊ ဘာမဆို ကံကိုယုံပြီး ပုံထားသူများကဲ့သို့ နတ်ကိုယုံပြီး ပုံထားမှုမျိုးတော့ မဖြစ်သင့်ဘူးနော်"

"မှန်ပါ ဘုရား"

"ရတနာသုံးပါးအပေါ်၌ အာရုံပြုလွန်းလေကောင်းလေလေဖြစ်သော်လည်း နတ်များအပေါ်၌ အလွန်အကျွံပုံ၍ယုံခြင်းမျိုး, နတ်ရှူး ရှူးတယ်လို့ ဆိုရလောက်အောင် ရှူးမှု ဖြစ်မှုမျိုးတော့ မရှူးသင့်, မဖြစ်သင့်ပါဘူးနော်"

"မှန်ပါ ဘုရား"

"တချို့များ ဘုရားရှင်တော့ ဆွမ်းတော်, ပန်းတော်, ရေချမ်းတော်, ဆီမီးတော်တင်ရမှန်း၊ ပူဇော်ပသရမှန်း မသိသလောက် သတိရမှု မရှိသလောက်ပဲ၊ ဘုရားရှင်ဘေးနားက နတ်ပွဲ, ဝိဇ္ဇာပွဲ, အထက်ဆရာပွဲတွေကျတော့ ငှက်ပျောသီး မနွမ်းစေရ, ပန်းမညှိုးစေရ၊ အမွှေးနံ့သာ မပြတ်စေ၊ ဆီမီးမငြိမ်းစေရအောင် တရိုတသေ, တယုတယ ပြုစုပသ ကြတယ်နော်"

"မှန်ပါ ဘုရား"

"အမယ်လေး အဲဒီအထဲ လူတွေတင်မက ဘုန်းကြီးအချို့ပါ ပါနေတာ ဦးပဥ္စင်းဖြင့် အံ့ပါရဲ့"

"အဲဒီဘုန်းကြီးတွေ ပါနေတော့ ဘုန်းကြီးနောက်လိုက် တပည့်တော်တို့လည်း ပါရတော့တာပေါ့ဘုရား"

"ကဲ . . . ကိုယ်က အမည်ခံထားတော့ ဘုရားသားတော်, သမီးတော် အမည်ခံမထားဘူးလား"

"အမည်ခံထားပါတယ်ဘုရား"

"ဒါဖြင့် ဘုရားကို ရိုသေလေးစားရမှာလား၊ နတ်ကို ရိုသေလေးစားရမှာလား"

"ဘုရားကို ရိုသေလေးစားရမှာပါဘုရား"

"ယခုတော့ ဘုရားသားတော်၊ သမီးတော် အမည်ခံပြီး ဘုရားကို တော်သလိုထားပြီး ဘုရားထက် နတ်, အထက်ဆရာ, ဝိဇ္ဇာတွေကို ရိုသေလေးစားတဲ့ ပူဇော်ပသမှုမျိုးတွေဟာ မိမိရဲ့ ဘုန်းကြီး မပီသမှု ဗုဒ္ဓဘာသာ မပီသမှုကို ဖော်ပြရာ မရောက်ဘူးလား"

"ရောက်ပါတယ်ဘုရား"

"အေး . . . လူဖြစ်လို့ ဗုဒ္ဓဘာသာ မပီသရာ ရောက်တာကတော့ တော်သေးတာပေါ့၊ ဘုန်းကြီးဖြစ်ပြီး ဘုရားသားတော် အမည်ခံပြီး ဗုဒ္ဓဘာသာ မပီသရာ ရောက်တာမှ တော်တော်ရှက်ဖို့ကောင်းတယ်နော်"

"မှန်ပါ၊ ရှက်ဖို့ကောင်းပါတယ်ဘုရား"

"ဘုရားသားတော်ဆိုပြီး ဘုရားတော့ မကိုးကွယ်ဘဲ ဘာသွားကိုးကွယ်နေသလဲ"

"နတ်တို့ ဝိဇ္ဇာတို့ ဘိုးတော်တို့ မယ်တော်တို့ကို ကိုးကွယ်နေပါတယ်ဘုရား"

"ကိုးကွယ်မှု မှားသလား၊ မမှားဘူးလား"

"မှားပါတယ်ဘုရား"

"သာသနာတွင်းကြီးမှာ ကိုးကွယ်မှု မှားသင့်သလား"

"မမှားသင့်ပါဘုရား"

"အဲ . . . ကိုးကွယ်မှုတွေ အမှားများလာရင် သာသနာကွယ်တော့တာပဲ"

"ကြောက်စရာကြီးပါလားဘုရား"

"ကြောက်စရာပေါ့"

"အရှင်ဘုရား၊ ပသမှု ရှင်းပါဦးဘုရား"

"ပသမှုကတော့ စတုကနိပါတ်အဂ္ဂုတ္တိုရ်မှာ "မိမိ ကြိုးစားရရှိထားသော ပစ္စည်းများဖြင့် ဗလိငါးပါးပြုခြင်းကို စည်းစိမ်ရယူခြင်း အကြောင်းတစ်ရပ်" အဖြစ် ဟောတော်မူခဲ့တယ်"

"ပြီးတော့ ပဋ္ဌာနနိပါတ် အဂုံတ္တိုရ် မှာလည်း အမျိုးသားတို့ရဲ့တိုးတက်ကြီးပွားကြောင်း မဆုတ်ယုတ်ကြောင်း တရား ငါးပါး ဟောရာမှာ နတ်များကို ပူဇော်ပသခြင်းဟာ တစ်ပါးအနေနဲ့ ပါဝင်တယ်"

"ဒီတော့ နတ်များကို ပူဇော်ပသခြင်းကို လောကကြီးပွားရေးအတွက် တစ်ပါးတစ်ခုအနေဖြင့် ဘုရားရှင် ဖော်ပြရှိတာ ကတော့ သိသာတယ်မဟုတ်လား"

"မှန်ပါ၊ သိသာပါတယ်ဘုရား"

"အေး... အဲဒီလို အင်္ဂါတစ်ရပ်အနေ အစိတ်အပိုင်းတစ်ခုအနေလောက်ပဲ သဘောထားရမှာကို မိမိတို့ ကောင်းကျိုး ချမ်းသာ ရသမျှ နတ်မ.လို့၊ ဝိဇ္ဇာမ.လို့ ဆိုတော့ ကိုယ်ပြုထားတဲ့ ခုနက ဗလိငါးမျိုးအကျိုး ကုသိုလ်ကံရဲ့အကျိုး ကိုယ့်ရဲ့ကာယကံ လုံ့လ၊ ဝစီကံလုံ့လ၊ မနောကံလုံ့လ အကျိုးတွေ ပါသေးလား"

"မပါတော့ပါဘုရား"

"မပါတော့ မှားလား၊ မှန်လား"

"မှားပါတယ်ဘုရား"

"မှားရင် မိစ္ဆာဒိဋ္ဌိလား၊ သမ္မာဒိဋ္ဌိလား"

"မိစ္ဆာဒိဋ္ဌိပါဘုရား"

"မိစ္ဆာဒိဋ္ဌိဆိုတော့ ဗုဒ္ဓဘာသာတောင် ဟုတ်သေးရဲ့လား"

"မဟုတ်တော့ပါဘုရား"

"အင်း... လူက ဗုဒ္ဓဘာသာမဟုတ်တာက ကိစ္စမရှိဘူး၊ ဘုန်းကြီးက ဗုဒ္ဓဘာသာမဟုတ်တာက ခက်တယ်၊ အဲဒါ သာသနာကို အပြင်က မဖျက်နိုင်ဘူး၊ အတွင်းကမှ ဖျက်နိုင်တယ်ဆိုတာ အဲဒါပဲပေါ့"

"ကြောက်စရာကြီးပါလားဘုရား"

"ခုမှ ကြောက်စရာမှန်း သိသလား"

"မှန်ပါဘုရား၊ ခုမှပဲ ကြောက်စရာမှန်း သိပါတယ်"

"အင်း... ဦးပဉ္ဇင်းတို့ မြန်မာပြည်ဟာ ဟိုစောစောပိုင်း သာသနာပက နတ်ကိုးကွယ်တဲ့ဘဝကနေပြီး ရတနာသုံးပါး ကိုးကွယ်တဲ့ဘဝသို့မြင့်တက်လာရာမှ ယနေ့ပြန်ပြီးနတ်ကိုးကွယ်တဲ့ဆီသို့ပြန်လည်ညွှန်ပြနေတော့ သာသနာ ဆုတ်နေသလား၊ တက်နေသလား"

"ဆုတ်နေပါတယ်ဘုရား"

"အင်း... ဒါကြောင့် နတ်ကို မကိုးကွယ်သင့်ဘူးလို့မှတ်၊ ပသ.တော့ ပသ.သင့်တယ်နော်"

"ရှင်းပါဦးဘုရား"

"အဲဒီနတ်တွေကို သုံးဆယ့်တစ်ဘုံသား သတ္တဝါအနေနဲ့ သတိရစွာ အစာအာဟာရ စသည် ပေးကမ်း ပသ.ခြင်း၊ အမျှအတန်းဝေခြင်း စသည် ပြုရတာပေါ့၊ အဲဒါ ပသ.တာပေါ့"

"မှန်ပါဘုရား၊ ရှင်းပါပြီဘုရား"

"ယခုလောကမှာ ဆွေမျိုး၊ ညီ့သည် စတဲ့ လူများအချင်းချင်းကို ပေးကမ်းထောက်ပံ့လိုက်၊ ပသ.လိုက်လျှင် အဲဒီ မိမိ ပူဇော်.ပသ. ပေးကမ်းခံရသူက မိမိကို အခါခပ်သိမ်း မကူညီစေကာမူ သူတို့တတ်နိုင်တဲ့အခါ အကူအညီ မပေးဘူးလား"

"ပေးပါတယ်ဘုရား"

"အဲဒါ မ.စတာပေါ့၊ အဲဒီလိုပဲ နတ်များကလည်း အရာခါ်သိမ်း ဘယ်ပေးစွမ်းနိုင်မလဲ၊ သူတို့တတ်နိုင်တဲ့အရာကိုတော့ သူတို့က စောင့်ရှောက်တယ်၊ မ.စတယ်၊ ပေးစွမ်းတယ်ပေါ့၊ အဲဒါကိုက အားလုံးကောင်းကျိုး မှန်သမျှ နတ်မ.လို့ ဝိဇ္ဇာမ.လို့ အထက်ဆရာ မ.လို့ ဆိုတာ မမှားဘူးလား"

"မှားပါတယ်ဘုရား"

"တကယ်လို့သာ အားလုံးနတ်တွေ ဝိဇ္ဇာတွေ အထက်ဆရာတွေကသာ မ.တယ်ဆိုရင် ဘာမှ မလုပ်ဘဲ ပွဲတင်ပြီးထိုင်နေပါလား၊ ဘာဖြစ်လို့ အလုပ်လုပ်နေရသေးလဲ၊ သူတစ်ပါးထံ အကူအညီတောင်းနေရသေးလဲ"

"သဘောကျပါပြီဘုရား"

✧ မယွင်းမှန်လှ၊ ဤလောက၌၊ လုံ့လမမူ၊ နတ်မကူဘူး၊ လူလည်းလုံ့လ၊ နတ်လည်း မ.၏။ (မဃဒေဝ)

✧ မကြိုးမကုတ်၊ အားမထုတ်မူ၊ လူ မလုံ့လ၊ နတ် မမ.တည်း။ (မဃဒေဝ)

✧ သိကြားနတ်သျှင်၊ ကုသိုလ်ရှင်အား၊ မမြင်ရှောင်ကာ၊ မနေသာတည့်၊ မြင်ပါလျက်တဲ့၊ ကုသိုလ်မဲ့က၊ တိမ်းငဲ့မျက်နှာ၊ မရှုသာတည်း။ (မဃဒေဝ)

# လူမိုက်နဲ့ ပညာရှိကို ပညာနဲ့သတ်မှတ်ပါသလား

(၈၉)

အချိန်ကား ပူပြင်းလှသော နွေရာသီ၏ နေ့လယ်ခင်းချိန် ဖြစ်၏။ မိမိရောက်နေသည်မှာ မြို့ကြီးတစ်မြို့တွင် ဖြစ်၏။ တရားဟောရင်း အအေးပတ်ပြီး ဖျားရာမှ အဖျားပျောက်စ ဖြစ်၏။ အား.မရှိ၍ မှိန်းနေသည်။ ဟိုက သည်က လာမေးကြသည်။ အဖျားအနာ မေးသူများ ပြန်သွားသော် မိမိသည် မှိန်းမြဲ မှိန်းနေပြန်သည်။ ထိုစဉ် မိမိ ဖျားနာမှန်းမသိသူ ဒကာတစ်ယောက် ရောက်လာကာ လျှောက်ထား၏။

"ဆရာတော်ဘုရား၊ "လူမိုက်နဲ့ ပညာရှိကို ပညာနဲ့သတ်မှတ်ပါသလား" ဘုရား"

"ဒကာကြီးအမေးကို ဦးပဥ္စင်း နားမရှင်းဘူး၊ မေးလိုရင်းက ဘယ်လိုလဲ၊ ပညာမတတ်တဲ့သူကို လူမိုက်၊ ပညာတတ်သူကို ပညာရှိလို့ သတ်မှတ်ပါသလား၊ ဒီလိုလား၊ သို့မဟုတ်က ဘယ်လိုလဲ"

"မှန်ပါဘုရား၊ ဒီသဘောပါပဲ "ဘယ်လိုလူကို လူမိုက်၊ ဘယ်လိုလူကို ပညာရှိခေါ်သလဲဆိုတဲ့ သဘောပါဘုရား၊ တစ်နည်းပြောရရင် လူမိုက်နဲ့ ပညာရှိကို ပညာနဲ့ သတ်မှတ်ပါသလား၊ အကျင့်စာရိတ္တနဲ့ သတ်မှတ်ပါသလား" လို့ မေးလိုတဲ့ သဘောပါဘုရား"

"အင်း...ဟုတ်ပြီ အဲဒီအမေးဟာ ရှင်းတယ်၊ ဖြေလို့လည်း ကောင်းတယ်၊ ခုနက အမေးအားလုံးလည်း ခြုံငုံမိတယ်"

"ကဲ...ဒါဖြင့် ရှင်းပါဘုရား"

"ရှင်းဆိုရင် နှစ်ပိုင်းခွဲရှင်းမယ်၊ အကျဉ်းတစ်မျိုး၊ အကျယ်တစ်မျိုးပေါ့နော်"

"မှန်ပါ ဘုရား"

"အကျဉ်းရှင်းရရင် လူမိုက်နဲ့ပညာရှိကို ပညာနဲ့ မသတ်မှတ်ဘူး၊ အကျင့်စာရိတ္တနဲ့ သတ်မှတ်တယ်လို့ မှတ်ထားနော်"

"မှန်ပါ ဘုရား"

"အကျယ်ရှင်းရရင် လူမိုက်လို့ သိနိုင်တဲ့ အမှတ်အသားဟာ သုံးမျိုးရှိတယ်၊ ဘာတွေလည်းဆိုတော့ -

## လူမိုက်လက္ခဏာ

၁။ မကောင်းသောအလုပ်ကို လုပ်ခြင်း

၂။ မကောင်းသောစကားကို ပြောခြင်း

၃။ မကောင်းသောအကြံကို ကြံခြင်း လို့ အဲဒီအမှတ်အသား "လက္ခဏာ" သုံးပါးနဲ့ ပြည့်စုံတဲ့သူဟာ အမျိုးမြတ်သူပဲဖြစ်ဖြစ်၊ ပစ္စည်းကြွယ်ဝသူ သူဌေးသူကြွယ်ပဲဖြစ်ဖြစ်၊ အစိုးရသူ အရာရှိ အရာခံကြီးပဲဖြစ်ဖြစ် ဘယ်သူမဆို "လူမိုက် = ဗာလ" ပဲ ဒကာကြီး၊ ရှင်းရဲ့လား"

"ရှင်းပါတယ်ဘုရား"

"ရှင်းမှ ရှင်းတယ်ပြောနော်၊ မရှင်းဘဲနဲ့တော့ အားနာပါးနာနဲ့ ရှင်းပါတယ်လို့ မပြောပါနဲ့"

"အားနာရမယ့် ဆရာတော်တွေမှ မဟုတ်ဘဲဘုရား၊ မရှင်းဘဲ ရှင်းတယ်ပြောပါ့မလား၊ ရှင်းလို့ ရှင်းတယ်ပြောတာပါ"

"ကဲ . . . ဒါဖြင့် ဆက်ရှင်းကြဦးစို့၊ အဲဒီ ခုနက ပြောခဲ့တဲ့ အမှတ်အသားသုံးမျိုးနဲ့ ပြည့်စုံတဲ့သူတွေဟာ ဒီလောကမှာ -

၁။ ဘေးရန်အမျိုးမျိုး ကင်းရှင်းအေးချမ်းခြင်း

၂။ ဂုဏ်သတင်း ကျော်စောခြင်း

၃။ အများ ချစ်ခင်လေးစားခြင်း

၄။ ပရိသတ်၌ ရွှင်ရွှင်ကြီး ရဲရင့်ခြင်း စတဲ့ ကောင်းကျိုးမျိုးကို မရနိုင်တော့ဘူး ဒကာကြီး"

"မှန်ပါ ဘုရား"

"ဒီတော့ လူမိုက်အဖို့ မျက်မှောက်ဘဝ ခံစားရမယ့် ကောင်းကျိုးတွေ ပျက်မသွားဘူးလား"

"ပျက်သွားပါတယ်ဘုရား"

"ဘယ်သူဖျက်တာလဲ"

"လူမိုက်ဖာသာ လူမိုက်ဖျက်တာပါဘုရား"

"ပြီးတော့ အဲဒီလူမိုက်ဟာ အမျိုးမြတ်သူ၊ ပစ္စည်းချမ်းသာသူ၊ ရာထူးကြီးသူ စသည်ဖြင့် အထက်တန်းရောက်နေသူပင် ဖြစ်စေကာမူ တမလွန်ဘဝ နောက်လောကမှာတော့ လူ့ဘုံနတ်ဘုံခေါ်တဲ့ ကောင်းတဲ့ သုဂတိဘုံဘဝတွေမှာ ချမ်းသာအကျိုး မခံစားရတော့ဘူး ဒကာကြီး"

"မှန်ပါ ဘုရား"

"ဒီတော့ လူမိုက်အဖို့ တမလွန်ဘဝ ခံစားရမယ့် ကောင်းကျိုးတွေ ပျက်မသွားဘူးလား"

"ပျက်သွားပါတယ်ဘုရား"

"ဘယ်သူဖျက်တာလဲ"

"သူ့ဖာသာသူ ဖျက်တာပါဘုရား"

"ဒီတော့ လူမိုက်မှာ မျက်မှောက်အကျိုး တမလွန်အကျိုး နှစ်မျိုးလုံး ပျက်မသွားဘူးလား"

"ပျက်သွားပါတယ်ဘုရား"

"ဒါ့ကြောင့် မျက်မှောက် တမလွန်အကျိုး နှစ်မျိုးလုံးကို ဖြတ်တောက်တတ်သူလို့ လူမိုက်ဗာလရဲ့အနက်ကို ဖွင့်ကြတယ်၊ လူမိုက်ဆိုတာ . . ."

"ရှင်းပါဦးဘုရား"

"ရှင်းပါဦးဆိုတော့ -

"ဒွေ အတ္ထေ လုနန္တိတိ ဗာလာ"

ဒွေ အတ္ထေ = မျက်မှောက်ဘဝ တမလွန် အကျိုးနှစ်မျိုးတို့ကို၊ လုနန္တိ = ဖြတ်တောက်တတ်ကုန်၏၊ ဣတိ = ထို့ကြောင့်၊ ဗာလာ = ဟလမည်ကုန်၏ လို့ပဲ ရှင်းရမှာပေါ့၊ ကဲ ရှင်းလား"

"ရှင်းပါတယ်ဘုရား"

"ကဲ ... ဆက်ရှင်းကြဦးစို့၊ ဆက်ရှင်းတော့ ခုနကပြောခဲ့တဲ့ အမှတ်အသားသုံးမျိုးနဲ့ ပြည့်စုံတဲ့သူဟာ ဒီဘဝမှာပဲ -

၁။ အပြစ်ဒဏ် ခံရခြင်း

၂။ ဘေးရန် များခြင်း

၃။ ဂုဏ်သိမ် မဲ့ခြင်း

၄။ လူကဲ့ရဲ့ခံရခြင်း

စတဲ့ မကောင်းကျိုးတွေ အကျိုးမဲ့တွေသာ ရတတ်တယ်နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ တမလွန်ဘဝမှာ နောက်လောကမှာ လူမိုက်တို့ရဲ့ သွားရာလမ်းဟာ အပါယ်လေးပါးသို့သာ တန်းရောက်ရတော့တယ် ဒကာကြီး"

"မှန်ပါ ဘုရား"

"ဒီတော့ လူမိုက်ဟာ မျက်မှောက်၊ တမလွန် အကျိုးမဲ့နှစ်မျိုးကို ရယူတတ်သူ ဖြစ်မသွားဘူးလား"

"ဖြစ်သွားပါတယ်ဘုရား"

"ဒါကြောင့် ပါဠိလို ဖွင့်တာပေါ့"

"ဘယ်လိုပါလဲ ဘုရား"

"ဒွေ အနတ္ထေ လာန္တိတိဗာလာ"

ဒွေ အနတ္ထေ = မျက်မှောက် တမလွန် အကျိုးမဲ့နှစ်မျိုးတို့ကို၊ လာန္တိ = ယူတတ်ကုန်၏၊ ဣတိ = ထို့ကြောင့်၊ ဗာလာ = ဗာလမည်ကုန်၏ လို့ ဖွင့်တယ်၊ ရှင်းလား"

"ရှင်းပါတယ်ဘုရား"

"အဲဒီလိုလူမျိုးမှာ ပညာတွေ ဘယ်မျှလောက် တတ်စေဦးတော့ ပညာအရ သိထားတဲ့ ကောင်း.မကောင်း၊ ဟုတ်.မဟုတ် မှန်.မမှန် လိုက်နာရှောင်ကြဉ်ခြင်း မရှိဘဲ တလွဲကျင့်တဲ့လူ ဖြစ်လို့ ပညာဖြင့် အသက်ရှင်နေသူ မဟုတ်ဘူးတဲ့"

"တယ်ဆိုပါလားဘုရား"

"ဆိုတာပေါ့၊ ကဲ ... ဆက်နားထောင်ဦး"

"မှန်ပါ၊ အမိန့်ရှိပါဦးဘုရား"

"အဲဒီလိုလူမျိုးကို အသက်ရှူရုံမျှဖြင့် အသက်ရှင်နေသူလို့လည်း အနက်ဖွင့်ဆိုရပြန်တယ် ဒကာကြီးရဲ့"

"မှန်ပါ ဘုရား"

"ပါဠိလိုကတော့ -

"ဖာလန္တိတိ ဖာလာ" ဖာလန္တိ = ပညာမပါ အသက်ရှူရုံမျှ အသက်ရှင်နေကြကုန်၏၊ ဣတိ = ထို့ကြောင့်၊ ဖာလာ = ဖာလမည်ကုန်၏တဲ့ ရှင်းလား"

"ရှင်းပါတယ်ဘုရား"

"ကဲ… ရှင်းရင် ဖာလသဘော နိဂုံးသတ်ပြီး ပညာရှိရဲ့သဘောကို ရှင်းကြစို့၊ ပညာရှိဆိုတာဟာ -

## လူလိမ္မာဆိုတာ

၁။ ကောင်းသောအလုပ်ကို လုပ်ခြင်း

၂။ ကောင်းသောစကားကို ပြောခြင်း

၃။ ကောင်းသောအကြံကို ကြံခြင်း ရယ်လို့ အဲဒီ "အမှတ်အသား လက္ခဏာ" သုံးပါးနဲ့ ပြည့်စုံတဲ့သူဟာ အမျိုးယုတ်သူပဲ ဖြစ်ဖြစ်၊ ပစ္စည်းမွဲသူပဲ ဖြစ်ဖြစ်၊ ရာထူးရာခံ မရှိသူပဲ ဖြစ်ဖြစ် ဘယ်သူမဆို "ပညာရှိပဏ္ဍိတ" ပဲ ဒကာကြီးရဲ့ ရှင်းရဲ့လား"

"ရှင်းပါတယ်ဘုရား"

"ဒကာကြီးမေးတိုင်း ရှင်းတာချည်းပဲ မရှင်းတာ မရှိဘူး၊ ဖြေရတာတောင် အားမရှိဘူး"

"ဘာဖြစ်လို့လဲ ဘုရား"

"မြှောက်ပေးသလို ဖြစ်နေတာကိုး ဒကာကြီးရဲ့"

"အို… ဘုရားတပည့်တော်မှာ ဒီလိုသဘော မပါပါဘူးဘုရား"

"ဒါဖြင့် ဘယ်လိုသဘောပါသလဲ"

"တကယ့်ကို ရှင်းသွားလို့ ရှင်းတယ်လို့ ဖြေတဲ့သဘောရိုး. မနောရိုးနဲ့ ပြောတဲ့သဘောပါပဲဘုရား"

"ကဲ… ဒါဖြင့် ဆက်ရှင်းကြဦးစို့နော်"

" "မှန်ပါ၊ ရှင်းပါ ဘုရား"

"ခုနက ပြောခဲ့တဲ့ "အမှတ်အသား လက္ခဏာ" သုံးပါး ထင်ရှားနေသူဟာ ဒီလောကမှာ -

၁။ ဘေးရန်အမျိုးမျိုး ကင်းရှင်းအေးချမ်းခြင်း

၂။ ဂုဏ်သတင်း ကျော်စောခြင်း

၃။ ပရိသတ်၌ ရွံ့စိုးကင်းခြင်း၊ ရဲရင့်ခြင်းစတဲ့ ကောင်းကျိုးတွေ ရနိုင်တယ်ဒကာကြီး"

"မှန်ပါ ဘုရား"

"ဒီတော့ ပညာရှိအဖို့ မျက်မှောက်ဘဝ ခံစားရမယ့် ကောင်းကျိုးတွေ ရတယ်မဟုတ်လား"

"ရပါတယ်ဘုရား"

"ဘယ်သူက ရအောင်လုပ်ပေးတာလဲ၊ နတ်. သိကြား. အထက်ဆရာ. ဝိဇ္ဇာတွေက လုပ်ပေးတာလား"

"မဟုတ်ပါဘုရား၊ သူ့ဘာသာသူ ရအောင်လုပ်တာပါဘုရား"

"အေး… အဲဒီလို သိမှပေါ့၊ အဲဒီလို သိတာသည်ပင်လျှင် ပညာရှိပဲ ဒကာကြီးရဲ့"

"အရှင်ဘုရားကလဲ"

"ဘာ အရှင်ဘုရားကလဲလဲ၊ မြောက်တာ ထင်လို့လား၊ ဦးပဉ္စင်းတို့က အမှန်ပြောလွန်းလို့ တရားနာပရိသတ်တွေက တယ်ပြီး မကြိုက်ချင်ဘူး"

"အို ... မဟုတ်တာဘုရား"

"မဟုတ်တာဘုရား လုပ်မနေနဲ့၊ ဒီခေတ်က မဟုတ်တာမှ အဟုတ်ထင်တဲ့ခေတ် ဒကာကြီးရ"

"ဟုတ်ပါတယ်ဘုရား၊ ဟုတ်ပါတယ်"

"အင်း ... ခုနကတော့ မဟုတ်တာတဲ့၊ ခုတော့ ဟုတ်ပါတယ်တဲ့၊ ဦးပဉ္စင်းက ဘာဆက်ပြောမလဲ"

"ဟုတ်ပါတယ်ပဲ ဆက်ပြောပါဘုရား"

"ဟောတော့ ဝိပဿနာတဲ့၊ ဟောပုံက သံတို သံရှည်ဆွဲပြီး အညှာအခရာ. အတာ တွေနဲ့ ဟောတယ်၊ အားလုံးတော့ တရားတဲ့၊ အဲဒီတရားမျိုးမှ ကြိုက်တယ်တဲ့ ကောင်းသေးလား"

"မကောင်းတော့ပါဘုရား"

"ကဲ ... အဲဒါထားဦး၊ ခုနက ပညာရှိသဘောရှင်းတာ ဘယ်ပေါင်ရောက်သွားလဲ မသိဘူး"

"မျက်မှောက်ကျိုးရပုံ ရှင်းပြီးသွားပါပြီဘုရား"

"အင်း...ဟုတ်ပြီ၊ပြီးတော့ အဲဒီပညာရှိဟာ အမျိုးယုတ်သူ၊ ပစ္စည်းမဲ့သူ၊ ရာထူးမရှိသူ စသည်ဖြင့် ဒေါက်ကန်းရောက် နေသူပင် ဖြစ်စေကာမူ တမလွန်ဘဝ နောက်လောကမှာတော့ လူ့ဘုံနတ်ဘုံခေါ်တဲ့ ကောင်းတဲ့ သုဂတိဘုံဘဝတွေမှာ ချမ်းသာ အကျိုးတွေ ခံစားရမယ်ဒကာကြီး"

"မှန်ပါ ဘုရား"

"ဒီတော့ ပညာရှိအဖို့ ဒီဘဝအကျိုး၊ နောင်ဘဝအကျိုး နှစ်မျိုးလုံးကို မရဘူးလား၊ ရသလား"

"ရပါတယ်ဘုရား"

"အင်း ... အဲဒီလို ဒီဘဝ၊ နောက်ဘဝ အကျိုးနှစ်မျိုးလုံးကို ရယူတတ်လို့ "ပညာရှိပဏ္ဍိတ" လို့ ခေါ်ရတယ် ဒကာကြီး"

"မှန်ပါ ဘုရား"

"စာပေနဲ့ တစ်ခြားအတတ် အမျိုးမျိုးကို တတ်မြောက်သူကို တစ်နည်းတစ်လမ်းအရ "ပညာရှိပဏ္ဍိတ" လို့ ခေါ်ဆိုကြ သော်လည်း ထိုသူမှာ ခုနကပြောခဲ့တဲ့ လက္ခဏာသုံးပါး မရှိရင် "ပဏ္ဍိတာနုဋ္ဌသေဝနာ" အရ ပဏ္ဍိတလို့ မဆိုအပ်ဘူး ဒကာကြီး"

"မှန်ပါ ဘုရား"

"စာပေ အတတ်ပညာ ထူးခြားစွာ မတတ်သော်လည်း ကောင်း.မကောင်း သိနားလည်ပြီး၊ သိနားလည်သည့်အတိုင်း ကျင့်ကြံတဲ့ လူလိမ္မာ သူတော်ကောင်းကိုသာ ပဏ္ဍိတလို့ ဆိုလိုတယ် ဒကာကြီး"

"မှန်ပါ ဘုရား"

"တကယ်လို့ အတတ်ပညာနဲ့လည်း ပြည့်စုံမယ်၊ အကျင့်လည်း ကောင်းမယ်ဆိုရင် အဲဒီလူဟာ ပဏ္ဍိတအရ အပြည့် ဝဆုံး အနက်ကို ဆောင်လျက်ရှိရာ တကယ့်အားကိုးမှီခိုထိုက်တဲ့ ပုဂ္ဂိုလ်ပေါ့နော်"

"မှန်ပါ ဘုရား"

"အဲ ... ယခုပြောဆိုပြီးခဲ့တဲ့ သဘာဝများအရ ပဏ္ဍိတပညာရှိကို မျက်မှောက် တမလွန် အကျိုးနှစ်ပါးမှာ ဉာဏ်အသွား နဲ့ သွားနေတတ်သူလို့ အနက်ဖွင့်ဆိုကြတယ် ဒကာကြီး"

"ဖွင့်ပြပါဦးဘုရား"

"ပဏ္ဍန္တိတိ ပဏ္ဍိတာ" ပဏ္ဍန္တိ = အကျိုးနစ်ပါး၌ ဉာဏ်အသွားဖြင့် သွားတတ်,ရောက်တတ်ကုန်၏၊ ဣတိ = ထို့ကြောင့်၊ ပဏ္ဍိတာ = ပဏ္ဍိတမည်ကုန်၏ တဲ့ ဒကာကြီး"

"မှန်ပါ ဘုရား"

"အကျိုးနစ်ပါး သိနားလည်တဲ့ ဉာဏ်အစဉ်ရှိနေသူဖြစ်ရာ ကောင်းစွာဖြစ်တဲ့ ဉာဏ်ရှိသူလို့လည်း ဖွင့်ကြပြန်တယ် ဒကာကြီးရဲ့"

"ရှင်းပါဦးဘုရား"

"သဏ္ဍာတာ ပဏ္ဍာ ဧတေသန္တိ ပဏ္ဍိတာ" ဧတေသံ = ထိုပုဂ္ဂိုလ်တို့အား၊ သဏ္ဍာတာ = ကောင်းစွာဖြစ်သော၊ ပဏ္ဍာ = ပညာသည်၊ အတ္ထိ = ရှိ၏၊ ဣတိ = ထို့ကြောင့် ပဏ္ဍိတာ = ပဏ္ဍိတမည်ကုန်၏ တဲ့၊ ကဲ . . . အဲဒါဟာ လူမိုက်နဲ့ ပညာရှိသဘောပဲ ရှင်းလား"

"ရှင်းပါတယ်ဘုရား"

"ကဲ . . . ဒါဖြင့် ပေါင်းထိုက် မပေါင်းထိုက် ဆက်ပြီး ရှင်းကြဦးစို့နော်"

"မှန်ပါ၊ ရှင်းပါ ဘုရား"

"လောကမှာ ဖြစ်ပေါ်နေတဲ့ ဘေးရန်အန္တရာယ်များဟာ လူမိုက် ဗာလများကြောင့်သာ ဖြစ်တာတဲ့၊ ပဏ္ဍိတ ပညာရှိကြောင့်ဖြစ်တာမဟုတ်ဘူးလို့ ဘုရားဟောတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒါကြောင့် အများဆင်းရဲရေး ဘေးအန္တရာယ်ကို ဖန်တီးတတ်သူ လူမိုက်ဟာ ကြောက်လန့်ဖွယ်ပုဂ္ဂိုလ် မဟုတ်ဘူးလား"

"မှန်ပါ၊ ကြောက်လန့်ဖွယ်ပါဘုရား"

"အဲဒီလို ပုဂ္ဂိုလ်မျိုး ပေါင်းထိုက်ရဲ့လား"

"မပေါင်းထိုက်ပါ ဘုရား"

"အများချမ်းသာ ကောင်းစားရေးကိုသာ ပြုတတ်တဲ့ သူတော်ကောင်းများဟာ ချစ်မြတ်နိုးဖွယ်ရာ ဖြစ်ရတယ်နော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် နီတိဆရာများက "ပညာဖြင့် တန်ဆာဆင်ထားစေကာမူ လူမိုက် လူယုတ်မာကို ရှောင်ရမယ်" တဲ့နော်"

"မှန်ပါ ဘုရား"

"ပတ္တမြားလည်ဆွဲ ဆင်ထားတဲ့ မြွေဟာ အန္တရာယ်မပြုတတ်ဘဲ ရှိပါ့မလားတဲ့၊ ကဲ . . . မမှန်လားဒကာကြီး"

"မှန်ပါတယ် ဘုရား"

"မီးလောင်တဲ့အိမ်က မီးဟာ အိမ်ကိုလည်းလောင် အိမ်ကို မှီနေတဲ့ လူများကိုလည်း လောင်တတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အင်း . . . အဲဒီဥပမာလိုပဲ လူမိုက်ဗာလဟာ မိမိရဲ့အယူမှားအပြုမှားတို့ဖြင့် မိမိကိုလည်း ဖျက်ဆီး, မိမိစကားလိုက်နာသူတို့အားလည်း ပျက်စီးဆုံးရှုံးစေတတ်တယ်တဲ့နော်"

"မှန်ပါ ဘုရား"

"ဒီတော့ လူမိုက်ကို ပေါင်းသင့်ရဲ့လား"

"မပေါင်းသင့်ပါဘုရား"

"ဘေးရန်ဖြစ်လာတဲ့အခါ အကွယ်အကာ အစောင့်အရှောက်ကောင်းကဲ့သို့လည်းကောင်း၊ အမိုက်မှောင်၌ အမြင်ကို ရစေတတ်သော ဆီမီးကဲ့သို့လည်းကောင်း၊ မှန်ကန်သင့်မြတ်တဲ့ အပြုအမူ အယူအဆရှိသူ ပညာရှိများဟာ မိမိကိုလည်းကောင်း၊ မိမိအား မှီခိုသူများကိုလည်းကောင်း ဘေးအန္တရာယ် ကင်းစေတတ် ချမ်းသာစေတတ်တယ်တဲ့"

"မှန်ပါ ဘုရား"

"ဒီတော့ ပညာရှိကို မမှီဝဲသင့်ဘူးလား"

"မှီဝဲသင့်ပါတယ်ဘုရား"

"ဒါကြောင့် မိမိထက်သာသူနှင့် တန်းတူရွယ်တူ ပုဂ္ဂိုလ်များကို မရနိုင်ရင် တစ်ယောက်တည်းပဲ ကျင့်ရမယ်တဲ့"

"မှန်ပါ ဘုရား"

"ဘာဖြစ်လို့လည်းဆိုတော့ သူမိုက်မှာ သဟာယဖြစ်ကြောင်း ကောင်းသောဂုဏ်များ မရှိလို့တဲ့"

"မှန်ပါ ဘုရား"

"သတ္တဝါများဟာ ဓာတ်တူချင်းချင်းသာ နီးနှောညီညွတ်ကြရသည်လို့ ဓာတုသံယုတ်ပါဠိတော်မှာ ဘုရားရှင် ဟောတော်မူခဲ့တယ်"

"အမိန့်ရှိပါဦးဘုရား"

"သဒ္ဓါမရှိသူဟာ သဒ္ဓါမရှိသူချင်းချင်း နီးနှောညီညွတ်ကြတယ်၊ ပေါင်းသင်းကြတယ်"

"မှန်ပါ ဘုရား"

"အဲဒီအတူပဲ ပညာမဲ့သူဟာ ပညာမဲ့သူအချင်းချင်း၊ ပညာရှိသူဟာ ပညာရှိသူအချင်းချင်း၊ ပျင်းသူဟာ ပျင်းသူအချင်းချင်း၊ လုံ့လရှိသူဟာ လုံ့လရှိသူအချင်းချင်း၊ မရှက်သူ မလန့်သူဟာ မရှက်သူ မလန့်သူအချင်းချင်းသာ အပေါင်းအသင်းပြုမိ၊ နီးနှောညီညွတ်မိလျက် ရှိကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အင်း... အဲဒါကြောင့် "ဓာတု - ဓာတ်" ဆိုတာ အလိုအကြိုက်အတွင်းဓာတ်ခံ စိတ်ထားပဲလို့ မှတ်ထားနော်"

"မှန်ပါ ဘုရား"

"အဲဒီဓာတ်ဟာ ကူးစက်တတ်တဲ့ သဘောရှိ၍ တစ်ဦးနဲ့တစ်ဦး နီးနှောမိရန် ဖန်တီးတတ်တဲ့ အခြေခံ သဘာဝမျိုးပင် ဖြစ်ရာ အဲဒါကို အလိုသဘောလို့လည်း ခေါ်တယ်လို့ မှတ်ထား"

"မှန်ပါ ဘုရား"

"ရှင်သာရိပုတ္တရာက ပညာကြီးတော့ ရှင်သာရိပုတ္တရာရဲ့တပည့်အားလုံးဟာ ပညာကြီးကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ရှင်မဟာမောဂ္ဂလာန်က တန်ခိုးကြီးတော့ အရှင်ရဲ့တပည့်အားလုံးဟာ တန်ခိုးမကြီးဘူးလား"

"ကြီးပါတယ်ဘုရား"

"အဲဒီအတူပဲ အကောင်းဘက်မှာ ဓာတ်တူအချင်းချင်း ပေါင်းစပ်မိသကဲ့သို့ မကောင်းတဲ့ဘက်မှာလည်း ရှင်ဒေဝဒတ်ရဲ့တပည့်အားလုံးဟာ အလိုဆိုးရှိတွေချည်း ဖြစ်ကြတယ်မဟုတ်လား"

"မှန်ပါ၊ ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ဓာတ်တွေဟာ ကူးစက်တတ်၊ နီးနှောမိတတ်သောကြောင့် လူတော် လူကောင်းဖြစ်ရေးမှာ အပေါင်းအသင်း အရေးမကြီးဘူးလား"

"အရေးကြီးပါတယ်ဘုရား"

"ဒီတော့ မတတ်သာလို့ မိမိုက်. ဘမိုက်. ဆရာမိုက်တွေနဲ့ ဆုံနေရသည်ဖြစ်စေ၊ လူမိုက်တွေနဲ့ ပေါင်းသင်းနေရသည် ဖြစ်စေ ဓာတ်မကူးအောင် အထူးသတိထားသင့်တယ်နော်"

"မှန်ပါ ဘုရား"

"အကောင်းဓာတ်ဟာ အကူးအစက် နှေးတတ်သော်လည်း မကောင်းဓာတ်ဟာ အကူးအစက် မြန်တတ်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒါကြောင့် ဘုရားရှင်က -

"ယုတ်ညံ့သူကို ပေါင်းရင် မိမိမှာ ယုတ်ညံ့သူ ဖြစ်ရတယ်၊ တန်းတူသူကို ပေါင်းရင် မဆုတ်ယုတ်၊ အဆင့်အတန်း မြင့်သူကို ပေါင်းရင် လျင်မြန်စွာ တိုးတက်မြင့်မားလာတယ်"

လို့ ဟောတော်မူတယ် ဒကာကြီး၊ မှတ်ထားနော်"

"မှန်ပါ မှတ်ထားပါမယ်ဘုရား"

"ကဲ ... ဒီလောက်ဆိုရင် ဒကာကြီးသိချင်တဲ့ ပြဿနာ မပြေလည်သေးဘူးလား"

"ပြေလည်သည်ထက်တောင် ပိုပါတယ်ဘုရား"

"ဒါဖြင့် တော်ကြဦးစို့"

"မှန်ပါ ဘုရား"

✧ လူမိုက်ဆိုလျှင်၊ အမြဲပင်၊ ရှောင်ကြဉ်ကြနိုင်စေ။
✧ ပညာရှိအား၊ လူအများ၊ လိုလားပေါင်းနိုင်စေ။
✧ လူမိုက်တို့အား၊ ကြဉ်ရှောင်ရား၊ ဘေးများကင်းနိုင်စေ။
✧ ပညာရှိအား၊ ပေါင်းသင်းငြား၊ ကျိုးများနိုင်ပါစေ။

# ပူပန်စိတ် မဖြစ်ဘူးလား

(၉၀)

နွေရာသီနေ့ တစ်နေ့ ဖြစ်၏။

အပြင်အပ ဥတုကလည်း ပူလှသည်။ သံသရာခရီးသွားဖြစ်သော မိမိသည် ထိုနွေရာသီ အပူထန်သော ထိုနေ့တစ်နေ့တွင် မီးရထားနှင့် ခရီးသွားခဲ့ရ၏။ မီးရထားကား အထက်တန်းတွဲပင်၊ လူကလည်း ကြပ်လှ၏။ ၎ိုတတ်သော ကလေးငယ် ပါလာသဖြင့် တအီအီနှင့် နားလည်းမသက်သာ၊ ဤအထဲတွင် အလိုက်မသိ ထင်ရာမြင်ရာ ပြောတတ်သူများ ပါလာပြန်ရကား သာ၍ ခက်တော့၏။ ထိုထက် ခက်သည်ကား အပေါ့အလေး သွားစရာ လမ်းပင် မရှိတော့၍ ခက်ရသည့်အခက်ကား အခက်ဆုံးဖြစ်တော့၏။

မိမိသည် ယင်းဒုက္ခ ဖြေရှင်းနိုင်ရေးအတွက်သာ မျှော်လင့်ရတော့၏။ သို့သော် ရထားကား တစ်ခါရပ်သော် မထွက်နိုင်၊ ထွက်သော်လည်း တလှုပ်လှုပ်နှင့် မရောက်နိုင်ခဲ့၊ ရောက်ကား...ရောက်၏။ အချိန်နောက်ကျသည်။ ရောက်သော် ဒုက္ခကင်းဝေးပြီဟု ဝမ်းသာရ၏။ သို့သော် အချိန်မမှန်သော ရထားကို ကြိုဆိုသူများ၏ ဒုက္ခကို မြင်ရသဖြင့် မသက်မသာနှင့်ပင် တည်းခိုရာ ကျောင်းသို့ သွားရတော့၏။ ကျောင်း ရောက်ရောက်ခြင်းပင် ဆရာတော်က စာတစ်စောင်ပေး၏။

"ပညာဇောတ ဟောဒီမှာ မင်းအတွက် စာတစ်စောင်ကို (...)ရိပ်သာဆရာတော်ကိုယ်တိုင် လာပေးသွားတယ်၊ မင်းနဲ့တွေ့ချင်လို့တဲ့၊ ကိုယ်တိုင်လာတယ်၊ မတွေ့ရလို့ ဒီစာကိုပဲ ပေးခဲ့တယ်"

ဆရာတော်သည် ယင်းသို့ ပြောပြောဆိုဆိုပင် မိမိအား စာတစ်စောင် လှမ်းပေးသည်။ လိပ်စာရှင်ကို မိမိ မသိပါလေ၊ သို့နှင့် မိမိက မေးသည်။

"တပည့်တော်နှင့် ဒီ (...)ရိပ်သာဆရာတော်နှင့်လည်း မသိဘဲနဲ့ ဘာကိစ္စအတွက် ဘာစာတွေ ရေးပေးလည်း မသိဘူး"

"ဖတ်ကြည့်ပေါ့၊ ဖတ်ကြည့်ရင်သိမှာပေါ့"

"အင်းပေါ့၊ ဖတ်တော့ ဖတ်ကြည့်ရမှာပေါ့၊ ကိုယ့်လက်ထဲ ရောက်နေမှပဲဟာ"

"ကဲ...ဖတ်စမ်းပါဦး"

သို့

စေတဒ် - အရှင်ပညာဇောတ

ဝိသိဋ္ဌ ဒီယဘာဏက

၁၃၃၈ ခု ပြာသိုလဆန်း ၁၅ ရက်။

လျှောက်ထားပါတယ် ဦးပဥ္စင်းဘုရား၊ ဦးပဥ္စင်းရဲ့ဗုဒ္ဓဓမ္မပြဿနာများ (၁)ကို ဖတ်ရပါတယ် ဘုရား။

အမှတ်(၇)စာမျက်နှာ(၅၁)"မတောနေမှတရားရမှာလားဘုရား"ဆောင်းပါးအရဦးပဥ္စင်းရဲ့"တောရကျောင်းနေ စိတ်ဓာတ်ကို"သဘောကျပါတယ်ဘုရား။

အမှတ် (၁၅) စာမျက်နှာ (၁၀၄) "ပါးစပ်လှုပ်ရုံနဲ့ အမြတ်ဆုံးကုသိုလ်ရတာ"ဆောင်းပါးနဲ့ ...အမှတ် (၂၃) စာမျက်နှာ (၁၅၇) "ငါ့ကြည့်နေ" ဆောင်းပါးအရ...ဦးပဥ္စင်းရဲ့ထေရ်ကြီးဝါကြီး ဆရာတော်ဘုရားကြီးများကို ဆည်းကပ်လိုတဲ့စိတ်ဓာတ်ကို အလွန်အားရပါတယ်ဘုရား။

အမှတ် (၄၆) စာမျက်နှာ (၃၄၇) "ရဟန္တာလေးပေါတဲ့တရား နာခဲ့တယ်"ဆောင်းပါးအရ ဦးပဥ္စင်းရဲ့ ဥဇုပ္ပဋိပန္နဂုဏ်ကို အလွန်ပဲ အားရပါတယ်ဘုရား။

နိဒါန်း စာမျက်နှာ (၁၀) အရဦးပဥ္စင်း သတိပြုမိပုံကိုလည်း သဘောကျပါတယ်ဘုရား။

အမှတ်(၃၅)စာမျက်နှာ(၂၅၂)"အိမ်မှာထားရမှာ ရှက်လို့တဲ့"ဆောင်းပါးနဲ့အမှတ်(၃၉)စာမျက်နှာ(၂၇၉) "ဟေ...လာကြ၊ လာကြ"ဆောင်းပါးကြောင့် ဦးပဥ္စင်းမှာ ပူပန်စိတ် မဖြစ်ဘူးလားဘုရား။ ဖြစ်ရင် ပူပန်စိတ်ငြိမ်းအောင် လုပ်ပြီးပြီလားဘုရား။

ကျန်းမာချမ်းသာပါစေဘုရား၊

(.........)နာယက ကမ္မဋ္ဌာနာစရိယ၊

(......)ရိပ်သာ (......)ရပ်၊

(......)မြို့။

"စာက ဒါပဲလား"

ကျောင်းဆရာတော်က မိမိစာဖတ်သံကို နားထောင်နေရာ စာဖတ်သံဆုံးသော် လှမ်းမေးခြင်း ဖြစ်၏။

"တင်ပါဘုရား၊ ရှေ့မှာတော့ ဒါပါပဲ"

"ရှေ့မှာတော့ ဒါပါပဲဆိုတော့ နောက်မှာ ဘာပါသေးလဲ"

ထိုစဉ် မိမိသည် စာမျက်နှာ နောက်ကျောကို ပြန်လှန်ကြည့်လိုက်မိသည်။

"ဩော် ...နောက်မှာတော့ မှာထားချက်ကလေးတွေ ပါတယ်ဘုရား"

"ဘယ်လိုမှာထားချက်လဲ ဖတ်ပြစမ်းပါဦး"

"မှာထားချက်ပါ ဘုရား၊ တပို့တွဲလထဲမှာ တပည့်တော်ထံ စာပေးချင်ရင် အောက်ပါလိပ်စာအတိုင်း ပေးက ရောက်နိုင်ပါတယ်ဘုရား၊ တန်ခူးလပြည့်ကျော်မှ (...) သို့ ပြန်ရောက်ပါမယ်ဘုရား"

"လိပ်စာကော ပါရဲ့လား"

"ပါပါတယ်ဘုရား"

"အေး…ငါ့လည်း ပြောသွားတယ်၊ အဲဒါ မင်းစာထည့်မလား"

"ဘယ်ထည့်နိုင်မလဲဘုရား၊ တပည့်တော်လည်း ဦးပဥ္စင်းသိတဲ့အတိုင်းပဲ တရားဟောသွားဆဲပဲဟာ အားမှ မအားဘဲ၊ ဘယ်စာပြန်နိုင်ပါ့မလဲ၊ အားတော့ ဗုဒ္ဓဓမ္မပြဿနာ (၃)ထဲမှ စာပြန်လိုက်မယ်၊ ဒီအတိုင်း သူ့ထံစာပြန်ရင် ဒီစာဟာ ပျောက်သွားမှာပေါ့"

"သူက ဒီအတိုင်း အလွတ်စာပြန်စေချင်လို့ လိပ်စာပေးခဲ့တာဟာ ဒီအတိုင်းပဲ အလွတ်စာပြန်ပါလား"

"ဒါကတော့ အလဟဿဖြစ်မှာလည်း စိုးတယ်၊ အားလည်း မအားလို့ပါ"

"ဒါဖြင့် ဗုဒ္ဓဓမ္မပြဿနာများ (၃)ထဲမှာ ဘယ်လိုထည့်မလဲ"

"အဲဒီကျတော့ ကြည့်ပေါ့ဘုရား"

ကပ်လှူရန်

ဦး (……)

(……)ရိပ်သာ

(……)ရပ် (……)မြို့

ပြန်ကြားလျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား၊ ဆရာတော်ဘုရားထံမှ စာကို (……) ဆရာတော်ထံမှ တစ်ဆင့်ရ၍ အကြောင်းအရာကို ဖတ်ရှုသိရှိရပါသည်ဘုရား။

ဆရာတော်ဘုရားရဲ့စာပါ "ပူပန်စိတ် မဖြစ်ဘူးလား" ဖြစ်ရင် ပူပန်စိတ်ငြိမ်းအောင် လုပ်ပြီးပြီလားဘုရား" ဆိုတဲ့ အမေးအရ တပည့်တော် ဖြေရရင် နှစ်မျိုးဖြေရပါမယ်ဘုရား။

"ဘယ်လိုနှစ်မျိုးလည်း ဆိုတော့ "ဂေဟသိတဒေါသနဲ့ ပူခြင်း" နှင့် "နေက္ခမ္မသိတဒေါသနဲ့ ပူခြင်း" လို့ ပူခြင်းနှစ်မျိုး ရှိပါတယ်ဘုရား။

ယင်းနှစ်မျိုးတွင် တပည့်တော်သည် ဂေဟသိတဒေါသနဲ့ မပူပန်မိပါဘုရား၊ အဘယ်ကြောင့်ဆိုသော် တပည့်တော် ယင်းဆောင်းပါးများရေးစဉ်ကလည်း တကယ့်အဖြစ်အပျက် အပြောအဆိုတွေကို ရေးထားတာဖြစ်ခြင်းကြောင့် ဂေဟသိတ မဖြစ်ခြင်းပါဘုရား။

ရေးစဉ်က "ဒီလို အဖြစ်အပျက်မျိုးတွေဟာ သာမန်ဓမ္မကထိကတွေဆီကသာ ပေါ်သင့်တယ်၊ ဝိပဿနာဓမ္မကထိက၊ ရိပ်သာဓမ္မကထိကတွေဆီက မပေါ်သင့်ဘူး၊ ရေးကို ဒီထက်ဒီ ဆိုးလာရင် သာသနာတော်အတွက် ခက်ရချည်ရဲ့" လို့ သာသနာတော်အတွက် ပူပန်တဲ့ နေက္ခမ္မသိတဒေါသဖြစ်ခဲ့၍ ယင်းကို မကားဆီးနိုင်သဖြင့် ရေးလိုက်ခြင်း ဖြစ်ပါသည်ဘုရား။

သို့ဖြစ်၍ တပည့်တော်မှာ ယင်းဆောင်းပါးနှင့် ပတ်သက်၍ နေက္ခမ္မသိတဒေါသနဲ့ ပူပန်မှုဖြစ်ခဲ့ပါတယ်ဘုရား၊ ယင်းပူပန်မှုဟာ သက္ကပဥှသုတ်ပါဠိတော်အရ မှီဝဲသင့်တဲ့ ပူပန်မှုမို့ ငြိမ်းအောင်မလုပ်ခဲ့ပါဘုရား။

ယခုလည်း ယင်းအဖြစ်အပျက် ပြဿနာမျိုးတွေနဲ့ ကြုံဆုံဆဲမို့ ပူပန်မှုတွေ ဖြစ်ဆဲနှင့်ပဲ ဆက်လက်ပြီး ဗုဒ္ဓဓမ္မပြဿနာများ (၃)ကို ရေးရပြန်ပါသည်ဘုရား။

လျှောက်ထားပါရစေ ဆရာတော်ဘုရား၊ ယင်းပူပန်မှုမျိုးဟာ တပည့်တော်တစ်ပါးထဲတွင် ဖြစ်သည်ဟု တပည့်တော် မထင်ပါ၊ သာသနာတော်ကို ချစ်မြတ်နိုးသူ လူ ရှင် ရဟန်းတိုင်းဖြစ်လိမ့်မည်ဟု ထင်မြင်ယုံကြည်ပါသည်ဘုရား။

သို့ဖြစ်၍ ဆရာတော်ဘုရားလည်း သာသနာပြုအမည်ခံ ပုဂ္ဂိုလ်တစ်ပါးဖြစ်၍ သာသနာတော်တွင် မဖြစ်ပေါ်သင့်သော ယင်းပြဿနာများ ဖြစ်ပေါ်လာတာကို လိုလားအံ့မထင်ပါဘုရား။ ဆရာတော်ဘုရား ပူပန်လို့ တပည့်တော်ထံ စာရေးသည်ဟု ထင်ပါသည်ဘုရား။

ယင်းသို့သာ ဆိုပါက ဆရာတော်ဘုရားနှင့် တပည့်တော်သည် စိတ်ထားချင်း တူပါလိမ့်မည်ဘုရား၊ ဒီတော့ နောင်အခါတွင် ပေါ်ပေါက်လာအံ့သော ယင်းပြဿနာများ မပေါ်ပေါက်လာရအောင် ဘုရားသားတော်များ ပီပီ ကာကွယ်သင့်သည် မဟုတ်ပါလားဘုရား။

ဆရာတော်ဘုရား ယင်းသို့ ကာကွယ်ရာတွင် မိမိတို့ဘက်က စည်းမပေါက်ဖို့ စည်းမပျက်ဖို့ အရေးကြီးတယ် မဟုတ်ပါလားဘုရား၊ တပည့်တော်ရဲ့ပြဿနာများမှ ဆရာတော်ညွှန်ပြသော ပြဿနာနှစ်ချက်မှာ မိမိတို့ဘက်မှ စည်းပျက်သဖြင့် ဖြစ်ပေါ်လာသော ပြဿနာစစ် ပြဿနာမှန်တွေပါဘုရား။

လျှောက်ထားပါသည်ဘုရား "ကာလေန ဓမ္မဿဝန" အဖွင့်ကို ဆရာတော်လည်း သတိပြုမိလိမ့်မယ် ထင်ပါသည်သည်ဘုရား၊ အဲဒီအဖွင့်မှာ -

"စိတ်ပျံ့လွင့်သောအခါ, ကာမဝိတက် စသော ဝိတက်တစ်ပါးပါး လွှမ်းမိုးခံနေရတဲ့ အခါများမှာ တရားနာရန် သင့်လျော်တဲ့ကာလဖြစ်ကြောင်း ဖွင့်ပြတယ် မဟုတ်ပါလားဘုရား။

"ဒီတော့ ဟောသူက တဏှာဖြစ်အောင် ဆွဲဆွဲငင်ငင်နဲ့ အညာအခရာ အတာတွေနဲ့ ဟောသော်၊ မူလက တဏှာနဲ့ ကာမဝိတက်ဖြစ်နေတဲ့ တရားနာပရိသတ်ရဲ့ကာမဝိတက်ဟာ ငြိမ်းသွားမလား, တိုးပွားမလား စဉ်းစားကြည့်ပါဘုရား"

ပြန်လည်လျှောက်ထားပါရစေဘုရား၊ ဆွဲဆွဲငင်ငင်နဲ့ အညာအခရာ အတာတွေနဲ့ ဟောသူတွင် -

၁။ ကိုယ့်ကိုယ်ပြန်ပြီး စွဲငြိတဲ့တဏှာ ဖြစ်ခြင်း

၂။ နာကြားသူတို့က စွဲငြိတဲ့တဏှာ ဖြစ်ခြင်း

၃။ အသံကို ပြင်နေရတာနဲ့ ဟောသူမှာ သမာဓိပျက်ခြင်း

၄။ နောင်လာနောက်သားတို့က တရားဆိုတာ ဒီလိုပဲ အညာအခရာ အတာတွေနဲ့ ဆွဲငင်ပြီး ဟောရပါလားလို့ အတုယူခြင်း

၅။ ပညာရှိသူတော်ကောင်းတွေက "ရဟန်းတွေကလည်း ကြေးစားသဘင်သည်တွေလို ဖြစ်ကုန်ပါပေ့လား" လို့ ကဲ့ရဲ့ခံရခြင်းဆိုတဲ့ အပြစ်ငါးမျိုး ပြထားတာကို ဝိနည်းနှင့် အဂုံတ္တိုရ်မှာ ဆရာတော်ဘုရား၊ တွေ့ပါလိမ့်မယ်ဘုရား။

တပည့်တော် ယင်းပြဿနာနှစ်ချက် တင်ပြရာမှာ ပညာရှိကဲ့ရဲ့သံကို တိုက်ရိုက်ကြားခဲ့ရ၍ မူရင်းအတိုင်း ဖောက်သည်ချလိုက်ရတာဟာ ယင်းကို ဖတ်ရလျှင် နောင်အခါ ယင်းပြဿနာမျိုးများ မဖြစ်ပေါ်ရန်၊ ဖြစ်သော်လည်း နည်းပါးရန်ဆိုတဲ့ သဘောနဲ့ တင်ပြလိုက်ခြင်း ဖြစ်ပါသည်ဘုရား။

အထူးသဖြင့် လျှောက်ထားပါသည်ဘုရား။ ယနေ့ ဝိပဿနာ ဓမ္မကထိကအချို့ဟာ သီချင်းဆိုင်ချင်းမချတာ တစ်မယ်လောက်ပဲ ရှိပါတော့တယ်ဘုရား၊ ဒါကြောင့် ဝိပဿနာတွေ ဂုဏ်မရောက် ဖြစ်နေပါတယ်ဘုရား။

ဆရာတော်ဘုရား သတိထားမိလျှင် သိပါလိမ့်မည်ဘုရား။ ဝိပဿနာ ဓမ္မကထိကအချို့ဟာ အသံဦးစားပေး ဟောတယ်၊ ကိုယ့်ဂုဏ်တွေ ဖော်ပြပြီးဟောနေတယ်၊ ဆွေမျိုးစပ် ဟောနေတယ်၊ အဲဒီလို ဟောသူကိုလည်း လူပြိန်းတွေက အထင်ကြီးနေတယ်၊ သို့သော် ပညာရှိတွေက ကဲ့ရဲ့ကြပါတယ်ဘုရား။

တပည့်တော်တို့ သာသနာတော်ကို ပညာရှိတွေ ကြည်ညိုလေးစားမှ အရှည်တည်တံ့နိုင်ပါမည် မဟုတ်ပါလားဘုရား၊ လူပြိန်း လူအ,တွေ ကြည်ညိုရုံမျှနှင့် လူများသော်လည်း ပွဲမစည်၍ သာသနာတော် အရှည်မတည်တံ့နိုင်ဘူး မဟုတ်ပါလားဘုရား။

လျှောက်ထားပါရစေဦး ဆရာတော်ဘုရား။ တပည့်တော်တို့ သာသနာတော်မှာ ပရိယတ်သမား၊ ပဋိပတ်သမားရယ်လို့ နှစ်စားရှိတယ် မဟုတ်ပါလားဘုရား။

ယင်းနှစ်စားတွင် ယနေ့ ဆရာတော်ဘုရား ခြားနားချက် တွေ့မြင်ပါသလားဘုရား၊ တပည့်တော်မြင်ရသည် တွေ့ရသည်မှာတော့ ပြောင်းပြန်ပဲ တွေ့ရသည့်အဖြစ်သို့ ရောက်နေပါသည်ဘုရား။

ဘယ်လိုလည်းဆိုတော့ ပရိယတ်သမားတွေက ခြိုးခြိုးခြံခြံနဲ့ နေတယ်၊ ရသမျှနဲ့ ရောင့်ရဲတယ်၊ အလိုနည်းတယ်၊ ဟန်မဆောင်ဘူး။ ပဋိပတ်သမားတွေမှာ ခြိုးခြံမှု နည်းတယ်၊ ရသမျှနဲ့ မရောင့်ရဲနိုင်တဲ့အတွက် အမျိုးမျိုးဆွယ်တာ တွေ့ရတယ်။ အလိုရမ္မက်များတယ်၊ ဟန်ဆောင်ကြွားဝါမှုတွေ များတယ်။ ယင်းသို့ စသည်ဖြင့် ပြောင်းပြန်ဖြစ်နေတာ ဆရာတော် သတိပြုမိပါသလားဘုရား။

ဒီတော့ ပရိယတ်သမားတွေမှာ ပရိယတ်အမည်ခံပေမဲ့ ကြည်ညိုစရာ ပဋိပတ်အကျင့်တွေ အများကြီးတွေ့ရပါတယ်ဘုရား။ သာသနာ့ဝန်ဆောင်ရာတွင် အရင်းကျခြင်းကြောင့်လည်း ကြည်ညိုစရာတွေ အများကြီး တွေ့ရပါတယ်ဘုရား။

ပဋိပတ်သမား တော်တော်များများမှာ အမည်ခံမျှသာ ဖြစ်ပြီး ကြည်ညိုစရာဟာ ရှာလေ ရှားလေ၊ နီးနီးကပ်ကပ် ချဉ်းကပ်လေ့လာလေ ကြည်ညိုပျက်စရာတွေ တွေ့လာလေ ဖြစ်ရတာ များပါတယ်ဘုရား။

ဆရာတော်ဘုရား။ တပည့်တော်တို့ သာသနာတော်မှာ ယင်းသို့အဖြစ်မျိုး များလာသော် အားကိုးသူ ရှားပါးပြီး မြန်စွာကွယ်ဖို့ပဲ ရှိတော့တယ် မဟုတ်ပါလားဘုရား။

ယင်းအချက်ကို ဆရာတော်ဘုရားတို့လည်း မျက်ခြည်မပြတ် ရှုကြည့်ပြီး ကာကွယ်ပါဘုရား၊ တိုက်ဖျက်ပါဘုရား။

အထူးသဖြင့် အသိုင်းအဝိုင်းလုပ်ခြင်း၊ ဘုန်းတော်ဘွဲ့တွေနဲ့ အချိန်ကုန်မယ့်အစား လက်တွေ့အလုပ်များများနဲ့ အချိန်ကုန်သင့်တယ် မဟုတ်ပါလားဘုရား။ ဒီခေတ်ဟာ ပြောတိုင်းယုံတဲ့ခေတ် မဟုတ်ဘူးဆိုတာကို ဆရာတော်တို့ အသိပါဘုရား။

တပည့်တော် ကြားဖူးပါသည်ဘုရား။ "လောကီသမားက ပြောင်နိုင်မှတဲ့၊ လောကုတ္တရာသမားက စုတ်နိုင်မှ" တဲ့။ ဒါဟာ ဘာဆိုလိုတာလည်းဆိုတာ ဆရာတော်သိပါတယ်ဘုရား။

ယနေ့ လောကီသမားခေါ်တဲ့ ပရိယတ်သမားနဲ့ လောကုတ္တရာသမားခေါ်တဲ့ ပဋိပတ်သမားတွေမှာ ဘယ်သူတွေ ပြောင်နေ၍ ပြောင်အောင်လည်း ဘယ်လိုကြိုးစားနေလည်းဆိုတာ ဆရာတော်အသိပါဘုရား။

တပည့်တော်သည် ယင်းအချက်များစွာကို ထောက်ထားမြော်မြင်ပြီး ကိုယ်တွေ့သာဓကများကို "ကြည့်သူတွေ မြင်စေ၊ မြင်သူတွေ ပြင်စေ၊ ပြင်သူတွေ အကျိုးရစေ" ဆိုတဲ့ သဘောနဲ့ ပြဿနာများကို တင်ပြပါသည်ဘုရား။

ယင်းသို့တင်ပြသဖြင့် တပည့်တော်အပေါ်တွင် အပြစ်ရှိသည်ဆိုသော် သာသနာတော်အတွက် ဆောင်ရွက်လို့ သင့်ရတဲ့အပြစ်မို့ သင့်ပါစေ၊ ခံနိုင်ရည်ရှိပါတယ်ဘုရား။

စာလည်း ရှည်သွားပါပြီဘုရား၊ ရပ်နားခွင့် ပြုပါတော့ဘုရား။

ကျန်းမာတော်မူပါစေသော်။

ကျန်းမာစွာနင့်

ပညာဇောတ

ဒေသနာခရီးသည်

✧ သာသနာကျိုး၊ လောကကျိုး၊ သယ်ပိုးနိုင်ပါစေ။

✧ သာသနာပြု၊ မည်ခံစု၊ ဖျက်မှုကင်းပါစေ။

✧ သာသနာပြုလား၊ အဖျက်လား၊ ခြားနားသိပါစေ။

✧ အဖျက်တွေပျက်၊ အပြုတက်၊ တိုးတက်လာပါစေ။

# ဘတ်စ်ကားနှင့် ပင့်ရင် ကြွနိုင်ပါ့မလားဘုရား

## (၉၁)

မိမိသည် တစ်ချိန်သော နွေကာလ မြို့ကြီးတစ်မြို့အနီးမှ ရွာကြီးတစ်ရွာတွင် တရားဟောနေစဉ်က ဖြစ်ခဲ့၏။

မိမိအဖို့ ညဥ့်ပိုင်းတွင် တရားမဟောမီ ရောက်လာသူ ဒကာ ဒကာမများအား တရားစကားပြောရခြင်း၊ အချိန်ကျလျှင် တရားဟောရခြင်း၊ တရားပွဲပြီးလျှင် မောပန်း၍ အိပ်စက်ရခြင်းဖြင့် အချိန်ကုန်သွားခဲ့၏။ မိမိတွက်တာ ဘာတရားမျှ နလုံးမသွင်းနိုင်ခဲ့ပါ။ နံနက်စောစော နံနက်ဆွမ်း စားပြီး၊ နေ့ဆွမ်း စားပြီး လူသူရှင်းချိန်တွင်မှသာ သင့်သလိုသာ တရားနလုံးသွင်းရပါသည်။ယင်းသို့ အခွင့်ရခိုက် စကြံလျှောက်၊ တရားနလုံးသွင်းနေစဉ် ကျောင်းနေအရှင်က စကားစ,လာသည်။

"ဆရာတော်ရဲ့တရားတော့ ဒကာ ဒကာမတွေက သိပ်ပြီးတော့ ကြိုက်နှစ်သက်ပုံ ရပါတယ်ဘုရား"

"အင်း...တရားက တပည့်တော်တရားမှ မဟုတ်တာပဲ၊ ဘုရားရှင်ရဲ့တရားတော်ပဲဟာ၊ အဲဒါမှ မကြိုက်ရင် ဘုရားရှင်ရဲ့တရားတော် မကြိုက်တာပဲပေါ့၊ ဟုတ်လား"

"တင်ပါ...ဟုတ်ပါတယ်ဘုရား၊ ဒါပေမဲ့ ဒကာ ဒကာမတွေက အဲဒါကို သဘောမပေါက်ပါဘုရား"

"ဘယ်လိုလဲ၊ ဒါဖြင့်ရင် ယခုဟောမယ့် တရားတော်ဟာ "ကိုယ်တွေ့ ဉာဏ်မြင်"ပဲ၊ သို့မဟုတ်ရင် "ကျေးဇူးရှင် (...) ဆရာတော်ဘုရားကြီးရဲ့နည်းဥပဒေသပဲ" လို့ ဒီလိုဟောမှ သဘောပေါက်မှာ၊ ကြိုက်နှစ်သက်မှာလား"

"တင်ပါဘုရား၊ အဲဒီလိုပဲ ကျနေပါပြီဘုရား"

"အင်း...ဒါကြောင့် တချို့က "သူ့နည်းနဲ့ သူ့ပေါ့" တဲ့ ပြောကြတာပေါ့နော်"

"မှန်ပါဘုရား"

"ခက်ပါတယ်ဘုရား၊ အဲဒါ လုံးလုံးမှားပါတယ်ဘုရား၊ သူ့နည်း ငါ့နည်းရယ်လို့ မရှိရဘူး၊ ဗုဒ္ဓရဲ့နည်းတစ်ခုတည်းသာ ရှိရမယ်ဘုရား"

"ဟုတ်ပါတယ်ဘုရား၊ အားလုံး ဗုဒ္ဓတပည့်တွေချည်းပဲဟာ၊ သူ့နည်း ငါ့နည်း ဘယ်ရှိသင့်မလဲ"

"အင်း . . . အရှင်ဘုရား စဉ်းစားကြည့်ပါလား၊ ဘုရားရှင်ရဲ့လက်ထက်တော်က ရှင်သာရိပုတ္တရာတို့၊ ရှင်မဟာမောဂ္ဂလ္လာနတို့ဟာ အင်မတန် အစွမ်းထက်ကြတယ် မဟုတ်လား"

"မှန်ပါ၊ ထက်ကြပါတယ်ဘုရား"

"ကဲ . . . အဲဒီ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာနတို့သော်မှ ရှင်သာရိပုတ္တရာနည်း၊ ရှင်မဟာမောဂ္ဂလ္လာန နည်းရယ်လို့ မရှိဘဲနဲ့ ယခုမှ ဘာမဟုတ်၊ ညာမဟုတ်နဲ့ အုပ်စုလေး နည်းနည်းရလာရင်ပဲ သူ့နည်း ငါ့နည်းရယ်လို့ နည်းသစ်ထွင်တာမျိုးက တော့ လုံးလုံးကို မဖြစ်သင့်ပါဘူး၊ အားလည်း မပေးသင့်ပါဘူး"

"ဟုတ်ပါတယ်ဘုရား"

"အဲဒါတွေ သွားပြီး အားပေးရင် နောက်လည်း နည်းသစ်တွေပေါ်လာပြီး ပေါပင်တွေ၊ လက်သစ်တွေ၊ ဆင်တူရိုးမှား တွေ၊ အတုတွေ အများကြီး ပေါ်လာပြီး မူလပင်ရင်း ပရိယတ္တိသာသနာတော် ကွယ်ရော၊ ပရိယတ္တိသာသနာ ကွယ်ရင် ပဋိပတ္တိ သာသနာတော်လည်း ကွယ်ရော၊ ပဋိပတ္တိသာသနာကွယ်ခြင် ပဋိဝေဓသာသနာလည်း ကွယ်ရော၊ ဒီတော့ သာသနာတော်သုံး ရပ် ကွယ်မသွားဘူးလား"

"မှန်ပါ ကွယ်သွားပါ့မယ်ဘုရား"

"ဒါကြောင့် တပည့်တော်တော့ ပရိယတ္တိဘောင်၊ ပရိယတ္တိစည်းမျဉ်းကို လွန်ပြီးတော့ ကျေးဇူးရှင် ( . . . )ဆရာတော် ဘုရားကြီး၏ နည်းပါပဲ၊ ကိုယ်တွေ့ ဉာဏ်မြင်ပါပဲ စသည်နဲ့ ပြောကာ၊ ကြော်ငြာကာ မဟောနိုင်ပါဘုရား၊ အဲ ဘုရားရှင်ဟော တဲ့ပရိယတ္တိကျမ်းဂန်အရ လမ်းမှန်အတိုင်း ဟောလို့မှ ကိုယ်တွေ့မပါလို့၊ ကိုယ့်နည်းနဲ့ မကိုက်ညီလို့ မနာချင်ဘူးပ၊ မကြိုက် ဘူးပဆိုရင်လည်း အဟောရ သက်သာတာပေါ့၊ ကိုယ့်အလုပ်ကိုကိုယ် အချိန်များများ လုပ်ရတာပေါ့၊ တပည့်တော်လည်း ဓမ္မကထိကမဟုတ်ပါဘူး၊ မကင်းရာ မကင်းကြောင်းတွေ လိုက်ဟောပေးရင်းနဲ့ နယ်ကျယ်လာတာ၊ ယခုတော့ နယ်လှည့် ဓမ္မကထိကလိုဖြစ်နေပြီ"

"တင်ပါ၊ ဝမ်းသာပါတယ်ဘုရား၊ တပည့်တော်ရဲ့ဒကာ ဒကာမတွေလည်း ဆရာတော်ဟောတဲ့တရား ကြိုက်နှစ် သက်ပါတယ်ဘုရား၊ နောက်နှစ်လည်း ဆက်ပြီးတော့ ပင့်ချင်ပါတယ်ဘုရား၊ ဒါပေမဲ့ ကားအခက်အခဲက တစ်ခါတစ်ခါ ရှိပါ တယ်ဘုရား"

"ဘယ်လို ကားအခက်အခဲလဲ"

"တပည့်တော်တို့ ယခု တရားပွဲကျင်းပတာက လှူနည်းစုပါဘုရား၊ ဒီတော့ ငွေအင်အားလည်း နည်းပါတယ်ဘုရား၊ ကြိုပို့ရေးစရိတ်စက၊ ဧည့်ခံရေး စရိတ်စကနဲ့ လမ်းစရိတ်ဆိုတော့ တစ်ခါတစ်ခါ မနိုင်ပါဘုရား"

"ဘယ်လို မနိုင်တာလဲ"

"လမ်းစရိတ်တို့၊ ဧည့်ခံစရိတ်တို့တော့ တတ်နိုင်ပါတယ်ဘုရား၊ ကြိုပို့စရိတ်က ကားစင်းလုံးငှားရင် ယခု ဆရာတော် ကြွလာတဲ့ ဘူတာရုံက ဒီကို နှစ်ရာလောက် ကျပါတယ်ဘုရား"

"အမယ် များလှချည်လား"

"အလာကြို၊ အပြန်ပို့ဆိုတော့ လေးရာလောက်ကျပါတယ်ဘုရား၊ အဲဒါ တစ်ခါတစ်ခါ မတတ်နိုင်ပါဘုရား၊ တရားလည်း နာချင်ပါတယ်ဘုရား"

"အင်း . . . တရားလည်းနာချင်တယ်၊ မကြိုမပို့နိုင်တာနဲ့ တရားမနာရဘူးဆိုတဲ့အခ်ပ္ပါယ် ရောက်နေတာပေါ့ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီလိုလည်း ဘယ်ဖြစ်ရမလဲ၊ တပည့်တော်တို့ ဘုရားရှင်ကိုကြည့်ပါလား၊ ကျွတ်တန်းဝင်မယ့် သတ္တဝါတွေရှင် ကောင်း ကင်ခရီးက ရှာန်ယာဉ်စီးမသွားဘဲ မြေပြင်ခရီးက ခြေစကြာယာဉ်စီးသွားတယ် မဟုတ်လား"

“တင်ပါ၊ ကြားရတာ ဝမ်းသာပါတယ်ဘုရား၊ တပည့်တော်တို့ဆီကတော့ အားလုံး ခြေကျင်ချည်းခရီးလည်း မကြွရပါဘုရား၊ ဘတ်စ်ကားနဲ့ ကြွလို့ရပါတယ်ဘုရား၊ ဆရာတော် “ဘတ်စ်ကားနဲ့ ပင့်ရင် ကြွနိုင်ပါ့မလားဘုရား”

“တပည့်တော်က ဘာနဲ့ပင့်မှ လိုက်ပါ့မယ်လို့ သတ်မှတ်ချက် မရှိပါဘူး၊ စီးအပ်တဲ့ယာဉ်နဲ့ဆို ဘယ်ယာဉ်နဲ့ပင့်ပင့် လိုက်ရတာပေါ့”

“ဝမ်းသာလိုက်တာဘုရား”

“တပည့်တော် သဘောပေါက်တာက ကိုယ်ပိုင်ယာဉ်နဲ့၊ ကားစီးလုံးနဲ့ ပင့်လည်း ကိုယ်ထိုင်ကော့ တစ်ယောက်စာပဲ ထိုင်ရတာမဟုတ်လား၊ ကားတစ်စီးလုံး ဖြန့်ထိုင်နိုင်တာမှ မဟုတ်ဘဲနဲ့၊ ဘတ်စ်ကားဆိုတော့လည်း ဦးခန်းက သီးသန့်ရရင် ပြီးတာပဲ၊ တစ်နေရာစာပဲ မဟုတ်လား”

“ဟုတ်ပါတယ်ဘုရား”

“အေး . . . နည်းနည်းတော့ ကြာတယ်ပေါ့၊ ဘတ်စ်ကားကတော့ ဟိုရပ် ဒီရပ်နဲ့ နည်းနည်းကြာတယ်၊ ပြီးတော့ ကိုယ့်နေရာအထိ မရောက်တော့ ခြေကျင်လျှောက်ရမယ်၊ နည်းနည်းပါးပါး မဟုတ်လား”

“ဟုတ်ပါတယ်ဘုရား”

“ဒီလိုပေါ့ဘုရား၊ လုပ်သလိုမဖြစ်တော့လည်း ဖြစ်သလို လုပ်ရတဲ့အခါမျိုးလည်း ရှိဟာပေါ့”

“မှန်ပါ၊ တပည့်တော်တို့ကတော့ ကိုယ့်ဆရာတော်တွေပဲဘုရား၊ အကောင်းဆုံး အခမ်းနားဆုံး ကြိုဆိုချင်၊ ပို့ချင်ပါတယ်ဘုရား၊ ကြိုဆိုဖို့ ပို့ဖို့လည်း ကြိုးစားပါ့မယ်ဘုရား၊ မဖြစ်နိုင်တဲ့အဆုံးကို လျှောက်ထားရတာပါဘုရား”

“ဒါတွေအတွက် ဘာမှ မပူပါနဲ့၊ တချို့နေရာတွေမှာ စီးစရာယာဉ်ဟာ ဆိုက်ကားနဲ့ လှည်းပဲရှိတယ်၊ ကိုယ်ကလည်း မစီးတော့ ခြေကျင်လျှောက်ရတယ်၊ အဲဒီလောက် အရှင်ဘုရားနေရာက မဆိုးသေးပါဘူး”

“မှန်ပါဘုရား၊ ဒီလောက်တော့ မဆိုးပါဘူး”

“တပည့်တော်တို့က ဘုရားရှင်ရဲ့တပည့်တွေ၊ ဘုရားရှင်ကို အတုခိုးရမယ်၊ ဘုရားရှင်တောင် တစ်ခါတလေ ခြေကျင်လျှောက်ပြီး တရားဟောနိုင်သေးရင်၊ တပည့်တော်တို့က အပ်အပ်စပ်စပ်နဲ့ ချောင်ချိတဲ့ ရှေ့ခန်းကစီးပြီး ဘတ်စ်ကားခရီးနဲ့ ဘာဖြစ်လို့ မဟောနိုင်ရမှာလဲ”

“သိရတာ ဝမ်းသာပါတယ်ဘုရား၊ ဆရာတော်တရားကို ( . . . )မြို့က သိပ်ကြိုက်တာဘုရား၊ အဖွဲ့က အားနည်းတော့ ကားစီးလုံးနဲ့ မကြိုမပို့နိုင်လို့ မပင့်ရဲလို့ မပင့်တာတဲ့၊ သူတို့ကိုယ်တိုင် ပြောသံကြားရတယ်ဘုရား”

“အင်း . . . သူတို့အဖွဲ့တော့ ဘတ်စ်ကားနဲ့ဆို မကြွနိုင်ပါဘူးဆိုတဲ့ ဓမ္မကထိကနဲ့ ကြုံဖူးတယ်နဲ့တူတယ်”

“တင်ပါ၊ ထင်ပါတယ်ဘုရား”

“ခက်ပါတယ်ဘုရား၊ မာန်ဆိုတာ တက်တတ်တယ်ဘုရား၊ အမှန်စင်စစ်တော့ ကိုယ့်ဘဝနောက်ကြောင်းကို အမြဲတမ်း ပြန်ကြည့်ဖို့ ကောင်းတယ်”

“ဘယ်လိုပါလဲဘုရား”

“ကိုယ် ဘုန်းမကြီးခင်က ကိုယ်ပိုင်ကား အမြဲစီးနေရသလား၊ ကိုယ်ပိုင်ကားနဲ့၊ ကားစီးလုံးငှားနဲ့ အမြဲသွားနေရသလား၊ သင့်သလိုပဲ သွားနေရသလားဆိုတာပေါ့”

“မှန်ပါ မှတ်သားစရာပါပဲဘုရား”

“အဲဒါ ပြန်ကြည့်ရင် တပည့်တော်တို့ ဘယ်လိုသွားရ သွားရ သွားနိုင်ရမယ်ပေါ့နော်”

“မှန်ပါ ဘုရား”

"အင်း... အဲဒီလို သဘောမပေါက်ရင်၊ နောက်ကြောင်းပြန်မကြည့်ရင် မာန်တက်တတ်တယ်၊ မာန်ဆိုတာ ကိုယ့်မှာ ရှိတဲ့ အရည်အချင်းတစ်မျိုးမျိုးကို စွဲပြီး မာန်တက်တတ်တာပဲ"

"မှန်ပါ ဘုရား"

"ဒီမှာ တောင်တွင်းဆရာတော် ခင်ကြီးဖျော်တောင် ပညာမာန်တက်ဖူးတဲ့ အစဉ်အဆက် ပြောစကား ကြားဖူးတယ်"

## မ. တစ်လုံးကျေဆရာတော်

"အမိန့်ရှိပါဦးဘုရား၊ မှတ်သားထားရအောင်"

"တောင်တွင်းကြီးဆရာတော် ခင်ကြီးဖျော်ဟာ မသိတာ၊ မပြုလုပ်တတ်တာ မရှိဘူး၊ မ.တစ်လုံးကျေတယ်လို့ ပြောတော့ ဆိုင်းဝိုင်းတီးဆရာက ဆိုင်းကို တီးပြနိုင်းတယ်တဲ့"

"မှန်ပါ ဘုရား"

"ဆရာတော်ကလည်း ပြောင်းဆန်အောင် တီးပြတယ်တဲ့"

"မှန်ပါ ဘုရား"

"တံငါသည်တစ်ယောက်ကလည်း ကွန်ပစ်ခိုင်းတယ်တဲ့၊ ဆရာတော်ကလည်း ကျွမ်းကျင်တဲ့တံငါသည်ပမာ ကွန်ပစ်ပြတယ်တဲ့"

"မှန်ပါ ဘုရား"

"အဲ... နောက်တစ်ချိန်မှာ သိကြားမင်းက ချမ်းသာအောင်ဆိုပြီး လူတစ်ယောက်ကို "အ, သု, ခ" လို့ အိပ်မက်ပေး ပြောကြားခဲ့သတဲ့၊ အိပ်မက်.မက်တဲ့လူကလည်း အဲဒီအဓိပ္ပာယ် မသိတော့ တစ်ခြားလူများ မေးတယ်၊ တစ်ခြားလူတွေက "န - သုခံ, အ - သုခံ, မင်းဆင်းရဲမယ်" လို့သာ ဖြေတယ်တဲ့၊ ဘယ်သူမှ အတိအကျ မဖြေနိုင်ဘူးတဲ့၊ အဲ...နောက်ဆုံးတော့ တောင်တွင်းကြီးဆရာတော် လျှောက်တော့မှ ဆရာတော်က -

"အ" ဆိုတာက "အမ္ဗရုက္ခမူလေ = သရက်ပင်ရင်း၌" လို့ အဓိပ္ပာယ်ရတယ်။

"သု" ဆိုတာက "သုဝဏ္ဏကုမ္ဘံ = ရွှေအိုးကို" လို့ အဓိပ္ပာယ်ရတယ်။

"ခ" ဆိုတာက "ခနတု = တူးယူလော့" လို့ အဓိပ္ပာယ်ရတယ်လို့ ဖြေကြားတော်မူတယ်တဲ့၊ ဒီတော့ အိပ်မက်.မက်တဲ့ လူက တူးတော့တာပေါ့၊ တူးတော့ ရွှေအိုးကို ရတယ်တဲ့၊ ရွှေအိုးရတော့ သူဌေးဖြစ်တာပေါ့နော်"

"မှန်ပါ ဘုရား"

"ပြီးတော့ ကျောက်ဖျာကြီးတစ်ချပ်ပေါ်မှာရှိတဲ့ အက္ခရာကြီးတစ်လုံးဟာ သုံးဘက်က ကြည့်ရင် "ဓ, ဗ, ဓ" ဟု သုံးမျိုး ထင်တယ်တဲ့၊ ခုခေတ်လည်း သုံးပန်လှ ရေးထားတဲ့ စာတွေ ရှိသားပဲဟာ၊ အဲဒီ "ဓ,ဗ,ဓ" ကိုလည်း မည်သူမျှ မသိဘူးတဲ့၊ နောက်ဆုံးတော့ တောင်တွင်းကြီးဆရာတော်ကို လျှောက်တော့ ဆရာတော်က -

"ဓ" ဆိုတာက "ဓဇ္ဇေ = ဤကျောက်ဖျာကြီးအောက်၌

"ဗ" ဆိုတာက "ဗဟူနိ = များလှစွာသော

"ဓ" ဆိုတာက "ဓနာနိ = ဥစ္စာတို့သည်၊ အတ္ထိ = ရှိကုန်၏ လို့ ဖြေကြားတော်မူတယ်တဲ့၊ အဲဒီလို ဖြေကြားတော်မူတော့ ကျောက်ဖျာကြီးကို လှန်ကြည့်ကြတယ်၊ ကြည့်တော့ ဥစ္စာတွေ အများကြီးပဲ ရတယ်တဲ့၊ ကဲ... ဆရာတော်ကြီး ပညာဉာဏ် မကြီးဘူးလား"

"ကြီးပါတယ်ဘုရား"

"ကြီးတာမှ နည်းနည်းမျှကြီးတာမဟုတ်ဘူး၊ မ,တစ်လုံးကျေအောင် မသိတာ မရှိအောင်ကို ကြီးတာနော်"

"မှန်ပါဘုရား၊ ယခုထိတောင်မှ တပည့်တော်တို့ ကြားဖူးနေပါသေးတယ်ဘုရား"

"အဲဒီလောက် ပညာဉာဏ်ကကြီး. ပညာဉာဏ်က စူးရှထက်မြက်တော့ ဆရာတော်ခင်ကြီးဖျော်က "ငါဟာ အရိမေတ္တယျ ဘုရားလောင်းစင်စစ် ဧကန်ဖြစ်လိမ့်မယ်"လို့ ပညာမာန် တက်လာတယ်တဲ့၊ ကဲ ... အဲဒါ တကယ့် ဆရာတော်ကြီးပဲနော်"

"မှန်ပါ ဘုရား"

"အင်မတန်ကြောက်စရာကောင်းတဲ့ မာန်.မာနပဲဘုရား၊ ယခုခေတ်ဆိုတော့ ဆိုဖွယ်ရာမရှိတော့ဘူးပေါ့ဘုရား"

"မှန်ပါ ဘုရား"

"အဲဒီလို ပညာမာန်တက်လာတော့ ကျောင်းစောင့်နတ်က "မောင်ဖျော် ဘဝင်မြင့်မနေနဲ့၊ ဟိုအတိတ်ဘဝတစ်ခုက သူများကို စိတ်ရှည်လက်ရှည်နဲ့ သင်ပုန်းကြီးလေး ချပို့ပေးခဲ့ဖူးလို့ ဉာဏ်ကောင်းနေတာပါ၊ အရိမေတ္တေယျဘုရားလောင်း မဟုတ်ပါဘူး" လို့ အိပ်မက်ပေးတော့မှ မာန်မာနကျသွားတယ်တဲ့၊ အဲဒီလိုပဲ အစဉ်အဆက် ပြောသံကြားဖူးပါတယ်"

"မှတ်သားစရာပါပဲဘုရား"

"ဒီတော့ တပည့်တော်တို့ ဝိပဿနာ. ကိုယ်တွေ့ဉာဏ်မြင်ဟောသမားတွေဟာ အထူးသတိရှိဖို့ ကောင်းပါတယ်"

"မှန်ပါ ဘုရား"

"ဘာဖြစ်လို့လည်းဆိုတော့ ကိုယ်က ပဋိပတ် အကျင့်သမား၊ ကိုယ်ကျင့်ပြီးလို့ သူများတောင်မှ ဟောနေသူတွေ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီ ပဋိပတ်အကျင့်သမား. ပဋိပတ်သာသနာပြုသမားတွေ. ကျင့်စဉ်ဟောသမားတွေဟာ ကိုယ့်တရားကိုယ်ပြန်ပြီး ကြားဖို့ အရေးကြီးပါတယ်ဘုရား၊ သို့မဟုတ်ရင် တရားဂုဏ်မရောက်ဘဲ နာမည်ပျက်ရပါလိမ့်မယ်၊ ဒီခေတ်မှာ အကဲခတ်ကြည့်ပါလား၊ အဲဒီသဘောတွေ တွေ့နိုင်. မြင်နိုင်. ကြားနိုင်တယ်"

"ဘယ်လိုပါလဲ ဆရာတော်ဘုရား၊ ရှင်းပြပါဦးဘုရား"

ပပဉ္စတရားသုံးပါး

"တပည့်တော်တို့ ဝိပဿနာတရားပြ ဆရာတွေက ဟောကြတယ်မဟုတ်လား၊ သံသရာချဲ့တဲ့ လက်နက်သုံးပါး၊ ဘာတဲ့လဲ တဏှာ. မာန. ဒိဋ္ဌိ သုံးပါးပေါ့ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီ တဏှာ. မာန. ဒိဋ္ဌိ သုံးပါး ကင်းဖို့ . ပယ်ဖို့. သတ်ဖို့. ဟောလိုက်တာ၊ ပြီးတော့ ဟောနေတုန်းပဲ တဏှာသံနဲ့ ချွဲကာ ချွဲကာ. ဆွဲကာဆွဲကာ. ညှကာညှကာ ဟောတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပြီးတော့ ပရိသတ်ကလေး နည်းနည်းများလာ၊ နာမည်လေး နည်းနည်းရလာရင် ငါလိုလူ ဇမ္ဗူမှာရှိသေးလားဆိုတဲ့ ဒိဋ္ဌိ မာနတို့ကလည်း တလူလူပါပဲဘုရား"

"ဒီတော့ မိမိတို့က ကိုယ်တွေ့ ဉာဏ်မြင်ပါစသည်ဖြင့် ဘယ်လောက်ပဲပြောပြော၊ အတ္တဒိဋ္ဌိမျှတောင် မကွာဘူးလို့ ဖော်ပြရာ ရောက်မနေဘူးလား"

"ရောက်နေပါတယ်ဘုရား"

"ဒီတော့ ဒီလောက်တောင် တဏှာ, မာန, ဒိဋ္ဌိတွေ ထူထပ်နေရင် မိမိတို့ပြသနေတဲ့ တရား, မိမိတို့ ဟောကြားနေတဲ့ တရားဟာ မိမိတို့သန္တာန်မှာ ဘာမျှမတည်သေးပါလား၊ ကြက်တူရွေးစကားသင်သလို သင်ဟောမျှသာ ဖြစ်သေးပါလားဆိုတာကို ပညာရှိတွေအား ဖော်ပြနေတာနဲ့ မတူဘူးလား"

"တူပါတယ်ဘုရား"

"ပညာမဲ့တဲ့လူတွေကတော့ မသိပါဘုရား၊ မသိတဲ့အပြင် ချီးကျူးတောင်မှ ချီးကျူးနေသေးတယ်၊ တို့ဆရာတော်က ဘယ်လိုမှ စားတာ၊ ဘယ်လိုမှ ကြွတယ်၊ ဘယ်လိုမှ နေတာနဲ့၊ ကဲ... မခက်ဘူးလား"

"ခက်ပါတယ်ဘုရား"

"ဒီတော့ ဒီခေတ်မှာ သာသနာပြုရတာ မလွယ်ပါဘူးဘုရား၊ တပည့်တော်တို့ ရှေ့က လမ်းပြအနေနဲ့ ပြနေတဲ့ ပဋိပတ် သာသနာပြုအမည်ခံတွေက အသိုင်းအဝိုင်းနဲ့ ခမ်းခမ်းနားနား ကြိုဆိုပင့်ဆောင်, ပို့သနေရာချထားတာတွေနဲ့ လမ်းပြတွေနဲ့ အကြံ့ရ များနေတော့ သိပ်ခက်တယ်ဘုရား"

"အင်း... ဆရာတော်ပြောမှ ပဋိပတ် သာသနာတော်ဘက်က အားရစရာ မရှိသေးတာကို ရိပ်မိပါတယ်ဘုရား"

"တပည့်တော် အတုခိုး အတုယူတာတော့၊ ပရိယတ်ကျမ်းဂန်အတိုင်းပါပဲဆိုပြီး ဟောပေးတဲ့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ပဲဘုရား"

"ဟုတ်တယ်ဘုရား၊ အဲဒီဆရာတော်ကို တပည့်တော်လည်း သိပ်ပြီးကြည်ညိုပါတယ်"

"အဲဒီဆရာတော်က စာတွေ့လို့ အမည်ခံပြီး ရိုးသားစွာဟောတယ်၊ မာန်မာနလည်း မရှိဘူး၊ ဂုဏ်လည်း မဖော်ဘူး၊ ဂါရဝတရား၊ နိဝါတတရား၊ သန္တုဋ္ဌိတရား၊ အလိုနည်းမှု အပ္ပိစ္ဆစတဲ့ သူတော်ကောင်းဂုဏ်တွေ အများကြီးတွေ့ရတယ်ဘုရား"

"ဟုတ်တယ်ဘုရား"

"အဲဒီ ပဋိပတ္တိဘက်များ ကြည့်လိုက်စမ်းပါ၊ ကိုယ်တွေ့ဉာဏ်မြင်ဆိုပြီး အာမခံနဲ့တောင် ဟောကြပါတယ်၊ လက်တွေ့ မျက်တွေ့ကိုယ်တွေ့သမားတွေ နာမည်နည်းနည်းကျော်လာ၊ ပရိသတ်နည်းနည်းများလာရင် မာန်မာနတွေ လာပြီ၊ အပြိုင်အဆိုင်တွေ လာပြီ၊ ရိုသေမှု ဂါရဝ၊ နှိမ့်ချမှု နိဝါတ၊ ရောင့်ရဲမှု သန္တုဋ္ဌိ၊ အလိုနည်းမှု အပ္ပိစ္ဆာ စတဲ့ဂုဏ်တွေ မတွေ့ရတော့ဘူး၊ ဒါကြောင့် မြန်မာပြည်ရဲ့ပဋိပတ်သာသနာဟာ ဘာမှ အားရစရာမရှိသေးပါဘူး"

"တပည့်တော်လည်း ဆရာတော် ဝေဖန်ပြမှ သတိထားမိပါတယ်ဘုရား၊ အနာဂတ်သာသနာအတွက် ရင်လေးစရာပါလားဘုရား"

"ကဲ... ရင်လေးမနေနဲ့၊ တော်ကြပြီးစို့နော်"

"မှန်ပါ ဘုရား"

✧ မေတ္တာပြည့်ဝ၊ နှလုံးလှ၊ မာနကင်းပသည်။

✧ ကရုဏာပြည့်ဝ၊ နှလုံးလှ၊ မာနကင်းပသည်။

✧ တရားပြည့်ဝ၊ နှလုံးလှ၊ မာနကင်းပသည်။

# သပိတ်အိုင်တောရတွင် သိမ်သမုတ်ခြင်း

## (၉၂)

အချိန်ကား ဝါတွင်းအချိန် ဖြစ်၏။ မိမိသည် ရေးမြို့နယ် အစင်ရွာ မွန်စိန်တောရသို့ ရောက်၍ နှစ်ဝါမြောက် ဝါဆိုဆဲ ဖြစ်၏။

တစ်နေ့ မိမိတို့ တောရကျောင်းဘုန်းကြီးတို့ ဆွမ်းစားပြီးချိန် ၉.၃၀ နာရီတွင် မိမိတို့ တောရကျောင်း ကပ္ပိယက မိမိအား စာတစ်စောင်လာပေးသည်။ မိမိသည် စာဖတ်ပြီးသော် ဒီစာသည် မိမိတစ်ပါးတည်းနှင့် မပြီးဟု သိ၍ အရှင်ဝဏ္ဏိတထံသို့ သွားသည်။

"ဘာစာလဲ"

အရှင်ဝဏ္ဏိတသည် သူ့ထံသို့ မရောက်မီပင် လက်ထဲမှာ ကိုင်ထားသည့် စာကိုမြင်၍ မေးသည်။

"သပိတ်အိုင်တောရက စာလာလို့"

"ဦးဉာဏိဿရဆီကလား"

"မှန်ပါတယ်ဘုရား"

"ဘာတွေ အကြောင်းထူးလို့လဲ"

"အဲဒီအကြောင်းထူးလို့ တိုင်ပင်ရအောင် လာခဲ့တာပဲ၊ တပည့်တော် တစ်ပါးတည်း မပြီးလို့"

"တပည့်တော်နဲ့လည်း ပြီးမှာလား"

"အကြောင်းကတော့ အားလုံးနဲ့ ဆိုင်တာပဲ"

"ကဲ... ဖတ်ပြစမ်းပါဦး"

သို့
ဇေတဒဂ် - အရှင်ပညာဇောတ
၁၃၃၆ - ခု၊ တော်သလင်းလ
လျှောက်ထားသိစေပါသည်။

အရှင်ဘုရား သိတဲ့အတိုင်းပဲ သပိတ်အိုင်တောရမှာ မိုးတွင်း မိုးတွင်း ဥပုသ်ပြုရတဲ့ အခက်အခဲဟာ မသေးလှဘူး၊ တစ်ခါတစ်ခါ ကျောက်တုံးပေါ်က ချော်ကျလို့ စုတ်လိုစုတ်၊ နာလိုနာ၊ သင်္ကန်း ရေစိုလိုစို၊ တစ်ခါတစ်ခါလည်း မိုးကြီးလို့ ချောင်းရေတွေများနေလို့ ဥပုသ်မပြုနိုင်တာတွေ သတိရဦးမှာပေါ့။

တစ်နေ့ ဥပုသ်နေ့ပေါ့၊ အရှင်ဘုရား ဥပုသ်ပြုသွားရင်း ချော်လဲလို့ ဒူးစုတ်တဲ့အကြောင်း ပြောကြတယ်၊ အဲဒီစကားဝိုင်းမှာ ဒေါ်စိန်ပုနှင့် ဦးထွန်းကြိုင်တို့ မိသားစုလည်း ပါတယ်။

အဲဒါ သူတို့က သဒ္ဓါပေါက်ကာ သူတို့ သိမ်ဒကာ လုပ်လိုကြောင်း၊ အလိုအလျောက် သဒ္ဓါပေါက်လာတယ်၊ သိမ်နတ် - သိမ်သမုတ်ကိစ္စရော သိမ်ဆောက်တာပါ အားလုံး သူတို့မိသားစုက ဒကာခံမယ်တဲ့။

တပည့်တော်လည်း တောထဲမှာ ကိစ္စမများလိုဘူး၊ သို့သော် သူတို့ရဲ့သဒ္ဓါတရားကိုလည်း စောင့်ရှောက်လိုတယ်၊ နောက်လာနောက်သားတို့လည်း အရှင်ဘုရားနှင့် တပည့်တော်တို့လို သိမ်အတွက် မဆင်းရဲစေရန် ကျဉ်းကျဉ်းနှင့် ဖြစ်အောင် သမုတ်ချင်ပါတယ်။

တောရကျောင်းသိမ်ကို တောရကျောင်း ဘုန်းကြီးတွေနဲ့ချည်း သမုတ်ချင်ပါတယ်၊ ညောင်လွန့်တောရ ဆရာတော်ထံသို့ မုဒုံမှ ဦးသိန်းဖေကို လွှတ်လိုက်ပါသည်။

၎င်းမှအပြန် အရှင်ဘုရားတို့ အစင်တောရကျောင်းသို့ လာပါမည်၊ လိုအပ်တဲ့ အစီအစဉ် အကြံဉာဏ်များကို ၎င်းဒကာကြီး ဦးသိန်းဖေအား ပေးလိုက်စေလိုပါသည်။

သိမ်သမုတ်မှာကတော့ ပြာသိုလဆန်း ၉ ရက် ၁၀ ရက်ကျမှ သမုတ်မှာပါ၊ ကြိုတင်ပြီး တိုင်ပင်ဆွေးနွေးတာပါ၊ အရှင်ဘုရားကတော့ ပြာသိုလဆန်း ၅ ရက်နေ့ အရောက် ကြွရပါမည်။

အကြံဉာဏ်နှင့်တကွ ကြွနိုင်၊ မကြွနိုင် ဘယ်နစ်ပါးကြွမည် စသည်ကို ကြိုတင်သိလိုပါသည်။ ဒီစာဟာ ပင့်စာလည်းဖြစ် အကြံဉာဏ်တောင်းစာလည်း ဖြစ်ပါသည်။ နီးမှတစ်ခါ ပင့်စာပေးပါမည်။ ကြွတဲ့အခါ ကပ္ပိယလည်း လွှတ်ပေးပါမည်။

ကြိုတင် ပြင်ဆင်နိုင်ရန် စာရက အမြန်စာပြန်ပါ။ ပြန်စာအရ ပြုပြင်စီစဉ်ရပါမည်။

သတိရစွာဖြင့်
အရှင်ဉာဏိသရ (သဲကုန်း)
သပိတ်အိုင်တောရ

"ကဲ ... ဘယ်နယ့်လဲ၊ ဘယ်လိုသဘောရသလဲ"

စာဖတ်လို့ ဆုံးလျှင်ဆုံးချင်း မိမိက အရှင်ဝဏ္ဏိတအား မေးလိုက်ခြင်း ဖြစ်၏။

"သွားရမှာ တယ်မသွားချင်ဘူး"

အရှင်ဝဏ္ဏိတမှာ သပိတ်အိုင်တောရ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် သပိတ်အိုင်တောရတွင် အဦးဆုံးနေခဲ့သူ ဖြစ်၏။

"မသွားချင်လို့တော့မဖြစ်ဘူး၊ကိစ္စက သိမ်သမုတ်ကိစ္စအရေးကြီးတယ်၊ပြီးတော့တောရကျောင်းသိမ်၊တောရကျောင်း ဘုန်းကြီးတွေနဲ့ပဲ သိမ်သမုတ်ချင်တယ်တဲ့"

"သွားတော့ သွားရမှာပေါ့လေ"

"နို့ . . . ဘာလိုသေးလဲ"

"ဘုန်းကြီး ဦးတေဇနိယတို့ ဦးအာစိဏ္ဏတို့လည်း ဒီစာပြဦးလေ"

"တင်ပါ့၊ ပြပါမယ်၊ အရှင်ဘုရား သဘောထား အရင်မေးလျှောက်တာပါ"

"ကဲ . . . ဒါဖြင့် သွားပြပါ၊ သူတို့ပြီးလည်း ပြီးတာပဲ"

မိမိသည် ဘုန်းကြီး ဦးတေဇနိယနှင့် ဦးအာစိဏ္ဏတို့အားလည်း စာကိုပြသည်။ သူတို့လည်း ခရီးမသွားလိုကြ၊ သို့သော် အရေးကြီးသော သာသနကိစ္စဖြစ်၍ သွားကြမည်ဟု ဝန်ခံသည်။

တစ်ညတွင် အားလုံးစုရုံးပြီး တိုင်ပင်သည်။ ဘယ်လို စီမံသင့်သည်။ ဒီက ဘယ်လိုသွားမည် စသည် တိုင်ပင်ပြီးသော အခါ မိမိသည် အရှင်ဉာဏိဿရထံ စာပြန်လိုက်သည်။

သို့

အရှင်ဉာဏိဿရ (သဲကုန်း)

၁၃၃၆ - ခု၊ သီတင်းကျွတ်လ

သတိရစွာဖြင့် ပြန်ကြားသိစေပါသည်။ ပေးလိုက်သောစာကို ရ၍ တောရရှိ အရှင်များကို ပြသပြီး တိုင်ပင် ပါသည်။

တိုင်ပင်တဲ့အခါ ယခု ငါးပါးရှိရာ ဦးဝါသဝ တစ်ပါးသာ ထားခဲ့ပြီး တပည့်တော်နှင့် ဘုန်းကြီးဦးတေဇနိယ၊ ဦးဝဏ္ဏိတ၊ ဦးအာစိဏ္ဏတို့ လေးပါးကြွဖို့ သဘောတူပါသည်။

အကြံပေးလိုတာကတော့ သံဃာများနေဖို့ မဏ္ဍပ်တစ်ခုတည်း ထိုးထားတာထက် တဲကျောင်းငယ်လေး တွေ တစ်ကျောင်းစီ ထိုးထားရန် ဖြစ်ပါသည်။

ဆွမ်းကိုလည်း တောကျောင်းစနစ်အတိုင်း မိမိတဲကျောင်းတွင် မိမိစားရန် ဖြစ်ပါသည်။ ယင်းသို့ဖြစ်နိုင်က ဒကာရော သံဃာပါ ချမ်းသာမည်ဟု ယူဆပါသည်။ ဝန်မလေးက ယင်းသို့ပဲ စီစဉ်ပါ။

သိမ်မြေနေရာကွက်ကို မဏ္ဍပ်ထိုးပါက အမိုးမမိုးဘဲ ထားရန်ကို သဘောတူကြပါသည်။

သိမ်သမုတ်ရာတွင် နာနာဝါဒတွေ မဖြစ်စေရန် အကြီးအကဲတစ်ပါး ထားပြီး တစ်နည်းနည်းတည်းနဲ့သာ သမုတ်ရန် သဘောတူကြပါသည်။

တပည့်တော်တို့ကြွလာတဲ့အခါ အဲဒီက ကပ္ပိယလွှတ်စရာ မလိုပါဘူး၊ အဲဒီမှာသာ ထောင့်စေ့အောင် စီမံပါ။ ဒီက တပည့်တော်တို့ ကပ္ပိယနဲ့ တပည့်တော်တို့ လာခဲ့ပါမယ်။

ကျန်းမာပါစေသော်

ကျန်းမာစွာနှင့်

တောဒဂ် - အရှင်ပညာဇောတ

မွန်စိန်တောရ

အချိန်ကား ပြာသိုလဆန်း ၄ ရက်နေ့ ဆွမ်းစားပြီးချိန် ဖြစ်၏။ မွန်စိန်တောရရှိ သိမ်သမုတ်သွားမည့် တောရ အရှင်လေးပါး တို့သည် အသီးသီး သပိတ်ပရိက္ခရာ ပြင်ဆင်နေချိန်ဖြစ်၏။

မိမိသည် ဘရုတ်သုတ်ခနှင့် ပြင်လို့ မပြီးတတ် ပြီးတတ် အရှင်ဝဏ္ဏိတထံသို့ ရောက်သွားသည်။

အရှင်ဝဏ္ဏိတမှာ အထားအသို အနေအထိုင် အင်မတန်သေသပ်သည်။ သူသည် တခမ်းတနား သိမ်းဆည်းပြင်ဆင်နေသည်။ သို့နှင့် မိမိက

"အမယ်လေးဟဲ့၊ သိမ်းလိုက် ထုပ်လိုက်တာ တစ်လကိုးသီတင်း ခရီးသွားမှာကျနေတာပဲ"

ဟု ပြောလိုက်သည်။

ထိုအခါ အရှင်ဝဏ္ဏိတက

"ဘုန်းကြီး ဦးတေဇနိယ သွားကြည့်စမ်းပါ၊ ဒါ့ထက် သေချာသေးတယ်၊ အရှင်ဘုရားသာ ဘရုတ်သုတ်ခနဲ့ ပြီးခဲ့ပြီလား"

ဟု ပြန်မေးသည်။

"တပည့်တော် ပြင်မပြီးသေးဘူး၊ သတိရတာနဲ့ လာကြည့်တာ"

ပြောပြောဆိုဆိုနှင့် မိမိသည် ဘုန်းကြီး ဦးတေဇနိယကျောင်း မသွားတော့ဘဲ မိမိကျောင်း မိမိပြန်လာကာ ပြီးစီးအောင် ပြင်ဆင်သည်။

ပြာသိုလဆန်း ၅ ရက်နေ့ နံနက်တွင် မိမိတို့သည် အစင်ရွာမှ ရေးသို့ မော်တော်မစီးဘဲ ခြေကျင်ခရီးဖြင့် သွားကြသည်။

ရထားသို့ ရောက်သော် အဆင်သင့်စောင့်နေသူများက ကြိုဆိုကာ နေရာချပေးကြသည်။ သပိတ်အိုင်တောရမှလည်း ဒကာတစ်ယောက် အကြိုလွှတ်ပေးသည်။

မိမိတို့ ရေးရထားမှာ ရှူးရှဲဟောဟဲနှင့် တရွေ့ရွေ့ရှားရှားသာ သွားနိုင်ရာ၏။ တစ်ခါတစ်ခါ တောင်အတက် ပြန်ပြီးများ လျောကျမလား ထင်ရ၏။ သွားသော် ဖြည်းဖြည်း၊ ရပ်သော် နေးနေး၊ ရထားမှာ ရေးရထားဖြစ်၏။

မိမိတို့အား ကပ္ပိယများက လမိုင်းဘူတာအရောက် အဆင်သင့်ပါသော ဆွမ်းများကို ရထားပေါ်တွင် ပြင်ဆင်ကပ်ကြ၏။ ခရီးသွားကာမှ ဆွမ်းကလည်း စားလို့ကောင်းလှသည်။

အရှင်အာစိဏ္ဏအတွက် ဟင်းများမှာ သက်သတ်မလွတ် တလွတ်တွေ ဖြစ်၏။ မိမိတို့အတွက်မူ လွတ်တာရော မလွတ်တာရော သောင်းပြောင်းထွေလာ ဖြစ်၏။

ရထားမှာ တစ်ထပ်တည်းစားသော တောကျောင်းဘုန်းကြီးတွေ အေးအေးဆေးဆေး စားလို့ပြီးတာတောင်မှ မထွက်သေးပေ။

ရေးမှ နံနက် ၇ နာရီထွက်ခဲ့သော ရထားသည် မော်လမြိုင်သို့ ညနေ ၅ နာရီကျော်မှ ရောက်သည်။ ရောက်သော် အဆင်သင့်စောင့်ကြိုနေသော ကားနှင့် ဆိပ်ကမ်းသွားရသည်။ ဆိပ်ကမ်းတွင် ကြားမော်တော်တစ်စင်းသာ ရှိတော့သည်။

မော်တော်ပေါ်ရောက်သော် တစ်ဆင့်ကြာပြန်၏။ သို့နှင့် မုတ္တမသို့ မှောင်မှ ရောက်တော့၏။ မုတ္တမတွင် ကြိုသူများ မရှိတော့။

အရှင်အာစိဏ္ဏမှာ ခေတ္တတည်းခိုရာတွင် မူးနေပေပြီ။ ထိုစဉ် မိမိတို့ ကပ္ပိယက မိမိအား လှမ်းပြီးပြောသည်။

"ဒီလောက် အသွားအလာ ဒုက္ခရောက်တာတောင် တောထဲ အေးအေးဆေးဆေး မနေနိုင်ဘူး၊ နောက်တစ်ခါ တရားဟော သွားဦးမလား"

ဟူ၍ ဖြစ်သည်။

မိမိမှာ သိမ်သမုတ်ကိစ္စအပြီး ဆက်လက်၍ တရားပွဲများသို့ သွားရန် လာခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် မိမိအား ပြောခြင်း ဖြစ်သည်။

အဆင်မပြေသော စရိုးအတွက် မိမိက ဘာဆင်ခြေတွေ ပေးနိုင်ဦးမည်နည်း။ ဆင်ခြေမပေးဘဲ ခေါင်းငုံ့ကာသာ နေလိုက်ရတော့၏။

အတန်ကြာမှ မုတ္တမမှ ဒကာကြီး ဦးဘဝင်းနှင့် ဒကာကြီး ဦးရွှေလေးတို့လူစု ရောက်လာသည်။ ရောက်လာလျှင် ဒကာကြီးတွေက "တပည့်တော်တို့ဖြင့် မျှော်လိုက်ရတာဘုရား၊ မော်တော်ဆိုက်တိုင်းပါပဲ၊ မော်တော်ကုန်ပြီဆိုလို့ ပြန်သွားပါတယ်၊ လာကြိုတဲ့ကားလည်း ပြန်သွားပြီ၊ ခုမမျှော်ကာမှ ရောက်လာတယ်၊ အရှင်ဘုရားတို့တော့ ပင်ပန်းမှာပဲဘုရား" ဟု လျှောက်၏။

"ကိုင်း... ပင်ပန်းတာ မပင်ပန်းတာ အသာထား၊ ယခု ဘယ်လိုစီစဉ်မလဲ"

ဟု အရှင်ဝဏ္ဏိတက မေးလိုက်၏။

"အရှင်ဘုရားတို့ သဘောပါပဲဘုရား၊ ဒီမှာပဲ ဒီတစ်ည အိပ်မယ်ဆိုလို့ရှိရင်လည်း အဆင်သင့်ပါပဲ၊ သပိတ်အိုင်ဘက် ကြွမယ်ဆိုရင်လည်း တပည့်တော်တို့ စီစဉ်ပေးပါ့မယ်ဘုရား"

"ဆက်ကြွလို့ လွယ်ရင် ဆက်ကြွချင်တယ်" အရှင်ဝဏ္ဏိတက ဝင်ပြောသည်။

"လွယ်တာတော့ မလွယ်လှပါဘုရား၊ ဂိတ်က ပိတ်ထားပါသည်၊ ဂိတ်ပြောပြီး ကားငှားပို့ပေးရမှာပါပဲဘုရား"

"ကဲ ... ဒကာကြီးတွေ အဲဒါသာ ကြိုးစားကြည့်ပါဦး၊ အဲဒါ အဆင်မပြေမှ ဒီမှာ ညအိပ်ဖို့ စီစဉ်တာပေါ့၊ ဒီမှာက ဂိလာန ကိုယ်တော်တစ်ပါးကလည်း ပါလာတယ်" ဟု မိမိက ပြောလိုက်ခြင်း ဖြစ်သည်။

"ဒီလိုဆို တပည့်တော်တို့ဖြစ်အောင် စီစဉ်ပေးပါမယ်ဘုရား" ဒကာကြီးများသည် ပြောပြောဆိုဆို လူစုခွဲကာ ထွက်သွားကြသည်။ တချို့က ဂိတ်သွားပြောကြသည်၊ တချို့က ကားရှာငှားကြသည်။ မကြာမီ ကားငယ်တစ်စင်း ရလာသည်။

မိမိတို့လူတစ်စု ကားပေါ်တွင် အသီးသီး နေရာယူပြီးသော် သပိတ်အိုင်ဆီသို့ ထွက်ခဲ့သည်။

သပိတ်အိုင်လမ်းဝ ကားရပ်သောအခါ ဒကာ ဒကာမများမှာ အုံ့အားသင့်နေကြသည်။ အကြောင်းကိုဆိုသော် ၉ နာရီ အချိန်လောက် ရောက်နေလို့ ဖြစ်၏။

ကားဆိုက်လျှင်ဆိုက်ချင်း အရှင်အာစိဏ္ဏမှာ ထိုးအန်တော့၏။ တဝေ့ဝေ့နှင့် အန်မဆုံးတော့ပေ။

ထိုသို့အန်စဉ် ပါလာသော ကပ္ပိယက "အော့အန်ကုန်ပြီ" ဟု အထိတ်တလန့် အော်လိုက်ပြန်သဖြင့် မိမိတို့မှာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

အရှင်အာစိဏ္ဏအဖို့မှာမူ ယင်းသို့ မူးတာနှင့် အန်တာတို့မှာ အဆန်းမဟုတ်တော့၊ ရိုးသလောက် ဖြစ်နေပြီ။

မိမိတို့သည် အရှင်အာစိဏ္ဏအား ဖေးမပြုစုနေစဉ် အနီးရှိ ကပ္ပိယက မိမိအား "ရေးပါဦးလား၊ အဲဒီအကြောင်းတွေ" ဟု လှမ်းပြောလိုက်သည်။

"ရေးစရာကောင်းရင် မရေးခိုင်းလည်း ရေးရမှာပဲ" ဟု စာရေးသော မိမိက ပြန်ပြောလိုက်သည်။

ဟုတ်ပါသည်။ စာရေးသူအဖို့ သူများရေးခိုင်းတိုင်းလည်း ရေးလို့မရပါ၊ မရေးခိုင်းသော်လည်း အစအန ပေါ်လာလျှင် ရေးလို့ဖြစ်ပါသည်။ အရာရာ စာတော့ မဖြစ်နိုင်ပါ။ အရာရာ စာဖြစ်လာလျှင်လည်း ကောင်းမည် မဟုတ်ပါ။

သို့ဖြင့် မိမိတို့သည် သပိတ်အိုင်တောရသို့ ရောက်လာသည်။ တောရကျောင်းတွင် အင်ဂျင်စက်ငယ်ဖြင့် မီးထွန်းထားသဖြင့် တစ်တောလုံး လင်းနေသည်။

မိမိတို့ မလာတော့ဘူးအထင်နှင့် ဘယ်သူမှ မမျှော်လင့်ဘဲ အေးအေးဆေးဆေး နေကြသည်။ မိမိသည် ရှေ့မှ သွားပြီး

"ဘယ်မှာလဲ ကျောင်းဘုန်းကြီး၊ အာဂန္တုတွေ ပင့်ထားပြီး ဝတ်မပြုဘူး" ဟု အော်လိုက်သည်။

ထိုအခါမှ အရှင်ဉာဏိဿရနှင့် ဒကာ ဒကာမတွေ သီကာ အားရဝမ်းသာနှင့် ဆီးကြိုကြသည်။ ကျောင်းငယ်လေးတွေ တွေ့ရသည်။

"ဟောဒီမှာ အရှင်ဘုရားတို့ အကြံဉာဏ်အတိုင်းပဲ၊ တဲကျောင်းလေးတွေ ဆောက်ထားပါတယ်၊ သူ့ကျောင်း၊ ငါ့ကျောင်း သူ့ဘုန်းကြီး၊ ငါ့ဘုန်းကြီး မဖြစ်ရအောင် မဲချထားတယ်"

"ညောင်လွန့်ဆရာတော်နဲ့အတူ သုံးပါးကြွတယ်၊ ညောင်လေးပင် ကြားတောရဆရာတော်လည်း ကြွလာပြီ"

"တပည့်တော်နဲ့ ညောင်လွန့်ဆရာတော်နှစ်ပါးနဲ့က အပေါ်ကျောင်းကြီးမှာ နေမယ်၊ အရှင်ဘုရားတို့အတွက် ဟောဒီကျောင်းဒကာနဲ့ ဘုန်းကြီးစာရင်းအတိုင်း သီတင်းသုံးရမယ်"

ပြောပြောဆိုဆိုနှင့် အရှင်ဉာဏိဿရသည် စာရင်းကို ဖတ်ပြသည်။

၁။ ဒေါ်အေးဖြူနှင့် မိသားစုကျောင်း။
ကြားတောရဆရာတော်၊ ညောင်လေးပင်မြို့။

၂။ ဦးအောင်ဘော် + ဒေါ်ရီ မိသားစုကျောင်း။
အရှင်အာစိဏ္ဏ၊ မွန်စိန်တောရ၊ အစင်ရွာ၊ ရေးမြို့နယ်။

၃။ ဦးအောင်ထွန်း + ဒေါ်နန်းကြင် မိသားစုကျောင်း။
အရှင်ကောသလ္လ၊ ရွှေဥမင်တောရ၊ ရန်ကုန်။

၄။ ဦးထွန်းအောင် မိသားစုကျောင်း။
အရှင်သုန္ဒရ၊ ကျောက်အိုင်တောရ၊ ပေါင်မြို့နယ်။

၅။ ဦးစံညွန့် မိသားစုကျောင်း။
အရှင်ဝဏ္ဏိတ၊ မွန်စိန်တောရ၊ အစင်ရွာ၊ ရေးမြို့နယ်။

၆။ မောင်လှကြည်ကျောင်း။
ဓတေဒဂ် - အရှင်ပညာဇောတ၊ မွန်စိန်တောရ၊ အစင်ရွာ၊ ရေးမြို့နယ်။

၇။ ဒေါ်စိန်တင်ကျောင်း။
အရှင်တေဇနိယ၊ မွန်စိန်တောရ၊ အစင်ရွာ၊ ရေးမြို့နယ်။

၈။ ဦးထွန်းစိန် + ဒေါ်နော်ဘုကျောင်း။
အရှင်သုဇာတ၊ ညောင်လွန့်တောရ။

ယင်းသို့ ဖတ်ပြပြီး မိမိတို့အသီးသီး နေရာယူပြီးသော် ညောင်လွန့်ဆရာတော်အား ဖူးမြော်ကာ အိပ်စက်ကြတော့၏။

ပြာသိုလဆန်း ၆ ရက်နေ့တွင် နားရန်ဖြစ်သော်လည်း သံဃာစုံနေသဖြင့်လည်းကောင်း၊ အားလုံးကျန်းမာနေသဖြင့်လည်းကောင်း မနားတော့ဘဲ နံနက်စောစောပင် သိမ်နတ်ပါသည်။ အားလုံး အဆင်သင့် ပြင်ထားပြီးဖြစ်၍ နတ်နိုင်ခြင်း ဖြစ်ပါသည်။

သိမ်နှတ်သောအခါ အရှည၀ါသီ၊ လင်္ကာသူမွန်၊ သီလဝန်ဖြစ်တော်မူသောညောင်လွန့်တောရ ဆရာတော်ကြီးကို ပဓာနဦးစီးအကြီးအမှူးပြု၍ စုရုံးတော်မူကြပြီး သီမသမ္မုဟနကံကို ဆောက်ရွက်တော်မူကြပါသည်။

ကံဆောင်သောအခါ၌ "ရက္ခာဒိသမ္မုဓုဝဂ္ဂကမ္မ" မဖြစ်ကြစေရန် တစ်စုတည်းစုရုံးတော်မူကြလျက် "ကိုးဌာနနှတ်နည်း" ဖြင့် စတင်နှတ်တော်မူကြလေရာ ညောင်လွန့်တောရ ဆရာတော်တစ်ပါးတည်း ရှေးဦးစွာ "အဝိပ္ပဝါသသီမသမ္မုဟနကမ္မဝါစာ" ကို ဖတ်၍ တစ်ဆက်တည်းပင် "သမာနသံဝါသသီမသမ္မုဟန ကမ္မဝါစာ" ကို ဖတ်ပြီး သမ္မုဟနကံကို ဆောင်ရွက်ပါသည်။

ထို့နောက် မလှိုင်မြို့တောရဆရာတော်ဘုရားကြီး (ညောင်လွန့်အနွယ်)

ထို့နောက် ညောင်လေးပင်မြို့ကြားတောရ ဆရာတော် (ရွှေကျင်နိကာယ)

ထို့နောက် ရေးမြို့နယ် အစင်ရွာ မွန်စိန်တောရမှ အရှင်တေဇနိယ၊ အရှင်ဝဏ္ဏိတ၊ အရှင်အာစိဏ္ဏနှင့် ဓတေဒင် အရှင်ပညာဇောတတို့က တစ်ပါးစီ အစဉ်အတိုင်း သမ္မုဟနကံကို ဆောင်ရွက်ပါသည်။

ထို့နောက် သပိတ်အိုင်တောရ အရှင်ဥက္ကံသရ၊ ညောင်လွန့်တောရ အရှင်သုဇာတ၊ ကျောက်အိုင်တောရ အရှင်သုန္ဒရတို့ကလည်း တစ်ပါးစီပင် သမ္မုဟနကံကို ဆောင်ရွက်တော်မူကြပါသည်။ ယင်းသို့လျှင် အရှည၀ါသီ လင်္ကာသူမွန်၊ သီလဝန် ပညဝန် အရှင်မြတ်တို့သည် -

၁။ ကိုးဌာနနှတ်နည်း

၂။ ငါးဌာနနှတ်နည်း

၃။ သမပင်္တိနှတ်နည်း

၄။ ပျားကြီးစွဲနှတ်နည်း

၅။ ထောင့်တန်းနှတ်နည်း

၆။ ကြက်ခြေသင်္ကာန်နှတ်နည်း

၇။ အဋ္ဌသီမန္တရိကနှတ်နည်း

၈။ သီမန္တရိကပရိက္ခေပနှတ်နည်း

ဟူသော ရှစ်နည်းတို့ဖြင့် အကြိမ်များစွာ ဝိနယဂရုကပုဂ္ဂိုလ်တို့၏ သံသယဖြောင့်တံသင်း ကင်းစင်လောက်အောင် (၃)ရက်တိုင်တိုင် နှတ်တော်မူကြပါသည်။

ယင်းသို့ သုံးရက်တိုင်တိုင် နှတ်ပြီးနောက် ပြာသိုလဆန်း ၉ ရက်နေ့တွင် ထောင့်အရပ်နှင့်တကွ အရပ်ရှစ်မျက်နှာတို့၌ နိမိတ်လောက်သော ရေနံဆီပုံးပမာဏရှိ ပကတိကျောက်တုံးများကို နေရာတကျ ချထားပြီး ဥပသကာ. ဥပါသကာတို့ချည်းသက်သက် နိမိတ်စောင့်စေ၍ ရှေးဦးစွာ ညောင်လွန့် ဆရာတော်ဘုရားကြီးက နိမိတ်ရှိရာသို့ သွားပြီးလျှင် မြန်မာလိုသက်သက် နိမိတ်ကြားတော်မူ၍ တစ်ဖန် နိမိတ်ရှိရာအရပ်သို့ မသွားဘဲ သံယာ့အလယ်မှပင် မြန်မာလိုသက်သက် နိမိတ်ကြားတော်မူပြန်ပါသည်။

ထို့နောက် မလှိုင်ဆရာတော်. ညောင်လေးပင် ကြားတောရဆရာတော်. မွန်စိန်တောရ အရှင်တေဇနိယဆရာတော်နှင့် သပိတ်အိုင်တောရ အရှင်ဥက္ကံသရ တို့က နိမိတ်ကြားတော်မူကြပါသည်။

ယင်းသို့ လူဒါယကာ ဒယိကာမတို့ချည်းသက်သက် နိမိတ်စောင့်စေ၍ ငါးကြိမ်တိုင်တိုင် နိမိတ်ကြားပြီးသော် ရဟန်းတော်တို့ချည်းသက်သက် နိမိတ်စောင့်စေ၍ညောင်လွန့်ဆရာတော်ဘုရားကြီးက အလယ်မှနေ၍ ပါဠိလိုသက်သက် နိမိတ်ကြားတော်မူပြီးလျှင် မလှိုင်ဆရာတော်ဘုရားကြီးက နိမိတ်ရှိရာသို့ သွားပြီး နိမိတ်ကြားတော်မူပြန်ပါသည်။

ယင်းသို့ ပြခဲ့သည့်အတိုင်း ဒကာ ဒကာမတို့ကို နိမိတ်စောင့်စေ၍ ငါးကြိမ် ကြားခြင်း၊ ရဟန်းတော်တို့ကို စောင့်စေ၍ နိမိတ် နှစ်ကြိမ် ကြားခြင်း၊ ဤသို့ ခုနစ်ကြိမ်တိုင်တိုင် နိမိတ်များ မကျိုးမပေါက်စေဘဲ ထပ်မိစပ်မိအောင် ကြားတော်မူပါသည်။

ယင်းသို့ နိမိတ်ကြားခြင်း၊ ပုဗ္ဗကရဏ လုံးဝပြီးပြေလတ်သော် သမာနသံဝါသသီမသမ္မုတိ ကမ္မဝါစာကစ၍ သမ္မုတိ ကမ္မဝါစာ နှစ်မျိုးစလုံးကိုပင် -

၁။ ညောင်လွန့်တောရ ဆရာတော်ဘုရားကြီး တစ်ပါးတည်း ပထမအကြိမ် ဖတ်ပါသည်။

၂။ မလှိုင်တောရ ဆရာတော်ဘုရားကြီးနှင့် ညောင်လွန့်တောရ အရှင်သုဇာတတို့က ဒုတိယအကြိမ်

၃။ ညောင်လေးပင် ကြားတောရဆရာတော်နှင့် မွန်စိန်တောရ အရှင်တေဇနိယတို့က တတိယအကြိမ်

၄။ မွန်စိန်တောရ အရှင်ဝဏ္ဏိတနှင့် အရှင်အာစိဏ္ဏတို့က စတုတ္ထအကြိမ်

၅။ မွန်စိန်တောရ ဇောတဒဂ်အရှင်ပညာဇောတနှင့် ကျောက်အိုင်တောရ အရှင်သုန္ဒရတို့က ပဉ္စမအကြိမ်

၆။ သပိတ်အိုင်တောရ အရှင်ဉာဏိဿရနှင့် ညောင်လွန့်အရှင် သုဇာတတို့က ဆဋ္ဌမအကြိမ်

၇။ ထို့နောက် ညောင်လွန့်ဆရာတော်ဘုရားကြီး တစ်ပါးတည်းပင် သတ္တမအကြိမ်

သမုတ်တော်မူကြပါသည်။

ယင်းသို့ သမ္မုတိကမ္မဝါစာ တစ်မျိုးလျှင် (၇)ကြိမ်စီ ပီပြင်ကျနစွာ ကရဏနှင့် ဌာနပယုတ် မချွတ်စေရ၊ ဝိနယဝိဒူ၊ ဝိညူ ပဏ္ဍိတ တို့၏ သံသယဝိပတ္တိတို့ကို ကင်းစေလျက် ဖတ်ရုံ၊ ရွတ်ရုံ၊ သာမန်မဟုတ်ဘဲ သမုဟနကံ ဆောင်ရွက်ကြစဉ်က သမုဟနာပေက္ခစိတ်ဖြင့်သာ ရွတ်ဖတ်တော်မူကြသလို သမ္မုတိအရာ၌လည်း သမ္မုတာပေက္ခစိတ်ထားဖြင့် ရွတ်ဖတ်တော်မူကြသည့် အဆုံး၌ "သာဓုဇနပါသာဒိက" သိမ်တော်ကြီးသည် ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိသော ပံသု - သီလာ နှစ်ဖြာ ပထဝီ၊ မေဒနီကို ထွင်းဖောက်လျက် ယူဇနာလေးသိန်းရှစ်သောင်း အတိုင်းအရှည်ရှိသော ရေထုသို့ရောက်အောင် သက်ဝင်၍ အောင်မြင်ပြီးစီးပါသတည်း။

ယင်းသို့ အောင်မြင်ပြီး သိမ်ကို ပြာသိုလဆန်း ၁၀ ရက်နေ့တွင် ဂါမဝါသီ အရညဝါသီ အတူတွဲဖက်တော်မူကြကာ ဖော်ပြပါ အစီအစဉ်အတိုင်း ထပ်မံ၍ သမုတ်တော်မူကြပြန်ပါသည်။

၁။ ထူးကြီးဆရာတော်၊ မွန်စိန်တောရဇောတဒဂ် အရှင်ပညာဇောတ၊ သပိတ်အိုင်တောရ အရှင်ဉာဏိဿရ တို့က ပထမအကြိမ်၊

၂။ မော်လမြိုင်မြို့ ပန်းဘဲတန်း ရွှေကျောင်းဆရာတော် အရှင်ကုမာရ၊ မော်လမြိုင်မြို့ မောင်ငံကွင်း ကျောင်း ဆရာတော်အရှင်သုဇာတ၊ မွန်စိန်တောရ အရှင်အာစိဏ္ဏတို့က ဒုတိယအကြိမ်၊

၃။ သထုံမြို့ လယ်ဝန်ဆရာတော်၊ ဓမ္မမေဒနီ ဆရာတော် အောင်မြေရွှေဘုံ ဆရာတော်တို့က တတိယ အကြိမ်၊

၄။ မော်လမြိုင်မြို့ စိန်မမကျောင်း တိုက်အုပ်ဆရာတော် ဦးသူရိယ၊ သထုံမြို့ သဒ္ဓမ္မဇောတိကာရာမတိုက် ပိဋက တ္တပါရဂူ ဦးဝိဇယ၊ မော်လမြိုင်မြို့ ဈေးကြိုတော်ကူးကျောင်း ဆရာတော်တို့က စတုတ္ထအကြိမ်၊

၅။ ထူးကြီးဆရာတော် တစ်ပါးတည်း ပဉ္စမအကြိမ်၊

၆။ မော်လမြိုင်မြို့ ပန်းဘဲတန်း ရွှေကျောင်းဆရာတော်တစ်ပါးတည်း သီဟိုဠ်ကျွန်းသား ပဏ္ဍိတ်တို့၏ ရွတ် ဖတ်နည်း အတိုင်း ရွတ်ဖတ်တော်မူလျက် ဆဋ္ဌမအကြိမ်၊

၇။ ညောင်လွန့်တောရ ဆရာတော်ဘုရားကြီး တစ်ပါးတည်း သတ္တမအကြိမ် နိဂုံးအဖြစ် ဖတ်ရွတ်တော်မူကာ သမ္ဗုတိ ကမ္မဝါစာ နှစ်မျိုးစလုံးကိုပင် (၇)ကြိမ် ပီပြင်ကျနစွာ ရွတ်ဖတ်တော်မူကြခြင်းဖြင့် ဒဋ္ဌီကမ္မ. ထိရတာရမိသသကသမ္မတအမှု အစုစု အရပ်ရပ် အောင်မြင်ပြီး ပြေလတ်ပါသတည်း။

ဤသိမ်သမုတ်ပွဲတွင် အရည့ဝါသီ (၁၁)ပါး၊ ဂါမဝါသီ (၁၅)ပါး အားဖြင့် (၂၆)ပါး ဖြစ်ပါသတည်း။

✦ သာသနာအကျိုး၊ ဆောင်သယ်ပိုး၊ စိုက်ပျိုးသိမ်ကုသိုလ်။

✦ သိမ်သန့်မှသာ၊ သာသနာ၊ သန့်စွာစည်မည်ကို။

✦ သာသနာစည်၊ လူနတ်ပြည်၊ စည်မည်နတ်လူပျို။

# မွေးနေ့မှာ ကောင်းမှုကုသိုလ် လုပ်ခြင်းဟာ ဘယ်လို အကျိုးကျေးဇူးများ ရှိပါသလဲဘုရား

(၉၃)

"စေတနာ့ဝိရတိ့ဟူဘိနစ်ဖြာ့ပြဋ္ဌာန်းစွာသား့ကျင့်စာရိတ္တ့ဝါရိတ္တဟု့ သီလ ရတနာ့မြတ်တန်ဆာလည်း သတ္တဝါခပင်း့မင်းဆင်းရဲသား့ မပိုင်းခြားဘူး့ လေးပါးမျိုးနွယ့် ကြီးငယ်မဆို့ ရှယ်ပျို ရှယ်ရင့် ဆင်တိုင်း သင့်၏"

"ကောင်းကျင့်ဟူဘိ့ကျေးဇူးရှိသား့ဂိဟိပြဟွ့စရိယတိ့ဆုံးမဆို့ပိတ့်မြတ်စာ ရိတ်နှင့်ဝါရိတ်အညီ့မပြတ် မှီလော့ ပဉ္စသီဥပုသ့် စောင့်ကိုယ်နှုတ်ဖြင့် မယုတ်အားကြိုး့ ဤကျင့်ရိုးသည့် ကောင်းကျိုးအလွန်တရာတည်း"

(မဃဒေဝ)

မိမိကို တစ်စုံတစ်ယောက်သောသူက အနှစ်သက်ဆုံး စာအုပ်တစ်အုပ်ကို ပြောပြပါဆိုရင် မဆုတ်မဆိုင်းပင် မဃဒေဝ လင်္ကာစာအုပ်ဟု ပြောပြလိုက်ပါမည်။

မှန်၏။ မိမိသည် ယင်းစာအုပ်ကို အကြိမ်ကြိမ် ဖတ်သည်။ အကြိမ်ကြိမ် မှတ်သည်။ အကြိမ်ကြိမ် ကျက်သည်။ မိမိ အတွက် လိုအပ်ချက်တွေ အကုန်ရပါ၏။

သို့ဖြစ်၍ မိမိသည် တစ်ခြားဖတ်စရာ စာအုပ်အသစ် မရှိသော် မဃဒေဝလင်္ကာစာအုပ်ကိုပင် ဖတ်လေ့ရှိပါသည်။ မှတ်လေ့ ကျက်လေ့ ရှိပါ၏။ တစ်နေ့ ယင်းမဃဒေဝလင်္ကာမှ စာတစ်ပုဒ်ကို ဖတ်နေစဉ် "ဘုန်းဘုန်း စာတစ်စောင်လာတယ်" ဟု ကိုရင် တစ်ပါးက စာလာကပ်၏။ သို့နှင့် မိမိက မေး၏။

"ဘယ်က စာလဲဟ"

"မလျှောက်တတ်ပါဘုရား"

"ပေးတဲ့လူ လိပ်စာမပါဘူးလား"

"ပါတော့ ပါတယ်ဘုရား၊ မဖတ်တတ်ဘူး"

"ကဲ . . . ဒါဖြင့် ဖောက်စမ်း"

"စာတွေကလည်း အများကြီးဘုန်းဘုန်း"

"ကဲ ... ဖတ်ပြစမ်း"

ဘုန်းဘုန်းဘုရား -

တပည့်တော် ရှိသေစွာ ရှိခိုးဦးတင်လိုက်ပါသည်ဘုရား၊ ဘုန်းဘုန်း ကျန်းမာရွှင်လန်းစွာနဲ့ တရားအားထုတ်နိုင်ပါစေလို့ တပည့်တော် ဆုတောင်းမေတ္တာ ပို့သပါတယ်ဘုရား။

တပည့်တော်တို့ကတော့ ဘုန်းဘုန်း တရားများများလည်း အားထုတ်နိုင်ပါစေ (.....)ကိုလည်း ကြွလာပြီး တပည့်တော်တို့ကိုလည်း တရားများများ ဟောပြနိုင်ပါစေလို့ အမြဲ ဆုတောင်းနေပါတယ်ဘုရား။

တပည့်တော် ယခုလိုစာရေးတာက ဘုန်းဘုန်းကိုအနှောင့်အယှက်ပေးချင်လို့မဟုတ်ပါဘုရား၊ သတိလည်း ရနေလို့ပါဘုရား၊ နောက်ပြီး ဘုန်းဘုန်းကိုလည်း မသိနားမလည်တာကို မေးစရာရှိလို့ပါဘုရား။

(.....)နေ့တုန်းက (.....)တို့အိမ်မှာ ဆွမ်းလောင်းပါတယ်ဘုရား၊ နောက်ပြီး (.....)က ဆယ်တန်းမှာ ရူပဗေဒဘာသာကို ဂုဏ်ထူးနဲ့အောင်လို့ ဆရာ ဆရာမတွေကိုလည်း ဖိတ်ပြီး မုန့်ကျွေးတဲ့အလှူ လုပ်ပါတယ်ဘုရား။

အဲဒီအလှူမှာ (.....)တို့က သူတို့ကက်ဆက်ကို အကျသဘောမျိုးနဲ့ လာဖွင့်ပေးတော့ ဘုန်းဘုန်းရဲ့တရားကို တစ်ခါ နာရပြန်ပါတယ်ဘုရား။

ဘုန်းဘုန်းရဲ့တရားကို အဘတို့အိမ်က အလှူပြီးသွားကတည်းက မနာရတာ ခုမှပဲ ပြန်ပြီး နာရပါတော့တယ်ဘုရား။

တပည့်တော်လည်း ခုဝါတွင်းမှာ ဥပုသ်တစ်ပတ်တည်းပဲ စောင့်ရပါသေးတယ်ဘုရား၊ စောင့်တော့လည်း မေမေက ဘုန်းကြီးကျောင်းကို ဦးဦးဖျားဖျား ဆီလှူချင်ပါတယ်၊ (.....)ကျောင်းသွားပြီး ဥပုသ်စောင့်ရအောင်ဆိုတာနဲ့ အဲဒီ ပထမပတ်က (.....)ကျောင်းကို မိသားတစ်စုလုံးသွားပြီး ဥပုသ်စောင့်တာနဲ့ ဘုန်းဘုန်းရဲ့တရားသံကို မကြားရတော့ပါဘုရား။

"ဟင် ... ဘုန်းဘုန်းက ဒီမှာ၊ သူတို့က ဘယ်လိုလုပ်ပြီး တရားနာနိုင်မှာလဲဘုရား"

"ရည်လိုက်တာ ကိုရင်ကလဲ၊ စောင့်နေကျကျောင်းမှာ ကက်ဆက်နဲ့ တရားနာတာကို ပြောနေတာ"

"ဪ ..."

"ဪမနေနဲ့၊ ဆက်ဖတ်စမ်း၊ စာရေးတဲ့လူက နင့်ထက်တော်တယ်"

နောက်တစ်ပတ်တော့ တပည့်တော်တို့ စာမေးပွဲရက်နဲ့ တိုက်ဆိုင်နေလို့ ဥပုသ်မစောင့်ဖြစ်ခဲ့ပါဘုရား။

ဒါပေမဲ့ စိတ်ထဲကတော့ ၈ ပါးအနက်က တတ်နိုင်တဲ့ ငါးပါးကိုတော့ လုံနိုင်သမျှ လုံခြုံအောင် စောင့်ထိန်းခဲ့ပါတယ်ဘုရား။

ခု နောက်တစ်ပတ်ဆိုရင်တော့ ဥပုသ်စောင့်နိုင်ပါပြီဘုရား၊ ကျောင်းပြန်မတက်ရခင်မှာ သီတင်းပတ်တိုင်း မပျက်ရအောင် ဥပုသ်စောင့်မယ်လို့ မှန်းထားပါတယ်ဘုရား။

"သူများတွေ ကျောင်းတက်နေချိန်မှာ သူက ကျောင်းပြန်မတက်ခင်ဆိုတော့ သူက ဘယ်ကျောင်းတက်တာလဲ ဘုန်းဘုန်း"

"တက္ကသိုလ်ကျောင်း တက်တာ"

"ဒါကြောင့် စာတွေ အရှည်ကြီးရေးတတ်တာနဲ့ တူတယ်နော် ဘုန်းဘုန်း"

"အမယ်လေး လေရှည်လိုက်တာ၊ ဆက်ဖတ်စမ်းပါဦး"

နေ့ဘက်မှာအခြေအနေအရ မထိန်းသိမ်းနိုင်ပေမဲ့ ညဘက်ရောက်ရင်တော့ အိပ်ရာမဝင်ခင် ညတိုင်း ၈ ပါးသီလယူ. မေတ္တာပို့. သမ္ဗုဒ္ဓေဘုရားရှိခိုး သက်စေ့ရှိခိုး. အမျှအတန်းဝေပြီးမှ အိပ်ပါတယ်ဘုရား။

"ဟင်…ညဘက်ကြီး ၈ ပါးသီလယူတယ်တဲ့"

"ကိုရင်ကလည်း ရှည်လိုက်တာ၊ ရှစ်ပါးသီလ ညဘက်မယူရဘူးလို့ ဘယ်သူက ပြောလဲ"

"ညစာ စားပြီးမှဆိုတော့ လူတိုင်းယူနိုင်တာပေါ့ ဘုန်းဘုန်း"

"မယူနိုင်တဲ့လူတွေ တစ်ပုံကြီး၊ ညစာအပြင် ပွဲကြည့်တာတို့၊ နံ့သာလိမ်းတာတို့ စတဲ့ သိက္ခာပုဒ်တွေ အများကြီး ကျန်သေးတာပဲ"

"ဩော်…ဟုတ်သားပဲ"

"ပြီးတော့ တစ်ချို့ဆို သန်းခေါင်လောက်ကျမှ ဆာလို့ဆိုပြီး အိပ်ရာက ထ.စားတဲ့လူတွေလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ခုလို သီလယူထားတော့ စားဦးမလား"

"မစားတော့ပါဘုရား"

"တစ်ခြားသိက္ခာပုဒ်တွေကော ကျူးလွန်ဦးမလား"

"မကျူးလွန်တော့ပါဘုရား"

"အေး…သီလဆိုတာ နေ့ရယ်၊ ညရယ် ဘယ်ဟုတ်မလဲ၊ စောင့်နိုင်ရင် စောင့်တဲ့အချိန် အကျိုးရတာပေါ့၊ ကဲ ရှည်လိုက်တာ ဆက်ဖတ်စမ်းပါဦး"

နံနက်ပိုင်း အိပ်ရာထရင်တော့ ဘုရားရှေ့မှာ ဘုရားရှိခိုးဖြစ်တာတော့ နည်းပါတယ်ဘုရား၊ စိတ်ထဲကပဲ သတိရတဲ့အခါမှာ ရှိခိုးပါတယ်ဘုရား။

သမ္ဗုဒ္ဓေဘုရားရှိခိုးကိုတော့ ဘုန်းဘုန်းကို ကတိပေးထားတဲ့အတိုင်း ညတိုင်း သက်စေ့ရှိခိုးပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ တပည့်တော် မသိတာကတော့ တစ်ခြားမဟုတ်ပါဘူးဘုရား၊ လာမယ့် တန်ဆောင်မုန်းလဆန်း (၃)ရက်နေ့ဟာ တပည့်တော်ရဲ့မွေးနေ့ဖြစ်ပါတယ်ဘုရား။

အဲဒီမွေးနေ့မှာ ဘုန်းကြီးတွေကို ဆွမ်းကျွေးတဲ့အလှူသော်လည်းကောင်း၊ တစ်ခြားအလှူတစ်ခုခုကိုသော်လည်းကောင်း ဘာမှ မလုပ်နိုင်ရင် အရက်ဆွမ်း. နေ့ဆွမ်းလောင်း၊ ဘုရားမှာ ဆွမ်း. ရေချမ်း. ပန်း. ဆီမီး ကပ်လှူပြီး ၈ ပါးသီလယူ. သီလကို မြဲစွာစောင့်ထိန်း မေတ္တာပို့ တရားအားထုတ်မယ်လို့ ရည်မှန်းထားပါတယ်ဘုရား။

အဲဒီလို မိမိရဲ့မွေးနေ့ မွေးလ မွေးရက်မှာ ကောင်းမှုကုသိုလ် ပြုလုပ်တာနဲ့ နေ့စဉ် ကောင်းမှုကုသိုလ် ပြုလုပ်တာဟာ ဘယ်လိုကွာခြားပါသလဲဘုရား။

ပြီးတော့ မွေးနေ့မှာ ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းဟာ ဘယ်လိုအကျိုးကျေးဇူးများ ရှိပါသလဲဘုရား။

"တပည့်တော်သိလိုတာကတော့ အဲဒီနှစ်ချက်ပဲ ဖြစ်ပါတယ်ဘုရား၊ ဘုန်းဘုန်းဆက်ဆက်စာပြန်ရေးပါဘုရား"

**အရာလောလောဆယ်မအားလပ်ရင်တောင်တပည့်တော်ရဲ့မွေးနေ့ဟာဝေးနေသေးတဲ့အတွက်ဘုန်းဘုန်းအားတဲ့အချိန်မှာ စာပြန်ရေးပေးပါလို့ တပည့်တော် ကန်တော့ရင်းနှင့် ပန်ကြားအပ်ပါသည်ဘုရား။**

တပည့်တော်လည်း စာမေးပွဲ ဖြေနိုင်ပါသည်ဘုရား၊ ကျောင်းပြန်တက်ဖို့ကတော့ ဘယ်တော့မှလည်းဆိုတာ စုချိန်ထိ မသိရသေးပါဘုရား။

ဘုန်းဘုန်းလည်း (.....)ကြွပြီး တရားဟောပေးပါဦးလို့ (.....)က ဒကာ ဒကာမတွေကိုယ်စား တပည့်တော်က လျှောက်ထားအပ်ပါသည်ဘုရား။

ဘုန်းဘုန်း ကျန်းမာစွာနဲ့ တရားအားထုတ်နိုင်ပါစေလို့ တပည့်တော် ဆုတောင်းလိုက်ပါသည်ဘုရား။

အနန္တော အနန္တ ငါးပါးကို အမြဲရိုသေလေးစားလျက် -

တပည့်တော်

(.....)

၅-၇-၇၅

"ကဲ...ဘယ့်နယ်လဲ ကိုရင် မင်းနဲ့ ဘယ်သူကတော်လဲ"

"တပည့်တော်က ကိုရင်ပဲ၊ တပည့်တော်က တော်တာပေါ့ဘုရား"

"အမယ် ကိုရင်ဆိုတာနဲ့ တော်ရမလား"

"ကိုရင်ဆိုတော့ အမြဲဆယ်ပါးသီလ ရှိနေတော့ တော်ပါတယ်ဘုရား"

"အေး အေး...ဒါတော့ အဟုတ်သားပဲ"

"အနန္တငါးပါးလည်း လေးစားပါတယ်ဘုရား"

"သူများစာထဲ ပါမှ သတိရတာပါ"

"မဟုတ်ပါ ဘုရား"

"ကဲ...ကဲ...သွားနိုင်ပြီ"

"ဘုန်းဘုန်း ဘယ်တော့ စာပြန်မလဲ"

"နောက်မှ ကြည့်ပြန်တာပေါ့"

သို့

(.....)

ပြန်ကြားသိစေသည်။

(၅-၇-၇၅)နေ့စွဲနဲ့ထည့်လိုက်တဲ့စာ ရရှိလို့ဖတ်ရတော့ အကြောင်းစုံ သိရသဖြင့် ဘုန်းဘုန်းဝမ်းသာတယ်။

တစ်ခြားအကြောင်းတွေတော့ ရှည်ရှည်ဝေးဝေး မရေးအားလို့ မရေးတော့ဘူးနော်၊ မွေးနေ့အကြောင်းပဲ ရေးတော့မယ်နော်။

(.....)ရဲ့မေးတဲ့ မေးခွန်းထဲမှာ "မွေးနေ့မှာ ဘုန်းကြီးတွေကို ဆွမ်းကျွေးတဲ့ အလှူသော်လည်းကောင်း၊ တစ်ခြား အလှူတစ်ခုခုသော်လည်းကောင်း၊ ဘာမှ မလုပ်နိုင်ရင်တောင် အရုဏ်ဆွမ်း. နေ့ဆွမ်းလောင်း. ဘုရားမှာ ဆွမ်း. ရေချမ်း. ပန်း. ဆီမီး ကပ်လှူ၊ ၈ ပါးသီလကို မြဲစွာစောင့်ထိန်း မေတ္တာပို့ တရားအားထုတ်မယ်လို့ ရည်မှန်းထားပါတယ်ဘုရား" လို့ ပါတယ်။

အမှန်က ဆွမ်းကျွေးတဲ့အလှူ တစ်ခြားအလှူတစ်ခုခုမှ အလှူမဟုတ်ပါဘူး၊ (.....)စာထဲမှာပါတဲ့ အရက်ဆွမ်း နေ့ဆွမ်းလောင်း စတဲ့ အလှူတွေ, သီလသီတင်းစောင့်ထိန်းတာတွေ, မေတ္တာဘာဝနာ ပွားများတာတွေ၊ ကမ္မဋ္ဌာန်းတရား စီးဖြန်းတာတွေလည်း အင်မတန် ကောင်းမြတ်တဲ့ ကုသိုလ်တွေပဲ မဟုတ်လား။

အဲဒီကုသိုလ်တွေ ပြုလုပ်နေခြင်းသည်ပင် အင်မတန် မွန်မြတ်သန့်ရှင်းတဲ့ မွေးနေ့မင်္ဂလာ ကျင်းပခြင်းပါပဲ။

(.....)ဆိုလိုချင်တာက ကြီးကြီးကျယ်ကျယ် ဆွမ်းကျွေး၍သော်လည်းကောင်း၊ အခြားကြီးကြီးကျယ်ကျယ် တစ်ခုခု လှူ၍သော်လည်းကောင်း၊ ကောင်းမှုကုသိုလ်ပြုလုပ်ပြီး မွေးနေ့ပြုလုပ်နိုင်မှ မွေးနေ့ကျင်းပတယ်ဟု ထင်ဟန်ရှိပါတယ်။

အမှန်က ကုသိုလ်ပြုလုပ်တဲ့နေရာမှာ ကြည်လင်တဲ့ သဒ္ဓါတရားနဲ့ သန့်ရှင်းတဲ့စေတနာတရားက အဓိကပါ၊ အဲဒီ သဒ္ဓါစေတနာ ဖြူဖြောင့်စွာနဲ့ ကုသိုလ်ပြုပြီး မွေးနေ့ကျင်းပရင် (.....)စာထဲမှာပါတဲ့ ကုသိုလ်တွေဟာ မသေးငယ်ပါဘူး၊ ကြီးကျယ်တဲ့ အကျိုးလည်း ပေးနိုင်ပါတယ်၊ ပြုလုပ်ပါနော်။

ပြီးတော့ "မွေးနေ့ မွေးလ မွေးရက်မှာ ကောင်းမှုကုသိုလ် ပြုလုပ်တာနဲ့ နေ့စဉ် ကောင်းမှုကုသိုလ် ပြုလုပ်တာဟာ ဘယ်လိုကွာခြားပါသလဲဘုရား" ဆိုတဲ့ အမေးအရ ဖြေရရင် အများကြီးကွာတယ်လို့ အကျဉ်းချုပ်အဖြေကို အရင်မှတ်ထားနော်။

ဥပမာဆိုပါတော့၊ လူတစ်ယောက်က မွေးနေ့မှာ ငွေ (၃၆၅ ကျပ်) သုံးရာခြောက်ဆယ့်ငါးကျပ်ဖိုး လှူတယ်တဲ့။

လူတစ်ယောက်ကတော့ နေ့စဉ် နေ့စဉ် တစ်နေ့ (၁ ကျပ်)တစ်ကျပ် လှူတယ်တဲ့။

အဲဒီ အလှူနှစ်ခုဟာ အကုန်အကျ ပစ္စည်းဝတ္ထု တူသော်လည်း မွေးနေ့မှာမှ တစ်ကြိမ်တည်း လှူလိုက်သူမှာ တစ်နေ့တည်းပဲ ကုသိုလ်စေတနာတွေ ဖြစ်သွားတယ်နော်။

အဲ ... နေ့စဉ် လှူသူမှာတော့ နေ့စဉ် ကုသိုလ်စေတနာတွေ များစွာဖြစ်နေတယ်၊ ဒီတော့ လှူဖွယ်ဝတ္ထု တူသော်လည်း ကုသိုလ်စေတနာတွေက များလေခြင်းကြောင့် နေ့စဉ် ကောင်းမှုကုသိုလ် ပြုလုပ်တာဟာ မွေးနေ့ မွေးလ မွေးရက်မှာမှ ကောင်းမှုကုသိုလ် ပြုလုပ်တာထက် အကျိုးကြီးလို့ အဲဒီလို ကွာခြားတယ်လို့ မှတ်ထားနော်။

ပြီးတော့ တစ်မျိုးပြောရရင် (.....)တို့နေတဲ့အိမ်ကို နေ့စဉ်နေ့စဉ် ပြုပြင်မွမ်းမံသင့်တာတွေကို ပြုပြင်မွမ်းမံနေတာနဲ့ နေ့စဉ် မွမ်းမံမှု ဘာမှ မပြုဘဲ တစ်နှစ်ကြာမှ တစ်ရက်လောက် ပြုပြင်မွမ်းမံတာ ဘယ်ဟာကောင်းသလဲ၊ အဲဒီ အမေးကို (.....)ဖြေနိုင်တယ်၊ ဖြေကြည့်နော်။

အဲ (.....)တို့ ခန္ဓာကိုယ် ဘုန်းဘုန်းတို့ ခန္ဓာကိုယ်ကို စာလိုတော့ ခန္ဓာအိမ်လို့ သုံးပါတယ်၊ ဒီခန္ဓာအိမ်ကြီးက ဘယ်သူဆောက်သလဲဆိုရင် ကုသိုလ်ကံက ဆောက်တယ်လို့ ဖြေရမှာပဲနော်။

ဒီတော့ အတိတ်ဘဝက ဆောက်ခဲ့တဲ့ ကုသိုလ်ကံကုန်ရင် ဒီခန္ဓာအိမ်ကြီးဟာ လဲပြိုနိုင်တယ်နော်၊ ပကတိ အိမ်အိုတော့ ကျားကန်ရတယ် မဟုတ်လား၊ အဲ ... ခုလည်း ခန္ဓာအိမ်ဟာ အသက်ကြီးလာတယ်ဆိုရင် အိုလာတာပဲနော်။

အဲဒီလို အိုလာတော့ ယိုင်လာတယ်၊ ယိုင်လာတဲ့အတွက် နေ့စဉ်နေ့စဉ် ကုသိုလ်ကျားကန်ပေးတာနဲ့ တစ်နှစ်ကြာမှ ကျားတစ်ချက်ထောက်တာနဲ့ ဘယ်သူက ဘယ်လိုပိုပြီး ခိုင်ခံ့တယ် မခိုင်ခံ့ဘူးဆိုတာလည်း (....) ဖြေကြည့်နိုင်ပါတယ်နော်။

ဒီတော့ နေ့စဉ်နေ့စဉ် ပကတိအိမ်ကို ပြင်တာနဲ့ တစ်နှစ်ကြာမှ တစ်ရက်စုပြင်တာ အကျိုးကျေးဇူးကွာသလို ခန္ဓာအိမ်ကိုလည်း နေ့စဉ်နေ့စဉ် ကုသိုလ်ကျားကန်ပြီး ပြင်တာနဲ့ တစ်နှစ်ကြာမှ မွေးနေ့တစ်ရက် ကျားကန်တာ အကျိုးကျေးဇူး ကွာပါတယ်နော်။

"ပြီးတော့ မွေးနေ့မှာ ကောင်းမှုကုသိုလ် ပြုလုပ်ခြင်းဟာ ဘယ်လိုအကျိုးကျေးဇူးများ ရှိပါသလဲဘုရား" ဆိုတဲ့ အမေးအရ ဖြေရရင် ကျေးဇူးများပါတယ်လို့ အချုပ်မှတ်ထားနော်။

အကျယ်ဖြေရရင်တော့ ဒီခန္ဓာအိမ်ကြီးဟာ အသက်ကုန်ရင်လည်း ပျက်စီးနိုင်တယ်၊ ကံကုန်ရင်လည်း ပျက်စီးနိုင်တယ်၊ အသက်နဲ့ကံ နှစ်ပါးကုန်ရင်လည်း ပျက်စီးနိုင်တယ်၊ အသက်နင့်ကံ ရှိပါသေးရဲ့နဲ့ အခြားကံတစ်ခုခုက ဝင်ဖြတ်ရင်လည်း သေနိုင်တယ်၊ ပျက်စီးနိုင်တယ်နော်"

ဒီတော့ ကုသိုလ်တစ်ကြိမ်ပြုရင် အဲဒီကုသိုလ်ထဲမှာပါတဲ့ ပထမဇော စေတနာက ခုနစ်ရက်. ခုနစ်လ. ခုနစ်နှစ်အတွင်း မကောင်းကျိုးတွေ ပယ်သတ်ပြီး ကောင်းကျိုးပေးနိုင်တယ်နော်။

အဲဒီလို ကောင်းကျိုးပေးတော့ မိမိအတိတ်ဘဝက ပြုခဲ့တဲ့ ကုသိုလ်ကံဟာ အဲဒီမွေးနေ့မှာ ကုန်သွားရင် လာမယ့်နှစ်အတွက် ဘယ်လိုအသက်ဆက်မလဲ၊ သို့မဟုတ် အန္တရာယ်ပြုမယ့်ကံတွေဟာ လာမယ့်နှစ်မှာ ပေးမယ်၊ ပြုမယ်ဆိုရင် ဘာနဲ့ကာကွယ်မလဲ၊ အဲ မွေးနေ့ကုသိုလ်နဲ့ ကာကွယ်မယ်၊ မွေးနေ့ကုသိုလ်နဲ့ အသက်ဆက်ပေါ့ ဟုတ်လား။

အဲဒီလို ရည်ရွယ်ချက်နဲ့ မွေးနေ့ပြုလုပ်ကြတာပဲနော်၊ အဲဒီနည်းအရ ပြောရင်လည်း နေ့စဉ်နေ့စဉ် ကုသိုလ်ပြုရင် အဲဒီကုသိုလ်မှာပါတဲ့ ပထမဇောစေတနာတွေက ခုနစ်ရက်၊ ခုနစ်လ၊ ခုနစ်နှစ် မကောင်းကျိုးတွေ တားပြီး ကောင်းကျိုးတွေ ပေးတယ်ဆိုတော့ မကောင်းကျိုးတွေ ပျောက်ပြီး ကောင်းကျိုတွေ ရမှာ မသေချာဘူးလား။

အဲဒီအမေးကိုလည်း (.....) ဖြေနိုင်ပါတယ်၊ ဖြေတော့နော်၊ ဒီတော့ အချုပ်ပြောရရင် ကုသိုလ်ဟာ နေ့စဉ်နေ့စဉ် ပြုနိုင်ရင် အကောင်းဆုံးပဲ၊ မတတ်နိုင်ရင် ရက်သတ္တပတ်မွေးနေ့ရောက်တိုင်း ပြု၊ ဒါမှမဟုတ်နိုင်ရင် တစ်လတစ်ခါ၊ ဒါမှမတတ်နိုင်ရင် တစ်နှစ်တစ်ခါ မွေးနေ့ကုသိုလ်ပြုပါ၊ ပြောဆိုတဲ့ အကျိုးကျေးဇူးများ ရှိပါတယ်လို့ မှတ်ထားနော်။

ကဲ... စာလည်း ရှည်သွားပြီ၊ စုလည်း စုပါပြီ၊ တော်သေးပြီနော်။

ကျန်းမာပါစေသော်
ကျန်းမာစွာနင့်
ဓတဒဂ် - အရှင်ပညာဇေတ

✦ နေ့စဉ်၊ နေ့စဉ်၊ ကုသိုလ်ပင် အစဉ်စိုက်ပျိုးပါ။

✦ တစ်ပင်မသီး၊ တစ်ပင်သီး၊ အကျိုးကြီးမည်သာ။

✦ အကျိုးကြီးက၊ နိဗ္ဗာန၊ ရကြမြန်မကြာ။

📖

# ငါးရာ့နှစ်ဆယ့်ရှစ်သွယ်မေတ္တာ ဆိုတာ ဘယ်ဟာတွေပါလဲဘုရား

## (၉၄)

ဗုဒ္ဓတရားတော်တွေသည် နက်နဲ၏။ ယင်းသို့ နက်နဲခက်ခဲသည့် တရားတော်တွေကို လိုက်နာကျင့်ကြံနေသူတို့သည် အများအားဖြင့် မစူးစမ်း၊ မတွေးတောဘဲ အပေါ်ယံသဘော အများပြော. သူပြော. လူပြောနှင့်ပဲ ပြီးတတ်သည်။ စူးစမ်းမေးမြန်းတတ်သူကား ရာမှ ရှားထဲက ဖြစ်၏။ တစ်ချိန်က ယင်းရာမှရှား တစ်ယောက်နှင့်တွေ့၍ သူက မေးသည်။

"အရှင်ဘုရား၊ ငါးရာ့နှစ်ဆယ့်ရှစ်သွယ်မေတ္တာဆိုတာ ဘယ်ဟာတွေပါလဲဘုရား"

"အမယ်လေး၊ ဒကာကြီးအမေး ဖြေရရင်တော့ အာပေါက်တော့မှာပဲ၊ (၅၂၈) သွယ်ဆိုတော့ အများကြီး၊ အကျဉ်းအကျယ် နှစ်မျိုးဖြေမှ ပိုသဘောပေါက်မယ်"

"အာမပေါက်ပါဘူးဘုရား၊ ရှင်းပြစမ်းပါဘုရား၊ သိချင်လို့ပါဘုရား"

မေးသူမှာ ရင်းနှီးသူ ဖြစ်နေရကား မဖြေလို့ မဖြစ်ပေ၊ ဖြေရမည်သာ ဖြစ်ပေ၏။

"အင်း... ဖြေတော့ ဖြေပါ့မယ်၊ ဘယ်လိုဖြေရမလဲလို့ စဉ်းစားနေတယ်"

"ဘယ်လိုပဲ ဖြေဖြေပေါ့ဘုရား၊ နားလည်ရင် ပြီးတာပါပဲ"

### မေတ္တာပို့နည်း ၂ မျိုး

"ကဲ...ကဲ...ဒီလိုမှတ်၊ "မည်သူမည်ဝါ, ယောက်ျားမိန်းမ" စသည်ဖြင့် အပိုင်းအခြားမရှိသောအားဖြင့် မေတ္တာဖြန့်ခြင်းကို ပါဠိလို "အနောဓိသော မေတ္တာဖရဏာ" လို့ ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"မိန်းမနဲ့ ယောက်ျားကို တစ်ကန့်စီ အရိယာနဲ့ ပုထုဇဉ်ကို တစ်ကန့်စီ၊ နတ်လူနဲ့ ဝိနိပါတိကတို့ကိုလည်း တစ်ကန့်စီ၊ အဲဒီလို ပိုင်းခြားကန့်သတ်လျက် အပိုင်းအခြားအားဖြင့် သူ့အဖို့နဲ့သူ အာရုံယူပြီး မေတ္တာဖြန့်ကျက်ခြင်းကို ပါဠိလို "ဩဓိသော မေတ္တာဖရဏာ" လို့ ခေါ်တယ်နော်"

"မှန်ပါဘုရား"

"ကဲ…ဒီတော့ (၅၂၈) သွယ် ရှင်းတော့ -

၁။ အနောဓိသော မေတ္တာဖရဏနည်းက ၅ နည်း၊

၂။ ဩဓိသော မေတ္တာဖရဏနည်းက ၇ နည်း။ ပေါင်းလိုက်တော့ ၁၂ နည်း မရဘူးလား"

"ရပါတယ်ဘုရား"

"အဲဒီ ၁၂ ကို -

## ၄ လေးဖြာ

၁။ အဝေရာ ဟောန္တု

၂။ အဗျာပဇ္ဈာ ဟောန္တု

၃။ အနီဃာ ဟောန္တု

၄။ သုခီအတ္တာနံ ပရိဟရန္တုဆိုတဲ့ "၄" လေးဖြာနဲ့ မြှောက်တော့ (၁၂ × ၄ = ၄၈) မဖြစ်ဘူးလား"

"ဖြစ်ပါတယ်ဘုရား"

"အဲဒီ ၄၈ ကို အရပ် ၁၀ မျက်နှာနဲ့ မြှောက်တော့ ၄၈၀ မဖြစ်ဘူးလား"

"ဖြစ်ပါတယ်ဘုရား"

"အဲဒီ ၄၈၀ နဲ့ ခုနက ၄၈ နဲ့ ပေါင်းလို့ရှိရင် (၅၂၈) သွယ် မေတ္တာ မဖြစ်ဘူးလား"

"ဖြစ်ပါတယ်ဘုရား"

"အင်း…အဲဒီသဘော အချုပ်ကိုသိအောင် ဒီလင်္ကာကို ကျက်မှတ်ထားနော်"

"နောဓိ - ပဉ္စ, ဩ - သတ္တဖြင့်, ဒွါဒသဟု, ပုဂ္ဂိုလ်စုကို, ၄ လေးဖြာ၊ မြှောက်ဆင့်ပါမူ၊ ရှစ်ဖြာလေးဆယ်၊ ဂဏန်းကြွယ်၏၊ ရပ်ဆယ်ဖြင့်လျောက်၊ ထပ်ဆင့်မြှောက်၍၊ မှတ်လောက်ပွားက၊ လွန်များလှသည်၊ ငါးရာနှစ်ဆယ့် ရှစ်စွန်းတည်း"

"မှန်ပါ၊ ကျက်ထားပါမယ်ဘုရား၊ အကျဉ်းတော့ သိရပါပြီ၊ အကျယ်ကို အမိန့်ရှိပါဦးဘုရား"

"အကျယ်သိချင်ရင် ခုနကပြောခဲ့တဲ့ အနောဓိသော မေတ္တာဖရဏ ၅ နည်း၊ ဩဓိသော မေတ္တာဖရဏ ၇ နည်းအရ ပုဂ္ဂိုလ် ၁၂ ယောက် သိရမယ်"

"အမိန့်ရှိပါဘုရား"

## ပုဂ္ဂိုလ် ၁၂ ယောက်

"ပုဂ္ဂိုလ် ၁၂ ယောက်က ဘာလဲဆိုတော့ -

၁။ သဗ္ဗေ သတ္တာ

၂။ သဗ္ဗေ ပါဏာ

၃။ သဗ္ဗေ ဘူတာ

၄။ သဗ္ဗေ ပုဂ္ဂလာ

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ

အဲဒီငါးခုက "အနောမိသောမေတ္တာဖရဏာ" နည်းပဲ။

၁။ သဗ္ဗာ ဣတ္ထိယော

၂။ သဗ္ဗေ ပုရိသာ

၃။ သဗ္ဗေ အရိယာ

၄။ သဗ္ဗေ အနရိယာ

၅။ သဗ္ဗေ ဒေဝါ

၆။ သဗ္ဗေ မနုဿာ

၇။ သဗ္ဗေ ဝိနိပါတိကာ

အဲဒီ ၇ ခုက "ဩဓိသောမေတ္တာဖရဏာ" နည်းပဲနော်"

"မှန်ပါ ဘုရား"

"အဲဒီဟာ ပုဂ္ဂိုလ် ၁၂ ယောက်ပဲ၊ အဲဒီပုဂ္ဂိုလ် ၁၂ ယောက်ကို "အဝေရာဟောန္တု" စတဲ့ "န္တု" လေးခုနဲ့ မေတ္တာပို့ရင် (၁၂ × ၄ = ၄၈) ပါး ရမယ် ဒီလိုမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ပို့ကြည့်ကြရအောင်"

၁။ သဗ္ဗေ သတ္တာ အဝေရာဟောန္တု

၂။ သဗ္ဗေ ပါဏာ အဝေရာဟောန္တု

၃။ သဗ္ဗေ ဘူတာ အဝေရာဟောန္တု

၄။ သဗ္ဗေ ပုဂ္ဂလာ အဝေရာဟောန္တု

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ အဝေရာဟောန္တု

၆။ သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တု

၇။ သဗ္ဗေ ပုရိသာ အဝေရာဟောန္တု

၈။ သဗ္ဗေ အရိယာ အဝေရာဟောန္တု

၉။ သဗ္ဗေ အနရိယာ အဝေရာဟောန္တု

၁၀။ သဗ္ဗေ ဒေဝါ အဝေရာဟောန္တု

၁၁။ သဗ္ဗေ မနုဿာ အဝေရာဟောန္တု

၁၂။ သဗ္ဗေ ဝိနိပါတိကာ အဝေရာဟောန္တု

လို့ ပို့ကြည့်တော့ "န္တု" တစ်ခုနဲ့ ပုဂ္ဂိုလ် ၁၂ ယောက် ရပြီ၊ နောက်တစ်ခါ "န္တု" တစ်ခုနဲ့ ပုဂ္ဂိုလ် ၁၂ ယောက်ကို ပို့ကြည့်ရအောင်"

၁။ သဗ္ဗေ သတ္တာ အဗျာပဇ္ဇာဟောန္တု

၂။ သဗ္ဗေ ပါဏာ အဗျာပဇ္ဇာဟောန္တု

၃။ သဗ္ဗေ ဘူတာ အဗျာပဇ္ဇာဟောန္တု

၄။ သဗ္ဗေ ပုဂ္ဂလာ အဗျာပဇ္ဇာဟောန္တု

၅။ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဗျာပဇ္ဈာဟောန္တု

၆။ သဗ္ဗာ ဣတ္ထိယော အဗျာပဇ္ဈာဟောန္တု

၇။ သဗ္ဗေ ပုရိသာ အဗျာပဇ္ဈာဟောန္တု

၈။ သဗ္ဗေ အရိယာ အဗျာပဇ္ဈာဟောန္တု

၉။ သဗ္ဗေ အနရိယာ အဗျာပဇ္ဈာဟောန္တု

၁၀။ သဗ္ဗေ ဒေဝါ အဗျာပဇ္ဈာဟောန္တု

၁၁။ သဗ္ဗေ မနုဿာ အဗျာပဇ္ဈာဟောန္တု

၁၂။ သဗ္ဗေ ဝိနိပါတိကာ အဗျာပဇ္ဈာဟောန္တု

လို့ပို့ကြည့်တော့ "န္တု" တစ်ခုနဲ့ ပုဂ္ဂိုလ် ၁၂ ယောက်ရပြီ၊ နောက်တစ်ခါ "န္တု" တစ်ခုနဲ့ ပုဂ္ဂိုလ် ၁၂ ယောက် ပို့ကြည့်ရအောင်"

၁။ သဗ္ဗေ သတ္တာ အနီဃာဟောန္တု

၂။ သဗ္ဗေ ပါဏာ အနီဃာဟောန္တု

၃။ သဗ္ဗေ ဘူတာ အနီဃာဟောန္တု

၄။ သဗ္ဗေ ပုဂ္ဂလာ အနီဃာဟောန္တု

၅။ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အနီဃာဟောန္တု

၆။ သဗ္ဗာ ဣတ္ထိယော အနီဃာဟောန္တု

၇။ သဗ္ဗေ ပုရိသာ အနီဃာဟောန္တု

၈။ သဗ္ဗေ အရိယာ အနီဃာဟောန္တု

၉။ သဗ္ဗေ အနရိယာ အနီဃာဟောန္တု

၁၀။ သဗ္ဗေ ဒေဝါ အနီဃာဟောန္တု

၁၁။ သဗ္ဗေ မနုဿာ အနီဃာဟောန္တု

၁၂။ သဗ္ဗေ ဝိနိပါတိကာ အနီဃာဟောန္တု

လို့ပို့ကြည့်တော့ "န္တု" တစ်ခုနဲ့ ပုဂ္ဂိုလ် ၁၂ ယောက်ရပြီ၊ နောက်တစ်ခါ "န္တု" တစ်ခုနဲ့ ပုဂ္ဂိုလ် ၁၂ ယောက် ပို့ကြည့်ရအောင်"

၁။ သဗ္ဗေ သတ္တာ သုခီ အတ္တာနံ ပရိဟန္တု

၂။ သဗ္ဗေ ပါဏာ သုခီ အတ္တာနံ ပရိဟန္တု

၃။ သဗ္ဗေ ဘူတာ သုခီ အတ္တာနံ ပရိဟန္တု

၄။ သဗ္ဗေ ပုဂ္ဂလာ သုခီ အတ္တာနံ ပရိဟန္တု

၅။ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ သုခီ အတ္တာနံ ပရိဟန္တု

၆။ သဗ္ဗာ ဣတ္ထိယော သုခီ အတ္တာနံ ပရိဟန္တု

၇။ သဗ္ဗေ ပုရိသာ သုခီ အတ္တာနံ ပရိဟန္တု

၈။ သဗ္ဗေ အရိယာ သုခီ အတ္တာနံ ပရိဟန္တု

၉။ သဗ္ဗေ အနရိယာ သုခီ အတ္တာနံ ပရိဟန္တု

၁၀။ သဗ္ဗေ ဒေဝါ သုခီ အတ္တာနံ ပရိဟန္တု

၁၁။ သဗ္ဗေ မနုဿာ သုခီ အတ္တာနံ ပရိဟရန္တု

၁၂။ သဗ္ဗေ ဝိနိပါတိကာ သုခီ အတ္တာနံ ပရိဟရန္တု

လို့ ပို့ကြည့်တော့ "န္တု" တစ်ခုနဲ့ ပုဂ္ဂိုလ် ၁၂ ယောက် ရပြီ၊ နောက်တစ်ခါ "န္တု" တစ်ခုနဲ့ ပုဂ္ဂိုလ် ၁၂ ယောက်ဆိုတော့ (၁၂ × ၄ = ၄၈) ရမသွားဘူးလား"

"ရသွားပါပြီဘုရား"

"အဲဒီ ပွားနည်းကား အတိုင်းကို အရပ် ၁၀ မျက်နှာထည့်ပို့ရမယ်၊ ကဲ ... ပို့ကြည့်ရအောင်"

၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာဟောန္တု

၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပါဏာ အဝေရာဟောန္တု

၃။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဘူတာ အဝေရာဟောန္တု

၄။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဝေရာဟောန္တု

၅။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာဟောန္တု

၆။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တု

၇။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုရိသာ အဝေရာဟောန္တု

၈။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အရိယာ အဝေရာဟောန္တု

၉။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အနရိယာ အဝေရာဟောန္တု

၁၀။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဒေဝါ အဝေရာဟောန္တု

၁၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ မနုဿာ အဝေရာဟောန္တု

၁၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဝေရာဟောန္တု

၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဈာဟောန္တု

၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပါဏာ အဗျာပဇ္ဈာဟောန္တု

၃။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဘူတာ အဗျာပဇ္ဈာဟောန္တု

၄။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဗျာပဇ္ဈာဟောန္တု

၅။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဗျာပဇ္ဈာဟောန္တု

၆။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အဗျာပဇ္ဈာဟောန္တု

၇။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုရိသာ အဗျာပဇ္ဈာဟောန္တု

၈။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အရိယာ အဗျာပဇ္ဈာဟောန္တု

၉။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အနရိယာ အဗျာပဇ္ဈာဟောန္တု

၁၀။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဒေဝါ အဗျာပဇ္ဈာဟောန္တု

၁၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ မနုဿာ အဗျာပဇ္ဈာဟောန္တု

၁၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဗျာပဇ္ဈာဟောန္တု

၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ အနီယာဟောန္တု
၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပါဏာ အနီယာဟောန္တု
၃။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဘူတာ အနီယာဟောန္တု
၄။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အနီယာဟောန္တု
၅။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အနီယာဟောန္တု
၆။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အနီယာဟောန္တု
၇။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုရိသာ အနီယာဟောန္တု
၈။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အရိယာ အနီယာဟောန္တု
၉။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အနရိယာ အနီယာဟောန္တု
၁၀။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဒေဝါ အနီယာဟောန္တု
၁၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ မနုဿာ အနီယာဟောန္တု
၁၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အနီယာဟောန္တု

၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ သုခီ အတ္တာနံ ပရိဟရန္တု
၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပါဏာ သုခီ အတ္တာနံ ပရိဟရန္တု
၃။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဘူတာ သုခီ အတ္တာနံ ပရိဟရန္တု
၄။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ သုခီ အတ္တာနံ ပရိဟရန္တု
၅။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ သုခီ အတ္တာနံ ပရိဟရန္တု
၆။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော သုခီ အတ္တာနံ ပရိဟရန္တု
၇။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုရိသာ သုခီ အတ္တာနံ ပရိဟရန္တု
၈။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အရိယာ သုခီ အတ္တာနံ ပရိဟရန္တု
၉။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အနရိယာ သုခီ အတ္တာနံ ပရိဟရန္တု
၁၀။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဒေဝါ သုခီ အတ္တာနံ ပရိဟရန္တု
၁၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ မနုဿာ သုခီ အတ္တာနံ ပရိဟရန္တု
၁၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ သုခီ အတ္တာနံ ပရိဟရန္တု

လို့ ပို့တော့ အရှေ့အရပ်မျက်နှာနဲ့ "န္တု" ၄ ခုဆိုတော့ (၁၂ × ၄ = ၄၈) မရဘူးလား"

"ရပါတယ်ဘုရား"

"ခုနက ၄၈ နဲ့ ခု ၄၈ ပေါင်းတော့ ၉၆ မရဘူးလား"

"ရပါတယ်ဘုရား"

"ကဲ...ဒါဖြင့် အနောက်အရပ်မျက်နှာနဲ့ ပို့ကြဦးစို့..."

၁။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာဟောန္တု
၂။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ ပါဏာ အဝေရာဟောန္တု

၃။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ ဘူတာ အဝေရာဟောန္တု
၄။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဝေရာဟောန္တု
၅။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာဟောန္တု
၆။ ပဋ္ဌမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တု
၇။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ ပုရိသာ အဝေရာဟောန္တု
၈။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ အရိယာ အဝေရာဟောန္တု
၉။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ အနရိယာ အဝေရာဟောန္တု
၁၀။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ ဒေဝါ အဝေရာဟောန္တု
၁၁။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ မနုဿာ အဝေရာဟောန္တု
၁၂။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဝေရာဟောန္တု

၁။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဈာဟောန္တု
၂။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ ပါဏာ အဗျာပဇ္ဈာဟောန္တု
၃။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ ဘူတာ အဗျာပဇ္ဈာဟောန္တု
၄။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဗျာပဇ္ဈာဟောန္တု
၅။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဗျာပဇ္ဈာဟောန္တု
၆။ ပဋ္ဌမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အဗျာပဇ္ဈာဟောန္တု
၇။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ ပုရိသာ အဗျာပဇ္ဈာဟောန္တု
၈။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ အရိယာ အဗျာပဇ္ဈာဟောန္တု
၉။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ အနရိယာ အဗျာပဇ္ဈာဟောန္တု
၁၀။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ ဒေဝါ အဗျာပဇ္ဈာဟောန္တု
၁၁။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ မနုဿာ အဗျာပဇ္ဈာဟောန္တု
၁၂။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဗျာပဇ္ဈာဟောန္တု

၁။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ သတ္တာ အနီဃာဟောန္တု
၂။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ ပါဏာ အနီဃာဟောန္တု
၃။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ ဘူတာ အနီဃာဟောန္တု
၄။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အနီဃာဟောန္တု
၅။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အနီဃာဟောန္တု
၆။ ပဋ္ဌမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အနီဃာဟောန္တု
၇။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ ပုရိသာ အနီဃာဟောန္တု
၈။ ပဋ္ဌမာယ ဒိသာယ သဗ္ဗေ အရိယာ အနီဃာဟောန္တု

၉။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ အနရိယာ အနီဃာဟောန္တု

၁၀။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ ဒေဝါ အနီဃာဟောန္တု

၁၁။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ မနုဿာ အနီဃာဟောန္တု

၁၂။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အနီဃာဟောန္တု

၁။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ သတ္တာ သုခီအတ္တာနံ ပရိဟရန္တု

၂။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ ပါဏာ သုခီအတ္တာနံ ပရိဟရန္တု

၃။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ ဘူတာ သုခီအတ္တာနံ ပရိဟရန္တု

၄။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ သုခီအတ္တာနံ ပရိဟရန္တု

၅။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ သုခီအတ္တာနံ ပရိဟရန္တု

၆။ ပစ္ဆိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော သုခီအတ္တာနံ ပရိဟရန္တု

၇။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ ပုရိသာ သုခီအတ္တာနံ ပရိဟရန္တု

၈။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ အရိယာ သုခီအတ္တာနံ ပရိဟရန္တု

၉။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ အနရိယာ သုခီအတ္တာနံ ပရိဟရန္တု

၁၀။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ ဒေဝါ သုခီအတ္တာနံ ပရိဟရန္တု

၁၁။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ မနုဿာ သုခီအတ္တာနံ ပရိဟရန္တု

၁၂။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ သုခီအတ္တာနံ ပရိဟရန္တု

လို့ ပို့တော့ အနောက်အရပ်မျက်နှာနဲ့ "န္တု" ၄ ခုဆိုတော့ (၁၂ × ၄ = ၄၈)မရဘူးလား"

"ရပါတယ်ဘုရား"

"ခုနက ၉၆ နဲ့ ယခု ၄၈ နဲ့ ပေါင်းတော့ (၉၆ + ၄၈ = ၁၄၄)မရဘူးလား"

"ရပါတယ်ဘုရား"

"ကဲ ... ဒါဖြင့် မြောက်အရပ်မျက်နှာနဲ့ ပို့ကြဦးစို့"

၁။ ဥတ္တရာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာဟောန္တု

၂။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ပါဏာ အဝေရာဟောန္တု

၃။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ဘူတာ အဝေရာဟောန္တု

၄။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဝေရာဟောန္တု

၅။ ဥတ္တရာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာဟောန္တု

၆။ ဥတ္တရာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တု

၇။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ပုရိသာ အဝေရာဟောန္တု

၈။ ဥတ္တရာယ ဒိသာယ သဗ္ဗေ အရိယာ အဝေရာဟောန္တု

၉။ ဥတ္တရာယ ဒိသာယ သဗ္ဗေ အနရိယာ အဝေရာဟောန္တု

၁၀။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ဒေဝါ အဝေရာဟောန္တု

၁၁။ ဥတ္တရာယ ဒိသာယ သဗ္ဗေ မနုဿာ အဝေရာဟောန္တု

၁၂။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဝေရာဟောန္တု

၁။ ဥတ္တရာယ ဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဇာဟောန္တု

၂။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ပါဏာ အဗျာပဇ္ဇာဟောန္တု

၃။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ဘူတာ အဗျာပဇ္ဇာဟောန္တု

၄။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဗျာပဇ္ဇာဟောန္တု

၅။ ဥတ္တရာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဗျာပဇ္ဇာဟောန္တု

၆။ ဥတ္တရာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အဗျာပဇ္ဇာဟောန္တု

၇။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ပုရိသာ အဗျာပဇ္ဇာဟောန္တု

၈။ ဥတ္တရာယ ဒိသာယ သဗ္ဗေ အရိယာ အဗျာပဇ္ဇာဟောန္တု

၉။ ဥတ္တရာယ ဒိသာယ သဗ္ဗေ အနရိယာ အဗျာပဇ္ဇာဟောန္တု

၁၀။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ဒေဝါ အဗျာပဇ္ဇာဟောန္တု

၁၁။ ဥတ္တရာယ ဒိသာယ သဗ္ဗေ မနုဿာ အဗျာပဇ္ဇာဟောန္တု

၁၂။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဗျာပဇ္ဇာဟောန္တု

၁။ ဥတ္တရာယ ဒိသာယ သဗ္ဗေ သတ္တာ အနီဃာဟောန္တု

၂။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ပါဏာ အနီဃာဟောန္တု

၃။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ဘူတာ အနီဃာဟောန္တု

၄။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အနီဃာဟောန္တု

၅။ ဥတ္တရာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အနီဃာဟောန္တု

၆။ ဥတ္တရာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အနီဃာဟောန္တု

၇။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ပုရိသာ အနီဃာဟောန္တု

၈။ ဥတ္တရာယ ဒိသာယ သဗ္ဗေ အရိယာ အနီဃာဟောန္တု

၉။ ဥတ္တရာယ ဒိသာယ သဗ္ဗေ အနရိယာ အနီဃာဟောန္တု

၁၀။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ဒေဝါ အနီဃာဟောန္တု

၁၁။ ဥတ္တရာယ ဒိသာယ သဗ္ဗေ မနုဿာ အနီဃာဟောန္တု

၁၂။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အနီဃာဟောန္တု

၁။ ဥတ္တရာယ ဒိသာယ သဗ္ဗေ သတ္တာ သုခီအတ္တာနံ ပရိဟရန္တု

၂။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ပါဏာ သုခီအတ္တာနံ ပရိဟရန္တု

၃။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ဘူတာ သုခီအတ္တာနံ ပရိဟရန္တု
၄။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ သုခီအတ္တာနံ ပရိဟရန္တု
၅။ ဥတ္တရာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ သုခီအတ္တာနံ ပရိဟရန္တု
၆။ ဥတ္တရာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော သုခီအတ္တာနံ ပရိဟရန္တု
၇။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ပုရိသာ သုခီအတ္တာနံ ပရိဟရန္တု
၈။ ဥတ္တရာယ ဒိသာယ သဗ္ဗေ အရိယာ သုခီအတ္တာနံ ပရိဟရန္တု
၉။ ဥတ္တရာယ ဒိသာယ သဗ္ဗေ အနရိယာ သုခီအတ္တာနံ ပရိဟရန္တု
၁၀။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ဒေဝါ သုခီအတ္တာနံ ပရိဟရန္တု
၁၁။ ဥတ္တရာယ ဒိသာယ သဗ္ဗေ မနုဿာ သုခီအတ္တာနံ ပရိဟရန္တု
၁၂။ ဥတ္တရာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ သုခီအတ္တာနံ ပရိဟရန္တု

လို့ ပို့တော့ မြောက်အရပ်မျက်နှာနဲ့ "န္တု" ၄ ခုဆိုတော့ ၄၈ မရဘူးလား"

"ရပါတယ်ဘုရား"

"ခုနက ၁၄၄ နဲ့ ယခု ၄၈ နဲ့ပေါင်းတော့ (၁၄၄ + ၄၈ = ၁၉၂) မရဘူးလား"

"ရပါတယ်ဘုရား"

"ကဲ ...ဒါဖြင့် တောင်အရပ်မျက်နှာနဲ့ ပို့ကြဦးစို့"

၁။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာဟောန္တု
၂။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ပါဏာ အဝေရာဟောန္တု
၃။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ဘူတာ အဝေရာဟောန္တု
၄။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဝေရာဟောန္တု
၅။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာဟောန္တု
၆။ ဒက္ခိဏာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တု
၇။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ပုရိသာ အဝေရာဟောန္တု
၈။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ အရိယာ အဝေရာဟောန္တု
၉။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ အနရိယာ အဝေရာဟောန္တု
၁၀။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ဒေဝါ အဝေရာဟောန္တု
၁၁။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ မနုဿာ အဝေရာဟောန္တု
၁၂။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဝေရာဟောန္တု

၁။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဇာဟောန္တု
၂။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ပါဏာ အဗျာပဇ္ဇာဟောန္တု
၃။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ဘူတာ အဗျာပဇ္ဇာဟောန္တု
၄။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဗျာပဇ္ဇာဟောန္တု

၅။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဗျာပဇ္ဇာဟောန္တု
၆။ ဒက္ခိဏာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အဗျာပဇ္ဇာဟောန္တု
၇။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ပုရိသာ အဗျာပဇ္ဇာဟောန္တု
၈။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ အရိယာ အဗျာပဇ္ဇာဟောန္တု
၉။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ အနရိယာ အဗျာပဇ္ဇာဟောန္တု
၁၀။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ဒေဝါ အဗျာပဇ္ဇာဟောန္တု
၁၁။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ မနုဿာ အဗျာပဇ္ဇာဟောန္တု
၁၂။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဗျာပဇ္ဇာဟောန္တု

၁။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ သတ္တာ အနီဃာဟောန္တု
၂။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ပါဏာ အနီဃာဟောန္တု
၃။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ဘူတာ အနီဃာဟောန္တု
၄။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အနီဃာဟောန္တု
၅။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အနီဃာဟောန္တု
၆။ ဒက္ခိဏာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အနီဃာဟောန္တု
၇။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ပုရိသာ အနီဃာဟောန္တု
၈။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ အရိယာ အနီဃာဟောန္တု
၉။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ အနရိယာ အနီဃာဟောန္တု
၁၀။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ဒေဝါ အနီဃာဟောန္တု
၁၁။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ မနုဿာ အနီဃာဟောန္တု
၁၂။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အနီဃာဟောန္တု

၁။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ သတ္တာ သုခီအတ္တာနံ ပရိဟရန္တု
၂။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ပါဏာ သုခီအတ္တာနံ ပရိဟရန္တု
၃။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ဘူတာ သုခီအတ္တာနံ ပရိဟရန္တု
၄။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ သုခီအတ္တာနံ ပရိဟရန္တု
၅။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ သုခီအတ္တာနံ ပရိဟရန္တု
၆။ ဒက္ခိဏာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော သုခီအတ္တာနံ ပရိဟရန္တု
၇။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ပုရိသာ သုခီအတ္တာနံ ပရိဟရန္တု
၈။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ အရိယာ သုခီအတ္တာနံ ပရိဟရန္တု
၉။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ အနရိယာ သုခီအတ္တာနံ ပရိဟရန္တု
၁၀။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ဒေဝါ သုခီအတ္တာနံ ပရိဟရန္တု

၁၁။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ မနသော သုခီအတ္တာနံ ပရိဟရန္တု
၁၂။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ သုခီအတ္တာနံ ပရိဟရန္တု

လို့ ပို့တော့ တောင်အရပ်မျက်နှာနဲ့ "န္တု" ၄ ခုဆိုတော့ ၄၈ မရဘူးလား"

"ရပါတယ်ဘုရား"

"ခုနက ၁၉၂ နဲ့ ယခု ၄၈ နဲ့ပေါင်းတော့ (၁၉၂ + ၄၈ = ၂၄၀) မရဘူးလား"

"ရပါတယ်ဘုရား"

"ကဲ . . . ဒါဖြင့် အရှေ့တောင်ထောင့်အရပ် မျက်နှာနဲ့ ပို့ကြဦးစို့"

၁။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ အဝေရာဟောန္တု
၂။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ပါဏာ အဝေရာဟောန္တု
၃။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ဘူတာ အဝေရာဟောန္တု
၄။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဝေရာဟောန္တု
၅။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာဟောန္တု
၆။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တု
၇။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ပုရိသာ အဝေရာဟောန္တု
၈။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ အရိယာ အဝေရာဟောန္တု
၉။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ အနရိယာ အဝေရာဟောန္တု
၁၀။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ဒေဝါ အဝေရာဟောန္တု
၁၁။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ မနုဿာ အဝေရာဟောန္တု
၁၂။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဝေရာဟောန္တု

၁။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဈာဟောန္တု
၂။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ပါဏာ အဗျာပဇ္ဈာဟောန္တု
၃။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ဘူတာ အဗျာပဇ္ဈာဟောန္တု
၄။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဗျာပဇ္ဈာဟောန္တု
၅။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဗျာပဇ္ဈာဟောန္တု
၆။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗာ ဣတ္ထိယော အဗျာပဇ္ဈာဟောန္တု
၇။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ပုရိသာ အဗျာပဇ္ဈာဟောန္တု
၈။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ အရိယာ အဗျာပဇ္ဈာဟောန္တု
၉။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ အနရိယာ အဗျာပဇ္ဈာဟောန္တု
၁၀။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ဒေဝါ အဗျာပဇ္ဈာဟောန္တု
၁၁။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ မနုဿာ အဗျာပဇ္ဈာဟောန္တု
၁၂။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဗျာပဇ္ဈာဟောန္တု

၁။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ အနီဃာဟောန္တု
၂။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ပါဏာ အနီဃာဟောန္တု
၃။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ဘူတာ အနီဃာဟောန္တု
၄။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ပုဂ္ဂလာ အနီဃာဟောန္တု
၅။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အနီဃာဟောန္တု
၆။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗာ ဣတ္ထိယော အနီဃာဟောန္တု
၇။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ပုရိသာ အနီဃာဟောန္တု
၈။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ အရိယာ အနီဃာဟောန္တု
၉။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ အနရိယာ အနီဃာဟောန္တု
၁၀။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ဒေဝါ အနီဃာဟောန္တု
၁၁။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ မနုဿာ အနီဃာဟောန္တု
၁၂။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ဝိနိပါတိကာ အနီဃာဟောန္တု

၁။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ သုခီအတ္တာနံ ပရိဟရန္တု
၂။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ပါဏာ သုခီအတ္တာနံ ပရိဟရန္တု
၃။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ဘူတာ သုခီအတ္တာနံ ပရိဟရန္တု
၄။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ပုဂ္ဂလာ သုခီအတ္တာနံ ပရိဟရန္တု
ပုရတ္ထိ
၅။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ သုခီအတ္တာနံ ပရိဟရန္တု
၆။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗ ဣတ္ထိယော သုခီအတ္တာနံ ပရိဟရန္တု
၇။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ပုရိသာ သုခီအတ္တာနံ ပရိဟရန္တု
၈။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ အရိယာ သုခီအတ္တာနံ ပရိဟရန္တု
၉။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ အနရိယာ သုခီအတ္တာနံ ပရိဟရန္တု
၁၀။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ဒေဝါ သုခီအတ္တာနံ ပရိဟရန္တု
၁၁။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ မနုဿာ သုခီအတ္တာနံ ပရိဟရန္တု
၁၂။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ ဝိနိပါတိကာ သုခီအတ္တာနံ ပရိဟရန္တု

လို့ ပို့တော့ အရှေ့တောင်အရပ်မျက်နှာနဲ့ “န္တု” ၄ ခု ဆိုတော့ ၄၈ မရဘူးလား”

“ရပါတယ်ဘုရား”

“ခုနက ၂၄၀ နဲ့ ယခု ၄၈ နဲ့ ပေါင်းတော့ (၂၄၀ + ၄၈ = ၂၈၈) မရဘူးလား”

“ရပါတယ်ဘုရား”

“ကဲ... ဒါဖြင့် အနောက်မြောက်ထောင့်အရပ် မျက်နှာနဲ့ ပို့ကြဦးစို့”

၁။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ အဝေရာဟောန္တု
၂။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ပါဏာ အဝေရာဟောန္တု

၃။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ဘူတာ အဝေရာဟောန္တု
၄။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဝေရာဟောန္တု
၅။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာဟောန္တု
၆။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တု
၇။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ပုရိသာ အဝေရာဟောန္တု
၈။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ အရိယာ အဝေရာဟောန္တု
၉။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ အနရိယာ အဝေရာဟောန္တု
၁၀။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ဒေဝါ အဝေရာဟောန္တု
၁၁။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ မနုဿာ အဝေရာဟောန္တု
၁၂။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဝေရာဟောန္တု

၁။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဇာဟောန္တု
၂။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ပါဏာ အဗျာပဇ္ဇာဟောန္တု
၃။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ဘူတာ အဗျာပဇ္ဇာဟောန္တု
၄။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဗျာပဇ္ဇာဟောန္တု
၅။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဗျာပဇ္ဇာဟောန္တု
၆။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗာ ဣတ္ထိယော အဗျာပဇ္ဇာဟောန္တု
၇။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ပုရိသာ အဗျာပဇ္ဇာဟောန္တု
၈။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ အရိယာ အဗျာပဇ္ဇာဟောန္တု
၉။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ အနရိယာ အဗျာပဇ္ဇာဟောန္တု
၁၀။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ဒေဝါ အဗျာပဇ္ဇာဟောန္တု
၁၁။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ မနုဿာ အဗျာပဇ္ဇာဟောန္တု
၁၂။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဗျာပဇ္ဇာဟောန္တု

၁။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ အနီဃာဟောန္တု
၂။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ပါဏာ အနီဃာဟောန္တု
၃။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ဘူတာ အနီဃာဟောန္တု
၄။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ပုဂ္ဂလာ အနီဃာဟောန္တု
၅။ ပစ္ဆိမာ အနုဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အနီဃာဟောန္တု
၆။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗာ ဣတ္ထိယော အနီဃာဟောန္တု
၇။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ပုရိသာ အနီဃာဟောန္တု
၈။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ အရိယာ အနီဃာဟောန္တု

၉။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ အနရိယာ အနီယာဟောန္တု
၁၀။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ဒေဝါ အနီယာဟောန္တု
၁၁။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ မနုဿာ အနီယာဟောန္တု
၁၂။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ဝိနိပါတိကာ အနီယာဟောန္တု

၁။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ သုခီအတ္တာနံ ပရိဟရန္တု
၂။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ပါဏာ သုခီအတ္တာနံ ပရိဟရန္တု
၃။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ဘူတာ သုခီအတ္တာနံ ပရိဟရန္တု
၄။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ပုဂ္ဂလာ သုခီအတ္တာနံ ပရိဟရန္တု
၅။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ သုခီအတ္တာနံ ပရိဟရန္တု
၆။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗာ ဣတ္ထိယော သုခီအတ္တာနံ ပရိဟရန္တု
၇။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ပုရိသာ သုခီအတ္တာနံ ပရိဟရန္တု
၈။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ အရိယာ သုခီအတ္တာနံ ပရိဟရန္တု
၉။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ အနရိယာ သုခီအတ္တာနံ ပရိဟရန္တု
၁၀။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ဒေဝါ သုခီအတ္တာနံ ပရိဟရန္တု
၁၁။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ မနုဿာ သုခီအတ္တာနံ ပရိဟရန္တု
၁၂။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ ဝိနိပါတိကာ သုခီအတ္တာနံ ပရိဟရန္တု

လို့ ပို့တော့ အနောက်မြောက်ထောင့်အရပ် မျက်နှာနဲ့ "န္တု" ၄ ခု ဆိုတော့ ၄၈ မရဘူးလား"

"ရပါတယ်ဘုရား"

"ခုနက ၂၈၈ နဲ့ ယခု ၄၈ နဲ့ ပေါင်းတော့ (၂၈၈ + ၄၈ = ၃၃၆) မရဘူးလား"

"ရပါတယ်ဘုရား"

"ကဲ ... ဒါဖြင့် အရှေ့မြောက်ထောင့်အရပ်မျက်နှာနဲ့ ပို့ကြဦးစို့"

၁။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ သတ္တာ အဝေရာဟောန္တု
၂။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ ပါဏာ အဝေရာဟောန္တု
၃။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ ဘူတာ အဝေရာဟောန္တု
၄။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဝေရာဟောန္တု
၅။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာဟောန္တု
၆။ ဥတ္တရာယ အနုဒိသာယ သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တု
၇။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ ပုရိသာ အဝေရာဟောန္တု
၈။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ အရိယာ အဝေရာဟောန္တု
၉။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ အနရိယာ အဝေရာဟောန္တု
၁၀။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ ဒေဝါ အဝေရာဟောန္တု

၁၁။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ မနသ္သာ အဝေရာဟော္တျ
၁၂။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ ဝိနိပါတိကာ အဝေရာဟော္တျ

၁။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ သတ္တာ အဗျာပဇ္ဈာဟော္တျ
၂။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ ပါဏာ အဗျာပဇ္ဈာဟော္တျ
၃။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ ဘူတာ အဗျာပဇ္ဈာဟော္တျ
၄။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ ပုဂ္ဂလာ အဗျာပဇ္ဈာဟော္တျ
၅။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ အတ္တဘာဝ ပရိယာပန္နာ အဗျာပဇ္ဈာဟော္တျ
၆။ ဥတ္တရာယ အနန္တိဿာယ သဗ္ဗာ ဣတ္ထိယော အဗျာပဇ္ဈာဟော္တျ
၇။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ ပုရိသာ အဗျာပဇ္ဈာဟော္တျ
၈။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ အရိယာ အဗျာပဇ္ဈာဟော္တျ
၉။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ အနရိယာ အဗျာပဇ္ဈာဟော္တျ
၁၀။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ ဒေဝါ အဗျာပဇ္ဈာဟော္တျ
၁၁။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ မနသ္သာ အဗျာပဇ္ဈာဟော္တျ
၁၂။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ ဝိနိပါတိကာ အဗျာပဇ္ဈာဟော္တျ

၁။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ သတ္တာ အနီဃာဟော္တျ
၂။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ ပါဏာ အနီဃာဟော္တျ
၃။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ ဘူတာ အနီဃာဟော္တျ
၄။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ ပုဂ္ဂလာ အနီဃာဟော္တျ
၅။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ အတ္တဘာဝ ပရိယာပန္နာ အနီဃာဟော္တျ
၆။ ဥတ္တရာယ အနန္တိဿာယ သဗ္ဗာ ဣတ္ထိယော အနီဃာဟော္တျ
၇။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ ပုရိသာ အနီဃာဟော္တျ
၈။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ အရိယာ အနီဃာဟော္တျ
၉။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ အနရိယာ အနီဃာဟော္တျ
၁၀။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ ဒေဝါ အနီဃာဟော္တျ
၁၁။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ မနသ္သာ အနီဃာဟော္တျ
၁၂။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ ဝိနိပါတိကာ အနီဃာဟော္တျ

၁။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ သတ္တာ သုခီအတ္တာနံ ပရိဟရန္တျ
၂။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ ပါဏာ သုခီအတ္တာနံ ပရိဟရန္တျ
၃။ ဥတ္တရာယ အနန္တိဿာယ သင္ဘွေ ဘူတာ သုခီအတ္တာနံ ပရိဟရန္တျ

၄။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ ပုဂ္ဂလာ သုခီအတ္တာနံ ပရိဟရန္တု
၅။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ သုခီအတ္တာနံ ပရိဟရန္တု
၆။ ဥတ္တရာယ အနုဒိသာယ သဗ္ဗာ ဣတ္ထိယော သုခီအတ္တာနံ ပရိဟရန္တု
၇။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ ပုရိသာ သုခီအတ္တာနံ ပရိဟရန္တု
၈။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ အရိယာ သုခီအတ္တာနံ ပရိဟရန္တု
၉။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ အနရိယာ သုခီအတ္တာနံ ပရိဟရန္တု
၁၀။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ ဒေဝါ သုခီအတ္တာနံ ပရိဟရန္တု
၁၁။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ မနုဿာ သုခီအတ္တာနံ ပရိဟရန္တု
၁၂။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ ဝိနိပါတိကာ သုခီအတ္တာနံ ပရိဟရန္တု

လို့ ပို့တော့ အရှေ့မြောက်ထောင့်အရပ် မျက်နှာနဲ့ "န္တု" ၄ ခု ဆိုတော့ ၄၈ မရဘူးလား"

"ရပါတယ်ဘုရား"

"ခုနက ၃၃၆ နဲ့ ယခု ၄၈ နဲ့ ပေါင်းတော့ (၃၃၆ + ၄၈ = ၃၈၄) မရဘူးလား"

"ရပါတယ်ဘုရား"

"ကဲ ... ဒါဖြင့် အနောက်တောင်ထောင့်အရပ်မျက်နှာနဲ့ ပို့ကြဦးစို့"

၁။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ သတ္တာ အဝေရာဟောန္တု
၂။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ပါဏာ အဝေရာဟောန္တု
၃။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ဘူတာ အဝေရာဟောန္တု
၄။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဝေရာဟောန္တု
၅။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာဟောန္တု
၆။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တု
၇။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ပုရိသာ အဝေရာဟောန္တု
၈။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ အရိယာ အဝေရာဟောန္တု
၉။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ အနရိယာ အဝေရာဟောန္တု
၁၀။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ဒေဝါ အဝေရာဟောန္တု
၁၁။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ မနုဿာ အဝေရာဟောန္တု
၁၂။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဝေရာဟောန္တု

၁။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဈာဟောန္တု
၂။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ပါဏာ အဗျာပဇ္ဈာဟောန္တု
၃။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ဘူတာ အဗျာပဇ္ဈာဟောန္တု
၄။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဗျာပဇ္ဈာဟောန္တု
၅။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဗျာပဇ္ဈာဟောန္တု

၆။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗာ ဣတ္ထိယော အဗျာပဇ္ဈာဟောန္တု

၇။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ပုရိသာ အဗျာပဇ္ဈာဟောန္တု

၈။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ အရိယာ အဗျာပဇ္ဈာဟောန္တု

၉။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ အနရိယာ အဗျာပဇ္ဈာဟောန္တု

၁၀။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ဒေဝါ အဗျာပဇ္ဈာဟောန္တု

၁၁။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ မနုဿာ အဗျာပဇ္ဈာဟောန္တု

၁၂။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဗျာပဇ္ဈာဟောန္တု

၁။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ သတ္တာ အနီဃာဟောန္တု

၂။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ပါဏာ အနီဃာဟောန္တု

၃။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ဘူတာ အနီဃာဟောန္တု

၄။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ပုဂ္ဂလာ အနီဃာဟောန္တု

၅။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အနီဃာဟောန္တု

၆။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗာ ဣတ္ထိယော အနီဃာဟောန္တု

၇။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ပုရိသာ အနီဃာဟောန္တု

၈။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ အရိယာ အနီဃာဟောန္တု

၉။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ အနရိယာ အနီဃာဟောန္တု

၁၀။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ဒေဝါ အနီဃာဟောန္တု

၁၁။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ မနုဿာ အနီဃာဟောန္တု

၁၂။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ဝိနိပါတိကာ အနီဃာဟောန္တု

၁။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ သတ္တာ သုခီအတ္တာနံ ပရိဟရန္တု

၂။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ပါဏာ သုခီအတ္တာနံ ပရိဟရန္တု

၃။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ဘူတာ သုခီအတ္တာနံ ပရိဟရန္တု

၄။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ပုဂ္ဂလာ သုခီအတ္တာနံ ပရိဟရန္တု

၅။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ သုခီအတ္တာနံ ပရိဟရန္တု

၆။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗာ ဣတ္ထိယော သုခီအတ္တာနံ ပရိဟရန္တု

၇။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ပုရိသာ သုခီအတ္တာနံ ပရိဟရန္တု

၈။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ အရိယာ သုခီအတ္တာနံ ပရိဟရန္တု

၉။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ အနရိယာ သုခီအတ္တာနံ ပရိဟရန္တု

၁၀။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ဒေဝါ သုခီအတ္တာနံ ပရိဟရန္တု

၁၁။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ မနုဿာ သုခီအတ္တာနံ ပရိဟရန္တု

၁၂။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ ဝိနိပါတိကာ သုခီအတ္တာနံ ပရိဟရန္တု

လို့ ပို့တော့ အနောက်တောင်ထောင့် အရပ်မျက်နှာနဲ့ "န္တု" ၄ ခု ဆိုတော့ ၄၈ မရဘူးလား"

"ရပါတယ်ဘုရား"

"ခုနက ၃၈၄ နဲ့ ယခု ၄၈ နဲ့ ပေါင်းတော့ (၃၈၄ + ၄၈ = ၄၃၂)မရဘူးလား"

"ရပါတယ်ဘုရား"

"ကဲ ... ဒါဖြင့် အောက်အရပ်မျက်နှာနဲ့ ပို့ကြဦးစို့"

၁။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာဟောန္တု

၂။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ ပါဏာ အဝေရာဟောန္တု

၃။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ ဘူတာ အဝေရာဟောန္တု

၄။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဝေရာဟောန္တု

၅။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာဟောန္တု

၆။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တု

၇။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ ပုရိသာ အဝေရာဟောန္တု

၈။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ အရိယာ အဝေရာဟောန္တု

၉။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ အနရိယာ အဝေရာဟောန္တု

၁၀။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ ဒေဝါ အဝေရာဟောန္တု

၁၁။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ မနုဿာ အဝေရာဟောန္တု

၁၂။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဝေရာဟောန္တု

၁။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဇာဟောန္တု

၂။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ ပါဏာ အဗျာပဇ္ဇာဟောန္တု

၃။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ ဘူတာ အဗျာပဇ္ဇာဟောန္တု

၄။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဗျာပဇ္ဇာဟောန္တု

၅။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဗျာပဇ္ဇာဟောန္တု

၆။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အဗျာပဇ္ဇာဟောန္တု

၇။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ ပုရိသာ အဗျာပဇ္ဇာဟောန္တု

၈။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ အရိယာ အဗျာပဇ္ဇာဟောန္တု

၉။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ အနရိယာ အဗျာပဇ္ဇာဟောန္တု

၁၀။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ ဒေဝါ အဗျာပဇ္ဇာဟောန္တု

၁၁။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ မနုဿာ အဗျာပဇ္ဇာဟောန္တု

၁၂။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဗျာပဇ္ဇာဟောန္တု

၁။ ဟေဌိမာယ ဒိသာယ သဗ္ဗေ သတ္တာ အနီယာဟောန္တု
၂။ ဟေဌိမာယ ဒိသာယ သဗ္ဗေ ပါဏာ အနီယာဟောန္တု
၃။ ဟေဌိမာယ ဒိသာယ သဗ္ဗေ ဘူတာ အနီယာဟောန္တု
၄။ ဟေဌိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အနီယာဟောန္တု
၅။ ဟေဌိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အနီယာဟောန္တု
၆။ ဟေဌိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အနီယာဟောန္တု
၇။ ဟေဌိမာယ ဒိသာယ သဗ္ဗေ ပုရိသာ အနီယာဟောန္တု
၈။ ဟေဌိမာယ ဒိသာယ သဗ္ဗေ အရိယာ အနီယာဟောန္တု
၉။ ဟေဌိမာယ ဒိသာယ သဗ္ဗေ အနရိယာ အနီယာဟောန္တု
၁၀။ ဟေဌိမာယ ဒိသာယ သဗ္ဗေ ဒေဝါ အနီယာဟောန္တု
၁၁။ ဟေဌိမာယ ဒိသာယ သဗ္ဗေ မနုဿာ အနီယာဟောန္တု
၁၂။ ဟေဌိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အနီယာဟောန္တု

၁။ ဟေဌိမာယ ဒိသာယ သဗ္ဗေ သတ္တာ သုခီအတ္တာနံ ပရိဟရန္တု
၂။ ဟေဌိမာယ ဒိသာယ သဗ္ဗေ ပါဏာ သုခီအတ္တာနံ ပရိဟရန္တု
၃။ ဟေဌိမာယ ဒိသာယ သဗ္ဗေ ဘူတာ သုခီအတ္တာနံ ပရိဟရန္တု
၄။ ဟေဌိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ သုခီအတ္တာနံ ပရိဟရန္တု
၅။ ဟေဌိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ သုခီအတ္တာနံ ပရိဟရန္တု
၆။ ဟေဌိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော သုခီအတ္တာနံ ပရိဟရန္တု
၇။ ဟေဌိမာယ ဒိသာယ သဗ္ဗေ ပုရိသာ သုခီအတ္တာနံ ပရိဟရန္တု
၈။ ဟေဌိမာယ ဒိသာယ သဗ္ဗေ အရိယာ သုခီအတ္တာနံ ပရိဟရန္တု
၉။ ဟေဌိမာယ ဒိသာယ သဗ္ဗေ အနရိယာ သုခီအတ္တာနံ ပရိဟရန္တု
၁၀။ ဟေဌိမာယ ဒိသာယ သဗ္ဗေ ဒေဝါ သုခီအတ္တာနံ ပရိဟရန္တု
၁၁။ ဟေဌိမာယ ဒိသာယ သဗ္ဗေ မနုဿာ သုခီအတ္တာနံ ပရိဟရန္တု
၁၂။ ဟေဌိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ သုခီအတ္တာနံ ပရိဟရန္တု

လို့ ပို့တော့ အောက်အရပ်မျက်နှာနဲ့ "န္တု" ၄ ခု ဆိုတော့ ၄၈ မရဘူးလား"

"ရပါတယ်ဘုရား"

"ခုနက ၄၃၂ နဲ့ ယခု ၄၈ နဲ့ ပေါင်းတော့ (၄၃၂ + ၄၈ = ၄၈၀) မရဘူးလား"

"ရပါတယ်ဘုရား"

"ကဲ ... ဒါဖြင့် အထက်အရပ်မျက်နှာနဲ့ ပို့ကြဦးစို့"

၁။ ဥပရိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာဟောန္တု
၂။ ဥပရိမာယ ဒိသာယ သဗ္ဗေ ပါဏာ အဝေရာဟောန္တု

၃။ ဥပရိမာယ ဒိသာယ သဗ္ဗေ ဘူတာ အဝေရာဟောန္တု
၄။ ဥပရိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဝေရာဟောန္တု
၅။ ဥပရိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာဟောန္တု
၆။ ဥပရိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တု
၇။ ဥပရိမာယ ဒိသာယ သဗ္ဗေ ပုရိသာ အဝေရာဟောန္တု
၈။ ဥပရိမာယ ဒိသာယ သဗ္ဗေ အရိယာ အဝေရာဟောန္တု
၉။ ဥပရိမာယ ဒိသာယ သဗ္ဗေ အနရိယာ အဝေရာဟောန္တု
၁၀။ ဥပရိမာယ ဒိသာယ သဗ္ဗေ ဒေဝါ အဝေရာဟောန္တု
၁၁။ ဥပရိမာယ ဒိသာယ သဗ္ဗေ မနုဿာ အဝေရာဟောန္တု
၁၂။ ဥပရိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဝေရာဟောန္တု

၁။ ဥပရိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဈာဟောန္တု
၂။ ဥပရိမာယ ဒိသာယ သဗ္ဗေ ပါဏာ အဗျာပဇ္ဈာဟောန္တု
၃။ ဥပရိမာယ ဒိသာယ သဗ္ဗေ ဘူတာ အဗျာပဇ္ဈာဟောန္တု
၄။ ဥပရိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဗျာပဇ္ဈာဟောန္တု
၅။ ဥပရိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဗျာပဇ္ဈာဟောန္တု
၆။ ဥပရိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အဗျာပဇ္ဈာဟောန္တု
၇။ ဥပရိမာယ ဒိသာယ သဗ္ဗေ ပုရိသာ အဗျာပဇ္ဈာဟောန္တု
၈။ ဥပရိမာယ ဒိသာယ သဗ္ဗေ အရိယာ အဗျာပဇ္ဈာဟောန္တု
၉။ ဥပရိမာယ ဒိသာယ သဗ္ဗေ အနရိယာ အဗျာပဇ္ဈာဟောန္တု
၁၀။ ဥပရိမာယ ဒိသာယ သဗ္ဗေ ဒေဝါ အဗျာပဇ္ဈာဟောန္တု
၁၁။ ဥပရိမာယ ဒိသာယ သဗ္ဗေ မနုဿာ အဗျာပဇ္ဈာဟောန္တု
၁၂။ ဥပရိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဗျာပဇ္ဈာဟောန္တု

၁။ ဥပရိမာယ ဒိသာယ သဗ္ဗေ သတ္တာ အနီဃာဟောန္တု
၂။ ဥပရိမာယ ဒိသာယ သဗ္ဗေ ပါဏာ အနီဃာဟောန္တု
၃။ ဥပရိမာယ ဒိသာယ သဗ္ဗေ ဘူတာ အနီဃာဟောန္တု
၄။ ဥပရိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အနီဃာဟောန္တု
၅။ ဥပရိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အနီဃာဟောန္တု
၆။ ဥပရိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အနီဃာဟောန္တု
၇။ ဥပရိမာယ ဒိသာယ သဗ္ဗေ ပုရိသာ အနီဃာဟောန္တု
၈။ ဥပရိမာယ ဒိသာယ သဗ္ဗေ အရိယာ အနီဃာဟောန္တု

၉။ ဥပရိမာယ ဒိသာယ သဗ္ဗေ အနရိယာ အနိယာဟောန္တု
၁၀။ ဥပရိမာယ ဒိသာယ သဗ္ဗေ ဒေဝါ အနိယာဟောန္တု
၁၁။ ဥပရိမာယ ဒိသာယ သဗ္ဗေ မနုဿာ အနိယာဟောန္တု
၁၂။ ဥပရိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အနိယာဟောန္တု

၁။ ဥပရိမာယ ဒိသာယ သဗ္ဗေ သတ္တာ သုခီအတ္တာနံ ပရိဟရန္တု
၂။ ဥပရိမာယ ဒိသာယ သဗ္ဗေ ပါဏာ သုခီအတ္တာနံ ပရိဟရန္တု
၃။ ဥပရိမာယ ဒိသာယ သဗ္ဗေ ဘူတာ သုခီအတ္တာနံ ပရိဟရန္တု
၄။ ဥပရိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ သုခီအတ္တာနံ ပရိဟရန္တု
၅။ ဥပရိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ သုခီအတ္တာနံ ပရိဟရန္တု
၆။ ဥပရိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော သုခီအတ္တာနံ ပရိဟရန္တု
၇။ ဥပရိမာယ ဒိသာယ သဗ္ဗေ ပုရိသာ သုခီအတ္တာနံ ပရိဟရန္တု
၈။ ဥပရိမာယ ဒိသာယ သဗ္ဗေ အရိယာ သုခီအတ္တာနံ ပရိဟရန္တု
၉။ ဥပရိမာယ ဒိသာယ သဗ္ဗေ အနရိယာ သုခီအတ္တာနံ ပရိဟရန္တု
၁၀။ ဥပရိမာယ ဒိသာယ သဗ္ဗေ ဒေဝါ သုခီအတ္တာနံ ပရိဟရန္တု
၁၁။ ဥပရိမာယ ဒိသာယ သဗ္ဗေ မနုဿာ သုခီအတ္တာနံ ပရိဟရန္တု
၁၂။ ဥပရိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ သုခီအတ္တာနံ ပရိဟရန္တု

လို့ ပို့တော့ အထက်အရပ်မျက်နှာနဲ့ "န္တု" ၄ ခု ဆိုတော့ ၄၈ မရဘူးလား"

"ရပါတယ်ဘုရား"

"ခုနက ၄၈၀ နဲ့ ယခု ၄၈ နဲ့ ပေါင်းတော့ (၄၈၀ + ၄၈ = ၅၂၈) မရဘူးလား"

"ရပါတယ်ဘုရား"

"အဲဒါဟာ ငါးရာ့နှစ်ဆယ့်ရှစ်သွယ် မေတ္တာပါပဲ ဒကာကြီး သိပြီလား"

"ပို့ပုံတော့ သိပါပြီဘုရား၊ အနက်သဘောက ဘယ်လိုပါလဲဘုရား"

"အနက်သဘောကတော့ ခြုံပြီး ဒီလိုမှတ်ထား..."

### အရပ် ၁၀ မျက်နှာ

| | | | |
|---|---|---|---|
| ၁။ | ပုရတ္ထိမာယ ဒိသာယ | = | အရှေ့မျက်နှာအရပ်၌ |
| ၂။ | ပစ္ဆိမာယ ဒိသာယ | = | အနောက်မျက်နှာအရပ်၌ |
| ၃။ | ဥတ္တရာယ ဒိသာယ | = | မြောက်မျက်နှာအရပ်၌ |
| ၄။ | ဒက္ခိဏာယ ဒိသာယ | = | တောင်မျက်နှာအရပ်၌ |
| ၅။ | ပုရတ္ထိမာယ အနုဒိသာယ | = | အရှေ့တောင်ထောင့်မျက်နှာအရပ်၌ |
| ၆။ | ပစ္ဆိမာယ အနုဒိသာယ | = | အနောက်မြောက်ထောင့်မျက်နှာအရပ်၌ |

| | | | |
|---|---|---|---|
| ၇။ | ဥတ္တရာယ အနုဒိသာယ | = | အရှေ့မြောက်ထောင့်မျက်နှာအရပ်၌ |
| ၈။ | ဒက္ခိဏာယ အနုဒိသာယ | = | အနောက်တောင်ထောင့်မျက်နှာအရပ်၌ |
| ၉။ | ဟေဋ္ဌိမာယ ဒိသာယ | = | အောက်မျက်နှာအရပ်၌ |
| ၁၀။ | ဥပရိမာယ ဒိသာယ | = | အထက်မျက်နှာအရပ်၌ |

## ပုဂ္ဂိုလ် ၁၂ ယောက်

| | | | |
|---|---|---|---|
| ၁။ | သဗ္ဗေ သတ္တာ | = | အလုံးစုံသော သတ္တဝါ တို့သည် |
| ၂။ | သဗ္ဗေ ပါဏာ | = | အလုံးစုံသော အသက်ရှိသူ တို့သည် |
| ၃။ | သဗ္ဗေ ဘူတာ | = | အလုံးစုံသော ဖြစ်နေသူ တို့သည် |
| ၄။ | သဗ္ဗေ ပုဂ္ဂလာ | = | အလုံးစုံသော ပုဂ္ဂိုလ် တို့သည် |
| ၅။ | သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ | = | အလုံးစုံသော အတ္တဘော၌ အကျုံးဝင်သူ တို့သည် |
| ၆။ | သဗ္ဗာ ဣတ္ထိယော | = | အလုံးစုံသော မိန်းမ တို့သည် |
| ၇။ | သဗ္ဗေ ပုရိသာ | = | အလုံးစုံသော ယောကျ်ား တို့သည် |
| ၈။ | သဗ္ဗေ အရိယာ | = | အလုံးစုံသော အရိယာ တို့သည် |
| ၉။ | သဗ္ဗေ အနရိယာ | = | အလုံးစုံသော ပုထုဇဉ် တို့သည် |
| ၁၀။ | သဗ္ဗေ ဒေဝါ | = | အလုံးစုံသော နတ် တို့သည် |
| ၁၁။ | သဗ္ဗေ မနုဿာ | = | အလုံးစုံသော လူ တို့သည် |
| ၁၂။ | သဗ္ဗေ ဝိနိပါတိကာ | = | အလုံးစုံသော အပါယ်ဘုံသား တို့သည် |

## န္တုလေးဖြာ

| | | | |
|---|---|---|---|
| ၁။ | အဝေရာ | = | ကိုယ်တွင်းကိုယ်ပရန်မရှိကြကုန်သည်၊ ဟောန္တု = ဖြစ်ကြပါစေ။ |
| ၂။ | အဗျာပဇ္ဇာ | = | စိုးရိမ်သောက ဗျာပါဒ မရှိကြကုန်သည်၊ ဟောန္တု = ဖြစ်ကြပါစေ။ |
| ၃။ | အနီဃာ | = | ဆင်းရဲဒုက္ခ မရှိကြကုန်သည်၊ ဟောန္တု = ဖြစ်ကြပါစေ။ |
| ၄။ | သုခီ | = | ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်လျက်၊ အတ္တာနံ = မိမိအတ္တဘောကိုယ်ကို၊ ပရိဟရန္တု = အသက်ရှည်အောင် ဆောင်ရွက်နိုင်ကြပါစေ။ |

"အဲဒါ အနက်သဘောပဲ ဒကာကြီး"

"မှန်ပါ သိပါပြီဘုရား"

"နေပါဦး ဒကာကြီး၊ ၅၂၈ - သွယ် မေတ္တာတွေ ဘာတွေမေးလို့ အနက်သဘောတွေမေးလို့ အဲဒီမေတ္တာရဲ့သဘော သဘာဝကော သေသေချာချာ သိရဲ့လား"

"သိသင့်သလောက်တော့ သိပါတယ်ဘုရား၊ သေသေချာချာတော့ ဘယ်သိမလဲဘုရား"

"ကဲ … ဒါဖြင့် အာပေါက်လက်စနဲ့ ဆက်ပြီး အာပေါက်ကြဦးစို့နော်"

"မှန်ပါဘုရား"

"မိဇ္ဇတိ သိနိယှတီတိ မေတ္တာ

မိဇ္ဇတိ သိနိယှတိ = ချစ်ခင်စိုစွတ်၊ စေးကပ်တတ်၏၊ ဣတိ = ထို့ကြောင့်၊ မေတ္တာ = မေတ္တာမည်၏။ တဲ့၊ တရားကိုယ်အားဖြင့် အဒေါသစေတသိက်တဲ့နော်"

"မှန်ပါ ဘုရား"

"ချစ်အပ်၊ စိတ်နှလုံးကို တိုးပွားစေတတ်သူ မြတ်နိုးအပ်သူဆိုတဲ့ သတ္တဝါပညတ်ကို အာရုံပြုတယ်နော်"

"မှန်ပါဘုရား"

"တဏှာပေမ အချစ်မျိုးလည်း ချစ်ခင်အပ်သူအပေါ်မှာ စေးကပ်. စိုစွတ်လျက် အာရုံပြုတယ်၊ ဒါကြောင့် အဲဒီအချစ်မျိုးကိုလည်း "မေတ္တာ" လို့ ခေါ်ကြတယ်၊ မေတ္တာတုပေါ့နော်"

"မှန်ပါဘုရား"

"မေတ္တာစစ်ဆိုတာ ကုသိုလ်ကြီးယာ တစ်ခုခုသာ ဖြစ်တယ်၊ တဏှာပေမကတော့ လောဘအကုသိုလ်ဖြစ်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒါကြောင့် သားမယားချစ်. ဆွေမျိုးချစ် စသော သံယောဇဉ်မကင်းတဲ့ ချစ်ခြင်းများဟာ မေတ္တာစစ်မဟုတ်ဘူးနော် တဏှာပေမသာ များတယ်နော်"

"မှန်ပါ ဘုရား"

" အဲဒီအချစ်မျိုးကို ကျမ်းဂန်တွေမှာ "ဂေဟဿိတပေမ = အိမ်၌မှီသောအချစ်" လို့ ဆိုတယ်နော်"

"မှန်ပါ ဘုရား"

"အချုပ်ပြောရရင် မခွဲနိုင်. မခွာရက်အောင်ပင် သံယောဇဉ်ဖြစ်ရတဲ့ အချစ်ဟာ တဏှာပေမ ဂေဟဿိတပေမပဲနော်"

"မှန်ပါဘုရား"

"ခွဲသာ. ခွာသာ အကျိုးစီးပွားကို လိုလားတဲ့ သဘောကတော့ မေတ္တာအစစ်ပဲနော်၊ အဲဒါကြောင့် မေတ္တာဘာဝနာကို ပွားများရာ၌ မေတ္တာပို့ရာ၌ ဒေါသဆိုတဲ့ အဝေးရန်သူ၊ မေတ္တာတုဆိုတဲ့ အနီးရန်သူ အဲဒီနှစ်ပါးကို ရှောင်ရှားပြီး ပွားများရမယ်၊ ပို့ရမယ်နော်"

"မှန်ပါ ဘုရား"

"ကဲ ... တော်ကြပါစို့"

"မှန်ပါ၊ ဦးတင်ပါတယ်ဘုရား"

✦ တစ်ဦးတစ်ဦး၊ မေတ္တာစူး၊ အထူးချစ်ခင်ပါ။

✦ မေတ္တာလွှမ်းခြုံ၊ ရန်မျိုးစုံ၊ လုံခြုံတော့သည်သာ။

✦ မေတ္တာပျက်ပြား၊ ရန်တွေများ၊ ဘေးများတော့သည်သာ။

✦ ထို့ကြောင့် မေတ္တာ၊ နေ့ညဥ့်ပါ၊ ခါခါ ပွားလေပါ။

## "နမော တေ တိက္ကသံသာရ"

## ရောင်တော်ပြန်ဘုရားဆိုတာ ရှိပါသလားဘုရား

## (၉၅)

ဝိဇ္ဇာမယပညာကို အစိုးရသော ဝိဇ္ဇာဓိုရ်ယောက်ျားမည်သည် လောကဥ် အလွန်တွေ့ရခဲ၏။ တွေ့ ကြုံ၍ လိမ္မာလျှင် လောကဥ် မတွေ့ရဖူးသေးသော ဝိဇ္ဇာမယ ဆေးဝါးပညာ၊ အာယုသိဒ္ဓိ၊ ဓနသိဒ္ဓိမျိုးကို ရတတ်၏။

မလိမ္မာသူ လူတစ်ယောက်သည် ထိုကဲ့သို့သော ဝိဇ္ဇာဓိုရ်ကို တွေ့၍ "သင် ဘာကိုအလိုရှိသနည်း" ဟု မေးလေရာ ဇာတိဝင်ဆေးနည်းကို အလိုရှိပါသည်ဟု ဆိုလေ၏။ ဇာတိဝင်ဆေးနည်းကို ပေး၍သွားလေ၏။

လောကဥ်ဘယ်အခါမဆို အိမ်တိုင်းမှာရှိကြသော ဇာတိဝင်ဆေးနည်း တစ်ခုရလိုက်၏ဆိုဘိသကဲ့သို့လည်းကောင်း၊ တောင်သူ လူမိုက်တစ်ဦးသည် သိကြားမင်းကို တွေ့၍ "သင် ဘာကိုအလိုရှိပါသလဲ၊ ငါ သိကြားမင်း ဖြစ်သည်၊ အလိုရှိရာကို ပေးမည်" ဟု ဆိုပေရာ တစ်ချက်နှစ်ချက်ခတ်လျှင် မီးရသော မီးခတ်ကောင်းကောင်း အလိုရှိပါသည်ဟု ဆို၏။ သူအလိုရှိရာကို ပေး၍ သွားလေ၏။ဘယ်အခါမဆို လူတိုင်းမှာရှိကြသော မီးခတ်ငယ်တစ်ခု ရလိုက်၏ ဆိုဘိသကဲ့သို့လည်းကောင်း၊

အင်းဝမင်းတစ်ပါးသည် အောင်ပင်လယ်အရပ်သို့ တောကစားထွက်လေရာ ကောင်းကင်မှ ကျရောက်သော ဝိဇ္ဇာဓိုရ်နှင့်တွေ့ရာ "သင်မင်းကြီး ဘာကို အလိုရှိသလဲ" ဟု မေးရာ နတ်သမီးနှင့်တွေ့ရသော ဆေးကို အလိုရှိပါသည်ဆို၍ ထိုကဲ့သို့သောဆေးကို ပေး၍ သွားလေ၏။ ထိုဆေး၏ အစွမ်းဖြင့် နတ်သမီးနှင့် တစ်ကြိမ်တစ်ခါမျှ တွေ့ရ၏။ တစ်ကြိမ်တွေ့သည့်နောက် စိတ်ဖောက်ပြန်၍ နန်းကကျ၏။ အရူး အဖတ်တင်၏။

လူတို့သည် အများအားဖြင့် ရေရာတိကျသော အရွယ်အချိန်ကာလတို့ကို မရေရာသော အရွယ်အချိန်သို့ ရွှေ့လျက် တိကျရေရာသော အရွယ်အချိန်တို့ကို အလဟဿ ဖြုန်းတီးပစ်တတ်ကြ၏။

ထိုကဲ့သို့ ဖြုန်းတီးသူ အများထဲမှ တစ်ယောက်နှင့် တွေ့ရ၏။

တစ်ချိန်သော နွေရာသီ ပူပြင်းလှသော လကွယ်ဥပုသ်နေ့တစ်နေ့ ဖြစ်၏။ ဥပုသ်သည်များ တရားနာအပြီး မိမိထံသို့ ဒကာနှစ်ယောက် ရောက်လာသည်။ ရှိခိုးပြီး ထိုင်ကာ ဟိုဟိုသည်သည် မေးလျှောက်ရာမှ ရောင်တော်ပြန်ဘုရားအကြောင်းကို လျှောက်ထားလေသည်။

"အရှင်ဘုရား၊ ရောင်တော်ပြန်ဘုရားဆိုတာ ရှိပါသလားဘုရား"

"ရှိတယ်ဒကာကြီး"

"အဲဒီ ရောင်တော်ပြန်ဘုရားက ရောင်ခြည်တော်များ လွှတ်ကာ တရားဟောဦးမယ်ဆိုတာ ဟုတ်ပါသလားဘုရား"

"ဒါတော့ မဟုတ်ဘူး ဒကာကြီး"

"တချို့က ဟောမယ်တဲ့၊ အဲဒီအခါမှာ အများကြီး ကျွတ်တမ်းဝင်ကြဦးမယ်လို့ ပြောကြပါတယ်ဘုရား"

"ဒါ အလကား နားမလည်လို့ ပြောကြတာပဲ"

"မှန်ပါ၊ တပည့်တော်လည်း ဒီလိုပဲ ထင်ပါတယ်ဘုရား၊ ဒါပေမဲ့ ပြောတဲ့လူတွေက အနိုင်အမာပြောနေတော့ ကိုယ်လည်း ယောင်ဝါးဝါး ဖြစ်နေပါတယ်ဘုရား"

"ဒါကတော့ သဘာဝပဲ ဒကာကြီး"

"မှန်ပါ၊ အဲဒီအကြောင်း နည်းနည်းရှင်းပြပါဘုရား"

"ရှင်းပြဆိုရင် ပရိနိဗ္ဗာန်သုံးမျိုးကို မှတ်ထားရမယ်နော်"

"မှန်ပါ၊ မှတ်ထားပါမယ်ဘုရား"

"ပရိနိဗ္ဗာန်သုံးမျိုးက ဘာတွေလည်းဆိုတော့ -

၁။ ကိလေသပရိနိဗ္ဗာန် = ကိလေသာငြိမ်းခြင်း

၂။ ခန္ဓာပရိနိဗ္ဗာန် = ခန္ဓာငြိမ်းခြင်း

၃။ ဓာတုပရိနိဗ္ဗာန် = ဓာတ်တော်ငြိမ်းခြင်း

လို့ ပရိနိဗ္ဗာန် သုံးမျိုး ရှိတယ်မဟုတ်လား"

"မှန်ပါ ရှိပါတယ်ဘုရား"

"အဲဒီသုံးမျိုးမှာ ကိလေသပရိနိဗ္ဗာန်ဟာ ဗောဓိပင်နှင့် ရွှေပလ္လင်ထက်မှာကတည်းက စံခဲ့ပြီး၊ ကိလေသာငြိမ်းခဲ့ပြီပေါ့နော်"

"မှန်ပါ ဘုရား"

"ခန္ဓာပရိနိဗ္ဗာန်က ကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့အင်ကြင်းဥယျာဉ်တောမှာ စံခဲ့တယ်မဟုတ်လား"

"မှန်ပါ ဘုရား"

"ဓာတုပရိနိဗ္ဗာန်တော့ မစံရသေးဘူးနော်"

"မှန်ပါ ဘုရား"

"လူတွေက ဘာမှန်း ညာမှန်းမသိဘဲနဲ့ အဲဒီ ဓာတုပရိနိဗ္ဗာန်စံခန်းကို ရောင်တော်ပြန်ဘုရားဆိုပြီး မျှော်နေကြတယ်"

"မှန်ပါ ဘုရား"

"ရောင်တော်ပြန်ဘုရားက ဘယ်ကလာ တရားဟောတော့မှာလဲ၊ သာသနာကုန်နေပြီဟာ"

"မှန်ပါ ဘုရား"

" သာသနာကုန်ဆုံးတဲ့အခါ ဓာတ်တော်တွေဟာ သီဟိုဠ်ကျွန်း မဟာစေတီမှာ စုမယ်"

"မှန်ပါ ဘုရား"

"အဲဒီက နာဂဒီပကျွန်း လင်းလွန်းပင်စေတီမှာ စုလိမ့်မယ်"

"မှန်ပါ ဘုရား"

"နဂါးပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ကပါ မကျန် ဓာတ်တော်အားလုံး အကုန် ဗောဓိပင်နှင့် ရွှေပလ္လင်မှာ စုလိမ့်မယ်"

"မှန်ပါ ဘုရား"

"မုံညှင်းစေ့မျှ ဓာတ်တော်တစ်ဆူတောင်မှ မကြွင်းစေဘဲ အကုန်စုမယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ ဓာတ်တော်အားလုံးဟာ ဗောဓိပင်နှင့် ရွှေပလ္လင်မှာ အစုအပုံကြီး ဖြစ်ပြီး ရွှေတုံးကြီးကဲ့သို့ တခဲနက်ဖြစ်ကာ ရောင်ခြည်တော်ခြောက်သွယ် လွှတ်လိမ့်မယ်တဲ့"

"ဘုရားပုံ ပေါ်မလာဘူးလားဘုရား"

"မပေါ်ဘူး ဒကာကြီး"

"ဒါနဲ့ ပြောကြတာက ဘုရားပုံတော်အတိုင်းဖြစ်ပြီး ရောင်ခြည်တော်လွှတ် တရားဟောဦးမယ်၊ အဲဒီ တရားပွဲမှာ အများကြီး ကျွတ်ကြဦးမယ်လို့ မျှော်တဲ့လူတွေက မျှော်နေကြတယ်ဘုရား"

"အင်း၊ အဲဒီလို သူများပြောသံကြားနဲ့ ရမ်းမျှော်ပြီး ခုလုပ်သင့် လုပ်ထိုက်တာကို မလုပ်တဲ့လူတွေ တော်တော်သနား စရာကောင်းတယ်နော်"

"မှန်ပါ ဘုရား"

"ကဲ . . . အဲဒီ ရောင်တော်ပြန်ဘုရားကပဲ တရားဟောတယ် ထားပါဦးတော့၊ အဲဒီအချိန်မှာ မိမိက ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း သိပ့ါမလား"

"မသိနိုင်ပါဘုရား"

"ပြီးတော့ ယခုအချိန်တောင်မှ ဘုရား တရားဝေးပြီး ဟိုမျှော်ဒီမျှော် မျှော်နေတဲ့လူဟာ ဟိုအချိန်ကျရင် သာပြီး ဘုရား တရား မဝေးနိုင်ဘူးလား"

"ဝေးနိုင်ပါတယ်ဘုရား"

"ခု . . . သာသနာတော် ဆုတ်လာပုံ ကြည့်ပါလား"

"မှန်ပါ ဘုရား"

"မြန်လိုက်တာနော်"

"မှန်ပါ ဘုရား"

"အဲဒီအချိန်ကျရင် ယခုလက်ရှိ အိန္ဒိယအခြေအနေမျိုး ဖြစ်သွားမှာပေါ့"

"မှန်ပါ ဘုရား"

"ဒီတော့ ရောင်တော်ပြန်ဘုရား မျှော်တဲ့သူဟာ ရောင်တော်ပြန်ဘုရားထံ သွားပါဦးမလား"

"မသွားတော့ပါဘုရား"

"အမှန်က အဲဒီဓာတ်တော် အစုအပုံမှ ရောင်ခြည်တော်ခြောက်သွယ်ဟာ တစ်သောင်းသော လောကဓာတ် ပြန့်နှံ့မယ် နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ပြန့်တော့မှ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအများ စုဝေးလာကြလိမ့်မယ်တဲ့"

"မှန်ပါ၊ တပည့်တော်ကြားဖူးတာလည်း နတ်တွေ အများဆုံး ကျွတ်မယ် ကြားဖူးပါတယ်ဘုရား"

"နေပါဦး၊ ကျွတ်. မကျွတ်"

"မှန်ပါ ဘုရား"

"အဲဒီလို နတ်ပြဟ္မာတွေ စုဝေးလာပြီးတော့ "ဒီနေ့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီ၊ ဒီနေ့ သာသနာဆုတ်ပြီ၊ ကွယ်ပြီ၊ ယခု အခါ ဤဖူးမြင်ရခြင်းဟာ နောက်ဆုံးဖူးမြင်ရခြင်းပဲ" လို့ ဆိုပြီးတော့ ငိုကြွေးလိမ့်မယ်"

"မှန်ပါ ဘုရား"

"ဘုရားရှင် ပရိနိဗ္ဗာန်စံတုန်းကထက် ပိုပြီး ငိုကြွေးလိမ့်မယ်တဲ့"

"မှန်ပါ ဘုရား"

ထိုစဉ်တွင် မိမိအနီးရှိ အရှင်မြတ်က ထောက်ခံအားပေး ပြောပြ၏။

"ဟုတ်တယ်၊ ဦးပဥ္စင်းလည်း အဲဒီလို ရောင်တော်ပြန်ဘုရားက တရားဟောဦးမယ် ကြားတာနဲ့ စာကို သေသေချာချာ ကြည့်တယ်၊ မတွေ့ဘူး၊ နတ်ပြဟ္မာတွေ ငိုပွဲကြီးပဲလို့ တွေ့တယ်"

"မှန်ပါ ဘုရား"

"အနာဂါမ် ရဟန္တာမှတစ်ပါး ကျန်ပုဂ္ဂိုလ်အများတို့ဟာ မငိုဘဲ ဘယ်သူမှ မတည်နိုင်ဘူးတဲ့"

"မှန်ပါ ဘုရား"

"ဓာတ်တော်တွေ တေဇောဓာတ်လောင်တာဟာ ပြဟ္မာပြည်အထိ အရောင်အလင်း တက်မယ်တဲ့နော်"

"မှန်ပါ ဘုရား"

"မုံညှင်းစေ့ကလေးမျှ ဓာတ်တော်ဟာလည်း တစ်ခဲနက် အရောင်အလင်း တစ်ခုပဲတဲ့နော်"

"မှန်ပါ ဘုရား"

"ဓာတ်တော်တို့ ကုန်သော် အလင်းအရောင်တွေလည်း ပြတ်၊ သာသနာတော်လည်း ကွယ်ပြီတဲ့"

"မှန်ပါ ဘုရား"

"ဒီတော့ ဒကာကြီး ကိုယ်မပိုင်တဲ့အနာဂတ်ကို မျှော်ပြီး လက်ရှိ ပစ္စုပ္ပန်လုပ်ငန်းတွေ အလွတ်မခံနဲ့"

"မှန်ပါ ဘုရား"

ထိုတွင် မိမိက တစ်ဖန် ဝင်၍ ပြောပြပေးလိုက်ပြန်၏။

"ဟုတ်တာပေါ့၊ ယခု တရားနာတယ်ဆိုပါတော့ အဲဒီတရားထဲက လိုရင်းက ဘာလဲ၊ ရှောင်ရမှာက ဘာလဲ၊ လိုက်နာရမှာက ဘာလဲလို့ အချက်ကိုသိဖို့ အရေးကြီးတယ်မဟုတ်လား"

"မှန်ပါ ဘုရား"

"အဲဒီလိုသိအောင် နာပြီးတော့ ရှောင်စရာကို ရှောင်၊ လိုက်နာစရာကို လိုက်နာရင် အကျိုးရမယ်မဟုတ်လား"

"မှန်ပါ ဘုရား"

"တကယ်လို့ မသိရင်လဲ နာတဲ့လူအချင်းချင်း ဆွေးနွေးပေါ့ ဟုတ်လား"

"မှန်ပါ ဘုရား"

"အဲဒီလို ဆွေးနွေးလို့မရရင် ဟောသူကို ပြန်မေးပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလိုဆိုရင် တရားတစ်ပုဒ်သည်ပင်လျှင် မိမိတို့အဖို့ အများကြီး ကျေးဇူးရှိမယ်၊ တရားအများကြီးဆိုလျှင် ဆိုဖွယ်ရာ ရှိပါဦးမလား"

"မှန်ပါ မရှိပါဘုရား"

"ခုခေတ် တရားနာတာက တရားနာပြီး တရားပွဲမဏ္ဍပ်မှာ ချိတ်ထားခဲ့တယ်၊ ဘယ်ကိုယ်တော်က ဘယ်လိုနဲ့ ပြီးတာပဲ၊ ဆွေးနွေးတဲ့အဆင့် ကျင့်တဲ့အဆင့် မရောက်ဘူး"

"မှန်ပါ ဘုရား"

"ဆွေးနွေးပြီး ကျင့်တဲ့အဆင့်ရောက်မှ တရားနာရကျိုးနပ်မယ်"

"မှန်ပါ ဘုရား"

"နို့မဟုတ်ရင် ဝိဇ္ဇာမိုရ်နဲ့တွေ့ပါတယ်၊ ဇာတိဝင်ဆေးတောင်းသလောက်ပဲ အကျိုးရှိမယ်နော်"

"မှန်ပါ ဘုရား"

"ကဲ . . . တော်ကြစို့"

✦ ရောင်တော်ပြန်အား၊ မျှော်ကိုးစား၊ မေ့မှားမနေနဲ့။

✦ ခုသာသနာ၊ လက်ရှိမှာ၊ သေချာကြိုးစားကွယ့်။

✦ လက်ရှိဖယ်ထား၊ လက်မဲ့အား၊ ကိုးစားလွဲမည်ကွယ့်။

✦ ကိုးစားလွဲက၊ ဘေးဘယ၊ ဒုက္ခတွေ့မည်ကွယ့်။

# ကျောင်းဆောက်ခိုင်းရင် ဘယ့်နယ်လုပ်မလဲတဲ့ဘုရား

## (၉၆)

### ရောင့်ရဲလွယ်သူ

ရတတ်သမျှ၊ ရှိသမျှ၊ ဖြစ်သမျှနှင့် တင်းတိမ်ကျေနပ်သူကို "ရောင့်ရဲလွယ်သူ" ဟု ဆို၏။ ရတတ်သမျှနှင့် မရောင့်ရဲသူမှာ ရှာဖွေရကြောင့်ကြစိုက်ရသဖြင့် ဗျာပါရတွေ များခြင်း၊ ရှာ၍မရလျှင် စိတ်မချမ်းသာခြင်း၊ စိတ်ဆိုးခြင်း၊ ရပြန်လျှင် ပိုရအောင် ရှာခြင်း၊ ရှာတိုင်း မရသောအခါ စိတ်မသက်သာခြင်း၊ စိတ်ဆိုးခြင်း စသည် ဖြစ်တတ်ပေသည်။

ရတတ်သမျှ၊ ဖြစ်သမျှနှင့်အားရတင်းတိမ်နေသူမှာ ပစ္စည်းမရမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ တစ်ပါးပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍လည်းကောင်း စိတ်မချမ်းသာဖွယ်, စိတ်ဆိုးဖွယ် မရှိ၊ စိတ်အစဉ် အေးချမ်းလျက် ရှိပေ၏။

### ကျေနပ်တတ်သူ သုံးမျိုး

မိမိ ရတတ်သမျှနှင့် အားရ တင်းတိမ်နေတတ်သူ သုံးမျိုး ရှိကြောင်းကို အနက်သုံးမျိုး ပြ၍ အဋ္ဌကထာဖွင့် ပြသည်။ ယင်းကို ဤ၌ ဖော်ပြပါအံ့။ မှတ်သားလိုက်နာသင့်သော အနက်များ ဖြစ်ပါသည်။ ယင်းတို့ကား -

၁။ မိမိဥစ္စာဖြင့် နှစ်သက်ကျေနပ်တတ်သူ

၂။ ရှိနေသောဥစ္စာဖြင့် နှစ်သက်ကျေနပ်တတ်သူ

၃။ အညီအမျှအားဖြင့် နှစ်သက်ကျေနပ်တတ်သူ

ဟူ၍ သုံးမျိုး ရှိ၏။ ထိုသုံးမျိုးတွင် -

### မိမိဥစ္စာ

ရဟန်းများအဖို့ ရဟန်းခံရာ သိမ်အပြင်ရှိ "သလုံး မြင်းခေါင်းဖြင့် ရင်းနှီး၍ ရအပ်သော ဆွမ်း၊ ပံ့သုကူသင်္ကန်း၊ သစ်ပင်ရင်းကျောင်း၊ နွားကျင်ငယ်ပုပ်ရေဖြင့် ထုံအပ်သော ဆေးဤလေးပါးကို အားထား၍ သင် ရဟန်း ဖြစ်ခဲ့ရသည်။

ထိုလေးမျိုးကို သုံးဆောင်ရေး၌ သင်ကြိုးစားရမည်။ လာဘ်လာဘပေါ်များသူ ဖြစ်ပါမူ အခြားဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး တို့ကိုလည်း သုံးဆောင်လေဦး"ဟု ညွှန်ကြားခဲ့၏။ မိမိလည်း လက်ခံခဲ့၏။ ထို့ကြောင့် ပစ္စည်းလေးပါးကို "မိမိ ဥစ္စာ"ဟု ဆိုရ၏။

## မိမိဥစ္စာဖြင့် ကျေနပ်သူ

ထိုပစ္စည်းလေးပါးဖြင့် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ကောင်းစွာပြု၍ လှူသည်ဖြစ်စေ၊ ကောင်းအောင်မပြုဘဲ လှူသည်ဖြစ်စေ အလှူခံသောအခါ၌လည်းကောင်း၊ သုံးဆောင်သောအခါ၌လည်းကောင်း ဖောက်ပြန်မှုကို မပြဘဲ မျှတသူကို "မိမိဥစ္စာဖြင့် ကျေနပ်သူ"ဟု ဆိုရ၏။

## ရှိသောပစ္စည်းဖြင့် ကျေနပ်သူ

အကြင်ပစ္စည်းကို မိမိရခဲ့၏။ မိမိ၌ ထင်ရှားရှိ၏။ ထိုရှိနေသောပစ္စည်းဖြင့် မျှတရောင့်ရဲသူကို "ရှိသောပစ္စည်း ဖြင့် ကျေနပ်သူ"ဟု ဆိုရ၏။

## အညီအမျှ ကျေနပ်သူ

ကောင်း, မကောင်း အာရုံနှစ်မျိုး၌ နှစ်သက်ခြင်း၊ စိတ်ဆိုးခြင်း မဖြစ်သည်ကို အညီအမျှစိတ်ထားခြင်းဟု ဆို၏။ ထိုအညီအမျှစိတ်ထားခြင်းဖြင့် အာရုံဟူသမျှတို့၌ ကျေနပ်သူကို "အညီအမျှအားဖြင့် ကျေနပ်သူ"ဟု ဆိုရ၏။

## မွေးမြူခက်သူ မွေးမြူလွယ်သူ

သူတစ်ပါးကို မှီနေရသူ ဖြစ်လျက် သူကျွေးသမျှ ပေးသမျှနှင့် မကျေနပ်သူကို "မွေးမြူခက်သူ"ဟု ဆိုရ၏။ ယင်းသို့မဟုတ်ဘဲ ကျွေးသမျှ ပေးသမျှနှင့် ကျေနပ်သူကား "မွေးမြူလွယ်သူ"ပင်တည်း။

၁။ မိမိကိုယ်ကို မိမိ မွေးမြူခက်သူ

၂။ မိမိကိုယ်ကို မိမိ မွေးမြူလွယ်သူ

၃။ မိမိကိုယ်ကို သူတစ်ပါး မွေးမြူခက်သူ

၄။ မိမိကိုယ်ကို သူတစ်ပါး မွေးမြူလွယ်သူ

ဟု လေးမျိုးတို့တွင်

၁။ အချိုရလျှင် အချဉ်ရှာ၊ အချဉ်ရလျှင် အချိုရှာ စသည်ဖြင့် ရှာတတ်သူကို မိမိကိုယ်ကို မိမိ မွေးမြူ ခက်သူဟု ဆိုရ၏။

၂။ ထိုသို့မဟုတ်ဘဲ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ရတတ်သမျှနှင့် ကျေနပ်စွာစားပြီး မိမိအလုပ်အားထုတ်သူကို မိမိကိုယ်ကို မိမိ မွေးမြူလွယ်သူဟု ဆိုရ၏။

၃။ အကောင်းကို လှူစေကာမူ မျက်နှာမသာ မနှစ်သက်သည့်အမူအရာကို ပြတတ်၍ အလှူ ဒကာရှေ့မှာပင် "ဘယ်လိုဟာများ လှူရသလဲ"ဟု မောင်းမဲလျက် လှူရှင်တို့အား ပေးလိုက်ရသော ရဟန်း မျိုးကား သူတစ်ပါး မွေးမြူခက်သော ရဟန်းမျိုးတည်း။

၄။ ကောင်းကောင်းဆိုးဆိုး နည်းနည်း များများ ဒကာလှူသမျှ ရသမျှနှင့် ကျေနပ်နှစ်သက်စွာ ကြည်လင်သောမျက်နှာ ရှိသည်ဖြစ်၍ မျှတသောရဟန်းကား သူတစ်ပါး မွေးမြူလွယ်သော ရဟန်း မျိုးတည်း၊

## ကိုယ်စိတ် ဆင်းရဲမည်

ယင်းတွင် မွေးမြူခက်သူမှာ ပဋိပတ်အကျင့်စခန်းများ ပြည့်စုံရေးအတွက် အလွန်ပင် ခက်လိမ့်မည်။ ထို့ကြောင့် ဘုရားရှင်သည် ပဋိပတ်အကျင့်စခန်းများ ပြည့်စုံရေးအတွက် မွေးမြူလွယ်ကူသူ ဖြစ်ရေးကို ညွှန်ပြတော်မူခဲ့သည်။

လူများထံမှ ရ. မရနှင့် စပ်၍ စိတ်ထိခိုက်မှု မရှိစေရန် သဘောထားမှန်ကန်ရေးအတွက် ကဿပသံယုတ်၌ ရှင်တော်ဘုရား ဟောကြားချက်မှာ ရောင့်ရဲလွယ်သူ၊ မွေးမြူလွယ်သူ ဖြစ်ရေးနှင့် သက်ဆိုင်၍ ထုတ်ပြပါဦးမည်။

"ငါ့ကို မလှူမရှိပါစေနှင့်၊ လှူကြပါစေ၊ နည်းနည်း မလှူကြပါစေနှင့်၊ များများ လှူကြပါစေ၊ အညံ့ကို မလှူကြပါစေနှင့်၊ အကောင်းကို လှူပါစေ၊ နှေးနှေးမလှူကြပါစေနှင့် မြန်မြန်လှူကြပါစေ၊ ကောင်းမွန်အောင် မစီမံဘဲ မလှူကြပါစေနှင့်၊ ကောင်းအောင်စီမံကာ လှူကြပါစေ"

ဤသို့သော စိတ်ထားမျိုးဖြင့် အိမ်များသို့ ချဉ်းကပ်သောအခါ ရဟန်းသည် မိမိတောင့်တသည့်အတိုင်း မရသော် စိတ်ထိခိုက်ကာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရတော့၏။

## ကိုယ်စိတ် မဆင်းရဲရ

ရဟန်းတစ်ပါးကား "မလှူမရှိပါစေနှင့် လှူကြပါစေ" စသော တောင့်တချက်များအတိုင်း သူ့စိမ်းပြင်ပဖြစ်သော သူတစ်ပါးတို့အိမ်မှာ ဘယ်မှာလျှင် ရကောင်းပါအံ့နည်း" ဟူသော စိတ်ထားမျိုးဖြင့် အိမ်များသို့ ချဉ်းကပ်ကာ ထိုရဟန်းမှာ မရခြင်း စသောအကြောင်းကြောင့် ကိုယ်စိတ်ဆင်းရဲ မဖြစ်ရတော့ပေ။

"ကဿပသည် ယင်းစိတ်ထားမျိုးဖြင့် အိမ်များသို့ ချဉ်းကပ်သည်ဖြစ်၍ မရခြင်းမျိုး စသည်ကြောင့် စိတ်ထိခိုက်ခြင်း မရှိ၊ မဆင်းရဲရ၊ ကဿပနမူနာဖြင့် သင်တို့အား ဆုံးမရတော့မည်၊ ထိုနမူနာအတိုင်း ကျင့်ကြလေ" ဟု ဘုရားရှင် ဟောတော်မူခဲ့လေသည်။

## ကြောက်နေသည်

ဘုရားရှင်၏ ယင်းအဆုံးအမအတိုင်းသာ လိုက်နာပါလျှင် ဒကာ ဒကာမတွေရော ရှင်ရဟန်းတွေပါ များစွာ ကိုယ်စိတ်ချမ်းသာ၍ ကုသိုလ်တရားများ ပွားများနိုင်မည် ဖြစ်ပါသည်။ ယခုမူ ယင်းသို့မဟုတ်၍ ဒကာ ဒကာမအချို့သည် ရဟန်းတွေကို ကြောက်နေကြသည်။

မိမိသည် ယင်းသို့ ကြောက်နေသူတစ်ဦးနှင့် တစ်ခါက တွေ့ခဲ့၏။ မိမိ ရွာတစ်ရွာတွင် တရားဟောခိုက် ဖြစ်၏။ ဖနီးမောင်နှံ နှစ်ဦးသည် မိမိကို လွန်စွာကြည်ညိုကြ၏။ တစ်နေ့ ဥပုသ်နေ့တွင် ဖနီးမောင်နှံနှစ်ဦး သီလယူ တရားနာအပြီးတွင် ရောက်ရှိလာ၏။ ရှိခိုးဦးချပြီးသောအခါ ဒကာမကြီးက လျှောက်ထားသည် -

"အရှင်ဘုရား၊ တပည့်တော်တို့ကို ရိုးဖြောက်သောအားဖြင့် အလိုရှိတဲ့အခါ အလိုရှိတဲ့ ပစ္စည်းလေးပါးတို့ကို အလှူခံတော်မူပါဘုရား၊ တပည့်တော်တို့ အရှင်ဘုရားရဲ့ပစ္စည်းလေးပါးဒကာ ခံယူလိုပါတယ်ဘုရား"

မိမိသည် ဆိတ်ဆိတ်နေသောအားဖြင့် ဒကာမကြီး၏ ပစ္စည်းလေးပါး ဖိတ်ကြားမှုကို လက်ခံလိုက်၏။ ပြီးသော် ဒကာမကြီး လျှောက်ထားပြန်၏။

"တပည့်တော် မောင် (.....) ကို ပစ္စည်းလေးပါး ဖိတ်ပါဖိတ်ပါနှင့် လျှောက်ထားနိုင်းတာ ကြာပြီဘုရား၊ အဲဒါ သူမဖိတ်တာနဲ့ တပည့်တော်ဖိတ်ပါတယ်ဘုရား"

"ဒကာကြီးက ဘာဖြစ်လို့ မဖိတ်တာတဲ့လဲ"

"ကျောင်းဆောက်နိုင်းရင် ဘယ့်နယ်လုပ်မလဲတဲ့ဘုရား"

"နို့...ဟုတ်သားပဲ၊ ကျောင်းဆောက်နိုင်းရင် ဘယ့်နယ်လုပ်မလဲ"

"တပည့်တော်က ပြောလိုက်တယ်ဘုရား၊ ကျောင်းဆောက်နိုင်းရင် အိမ်ဖျက်ဆောက်မယ်လို့..."

"အဟုတ်ဆောက်နိုင်ပါ့မလား"

"ဆောက်နိုင်ပါတယ်ဘုရား"

"ကြံကြံဖန်ဖန် မကြောက်သင့်တာ ကြံကြောက်တယ်၊ ဘုန်းကြီးက ပစ္စည်းလေးပါး ဖိတ်ထားတာနဲ့ပဲ ကျောင်းဆောက်နိုင်းရမလား"

"ဟုတ်ပါတယ်ဘုရား"

"ဒကာမကြီးတွေ ဒကာလေးမျိုး မှတ်ထားသင့်တယ်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"ပစ္စည်းလေးပါး ဖိတ်ထားတဲ့ ပစ္စည်းလေးပါးဒကာရယ်၊ ဆွမ်းမျိုးရယ်က တောင်းသာ တောင်းကောင်း၍ မပေးကောင်းတဲ့ ဒကာတဲ့"

"မှန်ပါ ဘုရား"

"ဝေယျာဝစ္စ၊ ဝတ်ကြီးဝတ်ငယ် လုပ်ပေးတဲ့ ဒကာ ဒကာမတွေက ပေးသာ ပေးကောင်း၍ မတောင်းကောင်းတဲ့ ဒကာ ဒကာမတွေတဲ့"

"မှန်ပါ ဘုရား"

"ဖိတ်လည်း မဖိတ်၊ ဆွမ်းမျိုးလည်း မတော်၊ ဝေယျာဝစ္စ၊ ဝတ်ကြီးဝတ်ငယ်လည်း လုပ်မပေးတဲ့ ဒကာ ဒကာမတွေက မပေးလည်း မပေးကောင်း၊ မတောင်းလည်း မတောင်းကောင်းတဲ့ ဒကာ ဒကာမတွေတဲ့"

"မှန်ပါ ဘုရား"

"ဖိတ်လည်း ဖိတ်ထား၊ ဝေယျာဝစ္စ၊ ဝတ်ကြီးဝတ်ငယ်လည်း ပြုလုပ်ပေးသူ ဒကာ ဒကာမတွေတော့ တောင်းလည်း တောင်းကောင်း ပေးလည်း ပေးကောင်းတယ်တဲ့"

"မှန်ပါ ဘုရား"

"ရဟန်းတွေဟာ ဆွမ်းမျိုးမတော်သူကို ဖိတ်မထားရင် ကွမ်းတစ်ရိုး၊ ဆေးတစ်ငုံစာမျှတောင်မှ မတောင်းကောင်းဘူး၊ တောင်းရင် တောင်းလို့ရတဲ့ အဲဒီပစ္စည်းဟာ မအပ်တော့ဘူး"

"မှန်ပါ ဘုရား"

"ယခုလို ဖိတ်ထားတော့ အဲဒီ အတိုအထွာ ဆေးဝါးဓာတ်စာ စသည် တောင်းခံလို့ ရတာပေါ့"

"မှန်ပါ ဘုရား"

"ဘယ်ကလာ မတန်တဆေး ကျောင်းဆောက်နိုင်းရမလဲ"

"မှန်ပါ ဘုရား၊ အဲဒါကို သူက ကြောက်နေတယ်ဘုရား"

"သူတော်ကောင်း ရဟန်းတွေမှာ အတိုင်းအရှည် သိရမှု လေးမျိုး ရှိတယ်"

"အမိန့်ရှိပါဘုရား"

"ရှာမှီးခြင်း၊ ခံယူခြင်း၊ သုံးဆောင်ခြင်း၊ စွန့်ပေးခြင်းဆိုတဲ့ လေးဌာနတို့၌ အတိုင်းအရှည်ပမာဏကို သိရတယ်"

(ဝိသုဒ္ဓိမဂ်)

"မှန်ပါ ဘုရား"

"မဖိတ်ထားတဲ့ ဒကာ ဒကာမတွေထံမှာ ကွမ်းတစ်ရိုး၊ ဆေးတစ်ငုံစာမျှ မတောင်းခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်းစသည်ဖြင့် လာဘ်မရှာဘဲ တရားသဖြင့် ရှာဖွေခြင်းဟာ ရှာမှီးခြင်း၌ အတိုင်းအရှည်ကို သိတယ်လို့ ခေါ်တယ်"

"မှန်ပါ ဘုရား"

"အလှူခံရာ၌ ဒကာရဲ့အလိုဆန္ဒ၊ လှူဖွယ်ဝတ္ထုရဲ့ပမာဏ၊ မိမိရဲ့အသုံး အဲဒီသုံးမျိုးကို နှိုင်းချိန်ပြီး ခံယူတာကို ခံယူခြင်း၌ အတိုင်းအရှည်ကို သိတယ်လို့ ခေါ်တယ်"

"မှန်ပါ ဘုရား"

"လှူဖွယ်ပစ္စည်းတွေက ပေါများနေသော်လည်း အလှူရှင်က နည်းနည်းပဲလှူရင် ဒကာရဲ့အလိုဆန္ဒ သဒ္ဓါစေတနာ လိုက်ပြီးတော့ နည်းနည်းပဲ အလှူခံရတယ်တဲ့"

"မှန်ပါ ဘုရား"

"အလှူရှင်က များများလှူလိုသော်လည်း လှူဖွယ်ပစ္စည်းက နည်းနေရင် လှူဖွယ်ပစ္စည်းကို လိုက်ပြီးတော့ နည်းနည်းပဲ အလှူခံရတယ်တဲ့"

"မှန်ပါ ဘုရား"

"အလှူရှင်ကလည်း သဒ္ဓါစေတနာ အားကောင်းတယ်၊ လှူဖွယ်ပစ္စည်း အင်အားကလည်း ကောင်းရင် မိမိရဲ့အသုံးကို ကြည့်ပြီးတော့ လိုသလောက်သာ အလှူခံရတယ်တဲ့"

"မှန်ပါ ဘုရား"

"အဲဒီလို အလှူခံတတ်တဲ့ ပုဂ္ဂိုလ်ကို "ခံယူမှု၌ အတိုင်းအရှည်ကို သိသူ" လို့ ခေါ်တယ်"

"မှန်ပါ ဘုရား"

"အဲဒီလို ပုဂ္ဂိုလ်မျိုးဟာ မဖြစ်သေးတဲ့ လာဘ်ကိုလည်း ဖြစ်စေနိုင်တယ်၊ ဖြစ်ပြီးသား လာဘ်ကိုလည်း ခိုင်မြဲစေနိုင်တယ်တဲ့"

"မှန်ပါ ဘုရား"

"ကြောက်လို့ရှိရင် မိမိကြည်ညိုတဲ့ ပုဂ္ဂိုလ်ဟာ ယခုပုဂ္ဂိုလ်မျိုး ဟုတ်. မဟုတ် ကြည့်ပေါ့၊ ဟုတ်မှ ဖိတ်ပေါ့၊ မဟုတ်ရင် မဖိတ်နဲ့ပေါ့၊ ဟုတ်လား"

"မှန်ပါ ဘုရား"

"ပစ္စည်းလေးပါး ရတဲ့အခါ ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးစွဲလေ့ရှိသူကို "သုံးဆောင်ရာ၌ အတိုင်းအရှည်ကို သိသူ" လို့ ခေါ်တယ်တဲ့"

"မှန်ပါ ဘုရား"

"မိမိရတဲ့ ပစ္စည်းကို သူတစ်ပါးတို့အား ပေးရာ၌ မအပ်သော ပေးခြင်း မဖြစ်စေခြင်း၊ အလှူဒကာတွေ သဒ္ဓါတရား မပျက်အောင် မစွန့်မပေးခြင်းဟာ စွန့်ကြဲမှု၌ အတိုင်းအရှည် သိသူတဲ့"

"မှန်ပါ ဘုရား"

"ဒီလိုသိတတ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ရင် ဘယ့်နှယ်ပစ္စည်းလေးပါး ဖိတ်ထားတာမျှနဲ့ ကျောင်းဆောက်နိုင်းပါ့မလဲ"

"မှန်ပါ ဘုရား၊ အဲဒါ သူက ကြောက်နေတယ်"

"အင်း...အဲဒီသဘောမသိတဲ့ အချို့ဒကာ အချို့ရဟန်းတွေတော့ ရှိတယ်ပေါ့လေ၊ ဘယ်လိုလဲဆိုတော့ ပစ္စည်းလေးပါး ဖိတ်ထားရင် အားလုံး တို့တာဝန်ပဲလို့ တစ်ချို့က ထင်တယ်"

"မှန်ပါ ဘုရား"

"ဘယ် ဒီလိုဟုတ်မလဲ၊ ကိုယ်နှင့် တန်သလောက် နိုင်သလောက်ပေါ့၊ မဖိတ်ထားရင် ဘာမှ အလှူခံလို့မှ မအပ်လို့ အပ်အောင်သာ ဖိတ်ရတာပဲ"

"မှန်ပါ ဘုရား"

"အချို့ရဟန်းတွေကလည်း ပစ္စည်းလေးပါး ဖိတ်ထားရင် ငါ့ဒကာရင်းပဲ၊ ငါလိုတာ အကုန်တောင်းရတော့မယ် ဆိုပြီးတော့ ကိုယ်နဲ့ မတန်မရာတွေပါ တောင်းတတ်တယ်"

"မှန်ပါ ဘုရား"

"အဲဒီ ရဟန်းမျိုးတွေ တွေ့ ပြီး တချို့ဒကာတွေ ပစ္စည်းလေးပါး ဖိတ်ရမှာ ကြောက်နေတယ်၊ အဲဒီအထဲမှာ ဒကာကြီးလည်း ပါနေပြီပေါ့ ဟုတ်လား"

"မှန်ပါ ဘုရား"

"မကြောက်ပါနဲ့၊ ပစ္စည်းလေးပါး ဖိတ်ထားလျှင် မိမိတို့လည်း ကုသိုလ်ရတယ်၊ ရဟန်းတွေလည်း အသက်မွေးစင်ကြယ်တယ်၊ ပရိယတ် ပဋိပတ်တရား အားထုတ်ရတာ ချမ်းသာတယ်နော်"

"မှန်ပါ ဘုရား"

"မဖိတ်ထားတော့ မိမိတို့လည်း ကုသိုလ်မရဘူး၊ ရဟန်းတွေလည်း အတိုအထွာလေးမှ စပြီး မအပ်တော့ အသက်မွေး မစင်ကြယ်ဘူး၊ ပရိယတ် ပဋိပတ်တရား အားထုတ်ရတာ မချမ်းသာဘူးနော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် ဆရာဒကာ ချမ်းသာရေးအတွက် ပစ္စည်းလေးပါး ဖိတ်ထားခြင်းသည် ကောင်းတယ်လို့မှတ်၊ ဖိတ်သင့်တယ်လို့ မှတ်၊ ကဲ...တော်ကြစို့"

✧ မိမိလေးစား၊ ရဟန်းများ၊ လေးပါးပစ္စည်း ဖိတ်သင့်သည်။

✧ မဖိတ်မကြား၊ လှူခံငြား၊ အပ်ကား မအပ် ဖြစ်တော့သည်။

✧ မအပ်မရာ၊ စားသုံးရာ၊ ပါယ်ရွာသေချာရောက်တော့သည်။

# အမေ ခေါ်သင့်၊ မခေါ်သင့်

## (၉၇)

၁၃၃၉ ခုနှစ် နွေရာသီကား ခါတိုင်းနှစ် နွေရာသီထက် ပူပြင်းလှသည်ဟု ပြောကြသည်။ မိမိသည် ထိုပူပြင်းလှသော အပူဒဏ်ကို ခံစားရင်း ဓမ္မဒေသနာခရီး လှည့်ရင်း မိမိနားနေရာစခန်းသို့ တစ်ဖန်ပြန်ရောက်ချိန်တွင် စာများက ဆီးကြိုလျက် ရှိ၏။ စာအိတ်တစ်အိတ်ကို ဖောက်ဖတ်လိုက်၏။

သို့
မိတ်ဆွေ
ဓတဒဂ်အရှင်ပညာဇောတ
၁၃၃၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂)ရက်
စာရေးလျှောက်ထား သိစေအပ်ပါသည်။

အရှင်ဘုရားရဲ့ဗုဒ္ဓဓမ္မပြဿနာများ (၁ - ၂)တို့ကို ကြည့်ရှုခဲ့ရာ လောကီရှုထောင့် လောကုတ္တရာရှုထောင့်မှ ပြုပြင်စရာ အဖြာဖြာတို့ကို တိုစိတိုစိ အလိုရှိသလို တစ်ခဏချင်း ဆုံးဖြတ်ချက် ချနိုင်ပါသဖြင့် ကြည့်ရှုသူ အားလုံးတို့မှာ များစွာပင် အကျိုးရှိလှသည်ဟူ၍ ထင်မိပါသည်။

ဗုဒ္ဓဓမ္မပြဿနာ အမှတ် (၃)ကိုလည်း စောင့်မျှော်လျက် ရှိပါသည်။ မိမိထံတွင်ရှိသော အမှတ် (၁ - ၂)တို့မှာ ကျောင်းတွင် နားရသည်ဟူ၍ မရှိ၊ ဟိုက ငှားဖတ်၊ ဒီက ငှားဖတ်နှင့် တစ်ကြိမ်သာ ကြည့်ရှုရပါသေးသည်။

ယခု အထူးတင်ပြလိုသည့် ပြဿနာမှာ ရဟန်းတော်များအနေဖြင့် မွေးသည့်အမေမယ်တော်မဟုတ်ဘဲ လျက် ပစ္စည်းလေးပါးလှူ၍ ရဟန်းခံပေးသော ပုဂ္ဂိုလ်များကို အမေ ခေါ်သင့်၊ မခေါ်သင့် ကို ကျမ်းဂန်စာပေ အထွေထွေဖြင့် ဆုံးဖြတ်ချက် ချပေးပြီးလျှင် -

အကယ်၍ အမေအစား မည်သို့သော အသုံးအနှုန်းမျိုး ဖြစ်သင့်သည်ကိုပါ ညွှန်ကြားပေးပါရန် -
(အမှတ် (၃) တွင် ဒီပြဿနာ ပါဝင်လိမ့်မည်လို့ မျှော်လင့်ပါ၏။)

ကျန်းမာစွာဖြင့် သာသနာပြုနိုင်ပါစေ
သင့်မိတ်ဆွေ
စစ်ကိုင်းတောင်ရိုး

"အင်း ..."

မိမိသည် စာဖတ်၍ ဆုံးသွားသောအခါ အမှတ်မထင်ပင် "အင်း ..." ဟု သက်ပြင်းချမိပါသည်။ "အဘယ်သို့ အဖြေပေးရမည်နည်း" ဟုလည်း စဉ်းစားမိသည်။

မှန်၏။ သူ့အမေးတွင် အဖြေကို ဗုဒ္ဓဓမ္မပြဿနာများ (၃)တွင် မျှော်လင့်နေမည်လို့လဲ ပါဝင်၏။ ပြဿနာ (၃)ကား ရေးပြီးပြီ၊ ဘယ်သို့ ပါဝင်နိုင်အံ့နည်း။

တရားဟောဆဲလည်း ဖြစ်၍ အထွေအထူး ဆက်လက်မစဉ်းစားတော့ဘဲ စာကို သိမ်းထားလိုက်၏။ အချိန်ကား ကုန်လွယ်လှသည်။ ၁၃၃၉ ခုနှစ် ကုန်ပြီ၊ ၁၃၄၀ ခုနှစ်ဆန်းသို့ ရောက်ပြီ၊ မိမိသည် တရားပွဲများ သိမ်းကာ အနားယူရန် စာရေးရန် စီစဉ်ရတော့သည်။ ထိုအခါ "အမေ ခေါ်သင့်, မခေါ်သင့်" ပြဿနာကို ဦးစားပေး ရေးရန် စိတ်ဖြစ်မိသည်။ သို့နှင့် ပြန်စာရေးလိုက်သည်။

သို့
အဆွေတော်
စစ်ကိုင်းတောင်ရိုး
ပြန်ကြားသိစေပါသည် -

အဆွေ့ထံမှ မမျှော်လင့်သောစာကို ရ၍ ဝမ်းသာစွာနှင့် စာကို ဖောက်ဖတ်မိသည်။ ခါတိုင်းစာမျိုးနှင့် မတူ တစ်မူထူးခြားသော စာကိုရ၍ အံ့ဩမိပါသည်။

အဆွေနှင့်တကွ အဆွေ့ပတ်ဝန်းကျင်က တပည့်တော်ရဲ့ဗုဒ္ဓဓမ္မပြဿနာများကို စိတ်ဝင်စားကြောင်း သိရ၍ဝမ်းသာပါသည်။ အခြားပရိသတ်များထံမှလည်း ယင်းသို့သော စာသတင်း၊ ပါးစပ်သတင်းများ ရပါသည်။ ယင်းသို့ဖြင့် တပည့်တော်တွင်လည်း ပြဿနာပေါင်းများစွာကို ရရှိပါသည်။

ပြဿနာများ (၃)မှာရေးပြီးရိုက်ခွင့်လည်းရပြီးနေပါပြီအဆွေ၊ ဒါနဝတ္ထုနှင့်ဓာတ်ကမ္မဋ္ဌာန်းကျမ်းကိုတောင်း ဆိုနေကြ၍ ယင်းတို့ကို ပွဲထုတ်ရသဖြင့် မထွက်နိုင်သေးပါ။ သို့မဟုတ်မူ ထွက်နေပါပြီ။

သို့ဖြစ်၍ အဆွေ့ ပြဿနာ (၃)မှာ မပါနိုင်တာကိုတော့ ခွင့်လွှတ်ပါနော်။ အမေ ခေါ်သင့်,မခေါ်သင့်ဆိုတဲ့ အဆွေ့ ပြဿနာကို တပည့်တော်လည်း စိတ်ဝင်စားလှပါသည်။ သို့ဖြစ်၍ စိတ်ဝင်စားသော တစ်ခြားတပည့်တော် မိတ်ဆွေများနှင့် တိုင်ပင်ကာ ဖြေကြားလိုက်ပါသည်။

အဖြေအချုပ်ကတော့ "မခေါ်သင့်" လို့ပဲ ဖြေလိုက်ပါသည်။ အကျယ်ကတော့ အမေမဟုတ်သူကို အမေခေါ်လျှင် မိမိသည် ယင်းအမေအောက် ငယ်သွားပြီး မိမိကိုယ်ကို အောက်ချထားပြီး မဟုတ်ပါလားအဆွေ။

ယင်းသို့ဆိုသော် ဝိသုဒ္ဓိမဂ် အဋ္ဌကထာလာ "စာဠကမျှတာဘိ နိစရတ္တိတာ အတ္တာန် ဟောဋ္ဌတော ဟောဋ္ဌ တောဋ္ဌပေတွာ ဝတ္တန် = စာဋ္ဌကမျှတာ ဟူသည်ကား မိမိကိုယ်ကို မိမိ နှိမ့်ချဆိုသော သူ၏အဖြစ် မိမိကိုယ်ကို အောက်

က ထား၍ ဆိုခြင်း၊ ကျင့်ခြင်းတည်း" လို့ ဆိုတဲ့အဖွင့်ကို ထောက်သော် မခေါ်သင့်ဆိုတာဟာ ထင်ရှားတယ်မဟုတ်လားအဆွေ။

အဆွေရေ . . . ပြီးတော့ "စာရှကမျတာ အတ္တာနံ ဒါသံဝိယ နီစဌာနေ ဌပေတွာ ပရဿ ခလိတဝစနံ သုဏာပေတွာ ပိယကာမတာယ ပဂ္ဂယှဝစနံ = မိမိကိုယ်ကို ကျွန်ကဲ့သို့ နိမ့်သောအရာ၌ ထား၍ သူတစ်ပါး၏ ချွတ်ချော်တိမ်းပါးသောစကားကို တည်စေ၍ မိမိအား ချစ်ခြင်းကို အလိုရှိသည်အဖြစ်ဖြင့် လူဒါယကာတို့ကို မြှောက်ပင့်၍ ဆိုခြင်းသည်စာရှကမျတာ မည်၏" လို့ ဝိသုဒ္ဓိမဂ် မဟာဋီကာ ဖွင့်ဆိုထားပါတယ်။

အဲဒီအဖွင့်ကတော့ ပိုပြီးတော့ ထင်ရှားတယ်မဟုတ်လား အဆွေ၊ အမေ မတော်သူကို အမေခေါ်တာဟာ မိမိကိုယ်ကို ချစ်စေလိုလို့ ခေါ်တာမဟုတ်လား၊ အခေါ်ခံရသူကလည်း သဘောကျတယ်မဟုတ်လား၊ သဘောကျရင် များများလှူတာပေါ့ ဟုတ်လား။

အမှန်က မိမိက အသိဉာဏ်ကြီးသူ၊ သီလသမာဓိကြီးသူ မဟုတ်လား၊ အမေခေါ်တော့ ကိုယ်က ငယ်သွားတယ်မဟုတ်လား၊ ငယ်သွားတာဟာ နိမ့်ထားလို့ ငယ်တာပေါ့၊ အဲဒီလို နိမ့်ပြီးခေါ်လို့ သဘောကျသူတွေက လှူတဲ့ ပစ္စည်းလေးပါးဟာ မသုံးဆောင်သင့်တော့ဘူး၊ အဆိပ်အတောက်နှင့် တူတယ်မဟုတ်လား အဆွေ။

အဲဒီလိုအမေ မဟုတ်သူကို အမေ၊ အဖေ မဟုတ်သူကို အဖေလို့ခေါ်ပြီး *နှစ်ဆယ့်တစ်ပါးသော မရှာမှီးအပ်သည်ကို ရှာမှီးခြင်း၌ တည်၍ ချမ်းသာစွာ အသက်မွေးခြင်းဟာ တတ်ကောင်းတယ်လို့ ဓမ္မပဒအဋ္ဌကထာ ဆိုပါတယ်။

ရှင်းရှင်းပြောရရင်တော့ အသက်မွေးချောင်တယ်ပေါ့အဆွေရယ်၊ အဲဒီလိုပုဂ္ဂိုလ်မျိုးကို ကျီးရဲနဲ့ တူတယ်လို့ ဆိုပါတယ်။ ကျီးရဲလည်း ရဲတယ်ဆိုတော့ အသက်မွေးချောင်တယ်၊ စားစရာပေါတယ် မဟုတ်လား။

ခုလည်း အဲဒီလိုပေါ့၊ အမေမဟုတ်သူကို အမေလို့ခေါ်တော့ အခေါ်ခံရသူက သဘောကျတာပေါ့၊ သဘောကျတော့ လှူတယ်ပေါ့၊ လှူတော့ ပစ္စည်းပေါတယ်၊ အသက်မွေး ချောင်တယ်ပေါ့၊ ဒါကြောင့် အဲဒီလိုနည်းမျိုးကို မခေါ်သင့်ဘူးလို့ပဲ မှတ်ပါအဆွေ။

အမေအစား မည်သို့အသုံးအနှုန်းမျိုး ဖြစ်သင့်သည်ကို ညွှန်ကြားပေးပါအရညွှန်ကြားရရင်တော့ လှူတတ်သူမို့ "ဒကာကြီး၊ ဒကာမကြီး" လို့ပဲ ခေါ်တာဟာ အကောင်းဆုံးပါပဲ၊ အမှန်ဆုံးပါပဲ။

ဒီနေရာမှာ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ကာနီး အရှင်အာနန္ဒာ လျှောက်ထားချက်ကို အဆွေ သတိရမှာပေါ့၊ အရှင်အာနန္ဒာက ဘုရားကို လျှောက်တယ်လေ –

"မြတ်စွာဘုရား၊ အကျွန်ုပ်တို့သည် ဒကာမများနှင့်စပ်လျဉ်း၍ ဘယ်လိုကျင့်သုံးရပါမည်နည်း"

"အရှင်အာနန္ဒာ၊ မတွေ့မမြင်ရအောင် ကျင့်သုံးရမည်၊ မကြည့်နှင့်"

---

* ၁။ ဒါယကာတို့အား လာဘ်လာဘရခြင်းအကျိုးငှာ ဝါးပေးခြင်း၊ ၂။ အပွင့်ပေးခြင်း၊ ၃။ အသီးပေးခြင်း၊ ၄။ ဒန်ပူပေးခြင်း၊ ၅။ မျက်သစ်ရေပေးခြင်း၊ ၆။ ခေါင်းလျှော်စရာ ကင်ပွန်းရည်ပေးခြင်း၊ ၇။ ချေးတွန်းစရာ ကသယ်မှုန့် ကုက္ကိုမှုန့်ပေးခြင်း၊ ၈။ သုံးစရာ မြေနီမြေဖြူပေးခြင်း၊ ၉။ မိမိကိုယ်ကိုနိမ့်ချ၍ ကျွန်ုပ်.ဖျာ စသည်ဖြင့် ပြောခြင်း၊ ၁၀။ ပဲနောက်ဟင်းကဲ့သို့ မမှန်တစ်ချက် မှန်တစ်ချက်ပြောခြင်း၊ ၁၁။ ရှာသူ သားမောင်တို့ကို ထိန်းခြင်း၊ ၁၂။ လူတို့မှာကြားလိုက်သော သတင်းစကားကို ဆောင်ခြင်း၊ ၁၃။ ဆေးကုခြင်း၊ ၁၄။ တမန် သည်မှုပြုခြင်း၊ ၁၅။ ဆွမ်းဘုဉ်ပေးခြင်း၊ ၁၆။ တာဝန် သတင်းစကားကို ဆောင်ခြင်း၊ ၁၇။ လယ်ကြန်ကို ကြားခြင်း၊ ၁၈။ ယောက်ျား မိန်းမတို့၏ လက္ခဏာကြန်ကို ကြားခြင်း၊ ၁၉။ မိတ္တသန္တာပြု၍ နိစ္စဘတ်ဆွမ်း မခံအပ်သော ပြည့်တန်ဆာစသော ဌာနတို့၌ နိစ္စဘတ်ဆွမ်းခံခြင်း၊ ၂၀။ မင်း၏ အမတ်စသည်တို့နှင့် အကျွမ်းတဝင်မိတ်ဖွဲ့ခြင်း၊ ၂၁။ သာသနာတော်၌ မကြည်ညိုသူကို မှီဝဲခြင်း။

အဲဒီမှာကြည့်ပါလားအဆွေ၊ မာတုဂါမ ဒကာမများကို မကြည့်ခြင်းဟာ အကောင်းဆုံးသော ကျင့်ထုံးအဖြစ် ဘုရားဟောတယ်မဟုတ်လား၊ ဟုတ်တာပေါ့၊ မကြည့်လို့ မမြင်ရရင် လောဘ မဖြစ်ဘူး၊ စိတ် မတုန်လှုပ်ဘူး၊ ကြည့်လို့ မြင်မှ လောဘ ဖြစ်မယ်၊ စိတ် တုန်လှုပ်မယ် မဟုတ်လား၊ ဒါ့ကြောင့် ဘုရားရှင်က "မကြည့်နှင့် အာနန္ဒာ" လို့ အကောင်းဆုံး ကျင့်ထုံးကို ဟောတာပေါ့နော်၊ ဆက်ကြည့်ဦးစို့နော် -

"မြတ်စွာဘုရား၊ ဒကာမများကို တွေ့မြင်ခဲ့သော် ဘယ်လိုကျင့်သုံးရပါမည်နည်း"

"အာနန္ဒာ၊ စကားမပြောဘဲနေရမည်၊ စကားမပြောနှင့် အာနန္ဒာ"

"ကဲ ... အဆွေ၊ ဒကာမကို မတွေ့မမြင်အောင်လည်း ဘယ်ရှောင်လို့ လွတ်မှာလဲ၊ တွေ့မြင်လျှင် ဘယ်လို ကျင့်သုံးရပါမည်နည်းဆိုတဲ့ အချက်ဟာ အင်မတန်ကောင်းပါတယ်၊ ဘုရားရှင်ရဲ့အဖြေလည်း အင်မတန်ကောင်းပါ တယ်၊ ကဲ ... ရှေ့ဆက်ကြည့်ဦးစို့နော် -

"မြတ်စွာဘုရား၊ မလွှဲမရှောင်သာ၍ ဒကာမနှင့် စကားပြောရသော် ဘယ်လိုကျင့်သုံးရပါမည်နည်း"

"အာနန္ဒာ ... အမိရင်း စသည်ကဲ့သို့ အမှတ်သတိထား၍ ပြောဆိုရမည်"

အဆွေ အဲဒီမှာ သတိထားပါ၊ အမိရင်းအနေ စိတ်မှာထားဖို့သာ ပြောတာပါ၊ အမေခေါ်ဖို့ ပြောတာမဟုတ်ပါ နော်။

ဆိုလိုရင်းကတော့ အမိအရွယ်ကို အမိရင်းပမာ မေတ္တာစိတ်ထား၊ သမီးအရွယ်ကို သမီးရင်းပမာ မေတ္တာ စိတ်ထားပြီးတော့ စကားပြောရမည်လို့ ဆိုလိုပါတယ်။

ဘာပြုလို့ အမိရင်း၊ အစ်မရင်း၊ နှမရင်း၊ သမီးရင်းပမာ စိတ်ထားရလဲဆိုတော့ ရာဂစိတ်၊ လောဘစိတ် မဖြစ် အောင် ပြောတာပေါ့နော်၊ အဲဒါ စိတ်ထဲထားရမှာ မထားနိုင်ဘဲ အခေါ်ခံရသူမှာ လောဘတဏှာဖြစ်ပြီး တဏှာစွဲ လောဘစွဲနဲ့ပဲ လှူတယ်မဟုတ်လား၊ အလှူရှင်မှာ အကျိုးလည်းနည်းမသွားဘူးလား။

ကဲ ... အဆွေရေ၊ စာလည်း ရှည်သွားပြီ အဖြေလည်း စုံလောက်ပါပြီနော်၊ ဗုဒ္ဓဓမ္မပြဿနာများ (၃) တွင် မပါ နိုင်ဘဲ (၄) တွင်မှ ပါနိုင်သည်ကိုလည်း ခွင့်လွှတ်ပါနော်။

သာသနာတော်အကျိုး သည်ပိုးနိုင်ပါစေသော်

သည်ပိုးလျက်နှင့်

အဆွေရဲ့အဆွေ

၁၃၄၀ ခုနှစ်၊ ကဆုန်လဆန်း (၇) ရက်

✦ အမေ့မတော်၊ အမေခေါ်၊ အတော်ကြိုက်ကြသည်။

✦ အကြိုက်ကိုမျှော်၊ လိုက်၍ခေါ်၊ အတော်ကျင့်ပျက်သည်။

✦ အကျင့်ပျက်က၊ အပါယ်ကျ၊ ဒုက္ခတွေ့ရမည်။

✦ ဒုက္ခကြောက်သော်၊ မေ့မတော်၊ မေ့ခေါ် ရှောင်ရမည်။

# သာဓုသံနည်းနေတယ်

## (၉၈)

လူတစ်ကိုယ် အကြိုက်တစ်မျိုးစီ ရှိကြ၏။ တစ်ယောက်နှင့်တစ်ယောက် အကြိုက်ချင်း မတူညီပါပေ။ သို့ဖြစ်၍ ဘုရားရှင်သည် သတ္တဝါတို့၏ အလိုဆန္ဒကို ကြည့်ရှု၍ တရားဟောတော်မူသဖြင့် တရားတော်တွေမှာ များပြားရ၏။ များပြားလှ၏။

ယင်းသို့ မြတ်စွာဘုရားရှင်သည် သတ္တဝါတို့၏ အလိုဆန္ဒ ကြည့်ရှုပုံနှင့် မိမိတို့ ယခုအခါ တရားပွဲများတွင် သတ္တဝါတို့၏ အလိုဆန္ဒ ကြည့်ရှုပုံ တူညီပါသလား၊ ယင်းကို ညှိနှိုင်းရန် သင့်၏။

ဘုရားရှင်က သတ္တဝါတို့၏ အလိုဆန္ဒ အာသယကို ကြည့်ပုံမှာ သတ္တဝါဆန္ဒနှင့် ကိုက်ညီမည့်တရားကို ရွေးချယ်ရန်ကြည့်ခြင်းဖြစ်၏။ ယင်းသို့ ကြည့်ရှုပြီး သတ္တဝါနှင့် ကိုက်ညီမည့်တရားကို ဟောပေးလိုက်၏။ ထိုအခါ ယင်းသတ္တဝါသည် အကျွတ်တရား ရသွား၏။

မိမိတို့ ယခု ဟောပြောနေသည့်တရားမှာ ယင်းသို့ဟုတ်ပါရဲ့လား၊ မဟုတ်ဟု ထင်၏။ မိမိတို့သည် ဘုရားဟောတရား တစ်ပုဒ်ပုဒ် သို့မဟုတ် မိမိဟောလိုသည့် တရားတစ်ပုဒ်ပုဒ်ကို လက်ကိုင်ထားပြီး ပရိသတ်ကိုကြည့်သည်။ ဘယ်လိုကြည့်လဲ။ "ငါဟောမယ့်တရားနဲ့ ပရိသတ်နဲ့ ကိုက်မှ ကိုက်ပါ့မလား၊ ပရိသတ်မှ လက်ခံပါ့မလား၊ တရားက နက်နေတယ်၊ ခက်နေတယ်၊ ရယ်စရာ ဘယ်လိုထည့်ရပါ့၊ သာဓု ဘယ်နှစ်ခါ ချရပါ့" စသည် စသည် ကြည့်သည်။

ယင်းသို့ ကြည့်ခြင်းသည် ဘုရားရှင်ကြည့်ခြင်းနှင့် မတူပေ။ မှန်၏။ မိမိတို့မှာလည်း ဘုရားရှင်နှင့်တူသော ဉာဏ်မရှိရကား အဘယ်မှာ ဘုရားရှင်နှင့် အကြည့်ခြင်း တူရအံ့နည်း။ မတူပါပေ။

အကြည့်ချင်းမတူ၍ တရားဟောချင်းလည်း မတူညီပေ။ ယင်းသို့ မတူညီရကား အကြိုက် အမျိုးမျိုးရှိသော တရားနာပရိသတ်ထံမှ ပွဲတင်သံအမျိုးမျိုး ထွက်ပေါ်လာ၏။ ဟောပြောသူသည် ယင်းပွဲတင်သံကိုလည်း နားထောင်ရသေး၏။

တရားနာပရိသတ်ထံမှ ပြန်လာသော ပွဲတင်သံသည် အမျိုးမျိုးရှိ၏။ တစ်ချို့ကား ကဲ့ရဲ့သံ၊ တစ်ချို့ကား ချီးမွမ်းသံ၊ တစ်ချို့ကား အကြံပေးသံ၊ တစ်ချို့ကား ဝေဖန်ပေးသံ စသည်တို့ ဖြစ်၏။

မည်သည့်အသံပင်ဖြစ်စေ တရားဟောသူသည် သေချာစွာ စိစစ်၍ ပြန်လည်ဆန်းစစ်ရမည် ဖြစ်၏။ ကဲ့ရဲ့သံ ကြားရသော် ဘာ့ကြောင့် ကဲ့ရဲ့ခံရသလဲ၊ ကဲ့ရဲ့သူသည် ဘယ်လိုအတန်းအစားလဲ။ သူကဲ့ရဲ့တာ စိစစ်ပြီး ကဲ့ရဲ့တာလား၊ မစိစစ်ဘဲ မလိုလို့ တစ်ဘက်သတ် ကဲ့ရဲ့တာလား၊ သို့မဟုတ် ကဲ့ရဲ့သင့်လို့ ကဲ့ရဲ့တာလား စသည်စသည် ဆန်းစစ်ရမည်။

ယင်းသို့ ဆန်းစစ်ပြီးလျှင် ကဲ့ရဲ့သင့်လို့ ကဲ့ရဲ့ခံရတာမျိုးဖြစ်လျှင် နောင်အခါ ယင်းသို့ အကဲ့အရဲ့မခံရအောင် ပြင်၍ဟောရမည် ဖြစ်၏။ ယင်းသို့ ဟောသော် နောင်အခါ အကဲ့ရဲ့ခံဘဝမှ လွတ်မည်ဖြစ်၏။

တစ်ဖန် ချီးမွမ်းသံကို စိစစ်ကြစို့။ ချီးမွမ်းမှု အမျိုးမျိုး ရှိသလို ချီးမွမ်းသူလည်း အတန်းအစားအလိုက် အမျိုးမျိုးရှိ၏။ သို့ဖြစ်၍ ချီးမွမ်းတာတိုင်းကို ကြိုက်ဖို့မဟုတ်ပေ။ ဘဝင်မြင့်ဖို့ မဟုတ်ပေ။

မှန်၏။ "လူမိုက်ချီးမွမ်း ဂုဏ်ရည်နွမ်း၏" ဆိုသည့်စကား ထင်ရှားရှိသည် မဟုတ်ပါလော။ သို့ဖြစ်၍ ချီးမွမ်းသံတိုင်းကို လိုက်ပြီး အကြိုက်ဟော၍တော့ မဖြစ်ပါပေ။

ပညာရှိ သူတော်ကောင်းတို့၏ စိစစ်၍ ချီးမွမ်းသည့် အသံကိုသာ လိုက်နာပြီး ကျင့်သုံးသင့်၏။ ပညာမဲ့တို့၏ ချီးမွမ်းသံကို လိုက်နာကျင့်သုံးသော် ဆုံးရှုံးမှုသာ ကြုံရမည် ဖြစ်ပေ၏။

ဆက်လက်၍ အကြံပေးသံကို စိစစ်ကြပါစို့။ အကြံဉာဏ်အမျိုးမျိုးရှိသလို အကြံပေးသူလည်း အမျိုးမျိုးရှိပေသည်။ အကြံပေးသူသည် မိမိအနေနှင့် အကြံဉာဏ်ပေးခြင်း၊ အများအတွက်ကြည့်ပြီး အကြံဉာဏ်ပေးခြင်း စသည်စသည် အမျိုးမျိုး ရှိပေ၏။

ယင်းအမျိုးမျိုးတွင် အကြံပေးသူအတွက်ဆိုလျှင် အကြံပေးသူသည် ဘယ်လိုအဆင့်အတန်းလဲ၊ အများအတွက်ဆိုလျှင် အများသည် ဘယ်လိုအဆင့်အတန်းလဲ စသည်စသည် ဆန်းစစ်ရမည်။ ယင်းသို့ ဆန်းစစ်ပြီးမှ ယင်းအကြံပေးချက်ကို လက်ခံသင့်က လက်ခံ၊ ပယ်ချသင့်က ပယ်ချရမည်။

ဝေဖန်မှုသည် အကြံပေးမှုနှင့် သဘာဝတရား မထူးခြားလှပေ။ မိမိအနေနှင့် ဝေဖန်ခြင်း၊ အများကိုချိန်ပြီး ဝေဖန်ခြင်း အမျိုးမျိုးရှိ၏။ ယင်းတို့ကို တရားဟောသူသည် တွေ့ရမည် ဧကန်ပင်။

မိမိသည် တစ်ချိန်သောနွေကာလက မြို့တစ်မြို့တွင် တရားဟော၏။ ဟောရသည်မှာ အချိန်က နောက်ကျ၏။ ညဉ့်နက်သော် ပရိသတ်က ငိုက်မြည်းလာ၏။

တရားပွဲပြီးသော် ဒကာတစ်ယောက် ရောက်လာပြီးလျှင် "အရှင်ဘုရား တရားဟောတာ ကောင်းပါတယ်ဘုရား၊ ဒါပေမဲ့ "သာဓုနည်းနေတယ်ဘုရား" လျှောက်၏။ မိမိမှာ နားမလည်။ သို့နှင့် မေးရ၏။

"ဘယ်လို သာဓုနည်းတာလဲ ဒကာကြီး"

"တရားဟောတဲ့အခါခဏခဏ "သတည်း" ချရတယ်ဘုရား၊ အဲဒီလိုခဏခဏ "သတည်း" ချတော့ပရိသတ်က "သာဓု" ခေါ်တော့ အိပ်ချင်ပြေတယ်ဘုရား၊ ယခု အရှင်ဘုရားက တစ်ခါမှ သတည်းမချတော့ သာဓုမခေါ်ရတော့ အိပ်ချင်တာပေါ့ဘုရား"

"ဒါဖြင့် သာဓုက အိပ်ချင်ပြေသာဓုလား"

ဒကာသည် ထိုအခါတွင် ပြုံးယောင်သန်းလာသည်။ အဖြေကို ရှာသည်။ ပြီးမှ ပြောသည်။

"ဒီလိုတော့လည်း မဟုတ်ပါဘုရား"

"ဒီလိုမဟုတ်ရင် ဘယ်လိုဟုတ်လဲ"

"သာဓုခေါ်တဲ့ ပရိသတ်က သာဓုခေါ်တော့ အိပ်နေတဲ့ပရိသတ်တွေ၊ ငိုက်မြည်းနေတဲ့ပရိသတ်တွေ နိုးလာတယ်၊ ငိုက်မြည်း ပျောက်သွားတာပေါ့ဘုရား"

"ဒီလိုဆိုတော့ နီး သာဓု၊ ဝိုက်မြည်းဖျောက် သာဓုပေါ့ ဟုတ်လား"

"မှန်ပါ၊ ဒီသဘောပေါ့ဘုရား"

"ဒီသဘောတော့ မကောင်းပါဘူးဒကာကြီးရာ၊ အိပ်ချင်တဲ့လူကလည်း အိပ်မှာပဲ၊ ဝိုက်ချင်တဲ့လူကလည်း ဝိုက်မှာပဲ၊ သူတို့အတွက် "သတည်း" ချပြီး သာဓုခေါ်စေရတာဟာလည်း ပုံမှန်မဟုတ်သေးပါဘူး"

"နို့ ... ဘယ်လိုမှ ပုံမှန်ပါသလဲ ဘုရား"

"သာဓုဆိုတာ ပါဠိစကား ဒကာကြီးရဲ့"

"မှန်ပါ ဘုရား"

"မြန်မာလိုက "ကောင်းပါတယ်" သို့မဟုတ် "ကောင်းပေစွ" သို့မဟုတ် "ကောင်းပေ၏ - ကောင်းပေတယ်" လို့အဓိပ္ပာယ်ရှိတယ်"

"မှန်ပါ ဘုရား"

"ဒီတော့ သာဓုဆိုတာ "ကောင်းပါတယ်" လို့ ချီးမွမ်းတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို ကောင်းပါတယ် ချီးမွမ်းတဲ့သာဓုကို အိပ်နီးသာဓုအဖြစ် ဝိုက်မြည်းဖျောက်သာဓုအဖြစ် အသုံးပြုလို့ တော်ပါ့မလား ဒကာကြီး"

"ဒီလိုဆိုတော့လဲ ဘယ်တော်ပါ့မလဲဘုရား"

"ပြီးတော့ မဝိုက်တဲ့ပရိသတ်က ကောင်းလို့ပဲဆိုပါတော့ "သာဓု" ခေါ်တော့ အိပ်ဝိုက်နေတဲ့ ပရိသတ်က အိပ်ချင်မူးတူး "သာဓု" ခေါ်တော့လည်း အဓိပ္ပာယ်ရှိရဲ့လား"

"မရှိပါဘုရား"

"ပြီးတော့ ဒကာကြီးပဲ ခုနက ပြောတယ်၊ ခဏခဏ "သတည်း" ချရတယ်၊ "သတည်း" ချတော့ ပရိသတ်က သာဓုခေါ်တော့ အိပ်ချင်ပြေတယ်လို့ ပြောတယ်မဟုတ်လား"

"မှန်ပါ၊ ပြောပါတယ်ဘုရား"

"ကဲ ... ဒါဖြင့် မေးပါရစေ၊ သာဓုသံ ပုံမှန်က "သတည်း" ချလို့ သာဓုခေါ်ရတာလား၊ ကောင်းလို့ သာဓုခေါ်ရတာလား"

"ပုံမှန်ကတော့ ကောင်းလို့ သာဓုခေါ်ရတာပါဘုရား"

"ခု ဘယ့်နယ်ဖြစ်နေလဲ"

"ခုတော့ "သတည်း" ချလို့ သာဓုခေါ်ရတာ ဖြစ်နေပါတယ်ဘုရား"

"ဒါဖြင့် "ရမ်းသမ်းပမ်းသမ်း သာဓု" ပေါ့ ဟုတ်လား"

"တင်ပါဘုရား၊ ခုတော့ ဒီအတိုင်းဖြစ်နေပါတယ်ဘုရား"

"အဲဒါ ခက်တာပဲ ဒကာကြီးရဲ့ တချို့ကလည်း ခဏခဏ "သတည်း" ချပြီး သာဓုခေါ်တာကို မကြိုက်ဘူး"

"မှန်ပါ ဘုရား"

"ဘာဖြစ်လို့လည်းဆိုတော့ အာရုံပြတ်သွားလို့တဲ့"

"တင်ပါဘုရား၊ ဒီလိုတော့ ဟုတ်သားပဲ ဘုရား"

"တရျို့ကလည်း ခေါ်သင့်တဲ့နေရာမှာ သာဓုခေါ်ပြီး မခေါ်သင့်တဲ့နေရာမှာ သွားပြီးသာဓုခေါ်မိရင် ငရဲကြီးမှာ ကြောက်သတဲ့"

"အဓိပ္ပာယ် ရှင်းပါဦးဘုရား"

"ပဋာစာရီအကြောင်း ဟောတယ်ဆိုပါတော့နော်"

"မှန်ပါ ဘုရား"

"ပဋာစာရီဟာ သားနှစ်ယောက်ကလည်းသေ၊ လင်ကလည်းသေ၊ မိဘနှစ်ပါးနှင့် မောင်ကလည်းသေတော့ ငိုပွဲမဆင်ဘူးလား"

"မှန်ပါ၊ ငိုပွဲဆင်ပါတယ်ဘုရား"

"ပဋာစာရီ ငိုနေတာဟာ ကောင်းလို့ ငိုနေတာလား"

"မကောင်းလို့ ငိုနေတာပါဘုရား"

"ဉာတိဗျသန ဘေးကြီးတွေ့လို့ ဆင်းရဲဒုက္ခရောက်လို့ ငိုနေတာနော်"

"မှန်ပါ ဘုရား"

"အဲဒါကို ပဋာစာရီသည် သားသေ လင်ဆုံး မိဘမောင်ဘွားတွေ အကုန်ဆုံးသဖြင့် အပူလုံးကြွ ယူကြုံးမရနိုင်ဘဲ ငိုပွဲကြီး ဆင်ရလေတော့သတည်းလို့ "သတည်း" ချတော့ ပရိသတ်က ဘယ့်နယ်လဲ သာဓုခေါ်မလား"

"မှန်ပါ၊ သာဓုခေါ်ပါ့မယ်ဘုရား"

"ကဲ ... သတည်းချလို့ သာဓုခေါ်တာလား၊ ပဋာစာရီ ဒုက္ခရောက်နေတာကို သဘောကျလို့ ဝမ်းမြောက်လို့ သာဓုခေါ်တာလား"

"အဲဒါမှ ခက်တာပဲဘုရား"

"ဘာခက်တာလဲ"

"သတည်းချလို့ သာဓုခေါ်တယ်ဆိုရင်လည်း အရှင်ဘုရားက ပြောဦးမယ်၊ သဘောကျဝမ်းမြောက်လို့ သာဓုခေါ်ရင်လည်း အရှင်ဘုရားက ပြောဦးမယ်၊ ဒီတော့ ခက်တာပေါ့ဘုရား"

"အဲဒါမျိုးကို အသိဉာဏ်ရှိတဲ့ ပရိသတ်က သာဓုမခေါ်ချင်ဘူး ဒကာကြီးရဲ့၊ ဟိုမှာက ဒုက္ခရောက်လို့ ငိုနေတာ၊ ကိုယ်က သွားပြီးတော့ "ကောင်းပေစွ" "ကောင်းပေစွ" လို့ သွားပြီး လက်ခုပ်သြဘာပေးလို့ ဖြစ်မလား"

"မဖြစ်ပါဘုရား"

"ယခုနေ ကိုယ့်မှာ ဒုက္ခတစ်ခုခုနှင့် ကြုံနေလို့ ငိုနေတဲ့အခါ တစ်ယောက်ယောက်က "ကောင်းပေစွ - ကောင်းပေစွ" လို့ ဝမ်းသာအားရ လာပြောရင် ကြိုက်မလား"

"မကြိုက်ပါဘုရား"

"မကြိုက်တဲ့အပြင် ဖြစ်နိုင်ရင် ထ.တောင်ရိုက်မှာ၊ သတ်မှာ မဟုတ်လား"

"မှန်ပါ ဘုရား"

"ဆင်းရဲဒုက္ခရောက်နေတဲ့ ဒုက္ခိတသတ္တဝါကို သနားကရုဏာ ဖြစ်ရမလား၊ ဝမ်းသာမုဒိတာ ဖြစ်ရမှာလား"

"သနားကရုဏာ ဖြစ်ရမှာပါဘုရား"

"သာဓုဆိုတော့ ကရုဏာလား၊ မုဒိတာလား"

"မှဒီတာပါဘုရား"

"ဒီနေရာမှာ ပွားသင့်၊ မပွားသင့်"

"မပွားသင့်ပါဘုရား"

"မပွားသင့်တာ ပွားက ကုသိုလ်ရမလား၊ အကုသိုလ် ရမလား"

"အကုသိုလ်ရပါတယ်ဘုရား"

"တရားနာတာ အကုသိုလ်ရအောင် နာတာလား၊ ကုသိုလ်ရအောင် နာတာလား"

"ကုသိုလ်ရအောင် နာတာပါဘုရား"

"အေး ... အဲဒါကို သဘောပေါက်ကြတဲ့ တစ်ချို့ပရိသတ်က ကုသိုလ်မရဘဲ အကုသိုလ်ရမှာစိုးလို့ နေရာတကာမှာ သာဓု မခေါ်ချင်ဘူး"

"တပည့်တော်တို့ကြားဖူးတာက "တရားဟောတဲ့အခါ သာဓု သာဓုလို့ သာဓုခေါ်တဲ့သူမှာ ခံတွင်းမှ ကြာညိုပန်းနံ့မွှေး တယ်" လို့ ကြားဖူးပါတယ်ဘုရား"

"ကြာညိုပန်းနံ့ဆိုတာ ကောင်းတဲ့အနံ့ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကောင်းတဲ့အနံ့ဟာ ကောင်းတဲ့အကြောင်းကြောင့် ထွက်တဲ့အနံ့ပဲ၊ ကောင်းတာကို ကောင်းတယ်လို့ သာဓုခေါ်လို့ ထွက်တဲ့အနံ့ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါဖြင့် မကောင်းတာကို ကောင်းပါတယ်လို့ သာဓုခေါ်ရင် ဘယ်လိုအနံ့ ထွက်မလဲ"

"ဒါတော့ တပည့်တော် မလျှောက်တတ်ပါဘုရား"

"အဲဒါမှ ခက်တာ၊ ဒကာကြီးတို့ဥစ္စာက ဉာဏ်နဲ့စိစစ်ပြီးမှ လက်မခံဘဲ ရမ်းပြီးလက်ခံထားတာပဲဟာ"

"မှန်ပါဘုရား၊ ဒီအတိုင်းဖြစ်နေပါတယ်"

"မကောင်းတာ သာဓုခေါ်လည်း မကောင်းနံ့ ထွက်မှာပေါ့၊ ဒါကိုကြောက်လို့ တစ်ချို့က သာဓုမခေါ်ချင်တာလို့ ပြောခဲ့ပြီကော"

"မှန်ပါဘုရား၊ တပည့်တော် သတိမထားမိလို့ပါ"

""ကိုယ်တိုင်တိုက်တွန်း ချီးမွမ်းစိတ်တူ" ဆိုတာ ရှိတယ်မဟုတ်လား"

"မှန်ပါ၊ ရှိပါတယ် ဘုရား"

"ကိုယ်တိုင်လုပ်တာရယ်၊ သူတစ်ပါးကို တိုက်တွန်းတာရယ်၊ သူတစ်ပါးလုပ်တာ ချီးမွမ်းတာရယ်၊ သူတစ်ပါးလုပ်တာ စိတ်တူတာရယ်၊ အဲဒီလေးမျိုးဟာကုသိုလ်မှာလည်း အတူပဲနော်"

"မှန်ပါ ဘုရား"

"အကုသိုလ်မှာလည်း ဘယ့်နယ်လဲ"

"အတူပါပဲဘုရား"

"မကောင်းကျိုးတူ ကောင်းကျိုးတူပေါ့နော်"

"မှန်ပါ ဘုရား"

"ဒါဖြင့် ကုသိုလ်မှာ ကိုယ်တိုင်လည်း လုပ်သင့်တယ်၊ သူတစ်ပါးလုပ်တာလည်း တိုက်တွန်းသင့်တယ်၊ ချီးမွမ်းသင့်တယ်၊ စိတ်တူသင့်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အကုသိုလ်ကျတော့ ဘယ့်နှယ်လဲ"

"ကိုယ်တိုင်လည်း မလုပ်သင့်ပါ၊ သူများလည်း မတိုက်တွန်းသင့်ပါ၊ သူများလုပ်တာလည်း မချီးမွမ်းသင့်ပါ၊ စိတ်မတူသင့်ပါ ဘုရား"

"တရားနာတာ ဘာအတွက်လဲ"

"ကုသိုလ်ရအောင်ပါဘုရား"

"အင်း...ကုသိုလ်ရအောင်သာ နာပါ၊ သာဓုသံ နည်းသလေး ဘာလေး လုပ်နေနဲ့နော်"

"မှန်ပါ ဘုရား"

"ကဲ...တော်ကြစို့..."

✦ သာဓုခေါ်လျှင်၊ ကြိုကြိုတင်တင်၊ ဆင်ခြင်ခေါ်ကြပါ။

✦ ကောင်းတဲ့နေရာ၊ သာဓုဟာ၊ လွန်စွာကျိုးရှိတာ။

✦ မကောင်းနေရာ၊ သာဓုဟာ၊ လွန်စွာကျိုးယုတ်တာ။

✦ အကျိုးရှိကြည့်၊ ကျိုးမဲ့ကြည့်၊ နှစ်မျိုးကြည့်ကြပါ။

✦ ကျိုးမဲ့ကိုရှောင်၊ ကျိုးရှိဆောင်၊ ခုနောင်ချမ်းသာမှာ။

# ပန်းတစ်ပွင့်နဲ့ ဘဝများစွာ အကျိုးပေးပုံ ရှင်းပြပါဘုရား

## (၉၉)

"ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ထိန်ပန်းလှူမှုကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါးလားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပစ္စေကဗုဒ္ဓအား ပန်းပူဇော်ခြင်း၏ အကျိုးပေတည်း"

(သတ္တကဒမ္ဗပုပ္ဖိယ ထေရအပဒါန်)

"ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ လိပ်ဆူးရွှေပန်း လှူဒါန်းခြင်းကောင်းမှုကို ပြုခဲ့သောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ။ ဤသို့ဖြစ်ရခြင်းသည် ခြေတော်ရာအား လိပ်ဆူးရွှေပန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း"

(ကောရဏ္ဍပုပ္ဖိယ ထေရအပဒါန်)

"ဤဘဒ္ဒကမ္ဘာ၌ ဗောဓိပင်ကို မြစ်သေးပန်း ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါးလားရသည်ကို မသိစဖူးပေ။ ဤသို့ ဖြစ်ရခြင်းသည် ဗောဓိပင်ကို ပူဇော်ခြင်း၏ အကျိုးပေတည်း"

(ဥဒ္ဒာလိပုပ္ဖိယ ထေရအပဒါန်)

"ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတစ်သိန်းအထက်၌ ဦးဆောက်ပန်းကို တင်လှူခဲ့ရသောသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ။ ဤသို့ဖြစ်ရခြင်းသည် ကိုယ်တော်အား ဦးဆောက်ပန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း"

(ဇာတိပုပ္ဖိယ ထေရအပဒါန်)

"ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတစ်သိန်းအထက်၌ ကြာနိုင်ကြာပွင့်ကို ပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ။ ဤသို့ဖြစ်ရခြင်းသည် အလောင်းတော်ကို ကြာနိုင်ပွင့် ပူဇော်ရခြင်း အကျိုးပေတည်း"

(ပဒုမပုပ္ဖိယ ထေရအပဒါန်)

"ဤဘဒ္ဒကမ္ဘာမှကမ္ဘာတစ်သိန်းအထက်၌အင်ကြင်းပန်းကိုတင်လှူပူဇော်ခဲ့ရသောအခါမှစ၍အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ။ ဤသို့ဖြစ်ရခြင်းသည် နံ့သာထင်းပုံကို အင်ကြင်းပန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း"

(အသာလကုသုမိယ ထေရအပဒါန်)

"ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာထက်၌ စကားပန်းကို တင်လှူပူဇော်ခဲ့ရသောအခါ မှစ၍ အပါယ်လေးပါး လားသည်ကို မသိစဖူးပေ။ ဤသို့ဖြစ်ရခြင်းသည် နံ့သာထင်းပုံကို စကားပန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း"

(စိတကပူဇက ထေရအပဒါန်)

"ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာထက်၌ ကျူပန်းကို လှူဒါန်းပူဇော်ခဲ့ရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ။ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ကျူပန်းပူဇော်ခြင်း၏ အကျိုးပေတည်း"

(နဠမာလိယ ထေရအပဒါန်)

"ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ သောဘိတ မြတ်စွာဘုရားကို တောင်ပုန်းညက်ပန်း ပူဇော် ခဲ့ရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ။ ဤသို့ဖြစ်ရခြင်းမှာ သောဘိတမြတ်စွာဘုရားအား တောင်ပုန်းညက်ပန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း"

(ဂိရိပုန္နာဂိယ ထေရအပဒါန်)

"ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဝိပဿီ မြတ်စွာဘုရားကို ဆည်းလည်းပန်း ပူဇော်ခဲ့ရသော အခါမှ စ၍ မကောင်းမှုပြုသူတို့၏ လားရာ ဒုဂ္ဂတိဘဝကို မသိစဖူးပေ။ ဤသို့ဖြစ်ရခြင်းမှာ ဝိပဿီမြတ်စွာဘုရားကို ဆည်းလည်းပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း"

(တိကိဏ်ကဏိပုပ္ဖိယ ထေရအပဒါန်)

"ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာအထက်၌ ပေါက်ပွင့်ပူဇော်မှုကို ပြုခဲ့ရသောအခါမှ စ၍ မကောင်းမှု ပြုသူတို့၏ လားရာ ဒုဂ္ဂတိဘဝကို မသိစဖူးပေ။ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပေါက်ပွင့် ပူဇော်ရခြင်း၏ အကျိုးပေတည်း"

(ကိသုကပုပ္ဖိယ ထေရအပဒါန်)

"ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာသုံးသောင်းထက်၌ သုမေဓာမြတ်စွာဘုရားကို မဟာလေ့ကားပန်း ပူဇော်ခဲ့ရသော အခါမှ စ၍ မကောင်းမှုပြုသူတို့၏ လားရာ ဒုဂ္ဂတိဘဝကို မသိစဖူးပေ။ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို မဟာလေ့ကားပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း"

(တိကဏိကာရပုပ္ဖိယ ထေရအပဒါန်)

"ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်၌ မြတ်စွာဘုရားအား ဆပ်သွားပန်း ပူဇော်ခဲ့ရသောအခါမှ စ၍ မကောင်းမှုပြုသူတို့၏ လားရာဒုဂ္ဂတိဘဝကို မသိစဖူးပေ။ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ဆပ်သွားပန်း ပူဇော်ရခြင်း၏ အကျိုးပေတည်း"

(ကေတကပုပ္ဖိယ ထေရအပဒါန်)

"ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ကျူပန်းပွင့်ကို ပူဇော်ခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့၏ လားရာဒုဂ္ဂတိဘဝကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ကျူပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း"

(နဠမာလိက ထေရီအပဒါန်)

"ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာအထက်၌ကြာပန်းပွင့်ကို ပူဇော်ခဲ့ရသောအခါမှ စ၍ မကောင်းမှုပြုသူတို့၏ လားရာဒုဂ္ဂတိဘဝကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ကြာညိုပန်းပွင့် ပူဇော်ရခြင်း၏ အကျိုးပေတည်း"

အထက်ဖော်ပြပါ ပန်းလှူရခြင်း၏ အကျိုးတရားများမှာ ထေရီ,ထေရာအပဒါန်လာ ထေရာ,ထေရီ အချို့အဝက်၏ ကောင်းမှုများကို ဖော်ပြထားခြင်း ဖြစ်၏၊ ယင်း ထေရာ,ထေရီတို့အပြင် တစ်ခြားသော ထေရာ,ထေရီတွေလည်း များစွာ ရှိပါသေး၏၊

လှူဒါန်းသောပန်းများမှာ တောပန်း၊ တောင်ပန်းများသာ များပါ၏၊ ပန်းများမှာ အလကားရသော၊ အဖိုးမတန်သော ပန်းများသာ များပါ၏၊ယင်းတွင် မပါဝင်သော ဖောက်ကြွပန်း၊ လက်ထုပ်ကြီးပန်း၊ ထင်းရှူးပန်း စသည် လှူဒါန်း၍ အကျိုးများစွာ ရသည်များလည်း ရှိပါသေး၏၊

ယင်းသို့ပန်းအမျိုးမျိုး လှူဒါန်းမှုကြောင့် အကျိုးအမျိုးမျိုးကို ထေရီ,ထေရာအပဒါန်တွင် ဖော်ပြထားပါသည်၊ သို့ရာတွင် ဤ၌ အပါယ်မကျသည့် ဘဝ, ကမ္ဘာကိုမျှသာ ဖော်ပြထားပါသည်၊

ယင်းသို့ ကမ္ဘာများစွာ၊ ဘဝများစွာ အပါယ်သို့ မကျဘဲ နတ်ဘဝ၌ စည်းစိမ်ခံစားပြီးလျှင် ရဟန္တာထေရီ၊ ရဟန္တာထေရာ ဖြစ်သွားကြပါသည်၊

ယင်းသို့ အဖိုးမတန်သည့် ပန်းတစ်ပွင့်နဲ့ ဘဝများစွာ အကျိုးပေးတာကို အချို့က သံသယရှိလာပါသည်၊ အကျိုးပေးတွေ များလှချည်လားဟု ထင်လာသည်၊

သံသယရှိသူနှင့်မူ ကိုယ်တိုင်မတွေ့ရပါ၊ သံသယရှိသူက မေးသဖြင့် အမေးခံရသူ ကျောင်းဆရာနှင့်မူ တစ်ခါက ဆုံခဲ့သည်၊

တစ်ချိန်သော နွေကာလက ဖြစ်ခဲ့၏၊ မိမိသည် နွေရာသီ အနားယူ၍ တောရွာတစ်ရွာတွင် စာရေးနေခိုက် ဖြစ်၏၊ မိမိ၏ စာဖတ်ပရိသတ်တစ်ယောက်သည် အဖော်တစ်ယောက်နှင့် ရောက်လာသည်၊

ရှိခိုးပြီး ထိုင်လျက် ပြဿနာအစုံ လျှောက်ထားရာမှ

"အရှင်ဘုရား၊ ခုခေတ်လူငယ်တွေက ကပ်သီးကပ်သပ် မေးတတ်လာတယ်ဘုရား၊ သူတို့ ကျေနပ်လောက်အောင် ဖြေနိုင်တာလည်း ရှိပါတယ်၊ မဖြေနိုင်တာလည်း ရှိပါတယ်၊ အဲဒီလိုမေးလို့ ဖြေရာမှာ တပည့်တော်မဖြေနိုင်တဲ့ အမေးတစ်ခု ရှိပါတယ်ဘုရား၊ ပန်းတစ်ပွင့်နဲ့ ဘဝများစွာ အကျိုးပေးတဲ့ ပြဿနာပါပဲဘုရား၊ အဲဒါ ပန်းတစ်ပွင့်လှူတာနဲ့ ဘဝများစွာ အကျိုးပေးပုံ ရှင်းပြပါဘုရား"

"ဒါက ဒီလိုရှိတယ်၊ သူ့မှာ တခြားထူးထူးခြားခြား ကုသိုလ်တစ်ခါမှ မပြုတဲ့လူဆိုပါတော့နော်"

"မှန်ပါ ဘုရား"

"အဲ ... ကြည်ညိုစရာကောင်းတဲ့ အလှူခံပုဂ္ဂိုလ်ကိုတွေ့တော့ ကြည်ညိုသဒ္ဓါတွေ ဖြစ်လာတယ်ပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ကြည်ညိုစရာကောင်းတဲ့ အလှူခံပုဂ္ဂိုလ်ကို ဖူးရခိုက် သဒ္ဓါတရားဖြစ်ခိုက်မှာ မိမိမှာလည်း ဝတ္ထုငွေကြေး မရှိတော့ လှူလည်း လှူချင်တော့ ရရာပန်းကို ရသလောက်လှူလိုက်ရတယ်ပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို လှူလိုက်တဲ့အခါမှာ အလှူခံပုဂ္ဂိုလ်ဖြစ်တဲ့ ဘုရားအစရှိတဲ့ သူတော်ကောင်းတွေကလည်း အလှူရှင်စေတနာကို စောင့်ရှောက်သောအားဖြင့် ကြည်ညိုဖွယ်ဖြစ်အောင် အသုံးချပြတယ်နော်"

"မှန်ပါ ဘုရား"

"ဒီတော့ တစ်ခါမှ မလှူဖူးတဲ့ အလှူရှင်အား ကြည်ညိုသဒ္ဓါအား ကောင်းသထက် ကောင်းမလာဘူးလား"

"ကောင်းလာပါတယ်ဘုရား"

"ဘယ်လောက်ကောင်းလဲဆိုရင် မမေ့တော့ဘူး၊ လှူနေပုံ၊ အလှူခံပုဂ္ဂိုလ်က အလှူခံပုံ၊ လှူဖွယ်ပစ္စည်းကို အသုံးပြုပုံတွေကို မျက်စိထဲ မြင်ယောင်နေတယ်၊ စိတ်ကူးတိုင်း ပေါ်နေတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ဖြစ်နေတော့ ကုသိုလ်အာရုံ ကုသိုလ်စိတ်တွေ ဖြစ်မနေဘူးလား"

"ဖြစ်နေပါတယ်ဘုရား"

"အေး... သေကာနီးမှာလည်း ဒီအာရုံနှင့် ဒီစိတ်နှင့် သေတော့ ကောင်းရာသုဂတိကို ရောက်သွားရောနော်"

"မှန်ပါ ဘုရား"

"ရောက်သွားတော့ ငါဟာ ဒီလောက်ကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာတွေ ဘယ်ကုသိုလ်ကြောင့် ရတာလဲလို့ပြန်ကြည့်တော့ သူပြုထားတဲ့ အနည်းငယ်သော ကုသိုလ်ပန်းတစ်ပွင့်လှူရတာ သိတယ်ဆိုပါတော့နော်"

"မှန်ပါ ဘုရား"

"အနည်းငယ် ပန်းတစ်ပွင့်လေးလှူရတဲ့ ကုသိုလ်ကောင်းမှုကတောင်မှ ဒီမျှ ကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာတွေ ပေးတယ်ဆိုရင် ဒီထက်ကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာတွေဆိုလျှင် အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်းလို့ စဉ်းစားမယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီတော့ အဲဒီ သုဂတိဘုံမှာ ကုသိုလ်တွေကို ဆက်လက်ပြီးတော့ လုပ်မယ်မဟုတ်လား"

"မှန်ပါ လုပ်ပါမယ်ဘုရား"

"သူတော်ကောင်းတွေ မှီဝဲ၊ သူတော်ကောင်းတရားတွေ နာကြား အားထုတ်မယ်မဟုတ်လား"

"မှန်ပါ ဘုရား"

"ဒီတော့ အနည်းငယ်မျှ ပန်းတစ်ပွင့် အလှူကနေပြီးတော့ သုဂတိဘုံရောက်၊ သုဂတိဘုံကနေပြီး သူတော်ကောင်းတွေနဲ့တွေ့၊ သူတော်ကောင်းတရား နာကြားအားထုတ်ခြင်းစတဲ့ ကုသိုလ်တွေ ဆက်ဆက်ပြုတော့ ကုသိုလ်အား ကောင်းမသွားဘူးလား"

"အားကောင်းသွားပါတယ်ဘုရား"

"အကုသိုလ်တွေ ပြုလုပ်ခွင့်မရတော့ဘူးပေါ့နော်"

"မှန်ပါ ဘုရား"

“အကုသိုလ်တွေ အကျိုးပေးခွင့်လည်း ရသေးလား”

“မရတော့ပါ ဘုရား”

“အဲဒါ အရေးကြီးတယ်၊ ကုသိုလ်အကျိုးပေးနေခိုက် ဆက်ပြီးတော့ ကုသိုလ်ပြုနော်”

“မှန်ပါ ဘုရား”

“တချို့က ကုသိုလ်အကျိုးပေးကောင်းခိုက် ဇိမ်နဲ့ ထိုင်စားနေတယ်၊ ဆက်ပြီးတော့ ကုသိုလ်မပြုဘူး၊ အဲဒီလို မပြုတော့ အဲဒီကုသိုလ်အားနည်းလာခိုက် အကုသိုလ်အားကောင်းခိုက် ကြုံရင် အကုသိုလ်အကျိုးပေးခွင့် ရမသွားနိုင်ဘူးလား”

“ရသွားနိုင်ပါတယ်ဘုရား”

“အကုသိုလ်အကျိုးပေးခွင့် ရသွားရင်လည်း ကုသိုလ်ဘက် ပြန်လည်ဖို့ မလွယ်တော့ဘူး”

“မှန်ပါ ဘုရား”

“အကုသိုလ်ကံကြောင့် ငရဲကျသွားတဲ့သူဟာ အဲဒီအကုသိုလ်ကံကုန်လို့ ငရဲက လွတ်ပြီး လူဖြစ်သော်လည်း လူစဉ်မမှီဘူးတဲ့နော်”

“မှန်ပါ ဘုရား”

“အကျိုး အကန်း အရူး အအ စသည့် လူမျိုးဖြစ်၊ အသိဉာဏ်မမီသူများ ဆင်းရဲနွမ်းပါးသူများ ဖြစ်ရတတ်တယ်”

“မှန်ပါ ဘုရား”

“အဲဒီလို ဖြစ်တော့ ရှေးခေတ် ပြောကြသလို “အူမ.မတောင့်တော့ သီလ.မစောင့်နိုင်” ဖြစ်တော့ အကုသိုလ်တွေ ပြုလုပ်ကြပြန်ရော မဟုတ်လား”

“မှန်ပါ ဘုရား”

“သွားပြန်ရော၊ အပါယ်တစ်ကြိမ်၊ ဒီတော့ အကုသိုလ်တစ်ခုကြောင့် အပါယ်ကျလျှင်လည်း ကျွတ်လမ်း လွတ်လမ်း ဝေးတယ်နော်”

“မှန်ပါ ဘုရား”

“ကုသိုလ်တစ်ခုခုနှင့် သုဂတိဘုံ ရောက်သွားတဲ့လူလည်း သတိသံဝေဂ လက်ကိုင်ထားပြီး သူတော်ကောင်းအမှီရပြီး ဒါန. သီလ. ဘာဝနာ ကုသိုလ်တွေ ဆက်ပြီးပြုတော့ အပါယ်မကျရတော့ဘဲ ဘဝပေါင်းများစွာ လူနတ်စည်းစိမ်ခံစားပြီး နိဗ္ဗာန် ရောက်ရတယ် မဟုတ်လား”

“မှန်ပါ ဘုရား”

“အဲဒါကို သဘောပေါက်လား”

“ပေါက်ပါတယ်ဘုရား”

“ဒီတော့ ပထမတော့ ကုသိုလ်တစ်ခုထဲ၊ နောက်တော့ ကုသိုလ်တွေ အများကြီးနော်”

“မှန်ပါ ဘုရား”

“ဒါပေမဲ့ အဲဒီတစ်ခုထဲ ကုသိုလ်ကျေးဇူးက ကြီးလွန်းလို့ သူ့ပဲ ဖော်ပြတာပဲ၊ သူ့အကြောင်းပြုပြီး နောက်ဖြစ်တဲ့ ဒါန. သီလ. ဘာဝနာကုသိုလ်တွေ ဖော်မပြတော့ဘူးနော်”

“မှန်ပါ ဘုရား”

"အကုသိုလ်မှာလည်း ဒီသဘောပဲ၊ ကဲ...သဘောပေါက်လား"

"မှန်ပါ ပေါက်ပါတယ်ဘုရား"

"ကဲ...ဒါဖြင့် တော်ကြစို့..."

"ဦးတင်ပါတယ်ဘုရား"

✦ ကုသိုလ်တစ်ပါး၊ အကျိုးများ၊ ယုံမှားမရှိရာ။

✦ မျိုးစေ့တစ်မှု၊ ပင်များစွာ၊ ပေါက်ရပုံပမာ။

✦ မျိုးမှန်ကန်က၊ ပင်သန်ရ၊ ရကြသီးများစွာ။

✦ မျိုးစေ့မမှန်၊ ပင်မသန်၊ သီးနှံမအောင်ရာ။

📖

# ကျောင်းကို ပံ့သုကူ ပစ်ကောင်းပါသလားဘုရား

## (၁၀၀)

ဒါနဟူသည် "ဒါနံ ဒေတိ = အလှူလှူ၏" စသော အချို့အရာ၌ လှူဖွယ်ဝတ္ထုကို ဟော၏။

စေတနာရှိမှ ပေးလှူဖြစ်၏။ စေတနာမရှိက အလှူမဖြစ်၊ ထို့ကြောင့် ဒါနဖြစ်မြောက်ရေးမှာ စေတနာက အကြောင်းဖြစ်ရာ အလှူဖြစ်မြောက်ကြောင်း စေတနာကိုလည်း ဒါနဟု ဆိုရ၏။

ထို့ပြင် ပစ္စည်း၌ တွယ်တာသော လောဘရှိနေသူ၌ ဒါန မဖြစ်။ တွယ်တာမှုကင်းသော အလောဘရှိသူ၌သာ ဒါနဖြစ်၏။ ထို့ကြောင့် အလောဘလည်း ဒါနဖြစ်ကြောင်း ဖြစ်၍ ထိုစေတနာနှင့်ယှဉ်သော အလောဘကိုလည်း ဒါနဟု အဋ္ဌကထာ ဖွင့်၏။

စေတနာဆိုရာ၌ "ဒါန မည်သည်မှာ တစ်ပါးသူကို ရည်၍ ဖြောင့်မှန်သောအသိဉာဏ် ရှေ့သွားရသော ထမင်း အစရှိသော ဆယ်မျိုးသော အလှူဝတ္ထုတို့ကို စွန့်လှူကြောင်း စေတနာပင်တည်း" ဟူသော အဋ္ဌကထာအရဉာဏ်ရှေ့သွားရှိသောလှူကြောင်း စေတနာကို ဒါနဟု သိရ၏။

ဉာဏ်ရှေ့သွား ရှိသည်ဆိုရာ၌ ကံ. ကံ၏အကျိုးကို သိနားလည်သော "ကမ္မဿကတသမ္မာဒိဋ္ဌိ" ရှိရမည်ကို ဆို၏။ အလှူကြောင့် ကောင်းကျိုးရလိမ့်မည်ဟု သိခြင်းပင်တည်း။

ဉာဏ်ရှေ့သွားရှိရမည်ဆိုသောကြောင့် ဤဉာဏ်မရှိလျှင် ဒါနမဖြစ်ဟုကား မမှတ်အပ်။ အကောင်းဆုံးဉာဏ်ယှဉ်သော ကုသိုလ်ဖြစ်ရန်သာ ဆိုခြင်းဖြစ်၏။

ထိုဉာဏ်ပင် မရှိစေကာမူ ပုဂ္ဂိုလ်ကို ကြည်ညိုခြင်း စသည်ဖြင့် ပေးကမ်းရာ၌ ဒါန ဖြစ်သည်သာ။ သို့သော် ဉာဏ်မယှဉ်သော ဒါနတည်း။

အချို့ကလေးများ အချို့အရပ်က လူများမှာ "အကျိုးပေးလိမ့်မည်" ဟု မသိသော်လည်း ချစ်ခင်မြတ်နိုး၍ ပေးခြင်း၊ သနား၍ ပေးခြင်း၊ အကျိုးလိုလား၍ ပေးခြင်း စသည် ရှိတတ်ရာ ထိုအပေးမျိုးမှာလည်း ဒါနသာတည်း။

ဒါန မဖြစ်သော အပေးမျိုးလည်း ရှိသေး၏။ ယင်းတို့မှာ ကြောက်လို့ ပေးခြင်း၊ လာဘ်ကိုမျှော်ကိုး၍ ပေးခြင်း၊ ချစ်ကြိုက်၍ ပေးခြင်း စသော အပေးမျိုးတည်း။

မိမိပစ္စည်း၌တွယ်တာတတ်သည်မှာ ဓမ္မတာပင်ဖြစ်၏။ သို့သော်ပုဂ္ဂိုလ်ကိုကြည်ညိုသောအခါဖြစ်စေ၊ မေတ္တာကရုဏာ သက်ရောက်၍ သူ့အကျိုး လိုလားသောအခါဖြစ်စေ တွယ်တာမှုကို ဖြတ်တောက်နိုင်ကြ၏။ ပေးနိုင် ကမ်းနိုင်ကြ၏။

အလောင်းတော်များမှာ ပစ္စည်းဥစ္စာသာမက ကိုယ်အသက်ပါ စွန့်နိုင်အောင် ရက်ရောကြ၏။ ယင်း၏ အကြောင်းကား မေတ္တာ ကရုဏာပင် ဖြစ်၏။

ထိုမေတ္တာ ကရုဏာကြောင့် ရက်ရောစွာ စွန့်လာခဲ့ရာမှ အလောဘစိတ် ရင့်သန်လာသောအခါ တွယ်တာမှုဟု မရှိ တော့ပေ။

မေတ္တာ ကရုဏာ မထားနိုင်ခြင်း၊ သဒ္ဓါနည်းပါးခြင်းကြောင့် အချို့သူတို့မှာ ပစ္စည်းတွယ်တာတတ်ခြင်း၊ မတွယ် တာလှသော်လည်း မလှူလိုခြင်းဖြင့် ဒါန မဖြစ်တတ်သော်လည်း ကြည်ညိုတတ်ခြင်း၊ သူ့အကျိုး လိုလားခြင်း ရှိသူတို့မှာမူ မိမိ အလွန်နှစ်သက်သော ပစ္စည်းကိုပင် နမြောရမှန်းမသိ ရက်ရောစွာ လှူဒါန်းနိုင်ကြသည်။

သို့မဟုတ်မူ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေ၏။ ယင်းသို့ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသူ ဒကာတစ်ယောက်နှင့် တစ်ချိန် က တွေ့ခဲ့၏။ မိမိသည် တောရကျောင်းတစ်ကျောင်းတွင် နေခိုက်ဖြစ်၏။

ထိုစဉ် ဒကာတစ်ယောက် ရောက်လာပြီး တရားစကားများ ပြောဆိုရာမှာ ပုံ့သုကူအကြောင်း ရောက်သွားတော့၏။ ထိုအခါ ဒကာက မိမိအား မေးတော့၏။

"အရှင်ဘုရား၊ ကျောင်းကို ပံ့သုကူ ပစ်ကောင်းပါသလားဘုရား"

"ဒကာကြီးကလည်း ကပ်သီးကပ်သပ် ကျောင်းကို ပံ့သုကူပစ်ကောင်းရဲ့လားလို့ မေးမှမေးတတ်ပလေ"

"အကြောင်းရှိလို့ မေးတာပါဘုရား"

"အကြောင်းရှိလို့ဆိုတာ ဒကာကြီး ကျောင်းပံ့သုကူပစ်ဖို့ ရည်ရွယ်ချက်ရှိလို့လား"

"မှန်ပါ၊ ရှိပါတယ်ဘုရား"

"ကဲ ... ပြောစမ်းပါဦး၊ ရည်ရွယ်ရင်းအကြောင်းကို"

"တပည့်တော်အိမ်မှာ ကိုယ်တော်ကြီးတစ်ပါး ဆွမ်းခံနေတယ်ဘုရား"

"တောထွက်ကြီးလား"

"မှန်ပါ ဘုရား"

"ကဲ ... ဆက်ပြောပါဦး"

"အဲဒီ တောထွက်ကိုယ်တော်ကြီးက တပည့်တော်ကို ကျောင်းဆောက်လှူဖို့ ခဏခဏ ပြောနေတယ်ဘုရား"

"အင်း ... အင်း"

"တပည့်တော်ကလည်း မဆောက်လှူချင်ဘူး ဘုရား"

"ဘာဖြစ်လို့ မဆောက်လှူချင်တာလဲ"

"သူ့အကျင့်လည်း တပည့်တော်က သိနေတော့ မလှူချင်ဘူးဘုရား"

"နို့ ... မလှူချင်လည်း မလှူဘဲနေလို့ ရသားပဲဟာ ဘာပူစရာရှိလဲ"

"သူကလည်း ခဏခဏ ဆောက်ခိုင်းနေတယ်ဘုရား"

"ခဏခဏဆောက်ခိုင်းတော့ ဆောက်နိုင်လည်း ဆောက်လှူလိုက်၊ မဆောက်နိုင်ရင်လည်း မဆောက်နိုင်ပါဘုရား လို့ လျှောက်ရင် ပြီးတာပဲဟာ"

“မှန်ပါ၊ တပည့်တော်က ဆောက်တော့လည်း ဆောက်ချင်တယ်ဘုရား”

“ဆောက်ချင်လည်း ဆောက်လိုက်ပေါ့၊ ဟိုက အလှူခံနေတဲ့ဟာပဲ”

“ဒါပေမဲ့ ကျောင်းဆောက်ပြီး သူ့တော့လည်း မလှူချင်ဘူးဘုရား”

“ဟင်…အဲဒါမှ ခက်တာ၊ သူဆောက်နိုင်းလို့ ဆောက်တယ်၊ သူ့တော့ မလှူချင်၊ ဘယ်သူ့လှူမလဲ”

“အဲဒါကြောင့် အရှင်ဘုရားကို ကျောင်းကို ပုံသုကူပစ်ကောင်းလားလို့ မေးလျှောက်တာပါဘုရား”

“ဒါဖြင့် ဒကာကြီးသဘောက ကျောင်းတော့ ဆောက်မယ်၊ ကျောင်းဆောက်ပြီးတော့ ပုံသုကူပစ်လိုက်မယ်၊ ဒီလိုလား”

“မှန်ပါ ဘုရား”

“ကြံကြံဖန်ဖန် ဒကာကြီးကလည်း၊ ကျောင်းပုံသုကူပစ်ရတယ်လို့”

“နို့…ဘယ့်နှယ်လုပ်ပါ့မလဲဘုရား”

“ဩော်…ဒကာကြီးအနေနဲ့ အဲဒီကိုယ်တော်ကြီးကို ပုဂ္ဂိုလ်အနေနဲ့ မကြည်ညိုဘူး မဟုတ်လား”

“မှန်ပါ၊ မကြည်ညိုပါဘုရား”

“မကြည်ညိုတော့ သူ့ကို ပုဂ္ဂလိက မလှူချင်ဘူး မဟုတ်လား”

“မှန်ပါ ဘုရား”

“ဒီတော့ ကျောင်းဆောက်ပြီးတော့ သံဃာအများကို ရည်မှန်းပြီးတော့ သံဃိကလှူလိုက်ပေါ့၊ သံဃိကကျောင်းအလှူဟာ အကျိုးအင်မတန်ကြီးတာပဲ”

“မှန်ပါ ဘုရား”

“ပုံသုကူဆိုတာက ပံ့သုကူလဆိုတဲ့ ပါဠိကလာတဲ့စကား ဒကာကြီးရဲ့ မြန်မာလိုက မြေမှုန့်လိမ်းကျံနေတဲ့ ပစ္စည်းကို ခေါ်တယ်”

“မှန်ပါ ဘုရား”

“ဓုတင် (၁၃) ပါးမှာ ပံ့သုကူဓုတင်ဆိုတာ ပါတယ်မဟုတ်လား”

“မှန်ပါ၊ ပါပါတယ် ဘုရား”

“အဲဒီမှာ သင်္ကန်းပံ့သုကူသာရှိတယ်၊ ကျောင်းပံ့သုကူ ဘယ်ရှိမလဲ၊ ကျောင်းပံ့သုကူရယ်လို့ ဘယ်ရှိမလဲ ဒကာကြီး၊ မရှိဘူး”

“မှန်ပါ ဘုရား”

“သင်္ကန်းပံ့သုကူ ဆောက်တည်လိုတဲ့ ရဟန်းဟာ “အိမ်ရှင်ဟု ဆိုအပ်သော အလှူဒါယကာ လက်ဖြင့်ကပ်၍ လှူအပ်သောသင်္ကန်းကို ပယ်ပါ၏။ ပံ့သုကူသင်္ကန်းကို ဆောက်တည်ခြင်းတည်းဟူသော အင်္ဂါကို ဆောက်တည်ပါ၏” လို့ ဆောက်တည်ရမယ် ဒကာကြီးရဲ့”

“မှန်ပါ ဘုရား”

“အဲဒီလို ပံ့သုကူဓုတင် ဆောက်တည်ပြီးတဲ့ ရဟန်းဟာ သုသာန်အစရှိတဲ့ (၂၃) ပါးသော ပံ့သုကူသင်္ကန်းတို့ကို ရှာမှီးပြီးတော့ သုံးဆောင်ရတယ် ဒကာကြီး”

“အဲဒီ (၂၃) ဌာန အမိန့်ရှိပါဘုရား”

၁။ သုသာန်သင်္ချိုင်း၌ စွန့်ပစ်ကျရစ်သော အဝတ်

၂။ ဈေးပြင်တံခါး၌ စွန့်ပစ်ရှထားသောအဝတ်

၃။ ကောင်းမှုလိုလား လမ်း၌စွန့်ပစ်ထားသော အဝတ်

၄။ ကိုယ်ဝန်အညစ်အကြေးကို သုတ်ပြီး စွန့်ပစ်အပ်သော အဝတ်

"အဲဒီ အဝတ်ဟာ တိဿအမတ်ရဲ့အမိ သားဖွားစဉ်က တစ်သိန်းထိုက်တဲ့ပုဆိုးနဲ့ ကိုယ်ဝန်အညစ်အကြေး သုတ်ပြီးတော့ ပံ့သုကူဆောင်ရဟန်းတို့ ကောက်ယူစေသတည်းလို့ လမ်းခရီးမှာ ပစ်ဖူးသတဲ့ ဒကာကြီး"

"မှန်ပါ ဘုရား"

"ပံ့သုကူဆောင် ရဟန်းတွေကလည်း အလိုနည်းတဲ့တရား၌ တည်ကုန်၍ မိမိသက်န်းဟောင်းတွင် အိမ်မြောင်းရှိရာ၌ လဲလှယ်လောက်ရုံသာ ကောက်ယူသတဲ့ ဒကာကြီး"

"မှန်ပါ ဘုရား"

"တော်လိုက်တာနော်"

"မှန်ပါ ဘုရား"

၆။ သချိုင်းကုန်းက ပြန်တဲ့အခါ ဦးခေါင်းနှင့်တကွ ရေချိုးပြီးမှ ယုတ်မာတဲ့အဝတ်ဆိုပြီး စွန့်ပစ်တဲ့အဝတ်တဲ့။

"ခုခေတ် အဲဒီလို စွန့်တာမျိုး မရှိတော့ဘူးနော်"

"မှန်ပါ ဘုရား"

၇။ ဦးခေါင်းလျှော်ပြီး စွန့်ပစ်တဲ့အဝတ်

၈။ ဘုတ် - ဆေးသမားတို့ ရေချိုးပြီး စွန့်ပစ်တဲ့အဝတ်

၉။ တစ်ကွက်တစ်စောင်း မီးလောင်၍ စွန့်ပစ်တဲ့အဝတ်

၁၀။ နွားစားရာရှိသောအဝတ်

၁၁။ ခြကိုက်သောအဝတ်

၁၂။ ကြွက်ကိုက်ရာရှိသောအဝတ်

၁၃။ အနားပြတ်သော ပုဆိုးအဝတ်

၁၄။ အဆာပြတ်သော အဝတ်

"အဲဒီအဝတ်တွေကို မင်္ဂလာမရှိဘူးဆိုပြီး စွန့်ပစ်တဲ့ အလေ့ရှိတယ်၊ အဲဒီလိုစွန့်ပစ်တာကို ကောက်ယူပြီး သင်္ကန်းအဖြစ် ဝတ်ရမယ်တဲ့ ဒကာကြီး"

"မှန်ပါ ဘုရား"

၁၅။ သင်္ချိုင်းသွားသောသူတို့ သင်္ချိုင်းဆိပ်မှာ ဖွဲ့အပ်တဲ့ တံခွန်အဝတ်

၁၆။ တောင်ပို့ကို ရစ်ပတ်ပြီးတော့ ပူဇော်အပ်တဲ့အဝတ်

၁၇။ ရဟန်းပဥ္စင်းသည် ပစ်အပ်သော သင်္ကန်း

၁၈။ မင်း၏ အဘိသိက်ခံရာအရပ်၌ စွန့်ပစ်အပ်တဲ့အဝတ်

၁၉။ တန်ခိုးဖြင့်ပြီးတဲ့ ဟေဘိဘိက္ခုသင်္ကန်း

၂၀။ ခရီးသွားသောသူတို့ ခရီး၌ သတိမေ့၍ ကျနေတဲ့အဝတ်

"အဲဒီအဝတ်မျိုးကိုတော့ ချက်ချင်း ပုံသုကူ မကောက်ရဘူး၊ ဓာကလောက် ဆိုင်းငံ့ပြီးမှ ကောက်ယူရတယ်၊ ယူတဲ့အခါမှာလည်း ပံ့သုကူအမှတ်နဲ့ပဲ ကောက်ယူရတယ်၊ ခိုးလိုတဲ့စိတ်နဲ့ မကောက်ယူရဘူး၊ အရှင်က ပြန်တောင်းလျှင်လည်း ပြန်ပေးရတယ် ဒကာကြီးရဲ့"

"မှန်ပါ ဘုရား"

၂၁။ လေခတ်လို့အဝေးသို့လွင့်သွားတဲ့အဝတ်၊ အဲဒီအဝတ်လည်းအရှင်ကိုကြည့်ပြီးတော့အရှင်မမြင်မှကောက်ယူရတယ်။

၂၂။ အရှင်အနုရုဒ္ဓါ အရှင်မြတ်အား နတ်သမီးလှူသကဲ့သို့ နတ်လှူသောအဝတ်၊ အဲဒီအဝတ်ကို နတ်သမီးသည် တံမြက်ချေးစွန့်ရာအရပ်၌ အမြိတ်ကို ဖော်ပြီးထားတယ် ဒကာကြီးရဲ့"

"မှန်ပါ ဘုရား"

၂၃။ သမုဒ္ဒရာလှိုင်းတံပိုးက ကုန်းပေါ်သို့ ပစ်တင်အပ်တဲ့ ပုဆိုးလို့ ပံ့သုကူသက်န်းဖြစ်ကြောင်း (၂၃)ပါး ရှိတယ် ဒကာကြီး"

"မှန်ပါ ဘုရား"

"ကျောင်းကို ဒကာကြီးက အဲဒီလို မငဲ့မကွက် စွန့်နိုင်ပါ့မလား"

"ဒီလိုတော့ ဘယ်ပစ်နိုင်ပါ့မလဲဘုရား"

"ပစ်လို့လည်း ဖြစ်တာမှ မဟုတ်တာဘဲ"

"မှန်ပါ ဘုရား"

"ဒီတော့ သက်န်းကို ပံ့သုကူပစ်ချင် ပစ်နော်"

"မှန်ပါ ဘုရား"

"ကျောင်းကိုတော့ ပုဂ္ဂလိကမလှူနိုင်ရင် သံဃိကလှူပါ၊ ပံ့သုကူ မပစ်ပါနဲ့ ဒကာကြီး"

"မှန်ပါ ဘုရား"

"ကဲ ... တော်ကြပါစို့ ..."

✦ လှူဒါန်းချင်လျှင်၊ ပညာရှင်၊ ကြိုတင်တိုင်ပင်ပါ။

✦ မတိုင်ပင်က၊ နောင်ခါကျ၊ နောင်တရတတ်ပါ။

✦ နောင်တဆိုတာ၊ အပူသာ၊ ဖြစ်တာမသင့်ပါ။

# ဘုရားကိုးဆူဆိုတာ ဘုရားချည်းကိုးဆူပါလား ဘုရား

(၁၀၁)

ကြောက်ရွံ့ထိတ်လန့်ကုန်သော များစွာသော လူတို့သည် တောင်တို့ကိုလည်းကောင်း၊ တောတို့ကိုလည်းကောင်း၊ အဓိကရ သစ်ပင် စသော ကိုးကွယ်ရာတို့ကိုလည်းကောင်း ကိုးကွယ်ကြကုန်၏။

ဤတော၊ တောင်၊ အရံ၊ အဓိကရသစ်ပင် စသော ကိုးကွယ်ရာဟူသမျှကို ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်းမဟုတ်၊ မြတ်သော ကိုးကွယ်ခြင်းမဟုတ်။ ဤကိုးကွယ်ရာဟူသမျှကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ မလွတ်မြောက်နိုင်။

အကြင်သူသည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း ကိုးကွယ်ဆည်းကပ်၏။ ထိုသူသည် -

| | | | |
|---|---|---|---|
| ၁။ | ဆင်းရဲအမှန် | = | ဒုက္ခသစ္စာ |
| ၂။ | ဆင်းရဲခြင်း၏ အကြောင်းရင်းမှန် | = | သမုဒယသစ္စာ |
| ၃။ | ဆင်းရဲ လွတ်မြောက်ရာအမှန် | = | နိရောဓသစ္စာ |
| ၄။ | ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအမှန် အင်္ဂါရှစ်ပါးရှိသော မြတ်သော | = | မဂ္ဂသစ္စာ |

ဟူသော အရိယသစ္စာလေးပါးတို့ကို ကောင်းစွာမဂ်ပညာဖြင့် မြင်နိုင်၏။ ဤရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘေးမရှိသော ကိုးကွယ်ဆည်းကပ်ခြင်း မည်၏။ မြတ်သော ကိုးကွယ်ဆည်းကပ်ခြင်း မည်၏။ ဤရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ လွတ်မြောက်၏။

(ဓမ္မပဒ)

လူတို့သည် ဒုက္ခကို ကြောက်၏။ ဒုက္ခကို မလိုလား၊ ဒုက္ခမှ လွတ်မြောက်ချင်၏။ သို့ဖြစ်၍ ဒုက္ခလွတ်မြောက်ကြောင်း အမျိုးမျိုးကို ရှာ၏။ တွေ့သူလည်း ရှိ၏။ မတွေ့သူလည်း ရှိ၏။

အချို့သည် နေလ. နက္ခတ်. တာရာ. ဂြိုဟ်တို့ကို ဗေဒင်တွက်ကြောင်းအနေနှင့် ကိုးကွယ်ကြ၏။ ယင်းကိုးကွယ်သည့် သိုးဒယားပြည် ဇင်းမယ်မြို့ရှိ ဇင်းမယ်မြို့သားတို့လည်း အပါအဝင်ဖြစ်၏။

မှန်၏။ သူတို့လည်း ဘေးရန်မရောက် အန္တရာယ်ကင်းပျောက်လိုခြင်း၊ ၎င်းမှုကိစ္စ ပြီးစီးခြင်း အကျိုးငှာ ဂြိုဟ်ကိုးလုံးကို ပူဇော်ကြ၏။ ဂြိုဟ်နတ်ကို ပူဇော်ကြ၏။ သို့သော် အန္တရာယ်ကား တကယ်မကင်းပေ။

ယင်းကို မြင်ရ သိရသော ရဟန်းတော်တို့သည် ဒကာ ဒကာမအများ အကျိုးများစေရန် ပူဇော်မှု ကိုးကွယ်မှု အစားထိုး ပေးရလျှင် ကောင်းမှာပဲဟု စဉ်းစားမိ၏။

အဘယ်သို့ စဉ်းစားသနည်း။ ဂြိုဟ်ကိုးလုံး အမှတ်အသားနှင့် ဘုရားကိုးဆူ ပူဇော်စေရသော် ဂြိုဟ်ကိုးလုံး ပူဇော်ခြင်း၊ ရတနာသုံးပါးကို ပူဇော်ခြင်း နှစ်ပါး ပြီးစေလိမ့်မည်။

ဤနည်းသည် သရက်ပင်ကို ရေသွန်းလောင်းခြင်း၊ ဆရာကို ရေချိုးစေခြင်း ကိစ္စနှစ်ပါးကို တစ်ပြိုင်နက် ပြီးစေ၍ အကျိုး များစွာ ခံစားရာသကဲ့သို့ ပြီးစီးရာ၏ဟု စဉ်းစား၏။

ယင်းသို့ စဉ်းစားပြီးလျှင် ယင်းအကြောင်းကို ဒကာ ဒကာမများအား ဟောပြောပြသ၏။ ဒကာ ဒကာမ အများသည် ရဟန်းတော်တို့၏ ဟောပြချက်ကို နှစ်သက်သဖြင့် ဂြိုဟ်ကိုးလုံး အရေအတွက်ဖြင့် ဘုရားကိုးဆူ ပူဇော်ရိုး ထုံးတမ်းအစဉ်အလာ သည် ဇင်းမယ်မှ စခဲ့သည်ဟု အဆိုရှိ၏။

ယခု မြန်မာပြည်တွင်လည်း ယင်းဘုရားကိုးဆူ ပူဇော်မှု များစွာပြု၏။ တစ်ချိန်က မိမိကိုယ်တိုင် ကြုံခဲ့၏။ မြို့တစ်မြို့ရှိ အိမ်ကြီးတစ်အိမ်တွင် ဘုရားကိုးဆူပူဇော်ပွဲ ကျင်းပ၏။

အရက်ကျင်း၍အလင်းရောက်သော် သံဃာတော်အရှင်မြတ်များအား ဆွမ်းကပ်၏။ လှူပရိသတ်များအား ထမင်းကျွေး ၏။ ယင်းတွင် မိမိအား ဆရာတော်များက အနုမောဒနာတရား ဟောခိုင်း၏။ ထိုအခါ မိမိက –

"တဏှာ. ဒိဋ္ဌိ. မာန တည်းဟူသော ပပဉ္စတရားသုံးပါးကို ကူးမြောက်ကျော်လွန်တော်မူကုန်ပြီးသော၊ ကူးမြောက်ကျော် လွန်ပြီးသော စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးမြည်တမ်းခြင်း ရှိတော်မမူကုန်သော၊ ပူဇော်ခြင်းငှာ ထိုက်တော်မူကုန်သော သက် တော်ထင်ရှားရှိသည့် မြတ်စွာဘုရားတို့ကိုလည်းကောင်း၊ ထိုသို့ သက်တော်ထင်ရှားရှိသည့် တပည့်သား သာဝကတို့ကို လည်းကောင်းပူဇော်သောသူ၏ ကောင်းမှုကိုလည်းကောင်း –

"ပရိနိဗ္ဗာန် စံလွန်တော်မူကုန်ပြီးသော မည်သည့်အရပ်မှ၊ မည်သည့်အကြောင်းကြောင်းမှ ဘေးမရှိကုန်သော အချင်း ခပ်သိမ်း အေးငြိမ်းတော်မူကုန်ပြီးသော မြတ်စွာဘုရားရှင်နှင့်တကွ တပည့်သား သာဝကတို့ကိုလည်းကောင်း၊ ပူဇော်သောသူ ၏ကောင်းမှုသည် ဤမျှသာ အစွမ်းရှိသည်။ ဤမျှသာ အကျိုးပေးနိုင်သည်ဟု လူနတ်ဗြဟ္မာ သတ္တဝါတို့တွင် တစ်စုံတစ်ယောက် မျှလည်း ရေတွက်ခြင်းငှာ မစွမ်းနိုင်" လို့ ဘုရားရှင်မိန့်တော်မူခဲ့သော ဒေသနာတော်အရ ယနေ့ အလှူဒါယကာ. အလှူဒါယိကာ မတွေဟာ သက်တော်ထင်ရှားရှိသည့် ဘုရားရှင်၏ တပည့်သား သာဝက သံဃာ ၁၄ ပါးနှင့် သက်တော်ထင်ရှားမရှိသည့် ရဟန္တာ (၈)ပါးနှင့်ဘုရားရှင်ဟူသော ဘုရားလျှင်ကိုးဆူမြောက်ဖြစ်တဲ့ဗုဒ္ဓပ္ပမုခအရိယာသံဃာတော်တွေ သရဏဂုံသီလရှိတဲ့လှူပရိသတ် တွေ လှူဒါန်းရတဲ့ အကျိုးဟာ မည်မျှကြီးမည်လဲဆိုတာ ဘယ်မှာ မှန်းဆလို့ ရမှာလဲ"

အဲဒီလို မမှန်းဆနိုင်တဲ့ များမြတ်တဲ့အကျိုးကို ပေးနိုင်တဲ့ကုသိုလ် အကျိုးထဲမှာ မျက်မှောက်ဘဝတွင် မရောက်သေးတဲ့ ဘေးရန်အန္တရာယ်တွေ မရောက်ခြင်း၊ ရောက်ပြီးသား ဘေးရန်အန္တရာယ်တွေ ကင်းပျောက်ခြင်း၊ စီးပွားဥစ္စာတိုးတက်ခြင်း စတဲ့ များမြတ်တဲ့အကျိုးတွေ ပေးနိုင်တယ် စသည်ဖြင့် ဟောပြောကာ ဒေသနာနိဂုံး အဆုံးသတ်လိုက်၏။

ထိုအခါ ဒကာတစ်ယောက်ကမေးလျှောက်သည်။

"အရှင်ဘုရား၊ ဘုရားကိုးဆူဆိုတာ ဘုရားချည်းပဲ ကိုးဆူပါလားဘုရား "တဲ့။

မေးသင့်သော အမေးဖြစ်၏။ အခေါ်ကလည်း ဘုရားကိုးဆူဟူ၍ ခေါ်ထား၏။ ဘုရားချည်း ကိုးဆူထင်စရာ ဖြစ်နေ၏။ ယင်းသို့ဖြစ်သော် အဘယ်ဘုရားကိုးဆူပါနည်းဟု မေးစရာ ဖြစ်လာမည်။

မှန်၏။ ဖြစ်နိုင်၏။ နှစ်ကျိပ်ရှစ်ဆူ၊ ဘုရားခုနစ်ဆူ၊ ဘုရားငါးဆူ စသည့် သူ့သတ်မှတ်ချက်နှင့်သူ သတ်မှတ်ကာ ခေါ်ဝေါ်သုံးစွဲ ပူဇော်နေတာ ရှိသည်မဟုတ်လော။ သို့ဖြစ်၍ ယခု ဘုရားကိုးဆူလည်း ဘုရားကိုးဆူလားဆိုတာ မေးသင့်၏။ မေးရမည်ဖြစ်၏။

ဘုရားချည်းကိုးဆူဖြစ်လျှင် ဘယ်ဘုရားတွေပါလဲဟု ဆက်၍ မေးရမည်ဖြစ်၏။ ယခုသော် ဘုရားချည်းကိုးဆူ မဟုတ်ခဲ့၊ သို့ဖြစ်၍ မိမိက ဖြေ၏။

"ဘုရားချည်းကိုးဆူ မဟုတ်ဘူး ဒကာကြီး၊ အရိယာသံဃာရှစ်ပါးနှင့် ဘုရားရှင်ရယ်လို့ ဘုရားအမှုးရှိတဲ့ အရိယာသံဃာ ကိုးပါးပေါ့၊ ဒါကို ဘုရားလျှင် ကိုးဆူမြောက်ဖြစ်လို့ ဘုရားကိုးဆူခေါ်တာပဲ ဒကာကြီး"

"မှန်ပါ ဘုရား၊ ဘာပြုလို့ ဘုရားကိုးဆူ ပူဇော်ရပါသလဲဘုရား"

"ရှေးကတော့ ဘုရားကိုးဆူ ပူဇော်ရိုး ထုံးတမ်းစဉ်လာ မရှိပါဘူး ဒကာကြီး"

"မှန်ပါ ဘုရား"

"ရှေးကတော့ နက္ခတ်တွေ၊ နတ်တွေ၊ တောတွေ၊ တောင်ပို့တွေ၊ တောင်တွေ၊ သစ်ပင်ကြီးတွေ၊ ဂြိုဟ်တွေ ပူဇော်ကြတယ်"

"မှန်ပါ ဘုရား"

"ခုခေတ်လည်း ဒါမျိုးတွေ ရှိသေးတာပဲဟာ"

"မှန်ပါ ဘုရား"

"အဲဒီအထဲမှာ ဂြိုဟ်ကြီးကိုးလုံး ပူဇော်ပွဲက ကြီးကျယ်တော့ အဲဒီအထဲကို အကျိုးရှိအောင် ဘုရားလျှင် ကိုးဆူမြောက်ရှိတဲ့ အရိယာ သံဃာပူဇော်ပွဲကို အစားထိုးပေးလိုက်ရာကစပြီး ဘုရားကိုးဆူ ဖြစ်လာတာပဲ ဒကာကြီး"

"မှန်ပါ ဘုရား"

"တချို့က ဘယ်လိုဆိုကြလဲဆိုတော့ သံဃာဆိုတာ ဘုရားရှင်လျှင် အမွန်အစရှိတော့ မြတ်စွာဘုရားကို အလယ်က ထားပြီးတော့ ရဟန္တာရှစ်ဆူကို ဘေးကထားပြီး ပူဇော်ရိုးထုံးစံ ဖြစ်တယ်တဲ့"

"မှန်ပါ ဘုရား"

"ဒါကြောင့် ယခု ဘုရားကိုးဆူပူဇော်တာ သွားပြီးကြည့်ပါလား၊ ဘုရားက အလယ်က ရဟန္တာရှစ်ပါးက ဘေးကလို့ တွေ့လိမ့်မယ်"

"ဟုတ်လားဘုရား"

"ဟုတ်လားလို့ ဘုန်းကြီး မမေးဘဲ အဲဒီဘုရားကိုးဆူဆရာ မေးကြည့်ပါလား"

ထိုအခါ ဒကာကြီးသည် ဘုရားကိုးဆူ ဆရာကြီးကို မေးကြည့်သည်။

"ဟုတ်လား ဆရာကြီး"

"ဟုတ်ပါတယ်၊ ဆရာတော်ပြောတဲ့အတိုင်းပါပဲ"

ထိုအခါ မိမိက ဆက်လက်၍ ဒကာကြီးအား ပြောပြန်သည်၊

"အချို့က ဂုဏ်တော်ကိုးပါး ရည်ပြီးတော့ ဘုရားကိုးဆူ ပူဇော်တယ်လို့လဲ ဆိုကြပြန်တယ်"

"မှန်ပါ ဘုရား"

"အချို့ကလည်း တြင်းကျေ နဝင်းကျေလို့ ဆိုကြမှာပေါ့နော်"

"မှန်ပါ ဘုရား"

"ဘာဖြစ်ဖြစ်ပေါ့၊ အကျိုးမရှိတဲ့ဘက်ကနေပြီး အကျိုးရှိတဲ့ဘက် ရောက်လာတာ ကောင်းတာပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီမှာ ရဟန္တာရှစ်ပါး ဘုရားတစ်ဆူသာ ဖြစ်ပါလျက် ဘုရားကိုးဆူလို့ ခေါ်တာ နေတ္တိလက္ခဏာဟာရ နည်းအားဖြင့် ခေါ်တာတဲ့ ဒကာကြီး"

"မှန်ပါ ဘုရား"

"ဒက္ခိဏေယျ - ပူဇာရဟ လက္ခဏာအားဖြင့် တူလို့ ဘုရားကိုးဆူဆိုတဲ့ သဒ္ဒါနဲ့ပဲ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန် အစရှိတဲ့ ရဟန္တာများကိုလည်း ယူတယ်တဲ့"

"ဒက္ခိဏေယျ - ပူဇာရဟ အဓိပ္ပာယ်ကို ရှင်းပါဦးအရှင်ဘုရား"

"ဩော် ... ဟုတ်တယ်၊ ပါဠိလိုသုံးနေကျဆိုတော့ နှုတ်ကျိုးပြီးပါသွားတယ် ဒကာကြီး"

"မှန်ပါ ဘုရား"

"ဒက္ခိဏေယျ ဆိုတာက မြတ်သောအလှူကို ခံထိုက်တယ်တဲ့"

"မှန်ပါ ဘုရား"

"ပူဇာရဟ ဆိုတာက လူနတ်ဦးခိုက် ပူဇော်ထိုက်တယ်၊ ပူဇော်ဖွယ်အမျိုးမျိုးနဲ့ ပူဇော်ထိုက်တယ်တဲ့"

"မှန်ပါ ဘုရား"

"အဲဒီ အလှူခံထိုက်တဲ့ ဒက္ခိဏေယျ၊ ပူဇော်ထိုက်တဲ့ ပူဇာရဟတို့ဟာ ဘုရား ရဟန္တာတို့မှာ ရှိတယ်မဟုတ်လား ဒကာကြီး၊ အဲဒါကြောင့် ဘုရားကိုးဆူလို့ ခေါ်တာ၊ ရဟန္တာအရှင်မြတ်တွေပါ ခေါ်တယ်လို့ မှတ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ခံယူခဲ့သော် သံဃာတော်အများပင် ဘုရားဟူသောအနက်ဖြင့် ယူသင့်ရကား အလိုရှိအပ်သည်ကိုသာ ယူလို၍ "ရှစ်ပါး" လို့ အပိုင်းအခြား ပြဆိုတာတဲ့ ဒကာကြီးရဲ့"

"မှန်ပါ ဘုရား"

"တစ်နည်းပြောရရင် "မင်းလာတယ်" ဆိုရာ၌ကဲ့သို့ပြဋ္ဌာန်းတဲ့နည်းအားဖြင့် ဘုရားဟူသော သဒ္ဒါဖြင့်ပင် သံဃာတော် အများကိုလည်း ယူရတယ်တဲ့"

"မှန်ပါ ဘုရား"

""မင်းလာတယ်" ဆိုပေမဲ့ နောက်က မင်းပရိသတ်တွေ အများကြီး ပါမလာဘူးလား"

"ပါလာပါတယ်ဘုရား"

"ပြောတော့ ပရိသတ်မပါဘဲ "မင်းလာတယ်" လို့ပဲ မပြောဘူးလား"

"ပြောပါတယ်ဘုရား"

"အင်း... စုလည်း ဒီမှာ ဘုရားကိုးဆူဆိုပေမဲ့ အရိယာရှစ်ပါးနှင့်တကွ ကိုးဆူလို့ နောက်ပါသံဃာတော်ကို ကိုးဆူဖြင့် သတ်မှတ်ပြတာတဲ့ ဒကာကြီးရဲ့"

"မှန်ပါ ဘုရား"

"သဘောကျပြီလား ဒကာကြီး"

"မှန်ပါ၊ ကျပါပြီဘုရား"

"သဘောကျရင် ဘုရားကိုးဆူ သီတင်းသုံးပုံကို ပြောကြစို့နော်"

"မှန်ပါ ပြောပါဘုရား"

"ဘုရားရှင်က အလယ်ကနော်"

"မှန်ပါ ဘုရား"

"ရှင်သာရိပုတ္တရာအရှင်မြတ်က လက်ျာတော်ရံဖြစ်လို့ ရှင်သာရိပုတ္တရာကို ဘုရားရှင်ရဲ့တောင်ဘက်က ထားရ တယ်တဲ့"

"မှန်ပါ ဘုရား"

"ရှင်မဟာမောဂ္ဂလာန်က လက်ဝဲရံဖြစ်လို့ ရှင်မဟာမောဂ္ဂလာန်ကို ဘုရားရှင်ရဲ့ မြောက်ဘက်က ထားရတယ်တဲ့"

"မှန်ပါ ဘုရား"

"ရှင်ကောဏ္ဍညအရှင်မြတ်က "ရတ္တညူဧတဒဂ်"ဖြစ်လို့သိက္ခာဝါကြီးသဖြင့် ဘုရားရှင်ရဲ့အရှေ့အရပ်ကရှင်ကောဏ္ဍည ကို ထားရတယ်တဲ့"

"မှန်ပါ ဘုရား"

"ရှင်အာနန္ဒာ အရှင်မြတ်က ဘုရားရှင်ရဲ့အလုပ်အကျွေးနောက်တော်ပါဖြစ်လို့ ဘုရားရှင်ရဲ့နောက်ပါးက ရှင်အာနန္ဒာ ကို ထားရတယ်တဲ့"

"မှန်ပါ ဘုရား"

"ပသုသဒ္ဒါက ရာဟုဂြိုဟ်ကိုလည်း ဟောတယ်၊ နွားကိုလည်း ဟောတယ် ဒကာကြီး"

"ပသုသဒ္ဒါနဲ့ ပရိယာယ်ချင်းတူတဲ့ ဂေါသဒ္ဒါလည်း ရာဟုဂြိုဟ်လည်းဟောတယ်၊ နွားလည်း ဟောတာပဲဒကာကြီး"

"မှန်ပါ ဘုရား"

"ဒါ့ကြောင့် ရာဟုဂြိုဟ် ဟောတဲ့ ပသုသဒ္ဒါဂေါသဒ္ဒါကို စွဲပြီးတော့ "ဂုန္နံ ရာဟုဂြိုဟ်တို့၏၊ ပတိ - အရှင်တည်း၊ ဂဝံပတိ - ရာဟုဂြိုဟ်တို့၏အရှင်"လို့ ဝစနတ်ပြုပြီးလျှင် အနောက်မြောက်အရပ်၌ အရှင်ဂဝံပတိကို ထားတယ် ဒကာကြီး"

"မှန်ပါ ဘုရား"

"ရာဟုဂြိုဟ် တစ်ခုသာဖြစ်လျက် "ဂုန္နံ ပတိ ဂဝံပတိ"လို့ ဝစနတ်ပြုသည်မှာ လောကီသမယအားဖြင့် အလေးပြုအပ် တဲ့ဂရုကာတဗ္ဗ ဗဟုဝစနတ်တဲ့ ဒကာကြီး"

"မှန်ပါ ဘုရား"

"ရှင်ရာဟုလာက ရဟန္တာရှစ်ပါးမှာ အသက်သိက္ခာ အငယ်ဆုံးမို့ ဂြိုဟ်သက်အငယ်ဆုံးသော တနင်္ဂနွေဂြိုဟ်အရပ်မှာ ထားသတဲ့ ဒကာကြီး"

"မှန်ပါ ဘုရား"

"ရှင်ရေဝတဟာ ရှင်သာရိပုတ္တရာရဲ့ ညီတော်နော်"

"မှန်ပါ ဘုရား"

"ရေမြေ့ရှင် မင်းတရားကြီး ထွက်စံပယ်တော်မူလျှင် အိမ်ရှေ့မင်း ရှေးဦးဖျား ထွက်စံတော်မူရသကဲ့သို့ ရှင်ရေဝတကို ရှင်သာရိပုတ္တရာရဲ့ရှေ့တူရူမှာ ထားသတဲ့"

"မှန်ပါ ဘုရား"

"စနေဂြိုဟ်ဟာ ရှေးကာလ တရားကောက်ယူ ဆုံးဖြတ်တတ်သော အမတ်ကြီးဖြစ်တယ်ဆိုတဲ့ လောကီသမယစွဲရှိသတဲ့"

"မှန်ပါ ဘုရား"

"အဲဒါကြောင့် ဝိနည်းအရာ လိမ္မာကျွမ်းကျင် သိမြင်ကောက်ယူတတ်သဖြင့် တရားဆုံးဖြတ်တတ်တဲ့ တရားသူကြီးနဲ့တူကြောင်းကိုဥပါလိအရှင်မြတ်သည်ပင်လျှင်ဥဒါန်းကျူးရင့်ထားသည်နှင့်အညီတရားဆုံးဖြတ် လိမ္မာသူဖြစ်ဖူးသောစနေဂြိုဟ်အရပ်မှာ တရားဆုံးဖြတ်သော ရှင်ဥပါလိကို ထားသတဲ့"

"မှန်ပါ ဘုရား"

"ဘုရားကိုးဆူက ဂြိုဟ်ကိုးလုံးကို အစားထိုးထားတာဆိုတော့ ယုတ္တိတန်အောင် ဂြိုဟ်သမားတွေ စိတ်ကျေနပ်အောင်ထားရတာပေါ့နော်"

"မှန်ပါ ဘုရား"

"တစ်ခြား ရဟန္တာတွေ အများကြီးရှိပါရက်ကနဲ့ ဒီရဟန္တာတွေကိုသာ ရွေးကောက်တာကလည်း ဒီရဟန္တာရှစ်ပါးသာလျှင် အရပ်ရှစ်မျက်နှာ ဂြိုဟ်တွေနဲ့ လျော်လို့တဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီ ဘုရားကိုးဆူ ပူဇော်ပွဲမှာ "ဗုဒ္ဓေါ မင်္ဂလေ" စတဲ့ ဂါထာ၊ "အင္ဂါရသ ဟတ္ထုမွေမော" စတဲ့ ဂါထာတွေကို ရွတ်ဆိုပူဇော်စမှတ် ပြုကြတယ်နော်"

"မှန်ပါ ဘုရား"

"ဘာဖြစ်လို့ အဲဒီဂါထာတွေ ရွတ်ဆိုပူဇော်စမှတ် ပြုလည်းဆိုတော့ "ရတနာရွှေချိုင့်၊ ဥပ္ပါတသန္တိ" ဂါထာများကို ဖွဲ့စီကုံးတဲ့ ဆရာတို့သည်ပင်လျှင် ဘုရားကိုးဆူ ပူဇော်နည်းကို ဥပဒေပြု စီရင်လို့တဲ့၊ သူတို့စီရင်တဲ့ ဂါထာတွေပဲ ရွတ်ဆိုပူဇော်သတဲ့ ဒကာကြီး"

"မှန်ပါ ဘုရား"

"နမက္ကာရ ထောမနာ ဂါထာတွေ ရွတ်ဆိုပူဇော်ရာ၌လည်း အထူးအထွေ မရှိပါဘူး၊ ပူဇော်တာဖြစ်တော့ သင့်မြတ်တယ်လို့ပဲ မှတ်နော်"

"မှန်ပါ ဘုရား"

"ကဲ . . . ဘုရားကိုးဆူအကြောင်း ပြောတာ စုံသင့်သလောက် စုံသွားပါပြီ၊ ပရိသတ်လည်း စုံတုန်း ပြောချင်တာလေး တစ်ခုတော့ ရှိတယ်"

"အမိန့်ရှိပါဘုရား"

"ဘုရားကိုးဆူ ပူဇော်တော့ ဘုရားနှင့်တကွ ရဟန္တာရှစ်ပါးနော်"

"မှန်ပါ ဘုရား"

"အဲဒါ ညဦးပိုင်းမှာ စားဖွယ်ခဲဖွယ်တွေနဲ့ မပူဇော်ဘဲ ရေချမ်း၊ ပန်း၊ ဆီမီးတွေနဲ့ ပူဇော်၊ ဂုဏ်တော်တွေ, ဂါထာတွေ ရွတ်ဖတ်ပူဇော်ပေါ့ ဟုတ်လား"

"မှန်ပါ ဘုရား"

"အရုဏ်ကျင်းလို့ အလင်းရောက်မှ ဆွမ်းခဲဖွယ် ဘောဇဉ်တွေနဲ့ ပူဇော်ပြီး ဆွမ်းတော်ကပ်နော်"

"မှန်ပါ ဘုရား"

"ညပိုင်းမှာ ဆွမ်း ခဲဖွယ် ဘောဇဉ်တွေ ကပ်လျှင် ဘုရား ရဟန္တာတွေ ညဆွမ်းဘုဉ်းပေးသလို ဖြစ်နေမယ်"

"မှန်ပါ ဘုရား"

"အဲဒီလိုဆိုရင် ပူဇော်ရာမရောက်ဘဲ ဖျက်ဆီးရာရောက်နေလိမ့်မယ်နော်"

"မှန်ပါ ဘုရား"

"အဲ ...စနစ်တကျ ပူဇော်တတ်ရင် ဘုရားနှင့် ရဟန္တာ အကျော်အမော်များကို ပူဇော်တော့ တရားတော်လည်း ပူဇော်ရာရောက်လို့ ဘုရားကိုးဆူ ပူဇော်တာဟာ ရတနာသုံးပါး ပူဇော်တာပဲနော်"

"မှန်ပါ ဘုရား"

"ကဲ ...တော်ကြစို့ ..."

✦ မြတ်စွာဘုရား၊ ပူဇော်ကြြား၊ ကြီးထွားတန်ခိုးတွေ။

✦ တရားတော်အား၊ ပူဇော်ကြြား၊ ကြီးမားပညာတွေ။

✦ သံဃာတော်အား၊ ပူဇော်ကြြား၊ တိုးပွားဉစ္စာတွေ။

✦ ကောင်းကျိုးလိုလား၊ သူတော်များ၊ ကြိုးစားပူဇော်လေ။

# တပည့်တော် မေတ္တသုတ် ယုံသွားပြီဘုရား

## (၁၀၂)

"မိမိသည် တစ်ချိန်သော ဆောင်းကာလက ရွာတစ်ရွာတွင် ကမ္မဋ္ဌာနယောဂီ တောမိုရဟန်းတို့ကို အကြောင်းပြု၍ ဘုရားရှင်ဟောကြားတော်မူသော မေတ္တသုတ်ကို ဟောပြောပြသ၏။

ယင်းမေတ္တသုတ်တွင် မေတ္တာပွားလိုသော ယောဂီသည် မေတ္တာ မပွားမီကပင် ကြိုတင်၍ ကျင့်ကြံအားထုတ် ပြည့်စုံစေရမည့် တရား (၁၅) ပါးတို့ကို ဟောထားပုံ၊ ထိုတရားတို့ကို "မေတ္တာပုဗ္ဗဘာဂတရား = မေတ္တာမပိုခင် ရှေးအဖို့က ကြိုတင်ပြည့်စုံစေရမည့် တရား (၁၅) ပါး" ဟူ၍ ခေါ်ဆိုပုံကို ရှင်းပြ၏။

ထို့နောက် "ကောင်းမြတ်သော အကျိုးစီးပွားအရာ လိမ္မာသည်ဖြစ်၍ အေးမြငြိမ်းချမ်းလှစွာသော နိဗ္ဗာန်တရားကို ဉာဏ်ဖြင့် သက်ဝင်ကာ နေလိုသောသူသည် ပြုသင့်ပြုထိုက် ပြုရမည့်တရား (၁၅) ပါးကား -

၁။ ကောင်းမြတ်သော အရာတို့ကို ကျင့်ခြင်း၌ စွမ်းနိုင်ရမည်၊

၂။ ဖြောင့်မတ်သော အကျင့်တရားရှိရမည်။

၃။ တစ်ခါတရံမျှ ကွေ့ကောက်ခြင်း မရှိဘဲ ကောင်းကောင်းကြီး ဖြောင့်မတ်ရမည်၊

၄။ ပညာရှိတို့ ကောင်းစွာ ဆုံးမလွယ်သူဖြစ်ရမည်၊

၅။ ကောင်းမြတ်သော အရာတို့၌ နူးညံ့ပျောင့်ပျောင်းသောသူ ဖြစ်ရမည်။

၆။ မာန်မာန တက်ကြွခြင်း မရှိစေရ၊

၇။ မိမိမှာ ထင်ရှားရရှိသော ပစ္စည်းဖြင့်သာ ရောင့်ရဲတင်းတိမ်၊ ကျေနပ်သောသူ ဖြစ်ရမည်။

၈။ သူတစ်ပါးတို့ စောင့်ရှောက် မွေးမြူရန် လွယ်ကူသောသူ ဖြစ်ရမည်။ ချေး‌မများသူ ဖြစ်ရမည်။

၉။ ကျင့်ဝတ်တရားအတွက် မလိုလားအပ်သည့် အပိုကိစ္စများ နည်းပါးသောသူ ဖြစ်ရမည်။

၁၀။ ပေါ့ပါးလွယ်ကူသော အသက်မွေးခြင်းရှိသူ ဖြစ်ရမည်။

၁၁။ ငြိမ်သက်တည်ကြည်သော ဣန္ဒြေရှိသူ ဖြစ်ရမည်။

၁၂။ အပြစ်ကင်းသော အရာတို့၌ ကောင်းစွာ သိမြင်ကျွမ်းကျင် လိမ္မာသောဉာဏ်ပညာရှိသူ ဖြစ်ရမည်။

၁၃။ ကိုယ်၊ နှုတ်၊ နလုံး သုံးပါးလုံး ကြမ်းကြုတ်ခြင်း မရှိစေရ။

၁၄။ ဒါယကာဒါယိကာမတို့အပေါ် တွယ်တာ ကပ်ငြိခြင်း မရှိစေရ။ (လူများ အနေနှင့်မူ မိတ်ဆွေတို့အပေါ်မှာ တွယ်တာခင်မင်ခြင်း ငြိကပ်ခြင်း မရှိစေရ)။

၁၅။ ပညာရှိများ စွပ်စွဲကဲ့ရဲ့မည့် အရာမှန်လျှင် တစ်စုံတစ်ရာ အနည်းငယ်ကိုစွကိုမျှ မပြုကျင့်ရ။

အဲဒီတရား (၁၅) ပါး တို့ပဲ။ အဲဒီတရား (၁၅) ပါးတို့ကို ရှေးဦးစွာ ပြည့်စုံစေပြီးမှ မေတ္တာပို့ရမည်။ မေတ္တာဘာဝနာ မပြည့်သေးမီ ဒီတရား (၁၅) ပါး ပြည့်စုံနေလျှင်ပင် အကျိုးကြီးလှပါတယ်။ မေတ္တာဘာဝနာ ပြည့်စုံလျှင် ဘယ်မျှ အကျိုးရှိမည်လဲ စသည်ဖြင့် ဟောပြောကာ မေတ္တာပို့ပုံ၊ မေတ္တာအကျိုး စသည် အကျယ်တဝင့် ဟောပြလိုက်၏။

တရားပွဲကား ပြီး၏။ လက်တွေ့ကျင့်သူကား မည်မျှရှိသလဲ။

တစ်နေ့သော နေ့လယ်ဖြစ်၏။ မိမိထံသို့ ဒကာမ ကြီးငယ်နှစ်ယောက် ရောက်ရှိလာပြီး ရှိခိုးပြီးသော် ဒကာမငယ်က လျှောက်ထား၏။

"ဘုန်းဘုန်းဘုရား တပည့်တော်တော့ မေတ္တာသုတ် ယုံသွားပြီဘုရား"

"ဩော် ... မေတ္တာသုတ်ဆိုတာ ဘုရားဟောပဲ မယုံလို့ဖြစ်မလား၊ ယုံရမှာပေါ့"

"ဘုန်းဘုန်း ဟောတုန်းက အကျိုး (၁၁) ပါး ဟောတော့ တပည့်တော်လည်း ဝမ်းသာပြီး ပါဠိလိုရော လက်ာနဲ့ပါ မေတ္တာပို့တယ် ဘုန်းဘုန်း၊ တပည့်တော် လက်တွေ့တွေ့ သုံးလေးမျိုးပဲ ဘုရား၊ အဲဒီတုန်းက သိပ်မယုံလှသေးဘူး ဘုရား"

"အင်း ... ဘယ်တော့မှ ယုံလဲ"

"ခု နောက်ဆုံးတစ်ခါကို (.....) အိမ်ခြံထဲမှာ ပျားစွဲတယ်ဘုရား"

"အင်း ..."

"ပျားဆိုတာ တောကောင်တဲ့၊ တောကောင် ရွာဝင်တာ မကောင်းဘူးတဲ့ဘုရား"

"အင်း"

"အဲဒါနဲ့ တပည့်တော်တို့ ပျားတွေကို အာရုံပြုပြီး မေတ္တာသုတ်ရွတ်တယ်၊ မေတ္တာပို့တယ်ဘုရား"

"အင်း"

"သုံးရက်သာ ရွတ်ရ၊ မေတ္တာပို့ရပါတယ်၊ ပျားတွေ ပြောင်းသွားပြီဘုရား၊ လူတွေလည်း ဘာမှ မဖြစ်ပါဘူးဘုရား"

"အင်း"

"မေတ္တာအကျိုး သိပ်ကြီးတာပဲနော် ဘုန်းဘုန်း"

"ကြီးတာပေါ့၊ ဒါ့ကြောင့် မေတ္တာပို့ချင်စိတ် ဖြစ်အောင် ဟောပေးတာပဲ"

"တပည့်တော်တို့ ပို့ပါတယ် ဘုန်းဘုန်း"

"အေး ... နင်တို့ကြားဖူးသားပဲ၊ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ ရာဇဂြိုဟ်ပြည်အတွင်း ဆွမ်းခံဝင်တဲ့အခါ ဒေဝဒတ်က အဇာတသတ်နဲ့ တိုင်ပင်ပြီး အလွှန်မုန်ယစ်တဲ့ နာဠာဂီရိဆင်ကို ဘုရားရှင်သို့ ရှေ့ရှုတိုက်လွှတ်လိုက်တယ် မဟုတ်လား"

"မှန်ပါတယ်ဘုရား"

"အဲဒီအခါ ဘုရားရှင်ဟာ နာဠာဂီရိဆင်ကို မေတ္တာရေချမ်း သွန်းဖျန်းတော်မူခြင်းဖြင့် အောင်မြင်တော်မူတယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"နင်တို့လည်း ခုပျားတွေကို မရိုက်မပုတ်ဘဲနင့် မေတ္တာရေချမ်း သွန်းဖျန်းလိုက်တာနဲ့ အောင်မြင်တယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"ငါတို့ လက်တွေ့တစ်ခုလည်း တွေ့ဖူးတယ်"

"မှန်ပါ ဘုရား"

"အိမ်တစ်အိမ်မှာ ဥစ္စာစောင့် ညီအစ်မနှစ်ယောက်က ညညကျရင် အိမ်ရှင်ကွေကို လာလာနင်ချနေသတဲ့"

"မှန်ပါ ဘုရား"

"အိမ်ရှင်တွေက ကြောက်တော့ ဘုန်းကြီးတွေကို ပင့်ပြီး ပရိတ်ရွတ်မယ် လုပ်သတဲ့"

"မှန်ပါ ဘုရား"

"အဲဒီဘုန်းကြီးတွေထဲမှာ ဘုန်းကြီးတစ်ပါးက နင်တဲ့ပရိတ်ကမ္ဘဝါတွေ မရွတ်ပါနဲ့လို့ ပြောသတဲ့"

"မှန်ပါ ဘုရား"

"အဲဒါနဲ့ သဘောတူပြီး အဲဒီနေ့နံနက်မှာ နင်တဲ့ပရိတ်တွေ ကမ္ဘဝါတွေ မရွတ်၊ မဖတ်ဖြစ်ဘူး"

"မှန်ပါ ဘုရား"

"ညနေကျ ဘုန်းကြီးငါးပါးကြွပြီး မေတ္တာသုတ်ရွတ်ပေးလိုက်တယ်"

"မှန်ပါ ဘုရား"

"အဲ . . . ညလည်းကျရော ဥစ္စာစောင့် ညီအစ်မနှစ်ယောက်က သူတို့ သွားပါတော့မယ်၊ ယခုတော့ ခဏ သည်းခံပါ၊ နေရာ ရှာပါရစေဦးလို့ ပြောသတဲ့"

"မှန်ပါ ဘုရား"

"ကဲ . . . မေတ္တာသုတ်ရွတ်တာ နင်တာလည်း မဟုတ်ဘူး၊ မေတ္တာပို့တာပဲ မဟုတ်လား"

"မှန်ပါ ဘုရား"

"ကဲ . . . နဂိုက အိမ်ရှင်တွေ လာလာနင်ချနေတဲ့ ဥစ္စာစောင့်ညီအစ်မနှစ်ယောက် သူတို့ သွားမယ်တဲ့"

"မှန်ပါ ဘုရား"

"ခုလည်း နင်တို့ ပျားတွေကို မေတ္တာပို့တာလား၊ နင်တာလား"

"တပည့်တော်တို့က နင်တို့လည်း တို့ကို မညှင်းဆဲ မနှိပ်စက်နဲ့၊ တို့ကလည်း နင်တို့ကို မညှင်းဆဲ မနှိပ်စက်ဘူး၊ နေမြဲတိုင်းနေ ဆိုပြီး မေတ္တာသုတ်ရွတ်၊ မေတ္တာပွားတာပဲ ဘုန်းဘုန်း"

"အေး . . . မေတ္တာလက်နက် လွန်ထက်မြက်တယ်၊ ကြိုးစားပြီးတော့ ဆက်လက်ပွားပါနော်"

"မှန်ပါဘုရား၊ ဦးတင်ပါတယ် ဘုန်းဘုန်း"

"အေး . . . အေး . . ."

✦ မေတ္တာလက်နက်၊ လွန်ထက်မြက်၊ ယူလျက်သွားကြပါ။

✦ အရိပ်ပမာ၊ ကိုယ်မကွာ၊ ယူကာသွားလေပါ။

✦ မေတ္တာခြံထား၊ ထိုလူအား၊ ဘေးများမရှိပါ။

# ကာ္သာမစ္ဆရိယသဘော ပြောပြပါဘုရား

(၁၀၃)

မြန်မာစကားသည် ပါဠိဘာသာနှင့် များစွာဆက်နွယ်လျက် ရှိ၏။ မြန်မာနှင့် ပါဠိသည် ခွဲ၍ မရနိုင်ပါ။ ပါဠိစကားလုံးများစွာသည် မြန်မာစကားတွင် မြန်မာစကားအနေနှင့်ပင် ပါဝင်လျက် ရှိ၏။ အချိုးကျကျ သုံးတတ်လျက်ရှိ၏။

ယင်းပါဠိစကားတို့ကို အချိုးကျကျ သုံးတတ်ပင် သုံးတတ်သော်လည်း အဓိပ္ပာယ်အပြည့်အစုံကိုမူ သိသူနည်းပါးလှ၏။ သိအောင်လည်း မကြိုးစားသူ များ၏။ ကြိုးစားသူကား ရှားပါး၏။

ယင်းသို့ ရှားပါးသူတစ်ယောက်နှင့် တစ်ချိန်က တွေ့ခဲ့၏။ မိမိသည် အနားယူနေချိန် ဖြစ်၏။ ဒကာတစ်ယောက် ရောက်လာလျှောက်ထား၏။

"ဦးပဥ္စင်းဘုရား၊ "ကာ္သာမစ္ဆရိယ – ကာ္သာ မစ္ဆရိယ" နဲ့ တွဲတွဲပြီး သုံးကြပါတယ် ဘုရား"

"အင်း…အင်း"

"ကာ္သာမစ္ဆရိယ မဖြစ်စေနဲ့၊ ကာ္သာမစ္ဆရိယဟာသိပ်ကြောက်စရာကောင်းတယ်နဲ့ သုံးကြပါတယ်ဘုရား"

"အင်း…အင်း"

"သုံးလို့သာ သုံးတယ်ဘုရား။ အဲဒီ ကာ္သာမစ္ဆရိယရဲ့သဘောကို တပည့်တော်လည်း သေသေချာချာ မသိပါဘုရား"

"အင်း…အင်း"

"အဲဒီ ကာ္သာမစ္ဆရိယ သဘောကို ပြောပြပါဘုရား"

"ကဲ…မှတ်ထား၊ သူတစ်ပါးရဲ့စည်းစိမ်ချမ်းသာကို ငြူစူတတ်တာက ကာ္သာရဲ့သဘောပဲ၊ ဒီစည်းစိမ်ချမ်းသာ ဂုဏ်သိမ်သတင်း ကျော်စောခြင်း စသော အရာအစုဟာ သူတစ်ပါးတို့မှာ မဖြစ်ပါစေနဲ့လို့ ဝန်တိုတတ်တဲ့ သဘောဟာ မစ္ဆရိယပဲ"

"ဒါဖြင့် ကာ္သာမစ္ဆရိယဟာ တယ်ဆိုးပါလားဘုရား"

"ဆိုးတာပေါ့၊ ဒီ ကာ္သာမစ္ဆရိယကြောင့် သတ္တဝါတွေ သံသရာမှာ ဒုက္ခရောက်နေကြရတယ်"

"မှန်ပါ၊ ရှင်းပါဦးဘုရား"

"ဣသာဟာ သူတစ်ပါးရဲ့နဂိုက ရပြီး၊ ရှိပြီးဖြစ်တဲ့ စည်းစိမ်ချမ်းသာကိုမြင်၍သော်လည်းကောင်း၊ ကြား၍သော်လည်း ကောင်း ဝမ်းမြောက်ရွှင်လန်းခြင်း မရှိဘူး၊ မမြင်လို မကြားလိုသော သဘောရှိတယ်"

"ဒါဖြင့် ဣသာ ကိုယ့်မှာဖြစ်ရင် သိနိုင်တာပေါ့ဘုရား"

"သိနိုင်တာပေါ့၊ သူ့သဘော သိထားမှုပဲဟာ"

"ဆက်ရှင်းပါဦးဘုရား"

"အဲဒီ သူတစ်ပါးတို့ရဲ့စည်းစိမ်တွေ ပျက်စီးခြင်း ဆုတ်ယုတ်ချို့ယွင်းခြင်းကို အလိုရှိတာဟာ ဣသာပဲ"

"ဣသာဟာ တယ်ဆိုးပါလားဘုရား"

"ဆိုးတာပေါ့"

"ရှင်းပါဦးဘုရား"

"ဒီလူတော့ ဒီလို စည်းစိမ်ချမ်းသာ ဂုဏ်သိမ်အခြံအရံတွေ တွေ့ရလိမ့်မယ်ကြားရင်လည်း အဲဒီဣသာက မခံနိုင် ဘူးတဲ့"

"မှန်ပါဘုရား"

"အဲဒီလူရဲ့စည်းစိမ်ချမ်းသာ ဂုဏ်သိမ်အခြံအရံတွေ မရခြင်းကိုသာ အလိုရှိတာဟာ ဣသာပဲ"

"တော်တော်မကောင်းတဲ့တရား ပဲနော်ဘုရား"

"ကြောက်စရာအကုသိုလ်ပေါ့"

"ရှင်းပါဦးဘုရား"

"အဲဒီ မနာလိုတဲ့ ဣသာဟာ ဝမ်းမြောက်မှု မုဒိတာနှင့် ဆန့်ကျင်ဘက်ပဲ၊ ဒီနေရာမှာ ဣသာနဲ့ မုဒိတာ လက်နှစ်ပုဒ် ကို ယှဉ်ပြီးတော့ မှတ်ထားပေါ့"

"အမိန့်ရှိပါဘုရား"

"ပရမ္ပရ၊ ကံကောင်းမသဖြင့်၊ ပြည့်ဝဂုဏ်သိမ်၊ သူ့စည်းစိမ်ကို၊ မမြိန်နိုင်ကောင်း၊ စောင်းမြောင်းမဲ့ရွဲ့၊ ကဲ့ရဲ့ပြုစု၊ ရှုတ်ချ မှု၊ မှတ်ယူဣသာသဘောတည်း"

"သုခိတလျှင်၊ သတ္တဝါမြင်သော်၊ သူတော်စင်များ၊ ဝမ်းမြောက်ငြား၊ မှတ်သားမုဒိတာသဘောတည်း"

(သင်္ဂြိုဟ်ဘာသာဋီကာ)

"ရှင်းပါတယ်နော်၊ ဣသာက သူတစ်ပါး စည်းစိမ်ဂုဏ်သိမ်တွေကို မနာလိုဘူး၊ မုဒိတာက ဝမ်းသာတယ်၊ နာလိုတယ် ပေါ့ ဟုတ်လား"

"မှန်ပါ၊ ရှင်းပါတယ်ဘုရား"

"ဒီ ဣသာဟာ သံသရာလမ်းခရီးမှာ တစ်ဘဝအောက် တစ်ဘဝ ယုတ်နိမ့်ညှိုးနွမ်းခြောက်ခန်း သေးသိမ်စေတတ် တဲ့ အလေ့ဖြစ်တယ်"

"ဒါဖြင့် ဣသာဖြစ်ရင် ဖြစ်တဲ့လူပဲ ဒုက္ခရောက်မှာပေါ့ဘုရား"

"အင်းပေါ့၊ အကုသိုလ်ဆိုတာ ဖြစ်သူသာ ခံပေါ့၊ တစ်ခြားသူမှာ ဘာဖြစ်မှာလဲ၊ ဘာမှ မဖြစ်ဘူး"

"ရှင်းပါဦးဘုရား"

"ဒီ ဣသာဟာ ညီညွတ်ခြင်းတရားကိုလည်း ကောင်းစွာဖျက်ဆီးတတ်တဲ့ ဖျက်ဆီးရေးတရားကြီးတဲ့"

"မှန်ပါ ဘုရား"

"ဒီ ဣဿာရှိနေရင် တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်တော့မှ မညီညွတ်နိုင်တော့ဘူး၊ ကွဲပြားမှာ သေချာနေပြီတဲ့၊ ဟုတ်တာပေါ့၊ ဣဿာက မနာလိုနေတော့ ဘယ်မှာ တည့်တော့မလဲ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကဲ ဣဿာရဲ့ အနက်သဘောကို မှတ်ထား"

၁။ ဣဿာဟာ သူတစ်ပါးရဲ့စည်းစိမ်ကို ငြူစူခြင်းလက္ခဏာရှိတယ်။

၂။ သူတစ်ပါးရဲ့စည်းစိမ်၌ ဝမ်းမမြောက်ခြင်းကိစ္စရှိတယ်။

၃။ သူတစ်ပါးရဲ့စည်းစိမ်မျက်ကွယ်ပြုလိုခြင်း မမြင်လို မကြားလိုခြင်း ပစ္စုပ္ပဋ္ဌာန်ရှိတယ်။

၄။ သူတစ်ပါးရဲ့စည်းစိမ်လျှင် ပဒဋ္ဌာန်ရှိတယ်တဲ့၊ ဒီလောက်ဆို ဣဿာ သဘော ပေါက်လောက်ရောပေါ့နော်"

"မှန်ပါ ပေါက်ပါပြီဘုရား"

"အေး... ဣဿာ သဘောပေါက်ရင် ဣဿာကို ကြောက်ပြီးတော့ ဣဿာမဖြစ်အောင် ရှောင်နော်"

"မှန်ပါ၊ ကြိုးစားရှောင်ပါ့မယ်ဘုရား"

"မရှောင်ရင် ခုရော နောင်ပါ ဒုက္ခရောက်မယ်"

"မှန်ပါ ဘုရား"

"ကဲ... မစ္ဆရိယသဘော ပြောကြစို့၊ မစ္ဆရိယဆိုတာ ဝန်တိုတာနော်၊ ဣဿာက မနာလိုတာ"

"မှန်ပါ ဘုရား"

"ဝန်တိုတဲ့သဘောဆိုတာက မိမိရပြီးတဲ့ဥစ္စာ စည်းစိမ်ဂုဏ်သိမ် အမျိုးမျိုးတို့ကို သူတစ်ပါးနဲ့ မဆက်ဆံလိုခြင်း၊ သူတစ်ပါးမှာ မိမိလို မဖြစ်စေလိုခြင်း သဘောကို ခေါ်တယ်"

"မှန်ပါ ဘုရား"

"ဘယ်လိုလဲ ဆိုတော့ မိမိ ရရှိပိုင်ဆိုင်ပြီးတဲ့ စည်းစိမ်ဥစ္စာတွေဟာ သူတစ်ပါးတွေနဲ့ ဆက်ဆံသွားမှာကို စိုးရိမ်တယ်၊ တစ်စုံတစ်ခုသော အကြောင်းအချက်နဲ့ မိမိပိုင်ဆိုင်ခွင့်မှ လွတ်ပြီးတော့ သူတစ်ပါးရဲ့လက်ထဲ ရောက်သွားမှာကို မြင်ရ ကြားရ တွေးတောဆင်ခြင်မိပြီးတော့ များစွာပင် နှလုံးမသာယာဖြစ်ရတယ်"

"မှန်ပါ ဘုရား"

"အဲဒါ ရပြီးသားပစ္စည်းအပေါ်မှာ ဝန်တိုမှု မစ္ဆရိယပဲပေါ့၊ တော်တော်ဆိုးတယ်နော်"

"မှန်ပါ ဆိုးပါတယ်ဘုရား"

"ရသင့် ရထိုက်တဲ့ ဥစ္စာစည်းစိမ် ဂုဏ်သိမ်အမျိုးမျိုးတွေမှာလည်း ဤမည်သောဌာနမှာ ဤမည်သော ဥစ္စာစည်းစိမ် ဂုဏ်သိမ် အမျိုးမျိုးကို ရလတ္တံ့လို့ ကြံစည်ကြားသိရတဲ့အခါ အဲဒီ ရသင့်ရထိုက်တဲ့ အရာဟူသမျှကို မိမိချည်းသာ ရယူလိုတယ်၊ သူတစ်ပါးတွေ ရမှု,ယူမှုကို အလိုမရှိဘူး၊ အဲဒါ မစ္ဆရိယသဘောပဲ"

"မှန်ပါဘုရား"

"သူတစ်ပါးတွေ ရယူကြလိမ့်မယ်လို့ ကြံစည်ကြားသိရရင် နှလုံးမသာယာ မျက်နှာမလှ ဖြစ်တယ်၊ အဲဒါ ဝန်တိုမှု မစ္ဆရိယပဲ"

"မှန်ပါဘုရား၊ ဒီသဘောတွေဟာ တပည့်တော်တို့မှာ တော်တော်များများ ဖြစ်ပါတယ်ဘုရား"

"အင်း... ဖြစ်မှန်းသိရင် သူတော်ကောင်းပဲ၊ ပယ်နိုင်အောင် ကြိုးစားပေါ့နော်"

"မှန်ပါဘုရား"

"ကဲ ... မစ္ဆရိယရဲ့အနက်သဘောကို မှတ်ထားဦး -

၁။ မစ္ဆရိယဟာ မိမိရဲ့ ဥစ္စာစည်းစိမ်တို့ကို လျှို့ဝှက်ခြင်းလက္ခဏာ ရှိတယ်။

၂။ သူတစ်ပါးတို့နဲ့ ဆက်ဆံခြင်းငှာ သည်းမခံနိုင်ခြင်းကိစ္စ ရှိတယ်။

၃။ မပေးရက်လို့ တွန့်တိုခြင်း ပစ္စုပဋ္ဌာန်ရှိတယ်။

၄။ မိမိရဲ့ ပြည့်စုံမှုလျှင် ပဒဋ္ဌာန်ရှိတယ်။ တဲ့ အဲဒါ မစ္ဆရိယသဘောပဲ၊ ဒီလောက်ဆို မစ္ဆရိယ သဘောပေါက်ရောပေါ့နော်"

"မှန်ပါ၊ ပေါက်ပါပြီဘုရား"

"ပေါက်ရင် ဣဿာနဲ့ မစ္ဆရိယ အထူးပြောပြမယ်"

"ပြောပါဘုရား"

"ရသင့်ရထိုက်တဲ့ ဥစ္စာစည်းစိမ်တွေမှာ သူတစ်ပါးရဲ့ရယူမှုကို အလိုမရှိဘူး၊ သူတစ်ပါး ရယူ၍နေတာ၊ ရလတ္တံ့စင်စစ်ဖြစ်တာကို ကြဲစည်ကြားသိရလို့ စိတ်ပင်ပန်းတဲ့သဘောဟာ ဣဿာပဲနော်"

"မှန်ပါဘုရား"

"မိမိအလိုရှိနေတဲ့ဥစ္စာစည်းစိမ်ကိုမိမိရမှုရပါ့မလားလို့မိမိမရသည့်အတွက်ကြဲစည်ပြီးတော့စိတ်ပင်ပန်းခြင်းသဘောဟာ မစ္ဆရိယပဲ"

"မှန်ပါဘုရား"

"ဣဿာနဲ့ မစ္ဆရိယဟာ အပြောအားဖြင့် ပေါင်းပြီးတော့ ဣဿာမစ္ဆရိယ မဖြစ်စေနဲ့လို့ သုံးပေမဲ့ ဖြစ်တော့ တစ်ပေါင်းတည်းဖြစ်လေ့ မရှိဘူးနော်"

"မှန်ပါဘုရား"

"မစ္ဆရိယသဘော လင်္ကာကို ဒီလိုမှတ်ထား"

"ရလတ္တံ့ - ရပြီး ငွေပစ္စည်း နယ်၊ အံ့ချီးဖွယ်ကား၊ များကြွယ်သူတစ်ပါး၊ မဖြစ်စေသားဟု၊ ဖြစ်ပွားတတ်လျှင်၊ ဝန်တိုခြင်း၊ မယွင်းမစ္ဆရိယသဘောတည်း"

(သင်္ဂြိုဟ်ဘာသာဋီကာ)

"ကဲ ... မစ္ဆရိယသဘော သိပြီးတော့ အဲဒီ မစ္ဆရိယအမျိုးအစားကို ပြောကြစို့၊ မစ္ဆရိယဟာ -

၁။ အာဝါသမစ္ဆရိယ = ကျောင်းကန်တိုက်တာ နေရာထိုင်ခင်းတို့၌ ဝန်တိုမှု။

၂။ ကုလ မစ္ဆရိယ = ဆွေမျိုးဉာတိ တပည့် ဒကာ ဒကာမတို့၌ ဝန်တိုမှု။

၃။ လာဘ မစ္ဆရိယ = ပစ္စည်းလာဘ်လာဘတို့၌ ဝန်တိုမှု။

၄။ ဝဏ္ဏ မစ္ဆရိယ = ကိုယ်အဆင်း ဂုဏ်သတင်းတို့၌ ဝန်တိုမှု။

၅။ ဓမ္မ မစ္ဆရိယ = မိမိတတ်သိသော အတတ်ပညာ၌ ဝန်တိုမှု။

ရယ်လို့ မစ္ဆရိယ ငါးမျိုးရှိတယ်၊ အဲဒီ မစ္ဆရိယ ငါးမျိုးဟာ ရှာန်တို့ ဝိပဿနာဉာဏ် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေ မဖြစ်ပေါ်အောင် ကာကွယ်ထားတတ်တယ်တဲ့"

"တယ်ကြောက်စရာကောင်းပါလားဘုရား"

"အဲဒီလို ကြောက်စရာကောင်းလို့ ဘုရားရှင်က ပဥ္စကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ -

"ချစ်သားရဟန်းတို့ ...၊ မစ္ဆရိယတရားငါးပါးကို မပယ်စွန့်နိုင်ရင် ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကို ဝင်စားလို့ မရဘူး၊ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်ဉာဏ်၊ အနာဂါမိဖိုလ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်ကိုလည်း မျက်မှောက်မပြုနိုင်ဘူး"

လို့ ဟောထားတာ ရှိတယ်၊ မစ္ဆရိယအပြစ် မကြီးဘူးလား"

"အလွန်တရာ ကြီးပါတယ်ဘုရား"

"ဒီတော့ အရပ်ထဲမှာ နေတဲ့အခါဖြစ်ဖြစ် တရားအားထုတ်တဲ့အခါဖြစ်ဖြစ် အချင်းချင်း မနာလိုမှု ဝန်တိုမှုများဟာ မဖြစ်တတ်ဘူးလား"

"ဖြစ်တတ်ပါတယ်ဘုရား"

"အစားအသောက်နဲ့ အဝတ်နဲ့ အနေအထိုင်နဲ့ ရုပ်ဆင်းအင်္ဂါနဲ့ စသည်များစွာ ဖြစ်တတ်တယ်နော်"

"မှန်ပါဘုရား"

"အာဝါသ မစ္ဆရိယဆိုတာ မိမိကျောင်း မိမိအရာမ် မိမိအခန်းသို့ သီလဂုဏ်၊ ပညာဂုဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် ရောက်လာရင် အဲဒီကျောင်းပိုင် အရာမ်ပိုင် အခန်းပိုင် ပုဂ္ဂိုလ်က သီလ သမာဓိ ပညာဂုဏ်ရှိတဲ့ ပုဂ္ဂိုလ်ကို မလာစေဘူး၊ ရောက်ပြီးလည်း ခဏပဲနေပြီးတော့ ပြန်သွားစေချင်တယ်၊ အဲဒီသဘောဟာ အာဝါသ မစ္ဆရိယပဲနော်"

"မှန်ပါဘုရား"

"မိမိ ဆွေထဲ မျိုးထဲ မိမိကို ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်ကြားထားတဲ့ ဒကာ ဒကာမတွေဆီကို သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်သာတဲ့ ပုဂ္ဂိုလ်တွေ ရောက်လာတာကို မကျေနပ်တာဟာ ကုလ မစ္ဆရိယပဲ"

"မှန်ပါဘုရား"

"ကိုယ့်ဆွေမျိုး၊ ကိုယ့်ဒကာ ဒကာမတွေ သူ့ဒကာ ဒကာမ ဖြစ်သွားမှာစိုးတာပေါ့နော်"

"မှန်ပါဘုရား"

"ကိုယ့်ကျောင်းက ဒကာ ဒကာမတွေ ကိုယ့်အဖွဲ့အသင်းက လူတွေ သူ့ကျောင်း သူ့အဖွဲ့အသင်း ပါသွားမှာစိုးတာဟာလည်း မစ္ဆရိယပဲနော်"

"မှန်ပါဘုရား"

"ပစ္စည်းလာဘ်လာဘနဲ့ ပတ်သက်ရင် မိမိသာ ရချင်တယ်၊ သူတစ်ပါးကို မရစေချင်ဘူး၊ သူတစ်ပါးရမှာ စိုးတာဟာ လာဘ မစ္ဆရိယပဲ"

"မှန်ပါဘုရား"

"မိမိရဲ့ ရုပ်အဆင်းအင်္ဂါမျိုး၊ မိမိရဲ့ဂုဏ်သိက္ခာမျိုး၊ မိမိရဲ့ကျော်စောသတင်းမျိုး သူတစ်ပါးမှာ မဖြစ်စေချင်တာက ဝဏ္ဏ မစ္ဆရိယပဲ"

"မှန်ပါဘုရား"

"ကိုယ်သိထားတဲ့ တရားဓမ္မတွေ သူတစ်ပါးမသိအောင် လျှို့ဝှက်ထားမယ်၊ သူတစ်ပါး မသိစေချင်ဘူးဆိုရင် ဓမ္မ မစ္ဆရိယပဲ"

"မှန်ပါဘုရား"

" မစ္ဆရိယငါးမျိုးမှာ အဲဒီ တရားကိုဝန်တိုတဲ့ ဓမ္မမစ္ဆရိယဖြစ်တာ အဆိုးဆုံး အယုတ်မာဆုံးတဲ့"

"မှန်ပါဘုရား"

"အဲဒီ မဇ္ဈရိယငါးပါးရဲ့အပြစ်တွေကို အဌကထာလာတိုင်း မယဒေဝလင်္ကာမှာ ဒီလိုဖော်ပြထားတယ်"

"ဝမ်းတွင်းမကောင်း၊ ရှင်အပေါင်းကား၊ ကိုယ့်ကျောင်းကိုယ့်ကံ၊ ကိုယ့်ဗိမာန်ဟု၊ အမှန်တစိ၊ ရလာရှိက၊ မိမိနေရာ၊ ဝန်တိုစွာသား၊ အာဝါသမစ္ဆေရ၊ ကံပါပကြောင့်၊ ဘဝပြောင်းကာ၊ ပြိတ္တာဘီလူး၊ ညစ်ညူးယောနိ၊ ဒုဂ္ဂတိ၌၊ တပ်မိတပ်ရာ၊ ဖြစ်တတ်စွာ၏"

တဲ့ အဲဒါ အာဝါသမဇ္ဈရိယပဲနော်၊ ပေါ်တယ်မဟုတ်လား"

"မှန်ပါ၊ ပေါ်ပါတယ်ဘုရား"

"ပေါ်ရင် ကုလမဇ္ဈရိယရဲ့အပြစ်ဒေါသ အာဒီနဝကို ပြောမယ်၊ ဘာတဲ့လဲ -

"ဒါယကာတပည့်၊ သူ့ထံလှည့်က၊ မကြည့်နိုင်လို၊ ဝန်တိုကုလ၊ မစ္ဆေရဖြင့်၊ ကြီးလှဒေါမနဿ၊ တုန်ဆတ်ဆတ်နှင့်၊ အူပြတ်သည်းကြွေ၊ ပူထွေနှလုံး၊ မီးအုံးပွက်လျှ၊ သွေးစိမ်းအန်၏"

တဲ့ ဒါလည်း ရှင်းပါတယ်၊ ကိုယ့်ဒကာတွေထံ၊ ကိုယ့်လူတွေထံ သူတစ်ပါးတွေ မလာစေလိုတဲ့အတွက် ခံရတဲ့ အပြစ်ပေါ့နော်"

"မှန်ပါဘုရား"

"ပြီးတော့ လာဘမဇ္ဈရိယတဲ့၊ သူတစ်ပါး လာဘ်ရမှာစိုးတဲ့ အဖြစ်ပေါ့၊ ဘာတဲ့လဲ -

"သံဃာသန္တက၊ ဂဏိကဟု၊ ထိုမျှအပြား၊ ပစ္စည်းများကို၊ ဝေခြားမပြု၊ သိမ်းစုဝှက်ထား၊ သုံးစားကိုယ်သာ၊ ဝန်တိုစွာဖြင့်၊ လာဘမစ္ဆေ ကံညစ်တေကြောင်း၊ သေသော်ပေတ၊ ယက္ခတသီး၊ စပါးကြီးပြိတ္တာ၊ ဖြစ်ယှတ်မာ၏"

တဲ့၊ ဒါက သံဃ - လာဘ်လာဘ - ဂိုဏ်းရဲ့ လာဘ်လာဘ ကိုယ်ချည်းထဲသုံးတာ သူများ လာဘ်ရမှာ စိုးတာကြောင့်၊ သေတဲ့အခါ ဘီလူးပြိတ္တာတို့ စပါးကြီးမြွေတို့ ဖြစ်တယ်လို့ ပြောတာ"

"မှန်ပါဘုရား"

"ပြီးတော့ ဝဏ္ဏမဇ္ဈရိယနဲ့ ဓမ္မမဇ္ဈရိယရဲ့အပြစ်ကို ပေါင်းတော့ -

"ရုပ်ဝါရူပ၊ သီလကျေးဇူး၊ သူ့ဂုဏ်ထူးကို၊ မနုးညွတ်တတ်၊ ပရိယတ်ဖြင့်၊ သူတတ်သည်ကို၊ မနာလိုကြ၊ ဝဏ္ဏဓမ္မ၊ မစ္ဆေရဖြင့်၊ ဘဝဘဝ၊ ဖြစ်သမျှဝယ်၊ မလှအဆင်း၊ ကင်း၏ပညာ"

တဲ့၊ အဲဒီလို ပြထားတယ်၊ အဲဒါ မဇ္ဈရိယငါးပါးရဲ့အပြစ်တွေပဲ၊ ကြောက်စရာတွေ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"နောက်တစ်မျိုး အပြစ်တွေ ပြထားတာရှိသေးတယ်၊ ဘာတွေလည်းဆိုတော့ -

၁။ အာဝါသမဇ္ဈရိ၊ မီးအတိဖြင့်၊ တောက်ညီပူပြင်း၊ မြေတွင်းမြှုပ်တိမ်၊ ကော့ရှိလိမ်အောင်၊ သံအိမ်ငရဲ၊ အမြဲခံရ။

၂။ ကုလမစ္ဆရာ၊ ဖြစ်တိုင်းမှာလျှင်၊ ဥစ္စာနည်းပါး၊ ချမ်းသာရှား၏။

၃။ တစ်ခြားလာဘ၊ မစ္ဆေရကား၊ တလွှစက်ဆုပ်၊ နံခေါင်းချုပ်သည့်၊ ဘင်ပုပ်နိရယ၊ ငရဲကျ၏။

၄။ ဝဏ္ဏတုံသော်၊ ထင်ပေါ်မဲ့မော၊ ကျော်စောမဟဲ့၊ ချို့တဲ့တတ်စွာ။

၅။ ဓမ္မာမှာမူ၊ ပြာပူနရက်၊ ငရဲကျက်၏။

တဲ့၊ အဓိပ္ပာယ်တွေ ရှင်းပါတယ်နော်၊ ရှင်းစရာလိုသေးလား"

"မလိုတော့ပါဘုရား"

"အေး... အဲဒီ မဇ္ဈရိယတွေရှိနေရင် ဈာန်တွေ မဂ်တွေ ရပ့်မလား"

"မရနိုင်ပါဘုရား"

"အေး...သောတာပန်ပုဂ္ဂိုလ်မှာ ကာယသာနဲ့ မစ္ဆရိယ မရှိဘူးတဲ့၊ ကိုယ်သောတာပန် ဟုတ်လား.မဟုတ်ဘူးလားဆိုတာ အဲဒီ တရားနှစ်ပါး ကိုယ့်မှာ ရှိသေးလား. မရှိတော့ဘူးလားနဲ့ ကိုက်ကြည့်နော်"

"မှန်ပါဘုရား"

"အဲဒီ သဘောတရားတွေ ကိုယ့်မှာ တွေ့နေသေးရင် သောတာပန် မဟုတ်သေးဘူး၊ အဲဒီ တရားနှစ်ပါး ကိုယ့်မှာ မတွေ့တော့ရင် သောတာပန်ပဲနော်"

"မှန်ပါဘုရား"

"ဒီ ကာယသာ မစ္ဆရိယတရားနှစ်ပါးဟာ မျက်မှောက်ဘဝမှာလည်း အမျိုးမျိုးသော ကြီးပွားဖွယ်တို့ကို ပိတ်ပင်တားမြစ်တယ်၊ ကြီးပွား၍နေတဲ့ အညွန့်အဖူးတို့ကိုလည်း ချိုးဖဲ့ဖျက်ဆီး ပစ်တတ်တယ်နော်"

"မှန်ပါဘုရား"

"ပြီးတော့ နောင်တမလွန်ဘဝမှာ ကြီးပွားချမ်းသာခြင်း ဟူသမျှကိုလည်း အတင်းဖိစီးနှိပ်စက်တတ်တယ်၊ အညွန့်မရှိ သတ္တဝါ တုံးတိတွေ ဖြစ်အောင် စီရင်တတ်တယ်နော်"

"မှန်ပါဘုရား"

"ဒါကြောင့် မျက်မှောက် မျက်ကွယ် နှစ်သွယ် နှစ်ဘဝ နှစ်လောကတို့၌ ကြီးပွားချမ်းသာကို အလိုရှိတဲ့ အမျိုးကောင်းသားသမီးတွေဟာ ဒီလောက်ဆိုးယုတ်တဲ့ အယုတ်တရားနှစ်ပါးကို ရှောင်ရှား သတ်ဖြတ်ရမယ်နော်"

"မှန်ပါဘုရား"

"ဒါ့ကြောင့် ရှေးဆရာတို့က -

ဣဓ ပေစ္စ န ဝ မုန္တိ၊

ဣဿာ မစ္ဆေရ ပီဠိတာ။

တသ္မာ ဝုဒ္ဓိ ကာမာ တေ၊

ဟနေယျုံ သကဝေရိနော။

ဣဿာမစ္ဆေရပီဠိတာ = ဣဿာမစ္ဆရိယ နှစ်ပါး၏ နှိပ်စက်ညှဉ်းပန်းမှုကို ခံနေကြရကုန်သော သတ္တဝါအပေါင်းတို့သည်၊ ဣဓ = ဤမျက်မှောက်ဘဝ၌လည်းကောင်း၊ ပစ္စေ = နောင်တမလွန်ဘဝ၌လည်းကောင်း၊ နဝမုန္တိ = ကြီးပွားကင်းပျောက် ညှိုးခြောက်သိမ်ငယ်ကြကုန်၏၊ တသ္မာ = ထို့ကြောင့်၊ ဝုဒ္ဓိကာမာ = ကြီးပွားမှုကိုအလိုရှိကြကုန်သော သူတို့သည်၊ သကဝေရိနော = မိမိတို့၏ ရန်သူ ရန်ဘက်ကြီး ဖြစ်ကြကုန်သော၊ တေ = ထိုဣဿာမစ္ဆရိယတရားတို့ကို၊ ဟနေယျုံ = အတင်းအကြပ် သတ်ဖြတ် ချိုးနှိမ်ကြကုန်ရာ၏"

လို့ မိန့်တော်မူခဲ့ကြတယ်၊ ကဲ...တော်လောက်ရောပေါ့"

"မှန်ပါ တော်ပါပြီဘုရား"

✦ ဣဿာ - မစ္ဆရိ၊ နှစ်ပါးရှိ၊ ပျက်ဘိနှစ်လောကာ။

✦ ထို့ကြောင့် သေချာ၊ ထိုနှစ်ဖြာ၊ ပယ်ခွာကြလေပါ။

✦ မပယ်ခွာက၊ ခုနောင်ပ၊ ဒုက္ခတွေ့ကြမှာ။

✦ ပယ်ခွာလာက၊ ခုနောင်ပ၊ သုခချမ်းသာမှာ။



# ကြွေးကြော်သံ

ဓမ္မဒူတ စာပို့ချ သင်ကြ ကျင့်ကြစေ

ဓမ္မဒူတ စာရေးပြ ဖတ်ကြ ကျင့်ကြစေ

ဓမ္မဒူတ ဟောဖော်ပြ နာကြ ကျင့်ကြစေ

ဓမ္မဒူတ တရားပြ ကျင့်ကြ ကျိုးရစေ